

အရှင်မဟာဗုဒ္ဓဃောသ မထေရ်
နိဗ္ဗာန်လမ်းပြ

# ဝိသုဒ္ဓိမဂ္ဂ

## (ဒုတိယဆင့်)

မေးခွန်းဟောင်းနှင့် အဖြေအညွှန်းများ
(နောက်ဆုံးနှစ်အထိ ပါဝင်သည်)


အရှင်သုပြဟ္မ (ပိဋကတ်တစ်ပုံဆောင်)
ဝိနယဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ
အရှင်ဝါယာမသာရ (သင်တန်းမှူးဆရာတော်)
ဓမ္မာစရိယ M.A (Q)



အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း သာသနာရေးဝန်ကြီးဌာန

သာသနာနှစ်-၂၅၅၃ (၃-၆-၂၀၀၉) ကောဇာနှစ်-၁၃၇၁

ဒီနိုင်၊ - ဗရှိလင်၊ ၀၅၊ ၂၀၀၉

အရှင်မဟာဗုဒ္ဓဃောသမထေရ်
နိဗ္ဗာန်လမ်းပြ

# ဝိသုဒ္ဓိမဂ္ဂ (ဒုတိယဆင့်)

## နှင့်

## မေးခွန်းဟောင်းနှင့်အဖြေအညွှန်းများ

(နောက်ဆုံးနှစ်ထိပါဝင်သည်)

**ဘဒ္ဒန္တသုဗြဟ္မ** (သင်တန်းနည်းပြဆရာတော်)
[သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဓရ ပိဋကတစ်ပုံဆောင်]

**ဘဒ္ဒန္တဝါယာမသာရ** (သင်တန်းမှူးဆရာတော်)
[သာသနဓဇ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ၊ M.A(Q)]

**အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း**
သာသနာရေးဝန်ကြီးဌာန

သာသနာနှစ် ၂၅၅၄ ၂ဒ ၄-၂၀၁၀) ကောဇာနှစ် ၁၃၇၂

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်
၂၀၁၀-ခုနှစ်၊ ဧပြီလ
ဓမ္မဒါန၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**
**ဦးထင်မျိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မှတ်ပုံတင်အမှတ်- ၁၁/၉၄ (၁)/ က**
**သာသနာရေးဝန်ကြီးဌာန**

**ကွန်ပျူတာစာစီ**
**APSKY7-** အောင်ပြည့်
ကျောက်ချောင်းပရိယတ္တိစာသင်တိုက်၊ သာကေတ

**အတွင်းဖလင်**
**A-Z** -ဖလင်
အမှတ် (၁၅၂)၊ ၃၃-လမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**အဖုံးနှင့် အတွင်းစာသားပုံနှိပ်**
ရာပြည့်အော့ဖ်ဆက်
အမှတ်-၁၈၁၊ လမ်း (၅၀) အထက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးသရုပ်ဖော်**
ပန်းချီ-လင်းဝဏ္ဏ

# နိဒါန်း

## ဝိသုဒ္ဓိမဂ် (ဒုတိယအဆင့်) ပုံနှိပ်ခြင်း

ဝိသုဒ္ဓိမဂ် သင်တန်းကိုင်စာအုပ်အဖြစ် ပထမတွဲကို (၂၀၀၈-ခုနှစ်)၊ ဒုတိယတွဲကို (၂၀၀၉-ခုနှစ်)တွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခု-ဒုတိယတွဲကို ပုံနှိပ်နိုင်ရန်အတွက် မှတ်စုများ ထုတ်ရန် ဝိသုဒ္ဓိမဂ်ကို (၁၅)နှစ်ကျော်သင်ကြားလာခဲ့သော **အရှင်သုဗြဟ္မ (သာသနဓဇဓမ္မာစရိယ၊ ဝိနည်းပိဋကတ်တစ်ပုံဆောင်** အရှင်မြတ်က တာဝန်ယူပြီး ရေးသားခဲ့ပါသည်၊ အရှင်သုဗြဟ္မသည် စလင်းကျောင်းတိုက်ကြီး၏ ကိစ္စအမျိုးမျိုးကြောင့် အချိန်မရသဖြင့်- **ဗြဟ္မဝိဟာရ,အာရုပ္ပ, သမာဓိ, ဣန္ဒြိယ, အဘိညာနိဒ္ဒေသ**အပိုင်းတို့ကို တာဝန်ယူရေးသားပြီး၊ နောက်ပိုင်းအခန်းများဖြစ်သော **ခန္ဓာ, အာယတန, ဓာတု, ဣန္ဒြိယနိဒ္ဒေသ** တို့ကိုခွဲယူ၍ ရေးသားခဲ့ပါ၏။

ဤစာအုပ်သည် အရှင်သုဗြဟ္မနှင့် အရှင်ဝါယာမသာရတို့၏ စုပေါင်းလက်ရာဖြစ်ပါ၏။ ကြည့်ရှုလေ့သာသူများအတွက် အရှင်းလင်းဆုံးဖြစ်အောင် (၂)ပါးလုံး ကြိုးစားရေးသားထားပါ၏။

အခြားအခန်းများတွင် အစဉ်အတိုင်းပုံမှန်ရေးသွားနိုင်သော်လည်း **နိရောဓနိဒ္ဒေသ= နိဗ္ဗာန်အခန်း၌ကား**- နိဗ္ဗာန်၏သဘောကို ကျမ်းတတ်အကျော်ဆရာတော်တို့ ကျမ်းတစ်ဆောင်ပေတစ်ဖွဲ့ အကျယ်ချဲ့၍ ရှင်းလင်းရေးသားကြသော်လည်း နားလည်သဘောပေါက်ဖို့ခက်ရသည့်အထဲ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ စာတစ်မျက်နှာခွဲမျှဖြင့်** တိုတိုကျဉ်းကျဉ်းမျှသာဖွင့်ဆိုထားသဖြင့် မိမိကိုယ်တိုင်နားလည်အောင်ပင် မနဲဖတ်နေရ၏၊ သင်တန်းသားတို့ နားလည်အောင်ရေးသားဖို့ အတော်အခက်ကြုံရ၏၊ **မဟာစည်ဆရာတော်၏ နိဗ္ဗာန်ဆိုင်ရာတရားတော်, မြို့ပြင်ကြီးဆရာတော်၏ နိဗ္ဗာန သရူပဒီပကစာအုပ်များ**ကို အထပ်ထပ်ဖတ်ရ၏၊ သို့သော်လည်း ရေးချဖို့ထွက်မလာ၊ အတော် ကြံ့ကြာသွားခဲ့ရ၏။

မိမိနားလည်သလောက်နှင့် ဝိသုဒ္ဓိမဂ်ကျမ်း၏ ဖော်ပြချက်ထက် မပိုလွန်စေဘဲ မေး+ဖြေပုံစံဖြင့် ရှင်းလင်းနိုင်သမျှ ရှင်းလင်းစေရန် ရေးသားထားပါ၏၊ အရှင်သုဗြဟ္မ တာဝန်ယူရေးသားသောအပိုင်းများတွင်လည်း ခေါင်းစီးများ သက်ဆိုင်သလိုထည့်သွင်းခြင်း, စာပိုဒ်များခွဲခြင်း, ချုံ့သင်ရာချုံ့ခြင်း, အဓိပ္ပါယ်ငုတ်သောနေရာ၌ ရှင်းလင်းချက်များရေးသားခြင်းတို့ ဖြင့် ထည့်သွင်းထားပါ၏။ မေးခွန်းဟောင်းများကိုလည်း ၂၀၀၉-ခုနှစ်အထိ ဖော်ပြထားပြီး အဖြေစာမျက်နှာများ ညွှန်းထားပေးသဖြင့် စာမေးပွဲဖြေဆိုသူများအတွက် အခြားမည်သည့်စာအုပ်မျှကြည့်စရာမလိုဘဲ တစ်အုပ်တည်းကိုင်ယုံဖြင့် ပြည့်စုံသွား၏၊ စာအုပ်အမျိုးမျိုးဝယ်ရခြင်း, ကြည့်ရခြင်း ဒုက္ခများကိုကင်းဝေးစေနိုင်မည်ဖြစ်ပါ၏။ **ဝိသုဒ္ဓိမဂ်ကျမ်းနှင့်ပတ်သက်သော နိဒါန်းကို ပထမတွဲ၊ ဒုတိယတွဲတို့၌ ပြန်လည်ဖတ်ရှုနိုင်ကြပါ၏၊**

(ခ)

ဤဝိသုဒ္ဓိမဂ် ဒုတိယတွဲကျမ်းစာသည် မအားလပ်သည့်ကြားမှ အချိန်ပေးကြိုးစားရေးသားတော်မူသော အရှင်သုမြဟ၏ ဝီရိယစွမ်းအား၊ ပညာစွမ်းအားကြောင့် ပြီးစီးနိုင်ခဲ့ခြင်းဖြစ်ပါ၏။ ကျွန်ုပ်တစ်ပါးတည်းသာဆိုလျှင် နေ့ရွေ့ညရွေ့ဖြင့် ဘယ်သောင်ကမ်းသို့ မြန်းနေဦးမည်မသိ၊ ကွန်ပျူတာစာစီပေးသော ကိုမျိုးအောင် (ခ) ကိုအောင်ပြည့်သည် စာစီပေးရုံမဟုတ်ဘဲ ဆရာတော်နှစ်ပါး သဘောကျသည့်အထိ ဇယားများကို စိတ်ရှည်သီးခံပြီး အထပ်ထပ်ပြုပြင်ရေးဆွဲပေးထားသဖြင့် ကြည့်ရှုသူတို့ ရှင်းလင်းသထက်ရှင်းလင်းစွာ နားလည်နိုင်ပါမည်။ စာအုပ်ရိုက်နှိပ်မည်ကိုသိသော စေတနာရှင်များက ဝိုင်းဝန်းလှူဒါန်းကြသဖြင့်လည်း အစစရျေးနှုန်းမြင့်မားနေသောဤအချိန်တွင် စာတစ်အုပ်ပေါ်ထွက်လာနိုင်ခြင်းဖြစ်ပါ၏။

**ရေးသားသူ၊ စာစီသူ၊ လှူဒါန်းသူ၊ ကြည့်ရှုသူအားလုံး ဓမ္မဒါနကုသိုလ်ပါရမီတရားတို့ နိဗ္ဗာန်တိုင်ထိ တိုးပွားနိုင်ကြပါစေသတည်း။**

တရားအသိ ဉာဏ်မျက်စိ နိဗ္ဗူတိုင်ထိပွင့်စေသော်–


အရှင်ဝါယာမသာရ

**သင်တန်းမှူးဆရာတော်**

သာသနာ့ရေးဦးစီးဌာန

ကျောက်ချောင်းကျောင်းတိုက်၊ သာကေတ


**26-4-2010**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** ---------- | (က) |
| | **မာတိကာ** ---------- | (ဂ) |
| ၁။ | ဖြတ်ပွဲဝိဟာရတရားလေးပါး၊ မေတ္တာပွားပုံအဖွင့်၊ မေတ္တာမည်ပုံ၊ မေတ္တာပွားရာ၌ သိမှတ်ဖွယ် ---------- | ၁ |
| ၂။ | ဒေါသ၏အပြစ်ကိုဆင်ခြင်ပုံ၊ ခန္တီ၏အကျိုးအာနိသင်ကိုဆင်ခြင်ပုံ ---------- | ၂ |
| ၃။ | ရှေးဦးစွာမေတ္တာမပွားသင့်သူ (၄)ယောက် သီးသန့်ပိုင်းခြား၍မေတ္တာမပွားသင့်သူ၊ လုံးလုံးမေတ္တာမပွားသင့်သူများ ---------- | ၃ |
| ၄။ | မေတ္တာပွားပုံအစဉ်၊ မေတ္တာဘာဝနာပွားပုံ ---------- | ၄ |
| ၅။ | မဆန့်ကျင်ခြင်းအကြောင်း ---------- | ၅ |
| ၆။ | မိမိပြီးလျှင်ဆက်ပွားရမည့်သူများ (ကကစူပမသြဝါဒ =လွှဥပမာအဆုံးအမဖြင့်) ရန်ညိုးဖြေဖျောက်နည်း ---------- | ၆ |
| ၇။ | ရန်သူအကြိုက်တရား (၇)ပါး၊ အမျက်ဒေါသကြီးသူ၏အပြစ် (၇)ပါး ---------- | ၇ |
| ၈။ | အရှင်သာရိပုတ္တရာ အမျက်ဖြေနည်း (ရေမှော်ဖယ်သောက်) ---------- | ၈ |
| ၉။ | စိတ်ပူပန်မှုရှိသူနှင့်အေးချမ်းမှုရှိသူ နှိုင်းယှဉ်ပုံ၊ ကိုယ်, နှုတ်, စိတ်သုံးပါးလုံး မကောင်းသူအပေါ်၌ ရန်ငြိုးဖြေဖျောက်နည်း၊ အင်္ဂုတ္တရပါဠိ ပဥ္စကနိပါတ်လာ ရန်ငြိုးဖျောက်နည်းငါးပါး ---------- | ၉ |
| ၁၀။ | မိမိကိုယ်ကိုဆုံးမ၍ ရန်ငြိုးဖြေဖျောက်နည်း ---------- | ၁၀ |
| ၁၁။ | ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသည့်အဖြစ်ကိုဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်း၊ ဒေါသနှင့် မစင်, မီးကျီးခဲတို့ တူပုံဥပမာ ---------- | ၁၁ |
| ၁၂။ | ထိုထိုဇာတ်တော်တို့ကိုဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်း ''သီလဝမင်း မိန့်ဆိုစကား'' ---------- | ၁၂ |
| ၁၃။ | ဓမ္မပါလမင်းသား၊ ဆဒ္ဒန်ဆင်မင်း၊ ဂေါနဂ္ဂုလမျောက်မင်းဘဝတို့၌ ခန္တီပါရမီဖြည့်ကျင့်ပုံများ ---------- | ၁၃ |
| ၁၄။ | အနမတဂ္ဂိယသုတ်ကိုဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်း ---------- | ၁၄ |
| ၁၅။ | မေတ္တာ၏အကျိုးအာနိသင်တို့ကိုဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်းနှင့် ---------- ဓာတ်တို့ကိုအသီးသီးခွဲခြား၍ရန်ငြိုးဖြေဖျောက်နည်း | ၁၅ |
| ၁၆။ | မိမိပစ္စည်းပေးကမ်းခြင်းဖြင့် ရန်ငြိုးဖြေဖျောက်နည်း ---------- | ၁၆ |
| ၁၇။ | သီမာသမ္ဘေဒလက္ခဏာ၊ သီမာသမ္ဘေဒပြည့်စုံပုံ ---------- | ၁၇ |
| ၁၈။ | အပ္ပနာရျာန်ရပုံ၊ ဈာန်ရခြင်းကြောင့်ရရှိသောအကျိုး ---------- | ၁၈ |
| ၁၉။ | မေတ္တာဈာန်၏မဟဂ္ဂုတ်စသည်မည်ပုံ၊ အပ္ပနာဈာန်ရသည့်ပုဂ္ဂိုလ်သာပြီးစီးနိုင် ---- | ၁၉ |

၂၀။ အနောမိသမေတ္တာပွားပုံနှင့် ဩဓိသမေတ္တာပွားပုံ -------- ၂၀
၂၁။ ဒိသာဖရဏမေတ္တာပွားပုံ -------- ၂၁
၂၂။ သတ္တဝါမည်ပုံ၊ ရဟန္တာလည်းသတ္တဝါအမည်ရပုံ -------- ၂၂
၂၃။ တစ်နည်း–သတ္တဝါမည်ပုံ၊ ၅၂၈–သွယ်မေတ္တာရေတွက်ပုံ -------- ၂၃
၂၄။ မေတ္တာ၏အာနိသင်အကျိုး (၁၁)ပါး -------- ၂၄
၂၅။ ၂။ ကရုဏာပွားပုံအဖွင့်၊ ကရုဏာမည်ပုံ -------- ၂၆
၂၆။ ကရုဏာခေါင်းပါးခြင်းအပြစ်၊ ကရုဏာ၏အကျိုး
ရှေးဦးစွာကရုဏာမပွားသင့်သည့်ပုဂ္ဂိုလ်နှင့် ရှေးဦးစွာကရုဏာပွားများရမည့်ပုဂ္ဂိုလ် -- ၂၇
၂၇။ ဒုစရိုက်ဖြင့်ချမ်းသာသူကိုကရုဏာပွားပုံ -------- ၂၈
၂၈။ ချမ်းသာသူ၌လည်း ကရုဏာပွားနိုင်ပုံ -------- ၂၉
၂၉။ ၃။ မုဒိတာပွားပုံအဖွင့်၊ မုဒိတာမည်ပုံ၊
ရှေးဦးစွာမုဒိတာမပွားသင့်/ပွားသင့်သည့်ပုဂ္ဂိုလ် -------- ၃၀
၃၀။ ဒုက္ခိတသတ္တဝါ၌လည်းမုဒိတာပွားနိုင်ပုံ -------- ၃၁
၃၁။ ၄။ ဥပေက္ခာပွားပုံအဖွင့်၊ ဥပေက္ခာမည်ပုံ -------- ၃၂
၃၂။ ဥပေက္ခာပွားပုံ -------- ၃၃
၃၃။ ဥပေက္ခာ ဆယ်ပါး -------- ၃၄
၃၄။ ဗြဟ္မဝိဟာရတရားတို့၌ မှတ်သားဖွယ်ရာများ -------- ၃၆
၃၅။ ဗြဟ္မဝိဟာရတရားတို့၏ပြည့်စုံခြင်း, ပျက်စီးခြင်း -------- ၃၇
၃၆။ ပယောဇဉ်အကျိုး၊ ဗြဟ္မဝိဟာရတရားတို့၏ရန်သူများ -------- ၃၈
၃၇။ ဂေဟာသိတဒေါမနဿ၊ဂေဟာသိတသောမနဿ၊ဂေဟာသိတအညာဏုပေက္ခာအမိပွါယ်
ဗြဟ္မဝိဟာရတရားတို့၏ (စ–လယ်–ဆုံး)နှင့်အာရုံကိုပွားစေခြင်း -------- ၃၉
၃၈။ နိဿန္ဒအကျိုး(အကျိုးဆက်)၊ ဗြဟ္မဝိဟာရမည်ကြောင်း -------- ၄၀
၃၉။ ဗြဟ္မဝိဟာရတရား(၄)ပါးသာရှိပုံ၊ ဗြဟ္မဝိဟာရတရားတို့၏အစဉ် -------- ၄၁
၄၀။ မေတ္တာစသောတရားတို့အပ္ပမညာမည်ခြင်းအကြောင်း၊ ရရှိနိုင်သောဈာန်များ ---- ၄၂
၄၁။ အယူအဆမှားရန်ရှင်းပြချက်၊ သုဘပရမသည် -------- ၄၃
၄၂။ မေတ္တာသည်(သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိပုံ
မုဒိတာသည် ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ -------- ၄၄
၄၃။ ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ -------- ၄၅
ပါရမီစသည် ပြည့်ကြောင်းလည်းဖြစ်ပုံ
၄၄။ ၁။ ပဌမအရူပအာကာသာနဉ္စာယတနကမ္မဋ္ဌာန်းအဖွင့်၊ ရုပ်အပြစ်ကိုရှုပုံ -------- ၄၆
၄၅။ ကသိုဏ်းရုပ်ကိုလွန်မြောက်လိုပုံ -------- ၄၇
၄၆။ ဥပမာနှင့်ဥပမေယျယှဉ်တွဲပုံ၊ ကသိုဏ်းရုပ်မှငြီးငွေ့ဖဲခွါလို၍
ရူပစတုတ္ထဈာန်၏အပြစ်ကိုရှုပုံ၊ ကသိုဏ်းရုပ်ကိုခွာခြင်း -------- ၄၈

၄၇။ ခွာပုံအဓိပ္ပါယ်၊ ကောင်းကင်အမည်များ၊ ပထမအရူပဈာန်စိတ်ဖြစ်ပေါ်ပုံ -------- ၄၉
၄၈။ ကောင်းကင်နိမိတ်ကိုမြင်ပုံဥပမာ၊ ပထမအရူပဈာန်သို့ရောက်ရှိပုံ -------- ၅၀
၄၉။ ရူပသညာသရုပ်၊ ရူပသညာတို့ကိုလွန်မြောက်မှ အရူပဈာန်သို့ရောက်နိုင်ပုံ
အာရုံကိုလွန်မြောက်ခြင်းဟုမဟောခြင်း -------- ၅၁
၅၀။ အာရုံကိုလွန်မြောက်ခြင်းလည်းသင့်လျော်၊ ပဋိဃသညာနံ့ အတ္ထင်္ဂမာအဓိပ္ပါယ်၊
အရူပဈာန်အရာ၌ ပဋိဃသညာချုပ်ခြင်းကိုဟောတော်မူပုံ -------- ၅၂
၅၁။ အရူပဈာန်၌ ပဋိဃသညာများမရှိပုံ၊ နာနတ္တသညာနံ့ အမနသိကာရာအဓိပ္ပါယ်
ဝိဘင်းပါဠိတော်လာ နာနတ္တသညာ၊ နာနတ္တသညာသရုပ် -------- ၅၃
၅၂။ သမတိက္ကမာ အတ္ထင်္ဂမာ နှစ်ပုဒ်ဖြင့်ပြသောအဓိပ္ပါယ်၊ အရူပဘဝ၌ရနိုင်သော
နာနတ္တသညာ၊ နာနတ္တသညာနံ့ အမနသိကာရာဖြင့်ပြသောအဓိပ္ပါယ်
သညာသုံးပါးအကျဉ်းချုပ်မှတ်ဘွယ်၊ အနန္တော အာကာသော၌သိမှတ်ဘွယ် ----- ၅၄
၅၃။ အာကာသနဉ္စာယတန၌ အစိပ်စိပ်သိမှတ်ဘွယ်
(၂) ဝိညာနဉ္စာယတနအဖွင့်၊ ရရှိအောင်ပွားများအားထုတ်ပုံ -------- ၅၅
၅၄။ ဝိညာဏဉ္စာယတနဈာန်စိတ်ဖြစ်ပေါ်လာပုံ
ဝိညာဏဉ္စာယတနဈာန်သို့ရောက်ပုံ၊ အာကာသာနဉ္စာယတန (၂)မျိုး -------- ၅၆
၅၅။ အာကာသာနဉ္စာယတန(၂)မျိုးလုံးကိုလွန်မြောက်မှ ဝိညာဏဉ္စာယတနသို့
ရောက်နိုင်ပုံ၊ ဝိညာဏဉ္စာယတန၌ အစိပ်စိပ်သိမှတ်ဘွယ် -------- ၅၇
၅၆။ (၃) အာကိဉ္စညာယတနဈာန်အဖွင့်၊ ရရှိအောင်ပွားများအားထုတ်ပုံ၊
ဈာန်စိတ်ဖြစ်ပေါ်ပုံ၊ နတ္ထိဘောပညတ်သဘောကို ဥပမာဖြင့်ပြပုံ -------- ၅၈
၅၇။ အာကိဉ္စညာယတနဈာန်သို့ရောက်ပုံ၊ ဝိညာနဉ္စာယတနနှစ်ပါး၊
ဈာန်နှင့်အာရုံနှစ်မျိုးလုံးကို လွန်မြောက်မှ ရောက်နိုင်ပုံ -------- ၅၉
၅၈။ (၄) နေဝသညာ နာသညာယတနဈာန်အဖွင့်၊ ရရှိအောင်ပွားများအားထုတ်ပုံ၊
နေဝသညာနာသညာယတနဈာန်စိတ်ဖြစ်ပေါ်ပုံ -------- ၆၀
၅၉။ နေဝသညာနာသညာယတနဈာန်သို့ရောက်ပုံ၊ အာကိဉ္စညာယတန ၂-မျိုး
ဈာန်နှင့်အာရုံနှစ်မျိုးလုံးကိုလွန်မြောက်မှရနိုင်ပုံ
စတုတ္ထအရူပသမာပတ်သည် တတိယအရူပသမာပတ်ကို ချီးမွမ်းပုံ -------- ၆၁
၆၀။ ငြိမ်သက်လေစွဟုနှလုံးသွင်းသော်လည်းလွန်မြောက်နိုင်ပုံ -------- ၆၂
၆၁။ နေဝသညာနာသညာယတနအရယူသင့်ပုံ၊ နေဝသညာနာသညာယတနမည်ပုံ
(တစ်နည်း)နေဝသညာနာသညာယတနမည်ပုံ၊ နေဝဝေဒနာစသည်ဆိုသင့်ပုံ ---- ၆၃
၆၂။ သပိတ်သုတ်သောဆီဥပမာဖြင့်ရှင်းပုံ၊ ထင်ရှားသောသညာကိစ္စ
နေဝသညာနာသညာယတနသမာပတ်သိမ်မွေ့ပုံ -------- ၆၄
၆၃။ ခရီးလမ်း၌ ရေဥပမာဖြင့်ရှင်းပုံ၊ အာရုပ္ပ (၄)ပါးနှင့်စပ်၍သိမှတ်ဖွယ်ရာများ၊
အာရုံကိုလွန်မြောက်ပုံ -------- ၆၅

၆၄။ အောက်အောက်သမာပတ်ထက် အထက်အထက်သမာပတ်က
သာ၍ကောင်းမြတ်ပုံ၊ မဏ္ဍပ်၌တည်ရှိသောလူလေးဦးနှင့်တူပုံ -------- ၆၆
၆၅။ ဥပမာဥပမေယျတွဲစပ်ပုံ၊
အခြားအာရုံမရှိခြင်းကြောင့် အာကိဉ္စညာယတနစျာန်ကိုပင်အာရုံပြုရပုံ -------- ၆၇
၆၆။ (၁) အာဟာရေပဋိက္ကူလသညာပွားပုံ -------- ၆၈
၆၇။ အာဟာရလေးပါး -------- ၆၉
၆၈။ အာဟာရ၏ဘေးလေးပါး၊ ဩဝါဒလေးပါး၊ ပွားများအားထုတ်ပုံ -------- ၇၀
၆၉။ အခြင်းအရာ (၁၀)ပါးဖြင့်ဆင်ခြင်ပုံ၊ (၁) သွားခြင်းအားဖြင့်ဆင်ခြင်ပုံ -------- ၇၁
၇၀။ (၂) ရှာမှီးခြင်းအားဖြင့်ဆင်ခြင်ပုံ -------- ၇၂
၇၁။ (၃) သုံးဆောင်ခြင်းအားဖြင့်ဆင်ခြင်ပုံ၊
(၄) တည်ရာအာသယအားဖြင့်ဆင်ခြင်ပုံ -------- ၇၃
၇၂။ (၅) စု၍တည်ရာအစာသစ်အိမ်အားဖြင့်ဆင်ခြင်ပုံ
(၆) မကျေမကျက်သေးသောအားဖြင့်ဆင်ခြင်ပုံ -------- ၇၄
၇၃။ (၇) ကျေကျက်ပြီးသောအားဖြင့်ဆင်ခြင်ပုံ၊
(၈) ပြီးစီးသောအကျိုးအားဖြင့်ဆင်ခြင်ပုံ -------- ၇၅
၇၄။ (၉) ယိုထွက်ခြင်းအားဖြင့်ဆင်ခြင်ပုံ -------- ၇၆
၇၅။ (၁၀) လူးပေခြင်းအားဖြင့်ဆင်ခြင်ပုံ၊ သမာဓိဖြစ်ပုံ -------- ၇၇
၇၆။ အကျိုးအာနိသင် -------- ၇၈
၇၇။ (၂) စတုဓာတုဝ ဝတ္ထာန်ပွားပုံ၊ ဉာဏ်ထက်သောပုဂ္ဂိုလ်ဓာတ်ကမ္မဋ္ဌာန်းရှုပုံနှင့်
ဉာဏ်မထက်သောပုဂ္ဂိုလ်ဓာတ်ကမ္မဋ္ဌာန်းရှုပုံ -------- ၇၉
၇၈။ အဇ္ဈတ္တိက ပထဝီဓာတ် (၂၀)ပါး၊ အဇ္ဈတ္တိကအာပေါဓာတ် (၁၂)ပါး
အဇ္ဈတ္တိက တေဇောဓာတ် (၄)ပါး၊ အဇ္ဈတ္တိကဝါယောဓာတ် (၆)ပါး -------- ၈၀
၇၉။ ဓာတ်လေးပါးအဓိပ္ပါယ် -------- ၈၁
၈၀။ ဓာတ်ကမ္မဋ္ဌာန်းထင်အောင်ပွားများအားထုတ်နည်း -------- ၈၂
၈၁။ အရှင်သာရိပုတ္တရာဟောကြားသောကောဋ္ဌာသ (၄)ပါးရှုပုံ
စတုဓာတုဝဝတ္ထာန်ကို အကျယ်ပွားနည်းအချုပ် -------- ၈၃
၈၂။ (၁) သသမ္ဘာရသင်္ခေပနည်းဖြင့် ရှုပုံ
၈၃။ (၂) သသမ္ဘာရဝိဘတ္တိနည်းဖြင့် ရှုပုံ -------- ၈၄
၈၄။ ၃၂–ကောဋ္ဌာသတည်ရှိပုံနှင့် ရှုမှတ်ပုံများ -------- ၈၅/၉၂
၈၅။ တေဇောဓာတ်လေးပါးနှင့် ဝါယောဓာတ် (၆)ပါးကိုရှုပုံ -------- ၉၂
၈၆။ (၃) သလက္ခဏသင်္ခေပနည်းဖြင့် ရှုပုံ -------- ၉၃
၈၇။ (၄) သလက္ခဏဝိဘတ္တိနည်းဖြင့် ရှုပုံ၊ (၁) ဝစနတ္ထအားဖြင့်နှလုံးသွင်းပုံ -------- ၉၄

၈၈။ (၂) ကလာပအားဖြင့်နှလုံးသွင်းပုံ၊ (၃) စုဏ္ဏ-အမှုန့်အားဖြင့်နှလုံးသွင်းပုံ -------- ၉၅
၈၉။ (၄) လက္ခဏာ စသည်အားဖြင့်နှလုံးသွင်းပုံ -------- ၉၆
၉၀။ (၅) ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့်နှလုံးသွင်းပုံ -------- ၉၇
၉၁။ (၆) နာနတ္တကေတ္တအားဖြင့်နှလုံးသွင်းပုံ၊ ကြီးကျယ်၍ထင်ရှားဖြစ်ခြင်းကြောင့်
မဟာဘုတ်မည်ပုံ၊ -------- ၉၈
၉၂။ အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသောကြောင့် မဟာဘုတ်မည်ပုံ -------- ၉၉
၉၃။ ဓာတ်ကြီးလေးပါးနှင့်မြွေကြီးလေးကောင်တူပုံ -------- ၁၀၀
၉၄။ (၇) ဝိနိဗ္ဘောဂ,အဝိနိဗ္ဘောဂ၊ သဘာဂ,ဝိသဘာဂ၊
အဇ္ဈတ္တိက, ဗာဟိရဝိသေသအားဖြင့် နှလုံးသွင်းပုံများ -------- ၁၀၁
၉၅။ (၁၀) သင်္ဂဟ/ပစ္စယအားဖြင့်နှလုံးသွင်းပုံ -------- ၁၀၂
၉၆။ (၁၂) အသမန္နာဟာရအားဖြင့်နှလုံးသွင်းပုံ
(၁၃) ပစ္စယဝိဘာဂအားဖြင့်နှလုံးသွင်းပုံ -------- ၁၀၃
၉၇။ ခြေလှမ်းရာ၌ဓာတ်ကြီးလေးပါးသက္ကိပါဝင်ပုံ -------- ၁၀၅
၉၈။ အကျိုးအာနိသင်များ၊ သမာဓိ၏အကျိုးအာနိသင်ကိုပြဆိုချက် -------- ၁၀၆
၉၉။ ပညာဘာဝနာကိုမပြဆိုမီအဘိညာကထာကိုပြဆိုခြင်း -------- ၁၀၇
၁၀၀။ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးပြုလုပ်နိုင်ရန်အခြင်းအရာ ၁၄-ပါးတို့ဖြင့်
စိတ်ကိုကြိုတင်လေ့ကျင့်ခြင်းများ -------- ၁၀၈
၁၀၁။ ဝန်လေးခြင်း၊ ခဲယဉ်းခြင်း-ရပါး -------- ၁၁၂
၁၀၂။ ဘာဝနာလေ့ကျင့်ပုံအစဉ်နှင့်ကင်း၍ တန်ခိုးဖန်ဆင်းမှုစသည့်ပြည့်စုံနိုင်သောပုဂ္ဂိုလ်၊
တန်ခိုးဖန်ဆင်းမှုအလုံးစုံပြည့်စုံစေရန် စိတ်ကိုကြိုတင်လေ့ကျင့်သင့်ပုံ -------- ၁၁၃
၁၀၃။ သော ဧဝံသမာဟိတေ စသောပါဠိတော်ပုဒ်အဖွင့် -------- ၁၁၄
၁၀၄။ စိတ်အင်္ဂါ (၈)ပါးနှင့်ပြည့်စုံမှ တန်ခိုးဖန်ဆင်းမှုစသည်ပြုနိုင်၊
ပြီးမြောက်ခြင်းဣဒ္ဓိ (၁၀)ပါးပြဆိုချက် ဣဒ္ဓိ-အဓိပ္ပါယ် -------- ၁၁၅
၁၀၅။ ဣဒ္ဓိ(တန်ခိုး) ၁၀-ပါး၊ ၁။ အဓိဋ္ဌာနိဒ္ဓိ -------- ၁၁၆
၁၀၆။ ၂။ ဝိကုဗ္ဗနိဒ္ဓိ၊ ၃။ မနောမယိဒ္ဓိ၊ ၄။ ဉာဏဝိပ္ဖါရိဒ္ဓိ၊
အရှင်ဗာကုလမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပုံ -------- ၁၁၇
၁၀၇။ သံကိစ္စမထေရ်နှင့် အရှင်ဘူတပါလတို့၏ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပုံ၊
၅။ သမာဓိဝိပ္ဖါရိဒ္ဓိ -------- ၁၁၈
၁၀၈။ အရှင်သာရိပုတ္တရာ၊ သဉ္ဇိဝမထေရ်၊ အရှင်ခါဏုကောဏ္ဍညမထေရ်တို့၏
သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံများ -------- ၁၁၉
၁၀၉။ ဥတ္တရာဥပါသိကာမ၊သာမာဝတီဥပါသိကာမတို့၏ သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံများ -------- ၁၂၀
၁၁၀။ ၆။ အရိယိဒ္ဓိအကြောင်း၊ ပဋိသမ္ဘိဒါမဂ်လာ အရိယိဒ္ဓိ(၅)မျိုးနှင့် နေနည်းအပုံပုံ -------- ၁၂၁
၁၁၁။ ၇။ ကမ္မဝိပါကဇိဒ္ဓိအကြောင်း -------- ၁၂၂

၁၁၂။ ၈။ ပုညဝတောဣဒ္ဓိ၊ ဘုန်းကံကြီးမားသူ (၅)ဦးအကြောင်းသိမှတ်ဖွယ် -------- ၁၂၃
၁၁၃။ ၉။ ဝိဇ္ဇာမယိဒ္ဓိအကြောင်း
၁၀။ တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိအကြောင်း -------- ၁၂၄
၁၁၄။ အလိုရှိအပ်သောဣဒ္ဓိ -------- ၁၂၅
၁၁၅။ တန်ခိုးရှင်ဖြစ်ရာ ဖြစ်ကြောင်းများ၊ ပကတိဘုံ၊ သမ္ဘာရဘုံ
အရှင်သာရိပုတ္တရာဟောတော်မူသည့်ဘုံလေးမျိုး -------- ၁၂၆
၁၁၆။ ပါဒလေးပါး
ဆန္ဒသမာဓိ၊ ပဓာနသင်္ခါရတို့အဓိပ္ပါယ် -------- ၁၂၇
၁၁၇။ ဣဒ္ဓိပါဒ၌ ဣဒ္ဓိမည်ပုံ၊ ပါဒမည်ပုံ၊ ဣဒ္ဓိပါဒမည်ပုံ
တန်ခိုးသို့ရောက်ကြောင်း ပဒ (၈)ပါး -------- ၁၂၈
၁၁၈။ မတုန်လှုပ်ကြောင်း ဣဒ္ဓိမူလ (၁၆)ပါး၊
ဘူမိ,ပါဒစသည်ကိုထပ်၍ဆိုရခြင်းအကြောင်း -------- ၁၂၉
၁၁၉။ အဘိဉ္ဉာနိဒ္ဓိတန်ခိုးဖန်ဆင်းပုံအစီအစဉ်နှင့် အာရုံပြုပုံများ -------- ၁၃၀
၁၂၀။ အရှင်စူဠပန်မထေရ်ဝတ္ထု -------- ၁၃၁
၁၂၁။ ရာဂ,ဒေါသ,မောဟတို့သာ အညစ်အကြေးမည်ပုံ -------- ၁၃၂
၁၂၂။ တန်ခိုးရှင်နှင့်နိမ့်တရုပ်ပွါးတူညီမှု ကွဲပြားမှု
ကွဲပြားထူးခြားအောင်ဖန်ဆင်းပုံ -------- ၁၃၄
၁၂၃။ အများမှအနည်းဖြစ်အောင်ဖန်ဆင်းရာ၌ထူးခြားခြင်း
အာဝိဘာဝံ တိရောဘာဝံ-အဖွင့် -------- ၁၃၅
၁၂၄။ မြတ်စွာဘုရားရှင်၏အာဝိဘာဝတန်ခိုး -------- ၁၃၆
၁၂၅။ အရှင်မဟာမောဂ္ဂလာန်မထေရ်၏အာဝိဘာဝ-တန်ခိုး -------- ၁၃၇
၁၂၆။ မြတ်စွာဘုရားရှင်၏လောကဝိဝရဏတန်ခိုး
မြတ်စွာဘုရားရှင် လူ့ပြည်သို့ပြန်ကြွတော်မူပုံအခမ်းအနား -------- ၁၃၈
၁၂၇။ ဓမ္မဒိန္နမထေရ်၏လောကဝိဝရဏတန်ခိုး
တိရောဘာဝ = ကွယ်ပျောက်ခြင်းတန်ခိုး -------- ၁၃၉
၁၂၈။ မြတ်စွာဘုရားရှင်နှင့်အရှင်မဟိန္ဒမထေရ်တို့၏တိရောဘာဝတန်ခိုးဖန်ဆင်းပုံများ -- ၁၄၀
၁၂၉။ အရှင်မဟာက၏ တိရောဘာဝတန်ခိုး
"ဘဝေဝါဟံ ဘယံဒိသွာ" ဂါထာအကြောင်း -------- ၁၄၁
၁၃၀။ တိရောကုဋ္ဋံတိရောပါကာရံစသောပုဒ်အဖွင့်ကောင်းကင်၌ခရီးသွားလိုသော်၊
အာကာသကသိုဏ်း၌ တိပိဋကစူဠာဘယမထေရ်ယူဆပုံ -------- ၁၄၂
၁၃၁။ ပထဝီယာပိ ဥမ္မုဇ္ဇ နိမုဇ္ဇံ-ပုဒ်အဖွင့်၊ မြေကြီးထဲ၌ပေါ်ခြင်းငုပ်ခြင်းပြုပုံ -------- ၁၄၃
၁၃၂။ ဖန်ဆင်းသောမြေ၌ အမှုမျိုးစုံပြုနိုင်ပုံ၊ ဥဒကေပိ အဘိဇ္ဇမာနေပုဒ်အဖွင့်၊ -------- ၁၄၄

၁၃၃။ ဖန်ဆင်းထားသောရေပြင်၌ အလိုရှိသလိုဆောင်ရွက်နိုင်ပုံ
အာကာသေပိ, ပလ္လင်္ကေန ကမတိပုဒ်အဖွင့်၊ တန်ခိုးဖန်ဆင်းပုံ -------- ၁၄၅
၁၃၄။ ကောင်းကင်ခရီးသွားသောရဟန်း ဒိဗ္ဗစက္ခုရသင့်ပုံ
လမ်းခရီးကြား၌ တောင်, သစ်ပင်စသည်တို့ကိုရှောင်လွှဲပုံ -------- ၁၄၆
၁၃၅။ လနှင့်နေတို့တန်ခိုးအာနုဘော်ကြီးပုံနှင့်
၎င်းတို့ကို ကိုင်တွယ်ရာ၌ ပါဒကချာန်ဖြင့်ပင်ပြီးစီးပုံ
လနှင့်နေတို့ကိုသုံးသပ်ရာ၌ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်ကသုံးသပ်ပုံ ------- ၁၄၇
၁၃၆။ ကိုယ်ပရုပ်ကသုံးသပ်မှုနှင့်စပ်၍ တိပိဋကစူဠနာဂမထေရ်ယူဆပုံ
နန္ဒောပနန္ဒနဂါးမင်းအကြောင်း -------- ၁၄၈
၁၃၇။ နဂါးမင်းကို အရှင်မဟာမောဂ္ဂလာန်မထေရ် ဆုံးမတော်မူပုံ -------- ၁၄၉
၁၃၈။ အရှင်မောဂ္ဂလာန်မထေရ်ကိုသာဆုံးမခွင့်ပေးပုံ -------- ၁၅၀
၁၃၉။ ကိုယ်တွင်းရုပ်ကိုယ်ပရုပ် အဆုံးအဖြတ် -------- ၁၅၁
၁၄၀။ လ,နေတို့ကိုသုံးသပ်ရုံသာမဟုတ်အမျိုးမျိုးအသုံးပြုနိုင်ပုံနှင့်
တန်ခိုးဖန်ဆင်းမှုကြောင့် လ, နေတို့ထူးခြားပြောင်းလဲခြင်းမရှိပုံ
၁၄၁။ ယာဝဗြဟ္မလောကာပိ ကာယေန ဝသံဝတ္တေတိအဖွင့် -------- ၁၅၂
၁၄၂။ အရှင်မဟာမောဂ္ဂလာန်မထေရ်၊စူဠသမုဒ္ဒမထေရ်၊တိဿဒတ္တမထေရ်တို့ဖန်ဆင်းပုံ
အနီးကိုအဝေး၊ အများကိုအနည်းဖြစ်အောင်ဖန်ဆင်းပုံ -------- ၁၅၃
၁၄၃။ အများကိုအနည်းဖြစ်အောင် အရှင်မဟာကဿပမထေရ်ဖန်ဆင်းပုံ
အနည်းကိုအများဖြစ်အောင် မြတ်စွာဘုရားရှင် ဖန်ဆင်းတော်မူပုံ -------- ၁၅၄
၁၄၄။ ရေကိုထောပတ်ဖြစ်အောင်မဟာအနုဠမထေရ်ဖန်ဆင်းပုံ
ဒိဗ္ဗစက္ခု ဒိဗ္ဗသောတတို့ဖြင့် နတ်ဗြဟ္မာတို့၏အဆင်းအသံတို့ကို မြင်နိုင်ကြားနိုင်ပုံ
ထင်ရှားမြင်ရသောခန္ဓာကိုယ်ဖြင့်ဗြဟ္မာပြည်သို့သွားပုံ -------- ၁၅၅
၁၄၅။ သုခသညာ၊ လဟုသညာတို့အကြောင်း
မထင်ရှားသောခန္ဓာကိုယ်ဖြင့်ဗြဟ္မာပြည်သို့သွားပုံ -------- ၁၅၆
၁၄၆။ ကိုယ်ဖြင့်အလိုသို့လိုက်စေပုံအဓိပ္ပါယ် -------- ၁၅၇
၁၄၇။ ဝိကုဗ္ဗနိဒ္ဓိနှင့်မနောမယိဒ္ဓိတို့ထူးခြားပုံ -------- ၁၅၈
၁၄၈။ အဘိညာနိဒ္ဒေသ, ဒိဗ္ဗသောတအဘိညာဉ်အကြောင်းပြဆိုချက် -------- ၁၅၉
၁၄၉။ နတ်တို့၏နားနှင့် ဒိဗ္ဗသောတအဘိညာဏ်တို့ ထူးခြားပုံ–တူညီပုံ -------- ၁၆၀
၁၅၀။ ရရှိအောင်ပွါးများအားထုတ်ပုံနှင့် ဒိဗ္ဗသောတအဘိညာဉ်ဖြစ်ပုံ -------- ၁၆၁
၁၅၁။ စေတောပရိယအဘိညာဉ်အကြောင်းပြဆိုချက် -------- ၁၆၂
၁၅၂။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်နှလုံးသွေးအဆင်းကိုကြည့်၍စိတ်ကိုသိနိုင်ပုံ -------- ၁၆၃
၁၅၃။ အရူပဗြဟ္မာများ၏စိတ်ကိုသိရန်နည်း၊ စိတ်အမျိုးအစား(၁၆)ပါး -------- ၁၆၄
၁၅၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အကြောင်းပြဆိုချက် -------- ၁၆၅

၁၅၅။ ပုဗ္ဗေနိဝါသကိုအောင့်မေ့ဆင်ခြင်နိုင်သောပုဂ္ဂိုလ်များ -------- ၁၆၆

၁၅၆။ တိတ္ထိတို့ ပုဗ္ဗေနိဝါသကိုအောင့်မေ့နိုင်ပုံအခြင်းအရာနှင့်ဥပမာ -------- ၁၆၇

၁၅၇။ ပုဗ္ဗေနိဝါသကိုမြင်ပုံကွာခြားချက်ဥပမာများ -------- ၁၆၈

၁၅၈။ ပုဗ္ဗေနိဝါသကိုအောင့်မေ့ပုံကွာခြားချက်ဥပမာများ
အနုဿရတိအရကောက် -------- ၁၆၉

၁၅၉။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရရှိအောင်ပွါးများအားထုတ်ပုံ -------- ၁၇၀

၁၆၀။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟူသည် -------- ၁၇၁

၁၆၁။ အသင်္ချေယျ-၄-ကပ်အကြောင်း -------- ၁၇၂

၁၆၂။ မီး,ရေ,လေတို့ဖြင့်ပျက်သွားသောဘုံများ၊ ဗုဒ္ဓခေတ် ၃-မျိုး -------- ၁၇၃

၁၆၃။ မီးဖြင့်ကမ္ဘာပျက်ပုံနှင့်လောကဗျူဟာနတ်များကြွေးကျော်ကြပုံ -------- ၁၇၄

၁၆၄။ ဈာန်မရသော်လည်းဗြဟ္မာ့ပြည်၌ဖြစ်ပုံ
ဒုတိယ 'နေ' စသည်ထွက်ပေါ်လာပုံ၊ပကတိနေနှင့်ကမ္ဘာပျက်နေ ထူးခြားပုံ ------ ၁၇၅

၁၆၅။ ကမ္ဘာဖြစ်ထွန်းပေါ်ပေါက်ပုံ -------- ၁၇၆

၁၆၆။ ရသပထဝီခေါ်မြေဆီအရသာဖြစ်ပေါ်ပုံ၊ နေမင်းဖြစ်ပေါ်လာပုံ -------- ၁၇၇

၁၆၇။ လမင်း, လဆန်း/လဆုတ်, တောတောင်ရေမြေသဘာဝတို့ဖြစ်ပေါ်ပုံ -------- ၁၇၈

၁၆၈။ မြေဆီအရသာကွယ်ပျောက်ပုံ၊ သလေးဆန်များ၊ အင်္ဂါကြီးငယ်များဖြစ်ပေါ်ပုံ၊
အိမ်ယာတည်ထောင်ကြပုံနှင့်သလေးဆန်များကွယ်ပျောက်ပုံ -------- ၁၇၉

၁၆၉။ စည်းဝေးတိုင်ပင်ကြပုံနှင့် အကြီးအမှူးပုဂ္ဂိုလ်တင်မြှောက်ပုံ -------- ၁၈၀

၁၇၀။ မီးဖြင့်ကမ္ဘာပျက်ရာတည်ရာ၌ အသင်္ချေယျကပ်၄-မျိုး
ရေဖြင့်ကမ္ဘာပျက်ပုံ -------- ၁၈၁

၁၇၁။ ရေဖြင့်ကမ္ဘာပျက်ရာတည်ရာ၌ အသင်္ချေယျ-၄-ကပ်
လေဖြင့်ကမ္ဘာပျက်ပုံ -------- ၁၈၂

၁၇၂။ ကမ္ဘာပျက်ခြင်းအကြောင်း -------- ၁၈၃

၁၇၃။ စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်အကြောင်းပြဆိုချက် -------- ၁၈၅

၁၇၄။ ဒိဗ္ဗေနစက္ခုနာပုဒ်အဓိပ္ပါယ်နှင့်
ဒိဗ္ဗစက္ခုဉာဏ်၏အယူစင်ကြယ်ကြောင်းဖြစ်ပုံ -------- ၁၈၆

၁၇၅။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စုတေဆဲသတ္တဝါ၊ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုမြင်ပုံ
ဟီနပဏီတစသောသတ္တဝါများအကြောင်း -------- ၁၈၇

၁၇၆။ ဒိဗ္ဗစက္ခုဉာဏ်နှင့်ယထာကမ္မုပဂဉာဏ်ထူးခြားပုံ -------- ၁၈၈

၁၇၇။ အရိယာနံဥပဝါဒကာပုဒ်အဓိပ္ပါယ်၊ သာဓကဝတ္ထု -------- ၁၈၉

၁၇၈။ တောင်ပန်းကန်တော့ပုံ -------- ၁၉၀

၁၇၉။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ-အဓိပ္ပါယ် -------- ၁၉၁

၁၈၀။ ငရဲ၏အပါယ်မည်ပုံ၊ ဒုဂ္ဂတိမည်ပုံ -------- ၁၉၂

၁၈၁။ ဝိနိပါတမည်ပုံ၊ ငရဲမည်ပုံ
တိရစ္ဆာန်ဘုံစသည်တို့၏အပါယ်စသည်မည်ခြင်းအကြောင်း -------- ၁၉၃
၁၈၂။ ဒိဗ္ဗစက္ခုဉာဏ်ရရှိအောင်ပွါးများအားထုတ်ပုံ
အလင်းရောင်အားကောင်းအောင်ပြုပုံဥပမာ -------- ၁၉၄
၁၈၃။ ဒိဗ္ဗစက္ခုဉာဏ်၌ အာရုံထင်ပေါ်ပုံ -------- ၁၉၅
၁၈၄။ ဒိဗ္ဗစက္ခုအဘိညာဉ် ပုထုဇဉ်အတွက် အန္တရာယ်ဖြစ်တတ်ပုံ
ဒိဗ္ဗစက္ခုဉာဏ် စိတ်အစဉ်ဖြစ်ပုံ၊ အဘိညာဉ် (၇)ပါး -------- ၁၉၆
၁၈၅။ အဘိညာဉ်တို့၏ အာရုံ (၁၀)မျိုး၊ အဘိညာဉ် (၇)ပါးတို့အာရုံပြုပုံ -------- ၁၉၇
၁၈၆။ ၁။ ဣဒ္ဓိဝိဓအဘိညာဉ်အာရုံ (၇)မျိုးကိုအာရုံပြုပုံ၊
၂။ ဒိဗ္ဗသောတအဘိညာဉ်အာရုံ (၄)မျိုးကို အာရုံပြုပုံ -------- ၁၉၈
၁၈၇။ ၃။ စေတောပရိယအဘိညာဉ် အာရုံ (၈)မျိုးကိုအာရုံပြုပုံ
ပစ္စုပ္ပန် (၃)မျိုး -------- ၁၉၉
၁၈၈။ ပစ္စုပ္ပန်စိတ်ကိုသိရာ၌ ထင်ရှားပြချက် -------- ၂၀၁
၁၈၉။ ၄။ ပုဗ္ဗေနိဝါသဉာဏ် အာရုံ (၈)မျိုးကိုအာရုံပြုပုံ
စေတောပရိယဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်တို့ထူးခြားပုံ
၅။ ဒိဗ္ဗစက္ခုဉာဏ် အာရုံ (၄)မျိုးကိုအာရုံပြုပုံ -------- ၂၀၂
၁၉၀။ ၆။ ယထာကမ္မုပဂဉာဏ် အာရုံ (၅)မျိုးကိုအာရုံပြုပုံ
၇။ အနာဂတံသဉာဏ် အာရုံ (၈)မျိုးကိုအာရုံပြုပုံ
စေတောပရိယဉာဏ်နှင့်အနာဂတံသဉာဏ်ထူးခြားပုံ -------- ၂၀၃
၁၉၁။ အဘိညာဉ်နှင့်စပ်၍မှတ်သားဘွယ် -------- ၂၀၄
၁၉၂။ ပညာကထာ–ပညာကိုပြဆိုချက်
သညာ၊ ဝိညာဏ်၊ ပညာတို့၏အာရုံကိုသိပုံအထူး (၃)မျိုး -------- ၂၀၅
၁၉၃။ ပညာ၏လက္ခဏာဒိစတုက္က -------- ၂၀၆
၁၉၄။ ပညာအမျိုးမျိုး၊ နှစ်ပါးတွဲပညာ (၅)မျိုး၊ သုံးပါးတွဲပညာ (၄)မျိုး -------- ၂၀၇
၁၉၅။ ၄–ပါးတွဲပညာ ၂–မျိုး (ခ) စတုပဋိသမ္ဘိဒါဉာဏ် (၄)ပါး -------- ၂၀၉
၁၉၆။ အတ္ထဆိုသည်မှာ၊ ဓမ္မဆိုသည်မှာ၊ အတ္ထ/ဓမ္မပဋိသမ္ဘိဒါဉာဏ် -------- ၂၁၀
၁၉၇။ ပဋိသမ္ဘိဒါကိုသေက္ခဘုံ,အသေက္ခဘုံအားဖြင့်ခွဲခြင်း -------- ၂၁၁
၁၉၈။ ပဋိသမ္ဘိဒါဉာဏ်ထက်မြက်သန့်ရှင်းရန်အကြောင်း ၅–ပါး၊
ပဋိသမ္ဘိဒါဉာဏ်ရကြောင်း ၈–ပါး -------- ၂၁၂
၁၉၉။ ပညာ၏ ဘုံ–မူလ ကိုယ်ထည်တို့ကို ပိုင်းခြားချက် -------- ၂၁၃
၂၀၀။ ခန္ဓာအပြင်အာယတနဓာတ်တို့ဟောရပုံ၊ ပညာဘာဝနာအကျယ်ပြဆိုချက်
ရူပက္ခန္ဓာပြဆိုချက် -------- ၂၁၄

၂၀၁။ ဘူတရုပ် (၄)ပါး၊ ဥပါဒါရုပ် (၂၄)ပါး -------- ၂၁၅
၂၀၂။ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှာပသာဒရုပ် -------- ၂၁၆
၂၀၃။ ကာယပသာဒရုပ်၊ ကေစိနှင့်အပရေဝါဒတို့တွင်သင့်လျော်သောသာစကေ
မရှိ၍သဘာဝမကျကြောင်း -------- ၂၁၇
၂၀၄။ အသမ္ဘိန္နပသာဒနှင့်သမ္ဘိန္နပသာဒရုပ်အခွဲ
ပသာဒ (အကြည်ဓာတ်) ရုပ်ငါးမျိုးတို့၏အဓိပ္ပါယ် -------- ၂၁၉
၂၀၅။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်ပသာဒရုပ်၊ ကာယဝိညာဏ် ------ ၂၂၀
၂၀၆။ အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ ရသာရုံသည် -------- ၂၂၁
၂၀၇။ ဣတ္ထိဘာဝ၊ ပုရိသဘာဝသည်၊ ဋီကာ/အဋ္ဌကထာနည်း–လိင်္ဂစသည် -------- ၂၂၂
၂၀၈။ တစ်ကိုယ်လုံးနှံ့တည်သောရုပ်များ၊ ဇီဝိတိန္ဒြေသည်– -------- ၂၂၃
၂၀၉။ ဟဒယဝတ္ထုရုပ်သည်၊ ကာယဝိညတ် -------- ၂၂၄
၂၁၀။ ဝစီဝိညတ်၊ ဝစီဝိညတ်ဟူသည် -------- ၂၂၅
၂၁၁။ အာကာသဓာတ်သည်၊ လဟုတာရုပ်သည် -------- ၂၂၆
၂၁၂။ မုဒုတာရုပ်၊ ကမ္မညတာရုပ်သည်၊ လဟုတာစသောသုံးပါးတို့၏ထူးခြားမှု -------- ၂၂၇
၂၁၃။ ဥပစယရုပ်သည်၊ သန္တတိရုပ်သည်၊ ဥပစယ+သန္တတိခွဲ၍ဟောရခြင်း -------- ၂၂၈
၂၁၄။ ဇရတာရုပ်သည် -------- ၂၂၉
၂၁၅။ အနိစ္စတာရုပ်သည်၊ အာဟာရရုပ်သည် -------- ၂၃၀
၂၁၆။ ရုပ်အပြားကိုပြခြင်း၊ ရုပ် ၂၈–ပါးကိုတစ်မျိုး(တစ်စု)အားဖြင့်ဝေဖန်ခြင်း(၆)မျိုး ----- ၂၃၁
၂၁၇။ ရုပ် ၂၈–ပါးကို (၂)ပါးစုအားဖြင့်ဝေဖန်ခြင်း (ဒုက–၇–မျိုး) -------- ၂၃၂
၂၁၈။ ရုပ်(၂၈)ပါးကို(၃)ပါးစုအားဖြင့်ဝေဖန်ခြင်း(တိက–၅–မျိုး) -------- ၂၃၃
၂၁၉။ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်ခွဲပုံ -------- ၂၃၄
၂၂၀။ ရုပ်(၂၈)ပါးကို (၄)ပါးစုအားဖြင့်ဝေဖန်ပုံ (စတုက္က–၃မျိုး) -------- ၂၃၅
၂၂၁။ ရုပ်(၂၈)ပါးကို(၅)ပါးစုအားဖြင့်ဝေဖန်ပုံ(ပဉ္စက ၁–မျိုး)
ဥပစယနှင့်သန္တတိရုပ်တို့ ကံစသောအကြောင်းလေးပါးကြောင့်ဖြစ်သေးပုံ -------- ၂၃၆
၂၂၂။ ဝိညာဏက္ခန္ဓာပြဆိုချက်၊ နာမ်ခန္ဓာအစု (၄)ပါး– -------- ၂၃၇
၂၂၃။ ဝိညာဏ်ကို ဇာတိဘေဒစသည်အားဖြင့် ဝေဖန်ပုံ -------- ၂၃၈
၂၂၄။ မဟာကုသိုလ်စိတ်–၈–ပါးအသီးသီးဖြစ်ပေါ်ပုံ -------- ၂၃၉
၂၂၅။ လောဘမူစိတ် (၈)–ပါးဖြစ်ပေါ်ပုံ -------- ၂၄၀
၂၂၆။ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး -------- ၂၄၂
၂၂၇။ သဟိတ်ကုသလဝိပါက်စိတ်(မဟာဝိပါက်စိတ်–၈–ပါး) -------- ၂၄၄
၂၂၈။ အကုသလဝိပါက် (၇) (အဟိတ်သက်သက်) -------- ၂၄၅
၂၂၉။ စိတ် ၈၉–ပါး ဇာတိဘေဒ -------- ၂၄၇

၂၃၀။ ဇောစိတ်, တဒါရုံစိတ်တို့အကြောင်း -------- ၂၅၀
၂၃၁။ ဘဝင်စိတ်အကြောင်း -------- ၂၅၁
၂၃၂။ စုတိစိတ်အကြောင်း၊ ဝေဒနာက္ခန္ဓာပြဆိုချက် -------- ၂၅၂
၂၃၃။ သညာက္ခန္ဓာပြဆိုချက် -------- ၂၅၃
၂၃၄။ သင်္ခါရက္ခန္ဓာပြဆိုချက် -------- ၂၅၆
၂၃၅။ မဟာကုသိုလ် ပဌမစိတ်၌ သင်္ခါရတို့ကိုခွဲခြားပုံ -------- ၂၅၇
၂၃၆။ ကာမသောဘနစိတ် သင်္ဂဟနည်း ၁၂-နည်း -------- ၂၅၉
၂၃၇။ ဝီရိယဖြစ်ကြောင်း ဝီရိယာရမ္ဘဝတ္ထု ၈-မျိုး -------- ၂၆၁
၂၃၈။ မဟဂ္ဂုတ်စိတ်၌သင်္ဂဟနည်း ၅-နည်း -------- ၂၇၂
၂၃၉။ လောကုတ္တရာစိတ်၌သင်္ဂဟနည်း ၅-နည်း -------- ၂၇၃
၂၄၀။ အကုသိုလ်စိတ်၌သင်္ဂဟနည်း ၇-နည်း -------- ၂၇၄
၂၄၁။ အဟိတ်စိတ်သင်္ဂဟနည်း (၄)နည်း -------- ၂၈၂
၂၄၂။ အဗျာကတသင်္ခါရခွဲခြားပုံ -------- ၂၈၃
၂၄၃။ အတိတ်စသည်ဝေဖန်ပြောဆိုချက် -------- ၂၈၄
၂၄၄။ ဝေဒနာအကြမ်း အနုခွဲပုံ -------- ၂၈၈
၂၄၅။ ဝေဒနာအမျိုးမျိုးတို့၏ခံစားမှုအခြေအနေကိုထောက်ရှု၍
ဩဠာရိက/သုခုမခွဲခြင်း -------- ၂၈၉
၂၄၆။ ထောက်ဆယူပုံတစ်မျိုး၊ ဩကာသ (တည်ရာ)အားဖြင့်ခွဲပုံ၊
ဒူရ (အဝေး)+သန္တိက (အနီး)အားဖြင့်ခွဲပုံ -------- ၂၉၀
၂၄၇။ (က) အစဉ်အားဖြင့်ပြဆိုပုံ -------- ၂၉၁
၂၄၈။ ဟောစဉ်တစ်ခုသာသင့်ပုံကိုချဲပြခြင်း၊ ခန္ဓာငါးပါးဒေသနာစဉ်ဟောပုံ၊
(ခ) ထူးခြားခြင်းအားဖြင့်ဟောပုံ -------- ၂၉၂
၂၄၉။ (ဂ) မယုတ်မလွန်ခြင်းအားဖြင့်ဟောပုံ -------- ၂၉၃
၂၅၀။ (ဃ) ဥပမာအားဖြင့်(ဥပါဒါနက္ခန္ဓာ ၅-ပါးကိုပြဆိုခြင်း) -------- ၂၉၅
၂၅၁။ (င) နှစ်ပါးအပြားအားဖြင့်ရှုအပ်သောအခြင်းအရာဖြင့်ဟောပုံ
(စ) ဤသို့ရှုသူအား အကျိုးပြီးသောအားဖြင့်ဟောပုံ -------- ၂၉၆
၂၅၂။ အာယတနဝိဘင်္ဂပါဠိ-အာယတနတို့ကို အကျယ်ပြဆိုချက် -------- ၂၉၇
၂၅၃။ (က) အာယတန ၁၂-ပါးတို့၏တစ်ခုစီထူးသော သဒ္ဒါအနက်အဓိပ္ပါယ်များ၊
အာယတနပုဒ်၏ (သာမည)အဓိပ္ပါယ်များ -------- ၂၉၈
၂၅၄။ အာယတနပုဒ်၏အစိတ်.အစိတ်၊အစိတ်+အပေါင်းအဓိပ္ပါယ်များ -------- ၂၉၉
၂၅၅။ အာယတန ၁၂-ပါးကို-ဒွါရ+အာရုံအားဖြင့်ပိုင်းခြားပုံ -------- ၃၀၁
၂၅၆။ အာယတန ၁၂-ပါးအစဉ်ထားရပုံလက္ခဏာ -------- ၃၀၂

၂၅၇။ (င) အာယတန ၁၂–ပါးကိုအကျဉ်းအကျယ်အားဖြင့်ခွဲရာ၌–
(စ) ရှုအပ်သောအားဖြင့်အာယတန ၁၂–ပါးကိုရှုပုံရှုနည်း -------- ၃၀၃
၂၅၈။ ဓာတုဝိတ္ထာရကထာ–ဓာတ်တို့ကိုအကျယ်ပြဆိုချက် -------- ၃၀၄
၂၅၉။ ဓာတ်–၁၈–ပါးတို့၏သဒ္ဒါအနက်အဓိပ္ပါယ်များ
မထူးသော(အဝိသေသ)ဓာတု–ပုဒ်၏အနက်များ -------- ၃၀၅
၂၆၀။ (ဃ) တာဝတွတော =ထို ၁၈–ပါးမျှသာထားရခြင်း၊
၃၅–ပါးသောဓာတ်တို့ (၁၈)ပါး၌အတွင်းဝင်ပုံ -------- ၃၀၇
၂၆၁။ အသက်ကောင်ဇီဝကောင်မရှိကြောင်းကိုသိရပုံ–ဟောပြပုံ -------- ၃၀၉
၂၆၂။ (င) သင်္ခတတော= ခေါ်ဆိုရေတွက်ခြင်းတရားကိုယ်အရကောက်သဘောအားဖြင့်
(စ) ပစ္စယတော= ပဋ္ဌာန်းပစ္စည်းဖြင့်ကျေးဇူးပြုပုံအားဖြင့်(ပဋ္ဌာန်း၍) -------- ၃၁၀
၂၆၃။ (ဆ) ဒဋ္ဌဗ္ဗတော= ရှုပုံရှုနည်းအားဖြင့်ပြရာ၌– -------- ၃၁၁
၂၆၄။ ဓာတ် ၁၈–ပါးတို့မှအချို့ဓာတ်များကိုအသီးသီးဥပမာဖြင့်ရှုပုံ -------- ၃၁၂
၂၆၅။ ၁၆–ဣန္ဒြိယသစ္စနိဒ္ဒေသ ဣန္ဒြေသစ္စာတို့ကိုအကျယ်ပြချက်
အဆုံးလောကုတ္တရာဣန္ဒြေ (၃)ခု၏အနက်အဓိပ္ပါယ်– -------- ၃၁၄
၂၆၆။ ဣန္ဒြိယဋ္ဌ၏အဓိပ္ပါယ်များ -------- ၃၁၅
၂၆၇။ အသင့်ယုတ္တိအပြည့်အဝရှိသည့်ဣန္ဒြိယ(ဣန္ဒြေ)အဓိပ္ပါယ် နောက်တစ်နည်း
ကြီးမျူးအစိုးရပုံ -------- ၃၁၇
၂၆၈။ ဣန္ဒြေ ၂၂–ပါး အစဉ်ဟောပုံ -------- ၃၁၈
၂၆၉။ ဣန္ဒြေတို့ကို ကိစ္စအားဖြင့်ဝေဖန်ပုံ -------- ၃၁၉
၂၇၀။ ဣန္ဒြေ ၂၂–ပါးကိုဘုံအားဖြင့်ခွဲပုံ -------- ၃၂၀
၂၇၁။ သစ္စာတို့ကို အကျယ်ပြဆိုချက် -------- ၃၂၁
၂၇၂။ သစ္စာ (၄)ပါးကိုသစ္စာအနက် (၁၆)ချက်ဖြင့်လှည့်၍ဝေဖန်ပုံသိပုံလက်ာ -------- ၃၂၂
၂၇၃။ သစ္စာ (၄)ပါးတို့၏ လက္ခဏာဒိစတုက္က -------- ၃၂၉
၂၇၄။ တစ်နည်း–သစ္စာလေးပါး၏မှန်ပုံမှန်နည်း -------- ၃၃၁
၂၇၅။ သစ္စာ၏ ဖြစ်သင့်သမျှအနက်အဓိပ္ပါယ်ကိုထုတ်ပြခြင်း -------- ၃၃၂
၂၇၆။ သစ္စာကိုလေးပါးသာအယုတ်အလွန်မရှိ အမျိုးမျိုးသော
အမည်တို့ဖြင့်ဟောကြားခဲ့ပုံ -------- ၃၃၃
၂၇၇။ သစ္စာလေးပါးအစဉ်ဟောပုံ -------- ၃၃၄
၂၇၈။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာတို့ကိုအကျယ်ပြဆိုခြင်း -------- ၃၃၅
၂၇၉။ ဇာတိကိုအကျယ်ပြဆိုခြင်း၊ ဇာတိသဒ္ဒါဟောသော အဓိပ္ပါယ်အနက်များ -------- ၃၃၆
၂၈၀။ ဒုက္ခ (၇)မျိုးနှင့် အဓိပ္ပါယ် -------- ၃၃၇
၂၈၁။ ဇာတိကိုဆင်းရဲဟုခေါ်ဆိုရခြင်းအကြောင်းများ -------- ၃၃၈

၂၈၂။ ဇရာကိုအကျယ်ပြဆိုချက် -------- ၃၄၁
၂၈၃။ မရဏကိုအကျယ်ပြဆိုချက် -------- ၃၄၂
၂၈၄။ သောကစသည်ကိုအကျယ်ပြဆိုချက် -------- ၃၄၃
၂၈၅။ ပရိဒေဝ၌အဆုံးအဖြတ် -------- ၃၄၄
၂၈၆။ ဒုက္ခ/ဒေါမနဿတို့၌ အဆုံးအဖြတ် -------- ၃၄၅
၂၈၇။ ဥပါယာသ၌ အဆုံးအဖြတ် -------- ၃၄၆
၂၈၈။ အပ္ပိယသမ္ပယောဂ/ပိယဝိပ္ပယောဂတို့၌အဆုံးအဖြတ် -------- ၃၄၇
၂၈၉။ ဣစ္ဆိတာလာဘ၌ အဆုံးအဖြတ် -------- ၃၄၈
၂၉၀။ ပဉ္စုပါဒါနက္ခန္ဓာတို့၌အဆုံးအဖြတ် -------- ၃၄၉
၂၉၁။ သမုဒယကိုအကျယ်ပြဆိုချက် -------- ၃၅၀
၂၉၂။ နိရောဓကိုအကျယ်ပြဆိုချက် -------- ၃၅၁
၂၉၃။ ဝိရာဂ၏အနက်အဓိပ္ပါယ်အရကေါက်နှစ်မျိုးဖော်ပြပုံ -------- ၃၅၂
၂၉၄။ နိဗ္ဗာန်၏ လက္ခဏာဒိစတုက္က -------- ၃၅၃
၂၉၅။ နိဗ္ဗာန်ကိုပြဆိုချက် -------- ၃၅၄
၂၉၆။ နိဗ္ဗာန်ကိုခယ (ကုန်ခြင်း)ဟုဟောရခြင်းအကြောင်း -------- ၃၅၇
၂၉၇။ အရဟတ္တမဂ်/အရဟတ္တဖိုလ်တို့၏ခယမည်ပုံ -------- ၃၆၀
၂၉၈။ သဥပါဒိသေသနိဗ္ဗာန်နှင့်အနုပါဒိသေသနိဗ္ဗာန် -------- ၃၆၅
၂၉၉။ မဂ်ကိုအကျယ်ပြဆိုချက် -------- ၃၆၆
၃၀၀။ လောကီသစ္စာဉာဏ်လေးပါး -------- ၃၆၉
၃၀၁။ သစ္စာလေးပါးတို့၌ အတွင်းဝင်သောတရားတို့၏ကွဲပြားမှု -------- ၃၇၁
၃၀၂။ သစ္စာလေးပါးတို့ကို ဥပမာအားဖြင့်ပြပုံ
သစ္စာလေးပါးတို့ကို လေးချက်စု (စတုက္က)-စက်လှည့်ပုံ -------- ၃၇၂
၃၀၃။ ကေဝိဓ= တစ်ပါးနှစ်ပါးစသောအပြားအားဖြင့်ဝေဖန်ပုံ -------- ၃၇၅
၃၀၄။ မဂ္ဂင် ၈-ပါးတို့ကို သိက္ခာသုံးပါးဖြင့် ဝေဖန်ခြင်း -------- ၃၇၆
၃၀၅။ တူသောအဖို့ရှိခြင်း, ကွဲပြားသောအဖို့ရှိခြင်းအားဖြင့်ဆိုသည်မှာ- -------- ၃၇၈
၃၀၆။ သစ္စာလေးပါးတို့ တူညီပုံ ကွဲပြားပုံ -------- ၃၇၉
၃၀၇။ မေးခွန်းဟောင်းနှင့်အဖြေအညွှန်းများ နောက်ဆုံးနှစ်အထိပါဝင်သည်။

**ဝိသုဒ္ဓိမဂ် (ဒုတိယဆင့်) ပြီး၏။**

## "ဝိသုဒ္ဓိမဂ် (ဒုတိယဆင့်) စာအုပ်ရိုက်ရန် လှူဒါန်းသူများ"

၁။ ဦးလှကြည်+ဒေါ်ဖြူဖြူလွင် မိသားစု စိုက်ပျိုးရေးဝင်း၊ အင်းစိန် ----- ၃-သိန်း

၂။ ဦးမြသန်း+ဒေါ်နီနီထွေး မိသားစု ----- ၁-သိန်း

၃။ ဦးကျော်ဆွေ+ဒေါ်သင်းသင်းနိုင် မိသားစု ----- ၁-သိန်း

သမီး **MAKI** (မသင်းစန္ဒာဆွေ) ၁၁၁-အနောက်မြင်းပြိုင်ကွင်းလမ်း

၄။ ဗိုလ်မှူးတင်မြင့် (ငြိမ်း)+ဒေါ်မြင့်မြင့်စိုး သမီး-**Dr**-တင်တင်ထားမြင့် + ----- ၁-သိန်း

**Erie Calvayrac** သား-မောင်ရန်နိုင်စိုးမြင့်၊

မြေး-လီလီ **Calvayrac** ရွှေပုန်းညက်ရိပ်မွန်

၅။ ဒေါက်တာဝင်းဝင်းမြင့် ----- ၁-သိန်း

၆။ ဗိုလ်မှူးကြီးဝမ်းမောင် (ငြိမ်း)+ ဒေါ်ညွှန့်ညွှန့်စိန် ----- ၅-သောင်း

ဒုဗိုလ်မှူးကြီး ခင်မောင်ဝင်း (ငြိမ်း)+ဒေါ်ခင်နွယ်ပူး မိသားစု

၇။ ဒေါက်တာသန်းထွဋ်+ဒေါက်တာတင်တင်အောင် မိသားစု ----- ၅-သောင်း

(မေတ္တာအောင်သွားဆေးခန်း)

၈။ ဗိုလ်မှူးချုပ်ခင်မောင်အေး (ငြိမ်း)+ဒေါ်ခင်ဝင်းအေး ----- ၅-သောင်း

သမီး-မခိုင်စပယ်အေး မိသားစု၊ ရွှေပြည်သာ။

၉။ ဦးဝင်းနိုင်+ဒေါ်ကြည်ကြည်ညွှန့်မိသားစု ----- ၅-သောင်း

အမှတ်-၂၉၁၊ ၃၇-ရပ်ကွက်၊ စိန္တာမဏိလမ်း-မ/ဒဂုံ

၁၀။ မခိုင်စပယ်အေး၊ နေလင်းထက်၊ ထက်မြက်အောင် ----- ၃-သောင်း

မောင်နှမတစ်စု၊ ရွှေပြည်သာ

၁၁။ ဒေါက်တာစီစီဦး ----- ၁-သောင်း

၁၂။ မလှလှထိုက် ----- ၁-သောင်း

၁၃။ ဦးထွန်းအောင်+ဒေါ်ရှိန်မိသားစု၊ ညောင်လေးပင် ----- ၁-သောင်း

၁၄။ ဦးခင်မောင်ဦး+ဒေါ်တင်တင်မြင့်၊ ရွှေပြည်သာ ----- ၁-သောင်း

၁၅။ မိခင်ကြီး-ဒေါ်ခင်ရီနှင့် သား-ရဲလင်းအောင်၊ ----- ၁-သောင်း

သမီး-စုမြတ်ဝင်းမိသားစု၊ ရွှေပြည်သာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိသုဒ္ဓိမဂ် ဒုတိယဆောင်

## (၉) ဗြဟ္မဝိဟာရနိဒ္ဒေသ ဗြဟ္မဝိဟာရကို အကျယ်ပြဆိုချက်

### ဗြဟ္မဝိဟာရတရားလေးပါး

ဗြဟ္မဝိဟာရတရားတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ လေးပါးရှိသည်။

### ၁။ မေတ္တာပွားပုံအဖွင့်

### မေတ္တာမည်ပုံ

အကျိုးစီးပွားကို ပြုလိုသောအားဖြင့် (ဝါ) ချမ်းသာစေလိုသော အားဖြင့် ချစ်တတ်သောကြောင့် မေတ္တာမည်၏။

မေတ္တာဟူသော ပါဠိကို ရှေးဆရာတို့က ချစ်ခြင်းဟူ၍ မြန်မာပြန်ကြ၏။ ပေမဟူသော ပါဠိကိုလည်း ချစ်ခြင်းဟူ၍ပင် ဘာသာပြန်ကြ၏။ မေတ္တာ၏ချစ်ခြင်းကား- ဝိသေသဖြစ်၍ ပေမ၏ချစ်ခြင်းကား- သာမညဖြစ်၏။

ပေမ၏ချစ်ခြင်းကို (၃)မျိုး ခွဲခြားနိုင်၏။

၁။ တဏှာပေမ = မိန်းမနှင့် ယောကျ်ားအချင်းချင်း တဏှာလောဘ၏အစွမ်းဖြင့် ချစ်ကြိုက်ကြခြင်းတဏှာရာဂ (ဆားငံရေနှင့်တူ၏)

၂။ ဂေဟသိတပေမ = မိသားစုအချစ်လောဘ (မြစ်ရေနှင့်တူ၏)

၃။ မေတ္တာပေမ=သတ္တဝါအားလုံးအပေါ် မခွဲခြားဘဲ အကျိုးစီးပွားဖြစ်ထွန်းမှုကိုလိုလားသော, တဏှာပေမ ဂေဟသိတပေမ မရောသော စင်ကြယ်မွန်မြတ်သည့်အချစ် အဒေါသ (ကျောက်စက်ရေနှင့်တူ၏)

မေတ္တာသည် ပရမတ္ထဓမ္မတရားကိုယ်အားဖြင့် အဒေါသစေတသိက်၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်၏၊ (ဒါနမှု၊ သီလမှု စသည်၌လည်း အဒေါသစေတသိက် ပါဝင်ရ၏၊ ၎င်းတို့ကို မေတ္တာဟု မခေါ်ရ)

အဒေါသဖြစ်တိုင်း မေတ္တာဟု မခေါ်ရပေ၊ သတ္တဝါပညတ်ကို အာရုံပြုကာ- ချမ်းသာပါစေ စသည်ဖြင့် သတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားသော အခြင်းအရာဖြင့် အဒေါသစေတသိက်ဖြစ်မှသာ- ထိုအဒေါသစေတသိက်ကို မေတ္တာဟု ခေါ်ရသည်။

### မေတ္တာပွားရာ၌ သိမှတ်ဘွယ်

ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် မေတ္တာကို ပွားလိုသော အားထုတ်ခါစ ယောဂီပုဂ္ဂိုလ်သည် ပလိဗောဓ ကြီး,ငယ်,တို့ကိုဖြတ်၍ ဆရာ့ထံမှ ကမ္မဋ္ဌာန်းကို သင်ယူခဲ့ပြီးလျှင် ဆွမ်းစား

ခြင်းကိစ္စပြုပြီးသောအခါ ဆွမ်းဆီယစ်ခြင်း, အိပ်စက်လဲလျောင်းခြင်းကို မပြုဘဲ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်လျက် နေရာထိုင်ခင်းများ သင့်တင့်လျောက်ပတ်စွာ စီမံ၍ ထိုနေရာ၌ ချမ်းသာစွာ ထိုင်ပြီးလျှင် ဘာဝနာမပွားမီ ရှေးဦးစွာ ဒေါသ၏အပြစ်နှင့်သည်းခံခြင်း ခန္တီ၏ အကျိုးအာနိသင်များကို ဆင်ခြင်နှလုံးသွင်းအပ်၏။

အဘယ့်ကြောင့်ဆိုသော် မေတ္တာဘာဝနာဖြင့် ဒေါသကိုပယ်အပ်၊ သည်းခံခြင်း= ခန္တီကို ရယူအပ်သောကြောင့်ဖြစ်ပေသည်။ သို့သော် **အပြစ်မမြင်ရသေးသည့်** တစ်စုံတစ်ခုသော တရားကို **ပယ်ဖျောက်ရန်မစွမ်းနိုင်သကဲ့သို့ အကျိုးအာနိသင်ကိုမသိရသေးသည့်** တစ်စုံတခုသောတရားကို **ရယူရန်လည်းမစွမ်းနိုင်ချေ**၊ ထို့ကြောင့် ဒေါသ၏ အပြစ်နှင့် သီးခံခြင်း ခန္တီ၏ အကျိုးအာနိသင်ကို ဆင်ခြင်အပ်ပေသည်။

## ဒေါသ၏အပြစ်ကိုဆင်ခြင်ပုံ

ဒေါသသည် အကျိုးအကြောင်းမကြည့်၊ ဆိုးကောင်းမသိ၊ မှောင်အတိကျ၏၊ နောင် အဖန်ဖန်ရှက်စရာကို ပြောဝံ့အောင်၊ ပြုဝံ့အောင် ယုတ်မာသူနှင့် ယုတ်မာချင်း ပြိုင်ဝံ့အောင် စေခိုင်း၏၊ အကျိုးဖယ်၍ အပြစ်ကိုယူ၏၊ ကျက်သရေမင်္ဂလာမရှိ၊ ဒေါသနှိပ်စက် ဖျက်ဆီး လွှမ်းမိုးခံရသောသူသည် သတ္တဝါကိုလည်း သတ်၏၊ ဒေါသသည် သတ္တဝါများကို ဒုဂ္ဂတိဘဝ တို့သို့လည်း ရောက်စေတတ်၏ စသည်ဖြင့် ဒေါသ၏ အပြစ်ကို အဖန်ဖန်ရှုအပ်၏။

## သည်းခံခြင်း (ခန္တီ)၏အကျိုးအာနိသင်ကို ဆင်ခြင်ပုံ

သည်းခံခြင်း (ခန္တီ)သည် ကျိုးကြောင်းကြည့်၏၊ ဆိုးကောင်းသိ၏၊ မှောင်အတိမကျ၊ ရှက်စရာကို မပြောမိ မပြုမိအောင် စောင့်စည်း၏၊ ယုတ်မာချင်းမပြိုင်ခိုင်း၊ နောင်အဖန်ဖန် ဝမ်းမြောက်စရာကိုသာ ပြောခိုင်းပြုခိုင်း၏၊ အပြစ်ကိုပယ်၍ အကျိုးကိုယူ၏ သမ္မာပဋိပတ် အကြောင်းရင်း၌တည်စေ၏၊ ကျက်သရေမင်္ဂလာရှိ၏။

သည်းခံခြင်း (ခန္တီ)သည် အမြတ်ဆုံးအကျင့်ပေတည်း။ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ မိန့်ဆိုကြသည်၊ သည်းခံခြင်းသည်ခွန်အားဖြစ်၏၊ ထိုသည်းခံခြင်းခွန်အား စစ်တပ်ရှိသောပုဂ္ဂိုလ်ကို မကောင်းမှုကိုအပပြုပြီးသော ဗြဟ္မဏ(သူမြတ်)ဟူ၍ ဟောတော် မူခဲ့သည်၊ သည်းခံခြင်းထက်သာလွန်သော အကျိုးစီးပွားမရှိပေ၊ ဤသို့ အစရှိသည်ဖြင့် သည်းခံခြင်း (ခန္တီ)၏ အကျိုးအာနိသင်ကို အဖန်ဖန်နှလုံးသွင်း ဆင်ခြင်အပ်၏။

ဆိုခဲ့သည့်အတိုင်း အပြစ်မြင်အပ်ပြီးသော ဒေါသမှ စိတ်ကို ခွဲခွါခြင်း အကျိုးငှာ၊ အကျိုးအာနိသင်ကို သိပြီးသော သည်းခံခြင်း (ခန္တီ)နှင့် စိတ်ကို ယှဉ်စေခြင်းငှါ မေတ္တာ ဘာဝနာကို အားထုတ်အပ်၏၊ မေတ္တာဘာဝနာပွားများရာ၌လည်း---

**ရှေးဦးစွာ** မေတ္တာမပွားသင့်**သူလေးယောက်**၊ **သီးသန့်**အပိုင်းအခြားအားဖြင့် မေတ္တာမပွားသင့်သူ**တစ်ယောက်**၊ လုံးလုံးမေတ္တာမပွားသင့်သူ**တစ်ယောက်**ဟူ၍ ပုဂ္ဂိုလ် (၆) ယောက်ကိုလည်း သိထားသင့်ပေသည်။

## ရှေးဦးစွာမေတ္တာမပွားသင့်သူ (၄)ယောက်

၁။ အပ္ပိယပုဂ္ဂလ၊ မချစ်ခင်မနှစ်သက်အပ်သော ပုဂ္ဂိုလ်(ဝါ) မုန်းအပ်သော ပုဂ္ဂိုလ်
၂။ အတိပ္ပိယ သဟာယက **အလွန်ချစ်ခင်အပ်သော** သားမယား
၃။ မဇ္ဈတ္တပုဂ္ဂလ မချစ်မမုန်း**အလယ်အလတ်**ပုဂ္ဂိုလ်
၄။ ဝေရီပုဂ္ဂလ **ရန်သူ**ပုဂ္ဂိုလ်

**အကြောင်းပြစကား-**

၁။ မချစ်အပ်သူ၊ မုန်းသူ၌ မေတ္တာစ၍မပွားသင့်၊ ပွားလျှင် ဒေါသဖြစ်လာတတ်၍ မေတ္တာဖြစ်ရန် ခက်ခဲ၏။
၂။ အလွန်ချစ်သူ၌ တဏှာပေမရှိနေရာ ထိုသူ၏ သုခ၊ ဒုက္ခအတွက် သောကစသည်ဖြစ်လာတတ်၍ မေတ္တာပွားရေး မလွယ်ကူ ပင်ပန်းလှ၏။
၃။ မချစ်မမုန်း အလယ်အလတ်စားပုဂ္ဂိုလ်၌ မိမိကချစ်မြတ်နိုးမှု မရှိသောကြောင့် ချစ်မြတ်နိုးသူ အရာ၌ထားရန် ခက်ခဲ ပင်ပန်း၏။
၄။ ရန်သူ၌ကား- ဒေါသဖြစ်လာမည်ဖြစ်၍ စတင်ပွားများရန် သာ၍မလွယ်ကူသည်သာ၊ ထို့ကြောင့် ထိုပုဂ္ဂိုလ် (၄)မျိုးတို့၌ ရှေးဦးစွာ မေတ္တာ မပွားသင့်ပေ။

## သီးသန့်ပိုင်းခြား၍ မေတ္တာမပွားသင့်သူ

သီးသန့်အပိုင်းအခြားအားဖြင့် မေတ္တာမပွားသင့်သူမှာ- လိင်အသွင်ကွဲပြားသော ပုဂ္ဂိုလ်ဖြစ်ပေသည်၊ ဥပမာ- ယောကျ်ားသည် မိန်းမကို၊ မိန်းမသည် ယောကျ်ားကို သီးသန့်ပိုင်းခြား၍ (ထိုသူတစ်ဦးတည်းကိုသာ အာရုံပြု၍) မေတ္တာမပွားသင့်ပေ၊ အကြောင်းမှာ- တဏှာရာဂ ဖြစ်တတ်သောကြောင့်ပေတည်း။

**သာဓကဝတ္ထုမှာ**- အမတ်၏သားတစ်ယောက်သည် ဆွမ်းခံကြွလာနေကျ မထေရ်ကို "အရှင်ဘုရား အဘယ်ပုဂ္ဂိုလ်အား မေတ္တာကို ပွားစေအပ်ပါသနည်း"ဟု မေးလျှောက်ရာ မထေရ်က "ချစ်သည့်ပုဂ္ဂိုလ်အား မေတ္တာကို ပွားစေအပ်ပါသည်"ဟု ဖြေကြား၏။ ထို**အမတ်၏သားသည်လည်း** အချစ်ဆုံးဖြစ်သော **မိမိမယား၌** သီးသန့်ပိုင်းခြား၍ မေတ္တာပွားသောကြောင့် တစ်ညဉ့်လုံး မယားရှိရာသို့သွားရန် အားထုတ်ရာ **နံရံနှင့်တိုးဝှေ့တိုက်ခိုက်မိခြင်း**ဖြစ်လေ၏။ ထို့ကြောင့် လိင်အသွင်ကွဲပြားသောပုဂ္ဂိုလ်၌ သီးသန့်ပိုင်းခြား၍ (ထိုသူတစ်ဦးတည်းကိုသာ အာရုံပြု၍) မေတ္တာမပွားသင့်ပေ။

## လုံးလုံးမေတ္တာ မပွားသင့်သူ

လုံးလုံးမေတ္တာမပွားသင့်သူမှာ- သေလေသောသူဖြစ်လေသည်၊ အကြောင်းမှာ- သေဆုံးသောပုဂ္ဂိုလ်သည် မေတ္တာ၏ အာရုံမဟုတ်ပေ၊ သေသူကိုအာရုံပြု၍ မေတ္တာပွားများပါက ဥပစာရစျာန် အပ္ပနာစျာန်သို့ မရောက်ရှိနိုင်၊ ဥပစာရစျာန်အပ္ပနာစျာန်များ မရရှိနိုင်ပေ။

**သာဓကဝတ္ထုမှာ**- မေတ္တာစျာန်သမာပတ် ကျွမ်းကျင်သော ရဟန်းငယ်တစ်ပါး ဆရာကို အာရုံပြု၍ မေတ္တာဘာဝနာပွားများအားထုတ်ရာ- မေတ္တာမဖြစ်ဘဲရှိလေသောကြောင့် မထေရ်

ကြီးတစ်ပါးထံ "အရှင်ဘုရား တပည့်တော် မေတ္တာစျာန်သမာပတ် ကျေပွန်ပါ၏၊ သို့သော် ထိုသမာပတ် ယခုဝင်စား၍မရဖြစ်နေပါသည်၊ အဘယ့်ကြောင့်ပါနည်း ဘုရား"ဟု မေးမြန်း လျှောက်ထားရာ- မထေရ်ကြီးက **"ငါ့ရှင်-အာရုံနိမိတ် ဖြစ်သူကိုရှာကြည့်ပါလေ"**ဟု မိန့်ကြားသောကြောင့် ထိုရဟန်းငယ်သည် မိမိအာရုံပြုမေတ္တာပွားသည့် အာရုံနိမိတ်ကိုရှာ ကြည့်လတ်သော် **ဆရာ၏ကွယ်လွန်လေသည်၏အဖြစ်ကိုသိရ၍** အခြားပုဂ္ဂိုလ်ကို အာရုံ ပြုလျက် မေတ္တာဘာဝနာပွားများရာ သမာပတ်သို့ ရောက်ရှိလေ၏၊ ထို့ကြောင့် သေဆုံးသူ၌ မေတ္တာမပွားသင့်ပေ။

*(လင်္ကာ) မုန်းထားသသူ၊ လွန်ချစ်သူနှင့်၊ လယ်လူတစ်ဖြာ၊ ရန်သူမှာ- မေတ္တာမစလင့်။*
*လိင်မတူရာ၊ သေသူမှာ- မေတ္တာမပွားနှင့်။*

## မေတ္တာပွားပုံအစဉ်

*(လင်္ကာ) မိမိစမှတ်၊ လေးမြတ်ကြည်ညို၊ ပို၍ချစ်သူ၊ လယ်လတ်လူနှင့်၊ ရန်သူ*
*တစ်ဖြာ၊ ပွားများပါ၊ မေတ္တာစဉ်တိုင်းသင့်။ **(သပြေကန်ပရိတ်ကြီးနိဿယ)***

## မေတ္တာဘာဝနာပွားပုံ

မေတ္တာဘာဝနာပွားများသူသည် အလုံးစုံသောသူတို့၏ ရှေးဦးစွာ "အဟံ သုခိတော ဟောမိ= ငါသည်ချမ်းသာလို၏၊ နိဒ္ဒုက္ခော ဟောမိ= ဆင်းရဲကင်းလို၏" ငါချမ်းသာရပါစေ၊ ဆင်းရဲကင်းပါစေဟူ၍သော်လည်းကောင်း-

၁။ အဟံ အဝေရောဟောမိ= ငါသည် ရန်ကင်းသည်ဖြစ်လို၏။ (ရန်ကင်းရပါစေ)

၂။ အဗျာပဇ္ဈောဟောမိ= ငါသည် စိတ်ဆင်းရဲခြင်းကင်းသည်ဖြစ်လို၏။ (စိတ်ဆင်းရဲခြင်းကင်း ရပါစေ)

၃။ အနီဃောဟောမိ= ငါသည် ကိုယ်ဆင်းရဲခြင်းကင်းသည် ဖြစ်လို၏။ (ကိုယ်ဆင်းရဲခြင်း ကင်းရပါစေ)

၄။ သုခီ အတ္တာနံ ပရိဟရာမိ= ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ရပါစေ၊ ဟူ၍သော် လည်းကောင်း မိမိ၌သာလျှင် အဖန်ဖန် မေတ္တာပွားအပ်၏။

*(လင်္ကာ) ပွားဟန်မေတ္တာ၊ အခြင်းရာကား၊ ကျမ်းလာအရှိ၊ သင်၍သိသို့၊ မိမိကိုယ်က*
*ဦးစွာစ၍၊ ပိယ+မဇ္ဈ၊ ဝေရီကျအောင်၊ တစ,တစ၊ သုံးဝပုဂ္ဂိုလ်၊ သမကြိုလျက်၊*
*ကိုယ်နှင့်အတူ၊ အမျှမူ၏။*
*ချစ်သူဟူလည်း၊ လိင်ဗျည်းဝိသဘာ၊ မတူစွာငြား၊ ကိုယ့်မယားနှင့်၊*
*တစ်ပါးပြင်ပ၊ ဣတ္ထိယ၌၊ ရာဂစပ်လွယ်၊ မသပွါယ်ကြောင့်၊ ပယ်ခဲ့မယူ၊*
*ထားလျစ်လျူ၏။ (မယဒေဝ)*

## စောဒနာချက်

ဤသို့ဖြစ်ပါမူ အဘိဓမ္မာဝိဘင်းပါဠိတော်၌- ချစ်အပ် မြတ်နိုးအပ်သောပုဂ္ဂိုလ်

တစ်ယောက် ကိုမြင်သောအခါ မေတ္တာပွားရာကဲ့သို့ ထို့အတူ အားလုံးသော သတ္တဝါများပေါ်၌ မေတ္တာဖြင့် ဖြန့်၍နေရမည်၊ (မေတ္တာထားရမည်)ဟု ဟောတော်မူသော စကား-

**ပဋိသမ္ဘိဒါမဂ်၌** သဗ္ဗေသတ္တာ(သတ္တဝါအားလုံး)-အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ သဗ္ဗေပါဏာ(အသက်ရှုသူအားလုံး)- သဗ္ဗေဘူတာ (ကိုယ်ထင်ရှားရှိသူအားလုံး)- သဗ္ဗေပုဂ္ဂလာ (ပုဂ္ဂိုလ်အားလုံး)- သဗ္ဗေအတ္တဘာဝပရိယာပန္နာ (အတ္တဘော၌ အကျုံးဝင်သူအားလုံး)- အဝေရာ၊ အဗျာပဇ္ဈာ၊ အနီဃာ၊ သုခီအတ္တာနံ ပရိ ဟရန္တု၊ သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ စသည်ဖြင့် ဟောတော်မူသောစကား။

**ခုဒ္ဒကနိကာယ်မေတ္တသုတ်ဒေသနာ၌**- သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ သတ္တဝါအားလုံး ချမ်းသာနှင့် ပြည့်စုံကြပါစေ၊ ဘေးရန်ငြိမ်းကြပါစေ၊ ချမ်းသာနှင့်ပြည့်စုံသော ကိုယ်စိတ်ရှိကြပါစေ၊ စသည်ဖြင့် ဟောတော်မူသော စကားတို့နှင့် ဆန့်ကျင်နေသည်မဟုတ်ပါလော? ထိုဒေသနာတော်တို့ဝယ် မိမိကိုယ်၌ မေတ္တာပွားစေမှုကို မဟောကြားခဲ့သည် မဟုတ်ပါလောဟု အကယ်၍ စောဒနာငြားအံ့။

## မဆန့်ကျင်ခြင်းအကြောင်း

ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုသော စကားနှင့် အထက်ပါ ဒေသနာသုံးရပ်တို့၌ ဟောတော်မူသော စကားများ မဆန့်ကျင်ပါ ဟု ဖြေရပေမည်။ အဘယ့်ကြောင့်ဆိုသော် **ဒေသနာသုံးရပ်တို့၌ ဟောတော်မူသော စကားများကို အပ္ပနာဈာန်ကိုဆောင်တတ်သော ဘာဝနာအလိုအားဖြင့်** ဟောတော်မူခြင်းဖြစ်၍ငှင်း၊ ဤဝိသုဒ္ဓိမဂ်၌ပြသော မိမိ၌မေတ္တာပွားပုံစကားကိုသက်သေ **အဖြစ် အလိုအားဖြင့်** ဆိုခြင်းဖြစ်သောကြောင့်ငှင်း ဖြစ်ပေသည်။

ငါသည် ချမ်းသာရပါလို၏၊ ငါချမ်းသာရပါစေ၊ ဘေးရန်ကင်းရပါစေ စသည်ဖြင့် မိမိ၌ အနှစ်တစ်ရာ, တစ်ထောင်တို့ကာလပတ်လုံး မေတ္တာပွားသော်လည်း၊ အပ္ပနာဈာန် မဖြစ်ပေ၊ ထိုသို့ အပ္ပနာဈာန်မဖြစ်စေကာမူ၊ ငါချမ်းသာရပါစေ၊ ဘေးရန်ကင်းပါစေ စသည်ဖြင့် မေတ္တာပွားသူအား ငါချမ်းသာချင်သလို မဆင်းရဲချင်သလို အသက်ရှည်ချင် မသေချင်သလို အခြားသောသတ္တဝါများလည်း ချမ်းသာလို ဆင်းရဲကင်းလို အသက်ရှည်လို မသေလို ရှိကြ ပေလိမ့်မည်ဟု မိမိကိုယ်ကိုသက်သေထား၍ (ကိုယ်ချင်းစာတရားထား၍) အခြားသော **သတ္တဝါများအပေါ်၌ အကျိုးလိုလားမှု ချမ်းသာလိုလားမှု ဖြစ်ပေါ်တတ်၏။**

မြတ်စွာဘုရားရှင်ဟောကြားချက်-

အရပ်မျက်နှာ အလုံးစုံသို့ စိတ်ဖြင့်ရှာကြည့်သော် မိမိကိုယ်ထက် ပို၍ချစ်ရမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ တွေ့မြင်ရမည် မဟုတ်ချေ၊ မိမိမှတစ်ပါးသော အခြားသူတို့သည် လည်း အသီးအသီးသော သူတို့၏ကိုယ်ကို ဤအတူပင် ချစ်ကြပေသည်၊ ထို့ကြောင့် မိမိ စီးပွားချမ်းသာကို အလိုရှိသူသည် သူတစ်ပါးကို မညှဉ်းဆဲအပ်ပေဟု ဟောတော်မူလျက် မိမိကိုယ်ကို သက်သေပြု၍ မေတ္တာပွားသော ဤနည်းကို ပြတော်မူခဲ့သည်။

ထို့ကြောင့် မိမိကိုယ်ကို မေတ္တာပွားခြင်းဖြင့် ဈာန်မရနိုင်သော်လည်း သက်သေအဖြစ်ထားရန် (ကိုယ်ချင်းစာတရားထားရှိနိုင်ရန်) ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပွားရခြင်းဖြစ်ပေသည်။

## မိမိပြီးလျှင် ဆက်ပွားရမည့်သူများ

ထို့နောက် မေတ္တာပွားရန် လွယ်ကူစေခြင်းငှာ- မိမိချစ်ခင်လေးစားအပ်သောဆရာ၊ ဆရာနှင့်တူသူ၊ ဥပဇ္ဈာယ်၊ ဥပဇ္ဈာယ်နှင့်တူသူ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပေးကမ်းချီးမြှင့်မှု၊ ချစ်ဖွယ်စကားကို ပြောဆိုမှု၊ သီလဂုဏ်၊ သုတဂုဏ်စသော ချစ်ခင်လေးစားကြည်ညိုဖွယ်ဂုဏ်များကို အောင့်မေ့ဆင်ခြင်၍ "ဤသူတော်ကောင်းပုဂ္ဂိုလ် ချမ်းသာနှင့်ပြည့်စုံပါစေ၊ ဆင်းရဲမျိုးစုံကင်းဝေးပါစေ၊ ဘေးရန်မျိုးစုံကင်းဝေးပါစေ စသည်ဖြင့် မေတ္တာပွားအပ်ပေသည်။

ဤသို့ ဆရာ, ဥပဇ္ဈာယ်စသောပုဂ္ဂိုလ်၌ မေတ္တာပွားများပါမူ အပ္ပနာဈာန်ရနိုင်ပေ၏။ ထိုသို့ရသော်လည်း ဤမျှဖြင့်မရောင့်ရဲမူ၍ **သီမာသမ္ဘေဒခေါ်** နယ်ပယ်ပျက်ခြင်း (ပုဂ္ဂိုလ်အထူးအပြားမရှိ တစ်သားတည်းဖြစ်ခြင်း)ကို ပြုလိုပါမူ အလွန်ချစ်အပ်သောသူ၌၊ စိတ်ကိုနူးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်းသန်စွမ်းအောင် စိတ်ကိုဆောင်ပို့၍ မေတ္တာပွားအပ်၏၊ ထို့နောင် အလယ်အလတ်ပုဂ္ဂိုလ်၌ ထို့နောင် ရန်သူရှိမူ ရန်သူပုဂ္ဂိုလ်၌ ရှေးနည်းတူ မေတ္တာပွားအပ်၏။

အချို့ပုဂ္ဂိုလ်များ၌ ရန်သူမရှိပေ ခွင့်လွှတ်တတ်သောစိတ်ထား, မြင့်မြတ်သောစိတ်နှလုံးရှိသူတို့သည် မိမိ၌ အကျိုးမဲ့ပြုသော်လည်း ထိုသူများအပေါ်၌ ရန်သူဟု အမှတ်ထားခြင်းမရှိ ထိုပုဂ္ဂိုလ်တို့အတွက်ကား- ရန်သူ၌ မေတ္တာပွားခြင်းငှာ- ကြောင့်ကြစိုက်ရန်မလို တော့ပေ။ အလယ်အလတ်ပုဂ္ဂိုလ်၌ မေတ္တာဘာဝနာကျေပွန်စွာပွားပြီးနောက် ရန်သူပုဂ္ဂိုလ်၌ မေတ္တာပွားအပ်၏ဟူသောစကားမှာ ရန်သူရှိသောသူကို ရည်ရွယ်၍ဆိုသောစကားဖြစ်ပေသည်။

ရန်သူရှိ၍ ရန်သူပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ဆောင်ပို့သူအား ရန်သူကပြုထားဖူးသော ပြစ်မှားမှုကို အောင့်မေ့ဆင်ခြင်မိသဖြင့် အကယ်၍ အမျက်ဒေါသဖြစ်ပေါ်ခဲ့သော် ချစ်အပ်အလေးပြုအပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်ဟူသော ရှေးပုဂ္ဂိုလ်သုံးဦးတို့တွင် တစ်ဦးဦး၌ အဖန်ဖန် မေတ္တာဈာန်ကို ဝင်စားပြီးလျှင် ထိုမေတ္တာဈာန်မှထ၍ ရန်သူပုဂ္ဂိုလ်ကို အဖန်ဖန် မေတ္တာပို့ခြင်းဖြင့် အမျက်ဒေါသကို ပယ်ဖျောက်အပ်၏၊ ဤသို့အားထုတ်သော်လည်း အမျက်ဒေါသ မငြိမ်းခဲ့သော် **(ကကစူပမဩဝါဒ= လွှဥပမာဖြင့်ပြသောအဆုံးအမ)**စသည်တို့ကို ဆင်ခြင်သောအားဖြင့် အမျက်ဒေါသကို ပယ်ဖျောက်ခြင်းငှာ အဖန်ဖန်အားထုတ်အပ်၏။

## (ကကစူပမဩဝါဒ= လွှဥပမာအဆုံးအမဖြင့်) ရန်ညိုးဖြေဖျောက်နည်း

အမျက်ထွက်နေသည့် အချင်းယောကျ်ား မြတ်စွာဘုရားက အောက်ပါဩဝါဒစကားများကို ဟောတော်မူခဲ့သည် မဟုတ်လော-

ရဟန်းတို့ ယုတ်မာသည့်အကျင့်ရှိကုန်သော ခိုးသူဓားပြတို့သည် အစွန်းနှစ်ဖက်၌ အရိုးတပ်ထားသော ငါးမန်းစွယ်လွှကြီးဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်သော်လည်း ထိုတိုက်ဖြတ်ခံရသူသည် ဒေါသဖြင့် စိတ်ပြစ်မှားမိလျှင် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မမည်တော့ချေဟူ၍လည်းကောင်း၊

အမျက်ဒေါသထွက်သောသူကို တုံ့ပြန်၍ အမျက်ထွက်သူသည် ထိုတုံ့ပြန်၍ အမျက်ထွက်ခြင်းဖြင့် ပထမက အမျက်ဒေါသထွက်သူထက်ပင်သာ၍ ယုတ်မာသူဖြစ်၏ အမျက်ဒေါသထွက်သူကို တုံ့ပြန်၍ အမျက်မထွက်ဘဲ သည်းခံနိုင်သောသူသည် **အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်ပေသည်။**

သူတစ်ပါးပြင်းစွာ အမျက်ဒေါသထွက်နေကြောင်းသိလျှင် သတိထားဆင်ခြင်လျက် အမျက်ဒေါသမထွက်ဘဲ ငြိမ်းချမ်းစွာနေသူ သည်းခံသူသည် မိမိ, သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးကိုကျင့်သည်မည်ပေ၏၊ ဟူ၍လည်းကောင်း ဟောတော်မူခဲ့သည်မဟုတ်လော။

## ရန်သူအကြိုက်တရား (၇)ပါး

၁။ ငါ့ရန်သူ အရုပ်ဆိုးပါစေ။ (အဟောဝတာယံ ဒုဗ္ဗဏ္ဏော အဿ)
၂။ ငါ့ရန်သူ ဆင်းရဲစွာအိပ်စက်ရပါစေ။ (အဟောဝတာယံ ဒုက္ခံ သယေယျ)
၃။ ငါ့ရန်သူ အကျိုးစီးပွားဆုတ်ယုတ်ပါစေ၊ ကိုယ်ကျိုးနည်းပါးစေ။ (န ပစုရတ္ထော အဿ)
၄။ ငါ့ရန်သူ စည်းစိမ်ဥစ္စာ ချို့တဲ့ပါစေ။ (န ဘောဂဝါ အဿ)
၅။ ငါ့ရန်သူ အခြံအရံနည်းပါစေ။ (န ယသဝါ အဿ)
၆။ ငါ့ရန်သူ မိတ်ဆွေကင်းပါစေ။ (န မိတ္တဝါ အဿ)
၇။ ငါ့ရန်သူ သေလျှင် အပါယ်ကျပါစေ။ (န ကာယဿဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇေယျ)

အမျက်ဒေါသထွက်သူထံ ဤခုနစ်ပါးလုံး ရောက်လာသည်ဟူ၍ ဟောတော်မူသည် မဟုတ်လော။

*(မှတ်ချက်) ကောင်းမွန်စွာရေချိုးပြီး နံ့သာမျိုးစုံလိမ်းကျံကာ ဆံမုတ်ဆိတ်များ ပယ်သလျက် ဖြူစင်သောအဝတ် ဝတ်ထားစေကာမူ အမျက်ဒေါသထွက်နေလျှင် ထိုသူသည် အရုပ်ဆိုးအကျည်းတန်နေသည်ပင် ဖြစ်၏။*

*(လင်္ကာ) အရုပ်ဆိုးစေ၊ တွေ့စေဆင်းရဲ၊ ကိုယ်ကျိုးနည်း၍၊ ပျက်ကွဲစည်းစိမ်၊*
*ခြွေရံမှိန်လျက်၊ မိတ်ဆက်ပျက်လစ်၊ အပါယ်ဖြစ်၊ ခုနစ်ရန်သူကြိုက်။*

## အမျက်ဒေါသကြီးသူ၏ အပြစ် (၇)ပါး

၁။ အမျက်ဒေါသကြီးသူသည် အမျက်ဒေါသလွှမ်းမိုး နှိပ်စက်ခံရသောကြောင့် ခုရော နောင်ပါ ရုပ်ဆင်းမလှမပ ဖြစ်ရ၏။

၂။ ခုရောနောင်ပါ ဆင်းရဲတွေ့ရ၏။
၃။ အကျိုးစီးပွား ဆုတ်ယုတ်၏။
၄။ စည်းစိမ်ဥစ္စာ အသုံးအဆောင်များ ယုတ်လျော့၏။
၅။ အခြံအရံ, အကျော်အစော ယုတ်လျော့၏။
၆။ မိတ်ဆွေကင်း၏။
၇။ သေလျှင် အပါယ်လားရ၏။

အစွန်းနှစ်ဘက်၌ မီးလောင်, အလယ်၌ မစင်လူးပေနေသော သူသေကောင်ဖုတ်သည့် ထင်းကုလားတုံးသည် ရွာ၌ တော၌ သစ်သားကိစ္စ, ထင်းကိစ္စ မပြီးစေသကဲ့သို့ (အသုံးပြုစရာ နေရာမရှိသကဲ့သို့) အမျက်ဒေါသကြီးသူကို ထိုထင်းကုလားတုံးနှင့်တူသည်ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သည် မဟုတ်လော။

ငါအမျက်ဒေါသ မပြေသေးလျှင် ဘုရားစကား မလိုက်နာသူ၊ သူ့ထက်ကဲ ယုတ်မာသူ၊ စစ်ပွဲရှုံးသူ၊ ကျိုးကြောင်းမသိသူ၊ ရန်သူအကြိုက်တရား ခုနစ်ပါးကို မိမိကိုယ်တိုင် ပြုမိသူ၊ ထင်းကုလားတုံးနှင့်တူသူ ဖြစ်ရလတ္တံ့ဟူ၍ မိမိကိုယ်ကို ဆုံးမလျက် အမျက်ဒေါသပယ်ဖျောက်နိုင်ရန် အားထုတ်အပ်၏။

ဆိုခဲ့သည့်အတိုင်း အမျက်ဒေါသပယ်ဖျောက်နိုင်ရန် အားထုတ်ပါသော်လည်း အမျက်ဒေါသမပြေငြိမ်းသေးလျှင် ရန်သူအပေါ်၌ ကြည်ညိုဖွယ်ဂုဏ်ကို ကြံစည်အပ်၏။ အဆိုးဖယ် အကောင်းရှာ၍ မိမိ၏ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။

**အရှင်သာရိပုတ္တရာ အမျက်ဖြေနည်းမှာ ရေမှော်ဖယ်သောက်သောနည်းပင်ဖြစ်၏။**

ကိုယ်, နှုတ်, စိတ် အမူအကျင့်သုံးမျိုးတို့တွင် အချို့သောသူမှာ ကိုယ်အမူအရာအကျင့်သာ ငြိမ်သက်အေးချမ်း ကောင်းမွန်၏၊ ထိုငြိမ်သက်အေးချမ်းကောင်းမွန်ပုံကိုလည်း များစွာသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုကျင့်ဆောင်ရွက်သည်ကို တွေ့မြင်ရခြင်းဖြင့် အတူနေပုဂ္ဂိုလ်အပေါင်းက သိနိုင်ပေ၏၊ ထိုသူ၏ ကောင်းသော ကိုယ်အမူအကျင့်ကိုသာ အောင့်မေ့ဆင်ခြင်အပ်၏။ မကောင်းသော နှုတ်အမူအကျင့် စိတ်အမူအကျင့်တို့ကို မအောင့်မေ့ အဆင်ခြင်အပ်ပေ။

အချို့သောသူမှာ- နှုတ်အမူအကျင့်သာ ငြိမ်သက်အေးချမ်းကောင်းမွန်၏၊ ထိုငြိမ်သက်အေးချမ်းကောင်းမွန်ပုံကိုလည်း ထိုသူ၏ စေ့စပ်ပြောဆိုမှု ပဋိသန္ထာရ၌ ကျွမ်းကျင်ပုံ (ဆက်ဆံရေးကောင်းပုံ) အပြောအဆိုပြေပြစ်ပုံ၊ တစ်ဖက်သား နားဝင်ချိုအောင် ပြောတတ်ပုံ၊ သဘောကျ နှစ်သက်ဝမ်းမြောက်အောင် ပြောတတ်ပုံ၊ ပြုံးရွှင်ပေါ်လွင်သော မျက်နှာဖြင့် ရှေးဦးစွာ နှုတ်ဆက်ပြောဆိုတတ်ပုံ၊ ချိုသာသောအသံ, ပြည့်စုံသောပုဒ်ဝါကျတို့ဖြင့် တရားစကားပြောဟောတတ်ပုံတို့ကို ကြားနာရခြင်းဖြင့် အတူနေပုဂ္ဂိုလ်အပေါင်းက သိနိုင်ပေ၏၊ ထိုသူ၏ ကောင်းသော နှုတ်အမူအကျင့်ကိုသာ အောင့်မေ့ဆင်ခြင်အပ်၏၊ မကောင်းသော

ကိုယ်, စိတ်အမူအကျင့်တို့ကို မအောင့်မေ့၊ မဆင်ခြင်အပ်ပေ။

## စိတ်ပူပန်မှုရှိသူနှင့် အေးချမ်းမှုရှိသူ နှိုင်းယှဉ်ပုံ

အချို့သောသူမှာ- **စိတ်အမူအကျင့်သာ** ငြိမ်သက်အေးချမ်းကောင်းမွန်၏၊ စိတ်ပူပန်မှုရှိသူနှင့် စိတ်ငြိမ်းချမ်းကောင်းမွန်မှု ရှိသူတို့ကို ဖော်ပြပါနည်းဖြင့် ခွဲခြားသိနိုင်၏၊

စိတ်မငြိမ်သက်၊ ပူပန်မှုရှိသူသည် စေတီတော်ကိုဖြစ်စေ၊ ဗောဓိပင်ကိုဖြစ်စေ၊ မထေရ်တို့ကိုဖြစ်စေ ရှိခိုးသည့်အခါ ကောင်းမွန်ရိုသေစွာ ရှိမခိုး (မရိုမသေ သွားလာနေထိုင်ဆက်ဆံ၏) တရားနာရာမဏ္ဍပ်၌ ငေးမောတွေဝေ စိတ်ပျံ့လွင့်လျက်ဖြစ်စေ၊ ငိုက်မျဉ်းလျက်ဖြစ်စေ နေထိုင်တတ်၏။

စိတ်ငြိမ်းချမ်းကောင်းမွန်မှုရှိသူသည် စေတီ, ဗောဓိပင်, မထေရ်တို့ကို ရှိခိုးသည့်အခါ သက်ဝင်ယုံကြည်၍ ရိုသေစွာ ရှိခိုး၏၊ ကိုယ်, နှုတ်, စိတ်ကြည်လင်စွာ နားစိုက်လျက် စီးပွားသဖွယ်ပြု၍ (ဝါ) စီးပွားရှာသကဲ့သို့ တရားကို နာယူ၏။

ထိုသူ၏ ကောင်းသော စိတ်အမူအကျင့်ကိုသာ အောင့်မေ့ဆင်ခြင်အပ်၏၊ မကောင်းသောကိုယ်, နှုတ်, အမူအကျင့်တို့ကို မအောင့်မေ့ မဆင်ခြင်အပ်ပေ။

## ကိုယ်, နှုတ်, စိတ်သုံးပါးလုံး မကောင်းသူအပေါ်၌ ရန်ငြိုးဖြေဖျောက်နည်း

အချို့သောသူမှာ- ကိုယ်, နှုတ်, စိတ် သုံးပါးတို့တွင် **တစ်ပါးမျှ ငြိမ်သက်အေးချမ်းကောင်းမွန်မှုမရှိချေ၊** ထိုသူ့အပေါ်၌ "ဤသူသည် ယခုအခါ လူ့လောက၌ လှည့်လည်သွားလာနေသော်လည်း ရက်များမကြာခင် သေလွန်သည့်အခါ ငရဲ၌ဖြစ်၍ ကြီးစွာသော ဒုက္ခတို့ကို နှစ်များစွာ ခံစားရရှာပေလိမ့်မည်"ဟု သနားခြင်းကရုဏာဖြစ်စေအပ်၏၊ သနားခြင်း ကရုဏာကို အစွဲပြု၍လည်း ရန်ငြိုးအမျက်ဒေါသ ငြိမ်းတတ်ပေ၏။

အချို့သောသူမှာ- ကိုယ်, နှုတ်, စိတ် သုံးပါးလုံး ငြိမ်သက်အေးချမ်းကောင်းမွန်၏၊ ထိုသူ၏ အမူအကျင့်သုံးမျိုးတို့တွင် အလိုရှိရာကို အောင့်မေ့ဆင်ခြင်နိုင်၏၊ ထိုသို့သော ပုဂ္ဂိုလ်၌ မေတ္တာပွားရန် မခဲယဉ်းပေ။

## အင်္ဂုတ္တရပါဠိ ပဥ္စကနိပါတ်လာ ရန်ငြိုးဖျောက်နည်းငါးပါး

ရန်သူပုဂ္ဂိုလ်၌-

၁။ ချစ်ခြင်းမေတ္တာ ပွားများရမည်။

၂။ သနားခြင်းကရုဏာ ပွားများရမည်။

၃။ လျစ်လျူရှုခြင်း ဥပေက္ခာကို ပွားများရမည်။

၄။ သတိမထားခြင်း နှလုံးမသွင်းခြင်းသို့ ရောက်စေရမည်။

၅။ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသော အဖြစ်ကို ဆောက်တည် ဆင်ခြင်ရမည်။ (မကောင်း

သောက်ကို ပြုလုပ်သူသည် ထိုကံ၏ ဆိုးကျိုးကို ရရှိပိုင်ဆိုင်ရမည်၊ ကောင်းသောကံကို ပြုလုပ်သူသည်လည်း ထိုကံ၏ ကောင်းကျိုးကို ရရှိပိုင်ဆိုင်ရမည်ဟု ဆင်ခြင်ခြင်း။)

ဤသို့ လုံ့လပြုသော်လည်း ထိုသူအား အာဃာတဒေါသ မငြိမ်းသေးပါမူ ထိုသူသည် မိမိကိုယ်မိမိ ဤသို့ဆုံးမအပ်၏။

## မိမိကိုယ်ကို ဆုံးမ၍ ရန်ငြိုးဖြေဖျောက်နည်း

၁။ ရန်သူသည် ကိုယ်၌သာ ဒုက္ခပေးသည်၊ စိတ်၌ဒုက္ခမပေးနိုင်၊ ငါသည်သာ ငါ့စိတ်ကို ဖျက်ဆီးသူဖြစ်သည်။

၂။ ချစ်ခင်သော ဆွေမျိုးတို့ကိုစွန့်၍ ရဟန်းပြုနိုင်ပါလျက် များစွာသော အကျိုးမဲ့ကို ပြုတတ်သော အမျက်ဒေါသကို အဘယ့်ကြောင့် ငါမစွန့်နိုင်ပါသနည်း။

၃။ သင်ထိန်းသိမ်းစောင့်ရှောက်သော သီလ၏ အမြစ်အရင်းဖြစ်သော ဟိရီ,ဩတ္တပ္ပ,ခန္တီ မေတ္တာ,ကရုဏာတို့ကို ပယ်ဖြတ်တတ်သော အမျက်ဒေါသကို အလိုလိုက်ထားခြင်း ကြောင့် သင်နှင့်တူသော လူမိုက် အဘယ်မှာရှိအံ့နည်း။

၄။ သူတစ်ပါးကသင့်အား ယုတ်မာသော ပြစ်မှားမှုပြုခဲ့သော် သင်အမျက်ထွက်၏၊ သူတစ် ပါးက ပြုသည့် ပြစ်မှားမှုနှင့်တူသော မကောင်းမှုကို ကိုယ်တိုင်ပြုရန် အဘယ့်ကြောင့် အလိုရှိဘိသနည်း။

၅။ ငါစိတ်ဆိုးအောင် ရန်သူကပြုသည်၊ ငါစိတ်ဆိုးလိုက်လျှင် ရန်သူ့အလိုပြည့်လိမ့်မည် ရန်သူ့အလိုကျဖြစ်အောင် လုပ်ပေးသလိုဖြစ်မည်။

၆။ ငါ၏ ဒေါသသည် ရန်သူအား ဒုက္ခပေးချင်မှ ပေးမည်၊ မိမိကိုယ်ကိုမူ ယခုလက်ငင်းပင် အမျက်ဒေါသက နှိပ်စက်နေချေပြီတကား။

၇။ ရန်သူသည် ဒေါသဖြင့် ဉာဏ်မြင်ကန်းလျက် အပါယ်ခရီးလမ်းမှားနေပြီ သင်သည် လည်း အမျက်ဒေါသထွက်လျက် ရန်သူ၏လမ်းမှားခရီးသို့ အဘယ့်ကြောင့်လိုက်ချင်ဘိ သနည်း။

၈။ ရန်သူသည် ငါ၏အပြစ် ဒေါသကိုမှီ၍ မုန်းဘွယ်အမှုပြုခဲ့လေပြီ အကြောင်းရင်းဖြစ် သောဒေါသကို ပယ်ဖြတ်ပါလော့၊ ဒေါသ၏ အစေခံ ထိုပုဂ္ဂိုလ်၌ အဘယ့်ကြောင့် စိတ်ဆိုးလျက် ပင်ပန်းနေဘိသနည်း။

၉။ ရုပ်နာမ်တရားတို့၏ တစ်ခဏမျှသာ တည်ခြင်းကြောင့် ငါ့အားစော်ကားသော ရန်သူ၏ ရုပ်နာမ်ခန္ဓာတို့သည် ကွယ်ပျောက်ချုပ်ငြိမ်းကုန်ပြီ ယခုအခါ ရန်သူ၏ အဘယ်ရုပ်နာမ် ခန္ဓာကို သင်အမျက်ထွက်နေသနည်း။

၁၀။ မီးခတ်နှင့်ကျောက် နှစ်ခုပေါင်းမှ မီးတောက်သကဲ့သို့ ဆင်းရဲကိုပြုရာ၌ အပြုခံပုဂ္ဂိုလ်နှင့် ကင်း၍ မဖြစ်ပေ၊ ဆင်းရဲအပြုခံ သင်ကိုယ်တိုင်ကလည်း ဆင်းရဲပြုခြင်း၏အကြောင်းပင် သို့ဖြစ်၍ ပြုသူ ခံသူနှစ်ဦးလုံးပင် ဆင်းရဲဖြစ်ပေါ်ရခြင်း၏အကြောင်းဖြစ်ပါလျက် ထိုဆင်းရဲ ပြုသူကိုသာ အဘယ့်ကြောင့် အမျက်ထွက်နေဘိသနည်းဟု မိမိကိုယ်ကို ဆုံးမအပ်ပေသည်။

## ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာ ရှိသည့်အဖြစ်ကို ဆင်ခြင်၍ ရန်ငြိုး ဖြေဖျောက်နည်း

ဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကိုဆုံးမသော်လည်း အမျက်ဒေါသ မငြိမ်းသေးလျှင် ထိုပုဂ္ဂိုလ်သည် မိမိ,သူတစ်ပါး နှစ်ဦးသားတို့၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ ထိုတွင် မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဤသို့ဆင်ခြင်အပ်ပေသည်။ အဆွေယောဂီ- သင် ထိုသူ့အား အမျက်ထွက်သဖြင့် ဘာလုပ်မှာလဲ၊ ဒေါသအကြောင်းခံ သင်ပြုမည့်မကောင်းမှုကံသည် သင်၏သာလျှင် အကျိုးမဲ့ဖြစ်လိမ့်မည် သတ္တဝါမှန်သမျှ ကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။

ကံ၏အမွေခံ၊ ကံသာလျှင် ဆင်းရဲ, ချမ်းသာတို့၏အကြောင်း ကံသာလျှင်ဆွေမျိုး၊ ကံသာလျှင်အားကိုးရာဖြစ်၏၊ အကြင်ကံကို ပြုငြားအံ့၊ ထိုကံ၏ အမွေခံဖြစ်ရလိမ့်မည်၊ သင်ပြုသော ဤကံသည်လည်း သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ် သာဝကဗောဓိဉာဏ်တို့ကို မပြီးစေနိုင်၊ ဗြဟ္မာအဖြစ်၊ သိကြားအဖြစ်၊ စကြာဝတေးမင်း၊ ပဒေသရာဇ်မင်း စသည်တို့၏ စည်းစိမ်တို့တွင် တစ်ပါးပါးသော စည်းစိမ်ကိုလည်း မပြီးစေနိုင်၊ စင်စစ် သင်ပြုသည့် ဒေါသအရင်းခံ ဤအကုသိုလ်ကံသည် သာသနာတော်မှ ရွေ့လျောစေ၍ စားကြွင်းစားစသည်၏ အဖြစ်ကိုလည်းကောင်း၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲမျိုးစုံ ဆင်းရဲအထူးတို့ကိုလည်းကောင်း ဖြစ်စေနိုင်သည်ဟု ဆင်ခြင်အပ်ပေသည်။

## ဒေါသနှင့် မစင်,မီးကျီးခဲတို့ တူပုံဥပမာ

အမျက်ဒေါသကို မထိန်းသိမ်းနိုင်ဘဲ သူတစ်ပါးကို ညှဉ်းပမ်းနှိပ်စက်လိုသူမှာ- ဥပမာအားဖြင့် မီးကျီးခဲ မစင်တို့ဖြင့် သူတစ်ပါးတို့အား ပုတ်ခတ်လိုသူသည် မီးကျီးခဲ, မစင်တို့ကို မိမိကိုယ်တိုင် ဦးစွာကိုင်ရသဖြင့် ဦးစွာပထမ မီးအပူခံရ၊ မစင်၏ စက်ဆုပ်ဖွယ်အနံ့ကို ခံရသကဲ့သို့ ကိုယ်တိုင် ရှေးဦးစွာ ဒေါသ၏ဆိုးကျိုး မကောင်းပြစ်များကို ခံစားရပေ၏။

*(လင်္ကာ) ရန်သူကိုကား၊ ရန်မပွားဘဲ၊ သုံးပါးထိုသူ့၊ ကံအမှု၌၊ ကောင်းမှုကိုသာ၊ ရှုစပါလျှက်၊ အတ္တာနုသိဉ်၊ ကိုယ်စိတ်ဆုံးမ၊ ဩဝါဒနှင့်၊ ထိုမှတုံပြီ၊ ဗိုလ်အချီတို့၊ မိမိအမှု၊ သူ့အမှုကား၊ ပြုသည့်သူသာ၊ ခံရရာ၏၊ သူတာငါခံ၊ ဆက်ဆံဘယ်သို့၊ ရှိတို့သတတ်၊ မွေခံမှတ်လော့၊ ကမ္မဿ ကား၊ ကိုယ်စီခြားဟု၊ တရားသဘော၊ ကြံနှစ်နော၍၊ မျက်ဇောမငွေ့၊ မခြောင်းတည်း။ (မယဒေဝ)*

မိမိ၏ကံသာလျှင် ဥစ္စာရှိပုံကို ဆင်ခြင်ပြီးလျှင် သူတစ်ပါး၏လည်း ကံသာလျှင်ဥစ္စာရှိပုံကို ဆင်ခြင်အပ်ပေသည်။ "သင့်ရန်သူသည် သင့်အားအမျက်ထွက်သဖြင့် အဘယ်ကိုပြုလိမ့်မည်နည်း၊ ထိုသူပြုသော မကောင်းမှုကံသည် ထိုသူ၏သာလျှင်အကျိုးမဲ့ခြင်းငှာ ဖြစ်လိမ့်မည်၊ ရန်သူဖြစ်သော ထိုပုဂ္ဂိုလ်သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ကံ၏အမွေခံ၊ ကံသာလျှင် ဆင်းရဲချမ်းသာတို့၏ အကြောင်း၊ ကံသာလျှင် ဆွေမျိုး၊ ကံသာလျှင်အားကိုးရာ ဖြစ်၏၊ အကြင်ကံကိုပြုငြားအံ့၊ ထိုကံ၏ အမွေခံဖြစ်ရလိမ့်မည်။ ထိုသူပြုသော မကောင်းမှုကံ

သည်လည်း သမ္မာသမ္ဗောဓိဉာဏ် စသည်ကိုမပြီးစေနိုင်၊ ပြဟ္မာအဖြစ် သိကြားအဖြစ်၊ စကြာဝတေးမင်း၊ ပဒေသရာဇ်မင်းစသည်တို့၏ စည်းစိမ်တို့တွင် တစ်ပါးပါးသော စည်းစိမ်ကိုသော်လည်း မပြီးစေနိုင်။

စင်စစ် ထိုသူ၏ ဒေါသအရင်းခံ မကောင်းမှုကံသည် သာသနာတော် မှရွေ့လျောစေ၍ စားကြွင်းစား စသည်တို့၏အဖြစ်ကိုလည်းကောင်း၊ ငရဲဆင်းရဲစသော ဆင်းရဲမျိုးစုံ ဆင်းရဲအထူးတို့ကိုလည်းကောင်း ဖြစ်စေနိုင်၏။ လေအောက်အရပ်၌တည်၍ လေညာသို့ ပစ်သော မြူမှုန်သည် ပစ်သူထံသို့သာ ရောက်သကဲ့သို့ သူပြုသော အကုသိုလ်ကံ သူ့ထံသာ ပြန်ရောက်လိမ့်မည်"ဟု ဆင်ခြင်အပ်ပေသည်။

**မြတ်စွာဘုရားရှင်စကားတော်**-"အကြင်သူသည် မည်သူ့ကိုမျှ မပြစ်မှားတတ်သူအား ပြစ်မှား၏၊ စင်ကြယ်၍ ကိလေသာကင်းသောပုဂ္ဂိုလ်အား ပြစ်မှား၏၊ ပြစ်မှားသော မကောင်းမှုကံသည် ထိုပြစ်မှားသော လူမိုက်ထံသို့သာလျှင် မကောင်းကျိုးပေးသောအားဖြင့် ပြန်လာ၏။ ဥပမာ- လေညာသို့ ပစ်လွှင့်လိုက်သော သိမ်မွေ့သောမြူမှုန်သည် ပစ်လွှင့်သူထံ ပြန်လာသကဲ့သို့ပေတည်း။

ဤသို့ဆင်ခြင်လျှင် ရန်ငြိုးပြေပျောက်နိုင်၏၊ ဆိုခဲ့သည့်အတိုင်း မိမိသူတစ်ပါး နှစ်ဦးသားတို့၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဆင်ခြင်သော်လည်း အမျက်ဒေါသမငြိမ်းသေးလျှင် ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ရှေးရှေးဘဝတို့၌ ပါရမီဖြည့်ကျင့်စဉ် ရန်သူ့အပေါ်၌ လွန်စွာသည်းခံခဲ့ပုံတို့ကို အောင့်မေ့ဆင်ခြင်အပ်၏။

## ထိုထိုဇာတ်တော်တို့ကို ဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်း

**သီလဝဇာတ်တော်**၌ အမတ်ယုတ်သည် မိမိ၏ ဖိဖုရားကို ပြစ်မှား၏၊ မင်းကြီး၏ တိုင်းပြည်စည်းစိမ်ကို ရန်သူမင်းတစ်ပါးလက်သို့ ရောက်အောင်ပြု၏၊ မင်းကြီးသည် အမတ်တစ်ထောင်နှင့်တကွ သုသာန်၌ လည်ပင်းအထိ အရှင်လတ်လတ် မြေမြှုပ်ခံရသည့်တိုင်အောင် အမျက်မထွက်ခဲ့၊ တောခွေးတို့မြေယက်၍ဖော်ခြင်း၊ ဘီးလူးတို့ပြန်ပို့ပေးခြင်းဖြင့် တိုင်းပြည် စည်းစိမ်များပြန်ရ၏၊ အမတ်ယုတ်အပေါ်၌လည်း အမျက်မထား၊ ရန်သူမင်းကိုလည်း မိတ်ဆွေအရာ၌ တည်စေ၏။

### "သီလဝမင်း မိန့်ဆိုစကား"

အချင်းတို့ ပညာရှိသောယောကျာ်းသည် လိုသောအကျိုးကို တောင့်တ၍ ကြိုးစားအားထုတ်ရာသည်သာတည်း၊ ငြီးငွေ့ဆုတ်နစ်လျက် စိတ်မပျက်ရာ၊ သူတစ်ပါးကို မညှဉ်းဆဲဘဲ တစ်ဖန်ပြန်၍ မင်းအဖြစ်ကို အလိုရှိခဲ့သည့်အတိုင်းပင် ဖြစ်ခဲ့ရလေပြီ၊ ထိုသို့ဖြစ်သော မိမိကိုယ်ကို ငါမြင်တွေ့နေရပေပြီဟု မိန့်ဆိုလေသည်။

**ခန္တီဝါဒီဇာတ်**၌ ပညာမဲ့သော **ကလာဗုမည်သော ကာသိမင်းသည်** "ရှင်ရဟန်းသင်အဘယ်ဝါဒရှိသနည်း၊ အဘယ်ကိုဆိုလေ့ရှိသနည်း"ဟုမေးသည်၊ "သည်းခံခြင်းကို ဆိုလေ့ရှိသောကြောင့် ခန္တီဝါဒီ မည်၏"ဟု ဖြေကြားသောအခါ ထိုမင်းက သံဆူးတပ်သော

ကြိမ်တို့ဖြင့် ရိုက်နှက်စေပြီးလျှင် လက်ခြေတို့ကို ဖြတ်သော်လည်း ထိုမင်းအပေါ်၌ အမျက်ထွက်ခြင်းမျှ ကိုသော်လည်းမပြုခဲ့ မဖြစ်စေခဲ့ပေ။

ဤခန္တီဝါဒီ ရသေ့၏ သည်းခံခြင်းသည် မအံ့ဩလောက်သေးပေ၊ အကြောင်းမူကား အရွယ်အားဖြင့် ကြီးရင့်သူဖြစ်သည့်ပြင် ရသေ့အဖြစ်သို့ ကပ်ရောက်နေသောသူသည် ဤသို့သောသည်းခံခြင်းကို ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ်ရှိသောကြောင့်ဖြစ်ပါ၏။

ထို့ထက်အံ့ဩဖွယ်ကောင်းသည်မှာ- **စူဠဓမ္မပါလဇာတ်**၌ မယ်တော်မိဖုရားကြီးက ငိုးကြွေးမည်တမ်း တောင်းပန်နေစဉ်ပင် ခမည်းတော်ဖြစ်သူ **မဟာပတာပမင်း**သည် ပက်လက်အိပ်တတ်ကာမျှအရွယ် မင်းသားငယ်၏ လက်ခြေလေးခုတို့ကို ဝါးမျှစ်ကိုခုတ်ဖြတ်သကဲ့သို့ ခုတ်ဖြတ်စေခိုင်းရုံမျှနှင့် အားမရသေးဘဲ ဦးခေါင်းကိုပါဖြတ်လော့ဟု အမိန့်ပေးသောအခါ **ဓမ္မပါလမင်းသားငယ်**သည် "အမောင်ဓမ္မပါလ ယခုအခါ သင်သည်စိတ်ကိုချုပ်တည်းသိမ်းဆည်းရမည့်အခါ စိတ်ကိုကောင်းစွာ နှိပ်ကွပ်ဆုံးမရမည့်အခါပေတည်း၊ ယခုအခါ ဦးခေါင်းကို ဖြတ်ရန် အမိန့်ပေးသော ခမည်းတော်၌လည်းကောင်း၊ ဦးခေါင်းကို ဖြတ်သောယောကျ်ား၌လည်းကောင်း၊ ငိုးကြွေးမည်တမ်းနေသော မယ်တော်၌လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း၊ ဤလေးယောက်တို့၌ အညီအမျှစိတ်ကိုထားပါလော့"ဟု မြဲမြံသောဆောက်တည်ခြင်းကို အဓိဋ္ဌာန်ပြု၍ ပြစ်မှားသောအခြင်းအရာကိုလည်း မပြုခဲ့ပေ၊

*(လင်္ကာ)* *ပြစ်မှုမရှိ၊ ဣသိခန္တီ၊ မြတ်ဝါဒီနှင့်၊ ပီပီသက်သက်၊ မိရင်ထက်၌၊ ပက်လက်မှောက်ခုံ၊ အိပ်တတ်ရုံလျက်၊ ဇောဓိခက်တို့၊ သံလျက်ပိုင်းဖြတ်၊ တုန်ဖျတ်ဖျတ်နှင့်၊ ခြေပြတ်လက်တုံး၊ သက်သေဆုံးအောင်၊ ကိုယ်လုံးကြေမွ၊ ပြုသမျှကို၊ ဒေါသမဖိတ်၊ မေတ္တာစိတ်ဖြင့်၊ မှိတ်၍ အောင့်ခံ။ (မဃဒေဝ)*

ဤဓမ္မပါလမင်းသားငယ်၏ သည်းခံခြင်းသည်လည်း မအံ့ဩလောက်သေး၊ အကြောင်းမူကား၊ လူသားဖြစ်သူသည် ဤသို့ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ်ရှိသောကြောင့်ပင်၊

စင်စစ်သော်ကား တိရစ္ဆာန်ဖြစ်လျက်သော်လည်း **ဆဒ္ဒန်ဆင်မင်းဘဝ**၌ အဆိပ်လူးမြားဖြင့် အပစ်ခံရ၍ ချက်၌စူးဝင်ဖောက်ထွင်း၍ ပြင်းစွာသော ဝေဒနာကိုခံစားရသော်လည်း မြားဖြင့်ပစ်သူ မုဆိုးကြီးအပေါ်၌ အပြစ်မယူဘဲ နှစ်သက်စဖွယ် မိမိအစွယ်ကိုပင် ဖြတ်၍လှူသေးသည်။

*(လင်္ကာ)* *"ဆိပ်လူးစဉ်းသွား၊ ဆင်ပစ်မြားဖြင့်၊ သည်းကြားဖောက်ထွင်း၊ ပစ်တုံလျှင်း၍၊ သေခြင်းရောက်လျက်၊ အမျက်မခြောင်း"*

**မဟာကပိဇာတ်** ဂေါနင်္ဂုလ မျောက်မင်းဘဝ၌- ချောက်ထဲ၌ကျနေသူကို ကိုယ်တိုင်ကယ်ဆယ်၍ ပင်ပန်းစွာနားနေခိုက် ကယ်ဆယ်ခံရသူယောကျ်ားက ကျောက်ခဲဖြင့် ဦးခေါင်းကို ထုခဲ့သော်လည်း ထိုသူ့အပေါ်၌ အမျက်မထား၊ ဘေးကင်းရာအရပ်သို့ အရောက်ပို့ပေး၏။

*(လင်္ကာ)* *"ဦးခေါင်းကွဲစေ၊ ကျောက်ဖြင့်ပေ၍၊ မသေတတ်ရုံ၊ ကျန်ပါတုံလည်း၊ တစ်စုံတစ်ခု၊ မျက်မပြုဘူး၊ ထိုသူ့အကျိုး၊ ဆောင်သယ်ပိုး၏။"*

ဘူရိဒတ်နဂါးမင်း၊ ဓမ္မေယျနဂါးမင်း၊ သင်္ခပါလနဂါးမင်းဘဝတို့၌ အလမ္ပာယ် သမားတို့ က နည်းမျိုးစုံတို့ဖြင့် ညှဉ်းပန်းမှုမျိုးစုံတို့ကို ပြုလုပ်ကြသောကြောင့် ပြင်းစွာသော ဝေဒနာများ ခံစားရသော်လည်း ကုန်းကိုရေဖြစ်အောင်၊ ရေကိုကုန်းဖြစ်အောင်၊ အမျက် ဒေါသဖြင့်ကြည့်ရုံဖြင့် ပြာဖြစ်အောင် စွမ်းဆောင်နိုင်ပါလျက် အလမ္ပာယ်သမားတို့အပေါ်၌ အမျက်မထား မျက်စိကိုဖွင့်၍ ပြစ်မှားသောအခြင်းအရာကိုသော်မျှ မပြုခဲ့ပေ။

(လင်္ကာ) *"စွယ်ကျိုးနုတ်ဖျက်၊ ရိုက်နှက်ဆောင့်သိပ်၊ ပြင်းစွာနှိပ်လည်း၊ အဆိပ်သည်းထန်၊ ရေနတ်မာန်ဖြင့်၊ ပြန်၍မမူ၊ ဗုဒ္ဓကျူတို့၊ သီတဂူငွေ့၊ လရောင်တွေ့သို့၊ ချမ်းမြေ့ အေးမြ၊ ကြည်လင်လှလျက်၊ လောကတစ်ဘက်၊ ကိုယ်တစ်ဘက်တိ၊ ဆောင် ရွက်နိုင်စွာ၊ မဟာပထဝီ၊ မြေမဟီနှင့်၊ အညီတမြင့်၊ လွန်ကြီးမြင့်သား၊ ရှစ်ဆင့် အားကျော်၊ တုမမြော်အောင်၊ သည်းတော်ခံပြု ခန္တီမှုတည့်။" (မဃဒေဝ)*

ဆိုခဲ့ပြီးသော အံ့ဖွယ်တို့ကိုသာ ပြုဖူးသည်မဟုတ်သေး၊ မာတုပေါသကဇာတ် စသည် တို့၌ အခြားတစ်ပါး များစွာသော အံ့ဖွယ်တို့ကိုလည်း သည်းခံနိုင်ခဲစွာ သည်းခံသောအားဖြင့် ပြုခဲ့ဖူးလေပြီ၊ ယခုအခါ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးလျှင် နတ်နှင့် တကွသော လောက၌ တစ်စုံတစ်ယောက်နှင့်မျှ မတူသည့် ခန္တိဂုဏ်နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဆရာသခင်ဟု ရည်ညွှန်းကိုးကွယ်နေသော ထိုသင်အား အမျက်ဒေါသ စိတ်ကို ဖြစ်စေခြင်းမည်သည်မှာ အလွန်ပင် မသင့်လျော်ပေ-ဟု ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ရှေးဘဝတို့၌ ကျင့်ခဲ့သော ဂုဏ်တို့ကို အောင့်မေ့ဆင်ခြင်အပ်ကုန်၏။

ဆိုခဲ့သည့်အတိုင်း ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့ သောဂုဏ်တို့ကို အောင့်မေ့ဆင်ခြင်သော်လည်း ကာလရှည်စွာ ကိလေသာကျွန်အဖြစ်ရောက် နေခဲ့သောကြောင့် (ဝါ) ကိလေသာ ကျွန်သက်ရင့်လှပြီဖြစ်သောကြောင့် ရန်ငြိုးမပြေ၊ အမျက် မပြေရှိခဲ့ချေငြားအံ့၊ အနမတဂ္ဂိယသုတ်တို့ကို ဆင်ခြင်အပ်၏၊ အနမတဂ္ဂိယသုတ်အရ သံသရာ၌ အမိအဖ ညီအစ်ကို မောင်နှမစသည် မတော်စပ်ဖူးသူမရှိ၊

ဤသူသည် ရှေ့ အတိတ်ကာလ၌ ငါ၏မိခင်ဖြစ်၍ ဆယ်လပတ်လုံးဝမ်းဖြင့် ဆောင်၍ နို့ချိုတိုက်ကျွေး၊ ငါ၏ ကျင်ကြီး၊ ကျင်ငယ်တံတွေးနှပ်စသည်တို့ကို စန္ဒကူးနံ့သာကဲ့သို့ မရွံမရှာ၊ သုတ်သင်၍ ရင်ခွင်၌ က-စေ၊ အိပ်စေလျက် ကိုယ်လက်အင်္ဂါတို့ဖြင့် ချီပိုးသယ်ဆောင်လျက် ကျွေးမွေးပြုစု စောင့်ရှောက်ဖူးပေ၏။

ငါ၏ဖခင်ဖြစ်၍ ဒုက္ခ, သုခ မရေမတွက် အသက်စွန့်ကာ ပစ္စည်းဥစ္စာ ငွေကြေးရှာ၍ ငါ့ကို ကျွေးမွေးခဲ့ဖူးပြီ၊ ညီအစ်ကို မောင်နှမဖြစ်စဉ်ကလည်း ကျေးဇူးအထူးပြုခဲ့ဖူးပြီ ထို့ကြောင့် မိမိအပေါ် ကျေးဇူးရှိသောသူအား အမျက်ဒေါသထွက်ရန် ရန်ငြိုးထားရန်မသင့်ပေဟု မိမိ စိတ်ကို ဖြစ်စေအပ်၏။

(လင်္ကာ) *"သံသရာက၊ မာတာပိတာ၊ စသည်ဖြစ်ဘူး၊ ဂုဏ်ကျေးဇူးကို၊ အထူး တင်ထ၊ မေတ္တာ့နီသင်၊ ဆယ့်တစ်အင်ကို၊ ဆင်ခြင်သမှု၊ မာတုဝိဘာဂ၊ သဘာဝနှင့်၊*

*ဒါနပေးကမ်း၊ ခွဲဝေခြမ်း၍၊ ရှေးလမ် နိဿရည်း၊ မျက်ဖြေနည်းဖြင့်၊*
*သိမ်းဆည်းစိတ်တော် ညှဲ့ပျောင်းတည်း။" (မဃဒေဝ)*

## မေတ္တာ၏အကျိုးအာနိသင်တို့ကိုဆင်ခြင်၍ ရန်ငြိုးဖြေဖျောက်နည်း

ဤသို့ စိတ်ကိုဖြစ်စေသော်လည်း ဒေါသစိတ်ကို ငြိမ်းစေခြင်းငှာ မစွမ်းနိုင်ခဲ့သော် မြတ်စွာဘုရားရှင်ဟောတော်မူခဲ့သော မေတ္တာ၏အကျိုးအာနိသင်တို့ကို ဆင်ခြင်အပ်၏။ မေတ္တာ၏အကျိုးအာနိသင် (၁၁)ပါးမှာ (၁) ချမ်းသာစွာအိပ်ရ၏၊ (၂) ချမ်းသာစွာနိုးရ၏၊ (၃) ယုတ်ညံ့သောအိမ်မက်ဆိုးကို မမြင်ရ၊ (၄) လူတို့ကချစ်ခင်သည်၊ (၅) နတ်တို့က ချစ်ခင်သည်၊ (၆) နတ်တို့က စောင့်ရှောက်ကြသည်၊ (၇) မေတ္တာပွားသူ၏ ကိုယ်၌ မီး,အဆိပ်,လက်နက်မကျရောက်နိုင်၊ (၈) လျင်စွာစိတ်တည်ကြည်၏၊ (၉) မျက်နှာအဆင်းကြည်လင်၏၊ (၁၀) မတွေဝေဘဲ သေရ၏၊ (၁၁) အထက်မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိလတ်မရလတ်သော်လည်း ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။

သင်သည် ဒေါသစိတ်ကို အကယ်၍ မငြိမ်းစေနိုင်ငြားအံ့၊ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော မေတ္တာ၏အကျိုးအာနိသင်တို့မှအပဖြစ်ကာ လက်လွတ်ဆုံးရှုံးရပေတော့မည်ဟု ဆင်ခြင်နှလုံးသွင်း၍ မိမိ၏ အပြစ်ဒေါသရန်ငြိုးကို ဖြေဖျောက်အပ်၏။

## ဓာတ်တို့ကိုအသီးသီးခွဲခြား၍ရန်ငြိုးဖြေဖျောက်နည်း

ဤသို့ မေတ္တာ၏အကျိုးအာနိသင်တို့ကို ဆင်ခြင်သော်လည်း ဒေါသ (ရန်ငြိုး) မငြိမ်းစေနိုင်သေးလျှင် ဓာတ်တို့ကို အသီးသီးခွဲခြားခြင်းကို ပြုအပ်၏၊ ခွဲခြားပုံမှာ- "အချင်းရဟန်း ထိုသူအား အမျက်ထွက်နေသောသင်သည် အဘယ်ကို အမျက်ထွက်သနည်း၊ ထိုသူ၏ ဆံပင်တို့ကို အမျက်ထွက်သလော၊ သို့မဟုတ် အမွေးတို့ကို အမျက်ထွက်သလော၊ သို့မဟုတ် ခြေသည်း၊ လက်သည်းတို့ကို အမျက်ထွက်သလော၊ သို့မဟုတ် သွား၊ အရေ ။ ပ။ ကျင်ငယ်ကို အမျက်ထွက်သလော"ဟု သုံးဆယ့်နှစ်ကောဋ္ဌာသခွဲခြား၍ တစ်ခုခြင်း ဆင်ခြင်ကြည့်ကာ အမျက်ဒေါသကို ဖြေဖျောက်အပ်၏။

တစ်နည်းအားဖြင့် ဆံပင်စသည်တို့၌ ပါဝင်သော ပထဝီဓာတ်ကို အမျက်ထွက်သဘော အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ကို အမျက်ထွက်သလော"ဟု ကောဋ္ဌာသတို့၌ ပါဝင်သောဓာတ်တို့ကို ခွဲခြား၍ အမျက်ဒေါသကို ဖြေဖျောက်အပ်၏။

တစ်နည်းအားဖြင့် ခန္ဓာ- (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါးတို့ကို စွဲမှီ၍ ဤပုဂ္ဂိုလ်ကို ဤအမည်ရှိသည်ဟု ခေါ်ဆိုအပ်၏၊ မိမိရန်ငြိုးထားမိသော ပုဂ္ဂိုလ်၏ ခန္ဓာ (၅)ပါးတို့တွင် ရူပက္ခန္ဓာကို အမျက်ထွက်သလော၊ သို့မဟုတ် ဝေဒနက္ခန္ဓာကို, သညာက္ခန္ဓာကို, သင်္ခါရက္ခန္ဓာကို၊ ဝိညာဏက္ခန္ဓာကို အမျက်ထွက်သလော (သို့မဟုတ်) ထိုပုဂ္ဂိုလ်၏ အာယတနတို့တွင် စက္ခာယတနကို အမျက်ထွက်သလော၊ သောတာယတနကို ။ ပ ။ မနာယတနကို ဓမ္မာယတနလို အမျက်ထွက်သလော (သို့မဟုတ်) ထိုပုဂ္ဂိုလ်၏ဓာတ်တို့တွင် စက္ခုဓာတ်ကို အမျက်ထွက်သလော၊ ရူပဓာတ်ကို ။ ပ ။ မနောဓာတ်ကို မနောဝိညာဏဓာတ်ကို၊ ဓမ္မဓာတ်ကို

အမျက်ထွက်သလောဟု ဓာတ်တို့ကို အသီးသီးခွဲခြား၍ မိမိ၏ ရန်ငြိုး အမျက်ဒေါသကို ဖြေဖျောက်အပ်၏။

**အကျိုးကား-** ဤသို့ ဓာတ်တို့ကို အသီးသီးခွဲခြားလိုက်လျှင် အပ်နဖားထွင်း စူးဖျား၌ (အပ်ဖျား၌) မုန်ညင်းစေ့၏တည်ရာဌာနမရှိသကဲ့သို့လည်းကောင်း၊ ဟင်းလင်းပြင် ကောင်းကင်၌ ပန်းချီဆေးရေး၏ တည်ရာဌာနမရှိသကဲ့သို့လည်းကောင်း၊ မိမိ၏အမျက် ဒေါသတည်ရာဌာန မရှိတော့ပေ၊ မိမိရန်ငြိုးထား အမျက်ဒေါသထွက်သည့် ပုဂ္ဂိုလ်ကို ရှာမတွေ့ရတော့ပေ။

## မိမိပစ္စည်းပေးကမ်းခြင်းဖြင့် ရန်ငြိုးဖြေဖျောက်နည်း

ဓာတ်တို့ကို အသီးသီးခွဲခြားဝေဖန်ခြင်းငှာ- မစွမ်းနိုင်ခဲ့လျှင် ပစ္စည်းများဝေဘန်ပေးကမ်း ခြင်းကိုပြုအပ်၏။ မိမိ၏ ပစ္စည်းဥစ္စာကိုလည်း ရန်သူပုဂ္ဂိုလ်အားပေးအပ်၏၊ ရန်သူ၏ ပစ္စည်း ဥစ္စာကိုလည်း မိမိကလက်ခံယူအပ်၏၊ အကယ်၍ ရန်သူပုဂ္ဂိုလ်သည် သီလပျက်နေသော ကြောင့် သူ့ပစ္စည်းကို မသုံးဆောင်ထိုက်ငြားအံ့၊ မိမိဥစ္စာကိုသာ ပေးအပ်၏၊ ဤသို့ ပစ္စည်း အပေးအယူပြုလျှင် ရန်ငြိုးအာဃာတများ ဧကန်ပင်ငြိမ်း၏၊ ရန်သူပုဂ္ဂိုလ်မှာလည်း အတိတ်ဘဝမှစ၍ အစဉ်လိုက်လာသော အမျက်ဒေါသပင်ဖြစ်စေကာမူ ထိုခဏ၌ပင်ငြိမ်း၏။

**သာဓကဝတ္ထုမှာ- စိတ္တလတောင်ကျောင်းတိုက်၌** ထ၍နေရာပေးစေရန် သုံးကြိမ် တိုင်တိုင် အနှောင့်အယှက်ပေးခံရသော ပိဏ္ဍပါတိကမထေရ်က "အရှင်ဘုရား ဤသပိတ် သည် ရှစ်အသပြာတန်ပါသည်။ တပည့်တော်၏မယ်တော် ဥပါသိကာမကြီးက လှူထားသော တရားနှင့်အညီရသည့် လာဘ်ပစ္စည်းဖြစ်ပါသည်။ ဥပါသိကာမကြီးအား ကောင်းမှုရအောင် ပြုတော်မူပါ"ဟု ဆို၍ လှူလိုက်သောသပိတ်ကိုရသော နှောက်ယှက်သူ မထေရ်ကြီးမှာ အာဃာတဒေါသငြိမ်းသကဲ့သို့ ဖြစ်ပေသည်။ **ပေးကပ်းခြင်းသည် ဤသို့ပင်ကြီးမားသော အာနုဘော်ရှိပေ၏။**

**မြတ်စွာဘုရားရှင်စကားတော်-**

"ပေးကမ်းခြင်းသည် မယဉ်ကျေးသေးသောသူကို ယဉ်ကျေးစေတတ်၏၊ ပေးကမ်းခြင်း သည် အလုံးစုံသောအကျိုးကို ပြီးစေတတ်၏၊ ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ချစ်ဖွယ် စကားဖြင့်လည်းကောင်း၊ ပေးသူ ပြောသူတို့သည် မျက်နှာပန်းပွင့်လျက် မြင့်တတ်ကုန်၏၊ ခံယူသူ ကြားနာသူတို့သည် ပျော့ပျောင်းကြည်သာ ညွတ်လာတတ်ကုန်၏ဟူသော စကား တော်ကို မြတ်စွာဘုရားရှင် ဟောတော်မူခဲ့ပေ၏။

## သီမာသမ္ဘေဒ လက္ခဏာ

ဆိုခဲ့သည့်အတိုင်း ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသကို ငြိမ်းစေပြီးသူအား ချစ်အပ်သော ပုဂ္ဂိုလ်, အလွန်ချစ်အပ်သော သူငယ်ချင်းနှင့် အလယ်အလတ်ပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသော မေတ္တာစိတ်ဖြစ်သကဲ့သို့ ထို့အတူ ရန်သူပုဂ္ဂိုလ်၌လည်း ချမ်းသာစေလိုသော မေတ္တာ၏

အစွမ်းအားဖြင့် စိတ်သည် မပြတ်ဖြစ်၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် အဖန်တလဲလဲ မေတ္တာပွားသည်ဖြစ်၍ (၁) မိမိ၊ (၂) ချစ်အပ်သောပိယပုဂ္ဂိုလ်၊ (၃) အလယ်အလတ်မဇ္ဈတ္တပုဂ္ဂိုလ် (၄) ရန်သူဝေရီပုဂ္ဂိုလ်ဟူသော ဤလေးဦးတို့၌ ချမ်းသာစေလိုသောအားဖြင့် ညီမျှသော စိတ်ရှိသည်၏အဖြစ်ကို ပြီးစေလျက် မိမိသူတစ်ပါး ချစ်သူ မုန်းသူစသည်ဖြင့် ကွဲပြားသော နယ်ပယ်၏ ပျက်ခြင်း (သီမာသမ္ဘေဒ)ကို ပြုအပ်၏၊ ဤသည်ကား သီမာသမ္ဘေဒ၏ လက္ခဏာပေတည်း။

*(မှတ်ချက်) သီမာ= နယ်ပယ်အပိုင်းအခြား၊ သမ္ဘေဒ= ပျက်ခြင်း၊ သီမာသမ္ဘေဒ= မိမိ,သူတစ်ပါးစသည်ဖြင့် အကန့်အသန့် နယ်ပယ်ပျက်ခြင်း၊ လေးဦးသောပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသောအားဖြင့် ညီမျှသော စိတ်ရှိခြင်းပင်ဖြစ်၏။*

## သီမာသမ္ဘေဒပြည့်စုံပုံ

မေတ္တာပွားသောပုဂ္ဂိုလ်သည် ချစ်အပ်သောပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်တို့နှင့်တကွ မိမိအပါအဝင် ပုဂ္ဂိုလ်လေးဦးတို့ တစ်နေရာရာ၌ စုဝေးထိုင်နေလတ်သော် သူခိုးဓားပြတို့လာကြ၍ "လည်ချောင်းသွေးကိုယူ၍ ဗလိနတ်စာပူဇော်ရန်အတွက် ဤပုဂ္ဂိုလ်လေးဦးထဲမှ တစ်ဦးဦးကိုပေးပါ"ဟု တောင်းဆိုခဲ့သော် "ဤမည်သောပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဤမည်သောပုဂ္ဂိုလ်ကိုလည်းကောင်း ယူကြစေ"ဟု ကြံစည်ငြားအံ့၊ သီမာသမ္ဘေဒကိစ္စ မပြီးသေးပေ။ "ငါ့ကိုသာခေါ်ယူကြ၊ ကျန်ပုဂ္ဂိုလ်များကို မခေါ်ယူကြပါနှင့်"ဟုလည်း ကြံစည်ငြားအံ့၊ သီမာသမ္ဘေဒကိစ္စ မပြီးသေးသည်သာ၊ အဘယ့်ကြောင့်ဟူမူ ပုဂ္ဂိုလ်လေးဦးထဲမှ တစ်ဦးဦးကို ခေါ်ယူစေရန် အလိုရှိခဲ့ပါက ထိုခေါ်ယူခံရသူပုဂ္ဂိုလ်၏ အကျိုးစီးပွားကို အလိုမရှိမူ၍ ကျန်ပုဂ္ဂိုလ်သုံးဦးတို့၏ အကျိုးစီးပွားကိုသာ အလိုရှိရာ ရောက်သောကြောင့် ဖြစ်ပေသည်။

စင်စစ် မိမိအပါအဝင် ပုဂ္ဂိုလ်လေးဦးထဲမှ တစ်ဦးဦးကိုသော်လည်း သူခိုးဓားပြတို့အား ပေးသင့်သည်ကိုမမြင်၊ မိမိ၌လည်းကောင်း၊ ကျန်ပုဂ္ဂိုလ်သုံးဦးတို့အပေါ်၌လည်းကောင်း၊ ချမ်းသာစေလိုသောအားဖြင့် ညီမျှသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြစ်ခဲ့သော် သီမာသမ္ဘေဒကိစ္စပြီးစီးတော့သည်သာ။

*(လင်္ကာ) နိဿရည်းမိမိ၊ ဆရာယှိုသို့၊ မြင်သိအလို၊ မိမိကိုယ်နှင့်၊ ကြည်ညိုချစ်သူ၊ လျစ်လျူ ရန်ဘက် လူလေးချက်၌ သမဂ္ဂတ၊ ပြုအမျှတည်း၊ သူကလျင်ကြောင်း၊ သတ်လို တောင်းက ၎င်းလူများ၊ လေးဦးသား၌၊ မခြားစိတ်တွင်၊ ကိုယ်သို့ပင်လျှင်၊ ထင်စေမစွ၊ အညီမျှလျက်- (မဃဒေဝ)*

### ရေးဆရာများစကား-

မေတ္တာပွားသူသည်- မိမိ, ချစ်အပ်သောသူ, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူဟူသော ပုဂ္ဂိုလ်လေးဦးတို့၌ မိမိ, သူတစ်ပါး, ချစ်သူ, မုန်းသူ စသည်ဖြင့် ထူးခြားခြင်းကို မြင်နေသေးလျှင် ထိုမေတ္တာပွားသူကို "သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားစိတ်ရှိသူ"ဟုသာ ဆိုအပ်ပေသည်၊

"မေတ္တာ၌ လိုတိုင်းရသူ ကျွမ်းကျင်သူဟူ၍ကား မဆိုနိုင်သေးပေ၊ မိမိကိုယ်စသော နယ်ပယ်လေးပါး အသီးအခြားမကွဲပြားတော့ဘဲ နယ်ပယ်ပျက်စီး တစ်သားတည်း ဖြစ်ခဲ့ပြီးလျှင် နတ်နှင့်တကွသော တစ်လောကလုံးကို မေတ္တာဖြင့် အညီအမျှဖြန့်နိုင်၏။ မိမိကိုယ်စသော နယ်ပယ်အပိုင်းအခြား မသိရတော့သောအခါ၌ကား ထိုပုဂ္ဂိုလ်သည် မေတ္တာဘာဝနာဖြင့် ကြီးမြတ်ထူးကဲမွန်မြတ်လှပေ၏။ (မေတ္တာ၌ လိုတိုင်းရသူ ကျွမ်းကျင်သူဟူ၍ ဆိုနိုင်ပေတော့၏)

## အပ္ပနာဈာန်ရပုံ

ဤသို့ သီမာသမ္ဘေဒကိစ္စ ပြီးစီးသည်နှင့်တူမျှသော ကာလ၌ပင်လျှင် မေတ္တာပွားများသော ရဟန်းသည် (ပုဂ္ဂိုလ်သည်) ပဋိဘာဂနိမိတ်ကိုလည်းကောင်း ဥပစာရဈာန်ကိုလည်းကောင်းရပေ၏။ သီမာသမ္ဘေဒ ပြုပြီးသောအခါ ထိုသီမာသမ္ဘေဒ၏အစွမ်းဖြင့်ဖြစ်သော ထိုသမာဓိနိမိတ်ကိုပင် မှီဝဲပွားများ ကြိမ်ဖန်များစွာပြုနေလျှင် ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် မဆင်းရဲမပင်ပန်းဘဲ အပ္ပနာဈာန်သို့ ရောက်လေတော့၏။

ဤမျှသောဘာဝနာအစဉ်ဖြင့် ယောဂီပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကိုပယ်၍ အင်္ဂါငါးပါးနှင့်ပြည့်စုံသော ကောင်းခြင်းသုံးပါး လက္ခဏာဆယ်ပါးတို့နှင့်လည်း ပြည့်စုံသော မေတ္တာနှင့်တကွဖြစ်သော ပထမဈာန်ကို ရပေ၏။

ပထမဈာန်ရပြီးလျှင် ထိုသမာဓိနိမိတ်ကိုပင် မှီဝဲပွားများအကြိမ်များစွာပြုလျက် ဘာဝနာအစဉ်ဖြင့် စတုက္ကနည်းအရ ဒုတိယ, တတိယဈာန်တို့ကိုလည်းကောင်း၊ ပဉ္စကနည်းအရ ဒုတိယ, တတိယ, စတုတ္ထဈာန်တို့ကိုလည်းကောင်း ရနိုင် ရောက်နိုင်ပေ၏။

## ဈာန်ရခြင်းကြောင့်ရရှိသောအကျိုး

သုံးပါးလေးပါးသော မေတ္တာဈာန်တို့ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်သည် ပထမဈာန်စသည်တို့တွင် တစ်ပါးပါး၏အစွမ်းဖြင့် မေတ္တာနှင့်တကွသောစိတ်ဖြင့် အရပ်ဆယ်မျက်နှာ၌ အလုံးစုံ သတ္တဝါရှိသော သတ္တလောကကို အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်နှင့် အတူပြုသဖြင့် မေတ္တာနှင့်တကွ ပြန့်ပြောသော, မဟဂ္ဂုတ်ဖြစ်သော, အတိုင်းအရှည်မရှိသည့် သတ္တဝါလျှင် အာရုံရှိသော, ရန်ကင်းသော, ဆင်းရဲကင်းသောစိတ်ဖြင့် ဖြန့်၍နေနိုင်၏။

ဈာန်၏ ကွန့်မြူးစမ္ပါယ်ခြင်းဟူသော ဤသို့သော အမျိုးမျိုးအထွေထွေပြုခြင်းသည် ပထမဈာန်စသည်တို့၏ အစွမ်းအားဖြင့် အပ္ပနာသို့ ရောက်သည့်စိတ်ရှိသော ယောဂီပုဂ္ဂိုလ်အားသာလျှင် ပြီးစီးပြည့်စုံနိုင်ပေ၏။

**မေတ္တာသဟဂတေန**= မေတ္တာနှင့်ပြည့်စုံသော၊ မေတ္တာနှင့်ယှဉ်သော၊

**စေတသာ** = စိတ်ဖြင့်

**ဧကံ ဒိသံ** = တစ်ခုသော အရပ်မျက်နှာကို

(ဤစကားသည် တစ်ခုသော အရပ်မျက်နှာ၌ ရှေးဦးစွာသိမ်းဆည်းအပ်သော သတ္တဝါအပေါင်းကို အစွဲပြု၍ အရပ်မျက်နှာတစ်ခု၌ အကျုံးဝင်သော သတ္တဝါအပေါင်းကို မေတ္တာဖြန့်

သည်၏အစွမ်းဖြင့် ဆိုအပ်သောစကားဖြစ်သည်၊ **အရပ်မျက်နှာကို မေတ္တာပွားခြင်း မဟုတ်၊ အရပ်မျက်နှာ၌ရှိသော သတ္တဝါအပေါင်းကို မေတ္တာပွားခြင်းဖြစ်သည်။)**

**ဖရိတွာ** = ဖြန့်၍ စိတ်ဖြင့်တွေ့ထိအာရုံပြု၍

**ဝိဟရတိ** = နေ၏၊ မေတ္တာစျာန်ဟူသော ဗြဟ္မဝိဟာရက ထောက်ပံ့လျက် ခိုင်ခန့်စွာ တည်စေအပ်သော ဣရိယာပုထ်ဖြင့် နေခြင်းကို မပြတ်ဖြစ်စေ၏။

အရှေ့အရပ်အစရှိသော အရပ်မျက်နှာတို့တွင် အမှတ်မရှိ တစ်ခုခုသောအရပ်မျက်နှာ ၌ရှိသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍နေသကဲ့သို့ အခြားအရပ်မျက်နှာတို့၌ရှိသော သတ္တဝါအပေါင်းကို မေတ္တာဖြင့်ဖြန့်၍ နေအပ်၏။

**ဥဒ္ဓံ**= အထက်အရပ်၊ **အဓော**= အောက်အရပ်၊ **တိရိယံ**= အထောင့်အရပ်၊

မြင်းဝင်း၌ မြင်းကို ကျွမ်းကျင်နိုင်နင်းစွာ ထိုမှဤမှ စိုင်းနှင်စီးနင်းနိုင်သကဲ့သို့ အလုံး စုံအရပ်ဆယ်မျက်နှာတို့၌ မေတ္တာနှင့်တကွသောစိတ်ကို ကျွမ်းကျင်နိုင်နင်းစွာ လိုတိုင်းရအောင် ပွားများအားထုတ်နိုင်ပေ၏။

**သဗ္ဗဓိ**= အလုံးစုံသော အရပ်မျက်နှာ၌

**သဗ္ဗတ္တတာယ** = အယုတ်အလတ်အမြတ် မိတ်ဆွေရန်သူ အလယ်အလတ်ပုဂ္ဂိုလ် စသည် အပြားရှိကုန်သော အလုံးစုံသော သတ္တဝါတို့၌ **မိမိကိုယ်၏အဖြစ်ဖြင့်ဟူသည်** ဤသူသည် တစ်ပါးသောသူတည်း၊ တစ်ပါးသောသတ္တဝါတည်းဟု ခွဲခြားခြင်းကို မပြုမူ၍ **မိမိနှင့်တူညီသည်၏အဖြစ်ဖြင့်** ဟုဆိုလို၏။

## မေတ္တာစျာန်၏မဟဂ္ဂုတ်စသည်မည်ပုံ

ရူပဘုံ၏အစွမ်းဖြင့် ဤမေတ္တာစျာန်သည် မဟဂ္ဂုတ်မည်၏။ လေ့လာကျေပွန်သည်၏ အစွမ်းဖြင့်လည်းကောင်း အတိုင်းအရှည်အပိုင်းအခြားမရှိသော သတ္တဝါတို့ကို အာရုံပြုသည် ၏ အစွမ်းဖြင့်လည်းကောင်း **အပ္ပမာဏ** မည်၏။ ဗျာပါဒ ဒေါသဟူသော ရန်သူကို ပယ်ခြင်း ကြောင့် **အဝေရ** မည်၏။ ဒေါမနဿကိုပယ်ခြင်းကြောင့် **အဗျာပဇ္ဇ**မည်၏။ (စိတ်ဆင်းရဲခြင်း မရှိဟု ဆိုလို၏။)

## အပ္ပနာစျာန်ရသည့်ပုဂ္ဂိုလ်သာပြီးစီးနိုင်

ယခုပြဆိုခဲ့သော အမျိုးမျိုးအထွေထွေ မေတ္တာပွားခြင်းသည် အပ္ပနာသို့ ရောက်သည့် စိတ်ရှိသော စျာနလာဘီပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံသကဲ့သို့-

**ငါးပါးသောအခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသောအားဖြင့်ဖြန့်သော အနောဓိသ မေတ္တာ စေတောဝိမုတ္တိ၊ ခုနစ်ပါးသောအခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့်ဖြန့်သော ဩဓိသမေတ္တာစေတောဝိမုတ္တိ၊ ဆယ်ပါးသောအခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်သော ဒိသာဖရဏမေတ္တာစေတောဝိမုတ္တိ**ဟူသော ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော အမျိုးမျိုးအထွေထွေ မေတ္တာပွားခြင်းသည်လည်း အပ္ပနာသို့ရောက်သောစိတ်ရှိသည့် စျာန လာဘီပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံနိုင်ပေသည်။

## အနောဓိသမေတ္တာပွားပုံ

ပဋိသမ္ဘိဒါမဂ်၌-

၁။ သဗ္ဗေသတ္တာ = အလုံးစုံသောသတ္တဝါတို့သည်၊ **အဝေရာဟောန္တု**= ရန်ကင်းကြပါစေ၊ **အဗျာပဇ္ဈာဟောန္တု** = စိတ်ဆင်းရဲကင်းကြပါစေ၊ **အနီဃာဟောန္တု** = ကိုယ်ဆင်းရဲကင်းကြပါစေ၊ **သုခီအတ္တာနံ ပရိဟရဟန္တု**= ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင် နိုင်ကြပါစေ။

၂။ သဗ္ဗေပါဏာ = အလုံးစုံသော အသက်ရှုသူတို့သည်၊ **အဝေရာဟောန္တု** = ရန်ကင်းကြပါစေ၊ **အဗျာပဇ္ဈာဟောန္တု** = စိတ်ဆင်းရဲကင်းကြပါစေ၊ **အနီဃာဟောန္တု** = ကိုယ်ဆင်းရဲကင်းကြပါစေ၊ **သုခီအတ္တာနံ ပရိဟရဟန္တု** = ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ သဗ္ဗေဘူတာ = အလုံးစုံသော ထင်းရှားဖြစ်သူတို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၄။ သဗ္ဗေပုဂ္ဂလာ = အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ = အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည် **အဝေရာဟောန္တု အဗျာပဇ္ဈာဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံပရိဟရန္တု၊**
(၅×၄ =၂၀)

## ဩဓိသမေတ္တာပွားပုံ

၁။ သဗ္ဗာ ဣတ္ထိယော = အလုံးစုံသော မိန်းမတို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၂။ သဗ္ဗေပုရိသာ = အလုံးစုံသော ယောကျ်ားတို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၃။ သဗ္ဗေအရိယာ = အလုံးစုံသော အရိယာတို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၄။ သဗ္ဗေအနရိယာ = အလုံးစုံသော ပုထုဇဉ်တို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၅။ သဗ္ဗေဒေဝါ = အလုံးစုံသော နတ်တို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။**

၆။ သဗ္ဗေမနုဿာ = အလုံးစုံသော လူတို့သည်၊ **အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊**

အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။

၇။ သဗ္ဗေဝိနိပါတိကာ = အလုံးစုံသော အပါယ်ဘုံသားတို့သည်၊ အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။ (၇×၄=၂၈)

ဒိသာဖရဏမေတ္တာပွားပုံ

၁။ ပုရတ္ထိမာယ ဒိသာယ= အရှေ့အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၂။ ပစ္ဆိမာယ ဒိသာယ= အနောက်အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသော သတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု။

၃။ ဥတ္တရာယ ဒိသာယ= မြောက်အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၄။ ဒက္ခိဏာယ ဒိသာယ= တောင်အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၅။ ပုရတ္ထိမာယ အနုဒိသာယ= အရှေ့တောင်ထောင့်အရပ်၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၆။ ပစ္ဆိမာယ အနုဒိသာယ= အနောက်မြောက်ထောင်အရပ်၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၇။ ဥတ္တရာယ အနုဒိသာယ= အရှေ့မြောက်ထောင့်အရပ်၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၈။ ဒက္ခိဏာယ အနုဒိသာယ= အနောက်တောင်ထောင့်အရပ်၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၉။ ဟေဋ္ဌိမာယ ဒိသာယ= အောက်အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၁၀။ ဥပရိမာယ ဒိသာယ= အထက်အရပ်မျက်နှာ၌၊ သဗ္ဗေသတ္တာ= အလုံးစုံသောသတ္တဝါတို့သည် အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(သတ္တဝါရ) (၁၀)မျိုး၊ (မေတ္တာ-၄၀)

ထို့အတူ ပါဏဝါရ (၁၀)မျိုး၊ ဘူတဝါရ (၁၀)မျိုး၊ ပုဂ္ဂလဝါရ (၁၀)မျိုး၊ အတ္တဘာဝပရိယာပန္နဝါရ (၁၀)မျိုး၊ ဣတ္ထိဝါရ (၁၀)မျိုး၊ ပုရိသဝါရ (၁၀)မျိုး၊ အရိယဝါရ (၁၀)မျိုး၊ အနရိယဝါရ (၁၀)မျိုး၊ ဒေဝဝါရ (၁၀)မျိုး၊ မနုဿဝါရ (၁၀)မျိုး၊ ဝိနိပါတိကဝါရ (၁၀)မျိုး၊ (ဝါရတစ်ခု၌ မေတ္တာ (၄၀)စီ ရှိ၏။) (၁၂ × ၄၀= ၄၈၀)။ (၂၀ +၂၈ + ၄၈၀ = ၅၂၈)

## သတ္တဝါမည်ပုံ

ရုပ်အစရှိသော ခန္ဓာတို့၌ လိုချင်တပ်မက်သော ဆန္ဒရာဂဖြင့် ငြိကပ်တွယ်တာကြသောကြောင့် သတ္တဝါ မည်၏။

**မြတ်စွာဘုရားစကားတော်-**

**ရာဓရဟန်း** ရုပ်၌လိုချင်တပ်မက်နှစ်သက် ဆာလောင်ခြင်းတဏှာဖြင့် ငြိကပ်တွယ်တာတတ်သောကြောင့် **သတ္တဝါ**ဟု ခေါ်ဆိုအပ်၏၊ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဏ်၌ လိုချင်တပ်မက် နှစ်သက်ဆာလောင်ခြင်းတဏှာဖြင့် ငြိကပ်တွယ်တာတတ်သောကြောင့် **သတ္တဝါ**ဟု ခေါ်ဆိုအပ်၏ဟု မိန့်ကြားတော်မူခဲ့၏။

## ရဟန္တာလည်းသတ္တဝါအမည်ရပုံ

ဤ**သတ္တဝါ**ဟူသော ဝေါဟာရသည် တပ်မက်မှုရာဂကင်းသော **ရဟန္တာတို့၌လည်း** ပုံသဏ္ဍာန်စသည်တူသဖြင့် တင်စား၍ ခေါ်ခြင်း **အတင်ရူဠှီ**၊ ခေါ်ဝေါ်နေကျဖြစ်၍ တွင်နေသော **အတွင်ရူဠှီ**သဒ္ဒါအလိုအားဖြင့် ဖြစ်သည်သာတည်း။

ဝါးနှီးဖြင့် ပြုလုပ်ထားသောယပ်ဝန်းကို **တာလဝဏ္ဋ** ထန်းရွက်ယပ်ဝန်းနှင့်တူသောကြောင့် ထန်းရွက်ယပ်ဝန်းဟု ခေါ်သကဲ့သို့ ရာဂရှိသောပုဂ္ဂိုလ်တို့၌လည်း ခန္ဓာငါးပါးရှိသည်၊ ရာဂကင်းသောရဟန္တာတို့၌လည်း ခန္ဓာငါးပါးရှိသည်၊ ဤသို့ခန္ဓာငါးပါးရှိပုံခြင်းတူသောကြောင့် ရဟန္တာတို့ကိုလည်း **အတင်ရူဠှီ**အားဖြင့် သတ္တဝါဟု ခေါ်သည်။

ထို့ပြင် သင်ကြားပြသပေးသူကို ဆရာဟု ခေါ်ကြ၏။ ထိုသူသည် သင်ကြားပြသမှုမှ ရပ်စဲ၍နေငြားသော်လည်း ထိုသူကို ဆရာဟုပင် ခေါ်တွင်နေသကဲ့သို့ **သတ္တဝါ**ဟူသော ဝေါဟာရသည်လည်း ရာဂရှိစဉ်က ခေါ်တွင်နေသောကြောင့် ရာဂကင်းသော ရဟန္တာအဖြစ်

ရောက်သွားသော်လည်း သတ္တဝါဟုပင် ခေါ်တွင်မြဲခေါ်တွင်သည့်အတွင် ရုဠီ အားဖြင့် ရဟန္တာတို့ကိုလည်း၊ သတ္တဝါဟု ခေါ်သည်။

## တစ်နည်း-သတ္တဝါမည်ပုံ

ဗုဒ္ဓိခေါ် အသိဉာဏ်၊ လုံ့လဝီရိယ၊ ဉဿာခေါ် အပူဋ္ဌေ့တေဇောဟူသော သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့် သတ္တဝါမည်၏၊ ဥပမာ ညိုသောအဆင်းဂုဏ်နှင့်ယှဉ်ခြင်းကြောင့် ပုဆိုးကို ပုဆိုးညိုဟု ခေါ်ဆိုသကဲ့သို့ပင်ဖြစ်၏။

**ပါဏမည်ပုံ**

အသက်ရှူတတ်သောကြောင့် (တစ်နည်း) ထွက်သက်ဝင်သက်နှင့်စပ်သော ဖြစ်ခြင်း ရှိသောကြောင့် ပါဏမည်၏။

**ဘူတမည်ပုံ**

ကောင်းစွာဖြစ်ခြင်း၊ အသစ်ထင်ရှားဖြစ်ခြင်းကြောင့် ဘူတမည်၏။

**ပုဂ္ဂလမည်ပုံ**

ငရဲကို (ပုံ)ဟုခေါ်၏၊ (ပုံ)ဟုဆိုအပ်သော ငရဲသို့ရောက်တတ်သောကြောင့် ပုဂ္ဂလပုဂ္ဂိုလ် မည်၏။

**(တစ်နည်း) ပူရဏ-** ပြည့်စေတတ်သောကြောင့်လည်းကောင်း၊ ဂလန- လျော့ကျ တတ်သောကြောင့်လည်းကောင်း၊ ပုဂ္ဂလ-ပုဂ္ဂိုလ်မည်၏။ သတ္တဝါတို့သည် ဘဝသစ်၌ ဖြစ်ကုန်လတ်သော် ထိုထိုသတ္တဝါအပေါင်းကိုပြည့်စေကုန်သကဲ့သို့ရှိကြ၏။ ခပ်သိမ်းသော အခိုက်အတန့်၌ သေလျက်ကျတတ်သောကြောင့် လျှော့ကျစုတေတတ်ကုန်၏၊ ထိုနှစ်ပါး သောအကြောင်း ကြောင့် ပုဂ္ဂလ ပုဂ္ဂိုလ်မည်၏။

**အတ္တဘာဝပရိယာပန္နမည်ပုံ**

ကိုယ်ကို (သို့မဟုတ်) ခန္ဓာငါးပါးအပေါင်းကို အတ္တဟု ထင်မှတ်ရခြင်း၏ အကြောင်းဖြစ် သောကြောင့် အတ္တဘာဝ အတ္တဘောဟု ခေါ်၏။ ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ပညတ်မျှ ဖြစ်သင့်သောကြောင့်လည်း အတ္တဘောဟုခေါ်၏။ ထိုအတ္တဘာဝ အတ္တဘော၌ အတွင်းဝင် သောကြောင့် အတ္တဘာဝပရိယာပန္န မည်၏။

သတ္တဝါအားလုံးကို ဟောသည့် အခြားသော ဇန္တု, ဇီဝ စသော သဒ္ဒါများရှိပါသော်လည်း ထင်ရှားသည်၏ အစွမ်းဖြင့် သတ္တ ပါဏ စသော ငါးပုဒ်တို့ကိုသာယူ၍ ဟောခြင်းဖြစ်၏။

## ၅၂၈-သွယ် မေတ္တာရေတွက်ပုံ

သဗ္ဗေသတ္တာ အလုံးစုံသော သတ္တဝါတို့သည် **အဝေရာဟောန္တု**- ရန်ကင်းကြပါစေ၊ (မေတ္တာ-၁-ပါး)၊ **အဗျာပဇ္ဇာဟောန္တု**- စိတ်ဆင်းရဲ ကင်းကြပါစေ (မေတ္တာ ၁-ပါး)၊ **အနီဃာ ဟောန္တု**- ကိုယ်ဆင်းရဲကင်းကြပါစေ၊ (မေတ္တာ ၁-ပါး)၊ **သုခီအတ္တာနံ ပရိဟရန္တု**- ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ (မေတ္တာ ၁-ပါး)

ထို့အတူ သဗ္ဗေပါဏာ၌ မေတ္တာ ၄-ပါး၊ သဗ္ဗေဘူတာ၌ မေတ္တာ ၄-ပါး၊ သဗ္ဗေပုဂ္ဂလာ၌ မေတ္တာလေးပါး၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၌ မေတ္တာ ၄-ပါး၊

သဗ္ဗေသတ္တာစသော အနောဓိသ ပုဂ္ဂိုလ် ၅-ယောက်၊ တစ်ယောက်တစ်ယောက်၌ အဝေရာဟောန္တုစသော မေတ္တာ ၄-ပါးစီဖြစ်၍ **အနောဓိသမေတ္တာ (၂၀)**ဖြစ်၏။

သဗ္ဗာဣတ္ထိယောစသော ဩဓိသပုဂ္ဂိုလ်ခုနစ်ယောက်၊ တစ်ယောက်တစ်ယောက်၌ အဝေရာဟောန္တုစသော မေတ္တာ ၄-ပါးစီဖြစ်၍ **ဩဓိသမေတ္တာ-၂၈-ပါးဖြစ်**၏။

အရပ်မျက်နှာအားဖြင့် ဖြန့်ရာ၌ အရပ်ဆယ်မျက်နှာရှိသည်တို့တွင် အရှေ့အရပ်မျက်နှာ၌ သဗ္ဗေသတ္တာစသော အနောဓိသပုဂ္ဂိုလ် ၅-ယောက်၊ တစ်ယောက်တစ်ယောက်၌ အဝေရာဟောန္တုစသော မေတ္တာ ၄-ပါးစီဖြစ်၍ မေတ္တာ-၂၀၊ ဤသို့လျှင် အရပ်မျက်နှာ တစ်ခုစီ၌ မေတ္တာ (၂၀)ပြု၍ အရပ်ဆယ်မျက်နှာ၌ **မေတ္တာ (၂၀၀)** ဖြစ်ကုန်၏။

အရှေ့အရပ်မျက်နှာ၌ သဗ္ဗာဣတ္ထိယော စသော ဩဓိသပုဂ္ဂိုလ်ခုနစ်ယောက် တစ်ယောက်တစ်ယောက်၌ အဝေရာဟောန္တုစသော မေတ္တာ ၄-ပါးစီဖြစ်၍ မေတ္တာ-၂၈-ပါး ဤသို့လျှင် အရပ်မျက်နှာတစ်ခုစီ၌ မေတ္တာ-၂၈-ပါးပြု၍ အရပ်ဆယ်မျက်နှာ၌ **မေတ္တာ (၂၈၀)**ဖြစ်ကုန်၏။ ဤသို့လျှင် **ဒိသာဖရဏမေတ္တာ (၄၈၀)** ဖြစ်ကုန်၏။

ဤသို့အားဖြင့် အနောဓိသမေတ္တာ-၂၀၊ ဩဓိသမေတ္တာ ၂၈-ပါး၊ အရပ်မျက်နှာအားဖြင့် ဖြန့်ခြင်း၊ ဒိသာဖရဏမေတ္တာ ၄၈၀-ပါး စုစုပေါင်း**မေတ္တာ ၅၂၈-ပါး** ဖြစ်သတည်း။

**လင်္ကာ-ပဋိသမ္ဘိဒါမဂ်လာ (၅၂၈)သွယ်မေတ္တာ ရေတွက်နည်းလင်္ကာ**

*ဝေ-ဗျာ-နီ-သု၊ ခွဲဝေပြု၊ တုဖြင့် လေးမေတ္တာ၊*
*နောဓိသ်ပဉ္စ၊ တု-လေး၀၊ မြှောက်က နှစ်ဆယ်သာ၊ (၂၀)*
*သတ္တဩဓိ၊ တု-လေးရှိ၊ မြှောက်ဘိနှစ်ရှစ်သာ၊ (၂၈)*
*ရပ်ဆယ်မျက်နှာ၊ ဆက်မြှောက်ပါ၊ နှစ်ရာ, နှစ်ရာ့ရှစ်ဆယ်ဖြစ် (၂၀၀/၂၈၀)*
*လေးဆယ့်ရှစ်ဖြာ၊ သုဒ်မေတ္တာ၊ ထပ်ကာပေါင်းဖွဲ့လစ်၊*
*မေတ္တာစစ်မှာ၊ ရေတွက်ပါ၊ ငါးရာနှစ်ဆယ့်ရှစ်။*
*(လေးစျာန်ပွားသော်၊ နှစ်ထောင်ပေါ်၊ ရာကျော်တစ်ဆယ့်နှစ် (၂၁၁၂)*

## မေတ္တာ၏အာနိသင်အကျိုး(၁၁)ပါး

ပြဆိုခဲ့သည့်အတိုင်း ငါးရာနှစ်ဆယ့်ရှစ် (၅၂၈)သွယ်သော မေတ္တာတို့တွင် (အပ္ပနာတို့တွင်) အမှတ်မရှိ တစ်ပါးပါးသော မေတ္တာ (အပ္ပနာ)၏အစွမ်းဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွားစေသော ယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာအိပ်ရခြင်းစသော အကျိုးအာနိသင် တစ်ဆယ့်တစ် (၁၁)ပါးကို ရရှိပေ၏။

*လင်္ကာ-* *ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊*

*လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊*
*သေလျှင်မတွေ၊ သေသောအခါ ဗြဟ္မာ့ရွာ၊ လားရာ မေတ္တာအကျိုးတည်း။*
*(သပြေကန်ပရိတ်ကြီးနိဿယ)*

၁။ **ချမ်းသာစွာအိပ်ရ၏** ဟူသည်-မေတ္တာစေတော ဝိမုတ္တိကိုရသူမှ ကြွင်းကုန်သော အခြားပုဂ္ဂိုလ်တို့သည် အိပ်သည့်အခါ တပြောင်းပြန်ပြန် လူးလိမ့်ကုန်လျက် ယူးရှူးယူးရှူးဟု ဟောက်ကုန်လျက် ပါးစပ်မှ ယောင်ရမ်းမြည်တမ်းကုန်လျက် ဆင်းရဲစွာ အိပ်ရကုန်သကဲ့သို့ ထို့အတူ ဆင်းရဲစွာမအိပ်ရမူ၍ ချမ်းသာစွာအိပ်ရ၏၊ အိပ်ပျော်ခြင်းသို့ရောက်နေသော်လည်း သမာပတ်ဝင်စားနေရသကဲ့သို့ ဖြစ်၏။

၂။ **ချမ်းသာစွာနိုးရ၏** ဟူသည်- အခြားသူတို့သည် ညည်းတွားကုန်လျက် ကိုယ်လက်တို့ကို ပစ်နှံလူးလိမ့်ကုန်လျက် ဆင်းရဲစွာနိုးရကုန်သကဲ့သို့ ထို့အတူ ဆင်းရဲစွာမနိုးမူ၍ ပဒုမ္မာကြာပန်းပွင့်လာသကဲ့သို့ ကိုယ်လက်ဖောက်ပြန်ခြင်းမရှိဘဲ ချမ်းသာရွှင်လန်းစွာ နိုးရ၏။

၃။ **ယုတ်ညံ့သော အိပ်မက်ဆိုးကိုမမြင်ရ**-ဟူသည်- အိပ်မက်ကိုမြင်မက်သော်လည်း အိပ်မက်ကောင်းကိုသာ မြင်မက်၏၊ စေတီတော်ကို ရှိခိုးပူဇော်ခြင်း၊ တရားနာရခြင်းစသော အိပ်မက်ကောင်းတို့ကိုသာ မြင်မက်၏။ အခြားသူတို့သည် မိမိကိုခိုးသူ လူဆိုးတို့က ဝိုင်းရံထားခြင်း၊ ကျားစသော သားရဲတိရစ္ဆာန်တို့ အနှိပ်စက်ခံရခြင်း၊ ကမ်းပါးပြတ်၌ကျသွားခြင်းစသော အိပ်မက်ဆိုးများ မြင်မက်ကုန်သကဲ့သို့ ထို့အတူ ယုတ်ညံ့သော အိပ်မက်ဆိုးများကို မမြင်မက်ရပေ။

၄။ **လူတို့က ချစ်ခင်၏**ဟူသည်- လည်၌စွပ်၍ ရင်၌တွဲလဲကျနေသော ပုလဲသွယ်ကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ပန်ဆင်ထားသော ပန်းကုံးကဲ့သို့လည်းကောင်း၊ လူတို့က ချစ်ခင်မြတ်နိုးကြကုန်၏။

၅။ **နတ်တို့ချစ်ခင်၏** ဟူသည်- လူတို့က ချစ်ခင်ကြသကဲ့သို့ပင် နတ်တို့ကလည်း ချစ်ခင်ကြကုန်၏ ဝိသာခ အမည်ရှိသော မထေရ်ကဲ့သို့ပေတည်း။

၆။ **နတ်တို့ကစောင့်ရှောက်ကြ၏** ဟူသည်- မိဘတို့သည် သားသမီးများကို စောင့်ရှောက်ကြသကဲ့သို့ မေတ္တာဖြင့် နေလေ့ရှိသူကို နတ်တို့က စောင့်ရှောက်ကြသည်။

၇။ **မေတ္တာပွားသူ၏ ကိုယ်၌ လက်နက်အဆိပ်မီး** မကျရောက်နိုင်ဟူသည်- ဥတ္တရာမည်သော ဥပါသိကာမ၏ ကိုယ်၌ ဆီပူမလောင်သကဲ့သို့ မေတ္တာဖြင့် နေလေ့ရှိသူ၏ကိုယ်၌ မီးသည်လည်း မကျရောက် မလောင်နိုင်ပေ၊ သံယုတ်နိကာယ်ဆောင် **စူဠသိဝမထေရ်**မှာကဲ့သို့ အဆိပ်သည်လည်း မကျရောက် မသင့်နိုင်ပေ၊ **သံကိစ္စသာမဏေ၏** ကိုယ်၌ ဓားလက်နက်သည်လည်း မကျရောက် မလှီးဖြတ် မစူးဝင်နိုင်သကဲ့သို့ မေတ္တာပွားသူ၏ကိုယ်ကို လက်နက်. အဆိပ်. မီးတို့ဖြင့် မဖျက်ဆီးနိုင်ပေ။

**နွားမဝတ္ထု**- သားရှိသော မိခင်နွားမတစ်ကောင်သည် သားငယ်နွားကလေးအား နို့ရည်အလျှင်ကိုလွှတ်၍ နို့တိုက်လျက်ရှိစဉ် မုဆိုးတစ်ယောက်သည် ထိုနွားမကို ထိုးအံ့ဟု လက်ကိုနောက်သို့ ပစ်လွှဲ၍ အရှိန်ယူကာ အရိုးရှည်ရှိသောလှံကို ပစ်လွှတ်လိုက်၏။ ထိုလှံသည် နွားမ၏ကိုယ်ကို ထိခိုက်၍ ထန်းရွက်ကဲ့သို့ ခွေလိပ်သွားလေ၏၊ ထိုသို့ဖြစ်ခြင်းသည် **ဥပစာရ**၏ အစွမ်းကြောင့်လည်းမဟုတ်၊ **အပ္ပနာ**၏အစွမ်းကြောင့်လည်းမဟုတ်၊ သားငယ်နွားကလေး၌ **အားကြီးသော ချစ်ခင်စိတ်ရှိခြင်းသက်သက်ကြောင့် သာဖြစ်**၏။ မေတ္တာသည် ဤသို့ပင် ကြီးမားသော အာနုဘော်ရှိပေသည်။

၈။ **လျှင်စွာစိတ်တည်ကြည်၏**ဟူသည်- မေတ္တာဖြင့် နေလေ့ရှိသူ၏ စိတ်သည် လျှင်စွာပင် တည်ကြည်၏၊ ထိုသို့တည်ကြည်ခြင်း၏ နှောင်နှေးခြင်းမည်သည် မရှိပေ။

၉။ **မျက်နှာအဆင်းကြည်လင်၏**ဟူသည်- အညှာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ မေတ္တာပွားသူ၏ မျက်နှာသည် အထူးသဖြင့် ကြည်လင်ဝင်းပသော အဆင်းရှိ၏။

၁၀။**မတွေဝေဘဲ သေရ၏**ဟူသည်- မေတ္တာဖြင့် နေလေ့ရှိသူအား တွေဝေမိန်းမောလျက် သေရခြင်းမည်သည်မရှိပေ၊ အိပ်ပျော်သွားသကဲ့သို့ တွေဝေမှုမရှိဘဲသာ သေရ၏။

၁၁။**အထက်မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိလတ်မရလတ်သော် ဗြဟ္မာ့ပြည်သို့ လားရ၏** ဟူသည်- မေတ္တာသမာပတ်မှ အထက်ဖြစ်သော အရဟတ္တမဂ်/ဖိုလ်ကို ရခြင်းငှာ မစွမ်းနိုင်လတ်သော် ဤလူ့ဘဝမှ စုတေ၍ အိပ်ပျော်နေရာမှ နိုးသောသူကဲ့သို့ ဗြဟ္မလောက၌ ဖြစ်ရ၏။

မေတ္တာဘာဝနာ အကျယ်ပြဆိုချက်ပြီး၏။

⊕ ⊕ ⊕

## ၂။ ကရုဏာပွားပုံ အဖွင့်

### ကရုဏာမည်ပုံ

သူတစ်ပါး၏ ဆင်းရဲကို မြင်ရကြားရသည်ရှိသော် သူတော်ကောင်းတို့၏ နှလုံးတုန်ခြင်းကိုပြုတတ်သောကြောင့် **ကရုဏာ**မည်၏၊ (ဝါ) သနားတတ်သောကြောင့် ကရုဏာမည်၏။

(တစ်နည်းကား) သူတစ်ပါး၏ဆင်းရဲကို ညှဉ်းဆဲတတ် ပယ်ဖျောက်တတ်သောကြောင့် **ကရုဏာ**မည်၏၊ (တစ်နည်းကား) ဆင်းရဲဒုက္ခရောက်နေသူတို့၌ ဖြန့်သည်၏အစွမ်းအားဖြင့် ပြန့်စေအပ်သောကြောင့် **ကရုဏာ**မည်၏။

ကရုဏာကို ပွားစေလိုသော ပုဂ္ဂိုလ်သည် သနားခြင်းကရုဏာကင်းမဲ့မှု၌ အပြစ်ကိုဂင်း သနားခြင်းကရုဏာရှိမှု၌ အကျိုးအာနိသင်ကိုဂင်း၊ ဆင်ခြင်ပြီးလျှင် **ကရုဏာဘာဝနာ**ကို အားထုတ်အပ်၏။

## ကရုဏာခေါင်းပါးခြင်းအပြစ်

ဤလောက၌ အချို့သောသူတို့သည် အခြားသောပုဂ္ဂိုလ်သတ္တဝါများကို သနားငဲ့ညှာ ကရုဏာနည်းပါး ညှဉ်းဆဲနှိပ်စက်တတ်သောကြောင့် လာဘ်ရှား၏၊ ရပြီးလာဘ်လည်း ပျက်စီးဆုံးရှုံး၏၊ မကောင်းသတင်းကျော်စောခြင်းရှိ၏၊ ပရိသတ်ထဲ၌ မရဲထိတ်လန့် တုန်လှုပ်၏။ တွေတွေဝေဝေသေရ၏၊ သေသောအခါ အပါယ်လားရ၏။

လူ့ပြည်၌ လူဖြစ်ပြန်လျှင်လည်း အမျိုးယုတ်ဖြစ်ရ၏။ ထွေထွေကြိုက်ဆူ ရောဂါထူ၍ ညည်းညူမသာ အနာရောဂါသည်လည်း ဖြစ်ရတတ်၏ မွေးမိသော်မှ ရှုကြည့်မသာ ရုပ်ဝါရှုပမလှမပလည်းဖြစ်ရတတ်၏။ ဆင်းရဲနွမ်းပါး အစားအစာလည်း ရှားတတ်၏။ အသက်လည်း တိုတတ်၏။ ဤသို့ စသော များစွာသော အကျိုးမဲ့တို့သည် အစဉ်ဖွဲ့အပ်၏ဟု ကရုဏာကင်းမဲ့ခြင်း၏အပြစ်ကို အဖန်ဖန် ရှုအပ်၏။ (ဝိ-မဟာ-ဋီ၊ ပရမတ္ထသရူပဘေဒနီ)

## ကရုဏာ၏အကျိုး

သနားငဲ့ညှာ ကရုဏာ ရှိသူ၏ အကျိုးကို အထက်ဆိုခဲ့ပြီးသည်မှ ပြန်သောအားဖြင့် သိအပ်၏။

## ရှေးဦးစွာ ကရုဏာမပွားသင့်သည့်ပုဂ္ဂိုလ်

ကရုဏာဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည် ချစ်အပ်သော ပုဂ္ဂိုလ်၊ အလွန်ချစ်အပ်သောသူငယ်ချင်း၊ မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊ မချစ်အပ်သောပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်၊ လိင်အသွင်ကွဲပြားသူ၊ သေလေသူတို့၌ ရှေးဦးစွာ ကရုဏာဘာဝနာမပွားအပ်ပေ၊

အဘယ့်ကြောင့်ဟူမူ ချစ်အပ်သောပုဂ္ဂိုလ်သည် **ချစ်အပ်သူအရာ၌သာတည်၏။ သနားအပ်သည့်အရာ၌ မတည်ပေ၊ အလွန်ချစ်သောသူငယ်ချင်းသည်လည်း၊ အလွန်ချစ်အပ်သောသူငယ်ချင်းအရာ၌သာ တည်၏၊** မချစ်မမုန်း အလယ်အလတ် ပုဂ္ဂိုလ်သည်လည်း အလယ်အလတ်အရာ၌သာ တည်၏၊ မချစ်အပ်သူသည်လည်း မချစ်အပ်သူအရာ၌သာတည်၏၊ ရန်သူသည်လည်း ရန်သူအရာ၌သာတည်၏၊ သနားအပ်သည့်အရာ၌မတည်ပေ၊ လိင်အသွင်ကွဲပြားသူ သေလေသူတို့ကား- ကရုဏာ၏နယ်ပယ်မဟုတ်သည်သာ၊ ထို့ကြောင့် ဦးစွာ မပွားအပ်သတည်း။

## ရှေးဦးစွာ ကရုဏာပွားများရမည့်ပုဂ္ဂိုလ်

"ရဟန်းသည် အဘယ်သို့လျှင် ကရုဏာနှင့်တကွဖြစ်သော စိတ်ဖြင့် အရပ်မျက်နှာတစ်ခုကို ဖြန့်၍နေသနည်း၊ ဥပမာဖြင့်ပြရလျှင် ဆင်းရဲဒုက္ခရောက်နေသော မကောင်းဆိုးဝါးသည့် အခြေအနေရှိသော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်တွေ့ရလျှင် သနားကရုဏာ သက်ရာသကဲ့သို့ ထို့အတူပင် အလုံးစုံသောသတ္တဝါတို့ကို သနားခြင်းကရုဏာဖြင့်ဖြန့်၏ဟု အဘိဓမ္မာဝိဘင်းပါဠိတော်၌ ဟောထားသောကြောင့်-

အလုံးစုံတို့၏ ရှေးဦးစွာ အလွန်ဆင်းရဲခြင်းသို့ရောက်၍ သနားထိုက်သည့်သဘောရှိ

သော (ဝါ) သနားစရာကောင်းသော ဆင်းရဲဒုက္ခရောက်နေသော မကောင်းဆိုးဝါးသည့် အခြေအနေရှိသော ခိုကိုးရာမဲ့အထီးကျန်ယောကျ်ားသည် အစာအာဟာရပြတ်လပ်လျက် တောင်းခံခွက်ကို ရှေ့၌ချထား၍ ခိုကိုးရာမဲ့သူတို့၏ နေရာဇရပ်၌ ထိုင်နေသည်ကိုလည်း ကောင်း၊ နူနာစွဲကပ်သော လက်ခြေတို့မှ ပိုးလောက်များထွက်ကျလျက် နာကျင်ကိုက်ခဲသဖြင့် ညည်းတွားမြည်တမ်းနေသည်ကိုလည်းကောင်း ကြည့်ရှုရ တွေ့မြင်ရပြီးလျှင်-

"ဤသတ္တဝါသည် ဆင်းရဲခြင်းသို့ရောက်နေရှာလေစွ၊ ဤဆင်းရဲမှ လွတ်ပါမူ ကောင်းလေစွ"ဟု ရှေးဦးစွာ သနားကရုဏာကို ဖြစ်စေအပ်၊ ပွားစေအပ်၏။

*(လင်္ကာ) ဘောက်ပြန်ရုပ်ဆင်း ဥစ္စာကင်း လွန်မင်း ဆင်းရဲသူ*
*ဟာရပြတ်စဲ ခွက်လက်စွဲ ဆင်းရဲထီးကျန်သူ*
*လက်ခြေတို့မှ ပိုးပြည့်ဝ ညည်းထကျင်နာသူ*
*ဆင်းရဲသူများ တစ်ပါးပါး ရှေ့ဖျားပို့အပ်သူ*
*တွေ့ထဆဲဆဲ ဒုက္ခဘဲ ဆင်းရဲလွတ်စေဟူ (တောင်သာဆရာတော်)*

### ဒုစရိုက်ဖြင့် ချမ်းသာသူကိုကရုဏာပွားပုံ

ဆင်းရဲဒုက္ခရောက်နေသော ပုဂ္ဂိုလ်ကို မမြင်တွေ့ရပါမူ ချမ်းသာနေသူပင်ဖြစ်သော်လည်း ဒုစရိုက်များပြုလေ့ရှိသူဖြစ်ပါက ထိုပုဂ္ဂိုလ်ကို အသတ်ခံရမည့်သူနှင့်ဥပမာပြု၍ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။

ဥပမာ- ခိုးထုပ်ခိုးထည်နှင့်တကွ ဖမ်းမိလာသောခိုးသူကို သတ်ကြလော့ဟု ချမှတ်လိုက်သော မင်း၏အမိန့်ဖြင့် မင်းချင်းယောကျ်ားတို့သည် လက်ပြန်ကြိုးစသည်ဖြင့် ချည်နှောင်ကုန်၍ လမ်းလေးခွဆုံအရပ်ရောက်တိုင်း အချက်ပေါင်းတစ်ရာမက ရိုက်နှက်ကုန်လျက် သူသတ်ကုန်းသို့ ခေါ်ဆောင်ကုန်၏။

ထိုခိုးသူအား လူအများတို့က စားသောက်စရာ ခဲဘွယ်ဘောဇဉ်များနှင့် ပန်းနံ့သာ, နံ့သာပျောင်း, ကွမ်းတို့ကိုပေးကမ်းကုန်၏၊ ထိုခိုးသူသည် ပေးကမ်းထားသော ခဲဘွယ်ဘောဇဉ်များကို စားသောက်လျက် သုံးဆောင်ဘွယ် စည်းစိမ်နှင့်ပြည့်စုံသကဲ့သို့ သွားနေသော်လည်း ထိုခိုးသူကို "ဤသူသည် ချမ်းသာပေစွ၊ များစွာသော သုံးဆောင်ဘွယ် စည်းစိမ်နှင့်ပြည့်စုံပေစွ"ဟု မည်သူကမျှ မထင်မှတ်ပေ။

စင်စစ်အားဖြင့်မူ **"ဤခိုးသူသည် ယခုပင်သေရရှာတော့မည်၊ သူသည် ခြေလှမ်းတိုင်းခြေလှမ်းတိုင်း သေခြင်းနှင့် နီးကပ်နီးကပ်သွားလေတော့သည်"**ဟုသာဆင်ခြင်လျက် လူအပေါင်းက ထိုခိုးသူကို သနားကရုဏာသက်သကဲ့သို့- ထို့အတူပင် ကရုဏာကမ္မဋ္ဌာန်းကို အားထုတ်နေသော ရဟန်းသည် (ပုဂ္ဂိုလ်သည်) ချမ်းသာနေသူပင်ဖြစ်သော်လည်း (မကောင်းမှု) ဒုစရိုက်များပြုလေ့ရှိသူကို **"ဤသူသည် ယခုအခါချမ်းသာလျက် ကောင်းစွာဝတ်ဆင်**လျက် သုံးဆောင်ဘွယ်စည်းစိမ်ကို သုံးဆောင်နေသော်လည်း ဒွါရသုံးပါးတို့တွင် တစ်ခုမျှပင် ပြုထားသောကောင်းမှုကံမရှိခြင်းကြောင့် မကြာမီပင် အပါယ်ဘုံတို့၌ များစွာသော

ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကို ခံစားရရှာလိမ့်မည်" ဟုဆင်ခြင်၍ သနားခြင်း ကရုဏာကို ဖြစ်စေအပ်ပေသည်။

*(လင်္ကာ) ဒုက္ခစစ်မှန် မရပြန် ရှာကြံရှုလေအပ်။*
*သက်သတ်စသား ပြုသူအား သနားရှုလေအပ်။*
*ဖြစ်ရန်နောင်ရေး အပါယ်ဘေး မြော်တွေးရှုလေအပ်။ (တောင်သာဆရာတော်)*

ဤသို့ **သနားထိုက်သောပုဂ္ဂိုလ်ကို** ကရုဏာပွားစေပြီး၍ ထို့နောင် ဤနည်းဖြင့်ပင်လျှင် **ချစ်အပ်သောပုဂ္ဂိုလ်၌** ကရုဏာပွားစေအပ်၏၊ ထို့နောင် **အလယ်အလတ်ပုဂ္ဂိုလ်၌**၊ ထို့နောင် **ရန်သူပုဂ္ဂိုလ်၌** ကရုဏာပွားပေးအပ်၏၊ ထိုသို့အစဉ်အတိုင်း ကရုဏာကို ဖြစ်စေအပ်၏။

ကရုဏာပွားသော ယောဂီအား မေတ္တာအပိုင်းအခန်း၌ ဆိုခဲ့သောနည်းဖြင့် ရန်သူရှိခဲ့သော် ရန်သူ၌ အကယ်၍ အမျက်ဒေါသဖြစ်ငြားအံ့၊ ထိုအမျက်ဒေါသကို မေတ္တာအရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ငြိမ်းစေအပ်၏။

## ချမ်းသာသူ၌လည်း ကရုဏာပွားနိုင်ပုံ

ကရုဏာပွားအပ်သောပုဂ္ဂိုလ်တို့တွင် ကောင်းမှုများစွာရှိနေသော ချမ်းသာသူပင်ဖြစ်သော်လည်း ဉာတိဗျသန၊ ရောဂဗျသန စသည်တို့တွင် တစ်ပါးပါးသော ပျက်စီးခြင်း (ဗျသန)နှင့် တွေ့ကြုံနေသည်ကို မြင်ရ ကြားရသော်လည်းကောင်း၊

ထိုဗျသနတို့နှင့် တွေ့ကြုံခြင်းမရှိငြားသော်လည်း ဝဋ်ဆင်းရဲကို မကျော်လွန်နိုင်သေးသောကြောင့်ရင်း "ဤသူမှာ ဆင်းရဲဒုက္ခရောက်နေရှာလေစွ ဆင်းရဲမှလွတ်ပါမူ ကောင်းလေစွ" ဟု ဆင်ခြင်လျက် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကရုဏာကိုပွားစေပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် မိမိ, ချစ်အပ်သောပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူ ဟူသောပုဂ္ဂိုလ်လေးဦးတို့၌ သီမာသမ္ဘေဒကိုပြုပြီးလျှင် ထိုသီမာသမ္ဘေဒ၏အစွမ်းဖြင့်ဖြစ်သော သမထ နိမိတ်ကို မှီဝဲပွားများ ကြိမ်ဖန်များစွာပြုလျက် မေတ္တာအရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် စျာန်သုံးပါး၊ လေးပါးအပေါင်း၏အစွမ်းဖြင့် အပ္ပနာကို ပွားစေအပ်၏။

ဝါဒကွဲ -

အင်္ဂုတ္တရအဋ္ဌကထာ၌ ရှေးဦးစွာ ရန်သူပုဂ္ဂိုလ်ကို ကရုဏာပွားအပ်၏ ထိုရန်သူ၌ စိတ်ကို နူးညံ့အောင်ပြုပြီးလျှင် ဆင်းရဲဒုက္ခရောက်နေသူကို ကရုဏာပွားအပ်၏၊ ထို့နောင် ချစ်အပ်သောသူကို ကရုဏာပွားအပ်၏၊ ထို့နောင် မိမိကိုယ်ကိုကရုဏာပွားအပ်၏ဟူ၍ ကရုဏာပွားပုံအစဉ်ကိုပြထား၏၊ ထိုပြဆိုချက်သည် "ဒုဂ္ဂတံ= ဆင်းရဲဒုက္ခရောက်နေသော၊ ဒုရူပေတံ = မကောင်းဆိုးဝါးသည် အခြေအနေရှိသောသူကို တွေ့မြင်ရလျှင် သနားကရုဏာသက်ရာ သကဲ့သို့ဟု ဟောထားသော ဝိဘင်းပါဠိတော်နှင့် မညီညွတ်ပေ။

ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာဝါဒကို မယူမူ၍ ဤဝိသုဒ္ဓိမဂ်၌ ဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် ဘာဝနာကိုအားထုတ်၍ သီမာသမ္ဘေဒကိုပြုပြီးလျှင် အပ္ပနာကို ပွားစေအပ်ပေသည်။

ထိုမှနောက်၌ ငါးပါးသောအခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ခြင်း ခုနှစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်ခြင်း၊ ဆယ်ပါးသောအခြင်းအရာ တို့ဖြင့် အရပ်မျက်နှာကိုဖြန့်ခြင်းဟူသော အမျိုးမျိုးအထွေထွေ ကရုဏာပွားခြင်းကိုလည်း ကောင်း၊ ချမ်းသာစွာ အိပ်ရ၏စသော ကရုဏာပွားခြင်း၏အကျိုးအာနိသင်ကိုလည်းကောင်း မေတ္တာအရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် သိအပ်ကုန်၏။

ကရုဏာ ၁၃၂-ပါးလင်္ကာ

- *ဆယ့်နှစ်ပုဂ္ဂလာ၊ ကရုဏာ၊ ရပါတစ်ဆယ့်နှစ်၊*
- *ဆယ်ဖြာဒိသာ၊ မြှောက်တုံက၊ တစ်ရာ့နှစ်ဆယ်ဖြစ်၊*
- *တစ်ရာ့နှစ်ဆယ်၊ ရှေ့ဝယ်ဒွါဒ၊ ပေါင်းလေက၊ တစ်ရာ့သုံးဆယ်နှစ်*
- *(လေးဈာန်ပွားရာ၊ ကရုဏာ၊ ငါးရာနှစ်ဆယ့်ရှစ်) (တောင်သာဆရာတော်)*

**ကရုဏာဘာဝနာ အကျယ်ပြဆိုချက်ပြီး၏။**

◈ ◈ ◈

## ၃။ မုဒိတာပွားပုံ အဖွင့်

### မုဒိတာမည်ပုံ

မုဒိတာနှင့်ပြည့်စုံသူတို့သည် ထိုမုဒိတာ (အကူအညီ)ဖြင့် ဝမ်းမြောက် ကုန်၏၊ ဤသို့ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် မုဒိတာမည်၏။ တစ်နည်းကား-ဝမ်း မြောက်တတ်သော ကြောင့် မုဒိတာမည်၏၊ တစ်နည်းကား- မုဒိတာဟူသည် ဝမ်းမြောက်ခြင်း သဘောမျှသာ ဖြစ်၏။

### ရှေးဦးစွာ မုဒိတာမပွားသင့်သည့်ပုဂ္ဂိုလ်

မုဒိတာဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည် ရှေးဦးစွာ ချစ်အပ်သောပုဂ္ဂိုလ်စသည် တို့၌ အားမထုတ်အပ်သေး မပွားများအပ်သေးပေ၊ အဘယ့်ကြောင့်ဟူမူ- **ချစ်အပ်သောသူ** သည် ချစ်အပ်သည့် အဖြစ်မျှသာဖြစ်၍ **မုဒိတာ၏ နီးသောအကြောင်းမဖြစ်ပေ**၊ အလယ် အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်တို့သည်ကား- အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း၊ **လိင်ကွဲ** ပြားသူ **သေလေသောသူတို့သည်ကား မုဒိတာ၏ နယ်ပယ်မဟုတ်ချေ။**

### ရှေးဦးစွာ မုဒိတာပွားသင့်သည့်ပုဂ္ဂိုလ်

အလွန်ချစ်အပ်သောသူငယ်ချင်းသည်ကား- မုဒိတာ၏ နီးသောအကြောင်းဖြစ်နိုင် ပေ၏။ ယင်းသူငယ်ချင်းကို အဋ္ဌကထာ၌ (သောဏ္ဍသဟာယ) သွမ်းဖျင်းဖက်၊ (ပြောင်လှောင် ဖက်)နှင့်တူသော သူငယ်ချင်းဟူ၍ ဆိုထား၏။ (ပြောမနာ၊ ဆိုမနာ ခင်မင်ရင်းနှီးသောသူငယ်ချင်း)

ထိုအလွန်ချစ်အပ်သောသူငယ်ချင်းသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်၏။

ထိုသူသည် အချင်းချင်းတွေ့သည့်အခါ ရှေးဦးစွာ ရယ်ရွှင်ပြီးလျှင် နောက်မှစကားပြောတတ်၏၊ ထို့ကြောင့် ထိုအလွန်ချစ်အပ်သော သူငယ်ချင်းကို ရှေးဦးစွာ မုဒိတာပွားအပ်၏။

သို့မဟုတ် ချစ်အပ်သောပုဂ္ဂိုလ်သည် ချမ်းသာနှင့်ပြည့်စုံလျက် ကောင်းစွာဝတ်စားပြုပြင်ဆင်ယင်လျက် ဝမ်းမြောက်ဝမ်းသာရှိနေသည်ကို တွေ့မြင်ကြားသိရလျှင် "**ဤပုဂ္ဂိုလ်သည် ဝမ်းမြောက်စွတကား- ဩော် ကောင်းပါပေစွ၊ ကောင်းပါပေစွ၊ အမြဲဝမ်းမြောက်ဝမ်းသာ ရှိပါစေ၊ ရရှိပြီးစည်းစိမ်ချမ်းသာများ တည်ရှိနိုင်ပါစေ၊ စည်းစိမ်ချမ်းသာများ မရွေ့လျော့ကျပါစေနှင့်**"ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။

## အဘိဓမ္မာဝိဘင်းစကား-

ရဟန်းသည် အဘယ်သို့လျှင် မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသောအရပ်ကိုဖြန့်၍နေသနည်း၊ ဥပမာဖြင့်ပြရလျှင် ချစ်အပ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သကဲ့သို့ ထို့အတူ အလုံးစုံသော သတ္တဝါတို့ကို ဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်အပ်၏ဟု ဟောတော်မူ၏။

*(လင်္ကာ) သောဏ္ဍသဒိသာ၊ သဟာယာ၊ စွစွာပွားလေအပ်။*
*အယ်သတ္တာ၊ သုခိတာ၊ လွန်စွာကောင်းလေလတ်။*
*ခပ်သိမ်းသတ္တာ၊ သုခိတာ၊ မြင်ပါဝမ်းမြောက်အပ်။ (တောင်သာဆရာတော်)*

## ဒုက္ခိတသတ္တဝါ၌လည်းမုဒိတာပွားနိုင်ပုံ

မေး- မုဒိတာဟူသည် သုခိတသတ္တဝါပညတ်ကို အာရုံပြုသည်၊ ချမ်းသာသူကိုတွေ့မြင်ရလျှင် ဝမ်းမြောက်ခြင်း မုဒိတာဖြစ်စေရမည်ဟုဆိုရာ အဘယ်သို့လျှင် ဒုက္ခိတသတ္တဝါ၌ မုဒိတာ ဖြစ်နိုင်ပါသနည်း။

ဖြေ- ဒုက္ခိတသတ္တဝါ၌ မုဒိတာ ဖြစ်နိုင်ပုံမှာ- မုဒိတာပွားသူ၏ သွမ်းဖျင်းဖက်သူငယ်ချင်း၊ ချစ်ခင်နှစ်သက်အပ်သော ပုဂ္ဂိုလ်တို့သည် လွန်ခဲ့သော ရှေ့ကာလက ချမ်းသာနှင့်ပြည့်စုံခဲ့၍ ယခု ဆင်းရဲဒုက္ခရောက်နေသည်၊ မကောင်း၊ ဆိုးဝါးသည့်အခြေအနေသို့ အကယ်၍ရောက်နေသည်ဖြစ်ပါမူ လွန်ခဲ့ပြီးသော ရှေ့ကာလ၌ ထိုသူ၏ ချမ်းသာဖူးသည့်အဖြစ်ကိုသာလျှင် ပြန်လည်အောင့်မေ့ဆင်ခြင်၍ "**ဤသူသည် လွန်ခဲ့ပြီးသောရှေးကာလ၌ များသော စည်းစိမ်ချမ်းသာရှိခဲ့သည်၊ များသောအခြံအရံရှိခဲ့သည်ဖြစ်၍ အမြဲပင် ဝမ်းမြောက်ဝမ်းသာရှိခဲ့လေပြီ**"ဟု ထိုသူ၏ ဝမ်းမြောက်ခဲ့ပုံ အခြင်းအရာကိုသာယူ၍ ဝမ်းမြောက်ခြင်း မုဒိတာကို ပွားများရပါမည်။

ထို့ပြင် နောင်အနာဂတ်ကာလ၌ တစ်ဖန် ထိုစည်းစိမ်မျိုးကိုရ၍ ဆင်ကျောက်ကုန်း၊ မြင်းကျောက်ကုန်း၊ ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်မည်ဟု နောင်အခါ၌ဖြစ်မည့် ထိုသူ၏ဝမ်းမြောက်ဖွယ်အခြင်းအရာကိုယူ၍ ဝမ်းမြောက်ခြင်း မုဒိတာကို ပွားများရပါမည်။

ဤနည်းဖြင့် ဒုက္ခိတသတ္တဝါ၌ မုဒိတာဘာဝနာ ဖြစ်နိုင်ပါသည်။

*(လင်္ကာ) သောဏ္ဍာပိယ၊ ဒုဂ္ဂတ၊ ဒုက္ခဖြစ်ခဲ့လတ်။*
*တိတ်, နာဂတ်မှာ၊ ကောင်းချမ်းသာ၊ ရည်ကာဝမ်းမြောက်အပ်။ (တောင်သာ)*

ဤသို့ချစ်အပ်သောပုဂ္ဂိုလ်၌ မုဒိတာကိုဖြစ်စေပြီးလျှင် ထိုနောင် အလယ်အလတ်ပုဂ္ဂိုလ်၌၊ ထို့နောင် ရန်သူပုဂ္ဂိုလ်၌ ဤအစဉ်ဖြင့် မုဒိတာကို မပြတ်ဖြစ်စေအပ်၏၊ အပ္ပနာကို ပွားစေအပ်၏။

ဤမုဒိတာပွားသူအား ရှေး၌ဆိုခဲ့သောနည်းဖြင့် ရန်သူရှိ၍ ရန်သူ၌ အကယ်၍ အမျက်ဒေါသဖြစ်ငြားအံ့၊ ၎င်းကို မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်လျှင် ညီမျှသောစိတ်ရှိသည်၏ အဖြစ်ဖြင့် သီမာသမ္ဘေဒကို ပြုပြီးလျှင် ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့်ရအပ်သော သမထနိမိတ်ကို မှီဝဲပွားများကြိမ်ဖန်များစွာပြုလျက် မေတ္တာအရာ၌ဆိုခဲ့သော နည်းဖြင့်ပင်လျှင် စျာန်သုံးပါး၊ လေးပါး၏အစွမ်းဖြင့် အပ္ပနာကိုပွားစေအပ်၏။

ထိုမှနောက်၌ ငါးပါးသောအခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသောအားဖြင့်ဖြန့်ခြင်း ခုနစ်ပါးသောအခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်ခြင်း၊ ဆယ်ပါးသောအခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်ခြင်းဟူသော အမျိုးမျိုးအထွေထွေ မုဒိတာပွားခြင်းကိုလည်းကောင်း၊ ချမ်းသားစွာအိပ်ရ၏၊ စသော မုဒိတာဘာဝနာ၏အကျိုးအာနိသင်တို့ကိုငင်း၊ မေတ္တာအရာ၌ဆိုခဲ့ပြီး နည်းတို့ဖြင့်ပင်လျှင် သိအပ်ကုန်၏။

မုဒိတာ ၁၃၂-ပါး လင်္ကာ

- *ဆယ့်နှစ်ပုဂ္ဂလာ၊ မုဒိတာ၊ ရပါတစ်ဆယ့်နှစ်။*
- *ဆယ်ဖြာဒိသာ၊ မြှောက်တုံက၊ တစ်ရာ့နှစ်ဆယ်ဖြစ်။*
- *တစ်ရာ့နှစ်ဆယ်၊ ရှေ့ဝယ်ဒွါဒ၊ ပေါင်းလေက၊ တစ်ရာ့သုံးဆယ့်နှစ်။*
- *(လေးစျာန်ပွားရာ၊ မုဒိတာ၊ ငါးရာနှစ်ဆယ့်ရှစ်)။ ။ (တောင်သာဆရာတော်)*

**မုဒိတာဘာဝနာအကျယ်ပြဆိုချက်ပြီး၏။**

¤ ¤ ¤

# ၄။ ဥပေက္ခာပွားပုံအဖွင့်

## ဥပေက္ခာမည်ပုံ

ရန်ကင်းကြပါစေ၊ အစရှိသော ကြောင့်ကြဗျာပါရကိုပယ်သောအား ဖြင့်လည်းကောင်း၊ အလယ်အလတ်သဘောရှိခြင်းသို့ရောက်သောအားဖြင့်လည်းကောင်း၊ ဘက်မလိုက်ဘဲ အညီအမျှအသင့်အားဖြင့် (လျစ်လျူ) ရှုတတ်သောကြောင့် ဥပေက္ခာမည်၏။

ဥက္ခောဟူသောပါဠိစကားလုံးမှာ သဒ္ဒါအနက်အားဖြင့် **သင့်တင့်အောင်ရှုခြင်းဟု** မြန်မာပြန်ဆိုရ၏၊ သင့်တင့်အောင်ရှုခြင်းဟူသည်- ဆင်းရဲမှု၊ ချမ်းသာမှုနှစ်ပါး ကွဲပြားရာ၌

မည်သည့်ဘက်သို့မျှ တစ်ဖက်သတ်မလိုက်ပါပဲ၊ ဆင်းရဲမှုနှင့်လည်း သင့်တင့်၊ ချမ်းသာမှုနှင့်လည်း သင့်တင့်လေအောင် ရှုခြင်းဟု ဆိုလို၏၊ ဤကဲ့သို့ရှုခြင်းကိုပင် ရှေးပညာရှိများက **လျစ်လျူရှုခြင်း**ဟု မြန်မာပြန်ဆိုခဲ့ကြ၏။

ရှေးပညာရှိတို့၏စကားအဓိပ္ပါယ်ကို ကောင်းစွာမစဉ်းစားမိပါက **လျစ်လျူရှုခြင်းဟူသည်**- အာရုံမပြု ဂရုမစိုက်ပဲ စွန့်ပစ်ထားလိုက်ခြင်းပင်ဖြစ်သည်ဟု လွဲမှားစွာ မှတ်ထင်ပြောဆိုမိတတ်ကြ၏၊ ဤသို့ **အာရုံမပြု ဂရုမစိုက်ပဲ စွန့်ပစ်ထားခြင်းကို ဥပေက္ခာခေါ်သည် မဟုတ်ပါ၊ ဥပေက္ခာဟူသည် အာရုံပြုရမည်သာဖြစ်၏၊** သို့ရာတွင် ဆင်းရဲမှုအာရုံနှင့်တွေ့လျှင်တစ်မျိုး၊ ချမ်းသာမှု အာရုံနှင့်တွေ့လျှင်တစ်မျိုး ဤကဲ့သို့ ထူးထွေကွဲလွဲခြင်းမရှိ၊ သာမညအားဖြင့် **တစ်မျိုးတစ်စားတည်းထား၍ ရှုမြင်ဆင်ခြင်ခြင်းသာဖြစ်၏။**

## ဥပေက္ခာပွားပုံ

ဥပေက္ခာဘာဝနာကို ပွားစေလိုသောပုဂ္ဂိုလ်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့၌ စျာန်သုံးပါးလေးပါးအပေါင်းကိုရပြီးနောက် ကျေပြွန်သော တတိယ (စတုတ္ထ)စျာန်မှထ၍၊ "ချမ်းသာကြပါစေ" ဤသို့စသည်၏အစွမ်းဖြင့် သတ္တဝါတို့၌ ယုယမြတ်နိုးသော နှလုံးသွင်းမှုနှင့်ယှဉ်ခြင်း၊ မုန်းခြင်း၊ ချစ်ခြင်းတို့၏အနီး၌ ကျက်စားခြင်း၊ သောမနဿ = စိတ်ရွှင်လန်းချမ်းသာမှုနှင့်ယှဉ်သဖြင့် ရုန့်ရင်းခြင်းရှိကုန်သော ရှေးဘာဝနာသုံးပါးတို့၏ အပြစ်ကိုမြင်အောင် နှလုံးသွင်းဆင်ခြင်ပြီးနောက် ငြိမ်သက်သော သဘောရှိသော ဥပေက္ခာ၌ အကျိုးအာနိသင်ကိုလည်း ရှုမြင်ပြီးလျှင်-ပကတိ ပင်ကိုယ်အားဖြင့် မချစ်မမုန်း အလယ်အလတ်ဖြစ်သူကို လျစ်လျူရှု၍ ဥပေက္ခာကို စတင်ပွားများအပ်၏။ ထို့နောင် ချစ်အပ်သော ပုဂ္ဂိုလ်စသည်တို့၌ ဥပေက္ခာကို ဆက်၍ ပွားများအပ်၏။

## အဘိဓမ္မာဝိဘင်းစကား

ရဟန်းသည် အဘယ်သို့လျှင် ဥပေက္ခာနှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသောအရပ်ကိုဖြန့်၍နေသနည်း၊ ဥပမာဖြင့်ပြရလျှင် မချစ်မမုန်းသောပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရလျှင် လျစ်လျူရှုသကဲ့သို့ ထို့အတူပင် အလုံးစုံသောသတ္တဝါတို့ကို လျစ်လျူရှုခြင်း ဥပေက္ခာဖြင့်ဖြန့်၏ဟူသောစကားကို ဟောတော်မူခဲ့၏။

ထို့ကြောင့် ဆိုခဲ့ပြီးသောနည်းဖြင့် အလယ်အလတ်ပုဂ္ဂိုလ်၌ ဥပေက္ခာကိုဖြစ်စေပြီးလျှင် ထို့နောင်ချစ်အပ်သောပုဂ္ဂိုလ်၌၊ ထို့နောင်သွမ်းဖျင်းဘက်နှင့်တူသော သူငယ်ချင်း၌ ထို့နောင် ရန်သူ၌ ဥပေက္ခာကို ပွားများရပါမည်။

*လင်္ကာ-* *ဥပေက်ဖြဟ္မာ၊ ဝိဟာရ၊ ပွားကြယောဂီမှာ။*
*မေတ္တာဒိတ္တယ၊ စျာန်ရမှ၊ လေ့လဝင်စားရာ။*
*ဝင်စားပြီးမှ၊ မဇ္ဈတ္တ၊ ရှုရလျစ်လျူသာ။*
*ပိယသောဏ္ဍာ၊ ဝေရီမျှ၊ ရှုရလျစ်လျူသာ။ (တောင်သာဆရာတော်)*

ဤသို့အားဖြင့် ဤပုဂ္ဂိုလ်သုံးဦးနှင့် မိမိဟူသော ဤအလုံးစုံတို့၌ အလယ်အလတ် လျစ်လျူရှုခြင်းသဘော၏ အစွမ်းအားဖြင့် သီမာသမ္ဘေဒကိုပြုပြီးလျှင် ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော သမထနိမိတ်ကို မှီဝဲပွားများ ကြိမ်ဖန်များစွာပြုအပ်၏၊ ထိုသို့ပြုနေသော ယောဂီအား ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် စတုတ္ထဈာန်ဖြစ်ပေါ်လာ၏။

မေး- ဤဥပေက္ခာစတုတ္ထဈာန်သည် ပထဝီကသိုဏ်းစသည်တို့၌ တတိယဈာန်ကိုရသောသူ အားလည်း ဖြစ်နိုင်ပါသလော။

ဖြေ။ မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဟူမူ အာရုံ၏ သဘောမတူသောကြောင့်ပင်၊ မေတ္တာ ကရုဏာ၊ မုဒိတာတို့၌ တတိယဈာန်ကိုရသောသူအားသာ ဖြစ်ပေါ်ပေ၏။

ထို့နောက် အမျိုးမျိုးအထွေထွေ ဥပေက္ခာပွားခြင်းကိုလည်းကောင်း၊ ဥပေက္ခာပွားခြင်း ကြောင့် ရနိုင်သောအကျိုးအာနိသင်တို့ကိုလည်းကောင်း မေတ္တာအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာ သိအပ်ပေသည်။

ဥပေက္ခာ ၁၃၂-ပါး လင်္ကာ

- *ဆယ့်နှစ်ပုဂ္ဂလာ၊ ဥပေက္ခာ၊ ရပါတစ်ဆယ့်နှစ်။*
- *ဆယ်ဖြာဒိသာ၊ မြှောက်တုံက၊ တစ်ရာနှစ်ဆယ်ဖြစ်။*
- *တစ်ရာနှစ်ဆယ်၊ ရှေးဝယ်ဒွါဒ၊ ပေါင်းလေက၊ တစ်ရာသုံးဆယ့်နှစ်။*
- *မေတ္တာနည်းမှာ၊ အကျိုးသာ၊ ရပါတစ်ဆယ့်တစ်။ (တောင်သာဆရာတော်)*

ဥပေက္ခာ ဆယ်ပါး

၁။ ဆဠင်္ဂုပေက္ခာ = ဒွါရခြောက်ပါးတို့၌ထင်လာသော အာရုံခြောက်မျိုးတို့၌ အသင့်အားဖြင့်ရှုသော ရဟန္တာပုဂ္ဂိုလ်တို့၏ ဥပေက္ခာ၊

၂။ ဗြဟ္မဝိဟာရုပေက္ခာ = သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ထိုသူတို့၏ ကံအတိုင်းသာ ဖြစ်သည်ဟု လျစ်လျူရှုခြင်း။

၃။ ဗောဇ္ဈင်္ဂုပေက္ခာ = မဂ်၏အင်္ဂါအစိတ်အပိုင်းဟုခေါ်အပ်သော ဗောဇ္ဈင်အဖြစ်သို့ ရောက်သော ယှဉ်ဖော်ယှဉ်ဖက်တရားတို့ အပိုအလျော့မရှိဘဲ တကွဖြစ်ဘက်တရားတို့နှင့် အညီအမျှဖြစ်ခြင်းဟု ဆိုအပ်သော ဥပေက္ခာ။

၄။ ဝီရိယုပေက္ခာ = မဂ်ဖိုလ်တရားရရှိရန် အားထုတ်ရာ၌ ပိုသည်လိုသည်မရှိရ အောင် ညီမျှစွာဖြစ်သော ဝီရိယ။

၅။ သင်္ခါရုပေက္ခာ = သမာဓိတရား မဂ်ဖိုလ်တရားများကိုရရှိရန် အားထုတ်သော အခါ ပဌမဈာန်စသည်တို့ဖြင့် အသီးသီးပယ်ရှားအပ်သော နီဝရဏစသော သင်္ခါရတရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှု ခြင်း၊ (ဤသင်္ခါရုပေက္ခာသည် ဝိပဿနာဉာဏ်ရင့်သန်လာ

သောအခါ၌ဖြစ်၏။)

၆။ **ဝေဒနုပေက္ခာ** = အာရုံအရသာကို ခံစားရသည့်အခါ၌ ချမ်းသာ, ဆင်းရဲ အနေအားဖြင့်မဟုတ်ပဲ အလယ်အလတ်အနေအားဖြင့်သာ ခံစားခြင်း။

၇။ **ဝိပဿနုပေက္ခာ** = ခန္ဓာစသောတရားတို့၏ အနိစ္စစသောသဘောကို အထူးမြင်အောင် ဆင်ခြင်သုံးသပ်ရာ၌ လျစ်လျူအနေအားဖြင့်သာ သုံးသပ်ဆင်ခြင်ခြင်း။

၈။ **တတြမဇ္ဈတ္တုပေက္ခာ**= ဆိုင်ရာဆိုင်ရာ မိမိတို့၏ကိစ္စ၌ အညီအမျှဖြစ်နေကြသော သဟဇာတ်တရားတို့အပေါ်၌ ညီညွတ်အောင် အားထုတ်မနေရတော့ဘဲ လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်း။

၉။ **ဈာနုပေက္ခာ** = ဈာန်တရားတို့ကို အားထုတ်ရာ၌ တတိယဈာန်၌ဖြစ်သော မြင့်မြတ်သော ချမ်းသာ၌ပင် ချမ်းသာသည့်အဖို့အစု၌ မကျရောက်မပါဝင်စေပဲ လျစ်လျူရှုနိုင်ခြင်းသဘော၊

***(အဆုံးဈာန်၌သာ ရသော ဥပေက္ခာဟု ဆိုလို၏။)***

၁၀။**ပါရိသုဒ္ဓုပေက္ခာ** = အလုံးစုံဆန့်ကျင်ဖက်ဖြစ်သောတရားတို့မှ စင်ကြယ်သည်ဖြစ်၍ ဆန့်ကျင်ဖက်တရားတို့ကို ငြိမ်းစေမှု၌ ကြောင့်ကြစိုက်ခြင်း မပြုသောသဘော။

ဥပေက္ခာ ဆယ်ပါးတို့တွင် ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ပါရိသုဒ္ဓုပေက္ခာ ခြောက်မျိုးတို့သည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ စေတသိက် တစ်မျိုးတည်းသာဖြစ်၏။ (အခိုက်အတန့်ကွဲပြားခြင်း၊ အလုပ်ကိစ္စကွဲပြားခြင်းကြောင့် ခြောက်မျိုးပြားရသည်။)

ဝီရိယုပေက္ခာသည် ဝီရိယစေတသိက်ဖြစ်၍ ဝေဒနုပေက္ခာသည် ဝေဒနာစေတသိက်ပင်ဖြစ်၏၊ သင်္ခါရုပေက္ခာနှင့် ဝိပဿနုပေက္ခာတို့သည် ပညာစေတသိက်ချည်းသာ ဖြစ်ကုန်၏။ (ကိစ္စထူးခြား၍ နှစ်မျိုးကွဲပြားရသည်။)

**ဥပေက္ခာဘာဝနာအကျယ်ပြဆိုချက်ပြီး၏။**

⌗ ⌗ ⌗

## ဗြဟ္မဝိဟာရတရားတို့၌ မှတ်သားဖွယ်ရာများ

ဗြဟ္မဝိဟာရတရားတို့၏ လက္ခဏာဒိစတုက္က

**မေတ္တာသည်-**

| | |
|---|---|
| (က) ဟိတာကာရပ္ပဝတ္တိလက္ခဏာ | = သတ္တဝါတို့၏အကျိုးစီးပွားကို ပြုကျင့်တတ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ လက္ခဏာရှိ၏၊ |
| (ခ) ဟိတူပသံဟာရရသာ | = သတ္တဝါတို့အားအကျိုးစီးပွားကို ဆောင်ပေးခြင်း ကိစ္စ (ရသ)ရှိ၏။ |
| (ဂ) အာဃာတဝိနယပစ္စုပဋ္ဌာနာ | = ရန်ငြိုးအမျက်ဒေါသကို ပယ်ဖျောက်သည့်အနေအားဖြင့် ရှုဆင်ခြင်သူ၏ဉာဏ်အား ရှေးရှုထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ |
| (ဃ) သတ္တာနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ | = သတ္တဝါတို့၏နှစ်သက်မြတ်နိုးဘွယ်အဖြစ်ကို ရှုခြင်းဟူသော ယောနိသောမနသိကာရလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။ |

**ကရုဏာသည်-**

| | |
|---|---|
| (က) ဒုက္ခာပနယနာကာရပ္ပဝတ္တိ လက္ခဏာ | = သူတစ်ပါးတို့၏ ဆင်းရဲကိုပယ်လိုသော အခြင်းအရာအားဖြင့်ဖြစ်ခြင်း လက္ခဏာရှိ၏။ |
| (ခ) ပရဒုက္ခာသဟနရသာ | = သူတစ်ပါးတို့၏ ဆင်းရဲကိုပယ်လိုသဖြင့် သည်းမခံနိုင်ခြင်း၊ မကြည့်ရက်နိုင်ခြင်းကိစ္စ (ရသ)ရှိ၏။ |
| (ဂ) အဝိဟိံသာပစ္စုပဋ္ဌာနာ | = သတ္တဝါတို့ကို မညှင်းဆဲလိုသောအားဖြင့် (ဝါ) ညှင်းဆဲခြင်း၏ ဆန့်ကျင်ဘက်အားဖြင့် ဉာဏ်အားရှေးရှုထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ |
| (ဃ) ဒုက္ခာဘိဘူတာနံ အနာထဘာဝ ဒဿနပဒဋ္ဌာနာ | = ဆင်းရဲနှိပ်စက်ခံရသောသူတို့၏ အားကိုးရာမရှိခြင်းကို ရှုမြင်ခြင်းဟူသော ယောနိသောမနသိကာရလျှင် နီးသောကြောင့် ပဒဋ္ဌာန်ရှိ၏။ |

**မုဒိတာသည်-**

| | |
|---|---|
| (က) ပမောဒလက္ခဏာ မုဒိတာ | = သူတစ်ပါးတို့ စည်းစိမ်ကုံလုံပြည့်စုံသည်ကို ဝမ်းမြောက်ခြင်းလက္ခဏာ ရှိ၏။ |
| (ခ) အနိဿာယနရသာ | = ငြူစူမှု၊ မနာလိုမှုကင်းခြင်း ကိစ္စ(ရသ)ရှိ၏။ |
| (ဂ) အရတိဝိဃာတပစ္စုပဋ္ဌာနာ | = သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်သောအားဖြင့်ဉာဏ်အား ရှေးရှုထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ |

(ဃ) သတ္တာနံ သမ္ပတ္တိ ဒဿနပဒဋ္ဌာနာ = သတ္တဝါတို့၏ စည်းစိမ် ကုံလုံပြည့်စုံသည်ကို ရှုမြင်လိုခြင်းဟူသော ယောနိသောမနသိကာရလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိ၏။

ဥပေက္ခာသည်-

(က) သတ္တေသု မဇ္ဈတ္တာကာရပ္ပဝတ္တိ လက္ခဏာ = ဘက်မလိုက်ဘဲ အလယ်၌တည်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

(ခ) သတ္တေသု သမ-ဘာဝဒဿနရသာ = သတ္တဝါတို့၌ ညီမျှသည်၏အဖြစ်ကိုသာ ရှုခြင်းကိစ္စ (ရသ)ရှိ၏။

(ဂ) ပဋိဃာနုနယ ဝူပသမပစ္စုပဋ္ဌာနာ = သတ္တဝါတို့၌ မုန်းမှု၊ ချစ်မှုငြိမ်းခြင်း အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်သောပစ္စုပဋ္ဌာန်ရှိ၏။

(ဃ) ပဝတ္တကမ္မဿကတာ ဒဿနပဒဋ္ဌာနာ = "သတ္တဝါတို့သည် ကံသာလျှင် ဥစ္စာရှိကုန်၏၊ ထိုသတ္တဝါတို့သည် အဘယ်သူ၏အလိုအားဖြင့် ချမ်းသာနိုင်ကုန်အံ့နည်း၊ ဆင်းရဲမှုမှုလည်း လွတ်ကုန်အံ့နည်း၊ ရပြီးရောက်ပြီး စည်းစိမ်မှုမှုလည်းမဆုတ်ယုတ် မဆုံးရှုံးဘဲရှိကုန်အံ့နည်း"ဟုဆင်ခြင်လျက်ဖြစ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိခြင်းကို ရှုမြင်ခြင်းဟူသော ယောနိသောမနသိကာရလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိ၏။

### ဗြဟ္မဝိဟာရတရားတို့၏ပြည့်စုံခြင်း,ပျက်စီးခြင်း

| | ပြည့်စုံခြင်း သမ္ပတ္တိ | ပျက်စီးခြင်း ဝိပတ္တိ |
|---|---|---|
| မေတ္တာ | ဗျာပါဒ, ဒေါသ၏ ဝေးကွာသောအားဖြင့် ငြိမ်းခြင်း၊ *(ဗျာပါဒူပသမော သမ္ပတ္တိ)* | ခင်မင်တွယ်တာလျက် ချစ်ခင်ခြင်း *(သိနေဟသမ္ဘဝေါ ဝိပတ္တိ)* |
| ကရုဏာ | ညှဉ်းဆဲလိုသော ဒေါသ၏ငြိမ်းခြင်း *(ဝိဟိံသူပသမော သမ္ပတ္တိ)* | စိုးရိမ်ပူဆွေးမှုသောကဖြစ်ခြင်း *(သောကသမ္ဘဝေါ ဝိပတ္တိ)* |
| မုဒိတာ | သူတစ်ပါးစည်းစိမ်ချမ်းသာ၌ မပျော်မွေ့မှု၏ ငြိမ်းခြင်း *(အရတိဝူပသမော သမ္ပတ္တိ)* | ခင်မင်ရင်းနှီးသည့် အနေအားဖြင့် ဝမ်းသာရွှင်ပြမှုဖြစ်ခြင်း *(ပဟာသသမ္ဘဝေါ ဝိပတ္တိ)* |
| ဥပေက္ခာ | သတ္တဝါတို့၌ ချစ်မှု မုန်းမှုငြိမ်းခြင်း *(ပဋိဃာနုနယဝူပသမော သမ္ပတ္တိ)* | ဂေဟသိတ-ခေါ် ကာမဂုဏ်ကိုမှီသော အညာဏုပေက္ခာ (ဉာဏ်ကင်းသော မောဟနှင့်ယှဉ်သောဥပေက္ခာ)၏ ဖြစ်ခြင်း *(ဂေဟသိတာယ အညာဏုပေက္ခာယ သမ္ဘဝေါ ဝိပတ္တိ)* |

## ပယောဇဉ် အကျိုး

ဝိပဿနာချမ်းသာသည်လည်းကောင်း၊ ပြည့်စုံကောင်းမြတ်သော သုဂတိဘဝကို ရရှိခြင်းသည်လည်းကောင်း၊ ဗြဟ္မဝိဟာရတရားလေးပါးလုံးတို့နှင့် ဆက်ဆံသော ပယောဇဉ် အကျိုးဖြစ်သည်။

ဗျာပါဒ စသည်တို့ကိုပယ်ခြင်း၊ ဗျာပါဒစသည်တို့၏ ကင်းကွာခြင်းသည် ယင်းလေးပါးတို့ နှင့် မဆက်ဆံသော သီးသန့်အကျိုးဖြစ်သည်။ ယင်းလေးပါးတို့တွင် **မေတ္တာသည် ဗျာပါဒ ဒေါသကင်းကွာခြင်းအကျိုးရှိ၏။ ကရုဏာသည် (သူတစ်ပါးကို) ညှဉ်းဆဲလိုမှု ကင်း ကွာခြင်း အကျိုးရှိ၏။ မုဒိတာသည် သူတစ်ပါးစည်းစိမ်ချမ်းသာ၌ မမွေ့လျော်မှု မနာလိုမှုကင်းကွာခြင်း အကျိုးရှိ၏။ ဥပေက္ခာသည် တပ်မက်မှုရာဂ ကင်းကွာခြင်း** အကျိုးရှိ၏။

**သာဓကစကား-**

ငါ့ရှင် **မေတ္တာစေတောဝိမုတ္တိသည်** ဗျာပါဒဒေါသ ထွက်သွားကြောင်း၊ ကင်းကြောင်း ပေတည်း၊ **ကရုဏာစေတောဝိမုတ္တိသည်** ညှဉ်းဆဲလိုခြင်း ဝိဟိံသာ ထွက်သွားကြောင်း ကင်းကြောင်းပေတည်း၊ **မုဒိတာစေတောဝိမုတ္တိသည်** သူတစ်ပါးစည်းစိမ်ချမ်းသာ၌ မမွေ့ လျော်မှု မနာလိုမှု အရတိတရား ထွက်သွားကြောင်း ကင်းကြောင်းပေတည်း၊ **ဥပေက္ခာ စေတောဝိမုတ္တိသည်** တပ်မက်မှုရာဂ ထွက်သွားကြောင်း ကင်းကြောင်းပေတည်းဟု ဟောထားသောစကားရှိ၏။

### ဗြဟ္မဝိဟာရတရားတို့၏ ရန်သူများ

| | အနီးရန်သူ | အဝေးရန်သူ |
|---|---|---|
| မေတ္တာ | လူတစ်ယောက်အနီး၌ ကျက်စား သောရန်သူကဲ့သို့ ရာဂသည် ဂုဏ်ကိုရှုခြင်းအားဖြင့် သဘောတူ သောကြောင့် | လူတစ်ယောက်၏ တော, တောင်- စသည့် ရှုပ်ရာအရပ်ကိုမှီသော ရန်သူ ကဲ့သို့ ဗျာပါဒဒေါသသည် မေတ္တာနှင့် သဘောမတူသောကြောင့် |
| ကရုဏာ | ဂေဟသိတဒေါမနဿ=ကာမ ဂုဏ်ကိုမှီသော နှလုံးမသာယာ ခြင်းသည် ပျက်စီးခြင်းကို ရှုခြင်း အားဖြင့် သဘောတူသောကြောင့် | ညှဉ်းဆဲလိုခြင်း ဝိဟိံသာသည် ကရုဏာနှင့် သဘောမတူသောကြောင့် |
| မုဒိတာ | ဂေဟသိတသောမနဿ=ကာမ ဂုဏ်ကိုမှီသောဝမ်းသာခြင်း သည် ပြည့်စုံမှုကိုရှုခြင်းအားဖြင့် သဘောတူသောကြောင့် | သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်ခြင်း မနာလိုခြင်း အရတိသည် မုဒိတာ၏ သဘောဖြစ်သော သောမနဿနှင့် သဘောမတူသောကြောင့် |

| | | |
|---|---|---|
| ဥပေက္ခာ | ဂေဟသိတ အညာဏုပေက္ခာ = ကာမဂုဏ်ကိုမှီသော မောဟနှင့်ယှဉ်သည့် လျစ်လျူရှုမှု ဥပေက္ခာသည် အပြစ်နှင့်ဂုဏ်ကို မဆင်ခြင် မစဉ်းစားသည့်အလို အားဖြင့် သဘောတူသောကြောင့် | ရာဂနှင့်ဒေါသတို့သည် ဖြဟ္မဝိဟာရ ဥပေက္ခာနှင့် သဘောမတူသောကြောင့် |

## ဂေဟသိတဒေါမနဿဟူသည်

လိုချင်စရာ အာရုံ ကာမဂုဏ်တရားများကို အလိုရှိတိုင်းမရသူ၊ ရရှိပြီးအာရုံ ကာမဂုဏ်တရားများ ပျက်ဆီးဆုံးရှုံးသွားသူတို့သန္တာန်၌ ဖြစ်ပေါ်သော ဝမ်းနည်းခြင်း နှလုံးမသာယာခြင်းသည် ဂေဟသိတ ဒေါမနဿ= ကာမဂုဏ်ကိုမှီသော နှလုံးမသာယာခြင်း မည်၏။

## ဂေဟသိတသောမနဿဟူသည်

လိုချင်စရာ အာရုံကာမဂုဏ်တရားများကို အလိုရှိတိုင်းရသူ၊ ရရှိပြီးအာရုံ ကာမဂုဏ်တရားများ- ပျက်ဆီးဆုံးရှုံးသွားသော်လည်း ယင်းအာရုံ၊ ကာမဂုဏ်တရားများ ခံစားခဲ့ဘူးသည်တို့ကို ပြန်လည်နှလုံးသွင်းဆင်ခြင်မိသူတို့ သန္တာန်၌ဖြစ်ပေါ်သော ဝမ်းသာရွှင်ပြမှုသည် ဂေဟသိတ သောမနဿ= ကာမဂုဏ်ကိုမှီသော ဝမ်းသာခြင်း မည်၏။

## ဂေဟသိတအညာဏုပေက္ခာဟူသည်

ကိလေသာတို့ကို တစ်စိပ်တစ်ပိုင်းမျှ မအောင်နိုင်သေးသူ နောင်ဖြစ်မည့် ပဋိသန္ဓေဝိပါက်ကို မအောင်နိုင်သေးသူ၊ တွေဝေမှုမောဟ၌ အပြစ်မမြင်သေးသူ၊ အကြားအမြင် ဗဟုသုတနည်းသူ ပုထုဇဉ်ပုဂ္ဂိုလ်အား- မျက်စိဖြင့် မြင်သောအဆင်း ရူပါရုံ၌ လျစ်လျူရှုမှု ဥပေက္ခာ ဖြစ်ပေါ်၏။ ထို ဥပေက္ခာသည် မြင်ရသော အဆင်းရူပါရုံကို မလွန်မြောက်နိုင်သောကြောင့် ဂေဟသိတ အညာဏုပေက္ခာ= ကာမဂုဏ်ကိုမှီသော မောဟနှင့်ယှဉ်သည့် ဥပေက္ခာမည်၏။

## ဗြဟ္မဝိဟာရတရားတို့၏ (စ-လယ်-ဆုံး)နှင့် အာရုံကိုပွားစေခြင်း

ဗြဟ္မဝိဟာရတရားတို့၏ အစအရင်းခံကား- ယင်းတရားတို့ကို ဖြစ်ပွားစေရန် အလိုရှိခြင်းဟူသော ကုသိုလ်ဆန္ဒ ဖြစ်၏။ အလယ်ကား နီဝရဏ စသည်တို့ကိုခွာခြင်း ဖြစ်၏။ အပြီးအဆုံးကား- အပ္ပနာစျာန်ရခြင်းဖြစ်၏။

ပညတ်တရားအလိုအားဖြင့် တစ်ဦးသော သတ္တဝါ၊ များစွာကုန်သော သတ္တဝါတို့သည်၊ ဗြဟ္မဝိဟာရတရားတို့၏ အာရုံဖြစ်၏၊ ဥပစာရသို့ ရောက်သောအခါ၊ အပ္ပနာသို့ရောက်သောအခါ တို့၌ အာရုံကိုပွားခြင်းဖြစ်နိုင်၏။

**အာရုံကိုပွားစေပုံ ပိုင်းခြားပုံအစီအစဉ်မှာ-** ကျွမ်းကျင်သောလယ်သမားသည် ထွန်သင့်သောအရပ်ကို ပိုင်းခြားပြီးထွန်သကဲ့သို့ ထို့အတူ လက်ဦးအစ၌ တစ်ခုသောကျောင်း, အိမ်, အဆောက်အဦကို ပိုင်းခြား၍ "ဤကျောင်း, ဤအိမ်, ဤအဆောက်အဦ၌ရှိသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ" ဤသို့စသောနည်းဖြင့် ထိုကျောင်း, ထိုအိမ်, ထိုအဆောက်အဦရှိ သတ္တဝါတို့ကို ပိုင်းခြားအပ်ကုန်၏၊ ထိုကျောင်း, ထိုအိမ်, ထိုအဆောက်အဦရှိ သတ္တဝါတို့အပေါ်၌ စိတ်ကို နူးညံ့ခန့်ကျန်းသန်စွမ်းအောင်ပြုပြီးလျှင် နှစ်ခုသော ကျောင်း, အိမ် အဆောက်အဦ၊ သုံးခုကုန်သော ကျောင်း, အိမ်, အဆောက်အဦ၊ လေးခု၊ ငါးခု၊ ခြောက်ခု၊ ခုနစ်ခု၊ ရှစ်ခု၊ ကိုးခု၊ ဆယ်ခုကုန်သော ကျောင်း, အိမ်, အဆောက်အဦတို့ကို၊ တစ်ခုသော လမ်းကို၊ ရွာထက်ဝက်ကို တစ်ရွာလုံးကို ဇနပုဒ်၊ တိုင်း၊ နယ်ကို၊ တစ်ပြည်လုံးကို၊ တစ်ခုသော အရပ်မျက်နှာကို ပိုင်းခြားအပ်၏။

ဤပုံဤနည်းဖြင့် စကြာဝဠာတစ်ခုလုံးတိုင်အောင်သော်လည်းကောင်း ထို့ထက်အလွန်သော်လည်းကောင်း၊ ပိုင်းခြား၍ ထိုထိုအရပ်တို့၌ရှိကြကုန်သော သတ္တဝါတို့ပေါ်၌ မေတ္တာပွားအပ်၏၊ ကရုဏာစသည်တို့ကိုလည်း ထိုနည်းတူပင် ပွားအပ်၏။ ဤသည်ကား- ဗြဟ္မဝိဟာရတို့၌ အာရုံပွားစေပုံအစီအစဉ်တည်း။

## နိဿန္ဒအကျိုး (အကျိုးဆက်)

အရူပဈာန်တို့သည် ကသိုဏ်းဈာန်တို့မှ ထွက်ပေါ်လာသော အကျိုးဖြစ်သကဲ့သို့၊ နေဝသညာ နာသညာယတနဈာန်သည် ရူပဈာန်သမာဓိ၊ အောက်အရူပဈာန် သမာဓိတို့မှ ထွက်ပေါ်လာသော အကျိုးဖြစ်သကဲ့သို့၊ ဖလသမာပတ်သည် ဝိပဿနာမှ ထွက်ပေါ်လာသော အကျိုးဖြစ်သကဲ့သို့၊ နိရောဓသမာပတ်သည် သမထ, ဝိပဿနာတို့မှ ထွက်ပေါ်လာသော အကျိုးဖြစ်သကဲ့သို့၊ ထို့အတူ ဤလေးပါးသော ဗြဟ္မဝိဟာရတို့တွင် ဥပေက္ခာဗြဟ္မဝိဟာရသည် ရှေ့ဗြဟ္မဝိဟာရ သုံးပါးအပေါင်းမှ ထွက်ပေါ်လာသော အကျိုးဖြစ်၏။

ဥပမာ- တိုင်တို့ကို မစိုက်မထူဘဲ ထုတ်လျှောက်ကိုလည်း မတင်ပဲ ကောင်းကင်၌ အထွတ် အခြင်တို့ကို တင်ထားရန်မဖြစ်နိုင်သကဲ့သို့ ထို့အတူ ရှေးသုံးပါးသော ဗြဟ္မဝိဟာရတို့၌ရသော တတိယဈာန်နှင့်ကင်း၍ စတုတ္ထဗြဟ္မဝိဟာရဖြစ်သော ဥပေက္ခာကို ပွားစေရန် မဖြစ်နိုင်ပေ။

## ဗြဟ္မဝိဟာရမည်ကြောင်း

မြတ်သော အနက်သဘောကြောင့်လည်းကောင်း၊ အပြစ်ကင်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ မေတ္တာစသော လေးပါးတို့ကို ဗြဟ္မဝိဟာရဟု ခေါ်ဆိုအပ်၏။

အကျယ်ဆိုရပါမူ ဤမေတ္တာစသည်ဖြင့် နေခြင်းတို့သည် သတ္တဝါတို့၌ မှန်ကန်ကောင်းမွန်သော အကျင့်ဖြစ်သောကြောင့် အထူးသဖြင့် ချီးမွမ်းအပ် မြင့်မြတ်ကြပေကုန်၏။ ထို့ပြင် ဗြဟ္မာတို့သည် နိဝရဏစသော အပြစ်ကင်းသည့်စိတ်ရှိလျက် နေကုန်သကဲ့သို့ ထို့အတူ မေတ္တာစသည်နှင့်ယှဉ်ကုန်သော ယောဂီတို့သည် ဗြဟ္မာတို့နှင့်တူစွာ နေကုန်၏၊ ဤသို့

မြတ်သောအနက်သဘောကြောင့်လည်းကောင်း အပြစ်ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဗြဟ္မဝိဟာရဟုဆိုအပ်ကုန်၏။

## ဗြဟ္မဝိဟာရတရား(၄)ပါးသာရှိပုံ

စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းဖြင့် လေးပါးတို့သာ ဖြစ်ကုန်၏။ အကျယ်ဆိုရပါမူ ယင်းလေးပါးတို့တွင် **မေတ္တာ**သည် ဗျာပါဒဒေါသ အဖြစ်များသူ၏ စင်ကြယ်ကြောင်း ဖြစ်၏။ **ကရုဏာ**သည် ညှဉ်းဆဲလိုမှု ဝိဟေသာ အဖြစ်များသူ၏ စင်ကြယ်ကြောင်း ဖြစ်၏။ မုဒိတာသည် သူတစ်ပါးစည်းစိမ်ချမ်းသာပြည့်စုံခြင်း၌ မမွေ့လျော်မှု မနာလိုမှုအဖြစ်များသူ၏ စင်ကြယ်ကြောင်းဖြစ်၏၊ ဥပေက္ခာသည် တပ်မက်မှုရာဂ အဖြစ်များသူ၏ စင်ကြယ်ကြောင်း ဖြစ်၏။

ဤသို့ လေးဦးသောသူတို့၏ စင်ကြယ်ကြောင်းသည် လေးပါးရှိသောကြောင့် ဗြဟ္မဝိဟာရတရားတို့သည် လေးပါးတို့သာ ဖြစ်ကြသည်။

ထို့ပြင် အကျိုးစီးပွားကို ဆောင်ပေးခြင်း, အစီးအပွားမဲ့ အကျိုးမဲ့ကိုပယ်ခြင်း၊ ပြည့်စုံသော သူတစ်ပါးစည်းစိမ်ချမ်းသာကို ဝမ်းမြောက်ခြင်း, တစ်ဘက်သတ်ကျစေရန် နှလုံးမသွင်းခြင်းတို့၏အစွမ်းဖြင့် သတ္တဝါတို့၌ နှလုံးသွင်းခြင်းသည် လေးပါးသာရှိသောကြောင့်လည်း ဗြဟ္မဝိဟာရတရားတို့သည် လေးပါးသာဖြစ်၏။

ထို့ပြင် မိခင်သည် သူငယ်, သူနာ, အရွယ်ရောက်သူ, သူ့ကိစ္စကိုဆောင်ရွက်နေသူဟူသော သားလေးယောက်တို့တွင် သူငယ်သား၏ ကြီးထွားခြင်းကို အလိုရှိ၏၊ (မေတ္တာသဘော)၊ သူနာသား၏အနာရောဂါကို ပယ်ဖျောက်ခြင်းငှာ အလိုရှိ၏၊ (ကရုဏာသဘော)၊ အရွယ်ရောက်သောသား၏ အရွယ်ကောင်းခြင်း၊ ပြည့်စုံခြင်း၌ ရှည်မြင့်စွာ တည်ခြင်းကို အလိုရှိ၏၊ (မုဒိတာသဘော)၊ သူ့ကိစ္စသူဆောင်ရွက်နေသောသား၏ တစ်စုံတစ်ခုသော ကိစ္စ အလုပ်၌မျှ ကြောင့်ကြမစိုက်တော့သကဲ့သို့ (ဥပေက္ခာသဘော)၊ ထို့အတူ အပ္ပမညာခေါ် ဗြဟ္မစိုရ်တရားဖြင့်နေလေ့ရှိသော ရဟန်းသည်လည်းလည်း (ယောဂီသည်လည်း) အလုံးစုံသော သတ္တဝါတို့၌ မေတ္တာပွားခြင်း စသည်တို့၏အစွမ်းအားဖြင့် အပ္ပမညာခေါ် ဗြဟ္မဝိဟာရတို့သည် လေးပါးတို့သာ ဖြစ်ကြပေသည်။

## ဗြဟ္မဝိဟာရတရားတို့၏အစဉ်

အပ္ပမညာလေးပါးတို့ကို ပွားစေလိုသောပုဂ္ဂိုလ်သည် သတ္တဝါတို့၌ ရှေးဦးစွာ အကျိုးစီးပွားကိုပြုကျင့်လိုသော အခြင်းအရာဖြင့် ကျင့်အပ်၏၊ မေတ္တာသည်လည်း အကျိုးစီးပွားကို ပြုကျင့်လိုသော အခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊

ထို့နောင် ဤသို့တောင့်တအပ်သောအကျိုးစီးပွားနှင့်ပြည့်စုံသောသတ္တဝါတို့အား ဆင်းရဲဒုက္ခနှိပ်စက်ခြင်းကို တွေ့မြင်ကြားသိရ၍သော်လည်းကောင်း၊ ငရဲစသည်၌ ဖြစ်နိုင်သည်ကို မြော်တွေးကြံဆ၍သော်လည်းကောင်း ဆင်းရဲဒုက္ခကို ပယ်ဖျောက်လို

သောအခြင်းအရာဖြင့် ကျင့်အပ်၏၊ ကရုဏာသည်လည်း ဆင်းရဲကိုပယ်ဖျောက် သောအခြင်းအရာဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

ထိုမှနောက်၌ ဤသို့တောင့်တသည့်အတိုင်း အကျိုးစီးပွားနှင့်ပြည့်စုံကြသည့်အပြင် တောင့်တသည့်အတိုင်း ဆင်းရဲလည်းကင်းကုန်သောသတ္တဝါတို့၏ ပြည့်စုံသောစည်းစိမ်ချမ်းသာကို တွေ့မြင်ရ၍ ပြည့်စုံသောစည်းစိမ်ချမ်းသာကို ဝမ်းမြောက်လိုသောအားဖြင့် ကျင့်အပ်၏၊ မုဒိတာသည်လည်း သူတစ်ပါးစည်းစိမ်ချမ်းသာပြည့်စုံမှု၌ ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏။

ထို့နောက်၌မူ ပြုဘွယ်ကိစ္စမရှိသောကြောင့် လျစ်လျူရှုခြင်းဟု ဆိုအပ်သော အလယ်အလတ်သဘော ဘက်မလိုက်ဘဲ အလယ်၌တည်သော အခြင်းအရာအားဖြင့် ကျင့်အပ်၏။ ဥပေက္ခာသည်လည်း အလယ်အလတ်သဘော အလယ်၌တည်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

ထို့ကြောင့် အကျိုးစီးပွားကိုပြုကျင့်ခြင်းအစရှိသောအခြင်းအရာတို့၏ အစွမ်းအားဖြင့် ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် မေတ္တာကိုရှေးဦးစွာ ဟောတော်မူ၏၊ ထို့နောင်ကရုဏာ မုဒိတာ ဥပေက္ခာတို့ကို အစဉ်အတိုင်း ဟောတော်မူ၏။

## မေတ္တာစသောတရားတို့ အပ္ပမညာမည်ခြင်းအကြောင်း

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တရားလေးပါးလုံးတို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ဖြစ်ကုန်၏။ အတိုင်းအရှည်ပမာဏကင်းသော သတ္တဝါတို့သည် ဤမေတ္တာစသည်တို့၏ အာရုံဖြစ်ကုန်၏၊ သတ္တဝါတစ်ဦးတစ်ယောက်တည်း၏သော်လည်း ဤမျှလောက်သော ခန္ဓာကိုယ်အစိတ်အပိုင်း၌သာ မေတ္တာစသည်ကို ပွားစေအပ်သည်ဟု အတိုင်းအရှည်ပမာဏကို မယူမူ၍ (ဥဒ္ဓုမာတက စသည်၌ကဲ့သို့ တစ်စိတ်တစ်ဒေသကို မယူမူ၍) တစ်ယောက်လုံးကိုဖြန့်သည်၏အစွမ်းဖြင့်သာ ဖြစ်သောကြောင့် အပ္ပမညာမည်ကုန်၏။ (အပ္ပမာဏေ ဂေါစရေ ဘဝါ အပ္ပမညာ)

## ရရှိနိုင်သော ဈာန်များ

ဆိုခဲ့သည်အတိုင်း အတိုင်းအရှည်ပမာဏကင်းသော အာရုံရှိခြင်းဖြင့် တူသော လက္ခဏာ ရှိကုန်သော်လည်း အပ္ပမညာတရားလေးပါးတို့တွင် မေတ္တာ ကရုဏာ မုဒိတာဟူသော ရှေ့သုံးပါးတို့သည် သောမနဿနှင့် အမြဲယှဉ်ခြင်းကြောင့် ပ-ဒု-တ-(စ) ဟူသော ဈာန် သုံးပါးလေးပါးအပေါင်းကိုသာ ရစေနိုင်ကုန်၏။

ထိုမေတ္တာစသော သုံးပါးသော ဗြဟ္မဝိဟာရ တရားတို့သည် အဘယ့်ကြောင့် သောမနဿနှင့် အမြဲယှဉ်သနည်းဟူမူ ဒေါမနဿကြောင့်ဖြစ်ကုန်သော ဗျာပါဒ, ဝိဟိံသာ, အရတိ, တရားတို့၏ ကင်းကွာကြောင်းဖြစ်သောကြောင့် အမြဲယှဉ်ပေ၏။

နောက်ဆုံးဖြစ်သော ထွက်သွားကြောင်း ဥပေက္ခာသည်ကား- ကြွင်းကျန်သော စတုတ္ထ (သို့မဟုတ်) ပဥ္စမဈာန်တစ်ပါးကိုသာ ဖြစ်စေနိုင်၏။ အဘယ့်ကြောင့်နည်းဟူမူ- ဥပေက္ခာ

ဝေဒနာနှင့်ယှဉ်ခြင်းကြောင့်ဖြစ်၏။ အမှန်ဆိုရသော်- သတ္တဝါတို့၌ အလယ်အလတ်သဘော အခြင်းအရာအားဖြင့်ဖြစ်သော ဗြဟ္မဝိဟာရဥပေက္ခာသည် ဥပေက္ခာဝေဒနာနှင့်ကင်း၍ မဖြစ်နိုင်ပေ၊ ထို့ကြောင့် ဥပေက္ခာသည် စတုတ္ထ (သို့မဟုတ်) ပဥ္စမဈာန်တစ်ပါးကိုသာ ဖြစ်စေနိုင်၏။

## အယူအဆမမှားရန် ရှင်းပြချက်

မြတ်စွာဘုရားသည် အင်္ဂုတ္တရ အဠကနိပါတ်၌---

ရဟန်း, သင်သည် ဤသမာဓိကို ဝိတက်လည်းရှိ ဝိစာရလည်းရှိအောင်ပွားလေလော့၊ ဝိတက်မရှိမူ၍ ဝိစာရမျှရှိအောင်ပွားလေလော့၊ ဝိတက်လည်းမရှိ ဝိစာရလည်း မရှိအောင်ပွားလေလော့၊ ပီတိရှိအောင်လည်းပွားလေလော့၊ ပီတိကင်းအောင်လည်းပွားလေလော့၊ သာယာဘွယ်သုခနှင့်ကတွဖြစ်အောင်လည်း ပွားလေလော့၊ ဥပေက္ခာနှင့်တကွဖြစ်အောင်လည်း ပွားလေလော့ဟု-

အပ္ပမညာလေးပါးတို့၌ အထူးမပြုဘဲ သာမညအားဖြင့် ဟောတော်မူခဲ့သည်၊ ထို့ကြောင့် အပ္ပမညာလေးပါးတို့သည် ဈာန်လေးပါး ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကြသည်ဟု တစ်စုံတစ်ယောက်က ဆိုလာခဲ့သော် ထိုသူ့ကို ဤသို့မဆိုပါလင့်ဟု ပြောဆိုအပ်၏။

ဤသို့သာမညအားဖြင့် ဟောတိုင်း အတူပြု၍ယူလျှင် ကာယာနုပဿနာစသော သတိပဋ္ဌာန်လေးပါးတို့သည်လည်း ဈာန်လေးပါး ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကုန်ရာ၏၊ သို့သော်လည်း ဝေဒနာနုပဿနာစသည်တို့၌ ပဌမဈာန်စသည်သော်လည်းမရှိပေ၊ ဒုတိယဈာန်စသည်တို့ မရှိကြသည်မှာ- ဆိုဘွယ်ရာ မရှိတော့ပြီ၊ ထို့ကြောင့် သဒ္ဒါရိပ်မျှကိုယူ၍ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရား၏ စကားတော်သည် နက်နဲလှပါပေ၏။ ထိုနက်နဲသော ဘုရားစကားတော်ကို ဆရာများထံချဉ်းကပ်မှီဝဲ၍ ဆိုလိုသော အဓိပ္ပါယ်အားဖြင့် ယူအပ်ယူသင့်ပေသည်။

*(မှတ်ချက်) ဂေါစရဇ္ဈတ္တ = ကမ္မဋ္ဌာန်းအာရုံ။*
*နိယကဇ္ဈတ္တ = ပုဂ္ဂိုလ်အသီးသီး၏ သန္တာန်၌ အတွင်းဝင်သောတရား။*
*မေတ္တာစေတောဝိမုတ္တိ = စိတ်၏လွတ်ကြောင်းဖြစ်သော မေတ္တာ။*

## သုဘပရမစသည်

ဟလိဒ္ဒဝသနသုတ်၌ မြတ်စွာဘုရားရှင်သည်--- "ရဟန်းတို့ မေတ္တာစေတော ဝိမုတ္တိကို သုဘပရမ သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏။ ကရုဏာစေတော ဝိမုတ္တိကို အာကာသာနဥ္စာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု- မုဒိတာစေတော ဝိမုတ္တိကို ဝိညာဏဥ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဥပေက္ခာစေတော ဝိမုတ္တိကို အာကိဉ္စညာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏"ဟု ဟောတော်မူခဲ့၏။

### မေတ္တာသည် (သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိပုံ

မေတ္တာဖြင့်နေလေ့ရှိသူအား သတ္တဝါတို့သည် စက်ဆုပ်ဖွယ်မဟုတ်မူ၍ ချစ်ခင်ဘွယ်တို့ ဖြစ်ကြ၏၊ ထိုသို့ထင်သောအခါ စက်ဆုပ်ဖွယ်မဟုတ်သောအခြင်းအရာဖြင့် အလေ့အကျင့် ရခြင်းကြောင့်- စက်ဆုပ်ဖွယ်မဟုတ်သော အညိုအရွှေ အနီအဖြူဟူသော စင်ကြယ်သော အဆင်းတို့၌ စိတ်ကိုဆောင်ပို့လျှင် ထိုသူ၏စိတ်သည် ယင်းစင်ကြယ်သော အဆင်းကသိုဏ်း တို့၌ မဆင်းရဲ မခက်ခဲဘဲ ချမ်းသာလွယ်ကူစွာသာ ပြေးဝင် သက်ဝင်၏။

ဤသို့ဖြစ်သောကြောင့် မေတ္တာသည် စင်ကြယ်သော အဆင်းကသိုဏ်းစျာန်ဟူသော သုဘဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်၏။ ထို့ထက်အလွန် အခြားသော ဝိမောက္ခ ၏မှီရာ အကြောင်း ဥပနိဿယ မဖြစ်ပေ။

### ကရုဏာသည် အာကာသာနဉ္စာယတန သမာပတ်လျှင် အလွန်အမြတ်ရှိပုံ

ကရုဏာဖြင့်နေလေ့ရှိသူအား တုတ်ဒေါးစသည်တို့ဖြင့် ရိုက်နှက်နှိပ်စက်ခံရသော ရုပ်ခန္ဓာကို ပိုင်ဆိုင်ရရှိနေသော သတ္တဝါတို့၌ ဖြစ်နိုင်သော ဆင်းရဲဒုက္ခကို ရှုဆင်ခြင်လျက် သနားခြင်းကရုဏာတရား ဖြစ်သင့်ခြင်းကြောင့် ရုပ်တရား၌ အပြစ်သည် အလွန်ထင်ရှား ပေ၏။

ထိုသို့ အလွန်ထင်ရှားသောအခါ ရုပ်၌အပြစ်ကို ထင်ရှားသိပြီးဖြစ်သောကြောင့် ပထဝီ ကသိုဏ်းစသော ရုပ်ကသိုဏ်းတို့တွင် တစ်ပါးပါးကိုခွာ၍ (ကင်းကွာစေ၍)၊ ရုပ်၏ ထွက်ပြေး ကင်းကွာကြောင်းဖြစ်သော ကောင်းကင်ပညတ်၌ စိတ်ကိုဆောင်ပို့လျှင် ထိုသူ၏စိတ်သည် ယင်းကောင်းကင်ပညတ်၌ မဆင်းရဲ မခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင် သက်ဝင်၏။

ဤသို့ဖြစ်သောကြောင့် ကရုဏာသည် အာကာသာနဉ္စာယတနသမာပတ်၏မှီရာ အကြောင်း ဥပနိဿယဖြစ်၏၊ ထို့ထက်အလွန် အခြားဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ မဖြစ်ပေ။

### မုဒိတာသည် ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ

မုဒိတာဖြင့်နေလေ့ရှိသူအား ထိုထိုဝမ်းမြောက်ခြင်း၏ အကြောင်းကြောင့်ဖြစ်သော ဝမ်းမြောက်မှုရှိကြသော သတ္တဝါတို့၏ စိတ်ဝိညာဏ်ကို ရှုဆင်ခြင်လျက် ဝမ်းမြောက်မှု မုဒိတာ ဖြစ်သင့်ခြင်းကြောင့် ဝိညာဏ်ကို ယူခြင်း၌ ထိုသူ၏စိတ်သည် အလေ့အကျက်များစွာ ရရှိပြီးဖြစ်၏။

ထိုသို့ဖြစ်သောအခါ ဘာဝနာအစဉ်ဖြင့် ရပြီးသော အာကာသာနဉ္စာယတနစျာန်ကို ကျော်လွန်၍ ကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသနဉ္စာယတနဝိညာဏ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုသူ၏စိတ်သည် ယင်းဝိညာဏ်၌ မဆင်းရဲ မခက်ခဲဘဲ ချမ်းသာ လွယ်ကူစွာ ပြေးဝင် သက်ဝင်၏။

ဤသို့ဖြစ်သောကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတနသမာပတ်၏ မှီရာအကြောင်း

ဥပနိဿယဖြစ်၏။ ထို့ထက်အလွန် အခြားဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ မဖြစ်ပေ။

## ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ

ဥပေက္ခာဖြင့်နေလေ့ရှိသူအား သတ္တဝါတို့သည် ချမ်းသာကြပါစေဟူ၍သော်လည်းကောင်း၊ ဆင်းရဲမှလွတ်ကြပါစေဟူ၍သော်လည်းကောင်း၊ ရပြီးသောစည်းစိမ်ချမ်းသာမှ မကင်းကွာကြပါစေလင့်ဟူ၍လည်းကောင်း နှလုံးသွင်းဆင်ခြင်မှုမရှိခြင်းကြောင့်- သုခ ဒုက္ခစသော ပရမတ်သဘောကိုယူခြင်းမှ မျက်နှာလွှဲသည်၏အဖြစ်ကြောင့် (ဝါ) မျက်နှာလွှဲ သောအားဖြင့် ထင်ရှားမရှိသော ပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သောစိတ်ဖြစ်၏။

ထိုသို့ဖြစ်သောအခါ ပရမတ်သဘောကိုယူခြင်းမှ မျက်နှာလွှဲသောအားဖြင့် အလေ့ အကျက်ရသော စိတ်ရှိသည်ဖြစ်၍ ပရမတ်အားဖြင့် ထင်ရှားမရှိသော ပညတ်ကိုယူခြင်း၌ ကျွမ်းကျင်သည့်စိတ်လည်းရှိသော ထိုသူအား ဘာဝနာအစဉ်ဖြင့်ရပြီးသော ဝိညာဏဉ္စာ ယတနစျာန်ကိုကျော်လွန်၍ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း၊ ကင်းခြင်း၊ သဘော အားဖြင့်ထင်ရှားမရှိခြင်း၊ အဘာဝပညတ်၌ စိတ်ကိုဆောင်ပို့လျှင် ထိုသူ၏စိတ်သည် ယင်း အဘာဝပညတ်၌ မဆင်းရဲ မခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင် သက်ဝင်၏။

ဤသို့ဖြစ်သောကြောင့် ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်၏ မှီရာ အကြောင်း ဥပနိဿယဖြစ်၏။ ထို့ထက်အလွန် အခြားဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ မဖြစ်ပေ။

## ပါရမီစသည် ပြည့်ကြောင်းလည်းဖြစ်ပုံ

ဆိုခဲ့သည့်အတိုင်း သုဘပရမစသည်တို့၏ အစွမ်းအားဖြင့် အပ္ပမညာတရားတို့၏ အာနုဘောကိုသိပြီးလျှင် အပ္ပမညာတရားလေးပါးလုံးတို့ပင် ဒါနစသော တရားကောင်းတရား မြတ် အလုံးစုံတို့ကို ပြည့်စုံစေတတ်ကြ၏။

ပြည့်စုံစေပုံမှာ- သတ္တဝါတို့၌ အကျိုးစီးပွားကိုလိုလားခြင်းဖြင့်လည်းကောင်း၊ သတ္တဝါ တို့၏ ဆင်းရဲဒုက္ခကို သည်းမခံနိုင်ခြင်း (မကြည့်ရက်နိုင်ခြင်း)ဖြင့်လည်းကောင်း၊ ရရှိပြီးသော စည်းစိမ်ချမ်းသာ အထူးတို့ကို ကြာရှည်စွာတည်ရှိစေလိုခြင်းဖြင့်လည်းကောင်း၊ သတ္တဝါအား လုံးတို့၌ တစ်ဘက်သတ်မကျခြင်း၊ ဘက်မလိုက်ခြင်းဖြင့်လည်းကောင်း၊ အညီအမျှဖြစ်သည့် စိတ်ရှိကုန်သော ဘုရားအလောင်းတော်တို့သည်-

၁။ "ဤသူအား ပေးကမ်းသင့်၏ ဤသူအား မပေးကမ်းသင့်"ဟု ခွဲခြားခြင်းကိုမပြုမူ၍ ချမ်းသာခြင်း၏ အကြောင်းရင်းဖြစ်သော အလှူဒါနဝတ္ထုကို ရောက်လာသောအလှူခံ ပုဂ္ဂိုလ် သတ္တဝါအားလုံးတို့အား ပေးလှူကုန်၏။

၂။ မခွဲခြားဘဲ ထိုပုဂ္ဂိုလ်သတ္တဝါအားလုံးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို ကြည်ရှောင်ကုန် လျက် ချမ်းသာခြင်း၏အကြောင်းဖြစ်သော သီလကိုခံယူဆောက်တည်ကုန်၏။

၃။ သီလပါရမီကို ဖြည့်ကျင့်ခြင်းငှာ တောထွက်ခြင်း၊ ရှင်ရဟန်းပြုခြင်းသို့ ချဉ်းကပ်ကုန်၏။

၄။ သတ္တဝါတို့၏ အကျိုးစီးပွားရှိမှုနှင့် အကျိုးစီးပွားမဲ့မှုတို့၌ မတွေဝေခြင်းအကျိုးငှာ ပညာကို ဖြူစင်စေကုန်၏။
၅။ သတ္တဝါတို့၏ စီးပွားချမ်းသာအကျိုးငှာ လုံ့လဝီရိယကို အမြဲမပြတ်အားထုတ်ကုန်၏။
၆။ မြတ်သောဝီရိယအစွမ်းဖြင့် အားထုတ်ပြုလုပ်ရန် ရဲရင့်ခြင်းသို့ရောက်ကုန်သော်လည်း သတ္တဝါတို့၏ အမျိုးမျိုးသောကျူးလွန်ပြစ်မှားသည့်အပြစ်တို့ကို မတုံ့ပြန်ဘဲ သည်းခံကုန်၏။
၇။ "ဤအရာကို သင်တို့အားပေးမည်၊ ပြုလုပ်ဆောင်ရွက်မည်"ဟု ပြုပြီးသော ဝန်ခံချက်ကို မချွတ်ယွင်းစေကုန်။
၈။ ထိုသတ္တဝါအားလုံးတို့၌ စီးပွားချမ်းသာအလို့ငှါ မတုန်မလှုပ် ခိုင်မြဲသောဆောက်တည်မှု အဓိဋ္ဌာန်ရှိကုန်၏။
၉။ ထိုသတ္တဝါအားလုံးတို့၌ ဆန့်ကျင်ဘက်ကြောင့် တုန်လှုပ်ခြင်းမရှိသော မေတ္တာဖြင့် လက်ဦး-စ-ကာ ကျေးဇူးပြုလေ့ရှိကုန်၏။
၁၀။ ဥပေက္ခာဖြင့် ကျေးဇူးတုံ့ကို မတောင့်တ မမျှော်လင့်ကုန်။

သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာကို အလိုရှိခြင်းအစရှိသော-ဤပုံဤနည်းဖြင့် ပါရမီတော်တို့ကို ပြည့်စေပြီး၍ ဒသဗလဉာဏ်တော်ဆယ်ပါး၊ စတုဝေသာရဇ္ဇဉာဏ်တော် လေးပါး၊ အသာဓာရဏဉာဏ်တော်ခြောက်ပါး၊ ဗုဒ္ဓဓမ္မခေါ် ဘုရားရှင်တို့၏ဂုဏ်ကျေးဇူး တစ်ဆယ့်ရှစ်ပါးတိုင်အောင် အလုံးစုံသော တရားကောင်း,တရားမြတ်တို့ကို လုံးဝဥဿုံ ပြည့်စုံစေတတ်ကုန်၏။ ထို့ကြောင့် ဤအပ္ပမညာတရားတို့သည် ဆိုခဲ့သည့်အတိုင်း ဒါနပါရမီ အစရှိသော အလုံးစုံသော တရားကောင်း တရားမြတ်တို့ကို လုံးဝပြည့်စုံ စေတတ်ကုန်၏။

သမာဓိဘာဝနာ၌ ကိုးခုမြောက်သော
ပြဟ္မဝိဟာရနိဒ္ဒေသ အကျယ်ပြဆိုချက်ပြီး၏။

✪✪✪

## ၁၀–အာရုပ္ပနိဒ္ဒေသ

## အာရုပ္ပလေးပါးကို အကျယ်ပြဆိုချက်

### ၁။ ပဌမအရူပအာကာသာနဉ္စာယတနကမ္မဋ္ဌာန်းအဖွင့်

### ရုပ်အပြစ်ကိုရှုပုံ

အရူပကမ္မဋ္ဌာန်းလေးပါးတို့တွင် အာကာသာနဉ္စာယတနကမ္မဋ္ဌာန်းကို ပွားစေခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်သည် "ရုပ်ဟူသောတည်ရာအကြောင်းကြောင့် သူတစ်ပါးကို နှိပ်စက်ရန် တုတ်ကိုစွဲကိုင်ခြင်း ဓားလှံ့စသောလက်နက်ကို စွဲကိုင်ခြင်း၊ ရန်ဖြစ်ခြင်း၊ အယူအဆ အထင် အမြင်ကွဲပြားခြင်း၊ ငြင်းခုံခြင်းများဖြစ်ကြရသည်။ ဤအလုံးစုံသည် ရုပ်မရှိသည့်အရူပဘုံ၌

လုံးဝပင် မရှိကြပေ”ဟု ရုပ်၏အပြစ်ကို ဆင်ခြင်ပြီးလျှင် ထိုယောဂီပုဂ္ဂိုလ်သည် အပြစ်မြင်ပြီးသော ရုပ်တို့ကိုသာလျှင် ငြီးငွေ့ခြင်း၊ စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းအကျိုးငှာ-ကျင့်၏ဟု ဟောတော်မူသောကြောင့်-

တုတ်ကိုစွဲကိုင်ခြင်းစသည်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ မျက်စိရောဂါ၊ နားရောဂါစသော အထောင်မက များစွာသောအနာတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ကြမ်းတမ်းသောကိုယ်ကောင်ရုပ်၌ အပြစ်ကိုမြင်အောင်ရှုအပ်၏။

ထိုရုပ်ကို လွန်မြောက်ရန်အတွက် အာကာသကသိုဏ်းမှတစ်ပါး ပထဝီကသိုဏ်းစသောကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးသောကသိုဏ်း၌ စတုတ္ထစျာန်ကို ဖြစ်စေအပ်၏၊ စတုတ္ထစျာန်ထိ ရရှိအောင် ပွားများအားထုတ်အပ်၏။

*(လင်္ကာ)* *ပဋမာရုပ္ပ၊ ပွားလိုပါ၊ သညာဤသို့ရှိ။*
*ရုပ်ထုကာယ၊ ကရဇကြောင့်မှန်၊ ဖြစ်ခိုက်ရန်၊ တုတ်လှံစွဲကိုင်ဘိ။*
*စက္ခုစဖြာ၊ နာရောဂါ၊ ကိုယ်မှာကပ်ရောက်ရှိ။*
*ရုပ်မရှိပါ၊ ယင်းဒုက္ခာ၊ ငါ့မှာ ငြိမ်းလေဘိ။*
*အာရုပ္ပဘုံ၊ ရုပ်ကင်းတုံ၊ အာရုံစွဲကပ်ငြိ။*
*ကာသကြဉ်မျိုး၊ ကသိုဏ်းကိုးမှာ၊ လိုရာရာ၊ စ-စျာ ဝင်စားတည့်။*
*(တောင်သာဆရာတော်)*

## ကသိုဏ်းရုပ်ကို လွန်မြောက်လိုပုံ

ထိုယောဂီသည် ကြမ်းတမ်းသောကိုယ်ကောင်ရုပ်ကို ရူပါဝစရ စတုတ္ထစျာန်၏အစွမ်းဖြင့် လွန်မြောက်ပြီးဖြစ်စေကာမူ ကသိုဏ်းရုပ်သည်လည်း ထိုကိုယ်ကောင်ရုပ်နှင့် ရုပ်သဘောတရားချင်း အလားတူပင်ဖြစ်သောကြောင့် ထိုကသိုဏ်းရုပ်ကိုလည်း လွန်မြောက်လိုပေသည်။

ဥပမာ- မြွေကြောက်တတ်သောယောကျ်ားသည် တောထဲ၌ မြွေလိုက်ခံရ၍ လျင်မြန်စွာ ပြေးခဲ့ပြီးလျှင် မြွေနှင့်လွတ်ရာ အခြားသောအရပ်၌ မြွေနှင့်တူသော ထန်းရွက်၊ နွယ်ကြိုး၊ မြေကြီးအက်ကွဲကြောင်း စသည့်အရာဝတ္ထုတို့ကိုတွေ့မြင်ရလျှင် ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ ထိုအရာဝတ္ထုကို မတွေ့လို မမြင်လိုသကဲ့သို့-

အကျိုးမဲ့ကိုပြုလေ့ရှိ၍ ကြမ်းတမ်းယုတ်မာသောရန်သူနှင့်အတူ တစ်ရွာတည်း၌ နေမိသောယောကျ်ားတစ်ယောက်သည် ထိုရန်သူက ညှင်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်း၊ အိမ်ကို မီးရှို့ခြင်းစသည်တို့ဖြင့် အနှိပ်စက်ခံရသောကြောင့် ထိုရန်သူနှင့်ဝေးရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော် ထိုရွာ၌လည်း ရန်သူနှင့် အဆင်း၊ အသံ၊ အကျင့်စာရိတ္တတူသူကိုတွေ့မြင်ရသော် ကြောက်ရွံ့ထိတ်လန့်သကဲ့သို့ ထိုသူကို မတွေ့မမြင်လိုသကဲ့သို့ပင်ဖြစ်၏။

## ဥပမာနှင့်ဥပမေယျ ယှဉ်တွဲပုံ

၁။ မြွေကိုကြောက်သူ ရန်သူကိုကြောက်သူ နှစ်ဦးသော ယောကျ်ားတို့မှာ- မြွေနှင့် ရန်သူ တစ်ခုခုက အနှိပ်စက်ခံရသော ကာလနှင့် ယောဂီရဟန်းမှာ- အာရုံပြုသည်၏အစွမ်းဖြင့် ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်နှင့် ပြည့်စုံသော ကာလတို့တူပေ၏။

၂။ ထိုယောကျ်ားတို့၏ လျင်မြန်သော အဟုန်ဖြင့်ပြေးသွားခြင်း၊ အခြားရွာသို့ ပြောင်းသွားခြင်းတို့နှင့် ရဟန်း၏ ရူပါဝစရ စတုတ္ထစျာန်အစွမ်းဖြင့် ကြမ်းတမ်းသောကိုယ်ကောင်ရုပ်ကို လွန်မြောက်သောကာလ တူပေ၏။

၃။ ထိုယောကျ်ားတို့ ထွက်ပြေးပြီး လွတ်မြောက်ပြီးသော အရပ်၌ မြွေနှင့်တူသော ထန်းရွက်၊ နွယ်ကြိုးစသည်ကို မြင်ရ၍လည်းကောင်း၊ အခြားရွာ၌ ရန်သူနှင့်တူသူကိုမြင်ရ၍လည်း ကောင်း၊ ကြောက်ရွံ့ထိတ်လန့်၍ မတွေ့မမြင်လိုသည့်အဖြစ်နှင့် ယောဂီရဟန်းမှာ- ကသိုဏ်း ရုပ်ကိုလည်း၊ "ဤရုပ်သည် ထိုကိုယ်ကောင်ရုပ်နှင့် ရုပ်သဘောတရားချင်း အလားတူပင်"ဟု မှတ်၍ ထိုကသိုဏ်းရုပ်ကိုလည်း လွန်မြောက်လိုခြင်းတို့ တူပေ၏။

ထို့ပြင် ဤကသိုဏ်းရုပ်ကို ကြောက်ခြင်းစသည်ဖြစ်ရာ၌ ဝက်အပက်ခံရ၍ ပြေးသော ခွေး၊ တစ္ဆေကြောက်တတ်သူစသော ဥပမာတို့ဖြင့်လည်း နှိုင်းယှဉ်သိအပ်ကုန်၏။

## ကသိုဏ်းရုပ်မှငြီးငွေ့ဖဲခွါလို၍ ရူပစတုတ္ထစျာန်၏အပြစ်ကိုရှုပုံ

ယောဂီပုဂ္ဂိုလ်သည် ရူပစတုတ္ထစျာန်၏အာရုံဖြစ်သောကသိုဏ်းရုပ်မှ ငြီးငွေ့၍ ဖဲခွါလို သောကြောင့် ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာကျေပွန်ပြီးသော ရူပစတုတ္ထစျာန်ဝင်စားပြီး နောက် ထိုစျာန်မှထ၍ "ဤရူပစတုတ္ထစျာန်သည် ငါငြီးငွေ့သည့်ကသိုဏ်းရုပ်ကို အာရုံပြု နေသည်၊ သောမနဿဟူသောရန်သူနှင့်လည်းနီးသည်၊ ငြိမ်သက်သော ဝိမောက္ခမည်သော အရူပစျာန်ထက်လည်း ရုန်းရင်းကြမ်းတမ်းသည်ဟု ရူပစတုတ္ထစျာန်၏ အပြစ်ကိုရှုအပ်၏။

*(မှတ်ချက်) ဤရူပစတုတ္ထစျာန်၌ အင်္ဂါအားဖြင့် ကြမ်းတမ်းသည့် အဖြစ်မရှိပေ၊ အာရုံအားဖြင့်သာ ကြမ်းတမ်းသည်ဟု ဆိုရမည်၊ အဘယ်ကြောင့်ဆိုသော် ရူပစတုတ္ထစျာန်၌ ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါးရှိသကဲ့သို့ အရူပစျာန်တို့သည်လည်း ထို့အတူ ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါး ရှိကြသည်။*

*အာရုံအားဖြင့်ကား ရူပစတုတ္ထစျာန်သည် ကသိုဏ်းရုပ်ကို အာရုံပြုခြင်းကြောင့် ကောင်းကင် ပညတ်စသည်ကို အာရုံပြုသော အရူပစျာန်တို့နှင့် နှိုင်းစာလျှင် ရုန့်ရင်းကြမ်းတမ်းသည်ဟု ဆိုရပေမည်။*

## ကသိုဏ်းရုပ်ကိုခွာခြင်း

ယောဂီပုဂ္ဂိုလ်သည် စတုတ္ထစျာန်၌ ဆိုခဲ့သည့်အတိုင်း အပြစ်ကို ရှုမြင်ကာ ထိုစျာန်၌ နှစ်သက်တွယ်တာမှုကို ကုန်ခမ်းစေပြီးလျှင် အာကာသာနဉ္စာယတနစျာန်ကို ငြိမ်သက်သော အားဖြင့် အဆုံးမရှိသောအားဖြင့် နှလုံးသွင်းဆင်ခြင်ပြီးနောက် စကြဝဠာအဆုံးတိုင်အောင် ဖြစ်စေ အလိုရှိသလောက် အရပ်တိုင်အောင်ဖြစ်စေ ကသိုဏ်းရုပ်ကိုဖြန့်၍ ထိုကသိုဏ်းဖြန့်ရာ

ဟင်းလင်းပြင် ကောင်းကင်အရပ်ကို (အာကာသော, အာကာသော) ဟင်းလင်းပြင်ကောင်းကင် ဟင်းလင်းပြင် ကောင်းကင်ဟူ၍လည်းကောင်း (အနန္တော အာကာသော) အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟူ၍လည်းကောင်း နှလုံးသွင်းဆင်ခြင်လျက် ရူပစတုတ္ထစျာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ကို ခွာအပ်၏ ပယ်ဖျောက်အပ်၏။

## ခွာပုံ အဓိပ္ပါယ်

ကသိုဏ်းရုပ်ကိုခွာခြင်းဟူသည်- ဖျာကိုလိပ်သကဲ့သို့ ခွာသည်မဟုတ်၊ အိုးကင်းထဲမှ မုန့်ကိုဆယ်ထုတ်သကဲ့သို့ ခွာသည်လည်းမဟုတ်ပေ၊ စင်စစ်သော်ကား ထိုကသိုဏ်းရုပ်ကို နှလုံးမသွင်း၊ စိတ်၌မထား၊ မဆင်ခြင်ဘဲ နေခြင်းမျှသာ ဖြစ်၏၊နှလုံးမသွင်း၊ စိတ်၌မထား၊ မဆင်ခြင်ဘဲထိုကသိုဏ်း၊ ရုပ်ပြန့်နှံ့ရာအရပ်ကို အာကာသော, အာကာသော၊ ကောင်းကင်, ကောင်းကင်း-ဟု နှလုံးသွင်းဆင်ခြင်လျှင် ကသိုဏ်းရုပ်ကို ခွာသည်မည်၏။

ခွါအပ်သောကသိုဏ်းရုပ်သည်လည်း ကြွတက်၊ ကွာတက်လာသည်မဟုတ်၊ ဆုတ်နစ်သွားသည်လည်းမဟုတ်ပေ၊ စင်စစ်မှာမူ- ယောဂီပုဂ္ဂိုလ်က ယင်းကသိုဏ်းရုပ်ကို နှလုံးမသွင်းမှု၊ အာကာသော-အာကာသော၊ ကောင်းကင်-ကောင်းကင်ဟု နှလုံးသွင်းမှုသည်သာ ခွါခြင်း ဖြစ်ပေတော့၏။

## ကောင်းကင် အမည်များ

ကသိုဏ်းရုပ်ပြန့်နှံ့ရာဟင်းလင်းပြင်အရပ်ကို (အာကာသော အာကာသော) ကောင်းကင် ကောင်းကင်ဟု အဖန်ဖန်အထပ်ထပ် နှလုံးသွင်းဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးစီးသော ဟင်းလင်းပြင်ကောင်းကင်မျှ ထင်ရှားလေတော့၏။ ၎င်း ဟင်းလင်းပြင်ကောင်းကင်ကို -

၁။ **ကသိဏုဂ္ဃါဋိမာကာသ**= ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့် ပြီးစီးသောကောင်းကင်
၂။ **ကသိဏဖုဋ္ဌောကာသ**= ကသိုဏ်းရုပ်ထိရာ ပြန့်ရာကောင်းကင်
၃။ **ကသိဏ ဝိဝိတ္တောကာသ**= ကသိုဏ်းရုပ်ကင်းဆိတ်ရာကောင်းကင်ဟူ၍ ခေါ်ဆိုရ၏။

**အာကာသသုံးမျိုး**- အာကာသသည် **အဇဋာကာသ, ပရိစ္ဆိန္နာကာသ, ကသိဏုဂ္ဃါဋိ-မာကာသ**ဟူ၍ သုံးမျိုးရှိ၏။

ထိုတွင် ပြင်ပဟင်းလင်းပြင်ကောင်းကင်သည် အဇဋာကာသမည်၏။ အိုးတွင်း ပြူတင်းပေါက်စသည်သည် ပရိစ္ဆိန္နာကာသမည်၏။ ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးစီးသောကောင်းကင်သည် ကသိဏုဂ္ဃါဋိမာကာသမည်၏။ ဤ၌ ကသိဏုဂ္ဃါဋိမာကာသကို ယူအပ်၏။

## ပထမအရူပစျာန်စိတ်ဖြစ်ပေါ်ပုံ

ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးစီးသော ထိုဟင်းလင်းပြင်ကောင်းကင်နိမိတ်ကို "ကောင်းကင်-ကောင်းကင်"ဟု အဖန်ဖန်အထပ်ထပ် နှလုံးသွင်းခြင်း၊ ကြံစည်

ခြင်း၊ အထူးကြံစည်ခြင်းတို့ကို ပြုလုပ်အားထုတ်နေခဲ့သော် ထိုယောဂီပုဂ္ဂိုလ်အား နီဝရဏများ ကင်းကွာကုန်၏ ကောင်းကင်နိမိတ်လျှင် အာရုံရှိသော အမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် စိတ်သည် ကောင်းစွာတည်ကြည်၏။

ထိုယောဂီသည် ထိုကောင်းကင်နိမိတ်ကိုပင် အဖန်ဖန်အထပ်ထပ် မှီဝဲပွားများ ကြိမ်ဖန်များပြုခြင်း ဆင်ခြင်နှလုံးသွင်းခြင်းပြုလုပ်သည်ရှိသော် ပထဝီကသိုဏ်းစသည်၌ ရူပါဝစရစျာန်စိတ်ဖြစ်သကဲ့သို့ ကသိုဏ်း၊ ရုပ်ကိုခွါခြင်းဖြင့် ပြီးစီးသော ကောင်းကင်နိမိတ်၌ အာကာသာနဉ္စာယသနစျာန်စိတ် (ပထမ အရူပစျာန်စိတ်) သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်၏။

အာကာသာနဉ္စာယတန စျာန်စိတ်ဖြစ်ရာ၌ ဝီထိပုံစံမှာ ရှေးအဖို့၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော သုံးကြိမ်လေးကြိမ်သောဇောတို့သည် ဥပေက္ခာဝေဒနာနှင့် ကာမာဝစရဇောတို့ပေတည်း၊ လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်ဖြစ်သော ဇောသည် အရူပါဝစရဇောတည်း။

## ကောင်းကင်နိမိတ်ကိုမြင်ပုံဥပမာ

အရူပစျာန်စိတ်ဖြစ်ပြီးလတ်သော် ထိုယောဂီပုဂ္ဂိုလ်သည် ဥပမာအားဖြင့် တံခါးငယ်၏ အပေါက်ဝ၊ အိုးမျက်နှာဝ စသည်တို့တွင် တစ်ခုခုကို အညို၊ အဝါ၊ အနီ၊ အဖြူစသော အဝတ်တစ်ခုခုဖြင့် ဖွဲ့ယှက်ဖုံးအုပ်လျက် ထိုအဝတ်ကို ကြည့်ရှုနေစဉ် လေအဟုန်ဖြင့်ဖြစ်စေ အခြားအကြောင်းတစ်ခုခုဖြင့်ဖြစ်စေ ကြည့်ရှုနေသည့် အဝတ်အထည်ကို ရုတ်တရက် ဖယ်ရှားလိုက်လျှင် တံခါးငယ်၏အပေါက်ဝ အိုးမျက်နှာဝ၏ ဟင်းလင်းပြင်နေရာကိုသာလျှင် တွေ့မြင်ရသကဲ့သို့-

ဤအတူပင် ရှေ့အဖို့၌ ကသိုဏ်းဝန်းကို စျာန်မျက်စိဖြင့် ရှုလျက်နေခဲ့ပြီး "ကောင်းကင် ကောင်းကင်"ဟု ဆင်ခြင်သော ပရိကံနှလုံးသွင်းမှုဖြင့် ထိုကသိုဏ်းနိမိတ်ကို ရုတ်တရက် ဖယ်ရှားလိုက်သောအခါ ဟင်းလင်းပြင်ကောင်းကင်နိမိတ်ကိုသာ မြင်နေရတော့၏။

## ပထမအရူပစျာန်သို့ရောက်ရှိပုံ

သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ "အနန္တော အာကာသော"တိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ) အလုံးစုံကုန်သော၊ ရူပစျာန်၌ဖြစ်ကုန်သော မှတ်သားမှုတို့ကို စက်ဆုပ်လျက်, ချုပ်စေလျက် လွန်မြောက်ခြင်းကြောင့်၊ မျက်စိနှင့် အဆင်းစသည်တို့ ထိခိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃသညာတို့ ချုပ်ခြင်းကြောင့်၊ အမျိုးမျိုးသော အာရုံ၌ ဖြစ်သော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်၊ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏။

## ရူပသညာနံသမတိက္ကမာအစိပ္ပါယ်

သဗ္ဗသော ဟူသည်- ခပ်သိမ်းသော အခြင်းအရာအားဖြင့် (လွန်မြောက်ခြင်းကြောင့်)၊

တစ်နည်းမှာ- အလုံးစုံကုန်သော (ရူပသညာတို့ကို) ဟုဆိုလို၏။

**ရူပသညာဟူသည်**- သညာကို ခေါင်းတပ်၍ ဟောထားသော ရူပါဝစရဈာန်နှင့် ထို ရူပဈာန်၏ အာရုံတို့ကို ရူပသညာဟု ခေါ်ဆို၏။

**သမတိက္ကမာ လွန်မြောက်ခြင်းကြောင့်ဟူသည်**- ဝိရာဂါ တပ်စွဲမှုကင်းခြင်း၊ စက်ဆုပ်ခြင်းကြောင့်လည်းကောင်း နိရောဓာ ချုပ်စေခြင်းကြောင့်လည်းကောင်း လွန်မြောက်သည် ဟုဆိုလို၏။

## ရူပသညာသရုပ်

ဈာန်အလိုအားဖြင့် ရူပကုသိုလ်ဈာန် (၅)ပါး၊ ရူပဝိပါက်ဈာန် (၅)ပါး၊ ရူပကြိယာဈာန် (၅)ပါး၊ အာရုံအလိုအားဖြင့် ပထဝီကသိုဏ်းစသည့် ကသိုဏ်း(၉)ပါး ပေါင်း (၂၄)ပါး ဖြစ်၏။

## ရူပသညာတို့ကိုလွန်မြောက်မှ အရူပဈာန်သို့ရောက်နိုင်ပုံ

ယင်း (၂၄)ပါးသော ရူပသညာတို့ကို ခပ်သိမ်းသော အခြင်းအရာဖြင့် စက်ဆုပ်ခြင်း ယင်းတို့နှင့် စပ်ဆိုင်သော ဆန္ဒရာဂကို ခွါသဖြင့် ချုပ်စေခြင်းသည် ရူပသညာကို လွန်မြောက်သည်မည်၏၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့် ရူပသညာကို လွန်မြောက်မှ အာကာသာနဉ္စာယတနဈာန်သို့ ရောက်နိုင်၏။ ခပ်သိမ်းသောအခြင်းအရာအားဖြင့် ရူပသညာတို့ကို မလွန်မြောက်သေးသောပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဈာန်သို့ ရောက်ရန် မစွမ်းနိုင်ပေ။

## အာရုံကိုလွန်မြောက်ခြင်းဟု မဟောခြင်း

ရူပသညာတို့ကိုလွန်မြောက်ခြင်းကြောင့် အာကာသာနဉ္စာယတနဈာန်သို့ရောက်သည် ဟူသောစကား၌ အာရုံ၌တပ်စွဲမှုမကင်းသေးသောပုဂ္ဂိုလ်အား သညာတို့ကိုလွန်မြောက်ခြင်း မဖြစ်နိုင်၊ သညာတို့ကိုလွန်မြောက်လျှင်လည်း အာရုံကို လွန်မြောက်ပြီးသာ ဖြစ်ပေသည်။ ထို့ကြောင့် အာရုံကို လွန်မြောက်ခြင်းဟု မဟောပေ။

## ဝိဘင်းပါဠိတော်စကား

မေး- ရူပသညာနံ သမတိက္ကမာ (ရူပသညာတို့ကို လွန်မြောက်ခြင်း)ဟူသောစကား၌ ရူပသညာဟူသည် အဘယ်နည်း?

ဖြေ- ရူပါဝစရသမာပတ်ကို ဝင်စားသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်၏ ရူပကုသိုလ်သညာကို လည်းကောင်း၊ ရူပဘုံ၌ဖြစ်သောပုဂ္ဂိုလ်၏ ရူပဝိပါက်သညာကိုလည်းကောင်း၊ မျက်မှောက် အတ္တဘော၌ ရူပဈာန်ဖြင့် ချမ်းသာစွာနေသောရဟန္တာ၏ ရူပကြိယာသညာကိုလည်းကောင်း၊ ရူပသညာတို့ဟူ၍ ဆိုအပ်ကုန်၏။

ဤရူပသညာတို့ကို လွန်မြောက်ခြင်း၊ အထူးသဖြင့်လွန်မြောက်ခြင်း၊ ကောင်းစွာလွန်မြောက်ခြင်းကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ) အလုံးစုံကုန်သော ရူပသညာတို့ကို လွန်မြောက်သည်ဟု ဆိုအပ်ပေသည်။

## အာရုံကိုလွန်မြောက်ခြင်းလည်းသင့်လျော်

ဤသို့ဝိဘင်းပါဠိတော်၌ သညာတို့ကိုသာလွန်မြောက်ခြင်းကို ဝေဘန်ဟောကြားထားသော်လည်း၊ ကသိုဏ်းအာရုံတို့ကို လွန်မြောက်နိုင်မှသာလျှင် အရူပသမာပတ်တို့သို့ ရောက်အပ်, ရောက်နိုင်ကုန်၏။ ပဌမစျာန်စသည်တို့ကဲ့သို့ အာရုံတစ်ခုတည်း၌ မရောက်အပ် မရောက်နိုင်ကုန်။ ထို့ကြောင့် အာရုံကိုလွန်မြောက်ခြင်းဟူသောအဓိပ္ပါယ်သည်လည်း လျော်ကန်သင့်မြတ်၏။

## ပဋိဃသညာနံ အတ္ထင်္ဂမာ အဓိပ္ပါယ်

ပဋိဃသညာဟူသည်- မျက်စိစသော ဝတ္ထုရုပ်တို့နှင့် အဆင်းစသောအာရုံတို့၏ အချင်းချင်းထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော သညာတို့သည် ပဋိဃသညာမည်၏။ **ပဋိဃသညာသရုပ်**- ရူပသညာ= အဆင်း၌အမှတ်သညာ၊ သဒ္ဒသညာ= အသံ၌အမှတ်သညာ၊ ဂန္ဓသညာ= အနံ့၌အမှတ်သညာ၊ ရသသညာ= အရသာ၌အမှတ်သညာ၊ ဖောဋ္ဌဗ္ဗသညာ= အတွေ့အထိ၌အမှတ်သညာ၊ ဤသညာကို့ကို ပဋိဃသညာဟု ဆိုအပ်ကုန်၏။

ထိုပဋိဃသညာသည် ကုသလဝိပါက်ငါးပါး၊ အကုသလဝိပါက်ငါးပါးအားဖြင့် ပဉ္စဝိညာဏ်သညာ (၁၀)ပါး အပြားရှိ၏။

**အတ္ထင်္ဂမာ** ချုပ်ခြင်းကြောင့်ဟူသည်- ထိုပဋိဃသညာ (၁၀)ပါးတို့၏ အချင်းခပ်သိမ်း ချုပ်ခြင်းကြောင့် ကင်းခြင်း၊ မဖြစ်ခြင်းကြောင့် (ဝါ) ထိုပဋိဃသညာ (၁၀)ပါးတို့ကို မဖြစ်အောင်ပြုခြင်းကို ချုပ်ခြင်းဟု ဆိုလိုပေသည်။

## အရူပစျာန်အရာ၌ ပဋိဃသညာချုပ်ခြင်းကိုဟောတော်မူပုံ

ရူပ, ပဌမစျာန်စသည်တို့ကို ဝင်စားနေသောပုဂ္ဂိုလ်အား စျာန်ဝင်စားခိုက်၌ ပဉ္စဒွါရ၏ အစွမ်းဖြင့် စိတ်မဖြစ်ခြင်းကြောင့် ပဋိဃသညာများ မရှိကြပေ၊ သို့သော်လည်း အခြားစျာန်တို့၌ ပယ်ခဲ့ပြီးသောသုခဒုက္ခတို့ကို စတုတ္ထစျာန်၌ ဟောခြင်းကဲ့သို့လည်းကောင်း၊ အခြားမဂ်တို့၌ ပယ်ခဲ့ပြီးသောသက္ကာယဒိဋ္ဌိစသည်တို့ကို တတိယမဂ်၌ဟောခြင်းကဲ့သို့ရင်း-

ဤအရူပစျာန်၌ တက်တက်ကြွကြွအားထုတ်မှုဖြစ်စေခြင်းငှာ- အရူပစျာန်ကို ချီးမွမ်းသည့် အလိုအားဖြင့် ပဋိဃသညာတို့၏ ချုပ်ခြင်းကို အရူပစျာန်အရာ၌ ဟောတော် မူခြင်း ဖြစ်သည်။

ရူပ,ပဌမစျာန်စသည်၌ ပဋိဃသညာများမရှိသော်လည်း ယင်းပဋိဃသညာများ ချုပ်ပုံကို မဟောခဲ့ပေ။

တစ်နည်းရှင်းပြရသော်- ရူပါဝစရစျာန်ကို ဝင်စားသူအား- ထိုပဋိဃသညာတို့မရှိကြသည်မှန်၏၊ သို့သော်လည်း ပယ်ထားသောကြောင့် မရှိကြသည်မဟုတ်ပေ၊ အဘယ့်ကြောင့် ဆိုသော် ရူပါဝစရဘာဝနာသည် ရုပ်ကိုစက်ဆုပ်ခြင်းငှါ မဖြစ်သောကြောင့်လည်းကောင်း၊ ထို့ပြင် ယင်းရူပါဝစရစျာန်တို့၏ဖြစ်ခြင်းသည် ရုပ်နှင့်စပ်သောကြောင့်လည်းကောင်း ဖြစ်ပေသည်။

## အရူပစျာန်၌ ပဋိဃသညာများမရှိပုံ

ဤ အရူပဘာဝနာသည်ကား- ရုပ်ကိုစက်ဆုပ်ခြင်းငှာ-ဖြစ်ပေ၏။ ထို့ကြောင့် ပဋိဃသညာတို့ကို ဤအရူပစျာန်၌ ပယ်၏ဟု-ဧကန်မုချ မှတ်ထားသင့်၏။ ထို ပဋိဃသညာတို့ကို ဤအရူပစျာန်မှ ရှေးအခါ၌ မပယ်ရသေးသောကြောင့်ပင်လျှင် **ပဉ္စမစျာန်ကိုဝင်စားနေသူအား- "အသံကို ဆူးငြောင့်"**ဟု မြတ်စွာဘုရားဟောတော်မူပေသည်။

ဤအရူပစျာန်၌ကား- ၎င်းပဋိဃသညာတို့ကို ပယ်ပြီးဖြစ်သောကြောင့်ပင် အရူပသမာပတ်တို့၌ **တုန်လှုပ်ခြင်းမရှိသည့် (အာနေဉ္ဇ)** အဖြစ်ကိုလည်းကောင်း၊ **ငြိမ်သက်သော ဝိမောက္ခအဖြစ်ကိုလည်းကောင်း** ဟောတော်မူအပ်ပေသည်။

ထို့ပြင် **ကာလာမအနွယ်ဖြစ်သော အာဠာရ ရသေ့သည်** အရူပသမာပတ်ကို ဝင်စားနေစဉ်၊ ပဋိဃသညာတို့ကို ပယ်ပြီးဖြစ်သောကြောင့် မိမိ၏အနီးမှ ဖြတ်သန်းမောင်းနှင်သွားသော **လှည်းငါးရာတို့ကိုမမြင်၊ လှည်းငါးရာတို့၏အသံကို** မကြားလိုက်ရခြင်းဖြစ်ပေသည်။

## နာနတ္တသညာနံ အမနသိကာရာ အဓိပ္ပါယ်

**နာနတ္တသညာဟူသည်-** အထူးထူး အမျိုးမျိုးသော အာရုံ၌ဖြစ်သော သညာတို့သည် နာနတ္တသညာ မည်၏။ **တစ်နည်း-** အထူးထူးအမျိုးမျိုးသော သဘောရှိသော သညာတို့သည် နာနတ္တသညာ မည်၏။

## ဝိဘင်းပါဠိတော်လာ နာနတ္တသညာ

အရူပသမာပတ်ဝင်စားခိုက်မဟုတ်သူ၏သန္တာန်၌ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ဖြင့် ရေတွက်အပ်ကုန်သော သညာတို့သည် အဆင်းအသံစသည် အပြားရှိသော အထူးထူး အမျိုးမျိုးသော သဘောရှိသောအာရုံတို့၌ ဖြစ်တတ်သောကြောင့် နာနတ္တသညာတို့ မည်ကုန်၏။

### နာနတ္တသညာသရုပ်

| | | |
|---|---|---|
| ကာမကုသိုလ်သညာ- | ၈-ပါး | |
| အကုသိုလ်သညာ- | ၁၂-ပါး | |
| ကာမကုသလဝိပါက်သညာ- | ၁၁-ပါး | (သမ္ပဋိစ္ဆိုင်း-၁၊ သန္တီရဏ-၂၊ မဟာဝိပါက် ၈) |
| အကုသလဝိပါက်သညာ- | ၂-ပါး | (သမ္ပဋိစ္ဆိုင်း ၁၊ သန္တီရဏ-၁) |
| ကာမကြိယာသညာ- | ၁၁-ပါး | (အဟိတ်ကြိယာ-၃၊ မဟာကြိယာ-၈) |
| | ၄၄-ပါး | |

ဤ ၄၄-ပါးသောသညာတို့သည် အထူးထူးသောသဘောရှိကုန်၏၊ အချင်းချင်းမတူကြကုန်၊ ထို့ကြောင့် နာနတ္တသညာတို့မည်ကုန်၏။

**အမနသိကာရာဟူသည်-** ထိုနာနတ္တသညာတို့ကို အချင်းခပ်သိမ်း စိတ်၌မထားခြင်း၊ နှလုံးမသွင်းခြင်း၊ ကောင်းစွာအဖန်ဖန်စိတ်သို့မဆောင်ခြင်း၊ မဆင်ခြင်ခြင်းဖြင့်ပင်ဖြစ်၏။

### သမတိက္ကမာ အတ္ထင်္ဂမာ နှစ်ပုဒ်ဖြင့်ပြသောအဓိပ္ပါယ်

ရူပသညာ၊ ပဋိဃသညာ၊ နာနတ္တသညာ သုံးမျိုးတို့တွင် ရှေ့ဖြစ်သော ရူပသညာနှင့် ပဋိဃသညာတို့သည် ဤအရူပစျာန်ကြောင့်ဖြစ်သော အရူပဘဝ၌ မရှိကြပေ၊ အရူပစျာန်ကို ဝင်စားနေချိန်၌ ထိုသညာတို့မရှိကြသည်မှာ- ဆိုဘွယ်ရာမရှိပြီ၊ ထို့ကြောင့် သမတိက္ကမာ= ထိုသညာတို့ကို လွန်မြောက်ခြင်းကြောင့်၊ အတ္ထင်္ဂမာ= ထိုသညာတို့၏ ချုပ်ခြင်းကြောင့်ဟု ဆိုသော နှစ်ပုဒ်ဖြင့် အရူပဘဝ၌ ရူပသညာ၊ ပဋိဃသညာနှစ်ပါးတို့ မရှိခြင်းကို ဟောတော်မူ၏။

### အရူပဘဝ၌ရနိုင်သော နာနတ္တသညာ

၄၄-ပါးသော နာနတ္တသညာတို့တွင်---

| | | |
|---|---|---|
| ကာမကုသိုလ်သညာ- | ၈-ပါး | |
| ကာမကြိယာသညာ- | ၉-ပါး | (မနောဒွါရာဝဇ္ဇန်း-မဟာကြိ-၈) |
| အကုသိုလ်သညာ- | ၁၀-ပါး | (လော- ၈- မော-၂) |
| | ၂၇-ပါး | |

ဤ ၂၇-ပါးသော နာနတ္တသညာတို့သည် အရူပစျာန်ကြောင့်ဖြစ်သော အရူပဘဝ၌ ရှိကြ၏။ ထို့ကြောင့် နာနတ္တသညာနံ အမနသိကာရာ= ထိုနာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်"ဟုဟောတော်မူ၏။

### နာနတ္တသညာနံ အမနသိကာရာဖြင့်ပြသောအဓိပ္ပါယ်

အရူပဘဝ၌ အရူပစျာန်ကို ဝင်စားနေသူသည် အရူပဘဝ၌ရှိသော ၂၇-ပါးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်သာလျှင် အရူပစျာန်သို့ ရောက်၍ အရူပစျာန်ကို ဝင်စားနိုင်ပေသည်။ ထိုနာနတ္တသညာ ၂၇-ပါးတို့ကို နှလုံးသွင်းနေလျှင်မူကား- အရူပသမာပတ်ကို မဝင်စားသူသာ ဖြစ်ပေသည်။

### သညာသုံးပါးအကျဉ်းချုပ် မှတ်ဘွယ်

**ရူပသညာနံ သမတိက္ကမာ**= ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့်ဟူသော ပုဒ်ဖြင့်- (အရူပဘဝ၌) ရူပါဝစရတရားအားလုံး ပယ်ခြင်းကို ဟောတော်မူ၏။

**ပဋိဃသညာနံ အတ္ထင်္ဂမာ**= ပဋိဃသညာတို့ချုပ်ခြင်းကြောင့်၊

**နာနတ္တသညာနံ အမနသိကာရာ**= အထူးထူးအမျိုးမျိုးသောသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ဟူသော နှစ်ပုဒ်ဖြင့် (အရူပဘဝ၌) ကာမာဝစရ စိတ်စေတသိက် အားလုံးကို ပယ်ခြင်း၊ နှလုံးမသွင်းခြင်းကို ဟောတော်မူ၏။

### အနန္တော အာကာသော၌ သိမှတ်ဘွယ်

အနန္တဟူသည်- ဥပ္ပါဒ= ဖြစ်ခြင်းဟူသော အဆုံးအပိုင်းအခြား၊ ဝယ= ပျက်ခြင်း

ဟူသော အဆုံးအပိုင်းအခြားမရှိသော အာကာသသည် **အနန္တ** မည်၏။

**အာကာသ**ဟူသည်- ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးစီးသော ဟင်းလင်းပြင်ကောင်းကင်သည် **အာကာသ** မည်၏။

ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသောကောင်းကင်၌ ဖြစ်ခြင်း ပျက်ခြင်း အဆုံးအပိုင်းအခြားမရှိဟု နှလုံးသွင်းခြင်း၏အစွမ်းဖြင့်လည်း ကောင်းကင်၏အနန္တအဆုံးအပိုင်းအခြားမရှိသည်၏အဖြစ်ကို သိအပ်၏။

ထို့ကြောင့် ဝိဘင်းပါဠိတော်၌ ထိုအာကာသ၌ စိတ်ကိုထား၏၊ ကောင်းစွာထား၏၊ အဆုံးအပိုင်းအခြားမရှိသည်ကိုပြု၍ ဖြန့်၏၊ ထို့ကြောင့် အနန္တော အာကာသော အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟု ဆိုအပ်သည်ဟုဟောတော်မူ၏။

### အာကာသနဉ္စာယတန၌ အစိပ်စိပ်သိမှတ်ဘွယ်

၁။ ထိုအာကာသအား ဖြစ်ခြင်းပျက်ခြင်း အဆုံးအပိုင်းအခြားမရှိသောကြောင့် **အနန္တ**မည်၏။ **(နဿ အန္တောတိ အနန္တံ။)**

၂။ အနန္တ ဖြစ်ခြင်း၊ ပျက်ခြင်း၊ အဆုံးအပိုင်းအခြားမရှိသော အာကာသသည် အာကာသာနန္တ မည်၏။ **(အာကာသံ အနန္တံ အာကာသာနန္တံ။)**

၃။ ဖြစ်ခြင်း ပျက်ခြင်း အဆုံးအပိုင်းအခြားမရှိသော ထိုအာကာသာနန္တသည်ပင်လျှင် အာကာသာနဉ္စ မည်၏။ **(အာကာသာနန္တမေဝ အာကာသာနဉ္စံ။)**

၄။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟူသော ထိုအာကာသနဉ္စသည် ဥပမာ-နတ်တို့၏တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ **(ဒေဝါနံ အာယတနံ ဒေဝါယတနမိဝ။)**၊ ယှဉ်ဖော်ယှဉ်ဖက်တရားအပေါင်းနှင့်တကွဖြစ်သော ပထမအရူပဈာန်၏ တည်ရာဖြစ်သောကြောင့် အာကာသာနဉ္စာယတန မည်၏။ **(အာကာသာနဉ္စံ အာယတနံ အာကာသာနဉ္စာယတနံ။)**

**ဥပသမ္ပဇ္ဇ ဝိဟရတိ**ဟူသည်- ထိုအာကာသာနဉ္စာယတနဈာန်သို့ရောက်၍ ပြီးစေ၍ ထိုဈာန်အားလျော်သော ဣရိယာပုထ်ဖြင့်နေ၏ဟု ဆိုလို၏။

(အာကာသာနဉ္စာယတန အဖွင့်ပြီး၏)

❋❋❋

## (၂) ဝိညာဏဉ္စာယတနအဖွင့်

### ရရှိအောင်ပွားများအားထုတ်ပုံ

ဝိညာဏဉ္စာယတနဈာန်ကို ရရှိအောင်ပွားများအားထုတ်လိုသော ယောဂီသည် အာကာသာနဉ္စာယတနသမာပတ်ကို ဝသီဘော်ငါးပါးတို့ဖြင့် နိုင်နင်းအောင် လေ့လာကျေပွန်ထားရ

မည်။ ဤအာကာသာနဉ္စာယတနသမာပတ်သည် ရူပါဝစရစျာန်ဟူသော ရန်သူနှင့်နီး၏ ဝိညာဏဉ္စာယတနစျာန်ကဲ့သို့လည်း မငြိမ်းသက်ပေဟု အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို ရှုမြင်ရမည်၊ ထို့နောင် ယင်းအာကာသာနဉ္စာယတနစျာန်၌ နှစ်သက်တွယ်တာမှုကို ကုန်းခမ်းစေ၍ ဝိညာနဉ္စာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းဆင်ခြင်ပြီးလျှင် အနန္တအာကာသကို ဖြန့်၍ အာရုံပြု၍ဖြစ်သော ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို **ဝိညာဏ်,ဝိညာဏ်**ဟု အဖန်ဖန်အထပ်ထပ် နှလုံးသွင်းအပ်၊ စိတ်၌ထားအပ်၊ ဆင်ခြင် အပ်၏။

'**အနန္တံ အနန္တံ**' 'အဆုံးအပိုင်းအခြားမရှိ အဆုံးအပိုင်းအခြားမရှိ'ဟု ဤသို့သက်သက် ကား နှလုံးမသွင်းအပ်ပေ။

## ဝိညာဏဉ္စာယတနစျာန်စိတ်ဖြစ်ပေါ်လာပုံ

ဤဆိုခဲ့သည့်အတိုင်း ထိုအာကာသာနဉ္စာယတနဝိညာဏ်နိမိတ်၌ အဖန်ဖန် အထပ်ထပ် ဘာဝနာစိတ်ကို သွားစေဖြစ်စေသော ယောဂီအား နီဝရဏတရားများ ကင်းကွာ ကုန်၏။ အာကာသာနဉ္စာယတနစိတ်ဝိညာဏ်လျှင် အာရုံရှိသောအမှတ်ရမှုသတိသည် ကောင်းစွာတည်၏။ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏၊

ထိုယောဂီပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနဝိညာဏ်ဟူသော အာရုံနိမိတ်ကို အဖန်ဖန်အထပ်ထပ် မှီဝဲပွားများ ကြိမ်ဖန်များစွာပြု၏၊ ဤသို့ပြုနေသောယောဂီအား ကသိုဏ်း ကို ခွာခြင်းဖြင့်ပြီးစီးသော အာကာသ၌ အာကာသာနဉ္စာယတနစျာန်စိတ်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်သကဲ့သို့ ကသိုဏ်းကိုခွာခြင်းဖြင့်ပြီးစီးသော အာကာသ၌ ပြန့်နှံ့၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၌ ဝိညာဏဉ္စာယတနစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်၏။

## ဝိညာဏဉ္စာယတနစျာန်သို့ရောက်ပုံ

*သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမ္မ အနန္တံ ဝိညာဏန္တိ*
*ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။*

ဤမျှသောဘာဝနာအစဉ်ဖြင့် ဤယောဂီပုဂ္ဂိုလ်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်နှင့် အာရုံကိုလွန်မြောက်၍ အဆုံးအပိုင်းအခြားမရှိသော ဝိညာဏ်ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ရောက်၍နေသည်ဟု ဆိုအပ်ပေ သည်။

## အာကာသာနဉ္စာယတန (၂)မျိုး

ပဌမအရူပစျာန်သည် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသော (အာကာသ) ကောင်းကင် နိမိတ်၌ဖြစ်သောကြောင့် အာကာသာနဉ္စာယတနမည်၏။

ကောင်းကင်အာရုံသည်လည်း ပဌမအရူပစျာန်၏ အာရုံတည်ရာဖြစ်သောကြောင့်

အာကာသာနဉ္စာယတနမည်၏၊

**ဈာန်နှင့် အာရုံနှစ်မျိုးလုံးကို တစ်ပေါင်းတည်းပြု၍ အာကာသာနဉ္စာယတနဟု ဆိုထားပေသည်။**

အာကာသာနဉ္စ တံ အာယတနဉ္စာတိ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စ= အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်သည်လည်း၊ ဟောတိ= ဟုတ်၏၊ တံ= ထိုကောင်းကင်သည်၊ အာယတနဉ္စ= ပဌမအရူပဈာန်၏ အာရုံတည်ရာသည်လည်း၊ ဟောတိ =ဖြစ်၏။ ဣတိ ထိုနှစ်ပါးသောအကြောင်းကြောင့် အာကာသာနဉ္စာယတနံ= အာကာသာနဉ္စာယတနမည်၏။

## အာကာသာနဉ္စာယတန(၂)မျိုးလုံးကို လွန်မြောက်မှ ဝိညာဏဉ္စာယတနသို့ ရောက်နိုင်ပုံ

ထိုအာကာသာနဉ္စာယတနမည်သောဈာန်နှင့် အာရုံနှစ်မျိုးလုံးကို မဖြစ်အောင်ပြုခြင်း၊ ထိုအာကာသာနဉ္စာယတန နှစ်မျိုးလုံးကို နှလုံးမသွင်းခြင်းအားဖြင့် လွန်မြောက်ပြီးမှသာလျှင် ဝိညာဏဉ္စာယတနဈာန်သို့ရောက်၍ နေနိုင်ပေသည်။

**အနန္တံ ဝိညာဏံ ဟူသည်-**

ပထမအရူပဈာန်၏ အနန္တော-အာကာသော' အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟု ဖြန့်၍ နှလုံးသွင်း၍ဖြစ်သော ထိုအာကာသာနဉ္စာယတနဝိညာဏ်ကိုပင်လျှင် 'အနန္တံ-ဝိညာဏံ အဆုံးအပိုင်းအခြားမရှိသော ဝိညာဏ်'ဟု နှလုံးသွင်းဆင်ခြင်ရမည်။

## ဝိညာဏဉ္စာယတန၌ အစိပ်စိပ်သိမှတ်ဘွယ်

အဆုံးမရှိသောကြောင့် အာကာသာနဉ္စာယတနဝိညာဏ်သည် အနန္တမည်၏။ (နာဿ **အန္တောတိ အနန္တံ။**) အာကာသာနဉ္စာယတနဝိညာဏ်မည်သော အနန္တသည်ပင်လျှင် အာနဉ္စမည်၏။ (**အနန္တမေဝ အာနဉ္စံ။**) ဝိညာဏနှင့် အာနဉ္စကိုပေါင်း၍ ဝိညာဏဉ္စဖြစ်၏။ (**ဝိညာဏံ အာနဉ္စံ ဝိညာဏဉ္စံ။**)

နတ်တို့၏တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ (**ဒေဝါနံ အာယတနံ ဒေဝါယတနမိဝ**) အာကာသာနဉ္စာယတနဝိညာဏ်ဟူသော ထိုဝိညာဏဉ္စသည် ယှဉ်ဘက်တရားအပေါင်းနှင့်တကွဖြစ်သော ဒုတိယအရူပဈာန်၏တည်ရာဖြစ်သောကြောင့် ဝိညာဏဉ္စာယတန မည်၏။ (**ဝိညာဏဉ္စံ အာယတနံ ဝိညာနဉ္စာယတနံ။**)

ဝိညာဏဉ္စာယတနဈာန်အဖွင့်ပြီး၏။

◈◈◈

## (၃) အာကိဉ္စညာယတနစျာန်အဖွင့်
### ရရှိအောင်ပွားများအားထုတ်ပုံ

အာကိဉ္စညာယတနစျာန်ကို ရရှိအောင်ပွားများအားထုတ်လိုသောယောဂီပုဂ္ဂိုလ်သည် ဝိညာနဉ္စာယတနသမာပတ်ကို ဝသီဘော်ငါးပါးတို့ဖြင့် နိုင်နင်းအောင်လေ့လာကျေပွန်ထားရမည်၊ ဝိညာနဉ္စာယတနသမာပတ်သည် အာကာသာနဉ္စာစျာန်ဟူသော ရန်သူနှင့်နီး၏၊ အာကိဉ္စညာယတနစျာန်ကဲ့သို့ မငြိမ်သက်ပေဟု ဝိညာနဉ္စာယတနစျာန်၌ အပြစ်ကိုရှုမြင်ရမည်။

ထို့နောင် ယင်းဝိညာနဉ္စာယတနစျာန်၌ နှစ်သက်တွယ်တာမှုကို ကုန်ခမ်းစေ၍ အာကိဉ္စညာယတနစျာန်ကို ငြိမ်သက်စေသောအားဖြင့် နှလုံးသွင်းပြီးလျှင် ဝိညာနဉ္စာယတနစျာန်၏အာရုံဖြစ်သော ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မ႐ှိခြင်းဟူသော ကင်းဆိတ်သောအခြင်းအရာ နတ္ထိဘောပညတ်ကို နှလုံးသွင်းအပ်၏။

နှလုံးသွင်းဆင်ခြင်ပုံမှာ- ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်းမူ၍ ထိုအာကာသာနဉ္စာယတနဝိညာဏ် မရှိမရှိဟုဖြစ်စေ၊ ကင်းသည်၊ ဆိတ်သုဉ်းသည်ဟု ဖြစ်စေ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းဆင်ခြင် စိတ်၌ထားအပ်၏။

### အာကိဉ္စညာယတနစျာန်စိတ်ဖြစ်ပေါ်ပုံ

ဆိုခဲ့သည့်အတိုင်း အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်နိမိတ်၌ စိတ်ကိုသွားစေဖြစ်စေသော ယောဂီပုဂ္ဂိုလ်အား နီဝရဏတရားများ ကင်းကွာကုန်၏၊ နတ္ထိဘောပညတ်နိမိတ်လျှင် အာရုံရှိသောအမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုနတ္ထိဘောပညတ်နိမိတ်ကို အဖန်ဖန်မှီဝဲ၏၊ ထိုနတ္ထိဘောပညတ်နိမိတ်လျှင် အာရုံရှိသော ဘာဝနာစိတ်ကိုပွားစေ၏။ ကြိမ်ဖန်များစွာပြု၏၊ ဤသို့ပြုနေသော ယောဂီပုဂ္ဂိုလ်အား အာကာသ၌ပြန့်၍ဖြစ်သော အာကာသာနဉ္စာယတနမဟဂ္ဂုတ်ဝိညာဏ်၌ ဝိညာနဉ္စာယတနစျာန်စိတ်ဖြစ်သကဲ့သို့ အာကာသကိုပြန့်၍ဖြစ်သော ထိုအာကာသာနဉ္စာယတနမဟဂ္ဂုတ်ဝိညာဏ်၏ပင်လျှင် ကင်းဆိတ်ခြင်းမရှိခြင်းဟူသော နတ္ထိဘောပညတ်၌ အာကိဉ္စညာယတနစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်ပေါ်၏။

### နတ္ထိဘောပညတ်သဘောကို ဥပမာဖြင့်ပြပုံ

လူတစ်ယောက်သည် တန်ဆောင်းစသောနေရာတို့၌ တစ်စုံတစ်ခုသောကိစ္စဖြင့် စည်းဝေးနေကြသောရဟန်းအပေါင်းကိုတွေ့မြင်ပြီးနောက် ကိစ္စတစ်ခုဖြင့် အခြားသောအရပ်သို့ သွားခိုက် ရဟန်းများစည်းဝေးခြင်းကိစ္စပြီးဆုံးသောအခါ ထိုတန်ဆောင်း စသည့်အရပ်မှ ဖဲခွာသွားကုန်သည်ရှိသော် ထိုလူပြန်လာ၍ တံခါးပေါက်၌ ရပ်တည်လျှက် ထိုသံဃာစည်းဝေးရာဌာနကို တစ်ဖန်ကြည့်လတ်သော် ရဟန်းများမရှိတော့သည်ကို တွေ့မြင်လေ၏။ ထိုလူသည် 'ဤမျှသော ရဟန်းတို့သည် သေကုန်ပြီဟူ၍လည်းကောင်း အရပ်

မျက်နှာများသို့ ခရီးထွက်သွားကုန်ပြီဟူ၍သော်လည်းကောင်း' မကြံမတွေးမိပေ၊ စင်စစ်သော်ကား ဤအရပ်ဤနေရာသည် ရဟန်းတို့မှ ကင်းဆိတ်နေ၏ဟု ရဟန်းတို့၏ မရှိခြင်းမျှကိုသာလျှင် တွေ့မြင်သကဲ့သို့ ဤအတူပင် ရှေ့အခါက အာကာသဥ္စ ဖြစ်စေအပ်ပြီးသော အာကာသာ-နဉ္စာယတနဝိညာဏ်ကို ဝိညာဏဉ္စာယတနစျာန်မျက်စိဖြင့် ရှုလျက် နေခဲ့ပြီးလျှင်-

ယခုအခါ ယင်းအာကာသာနဉ္စာယတနဝိညာဏ် 'မရှိမရှိ' ဤသို့ စသည်ဖြင့်ဖြစ်သော ပရိကံ နှလုံးသွင်းမှုဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်ကွယ်ပျောက်သွားလတ်သော် ထို အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းဆိတ်ခြင်းဟုဆိုအပ်သော မရှိခြင်း (အဘာဝ-ပညတ်)ကိုသာလျှင် ဘာဝနာစိတ်ဖြင့်ရှု၏။

## အာကိဉ္စညာယတနစျာန်သို့ရောက်ပုံ

*သဗ္ဗသော ဝိညာနဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စိတိ*
*အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ*

ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီပုဂ္ဂိုလ်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဝိညာနဉ္စယတနစျာန်နှင့် ယင်း၏အာရုံကိုလွန်မြောက်၍ အာကာသာနဉ္စာယတနဝိညာဏ်ကို စိုးစဉ်းအနည်းငယ်မျှပင်လျှင် မရှိဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေသည်ဟု ဆိုအပ်ပေသည်။

## ဝိညာနဉ္စာယတနနှစ်ပါး

ဒုတိယအရူပစျာန်သည်လည်း ပဌမအရူပဝိညာဏ်ကို အာရုံပြု၍ဖြစ်သောကြောင့် ဝိညာဏဉ္စာယတနမည်၏။ ပဌမာရုပ္ပဝိညာဏ်တည်းဟူသောအာရုံသည်လည်း ဒုတိယ အရူပစျာန်၏ တည်ရာအာရုံဖြစ်သောကြောင့် ဝိညာဏဉ္စယတနမည်၏။ စျာန်နှင့်အာရုံ နှစ်ပါးလုံးကို တစ်ပေါင်းတည်းပြု၍ ဝိညာဏဉ္စာယတနဟု ဆိုထားပေသည်။

## စျာန်နှင့်အာရုံနှစ်မျိုးလုံးကို လွန်မြောက်မှရောက်နိုင်ပုံ

ထိုဝိညာဏဉ္စာယတနမည်သော စျာန်နှင့်အာရုံနှစ်ပါးလုံးကို မဖြစ်အောင်ပြုခြင်း ထိုစျာန်နှင့် အာရုံနှစ်ပါးလုံးကို နှလုံးမသွင်းခြင်းအားဖြင့် လွန်မြောက်ပြီးမှသာလျှင်- အာကိဉ္စ ညာယတနစျာန်သို့ ရောက်၍ နေနိုင်ပေသည်။

နတ္ထိကိဉ္စိဟူသည်- အာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်း စိတ်၌မထား၊ မဆင်ခြင်ဘဲ အာကာသာနဉ္စယတနဝိညာဏ်၏ မရှိခြင်း၊ ကင်းခြင်း၊ ဆိတ်ခြင်း သက်သက်ကိုသာလျှင် နှလုံးသွင်းလျက် မရှိသည်ကိုပြု၏၊ ကွယ်ပျောက်စေ၏ဟု ဆိုလိုပေသည်။ အခြားတစ်ပါးသော အခြင်းအရာအားဖြင့် ဆိုသည်မဟုတ်ပေ။

အာကိဉ္စညာယတနစျာန်၌ ပဌမာရုပ္ပဝိညာဏ်ဟူသော အာကာသာနဉ္စာယတနစျာန်

စိတ်၏ စိုးစဉ်းအနည်းငယ်မျှမရှိခြင်းသည် **အကိဉ္စနမည်၏။ (နာဿ ကိဉ္စနန္တိ အကိဉ္စနံ)**

(ထိုအာကာသာနဉ္စာယတနစျာန်စိတ်၏ အကြွင်းအကျန်သည် အယုတ်ဆုံးအားဖြင့် ဘင်ခဏမျှသော်လည်းမရှိတော့ပေ။)

စိုးစဉ်းအနည်းငယ်မျှပင် အကြွင်းအကျန်မရှိတော့သောစျာန်စိတ်အဖြစ်သည် **အာကိဉ္စညမည်၏။ (အကိဉ္စနဿ ဘာဝေါ အာကိဉ္စညံ)** ဤအမည်သည် အာကာသာ-နဉ္စာယတနဝိညာဏ်၏ မရှိခြင်း၊ ကင်းခြင်း၏ အမည်တည်း။

ထိုပဌမအရူပဝိညာဏ်၏ စိုးစဉ်းအနည်းငယ်မျှ မရှိခြင်းဟူသော အာကိဉ္စညသည် နတ်တို့၏တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ **(ဒေဝါနံ ဒေဝါယတနမိဝ)** တတိယ အရူပစျာန်၏တည်ရာ ဖြစ်သောကြောင့် အာကိဉ္စညာယတနမည်၏။ **(အာကိဉ္စညံ အာယတနံ အာကိဉ္စညာယတနံ)**

**အာကိဉ္စညာယတနစျာန်အဖွင့်ပြီး၏။**

◈◈◈

## (၄) နေဝသညာ နာသညာယတနစျာန်အဖွင့်

### ရရှိအောင်ပွားများအားထုတ်ပုံ

နေဝသညာ နာသညာယတနစျာန်ကို ရရှိအောင်ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတနသမာပတ်ကို ဝသီဘော်ငါးပါးတို့ဖြင့် နိုင်နင်းအောင် လေ့လာကျေပွန်ထားရမည်။

ဤအာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စာယတနဟူ သော ရန်သူနှင့်နီး၏၊ နေဝသညာ နာသညာယတနသမာပတ်ကဲ့သို့လည်း မငြိမ်သက်ပေဟုလည်းကောင်း၊ သညာသည်ရောဂါတည်း၊ သညာသည် အိုင်အမာနှင့်တူ၏။ သညာသည် စူးဝင်နေသော ငြောင့်နှင့်တူ၏၊ ကြမ်းတမ်းသော သညာမရှိမူ၍ သိမ်မွေ့သောသညာမကင်းသော ထိုနေဝသညာ နာသညာယတနစျာန်သည် ငြိမ်သက်ပေ၏၊ မွန်မြတ်ပေ၏ဟုလည်းကောင်း ထိုအာကိဉ္စညာယတနစျာန်၌ အပြစ်ကိုရှုလျက် အထက်ဖြစ်သော နေဝသညာနာသညာယတနစျာန်၌ အကျိုးအာနိသင်ကိုမြင်ပြီးလျှင် အာကိဉ္စညာယတနစျာန်၌ နှစ်သက်တွယ်တာခြင်းကို ကုန်ခမ်းစေ၍ နေဝသညာ၊ နာသညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း ဆင်ခြင်လျှက် အာကာသာနဉ္စယတနစျာန်၏ မရှိခြင်းဟူသောအဘာဝပညတ်ကို အာရုံပြု၍ ဖြစ်စေအပ်ပြီးသော ထိုအာကိဉ္စာညာယတနသမာပတ်ကိုပင်လျှင် **ငြိမ်သက်ပေစွ၊ ငြိမ်သက်ပေစွ**ဟု အဖန်ဖန်အထပ်ထပ် နှလုံးသွင်းအပ် စိတ်၌ထားအပ် ဆင်ခြင်အပ်၏။

### နေဝသညာနာသညာယတနစျာန်စိတ်ဖြစ်ပေါ်ပုံ

ဆိုခဲ့သည့်အတိုင်း အာကိဉ္စညာယတနသမာပတ်ဟူသောအာရုံနိမိတ်၌ စိတ်ကို အဖန်ဖန်အထပ်ထပ် သွားစေ,ဖြစ်စေသော ထိုယောဂီပုဂ္ဂိုလ်အား နီဝရဏတရားများ

ကင်းကွာကုန်၏၊ အာကိဉ္စညာယတနသမာပတ်နိမိတ်လျှင်အာရုံရှိသော အမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏၊ ထိုယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတနသမာပတ်ဟူသော အာရုံနိမိတ်ကို အဖန်ဖန်အထပ်ထပ် မှီဝဲပွားများကြိမ်ဖန်များစွာပြု၏၊ ဤသို့ပြုသောယောဂီပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းကင်းခြင်းဟူသော နတ္ထိဘာဝပညတ်၌ အာကိဉ္စညာယတနဈာန်စိတ်ဖြစ်သကဲ့သို့ အာကိဉ္စညယတနသမာပတ်ဟူသော လေးပါးသောခန္ဓာတို့၌ နေဝသညာနာသညာယတနစိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်၏။

## နေဝသညာနာသညာယတနဈာန်သို့ရောက်ပုံ

*သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ*
*နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။*

ဤမျှသောဘာဝနာအစဉ်ဖြင့် ဤယောဂီပုဂ္ဂိုလ်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာကိဉ္စညာယတနဈာန်နှင့်အာရုံကိုလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေသည်ဟု ဆိုအပ်ပေသည်။

## အာကိဉ္စညာယတန ၂-မျိုး

**တတိယအရူပဈာန်သည်လည်း** ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းနတ္ထိဘာဝပညတ်ကို အာရုံပြု၍ဖြစ်သောကြောင့် အာကိဉ္စညာယတနမည်၏။ **ပထမာရုပ္ပဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘာဝပညတ်အာရုံသည်လည်း** တတိယအရူပဈာန်၏ ဖြစ်ရာဖြစ်သောကြောင့် အာကိဉ္စညာယတနမည်၏။ **ထိုဈာန်နှင့်အာရုံနှစ်မျိုးကို တစ်ပေါင်းတည်းပြု၍** အာကိဉ္စညာယတနဟု ဆိုထားသည်။

## ဈာန်နှင့် အာရုံနှစ်မျိုးလုံးကို လွန်မြောက်မှ ရနိုင်ပုံ

ထိုဈာန်နှင့်အာရုံနှစ်မျိုးလုံးကို မဖြစ်အောင်ပြုခြင်း နှလုံးမသွင်းခြင်းအားဖြင့် လွန်မြောက်ပြီးမှသာလျှင် နေဝသညာနာသညာယတနဈာန်သို့ရောက်၍ နေနိုင်ပေသည်။

စတုတ္ထအရူပဈာန်၌ အလွန်သိမ်မွေ့သောသညာရှိခြင်းကြောင့် ထိုစတုတ္ထအရူပဈာန်ကို နေဝသညာနာသညာယတနဟု ဆိုအပ်၏။

## စတုတ္ထအရူပသမာပတ်သည် တတိယအရူပသမာပတ်ကို ငြိမ်သက်သောအားဖြင့်နှလုံးသွင်းပုံ (ချီးမွမ်းပုံ)

ဤအာကိဉ္စညာယတနသမာပတ်သည် ငြိမ်သက်ပေစွ၊ ယင်းသို့ ငြိမ်သက်သောကြောင့်ပင် ပထမအရူပဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကိုသော်လည်း အာရုံပြု၍ တည်နိုင်ပါပေ၏ဟု ဤသို့ငြိမ်သက်သောအာရုံရှိခြင်းကြောင့် ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်ပေစွဟု နှလုံးသွင်းခြင်းပင်ဖြစ်၏။

**ငြိမ်သက်လေစွဟုနှလုံးသွင်းသော်လည်းလွန်မြောက်နိုင်ပုံ**

စတုတ္ထအရူပဈာန်သည် တတိယအရူပဈာန်ကို ငြိမ်သက်ပေစွဟု နှလုံးသွင်းသော်လည်း ယင်းတတိယအရူပဈာန်ကိုဝင်စားရန် အလိုမရှိခြင်းကြောင့် တတိယအရူပဈာန်မှ လွန်မြောက်နိုင်ခြင်းဖြစ်ပေသည်။

ချဲ့၍ပြရလျှင် နေဝသညာနာသညာယတနဈာန်ဟူသော စတုတ္ထအရူပသမာပတ်သည် အာကိဉ္စညာယတနဈာန်ဟူသော တတိယအရူပသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း ငါသည် အာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့, အဓိဋ္ဌာန်အံ့, ဝင်စားအံ့, ၎င်းဈာန်မှထအံ့, ဆင်ခြင်အံ့ဟု ဤသို့သောကြံရွယ်ခြင်း, စိတ်သို့ ကောင်းစွာ အဖန်ဖန်ဆောင်ခြင်း, နှလုံးသွင်းခြင်းမရှိပေ။

အဘယ့်ကြောင့်နည်းဟူမူ- အာကိဉ္စညာယတနဈာန်ထက် နေဝသညာနာသညာယတနဈာန်ကသာ၍ငြိမ်သက်ကောင်းမွန်သောကြောင့် ဖြစ်ပေသည်။

ဥပမာဖြင့် ထင်ရှားအောင်ပြရလျှင်- ဘုရင်မင်းမြတ်သည် ကြီးကျယ်ခမ်းနားသော မင်း၏အခြံအရံအာနုဘော်ဖြင့် ဆင်ကျောက်ကုန်းထက်၌တည်လျက် မြို့လမ်းမ၌ လှည့်လည်စဉ် ဆင်စွယ်ကိုပြုပြင်သည့် ပန်းပွတ်သမားအစရှိကုန်သော အတတ်ပညာသည်တို့သည် အဝတ်အထည်တို့ကို မြဲမြံစွာဝတ်၍ အဝတ်အထည်ဖြင့် ဦးခေါင်းကို ရစ်ပတ်ကုန်လျက် သူတို့၏ခန္ဓာကိုယ်၌ ဆင်စွယ်မှုံ့စသည်ဖြင့် ပြိုးပြွမ်းလူးပေကုန်လျက် ဆင်စွယ်ကို အဆန်းတစ်ကြယ်ပြုခြင်း အစရှိကုန်သော များစွာသောအတတ်ပညာအမှုတို့ကို ပြုလုပ်နေသည်တို့ကိုမြင်၍ မင်းချင်းတို့ကို 'အချင်းတို့ အတတ်ပညာသည်တို့သည် ဩော်- တတ်ကျွမ်းကြပါပေကုန်စွ၊ ဤသို့သော အဆန်းတကြယ်အတတ်ပညာအမှုတို့ကိုသော်လည်း ပြုလုပ်နိုင်ကြပါပေကုန်၏ဟု 'ချီးမွမ်းလျက် ထိုအတတ်ပညာသည်တို့၏ တတ်ကျွမ်းမှု၌နှစ်သက်အားရပေ၏။'

သို့သော် ထိုမင်းအား "ငါသည် မင်းအဖြစ်ကိုစွန့်၍ ဤသို့သောအတတ်ပညာသည် ဖြစ်ရပါမူ ကောင်းလေစွ"ဟု ဤသို့သောကြံစည်ခြင်းကား- မဖြစ်ပေ၊ ထိုသို့မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ မင်းအဖြစ်ကျက်သရေ၏ များသောအာနိသင်ရှိခြင်းကြောင့်ပေတည်း၊ ထိုမင်းသည် အတတ်ပညာသည်တို့ကို မက်မောတွယ်တာခြင်းမရှိဘဲ ကျော်လွန်၍သာသွားလေသကဲ့သို့-

ထို့အတူပင် ဤယောဂီပုဂ္ဂိုလ်သည်လည်း ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် အာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ အဓိဋ္ဌာန်အံ့၊ ၎င်းဈာန်မှထအံ့၊ ဆင်ခြင်အံ့ဟု ဤသို့သော ရည်ရွယ်ခြင်း စိတ်သို့ ကောင်းစွာ အဖန်ဖန်ဆောင်ခြင်း၊ နှလုံးသွင်းခြင်းသည် မရှိပေ။ ဤသို့အားဖြင့် တတိယအရူပဈာန်မှ လွန်မြောက်နိုင်ခြင်း ဖြစ်ပေသည်။

သင်္ခါရာဝသေသ သမာပတ်ဟူသည်မှာ- လွန်စွာသိမ်မွေ့ခြင်းသို့ ရောက်သည့် သင်္ခါရရှိသော စတုတ္ထအရူပသမာပတ်ပင် ဖြစ်သည်။

## နေဝသညာနာသညာယတနအရယူသင့်ပုံ

နေဝသညာနာသညာယတနဟူသည်- နေဝသညာနာသညာယတနစျာန်ကို ဝင်စားသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်၏လည်းကောင်း၊ နေဝသညာနာသညာယတနဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏လည်းကောင်း၊ မျက်မှောက်အတ္တဘော၌ ထိုစျာန်ဖြင့် ချမ်းသာစွာနေသောရဟန္တာ ပုဂ္ဂိုလ်၏လည်းကောင်း၊ ကုသိုလ်, ဝိပါက်, ကြိယာ, စိတ်, စေတသိက်တရားတို့ပင်ဖြစ်၏၊ ထိုသုံးမျိုးသောတရားတို့တွင် ဤအရာ၌ ဝင်စားသောပုဂ္ဂိုလ်၏ ကုသိုလ်စိတ်၊ စေတသိက် တရားတို့ကို **နေဝသညာနာသညာယတန**ဟု ဆိုအပ်၏။

## နေဝသညာနာသညာယတနမည်ပုံ

ရုန့်ရင်းသောသညာမရှိမူ၍ သိမ်မွေ့သောသညာသာရှိသောကြောင့် ယှဉ်ဘက်တရား အပေါင်းနှင့်တကွဖြစ်သော ဤစတုတ္ထအရူပစျာန်၌ ရုန့်ရင်းသောသညာမရှိ, သိမ်မွေ့သော သညာမရှိသည်လည်းမဟုတ် (ရှိသည်သာဖြစ်၏)ဟူသောဤအကြောင်းကြောင့် နေဝသညာ နာသညာမည်၏၊ နေဝသညာနာသညာမည်သောထိုစျာန်သည် မနာယတနဓမ္မာယတန၌ အတွင်းဝင်သောကြောင့် အာယတနလည်းမည်၏။ ထိုနှစ်ပါးသောအကြောင်းကြောင့် နေဝသညာနာသညာယတနမည်၏။

## (တစ်နည်း) နေဝသညာနာသညာယတနမည်ပုံ

စတုတ္ထအရူပစျာန်၌ရှိသောသညာသည် ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟူသော ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်သောကြောင့် (နေဝသညာ= သညာမမည်၊ ဝါ- သညာဟုမဆိုလောက်) ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သော သိမ် မွေ့သည့် သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် (နာသညာ=) သညာမဟုတ်သည်လည်း မဟုတ်ပေ (=သညာကား ဟုတ်နေသေးသည်သာ)။ ထိုနှစ်ပါးသောအကြောင်းကြောင့် နေဝသညာနာသညာမည်၏၊ နေဝသညာနာသညာမည်သော ထိုသညာသည် ကြွင်းသော ယှဉ်ဘက်တရားတို့၏ တည်ရာဟူသောအနက်ကြောင့် အာယတနလည်းမည်၏။ ထို့ကြောင့် နေဝသညာနာသညာယတနမည်၏။

## နေဝဝေဒနာစသည်ဆိုသင့်ပုံ

စတုတ္ထအရူပစျာန်၌ သညာသက်သက်သည်သာလျှင် သိမ်မွေ့သော သဘောရှိသည် မဟုတ်ပေ၊ စင်စစ်အားဖြင့် ဝေဒနာသည်လည်း နေဝဝေဒနာနာဝေဒနာ= ရုန့်ရင်းသောဝေဒ နာမဟုတ်မူ၍ သိမ်မွေ့သော ဝေဒနာသာဖြစ်ပေသည်။ စိတ်သည်လည်း နေဝစိတ္တံနာစိတ္တံ = ရုန်ရင်းသောစိတ်မဟုတ်မူ၍ သိမ်မွေ့သောစိတ်သာဖြစ်ပေသည်။ ဖဿသည်လည်း နေဝ ဖဿနာဖဿ= ရုန့်ရင်းသောဖဿမဟုတ်၊ သိမ်မွေ့သောဖဿသာလျှင် ဖြစ်ပေသည်၊ ကြွင်း သောယှဉ်ဘက်တရားတို့၌လည်း နည်းတူပင်၊

သို့သော်လည်း သညာကို ခေါင်းတပ်သောအားဖြင့် ဟောထားသောကြောင့် **နေဝသညာနာသညာမည်၏ဟု ဆိုအပ်ပေသည်။** စတုတ္ထ အရူပဈာန်ကို **နေဝဝေဒနာ နာဝေဒနာစသည်ဆိုကလည်း သင့်သည်သာဖြစ်၏။**

## သပိတ်သုတ်သောဆီဥပမာဖြင့် ရှင်းပုံ

သာမဏေသည် သပိတ်ကို ဆီဖြင့်သုတ်၍ထား၏ ယာဂုသောက်မည့် အချိန်၌ ထိုသာမဏေကို မထေရ်ကြီးက "သပိတ်ယူခဲ့"ဟု မိန့်ဆို၏ သာမဏေက "သပိတ်၌ ဆီရှိနေပါသည် အရှင်ဘုရား"ဟု လျှောက်၏၊ ထိုအခါ မထေရ်ကြီးက "သာမဏေ" ဆီယူခဲ့ ဆီကျည်ထောက်ထဲထည့်မည်"ဟု ဆိုလျှင် သာမဏေက "ဆီမရှိပါဘုရား"ဟု ပြန်၍လျှောက်ထား၏။

ထိုဥပမာ၌ ကပ္ပိယကုဋိမဟုတ်သော ကျောင်းထဲ၌ တစ်ညဥ့်စသည်ကြာအောင် သိမ်းထားပြီးဖြစ်သောကြောင့် ယာဂုနှင့် ရောသောက်ရန် မအပ်သည့်အဖြစ်ကို ရည်ရွယ်၍ ဆီရှိနေပါသည်ဘုရားဟု လျှောက်ထားခြင်းဖြစ်၏။ ဆီကျည်ထောက်ထဲ ထည့်လောက်သည့် ဆီမရှိသည်ကို ရည်ရွယ်၍ "ဆီမရှိပါဘုရား"ဟု လျှောက်ထားခြင်းဖြစ်၏။

ဤအတူပင် စတုတ္ထအရူပဈာန်၌ရှိသောသညာသည် ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်သောကြောင့် နေဝသညာ= သညာမဟုတ်သည်မည်၏။ ရှန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သည့်သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိနေသောကြောင့် နာသညာ = သညာမဟုတ်သည်လည်း မဟုတ်ပေ။

## ထင်ရှားသောသညာကိစ္စ

မေး-ဤအရာ၌ ထင်ရှားသောသညာကိစ္စကား အဘယ်နည်းဟူမူ-

**ဖြေ-အာရုံကို အမှတ်ပြု၍ သိခြင်း၊ ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကို ဖြစ်စေနိုင်ခြင်းသည် ထင်ရှားသောသညာကိစ္စမည်၏။**

ချဲ့၍ပြရလျှင် ရေအေး၌ရှိသောတေဇောဓာတ်သည် ပူလောင်ခြင်းကိစ္စကို ပြုရန်မစွမ်းနိုင်သကဲ့သို့ ဤစတုတ္ထအရူပဈာန်သညာသည်လည်း အမှတ်ပြု၍ သိခြင်းကိစ္စကို ထင်ရှားအောင်ပြုရန် မစွမ်းနိုင်ပေ၊ ထို့ပြင် အခြားသမာပတ်တို့၌ရှိသော သညာကဲ့သို့ ဝိပဿနာ၏ အာရုံဖြစ်လျက် ငြီးငွေ့သောဉာဏ်ကို ဖြစ်စေခြင်းငှာလည်း မစွမ်းနိုင်ပေ။

## နေဝသညာနာသညာယတနသမာပတ်သိမ်မွေ့ပုံ

အခြားသောခန္ဓာတို့၌ အစပြု၍ နှလုံးသွင်းခြင်း ရှုခြင်းကို မပြုဘူးသေးသောရဟန်းသည် ပညာအရာ ဧတဒဂ်ဘွဲ့ထူးရသော အရှင်သာရိပုတ္တရာပင် ဖြစ်သော်လည်း နေဝသညာနာသညာယတနခန္ဓာတို့ကို သုံးသပ်ရှုမှတ်၍ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သို့ ရောက်ရန်မစွမ်းနိုင်ချေ။ ပကတိအားဖြင့် ရှုရိုးရှုစဉ်အတိုင်း ရှုလာခဲ့သော ပကတိဝိပဿကပုဂ္ဂိုလ်သည်ကား-

ပညာဉာဏ်ကြီးမားသော အရှင်သာရိပုတ္တရာကဲ့သို့သော ပုဂ္ဂိုလ်သည်သာလျှင် စွမ်းနိုင်ရာ၏။ **ထိုအရှင်သာရိပုတ္တရာမထေရ်သော်မှလည်း "ဤတရားတို့သည် ဤသို့ ရှေးကမရှိကုန်ဘဲ ယခုမှဖြစ်ပေါ်လာကုန်သတတ်၊ ယခုဖြစ်ပေါ်လာကြပြီးလျှင် တဖန်ပျောက်ကွယ်သွားကုန်သတတ်" ဟူ၍ ဤသို့ အပေါင်းလိုက်သုံးသပ်သည်၏အစွမ်းဖြင့်သာလျှင် စွမ်းနိုင်ရာ၏ ပုဒ်အစဉ်အတိုင်း ဖဿအစရှိသောတရားတို့ကိုရှုသည်၏အစွမ်းဖြင့်ကား** မစွမ်းနိုင်ပေ၊ နေဝသညာနာသညာယတနသမာပတ်သည် ဤမျှလောက်ပင် သိမ်မွေ့ခြင်းသို့ ရောက်ပေ၏။

## ခရီးလမ်း၌ ရေဥပမာဖြင့်ရှင်းပုံ

ခရီးသွားသောမထေရ်အား ရှေ့ကသွားနှင့်သော သာမဏေက အနည်းငယ်သော ရေကိုမြင်၍ "ရေရှိပါသည်အရှင်ဘုရား၊ ဖိနပ်တို့ကိုချွတ်တော်မူပါကုန်ဟု" လျှောက်၏၊ ထိုအခါ မထေရ်က ရေရှိလျှင် ရေသနုပ်ကိုယူလာခဲ့ ရေချိုးမည်"ဟု ဆိုလတ်သော် သာမဏေကရေမရှိပါဘုရားဟု ပြန်၍လျှောက်၏။

ထိုဥပမာ၌ ဖိနပ်စိုရုံလောက်သော ရေရှိသောကြောင့် ရေရှိသည်ဟု ဆိုခြင်းဖြစ်သည်။ ရေချိုးလောက်သောရေမရှိသောကြောင့် ရေမရှိပါဘုရားဟု လျှောက်ထားခြင်းဖြစ်သည်၊ ဤဥပမာအတူပင် ထိုစတုတ္ထအရူပစျာန်သညာသည် ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်သောကြောင့် နေဝသညာ= သညာမဟုတ်သည်မည်၏၊ ရှန့်ရင်းသောသင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သည့် သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိနေသောကြောင့် နာသညာ, သညာမဟုတ်သည်လည်းမဟုတ်ပေ။

## နေဝသညာနာသညာယတနကမ္မဋ္ဌာန်းအဖွင့်ပြီး၏

◈◈◈

## အာရုပ္ပ(၄)ပါးနှင့်စပ်၍သိမှတ်ဖွယ်ရာများ

အရူပသမာပတ်လေးပါးတို့သည် အာရုံကို လွန်မြောက်သောအားဖြင့် ဖြစ်ကုန်၏ ယင်းလေးပါးသော အရူပသမာပတ်တို့၏ အင်္ဂါကို လွန်မြောက်ခြင်းကို ပညာရှိတို့က အလိုမရှိကြကုန်။

## အာရုံကိုလွန်မြောက်ပုံ

အရူပသမာပတ်တို့တွင် ပထမအရူပသမာပတ်သည် ကသိုဏ်း ရုပ်နိမိတ်ကို လွန်မြောက်၏၊ ဒုတိယအရူပသမာပတ်သည် ကသိုဏ်းရုပ်ကို ခွာခြင်းဖြင့်ပြီးသော အာကာသကိုလွန်မြောက်၏၊ တတိယအရူပသမာပတ်သည် ထိုအာကာသ၌ ဖြစ်စေအပ်ပြီးသော ပထမာရုပ္ပဝိညာဏ်ကို လွန်မြောက်၏၊ စတုတ္ထအရူပသမာပတ်သည် အာကာသ၌ ဖြစ်စေအပ်ပြီးသော ပထမာရုပ္ပဝိညာဏ်၏ကင်းခြင်း နတ္ထိဘာဝပညတ်ကို လွန်မြောက်၏။

အရူပသမာပတ်လေးပါးလုံးပင် ဥပေက္ခာနှင့် စိတ္တေကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိပုံချင်းတူညီကြသောကြောင့် အရူပသမာပတ်တို့၌ အင်္ဂါကိုကျော်လွန်ခြင်း မရှိကြပေ။

## အောက်အောက်သမာပတ်ထက် အထက်အထက် သမာပတ်ကသာ၍ကောင်းမြတ်ပုံ

ထိုသို့ ဈာန်အင်္ဂါကိုကျော်လွန်ခြင်းမရှိသော်လည်း (ဈာန်အင်္ဂါတူမျှသော်လည်း) အရူပ သမာပတ်လေးပါးတို့တွင် အောက်အောက်သမာပတ်ထက် အထက်ထက်သမာပတ်က သာ၍ကောင်းမြတ်၏။

ဥပမာ- ဘုံအဆင့်လေးထပ်ရှိသောပြာသာဒ်၏ အောက်ဆုံးထပ်၌ နတ်၌ဖြစ်သော ကခြင်း၊ သီခြင်းမျိုးစုံ၊ စားသောက်ဖွယ်ရာမျိုးစုံ စသည်အစွမ်းအားဖြင့် ကောင်းမြတ်ကုန်သော အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ထင်ရှားရှိကုန်၏၊ ဒုတိယအထပ်၌ ထိုထက်သာ၍ ကောင်းမြတ်ကုန်ရာ၏၊ တတိယအထပ်၌ ဒုတိယအထပ်ထက်သာ၍ ကောင်းမြတ်ကုန် ရာ၏၊ စတုတ္ထအထပ်၌ အားလုံးထက်သာ၍ ကောင်းမြတ်ကုန်ရာ၏။

ထိုပြာသာဒ်၌ လေးထပ်လုံးတို့ပင် ပြာသာဒ်အထပ်အဖြစ်ဖြင့် ထူးခြားခြင်းမရှိပေ၊ သို့သော်လည်း အာရုံငါးပါးကာမဂုဏ်တရားတို့နှင့်ပြည့်စုံပုံ အထူးအားဖြင့်မူ အောက်အောက် အထပ်ထက် အထက်အထပ်က သာ၍ကောင်းမြတ်သကဲ့သို့ငှါး-

ထို့အပြင် မိန်းမတစ်ယောက် ချပ်လုပ်ရက်ငင်အပ်သော ချည်ကြမ်း၊ ချည်နု၊ သာ၍ နုသောချည်၊ အလွန်သာ၍ နုသောချည်တို့ဖြင့်ရက်ထားကုန်သော လေးပိုလ်စီး၊ သုံးပိုလ်စီး နှစ်ပိုလ်စီး၊ တစ်ပိုလ်စီး ပုဆိုးအထည်တို့သည် အလျား၊ အနံ တူညီသောပမာဏရှိကုန်၏။

ပမာဏအားဖြင့် ယင်းပုဆိုးလေးထည်တို့ ထူးခြားခြင်းမရှိသော်လည်း ကောင်းသော အတွေ့နူးညံ့ခြင်း၊ အဖိုးများစွာထိုက်တန်ခြင်းတို့ဖြင့်မူ ရှေးရှေးပုဆိုးအထည်ထက် နောက်နောက်ပုဆိုးအထည်က သာ၍ကောင်းမြတ်သကဲ့သို့လည်းကောင်း၊ ဤအတူပင် အရူပသမာပတ်လေးပါးတို့၌ ဥပေက္ခာနှင့်စိတ္တေကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးတို့ရှိပုံခြင်း တူသော်လည်း ဆိုင်ရာသမာပတ်ကိုရရှိအောင် ပွားများအားထုတ်အပ်သော ဘာဝနာ အထူးကြောင့် ထိုဈာန်အင်္ဂါနှစ်ပါးတို့၏ မွန်မြတ်သည်၏အဖြစ် သာ၍မွန်မြတ်သည်၏ အဖြစ်ဖြင့် ဤအရူပသမာပတ်တို့၌ အောက်အောက်သမာပတ်ထက် အထက်ထက် သမာပတ်တို့သည် သာ၍-သာ၍ ကောင်းမြတ်ကြကုန်၏။

## မဏ္ဍပ်၌တည်ရှိသော လူလေးဦးနှင့်တူပုံ

မစင်ရှိရာအရပ်၌ မဏ္ဍပ်တစ်ခုရှိရာ၏။

၁။ ထိုအခါ လူတစ်ယောက်လာ၍ မစင်ကိုစက်ဆုပ်သောကြောင့် မဏ္ဍပ်ကို လက်တို့ဖြင့် တွဲလဲဆွဲ၍ ထိုမဏ္ဍပ်၌ငြိတွယ်နေဘိသကဲ့သို့ တည်နေလေ၏။

၂။ ထို့နောင် အခြားလူတစ်ယောက်ရောက်လာ၍ မဏ္ဍပ်၌တွယ်နေသော ထိုလူကိုမှီလျက်တည်လေ၏။

၃။ ထို့နောင် အခြားလူတစ်ယောက်ရောက်လာပြန်၍ မဏ္ဍပ်၌ငြိတွယ်နေသောလူနှင့် ထိုလူကိုပင် မှီနေသောသူဟူသော ဤလူနှစ်ယောက်လုံးပင် မကောင်းသဖြင့်တည်နေကြ၏၊ မဏ္ဍပ်လဲပြိုကျလျှင် ထိုနှစ်ယောက်လုံး အောက်သို့ကျမည်မှာ- မချွတ်ဧကန်ပင် ယခု ငါသည် မဏ္ဍပ်အပြင်ဘက်၌သာ တည်ပေအံ့ဟုကြံစည်ပြီး ထိုလူသည် ဒုတိယလူမှီနေသော ပထမလူကိုမမှီဘဲ မဏ္ဍပ်အပြင်၌သာတည်လေ၏။

၄။ ထို့နောင် အခြားလူတစ်ယောက်ရောက်လာပြန်၍ မဏ္ဍပ်၌တွယ်နေသောသူ၏လည်းကောင်း၊ ထိုသူကိုမှီနေသောသူ၏လည်းကောင်း၊ ဘေးမကင်းသည်၏အဖြစ်ကို ကြံတွေးပြီး အပြင်ဘက်၌တည်နေသူကို ကောင်းစွာတည်သည်ဟုသိ၍ ထိုတတိယလူကိုပင်မှီ၍တည်နေလေ၏။

## ဥပမာဥပမေယျတွဲစပ်ပုံ

ထိုဥပမာတွင် မစင်ရှိရာအရပ်၌ မဏ္ဍပ်နှင့်ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့် ပြီးစီးသော **အာကာသ**တို့တူကြ၏။

၁။ မစင်ကိုစက်ဆုပ်ခြင်းကြောင့် မဏ္ဍပ်၌တွယ်နေသော**ပထမလူ**နှင့် ရုပ်နိမိတ်ကိုစက်ဆုပ်ခြင်းကြောင့် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသော အာကာသလျှင်အာရုံရှိသော **အာကာသာနဉ္စာယတနစျာန်**တူ၏။

၂။ မဏ္ဍပ်၌တွယ်နေသူကိုမှီနေသော **ဒုတိယလူ**နှင့် အာကာသလျှင်အာရုံရှိသော အာကာသာနဉ္စာယတနစျာန်ကို အာရုံပြု၍ဖြစ်သော **ဝိညာဏဉ္စာယတနစျာန်**တူ၏။

၃။ မဏ္ဍပ်၌တွယ်နေသူနှင့် ထိုလူကိုပင်မှီနေသူဟူသော ထိုလူနှစ်ဦးလုံးတို့၏ ဘေးမကင်းသည်၏အဖြစ်ကိုကြံတွေးပြီးလျှင် မဏ္ဍပ်၌တွယ်နေသော ထိုလူကိုမမှီမူ၍ မဏ္ဍပ်အပြင်၌တည်နေသော**တတိယလူ**နှင့် အာကာသာနဉ္စာယတနစျာန်ကို အာရုံမပြုမူ၍ ထိုစျာန်၏မရှိခြင်းဟူသော နတ္ထိဘောပညတ်လျှင်အာရုံရှိသော **အာကိဉ္စညာယတနစျာန်**တူ၏။

၄။ မဏ္ဍပ်၌တွယ်နေသူ၏လည်းကောင်း၊ ထိုသူကိုပင်မှီနေသူ၏လည်းကောင်း ဘေးမကင်းသည်၏အဖြစ်ကိုကြံတွေးပြီးလျှင် မဏ္ဍပ်အပြင်၌တည်နေသောတတိယလူကို ကောင်းစွာတည်သည်ဟုသိ၍ ထိုတတိယလူကိုပင်မှီလျက်တည်နေသော **စတုတ္ထလူ**နှင့် အာကာသာ-နဉ္စာယတနဝိညာဏ်၏မရှိခြင်းဟူသော ပြင်ပအရပ်၌တည်သော အာကိဉ္စညာယတနစျာန်ကိုအာရုံပြု၍ဖြစ်သော **နေဝသညာနာသညာယတနစျာန်**တူ၏။

## အခြားအာရုံမရှိခြင်းကြောင့် အာကိဉ္စညာယတနစျာန်ကိုပင်အာရုံပြုရပုံ

နေဝသညာနာသညာယတနစျာန်သည် အခြားအာရုံမရှိခြင်းကြောင့် "ဤအာကိဉ္စညာယတနစျာန်သည် ဝိညာဏဉ္စာယတနဟူသော ရန်သူနှင့်နီး၏"ဟု- မြင်ပြီးသောအပြစ်ရှိငြား

သော်လည်း ထိုအာကိဉ္စညာယတနစျာန်ကိုပင် အာရုံပြုရသည်။

**ဥပမာ**-ဆိုးသွမ်းယုတ်မာသောမင်းကို အပြစ်မြင်ပြီးဖြစ်သော်လည်း အသက်မွေးမှုဟူသောအကြောင်းကြောင့် လူအပေါင်းသည် မှီခိုနေရသကဲ့သို့ပင်ဖြစ်သည်။

**ချဲ့၍ပြရလျှင်**- ဤနေဝသညာနာသညာယတနစျာန်သည် "တတိယာရုပ္ပဝိညာဏ်ဟူသော ဤအာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စယတနစျာန်ဟူသောရန်သူနှင့်နီး၏"ဟု ဤသို့ ထိုသမာပတ်၏အပြစ်ကို မြင်ပြီးဖြစ်သော်လည်း အခြားအာရုံမရှိခြင်းကြောင့် ထို အာကိဉ္စညာယတနစျာန်ကိုပင် အာရုံပြုရပေသည်။

**ဥပမာကား**-စောင့်စည်းမှုမရှိ၊ ရက်စက်ကြမ်းကြုတ်သည့်အကျင့်ရှိသော အရပ်မျက်နှာအားလုံးတို့၏အရှင်ဖြစ်သည့် တစ်စုံတစ်ယောက်သောမင်းကို "ဤမင်းသည် ကြမ်းတမ်းယုတ်မာစွာသောအကျင့်ရှိ၏"ဟု သူ၏အပြစ်ကိုမြင်ငြားသော်လည်း အခြားအရပ်၌ အသက်မွေးမှုအလုပ်အကိုင်မရသောလူအပေါင်းသည် အသက်မွေးမှုဟူသောအကြောင်းကြောင့် ထိုမင်းကိုပင်မှီ၍အသက်မွေးရသကဲ့သို့-

ဤအတူပင် တစ်ပါးသောအာရုံကိုမရသော ဤနေဝသညာနာသညာယတနစျာန်သည် ထိုအာကိဉ္စညာယတနစျာန်ကို အပြစ်မြင်ရငြားသော်လည်း အာရုံပြုရသည်သာဖြစ်သည်။

**အခြားဥပမာများ**-

ရှည်မြင့်သောလှေကားကိုတက်သူသည် အခြားကိုင်စရာမရှိလျှင် လှေကားဘောင်ကိုကိုင်ရသကဲ့သို့လည်းကောင်း၊ တောင်ထွက်သို့တက်ရောက်သူသည် တောင်၏အထက်အရပ်မျက်နှာပြင်ကိုကိုင်ရသကဲ့သို့လည်းကောင်း၊ တစ်နည်းအားဖြင့် တောင်ကိုတက်သူသည် မိမိဒူးကိုပင် ထောက်ကိုင်ရသကဲ့သို့လည်းကောင်း၊ ထို့အတူပင် ဤနေဝသညာနာသညာယတနစျာန်သည် ထိုအာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ဖြစ်ပေသည်။

**နေဝသညာနာသညာယတနစျာန် အဖွင့်ပြီး၏။**
**အရူပကမ္မဋ္ဌာန်းကို အကျယ်ပြချက်ပြီး၏**

***

## (၁၁) သမာဓိနိဒ္ဒေသ သမာဓိကို အကျယ်ပြဆိုချက်

### (၁) အာဟာရေပဋိက္ကူလသညာပွားပုံ

အာဟာရေ- စားသောက်ဖွယ်ရာအစာအဟာရ၌၊ ပဋိက္ကူလသညာ- စက်ဆုပ်ရွံရှာဖွယ်ရှိ၏ဟူသောအမှတ်သညာ-

**အာဟာရအဓိပ္ပါယ်**- ဆောင်တတ်သောကြောင့် **အာဟာရ**မည်၏။

အာဟာရလေးပါး

၁။ ကဗဠီကာရအာဟာရ- *(စားသောက်မျိုသွင်းအပ်သော အာဟာရ)*

၂။ ဖဿအာဟာရ- *(ဖဿစေတသိက်)*

၃။ မနောသဉ္စေတနာအာဟာရ- *(စေတနာစေတသိက်)*

၄။ ဝိညာဏအာဟာရ- *(စိတ်)*

ဆောင်ပုံ -

၁။ **ကဗဠီကာရအာဟာရသည်-** ထမင်းလုတ် ခံတွင်းဝယ်ထည့်၍ အဇ္ဈတ္တ, ဗဟိဒ္ဓသြဇာ နှစ်ရပ်ရောစပ်ပြီး ငြိသို့ရောက်သောအခါ သြဇဋ္ဌမကရုပ်တို့ကိုဖြစ်စေ၏။

၂။ **ဖဿအာဟာရသည်-** ဒုက္ခကိုတွေ့သော် ဒုက္ခဝေဒနာကိုဆောင်၏၊ သုခကိုတွေ့သော် သုခဝေဒနာကိုဆောင်၏၊ အဒုက္ခမသုခကိုတွေ့သော် အဒုက္ခမသုခဝေဒနာကို ဆောင်၏။

၃။ **မနောသဉ္စေတနာဟာရသည်-** ကာမဘုံ၌ဖြစ်စေတတ်သောကံသည် ကာမဘဝကို ဆောင်၏၊ ရူပဘုံ, အရူပဘုံတို့၌ ဖြစ်စေတတ်သောကံသည် ရူပဘဝ, အရူပဘဝကို ဆောင်၏။

၄။ **ဝိညာဏာဟာရသည်-** ပဋိသန္ဓေခဏ၌ ထိုပဋိသန္ဓေဝိညာဉ်နှင့်သမ္ပယုတ်ဖြစ်သော ခန္ဓာ ၃-ပါးတို့ကိုလည်းကောင်း၊ ရုပ်ပေါင်းသုံးဆယ်တို့ကိုလည်းကောင်း ဆောင်၏။

(က) **ကဗဠီကာရအာဟာရလျှင်အကြောင်းရှိသော ရသတဏှာသည်-** သံသရာ၌ ဆင်းရဲအပေါင်းကိုဖြစ်စေတတ်သောကြောင့် ဘေးမည်၏။ ထို့ကြောင့် ကဗဠီကာရအာဟာရကို စားခြင်း၊ မျိုခြင်း၊ လျက်ခြင်း၊ ခဲခြင်းတို့၌ **သား၏အသားကို စားသော ပုတ္တမံသဥပမာဖြင့် ရှုအပ်၏။**

(ခ) ဖဿာဟာရကြောင့် မပယ်အပ်သေးသော ဝိပ္ပလ္လာသရှိသော သတ္တဝါ၏အာရုံနှင့် ပေါင်းဆုံမိခြင်း၊ ဝေဒနာတို့ကိုဖြစ်စေတတ်သောဖဿ၏ဖြစ်ခြင်းသည် ဒုက္ခအပေါင်းမှ မလွတ်သောကြောင့် ဘေးမည်၏။ ထို့ကြောင့် ဖဿာဟာရကို **အရေခွံမရှိသော နွားဥပမာဖြင့် ရှုအပ်၏။**

ရှုပုံမှာ- အရေခွံမရှိသောနွားကို ရောက်ရာရာအရပ်၌ ကျီးစွန်ရဲစသည်တို့က ထိုးဆိတ်အပ် ခဲအပ်ကုန်သောကြောင့် ဒုက္ခဖြစ်သကဲ့သို့ ဖဿကြောင့် ဝေဒနာသုံးပါးဖြစ်ရာ၌ ဒုက္ခဖြစ်ခြင်းကို ရှုအပ်၏။

(ဂ) မနောသဉ္စေတနာဟာရကြောင့် ဘဝသုံးပါး၌ဖြစ်ကြောင်း ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေလျှင် အကြောင်းရင်းရှိသော ပျက်စီးခြင်းတို့မှ မလွတ်သောကြောင့် ဘေးမည်၏၊ တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် အချင်းခပ်သိမ်း တထိန်ထိန်တပြောင်

ပြောင် တောက်လောင်နေသော ဘုံသုံးပါးတို့သည် မီးကျီးစု၊ မီးကျီးတွင်းတို့နှင့် တူကုန်၏ဟု ရှုသောသူအား ပဋိသန္ဓေဘေးမဖြစ်၊ ထို့ကြောင့် မနောသဉ္စေတနာဟာရကို- **မီးကျီးစု မီးကျီးစု ဥပမာဖြင့် ရှုအပ်၏**။

(ဃ) ဝိညာဏာဟာရကြောင့် ဘဝတစ်ပါးနှင့် ဆက်စပ်ခြင်းသည် ပဋိသန္ဓေ ရုပ်နာမ်လျှင် အကြောင်းရင်းရှိသော ဒုက္ခမှ မလွတ်မြောက်နိုင်သောကြောင့် ဘေးမည်၏။ ပဋိသန္ဓေဝိညာဉ်သည် အကျိုးမဲ့သို့ ပစ်ချတတ်သောကြောင့် ခိုးသူနှင့်တူ၏၊ ဝေဒနာသည် သည်းခံနိုင်ခဲသောကြောင့် လက်နက်နှင့်တူ၏၊ ဤသို့ အသင့်အားဖြင့်ရှုသူအား ပဋိသန္ဓေဘေးမဖြစ် ထို့ကြောင့် ဝိညာဏာဟာရကို သတ္တိသတူပမာ **လှံတစ်ရာဥပမာဖြင့် ရှုအပ်၏**။

## အာဟာရ၏ဘေးလေးပါး

၁။ ကဗဠီကာရအာဟာရ၌ နှစ်သက်တွယ်တာခြင်း **ရသတဏှာဟူသောနိကန္တိဘေးရှိ၏**။

၂။ ဖဿအာဟာရ၌ **အာရုံသို့ချဉ်းကပ်ခြင်း ဥပဂမနဘေးရှိ၏**။

၃။ မနောသဉ္စေတနာအာဟာရ၌ **ဘဝသစ်၌ကပ်၍ဖြစ်ခြင်းဟူသော ဥပပတ္တိဘေးရှိ၏**။

၄။ ဝိညာဏအာဟာရ၌ **ပဋိသန္ဓေဟူသောဘေးရှိ၏**။

## ဩဝါဒလေးပါး

၁။ ကဗဠီကာရအာဟာရကို **သား၏အသားကိုစားခြင်းဥပမာရှိသော** ဩဝါဒဖြင့် ပြအပ်၏။

၂။ ဖဿအာဟာရကို **အရေမရှိသည့် နွားဥပမာရှိသော** ဩဝါဒဖြင့် ပြအပ်၏။

၃။ မနောသဉ္စေတနာအာဟာရကို **မီးကျီးတွင်း မီးကျီးစုဥပမာရှိသော** ဩဝါဒဖြင့် ပြအပ်၏။

၄။ ဝိညာဏအာဟာရကို **လှံတစ်ရာဥပမာရှိသော** ဩဝါဒဖြင့် ပြအပ်၏။

အာဟာရလေးပါးရှိရာတွင် ဤအာဟာရေပဋိက္ကူလသညာကမ္မဋ္ဌာန်းအရာ၌ စားသောက်ခဲလျက် အပ်သော ကဗဠီကာရ အာဟာရကိုသာလျှင် အာဟာရဟု ဆိုအပ်ပေသည်။ ထိုကဗဠီကာရအာဟာရ၌ စက်ဆုပ်ဖွယ်ကို ယူသည်၏အစွမ်းဖြင့်ဖြစ်သော အမှတ်သညာသည် **အာဟာရေပဋိက္ကူလသညာမည်၏**။

## ပွားများအားထုတ်ပုံ

ထိုအာဟာရေပဋိက္ကူလသညာကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆရာ့ထံ၌ အာဟာရေ ပဋိက္ကူလသညာကမ္မဋ္ဌာန်းကို သင်ယူခဲ့သော ရှုမှတ်ပုံမှတစ်ပုဒ်တစ်စိတ်မျှကိုသော်လည်း မချွတ်ယွင်းစေဘဲ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာစိတ်ကို ဆောင်ကပ်ထားရှိပြီးလျှင် စားသောက်ခဲလျက်အပ်သော ကဗဠီကာရအာဟာရ၌ **ဆယ်ပါးသောအခြင်းအရာတို့ဖြင့် စက်ဆုပ်ဖွယ်ရှိသည်၏**

အဖြစ်ကို ဆင်ခြင်အပ်၏။

## အခြင်းအရာ(၁၀)ပါးဖြင့် ဆင်ခြင်ပုံ

၁။ **ဂမနတော**= သွားခြင်းအားဖြင့်၊ ၂။ **ပရိယေသနတော**= ရှာမှီးခြင်းအားဖြင့်၊ ၃။ **ပရိဘောဂတော**= သုံးဆောင်ခြင်းအားဖြင့်၊ ၄။ **အာသယတော**= သည်းခြေစသော တည်ရာအားဖြင့်၊ ၅။ **နိဓာနတော**= စု၍တည်ရာအစာသစ်အိမ်အားဖြင့်၊ ၆။ **အပရိပက္ကတော**= မကျေ မကျက်သေးသောအားဖြင့်၊ ၇။ **ပရိပက္ကတော**= ကျေကျက်ပြီးသောအားဖြင့်၊ ၈။ **ဖလတော**= ပြီးစီးသောအကျိုးအားဖြင့်၊ ၉။ **နိဿန္ဒတော**= ယိုထွက်ခြင်းအားဖြင့်။ (၁၀) **သမ္မက္ခနတော** = လူးပေခြင်းအားဖြင့်။

## (၁) သွားခြင်းအားဖြင့် ဆင်ခြင်ပုံ

ကဗဠီကာရအာဟာရ၌ သွားခြင်းအားဖြင့် စက်ဆုပ်ဘွယ်ရှိသည်၏အဖြစ်ကို ဆင်ခြင်ပုံမှာ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းကောင်း ရဟန်းမြတ်ဖြစ်သော ပုဂ္ဂိုလ်သည် တစ်ညဥ့်လုံး ဘုရားစကားတော်ကို ရွတ်ဆိုလျက်ဖြစ်စေ ရဟန်းတရားကို အားထုတ်လျက်ဖြစ်စေ အချိန်ကုန်စေပြီးလျှင် နံနက်စောစောထ၍ စေတီယင်ပြင်ဝတ် ဗောဓိယင်ပြင်ဝတ်များကိုပြုလုပ်၊ သောက်ရေသုံးဆောင်ရေများကို ဖြည့်၊ ကျောင်းဝန်းအတွင်း တံမျက်လှည်းကိုယ်ကိုသုတ်သင်သန့်ရှင်းစေပြီးလျှင် အကြိမ်နှစ်ဆယ်သုံးဆယ် ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီးနောက် သပိတ်သင်္ကန်းကိုယူ၍ လူတို့နှင့် ဆက်စပ်မှုမရှိသဖြင့် ကျဉ်းမြောင်းခြင်းမရှိသည့် အပြင် ဆိတ်ငြိမ်ခြင်း၊ အေးချမ်းသာယာမှုရှိခြင်း၊ နှလုံးမွေ့လျော်ဖွယ်ကောင်းခြင်းတို့နှင့် ပြည့်စုံသည့် တောအရပ်ကိုစွန့်ခွဲ၍ ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော စင်ကြယ်သော ပျော်မွေ့ခြင်းကိုမငဲ့ဘဲ သုသာန်သို့ ရှေ့ရှုသွားသော မြေခွေးကဲ့သို့ အစာအာဟာရအလို့ငှာ ရွာသို့ ရှေ့ရှုပြုလျက် သွားရသည်။

ထိုသို့သွားသောအခါ၌လည်း ဆိတ်ငြိမ်ခြင်း၊ အေးချမ်းသာယာခြင်းစသည်ဖြင့် မွေ့လျော်ဖွယ်ကောင်းသော တောကျောင်းအရပ်ကို ကျောခိုင်းခဲ့ရသည်၊ မိမိအိပ်ယာညောင်စောင်းမှ ဆင်းသည်မှစ၍ ကျောင်းဝိုင်းစပ်အထိ ငှက်ချေးစသည့် အညစ်အကြေးများလူးပေနေသောမြေပြင် အမှိုက်များရှိနေသော မြေပြင်များကို တွေ့မြင်ရ နင်းရ၏။

ကျောင်းဝိုင်းပြင်ပအရပ်မှစ၍ ရွာဝင်လမ်းအထိ မညီညွတ်သောမြေပြင်၊ ဆင်ချေး၊ နွားချေးစသည် ရောပွမ်းသောမြေပြင်၊ ဆူးငြောင့်ခလုတ်ပေါများသောမြေပြင် မိုးတွင်းအခါ ရွှံ့ညွှန်ပေါများသောမြေပြင်များကိုနင်းလျက်သွားရသည်၊ ဆင်ကောင်ပုပ် မြင်းကောင်ပုပ် ကြွက်ကောင်ပုပ်စသည်များနှင့် ယင်းတို့၏ အနံ့ဆိုးများနှင့်လည်း တွေ့ကြုံရသည်။ ဆင်ကြမ်း၊ မြင်းကြမ်း၊ ကျွဲနွားခွေးစသည်တို့၏ ဘေးရန်များနှင့်လည်းကြုံတွေ့ရနိုင်သည်၊ ယင်းတို့၏ အန္တရာယ်များမှလည်း လွတ်အောင်ရှောင်တိမ်းရသည်။

ရွာသို့ဆွမ်းခံကြွသောအခါ၌လည်း အိုင်းအမာကို ဖုံးလွှမ်းသကဲ့သို့ သင်းပိုင်ကိုပြင်ဝတ်၍ အမာလွှမ်းအဝတ်ကိုဖွဲ့စည်းသကဲ့သို့ ခါးပန်းကြိုးကိုဖွဲ့စည်းပြီးလျှင် အရိုးစုကိုဖုံးလွှမ်းသကဲ့သို့ ကေသီသင်္ကန်းကိုရုံပြီးနောက်၊ ဆေးထည့်စရာအိုးခွက်ကိုကိုင်ဆောင်သကဲ့သို့ သပိတ်ကိုလက်ဖြင့်ပိုက်၍ ဆွမ်းခံကြွရသည်။

ဤဆိုခဲ့သည့်အတိုင်း မြေပြင် ကြမ်းပြင်အခင်းမှစ၍ များစွာသောအကောင်ပုပ် အဆုံးရှိသော ဤစက်ဆုပ်ဖွယ်အပေါင်းကို အစာအာဟာရဟူသောအကြောင်းကြောင့် နင်းရချေသည်၊ တွေ့မြင်ရချေသည်၊ နမ်းရှုတ်ရချေသည်၊ အချင်းတို့ အစာအာဟာရသည် သြော်-စက်ဆုပ်ဖွယ်ကောင်းလှလေစွတကားဟု (အစာအာဟာရရရှိမည့်အရပ်သို့) သွားခြင်းအားဖြင့် စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၂) ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို ရှာမှီးခြင်းအားဖြင့်လည်း စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို ဤသို့ဆင်ခြင်အပ်ပေသည်။ အထက်ဖော်ပြပါ သွားခြင်းအားဖြင့် စက်ဆုပ်ဘွယ်အပေါင်းကို သည်းခံခဲ့ပြီးလျှင် ရွာသို့ဝင်သောအခါ အစပ်အစပ်ရှိသောသင်္ကန်းကိုရုံလျက် ခွက်လက်စွဲ၍ တောင်းနေသော ခိုကိုးရာမဲ့ သူတောင်းစားကဲ့သို့ အိမ်စဉ်အတိုင်း ရွာလမ်းတို့၌ လှည့်လည်ရချေသည်။

ယင်းရွာလမ်းတို့၌ မိုးတွင်းအခါ ရွှံ့ညွန်များခြေသလုံးအထိ ရုန်းသွားရသည့် အခြေအနေများလည်းရှိသေးသည်၊ ထိုအခါ လက်တစ်ဖက်ကသပိတ်ကိုပိုက်၊ လက်တစ်ဖက်ကသင်္ကန်းကိုမလျက်သွားရသည်၊ အစာအာဟာရအတွက် ဒုက္ခများစွာခံရသည်။

နွေအခါ လေအဟုန်ကြောင့် လွင့်ပါလာသော မြူမှုန်သစ်ရွက်အမှိုက်တို့ဖြင့် ထိတွေ့ခံရသေးသည်၊ ထိုထိုအိမ်တံခါးသို့ရောက်လျှင် သားငါးဆေးရေ၊ ဆန်ဆေးရေ၊ တံတွေး၊ နှပ်၊ နွားချေး၊ ခွေးချေး၊ ဝက်ချေး စသည်ရောပွမ်းသောမြေတို့ကိုနင်းရသေးသည်။

ယင်မမဲရိုင်းတို့ တရုန်းရုန်းဖြစ်လျက်ရှိသော ရွှံ့ဗွက်တို့ကိုလည်း နင်းရသေးသည် အညစ်အကြေးမျိုးစုံစွန့်ပစ်သော ရေအိုင်တို့ကိုလည်း တွေ့မြင်ရသည့်ပြင် ယင်းနေရာတို့မှပျံသန်းလာသော ခြင်ယင်စသည်တို့၏ သင်္ကန်း၌နားခြင်း၊ သပိတ်၌နားခြင်း၊ ကိုက်ခဲခြင်းများကို ခံရသေးသည်၊ အိမ်ထဲသို့ဝင်မိသော ရဟန်းအားလည်း အချို့က လှူကုန်၏၊ အချို့ကမလှူကုန်၊ လှူပြန်တော့လည်း အချို့ကယမန်နေ့ကချက်ထားသော ထမင်းဟင်းများကို လှူကုန်၏။

ခဲဘွယ်အဟောင်းအမြင်းများကို လှူကုန်၏၊ ပုပ်သိုးသောဂျုံမုန့် ဆန်မုန့်တို့ကိုလည်း လှူကုန်၏၊ မလှူသောသူများထဲကလည်း အချို့က ကန်တော့ဆွမ်းပါဘုရားဟု ဆိုကုန်၏။ အချို့ကမူ မမြင်ကုန်သကဲ့သို့ ဆိတ်ဆိတ်နေကုန်၏၊ အချို့ကမူ မျက်နှာလွှဲ၍နေကုန်၏၊ အချို့ကမူ"ဟေ့ဖိုးကတုံး ထွက်သွား"ဟု ကြမ်းတမ်းသောစကားတို့ဖြင့် ပြောဆိုကုန်၏။

ဤပုံဤနည်းဖြင့် ခိုကိုးရာမဲ့ သူတောင်းစားကဲ့သို့ ရွာ၌ ဆွမ်းရရေးအတွက် လှည့်လည်ရချေသည်၊ ဤဆိုခဲ့သည့်အတိုင်း ရွာသို့ဝင်သည်မှစ၍ ထွက်သည့်တိုင်အောင် ရွှံ့ညွန်ရေ

အစရှိသော စက်ဆုပ်ဘွယ်အပေါင်းကို အစာအာဟာရဟူသော အကြောင်းကြောင့် နင်းရ တွေ့မြင်ရ၊ သည်းခံရချေသည်။

အချင်းတို့ အစာအာဟာရဟူသည် ဩော်-စက်ဆုပ်ဖွယ်ကောင်းလေစွတကားဟု ဤသို့ (အစာအဟာရကို) ရှားမှီးခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကိုသုံးဆောင်ခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့်အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ၊ အထက်ပါဆိုခဲ့ပြီးသော အစီအစဉ်ဖြင့် ဆွမ်းကိုရှာမှီး၍ ရလာပြီးလျှင် သင့်တော်သောတစ်နေရာရာ၌ ဆွမ်းဘုဉ်းပေးမည့်အကြံဖြင့် သပိတ်၌ လက်မနှိုက်မိခင် အရိုအသေပြုအပ်သော မထေရ်ရဟန်းတစ်ပါးပါး ကြွလာသည်ကိုမြင်၍ ဆွမ်းဖြင့် ဖိတ်မန်ခြင်းအမှုပြုနိုင်ပေ၏။

သပိတ်၌လက်နှိုက်မိပြီးမှ ဆွမ်းဖြင့်ဖိတ်ကြားခဲ့သော် စားပြီးသားကိုလှူလေသလောဟု မသင်္ကာဖွယ်ရှိသောကြောင့် အရှက်ရဖွယ်ဖြစ်ရတော့၏၊ သပိတ်၌လက်ကိုချ၍ ဆွမ်းကို ဆုပ်နယ်သောသူမှာ လက်ငါးချောင်းမှချွေးများယိုစီးလျက် ချောက်သွေ့မာကြမ်းသောဆွမ်းကို စိုစေနူးညံ့စေ၏၊ ထိုအခါ ဆုပ်နယ်ကာမျှဖြင့် တင့်တယ်မှုပျက်ယွင်းသွားသော ထိုဆွမ်းကို ဆွမ်းလုပ်ပြု၍ ခံတွင်း၌ထည့်လိုက်လျှင် အထက်သွားများက ဆုံကိစ္စကိုပြီးစေကြ၏၊ အောက်သွားများက ကျည်ပွေ့ကိစ္စပြီးစေကြ၏။ **(လှုပ်ရှားမှုရှိသော အောက်မေးရိုးရှိ သွားများကို ကျည်ပွေ့အဖြစ်ယူဆကြ၏)**၊ လျှာက လက်ကိစ္စကိုပြီးစေ၏၊ ထိုခံတွင်း၌ ထိုဆွမ်းလုတ်သည် ခွေးစားခွက်ရှိ ခွေးစာနှင့်တူ၏။

ထိုဆွမ်းလုတ်ကို အောက်သွားတည်းဟူသောကျည်ပွေ့တို့ဖြင့် ထောင်းထုကြိတ်ချေကာ- လျှာဖြင့် ပြန်လှန်ပေးလျက် ကြည်သော,ကျဲသောတံတွေးကလူးလဲစေ၏၊ လျှာအလည်မှ စ၍ ပြစ်ချွဲသောတံတွေးကလူးလဲစေ၏၊ ဒန်ပူမရောက်ရာအရပ်၌ရှိသော သွားချေးကလည်း လူးလဲစေ၏၊ ဆိုခဲ့သည့်အတိုင်း ကျေညက်စေအပ်, လူးလဲစေအပ်ပြီးသော အစာအာဟာရ သည် ထိုခဏ၌ပင် အဆင်းအနံ့ကင်းမဲ့သွား၏၊ ကောင်းအောင်ပြုပြင်ထားမှုလည်း ကင်းမဲ့သွား၏။

ထို့ကြောင့် ခွေးစာခွက်ထဲက ခွေးအန်ဖတ်ကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်သို့ ရောက်လေတော့၏၊ ဤသို့ အလွန်စက်ဆုပ်ဖွယ်ဖြစ်ငြားသော်လည်း မျက်စိဖြင့် မမြင်နိုင်ကောင်းသောကြောင့်သာ မျိုချရပေသည်ဟု ဤသို့သုံးဆောင်ခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၄) တည်ရာအာသယအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို တည်ရာအာသယအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့်အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ-

ဆိုခဲ့သည့်အတိုင်း သုံးဆောင်စားမျိုခြင်းသို့ရောက်သော ထိုအစာအာဟာရသည် အတွင်းသို့ ဝင်လတ်သော် ဘုရားပစ္စေကဗုဒ္ဓါတို့၌သော်လည်းကောင်း၊ စကြာဝတေးမင်း၌သော်လည်းကောင်း သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးဟူသောတည်ရာ အာသယလေးပါးတို့တွင် တစ်ပါးပါးသော တည်ရာအာသယရှိသည်သာဖြစ်၏၊ ဘုန်းကံနည်းပါးသောသူတို့၌မူ တည်ရာအာသယလေးပါးလုံးရှိကုန်၏၊ ထို့ကြောင့် စားမျိုလိုက်သောအစာအာဟာရသည် **သည်းခြေအာသယလွန်ကဲသူ၌ ပြစ်ချွဲသောသစ်မည်စည်ဆီဖြင့် လိမ်းကြံထားသကဲ့သို့ လွန်စွာစက်ဆုပ်ဘွယ်ကောင်းလေတော့၏၊ သလိပ်အာသယလွန်ကဲသောသူ၌ ဝက်ချေးပနဲရွက်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ လွန်စွာစက်ဆုပ်ဖွယ်ကောင်းလေ** တော့၏။

**ပြည်အာသယလွန်ကဲသူ၌ ရက်တတ်ပုပ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့၎င်း သွေးအာသယလွန်ကဲသူ၌ နီသောဆိုးရည်ဖြင့်လိမ်းကျံထားသကဲ့သို့၎င်း၊ လွန်စွာ** စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်သို့ ရောက်လေတော့၏။

ဤသို့ အလွန်စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်သို့ ရောက်လျက် အတွင်းသို့ဝင်လေသည်ဟု သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးဟူသော **တည်ရာအာသယအားဖြင့်** စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၅) စု၍တည်ရာအစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို စု၍တည်ရာ အစာအသစ်အိမ်အားဖြင့် စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို အဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ-

စားမျိုလိုက်သော ထိုအစာအာဟာရသည် အာသယလေးပါးတို့တွင် တစ်ပါးပါးသော အာသယဖြင့် လိမ်းကျံလူးလဲလျက် အစာသစ်အိမ်အတွင်းသို့ဝင်ပြီးလျှင် ရွှေခွက်၊ ငွေခွက်၊ ပတ္တမြားခွက်စသည်တို့၌ စု၍တည်နေသည်မဟုတ်ပေ၊ စင်စစ်အားဖြင့်မူ- အသက်ဆယ်နှစ်ရှိသူစားမျိုလျှင် ဆယ်နှစ်ပတ်လုံးဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသောအရပ်၌ တည်နေရချေသည်၊ အသက်အနှစ်နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်၊ ခုနှစ်ဆယ်၊ ရှစ်ဆယ်၊ ကိုးဆယ်ရှိသူစားမျိုလျှင် အကယ်၍ အနှစ်တစ်ရာရှိသူစားမျိုလျှင် အနှစ်တစ်ရာပတ်လုံးဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသောအရပ်၌ တည်နေရချေသည်ဟု ဤသို့စု၍ တည်ရာအစာသစ်အိမ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၆) မကျေမကျက်သေးသောအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို မကျေမကျက်သေးသောအားဖြင့် စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ-

ကျင်ကြီးတွင်းနှင့်တူသည့် သဘောရှိသောအရပ်၌ စု၍တည်နေခြင်းသို့ရောက်သော

ဆိုခဲ့သည့်အစာအာဟာရသည် မကျေမကျက်သေးမီကာလပတ်လုံး အလွန်အမိုက်မှောင် အတိပြီးသော အပုပ်နံ့အမျိုးမျိုးတို့ဖြင့် စွဲထုံသောလေပုပ်တို့၏ သွားရာလာရာဖြစ်သော အလွန်မကောင်းသောအနံ့တို့ဖြင့် စက်ဆုပ်ဘွယ်ဖြစ်သော ထိုအစာသစ်အိမ်အရပ်၌ပင် တည်နေရပေသည်။ ဥပမာဖြင့်ပြရလျှင်-

နွေရာသီ၌ အခါမဲ့မိုးကြီးရွာလျှင် ဒွန်းစဏ္ဍားရွာတံခါး၀ရှိ ကျင်းချိုင့်၌ကျရောက်နေကုန်သော မြက်၊ သစ်ရွက်၊ ဖျာစုတ်၊ မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ်စသည်တို့သည် နေပူရောင်ဖြင့် ပူလောင်ခံရကုန်သည်ဖြစ်၍ အမြှုပ်အပွက် တစီစီတက်ကုန်လျက် တည်နေကုန်သကဲ့သို့ ထို့အတူပင် ထိုနေ့၌စားမျိုအပ်သောအစာအာဟာရ၊ ယမန်နေ့ကစားမျိုးခဲ့သောအစာအာဟာရ၊ ထို့ထက်ရှေ့ကျသည့်နေ့က စားမျိုခဲ့သောအစာအာဟာရအားလုံးပင် တပေါင်းတည်းဖြစ်၍ သလိပ်အပြင်က မြှေးယှက်ဖုံးအုပ်လျက်၊ ၀မ်းမီးအပူရှိန် တေဇောဓာတ်က ကျိုက်ကျိုက်ဆူအောင် ပူလောင်စေခြင်းကြောင့်ဖြစ်သည့် အမြှုပ်အပွက်များ တစီစီတက်ခြင်းရှိသည်ဖြစ်၍ လွန်စွာ စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်သို့ရောက်လျက် တည်နေရချေသည်။ ဤသို့ မကျေမကျက်သေးသောအားဖြင့် အစာအာဟာရ၏စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၇) ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို ကျေကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏ဖြစ်ကို အဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ-

အစာသစ်အိမ်၌တည်သော ထိုအစာသည် လောလောပူသော၀မ်းမီးဖြင့် ကျေကျက်ပြီးလတ်သော် ရွှေ, ငွေစသည်ထွက်သောကျောက်ဓာတ်ကဲ့သို့ ရွှေ, ငွေစသည်အဖြစ်သို့ ရောက်သည်မဟုတ်၊ စင်စစ်သော်ကား- အမြှုပ်အပွက်တို့ကိုထစေလျက် အမှုန့်ကြိတ်ရာကျောက်ပြင်၌ကြိတ်ပြီးလျှင် ကျည်ထောက်ငယ်၌သိပ်ထည့်ထားသော ၀ါဖျော့ဖျော့မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ရောက်၍ အစာကျက်အိမ် (အစာဟောင်းအိမ်)ကိုလည်း ပြည့်စေသည်၊ ကျင်ငယ်အဖြစ်သို့ရောက်၍ ဆီးအိမ်စည်ဖောင်းကိုလည်း ပြည့်စေသည်၊ ဤသို့ကျေကျက်ပြီးသောအားဖြင့် အစာအဟာရ၏စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၈) ပြီးစီးသောအကျိုးအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို ပြီးစီးသောအကျိုးအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ-

စားမျိုအပ်သောအစာအာဟာရသည် ကောင်းစွာကျေကျက်လျှင် ဆံပင်, အမွေး, လက်သည်း, ခြေသည်း, သွား, အရေ အစရှိကုန်သော အမျိုးမျိုးသောအပုပ်အစုတို့ကို ပြီးစေ၏။ ကောင်းစွာမကျေမကျက်လျှင် ပွေးနာ၊ ယားနာ၊ ၀ဲနာ၊ နူနာ၊ ညှင်းနာ၊ ကုတ်ဟီးခေါ်

သည့် မြစ်ချောက်နာ ချောင်းဆိုးနာ၊ ဝမ်းသွေးသွန်နာ၊ အစရှိကုန်သောအရာမကများစွာ သောအနာတို့ကို ပြီးစေ၏၊ ဤသည်ကား- ထိုအစာအာဟာရ၏ ပြီးစီးသောအကျိုးဖြစ်ချေ သည်ဟု ပြီးစီးသောအကျိုးအားဖြင့် အစာအာဟာရ၌ စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

## (၉) ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ

အစာအဟာရကို ယိုထွက်ခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို အဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ-

စားမျိုအပ်သောဤအစာအာဟာရသည် တစ်ခုသောပါးစပ်ပေါက်ဖြင့် ဝင်ပြီးလျှင် ယိုထွက်သောအခါ မျက်စိမှမျက်ချေးဖြစ်လျက်၊ နားမှနဖာချေးဖြစ်လျက်၊ ဤသို့အစရှိသောအပြားအားဖြင့် များစွာကုန်သောအပေါက်တို့မှယိုထွက်၏။

ထို့ပြင် စားသောအခါ၌ ဤအစာကို များစွာသောအခြံအရံနှင့်တကွလည်း စားရပေသည်၊ ယိုထွက်သောအခါ၌မူ ကျင်ကြီးကျင်ငယ်စသည်ဖြစ်သွားသောဤအစာကို တစ်ယောက်တည်းသာ စွန့်ထုတ်ရချေသည်၊ ထို့ပြင် ထိုအစာကို ပထမနေ့၌စားစဉ် အလွန်တက်ကြွကာ ပီတိသောမနသဖြစ်လျက် လွန်စွာရွှင်လန်းသည်လည်းဖြစ်တတ်၏။

ဒုတိယနေ့၌ ယိုထွက်သောအခါမှာမူ ရွံ့ရှာစက်ဆုပ်သည်ဖြစ်၍ နှလုံးမသာမယာဖြစ်ကာ မျက်နှာရှုံ့လျက် နှာခေါင်းပိတ်၍စွန့်ထုတ်ရတတ်ချေသည်၊ ထို့ပြင် ပထမနေ့၌ ထိုအစာကို တပ်စွဲမက်မောဖွဲ့တွယ်တာခြင်းမရှိတော့ဘဲ အနှိပ်စက်ခံရသလိုပင် မခံသာသည် ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်ရွံ့ရှာစွာစွန့်ထုတ်ရချေသည်။ ဤသို့ ယိုထွက်ခြင်းအားဖြင့် အစာအာဟာရ၏စက်ဆုပ်ဘွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

၁။ **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ၊**
**ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။**

**မဟာရဟံ**= သူမြတ်တို့အား ထိုက်တန်သော၊ **အန္နံ**= ထမင်းသည်လည်းကောင်း၊ **ပါနံ**= အဖျော်သည်လည်းကောင်း၊ **ခါဒနီယံ**= ခဲဘွယ်သည်လည်းကောင်း၊ **ဘောဇနဉ္စ**= စားဖွယ် ဘောဇဉ်သည်လည်းကောင်း၊ **ဧကဒွါရေန**= တစ်ပေါက်သောဒွါရဖြင့်၊ **ပဝိသိတွာ**= ဝင်၍၊ **နဝဒွါရေဟိ**= ကိုးပေါက်သောဒွါရတို့မှ၊ **သန္ဒတိ**= ယိုစီးထွက်သွားလေ၏။

၂။ **အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ၊**
**ဘုဉ္ဇတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော နိလီယတိ။**

**မဟာရဟံ**=သော၊ **အန္နံ**= ကိုလည်းကောင်း၊ **ပါနံ**= ကိုလည်းကောင်း၊ **ခါဒနီယံ**=ကိုလည်းကောင်း၊ **ဘောဇနဉ္စ**= ကိုလည်းကောင်း၊ **သပရိဝါရော**= အခြံအရံများနှင့်တကွ၊ **ဘုဉ္ဇတိ**= စား၏၊ **နိက္ခာမေန္တော**= ထွက်စေလတ်သော်၊ (ဝါ) စွန့်ထုတ်လတ်သော် ၊ **နိလီယတိ**= သူတစ်ပါးမမြင်ရအောင် ပုန်းကွယ်လျက် စွန့်ရချေ၏။

၃။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ၊
ဘုဥ္စတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။

မဟာရဟံ=သော၊ **အန္နံ**= ကိုလည်းကောင်း၊ **ပါနံ**= ကိုလည်းကောင်း၊ **ခါဒနီယံ**=ကိုလည်းကောင်း၊ **ဘောဇနဉ္စ**= ကိုလည်းကောင်း၊ **အဘိနန္ဒန္တော**= နှစ်သက်ဝမ်းမြောက်လျက်၊ **ဘုဥ္စတိ**= စား၏၊ **နိက္ခာမေန္တော**= စွန့်ထုတ်လတ်သော်၊ **ဇိဂုစ္ဆတိ**= စက်ဆုပ်၏။

၄။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ၊
ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။

မဟာရဟံ=သော၊ **အန္နံ**= ကိုလည်းကောင်း၊ **ပါနံ**= ကိုလည်းကောင်း၊ **ခါဒနီယံ**= ကိုလည်းကောင်း၊ **ဘောဇနဉ္စ**= ကိုလည်းကောင်း၊ **ဧကရတ္တိပရိဝါသာ**= တစ်ညဉ့်မျှ အောင်းနေခြင်းဖြင့်၊ **သဗ္ဗံ**= အလုံးစုံပင်၊ **ပူတိကံ**= ပုပ်သည်၊ **ဘဝတိ**= ဖြစ်လေတော့၏။

## (၁၀) လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရကို လူးပေခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်အဖြစ်ကို အဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ-

အစာအာဟာရသည် သုံးဆောင်စဉ်ကာလ၌လည်း လက်၊ နှုတ်ခမ်း၊ လျှာ၊ အာခေါင်တို့ကိုလူးပေ၏၊ ထိုအစာကလူးပေသောကြောင့် ထို လက်၊ နှုတ်ခမ်း၊ လျှာ၊ အာခေါင်တို့သည်စက်ဆုပ်ဖွယ်ဖြစ်ကုန်၏။

ယင်းလက်စသည်တို့ကို ဆေးကြောပြီးဖြစ်သော်လည်း အနံ့ပျောက်စေရန် အထပ်ထပ်ဆေးကြောရသည်၊ သုံးဆောင်လိုက်သောအာဟာရသည် ဥပမာအားဖြင့်-ထမင်းချက်လတ်သော် ဖွဲကြမ်း၊ ဖွဲနု၊ ဆန်ကွဲစသည်တို့သည် ဝေတက်၍ ထမင်းအိုး၏နခမ်းရေးနှင့် အဖုံးတို့ကိုလူးပေကုန်သကဲ့သို့ ထို့အတူပင် တစ်ကိုယ်လုံးသို့ အစဉ်လျှောက်သောဝမ်းမီးဖြင့် အမြှုပ်ထစေလျက် ကျေကျက်ကာဝေတက်၍ သွားတို့ကိုသွားချေးအဖြစ်ဖြင့်လူးပေ၏၊ လျှာ၊ အာခေါင်စသည်တို့ကို တံတွေးသလိပ်စသည်အဖြစ်ဖြင့်လူးပေ၏၊ မျက်စိ၊ နား၊ နှာခေါင်း၊ အောက်မဂ်စသည်တို့ကို မျက်ချေး၊ နဖာချေး၊ နှပ်၊ ကျင်ငယ်၊ ကျင်ကြီးစသည်အဖြစ်ဖြင့် လူးပေ၏၊ ယင်းသွားချေးစသည်ဖြင့် လူးပေနေကုန်သောခံတွင်းအစရှိကုန်သော ဒွါရပေါက်တို့ကို နေ့စဉ်နေ့တိုင်းဆေးကြောပြီးလျှင် လက်ကိုရေဖြင့် တဖန်ဆေးကြောရ ချေသည်၊ အချို့ဒွါရကိုဆေးကြောပြီးလျှင် နွားချေးပြာဖြင့် (သို့) မြေညက်ဖြင့် (သို့) နံ့သာမှုန့်ဖြင့် နှစ်ကြိမ်သုံးကြိမ်ဆေးကြောသော်လည်း စက်ဆုပ်ဖွယ်အဖြစ်သည် မကင်းပျောက်ဘဲရှိချေသည်ဟု ဤသို့လူးပေခြင်းအားဖြင့် အစာအာဟာရ၏ စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်နှလုံးသွင်းအပ်ပေသည်။

### သမာဓိဖြစ်ပုံ

ဆိုခဲ့သည့်အတိုင်း ဆယ်ပါးသောအခြင်းအရာတို့ဖြင့် အစာအာဟာရ၏ စက်ဆုပ်ဖွယ်

ကောင်းသည်၏ဖြစ်ကို ဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား ကြံစည်မှု၊ အထူးသဖြင့် ကြံစည်မှုတို့ဖြင့် အဖန်ဖန်အထပ်အထပ် နှလုံးသွင်းဆင်ခြင်မှုကိုပြုလုပ်သည်ရှိသော် အလုပ်အလွေ့ပြု၍ စားအပ်သောအစာအာဟာရသည် စက်ဆုပ်ဖွယ်အခြင်းအရာအားဖြင့် ထင်ထင်ရှားရှား ပေါ်လာ၏၊ ထိုယောဂီသည် ထိုစက်ဆုပ်ဖွယ်နိမိတ်ကို အဖန်ဖန်မှီဝဲပွားများ ကြိမ်ဖန်များစွာပြု၏၊ ဤသို့ပြုနေသောယောဂီပုဂ္ဂိုလ်အား နီဝရဏတရားများကင်းကွာကုန်၏။

ကဗဠီကာရအာဟာရ၏ သဘာဝဓမ္မအဖြစ်ဖြင့် နက်နဲသောကြောင့် အပ္ပနာသို့မရောက်သော ဥပစာရသမာဓိဖြင့် စိတ်သည် ကောင်းစွာတည်ကြည်၏၊ သို့သော်လည်း ဤကမ္မဋ္ဌာန်း၌ စက်ဆုပ်ဖွယ်အခြင်းအရာကိုယူသည်၏အစွမ်းဖြင့် အမှတ်သညာ ထင်ရှားသောကြောင့် ဤကမ္မဋ္ဌာန်းသည် အာဟာရေပဋိက္ကူလသညာဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ရောက်ပေသည်။

## အကျိုးအာနိသင်

အာဟာရေပဋိက္ကူလသညာကမ္မဋ္ဌာန်းကို အားထုတ်သောပုဂ္ဂိုလ်အား-

၁။ ရသတဏှာမှ စိတ်သည် တွန့်ဆုတ်၏။

၂။ ခရီးခဲကိုကျော်လွန်လိုသူသည် မိမိရင်သွေးဖြစ်သောသား၏အသားကို မာန်ရစ်ခြင်းမရှိဘဲ စားသုံးရသကဲ့သို့ ထိုယောဂီသည် ဝဋ်ဆင်းရဲမှထွက်မြောက်ရန်အလို့ငှာသာလျှင် သုံးဆောင်၏။

၃။ ထိုသို့သုံးဆောင်လတ်သော် ထိုယောဂီမှာ-ပင်ပန်းခြင်းမရှိဘဲ လွယ်ကူစွာသာလျှင် ကဗဠီကာရအာဟာရကို ပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ကာမဂုဏ်ငါးပါးတို့၌ တပ်မက်သောရာဂကို ပိုင်းခြား၍သိနိုင်၏ (ဝါ) ရာဂကင်းပျောက်နိုင်၏။

၄။ ထိုယောဂီသည် ကာမဂုဏ်ငါးပါးပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ရူပက္ခန္ဓာကိုလည်း ပိုင်းခြား၍သိ၏။

၅။ ထိုပြင်မကျေမကျက်သေးသောအစာစသည်၏ စက်ဆုပ်ဖွယ်အဖြစ်၏ အစွမ်းအားဖြင့် ထိုယောဂီအား ကာယဂတာသတိ ဘာဝနာသည်လည်း ထက်ဝန်းကျင် ပြည့်စုံနိုင်၏။

၆။ အသုဘသညာအားလျော်သောအကျင့်ကို ကျင့်သည်လည်းမည်၏။

၇။ ဤအကျင့် ပဋိပတ်ကိုမှီ၍ မျက်မှောက်ဘဝ၌ အမြိုက်နိဗ္ဗာန်သို့ မရောက်နိုင်သေးပါမူ သုဂတိဘဝသို့ ဧကန်ရောက်ရှိနိုင်ပေသည်။

**အာဟာရေပဋိက္ကူလသညာပွားပုံပြီး၏။**

☆☆☆

# (၁၁) သမာဓိနိဒ္ဒေသ

## (၂) စတုဓာတု ဝဝတ္ထာန်ပွားပုံ

စတုဓာတုဝဝတ္ထာန်ဟူသည် ခက်မာခြင်းအစရှိသော ဓာတ်လေးပါးတို့၏ အသီးသီးသောသဘောကို မှတ်သည်၏အစွမ်းအားဖြင့် ဆုံးဖြတ်ခြင်း (ဉာဏ်)ပင်ဖြစ်၏၊ ပထဝီစသောဓာတ်ကြီးလေးပါးတို့ကို ဆုံးဖြတ်ခြင်းသည် **စတုဓာတုဝဝတ္ထာန်မည်၏။**

### ဉာဏ်ထက်သောပုဂ္ဂိုလ်ဓာတ်ကမ္မဋ္ဌာန်းရှုပုံ

ကျွမ်းကျင်သောနွားသတ်သမား၊ နွားသတ်သမား၏တပည့်သည် နွားကိုသတ်ပြီးလျှင် လမ်းလေးခွအဆုံ၌ အပုံအပုံအားဖြင့် ခွဲခြမ်း၍ ထိုင်နေသကဲ့သို့ ထို့အတူပင် ဉာဏ်ထက်သောပုဂ္ဂိုလ်သည်လည်း မိမိ၏ရုပ်ခန္ဓာကိုယ်ကို ဓာတ်သဘောအားဖြင့် ရှုမှတ်ဆင်ခြင်ပြီးလျှင် ဤရုပ်ခန္ဓာကိုယ်၌ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်၊ ယိုစီးဖွဲ့စည်းသောသဘောသည် အာပေါဓာတ်၊ ပူနွေးခြင်း, အေးခြင်းသဘောသည် တေဇောဓာတ်၊ တွန်းကန်တောင့်တင်းခြင်းသဘောသည် ဝါယောဓာတ်ဟု အကျဉ်းအားဖြင့် ရှုမှတ်ဆင်ခြင်၏။

(ဤအကျဉ်းအားဖြင့် ရှုနည်းသည် မဟာသတိပဋ္ဌာနသုတ်၌လာ၏။)

အထက်ဖော်ပြပါဥပမာ၌ ကျွမ်းကျင်သောနွားသတ်သမားနှင့် ယင်း၏တပည့်တို့သည် နွားကိုမွေးမြူစဉ် နွားသတ်ကုန်းသို့ဆောင်စဉ် နွားသတ်ကုန်း၌ချည်ထားစဉ် နွားကိုသတ်စဉ် သတ်ပြီးသောနွားသေကောင်ကိုကြည့်ရှုစဉ် ထိုနွားသေကောင်ကိုဖျက်၍ အပုံအပုံ မခွဲခြမ်းရသေးမီကာလအထိ နွားဟူသောအမှတ်သညာ မပျောက်သေးပေ။

အပုံအပုံအားဖြင့်ခွဲခြမ်း၍ ထိုင်နေသောအခါ၌ နွားဟူသော အမှတ်သညာကွယ်ပျောက်သွားတော့၏၊ အသားဟူသော (အမဲသားဟူသော) အမှတ်သညာဖြစ်ပေါ်၏၊ ထိုနွားသတ်သမားမှာ- "ငါသည်နွားကိုရောင်း၏၊ ဤသူတို့သည် နွားကိုဝယ်ယူကြ၏" ဟု ထင်မှတ်ခြင်းမရှိပေ၊ အကယ်စင်စစ် "ငါသည်အသားကို (အမဲသားကို) ရောင်း၏၊ ဤသူတို့သည် အသားကို (အမဲသားကို) ဝယ်ယူကြ၏" ဟူ၍သာလျှင် မှတ်ထင်ခြင်းဖြစ်သကဲ့သို့-

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည်လည်း တရားနှလုံးသွင်းမှုမရှိသေးသော ဗာလပုထုဇဉ်ဖြစ်ခိုက် ရှေးကာလ၌ တစ်ခုတည်း တစ်ပေါင်းတည်းဟုထင်ရသောခန္ဓာကိုယ်ကို ဓာတ်လေးပါးဖြင့်ခွဲခြမ်းစိတ်ဖြာ၍ မရှုမှတ်ရသေးမီကာလတွင်း၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု ထင်သောအမှတ်သညာ မကွယ်ပျောက်သေးပေ၊ ခန္ဓာကိုယ်ကို ဓာတ်လေးပါးသဘောဖြင့် ရှု့ဆင်ခြင်သောအခါ၌မူ ပုဂ္ဂိုလ်သတ္တဝါ ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမဟု ထင်သော အမှတ်သညာ ကွယ်ပျောက်သွားလေတော့၏၊ ဓာတ်သဘော၏ အစွမ်းဖြင့်သာလျှင် ဘာဝနာစိတ်သည် ကောင်းစွာတည်၏။

### ဉာဏ်မထက်သောပုဂ္ဂိုလ်ဓာတ်ကမ္မဋ္ဌာန်းရှုပုံ

ဉာဏ်မထက်သောပုဂ္ဂိုလ်သည် ဓာတ်သဘောတို့ကို အကျယ်အားဖြင့် ရှုမှတ်မှသာလျှင်

ကမ္မဋ္ဌာန်းထင်ပေါ်ပေသည်၊ ယင်း အကျယ်ရှုနည်းသည် မဟာပဋ္ဌာနဒေါ်ပမသုတ်၌လာ၏။

**အကျယ်နည်းရှုမှာ-**

**အဇ္ဈတ္တိက(ကိုယ်တွင်း)ပထဝီဓာတ်(၂၀)ပါး**

ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ (မိမိခန္ဓာကိုယ်၌ အခြားတစ်ပါးသော ခက်မာမှုများသည်လည်း ပထဝီဓာတ်ပင်)

**အဇ္ဈတ္တိကအာပေါဓာတ်(၁၂)ပါး**

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ (မိမိခန္ဓာကိုယ်၌ အခြားတစ်ပါးသော အရည်ဓာတ်သဘောများသည်လည်းအာပေါဓာတ်ပင်)

**အဇ္ဈတ္တိက တေဇောဓာတ် (၄)ပါး**

၁။ **သန္တပ္ပနတေဇော**= တစ်ရက်ခြားဖျားနာသည့်အခါမျိုး၌ ဖြစ်ပေါ်သော အဖျားရှိန် အပူငွေ့၊
၂။ **ဇီရဏတေဇော** = ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်စေသော အပူငွေ့။
၃။ **ပရိဒါဟတေဇော**= ပြင်းစွာပူလောင်သော အပူငွေ့။
၄။ **ပါစကတေဇော** = စားသောက်ခဲလျက်ထားသည့်အစာကို ကောင်းစွာကျေကျက်စေသောအပူငွေ့ (ပါစကဝမ်းမီး)

(မိမိခန္ဓာကိုယ်၌ အခြားတစ်ပါးသော အပူငွေ့များသည်လည်း တေဇောဓာတ်ပင်။)

**အဇ္ဈတ္တိကဝါယောဓာတ် (၆)ပါး**

၁။ အထက်သို့ဆန်တက်သော **ဥဒ္ဓင်္ဂမလေ**၊
၂။ အောက်သို့ စုန်ဆင်းသော **အဓောဂမလေ**၊
၃။ ထမ်းထဲ၌ တည်သော **ကုစ္ဆိသယလေ**၊
၄။ အူထဲ၌တည်သော **ကောဋ္ဌာသယလေ**၊
၅။ အင်္ဂါကြီးငယ်သို့ လျှောက်သော **အင်္ဂမင်္ဂါနုသာရီလေ**၊
၆။ **အဿာသ**= ဝင်သက်လေ၊ **ပဿာသ**= ထွက်သက်လေ၊

(မိမိခန္ဓာကိုယ်၌ အခြားတစ်ပါးသောလေသဘောတရားသည်လည်း ဝါယောဓာတ်ပင်)

ဉာဏ်မထက်သောပုဂ္ဂိုလ်သည် ဓာတ်လေးပါးတို့ကို တစ်ခုချင်း အသေးစိပ် အကျယ်ရှုမှတ်မှ သာလျှင် ကမ္မဋ္ဌာန်းထင်ပေါ်တတ်၏။

## ဓာတ်လေးပါးအဓိပ္ပါယ်

မိမိကိုယ်၌ဖြစ်သောကြောင့် **အဇ္ဈတ္တ**မည်၏၊ **နိယကဟူ**သည် မိမိကိုယ်၌ဖြစ်သော တရား၊ မိမိသန္တာန်အတွင်းဝင်သောတရားပင်ဖြစ်၏၊ မိမိကိုယ်ကိုစွဲ၍ ဖြစ်သောကြောင့် **ပစ္စတ္တ**မည်၏၊ ငါ, ငါ့ဥစ္စာဟု မြဲမြံစွာယူခြင်း၊ မြဲမြံစွာဆုပ်ကိုင်ထားခြင်း၊ မှားယွင်းစွာသုံးသပ်ခြင်းသည် **ဥပါဒိန္န**မည်၏။

**ပထဝီ**ဓာတ်သည် ခက်မာခြင်းလက္ခဏာ ကြမ်းတမ်းသောအခြင်းအရာရှိ၏။

ယိုစီးခြင်းသဘောဖြင့် ရွေ့တတ်,ရောက်တတ်သောကြောင့် **အာပေါ**မည်၏၊ ကံကြောင့်ဖြစ်သော အာပေါစသည်တို့၏အစွမ်းအားဖြင့် အမျိုးမျိုးအထွေထွေသော အာပေါတို့၌ အတွင်းဝင်သောကြောင့် **အာပေါဂတ** မည်၏၊ အာပေါဓာတ်၏ ဖွဲ့စည်းခြင်းသဘောလက္ခဏာသည်ပင် **အာပေါဂတ**မည်၏။

ထက်သည်၏အစွမ်းအားဖြင့် **တေဇော**မည်၏၊ ကံကြောင့်ဖြစ်သော တေဇောစသည်၏အစွမ်းဖြင့် အမျိုးမျိုးသော တေဇော (အပူငွေ့) တို့၌ အတွင်းဝင်သောကြောင့် **တေဇောဂတ** မည်၏၊ တေဇောဓာတ်၏ ပူခြင်းသဘောလက္ခဏာသည်ပင် **တေဇောဂတ**မည်၏။

တစ်ရက်ခြားဖျားနာသည့်အခါ နေထိုင်မကောင်းစသည်ဖြစ်သည့်အခါမျိုး၌ ခန္ဓာကိုယ်၌တွေ့ရှိရသောအပူငွေ့သည် **သန္တပ္ပနတေဇော** မည်၏၊ (အဖျားရှိန်အပူငွေ့)

မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်း၊ ဆံဖြူသွားကျိုး၊ အားအင်ကုန်ခမ်းခြင်း၊ စသည်ဖြင့် အိုမင်းရင့်ရော်ခြင်းသို့ ရောက်စေသောအပူငွေ့သည် **ဇီရဏတေဇော**မည်၏။

ပူလှချည့် လောင်လှချည့် စသည်ဖြင့် ပါးစပ်ကမြည်တမ်းလျက် အကြိမ်များစွာ ရေအေး၌စိမ်ထားသော ထောပတ်၊ ဂေါသီသ စန္ဒကူးစသည်တို့ဖြင့် လိမ်းကျံခြင်း၊ ယပ်ခပ်ပေးကြပါဦးဟု တောင်းတခြင်းစသည်ဖြစ်လောက်အောင် ပြင်းစွာပူလောင်သောအပူငွေ့သည် **ပရိဒါဟတေဇော**မည်၏။

စားမျိုထားသည့် အစာအဟာရမျိုးစုံ သောက်သုံးထားသည့် အဖျော်မျိုးစုံတို့ကို ကောင်းစွာကျေကျက်စေသောအပူငွေ့သည် **ပါစကတေဇော**မည်၏။

တေဇောဓာတ်လေးပါးတို့တွင် **သန္တပ္ပနတေဇော၊ ဇီရဏတေဇော၊ ပရိဒါဟတေဇော**ဟူသော ရှေ့သုံးပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်၏၊ နောက်ဆုံးဖြစ်သောပါစကတေဇောသည် ကံကြောင့်သာလျှင်ဖြစ်၏။

ရွေ့စေခြင်း၊ တွန်းခြင်း၊ အဟုန်နှင့်တကွသွားခြင်း၏အစွမ်းဖြင့် **ဝါယော** မည်၏။ ကံကြောင့်ဖြစ်သော ဝါယောစသည်တို့၏ အစွမ်းအားဖြင့် အမျိုးမျိုးသောလေတို့၌ အတွင်းဝင်သောကြောင့် **ဝါယောဂတ** မည်၏။ ဝါယောဓာတ်၏ ထောက်ကန်ခြင်းတောင့်ခံခြင်း (ဝိတ္ထမ္ဘန) သဘောလက္ခဏာသည်ပင် **ဝါယောဂတ** မည်၏။

ဖို့အန်ခြင်း၊ ကြို့ထိုးခြင်းစသည်တို့ကို ဖြစ်စေတတ်ကုန်သော အထက်သို့ ဆန်တက်သော လေတို့သည် **ဥဒ္ဓင်္ဂမ လေ** မည်၏။

ကျင်ကြီးကျင်ငယ်စသည်တို့ကို ထုတ်ဆောင်တတ်ကုန်သော အောက်သို့စုန်ဆင်းသော လေတို့သည် **အဓောဂမလေ** မည်၏။ အူတို့၏ အပြင်ဘက် ဝမ်းထဲ၌တည်သောလေတို့ သည် **ကုစ္ဆိသယလေ** မည်၏။

အူတို့၏အတွင်း၌တည်သော လေတို့သည် **ကောဋ္ဌာသယလေမည်၏**။ အကြော ကွန်ရက်သို့ အစဉ်လျှောက်သဖြင့် တစ်ကိုယ်လုံးရှိ အင်္ဂါကြီးငယ်များသို့ ပြန့်သွားကုန်လျက် ကွေးခြင်း၊ ဆန့်ခြင်းစသည်တို့ကို ဖြစ်စေသောလေတို့သည် **အင်္ဂမင်္ဂါနုသာရီလေ** မည်၏။

အတွင်းသို့ဝင်သော နှာခေါင်းလေသည် **အဿာသ (ဝင်သက်)** လေ မည်၏။ အပြင်သို့ထွက်သော နှာခေါင်းလေသည် **ပဿာသ (ထွက်သက်)** လေ မည်၏။

ဝါယောဓာတ်ခြောက်ပါးတို့တွင် ရှေ့ငါးပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း တရားလေးပါးကြောင့် ဖြစ်၏၊ **အဿာသပဿာသ ဝင်သက်ထွက်သက်လေတို့သည်** စိတ်ကြောင့်သာလျှင် ဖြစ်၏။

နှစ်ဆယ်သောအခြင်းအရာအဖို့တို့ဖြင့် ပထဝီဓာတ်ကို အကျယ်ပြသည်၊ တစ်ဆယ့် နှစ်ပါးသောအခြင်းအရာအဖို့တို့ဖြင့် အာပေါဓာတ်ကို အကျယ်ပြသည်၊ လေးပါးသောအခြင်း အရာတို့ဖြင့် တေဇောဓာတ်ကို အကျယ်ပြသည်၊ ခြောက်ပါးသော အခြင်းအရာအဖို့တို့ဖြင့် ဝါယောဓာတ်ကိုအကျယ်ပြသည်၊ စုစုပေါင်း **ဓာတ်အကျယ်လေးဆယ့်နှစ်ပါး** ရှိသည်။

## ဓာတ်ကမ္မဋ္ဌာန်းထင်အောင်ပွားများအားထုတ်နည်း

ဉာဏ်ပညာထက်သောရဟန်းမှာ- "ဆံပင်တို့သည် ပထဝီဓာတ်၊ အမွေးတို့သည် ပထဝီ ဓာတ်" ဟု ဤပုံဤနည်းဖြင့် ဓာတ်တို့ကို အကျယ်အားဖြင့် သိမ်းဆည်း၍ နှလုံးသွင်းခြင်းသည်၊ အချိန်ကြာသည်ဟု ထင်၏၊ ဓာတ်ကမ္မဋ္ဌာန်းသည်လည်း ထင်ရှားမပေါ်တတ်ပေ၊ ခက်မာခြင်း သဘောလက္ခဏာသည် ပထဝီဓာတ်၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာသည် အာပေါဓာတ်၊ ပူလောင်လျက် ရင့်ကျက်စေခြင်းသဘောလက္ခဏာသည် တေဇောဓာတ်၊ ထောက်ကန် တောင့်တင်းခြင်းသဘောလက္ခဏာသည် ဝါယောဓာတ်ဟု- ဤသို့ ဓာတ်တို့၏ သဘော လက္ခဏာမျှကိုသာလျှင် **(တစ်နည်း)** အကျဉ်းနည်းအားဖြင့် နှလုံးသွင်းသော်သာလျှင် ဓာတ်ကမ္မဋ္ဌာန်း ထင်ရှားစွာဖြစ်ပေါ်တတ်ပေသည်။

ဉာဏ်ပညာမထက်သောရဟန်းမှာမူ နောက်နည်းဖြစ်သည့် ခက်မာခြင်းသဘောလက္ခ ဏာသည် ပထဝီဓာတ်၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာသည် အာပေါဓာတ်စသည်ဖြင့် ဓာတ် တို့၏သဘောလက္ခဏာမျှကို အကျဉ်းနည်းအားဖြင့် နှလုံးသွင်းလျှင် အမိုက်မှောင်ကဲ့သို့ဖြစ် လျက် ဓာတ်ကမ္မဋ္ဌာန်းမထင်ပေါ်ဘဲ ရှိတတ်၏၊ ရှေးနည်းဖြင့် ဆံပင်တို့သည် ပထဝီဓာတ်၊ အမွေးတို့သည် ပထဝီဓာတ်ဟု ဤပုံဤနည်းဖြင့် ဓာတ်တို့ကို အကျယ်အားဖြင့် သိမ်းဆည်း ၍ နှလုံးသွင်းမှသာလျှင် ဓာတ်ကမ္မဋ္ဌာန်း ထင်ရှားစွာပေါ်တတ်ပေသည်။

ထို့ကြောင့် ဤဓာတ်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရန်အလိုရှိသော ဉာဏ်ပညာထက် သောရဟန်းသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌

ကောင်းစွာကပ်ငြိသည်ဖြစ်၍ မိမိ၏ ရုပ်ခန္ဓာတစ်ခုလုံးကို ဓာတ်အစုအဝေးအဖြစ်ဖြင့် နှလုံးသွင်းဆင်ခြင်ပြီးလျှင်- ခန္ဓာကိုယ်ထဲ၌ ခက်မာခြင်း၊ ကြမ်းတမ်းခြင်းသဘောသည် **ပထဝီ-ဓာတ်**၊ ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၊ အရည်ဖြစ်ခြင်းသဘောသည် **အာပေါဓာတ်**၊ ကျက်စေခြင်း၊ ပူခြင်းသဘောသည် **တေဇောဓာတ်**၊ ထောက်ကန်ခြင်း၊ လှုပ်ခြင်းသဘောသည် **ဝါယောဓာတ်**တည်းဟု ဤသို့ အကျဉ်းအားဖြင့် ဓာတ်တို့ကို သိမ်းဆည်း၍ (ဉာဏ်ဖြင့်ပိုင်းခြား၍) ဤရုပ်ခန္ဓာကိုယ်သည် **ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်**မျှသာဟု ဓာတ်သဘောမျှအားဖြင့် အဖန်ဖန်အထပ်ထပ်, နှလုံးသွင်းအပ်, စိတ်၌ထားအပ်, ဆင်ခြင်အပ်၏။

ဤဆိုခဲ့သည့်အတိုင်း အားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား မကြာမြင့်မီပင်လျှင် ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသော ပညာက သိမ်းဆည်းအပ်သော သဘောတရားလျှင် အာရုံရှိသောကြောင့် အပ္ပနာသို့မရောက်မူ၍ ဥပစာရမျှဖြစ်သော သမာဓိ ထင်ရှားဖြစ်ပေါ်၏။

## အရှင်သာရိပုတ္တရာဟောကြားသော ကောဋ္ဌာသ(၄)ပါးရှုပုံ

တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်က အရိုး၊ အကြော၊ အသား၊ အရေဟူသော ကောဋ္ဌာသလေးပါးကိုစွဲမှီ၍ ရုပ်ခန္ဓာကိုယ်ဟု ခေါ်ဆိုအပ်၏၊ ထိုအရိုးအကြော၊ အသားအရေဟူသော ကောဋ္ဌာသလေးပါးတို့၏အကြားသို့ အစဉ်လျှောက်သွားနိုင်သည့် ဉာဏ်တည်းဟူသောလက်ဖြင့်ခွဲခြား၍ ဤကောဋ္ဌာသလေးပါးတို့၌ ခက်မာကြမ်းတမ်းခြင်းသဘောသည် **ပထဝီဓာတ်**၊ ဖွဲ့စည်းခြင်း, ယိုစီးခြင်းအရည်ဖြစ်ခြင်းသဘောသည် **အာပေါဓာတ်**၊ ကျက်စေခြင်း, ပူလောင်ခြင်းသဘောသည် **တေဇောဓာတ်**၊ ထောက်ကန်ခြင်း, လှုပ်ရှားခြင်းသဘောသည် **ဝါယောဓာတ်**တည်းဟု ဓာတ်တို့ကို ဉာဏ်ဖြင့်ပိုင်းခြား၍ (သိမ်းဆည်း၍) ကောဋ္ဌာသလေးပါးသာရှိသော ရုပ်ခန္ဓာကိုယ်ကို ဓာတ်သဘောမျှအားဖြင့် ရှုဆင်ခြင်၍ သတ္တဝါအသက်ကောင်မဟုတ်သောအားဖြင့် အဖန်ဖန်အထပ်ထပ် စိတ်၌ထားအပ် နှလုံးသွင်းဆင်ခြင်အပ်သည်ရှိသော် မကြာမြင့်မီပင်လျှင် ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသော ဉာဏ်ပညာက သိမ်းဆည်းအပ်သောသဘောတရားလျှင် အာရုံရှိသောကြောင့် အပ္ပနာသို့မရောက်မူ၍ ဥပစာရမျှဖြစ်သော သမာဓိ ထင်ရှားဖြစ်ပေါ်၏၊ ဆိုခဲ့သော ဤအစီအစဉ်သည် အကျဉ်းအားဖြင့် **စတုဓာတု ဝဝတ္ထာန်** ပွားနည်းဖြစ်၏။

## စတုဓာတုဝဝတ္ထာန်ကို အကျယ်ပွားနည်းအချုပ်

(ဉာဏ်ပညာမထက်သောယောဂီပုဂ္ဂိုလ်များသည် ဤအကျယ်ရှုမှတ်ပွားများနည်းဖြင့် ပွားများသင့်သည်) စတုဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျယ်အားဖြင့် ရှုမှတ်ပွားများလိုသော ဉာဏ်မထက်သော ယောဂီရဟန်းသည် ဆရာ့ထံ၌ ၄၂-ပါးသောအခြင်းအရာတို့ဖြင့် ဓာတ်တို့ကို အကျယ်အားဖြင့် သင်ယူခဲ့ပြီးလျှင် ဆိတ်ငြိမ်အေးချမ်းခြင်း စသောဂုဏ်တို့နှင့် ပြည့်စုံသည့်

ကျောင်း၌နေလျက် ကိစ္စကြီးငယ်အားလုံးတို့ကိုပြုပြီးလျှင် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်ပြီး အပြင်ပအာရုံများမှဖဲခွာကာ ကမ္မဋ္ဌာန်း၌ စိတ်ကိုကောင်းစွာကပ်ငြိစေသည်ဖြစ်၍- (၁) သသမ္ဘာရသင်္ခေပ၊ (၂) သသမ္ဘာရဝိဘတ္တိ၊ (၃) သလက္ခဏာသင်္ခေပ၊ (၄) သလက္ခဏဝိဘတ္တိဟူသော လေးပါးသောအခြင်းအရာတို့ဖြင့် စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုမှတ်ဆင်ခြင်ပွားများအပ်၏။

## (၁) သသမ္ဘာရသင်္ခေပဖြင့် ရှုပုံ

### အဆောက်အအုံ အခြားရုပ်များနှင့် တကွဖြစ်သော ပထဝီစသော ဓာတ်များကို အကျဉ်းအားဖြင့် ရှုခြင်း။

ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျယ်ရှုမှတ်ပုံအခြင်းအရာလေးပါးရှိရာတွင် သသမ္ဘာရသင်္ခေပအားဖြင့် ရှုမှတ်ပုံမှာ- **ဆံပင်အစ ဦးနှောက်အဆုံးရှိသော နှစ်ဆယ်သော ကောဋ္ဌာသ**တို့၌ ခက်မာသောအခြင်းအရာကို **ပထဝီဓာတ်**ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှုမှတ်၏။

**သည်းခြေအစ ကျင်ငယ်အဆုံးရှိသော** တဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ အရည်အဖြစ်သို့ရောက်သော ရေဟုဆိုအပ်သော ဖွဲ့စည်းသောအခြင်းအရာကို **အာပေါဓာတ်**ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှုမှတ်၏။

**သန္တပ္ပနအစရှိသော လေးပါး**သော ကောဋ္ဌာသတို့၌ ကျက်စေတတ်သော အပူငွေ့ကို **တေဇောဓာတ်**ဟု ပိုင်းခြားဆုံးဖြတ်လျက်ရှုမှတ်၏။

**ဥဒ္ဓင်္ဂမအစရှိသောခြောက်ပါး**သောကောဋ္ဌာသတို့၌ ထောက်ကန်တောင့်တင်းသော အခြင်းအရာကို **ဝါယောဓာတ်**ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှုမှတ်၏။

ဤသို့ ပိုင်ခြားဆုံးဖြတ်လျက် ရှုနေသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်လွင်လာကုန်၏၊ ထိုဓာတ်တို့ကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်းဆင်ခြင်နေလျှင် ဆိုခဲ့ပြီးသောနည်းဖြင့် **ဥပစာရသမာဓိ**ဖြစ်ပေါ်၏။

## (၂) သသမ္ဘာရဝိဘတ္တိဖြင့် ရှုပုံ

### ဆံပင်စသောအဆောက်အဦ သမ္ဘာရနှင့် တကွသော ပထဝီဓာတ်စသည်ကို အကျယ်ဝေဘန်၍ရှုခြင်း

ဆိုခဲ့သည့်အတိုင်း သသမ္ဘာရသင်္ခေပနည်းအားဖြင့် ပွားစေသော်လည်း ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းသည် မပြီးစီး၊ မပြည့်စုံသေးဘဲရှိနေလျှင် ထိုယောဂီရဟန်းသည် သသမ္ဘာရဝိဘတ္တိရှုနည်းဖြင့် ရှုမှတ်ပွားများအပ်၏။

အဘယ်သို့ပွားများစေအပ်သနည်းဟူမူ ထိုယောဂီရဟန်းသည် ကာယဂတာသတိကမ္မဋ္ဌာန်းကို အကျယ်ပြရာ၌ ပြဆိုခဲ့သော ဥဂ္ဂဟကောသလ္လ (၇)ပါး၊ မနသိကာရကောသလ္လ (၁၀)ပါးဟူသော ထိုအလုံးစုံကို ဒွတ္တိံသာကာရ၌ (၃၂-ကောဋ္ဌာသ)အခြင်းအရာ၌ မယုတ်လျော့စေဘဲ တစပဉ္စကစသည်တို့ကို အနုလုံ ပဋိလုံအားဖြင့် နုတ်ဖြင့်ရွတ်ဆိုခြင်းမှစ၍

ဆိုခဲ့ပြီးသော အစီအရင်အားလုံးကိုပြုအပ်၏၊ ယခုဆိုမည့် **နှလုံးသွင်းပုံမျှသာထူးသည်။**

ထိုကာယဂတာသတိကမ္မဋ္ဌာန်းသည် **အဆင်း,သဏ္ဌာန်,အရပ်,တည်ရာ,အပိုင်းအခြား**တို့၏အစွမ်းအားဖြင့် ဆံပင်စသည်ကို နှလုံးသွင်းပြီး၍လည်း စက်ဆုပ်ဖွယ်၏ အစွမ်းအားဖြင့် စိတ်ကိုထားအပ်၏၊ ဤဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ ဆံပင်စသည်တို့ကို နှလုံးသွင်းပြီး၍လည်း **ဓာတ်သဘော၏အစွမ်းအားဖြင့် စိတ်ကိုထားအပ်၏၊** ဤမျှသာထူးသည်။

ထို့ကြောင့် အဆင်းစသည်တို့၏အစွမ်းအားဖြင့် ငါးပါးသောအပြားအားဖြင့် ဆံပင်စသည်တို့ကိုနှလုံးသွင်းပြီးလျှင် အဆုံး၌ ဤပြဆိုလတ္တံ့သောအခြင်းအရာအားဖြင့် နှလုံးသွင်းအပ်၏။

## (ကေသာ)ဆံပင်တို့ကို ရှုပုံ

ဤဆံပင်တို့မည်သည်မှာ ဦးခေါင်းခွံကိုရစ်ပတ်ထားသော အရေ၌ဖြစ်ကုန်၏။ ထိုဆံပင်နှင့် အရေတို့တွင် ဥပမာအားဖြင့် တောင်ပို့ထက်၌ မြက်ပင်များပေါက်ရောက်နေလျှင် တောင်ပို့ထိပ်သည် ငါ့အပေါ်၌ မြက်ပင်များပေါက်ရောက်နေသည်ဟု မသိ၊ မြက်ပင်များကလည်း ငါတို့သည် တောင်ပို့ထက်၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူ ဦးခေါင်းခွံကို ရစ်ပတ်သောအရေသည် ငါ့အပေါ်၌ ဆံပင်များ ပေါက်ရောက်နေ ကြသည်ဟု မသိ၊ ဆံပင်တို့ကလည်း ငါတို့သည် ဦးခေါင်းခွံကို ရစ်ပတ်ထားသော အရေတို့၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်၊ ဤဆံပင်နှင့်အရေဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်း ကင်းကုန်၏၊ သို့ဖြစ်၍ ဆံပင်တို့မည်သည်မှာ- ဤခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့တစ်ခုဖြစ်၏၊ စိတ်စေတနာမရှိ အဗျာကတတရားဖြစ်၏ (ဝါ) အာရုံကို မသိတတ်သောတရားဖြစ်၏၊ အတ္တမှဆိတ်သုဉ်း၏၊ သတ္တဝါမဟုတ်၊ ခက်မာကြမ်းတမ်းသော **ပထဝီဓာတ်**ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်အပ်၏။

## (လောမာ)အမွေးတို့ကို ရှုပုံ

အမွေးတို့သည် ကိုယ်ကိုရစ်ပတ်သောအရေ၌ ဖြစ်ကုန်၏၊ ထိုအမွေးနှင့်အရေတို့တွင် ဥပမာအားဖြင့် ရွာပျက်ကုန်းအရပ်၌ နေဇာပင်များပေါက်ရောက်နေလျှင် ရွာပျက်ကုန်းအရပ်သည် ငါ့အပေါ်၌ နေဇာမြက်များ ပေါက်ရောက်နေကြသည်ဟုမသိ၊ မြေဇာမြက်များကလည်း ငါတို့သည် ရွာပျက်ကုန်းအရပ်၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင်- ကိုယ်ကိုရစ်ပတ်သောအရေသည် ငါ့အပေါ်၌ အမွေးများပေါက်ရောက်နေသည်ဟုမသိ၊ အမွေးများကလည်း ငါတို့သည် ကိုယ်ကိုရစ်ပတ်သောအရေပေါ်၌ ပေါက်ရောက်နေကြသည်ဟု မသိကြကုန်၊ ဤအမွေးနှင့်အရေဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းကင်းကုန်၏၊ သို့ဖြစ်၍ အမွေးတို့မည်သည်မှာ- ဤခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့တစ်ခုဖြစ်၏၊ စိတ်စေတနာမရှိ အဗျာကတတရားဖြစ်၏၊ (ဝါ) အာရုံကို မသိတတ်သောတရားဖြစ်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ် ခက်မာကြမ်းတမ်းသော **ပထဝီဓာတ်**ဖြစ်၏ဟု နှလုံးသွင်းဆင်ခြင်အပ်၏။

## (နခါ)လက်သည်း ခြေသည်းများတည်ရှိပုံ

လက်သည်း၊ ခြေသည်းတို့သည် လက်ချောင်း၊ ခြေချောင်းတို့၏ အဖျား၌ တည်ရှိကုန်၏၊ ဥပမာ- တုတ်ချွန်တို့၏အဖျား၌ ထိုးထားသော သစ်မည်စည်စေ့တို့နှင့်တူ၏။

တုတ်ချွန် ⇆ သစ်မည်စည်စေ့

လက်ချောင်းခြေချောင်း ⇆ လက်သည်းခြေသည်း

*(မှတ်ချက်) ဥပမာချင်း ဥပမေယျချင်း အပြန်အလှန်ရှုပါလေ။*

## (ဒန္တာ)သွားများတည်ရှိပုံ

သွားများသည် မေးရိုး၌တည်ရှိ၏၊ ဥပမာ- ကျောက်ဆုံငယ်တို့၌ တစ်စုံတစ်ခုသော အစေးဖြင့် တိုင်တို့ကို ဖွဲ့ကပ်ထားသည်နှင့်တူ၏။

ကျောက်ဆုံငယ် ⇆ တိုင်

မေးရိုး ⇆ သွား

## (တစ)အရေတည်ရှိပုံ

အရေသည် တစ်ကိုယ်လုံးကို မြေးယှက်ဖုံးအုပ်လျက် တည်ရှိ၏။ ဥပမာ- စောင်းခွက်ကြီးကို စိုသောနွားသားရေဖြင့် မြေးယှက်ဖွဲ့ကြက်ထားသည်နှင့်တူ၏။

စောင်းခွက်ကြီး ⇆ စိုသောနွားသရေ

ခန္ဓာကိုယ် ⇆ အရေ

## (မံသ)အသားတည်ရှိပုံ

အသားသည် သုံးရာကျော်သော အရိုးစုတို့ကို လိမ်းကျံလျက် တည်ရှိ၏။ ဥပမာ- နံရံကို မြေညက်ဖြင့် ထူစွာလိမ်းကျံထားသည်နှင့်တူ၏။

နံရံ ⇆ ထူသောမြေညက်

အရိုးစု ⇆ အသား

## (နှာရု)အကြောတည်ရှိပုံ

အကြောများသည် ကိုယ်ထဲ၌ အရိုးတို့ကို ဖွဲ့တွယ်ကုန်လျက် တည်ရှိ၏၊ ဥပမာ- နွယ်တို့ ဖြင့် နံရံသစ်သားတို့ကို ဖွဲ့တွယ်ထားသည်နှင့်တူ၏။

နွယ် ⇆ နံရံသစ်သား

အကြော ⇆ အရိုး

## (အဋ္ဌိ)ခန္ဓာကိုယ်၌ အရိုးများတည်ရှိနေပုံ

ခန္ဓာကိုယ်ရှိ အရိုးတို့တွင် ခြေဖနောင့်ရိုးသည် ခြေဖမျက်ရိုးကို ရွက်လျက် တည်၏။ ခြေဖမျက်ရိုးသည် ခြေသလုံးရိုးကိုရွက်လျက်တည်၏။ ခြေသလုံးရိုးသည် ပေါင်ရိုးကိုရွက်လျက်တည်၏၊ ပေါင်ရိုးသည် တင်ပါးရိုးကိုရွက်လျက်တည်၏၊ တင်ပါးရိုးသည် ကျောက်ဆူးရိုးကို

ရွက်လျက်တည်၏၊ ကျောက်ဆူးရိုးသည် လည်ရိုးကိုရွက်လျက်တည်၏၊ လည်ရိုးသည် ဦးခေါင်းရိုးကိုရွက်လျက်တည်ရှိ၏။

ဦးခေါင်းရိုးသည် လည်ရိုးပေါ်၌တည်ရှိ၏၊ လည်ရိုးသည် ကျောက်ဆူးရိုးပေါ်၌ တည်ရှိ၏၊ ကျောက်ဆူးရိုးသည် တင်ပါးရိုးပေါ်၌ တည်ရှိ၏၊ တင်ပါးရိုးသည် ပေါင်ရိုးပေါ်၌ တည်ရှိ၏၊ ပေါင်ရိုးသည် ခြေသလုံးရိုးပေါ်၌ တည်ရှိ၏၊ ခြေသလုံးရိုးသည် ခြေဖမျက်ရိုးပေါ်၌ တည်ရှိ၏၊ ခြေဖမျက်ရိုးသည် ခြေဖနောင့်ရိုးပေါ်၌တည်ရှိ၏။

အရိုးများတည်ရှိပုံမှာ- အုတ်၊ သစ်သား၊ နွားချေးစသည်တို့ စုပုံဖြစ်လျက် တည်ရှိပုံနှင့်တူ၏။

အောက်အောက် အုတ်သစ်သား ⇆ အထက် အထက် အုတ်သစ်သား

အရိုး ⇆ အရိုး

*အကျယ်လေ့လာလိုပါမူ- မဟာစည်ဆရာတော် ဝိ-မြန်မာပြန် (ဒုတွဲ-စာ-၆၄၀ မှစ၍ လေ့လာမှတ်သားနိုင်ပါသည်)။*

## (အဋ္ဌိမိဉ္စ)ရိုးတွင်းခြင်ဆီတည်ရှိပုံ

ရိုးတွင်းခြင်ဆီသည် ထိုထိုအရိုးတို့၏ အတွင်း၌ တည်၏၊ ဥပမာ- ဝါးကျည်တောက်စသည်တို့၏ အတွင်း၌ ပြုတ်ဖြောထားသည့် ကြိမ်ညွန့်စသည်ကို ထည့်ထားသည်နှင့်တူ၏။

ဝါးကျည်တောက် ⇆ ကြိမ်ညွန့်

အရိုး ⇆ ရိုးတွင်းခြင်ဆီ

## (ဝက္က)အညှို့တည်ရှိပုံ

အညှို့သည် လည်ချောင်းမှထွက်သော တစ်ခုတည်းသော အကြောမဖြင့် အတန်ငယ်သွားပြီးလျှင် နှစ်ဖြာကွဲသောအကြောကြီးဖြင့် ဖွဲ့စပ်ထားသည်ဖြစ်၍ နှလုံးသားကို ခြံရံလျက်တည်ရှိ၏။ ဥပမာ- အညှာတစ်ခုဖြင့် ဖွဲ့တွယ်လျက်ရှိသော သရက်သီးနှစ်လုံးပြွတ်ဥပမာရှိ၏။

အညှာ ⇆ သရက်သီးနှစ်လုံးပြွတ်

အကြောကြီး ⇆ အညှို့

## (ဟဒယ)နှလုံးတည်ရှိပုံ

နှလုံးသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏ အလယ်ကိုမှီ၍ တည်ရှိ၏၊ ဥပမာ- ဆွေးမြေ့သော သံလျှင်းချိုင့်ကိုမှီ၍ သားတစ်တည်ရှိပုံနှင့်တူ၏။

ဆွေးမြေ့သော သံလျှင်းချိုင့် ⇆ သားတစ်

ရင်ရိုးချိုင့် ⇆ နှလုံး

## (ယကန)အသည်းတည်ရှိပုံ

အသည်းသည် ကိုယ်၏အတွင်းဝယ် သားမြတ်နှစ်ခုတို့၏အကြား၌ လက်ယာနံပါးကိုမှီ၍ တည်ရှိ၏၊ ဥပမာ- ဟင်းအိုးအုံနံပါး၌ အသားစိုင်အစုံ တွယ်ကပ်နေသည်နှင့်တူ၏။

ဟင်းအိုးအုံနံပါး ⇆ အသားစိုင်အစုံ
သားမြတ်နှစ်ခုအကြား လက်ယာနံပါး ⇆ အသည်း

### (ကိလောမက)အမြှေးတည်ရှိပုံ

**အမြှေးနှစ်မျိုး-** ၁။ အဖုံးအလွှမ်းအမြှေး၊ ၂။ အဖုံးအလွှမ်းမဟုတ်သောအမြှေး၊ အဖုံးအလွှမ်းအမြှေးသည် နှလုံးနှင့်အညို့ကို ဝန်းရံဖုံးအုပ်လျက် တည်ရှိ၏။

အဖုံးအလွှမ်းမဟုတ်သော အမြှေးသည် တစ်ကိုယ်လုံးဝယ် အရေ၏အောက်၌ အသားကို မြှေးယှက်လျက် တည်ရှိ၏၊ ဥပမာ- အသားကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသည်နှင့်တူ၏။

အသား ⇆ ပုဆိုးကြမ်း
နှလုံးနှင့်အညို့ ⇆ အမြှေး
အရေ၏အောက်၌ရှိသောအသား ⇆ အမြှေး

### (ပိဟက)အဖျဉ်းတည်ရှိပုံ

အဖျဉ်းသည် နှလုံးသား၏ လက်ဝဲဘက်၌ အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးကိုမှီ၍ တည်ရှိ၏၊ ဥပမာ- စပါးကျီ၏ အထက်နံပါးကိုမှီ၍ တည်နေသော နွားချေးစိုင်နှင့်တူ၏။

စပါးကျီ အထက်နံပါး ⇆ နွားချေးစိုင်
အစာသစ်အိမ်အရေလွှာ အထက်နံပါး ⇆ အဖျဉ်း

### (ပပ္ဖါသ)အဆုတ်တည်ရှိပုံ

အဆုတ်သည် ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခုတို့၏ အကြားဝယ် နှလုံးနှင့် အသည်းကို အထက်မှဖုံးအုပ်ကာ တွဲလဲဆွဲလျက် တည်ရှိ၏။ ဥပမာ- ဆွေးမြွေနေသော စပါးကျီအတွင်း၌ စာပေါင်းသိုက်တွဲလဲဆွဲလျက် တည်ရှိနေသည်နှင့်တူ၏။

ဆွေးမြွေနေသော စပါးကျီတွင်း ⇆ စာပေါင်းသိုက်
ကိုယ်၏အတွင်းအရပ် ⇆ အဆုတ်

### (အန္တ)အူမတည်ရှိပုံ

အူမသည် လည်ချောင်းအစ ကျင်ကြီး၊ပါက်အဆုံးရှိသော ကိုယ်၏အတွင်း၌ တည်ရှိ၏၊ ဥပမာ- သွေးပြည့်သောစားကျင်း၌ ခေါင်းဖြတ်ထားသည့် ထန်းမြွေ၏ ကိုယ်ကိုခွေ၍ ထည့်ထားသည်နှင့်တူ၏။

သွေးပြည့်စားကျင်း ⇆ ခေါင်းဖြတ်ထားသည် မြွေခွေ
ကိုယ်တွင်းအရပ် ⇆ အူမ

### (အန္တဂုဏ)အူသိမ်တည်ရှိပုံ

အူသိမ်သည် အူမတို့၏ အကြား၌ နှစ်ဆယ့်တစ်ခုသော အူခွေတို့ကို ဖွဲ့တွယ်လျက်

တည်ရှိ၏၊ ဥပမာ- ခြေသုတ်ကြိုးဝန်းကို ချုပ်စပ်လျက် တည်နေသော ကြိုးငယ်နှင့်တူ၏။

ခြေသုတ်ကြိုးဝန်း ⇆ ကြိုးငယ်

အူမ ⇆ အူသိမ်

## (ဥဒရိယ)အစာသစ်တည်ရှိပုံ

အစာသစ်ဟူသည် အစာသစ်အိမ်၌တည်သော စားသောက်ခဲလျက်လိုက်သည့် အစာပေတည်း၊ ဥပမာ- ခွေးစားခွက်၌ ခွေးအန်ဖတ်တည်ရှိသည်နှင့်တူ၏။

ခွေးစားခွက် ⇆ ခွေးအန်ဖတ်

အစာသစ်အိမ် ⇆ အစာသစ်

## (ကရီသ)အစာဟောင်းတည်ရှိပုံ

အစာဟောင်းခေါ် ကျင်ကြီးသည် လက်ရှစ်သစ်ရှိ ဝါးကျည်တောက်နှင့်တူသော အစာကျက်အိမ်၏ တည်ရာအစာဟောင်းအိမ်ဟုဆိုအပ်သော အူမ၏ အဆုံးပိုင်း၌ တည်ရှိ၏။ ဥပမာ-ဝါးကျည်တောက်၌ နယ်သိပ်၍ ထည့်ထားသော ဝါဖျော့သောမြေညက်နှင့်တူ၏။

ဝါးကျဉ်ထောက် ⇆ မြေညက်

အစာဟောင်းအိမ် ⇆ အစာဟောင်း

## (မတ္ထလုင်္ဂ)ဦးနှောက်တည်ရှိပုံ

ဦးနှောက်သည် ဦးခေါင်းခွံအတွင်း၌ တည်ရှိ၏။ ဥပမာ- ဟောင်းမြင်းသောဖူးအုံ (ဖူးသီးအခွံ)၌ထည့်ထားသော မုန့်ညက်စိုင်နှင့်တူ၏၊ *(မှတ်ချက်) ဆံပင်အစ ဦးနှောက်အဆုံးရှိ သော ကောဋ္ဌာသနှစ်ဆယ်တို့သည် ပထဝီဓာတ်များသာဖြစ်၏။*

ဖူးသီးခွံ ⇆ မုန့်ညက်စိုင်

ဦးခေါင်းခွံ ⇆ ဦးနှောက်

## (ပိတ္တ)သည်းခြေတည်ရှိပုံ

**သည်းခြေနှစ်မျိုး**- ၁။ ဗဒ္ဓသည်းခြေ ၂။ အဗဒ္ဓသည်းခြေ

**အဗဒ္ဓသည်းခြေသည်** ဇီဝိတိန္ဒြေနှင့်စပ်၏၊ တစ်ကိုယ်လုံးကို ပြန့်နှံ့၍ တည်၏၊ ဗဒ္ဓသည်းခြေသည် သည်းခြေအိမ်၌ တည်၏၊ **အဗဒ္ဓသည်းခြေ၊** ဥပမာ- မုန့်ကို ပြန့်နှံ့၍ တည်သော ဆီနှင့်တူ၏၊ ဗဒ္ဓသည်းခြေ၊ ဥပမာ- မိုးရေဖြင့်ပြည့်နေသော သပွတ်ခါးသီးအိမ်နှင့်တူ၏၊ **အာပေါဓာတ်ဖြစ်၏။**

မုန့် ⇆ ဆီ (အဗဒ္ဓ)

ကိုယ် ⇆ အဗဒ္ဓသည်းခြေ (အဗဒ္ဓ)

သပွတ်ခါးသီးအိမ် ⇆ မိုးရေ (ဗဒ္ဓ)

ဗဒ္ဓသည်းခြေအိမ် ⇆ ဗဒ္ဓသည်းခြေရေ (ဗဒ္ဓ)

## (သေမှ)သလိပ်တည်ရှိပုံ

သလိပ်သည် တစ်ကွမ်းစား တစ်စလယ်ပြည့်ပမာဏရှိ၍၊ အစာသစ်အိမ်အရေလွှာ၌ တည်ရှိ၏၊ ဥပမာ- တန်စီးအိုင်မှာ- အထက်၌ အမြှုပ်လွှာဖြစ်လျက်တည်ရှိနေသည်နှင့် တူ၏၊ အာပေါဓာတ်ဖြစ်၏။

တန်စီးအိုင် ⇆ အမြှုပ်လွှာ

အစာသစ်အိမ်ရေလွှာ ⇆ သလိပ်

## (ပုဗ္ဗ)ပြည်တည်ရှိပုံ

ပြည်မှာ အမြဲတမ်းတည်ရာမရှိ၊ သစ်ငုတ်၊ ဆူး၊ လက်နက်၊ မီးလျှံစသည်တို့ဖြင့် ထိခိုက်ခံရသော ကိုယ်အစိတ်အပိုင်း၌ သွေးစုဝေးတည်လျက် ရင့်ကျက်၊ အိုင်းအမာအဖုလုံး ဖြစ်ပေါ်ရာ ကိုယ်အစိတ်အပိုင်း၌ ပြည်တည်ပါ၏၊ ဥပမာ-ပုဆိန်ဖြင့် ခုတ်ခြင်းစသည်ကြောင့် သစ်ပင်၌ အစေးတည်ရှိယိုထွက်သည်နှင့်တူ၏။

အစေး ⇆ သစ်ပင်

ပြည် ⇆ တည်ရှိရာခန္ဓာကိုယ်

## (လောဟိတ)သွေးတည်ရှိပုံ

**သွေးနှစ်မျိုး**- ၁။ ရွေ့ရှားသွားနေသော **သံသရဏသွေး**၊ ၂။ စုဝေးတည်နေသော **သန္နိစိတသွေး**၊ သံသရဏသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ တစ်ကိုယ်လုံးကို ပြန့်နှံ့၍ တည်၏၊ သန္နိစိတသွေးသည် အသည်းတည်ရာအရပ်၏ အောက်အဖို့ကို ပြည့်စေလျက် တစ်ကွမ်းစား ပြည့်မျှရှိ၏၊ အညို့၊ နှလုံး၊ အသည်း၊ အဆုတ်တို့ကို စိုစွတ်စေလျက် တည်ရှိ၏၊ သံသရဏသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ မုန့်ကိုပြန့်နှံ့၍ တည်သောဆီနှင့်တူ၏၊ သန္နိစိတသွေးသည် ဆွေးမြေ့သောအိုးကင်း၌ စိုစွတ်လျက်တည်ရှိသော မိုးရေနှင့်တူ၏။

ဆီ ⇆ မုန့်

သံသရဏသွေး ⇆ ခန္ဓာကိုယ်

မိုးရေ ⇆ အိုးကင်း

သန္နိစိတသွေး ⇆ အသည်းတည်ရာအရပ်

## (သေဒ)ချွေးတည်ရှိပုံ

ချွေးသည် မီးရောင်နေရောင်စသည့် အပူနှင့်တွေ့သောကာလတို့၌ ဆံတွင်း မွေးတွင်း အပေါက်တို့ကို ပြည့်စေလျက် တည်ရှိ၏၊ ယိုထွက်လည်း ယိုထွက်၏၊ ဥပမာ- ကြာစွယ်ကြာရင်း ကုမုဒြာကြာရိုးစည်းတို့ကို ရေထဲမှနုတ်ဆယ်သည်ရှိသော် ကြာစွယ်စည်းစသည်၏ အပေါက်တို့မှ ယိုထွက်သောရေနှင့်တူ၏၊ အာပေါဓာတ်ဖြစ်၏။

ရေ ⇆ ကြာရိုး ကြာစွယ် စသည်တို့၏အပေါက်

ချွေး ⇆ ဆံတွင်းမွေးတွင်းပေါက်

## (မေဒ)အဆီခဲတည်ရှိပုံ

အဆီခဲသည်-ဝသောသူမှာ တစ်ကိုယ်လုံးကို ပြန့်နှံ့၍တည်၏၊ ပိန်သောသူမှာ ခြေသလုံး အသားပုံစသည်တို့ကိုမှီ၍တည်၏၊ ပြစ်ခဲသောအဆီတည်း၊ ဥပမာ-နနွင်းဆိုး ပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းထားသော အသားစုနှင့်တူ၏၊ အာပေါဓာတ်ပင်ဖြစ်၏။

နနွင်းဆိုး ပုဆိုးကြမ်း ⇆ အသားစု

အဆီခဲ ⇆ တစ်ကိုယ်လုံး (သို့) ခြေသလုံးစသည်တို့၌ရှိသောအသားစု

## (အဿု)မျက်ရည်တည်ရှိပုံ

မျက်ရည်သည်- ဝမ်းသာ ဝမ်းနည်း အမှိုက်ဝင် မီးခိုးစသည်တို့နှင့် တွေ့ကြုံသည့်အခါ တို့၌ မျက်တွင်းတို့ကို ပြည့်စေလျက် တည်ရှိ၏၊ ယိုစီးလျက်မှုလည်း ထွက်၏၊ ဥပမာ- နုသောထန်းသီးစေ့တွင်းငယ်တို့၌ပြည့်နေသောရေနှင့်တူ၏၊ အာပေါဓာတ်ဖြစ်၏။

နုသောထန်းသီးစေ့တွင်း ⇆ ပြည့်နေသောရေ

မျက်စိတွင်း ⇆ မျက်ရည်

## (ဝသာ)ဆီကြည်တည်ရှိပုံ

ဆီကြည်သည်- မီးဖြင့်၊ နေဖြင့် ပူလောင်သောကာလစသည်၌ လက်ဖဝါးပြင် လက်ဖမိုး ခြေဖဝါးပြင်၊ ခြေဖမိုး၊ နှာခေါင်းဖူး၊ နဖူး ပခုံးစွန်းတို့၌ တည်ရှိ၏၊ ကြည်သောအဆီပေတည်း၊ ဥပမာ- ထမင်းချိုးကို ဆမ်းထားသော ဆီနှင့်တူ၏၊ အာပေါဓာတ်ဖြစ်၏။

ဆီ ⇆ ထမင်းချိုး

ဆီကြည် ⇆ တည်ရှိရာအရပ်

## (ခေဠ)တံတွေးတည်ရှိပုံ

တံတွေးသည်- ထိုသို့သဘောရှိသော တံတွေးဖြစ်ခြင်း၏ အကြောင်းရှိလျှင် နှစ်ဘက်သောပါးစောင်တို့မှ သက်ဆင်း၍ လျှာပြင်ပေါ်၌တည်ရှိ၏၊ ဥပမာ- မြစ်ကမ်းနားရှိ လက်ယက်တွင်းငယ်၌ မပြတ်ထွက်နေသော ရေနှင့်တူ၏၊ အာပေါဓာတ်ဖြစ်၏။

မပြတ်ထွက်နေသောရေ ⇆ လက်ယက်တွင်းငယ်

တံတွေး ⇆ လျှာပြင်၊ လျှာပေါ်

## (သိင်္ဃာဏိကာ)နှပ်တည်ရှိပုံ

နှပ်သည်- အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသောအခါ၌ နှာခေါင်းဖုတို့ကိုပြည့်စေလျက် တည်ရှိ၏၊ ယိုထွက်မှုလည်း ယိုထွက်၏၊ ဥပမာ- ယောက်သွား (သို့) ကနုကမာ၌ ပြည့်နေသော နို့ဓမ်းပုပ်နှင့် တူ၏၊ အာပေါဓာတ်ဖြစ်၏။

နို့ဓမ်းပုပ် ⇆ ကနုကမာ၊ ယောက်သွား

နှပ် ⇆ နှာခေါင်း

## (လသိကာ)အစေးတည်ရှိပုံ

အစေးသည် အရိုးဆက်တို့၏ နယ်ဆီကိစ္စကို ပြီးစေလျက် တစ်ရာ့ရှစ်ဆယ်သော အရိုးဆက်တို့၌ တည်ရှိ၏၊ ဥပမာ- ဝင်ရိုးကို လူးလိမ်းပေးသောဆီနှင့်တူ၏၊ အာပေါဓာတ်ဖြစ်၏။

ဆီ ⇆ ဝင်ရိုး

အစေး ⇆ အရိုးဆက်

## (မုတ္တ)ကျင်ငယ်တည်ရှိပုံ

ကျင်ငယ်သည် ဆီးအိမ်စည်ဖောင်း၏ အတွင်း၌ တည်ရှိ၏၊ ဥပမာ- တန်စီးအိုင်၌ ပစ်ချထားသော ယဝနယင္ခေါ် ရေစစ်အိုးထဲသို့ တစိမ့်စိမ့်ဝင်သော တန်စီးရည်နှင့်တူ၏။ အာပေါဓာတ်ဖြစ်၏။

တန်စီးရေ ⇆ ရေစက်အိုး

ကျင်ငယ် ⇆ ဆီးအိမ်

## တေဇောဓာတ်လေးပါးကိုရှုပုံ

ဆိုခဲ့သည့်အတိုင်း ဆံပင်စသောကောဋ္ဌာသတို့၌ နှလုံးသွင်းဆင်ခြင်ခြင်းကို ဖြစ်စေပြီးလျှင် ခန္ဓာကိုယ်ကို တငွေ့ငွေ့ပူလောင်စေသော အဖျားရှိန်အပူငွေ့ဟူသော **သန္တပ္ပနတေဇော** အပူငွေ့သည် ခန္ဓာကိုထဲ၌ သီးခြားအဖို့အစု တစ်ခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားတည်း၊ (ဝါ) အာရုံကို မသိတတ်သောတရားပေတည်း၊ အတ္တမှဆိတ်သုဉ်း၏၊ သတ္တဝါမဟုတ်၊ ကျက်စေသောအခြင်းအရာရှိသော တေဇောဓာတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်စေသော **ဇိရဏတေဇော**အပူငွေ့သည် ခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့ အစုတစ်ခုဖြစ်၏၊ ခန္ဓာကိုယ်ကို ပြင်းထန်စွာ ပူလောင်စေတတ်သော **ပရိဒါဟတေဇော** အပူငွေ့သည် ခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့အစုတစ်ခုပေတည်း၊ စားသောက်ခဲလျက်အပ်သော အစာအာဟာရကို ကျေညက်စေသော **ပါစကတေဇော** အပူငွေ့သည် ခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့ အစုပေတည်း၊ အတ္တမှ ဆိတ်သုဉ်း၏၊ သတ္တဝါမဟုတ်၊ ကျက်စေသောအခြင်းအရာရှိသော တေဇောဓာတ်ပေတည်းဟု နှလုံးသွင်းဆင်ခြင်အပ်၏။

## ဝါယောဓာတ်(၆)ပါးကိုရှုပုံ

အထက်သို့ဆန်တက်သော ဥဒ္ဓင်္ဂမလေတို့ကို ဆန်တက်လေအဖြစ်ဖြင့်၊ သိမ်းဆည်းပြီးလျှင် (ဉာဏ်ဖြင့်ပိုင်းခြားမှတ်သားပြီးလျှင်) အောက်သို့ စုန်ဆင်းသော အဓောဂမလေတို့ကို စုန်ဆင်းလေအဖြစ်ဖြင့်၊ သိမ်းဆည်းပြီးလျှင် ဝမ်းတွင်းလေတို့ကို ဝမ်းတွင်းလေအဖြစ်ဖြင့် အူတွင်းလေတို့ကို အူတွင်းလေအဖြစ်ဖြင့်၊ အင်္ဂါကြီးငယ်လျှောက်လေတို့ကို အင်္ဂါကြီးငယ်လျှောက်လေအဖြစ်ဖြင့်၊ ဝင်သက်ထွက်သက်လေတို့ကို ဝင်သက်ထွက်သက်လေအဖြစ်ဖြင့်၊

သိမ်းဆည်းပြီးလျှင် ဆန်တက်သော ဥဒ္ဓင်္ဂမလေတို့သည် ဤခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့အစု တစ်ခုဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှဆိတ်သုဉ်း၏ သတ္တဝါ မဟုတ် ထောက်ကန်တောင့်တင်းသော အခြင်းအရာရှိသော ဝါယောဓာတ်ဖြစ်၏ဟူ၍ လည်းကောင်း၊ စုန်ဆင်းသော အဓောဂမလေတို့သည် ဤခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့အစု ဖြစ်၏။

ဝမ်းတွင်းလေတို့သည်--- အူတွင်းလေတို့သည်--- အင်္ဂါကြီးငယ်ကို လျှောက်သောလေ တို့သည်--- ဝင်သက်ထွက်သက်လေတို့သည် ဤခန္ဓာကိုယ်ထဲ၌ သီးခြားအဖို့အစုတစ်ခု ဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှဆိတ်သုဉ်း၏၊ သတ္တဝါမဟုတ်၊ ထောက်ကန်တောင့်တင်းသောခြင်းအရာရှိသော ဝါယောဓာတ်ဖြစ်၏ဟု နှလုံးသွင်းဆင် ခြင်အပ်၏။

ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းဆင်ခြင်ခြင်းကို ဖြစ်စေသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်လွင်လာကုန်၏၊ ထိုဓာတ်တို့ကို အဖန်ဖန်အထပ်ထပ် ဆင်ခြင် နှလုံးသွင်းနေသော ထိုယောဂီရဟန်းအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် **ဥပစာရသမာဓိ** ဖြစ်ပေါ်၏။

## (၃) သလက္ခဏသင်္ခေပနည်းဖြင့် ရှုပုံ

### ခက်မာခြင်းစသောလက္ခဏာနှင့် တကွဖြစ်သောဆံပင်စသည်ကို အကျဉ်းရှုခြင်း။

ပြဆိုခဲ့သည့်အတိုင်း သသမ္ဘာရဝိဘတ္တိနည်းဖြင့် ပွားစေသော်လည်း ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းသည် မပြီးစီးမပြည့်စုံဘဲရှိနေလျှင် ထိုယောဂီရဟန်းသည် သလက္ခဏသင်္ခေပ နည်းအားဖြင့် ပွားများအားထုတ်အပ်၏၊ အဘယ်သို့ ပွားများအားထုတ်ရပါမည်နည်းဟူမူ ဆံပင်စသော နှစ်ဆယ်သောကောဋ္ဌာသတို့၌ ခက်မာခြင်းသဘောလက္ခဏာကို ပထဝီ ဓာတ်ဟု ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်အပ်၏၊ ထိုဆံပင်စသော နှစ်ဆယ်သောကောဋ္ဌာသတို့၌ ပင် ဖွဲ့စည်းခြင်းသဘောလက္ခဏာကို အာပေါဓာတ်ဟု၊ ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓာတ်ဟု၊ ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓာတ်ဟု ရှုအပ်၏။

သည်းခြေစသော တစ်ဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၌ ဖွဲ့စည်းခြင်းသဘောလက္ခ ဏာကို အာပေါဓာတ်ဟု ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏၊ ထိုတစ်ဆယ့်နှစ်ပါးသောအဖို့ တို့၌ပင် ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓာတ်ဟု၊ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု၊ ခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓာတ်ဟု ပိုင်းခြားဆုံးဖြတ် ဉာဏ်ဖြင့်ရှုအပ်၏။

အဖျားရှိန်အပူငွေ့စသော လေးပါးသောကောဋ္ဌာသတို့၌ ကျက်စေခြင်းသဘော လက္ခဏာကို တေဇောဓာတ်ဟု ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏၊ ထိုလေးပါးသော အပူငွေ့

နှင့် အသီးအခြားမခွဲနိုင်ကောင်းသော ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓာတ်ဟု ခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓာတ်ဟု ဖွဲ့စည်းခြင်းသဘော လက္ခဏာကို အာပေါဓာတ်ဟု ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်အပ်၏၊

ဆန်တက်လေစသော ခြောက်ပါးသောကောဋ္ဌာသတို့၌ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်အပ်၏၊ ထိုခြောက်ပါးသော အဘို့တို့၌ပင် ခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓာတ်ဟု ဖွဲ့စည်းခြင်းသဘောလက္ခဏာ ကို အာပေါဓာတ်ဟု ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓာတ်ဟု ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏။

ဤသို့ ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်နေသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏၊ ထိုဓာတ်တို့ကို အဖန်ဖန်အထပ်ထပ်ဆင်ခြင် နှလုံးသွင်းနေသော ယောဂီရဟန်းအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဥပစာရသမာဓိဖြစ်ပေါ်၏။

## (၄) သလက္ခဏဝိဘတ္တိနည်းဖြင့်ရှုပုံ
### ခက်မာခြင်းစသောလက္ခဏာနှင့်တကွသောဆံပင်စသည်ကို အကျယ်ဝေဘန်ရှုခြင်း

ပြဆိုခဲ့ပြီးသည့်အတိုင်း သလက္ခဏသင်္ခေပနည်းအားဖြင့် ပွားများအားထုတ်သော်လည်း ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းသည် မပြီးစီးမပြည့်စုံသေးဘဲရှိနေလျှင် ထိုယောဂီရဟန်းသည် သလက္ခဏဝိဘတ္တိနည်းဖြင့် ပွားများအားထုတ်အပ်၏။ အဘယ်ကဲ့သို့ ပွားများအားထုတ်အပ် သနည်းဟူမူ- ရှေး၌ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဆံပင်စသည်တို့ကို သိမ်းဆည်းပြီးလျှင် (ဉာဏ်ဖြင့် ပိုင်းခြားမှတ်သားပြီးလျှင်) ဆံပင်၌ ခက်မာခြင်း သဘောလက္ခဏာကို ပထဝီ ဓာတ်ဟု ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏။ ထိုဆံပင်၌ပင် ဖွဲ့စည်းခြင်းလက္ခဏာကို အာပေါဓာတ်ဟု- ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓာတ်ဟု- ထောက်ကန်တောင့် တင်းခြင်းသဘောလက္ခဏာကို ဝါယောဓာတ်ဟု- ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏။

ဤအတူပင် အမွေးအစရှိသော ကောဋ္ဌာသအားလုံးတို့တွင်လည်း တစ်ပါးတစ်ပါးသော ကောဋ္ဌာသ၌ လေးပါး လေးပါးကုန်သောဓာတ်တို့ကို ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်အပ်ကုန်၏၊ ဤဆိုခဲ့သည့်အတိုင်း ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်နေသော ယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏၊ ထိုဓာတ်တို့ကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်နှလုံးသွင်းနေသော ယောဂီရဟန်းအား ပြဆိုခဲ့ပြီးသောနည်းဖြင့် ဥပစာရသမာဓိဖြစ်ပေါ်၏။

**တစ်နည်းရှုပုံကား-**

## (၁) ဝစနတ္ထအားဖြင့်နှလုံးသွင်းပုံ

၁၃-ပါးသော အခြင်းအရာတို့တွင် ဝစနတ္ထ (သဒ္ဒါနက်)အားဖြင့် နှလုံးသွင်းပုံမှာ- ကျယ်ပြန့်ကြီးမားခြင်းကြောင့် **ပထဝီ**မည်၏။

ထိုထိုအရပ်ကို ယိုစီးလျက်ရောက်တတ်ခြင်းကြောင့်လည်းကောင်း၊ ခြောက်စေခြင်းကြောင့်လည်းကောင်း၊ စိုပွလျက် ပွားစေတတ်ခြင်းကြောင့်လည်းကောင်း၊ အာပေါမည်၏၊

ထက်မြက်လျက် ပူစေတတ်ခြင်းကြောင့် တေဇောမည်၏၊ လှုပ်စေတတ်ခြင်း၊ ရွေ့စေတတ်ခြင်းကြောင့် ဝါယောမည်၏။

သာမညအားဖြင့် မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်ခြင်းကြောင့်လည်းကောင်း၊ သံသရာဆင်းရဲကို စီရင်တတ်ခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲကို စီရင်ခြင်းမျှ (ဝါ) စီရင်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ (ဝါ) ဆင်းရဲကို သိုမှီးထားရာဖြစ်သောကြောင့်လည်းကောင်း ဓာတု-ဓာတ်မည်ကုန်၏။

## (၂) ကလာပအားဖြင့် နှလုံးသွင်းပုံ

ကလာပအားဖြင့် နှလုံးသွင်းပုံမှာ ဆံပင်, အမွေးစသော နှစ်ဆယ်သော အခြင်းအရာအဖို့တို့ဖြင့် ပထဝီဓာတ်ကို အကျယ်ပြ၏၊ သည်းခြေ၊ သလိပ်စသော တစ်ဆယ့်နှစ်ပါးသော အခြင်းအရာအဖို့တို့ဖြင့် အာပေါဓာတ်ကို အကျယ်ပြ၏၊ ထိုအကျယ်ပြခဲ့သော ၃၂-ပါးသော ပထဝီဓာတ်၊ အာပေါဓာတ်အဖို့တို့တွင် အဆင်း၊ အနံ့၊ အရသာ၊ ဩဇာနှင့် ဓာတ်လေးပါးဟူသော ရှစ်ပါးသောတရားတို့၏ အညီအညွတ်တစ်ပေါင်းတည်း တည်ခြင်းကြောင့် ဆံပင်ဟူသော ပညတ်ဖြစ်ပေါ်သည်၊ ခွဲခြမ်းခြင်းကြောင့် ဆံပင်ဟူသော ပညတ်မရှိတော့ပေ။

ထို့ကြောင့် ဆံပင်တို့သည် ရှစ်ပါးသောတရားတို့၏ အပေါင်းအစုမျှသာတည်း၊ အမွေးစသည်တို့သည်လည်း ထို့အတူ ရှစ်ပါးသောတရားတို့၏ အပေါင်းအစုမျှသာတည်းဟု နှလုံးသွင်းအပ်၏၊ ဆက်၍ရှင်းပြဦးအံ့၊ ဤဆံပင်စသော ကောဋ္ဌာသတို့တွင် ကံကြောင့်ဖြစ်သည့်ကမ္မသမုဋ္ဌာန် ကောဋ္ဌာသသည် ဇီဝိတနဝက၊ ဘာဝရုပ်တို့နှင့်တကွ၊ ရုပ်ဆယ်ခုအပေါင်း ကလာပ်သည်လည်းဖြစ်သေး၏၊ သို့သော် ပထဝီသတ္တိ အာပေါသတ္တိတို့၏ များပြားလွန်ကဲသည်၏ အစွမ်းအားဖြင့် ပထဝီဓာတ်၊ အာပေါဓာတ်ဟု ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ဤဆိုခဲ့သည့်အတိုင်း အပေါင်းအစု ကလာပ်အားဖြင့် နှလုံးသွင်းအပ်၏။

## (၃) စုဏ္ဏ-အမှုန့်အားဖြင့် နှလုံးသွင်းပုံ

အမှုန့်အားဖြင့် နှလုံးသွင်းပုံမှာ- ဤကိုယ်ထဲ၌ အလယ်အလတ်ပမာဏအားဖြင့် ကြံဆ၍ယူလျှင် ပရမာဏုမြူအပြားအားဖြင့် အမှုန့်အမှုန့်ဖြစ်သော သိမ်မွေ့သည့် မြူအဖြစ်သို့ရောက်သော ပထဝီဓာတ်သည် ဘစ်စိတ်ပမာဏရှိသည်ဖြစ်ရာ၏၊ ဤပထဝီဓာတ်သည် ၎င်း၏ ထက်ဝက်ပမာဏရှိသော အာပေါဓာတ်က ဖွဲ့စည်းပေါင်းစုအပ်သည်ဖြစ်၍ တေဇော ဓာတ်က လျော်စွာ စောင့်ရှောက်အပ်သည်ဖြစ်၍၊ ဝါယောဓာတ်က ထောက်ကန်လျက် တောင့်စေအပ်သည်ဖြစ်၍ ဖရိုဖရဲမကြဲဘဲ မပျက်စီးဘဲရှိပေသည်။ ဖရိုဖရဲမကြဲသည် မပျက်စီးသည်ဖြစ်၍ မိန်းမသဏ္ဌာန် ယောကျ်ားသဏ္ဌာန်စသည်အဖြစ်ဖြင့် အမျိုးမျိုးအထွေထွေသော ကြံဆခြင်းသို့ရောက်၏။ အငယ်၊ အကြီး၊ အရှည်၊ အတို၊ ခိုင်ခံ့သည်၊ ခက်မာသည်

စသည်၏အဖြစ်ကိုလည်း သရုပ်ဆောင်ပြ၏။

ထိုမှတစ်ပါး ဤကိုယ်ထဲ၌ အရည်အဖြစ်သို့ ရောက်လျက် ဖွဲ့စည်းသောအခြင်းအရာဖြစ်သော အာပေါဓာတ်သည် ပထဝီ၌တည်သည်၊ တေဇောဓာတ်က စောင့်ရှောက်အပ်သည်၊ ဝါယောဓာတ်က ထောက်ကန်လျက် တောင့်စေအပ်သည်ဖြစ်၍ မယိုကျ၊ မစီးသွားဘဲရှိပေသည်၊ မယိုကျ မစီးသွားသည်ဖြစ်၍ စိုပြည် ပြည့်ဖြိုးသည်၏အဖြစ်ကို ပြ၏။

ထိုမှတစ်ပါး ဤကိုယ်ထဲ၌ စားသောက်ခဲလျက်ထားသည့် အစာကိုကြေကျက်စေတတ်သော အပူငွေ့အခြင်းအရာ ပူခြင်းလက္ခဏာရှိသော တေဇောဓာတ်သည် ပထဝီ၌တည်သည်။ အာပေါဓာတ်က ဖွဲ့စည်းပေါင်းစုအပ်သည်၊ ဝါယောဓာတ်က ထောက်ကန်လျက် တောင့်စေအပ်သည်ဖြစ်၍ ဤခန္ဓာကိုယ်ကို ရင့်ကျက်စေ၏၊ ခန္ဓာကိုယ်၏ အဆင်းနှင့် ပြည့်စုံခြင်း၊ အဆင်းအရောင် ကောင်းခြင်းကိုလည်း ဖြစ်စေ၏၊ ထိုတေဇောဓာတ်က ရင့်ကျက်စေသောကြောင့် ဤခန္ဓာကိုယ်သည် မပုပ်မသိုးဘဲ တည်ရှိနိုင်ပေသည်။

ထိုမှတစ်ပါး ဤကိုယ်ထဲ၌ အင်္ဂါကြီးငယ်သို့ လျှောက်သော ရွေ့ခြင်း၊ ရွေ့စေခြင်း ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာရှိသော ဝါယောဓာတ်သည် ပထဝီ၌ တည်သည်၊ အာပေါဓာတ်က ဖွဲ့စည်းပေါင်းစုအပ်သည်၊ တေဇောက စောင့်ရှောက်အပ်သည် ဖြစ်၍ ဤခန္ဓာကိုယ်ကို ထောက်ကန်လျက် တောင့်တင်းစေလျက် ကြံ့ခိုင်စေ၏။ ထိုဝါယောဓာတ်က ကြံ့ခိုင်စေသောကြောင့် ဤခန္ဓာကိုယ်သည် မလဲကျဘဲ ဖြောင့်စွာ တည်တံ့နိုင်ပေသည်။ အခြားတစ်ပါးသော တွန်းကန်ဝါယောက တိုက်ခိုက်ပေးသောကြောင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းဟူသော ကိုယ်အမူအရာ ဣရိယာပုတ်တို့၌ အလိုကိုသိစေတတ်သည့် ဝိညတ်ရုပ်ကို ဖော်ပြနိုင်ပေသည်။ လက်ခြေတို့ကို ကွေးတတ်၊ ဆန့်တတ်၊ ထိုမှ ဤမှ သွားစေတတ်ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ဓာတ်လေးပါး အပေါင်းဟူသော ဤယန္တရားစက်ရုပ်သည် မိန်းမယောကျ်ားစသည် အဖြစ်ဖြင့် မသိမလိမ္မာသော လူအပေါင်းကို လှည့်စားလျက် မျက်လှည့်ရုပ်နှင့်တူစွာ သွားခြင်း၊ ရပ်ခြင်းစသည်ဖြင့် မပြတ်ဖြစ်လျက်ရှိသည်ဟု ဤသို့ အမှုန့်အားဖြင့်နှလုံးသွင်းအပ်၏။

## (၄) လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းပုံ

**ပထဝီဓာတ်သည်-**

| | | |
|---|---|---|
| (က) ကက္ခဠတ္တလက္ခဏာ | = | ခက်မာခြင်း သဘောလက္ခဏာရှိ၏၊ |
| (ခ) ပတိဋ္ဌာနရသာ | = | အတူဖြစ်ဖက်တရားတို့၏ တည်ရာဖြစ်ခြင်းကိစ္စရသရှိ၏၊ |
| (ဂ) သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ | = | အတူဖြစ်ဖက်တရားတို့ကို လက်ခံသောတရားဟု ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ |
| (ဃ) အဝသေသ ဓာတုတ္တယ ပဒဋ္ဌာနာ | = | ကြွင်းဓာတ်သုံးပါး နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။ (ဓာတ်လေးပါးလုံး ပဒဋ္ဌာန်တူ) |

**အာပေါဓာတ်သည်-**

| | |
|---|---|
| (က) ပဃ္ဃရဏလက္ခဏာ | = ယိုစီးခြင်း အရည်ဖြစ်ခြင်း လက္ခဏာရှိ၏။ |
| (ခ) ဗြူဟနရသာ | = စိုပွစေလျက် ပွားစေခြင်း ကိစ္စရသရှိ၏၊ |
| (ဂ) သင်္ဂဟ ပစ္စုပဋ္ဌာန | = အတူဖြစ်ဖက် တရားတို့ကို ဖွဲ့စည်းခြင်း၊ ပေါင်းစုခြင်းတရားဟု ဉာဏ်အားရှေးရှု ထင်သောအခြင်းအရာရှိ၏။ |

**တေဇောဓာတ်သည်-**

| | |
|---|---|
| (က) ဥဏှတ္တလက္ခဏာ | = ပူခြင်းလက္ခဏာရှိ၏၊ |
| (ခ) ပရိပါစနရသာ | = ကျက်စေခြင်းကိစ္စရှိ၏၊ |
| (ဂ) မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာနာ | = အတူဖြစ်ဘက်တရားတို့အား နူးညံ့ခြင်းကို ပေးခြင်း၊ (ပူလောင်လျက်နူးညံ့စေခြင်း) ဟူသောတရားဟု ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ |

**ဝါယောဓာတ်သည်-**

| | |
|---|---|
| (က) ဝိတ္ထမ္ဘနလက္ခဏာ | = ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ တောင့်တင်းခြင်းလက္ခဏာရှိ၏။ |
| (ခ) သမုဒီရဏရသာ | = လှုပ်ခြင်း၊ လှုပ်စေခြင်း ကိစ္စရှိ၏၊ |
| (ဂ) အဘိနီဟာရ ပစ္စုပဋ္ဌာနာ | = ရွေ့ရှုဆောင်ခြင်း၊ ရွေ့ဆောင်ခြင်းတရားဟု ဉာဏ်အားရှေးရှုထင်သောအခြင်းအရာရှိ၏။ |

(ဤသို့ လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းအပ်၏။)

## (၅) ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့်နှလုံးသွင်းပုံ

ကောဋ္ဌာသ အကျယ် ၄၂-ပါးတို့တွင် **အစာသစ်၊ အစာဟောင်း၊** ပြည်၊ ကျင်ငယ်ဟူသော ဤကောဋ္ဌာသ လေးပါးတို့သည် ဥတုကြောင့်သာဖြစ်သော ဥတုသမုဋ္ဌာန် = ဥတုဇရုပ်တို့သာ ဖြစ်၏။

**မျက်ရည်၊ ချွေး၊ တံတွေး၊ နှပ်**ဟူသော ကောဋ္ဌာသလေးပါးတို့သည် ဥတုကြောင့်လည်းဖြစ်၊ စိတ်ကြောင့်လည်းဖြစ်သော ဥတုစိတ္တသမုဋ္ဌာန် = **ဥတုဇ စိတ္တဇရုပ်**တို့သာ ဖြစ်၏။ စား လိုက်သည့် အစာကို ကျေစေတတ်သော **ပါစကတေဇော**သည် ကံကြောင့်သာလျှင်ဖြစ်သော ကမ္မသမုဋ္ဌာန် = **ကမ္မဇရုပ်**ဖြစ်၏။ **ဝင်သက် ထွက်သက်လေ**တို့သည် စိတ်ကြောင့်သာလျှင်ဖြစ်သော စိတ္တသမုဋ္ဌာန် = **စိတ္တဇရုပ်**သာဖြစ်၏။ ကြွင်းကျန်ကုန်သော **၃၂-ပါး**တို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း ၄-ပါးတို့ကြောင့် ဖြစ်သော စတုသမုဋ္ဌာန် **စတုဇရုပ်**တို့ဖြစ်၏။ ဤသို့ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့် နှလုံးသွင်းအပ်၏။

## (၆) နာနတ္တ ဧကတ္တအားဖြင့် နှလုံးသွင်းပုံ

နာနတ္တ ဧကတ္တအားဖြင့် နှလုံးသွင်းပုံမှာ- အားလုံးသောဓာတ်လေးပါးတို့သည် မိမိ၏ လက္ခဏာစသည်အားဖြင့် အချင်းချင်း ထူးခြားကွဲပြားကုန်၏။

ပထဝီဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့သည် တစ်ပါးတစ်ခြား၊ အာပေါဓာတ် စသည်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့သည် တစ်ပါးတစ်ခြား၊ ဤသို့ လက္ခဏာ စသည်၏ အစွမ်းဖြင့်လည်းကောင်း၊ ကမ္မသမုဋ္ဌာန် စသည်၏အစွမ်းဖြင့်လည်းကောင်း အချင်းချင်း မတူဘဲ ထူးခြားကွဲပြားကြ၏၊ (နာနတ္တ)

ဓာတ်လေးပါးလုံးတို့ပင် ရုပ်အဖြစ်, မဟာဘုတ်အဖြစ်, ဓာတ်အဖြစ်, ဓမ္မအဖြစ်, အနိစ္စ အဖြစ် စသည်တို့၏အစွမ်းအားဖြင့် ထူးခြားခြင်းမရှိ တူကုန်၏၊ (ဧကတ္တ)

အကျယ်ဆိုရမူ- ဓာတ်လေးပါးလုံးတို့ပင် ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာကို မလွန်ကြ သောကြောင့် ရုပ်မည်ကုန်၏၊ မဟန္တပါတုဘာဝ အစရှိသော အကြောင်းတို့ကြောင့် မဟာ ဘုတ်မည်ကုန်၏။

### ကြီးကျယ်၍ထင်ရှားဖြစ်ခြင်းကြောင့် မဟာဘုတ်မည်ပုံ

ဓာတ်လေးပါးတို့သည် **သက်မဲ့ အနုပါဒိန္နသန္တာန်၌** ကြီးကျယ်၍ ထင်ရှားဖြစ်ကုန်၏၊ **သက်ရှိ ဥပါဒိန္နသန္တာန်၌လည်း** ကြီးကျယ်၍ ထင်ရှားဖြစ်ကုန်၏။

သက်မဲ့ အနုပါဒိန္နသန္တာန်၌ ကြီးကျယ်၍ ထင်ရှားဖြစ်ပုံကို- နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီး၏ ကြီးကျယ်ထင်ရှားသောအခြင်းအရာကိုကြည့်ရှု ဆင်ခြင်၍ သိနိုင်ပေသည်။

သက်ရှိ ဥပါဒိန္နသန္တာန်၌ ကြီးကျယ်၍ ထင်ရှားဖြစ်ပုံကို- ယူဇနာတစ်ရာရှိသော ငါး၊ လိပ်များနှင့် ခန္ဓာကိုယ်ကြီးမားလှသော နတ်၊ ဒါနဝယက္ခဘီဘူး စသည်တို့၏ အစွမ်းအားဖြင့် သိနိုင်ပေသည်။ **သာဓကစကား**-"ရဟန်းတို့ မဟာသမုဒ္ဒရာ၌ ယူဇနာတစ်ရာ အတ္တဘောရှိ သတ္တဝါများ ရှိကုန်၏"ဟု ဟောကြားတော်မူခဲ့၏။

### မဟာဘူတမည်သူနှင့်တူသောကြောင့် မဟာဘုတ်မည်ပုံ

မျက်လှည့်ဆရာသည် ပတ္တမြားမဟုတ်သည့်ရေခဲကို ပတ္တမြားပြု၍ပြသကဲ့သို့လည်း ကောင်း၊ ရွှေမဟုတ်သည့်အုတ်ခဲကို ရွှေပြု၍ပြသကဲ့သို့လည်းကောင်း၊ မိမိကိုယ်တိုင်က ဘီလူးမဟုတ်၊ ငှက်မဟုတ်ပါဘဲ ဘီလူးအဖြစ်၊ ငှက်အဖြစ်ကို ပြသကဲ့သို့လည်းကောင်း၊

ဤအတူပင် မဟာဘုတ်တို့သည် မိမိတို့ကိုယ်တိုင်က အညို၊ အဝါ၊ အဖြူ၊ အနီအဆင်း မဟုတ်ကြပါဘဲ အညို၊ အဝါ၊ အဖြူ၊ အနီအဆင်း ဥပါဒါရုပ်ကို ပြကုန်၏၊ ဤသို့အားဖြင့် မဟာဘူတမည်သော မျက်လှည့်ဆရာနှင့်တူသောကြောင့် မဟာဘုတ်မည်ကုန်၏။

**တစ်နည်းမှာ**- မဟာဘုတ်မည်သော ဘီဘူးစသည်တို့သည် လူကိုဖမ်းကုန် ပူးကပ်ကုန် ၏၊ ထိုဘီလူးတို့၏ တည်ရာကို အပူးခံရသော လူ၏အတွင်းအပြင်အရပ်တို့၌ မရအပ် မရနိုင်၊ ထိုဖမ်းခံရသောလူကိုမှီ၍ မတည်ကြသည်လည်းမဟုတ်ကုန်သကဲ့သို့ ထို့အတူပင်

ထိုမဟာဘုတ်တို့ကို အချင်းချင်း၏ အတွင်းအပြင်၌ တည်ကြသည်ဟုမဆိုအပ်ကုန်၊ အချင်းချင်းကိုမှီ၍ မတည်ကြသည်လည်းမဟုတ်ကုန်၊ ဤသို့မကြံဆနိုင်အပ်၊ မကြံဆနိုင်ကောင်းသောတည်ရာရှိသည်၏အဖြစ်ဖြင့် မဟာဘူတမည်သော ဘီဘူးစသည်တို့နှင့်တူသောကြောင့် မဟာဘုတ်မည်ကုန်၏။

ထို့ပြင် ဘီလူးမဟုဆိုအပ်သော မဟာဘုတ်တို့သည် နှစ်သက်မြတ်နိုးဘွယ် အဆင်းသဏ္ဍာန်အမူအရာတို့ဖြင့် မိမိတို့၏ ကြောက်မက်ဖွယ်အဖြစ်ကို ဖုံးကွယ်၍ ယောကျ်ားသတ္တဝါတို့ကို လှည့်စားကုန်သကဲ့သို့-

ဤအတူပင် မဟာဘုတ်တို့သည်လည်း ယောကျ်ား မိန်းမတို့၏ ခန္ဓာကိုယ်စသည်တို့၌ နှစ်သက်မြတ်နိုးဖွယ် အရေအဆင်းဖြင့်လည်းကောင်း၊ မိမိ၏နှစ်သက်မြတ်နိုးဖွယ် အင်္ဂါကြီးငယ်သဏ္ဍာန်ဖြင့်လည်းကောင်း၊ လက်ခြေ လက်ချောင်း မျက်ခုံးတို့ကို ပစ်ခွဲခြင်းဟူသော နှစ်သက်ဖွယ်အမူအရာဖြင့်လည်းကောင်း၊ မိမိ၏ ကြမ်းကြုတ်ခြင်းစသော ပင်ကိုယ်သဘောမှန်ကို ဖုံးကွယ်၍ မသိမလိမ္မာသူအပေါင်းကို လှည့်စားတတ်ကုန်၏၊ မိမိ၏ သဘောမှန်ကို သိမြင်ခွင့်မပေးကုန်၊

ဤသို့လှည့်စားတတ်သည်၏အဖြစ်ဖြင့် ဘီလူးမဟူသော မဟာဘုတ်တို့နှင့်တူသောကြောင့်လည်း မဟာဘုတ်မည်ကုန်၏။

## များပြားကြီးကျယ်သောအကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့် မဟာဘုတ်မည်ပုံ

မဟာဘုတ်တို့သည် နေ့စဉ်နေ့တိုင်း ဆောင်ထည့်ပေးအပ်သောကြောင့် များပြားကြီးကျယ်ကုန်သော အစာအာဟာရ အဝတ်တို့ဖြင့်ဖြစ်သောကြောင့် မဟာဘုတ်မည်ကုန်၏၊ တစ်နည်းမှာ- များစွာသောပစ္စည်းတို့ဖြင့် ဆောင်အပ်သောကြောင့် မဟာဘုတ်မည်ကုန်၏။

## အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသောကြောင့် မဟာဘုတ်မည်ပုံ

သက်ရှိသက်မဲ့ဖြစ်ကုန်သော မဟာဘုတ်တို့မှာ- အကြီးအကျယ်ဖောက်ပြန်ခြင်း ရှိကုန်၏၊ ထိုတွင် သက်မဲ့မဟာဘုတ်တို့၏ အကြီးအကျယ်ဖောက်ပြန်ခြင်းသည် ကမ္ဘာပျက်သောအခါ၌ ထင်ရှား၏၊ သက်ရှိမဟာဘုတ်တို့၏ ဖောက်ပြန်ခြင်းသည် ဓာတ်ချောက်ချား (ဖျားနာ)သောအခါ၌ ထင်ရှား၏။

**ထင်ရှားပုံ** -

ဩကာသလောကကို ကမ္ဘာပျက်မီးလောင်သောအခါ မီးတောက်မီးလျှံသည် မြေပြင်မှ ထ၍ ဗြဟ္မာ့ပြည်တိုင်အောင် တက်သွားလေ၏။

ဩကာသလောကသည် ကမ္ဘာဖျက်ရေဖြင့် ပျက်စီးသောအခါ ကုဋေတစ်သိန်းအရေအတွက်ရှိသော တစ်ခုသော (အာဏာခေတ်) စကြဝဠာ **ကြေမွပျက်စီး၏။**

ဩကာသလောကသည် ကမ္ဘာဖျက်လေဖြင့် ပျက်စီးသောအခါ ကုဋေတစ်သိန်း အရေအတွက်ရှိသော တစ်ခုသော (အာဏာခေတ်) စကြဝဠာ **ဖရိုဖရဲပြန့်ကြဲပျက်စီး၏။**

## ဓာတ်ကြီးလေးပါးတို့မဟာဘုတ်မည်ပုံ

ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်းကြောင့်လည်းကောင်း၊ မဟာဘုတ်မည်သူနှင့် တူသောကြောင့်လည်းကောင်း၊ များပြားကြီးကျယ်သော အကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့်လည်းကောင်း၊ အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသောကြောင့်လည်းကောင်း၊ ကြီးကျယ်၍ ထင်ရှားရှိသောကြောင့်လည်းကောင်း၊ ဓာတ်လေးပါးတို့ကို မဟာဘုတ်ဟု ခေါ် ဆိုအပ်ကုန်၏။

## ဓာတ်ကြီလေးပါးနှင့် မြွေကြီးလေးကောင်တူပုံ

သစ်သားလို ဖြစ်စေတတ်သည့် ခံတွင်းရှိသော **ကဋ္ဌမုခမြွေ** အကိုက်ခံရသော ခန္ဓာကိုယ်သည် သစ်သားကဲ့သို့ ခက်မာကြမ်းတမ်းလျက် တောင့်တင်းခြင်းဖြစ်သကဲ့သို့ ဤအတူ **ပထဝီဓာတ်**ပျက်ခြင်းကြောင့် ခန္ဓာကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်းသွားတော့၏။ ပထဝီဓာတ်ပျက်သော ခန္ဓာကိုယ်သည် ကဋ္ဌမုခမြွေအကိုက်ခံရသည်နှင့် တူ၏။

ပုပ်စေတတ်သည့် ခံတွင်းရှိသော **ပူတိမုခမြွေ** အကိုက်ခံရသော ခန္ဓာကိုယ်သည် ပုပ်သွားသကဲ့သို့ ဤအတူ **အာပေါဓာတ်**ပျက်ခြင်းကြောင့် ခန္ဓာကိုယ်သည် ပုပ်သွား၏၊ အာပေါဓာတ်ပျက်သော ခန္ဓာကိုယ်သည် ပူတိမုခမြွေအကိုက်ခံရသည်နှင့်တူ၏။

မီးလိုပူစေတတ်သည့် ခံတွင်းရှိသော**အဂ္ဂိမုခမြွေ**အကိုက်ခံရလျှင် ခန္ဓာကိုယ်သည် ပြင်းစွာပူလောင်ခြင်းဖြစ်သကဲ့သို့ ဤအတူ **တေဇောဓာတ်**ပျက်ခြင်းကြောင့် ကိုယ်သည် ပြင်းစွာပူလောင်၏ တေဇောဓာတ်ပျက်သော ခန္ဓာကိုယ်သည် အဂ္ဂိမုခမြွေအကိုက်ခံရသည်နှင့်တူ၏။

ဓားကဲ့သို့ ဖြတ်တတ်သည့်ခံတွင်းရှိသော**သတ္ထမုခမြွေ** အကိုက်ခံရသောခန္ဓာကိုယ်သည် အကြောပြတ်သည့်အလိုအားဖြင့် အပိုင်းပိုင်းပြတ်သကဲ့သို့ ဤအတူ **ဝါယောဓာတ်**ပျက်ခြင်းကြောင့် ခန္ဓာကိုယ်သည် အကြောပြတ်သည့်အလိုအားဖြင့် အပိုင်းပိုင်းပြတ်၏။ ဝါယောဓာတ်ပျက်သောခန္ဓာကိုယ်သည် သတ္ထမုခမြွေအကိုက်ခံရသည်နှင့်တူ၏။

ဤသို့ အကြီးအကျယ် ဖောက်ပြန်ခြင်းရှိသော ဘူတရုပ်တို့ဖြစ်သောကြောင့် **မဟာဘုတ်** မည်ကုန်၏။

## ကြီးကျယ်၍ထင်ရှားရှိသောကြောင့်မဟာဘုတ်မည်ပုံ

မဟာဘုတ်တို့သည် ကြီးစွာသောလုံ့လဖြင့် သိမ်းဆည်းအပ် ရှုအပ်သောကြောင့် **မဟာ** = ကြီးလည်းကြီးကျယ်ကုန်၏၊ ထင်ရှားရှိသောကြောင့် **ဘူတ**= ဘုတ်လည်းမည်ကုန်၏၊ ဤသို့ ကြီးကျယ်သောကြောင့်လည်းကောင်း၊ ထင်ရှားရှိသောကြောင့်လည်းကောင်း **မဟာဘုတ်** မည်ကုန်၏။

ဆိုခဲ့သည့်အတိုင်း ဓာတ်ကြီးလေးပါးတို့သည် ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်း စသော အကြောင်းတို့ကြောင့် မဟာဘုတ်မည်ကုန်၏။

## ဓာတ်(၄)ပါးတို့ ဓာတုမည်ပုံ

ထိုမှတစ်ပါး မိမိ၏သဘောလက္ခဏာကို ဆောင်တတ်သောကြောင့်လည်းကောင်း သံသရာဆင်းရဲကို စီရင်တတ်သောကြောင့်လည်းကောင်း၊ ဆင်းရဲကို စီရင်ခြင်းမျှ (ဝါ) စီရင်ကြောင်းဖြစ်သောကြောင့်လည်းကောင်း (ဝါ) ဆင်းရဲကို သိုမှီးထားရာဖြစ်သောကြောင့်လည်းကောင်း ဓာတ်ကြီးလေးပါးလုံးတို့ပင် ဓာတု၏လက္ခဏာကို မလွန်ကြသောကြောင့် ဓာတု = ဓာတ်မည်ကုန်၏။

## ဓာတ်လေးပါးတို့ ဓမ္မမည်ပုံ

မိမိ၏ သဘောလက္ခဏာကို ဆောင်ခြင်းကြောင့်လည်းကောင်း၊ ရုပ်နာမ်ဟူသော မိမိ၏ ခဏအားလျော်စွာ တည်ခြင်းကြောင့်လည်းကောင်း ဓမ္မမည်ကုန်၏။

ကုန်ခြင်းသဘောကြောင့် ဓာတ်လေးပါးတို့သည် အနိစ္စမည်ကုန်၏၊ ကြောက်မက်ဘွယ် အနက်သဘောကြောင့် ဒုက္ခမည်ကုန်၏၊

အတ္တကောင်ဟူသော အနှစ်မရှိသည့်သဘောကြောင့် အနတ္တမည်ကုန်၏၊ ဆိုခဲ့သည့် အတိုင်း ရုပ်အဖြစ် မဟာဘုတ်အဖြစ် ဓာတ်အဖြစ် ဓမ္မအဖြစ်၊ အနိစ္စအဖြစ် ဒုက္ခအဖြစ် အနတ္တအဖြစ်တို့၏ အစွမ်းအားဖြင့် ဓာတ်လေးပါးလုံးတို့၏ အချင်းချင်းမထူးခြားပဲ တူညီခြင်းကို သိအပ်၏၊ ဤသို့ နာနတ္တ ဧကတ္တအားဖြင့် နှလုံးသွင်းအပ်၏။

## (၇) ဝိနိဗ္ဘောဂ,အဝိနိဗ္ဘောဂအားဖြင့် နှလုံးသွင်းပုံ

ဓာတ်ကြီးလေးပါးတို့ကို အလုံးစုံတို့အောက် အသေးငယ်ဆုံးဖြစ်သော တစ်ခုတစ်ခု သော သုဒ္ဓဋ္ဌကကလာပ်၌သော်လည်း ဤဓာတ်က အထက်၌တည်သည်၊ ဤဓာတ်က အောက်၌တည်သည်ဟု တည်ရာအရပ်အားဖြင့် ခွဲခြား၍ မရနိုင်၊ ပထဝီဓာတ်ပြန့်နှံ့ရာအရပ် ၌ အခြားဓာတ်သုံးပါးကလည်း ပြန့်နှံ့လျက်ရှိ၏ (အဝိနိဗ္ဘောဂ)။ ဓာတ်တစ်ပါးချင်း၏ သဘောလက္ခဏာ စသည်အားဖြင့်ကား ခွဲခြား၍ ရနိုင်ကုန်၏ (ဝိနိဗ္ဘောဂ)။

## (၈) သဘာဂ,ဝိသဘာဂအားဖြင့် နှလုံးသွင်းပုံ

ဓာတ်လေးပါးတို့တွင် ပထဝီနှင့် အာပေါဟူသော ရှေ့ဓာတ် ၂-ပါးသည် လေးခြင်း ကြောင့် တူသော အဖို့ရှိကုန်၏၊ သဘောတူကုန်၏၊ တေဇောနှင့် ဝါယောဟူသော နောက် ဓာတ် ၂-ပါးတို့သည် ပေါ့ခြင်းကြောင့် သဘောတူကုန်၏။ ရှေ့ဓာတ် ၂-ပါးတို့သည် နောက် ဓာတ် ၂-ပါးတို့နှင့်၊ နောက်ဓာတ် ၂-ပါးတို့သည် ရှေ့ဓာတ် ၂-ပါးတို့နှင့် သဘောမတူကုန်။

## (၉) အဇ္ဈတ္တိက,ဗာဟိရဝိသေသအားဖြင့် နှလုံးသွင်းပုံ

အတွင်းအပြင်ဓာတ်တို့၏ အထူးအားဖြင့် နှလုံးသွင်းပုံမှာ- ကိုယ်တွင်း အဇ္ဈတ္တိကဓာတ်

တို့သည် စိတ်ဝိညာဏ်၏တည်ရာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဝတ္ထုရုပ်တို့၏လည်းကောင်း၊ ဝိညတ်ရုပ်တို့၏လည်းကောင်း၊ ဣတ္ထိ ပုရိသ ဇီဝိတဟူသော ဣန္ဒြိယရုပ်တို့၏လည်းကောင်း မှီရာဖြစ်ကုန်၏။ ကလာပ်ပုတ်လေးပါးနှင့်တကွ ဖြစ်ကုန်၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏။

အပြင် ဗာဟိရဓာတ်တို့သည် ဝတ္ထု ဝိညတ် ဣန္ဒြိယရုပ်တို့၏ မှီရာမဖြစ်ကုန်၊ ကလာပ်ပုတ်နှင့်တကွမဖြစ်ကုန်၊ ဥတုကြောင့်သာလျှင် ဖြစ်ကုန်၏ဟူ၍ အတွင်းအပြင်ဓာတ်တို့၏ အထူးအားဖြင့် နှလုံးသွင်းအပ်၏။

## (၁၀) သင်္ဂဟအားဖြင့် နှလုံးသွင်းပုံ

ဓာတ်လေးပါးကိုသိမ်းယူခြင်း ပေါင်းခြင်းအားဖြင့် နှလုံးသွင်းပုံမှာ- ကံကြောင့်ဖြစ်သော ပထဝီဓာတ်ကို ကံကြောင့်ဖြစ်ကုန်သော အခြားဓာတ်တို့နှင့် ဖြစ်ကြောင်းအားဖြင့် မကွဲပြားခြင်းကြောင့် တစ်မျိုးတည်းသိမ်းယူအပ်၊ ပေါင်းအပ်၏။

စိတ်စသည်တို့ကြောင့်ဖြစ်သော ပထဝီဓာတ်ကို စိတ်စသည်တို့ကြောင့်ဖြစ်ကုန်သော အခြားသောဓာတ်တို့ဖြင့် ထို့အတူ တစ်မျိုးတည်း သိမ်းယူအပ်၏။

(အခြားသောဓာတ်သုံးပါးတို့ကိုလည်း ဤအတူပင်ဖြစ်ကြောင်းတူသော၊ အခြားဓာတ်တို့နှင့် တစ်မျိုးတည်း သိမ်းယူအပ် ပေါင်းအပ်၏။

ဤသို့ သိမ်းယူခြင်းပေါင်းခြင်းအားဖြင့် နှလုံးသွင်းအပ်၏။

## (၁၁) ပစ္စယအားဖြင့် နှလုံးသွင်းပုံ

ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းပုံမှာ- ပထဝီဓာတ်သည် အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ တေဇောဓာတ်က စောင့်ရှောက်ခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော ကျန်မဟာဘုတ်တို့အား တည်ရာဖြစ်လျက် ကျေးဇူးပြု၏။

အာပေါဓာတ်သည် ပထဝီဓာတ်၌တည်၍ တေဇောဓာတ်က စောင့်ရှောက်ပေးခြင်း၊ ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော ကျန်မဟာဘုတ်တို့အား ဖွဲ့စည်ပေါင်းစုလျက်ကျေးဇူးပြု၏။

တေဇောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း၊ ဝါယောဓာတ်ကထောက်ကန်ပေးခြင်းကိုရသည်ဖြစ်၍ သုံးပါးကုန်သောကျန်မဟာဘုတ်တို့အား ပူနွေးစေ၊ ကျက်စေလျက်ကျေးဇူးပြု၏။

ဝါယောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်ကပေါင်းစုပေးခြင်း၊ တေဇောဓာတ်ကကျက်စေခြင်းကိုရသည်ဖြစ်၍ သုံးပါးကုန်သော ကျန်မဟာဘုတ်တို့အား ထောက်ကန်လျက် ကျေးဇူးပြု၏။

## (၁၂) အသမန္တာဟာရအားဖြင့် နှလုံးသွင်းပုံ

ဓာတ်ကြီးလေးပါးတို့ ဆင်ခြင်မှု၊ သိမှု ကင်းခြင်းအားဖြင့် နှလုံးသွင်းပုံမှာ- ဓာတ် ၄-ပါးတို့တွင် ပထဝီဓာတ်သည် ငါပထဝီဓာတ်ဟူ၍လည်းကောင်း၊ သုံးပါးကုန်သော ကျန်မဟာဘုတ်တို့အား ငါက တည်ရာဖြစ်လျက် ကျေးဇူးပြုသည်ဟုလည်းကောင်း မသိချေ၊ အခြားဓာတ်သုံးပါးတို့သည်လည်း ငါတို့အား ပထဝီဓာတ်က တည်ရာဖြစ်လျက် ကျေးဇူးပြုသည်ကို မသိကြချေ၊ ကြွင်းကျန်သော ဓာတ် ၃-ပါးတို့၌ နည်းတူပင် ဤသို့ဆင်ခြင်မှု၊ သိမှု ကင်းခြင်းအားဖြင့် နှလုံးသွင်းအပ်၏။

## (၁၃) ပစ္စယဝိဘာဂအားဖြင့် နှလုံးသွင်းပုံ

ကျေးဇူးပြုသောတရားအထူး၊ သတ္တိအထူးကို ဝေဘန်ခြင်းအားဖြင့် နှလုံးသွင်းပုံမှာ-

ဓာတ်လေးပါးတို့အား ကျေးဇူးပြုသောအကြောင်းတို့သည် ကံ,စိတ်,ဥတု,အာဟာရ ဟူသော လေးပါးတို့ဖြစ်၏။

ထိုတွင်- ကံကြောင့်ဖြစ်သောဓာတ်တို့မှာ- ကံသာလျှင်အကြောင်းဖြစ်၍ စိတ်, ဥတု, အာဟာရတို့သည် အကြောင်းမဟုတ်ကုန်၊

စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ဓာတ်တို့မှာလည်း ဆိုင်ရာစိတ် ဥတု အာဟာရတို့သာအကြောင်းဖြစ်၍ အခြားကံစသည်တို့သည် အကြောင်းမဟုတ်ကုန်၊

ထို့ပြင်-

(၁) ကံသည် ကံကြောင့်ဖြစ်သောဓာတ်တို့၏ ဖြစ်စေတတ်သောဇနကအကြောင်းဖြစ်၍ ကြွင်းသောဓာတ်တို့၏ ပရိယာယ်အားဖြင့် အားကြီးသောမှီရာ ဥပနိဿယအကြောင်းဖြစ်၏။

(၂) စိတ်သည် စိတ်ကြောင့်ဖြစ်သောဓာတ်တို့၏ ဇနကအကြောင်းဖြစ်၍ ကြွင်းသောဓာတ်တို့အား ပစ္ဆာဇာတ အတ္ထိ အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်၏။

(၃) ဥတုသည် ဥတုကြောင့်ဖြစ်သောဓာတ်တို့၏ ဇနကအကြောင်းဖြစ်၍ ကြွင်းသောဓာတ်တို့အား အတ္ထိ အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်၏။

(၄) အာဟာရသည် အာဟာရကြောင့်ဖြစ်သောဓာတ်တို့၏ ဇနကအကြောင်းဖြစ်၍ ကြွင်းသောဓာတ်တို့အား အာဟာရ အတ္ထိ အဝိဂတပစ္စည်းဖြင့်ကျေးဇူးပြုသောအကြောင်းဖြစ်၏။

- ကမ္မဇမဟာဘုတ်သည် ကမ္မဇမဟာဘုတ်တို့အားလည်းကောင်း၊ ကြွင်းသောစိတ္တဇ ဥတုဇအာဟာရဇမဟာဘုတ်တို့အားလည်းကောင်း ကျေးဇူးပြုထောက်ပံ့၏။
- စိတ္တဇမဟာဘုတ်သည် စိတ္တဇမဟာဘုတ်တို့အားလည်းကောင်း၊ ကြွင်းသော ကမ္မဇ ဥတုဇ အာဟာရဇ မဟာဘုတ်တို့အားလည်းကောင်း ကျေးဇူးပြုထောက်ပံ့၏။
- ဥတုဇမဟာဘုတ်သည် ဥတုဇမဟာဘုတ်တို့အားလည်းကောင်း၊ ကြွင်းသော ကမ္မဇ စိတ္တဇ အာဟာရဇမဟာဘုတ်တို့အားလည်းကောင်း ကျေးဇူးပြုထောက်ပံ့၏။

- အာဟာရဇမဟာဘုတ်သည် အာဟာရဇမဟာဘုတ်တို့အားလည်းကောင်း၊ ကြွင်းသော ကမ္မဇ စိတ္တဇ ဥတုဇမဟာဘုတ်တို့အားလည်းကောင်း ကျေးဇူးပြုထောက်ပံ့၏။

(၁) **ကမ္မဇပထဝီဓာတ်**သည် ကမ္မဇဖြစ်သော အခြားဓာတ်တို့အား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ သတ္တိတို့၏အစွမ်းဖြင့်လည်းကောင်း၊ တည်ရာ၏အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြု၏၊ ဇနကသတ္တိအစွမ်းဖြင့်ကား- ကျေးဇူးမပြု။

ကမ္မဇမဟုတ်သော စိတ္တဇ ဥတုဇ အာဟာရဇ မဟာဘုတ်တို့အား- နိဿယ အတ္ထိ အဝိဂတ သတ္တိတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ တည်ရာ၏အစွမ်ဖြင့် ကျေးဇူးမပြု၊ ဇနကသတ္တိ အစွမ်းဖြင့်လည်း ကျေးဇူးမပြု။

(၂) **ကမ္မဇအာပေါဓာတ်**သည် ကမ္မဇဖြစ်သော အခြားဓာတ်တို့အား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိတို့၏အစွမ်းဖြင့်လည်းကောင်း ဖွဲ့စည်းခြင်း၏အစွမ်းဖြင့်လည်း ကောင်း ကျေးဇူးပြု၏၊ ဇနကသတ္တိ၏အစွမ်းဖြင့်ကား ကျေးဇူးမပြု။

ကမ္မဇမဟုတ်သော တိသန္တတိမဟာဘုတ် (စိတ္တဇ ဥတုဇ အာဟာရဇ)တို့အား နိဿယ အတ္ထိ အဝိဂတ သတ္တိတို့ဖြင့်ကျေးဇူးပြု၏၊ ဖွဲ့စည်းခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနကအစွမ်း ဖြင့်လည်း ကျေးဇူးမပြု။

(၃) **ကမ္မဇတေဇောဓာတ်**သည် ကမ္မဇဖြစ်သော အခြားဓာတ်တို့အား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိတို့၏အစွမ်းဖြင့်လည်းကောင်း ကျက်စေသည်၏အစွမ်းဖြင့် လည်းကောင်း ကျေးဇူးပြု၏၊ ဇနကသတ္တိ၏အစွမ်းဖြင့်ကား ကျေးဇူးမပြု။

ကမ္မဇမဟုတ်သော တိသန္တတိမဟာဘုတ် (စိတ္တဇ ဥတုဇ အာဟာရဇ)တို့အား နိဿယ အတ္ထိ အဝိဂတ သတ္တိတို့ဖြင့်ကျေးဇူးပြု၏၊ ကျက်စေခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက အစွမ်းဖြင့်လည်း ကျေးဇူးမပြု။

(၄) **ကမ္မဇဝါယောဓာတ်**သည် ကမ္မဇဖြစ်သော အခြားဓာတ်တို့အား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိတို့၏အစွမ်းဖြင့်လည်းကောင်း ထောက်ကန်ခြင်း၏အစွမ်းဖြင့် လည်းကောင်း ကျေးဇူးပြု၏၊ ဇနကသတ္တိ၏အစွမ်းဖြင့်ကား ကျေးဇူးမပြု။

ကမ္မဇမဟုတ်သော အခြားတိသန္တတိမဟာဘုတ် (စိတ္တဇ ဥတုဇ အာဟာရဇ)တို့အား နိဿယ အတ္ထိ အဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြု၏၊ ထောက်ကန်ခြင်း၏အစွမ်းဖြင့် ကျေးဇူး မပြု၊ ဇနကအစွမ်းဖြင့်လည်း ကျေးဇူးမပြု။ မှတ်ချက်- **စိတ္တဇ ဥတုဇ အာဟာရဇ ပထဝီဓာတ် အစရှိသည်တို့၌လည်း ဤနည်းအတူပင်ဖြစ်၏။**

ပြဆိုခဲ့သည့်အတိုင်း ဝစနတ္ထစသည်တို့၏အစွမ်းဖြင့် နှလုံးသွင်းဆင်ခြင်သော ယောဂီ ပုဂ္ဂိုလ်အား (၁၃)ပါးသောနည်းတို့တွင် တစ်ပါးပါးသောသိမ်းဆည်းကြောင်းနည်းလမ်းဖြင့် ဓာတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏ ထိုဓာတ်တို့ကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်း ဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်အား မကြာမြင့်မီပင် ဥပစာရသမာဓိ ဖြစ်ပေါ်၏၊ ဖြစ်ပေါ်လာ သော ဥပစာရသမာဓိသည် ဓာတ်လေးပါးတို့ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်၏ အစွမ်းအာနု

ဘော်ဖြင့် ဖြစ်ခြင်းကြောင့် စတုဓာတုဝဝတ္ထာန်ဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

လင်္ကာ- *တစ်ပါးစွဲလတ် သုံးဓာတ်လေးလီ၊ သုံးဓာတ်စွဲငြား တစ်ပါးလေးလီ*
*နှစ်ဓာတ်စွဲပြု နှစ်ခုခြောက်လီ၊ ကြောင်းကျိုးစပ် မပြတ်ဖြစ်ကြသည်။*

၁။ ပထဝီဓာတ်ကို စွဲမှီ၍ အာပေါ၊ တေဇော၊ ဝါယောဓာတ်များ ဖြစ်ကြသည်။
၂။ အာပေါဓာတ်ကို စွဲမှီ၍ တေဇော၊ ဝါယော၊ ပထဝီဓာတ်များ ဖြစ်ကြသည်။
၃။ တေဇောဓာတ်ကို စွဲမှီ၍ ဝါယော၊ ပထဝီ၊ အာပေါဓာတ်များဖြစ်ကြသည်။
၄။ ဝါယောဓာတ်ကို စွဲမှီ၍ ပထဝီ၊ အာပေါ၊ တေဇောဓာတ်များ ဖြစ်ကြသည်။
ဤသို့လျှင် **တစ်ပါးစွဲလတ် သုံးဓာတ်လေးလီဖြစ်၏။**

၁။ ပထဝီ၊ အာပေါ၊ တေဇောဓာတ်များကို စွဲမှီ၍ ဝါယောဓာတ်ဖြစ်ကြသည်။
၂။ အာပေါ၊ တေဇော၊ ဝါယောဓာတ်များကို စွဲမှီ၍ ပထဝီဓာတ်ဖြစ်ကြသည်။
၃။ တေဇော၊ ဝါယော၊ ပထဝီဓာတ်များကို စွဲမှီ၍ အာပေါဓာတ်များဖြစ်ကြသည်။
၄။ ဝါယော၊ ပထဝီ၊ အာပေါဓာတ်များကို စွဲမှီ၍ တေဇောဓာတ်များဖြစ်ကြသည်။
ဤသို့လျှင် **သုံးဓာတ်စွဲငြား တစ်ပါးလေးလီ** ဖြစ်သည်။

၁။ ရှေ့ဓာတ် ၂-ပါးတို့ကို စွဲမှီ၍ နောက်ဓာတ် ၂-ပါးဖြစ်သည်။
၂။ နောက်ဓာတ် ၂-ပါးတို့ကို စွဲမှီ၍ ရှေ့ဓာတ် ၂-ပါးဖြစ်သည်။
၃။ ပထမ, တတိယဓာတ်တို့ကို စွဲမှီ၍ ဒုတိယ, စတုတ္ထဓာတ်များဖြစ်သည်။
၄။ ဒုတိယ, စတုတ္ထဓာတ်များကို စွဲမှီ၍ ပထမ, တတိယဓာတ်များဖြစ်သည်။
၅။ ပထမ, စတုတ္ထဓာတ်များကို စွဲမှီ၍ ဒုတိယ, တတိယဓာတ်များဖြစ်သည်။
၆။ ဒုတိယ, တတိယဓာတ်များကို စွဲမှီ၍ ပထမ, စတုတ္ထဓာတ်များဖြစ်ကြသည်။
ဤသို့လျှင် **နှစ်ဓာတ်စွဲပြု နှစ်ခုခြောက်လီဖြစ်သည်။**

## ခြေလှမ်းရာ၌ဓာတ်ကြီးလေးပါးသတ္တိပါဝင်ပုံ

- ခြေကိုတည်စေခြင်း၊ ခိုင်ခိုင်မတ်မတ်ထားခြင်းသည် နောက်လိုက်အာပေါဓာတ်နှင့် တကွသော ပထဝီဓာတ်၏သတ္တိကြောင့်ဖြစ်၏။
- ခြေကို ကြွချီခြင်းသည် နောက်လိုက်ဝါယောဓာတ်နှင့်တကွသော တေဇောဓာတ်၏ သတ္တိကြောင့်ဖြစ်၏။
- ကြွချီပြီးသောခြေကို တဖန်ပြန်ချခြင်းသည် နောက်လိုက်ပထဝီဓာတ်နှင့်တကွသော အာပေါဓာတ်၏သတ္တိကြောင့်ဖြစ်၏။
- ခြေကို ရှေ့သို့ဆောင်ခြင်း၊ ဖယ်၍ဆောင်ခြင်း (ဆူး၊ ငြောင့်၊ သစ်ငုတ်စသည်မှ ရှောင်ဖယ်ခြင်း)တို့သည် နောက်လိုက် တေဇောဓာတ်နှင့်တကွသော ဝါယောဓာတ်၏သတ္တိကြောင့်

ဖြစ်၏။

## အကျိုးအာနိသင်များ

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောရဟန်းသည်-

၁။ အတ္တမှ ဆိတ်သုဉ်းခြင်းသို့ သက်ဝင်၏၊

၂။ သတ္တဝါဟု ထင်မှတ်သောသညာကို နှုတ်ပယ်နိုင်၏၊

၃။ သတ္တဝါဟု ထင်မှတ်သောအမှတ်သညာကို နှုတ်ပယ်ပြီးဖြစ်သောကြောင့် ထိုရဟန်းသည် သရဲ, ဘီးလူး, ရက္ခိုက် စသည်ဖြင့် ကြံဆခြင်းသို့ မရောက်မူ၍ ဘေးကြီးဘေးငယ်တို့ဖြင့် တွေ့ကြုံသော်လည်း လွှမ်းမိုးသည်းခံနိုင်၏။

၄။ ဘာဝနာကုသိုလ်တရား၌ မပျော်မွေ့ခြင်း၊ ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းသည်းခံနိုင်၏။

၅။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ဝမ်းမြောက်တက်ကြွခြင်း၊ စိတ်ညစ်ခြင်းသို့မရောက်ပေ။

၆။ အထူးအားဖြင့်မူကား- ပညာကြီးတတ်၏။

၇။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်မူလည်း ဖြစ်တတ်၏။ (နိဗ္ဗာန်မရမီ သုဂတိဘဝသို့လည်း လားရောက်ရ၏။)

**ဥပစာရသမာဓိ**ဟူသည် ဗုဒ္ဓါနုဿတိစသော ဆယ်ပါးသောကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊ အပ္ပနာ၏ရှေ့အဘို့ဖြစ်သောစိတ်တို့၌လည်းကောင်း၊ တစ်ခုတည်းသောအာရုံရှိသည်၏အဖြစ်ဟူသော ဧကဂ္ဂတာသည် ဥပစာရသမာဓိ မည်၏။

**အပ္ပနာသမာဓိ**ဟူသည် ကြွင်းသောကမ္မဋ္ဌာန်းသုံးဆယ်တို့၌ တစ်ခုတည်းသောအာရုံရှိသည်၏အဖြစ်ဟူသော ဧကဂ္ဂတာသည် အပ္ပနာသမာဓိမည်၏။

## သမာဓိ၏ အကျိုးအာနိသင်ကို ပြဆိုချက်

သမာဓိကို ပွားများအားထုတ်ခြင်းကြောင့် အကျိုးငါးပါးရရှိနိုင်သည်။

၁။ ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုး (မျက်မှောက်အတ္တဘော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း)

၂။ ဝိပဿနာဟူသောအကျိုး၊

၃။ အဘိညာဉ်ဟူသောအကျိုး၊

၄။ ဘဝအထူးကို ရရှိခြင်းဟူသောအကျိုး၊

၅။ နိရောဓသမာပတ်ဟူသော အကျိုးဟုဆိုအပ်သော အကျိုးငါးပါးကို ရရှိနိုင်သည်။

## ထိုအကျိုးငါးပါး အကျယ်မှာ-

(၁) အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ဈာန်ဝင်စား၍ တည်ကြည်သောစိတ်ရှိကုန်လျက် တစ်နေ့ပတ်လုံး ချမ်းသာစွာနေကုန်အံ့ဟုရည်ရွယ်၍ ဈာန်သမာဓိကို ပွားစေကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် ဒိဋ္ဌဓမ္မသုခဝိဟာရဟူသော

အကျိုးအာနိသင်ကို ရရှိပေ၏။

(၂) သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန်အံ့ဟု ပွားစေကုန်သော သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိကို ပွားစေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကိလေသာတို့ဖြင့် ကျဉ်းမြောင်းစွာသော လူ့ဘောင်၌ မင်္ဂဖိုလ်ချမ်းသာရကြောင်း အခွင့်ကိုရသည်ဟူသောနည်းဖြင့် ဥပစာရသမာဓိကို ပွားစေခြင်းသည်လည်းကောင်း၊ ဝိပဿနာ၏ နီးသောအကြောင်းဖြစ်ခြင်းကြောင့် ဝိပဿနာဟူသော အာနိသင်အကျိုးရှိပေ၏။

(၃) သမာပတ်ရှစ်ပါးတို့ကို ရရှိကုန်ပြီးသော ပုဂ္ဂိုလ်တို့သည် အဘိညာဉ်၏ အခြေခံစတုတ္ထစျာန်ကိုဝင်စားပြီးနောက် ထိုစျာန်မှထ၍ တစ်ပါးတည်းဖြစ်လျက် အများဖြစ်၏။ ဤသို့ ဟောထားသောနည်းနှင့် စပ်ဆိုင်ကုန်သော အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း အစရှိသောအဘိညာဉ်တို့ကို တောင့်တကုန်လျက် အပ္ပနာသမာဓိကိုဖြစ်စေကုန်၏။ ထိုသမာပတ်ရှစ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် အဘိညာဉ်ကိုရရန် အကြောင်းရှိတိုင်း (ဝါ) အကြောင်းရှိသလောက် အဘိညာဉ်၏ နီးသောအကြောင်းဖြစ်ခြင်းကြောင့် အဘိညာဉ်ဟူသော အာနိသင်အကျိုးရှိပေ၏။

(၄) စျာန်ရရှိပြီးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မိမိရရှိပြီးသောစျာန်မှ မလျောကျအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသဖြင့် ဗြဟ္မာလောကကို တောင့်တသည်ဖြစ်စေ၊ မတောင့်တသည်ဖြစ်စေ ရရှိရောက်ရှိကြမည်သာဖြစ်သောကြောင့် စျာန်ရရှိပြီးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် ဘဝအထူးဟူသော အာနိသင်အကျိုးရှိပေ၏။

(၅) သမာပတ်ရှစ်ပါးနှင့်ပြည့်စုံကုန်သော အရိယာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို ဝင်စားကုန်၍ ခုနစ်ရက်တို့ပတ်လုံး စိတ်မရှိကြသည်ဖြစ်လျက် မျက်မှောက်အတ္တဘော၌ပင် ချုပ်ခြင်းဟူသော အငြိမ်းဓာတ် နိဗ္ဗာန်သို့ရောက်၍ ချမ်းသာစွာနေကုန်အံ့ဟု ရည်ရွယ်လျက် အပ္ပနာသမာဓိကိုဖြစ်စေကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် နိရောဓသမာပတ်ဟူသော အကျိုးအာနိသင်ရှိပေ၏။

**သမာဓိဘာဝနာ အကျယ်ပြဆိုချက်ပြီး၏။**

◈◈◈

## (၁၂) ဣဒ္ဓိဝိဓနိဒ္ဒေသ

### ပညာဘာဝနာကို မပြဆိုမီ အဘိညာကထာကို ပြဆိုခြင်း

ရှေး၌ဆိုခဲ့ပြီးသော သမာဓိဘာဝနာ၏ အကျိုးအာနိသင် ငါးပါးတို့တွင် အဘိညာဉ်ဟူသော အကျိုးအာနိသင်ရှိ၏ဟူသော ဟောပြချက်အရ * သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ

သုံးရပ်တို့၌ သမာဓိနိဒ္ဒေသဖြင့် သမာဓိသိက္ခာအကြောင်းပြဆိုပြီး၍ ပညာသိက္ခာ, ပညာဘာဝနာအကြောင်းပြဆိုရန် အလှည့်ကျရောက်သော်လည်း-

* စတုတ္ထစျာန် (ပဉ္စမစျာန်) ရပြီးသောယောဂီပုဂ္ဂိုလ်၏ သမာဓိဘာဝနာသည်

(က) အကျိုးအာနိသင်အမျိုးမျိုးတို့ကိုရရှိနိုင်ခြင်း၊

(ခ) ထိုပုဂ္ဂိုလ်၏ သမာဓိဘာဝနာ သာ၍ခိုင်မြဲခြင်း၊

(ဂ) ပညာဘာဝနာကို ချမ်းသာလွယ်ကူစွာ ပြီးမြောက်ပြည့်စုံစေနိုင်ခြင်း ဟူသော အကျိုးငါး အဘိညာကထာကို ဦးစွာပြဆိုခြင်းဖြစ်၏။

## အဘိညာဉ်ရလိုသူပြည့်စုံရမည့်အရည်အချင်း

ဣဒ္ဓိဝိဓစသော လောကီအဘိညာဉ်တို့ကို ရရှိလိုသောပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းစသောကမ္မဋ္ဌာန်းတို့၌ စတုက္ကနည်းဖြင့် စတုတ္ထစျာန်ထိရရှိအောင်၊ ပဉ္စကနည်းဖြင့် ပဉ္စမစျာန်ထိရရှိအောင် ပွားများအားထုတ်ထားရမည်၊

## မြတ်စွာဘုရားရှင်၏ရည်ရွယ်ချက်-

မြတ်စွာဘုရားရှင်သည် စတုတ္ထစျာန်သမာဓိ (ပဉ္စမစျာန်သမာဓိ)ကို ရရှိပြီးသော ပုဂ္ဂိုလ်တို့အား သမာဓိဘာဝနာ၏အကျိုးအာနိသင်ကို ပြတော်မူခြင်းငှါလည်းကောင်း၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သောတရားတို့ကို ဟောတော်မူခြင်းငှါလည်းကောင်း၊ ၁။ ဣဒ္ဓိဝိဓအဘိညာဉ်၊ ၂။ ဒိဗ္ဗသောတအဘိညာဉ်၊ ၃။ စေတောပရိယအဘိညာဉ်၊ ၄။ ပုဗ္ဗေနိဝါသအဘိညာဉ်၊ ၅။ စုတူပပါတခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော လောကီအဘိညာဉ်ငါးပါးတို့ကို ဟောတော်မူခဲ့၏။

## တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးပြုလုပ်နိုင်ရန်အခြင်းအရာ ၁၄-ပါးတို့ဖြင့်စိတ်ကိုကြိုတင်လေ့ကျင့်ခြင်း

အဘိညာဉ်ငါးပါးတို့တွင် "တစ်ပါးတည်းဖြစ်လျက် အများဖြစ်၏"စသည်ဖြင့်ပြဆိုသော ပြီးမြောက်မှု(ဣဒ္ဓိ)နှင့်၊ တစ်မျိုးတစ်မည်ဖန်ဆင်းမှု (ဝိကုဗ္ဗန)ကို ပြုလိုသော အားထုတ်ခါစ ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းအစ ဩဒါတကသိုဏ်း အဆုံးရှိသော ရှစ်ပါးသော ကသိုဏ်းတို့၌ ပထမစျာန်အစ နေဝသညာ နာသညာယတနစျာန်အဆုံးရှိသော ရှစ်ပါးစီ ရှစ်ပါးစီသော သမာပတ်တို့ကိုဖြစ်စေပြီးလျှင်---

၁။ ကသိဏာနုလောမတော= ကသိုဏ်းအနုလုံအားဖြင့်လည်းကောင်း

၂။ ကသိဏပဋိလောမတော= ကသိုဏ်းပဋိလုံအားဖြင့်လည်းကောင်း

၃။ ကသိဏာနုလောမပဋိလောမတော= ကသိုဏ်းအနုလုံပဋိလုံအားဖြင့်လည်းကောင်း

၄။ စျာနာနုလောမတော= စျာန်အနုလုံအားဖြင့်လည်းကောင်း

၅။ စျာနပဋိလောမတော= စျာန်ပဋိလုံအားဖြင့်လည်းကောင်း

၆။ ဈာနာနုလောမပဋိလောမတော= ဈာန်အနုလုံပဋိလုံအားဖြင့်လည်းကောင်း
၇။ ဈာနုက္ကန္တိကတော= ဈာန်ကိုခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
၈။ ကသိဏုက္ကန္တိကတော= ကသိုဏ်းကိုခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
၉။ ဈာနကသိဏုက္ကန္တိကတော= ဈာန်နှင့်ကသိုဏ်းတို့ကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း
၁၀။ အင်္ဂသင်္ကန္တိကတော= ဈာန်အင်္ဂါပြောင်းရွှေ့ခြင်းအားဖြင့်လည်းကောင်း
၁၁။ အာရမ္မဏသင်္ကန္တိကတော= ကသိုဏ်းအာရုံပြောင်းရွှေ့ခြင်းအားဖြင့်လည်းကောင်း
၁၂။ အင်္ဂါရမ္မဏသင်္ကန္တိကတော= ဈာန်အင်္ဂါနှင့်ကသိုဏ်းအာရုံတို့ကိုပြောင်းရွှေ့ခြင်းအားဖြင့် လည်းကောင်း
၁၃။ အင်္ဂဝဝတ္ထာပနတော= ဈာန်အင်္ဂါကိုမှတ်ခြင်းအားဖြင့်လည်းကောင်း
၁၄။ အာရမ္မဏဝဝတ္ထာပနတော= ကသိုဏ်းအာရုံကိုမှတ်ခြင်းအားဖြင့်လည်းကောင်း

ဤဝင်စားနည်းအခြင်းအရာ ၁၄-ပါးတို့ဖြင့် စိတ်ကိုအလိုရှိတိုင်း နိုင်နင်းအောင် ပရိကံသဘောဖြင့် ကြိုတင်လေ့ကျင့်ထားရမည်။

**၁။ ကသိုဏ်းအနုလုံအားဖြင့်ဝင်စားခြင်း**

ယောဂီရဟန်းသည် ပထဝီကသိုဏ်းမှစ၍ ဩဒါတကသိုဏ်းအထိ အစဉ်အတိုင်း ကသိုဏ်းရှစ်ပါးတို့ကို အကြိမ်များစွာ ဝင်စားခြင်းသည် ကသိုဏ်းအနုလုံအားဖြင့် ဝင်စားခြင်းမည်၏။

**၂။ ကသိုဏ်းပဋိလုံအားဖြင့်ဝင်စားခြင်း**

ကသိုဏ်းရှစ်ပါးတို့တွင် အဆုံးဩဒါတကသိုဏ်းမှစ၍ ပဋိလုံ (နောက်ပြန်) အစဉ်အားဖြင့် ပထဝီကသိုဏ်းအထိ အကြိမ်များစွာ ဝင်စားခြင်းသည် ကသိုဏ်းပဋိလုံအားဖြင့် ဝင်စားခြင်းမည်၏။

**၃။ ကသိုဏ်းအနုလုံပဋိလုံအားဖြင့်ဝင်စားခြင်း**

ပထဝီကသိုဏ်းမှစ၍ အနုလုံအစဉ်အတိုင်း ဩဒါတကသိုဏ်းတိုင်အောင်၊ တဖန် ဩဒါတ ကသိုဏ်းမှစ၍ ပဋိလုံနောက်ပြန်အစဉ်အတိုင်း ပထဝီကသိုဏ်းတိုင်အောင် ကသိုဏ်းရှစ်ပါးတို့ကို အနုလုံပဋိလုံအစွမ်းအားဖြင့် အကြိမ်များစွာဝင်စားခြင်းသည် ကသိုဏ်း အနုလုံပဋိလုံအားဖြင့် ဝင်စားခြင်းမည်၏။

**၄။ ဈာန်အနုလုံအားဖြင့်ဝင်စားခြင်း**

ပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန်တိုင်အောင် အစဉ်အတိုင်း ဈာန်ရှစ်ပါးတို့ကိုအကြိမ်များစွာဝင်စားခြင်းသည် ဈာန်အနုလုံအားဖြင့်ဝင်စားခြင်းမည်၏။

**၅။ ဈာန်ပဋိလုံအားဖြင့်ဝင်စားခြင်း**

နေဝသညာ နာသညာယတနဈာန်မှစ၍ နောက်ပြန် ပဋိလုံအစဉ်အားဖြင့် ပထမဈာန်ထိ ဈာန်ရှစ်ပါးတို့ကို အကြိမ်များစွာဝင်စားခြင်းသည် ဈာန်ပဋိလုံအားဖြင့် ဝင်စားခြင်းမည်၏။

**၆။ ဈာန်အနုလုံ+ပဋိလုံအားဖြင့်ဝင်စားခြင်း**

ပထမဈာန်မှစ၍ အနုလုံအစဉ်အတိုင်း နေဝသညာနာသညာယတနဈာန်တိုင်အောင်၊ တဖန် နေဝသညာ နာသညာယတနဈာန်မှစ၍ ပဋိလုံနောက်ပြန် အစဉ်အားဖြင့် ပထမဈာန်တိုင်အောင် ဈာန်ရှစ်ပါးတို့ကို အနုလုံ+ပဋိလုံအစွမ်းအားဖြင့် အကြိမ်များစွာဝင်စားခြင်းသည် ဈာန်အနုလုံ+ပဋိလုံအားဖြင့်ဝင်စားခြင်းမည်၏။

**၇။ ဈာန်ကိုခုန်ကျော်၍ဝင်စားခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် တတိယဈာန်ကိုဝင်စား၏။ ထို့နောက် ပထဝီကသိုဏ်းနိမိတ်ကိုခွါ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၏။ ထို့နောက် အာကိဉ္စညာယတနဈာန်ကိုဝင်စား၏၊ ဤနည်းဖြင့် အာပေါကသိုဏ်းစသော ကသိုဏ်းရှစ်ပါးတို့၌လည်း ကသိုဏ်းစဉ်အတိုင်း ကသိုဏ်းကိုမခုန်ကျော်ဘဲ ဈာန်ကိုသာ တစ်ခုခြားအဖြစ်ဖြင့် ခုန်ကျော်၍ဝင်စားခြင်းသည် ဈာန်ကိုခုန်ကျော်၍ ဝင်စားခြင်း မည်၏။

| ကသိုဏ်းများ | ဈာန်များ | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပထဝီကသိုဏ်း | ပ ✔ | ဒု | တ ✔ | စ | အာကာ ✔ | ဝိညာ | အာကိဉ် ✔ | နေဝ |
| အာပေါကသိုဏ်း | ပ ✔ | ဒု | တ ✔ | စ | အာကာ ✔ | ဝိညာ | အာကိဉ် ✔ | နေဝ |
| တေဇောကသိုဏ်း စသည်များ | ပ ✔ | ဒု | တ ✔ | စ | အာကာ ✔ | ဝိညာ | အာကိဉ် ✔ | နေဝ |

**၈။ ကသိုဏ်းကိုခုန်ကျော်၍ဝင်စားခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် တဖန်ထိုပထမဈာန်ကိုပင် တေဇောကသိုဏ်း၌ဝင်စား၏။ ထို့နောက် နီလကသိုဏ်း၌၊ ထို့နောက်လောဟိတကသိုဏ်း၌ ဝင်စား၏။ ဤနည်းဖြင့်ဈာန်ကို မခုန်ကျော်ဘဲ ကသိုဏ်းကိုသာလျှင် တစ်ခုခြား၏အဖြစ်ဖြင့် ခုန်ကျော်ခြင်းသည် ကသိုဏ်းကို ခုန်ကျော်၍ဝင်စားခြင်းမည်၏။

| ဈာန်များ | ကသိုဏ်းများ | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပထမဈာန် | **ပထဝီ** ✔ | အာပေါ | တေဇော ✔ | ဝါယော | နီ ✔ | ပီ | လော ✔ | ဩ |
| ဒုတိယဈာန် စသည်များ | **ပထဝီ** ✔ | အာပေါ | တေဇော ✔ | ဝါယော | နီ ✔ | ပီ | လော ✔ | ဩ |

**၉။ ဈာန်နှင့်ကသိုဏ်းတို့ကို ခုန်ကျော်၍ဝင်စားခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင်၊ထို့နောက်တေဇောကသိုဏ်း၌ တတိယဈာန်ကိုဝင်စား၏။ ထို့နောက် နီလကသိုဏ်း၌ ကသိုဏ်းရုပ်ကိုခွါ၍ အာကာသာနဉ္စာယတန

ဈာန်ကိုဝင်စား၏။ ထို့နောက် လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနဈာန်ကိုဝင်စား၏။ ဤနည်းဖြင့်ဈာန်ကိုလည်းကောင်း၊ ကသိုဏ်းကိုလည်းကောင်း ခုန်ကျော်ခြင်းသည် ဈာန်နှင့် ကသိုဏ်းတို့ကိုခုန်ကျော်၍ ဝင်စားခြင်းမည်၏။

| ကသိုဏ်းများ | ပထဝီ ✔ | အာပေါ | တေဇော ✔ | ဝါယော | နီလ ✔ | ပီတ | လောဟိတ ✔ | ဩဒါတ |
|---|---|---|---|---|---|---|---|---|
| ဈာန်များ | ပ ✔ | ဒု | တ ✔ | စ | အာကာ ✔ | ဝိညာ | အာကိဉ် ✔ | နေဝ |

၁၀။ ဈာန်အင်္ဂါပြောင်းရွှေ့ဝင်စားခြင်း

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် အခြားဈာန်တို့ကိုလည်း ပြောင်းရွှေ့ဝင်စားခြင်းသည်-ဈာန်အင်္ဂါပြောင်းရွှေ့ဝင်စားခြင်းမည်၏။
(ကသိုဏ်းတစ်မျိုး၌-ဈာန်အမျိုးမျိုးပြောင်းရွှေ့ဝင်စားခြင်း)

ပထဝီကသိုဏ်း

ပ. ဒု. တ. စ. အာကာ. ဝိညာ. အာကိဉ်. နေဝ

၁၁။ ကသိုဏ်းအာရုံပြောင်းရွှေ့ဝင်စားခြင်း

ပထဝီကသိုဏ်း၌ပထမဈာန်ကို ဝင်စားပြီးလျှင် ထိုပထမဈာန်ကိုပင် အာပေါကသိုဏ်း တေဇောကသိုဏ်း စသောကသိုဏ်းတို့၌ ပြောင်းရွှေ့ဝင်စားခြင်းသည် ကသိုဏ်းအာရုံ ပြောင်းရွှေ့ ဝင်စားခြင်းမည်၏။
(ဈာန်တစ်မျိုး၌-ကသိုဏ်းအာရုံအမျိုးမျိုး ပြောင်းရွှေ့ဝင်စားခြင်း)

ပထမဈာန်

ပ. အာ. တေ. ဝါ. နီ. ပီ. လော. ဩ

၁၂။ ဈာန်အင်္ဂါနှင့်ကသိုဏ်းအာရုံပြောင်းရွှေ့ဝင်စားခြင်း

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် အာပေါကသိုဏ်း၌ ဒုတိယဈာန်ကို၊ တေဇောကသိုဏ်း၌ တတိယဈာန်ကို၊ ဝါယောကသိုဏ်း၌ စတုတ္ထဈာန်ကို၊ နီလကသိုဏ်း၌ ကသိုဏ်းရုပ်ကိုခွါ၍အာကာသာနဉ္စာယတနဈာန်ကို၊ ပီတကသိုဏ်းမှ ဝိညာဏဉ္စာယတန ဈာန်ကို၊ လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနဈာန်ကို၊ ဩဒါတကသိုဏ်းမှ နေဝသညာ နာသညာယတနဈာန်ကို ဝင်စား၏ ဤနည်းဖြင့်ဈာန်တို့ကိုလည်းကောင်း ကသိုဏ်းတို့ကို လည်းကောင်း ပြောင်းရွှေ့ဝင်စားခြင်းသည် ဈာန်အင်္ဂါနှင့်ကသိုဏ်းအာရုံတို့ကို ပြောင်းရွှေ့ ဝင်စားခြင်းမည်၏။

| ချာန်များ | ပ | ဒု | တ | စ | အာကာ | ဝိညာ | အာကိဉ် | နေဝ |
|---|---|---|---|---|---|---|---|---|
| ကသိုဏ်းများ | ဝိ | အာ | တေ | ဝါ | နီ | ပီ | လော | ဩ |

## ၁၃။ ဈာန်အင်္ဂါကိုမှတ်သား၍ဝင်စားခြင်း

ပထမဈာန်ကို ဈာန်အင်္ဂါငါးပါးရှိသည်ဟု မှတ်သားပြီးလျှင်၊ ဒုတိယဈာန်ကို ဈာန်အင်္ဂါသုံးပါးရှိသည်ဟု၊ တတိယဈာန်ကို ဈာန်အင်္ဂါနှစ်ပါးရှိသည်ဟု၊ စတုတ္ထဈာန်ကို ဈာန်အင်္ဂါနှစ်ပါးရှိသည်ဟု-ထို့နောင် အရူပဈာန်တို့ကို ဈာန်အင်္ဂါနှစ်ပါးစီရှိသည်ဟု ဈာန်အင်္ဂါမျှသာလျှင် မှတ်သားခြင်းသည် ဈာန်အင်္ဂါကိုမှတ်သား၍ ဝင်စားခြင်းမည်၏။

## ၁၄။ ကသိုဏ်းအာရုံကိုမှတ်သား၍ဝင်စားခြင်း

ဤသည်ကား ပထဝီကသိုဏ်းတည်းဟု မှတ်သားပြီးလျှင် ဤသည်ကား အာပေါကသိုဏ်းတည်းဟု ကသိုဏ်းအာရုံတို့ မှတ်သားခြင်းသည် ကသိုဏ်းအာရုံတို့ကို မှတ်သား၍ ဝင်စားခြင်းမည်၏။ ဤ၁၄-ပါးသော အခြင်းအရာတို့ဖြင့် ပြည့်စုံမှသာလျှင် တန်ခိုးဖန်ဆင်းခြင်း၌ အလိုရှိသလောက်ပြီးစေနိုင်၏။ ၁၄-ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ကြိုတင်လေ့ကျင့်မထားလျှင် တန်ခိုးဖန်ဆင်းခြင်းအမှုကို အလိုရှိသလောက်ပြုရန် မစွမ်းနိုင်ချေ။

### ဝန်လေးခြင်း၊ ခဲယဉ်းခြင်း-၇ပါး

၁။ သမထကမ္မဋ္ဌာန်း စ၍အားထုတ်ခါစယောဂီပုဂ္ဂိုလ်မှာ ကသိုဏ်းဝန်းပရိကံပြုရန်ပင်ဝန်လေး၏။ ခဲယဉ်း၏။ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

၂။ ကသိုဏ်းဝန်း ပရိကံပြုပြီးသော်လည်း ပဋိဘာဂနိမိတ်ကို ဖြစ်စေခြင်းသည် (ဝါ)ပဋိဘာဂနိမိတ်ထင်အောင်ပွါးများရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

၃။ ပဋိဘာဂနိမိတ်ထင်ပြီးသော်လည်း ယင်းနိမိတ်ကို ပွားစေ၍ အပ္ပနာဈာန်ရရန် ဝန်လေး၏။ ခဲယဉ်း၏။ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

၄။ အပ္ပနာဈာန်ရပြီးသော်လည်း (၁၄)ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကိုနူးညံ့အောင် ကြိုတင်လေ့ကျင့်ဆုံးမခြင်းသည် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

၅။ ၁၄-ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကိုကြိုတင်လေ့ကျင့်ဆုံးမပြီးသော်လည်း တန်ခိုးဖန်ဆင်းခြင်းပြုရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

၆။ တန်ခိုးဖန်ဆင်းနိုင်သော်လည်း လျင်မြန်စွာရှုနိုင်ဝင်စားနိုင်ရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင်တွင် တစ်ယောက်တစ်လေသာ စွမ်းနိုင်၏။

**သာကေတဝတ္ထုမှာ**- အရှင်မဟိန္ဒအစရှိသော မထေရ်တို့သက်ဆင်းရာ သရက်ပင်များရှိသောတောင်ကုန်း(**ထေရမ္ဗကုန်း**)၌ သီတင်းသုံးသော **မဟာရောဟဏဂုတ္တမထေရ်** မကျန်းမာ၍ ပြုစုနေသောနဂါးမင်းကို ချီသုတ်ဖမ်းယူရန် ကောင်းကင်မှပျံလာသောဂဠုန်ကို တန်ခိုး ရှင်ရဟန်းသုံးသောင်းအလယ်၌ သိက္ခာ(၈)ဝါရ **အရှင်ဗုဒ္ဓရက္ခိတ**သည် တောင်ကြီးတစ်ခု လျင်မြန်စွာဖန်ဆင်း၍ ကာကွယ်လိုက်၏။

မဟာထေရ်က"ငါ့ရှင်တို့ ဗုဒ္ဓရက္ခိတသာမရှိလျှင် 'နဂါးမင်းကို မစောင့်ရှောက်နိုင်ကြကုန်'ဟု ငါတို့အားလုံး ကဲ့ရဲ့ခံကြရလိမ့်မည်၊ **ရဟန်းလက်ကိုင် စျာန်အဘိညာဉ်လက်နက် သံချေးမတက်ကြစေနှင့်**"ဟု မိန့်ဆိုတော်မူ၏၊ ထိုမိန့်ဆိုချက်ကြောင့် တန်ခိုးရှင်ရဟန်းတော်သုံးသောင်း အားလုံးပင် မထေရ်ကြီး၏ ဩဝါဒ၌တည်၍ (ခိပ္ပနိသန္တိ)လျင်မြန်စွာရှုနိုင်, စျာန်ဝင်စားနိုင်, ဖန်ဆင်းနိုင်သူတို့ ဖြစ်ကြလေကုန်၏။

၇။ လျင်မြန်စွာ ရှုနိုင်,ဝင်စားနိုင်, ဖန်ဆင်းနိုင်သော်လည်း သူတစ်ပါးတို့၏ ထောက်တည်ရာ အားကိုးရာ ဖြစ်ရန်ဝန်လေး၏။ ခဲယဉ်း၏။ ရာ,ထောင်တွင် တစ်ယောက်တစ်လေမျှသာ စွမ်းနိုင်၏။

**သာကေတဝတ္ထုမှာ**- စေတိယတောင်ကို အစပြု၍ သီဟိုဠ်တစ်ကျွန်းလုံး ဆီမီးထွန်းပွဲကြီး ပြုသောအခါ မာရ်နတ်သည် မီးကျီးမိုးရွာချလိုက်၏။ မထေရ်တစ်ပါးသည် ထိုတစ်ခဏ တွင်း၌ ကောင်းကင်၌ မြေကြီးဖန်ဆင်း၍ မီးပွားမျှလူများဆီသို့ မကျရောက်ရအောင် ကာကွယ်လိုက်သဖြင့် အများ၏အားကိုးရာဖြစ်သွား၏။

## ဘာဝနာလေ့ကျင့်ပုံအစဉ်နှင့်ကင်း၍ တန်ခိုးဖန်ဆင်းမှုစသည့်ပြည့်စုံနိုင်သောပုဂ္ဂိုလ်

ရှေးဘဝတို့၌ အားထုတ်မှုအားကြီးကုန်သော ဗုဒ္ဓမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓ၊ အဂ္ဂသာဝကစသောပုဂ္ဂိုလ်မြတ်တို့မှာ ပြဆိုခဲ့ပြီးသော ဘာဝနာလေ့ကျင့်ပုံအစဉ်နှင့်ကင်း၍ လည်းအရဟတ္တဖိုလ်ကိုရခြင်းဖြင့်သာလျှင် တန်ခိုးဖန်ဆင်းခြင်းသည်လည်းကောင်း၊ ပဋိသမ္ဘိဒါဉာဏ်စသည်အပြားရှိကုန်သော အခြားဂုဏ်ထူးတို့သည်လည်းကောင်း ပြီးစီးပြည့်စုံကြကုန်၏။

## တန်ခိုးဖန်ဆင်းမှုအလုံးစုံပြည့်စုံစေရန် စိတ်ကိုကြိုတင်လေ့ကျင့်သင့်ပုံ

အဆင်တန်ဆာအမျိုးမျိုးကို ပြုလုပ်လိုသော ရွှေပန်းတိမ်ဆရာသည် မီးဖြင့်မှုတ်ခြင်းစသည်ဖြင့် ရွှေကို နူးညံ့အောင်၊ အမှု၌ခံ့အောင်၊ ပြုလိုသောအမှုကိုပြုရန် သင့်လျော်အောင် ပြုပြီးမှသာလျှင် လိုအပ်သောအဆင်တန်ဆာအထူးကို ပြုလုပ်သကဲ့သို့လည်းကောင်း၊

အိုးခွက်အမျိုးမျိုးကို ပြုလုပ်လိုသော အိုးလုပ်သမားသည် မြေညက်ကို ကောင်းစွာနယ်ပြီးဖြစ်အောင်/နူးညံ့အောင် ပြုပြီးမှသာလျှင် လိုအပ်သောအိုးခွက်ကို ပြုလုပ်သကဲ့သို့

လည်းကောင်း၊ ထို့အတူ အဘိညာဉ်ရအောင် အားထုတ်ခါစယောဂီပုဂ္ဂိုလ်သည် (၁၄)ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကိုယဉ်ကျေးနူးညံ့အောင် ကြိုတင်ဆုံးမပြီးလျှင် ဆန္ဒကို ဦးဆောင်၍ဝင်စားခြင်း၊ ပညာကိုဦးဆောင်၍ဝင်စားခြင်းတို့တွင် တစ်ပါးပါးသော ဝင်စားခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ အာဝဇ္ဇနဝသီဘော်စသောဝသီဘော်တို့၏ အစွမ်းဖြင့်လည်းကောင်း စိတ်ကိုနူးညံ့အောင် အမှု၌ ခံ့အောင်ပြု၍ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးအတွက် အားထုတ်ခြင်းကိုပြုအပ်၏။ ရှေးဘဝတို့၌လေ့လာခဲ့ဘူးသော အကြောင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား- ကသိုဏ်းအာရုံတို့၌ဖြစ်သောစတုတ္ထဈာန်၌ ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာပြီးလျှင် တန်ခိုးဖန်ဆင်းခြင်းကိုပြုသင့်ပေ၏။

**သော ဧဝံ သမာဟိတေ စသောပါဠိတော်ပုဒ်အဖွင့်**

သော= ထိုရဟန်းဟူသည်- စတုတ္ထဈာန်ကိုရပြီးသော ရဟန်းကိုဆိုခြင်းဖြစ်၏။

**ဧဝံ**= ဤဆိုခဲ့သည့်အတိုင်းဟူသည်- ပထမဈာန်ကို ရခြင်းစသောအစဉ်ဖြင့် စတုတ္ထဈာန် ရရှိပုံအစဉ်ကိုပြသောစကားဖြစ်၏။

**သမာဟိတေ**= တည်ကြည်လတ်သော်ဟူသည်- စတုတ္ထဈာန်သမာဓိဖြင့် တည်ကြည် လတ်သော် ဟုဆိုခြင်းဖြစ်၏။

**စိတ္တေ အရ** = စိတ်ဟူသည် ရူပါဝစရစိတ်ကို ဆိုခြင်းဖြစ်၏။

**ပရိသုဒ္ဓေ** = ထက်ဝန်းကျင် စင်ကြယ်လတ်သော်ဟူသည်- ဥပေက္ခာကဖြစ်စေအပ်သော သတိ၏ထက်ဝန်းကျင်စင်ကြယ်သည့်အဖြစ်ဖြင့် ထက်ဝန်းကျင် စင်ကြယ်လတ်သော် ဟုဆိုခြင်းဖြစ်၏။

**ပရိယောဒါတေ**= ထက်ဝန်းကျင်ဖြူစင်လတ်သော်ဟူသည်- ထက်ဝန်းကျင်ဖြူစင်ခြင်းကြောင့် ပင်လျှင်ပြိုးပြိုးပြက်ပြက်တောက်ပသကဲ့သို့ ဖြစ်လတ်သော်ဟု ဆိုခြင်းဖြစ်၏။

**အနင်္ဂဏေ**= ရာဂဒေါသစသော ကိလေသာအညစ်အကြေးကင်းလတ်သော်ဟူသည် ရာဂဒေါသတို့၏အကြောင်းဖြစ်ကုန်သော သုခနှင့်သောမနဿ၊ ဒုက္ခနှင့်ဒေါမနဿတို့ကို ပယ်သောအားဖြင့် ရာဂဒေါသဟူသောအင်္ဂဏခေါ် ကိလေသာတို့ကို ပယ်ပြီးဖြစ်သောကြောင့် ရာဂဒေါသစသောကိလေသာကင်းခြင်းကို ဆိုခြင်းဖြစ်၏။

**ဝိဂတူပက္ကိလေသေ**= ညစ်ညူးကြောင်းကင်းလတ်သော်ဟူသည်- အင်္ဂဏမည်သော ကိလေသာဖြင့် စိတ်သည်ညစ်ညူးရသောကြောင့် ထိုညစ်ညူးကြောင်း အင်္ဂဏကင်းလွတ်သော်ဟု ဆိုခြင်းဖြစ်၏။

**မုဒုဘူတေ**= နူးညံ့စွာဖြစ်လတ်သော်ဟူသည်- ဘာဝနာဖြင့် ကောင်းစွာပွါးအပ်ပြီးဖြစ်သောကြောင့် အလိုရှိတိုင်းဖြစ်စေနိုင်ခြင်းဟူသော ဝသီဘော်သို့ရောက်လတ်သော်ဟု ဆိုခြင်းဖြစ်၏။ **(အလိုဆန္ဒအတိုင်းဖြစ်သော စိတ်ကိုနူးညံ့သည်ဟုဆို၏။)**

**ကမ္မနိယေ**= အမှု၌ခံ့လတ်သော်ဟူသည်- တန်ခိုးဖန်ဆင်းခြင်းစသော လိုအပ်သောအမှုကို ပြုရန်သင့်လျော်လတ်သော် ဟုဆိုခြင်းဖြစ်၏ နူးညံ့သောစိတ်သည် ကောင်းစွာလျော်ပြီး ,

ဦးပြီးသောရွှေကဲ့သို့ တန်ခိုးဖန်ဆင်းခြင်းစသော အမှု၌ခံ့ပေ၏၊ သင့်လျော်ပေ၏၊ **ဌိတေ**= တည်တံ့လတ်သော်ဟူသည်- ထက်ဝန်းကျင်စင်ကြယ်ခြင်းစသည်တို့၌ တည်သောကြောင့်တည်တံ့ခြင်းကို ဆိုခြင်းဖြစ်၏။

**အာနေဉ္ဇပ္ပတ္တေ** = မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်ဟူသည်- တည်တံ့သောကြောင့် ပင်လျှင် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်ဟု ဆိုခြင်းဖြစ်၏၊ (သဒ္ဓါစသည့်တရားတို့က အားပေးထောက်ပံ့အပ်သောကြောင့် မတုန်လှုပ်ခြင်းသို့ ရောက်၏ဟုဆိုသည်။)

## တုန်လှုပ်ခြင်းမရှိသည့်စိတ်(၆)မျိုး

၁။ သဒ္ဓါတရားက အားပေးထောက်ပံ့အပ်သောစိတ်သည် မယုံကြည်ခြင်းကြောင့် မတုန်လှုပ်။
၂။ ဝီရိယတရားက အားပေးထောက်ပံ့အပ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်။
၃။ သတိတရားက အားပေးထောက်ပံ့အပ်သောစိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်။
၄။ သမာဓိတရားက အားပေးထောက်ပံ့အပ်သောစိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်။
၅။ ပညာတရားက အားပေးထောက်ပံ့အပ်သောစိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်။
၆။ ဉာဏ်အလင်းနှင့် တကွဖြစ်သောစိတ်သည် ကိလေသာအမှောင်ကြောင့် မတုန်လှုပ်။

## စိတ်အင်္ဂါ(၈)ပါးနှင့်ပြည့်စုံမှ တန်ခိုးဖန်ဆင်းမှုစသည်ပြုနိုင် စိတ်အင်္ဂါ(၈)ပါး

၁။ စတုတ္ထဈာန်သမာဓိဖြင့်တည်ကြည်ခြင်း (သမာဟိတ)
၂။ နီဝရဏတရားတို့မှ ဝေးသည်၏အဖြစ်ဖြင့် ထက်ဝန်းကျင်စင်ကြယ်ခြင်း (ပရိသုဒ္ဓ)
၃။ ဝိတက်စသည်တို့ကို ကျော်လွန်ခြင်းဖြင့် ထက်ဝန်းကျင်ဖြူစင်ခြင်း (ပရိယောဒါတ)
၄။ ဈာန်ရခြင်းကိုအကြောင်းပြု၍ ဖြစ်တတ်ကုန်သော ယုတ်ညံ့သော အလိုဆိုး မရှိခြင်းဖြင့် အင်္ဂဏမည်သော ကိလေသာကင်းခြင်း (အနင်္ဂဏ)
၅။ စိတ်ကိုညစ်နွမ်းစေတတ်ကုန်သောအဘိဇ္ဈာစသောတရားတို့ကင်းခြင်း(ဝိဂတူပက္ကိလေသ)
၆။ ဝသီဘော်ငါးပါးသို့ရောက်သဖြင့် နူးညံ့စွာဖြစ်ခြင်း (မုဒုဘူတ)
၇။ ပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ်သို့ ရောက်သဖြင့် အမှု၌ခံ့ခြင်း (ကမ္မနိယ)
၈။ ပွါးစေမှုဘာဝနာ၏လုံးဝပြည့်စုံခြင်းကြောင့် အမြတ်ဆုံးအဖြစ်သို့ ရောက်သဖြင့်တည်တံ့လျက် မတုန်လှုပ်ခြင်း (ဝါ) မတုန်လှုပ်ခြင်းသို့ရောက်သဖြင့် တည်တံ့ခြင်း၊ (ဌိတအာနေဉ္ဇပတ္တ)

ဤစိတ်အင်္ဂါ(၈)ပါးနှင့်ပြည့်စုံမှသာ တန်ခိုးဖန်ဆင်းမှုစသည်ကို ပြုလုပ်နိုင်ပေသည်။

## ပြီးမြောက်ခြင်းဣဒ္ဓိ(၁၀)ပါးပြဆိုချက် ဣဒ္ဓိ-အဓိပ္ပါယ်

၁။ ဣဇ္ဈနဋ္ဌေန-ဣဒ္ဓိ၊ နိပ္ဖတ္တိအတ္ထေန ပဋိလာဘဋ္ဌေန စာတိဝုတ္တံဟောတိ၊

**ဣဇ္ဈနဋ္ဌေန**= ပြည့်စုံခြင်းပြီးစီးခြင်းဟူသောအနက်ကြောင့် (ဝါ)ရခြင်းဟူသော

အနက်ကြောင့်၊ ဣဒ္ဓိ-ဣဒ္ဓိမည်၏၊
**နိပ္ဖတ္တိအတ္ထေန**= ပြီးစီးခြင်းဟူသောအနက်ကြောင့်-

**ပဋိလာဘဋ္ဌေန**= ရခြင်းဟူသောအနက်ကြောင့်-ဣဒ္ဓိ-ဣဒ္ဓိမည်၏၊ **ဣတိ**= ဤသို့၊ **ဝုတ္တံ**= ဆိုအပ်သည်၊ **ဟောတိ**= ဖြစ်၏။ ဤနည်းဖြင့်-ပြီးစီးပြီးမြောက်သော ပြည့်စုံသောအရာကို ဣဒ္ဓိဟုဆိုသည်၊ ပြီးစီးပြီးမြောက်ခြင်း, ရခြင်း, ပြည့်စုံခြင်းကိုလည်း ဣဒ္ဓိ ဟုဆိုသည်။

၂။ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ၊ ဥပါယ သမ္ပဒါယေတ မဓိဝစနံ၊
**ဣဇ္ဈနဋ္ဌေန**= ပြီးမြောက်စေတတ်သောအနက်ကြောင့်၊ ဣဒ္ဓိ-ဣဒ္ဓိ မည်၏။
**ဧတံ**= ဤဣဒ္ဓိဟူသောအမည်သည်၊ ဥပါယသမ္ပဒါယ= အကြောင်းဥပါယ်ပြည့်စုံခြင်း၏(ဝါ) အကြောင်းကောင်းခြင်း၏၊ **အဓိဝစနံ**= အမည်ပေတည်း၊

ဤနည်းဖြင့်-ပြီးစီးပြီးမြောက်စေတတ် ပြည့်စုံစေတတ်သောအကြောင်းမှန် အကြောင်းကောင်းကို ဣဒ္ဓိ ဟုဆိုသည်။

၃။ **တေ**ာယ သတ္တာ ဣဇ္ဈန္တီတိ ဣဒ္ဓိ၊
**တောယ**= ဤသဘောတရားဖြင့်၊ သတ္တာ= သတ္တဝါတို့သည်၊ ဣဇ္ဈန္တိ **ဝဍ္ဎန္တိ**= ကြီးပွါးတိုးတက်ကုန်၏။ ဣတိတသ္မာ= ထိုသို့ကြီးပွါးတိုးတက်ကြောင်း၏အဖြစ်ကြောင့်၊ ဣဒ္ဓိ= ဣဒ္ဓိ မည်၏။
ဤနည်းဖြင့်-ကြီးပွါးတိုးတက်ကြောင်းကို ဣဒ္ဓိ ဟုဆိုပါသည်။

## ဣဒ္ဓိ(တန်ခိုး)၁၀-ပါး

၁။ **အဓိဋ္ဌာနိဒ္ဓိ**= တစ်ကိုယ်တည်းကို အများဖြစ်အောင် အဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုး၊
၂။ **ဝိကုဗ္ဗနိဒ္ဓိ**= ပကတိအသွင်ကိုဖျောက်၍-သူငယ်အသွင်စသည်ဖန်ဆင်းခြင်းတန်ခိုး၊
၃။ **မနောမယိဒ္ဓိ**= မိမိကိုယ်တွင်း၌ မိမိနှင့်ပုံတူ စိတ်ဖြင့်ပြီးသော တစ်ပါးသောကိုယ်ကို ဖန်ဆင်းခြင်းတန်ခိုး၊
၄။ **ဉာဏဝိပ္ဖါရိဒ္ဓိ**= ဉာဏ်၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး၊
၅။ **သမာဓိဝိပ္ဖါရိဒ္ဓိ**= သမာဓိ၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး၊
၆။ **အရိယိဒ္ဓိ**= အရိယာပုဂ္ဂိုလ်တို့မှာ ပြည့်စုံပြီးမြောက်သောတန်ခိုး၊
၇။ **ကမ္မဝိပါကဇိဒ္ဓိ**= ကံ၏ အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး
၈။ **ပုညဝတောဣဒ္ဓိ**= ထူးခြားသည့်ကောင်းမှုရှင်တို့မှာ ပြီးမြောက်ပြည့်စုံသောတန်ခိုး
၉။ **ဝိဇ္ဇာမယိဒ္ဓိ**= ဝိဇ္ဇာမန္တာန်ဖြင့်ပြီးသောတန်ခိုး၊
၁၀။**တတ္ထတတ္ထသမ္မာပယောဂ ပစ္စယိဒ္ဓိ**= ထိုထိုအရာ၌ နည်းလမ်းမှန်ကန်စွာအားထုတ်မှုကြောင့်ပြီးမြောက်သောတန်ခိုး၊

## ၁။ အဓိဋ္ဌာနိဒ္ဓိ

ပကတိအားဖြင့် တစ်ပါးတည်းဖြစ်လျက် အများဖြစ်အောင်ဆင်ခြင်၏၊ တစ်ရာ, တစ်ထောင်,တစ်သိန်းစသည်ကိုဆင်ခြင်ပြီးလျှင် တစ်ရာ,တစ်ထောင်,တစ်သိန်းဖြစ်စေ

(အများဖြစ်စေ)ဟုဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်သည့်အတိုင်း ပြီးမြောက်၏ ဟုပြဆိုသော တန်ခိုးသည် အဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့်ပြီးသောကြောင့် အဓိဋ္ဌာနိဒ္ဓိမည်၏။

## ၂။ ဝိကုဗ္ဗနိဒ္ဓိ

တန်ခိုးရှင်သည် မိမိ၏ပကတိအသွင်ကိုပယ်ဖျောက်၍ လုလင်အသွင်, နဂါးအသွင်, ဂဠုန်အသွင်,ဘီလူးအသွင်စသော အသွင်အမျိုးမျိုးကိုပြ၏၊ အထူးထူးအပြားပြားသော စစ်တပ်ပေါင်းကိုလည်းပြ၏ဟု ပြဆိုသောတန်ခိုးသည် မိမိ၏ပကတိအသွင်ကို ပယ်စွန့်၍ ဖောက်ပြန်ပြောင်းလဲသော အသွင်သဏ္ဌာန်၏အစွမ်းဖြင့်ဖြစ်သောကြောင့် ဝိကုဗ္ဗနိဒ္ဓိ မည်၏။

## ၃။ မနောမယိဒ္ဓိ

ရဟန်းသည် မိမိ၏ပကတိကိုယ်မှတစ်ပါးသောအဘိညာဉ်စိတ်ကြောင့်ဖြစ်သော အခြားပုံတူကိုယ်ကိုဖန်ဆင်း၏ ဟုပြဆိုသောတန်ခိုးသည် ပကတိကိုယ်ကောင်ထဲ၌ အဘိညာဉ်စိတ်ကြောင့် ဖြစ်သောအခြားပုံတူ ခန္ဓာကိုယ်ကိုပြီးစီးဖြစ်ပေါ်သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် မနောမယိဒ္ဓိ မည်၏။

## ၄။ ဉာဏဝိပ္ဖါရိဒ္ဓိ

အရဟတ္တမဂ်ဉာဏ်ဖြစ်သည်မှ ရှေး၌လည်းကောင်း၊ (ဝါ) အန္တိမဘဝိကပဋိသန္ဓေမှစ၍ ရှေးကာလ၌လည်းကောင်း၊ ခန္ဓပရိဗ္ဗာန်တိုင်အောင် နောက်ကာလ၌လည်းကောင်း၊ ထိုအရဟတ္တမဂ်ဉာဏ်ဖြစ်သောခဏ၌လည်းကောင်း၊ (ဝိ-ဋ္ဌ-နိဿယ)အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့်ဖြစ်သောအထူးသည် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

**အနိစ္စာနုပဿနာဖြင့် / နိစ္စသညာကိုပယ်ခြင်းသဘော၊ ဒုက္ခာနုပဿနာဖြင့် / သုခသညာ ကိုပယ်ခြင်းသဘော၊ အနတ္တာနုပဿနာဖြင့် / အတ္တသညာကို ပယ်ခြင်း** သဘော။ပ။ **အရဟတ္တမဂ်ဉာဏ်ဖြင့်** / အလုံးစုံသောကိလေသာတို့ကိုပယ်ခြင်းသဘော တို့သည် ဉာဏဝိပ္ဖါရိဒ္ဓိ များပင်ဖြစ်၏။

## အရှင်ဗာကုလမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

အရှင်ဗာကုလမထေရ်သည် ငါးရက်သားကလေးငယ်ဘဝက အမည်ပေးမင်္ဂလာ နေ့တွင် မြစ်ထဲ၌ရေချိုးပေးနေစဉ် ကလေးထိန်း၏မေ့လျော့မှုကြောင့် ရေစီးကြောင်းထဲ၌ ကျသွားလေ၏။ ထိုကလေးငယ်ကို ငါးကြီးမျို၍ ဗာရာဏသီဆိပ်ကမ်းသို့ ရောက်သွားသော်- ယင်းဆိပ်ကမ်း၌ ထိုငါးကြီးကို တံငါကဖမ်းမိ၍ သေဋ္ဌေးကတော်အား ရောင်းလိုက်၏။ သေဋ္ဌေးကတော်သည် ငါးကြီး၌နှစ်သက်သော စိတ်ရှိသဖြင့် ထိုငါးကို ငါကိုယ်တိုင်ပင်ပြုပြင်၍ ချက်မည်ဟုကြံစည်ကာ ခွဲလတ်သော်ငါးကြီး၏ဝမ်းထဲ၌ ရွှေရုပ်သဖွယ်တင့်တယ်သော သူငယ်ကိုတွေ့ရ၍ "ငါသည်သားကိုရပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ဤသို့(ပစ္ဆိမဘဝိက)နောက်ဆုံးဘဝ၌တည်သော အရှင်ဗာကုလမထေရ်၏ ငါးဝမ်းထဲ၌ အနာ

ရောဂါမရှိခြင်း၊ ဆင်းရဲကင်းခြင်းသည် ထိုခန္ဓာကိုယ်ဖြင့်ပင် ရအပ်လတ္တံ့သော အရဟတ္တ မဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

## သံကိစ္စမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

သံကိစ္စမထေရ်၏မိခင်သည် ယင်းသူငယ်ဝမ်းထဲ၌ရှိစဉ်ပင် သေဆုံးသဖြင့် ထိုမိန်းမ၏ အလောင်းကို ထင်းပုံထက်သို့တင်ကာ တံစူးဝါးတို့ဖြင့်ထိုး၍မီးရှို့သောအခါ သူငယ်၏ မျက်ထောင့်ကို တံစူးဝါးစွန်းဖြင့်ထိုးမိ၍- သူငယ်က-အသံပြုသောအခါ သူငယ်အသက်ရှင်နေသေးကြောင်းသိကြသဖြင့် အလောင်းကိုထင်းပုံမှချ၍ ဝမ်းကိုခွဲကာ သူငယ်ကိုထုတ်ယူပြီးလျှင် သူ့အဖွားထံ အပ်ကြလေ၏။ ထိုသူငယ်သည် အဖွားဖြစ်သူက ပြုစုမွေးမြူ၍ ကြီးပြင်းလာသောအခါ ရှင်ရဟန်းပြု၍ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်တော်မူလေသည်။

မီးရှို့ရာထင်းပုံပေါ်၌ အရှင်သံကိစ္စမထေရ်၏ အနာရောဂါကင်းခြင်းသည် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

## အရှင်ဘူတပါလ၏ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပုံ -

ဘူတပါလသူငယ်၏ဖခင်သည် ရာဇဂြိုဟ်မြို့၌ ထင်းရောင်းစားရသော လူဆင်းရဲ တည်း၊ ထိုလူဆင်းရဲသည် ထင်းခုတ်ရန် လှည်းဖြင့်တောထဲသို့သွားပြီးလျှင် ထင်းတို့ကိုလှည်း၌ တင်ဆောင်၍ပြန်လာခဲ့ရာ ညနေချမ်းအခါ၌ မြို့အနီးသို့ရောက်ချိန် သူ၏နွားတို့သည် ထမ်းပိုးကိုစွန့်၍ထွက်ပြေးကာ မြို့တွင်းသို့ဝင်သွားကြလေ၏။ ထိုလူဆင်းရဲသည် လှည်းအနီး၌ ဘူတပါလ- သူငယ်ကိုထိုင်နေစေပြီးလျှင် နွားတို့နောက်သို့လိုက်သွားရာ မြို့အတွင်းသို့ပင် ဝင်သွားရလေ၏။

ထိုလူဆင်းရဲ မြို့ပြင်သို့မထွက်ရသေးမီပင် အချိန်ကျသဖြင့် မြို့တံခါးကိုပိတ်လေ၏။ ဘူတပါလသူငယ်မှာ မြို့ပြင်ဘီလူးကြမ်းတို့၏ကျက်စားရာအရပ်၌ ညဉ့်သုံးယာမ်ပတ်လုံး တစ်ယောက်တည်းနေရသော်လည်း ဘေးရန်အန္တရာယ်ကင်းခြင်းသည်၊ ထိုခန္ဓာဖြင့်ပင် ရအပ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

## ၅။ သမာဓိဝိပ္ဖါရိဒ္ဓိ

ပထမဈာန်အစရှိသော သမာဓိဖြစ်သည်မှ ရှေးဥပစာရခဏ၌လည်းကောင်း နောက်သမာပတ်လေ့ကျက်သည်၏အဆုံး၌လည်းကောင်း သမထအာနုဘော်ကြောင့်ဖြစ်သော အထူးသည် သမာဓိဝိပ္ဖါရိဒ္ဓိမည်၏။ -ပထမဈာန်ဖြင့် ≠ နီဝါရဏတို့ကိုပယ်ခြင်းသဘော။ပ။ နေဝသညာနာသညာယတနသမာပတ်ဖြင့် ≠ အာကိဉ္စညာယတနသညာကိုပယ်ခြင်း သဘောတို့သည် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## အရှင်သာရိပုတ္တရာ၏သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

အခါတပါး၌အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မောဂ္ဂလန်မထေရ်နှင့်အတူ ကပေါတမည်သောချောက်၌ လသာနေသောညဉ့်အခါတွင် ဟင်းလင်းပြင်အရပ်၌ သီတင်းသုံးလျက်ထိုင်နေစဉ် ခေါင်းရိတ်ပြီးခါစဖြစ်၍ လရောင်ဖြင့်တောက်ပနေသော အရှင်သာရိပုတ္တရာ၏ဦးခေါင်းကို ဘီလူးဆိုးတစ်ယောက်သည် အဖော်ဘီလူးက တားမြစ်ပါလျက်ပြင်းထန်စွာပုတ်ခတ်လေ၏၊ ယင်းပုတ်ခတ်ခြင်း၏ အသံသည်မိုးချုန်းသံကဲ့သို့ မြည်လေ၏။ အရှင်သာရိပုတ္တရာမထေရ်သည် ထိုဘီလူးပုတ်ခတ်ဆဲအချိန်၌ သမာပတ်ဝင်စားနေ၏၊ အရှင်သာရိပုတ္တရာမထေရ်မှာ ဘီလူးပုတ်ခတ်ခြင်းကြောင့် နာကျင်မှုတစ်စုံတစ်ခုမျှမဖြစ်ပေ၊ အရှင်သာရိပုတ္တရာမထေရ်၏နာကျင်မှုမဖြစ်ခြင်းသည် ဝင်စားဆဲသမာပတ်၏သမာဓိပျံ့နှံ့မှုကြောင့်ဖြစ်သဖြင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## သဉ္ဇီဝမထေရ်၏သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

အခါတစ်ပါး၌ နိရောဓသမာပတ်ဝင်စားနေသော သဉ္ဇီဝမထေရ်ကိုသေဆုံး (ပျံတော်မူ) နေသည်ထင်မှတ်၍ နွားကျောင်းသားစသည်တို့က မြက်၊ ထင်း၊ နွားချေးစသည်တို့ကိုစုပုံ၍ မီးရှို့ကြ၏။ သို့သော် သဉ္ဇီဝမထေရ်၏သင်္ကန်း၌ ချည်တစ်မျှင်မျှမီးမလောင်ပေ၊ ဤသို့မီးမလောင်ခြင်းသည် အစဉ်အတိုင်းဝင်စားသောသမာပတ်တို့၏အစွမ်းဖြင့် ဖြစ်သောသမထအာနုဘော်အားဖြင့်ပြီးသောကြောင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## အရှင်ခါဏုကောဏ္ဍညမထေရ်၏သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

အရှင်ခါဏုကောဏ္ဍညမထေရ်သည် အကြောင်းထူးမရှိပဲ ပကတိသဘောအားဖြင့်ပင် သမာပတ်ဝင်းစားခြင်းများ၏။ ထိုမထေရ်သည် တောအုပ်တစ်ခုဝယ် ညဉ့်အခါ၌ သမာပတ်ဝင်စားလျက် ထိုင်နေတော်မူ၏။

ခိုးသားငါးရာတို့သည် ပစ္စည်းဘဏ္ဍာများကို ခိုးယူခဲ့ကြပြီးလျှင် ရွာနှင့်အလှမ်းဝေးသည့်နေရာရောက်လတ်သော် "ယခုအခါငါတို့နောက်သို့လိုက်လာမည့်သူမရှိလောက်တော့"ဟုသိကြသဖြင့် အပန်းဖြေနားနေကြလိုသောကြောင့် ခိုးထုပ်ဘဏ္ဍာတို့ကိုချထားကြသောအခါ "ဤအရာသည်သစ်ငုတ်ပင်"ဟုထင်မှတ်ကြ၍မထေရ်၏အထက်၌အလုံးစုံသောဘဏ္ဍာထုတ်တို့ကိုထားကြကုန်၏။

ယင်းခိုးသားငါးရာတို့သည် အပန်းဖြေနားနေပြီးနောက် သွားကြမည်ပြုရာတွင်ရှေးဦးစွာချထားသော ဘဏ္ဍာထုပ်ကိုယူရာ၌ မူလကအဓိဋ္ဌာန်ပြုထားသော ကာလအပိုင်းအခြား၏အစွမ်းဖြင့် အရှင်ခါဏုကောဏ္ဍညမထေရ် သမာပတ်မှထတော်မူလတ်သော်ထိုခိုးသားတို့သည် မထေရ်၏လှုပ်ရှားသောအခြင်းအရာကိုမြင်ကြရ၍ကြောက်လန့်ကြသောကြောင့် ဟစ်အော်မြည်တမ်းကုန်၏။ မထေရ်က "ဥပါသကာတို့ မကြောက်ကြကုန်လင့်ငါရဟန်းပါ" ဟုဆို၏။ ထိုခိုးသားတို့လာကြ၍ ရှိခိုးကြပြီးလျှင်မထေရ်၌ ကြည်ညိုကြသဖြင့်

ရှင်ရဟန်းပြုကြ၍ ပဋိသမ္ဘိဒါဉာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ကြလေကုန်၏။

ဤ၀တ္ထု၌ ဘဏ္ဍာထုပ်ငါးရာတို့ဖြင့်အဖိခံရသော အရှင်ခါဏုကောဏ္ဍညမထေရ်၏ နာကျင်မှုမရှိခြင်းသည် ဝင်စားဆဲသမာပတ်၏ သမာဓိပျံ့နှံ့မှုကြောင့်ဖြစ်သဖြင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## ဥတ္တရာဥပါသိကာမ၏သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

ပုဏ္ဏသေဋ္ဌေး၏သမီး ဥတ္တရာဥပါသိကာမသည် သူ့ခင်ပွန်းအား ပြုစုလုပ်ကျွေးရန် သီရိမာ ပြည့်တန်ဆာမကို ငှားရန်းထား၏။ တစ်နေ့သောအခါ သီရိမာသည် ဥတ္တရာကိုမနာလိုသောကြောင့် သဌေးသမီးဥတ္တရာ၏ဦးခေါင်းပေါ်၌ လွန်စွာပူသောဆီပူရည်ကို သွန်းလောင်းချလိုက်၏။

ဥတ္တရာသည် ထိုခဏ၌ပင် သီရိမာ၏ကျေးဇူးကိုဆင်ခြင်၍ မေတ္တာစျာန်ဝင်စားလိုက်၏။ သွန်းလောင်းချလိုက်သောဆီသည် ကြာဖက်ပေါ် မှရေပေါက်ကဲ့သို့ စီးဆင်း လိမ့်ကျသွားလေ၏။

ဥတ္တရာဥပါသိကာမ၏ ဤသို့ဆီပူမလောင်ခြင်းသည် ဝင်စားဆဲမေတ္တာစျာန်၏ သမာဓိပျံ့နှံ့မှုကြောင့်ဖြစ်သဖြင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## သာမာဝတီဥပါသိကာမ၏သမာဓိဝိပ္ဖါရိဒ္ဓိဖြစ်ပုံ

သာမာဝတီဥပါသိကာမသည် ဥတေနဘုရင်၏ အဂ္ဂမဟေသီမိဖုရားကြီးဖြစ်၏။ မာဂဏ္ဍီပုဏ္ဏားသည် မိမိ၏မွေးစားသမီးမာဂဏ္ဍီ၏ အဂ္ဂမဟေသီမိဖုရားကြီးအရာကို မျှော်လင့်တောင့်တလျက် သာမာဝတီ၏စောင်းထဲ၌မြွေဆိုးကိုထည့်စေပြီးလျှင် ဥတေနမင်းကြီးကို "မင်းကြီး သာမာဝတီသည် အရှင်မင်းကြီးကိုသေစေလိုသောကြောင့် စောင်းထဲ၌ မြွေဆိုးထည့်ကာ ဆောင်ထားပါသည်"ဟု ဂုံးချောပြောဆို၏။

ဥတေနမင်းသည် ထိုမြွေကိုတွေ့မြင်၍အမျက်ထွက်သောကြောင့် သာမာဝတီကို သတ်မည်ဟုကြံကာ လေးတင်ပြီးလျှင် အဆိပ်လူးသော စဉ်းသွားမြှားကိုဖွဲ့ယှဉ်လေ၏။ အခြွေအရံငါးရာနှင့်တကွသော သာမာဝတီသည် ဥတေနဘုရင်ကို မေတ္တာဖြင့်ဖြန့်လေ၏၊ ဥတေနဘုရင်သည် မြှားကိုပစ်လည်းမပစ်နိုင်၊ ချလည်းမချနိုင်ပဲတုန်လှုပ်လျက် တည်နေလေ၏။

ထိုအခါသာမာဝတီမိဖုရားက"ပင်ပန်းနေပါသလားမင်းကြီး"ဟုမေးသော်-"အေး-ပင်ပန်းနေပါတယ်"ဟု မင်းကြီးကဆို၏။ "သို့ဖြစ်လျှင်လေးကိုချထားလိုက်ပါလော့" ဟု သာမာဝတီမိဖုရားကဆို၏၊ မြှားသည် ဥတေနမင်း၏ခြေရင်း၌သာကျလေ၏၊ ထိုအခါ သာမာဝတီမိဖုရားက "မင်းကြီး မပြစ်မှားတတ်သူကို မပြစ်မှားကောင်းဘူး"ဟု ဩဝါဒပေးလေ၏။

ဤ၀တ္ထု၌ ဥတေနမင်း မြှားကိုပစ်လွှတ်ရန်မစွမ်းနိုင်ခြင်းသည် သာမာဝတီဥပါသိကာမ၏ပွါးများဆဲမေတ္တာစျာန်၏ သမာဓိပျံ့နှံ့မှုကြောင့်ဖြစ်သဖြင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။

## ၆။ အရိယိဒ္ဓိ

စက်ဆုပ်ဖွယ်အာရုံစသည်တို့၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေခြင်း အစရှိသော ပြီးမြောက်မှုတန်ခိုးသည် (ဝါ) အလိုရှိတိုင်း ပြီးမြောက်ခြင်းသည် စိတ်၏ဝသီ ဘော်သို့ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သင့်သောကြောင့် အရိယိဒ္ဓိ- အရိယာပုဂ္ဂိုလ်တို့၏တန်ခိုးမည်၏။

### ပဋိသမ္ဘိဒါမဂ်လာ အရိယိဒ္ဓိ(၅)မျိုး

၁။ ရဟန်းသည်-**စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု** အမှတ်ရှိလျက်နေလို ငြားအံ့၊ ထိုအာရုံ၌ **စက်ဆုပ်ဖွယ်မဟုတ်ဟု** အမှတ်ရှိလျက်နေနိုင်၏။

၂။ **စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ စက်ဆုပ်ဖွယ်ဟု** အမှတ်ရှိလျက်နေလိုငြားအံ့၊ ထိုအာရုံ၌ **စက်ဆုပ်ဖွယ်ဟု**အမှတ်ရှိလျက်နေနိုင်၏။

၃။ **စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌လည်း ကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်ဟု** အမှတ်ရှိလျက်နေလိုငြားအံ့၊ ထိုအာရုံ၌ **စက်ဆုပ်ဖွယ် မဟုတ်ဟု** အမှတ်ရှိလျက်နေနိုင်၏။

၄။ **စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ လည်းကောင်း၊ စက်ဆုပ်ဖွယ်အာရုံ၌လည်း ကောင်း စက်ဆုပ်ဖွယ်ဟု** အမှတ်ရှိလျက်နေလိုငြားအံ့၊ ထိုအာရုံ၌ **စက်ဆုပ်ဖွယ်ဟု** အမှတ်ရှိလျက်နေနိုင်၏။

၅။ **စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌လည်း ကောင်း နှစ်မျိုးလုံးကိုကြဉ်ဖယ်ပြီး၊ လျစ်လျူရှုကာ** အမှတ်ရလျက် မှန်စွာသိလျက် နေလိုငြားအံ့၊ ထိုအာရုံ၌ **လျစ်လျူရှုကာ** အမှတ်ရလျက် မှန်စွာသိလျက်နေနိုင်၏။

### နေနည်းအဖုံဖုံ

၁။ အရိယိဒ္ဓိနှင့်ပြည့်စုံသော အာသဝေါကုန်ခမ်းပြီး ရဟန္တာပုဂ္ဂိုလ်သည် **စက်ဆုပ်ဖွယ် အနိဋ္ဌာရုံ၌** မေတ္တာဖြင့်ဖြန့်ခြင်း၊ ဓာတ်သဘော ဟုနှလုံးသွင်းခြင်းတစ်မျိုးမျိုးကို ပြုလျက် စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေနိုင်၏။

*(မှတ်ချက်) သတ္တဝါ အနိဋ္ဌာရုံ၌ မေတ္တာ၊ ဓာတ်သဘောတစ်မျိုးမျိုးဖြင့် နှလုံးသွင်းခြင်းကို ပြုနိုင်၏၊ မစင်စသော အနိဋ္ဌာရုံ၌ ဓာတ်သဘောတစ်မျိုးဖြင့်သာ နှလုံးသွင်းခြင်းကို ပြုနိုင်၏။ (ဋီကာ)*

၂။ **စက်ဆုပ်ဖွယ်မဟုတ်သော ဣဋ္ဌာရုံဝတ္ထု၌** အသုဘဟုနှလုံးသွင်းခြင်း၊ အနိစ္စဟု နှလုံးသွင်းခြင်းတစ်မျိုးမျိုးကိုပြုလျက် စက်ဆုပ်ဖွယ်ဟု ရှုလျက်နေနိုင်၏။

*(မှတ်ချက်) ဆွေမျိုးမိတ်ဆွေစသော ဣဋ္ဌာရုံ၌ ဆံပင်စသော အသုဘကိုနှလုံးသွင်းခြင်း၊ ရုပ်တရားဣဋ္ဌာရုံ၌- အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပရိဏာမဓမ္မဟု-နှလုံးသွင်းခြင်းကိုပြ၏။ (ဋီကာ)*

၃။ **စက်ဆုပ်ဖွယ်အာရုံ၊ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံတို့၌** မေတ္တာဓာတ်သဘော တစ်မျိုးမျိုးဖြင့်နှလုံးသွင်းပြီး, စက်ဆုပ်ဖွယ်မဟုတ်ဟုအမှတ်ရှိလျက်နေနိုင်၏။

၄။ **စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၊ စက်ဆုပ်ဖွယ်အာရုံတို့၌** အသုဘ , အနိစ္စ တစ်မျိုးမျိုးဖြင့်နှလုံးသွင်းပြီး စက်ဆုပ်ဖွယ်ဟုအမှတ်ရှိလျက်နေနိုင်၏။

၅။ "မျက်စိဖြင့်အဆင်းကို မြင်ပြီးလျှင် ဝမ်းမြောက်သည်လည်းမဟုတ်၊ နှလုံးမသာယာ သည်လည်းမဟုတ်၊ အမှတ်ရသည် မှန်စွာသိသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏" စသည်ဖြင့် ဟောထားသော ဆဋင်္ဂုပေက္ခာကိုဖြစ်စေသောရဟန်းသည် **စက်ဆုပ်ဖွယ်အာရုံ၌လည်း ကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌လည်းကောင်း၊** ထိုနှစ်မျိုးကိုကြဉ်ဖယ်၍ လျစ်လျူရှုကာ အမှတ်ရသည်မှန်စွာသိသည်ဖြစ်၍နေနိုင်၏။

***(မှတ်ချက်)** ဆဋင်္ဂုပေက္ခာ= အင်္ဂါ-၆-ပါးရှိသော လျစ်လျူရှုခြင်း၊ အာရုံ(၆)ပါး၌ မချစ်မမုန်း အညီအမျှလျစ်လျူရှုခြင်းဖြစ်၏၊ များသောအားဖြင့် အရိယာရဟန္တာပုဂ္ဂိုလ်များ မှာသာဖြစ်တတ်သောကြောင့် ၎င်းကို အရိယိဒ္ဓိဟု (အရိယာတို့၏ ဉစ္စာဖြစ်သော ပြီးမြောက်ပြည့်စုံခြင်းတန်ခိုး) ဆိုပေသည်။*

ဤသို့ အလိုရှိတိုင်းပြီးမြောက်ခြင်းသည် စိတ်၏ဝသီဘော်သို့ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားသာဖြစ်သင့်သောကြောင့် အရိယိဒ္ဓိ ဟုဆိုပေသည်၊

## ၇။ ကမ္မဝိပါကဇိဒ္ဓိ

ကုသိုလ်ကံ, အကုသိုလ်ကံတို့၏အကျိုးကြောင့်ဖြစ်သော ပဋိသန္ဓေမှစ၍ပါလာသော တန်ခိုးအစွမ်းသည် ကမ္မဝိပါကဇိဒ္ဓိ မည်၏။

ငှက်စသည်တို့၏ ကောင်းကင်၌သွားခြင်း အစရှိသောပြီးမြောက်ခြင်းသည် ကံ၏ အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး-ကမ္မဝိပါကဇိဒ္ဓိ မည်၏။

**ပဋိသမ္ဘိဒါမဂ်လာစကား-**

အလုံးစုံသောငှက်များ၊ အလုံးစုံသောနတ်များ၊ အချို့သောကမ္ဘာဦးလူသားများ၊ အချို့သောဝိနိပါတိကခေါ် မြေ၌တည်သောနတ်များ၏ ကောင်းကင်၌သွားနိုင်ခြင်းစသော တန်ခိုးသည် ကမ္မဝိပါကဇိဒ္ဓိ မည်၏။

သတ္တဝါတို့တွင် အလုံးစုံသောငှက်တို့၏(အဘိညာဉ်)ဈာန်လည်းမရှိ ဝိပဿနာလည်း မရှိပဲ ကောင်းကင်၌သွားနိုင်ခြင်း၊ အလုံးစုံသောနတ်၊ ကမ္ဘာဦးလူသားအချို့၊ ဈာန်ဝိပဿနာ မရှိပဲ ကောင်းကင်၌သွားနိုင်ခြင်း၊ ပိယင်္ကရ၏မိခင်မြေဘုတ်ဘီလူးမ၊ ဥတ္တရ၏ မိခင်မြေဘုတ် ဘီလူးမ၊ ဖုဿမိတ္တာမြေဘုတ်ဘီလူးမ၊ ဓမ္မဂုတ္တာမြေဘုတ်ဘီလူးမစသော ဝိနိပါတိကခေါ်

အချို့သောမြေ၌တည်သော(ဘုမ္မစိုးနတ်)တို့၏ ကောင်းကင်၌သွားနိုင်ခြင်းသည် ကံ၏ အကျိုးကိုမှီ၍ ပြီးမြောက်ခြင်းတန်ခိုးကမ္မဝိပါကဇိဒ္ဓိ-(ကမ္မဇိဒ္ဓိ) မည်၏။

## ၈။ ပုညဝတောဣဒ္ဓိ

စကြဝတေးမင်းစသည်တို့၏ ကောင်းကင်ခရီးဖြင့်သွားခြင်းစသော ပြီးမြောက်ခြင်း တန်ခိုးသည် ထူးခြားသောကောင်းမှုရှင်၏ ပြီးမြောက်ခြင်းတန်ခိုး ပုညဝတောဣဒ္ဓိ မည်၏။

## ပဋိသမ္ဘိဒါမဂ်လာစကား

စကြဝတေးမင်းသည် အယုတ်ဆုံးအားဖြင့် မြင်းထိန်းနွားထိန်းတို့မှစ၍အင်္ဂါလေးပါး ရှိသောစစ်တပ်နှင့်တကွ ကောင်းကင်ခရီးဖြင့်သွားခြင်း၊ ဇောတိကသေဋ္ဌေး၏ပြည့်စုံခြင်း၊ ဇဋိလသေဋ္ဌေး၏ပြည့်စုံခြင်း၊ ဃောသိတသေဋ္ဌေး၏ပြည့်စုံခြင်း၊ မေဏ္ဍကသေဋ္ဌေး၏ ပြည့်စုံခြင်း၊ ဘုန်းကံကြီးမားသူငါးဦးတို့၏ ထူးထူးခြားခြားပြည့်စုံခြင်းသည် ပုညဝတောဣဒ္ဓိ ပေတည်း။

အကျဉ်းချုပ်အဓိပ္ပါယ်မှာ ထူးခြားသောကောင်းမှုရှင်၏ ရင့်ကျက်ခြင်းသို့ ရောက်သော ကောင်းမှု အဆောက်အဦးကြောင့် ပြီးမြောက်ပြည့်စုံသော အထူးဝိသေသသည် ပုညဝတောဣဒ္ဓိ မည်၏။

လွန်ကဲမြင့်မြတ်သောကောင်းမှုကြောင့်ဖြစ်၍ ပဝတ္တိအခါ အကျိုးပေးချိန်တန်မှ ထူးကဲစွာဖြစ်ပေါ်လာသောတန်ခိုးအစွမ်းသည် ပုညဝတောဣဒ္ဓိ မည်၏။

ဘုန်းကံကြီးသူတို့တွင် ဇောတိကသေဋ္ဌေးမှာ- မြေကြီးကိုဖောက်ခွဲ၍ပတ္တမြားပြာသာဒ် ထွက်ပေါ်ခဲ့၏၊ ပဒေသာပင်(၆၄)ခုလည်းထွက်ပေါ်ခဲ့၏၊ ဇဋိလသေဋ္ဌေးမှာ- အတောင် ရှစ်ဆယ်ရှိသော ရွှေတောင်ကြီးပေါက်ခဲ့၏၊ ဃောသိတသေဋ္ဌေးအား- အရပ်၌ာနခုနစ်ခုတို့၌ သေစေရန်လုံ့လပြုသော်လည်း ရောဂါမရှိခြင်း၊ သေဘေးကင်းခြင်း၊ မေဏ္ဍကသေဋ္ဌေးမှာ တစ်ပယ်မျှရှိသောအရပ်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော (ဆိတ်ကုလားခေါ်)သိုးရုပ်များ ထင်ရှားပေါ်ပေါက်လာခြင်း၊ ထိုအလုံးစုံသည် သက်ဆိုင်ရာကာယကံရှင်ပုဂ္ဂိုလ်တို့၏ ပုညဝတောဣဒ္ဓိများပင်ဖြစ်၏။

## ဘုန်းကံကြီးမားသူ(၅)ဦးအကြောင်းသိမှတ်ဖွယ်

ဘုန်းကံကြီးမားသူ (၅)ဦးတို့မှာ (၁)မေဏ္ဍကသေဋ္ဌေး၊ (၂)၎င်း၏သေဋ္ဌေးကတော် စန္ဒပဒုမသိရီ၊ (၃) ၎င်းတို့၏သားဖြစ်သူ ဓနဉ္စယသေဋ္ဌေး၊ (၄) ချွေးမဖြစ်သူ သုမနာဒေဝီ၊ (၅) ပုဏ္ဏမည်သော ၎င်းတို့၏ကျွန်၊ ဤငါးဦးတို့ပေတည်း။

၁။ မေဏ္ဍကသေဋ္ဌေးသည်- ခေါင်းဆေးခေါင်းလျှော်ပြီး ကောင်းကင်ကိုမော့ကြည့်သော အခါ- သလေးနီစပါးတို့သည် ကောင်းကင်မှကျလာကုန်၍ စပါးကျီတစ်သောင်းနှစ်ထောင် ငါးရာ (၁၂၅၀၀)တို့ကိုပြည့်စေကုန်၏။

၂။ သေဌေးကတော်**စန္ဒပဒုမသိရီ**သည်- တစ်စလယ်ချက် (နို့ဆီဗူး၂-လုံးချက်)မျှ ထမင်းကို သူ့လက်ဖြင့်ကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေသူတို့ကိုကျွေးမွေးသော်လည်း ထမင်းမကုန်ပေ။
၃။ သားဖြစ်သူ**မေဏ္ဍက**ယသည်- ငွေတစ်ထောင်ထုပ်ကိုကိုင်၍ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့အားပေးကမ်းသော်လည်း ငွေများကုန်သွားခြင်းမရှိပေ။
၄။ ချွေးမဖြစ်သူသုမနာဒေဝီသည်- စပါးတို့ဖြင့်ပြည့်သော ပြည်တောင်းတစ်ခုကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့အားဝေငှပေးသော်လည်းစပါးမကုန်ပေ။
၅။ ပုဏ္ဏမည်သောကျွန်သည်- ထယ်တစ်ခုတည်းဖြင့်ထယ်ထိုးလျှင် ဤဘက်မှခုနစ်ကြောင်း၊ ထိုဘက်မှခုနစ်ကြောင်း-ဤသို့ (၁၄)ခုသော ထယ်ရေးလမ်းကြောင်းတို့ဖြစ်ကုန်၏၊ ဤသို့ ထူးထူးခြားခြားပြီးမြောက်ခြင်းသည် ထိုငါးဦးသောပုဂ္ဂိုလ်တို့၏ **ပုညဝတောဣဒ္ဓိ** မည်၏။

## ၉။ ဝိဇ္ဇာမယိဒ္ဓိ

အတတ်ပညာ မန္တာန်ကိုဆောင်သူ ဝိဇ္ဇာဓိုရ်စသည်တို့၏ ကောင်းကင်ခရီးဖြင့် သွားခြင်း အစရှိသော ပြီးမြောက်ခြင်းသည် အတတ်ပညာ၏အစွမ်းဖြင့်ပြီးမြောက်သောကြောင့် **ဝိဇ္ဇာမယိဒ္ဓိ** မည်၏။

### ပဋိသမ္ဘိဒါမဂ်လာစကား

ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီဝိဇ္ဇာအစရှိသောမန္တာန်ကို မန္တာန်ရွတ်နည်းဖြင့် ရွတ်ဖတ်ကုန်၍ ဝါ-မန္တာန်စုပ်ကုန်၍ ကောင်းကင်သို့တက်ကုန်၏၊ ရေးခြစ်မထင်ထက်ကောင်းကင်၌ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်စသော အမျိုးမျိုးသောစစ်တပ်အပေါင်း ကိုပြကုန်၏၊ ဤတန်ခိုးသည် **ဝိဇ္ဇာမယိဒ္ဓိ** မည်၏၊

## ၁၀။ တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ

ထိုထိုသို့သော ပြီးစီးပြည့်စုံကြောင်း နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ထိုထိုအမှု၏ ပြီးစီးပြည့်စုံခြင်းသည် "ထိုထိုအရာ၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်သော တန်ခိုး (တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ)မည်၏။

### ပဋိသမ္ဘိဒါမဂ်လာစကား

ကာမအလိုမှ ထွက်မြောက်မှု (နေက္ခမ္မ)ဖြင့် = ကာမစ္ဆန္ဒကိုပယ်ခြင်း၊ ကာမစ္ဆန္ဒမှ ကင်းခြင်း ပြီးမြောက်မှုသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်ခြင်း အနက် သဘောအားဖြင့် တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ မည်၏။

ပြစ်မှားမှု၏ဆန့်ကျင်ဖက် အဒေါသ မေတ္တာဖြင့် = ဗျာပါဒကို ပယ်ခြင်းသဘော၊ ပထမ ဈာန်ဖြင့် = နီဝရဏတို့ကို ပယ်ခြင်းသဘော။ ပ။ အရဟတ္တမဂ်ဖြင့် = အလုံးစုံသောကိလေသာ တို့ကို ပယ်ခြင်းသဘော ပြီးမြောက်မှုသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်ခြင်းအနက်သဘောအားဖြင့် **တတ္ထတတ္ထ သမ္မာပယောဂ ပစ္စယိဒ္ဓိ** မည်၏။

*(မှတ်ချက်) ရှေးဖြစ်သော သမာဓိဝိပ္ပါရိဒ္ဓိနှင့် အရိယိဒ္ဓိတို့၌ အကျင့်ပဋိပတ်ဖြင့်သာလျှင် အကျယ်ချဲ့ဟောပြသကဲ့သို့ ဤနောက်ဆုံး ကမ္မဇိဒ္ဓိအရာ၌လည်း ပဋိသမ္ဘိဒါမဂ်ပါဠိ၌ အကျင့်ပဋိပတ်ဖြင့်သာ အကျယ်ချဲ့ဟောပြသည်၊ လောကီလုပ်ငန်းဆောင်တာများနှင့်စပ်၍ ဟောမပြခဲ့ပေ။*

အဋ္ဌကထာ၌မူကား-လှည်းစစ်ဆင်ရေး= သကဋဗျူဟာ၊ စက်ဝိုင်းစစ်ဆင်ရေး = စက္ကဗျူဟာ၊ ပဒုမ္မာစစ်ဆင်ရေး= ပဒုမဗျူဟာ၊ စသည်ကိုပြုခြင်း၏အစွမ်းဖြင့် အမှတ်မရှိ တစ်စုံတစ်ခုသောစစ်အတတ်၊ ဂဏန်းအတတ်၊ ကချေသည်အတတ်စသော အတတ်ပညာ၊ ဆေးပညာ၊ ဗေဒင်ပညာ၊ ပိဋကတ်သုံးပုံသင်ယူမှု၊ အယုတ်ဆုံး လယ်ထွန်ခြင်း၊ စိုက်ပျိုးခြင်း စသည်တို့ကိုစွဲမှီ၍ ပြုလုပ်ဖြစ်ပေါ်လာသော ပြီးမြောက်အောင်မြင်မှုအမျိုးမျိုးသည် ထိုထိုအမှုကိစ္စအရာတို့၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်အောင်မြင်ခြင်း အနက်သဘောအားဖြင့် တတ္ထတတ္ထ သမ္မာပယောဂ ပစ္စယိဒ္ဓိ မည်၏။

## အလိုရှိအပ်သောဣဒ္ဓိ

ပြဆိုခဲ့သော ဣဒ္ဓိဆယ်ပါးတို့တွင် ဣဒ္ဓိဝိဓာယ (တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးအလို့ငှါ) ဟူသော ဤအရာ၌ အဓိဋ္ဌာနိဒ္ဓိ အဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုးကို အလိုရှိအပ်၏။ သို့သော်လည်းအဘိညာနိသံသ= အဘိညာဉ်၏အာနိသင်အရာ၌ ဝိကုဗ္ဗနိဒ္ဓိနှင့် မနောမယိဒ္ဓိတို့ကိုလည်း အလိုရှိအပ်ယူအပ်ပေသည်။

ဣဒ္ဓိဝိဓာယ ဟူသည်- ပြီးမြောက်မှု-တန်ခိုးဖန်းဆင်မှုအဖို့= ဣဒ္ဓိကောဋ္ဌာသ၊ (တစ်နည်းကား) ပြီးမြောက်မှု၊ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုး= ဣဒ္ဓိဝိကုဗ္ဗန အကျိုးငှာဟု ဆိုလို၏။

**စိတ္တံ အဘိနီဟရတိ**= စိတ်ကိုရှေ့ရှုဆောင်၏ဟူသည်- တန်ခိုးရှင်ရဟန်း၏စိတ်သည် စတုတ္ထစျာန်သမာဓိဖြင့်တည်ကြည်ခြင်းစသော အင်္ဂါ(၈)ပါးနှင့်ပြည့်စုံ၍ အဘိညာဉ်၏ အခြေခံဖြစ်လတ်သော် အမျိုးမျိုးအထွေထွေ တန်ခိုးဖန်ဆင်းမှုကိုရရန်-အကျိုးငှါ ကြိုတင်ပြင်ဆင်မှုပရိကံစိတ်ကိုရှေးရှုဆောင်ခြင်း၊ ကသိုဏ်းအာရုံမှဖဲခွါစေ၍ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးသို့ ရှေးရှုစေလွှတ်ခြင်းကိုဆိုလို၏။

**စိတ္တံ အဘိနိန္နာမေတိ**= စိတ်ကိုရှေးရှုညွတ်စေ၏ဟူသည် ရအပ်လတ္တံ့သော ပြီးမြောက်မှု (ဖန်ဆင်းမှု)သို့ ကိုင်းရှိုင်းသည်ကို ပြု၏ဟုဆိုလို၏။

**အနေကဝိဟိတံ** ဟူသည်= အထူးထူးအပြား များသောအဖို့ရှိသည်ဟုဆိုလို၏။

**ပစ္စနုဘောတိ** ဟူသည်= မျက်မှောက်ခံစား မျက်မှောက်ပြု၏ဟုဆိုလို၏။

**ဧကောပိဟုတွာ**= တစ်ပါးတည်းဖြစ်ပါလျက်ဟူသည် တန်ခိုးဖန်ဆင်းမှုကိုပြုသည်မှ ရှေး၌ ဝါ-တန်ခိုးဖန်ဆင်းခြင်းမပြုမီ ပကတိအားဖြင့် တစ်ပါးတည်းတစ်ကိုယ်တည်း ဖြစ်ပါလျက်ဟုဆိုလို၏။

**ဗဟုဓာဟောတိ**= အများဖြစ်၏ဟူသည်- အများတို့၏အနီး၌စင်္ကြံ သွားလိုသော်လည်းကောင်း၊ ရွက်ဆိုခြင်းကိုပြုလိုသော်လည်းကောင်း၊ ပြဿနာကိုမေးလိုသော်လည်း

ကောင်း တန်ခိုးရှင်သည် တစ်ရာ, တစ်ထောင်စသည်ဖြစ်၏ဟုဆိုလို၏။

## တန်ခိုးရှင်ဖြစ်ရာ ဖြစ်ကြောင်းများ

စတဿော ဘူမိယော ပါဒေ၊ စတ္တာရော ဠပဒါနိစ၊

ဒွဠမူလာနိ ဟောတေဝ၊ သမ္ပါဒေတွာ အဓိဠဟံ။

ဣဒ္ဓိယာ= တန်ခိုး၏၊ စတဿော= လေးပါးကုန်သော ဘူမိယောစ= ဖြစ်ရာအကြောင်းဘုံတို့ကိုလည်းကောင်း၊ စတ္တာရော= လေးပါးကုန်သော၊ ပါဒေစ= ဣဒ္ဓိပါဒ်လေးထွေ အခြေတို့ကိုလည်းကောင်း၊ အဠ= ရှစ်ပါးကုန်သော၊ ပဒါနိစ= အကြောင်းတို့ကိုလည်းကောင်း၊ ဒွဠမူလာနိစ= တစ်ဆယ့်ခြောက်ပါးသော အမြစ်အရင်းတို့ကိုလည်းကောင်း၊ သမ္ပါဒေတွာ = ပြည့်စုံစေ၍၊ အဓိဠဟံ= အဓိဠဟန္တော၊ ဉာဏ်ဖြင့်ဆောက်တည်လျက်၊ ဧဝံ= ဤသို့ အရာ,အထောင် စသည်ကိုဖန်ဆင်းခြင်းသည်၊ ဟောတိ= ဖြစ်၏။

(ဘူမိ)ဘုံလေးပါး တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးပြုလုပ်နိုင်ရန် ဘုံလေးပါးနှင့်ပြည့်စုံရပေမည်၊ ၎င်းဘုံလေးပါးဟူသည်- စတုက္ကနည်းအားဖြင့်- ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ဟုဆိုအပ်သော ဈာန်လေးပါးတို့ပင်ဖြစ်၏။

## ပကတိဘုံ

ဤဈာန်လေးပါးတို့တွင် စတုတ္ထဈာန်သည် တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုရရှိရန် (ဝါ) အဘိညာဉ်ရရှိရန် အနီးဆုံး အရင်းခံအကြောင်းဖြစ်သောကြောင့် **ပကတိဘုံ** မည်၏။

## သမ္ဘာရဘုံ

တန်ခိုးရှင်သည် ပီတိ၏ပျံ့နှံ့ခြင်း, သုခ၏ပျံ့နှံ့ခြင်းဖြင့် ဈာန်ချမ်းသာနှင့်ယှဉ်သည့် အမှတ်သညာ၊ ပေါ့ပါးခြင်းနှင့်ယှဉ်သည့် အမှတ်သညာသို့ သက်ရောက်လျက် ပေါ့ပါး နူးညံ့ အမှုဌ်ခံသော ကိုယ်ရှိသည်ဖြစ်၍ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးသို့ ရောက်ရသဖြင့် ပရိယာယ် အကြောင်းဖြင့် တန်ခိုးဣဒ္ဓိကိုရခြင်း၌ ဖြစ်ခြင်းကြောင့် (တစ်နည်းမှာ) စတုတ္ထဈာန်ရရန် အခြံအရံ အဆောက်အဦဖြစ်သောကြောင့် ရှေ့ဈာန်သုံးပါးတို့သည် **သမ္ဘာရဘုံ** မည်၏။

## အရှင်သာရိပုတ္တရာဟောတော်မူသည့် ဘုံလေးမျိုး

တန်ခိုးဖန်ဆင်းမှု (ဣဒ္ဓိ)၏ ဘုံအဆင့်လေးမျိုးမှာ-

၁။ ပဌမဈာန်သည် နီဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော **ဝိဝေကဇဘုံ** မည်၏။

၂။ ဒုတိယဈာန်သည် ပီတိသုခဟူသော (ဝါ) ပီတိသုခကြောင့်ဖြစ်သော **ပီတိသုခဘုံ** မည်၏။

၃။ တတိယဈာန်သည် ဥပေက္ခာသုခ ဟူသော (ဝါ) ဥပေက္ခာသုခကြောင့်ဖြစ်သော **ဥပေက္ခာသုခဘုံ** မည်၏။

၄။ စတုတ္ထဈာန်သည် အဒုက္ခမသုခဟူသော (ဝါ) ဒုက္ခ,သုခမဟုတ်သည့် ဥပေက္ခာကြောင့်ဖြစ်သော **အဒုက္ခမသုခဘုံ** မည်၏။

ဤစျာန်လေးပါးတို့သည် ပြီးမြောက်မှု၊ ဖန်ဆင်းမှု တန်ခိုးဣဒ္ဓိ၏ဘုံအဆင့်တို့ပေတည်း။ ဤဘုံအဆင့်တို့သည် တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုရခြင်းငှါ တန်ခိုးဖန်ဆင်းမှု၌ အလို အတိုင်းဖြစ်စေနိုင်ခြင်းငှာ၊ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှာ-ဖြစ်ကုန်၏ဟု အရှင်သာရိပုတ္တရာ ဟောတော်မူခဲ့၏။

## ပါဒလေးပါး

**တန်ခိုးဖန်ဆင်းမှု အမျိုးမျိုးကို ရရှိရန်-**

ပါဒလေးပါးတို့ဟူသည်- ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်-ဟူသော ဣဒ္ဓိပါဒ်လေးပါးတို့ပင်ဖြစ်၏။

**သာဓကစကား**-ပြီးမြောက်မှု တန်ခိုးဖန်ဆင်းမှုဣဒ္ဓိ၏ လေးပါးသောအကြောင်းတို့သည် အဘယ်သည်တို့နည်းဟူမူ သာသနာတော်၌ ရဟန်းသည် ဆန္ဒလွန်ကဲသောသမာဓိ ပြင်းစွာ အားထုတ်အပ်သော သင်္ခါတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးစေ၏။ ဝီရိယလွန်ကဲသော သမာဓိ ။ပ။ စိတ်လွန်ကဲသောသမာဓိ ။ပ။ (ဝီမံသ) ပညာလွန်ကဲသောသမာဓိ ။ပ။ ပြင်းစွာအားထုတ်အပ်သော သင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ ဤလေးပါး တို့သည် ပြီးမြောက်မှု၊ တန်ခိုးဖန်ဆင်းမှု ဣဒ္ဓိ (ပါဒ) အကြောင်းတို့ပေတည်း၊ ဤ (ပါဒ) အကြောင်းတို့သည် တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုရခြင်းငှါ၊ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုး၌ ရဲရင့်ခြင်းငှါ-ဖြစ်ကုန်၏။

## ဆန္ဒသမာဓိဟူသည်

ဆန္ဒလျှင်အကြောင်းရှိသော (သို့မဟုတ်) ဆန္ဒလွန်ကဲသောသမာဓိသည် ဆန္ဒသမာဓိ မည်၏။

ဆန္ဒသမာဓိဟူသောအမည်သည်- ပြုလိုခြင်းဟူသော ကတ္တုကမျတာ ဆန္ဒကိုအကြီး အမှူးပြု၍ရသောသမာဓိ၏ အမည်ဖြစ်၏။

*(မှတ်ချက်) ဆန္ဒကိုအားကိုး၍ အားထုတ်ခြင်းဖြင့် ရအပ်သောကြောင့်လည်းကောင်း ရသောအခါ၌ ယင်းသမာဓိသည် လွန်ကဲသောဆန္ဒနှင့်ယှဉ်သောကြောင့်လည်းကောင်း ဆန္ဒလျှင်အကြောင်းရှိသော သမာဓိ (ဝါ) ဆန္ဒလွန်ကဲသော သမာဓိ မည်၏။*

## ပဓာနသင်္ခါရဟူသည်

ပြင်းထန်စွာ အားထုတ်မှုဖြစ်ကုန်သော သင်္ခါရတို့သည် ပဓာနသင်္ခါရမည်ကုန်၏၊ ပဓာန သင်္ခါရဟူသောဤအမည်သည် ကိစ္စလေးပါးကိုပြီးစေသော သမ္မပ္ပဓာန်လုံ့လ၏ အမည် ဖြစ်၏။

*(မှတ်ချက်) **ပဓာန** = ကိစ္စလေးပါးကို ပြီးစေသော သမ္မပ္ပဓာန်ဝီရိယ၊*
***သင်္ခါရ** - ပြုလုပ်မှု ဝီရိယ၊*
***ပဓာနသင်္ခါရ** = ပြင်းထန်စွာအားထုတ်မှု သင်္ခါရ၊*
*တရားကိုယ်အရအားဖြင့် ဝီရိယပင်ဖြစ်၏၊ သမ္မပ္ပဓာန် ဝီရိယ(၄)ပါးကိုဆိုလိုသောကြောင့် ဗဟုဝုစ်ဖြင့်ဆို၏။*

**ပြည့်စုံ၏** ဟူသည်- ဆန္ဒသမာဓိနှင့်လည်းကောင်း၊ ပဓာနသင်္ခါရတို့နှင့်လည်းကောင်း၊ တကွဖြစ်သည်ဟု ဆိုလိုပေသည်။

## ဣဒ္ဓိပါဒ၌ ဣဒ္ဓိမည်ပုံ

ဆန္ဒလွန်ကဲသောသမာဓိနှင့် ပဓာနသင်္ခါရမည်သောဝီရိယတို့သည် ပြီးစီးမှု ပြီးမြောက်မှု ဖြစ်သောကြောင့် ဣဒ္ဓိ မည်၏၊ (တစ်နည်း) သတ္တဝါတို့၏ ကြီးပွါးမြင့်မြတ်ကြောင်းဖြစ်သော ကြောင့် ဣဒ္ဓိ မည်၏။

## ပါဒမည်ပုံ

ဣဒ္ဓိမည်သော ယင်း သမာဓိ, ဝီရိယတို့နှင့်ယှဉ်သော စိတ်စေတသိက်အပေါင်းသည် ယင်း သမာဓိ, ဝီရိယတို့၏ တည်ရာအကြောင်းဖြစ်သောကြောင့် ပါဒမည်၏။

## ဣဒ္ဓိပါဒမည်ပုံ

ပြီးမြောက်မှုဖြစ်သော (ဝါ) ကြီးပွါးမြင့်မြတ်ကြောင်းဖြစ်သော ဆန္ဒလွန်ကဲသည့် သမာဓိ နှင့်ပဓာနသင်္ခါရခေါ် ဝီရိယတို့၏တည်ရာအကြောင်းဖြစ်သော ယှဉ်ဘက်စိတ်စေတသိက် အပေါင်းသည် ဣဒ္ဓိ မည်၏။ (တစ်နည်း) ရောက်ကြောင်းဖြစ်သောကြောင့် ပါဒ မည်၏။

ပြီးမြောက်ခြင်းသို့ရောက်ကြောင်းသည်(ဝါ) ပြီးမြောက်ခြင်း၏အကြောင်းသည် ဣဒ္ဓိပါဒ် မည်၏။ ဤဣဒ္ဓိပါဒ်ဟူသောအမည်သည် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့၏ အမည်ပင် ဖြစ်၏။

## တန်ခိုးသို့ရောက်ကြောင်း ပဒ(၈)ပါး

ဆန္ဒ-သမာဓိ၊ ဝီရိယ-သမာဓိ၊ စိတ္တ-သမာဓိ၊ ဝီမံသာ-သမာဓိဟူသော ရှစ်ပါးတို့ ဖြစ်ကြ၏။

ရဟန်းသည် ဆန္ဒကိုမှီ၍-သမာဓိကို အကယ်၍ရငြားအံ့၊ စိတ်၏အာရုံတစ်ခုတည်း ရှိသည့်အဖြစ် **ဧကဂ္ဂတာ**ကို ရငြားအံ့၊ ဆန္ဒသည် သမာဓိမဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်၊ ဆန္ဒကတစ်ခြား၊ သမာဓိကတစ်ခြားဖြစ်သည်။

ရဟန်းသည် ဝီရိယကို မှီ၍ ။ပ။ စိတ်ကိုမှီ၍ ။ပ။ ဝီမံသာခေါ် ပညာကိုမှီ၍ သမာဓိကို အကယ်၍ရငြားအံ့၊ စိတ်၏အာရုံတစ်ခုတည်း ရှိသည့်အဖြစ် ဧကဂ္ဂတာကိုရငြားအံ့၊ ဝီမံသာ (ပညာ)သည် သမာဓိမဟုတ်၊ သမာဓိသည် ဝီမံသာ(ပညာ)မဟုတ်၊ ဝီမံသာ(ပညာ)ကတခြား၊ သမာဓိကတခြားဖြစ်၏ဟူသော စကားကိုဟောတော်ခဲ့၏။

***အထူးမှတ်ရန်မှာ***– *ပြီးမြောက်မှု တန်ခိုးဖန်ဆင်းမှု အမျိုးမျိုးကို ဖြစ်စေလိုခြင်းဟူသော ဆန္ဒသည် သမာဓိနှင့်တစ်ပေါင်းတည်း ယှဉ်သော်သာလျှင် တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကို ပြုလုပ်နိုင်ပေသည်၊ ဝီရိယစသည်တို့သည်လည်း တို့အတူပင်ဖြစ်၏၊ ထိုကြောင့်ရှစ်ပါးသော အသေးစိပ်အကြောင်း (ပဒ)တို့ကို ဟောတော်မူအပ်၏။*

## မတုန်လှုပ်ကြောင်း ဣဒ္ဓိမူလ(၁၆)ပါး

၁။ မညွတ်ကျ မတွန့်ဆုတ်သောစိတ်သည် ပျင်းရိမှု ကောသဇ္ဇကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇ မတုန်လှုပ်သော သဘောမည်၏။
၂။ မတက်ကြွ မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်မှု ဥဒ္ဓစ္စကြောင့် မတုန်လှုပ်။
၃။ မကပ်ငြိသောစိတ်သည် တပ်မက်မှု ရာဂကြောင့် မတုန်လှုပ်။
၄။ အမျက်မထွက် အမျက်ကင်းသောစိတ်သည် ဒေါသကြောင့် မတုန်လှုပ်။
၅။ အဟံ မမဟု မစွဲမမှီသောစိတ်သည် ဒိဋ္ဌိကြောင့် မတုန်လှုပ်။
၆။ နှစ်သက်တပ်စွဲလျက် မဖွဲ့သောစိတ်သည် ဆန္ဒရာဂကြောင့် မတုန်လှုပ်။
၇။ လိုချင်တပ်မက်မှုမှ လွတ်မြောက်သောစိတ်သည် ကာမရာဂကြောင့် မတုန်လှုပ်။
၈။ ကိလေသာနှင့်မယှဉ်သောစိတ်သည် ပူပန်ညစ်နွမ်းမှု ကိလေသာကြောင့် မတုန်လှုပ်။
၉။ ကိလေသာ အပိုင်းအခြားကင်းသောစိတ်သည် ကိလေသာ အပိုင်းအခြားကြောင့် မတုန်လှုပ်။
၁၀။ ကိလေသာအဖော်မမှီးသဖြင့် တစ်ခုတည်းသောသဘော၌တည်သောစိတ်သည် ကိလေသာ အထူးထူးကြောင့် မတုန်လှုပ်။
၁၁။ သဒ္ဓါတရားကချီးမြှောက်အပ်သောစိတ်သည် မယုံကြည်မှုအသဒ္ဓိယကြောင့်မတုန်လှုပ်။
၁၂။ ဝီရိယတရားက ချီးမြှောက်အပ်သောစိတ်သည် ပျင်းရိမှုကြောင့် မတုန်လှုပ်။
၁၃။ သတိတရားက ချီးမြှောက်အပ်သောစိတ်သည် မေ့လျော့မှုကြောင့် မတုန်လှုပ်။
၁၄။ သမာဓိတရားက ချီးမြှောက်အပ်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်။
၁၅။ ပညာတရားက ချီးမြှောက်အပ်သောစိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်။
၁၆။ ဉာဏ်ရောင်လင်းသောစိတ်သည် အဝိဇ္ဇာအမှောင်ကြောင့် မတုန်လှုပ်။

ဤမူလ(၁၆)ပါးတို့သည် တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုရခြင်းငှါ တန်ခိုးဖန်ဆင်းမှုအမျိုးမျိုး၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏။

## ဘူမိ,ပါဒစသည်ကိုထပ်၍ဆိုရခြင်းအကြောင်း

ဤဘူမိ ပါဒ, ပဒ, မူလတို့သည် (တစ်နည်း) စတုတ္ထစျာန်စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်စသော အာနေဉ္ဇ၏အဖြစ်သည်-ရှေး၌ပြဆိုခဲ့ပြီးသော-ဧဝံသမာဟိတေ စသော စိတ်အင်္ဂါ ရှစ်ပါးပြဆိုသည့်အပိုင်း၌ ပါဝင်လေပြီ၊ သို့သော်လည်း ပထမစျာန်စသည်တို့၏ ဘူမိ, ပါဒ, ပဒ, မူလမည်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ ထပ်၍ဆိုခြင်းဖြစ်သည်။

(တစ်နည်း) ဧဝံသမာဟိတေ စသည်ဖြင့် စိတ်အင်္ဂါရှစ်ပါးကိုပြဆိုသော ရှေးနည်းသည် သုတ္တန်ပါဠိတော်တို့၌လာသော နည်းတည်း၊ ဣဒ္ဓိ၏ဘူမိ, ပါဒ, ပဒ, မူလတို့ကို ပြဆိုသော ဤနည်းသည် ပဋိသမ္ဘိဒါမဂ်ပါဠိ၌လာသောနည်းတည်း၊ သို့ဖြစ်၍ နည်းနှစ်ပါးတို့၌ မတွေဝေစေခြင်းငှါ တစ်ဖန်ထပ်၍ ဟောခြင်းဖြစ်၏။

## အဓိဋ္ဌာနိဒ္ဓိ တန်ခိုးဖန်ဆင်းပုံ အစီအစဉ်

တန်ခိုးရှင်ရဟန်းသည် တန်ခိုးဖန်ဆင်းမှုဣဒ္ဓိ၏ ဘူမိ, ပါဒ, ပဒ, မူလတရားတို့ကို ပြည့်စုံစေပြီးလျှင်-

၁။ အဘိညာဉ်၏အခြေခံ ပါဒကစျာန်ကိုဝင်စားရမည်၊

၂။ ထိုပါဒကစျာန်မှထ၍ တစ်ရာကိုအလိုရှိငြားအံ့ "တစ်ရာဖြစ်လိုဓ်၊ တစ်ရာဖြစ်လို၏"ဟု ကြိုတင်ပြုမှု ပရိကံကို ပြုရမည်။

၃။ တစ်ဖန် အဘိညာဉ်၏အခြေခံ ပါဒကစျာန်ကိုဝင်စားရမည်။

၄။ ထိုပါဒကစျာန်မှထ၍-တစ်ရာဖြစ်စေ-စသည်ဖြင့် အဓိဋ္ဌာန်ရမည်၊
အဓိဋ္ဌာန်ပြုသောစိတ်နှင့်တပြိုင်နက်ပင် တစ်ရာဖြစ်၏၊
**(တစ်ထောင်စသည် ဖန်ဆင်းရာ၌လည်း ဤနည်းတူပင်)**

အကယ်၍ မိမိစီမံတိုင်း မပြီးမြောက်မအောင်မြင်သေးလျှင် တစ်ဖန် ပရိကံပြုပြီးလျှင် နှစ်ကြိမ်မြောက် အဘိညာဉ်အခြေခံပါဒကစျာန်ကိုဝင်စားခြင်း၊ ထို စျာန်မှထ၍အဓိဋ္ဌာန်ခြင်း စသည်ကို ပြုအပ်၏၊ သံယုတ်အဋ္ဌကထာ၌လည်း တစ်ကြိမ်နှစ်ကြိမ်ဝင်စားခြင်းငှါ သင့်ပေ၏ဟု မိန့်ဆိုထား၏။

## အာရုံပြုပုံများ

ပါဒကစျာန်ဝင်စားခြင်းစသည်ကိုပြုရာ၌ ပါဒကစျာန်စိတ်သည် ပဋိဘာဂနိမိတ်ကို အာရုံပြု၏၊ ပရိကံပြုသောစိတ်တို့သည် တစ်ရာ,တစ်ထောင်ကိုအာရုံပြုကုန်၏၊ ထိုတစ်ရာ တစ်ထောင်သော ခန္ဓာကိုယ်တို့ကိုလည်း အဆင်း၏အစွမ်းဖြင့်သာ အာရုံပြုကုန်၏၊ အမည် ပညတ်၏အစွမ်းဖြင့် အာရုံမပြုကုန်။

အဓိဋ္ဌာန်စိတ်သည်လည်း ထို့အတူ တစ်ရာ,တစ်ထောင်ကို အာရုံပြု၏။

ထိုအဓိဋ္ဌာန်စိတ်သည် စျာန်သို့ ပထမအကြိမ်ရောက်သောအပ္ပနာစိတ်ကဲ့သို့ ဂေါတြဘူ စိတ်၏အခြားမဲ့၌ ရူပါဝစရစတုတ္ထစျာန်နှင့်ယှဉ်လျက် တစ်ကြိမ်သာဖြစ်၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိ၌မှတ်ဖွယ်

ပဋိသမ္ဘိဒါမဂ်၌ ပကတိပင်ကိုယ်အားဖြင့် တစ်ပါးတည်းက တစ်ရာ,တစ်ထောင်စသည် များစွာကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် များစွာဖြစ်လို၏၊ များစွာဖြစ်စေဟုဉာဏ်ဖြင့် အဓိဋ္ဌာန် ၏၊ များစွာသောကိုယ်ဖြစ်၏၊ အရှင်စူဠပန်ကဲ့သို့ပင်တည်းဟု ပြဆိုထားသောစကား၌ **ဆင်ခြင်၏**ဟူသောစကားကို (တန်ခိုးဖန်ဆင်းခြင်းအမှုမပြုမီ) ကြိုတင်စီမံမှု ပရိကံပြုသည်၏ အစွမ်းဖြင့် ဆိုခြင်းဖြစ်၏။

**ဆင်ခြင်ပြီးလျှင် ဉာဏ်ဖြင့်အဓိဋ္ဌာန်၏**ဟူသောစကားကို- အဘိညာဉ်ဉာဏ်၏ အစွမ်းဖြင့်ဆိုခြင်းဖြစ်၏။ ထို့ကြောင့် များစွာသောကိုယ်ကို ပရိကံစိတ်ဖြင့်ဆင်ခြင်၏။ ထိုမှနောက် ပရိကံစိတ်တို့၏အဆုံး၌ အဘိညာဉ်၏ပါဒကစျာန်ဝင်စား၏၊ စျာန်သမာပတ်မှ

ထ၍ တဖန် များစွာသောကိုယ်ဖြစ်လို၏၊ များစွာသောကိုယ်ဖြစ်စေဟု-ဆင်ခြင်မှု အာဝဇ္ဇန်း စိတ်မှ နောက်၌ သုံးကြိမ် လေးကြိမ်ကုန်သော (ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ) စိတ်တို့ဖြစ်ပြီးနောက် အဘိညာဉ်ဉာဏ် တစ်ကြိမ်တည်းဖြင့်အဓိဋ္ဌာန်၏ဟု မှတ်အပ်၏။

## အရှင်စူဠပန်မထေရ်ဝတ္ထု

စူဠပန္ထက မဟာပန္ထက ညီနောင်နှစ်ဦးတို့သည် မိခင်ခရီးသွားစဉ် လမ်း၌ဖွားမြင်ကြသောကြောင့် ပန္ထက(လမ်း)ဟူသောအမည်ရကြကုန်၏၊ ညီနောင်နှစ်ဦးတို့တွင် အကြီးသည် (မဟာပန္ထက)မဟာပန်မည်၏၊ ထိုမဟာပန်သည် ရှင်ရဟန်းပြု၍ ပဋိသမ္ဘိဒါဉာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လျက် ရဟန္တာဖြစ်တော်မူလေ၏၊ မိမိရဟန္တာဖြစ်ပြီးနောက် ညီဖြစ်သူ (စူဠပန္ထက)စူဠပန်ကို ရှင်ပြုပေးပြီးလျှင်-

ပဒုမံယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ၊
အင်္ဂီရသံပဿ ဝိရောစမာနံ၊ တပန္တ မာဒိစ္စမိဝန္တလိက္ခေ။

ကောကနဒံ= ကောကနဒမည်သော၊ ပဒုမံ= ပဒုမ္မာကြာသည်၊ သုဂန္ဓံယထာ = မွှေးကြိုင်သောအနံ့ရှိသကဲ့သို့လည်းကောင်း၊ ပါတော= နံနက်စောစော နေထွက်ချိန်၌၊ ဖုလ္လံ= ပွင့်လျက်၊ အဝီတဂန္ဓံ= မပြယ်သေးသောအနံ့ရှိသည် သိယာယထာ= ဖြစ်သကဲ့သိုလည်းကောင်း၊

သုဂန္ဓံ= သီလရနံ့စသည်တို့ဖြင့် မွှေးကြိုင်သော အနံ့ရှိတော်မူသော၊ ဖုလ္လံ= အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ဖြင့်ပွင့်လျက် ဘုရားအဖြစ်သို့ရောက်တော်မူသော၊ အဝီတဂန္ဓံ= မကင်းမပြယ်သော သီလစသော အနံ့ရှိတော်မူသောမြတ်စွာဘုရားကို၊ ပဿ= ဖူးမြင်ပါလော့၊ အင်္ဂီရသံ= ပြိုးပြိုးပြက်ပြက် ကိုယ်တော်မှထွက်သောရောင်ခြည်ရှိတော်မူသည်ဖြစ်၍၊ ဝိရောစမာနံ= တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရားကို၊ ပဿ= ဖူးမြင်ပါလော့။ အန္တလိက္ခေ= ကောင်းကင်၌၊ အာဒိစ္စံဣဝ= ထွန်းလင်းတောက်ပနေသော နေမင်းကြီးကဲ့သို့၊ တပန္တံ= ဉာဏ်တော်အရောင်တို့ဖြင့် ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို ပဿ= ဖူးမြင်ပါလော့ ဟူသော ဂါထာကို သင်ပေးလေသည်။

စူဠပန်သည် ထိုဂါထာကို လေးလတို့ဖြင့် ကြေပြွန်စေရန် မစွမ်းနိုင်ပဲရှိလေသည်၊ ထိုအခါ မဟာပန်မထေရ်က စူဠပန်ကို "သင်သည် သာသနာတော်၌ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်ဖြစ်သည်"ဟုဆိုကာ ကျောင်းတော်မှ နှင်ထုတ်လိုက်၏၊ ထိုစဉ်ကာလ၌ မဟာပန်မထေရ်သည် ဘတ္တုဒ္ဒေသကသမ္မုတိ, ဆွမ်းညွှန်းသမ္မုတိ ပုဂ္ဂိုလ်လည်းဖြစ်နေ၏။

ထို့ကြောင့် သမားတော်ဇီဝကသည် မဟာပန်မထေရ်ထံချဉ်းကပ်၍" အရှင်ဘုရား နက်ဖြန်ခါ မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ကို ပင့်ဆောင်ခဲ့၍ တပည့်တော်တို့၏အိမ်၌ ဆွမ်းကို ခံယူဘုဉ်းပေးတော်မူကြပါ"ဟုလျှောက်၏၊ မဟာပန်မထေရ်ကလည်း "စူဠပန်ကို ချန်ထား၍ကြွင်းသောရဟန်းတို့အတွက် လက်ခံပါသည်"ဟုဆို၍လက်ခံလိုက်၏။

စူဠပန်သည် တံခါးမုခ်၌ရပ်တည်လျက် ငိုနေ၏၊ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူသဖြင့် စူဠပန်အနီးသို့ ကြွတော်မူ၍ "အဘယ်ကြောင့်ငိုနေသနည်း"ဟု မေးတော်

မူသော် စူဠပန်က ထိုအကြောင်းအရာကို လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက"ရွတ်ဖတ်သရဇ္ဈာယ်မှုကိုပြုရန် မစွမ်းနိုင်သောကြောင့် ငါဘုရားသာသနာ၌ မကျွတ်ထိုက်သော **အဘဗ္ဗပုဂ္ဂိုလ်မည်သည်မဖြစ်ပေ၊** စူဠပန်ရဟန်း မစိုးရိမ်လင့်"ဟု အားပေးကာ စူဠပန်ကို လက်မောင်း၌ ဆွဲကိုင်တော်မူ၍ ကျောင်းတော်သို့ဝင်ပြီးလျှင် တန်ခိုးဖြင့်ပုဆိုးကြမ်းပိုင်းကို ဖန်ဆင်းကာ ပေးတော်မူ၏။ "ရော့ ရဟန်း ဤအဝတ်ပိုင်းကို ဆုပ်နယ်လျက်"**ရဇောဟရဏံ ရဇောဟရဏံ (ချေးကိုဆောင်ယူတတ်သောအဝတ်၊ ချေးကိုဆောင်ယူတတ်သော အဝတ်)** ဟု အဖန်ဖန်အထပ်ထပ် ရွတ်ဆိုခြင်းကိုပြုနေလော့ဟု ညွှန်ကြားတော်မူ၏။

*(**မှတ်ချက်**) ဝိပဿနာစရည်သာ လိုရင်းပဓာနဖြစ်သောကြောင့် အဘဗ္ဗပုဂ္ဂိုလ်မဖြစ်၊ ပဗ္ဗဇိတ ဝေါဟာရဖြင့် စူဠပန်သာမဏေကို ရဟန်းဟုခေါ်တော်မူသည်။*

*(တစ်နည်း) "ဘုရားဖြစ်လတ္တံ့သောအလောင်းတော်ကို ဗုဒ္ဓဘုရားသည် ရာဇဂြိုဟ်သို့" ကြွလေသည် ဟုဆိုသကဲ့သို့ ဖြစ်လတ္တံ့သောရဟန်းအဖြစ်ကိုစွဲ၍ ဘိက္ခုဟု ခေါ်ခြင်းဖြစ်၏။* **(ဋီ)**

စူဠပန်က မြတ်စွာဘုရားညွှန်ကြားသည်အတိုင်းပြုနေစဉ် ထိုအဝတ်ပိုင်းသည် မည်းညစ်သော အဆင်းရှိသွားလေသည်။ ထိုအခါ စူဠပန်သည် "အဝတ်ကတော့ ထက်ဝန်းကျင် စင်ကြယ်ပေ၏၊ **ဤအဝတ်၌** အပြစ်မရှိပေ၊ စင်စစ်-ဤအပြစ်သည် **ခန္ဓာကိုယ်၏ အပြစ်သာဖြစ်၏**" ဟု အမှတ်သညာကို (အသုဘသညာအနိစ္စသညာကို) ရပြီးလျှင် ခန္ဓာ ငါးပါးတို့၌ ဉာဏ်ကိုချသွင်း၍ ဝိပဿနာကိုပွားစေလျက် အနုလုံ ဂေါတြဘူအနီးသို့ ရောက်စေ၏။

ထိုအခါ မြတ်စွာဘုရားက ရောင်ခြည်တော်လွှတ်ခြင်းနှင့်တကွ ဖော်ပြပါ ဂါထာများကို ဟောတော်မူ၏၊

ရာဂ,ဒေါသ,မောဟတို့သာ အညစ်အကြေးမည်ပုံ

၁။ ရာဂေါ ရဇော နစပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံအဓိဝစနံ ရဇောတိ။
ဧတံရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

၂။ ဒေါသော ရဇော နစပန ရေဏု ဝုစ္စတိ၊
ဒေါသဿေတံ အဓိဝစနံ ရဇောတိ။
ဧတံရဇံ ဝိပ္ပဇိဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

၃။ မောဟော ရဇော နစပန ရေဏု ဝုစ္စတိ၊
မောဟဿေတံ အဓိဝစနံ ရဇောတိ။
ဧတံရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

၁။ ရာဂေါ= တပ်မက်စွဲလမ်းမှု ရာဂသည်၊ ရဇော= ကြေးညှော် အညစ်ကြေးပေတည်း၊ ရေဏု= မြူမှုန်ကို၊ နစပနဝုစ္စတိ= ကြေးညှော်အညစ်အကြေးဟု မဆိုအပ်၊ ရဇောတိဧတံ = ကြေးညှော် အညစ်အကြေးဟူသော ဤအမည်သည် ရာဂဿ= တပ်မက်စွဲလမ်းမှု ရာဂ၏ အဓိဝစနံ= အမည်ပေတည်း။

၂။ ဒေါသော= စိတ်ဆိုးပြစ်မှားမှု ဒေါသသည် ရာဇော= ကြေးညှော် အညစ်ကြေးပေတည်း ရေဏု= မြူမှုန်ကို နစပနဝုစ္စတိ=ကြေးညှော်အညစ်အကြေ ‧ ့ မဆိုအပ်၊ ရဇောတိဧတံ= ကြေးညှော်အညစ်အကြေး ဟူသော ဤအမည်သည် ဒေါသဿ= စိတ်ဆိုးပြစ်မှားမှု ဒေါသ၏ အဓိဝစနံ= အမည်ပေတည်း။

၃။ မောဟော= အမှန်ကိုမသိမှု, သိမှားမှုမောဟသည်၊ ရဇော= ကြေးညှော်အညစ်အကြေး ပေတည်း၊ ရေဏု= မြူမှုန်ကို နစပနဝုစ္စတိ= ကြေးညှော်အညစ်အကြေးဟု မဆိုအပ်၊ ရဇောတိဧတံ= ကြေးညှော်အညစ်အကြေးဟူသော ဤအမည်သည် မောဟဿ= အမှန်ကို မသိမှု, သိမှားမှုမောဟ၏၊ အဓိဝစနံ= အမည်ပေတည်း။

ပဏ္ဍိတာ= ပညာရှိတို့သည် ဧတံရဇံ= ဤ ရာဂအညစ်အကြေး, ဒေါသအညစ်အကြေး, မောဟအညစ်အကြေးကို၊ ဝိပ္ပဇဟိတွာ= ပယ်စွန့်ကုန်၍၊ တေ= ထိုပညာရှိတို့သည်၊ ဝိဂတရဇဿ= ကိလေသာမြူအညစ်အကြေးကင်းသော ဗုဒ္ဓမြတ်စွာ၏၊ သာသနေ= သာသနာတော်၌ ဝိဟရန္တိ= နေကြပေကုန်၏။

အရှင်စူဠပန်သည် ဂါထာသုံးပုဒ်အဆုံး၌ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး အခြံအရံရှိသော လောကုတ္တရာတရားကိုးပါးတို့ကို လက်ထဲရောက်လာသကဲ့သို့ ရရှိတော်မူလေ၏။

မြတ်စွာဘုရားသည် ဒုတိယနေ့၌ သမားတော်ဇီဝကအိမ်သို့ ရဟန်းအပေါင်းသံဃာ တော်များနှင့်တကွ ကြွတော်မူလေ၏။ သမားတော်ဇီဝက-က-မြတ်သောအလှူရေကို ပေးလှူသွန်းချပြီးသည့်အဆုံး၌ ယာဂုကပ်လှူလတ်သော် မြတ်စွာဘုရားရှင်က လက်ဖြင့် သပိတ်ကို ပိတ်ထားတော်မူ၏။

အဘယ့်ကြောင့်ပါနည်းဟု ဇီဝက-က မေးလျှောက်သော်"ကျောင်း၌ရဟန်းတစ်ပါး ရှိသေးသည်"ဟု မိန့်တော်မူ၏၊ ဇီဝကသည် ယောကျ်ားတစ်ယောက်ကို "သွားချေကျောင်း ၌ကျန်ရှိနေသော ထိုအရှင်ကို ပင့်ဆောင်၍ အမြန်ပြန်လာခဲ့လော့" ဟုစေလွှတ်လိုက်၏၊ ကျောင်းတော်မှ မြတ်စွာဘုရား ထွက်ခွါတော် မူပြီးသောအခါကပင်-

အရှင်စူဠပန်သည် မွေ့လျော်ဖွယ်ကောင်းသော သရက်ဥယျာဉ်ကျောင်းတိုက်၌ မိမိကိုယ်ကို အကြိမ်တစ်ထောင်(အပါးတစ်ထောင်)ဖြစ်အောင်ဖန်ဆင်းပြီးလျှင် ဆွမ်းဘုဉ်း ပေးကြွရန်ကာလကို ပြောကြားလာသည့်တိုင်အောင် နေတော်မူလေသည်။

စေလွှတ်လိုက်သော ယောကျ်ားသည် ကျောင်းသို့သွား၍သင်္ကန်းရောင်တို့ဖြင့် တစ် စပ်တည်း ထိန်ထိန်တောက်ပြောင်နေသော ကျောင်းတိုက်အာရာမ်ကို တွေ့မြင်ရသော ကြောင့် ပြန်လာခဲ့ပြီးလျှင် "ကျောင်းတိုက်အာရာမ်သည် ရဟန်းတို့ဖြင့် ပြည့်နေပါသည်

ဘုရား၊ အဘယ်ရဟန်းသည် ပင့်ရမည်ရဟန်းဖြစ်ကြောင်း တပည့်တော် မသိပါဘုရား”ဟု လျှောက်သော် မြတ်စွာဘုရားက“သွားချေရှေးဦးစွာမြင်တွေ့ရသော ရဟန်းကို သင်္ကန်းစွန်း၌ ဆွဲ၍-‘မြတ်စွာဘုရားက အရှင်ဘုရားကို ခေါ်တော်မူသည်ဟုပြောဆို၍ ပင့်ဆောင်ခဲ့လော’ ဟု ထိုယောက်ျားကို မိန့်တော်မူ၏၊ ထိုယောက်ျား-ကျောင်းတိုက်သို့ တစ်ဖန် ပြန်သွားပြီး အရှင်စူဠပန်မထေရ်၏ သင်္ကန်းစွန်းကိုပင် ဆွဲကိုင်လိုက်၏၊ ထိုအခိုက်၌ပင် နိမ္မိတရဟန်း အားလုံး ကွယ်ပျောက်သွားကြကုန်၏။

အရှင်စူဠပန်မထေရ်က-“သင်သွားပေတော့”ဟု လာပင့်သောယောက်ျားကို ပြန်လွှတ်လိုက်ပြီးလျှင် မျက်နှာသစ်ခြင်း စသော ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ပြုပြီးနောက် (လာပင့်သော ထိုယောက်ျားအိမ်သို့ ပြန်မရောက်သေးမီ) ရှေးဦးစွာ ကြွရောက်၍ မိမိအတွက် ကျရောက်သည့် နေရာ၌ ထိုင်နေလေ၏၊ ဤအကြောင်းအရာကို ရည်ရွယ်၍ အရှင်စူဠပန် ကဲ့သို့ပင်ဟု မိန့်ဆိုအပ်ပေသည်။

## တန်ခိုးရှင်နှင့် နိမ္မိတရုပ်ပွါးတူညီမှုကွဲပြားမှု

တန်ခိုးရှင်သည် နိမ္မိတရုပ်များ ဖန်ဆင်းရာ၌ အထူးမသတ်မှတ်မူ၍ ဖန်ဆင်းလျှင် များစွာကုန်သော နိမ္မိတရုပ်ပွါးတို့သည် ဖန်ဆင်းသူတန်ခိုးရှင်နှင့် တူကုန်၏၊ ထိုင်ခြင်း ရပ်ခြင်းစသည့်တို့တွင်ဖြစ်စေ၊ ပြောဆိုခြင်းဆိတ်ဆိတ်နေခြင်းစသည် တို့တွင်ဖြစ်စေ တန်ခိုးရှင် ပြုတိုင်း ပြုတိုင်းသောအမှုကိုသာ ပြုကုန်၏၊

## ကွဲပြားထူးခြားအောင်ဖန်ဆင်းပုံ

အကယ်၍ အထူးထူးသော အခြင်းအရာရှိအောင် ပြုလိုငြားအံ့။ အချို့ပထမအရွယ်၊ အချို့ဒုတိယအရွယ်၊ အချို့နောက်ဆုံးပိုင်းအရွယ်၊ အချို့ဆံပင်ရှည်၊ အချို့ထက်ဝက် ခေါင်းရိတ်ထားဟန်၊ အချို့လုံးဝခေါင်းတုံးရိတ်ထားဟန်၊ အချို့တရားဟောနေဟန်၊ အချို့ ပြဿနာမေးနေဟန်၊ အချို့ပြဿနာဖြေဆိုနေဟန်စသည့်ဖြင့် အထူးထူးအမျိုးမျိုးရှိ နေကြဟန် ပြုလိုငြားအံ့၊ တန်ခိုးရှင်သည် ပါဒကစျာန်ဝင်စား၊ ထိုပါဒကစျာန်မှထ၍ ဤမျှ သောရဟန်းတို့သည် ပထမအရွယ်ရှိသည်ဖြစ်လို၏ စသည်ဖြင့်ပရိကံပြုပြီး တစ်ဖန် ပါဒက စျာန်ဝင်စား၊ ထို့နောက် ထိုပါဒကစျာန်မှထ၍ ဤမျှသောရဟန်းတို့သည် ပထမအရွယ် ရှိကြစေ-ဟုအဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်စိတ်နှင့်တပြိုင်နက် အလိုရှိအပ်သော အထူးထူး အမျိုးမျိုးသော နိမ္မိတရုပ်၊ နိမ္မိတရဟန်းများ ဖြစ်ကုန်၏။

**(အများမှအနည်းဖြစ်အောင်ဖန်ဆင်းရာ၌လည်း ဤနည်းပင်ဖြစ်၏၊)**

၁။ ရှေးဦးစွာ အဘိညာဉ်၏ ပါဒကစျာန်ကို ဝင်စားခြင်း၊

၂။ ထိုစျာန်မှထ၍ ဖန်ဆင်းလိုသောအရာကို ကာမာဝစရစိတ်ဖြင့် မည်သို့ဖြစ်လို၏၊ မည်သို့ဖြစ်စေဟု ပရိကံပြုခြင်း၊

၃။ တဖန် အဘိညာဉ်၏ ပါဒကစျာန်ကို ဝင်စားခြင်း၊

၄။ ထိုစျာန်မှထပြီးနောက် အလိုရှိရာကို မည်သို့ဖြစ်စေ-ဟု-အာဝဇ္ဇန်းပရိကံ ဥပစာ, အနုလုံ, ဂေါတြဘူစိတ်များဦးဆောင်သော စတုတ္ထစျာန် အဘိညာဉ်စိတ်ဖြင့် အဓိဋ္ဌာန်ခြင်း **(အဓိဋ္ဌာန်စိတ်နှင့်တစ်ပြိုင်နက် လိုအပ်သောဖန်ဆင်းမှု ပြီးမြောက်ခြင်း)**
**အဓိဋ္ဌာန် ဖန်ဆင်းမှုဟူသမျှ၌ ဤအစီအစဉ်အတိုင်းပင်ဖြစ်၏။**

## အများမှအနည်းဖြစ်အောင်ဖန်ဆင်းရာ၌ထူးခြားခြင်း

တန်ခိုးရှင်ရဟန်းသည် အများဖြစ်အောင် ဖန်ဆင်းထားပြီးမှ-

ဤကျောင်းတိုက်သည် ရှေ့အခါက ဤမျှလောက် ရဟန်းအရေအတွက်မရှိ -ယခု- ဤမျှ များပြားသော ရဟန်းများရှိနေခြင်းသည် ဧကန္တ တန်ခိုးရှင်ရဟန်းတစ်ပါးပါး၏ တန်ခိုး ဖန်ဆင်းထားမှုဖြစ်မည်ဟု-မိမိကို တန်ခိုးရှင်မှန်းသိသွားကြလိမ့်မည်ဟု အလိုနည်းခြင်းကြောင့် အဓိဋ္ဌာန်ပြုထားသော အချိန်မကုန်မီအကြား၌ပင် တစ်ပါးတည်းဖြစ်လိုသော်-

ပါဒကစျာန်ဝင်စားပြီး ထိုစျာန်မှထကာ တစ်ပါးတည်းဖြစ်လို၏၊ တစ်ပါးတည်းဖြစ်စေ ဟု ပရိကံ ပြုပြီးလျှင် တဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထ၍ တစ်ပါးတည်းဖြစ်စေဟု အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက်ပင် တစ်ပါးတည်းဖြစ်လေ၏။ ဤသို့သီးသန့် အဓိဋ္ဌာန်ခြင်းမပြုပါက ပိုင်းခြားထားသည့် ကာလ၏အစွမ်းဖြင့် အလိုလိုပင် တစ်ပါးတည်း ဖြစ်သွား၏။

## အာဝိဘာဝံ တိရောဘာဝံ-အဖွင့်

**အာဝိဘာဝ** = ထင်ရှားဖြစ်ခြင်းကိုပြုမှု၊
**တိရောဘာဝ** = အခြားတစ်ဖက်၌ ဖြစ်ခြင်း (ကွယ်ခြင်း)ကိုပြုမှု၊

## ပဋိသမ္ဘိဒါမဂ်စကား

**အာဝိဘာဝ**-ဟူသည် တစ်စုံတစ်ခုဖြင့် မတားဆီးမဖုံးကွယ်အပ်သည်၊ ပွင့်လင်း, ထင်ရှားသည် ဟုပြဆို၏

**တိရောဘာဝ**-ဟူသည် တစ်စုံတစ်ခုဖြင့် တားဆီးအပ်ဖုံးကွယ်အပ်သည်၊ ပိတ်အပ်, မှောက်အပ်သည်ဟု ဖွင့်ဆိုပြထား၏။

## ဖန်ဆင်းပုံ

တန်ခိုးရှင်သည် အာဝိဘာဝတန်ခိုးကို ဖန်ဆင်းလိုလျှင် အမိုက်မှောင်ကို အရောင် အလင်းဖြစ်အောင်၊ ဖုံးကွယ်နေသည်ကို- ဟင်းလင်းပွင့်အောင်၊ မထင်ပေါ်သည်ကို- ထင်ပေါ် အောင် ပြုရမည်။

တန်ခိုးရှင်သည် ဖုံးကွယ်နေသူကို တွေ့မြင်ရအောင်၊ အဝေး၌တည်သောသူကို တွေ့မြင် ရအောင် မိမိကိုယ်ကိုဖြစ်စေ-သူတစ်ပါးကိုဖြစ်စေ ပြုလိုလျှင်-

ဦးစွာ ပါဒကစျာန်ဝင်စားပြီး ထိုပါဒကစျာန်မှထ၍ 'ဤအမိုက်မှောင်သည် အလင်းရှိ

သည်ဖြစ်စေ'ဟုလည်းကောင်း၊ ဤဖုံးကွယ်နေသောအရာသည် 'ဟင်းလင်းပွင့်စေ'ဟု လည်းကောင်း၊ ဤမထင်ပေါ်သောအရာသည် 'ထင်ပေါ်စေ'ဟု လည်းကောင်း ဆင်ခြင်လျက် ပရိကံပြုပြီးလျှင်- တဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထ၍-အဓိဋ္ဌာန်၏ အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက် အဓိဋ္ဌာန်သည့်အတိုင်းပင် ဖြစ်၏၊ အဝေး၌ တည်ကြသော်လည်း တစ်ပါးသော ပုဂ္ဂိုလ်တို့သည်မိမိကို မြင်ကုန်၏၊ မိမိကိုယ်တိုင်ကလည်း မြင်လိုလျှင် မြင်ပေ၏။

## မြတ်စွာဘုရားရှင်၏အာဝိဘာဝတန်ခိုး

မြတ်စွာဘုရားရှင်သည် အနာထပိဏ်သေဋ္ဌေး၏ သမီးဖြစ်သူ စူဠသုဘဒ္ဒါက ပင့်လျှောက်အပ်သည်ဖြစ်၍ ဝိသကြုံနတ်ဖန်ဆင်းအပ်သောပြသာဒ်ဆောင်ငါးရာ ယာဉ်ပျံကျောင်းတို့ဖြင့် သာဝတ္ထိမြို့မှ ခုနစ်ယူဇနာဝေးသော သာကေတမြို့သို့ ကြွတော်မူသောအခါ သာကေတမြို့နေလူတို့နှင့် သာဝတ္ထိမြို့နေလူတို့အချင်းချင်း အပြန်အလှန် မြင်နိုင်အောင် အဓိဋ္ဌာန်ပြုတော်မူလေသည်၊ သာကေတမြို့လယ်၌ သက်ဆင်းတော်မူပြီးလျှင် မြေကြီးကို နှစ်ဖြာခွဲ၍ အဝီစိတိုင်အောင်မြင်စေတော်မူပြီး ကောင်းကင်ကိုလည်း နှစ်ဖြာရဲစေ၍ ဗြဟ္မာ့ပြည်တိုင်အောင် မြင်စေတော်မူပြီ။

*ပြာဋိဟာ-၃မျိုး၊ ၁။ ဣဒ္ဓိပါဋိဟာရိယ=တန်ခိုးပြာဋိဟာ၊ ၂။ အာဒေသနာပါဋိဟာရိယ= ကြိုတင်ဟောအတပ်ဟောပြာဋိဟာ၊ ၃။ အနုသာသနီပါဋိဟာရိယ= ဆုံးမသွန်ကြားမှုပြာဋိဟာ၊ ဤအရာ၌-အမှတ်-၁/ပြာဋိဟာကိုအလိုရှိအပ်၏၊*

## မြတ်စွာဘုရားရှင်၏အာဝိဘာဝတန်ခိုးနောက်တစ်မျိုး

မြတ်စွာဘုရားရှင်သည် ရေ, မီးအစုံအစုံ ဖန်ဆင်းပြသော (ယမကပြာဋိဟာ)တန်ခိုးကို ပြုတော်မူ၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်စေတော်မူပြီးလျှင်"ရှေးအတိတ်က ဗုဒ္ဓမြတ်စွာတို့သည် ယမကပြာဋိဟာကိုပြုတော်မူပြီးနောက် အဘယ်သို့ကြွတော်မူကုန်သနည်း"ဟု ဆင်ခြင်တော်မူလတ်သော် တာဝတိံသာ နတ်ပြည်သို့ကြွတော်မူကြကြောင်း မြင်တော်မူလေသည်။

မြင်တော်မူပြီးသောအခါ ခြေတော်တစ်ဖက်ဖြင့် မြေပြင်ပေါ်၌ နင်းတော်မူလျက် ဒုတိယခြေတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ တည်စေပြီးလျှင် ရှေ့ခြေတော်ကို ချီမြှောက်တော်မူကာ မြင်းမိုရ်တောင်ထိပ်ကိုနင်းတော်မူ၍ ထိုမြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ ဝါကပ်တော်မူပြီးလျှင် တစ်သောင်းသော စကြာဝဠာတိုက်တို့မှ လာရောက်စုဝေးလျက်ရှိသော နတ်တို့အား အစမှစ၍ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူလေသည်။

နံနက်ဆွမ်းခံကြွချိန် နိမ္မိတဘုရားရုပ်ပွားတော်ကိုဖန်ဆင်းတော်မူလျက် ထိုနိမ္မိတဘုရားက အစဉ်ရောက်ရာမှစ၍ အဘိဓမ္မာတရားတော်ကို ဆက်လက်ဟောကြားတော်မူလေသည်။

သက်တော်ထင်ရှားမြတ်စွာဘုရားသည် ဤမြေပြင် ဟိမဝန္တာအရပ်သို့သက်ဆင်းတော်မူခဲ့ပြီး နာဂလတာခေါ် နဂါးနွယ်ဒန်ပူကို သုံးဆောင်တော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူပြီးလျှင် ဥတ္တရကုရု= မြောက်ကျွန်းအရပ်၌ ဆွမ်းကိုခံယူတော်မူခဲ့၍ အနဝတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူလေသည်၊

အရှင်သာရိပုတ္တရာမထေရ်သည် ထိုအရပ်သို့ကြွသွား၍ မြတ်စွာဘုရားရှင်ကို ရှိခိုးကန်တော့၏၊ မြတ်စွာဘုရားရှင်က"ယနေ့ ဤမျှသောတရားကို ဟောခဲ့ပြီး"ဟု အရှင်သာရိပုတ္တရာမထေရ်အား-နည်းပေးတော်မူ၏၊ ဤနည်းဖြင့် ဝါတွင်းသုံးလပတ်လုံးတို့ အဘိဓမ္မာဒေသနာတော်ကို မပြတ်မစဲဟောတော်မူ၏၊ အဘိဓမ္မာဒေသနာတော်ကို နာကြားကြရသဖြင့် ကုဋေရှစ်ဆယ်သောနတ်ဗြဟ္မာတို့သည် သစ္စာလေးပါးတရားကို သိကြလေသည်။

ယမကပြာဋိဟာတန်ခိုးပြပွဲ၌ လာရောက်စုဝေးလျက်ရှိသော အချင်းတစ်ဆယ်နှစ်ယူဇနာရှိသော လူထုပရိသတ်သည်လည်း မြတ်စွာဘုရားရှင်ကို ဖူးမြော်ပြီးမှသာ သူတို့နေရပ်သို့သွားကြမည်ဟုရည်ရွယ်ကာ သစ်တပ်ဖွဲ့၍တည်နေကြလေ၏။

ထိုလူထုပရိသတ်ကို အနာထပိဏ်သူဌေးကြီး၏ညီ စူဠအနာထပိဏ်သူဌေးကသာလျှင် အလုံးစုံသောပစ္စည်းတို့ဖြင့် ပြုစုလုပ်ကျွေး၏၊ စုဝေးလျက်ရှိကြသောလူတို့သည် "မြတ်စွာဘုရားအဘယ်အရပ်၌ရှိသနည်း"ဟုသိရန် အရှင်အနုရုဒ္ဓါမထေရ်ကိုမေးလျှောက်တောင်းပန်ကုန်၏၊ အရှင်အနုရုဒ္ဓါမထေရ်သည် အလင်းကိုပွါးစေ၍ ဒိဗ္ဗစက္ခုဖြင့်ကြည့်လတ်သော်-တာဝတိံသာနတ်ပြည်၌ ဝါကပ်လျက်ရှိသောမြတ်စွာဘုရားကိုမြင်တော်မူ၍ ပြောကြားတော်မူ၏။

## အရှင်မဟာမောဂ္ဂလာန်မထေရ်၏အာဝိဘာဝ-တန်ခိုး

ထိုလူတို့သည် မြတ်စွာဘုရားအားရှိခိုးကန်တော့ရန် အရှင်မဟာမောဂ္ဂလာန်မထေရ်ကိုတောင်းပန်ကြ၏။ အရှင်မဟာမောဂ္ဂလာန်သည် ပရိသတ်အလယ်၌ပင် မဟာပထဝီမြေကြီး၌ငုပ်လျှိုး၍ မြင့်မိုရ်တောင်ကိုဖောက်ထွင်းပြီးလျှင် မြတ်စွာဘုရား၏ခြေတော်ရင်း၌ မြတ်စွာဘုရား၏ခြေတော်တို့ကိုရှိခိုးလျက်သာလျှင် ပေါ်ထွက်၍"ဇမ္ဗူဒိပ်ကျွန်းနေလူတို့သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ဖူးမြော်ပြီးမှသာ သူတို့နေရပ်သို့ ပြန်သွားကြမည် ဆိုကြပါသည်အရှင်ဘုရား" ဟုလျှောက်ထားလေ၏။

မြတ်စွာဘုရားက"မောဂ္ဂလာန် သင့်နောင်တော်တရားစစ်သူကြီးသာရိပုတ္တရာ ယခုအဘယ်အရပ်မှာနေသနည်း"ဟု မေးတော်မူ၏၊ သင်္ကဿမြို့မှာနေပါသည်အရှင်ဘုရားဟု လျှောက်ထားသော်-"မောဂ္ဂလာန် ငါဘုရားကို ဖူးမြော်လိုသူတို့သည် နက်ဖြန်ခါ သင်္ကဿမြို့သို့သွားကြစေ၊ နက်ဖြန် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ဥပုသ်နေ့၌ သင်္ကဿမြို့သို့ ငါဆင်းသက်ကြွလာမည်"ဟု မိန့်တော်မူလိုက်၏။

မဟာမောဂ္ဂလာန်မထေရ်သည် "ကောင်းပါပြီ အရှင်ဘုရား"ဟုလျှောက်ထား၍ မြတ်စွာဘုရားကိုရှိခိုးကန်တော့ပြီးလျှင် လာခဲ့သောလမ်းဖြင့်ပင် သက်ဆင်းခဲ့၍ လူတို့၏အထံသို့

ရောက်လေ၏၊ သွားစဉ်ပြန်လာစဉ် ကာလ၌လည်း သူ့ကို လူအများမြင်အောင် အဓိဋ္ဌာန်ပြု လေသည်၊ ဆိုခဲ့ပြီးသည်ကား ဤအာဝိဘာဝတန်ခိုးအရာ၌ ရှေးဦးစွာ အရှင်မဟာမောဂ္ဂလာန် မထေရ်၏ အာဝိဘာဝ= ထင်ရှားဖြစ်သော တန်ခိုးပြာဋိဟာဖြစ်ပေသည်၊

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရားထံတော်မှပြန်လာပြီးလျှင် မြတ်စွာဘုရားမိန့်ကြားချက်ကို လူတို့အားပြောကြား၍-"ဝေးသည်ဟု မအောင့်မေ့ကြပဲ နံနက်စာစားပြီးကြမှသာလျှင် ထွက်ကြကုန်"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည် သိကြားမင်းအား"သိကြားမင်း၊ နက်ဖြန်လူလောကသို့ကြွ မည်ဟု မိန့်တော်မူသော်"-သိကြားမင်းက ဝိသကြုံနတ်သားအား "အမောင်ဝိသကြုံ၊ နက်ဖြန်ခါ မြတ်စွာဘုရားလူ့လောကသို့ ပြန်ကြွတော်မူမည်၊ ရွှေစောင်းတန်းတစ်ခု၊ ငွေစောင်းတန်း တစ်ခု၊ ပတ္တမြားစောင်းတန်းတစ်ခုဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းလော့"ဟု အမိန့်ပေး၏၊ ဝိသကြုံနတ်သားကလည်း သိကြားမင်းအမိန့်ပေးသည့်အတိုင်း ဖန်ဆင်း၏။

## မြတ်စွာဘုရားရှင်၏ လောကဝိဝရဏတန်ခိုး

မြတ်စွာဘုရားရှင်သည် ဒုတိယနေ့၌ မြင်းမိုရ်တောင်ထိပ်၌ရပ်တော်မူလျက် အရှေ့ လောကဓာတ်ကိုကြည့်ရှုတော်မူသော် တစ်ထောင်မက များစွာသောစကြာဝဠာတို့သည် ဟင်းလင်းပွင့်ကုန်လျက် တပြင်းတည်းကဲ့သို့ ထင်ပေါ်ကုန်၏- အရှေ့အရပ်ဖြင့် ဟင်းလင်းပွင့် ထင်ရှားသကဲ့သို့ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်ဖြင့်လည်းအလုံးစုံကို ဟင်းလင်းပွင့်လျက် မြင်ရလေသည်။

*(မှတ်ချက်) အကနိဋ္ဌဘုံတိုင်အောင် မြင်ရသည်ဟုဆိုရာ အရူပဘုံတို့၌ ဗိမာန်များမရှိဟု မှတ်ယူရပေမည်။*

ထိုနေ့၌ (တစ်သိန်းမက များစွာသောစကြာဝဠာလောကနှင့် သတ္တဝါအပေါင်း သတ္တ လောကကို ထင်ရှားပေါ်လွင်စေသော) လောကဝိဝရဏတန်ခိုး ဖန်ဆင်းတော်မူ၏၊ လူတို့ လည်း နတ်တို့ကိုမြင်၏၊ နတ်တို့ကလည်း လူတို့ကိုမြင်ကုန်၏၊ ထိုသို့ အချင်းချင်း အပြန် အလှန်မြင်ကြရာ၌ လူတို့ကိုမော်ကြည့်ရသည်မဟုတ်၊ နတ်တို့ကလည်း လူတို့ကိုငုံ့ကြည့် ရသည်မဟုတ်ကုန်-နတ်လူအားလုံးတို့သည် မိမိတို့၏ရှေ့မျောက်၌သာလျှင် အချင်းချင်း ကိုမြင်ကုန်၏။

## မြတ်စွာဘုရားလူ့ပြည်သို့ပြန်ကြွတော်မူပုံ အခမ်းအနား

မြတ်စွာဘုရားရှင်သည် ပတ္တမြားဖြင့်ပြီးသော အလယ်စောင်းတန်း လှေကားဖြင့် ဆင်း သက်တော်မူ၏၊ **ကာမာဝစရနတ် (၆)မျိုးတို့သည် လက်ဝဲဖက်ရွှေစောင်းတန်းလှေကားဖြင့်၊ သုဒ္ဓါဝါသဗြဟ္မာတို့နှင့် သဟမ္ပတိမဟာဗြဟ္မာကြီးသည် လက်ျာဖက် ငွေစောင်းတန်း** လှေကားဖြင့် ဆင်းသက်ကုန်၏။

သိကြားမင်းသည် မြတ်စွာဘုရားရှင်၏သပိတ်သက်န်းကို ယူဆောင်ခဲ့၏၊ မဟာ ဗြဟ္မာကြီးသည် သုံးယူဇနာရှိသောထီးဖြူတော်ကိုမိုးလျက်၊ သုယာမနတ်မင်းသည် သားမြီး ယပ်ကိုကိုင်လျက်၊ ပဉ္စသိခမည်သောဂန္ဓဗ္ဗနတ်သားသည် ဥသျှစ်သီးမှည့်ကဲ့သို့ ဝါဖျော့ဖျော့ အဆင်းရှိ၍ ဗေလုဝပဏ္ဍုမည်သော သုံးဂါဝုတ်ခန့်ရှိစောင်းကိုကိုင်လျက် မြတ်စွာဘုရား ရှင်အား ပူဇော်ယင်းဆင်းသက်ကြလေ၏၊ ထိုနေ့၌ မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ ဘုရား အဖြစ်ကိုမတောင့်တပဲတည်သောသတ္တဝါမရှိတော့ပေ။

ပြဆိုခဲ့ပြီးသည်ကား ဣဒ္ဓိဝိဇ တန်ခိုးအရာ၌ မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူသော- အာဝိဘာဝ= ထင်ရှားဖြစ်သည့်တန်ခိုးပြာဋိဟာ ဖြစ်၏။

## ဓမ္မဒိန္နမထေရ်၏လောကဝိဝရဏတန်ခိုး

သီဟိုဠ်ကျွန်း တလင်္ဂရအရပ်၌ သီတင်းသုံးနေထိုင်သော ဓမ္မဒိန္နမထေရ်သည် တိဿ မည်သောကျောင်းကြီး၏ စေတီယင်ပြင်၌ထိုင်ပြီးလျှင် "သုံးပါးသာအကျင့်တရားတို့နှင့် ပြည့်စုံသောရဟန်းသည် အပဏ္ဏကပဋိပဒါမည်သော ကိန်းသေအကျင့်ကို ကျင့်သည်မည် ပေ၏" အစရှိသော အပဏ္ဏကသုတ်ကို ဟောနေစဉ် ယပ်ကိုအောက်ဖက်သို့ ရှေ့ရှုပြုလိုက် ၏၊ အဝီစိတိုင်အောင်တပြင်တည်း ဟင်းလင်းပွင့်လေသည်၊ ထို့နောက် ယပ်ကိုအထက် ဖက်သို့ ရှေ့ရှုပြုလိုက်ပြန်၏၊ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်းဟင်းလင်းပွင့်လေသည်။

ဓမ္မဒိန္နမထေရ်သည် ငရဲဘေးဖြင့်ခြိမ်းခြောက်၍လည်းကောင်း၊ နတ်ပြည်ချမ်းသာဖြင့် ဖြားယောင်း၍လည်းကောင်း၊ တရားဟောတော်မူသည်ရှိသော် အချို့သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာဖြစ်ကြလေသည်။

## တိရောဘာဝ= ကွယ်ပျောက်ခြင်းတန်ခိုး

တန်ခိုးရှင်သည် တိရောဘာဝ ကွယ်ပျောက်ခြင်းကို ပြုလိုလျှင် အလင်းရောင်ကို အမိုက် မှောင်ဖြစ်အောင်၊ အဖုံးအကွယ်မရှိသည်ကိုဖုံးကွယ်အောင်၊ ထင်ပေါ်နေသည်ကို မထင်ပေါ် အောင်ပြုရမည်။

### ဖန်ဆင်းပုံ

တန်ခိုးရှင်သည် အဖုံးအကွယ်မရှိသောသူ မိမိအနီး၌တည်နေသောသူကိုမမြင်ရ အောင် မိမိကိုသော်လည်းကောင်း သူတစ်ပါးကိုသော်လည်းကောင်းပြုလိုလျှင် ဦးစွာ ပါဒက စျာန်ဝင်းစားပြီး ပါဒကစျာန်မှထ၍-"အရောင်အလင်းရှိရာဤအရပ်သည် အမိုက်မှောင် ဖြစ်စေဟုလည်းကောင်း၊ အဖုံးအကွယ်မရှိသောဤအရပ်သည် ဖုံးကွယ်နေသည် ဖြစ်စေဟု လည်းကောင်း၊ ထင်ပေါ်နေသောဤအရာသည် မထင်ပေါ်သည်ဖြစ်စေ"ဟုလည်းကောင်း ဆင်ခြင်၍ပရိကံပြုပြီးလျှင်၊ တဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထ၍ အမိုက်မှောင်ဖြစ်စေ ဖုံးကွယ်နေသည်ဖြစ်စေ မထင်ပေါ်သည်ဖြစ်စေဟု အဓိဋ္ဌာန်အပ်၏ အဓိဋ္ဌာန်သောစိတ်နှင့် တပြိုင်နက်ပင် အဓိဋ္ဌာန်ပြုသည့်အတိုင်းဖြစ်သွား၏။

အနီး၌တည်ကုန်သော်လည်း သူတစ်ပါးတို့သည် မိမိကိုမမြင်ကုန်၊ မမြင်လိုသော တန်ခိုးရှင်သည် သူတစ်ပါးတို့ကို မိမိကိုယ်တိုင်လည်းမမြင်တော့ပေ။

## မြတ်စွာဘုရားရှင်၏တိရောဘာဝတန်ခိုး

မြတ်စွာဘုရားသည် ကိုယ်တော်အနီး၌ထိုင်နေလျက်ရှိသော ယသ အမျိုးသားကို သူ၏ဖခင်မမြင်အောင်ပြုတော်မူ၏၊ ထို့အတူပင် ယူဇနာ (၁၂၀)အရပ်တိုင်အောင် မဟာကပ္ပိနမင်းအား ကြိုဆိုခြင်းကိုပြုတော်မူ၍ ထိုမဟာကပ္ပိနမင်းကို အနာဂါမိဖိုလ်၌၊ မင်း၏ အမတ်တစ်ထောင်ကို သောတာပတ္တိဖိုလ်၌တည်စေပြီးလျှင် မဟာကပ္ပိနမင်းလာခဲ့ရာ လမ်းအတိုင်းလိုက်လာသော မိန်းမတစ်ထောင်အခြံအရံရှိသော အနောဇာဒေဝီမိဖုရားသည် ကိုယ်တော်၏အနီး၌ ထိုင်နေသော်လည်း အခြံအရံပရိတ်သတ်နှင့်တကွ မင်းကိုမမြင်အောင် ပြုတော်မူ၍-

"မဟာကပ္ပိနမင်းကိုတွေ့မြင်ပါသလားအရှင်ဘုရား"ဟု အနောဇာဒေဝီမိဖုရားက မေးလျှောက်သောအခါ " အသို့နည်း အနောဇာ၊ သင့်မှာမင်းကိုရှာခြင်းက ကောင်းမြတ်သလော၊ မိမိကိုယ်ကိုရှာခြင်းက ကောင်းမြတ်သလော"ဟု မေးတော်မူသော် "မိမိကိုယ်ကို ရှာခြင်းကကောင်းမြတ်ပါသည်အရှင်ဘုရား" ဟုဖြေကြားလျှောက်ထားပြီးလျှင် ရှိသေစွာထိုင်နေသော အနောဇာဒေဝီအား အခြံအရံမိန်းမတစ်ထောင်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်အောင် တရားဟောတော်မူ၏၊ တရားနာကြားရသောအမတ်တို့သည် အနာဂါမိဖိုလ်၌ မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။

## မဟိန္ဒမထေရ်၏ တိရောဘာဝတန်ခိုး

မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ရောက်သောနေ့၌ မိမိနှင့်အတူလာကြသော အခြားပုဂ္ဂိုလ်တို့ကို ဒေဝါနံပိယတိဿမင်းမမြင်အောင် အဓိဋ္ဌာန်ပြုလျက် မမြင်အောင်ဖန်ဆင်းသော တိရောဘာဝတန်ခိုးကို ပြုဖူးခဲ့သည်။

## (တစ်နည်း) အာဝိဘာဝ-တန်ခိုး,တိရောဘာဝတန်ခိုးအကြောင်း

တန်ခိုးရှင်ထင်ရှားသောတန်ခိုးပြမှုအလုံးစုံသည် အာဝိဘာဝ တန်ခိုးမည်၏။ တန်ခိုးရှင်မထင်ရှားသော တန်ခိုးပြမှုအလုံးစုံသည် တိရောဘာဝ တန်ခိုးမည်၏။

## အာဝိဘာဝတန်ခိုး

### တန်ခိုးရှင်ထင်ရှားသောအာဝိဘာဝတန်ခိုးပြမှု၌

(တန်ခိုးပြမှု) ပြီးမြောက်မှုတန်ခိုးလည်းထင်ရှား၊ တန်ခိုးရှင်လည်းထင်ရှားသော အာဝိဘာဝတန်ခိုးကို မြတ်စွာဘုရားရှင်၏ ယမိုက်ပြာဋိဟာတန်ခိုးပြမှုဖြင့်သိအပ်၏၊" ဤလောက၌ မြတ်စွာဘုရားရှင်သည် သာဝကတို့နှင့်မသက်ဆိုင်သော ယမိုက်ပြာဋိဟာကိုပြုတော်မူ၏၊ အထက်ပိုင်းကိုယ်တော်မှမီးလျှံစု၊ အောက်ပိုင်းကိုယ်တော်မှရေအယဉ်

ဖြစ်၏" ဤသို့စသည်ဖြင့် တန်ခိုးပြမှုလည်းထင်ရှား၊ တန်ခိုးရှင်လည်း ထင်ရှားခဲ့လေသည်။

## တိရောဘာဝတန်ခိုး

## တန်ခိုးရှင်မထင်ရှားသောတိရောဘာဝတန်ခိုးပြမှု၌

ပြီးမြောက်မှုတန်ခိုးသာထင်ရှား၏၊ တန်ခိုးရှင်ကားမထင်ရှားပေ၊ ဤတန်ခိုးကို မဟာကသုတ်ဖြင့်လည်းကောင်း၊ ဗြဟ္မနိမန္တနသုတ်ဖြင့်လည်းကောင်း သိအပ်, မှတ်အပ်၏။

## အရှင်မဟာက၏ တိရောဘာဝတန်ခိုး

စိတ္တသူကြွယ်သည် အရှင်မဟာကကို "တောင်းပန်ပါသည်အရှင်ဘုရား-အရှင်မဟာကသည် အကျွန်ုပ်အား လူသာမန်တို့၏တရားထက် လွန်မြတ်သောတန်ခိုးပြာဋိဟာပြတော်မူပါ"ဟု လျှောက်၏၊ အရှင်မဟာက-က "ဒါယကာ- သို့ဖြစ်လျှင် ကျောင်းဦးဆင်ဝင်၌ အပေါ်ရုံအဝတ်ကိုဖြန့်ခင်း၍ အဝတ်ပေါ်၌ မြက်အစုကို ဖြန့်ကြဲထားပါလော့" ဟုဆို၏၊ ကောင်းပါပြီအရှင်ဘုရားဟု အရှင်မဟာကအားဝန်ခံပြောကြားပြီးလျှင် စိတ္တသူကြွယ်သည် ကျောင်းဦးဆင်ဝင်၌ အပေါ်ရုံအဝတ်ကိုခင်း၍ အဝတ်ပေါ်၌ မြက်အစုကိုဖြန့်ကြဲထားလေ၏၊ ထိုအခါ အရှင်မဟာကသည် ကျောင်းထဲသို့ဝင်ပြီးလျှင် တိရောဘာဝသဘောရှိသော တန်ခိုးဖန်ဆင်းမှုကို ပြုလေသည်၊ ယင်းသို့သောတန်ခိုးဖန်ဆင်းမှုကြောင့် မီးတောက်မီးလျှံသည် သံကောက်ပေါက် (သော့ပေါက်) ဖြင့်လည်းကောင်း တံခါးရွက်တို့၏ အကြားဖြင့်လည်းကောင်းထွက်၍ မြက်တို့ကိုလောင်လေ၏၊ အပေါ်ဝတ်ရုံကိုကား-မလောင်။ တန်ခိုးဖန်ဆင်းသော အရှင်မဟာကကို စိတ္တသူကြွယ်မမြင်ရပေ။

ဤသည်မှာ တန်ခိုးပြမှုသာထင်ရှား၍ တန်ခိုးရှင်မထင်ရှားသော တိရောဘာဝတန်ခိုးဖြစ်၏။

## မြတ်စွာဘုရားရှင်၏ တိရောဘာဝတန်ခိုး

မြတ်စွာဘုရားရှင်က "ရဟန်းတို့ ထိုအခါ ငါဘုရားသည် ထိုသို့သဘောရှိသော တန်ခိုးဖန်ဆင်းခြင်းကို ပြုခဲ့ပေသည်၊ ဤမျှဖြင့် ဗကဗြဟ္မာသည်လည်းကောင်း၊ ဗကဗြဟ္မာ၏ ပရိသတ်သည်လည်းကောင်း၊ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့သည်လည်းကောင်း၊ ငါ၏ အသံကိုသာကြားရကုန်လတ္တံ့၊ ငါ့ကိုကား မမြင်ရကုန်လတ္တံ့ဟုရည်ရွယ်ကာ ကိုယ်ရောင်ဖျောက်လျက်--

"ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိံ"

မာရိသာ= ငါဘုရားကိုတွေ့မြင်ရန်-ရှာကြံနေကြကုန်သောဗြဟ္မာအပေါင်းတို့ အဟံ = ငါဘုရားသည်၊ ဘဝေ= ဘဝသံသရာထဲ၌၊ ဘယံ= အိုခြင်း, နာခြင်း, သေခြင်းအစရှိသောဘေးကို၊ ဒိသွာဧဝ= မြင်သောကြောင့်သာလျှင်၊ ဝိဘဝေသိနံ= ဘဝကင်းရာ ကိုရှာကြံနေကြသူတို့၏၊ ဘဝဉ္စ= တွယ်တာမှုမကင်းသောကြောင့် အဖန်တလဲလဲ ဖြစ်နေရခြင်းကိုလည်း၊

ဒိသွာဝေ= မြင်သောကြောင့်သာလျှင်၊ ကိဉ္စိဘဝံ= တစ်စုံတစ်ခုသောဘဝကိုမျှ၊ နအဘိဝဒိ = မချီးမွမ်းသတည်း၊ နန္ဒိဥ္စ= ဘဝ၌နှစ်သက်ပျော်မွေ့သောတဏှာကိုလည်း၊ နဥပါဒိယိ= ဆွဲကိုင်မထားပဲ ပြတ်စဲစွန့်လွှတ်လိုက်လေသတည်း" ဟူသောဂါထာကို ရွတ်ဆိုဟောကြားခဲ့ပြီ။

ဤသည်မှာ မြတ်စွာဘုရားရှင်၏ အသံတော်ကိုသာကြားရ၍ မြတ်စွာဘုရားရှင်ကို မမြင်ရခြင်း တိရောဘာဝ တန်ခိုးဖြစ်၏။

## တိရောကုဋ္ဋ တိရောပါကာရစသောပုဒ်အဖွင့်

နံရံ၏တစ်ဖက်၊ နံရံ၏ထိုဖက်အဖို့သည် **တိရောကုဋ္ဋ**၊ တံတိုင်း၏တစ်ဖက်သည် **တိရောပါကာရ**၊ တောင်၏တစ်ဖက်သည် **တိရောပဗ္ဗတ**၊ အထူးမှာ= **ကုဋ္ဋ**သည် အိမ်နံရံ၏ အမည်၊ **ပါကာရ**သည် အိမ်,ကျောင်းတိုက်, ရွာစသည်တို့၏ အရံအတား တံတိုင်းတို့၏အမည်၊ **ပဗ္ဗတ**သည်- မြေတောင်၊ ကျောက်တောင်၏အမည်၊ မငြိ-မထိ မတိုက်ခြင်းသည် **အသဇ္ဇ-မာန**မည်၏။ သေယျထာပိ အာကာသေကို ကောင်းကင်၌ကဲ့သို့-ဟုဘာသာပြန်ပါ။

## ကောင်းကင်၌ခရီးသွားလိုသော်-

ကောင်းကင်၌ခရီးသွားလိုသော တန်ခိုးရှင်ရဟန်းသည် အာကာသကသိုဏ်းကို စတုတ္ထ ဈာန်ထိ ဝင်စားရမည်၊ ထိုဈာန်မှထပြီးလျှင် နံရံ၊ တံတိုင်း၊ မြင်းမိုရ်တောင်၊ စကြာဝဠာတောင် စသည်တို့တွင် တစ်ပါးပါးကို အပေါက်အခေါင်း အာကာသဖြစ်စေဟုဆင်ခြင်လျက် ပရိကံ ပြုပြီး (ပါဒကဈာန်ဝင်စား၊ ထိုဈာန်မှထ၍) ဤအရပ်၌ အပေါက်အခေါင်းအာကာသ ဖြစ်စေဟု အဓိဋ္ဌာန်အပ်၏၊ ထိုအရပ်၌ အာကာသသာ ဖြစ်လေ၏။

အောက်သို့ဆင်းလိုသူ အထက်သို့တက်လိုသူတန်ခိုးရှင်အတွက် ထိုနံရံ တံတိုင်း တောင်သည် အခေါင်းရှိသည်သာဖြစ်လေ၏၊ ထုတ်ချင်းပေါက်သွားလိုသူ တံခိုးရှင်အတွက် အပေါက်ရှိသည်သာဖြစ်လေ၏၊ တန်ခိုးရှင်သည် အခေါင်းအပေါက်ရှိနေသော ထိုနံရံ, တံတိုင်း, တောင်၌ မထိမငြိပဲသွားနိုင်၏။

## အာကာသကသိုဏ်း၌ တိပိဋကစူဠာဘယမထေရ်ယူဆပုံ

တိပိဋကစူဠာဘယမထေရ်မိန့်ဆိုသည်မှာ "ငါ့ရှင်တို့ အာကာသဖန်ဆင်းရန် အာကာသကသိုဏ်းကိုဝင်စားခြင်းသည် အဘယ်အကျိုးရှိသနည်း? ဆင်မြင်းစသည်ကို ဖန်ဆင်းလိုလျှင် ဆင်ကသိုဏ်း မြင်းကသိုဏ်းစသည်ကိုဝင်စားရသလော၊ ပထဝီကသိုဏ်း စသည့်တို့တွင် တစ်ပါးပါးသောကသိုဏ်း၌ ဈာန်ဝင်စားပြီးလျှင် ပရိကံပြု၍ အာကာသ ဖြစ်စေဟုအဓိဋ္ဌာန်အပ်၏၊ ထိုသို့ပြုသင့်ရာဝယ် သမာပတ်ရှစ်ပါးတို့၌ ဝသီဘော်မြောက်ခြင်း သည်သာ ပမာဏမဟုတ်ပါလော" ဟုမိန့်ဆိုရာ- ရဟန်းများကလည်း-

"အရှင်ဘုရား ပါဠိ၌ အာကာသဖန်ဆင်းရာဝယ် အာကာသကသိုဏ်းသာ လာရှိသည်၊ ထို့ကြောင့် အာကာသဖန်ဆင်းရာ၌၊ အာကာသကသိုဏ်းဝင်စားခြင်းကို မချွတ်ဧကန်ဆိုအပ် ဆိုသင့်ပါသည်"ဟုပြန်လည်လျှောက်ထားကြကုန်၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

အာကာသ၌ သွားလိုသူတန်ခိုးရှင်သည် "ပကတိပင်ကိုယ်အားဖြင့် အာကာသကသိုဏ်းကို နိုင်နင်းစွာရသူဖြစ်၏၊ ထိုသူသည် နံရံ, တံတိုင်း, တောင်စသည်တို့၏ တစ်ဖက်ကို ဆင်ခြင်ပြီးလျှင် အာကာသဖြစ်စေ-ဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏၊ အာကာသဖြစ်သွား၏၊ နံရံ, တံတိုင်း, တောင်စသည်တို့၏ အခြားတစ်ဖက်သို့ မထိမငြိသွားနိုင်၏။

ပင်ကိုယ်ပကတိ တန်ခိုးမရှိသောလူတို့သည် တစ်စုံတစ်ခုဖြင့် မပိတ်ပင်မတားဆီးအပ် အကာအရံမရှိသောအရပ်၌ မထိမငြိကုန်ပဲ သွားကြကုန်သကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောထိုတန်ခိုးရှင်သည် နံရံ၊ တံတိုင်း၊ တောင်စသည်တို့၏ တစ်ဖက်သို့ မထိမငြိသွားနိုင်၏၊ ကောင်းကင်၌သွားသကဲ့ပင်ဖြစ်၏။

မေး- တန်ခိုးရှင်ရဟန်း အဓိဋ္ဌာန်ပြု၍သွားနေစဉ် လမ်းခုလတ်ကြား၌ တောင်သော်လည်းကောင်း၊ သစ်ပင်သော်လည်းကောင်း၊ ပေါက်လာခဲ့သော် တစ်ဖန်ဝင်စား၍ အဓိဋ္ဌာန်ပြုအပ်ပါသလော။

ဖြေ- တစ်ဖန် အဓိဋ္ဌာန်ပြုခြင်း၌အပြစ်မရှိပေ၊ တစ်ဖန်ဝင်စား၍အဓိဋ္ဌာန်ပြုခြင်းသည် ဥပဇ္ဈာယ်ဆရာ့ထံ၌ နိဿယယူသည်နှင့်တူ၏၊ သို့သော်လည်း တန်ခိုးရှင်ရဟန်းက "အာကာသဖြစ်စေ" ဟုအဓိဋ္ဌာန်ပြုထားပြီးဖြစ်သောကြောင့် ဟင်းလင်းပြင်အာကာသဖြစ်နေသည်သာတည်း၊

ရှေးအဓိဋ္ဌာန်၏အစွမ်းဖြင့်ပင် ထိုတန်ခိုးရှင်ရဟန်းမှာ အကြား၌ ဥတုကြောင့်ဖြစ်သောတောင်, သစ်ပင်စသည် ပေါက်ရောက်နိုင်ခွင့်မရှိသည်သာတည်း၊ အခြားတန်ခိုးရှင်က ဖန်ဆင်းလျှင်ကား- ပထမဖန်ဆင်းမှုကအားကြီး၏၊ ထို့ကြောင့် နောက်ဖန်ဆင်းသူ၏ တောင်, သစ်ပင်စသည်သည် ပထမဖန်ဆင်းထားသောအာကာသ၏ အထက်သို့ဖြစ်စေ အောက်သို့ဖြစ်စေ ရောက်သွားရလေ၏။

### ပထဝိယာပိ ဥမ္မုဇ္ဇ နိမုဇ္ဇံ-ပုဒ်အဖွင့်

- ဥမ္မုဇ္ဇဟူသည်- မြေကြီးမှ အထက်သို့ ပေါ်တက်ခြင်းဖြစ်၏၊
- နိမုဇ္ဇဟူသည်- မြေကြီးထဲသို့ ငုပ်ခြင်းဖြစ်၏၊

### မြေကြီးထဲ၌ပေါ်ခြင်းငုပ်ခြင်းပြုပုံ

မြေကြီးထဲ၌ ပေါ်ခြင်းငုပ်ခြင်းကိုပြုလိုသောတန်ခိုးရှင်သည် အာပေါကသိုဏ်းကို စတုတ္ထစျာန်ထိဝင်စားပြီးလျှင် ထိုစျာန်မှထ၍ ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေ-ဟုပိုင်းခြားလျက် ပရိကံပြုပြီး၊ တစ်ဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထ၍ ဤမျှသောအရပ်၌ မြေသည်ရေဖြစ်စေဟု အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သည်နှင့်တပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ မြေသည် ရေအတိသာ ဖြစ်၏၊ တန်ခိုးရှင်သည် ထိုရေ၌ ငုပ်ခြင်းပေါ်ခြင်း ပြုနိုင်၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

တန်ခိုးရှင်သည် ပကတိပင်ကိုယ်အားဖြင့် အာပေါကသိုဏ်းသမာပတ်ကို နိုင်နင်းစွာရသူဖြစ်၏၊ ထိုတန်ခိုးရှင်သည် မြေကိုဆင်ခြင်၏၊ ထိုနောက် ရေဖြစ်စေဟုဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ ရေဖြစ်သွား၏၊ တန်ခိုးရှင်သည် ရေဖြစ်နေသောမြေကြီးထဲ၌ ငုပ်ခြင်း,ပေါ်ခြင်းကိုပြုနိုင်၏။

တန်ခိုးမရှိသော ပကတိလူတို့သည် ရေထဲ၌ငုပ်ခြင်း၊ ပေါ်ခြင်းပြုကြသကဲ့သို့ ထိုအတူ သမာပတ်ရှစ်ပါးစိတ်ကိုနိုင်နင်းသောတန်ခိုးရှင်သည် ရေဖြစ်အောင်ဖန်ဆင်းထားသော မြေကြီးထဲ၌ ငုပ်ခြင်း၊ ပေါ်ခြင်းကိုပြုနိုင်၏၊ ရေထဲ၌ ငုပ်ခြင်းပေါ်ခြင်းပြုသကဲ့သို့ပင်ဖြစ်၏။

## ဖန်ဆင်းသောမြေ၌ အမှုမျိုးစုံပြုနိုင်ပုံ

တန်ခိုးရှင်သည် ရေအဖြစ်ဖန်ဆင်းထားသောမြေကြီး၌ ငုပ်ခြင်းပေါ်ခြင်းမျှကိုသာ ပြုနိုင်သည်မဟုတ်သေး၊ ရေချိုးခြင်း၊ မျက်နှာသစ်ခြင်း၊ သောက်သုံးခြင်း၊ သကၤန်း၊ သပိတ် စသည်ကိုလျှော်ခြင်း ဆေးခြင်းစသော အလိုရှိရာရာအမှုကိုလည်းပြုနိုင်၏။

ရေသက်သက်ကိုသာပြုနိုင်သည်မဟုတ်သေး၊ ထောပတ်, ဆီ, ပျားရည်, တင်လဲ စသည်တို့တွင်လည်း အလိုရှိရာကိုပြုစွမ်းနိုင်သည်သာဖြစ်၏၊ မြေကြီးကိုကော်ခပ်ကာ အိုး၌ထည့်၍ တည်သူအား အိုးထဲ၌ ထောပတ်, ဆီ, ရေစသည်ဖြစ်နေ၏၊

တန်ခိုးရှင်သည် (မြေကိုဖန်ဆင်းထားသည့်)ထိုရေ၌ တစ်စုံတစ်ခုကို စိုစွတ်စေလိုသော် သာလျှင် စိုစွတ်၏၊ မစိုစွတ်စေလိုမူမစိုစွတ်ပေ၊ ထိုမြေကြီးသည် ဖန်ဆင်းသူတန်ခိုးရှင်အားသာ ရေဖြစ်နေသည်၊ အခြားလူများမှာ မြေသာဖြစ်၏။

(ရေအဖြစ်ဖန်ဆင်းထားသော) ထိုမြေကြီး၌ လူတို့သည် သွားလာမှု ထွန်ယက်စိုက်ပျိုးမှု စသည်ကို ပြုကုန်သည်သာဖြစ်၏၊ အကယ်၍ တန်ခိုးရှင်သည် ထိုအခြားလူတို့အားလည်း မြေကို ရေဖြစ်စေလိုမူ အလိုရှိသည့်အတိုင်းဖြစ်သည်သာတည်း ပိုင်းခြားထားသောကာလကို ကျော်လွန်သောအခါ၌ကား အိုး, ရေကန်စသည်တို့၌တည်ရှိသော မူလရေမှတစ်ပါး ပိုင်းခြား ဖန်ဆင်းထားသည့်ရေ အရပ်ဌာနသည် မြေကြီးသာ ပြန်ဖြစ်သွားလေ၏။

## ဥဒကေပိ အဘိဇ္ဇမာနေပုဒ်အဖွင့်

## ရေပြင်ပေါ်၌လျှောက်သွားနိုင်ပုံ

နင်းလိုက်လျှင် နစ်ကျသွားသော ရေကို (ဘိဇ္ဇမာန) ကွဲသောရေ-ကျွံသောရေ ဟုဆို၏၊ မကွဲ မကျွံသောရေကို **အဘိဇ္ဇမာန** ဟုဆို၏။

မကွဲမကျွံကျသောရေ၌ သွားလိုသော တန်ခိုးရှင်သည် **ပထဝီကသိုဏ်း**ကို စတုတ္ထဈာန် ရသည်အထိ ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ဤမျှသောအရပ်၌ ရေသည် မြေဖြစ်စေ-ဟု ပရိကံပြု၊ တဖန် ဈာန်ဝင်စား၊ ထိုဈာန်မှထပြီး မြေဖြစ်စေဟု-အဓိဋ္ဌာန်အပ်၏ အဓိဋ္ဌာန်သည် နှင့်တပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ ရေသည် မြေအတိဖြစ်သွား၏၊ ထိုတန်ခိုးရှင်သည်

မြေကြီးဖန်ဆင်းထားသော ထိုရေပြင်ပေါ်၌ အလိုရှိသလိုသွားနိုင်၏၊

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

တန်ခိုးရှင်သည် ပကတိပင်ကိုယ်အားဖြင့် ပထဝီကသိုဏ်း၊ သမာပတ်ကို နိုင်နင်းစွာရသူဖြစ်၏၊ ထိုတန်ခိုးရှင်သည် ရေကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် မြေဖြစ်စေဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ မြေဖြစ်သွား၏၊ တန်ခိုးရှင်သည် မကွဲ မကျွံသော (မြေကြီးဖြစ်အောင် ဖန်ဆင်းထားသော) ရေပြင်၌ အလိုရှိသလိုသွားနိုင်၏၊

တန်ခိုးမရှိသောပကတိလူတို့သည် မကွဲမကျွံသော မြေပြင်၌ သွားကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောတန်ခိုးရှင်သည် မကွဲ မကျွံသောရေပြင်၌ အလိုရှိသလိုသွားနိုင်၏၊ မြေပြင်၌သွားသကဲ့သို့ပင်ဖြစ်၏။

## ဖန်ဆင်းထားသောရေပြင်၌ အလိုရှိသလို ဆောင်ရွက်နိုင်ပုံ

တန်ခိုးရှင်သည် မြေကြီးအဖြစ်ဖန်ဆင်းထားသော ရေပြင်၌သွားရုံ လမ်းလျှောက်ရုံသက်သက်သာမဟုတ်၊ အလိုရှိရာ ဣရိယာပုထ်ကိုလည်းပြုနိုင်၏၊ မြေကြီးဖြစ်အောင်သာပြုနိုင်သည်မဟုတ်သေး၊ ပတ္တမြား၊ ရွှေ၊ တောင်၊ သစ်ပင်စသည်တိုတွင် အလိုရှိရာကိုတန်ခိုးဖန်ဆင်းပုံအစီအစဉ်အတိုင်း ဆင်ခြင်၍ အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်သည့်အတိုင်းပင်ဖြစ်၏၊ ထိုရေသည် ဖန်ဆင်းသူအားသာ မြေကြီးဖြစ်သည်၊ အခြားလူများအတွက် ရေသာလျှင်ဖြစ်နေ၏၊ ငါး, လိပ်, ရေကျီးစသောသတ္တဝါတို့သည် ထိုရေထဲ၌ အလိုရှိတိုင်းသွားလာကျက်စားနေကုန်၏၊ အကယ်၍ တန်ခိုးရှင်သည် အခြားလူတို့အားလည်း ထိုရေကို မြေကြီးဖြစ်အောင်ပြုလိုငြားအံ့၊ ပြုနိုင်သည်သာတည်း၊ ပိုင်းခြားထားသောကာလကိုကျော်လွန်သောအခါ၌မူ ရေသာလျှင်ပြန်ဖြစ်သွားလေသည်။

## အာကာသေပိ, ပလ္လင်္ကေန ကမတိပုဒ်အဖွင့်

အာကာသေပိ= ကောင်းကင်၌လည်း၊ ပလ္လင်္ကေန= တင်ပလ္လင်ခွေထိုင်ခြင်းဖြင့် (ဝါ) ထိုင်လျက်၊ ကမတိ= သွား၏။ သေယျထာပိ ပက္ခီသကုဏော= အတောင်ရှိသောငှက်ကဲ့သို့။

## တန်ခိုးဖန်ဆင်းပုံ

အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်လျက် သွားလိုသောတန်ခိုးရှင်သည် ပထဝီကသိုဏ်းကို စတုတ္ထစျာန်ရသည်ထိဝင်စားပြီးလျှင်၊ ထိုစျာန်မှထ၍ ထိုင်လျက်သွားလိုလျှင် တင်ပလ္လင်ခွေပမာဏရှိသောအရပ်ကို ပိုင်းခြား၍ ပရိကံပြုပြီး တန်ခိုးဖန်ဆင်းပုံအစီအစဉ်တိုင်းပြုလုပ်၍ အဓိဋ္ဌာန်အပ်၏။

အကယ်၍ လဲလျောင်းလျက်သွားလိုပါမူ ညောင်စောင်း (ခုတင်)ပမာဏရှိသောအရပ်ကို၊ ခြေလျင်သွားလိုပါမူ လမ်းပမာဏရှိသောအရပ်ကို၊ ဤသို့အားဖြင့် သင့်လျော်သော

အရပ်ကိုပိုင်းခြားပြီးလျှင် တန်ခိုးဖန်ဆင်းပုံအစီအစဉ်အတိုင်းပြု၍ မြေဖြစ်စေဟု အဓိဋ္ဌာန် အပ်၏၊ အဓိဋ္ဌာန်သည်နှင့်တပြိုင်နက် မြေသားအတိဖြစ်သွား၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်၌ တင်ပလ္လင်ခွေဖြင့် သွားလိုသော တန်ခိုးရှင်သည် ပကတိပင်ကိုယ်အားဖြင့် ပထဝီကသိုဏ်းသမာပတ်ကို နိုင်နင်းစွာရသူဖြစ်၏၊ ထိုတန်ခိုးရှင်သည် ကောင်းကင်ကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် မြေဖြစ်စေဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏ မြေဖြစ်သွား၏၊ တန်ခိုးရှင်သည် အထက်ကောင်းကင်၌ ဣရိယာပုတ်လေးပါးကို အလိုရှိတိုင်းပြုစွမ်းနိုင်၏၊

တန်ခိုးမရှိသောပကတိလူတို့သည် ပကတိမြေကြီးပေါ်၌ သွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း လျောင်းခြင်းပြုကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောတန်ခိုးရှင်သည် အထက်ကောင်းကင်၌ လျောင်း, ထိုင်, ရပ်, သွား, ဣရိယာပုထ်လေးပါးကို အလိုရှိတိုင်း ပြုနိုင်၏။

## ကောင်းကင်ခရီးသွားသောရဟန်း ဒိဗ္ဗစက္ခုရသင့်ပုံ

ကောင်းကင်ခရီးသွားလိုသောရဟန်းသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုရဟန်း အဓိဋ္ဌာန်ပြု၍ သွားနေစဉ်အကြား၌ ဥတုကြောင့် ဖြစ်ကုန်သော တောင်, သစ်ပင်စသည်တို့ ဖြစ်ပေါ်ခဲ့သော်လည်းကောင်း၊ နဂါး၊ ဂဠုန်စသည် တို့က မနာလို၍ ဖန်ဆင်းခဲ့သော်လည်းကောင်း၊ ထိုအန္တရာယ်တို့ကို ကြိုတင်မြင်နိုင်ဘို့ရန်နှင့် သင့်လျော်လျောက်ပတ်သောအရပ်၌ သက်ဆင်းရန်အကျိုးငှါ တန်ခိုးရှင်ရဟန်းသည် ဒိဗ္ဗစက္ခု အဘိညာဉ်ရသင့်ပေသည်။

တန်ခိုးရှင်သည် သက်ဆင်းရန်မသင့်သည့် ရေချိုးဆိပ်၊ ရွာတံခါးဝ စသောနေရာတို့၌ သက်ဆင်းမိခဲ့သော် ကောင်းကင်ခရီးဖြင့် ကြွလာသောရဟန်းဖြစ်ကြောင်း လူအများသိ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ထင်ရှားပေါ်လွင်သွားတတ်၏၊ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့် ကြည့် ပြီးလျှင် မဆင်းသင့်သောအရပ်ကိုကြဉ်ရှောင်၍ ဆင်းသင့်သော လူသူကင်းဆိတ်ရာအရပ်၌ ဆင်းနိုင်၏။ ထို့ကြောင့် ကောင်းကင်ခရီးသွားလိုသောရဟန်းသည် ဒိဗ္ဗစက္ခုအဘိညာဉ် ရသင့်ပေသည်။

## လမ်းခရီးကြား၌ တောင်,သစ်ပင်စသည်တို့ကိုရှောင်လွှဲပုံ

လမ်းခရီးကြား၌ ရာသီဥတုကြောင့်ဖြစ်ပေါ်လာသော တောင်,သစ်ပင်စသည် အန္တရာယ်များနှင့် နဂါးဂဠုန်စသည်တို့ကပြုလုပ်၍ဖြစ်ပေါ်လာသောအန္တရာယ်တို့ကို ပယ်ဖျောက်ရန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထကာ ဟင်းလင်းပြင်အာကာသဖြစ်စေဟု ပရိကံပြုပြီး တဖန် ပါဒကစျာန်ဝင်းစား၊ ထိုစျာန်မှထ၍ အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သည်နှင့် တပြိုင်နက် ဟင်းလင်းပြင် အာကာသဖြစ်သွား၏။

*မှတ်ချက်– ဤနေရာ၌လည်း တိပိဋကစူဋာဘယမထေရ်က သမာပတ်တဖန်ပြန်ဝင်စားခြင်းကို အလိုမရှိပေ၊ တန်ခိုးရှင်က အာကာသဖြစ်စေဟုအဓိဋ္ဌာန်ထားလျှင် အာကာသသာလျှင်ဖြစ်၏ဟုဆို၏၊ ထိုမထေရ်၏အဆိုကို ရဟန်းတော်တို့က တိရောကုဋ္ဋပြာဋိဟာ၌ ဆိုခဲ့သောနည်းဖြင့် ပြန်လည်ချေဖျက်ထားကုန်၏။*

## လနှင့်နေတို့တန်ခိုးအာနုဘော်ကြီးပုံ

ယူဇနာ လေးသောင်းနှစ်ထောင်အထက်၌ သွားခြင်းကိုကြည့်၍ လနှင့်နေတို့ တန်ခိုးကြီးပုံကို သိနိုင်ပေသည်။ ကျွန်းကြီးလေးကျွန်းရှိသည့်အနက် ကျွန်းကြီးသုံးကျွန်းတို့၌ တပြိုင်နက် အလင်းရောင်ဖြန့်နိုင်ခြင်းကို ကြည့်၍ လနှင့်နေတို့ အစွမ်းအာနုဘော်ကြီးပုံကို သိနိုင်ပေသည်။

**(တစ်နည်း)** မြင့်စွာဝေးစွာသော အထက်ကောင်းကင်၌ သွားခြင်း၊ ကျွန်းကြီးသုံးကျွန်းတို့၌ အလင်းရောင်တပြိုင်နက် ဖြန့်နိုင်ခြင်းတို့ကြောင့် မဟိဒ္ဓိက တန်ခိုးကြီးသည်ဟုလည်းကောင်း၊ ထိုသို့တန်ခိုးကြီးသောကြောင့်ပင် မဟာနုဘာဝ အစွမ်းအာနုဘော်ကြီးသည်ဟုလည်းကောင်း ဆိုပေသည်။

## လနှင့်နေတို့ကိုကိုင်တွယ်သုံးသပ်ရာ၌ ပါဒကစျာန်ဖြင့်ပင်ပြီးစီးပုံ

ထိုကဲ့သို့ တန်ခိုးအာနုဘော်ကြီးကုန်သော လနှင့်နေတို့ကို ကိုင်တွယ်သုံးသပ်လိုသော တန်ခိုးရှင်၏တန်ခိုးသည် အဘိညာဉ်၏အခြေခံပါဒကစျာန် တစ်ပါးပါး၏အစွမ်းဖြင့်သာလျှင် ပြီးစီး,ပြီးမြောက်၏၊ ဤလနှင့်နေတို့ကို ကိုင်တွယ်သုံးသပ်ခြင်းတန်ခိုးအရာ၌ မည်သည့် ကသိုဏ်းစျာန်ကို အခြေခံဝင်စားရမည်ဟု ကသိုဏ်းသမာပတ်ကို သီးခြားကန့်သတ်ခြင်းမရှိပေ။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

တန်ခိုးအာနုဘော်ကြီးသော လနှင့်နေတို့ကို လက်ဖြင့်ကိုင်တွယ်သုံးသပ်ရာ၌ သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောတန်ခိုးရှင်သည် လနှင့်နေတို့ကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် (၁-တောင့်ထွာ) ဟတ္ထပါသ်အတွင်း၌ ဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏၊ လနှင့်နေတို့သည် ဟတ္ထပါသ်အတွင်း၌ဖြစ်လာ၏၊ တန်ခိုးရှင်သည် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ၊ လနှင့်နေတို့ကို လက်ဖြင့်သုံးသပ်ပွတ်သပ်၏။

တန်ခိုးမရှိသော ပကတိလူတို့သည် ဟတ္ထပါသ်အတွင်းရှိသော ရုပ်ဝတ္ထုတစ်စုံတစ်ခုကို သုံးသပ်ပွတ်သပ်ကြသကဲ့သို့ပင် ဖြစ်သည်။

## လနှင့်နေတို့ကိုသုံးသပ်ရာ၌ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်ကသုံးသပ်ပုံ

တန်ခိုးရှင်သည် အလိုရှိလျှင် လ နေတို့ထံသွား၍ သုံးသပ်နိုင်၏၊ လူပြည်လောက၌ပင် ထိုင်လျက်၊ လျောင်းလျက် လ-နေတို့ကိုသုံးသပ်လိုလျှင် ဟတ္ထပါသ်အတွင်း၌ဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်အစွမ်းကြောင့် အညှာမှပြုတ်ကျသော ထန်သီးကဲ့သို့ ရောက်လာကုန်၍ မိမိ၏ဟတ္ထပါသ်အတွင်း၌ တည်ရှိကြသည်ကိုလည်းသုံးသပ်၏၊ မိမိ၏လက်ကို

ပွါးစေရှည်စေ၍လည်း (ဝါ) လက်ကို အရှည်ကြီးဖြစ်အောင်ဖန်ဆင်း၍လည်း လ-နေတို့ကို သုံးသပ်ကိုင်တွယ်နိုင်၏။

လက်ကို ပွါးစေရာ၌ (ဝါ) လက်ကိုအရှည်ကြီးဖြစ်အောင်ပြုလုပ်ရာ၌ ဥပါဒိန္နကခေါ် ကိုယ်တွင်းရုပ်က ရှည်ထွက်သွားသလော အနုပါဒိန္နကခေါ် ကိုယ်ပရုပ်က ရှည်ထွက်သွားသလော-ဟူမူ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်က ရှည်ထွက်သွားခြင်းဖြစ်၏။ ထိုရှည်သော လက်ကြီးဖြင့် လနှင့်နေတို့ကို သုံးသပ်ကိုင်တွယ်နိုင်၏။

## ကိုယ်ပရုပ်ကသုံးသပ်မှုနှင့်စပ်၍ တိပိဋကစူဠနာဂမထေရ်ယူဆပုံ

တိပိဋကစူဠနာဂမထေရ်က"အသို့နည်း ငါ့ရှင်တို့ တန်ခိုးရှင်သည် ဥပါဒိန္နကခေါ် ကိုယ်တွင်းရုပ်ကို သေးငယ်အောင်၊ ကြီးမားအောင် အမျိုးမျိုးဖန်ဆင်း၍ရသည်မဟုတ်ပါလော၊ တန်ခိုးရှင်သည် သံကောက်ပေါက် (သော့ပေါက်)စသည်တို့ဖြင့် ထွက်သွားသည့်အခါ ကိုယ်တွင်းရုပ်က သေးငယ်သွားသည်မဟုတ်ပါလော၊ ကြီးမားသောခန္ဓာကိုယ်ကြီးကို ဖန်ဆင်းလိုသည့်အခါ နန္ဒောပနန္ဒနဂါးမင်းကိုဆုံးမသော အရှင်မဟာမောဂ္ဂလာန်မထေရ်ကဲ့သို့ ခန္ဓာကိုယ်ကြီးမားသွားသည် မဟုတ်ပါလော၊ ဟုမိန့်တော်မူ၏။

## နန္ဒောပနန္ဒနဂါးမင်းအကြောင်း

အခါတစ်ပါး၌ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်ကို နာကြားပြီးလျှင် မြတ်စွာဘုရားရှင်အား ရဟန်းငါးရာနှင့်တကွ မိမိအိမ်သို့ နက်ဖြန် နေ့ဆွမ်းဘုဉ်းပေးကြွတော်မူပါရန် တောင်းပန်လျှောက်ထားလေ၏၊

မြတ်စွာဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူပြီး ထိုနေ့ပိုင်းအကြွင်းနှင့် ညဉ့်ပိုင်းအဖို့တို့ကိုကုန်လွန်စေလျက် နံနက်မိုးသောက် အရုဏ်တက်ချိန်၌ တစ်သောင်းသောလောကဓာတ်ကို ကြည့်ရှုတော်မူသော် နန္ဒောပနန္ဒနဂါးမင်းသည် မြတ်စွာဘုရားရှင်၏ ဉာဏ်တော်၌ ထင်ပေါ်လာလေ၏။

မြတ်စွာဘုရားရှင်သည် မိမိ၏ဉာဏ်တော်၌ထင်ပေါ်လာသောနဂါးမင်းမှာ သဒ္ဓါတရားဖြစ်ကြောင်း ဥပနိဿယရှိ၏လော-ဟုဆင်ခြင်ကြည့်သော် နဂါးမင်းသည် မိစ္ဆာအယူရှိ၏၊ ရတနာသုံးပါးတို့၌ မကြည်ညိုဟုမြင်တော်မူ၍ မည်သူသည် ဤနဂါးကို မိစ္ဆာအယူမှ လွတ်မြောက်စေနိုင်ပါမည်နည်းဟုဆင်ခြင်ပြန်သော် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို မြင်တော်မူလေသည်။

ထိုညဉ့်လင်းသော် ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူပြီးနောက် အရှင်အနန္ဒာကို "အာနန္ဒာ- နတ်ပြည်သို့လှည့်လည်ရန် ဘုရားကြွတော်မူမည့်အကြောင်း ရဟန်းငါးရာတို့အား ပြောကြားလေလော့"ဟု မိန့်တော်မူ၏။

ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်းအတွက် စားသောက်ပွဲကျင်းပရန် အခင်းအကျင်းကို စီမံပြုပြင်နေကြသည်။ နန္ဒောပနန္ဒနဂါးမင်းသည် နတ်ပြည်ဖြစ် ရတနာပလ္လင်ထက်၌ နတ်ပြည်ဖြစ်

ထီးဖြူဖြင့်ဆောင်းမိုးလျက် အရွယ်သုံးပါး ကချေသည်တို့ဖြင့် နဂါးပရိသတ် ခြံရံခစားကြ ကုန်လျက် နတ်ပြည်ဖြစ် ရတနာခွက်တို့၌ထည့်ထားသော ထမင်းအဖျော်အစီအရင်တို့ကို ကြည့်ရှုလျက် ထိုင်နေလေသည်။

မြတ်စွာဘုရားသည် နဂါးမင်းမြင်အောင်ပြုလျက် နဂါးမင်း၏အထက်အရပ်မှ ရဟန်းငါးရာတို့နှင့်တကွ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေ၏။

ထိုအချိန်အခါက နန္ဒောပနန္ဒနဂါးမင်းအား ဤသို့ယုတ်မာသော မိစ္ဆာအယူဖြစ်လျက် ရှိ၏၊ ဤဖိုးကတုံးကလေး ရဟန်းယုတ်ကလေးတို့သည် ငါတို့၏အထက်ထက်ဘုံအရပ်ဖြင့် တာဝတိံသာနတ်ပြည်သို့ ဝင်ထွက်သွားလာကုန်၏၊ ယခုအခါ ဤနေ့မှစ၍ ဤရဟန်းတို့အား ငါတို့၏ ဦးထိပ်ထက်၌ ခြေမှုန့်မြူမှုန်ကို ကြဲချကုန်လျက် သွားခွင့်မပေးတော့အံ့-ဟု ကြံစည်ကာ မြင်းမိုရ်တောင်သို့ သွားပြီးလျှင် သူ၏ပကတိခန္ဓာကိုယ်ကိုစွန့်ပြီး မြင်းမိုရ်တောင်ကို သူ၏ ကိုယ်အခွေတို့ဖြင့် ခုနစ်ကြိမ်ခုနစ်ပတ်တိုင်တိုင်ရစ်ပတ်၍ တောင်ထိပ်၌ ပါးပျဉ်းကိုပြုလျက် တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းဖြင့်အုပ်မိုးကာ မမြင်ရအောင် ပြုထားလေ၏။

အရှင်ရဋ္ဌပါလ-က မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား ရှေ့အခါကဆိုလျှင် ဤအရပ် ဒေသ၌တည်လျက် မြင်းမိုရ်တောင်, တောင်ခါးပန်း, တာဝတိံသာ, ဝေဇယန္တာပြာသာဒ်, ပြာသာဒ်ထက်၌ လွင့်နေသော တံခွန်အလံတို့ကို မြင်ရပါသည်။ ယခု ထိုအလုံးစုံကို အဘယ့် ကြောင့်မမြင်ရပါသနည်း အရှင်ဘုရား"ဟုလျှောက်၏။

မြတ်စွာဘုရားရှင်က "ရဋ္ဌပါလ, နန္ဒောပနန္ဒနဂါးမင်းသည် သင်တို့ကိုအမျက်ထွက်သော ကြောင့် မြင်းမိုရ်တောင်ကို သူ၏ကိုယ်အခွေဖြင့် ခုနစ်ကြိမ် ခုနစ်ပတ်တိုင်တိုင်ရစ်ပတ်၍ တောင်ထိပ်၌ ပါးပျဉ်းဖြင့်ဖုံးအုပ်လျက် အမှောင်ချ၍တည်နေသည်"ဟု မိန့်တော်မူ၏။

ထိုနဂါးမင်းကို တပည့်တော်ဆုံးမပါမည်ဘုရားဟု အရှင်ရဋ္ဌပါလက လျှောက်ထား၏၊ မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာစသော တန်ခိုးကြီးရဟန်း တော်များက နဂါးမင်းကိုဆုံးမရန် ခွင့်ပန်လျှောက်ထားကြသော်လည်း မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မမူခဲ့ချေ။ နောက်ဆုံး အရှင်မဟာမောဂ္ဂလာန်မထေရ်-က "ထိုနဂါးမင်းကို တပည့်တော်ဆုံးမပါမည်ဘုရား"ဟုလျှောက်ထားသောအခါမှ "မောဂ္ဂလာန် ဆုံးမချေလော့" ဟု ခွင့်ပြုတော်မူလေသည်။

## နဂါးမင်းကို အရှင်မဟာမောဂ္ဂလာန်မထေရ် ဆုံးမတော်မူပုံ

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မိမိ၏ပကတိလူ့ခန္ဓာကိုယ်ကိုပယ်စွန့်၍ ကြီးစွာသောနဂါးမင်းအသွင်ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒကို တစ်ဆယ့်လေးကြိမ် တစ်ဆယ့် လေးပတ်တိုင်တိုင် ကိုယ်အခွေတို့ဖြင့်ရစ်ပတ်၍ နန္ဒောပနန္ဒ၏ ပါးပျဉ်းအထက်၌ မိမိ၏ ပါးပျဉ်းကိုထားပြီး မြင်းမိုရ်တောင်နှင့်တကွ ဖိညှပ်၏။ နဂါးမင်းဒေါသထွက်လေ၏။

ထို့နောက် နန္ဒောပနန္ဒနဂါးမင်းနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ အခိုး အပြိုင် အဆိုင်လွှတ်ကြ၏၊ နဂါးမင်း၏အခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ အခိုးကသာ

နဂါးမင်းကို ပင်ပန်းရုံမျှ နှိပ်စက်၏၊ ထို့နောက် နဂါးမင်းနှင့် မထေရ်တို့ မီးလျှံ အပြိုင်လွှတ်ကြပြန်၏၊ နဂါးမင်း၏မီးလျှံသည် မထေရ်ကိုမနှိပ်စက်နိုင်၊ မထေရ်၏မီးလျှံကသာ နဂါးမင်းကို ပင်ပန်းရုံမျှ နှိပ်စက်၏၊ နဂါးမင်းက "ဤသူသည် ငါ့ကို မြင်းမိုရ်တောင်နှင့်တကွ ဖိညှပ်ပြီး အခိုးလည်းလွှတ်, အလျှံလည်းလွှတ်၏"ဟု ကြံစည်ပြီးလျှင်"အချင်း သင်ဘယ်သူနည်း"ဟု မေးလေသော် မထေရ်က "နန္ဒောပနန္ဒ ငါမောဂ္ဂလာန်ဖြစ်သည်"ဟု ပြန်ကြား၏၊ "အရှင်ဘုရား မိမိ၏ရဟန်းအသွင်ဖြင့်တည်ပါလော့"ဟု နဂါးမင်းဆိုလေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဖန်ဆင်းထားသော နဂါးအသွင်ကို စွန့်ပယ်ပြီး နန္ဒောပနန္ဒ၏ လက်ျာနားပေါက်ဖြင့်ဝင်၍ လက်ဝဲနားပေါက်မှထွက်၏၊ လက်ဝဲနားပေါက်ဖြင့်ဝင်၍ လက်ကျာနားပေါက်မှထွက်၏၊ လက်ျာနှာခေါင်းပေါက်ဖြင့်ဝင်၍ လက်ဝဲနှာခေါင်းပေါက်မှ၊ လက်ဝဲနှာခေါင်းပေါက်ဖြင့်ဝင်၍ လက်ျာနှာခေါင်းပေါက်မှထွက်၏၊ နန္ဒောပနန္ဒက ခံတွင်းကိုဖွင့်လိုက်၏၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ခံတွင်းဖြင့်ဝင်၍ ဝမ်းထဲ၌ အရှေ့ အနောက် စင်္ကြံလျှောက်၏။

မြတ်စွာဘုရားက "မောဂ္ဂလာန်နှလုံးသွင်း သတိပြုလော့၊ ဤနဂါးတန်းခိုးကြီး၏"ဟု သတိပေးစကား မိန့်ကြားတော်မူ၏၊ အရှင်မဟာမောဂ္ဂလာန်မထေရ်က "မြတ်စွာဘုရား တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကိုပွါးစေပြီး အကြိမ်များစွာပြုထားပြီး လေ့ကျင့်ဆောက်တည် ကောင်းစွာအားထုတ်ပြီးဖြစ်ပါသည်၊ နန္ဒောပနန္ဒတစ်ဦးတည်းကိုမဆိုထားဘိ ၎င်းနှင့်တူသော နဂါးမင်းတစ်ရာ-တစ်ထောင် -တစ်သိန်းကိုသော်လည်း တပည့်တော်ဆုံးမနိုင်ပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထား၏။

နဂါးမင်းကြံစည်သည်မှာ "ဝင်သွားစဉ်က သူ့ကို ငါမမြင်လိုက်ရဘူး ယခု ထွက်လာသည့်အခါ ထိုမောဂ္ဂလာန်ကို အစွယ်ကြားထည့်၍ ဝါးချေလိုက်မည်"ဟု ကြံစည်ပြီး "အရှင်ဘုရား ထွက်ခဲ့ပါ၊ ဝမ်းထဲ၌ ထိုမှဤမှစင်္ကြံလျှောက်လျက် ကျွန်ုပ်ကိုမနှိပ်စက်ပါလင့်"ဟုဆို၏၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နဂါးမင်းဝမ်းထဲမှထွက်ခဲ့၍ ပြင်ပ၌ ရပ်တည်နေလေ၏။

နဂါးမင်းက "ရပ်တည်နေသော ဤသူသည် ထိုမောဂ္ဂလာန်ပင်" ဟုနှလုံးသွင်းရှုမြင်ပြီး နှာခေါင်းလေလွှတ်၏၊ အရှင်မောဂ္ဂလာန်မထေရ်သည် စတုတ္ထဈာန်ဝင်စားတော်မူ၏၊ မထေရ်၏အမွေးမျှင်မျှကိုသော်လည်း၊ နဂါးမင်း၏နှာခေါင်းလေက လှုပ်ရှားခြင်းငှါ မစွမ်းနိုင်ပေ။

## အရှင်မောဂ္ဂလာန်မထေရ်ကိုသာဆုံးမခွင့်ပေးပုံ

အရှင်မဟာမောဂ္ဂလာန်မထေရ်မှတစ်ပါးသော တန်ခိုးရှင်ရဟန်းတို့သည်အစမှစ၍ အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကိုပြုရန် စွမ်းနိုင်ကုန်သော်လည်း ဤနှာခေါင်းလေလွှတ်သောအရာသို့ရောက်လျှင်မူကား အရှင်မဟာမောဂ္ဂလာန်မထေရ်ကဲ့သို့ လျှင်မြန်စွာရှုရန် ဝင်စားရန် မစွမ်းနိုင်ကုန်လတ္တံ့ဟု မြင်တော်မူသောကြောင့် မြတ်စွာဘုရားရှင်က အခြားသော တန်ခိုးရှင်ရဟန်းတို့အား နဂါးမင်းကိုဆုံးမရန် ခွင့်ပြုတော်မမူခြင်းဖြစ်ပေသည်။

နဂါးမင်းသည် "နှာခေါင်းလေဖြင့် ဤရဟန်း၏ မွေးညင်းမျှကိုသော်လည်း လှုပ်ရှားစေရန် ငါမတတ်နိုင်၊ ဤရဟန်းသည် တန်ခိုးကြီးမားပါပေစွ"ဟု ကြံစည်မိလေ၏၊ မထေရ်သည် ရဟန်းအသွင်ကိုပယ်စွန့်၍ ဂဠုန်အသွင်ဖန်ဆင်းပြီး ပြင်းထန်သောဂဠုန်လေကိုပြလျက် နဂါးမင်းကိုအစဉ်လိုက်လေ၏။

နဂါးမင်းသည် နဂါးခန္ဓာကိုပယ်စွန့်၍ လုလင်အသွင်ဖန်ဆင်းပြီး "အရှင်ဘုရားအရှင်တို့ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါသည်ဘုရား" ဟုလျှောက်လျက် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ခြေတော်တို့ကို ရှိခိုးလေ၏၊ မထေရ်က"နဂါးမင်းနန္ဒ! မြတ်စွာဘုရားကြွလာတော်မူ၏၊ လာလော့! သွားကုန်အံ့ဟု နဂါးမင်းကိုဆုံးမ၍ အဆိပ်အတောက်ကင်းအောင်ပြုပြီး မြတ်စွာဘုရားထံ ခေါ်ဆောင်သွားလေ၏။

နန္ဒောပနန္ဒနဂါးမင်းသည် မြတ်စွာဘုရားရှင်ကိုကန်တော့၍ "အရှင်တို့ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါသည်ဘုရား"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားရှင်က "ချမ်းသာသည်ဖြစ်စေ နဂါးမင်း"ဟု မိန့်တော်မူပြီး ရဟန်းအပေါင်းခြံရံလျက် အနာထပိဏ်သေဌေးအိမ်သို့ကြွတော်မူလေသည်။

"အဘယ်ကြောင့် အလွန်နေမြင့်မှ ကြွလာတော်ပါသနည်းအရှင်ဘုရား"ဟု အနာထပိဏ်သေဌေးကမေးလျှောက်သော် မောဂ္ဂလာန်နှင့်နန္ဒောပနန္ဒနဂါးမင်းတို့ စစ်ပွဲဖြစ်နေသောကြောင့်ဟု မိန့်တော်မူ၏၊ ဘယ်သူရှုံး၍ ဘယ်သူနိုင်ပါသနည်းဟု မေးလျှောက်သော် မောဂ္ဂလာန်နိုင်၍ နန္ဒောပနန္ဒနဂါးမင်းရှုံးသည်ဟု မိန့်တော်မူ၏၊

အနာထပိဏ်သေဌေးက "ခုနစ်ရက်ပတ်လုံး အရှင်မောဂ္ဂလာန်မထေရ်အား ပူဇော်သက္ကာရကိုပြုပါမည်"ဟုလျှောက်ထားပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းငါးရာတို့အားခုနစ်ရက်ပတ်လုံး ကြီးစွာသောပူဇော်သက္ကာရပြုလေသည်။

နန္ဒောပနန္ဒနဂါးမင်းကိုဆုံးမရာ၌ပြုသော ကြီးမားသောခန္ဓာကိုယ်ကိုရည်ရွယ်၍" အကြင်အခါ၌ တန်ခိုးရှင်သည် ကြီးမားသောခန္ဓာကိုယ်ကိုပြု၏၊ ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ပင် ခန္ဓာကိုယ်ကြီးမားသည်မဟုတ်ပါလောဟူသောစကားကို တိပိဋကစူဠနာဂမထေရ်က မိန့်ဆိုပေ၏။

ဤသို့ပင် ဆိုငြားသော်လည်း ရဟန်းတော်တို့က "ဥပါဒိန္နကခေါ် ကိုယ်တွင်းရုပ်ကိုမှီ၍ အနုပါဒိန္နကခေါ် ကိုယ်ပရုပ်သည်သာလျှင် ပွါးခြင်းဖြစ်သည်"ဟုဆိုကုန်၏။

## အဆုံးအဖြတ်

လက်စသည်ကိုပွါးစေသော (ဝါ) လက်စသည်ကိုရှည်အောင်ပြုသော တန်ခိုးအရာ၌ကိုယ်ပရုပ်သာပွါးသည် (ဝါ)ကိုယ်ပရုပ်သာရှည်သွားသည်ဟူသောအဆိုသာလျှင် အသင့်ယုတ္တိရှိပေသည်။

## လ,နေတို့ကိုသုံးသပ်ရုံသာမဟုတ်အမျိုးမျိုးအသုံးပြုနိုင်ပုံ

တန်ခိုးရှင်သည် လနှင့်နေတို့ကို လက်ဖြင့်ကိုင်တွယ်သုံးသပ်ရုံမျှသာမဟုတ်၊ အလိုရှိလျှင် ခြေပွတ်အိုးခြမ်းကွဲပြု၍ ခြေတို့ကိုတင်ထားနိုင်၏၊ အင်းပျဉ်ပြု၍ တက်ထိုင်နိုင်၏၊ ညောင်စောင်းခုတင်ပြု၍ လဲလျောင်းနိုင်၏၊ နောက်မှီပျဉ်ချပ်ပြု၍ မှီနိုင်၏၊ တန်ခိုးရှင်တစ်ဦးကပြုသကဲ့သို့ အခြားတန်ခိုးရှင်လည်းပြုနိုင်၏၊ များစွာကုန်သောရဟန်းတစ်သိန်းတို့က ဤသို့ပြုသော် ထိုရဟန်းတို့တွင် တစ်ပါးပါးသောရဟန်းမှာလည်း ထို့သို့ပြုတိုင်းပင် ပြီးမြောက်အောင်မြင်၏။

## တန်ခိုးဖန်ဆင်းမှုကြောင့် လ,နေတို့ထူးခြားပြောင်းလဲခြင်းမရှိ

လနှင့်နေတို့၏ ရွေ့ရှားခြင်း၊ သွားခြင်း၊ အလင်းရောင်ကိုပြုခြင်းတို့သည် တန်ခိုးရှင်မဖန်ဆင်းမီ ရှေးကအတိုင်းပင်ဖြစ်နေ၏၊ တန်ခိုးရှင်ဖန်ဆင်းမှုကြောင့် ထူးခြားပြောင်းလဲသွားခြင်းမရှိချေ၊ ဉပမာ- ခွက်တစ်ထောင်တို့ကိုရေအပြည့်ထည်ထားလျှင် ခွက်အားလုံးတို့၌ လဝန်းအရိပ်တို့ ထင်ကုန်သကဲ့သို့ လ၏သွားခြင်း၊ အရောင်ကိုပြုခြင်းသည် ပကတိအတိုင်းပင်ပြုသကဲ့သို့ ဤတန်ခိုးပြာဋိဟာသည် ထိုဉပမာနှင့်တူပေ၏၊

## ယာဝဗြဟ္မလောကာပိ ကာယေန ဝသံဝတ္တေတိအဖွင့်

ဗြဟ္မပြည်တိုင်အောင် အဆုံးအပိုင်းအခြားပြု၍ မိမိအလိုအတိုင်းဖြစ်စေလိုသောတန်ခိုးရှင်သည် သမာပတ်ရှစ်ပါးကို နိုင်နင်းအောင် ဝင်စားပြီးနောက် ဗြဟ္မပြည်သို့သွားခြင်း အဝေး၌ရှိသည်ကို အနီး၌ဖြစ်အောင်ပြုခြင်းစသည်ကို မိမိစိတ်ကြိုက်ပြုလုပ်နိုင်၏၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း ၎င်းအတိုင်းပင်ဟောထားပေသည်။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကား

အဝေး၌ရှိသည်ကို အနီး၌ဖြစ်အောင်ဖန်ဆင်းလိုသော် တန်ခိုးရှင်သည် ပါဒကစျာန်ဝင်စားပြီး ထိုပါဒကစျာန်မှထကာ အဝေး၌ရှိသောနတ်ပြည်, ဗြဟ္မာ့ပြည်တို့ကို အနီး၌ဖြစ်စေဟုဆင်ခြင်ခြင်း ပရိကံပြုပြီးလျှင်၊ တဖန် ပါဒကစျာန်ဝင်စား၍ ထိုစျာန်မှထကာ အနီး၌ဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သည် အနီး၌ဖြစ်လေ၏။

## ထိုတန်ခိုးကိုမြတ်စွာဘုရားရှင်ဖန်ဆင်းပုံ

မြတ်စွာဘုရားရှင်သည် ယမိုက်ပြာဋိဟာ ရေမီးအစုံအစုံ တန်ခိုးပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ကြွတော်မူလတ်သော် ယုဂန္ဓိုရ်တောင်, မြင်းမိုရ်တောင်တို့ကို အနီး၌ဖြစ်အောင် ဖန်ဆင်းတော်မူပြီး မြေပြင်မှတစ်ဖက်သောခြေတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌တည်စေပြီးလျှင် ဒုတိယခြေတော်ကို မြင်းမိုရ်တောင်ထိပ်၌ တည်စေတော်မူ၏။ (နင်းတော်မူလေ၏။)

## အရှင်မဟာမောဂ္ဂလာန်မထေရ်ဖန်ဆင်းပုံ

အရှင်မောဂ္ဂလာန်မထေရ်သည် သာဝတ္ထိမြို့မှ ယူဇနာသုံးဆယ်ကွာဝေးသည့် သင်္ကဿမြို့သို့ မြတ်စွာဘုရားရှင်အားဖူးမျှော်ရန် ထွက်ခွါသွားသော တစ်ဆယ့်နှစ်ယူဇနာ ပရိသတ်ကို ယူဇနာသုံးဆယ် အလှမ်းကွာသောခရီးကိုချုံ့၍ တခဏအတွင်းပင် သင်္ကဿ မြို့သို့ ကောင်းစွာရောက်စေတော်မူခဲ့၏။

## စူဠသမုဒ္ဒမထေရ်ဖန်ဆင်းပုံ

သီဟိုဠ်ကျွန်း၌ စူဠသမုဒ္ဒအမည်ရှိသောမထေရ်သည် အစာအာဟာရရခဲလှသော ဒုဗ္ဘိက္ခကာလ၌ မိမိထံမှောက်ရောက်လာကြသော ရဟန်းများစွာတို့အတွက် ဆွမ်းခံရွာ ဆင်ခြင်ကြည်သော် သီဟိုဠ်တစ်ကျွန်းလုံး၌မမြင် သမုဒ္ဒရာတစ်ဖက်ကမ်းရှိ ပါဋလိပုတ်ပြည်ကို ဆွမ်းခံရွာအဖြစ်မြင်တော်မူသဖြင့် မြေကြီးကိုချုံ့လျက် ပါဋလိပုတ်ပြည်သို့ ဆွမ်းခံကြွ တော်မူလေ၏။ ၎င်းအပြင် လွန်စွာကျယ်ဝန်းသောသမုဒ္ဒရာကြီးကို မြောင်းငယ်တစ်ခုသဖွယ် ဖြစ်အောင် ဖန်ဆင်းတော်မူလေသည်။

## တိဿဒတ္တမထေရ်ဖန်ဆင်းပုံ

စူဠသမုဒ္ဒမထေရ်ကဲ့သို့ပင် တိဿဒတ္တမထေရ်သည်လည်း ညနေချမ်းအချိန်၌ ရေချိုး ပြီးလျှင် ဧကသီသကင်္န်းရုံတော်မူ၍ မဟာဗောဓိပင်ကို ရှိခိုးမည်ဟု စိတ်အကြံဖြစ်လတ်သော် မဟာဗောဓိပင်ကို အနီး၌ဖြစ်အောင်ပြုတော်မူလေပြီ။

## အနီးကိုအဝေးဖြစ်အောင်ဖန်ဆင်းပုံ

အနီး၌တည်ရှိသောအရာဝတ္ထု၊ ပုဂ္ဂိုလ်စသည်ကို အဝေးဖြစ်အောင်ဖန်ဆင်းရာ၌လည်း တန်ခိုးရှင်သည် အဘိညာဉ်၏အခြေခံ ပါဒကစျာန်ဝင်စားပြီး ထိုစျာန်မှထကာ အနီး၌ ရှိသောအရာဝတ္ထု၊ ပုဂ္ဂိုလ်စသည်ကို အဝေး၌ဖြစ်စေဟု ဆင်ခြင်နှလုံးသွင်းခြင်း ပရိကံပြုပြီး၊ တဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထကာ အနီး၌ရှိသောအရာဝတ္ထု၊ ပုဂ္ဂိုလ်တို့သည် အဝေး၌ဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်သည်နှင့်တပြိုင်နက် ထိုအရာဝတ္ထုနှင့် ပုဂ္ဂိုလ်စသည်တို့သည် အဝေး၌ဖြစ်ကုန်၏။

## ထိုတန်ခိုးမျိုးကိုမြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူပုံ

မြတ်စွာဘုရားရှင်သည် မိမိနှင့်အင်္ဂုလိမာလအကြား၌ အနီးကိုအဝေးဖြစ်အောင် ဖန်ဆင်းတော်မူသောကြောင့် အင်္ဂုလိမာလသည် မြတ်စွာဘုရားရှင်ကို လိုက်၍မမီခြင်းဖြစ်၏။

## များသောဝတ္ထုကိုအနည်းဖြစ်အောင်ဖန်ဆင်းပုံ

အများကိုအနည်းဖြစ်အောင်ဖန်ဆင်းလိုလျှင်လည်း တန်ခိုးရှင်သည် အဘိညာဉ်၏ အခြေခံပါဒကစျာန်ဝင်စားခြင်းစသော အစီအစဉ်များပြုလုပ်၍ နောက်ဆုံး ဤများနေသော

အရာဝတ္ထုသည် အနည်းဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သောစိတ်နှင့် တစ်ပြိုင်နက် များသောအရာဝတ္ထုသည် အနည်းဖြစ်သွားလေ၏။

## အရှင်မဟာကဿပမထေရ်ဖန်ဆင်းပုံ

ရာဇဂြိုဟ်မြို့ဝယ် နက္ခတ်ပွဲသဘင်နေ့၌ လုံမပျိုငါးရာတို့သည် လ-မုန့်တို့ကို ယူဆောင်ပြီး နက္ခတ်ပွဲသွားကြကုန်စဉ် လမ်းခရီး၌ မြတ်စွာဘုရားကိုဖူးမြင်ရသော်လည်း မုန့်တစ်ခုမျှ မလှူကြပဲ နောက်မှကြွလာသော အရှင်မဟာကဿပမထေရ်ကိုတွေ့မြင်ရမှ "ငါတို့ မထေရ် ကြွလာသည်"ဟုဆို၍ မုန့်များအားလုံး လှူဒါန်းကြကုန်၏၊ အရှင်မဟာကဿပမထေရ်သည် လုံမပျိုငါးရာတို့လှူဒါန်းကြသောမုန့်အားလုံးကို တန်ခိုးတော်ဖြင့် အနည်းဖြစ်အောင်ဖန်ဆင်း ပြီး တစ်သပိတ်ပြည့်ရုံမျှပြု၍ အလှူခံခဲ့ပြီးလျှင် မြတ်စွာဘုရားအား ကပ်လှူပူဇော်လေ၏။

## နည်းသောဝတ္ထုကို အများဖြစ်အောင်ဖန်ဆင်းပုံ

နည်းသောဝတ္ထုကို အများဖြစ်အောင်ဖန်ဆင်းလိုလျှင်လည်း တန်ခိုးရှင်သည် အဘိညာဉ်၏ပါဒကစျာန်ဝင်စားခြင်းစသော အစီအစဉ်များပြုလုပ်၍ နောက်ဆုံး ဤနည်း သောဝတ္ထုသည် အများဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သောစိတ်နှင့် တပြိုင်နက် နည်းသောဝတ္ထုသည် အများဖြစ်သွားလေ၏။

## မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူပုံ

အရှင်မဟာကဿပမထေရ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားပြီးလျှင် ထိုသမာပတ်မှထတော်မူကာ ဆင်းရဲသားတို့အား ချီးမြှောက်တော်မူလိုသောကြောင့် ကာကဝလိယအမည်ရှိသောလူဆင်းရဲ၏အိမ်တံခါးဝ၌ ဆွမ်းခံရပ်တော်မူရာ ကာကဝလိယ ၏ဇနီးမယားသည် မထေရ်ကိုမြင်လျှင် ခင်ပွန်းလင်အတွက်ချက်ပြုတ်ထားသော ဆားမပါ သည့်ဟင်းစပ်ယာဂုကို လောင်းလှူလေ၏၊

အရှင်မဟာကဿပမထေရ်သည် ထိုယာဂုကိုအလှူခံခဲ့ပြီး မြတ်စွာဘုရားရှင်အား ကပ်လှူ၏။ မြတ်စွာဘုရားရှင်သည် ယင်းယာဂုကို တန်ခိုးတော်ဖြင့် အများဖြစ်အောင် ဖန်ဆင်းတော်မူပြီး များစွာသောရဟန်းသံဃာအား လောက်ငအောင်ပြုတော်မူ၏၊ သပိတ် တစ်လုံးတည်းဖြင့်ဆောင်ယူခဲ့သောထိုယာဂုသည် အလုံးစုံသောရဟန်းတို့အား လောက်င လေ၏၊ ကာကဝလိယလူဆင်းရဲသည်လည်း ခုနစ်ရက်မြောက်သောနေ့၌ သူဌေးကြီး ဖြစ်သွားလေ၏။

တန်ခိုးရှင်သည် အနည်းကိုအများဖြစ်အောင် ပြုနိုင်ရုံသာမဟုတ် အချိုကို မချိုအောင်၊ မချိုသည်ကို အချိုဖြစ်အောင် အမျိုးမျိုးပြုနိုင်သည်သာ ဖြစ်၏၊ ပြုပုံမှာ-ပါဒကစျာန်ဝင်စားခြင်း ထိုစျာန်မှထ၍ ပရိကံပြုခြင်း၊ တဖန် ပါဒကစျာန်ဝင်စားခြင်း၊ ထိုစျာန်မှထ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်ပြုခြင်း အစီအစဉ်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်၏။

## ရေကို ထောပတ်ဖြစ်အောင် ဖန်ဆင်းပုံ

မဟာအနုဋ္ဌအမည်ရှိသောမထေရ်သည် ရဟန်းများစွာတို့ ဆွမ်းခံလှည့်လည်သည် ရှိသော် ဆွမ်းသက်သက်ကိုသာရရှိကြ၍ ဂင်္ဂါမြစ်ကမ်း၌ထိုင်ကြကုန်လျက် ဟင်းမပါဘဲ ဆွမ်း ဘုဉ်းပေးနေကြသည်ကိုမြင်တော်မူသောကြောင့် ဂင်္ဂါမြစ်ရေသည် ထောပတ်ကြည်ဖြစ်စေဟု အဓိဋ္ဌာန်ပြု၍ သာမဏေတို့အား ထောပတ်ကိုမြင်သာအောင် အမှတ်သညာပေး၏၊ သာမဏေတို့သည် ခွက်ငယ်တို့ဖြင့် ထောပတ်ကိုဆောင်ယူကုန်၍ ရဟန်းသံဃာအား ကပ်လှူကြ၏။ ရဟန်းသာမဏေအားလုံးတို့သည် ချိုမြိန်ကောင်းမြတ်သောထောပတ်ကြည် နှင့်တကွ ဆွမ်းဘုဉ်းပေးကြရကုန်၏။

## ဒိဗ္ဗစက္ခု ဒိဗ္ဗသောတတို့ဖြင့် နတ်ပြဟ္မာတို့၏အဆင်းအသံတို့ကို မြင်နိုင်ကြားနိုင်ပုံ

တန်ခိုးရှင်သည် လူ့ပြည်၌တည်လျက် အာလောကကသိုဏ်းကိုပွါးစေ၍ ပါဒကစျာန် ဝင်စားခြင်းစသည့် အစီအစဉ်ဖြင့် နတ်ပြဟ္မာတို့၏အဆင်းကိုမြင်စေဟု အဓိဋ္ဌာန်ပြုလျှင် ဒိဗ္ဗစက္ခုဖြင့် နတ်ပြဟ္မာတို့၏အဆင်းကို မြင်နိုင်၏၊ ပါဒကစျာန်ဝင်စားခြင်း စသည်ဖြင့် နတ် ပြဟ္မာတို့၏အသံကိုကြားစေဟုအဓိဋ္ဌာန်ပြုလျှင် ဒိဗ္ဗသောတဖြင့် လူ့ပြည်၌တည်လျက်ပင် နတ်ပြဟ္မာတို့၏အသံကိုကြားနိုင်၏။ စေတောပရိယအဘိညာဉ်ဖြင့် နတ်ပြဟ္မာတို့၏စိတ်ကို လည်းသိနိုင်၏။

## ထင်ရှားမြင်ရသောခန္ဓာကိုယ်ဖြင့် ပြဟ္မာပြည်သို့သွားပုံ

တန်ခိုးရှင်သည် ရုပ်ကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်စေပြောင်းလဲစေ၏၊ ပါဒကစျာန် စိတ်ကိုယူ၍ ကိုယ်၌တင်၏၊ ကိုယ်နှင့်အလားတူ နှေးသောသွားခြင်းရှိအောင်ပြု၏။ ဤနေရာ၌ ဆိုလိုသည်မှာ ထင်ရှားမြင်ရသောခန္ဓာကိုယ်ဖြင့် သွားလိုခြင်း၏အစွမ်းဖြင့် စိတ်ကိုပြောင်းလဲစေ၊ ညွတ်စေသော ယောဂီတန်ခိုးရှင်သည် ပါဒကစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ဤစိတ်သည် ကိုယ်ကဲ့သို့နှေးသောသွားခြင်းရှိသည်ဖြစ်စေ"ဟု ပရိကံပြု၏၊ (ထိုသို့ပရိကံပြုခြင်းကိုရည်ရွယ်၍ "ပါဒကစျာန်စိတ်ကိုယူ၍"ဟုဆိုသည်) ပရိကံပြုပြီးလျှင် တဖန် ပါဒကစျာန်ဝင်စားပြီး၊ ထိုစျာန်မှထကာ ဉာဏ်ဖြင့်အဓိဋ္ဌာန်လျက် ပါဒကစျာန်စိတ်ကို ကိုယ်၌တင်၏၊ ကိုယ်နှင့်အလားတူ နှေးသောသွားခြင်းရှိအောင်ပြုပြီးလျှင် သုခသညာ လဟုသညာသို့ရောက်စေလျက် ထင်ရှားမြင်ရသောခန္ဓာကိုယ်ဖြင့် ပြဟ္မာ့ပြည်သို့ သွားနိုင်၏။

**(နှေးသော လေးသောမဟာဘုတ်လျှင်အကြောင်းရှိသောကြောင့် ရုပ်ကိုယ်၏ သွားခြင်းသည်နှေး၏။)**

သုခသညာ, လဟုသညာသို့ သက်ရောက်၏ဟူသည်- ပါဒကစျာန်လျှင်အာရုံရှိသော တန်ခိုးဖန်ဆင်းသည့် စိတ်နှင့်တကွဖြစ်သော သုခသညာသို့လည်းကောင်း၊ လဟုသညာသို့ လည်းကောင်း သက်ရောက်၏၊ ဝင်၏၊ တွေ့ထိ၏၊ ကောင်းစွာရောက်၏ဟုဆိုခြင်းဖြစ်သည်။

**သုခသညာဟူသည်**- ဥပေက္ခာနှင့်ယှဉ်သောသညာပင်ဖြစ်၏၊ ဥပေက္ခာကို ငြိမ်သက်သောကြောင့် သုခဟု ဆိုပါသည်။

**လဟုသညာဟူသည်**- ထိုသုခသညာကိုပင် ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတို့မှလည်းကောင်း၊ ဝိတက်စသည်တို့မှလည်းကောင်း၊ လွတ်မြောက်ခြင်းကြောင့် လဟုသညာဟုလည်း ဆိုအပ်ပါသည်။

လဟုသညာသို့ သက်ရောက်သော တန်ခိုးရှင်၏ရုပ်ခန္ဓာကိုယ်သည် လဲမှို့ကဲ့သို့ ပေါ့ပါး၏။ တန်ခိုးရှင်သည် လေဖြင့်မြောက်တင်သည့် လဲမှို့ကဲ့သို့ လွန်စွာပေါ့ပါးသော ထင်ရှားမြင်ရသည့်ခန္ဓာကိုယ်ဖြင့် ဗြဟ္မာလောကသို့သွားနိုင်၏၊ တန်ခိုးရှင်သည် အလိုရှိပါမူ ပထဝီကသိုဏ်းစျာန်၏အစွမ်းဖြင့် ကောင်းကင်း၌ လမ်းဖန်ဆင်း၍ ခြေဖြင့်သွားနိုင်၏။

ဝါယောကသိုဏ်းစျာန်၏အစွမ်းဖြင့် လေကိုအလိုရှိသလိုတိုက်ခတ်အောင် အဓိဋ္ဌာန်၍ လဲမှို့ကဲ့သို့ လေဖြင့်သွားနိုင်၏။

စင်စစ် သွားလိုသည်၏အဖြစ်သည်သာလျှင် ဤအရာ၌ ပမာဏဖြစ်၏၊ အဓိကကျပါ၏၊ ထင်စွာပြရလျှင်- စိတ်ကိုအဓိဋ္ဌာန်ခြင်းရှိသော ထိုတန်ခိုးရှင်သည် လေသမားက ပစ်လွှတ်လိုက်သောမြားကဲ့သို့ အဓိဋ္ဌာန်ခြင်းအဟုန်ကပစ်လွှင့်အပ်သဖြင့် လျှင်မြန်သောအဟုန်ရှိသည်ဖြစ်၍ ထင်ရှားမြင်ရသောခန္ဓာကိုယ်ဖြင့်သွားနိုင်၏။

## မထင်ရှားသောခန္ဓာကိုယ်ဖြင့် ဗြဟ္မာပြည်သို့သွားပုံ

တန်ခိုးရှင်သည် စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ, ပြောင်းလဲစေ၏၊ ရုပ်ကိုယ်ကို အာရုံပြုသည်၏အစွမ်းဖြင့် ပရိကံစိတ်ဖြင့်ယူ၍ "ဤကိုယ်သည် စိတ်ကဲ့သို့ဖြစ်စေ"ဟု ပါဒကစျာန်စိတ်၌တင်၏။ စိတ်နှင့်အလားတူ မြန်ခြင်းရှိအောင်ပြု၏၊ ရုပ်ကိုလျှင်အာရုံရှိသော တန်ခိုးဖန်ဆင်းသည့်စိတ်နှင့်တကွဖြစ်သော သုခသညာသို့လည်းကောင်း၊ လဟုသညာသို့လည်းကောင်း သက်ရောက်စေ၍ မထင်ရှားသောခန္ဓာကိုယ်ဖြင့် ဗြဟ္မာပြည်သို့သွားနိုင်၏။

**ပွါးများပုံမှာ**-မထင်ရှားသောခန္ဓာကိုယ်ဖြင့်သွားလိုခြင်း စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေပြောင်းလဲစေသောတန်ခိုးရှင်သည် ပါဒကစျာန်ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ဤကိုယ်သည် စိတ်ကဲ့သို့ လျင်မြန်ခြင်းဖြစ်စေ"ဟု ပရိကံပြုပြီးလျှင် တဖန် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှထကာ "ဤကိုယ်သည် စိတ်ကဲ့သို့ လျင်မြန်ခြင်းဖြစ်စေ"ဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်လျက် ရုပ်ကိုယ်ကို ပါဒကစျာန်စိတ်၌တင်၏၊ စိတ်နှင့်အလားတူ မြန်ခြင်းရှိအောင်ပြုပြီးလျှင် သုခသညာ/လဟုသညာသို့ရောက်စေလျက် မထင်ရှားသောကိုယ်ဖြင့် ဗြဟ္မာပြည်သို့ သွားနိုင်၏။

စိတ်၏အစွမ်းဖြင့် ရုပ်ကိုယ်ကို ညွတ်စေ, ပြောင်းလဲစေသော ဤတန်ခိုးပြမှုသည် စိတ်၏သွားခြင်းကဲ့သို့ လျင်မြန်ခြင်းရှိ၏။။

မထင်ရှား မမြင်ရသောကိုယ်ဖြင့်သွားသောတန်ခိုးရှင်သည် အဓိဋ္ဌာန်စိတ်၏ ဥပါဒ်, ဋ္ဌီ, ဘင် ခဏသုံးပါးလုံး၌သွားသည်ဟု မထေရ်တစ်ပါးကဆို၏၊

*(အဓိဋ္ဌာန်စိတ်၏ ခဏငယ်သုံးချက်တွင် သွားခြင်းကိစ္စအားထုတ်မှုသာ ပြီးမြောက်၍ သွားခြင်း ကိစ္စမပြီးမြောက်သေး၊ အဓိဋ္ဌာန်စိတ်၏စိတ္တက္ခဏ(၅)ချက် ခဏငယ်(၁၅)ချက်သို့ရောက်မှ သွားခြင်း ကိစ္စလုံးဝပြီးစီး၍ လိုရာဌာနသို့ရောက်သည်၊ စိတ်သည်အလွန်လျင်မြန်လှ၍ စိတ္တက္ခဏ(၁)ချက်၌ သွားခြင်းကိစ္စမပြီးမြောက်နိုင်-ဟု ပရမတ္ထသရူပဘေဒနီဆရာဆို၏။)*

တန်ခိုးရှင်သည် ကိုယ်တိုင်ပင်သွားသလော? နိမ္မိတရုပ်ပွါးကို စေလွှတ်သလောဟု အမေးရှိခဲ့သော် တန်ခိုးရှင်အလိုရှိသည့်အတိုင်းပြု၏ဟုဖြေအပ်၏၊ သို့သော် ဤပဋိသမ္ဘိဒါမဂ် ပါဠိ၌မူ တန်ခိုးရှင်ကိုယ်တိုင် သွားခြင်းသာဖြစ်၏ဟုဆို၏။

မနောမယဟူသည်- အဓိဋ္ဌာန်သောအဘိညာဉ်စိတ်ဖြင့် ဖန်ဆင်းအပ်သည်၏အဖြစ် ကြောင့် စိတ်ဖြင့်တန်ခိုးဖန်ဆင်းမှုပြီးစီးခြင်းကို မနောမယဟုဆို၏။

မယုတ်လျော့သော ဣန္ဒြေရှိ၏-ဟူသည်- တန်ခိုးရှင်ဖန်ဆင်းသည့် နိမ္မိတရုပ်ပွါး၌ မျက်စိ, နား, နှာခေါင်းစသော ဣန္ဒြေများ၊ ပုံဏ္ဍာန်အနေဖြင့် မယုတ်လျော့၊ ပြည့်စုံစွာရှိ၏ဟု ဆိုလို၏၊ သို့သော် နိမ္မိတရုပ်ပွား၌ ပသာဒရုပ်မရှိပေ။

မေး- သာဝကများဖန်ဆင်းသော နိမ္မိတရုပ်ပွါးနှင့်၊ မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူသော နိမ္မိတရုပ်ပွါးများ၏ထူးခြားချက်ကို ဖြေဆိုပြခဲ့ပါ။

ဖြေ- သာဝကများဖန်ဆင်းသော နိမ္မိတရုပ်ပွါးမှာ- အကယ်၍တန်ခိုးရှင်သည် စင်္ကြံသွားအံ့၊ ဖန်ဆင်းထားသော နိမ္မိတရုပ်ပွါးသည်လည်း ထိုအရပ်၌ စင်္ကြံသွား၏၊ အမှုကိစ္စအားလုံး တန်ခိုးရှင်ပြုလုပ်သည့်အတိုင်းသာ ပြုလုပ်နိုင်၏။

မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူသော နိမ္မိတရုပ်ပွါးမှာ မြတ်စွာဘုရားပြုလုပ်သည့် ထိုထိုအမှုကိုလည်းပြုလုပ်၏၊ မြတ်စွာဘုရား၏အလိုဆန္ဒတော်အတိုင်း အခြားသော အမှုကိစ္စများကိုလည်းပြုလုပ်နိုင်၏၊ ဤသို့ထူးခြားပါသည်။

## ကိုယ်ဖြင့်အလိုသို့လိုက်စေပုံ အဓိပ္ပါယ်

တန်ခိုးရှင်သည် လူပြည်၌တည်လျက် ဒိဗ္ဗစက္ခုဖြင့် ဗြဟ္မာ၏အဆင်းကိုမြင်ခြင်း၊ ဒိဗ္ဗသောတဖြင့် ဗြဟ္မာ၏အသံကိုကြားခြင်း၊ စေတောပရိယဉာဏ်ဖြင့်ဗြဟ္မာ၏စိတ်ကိုသိခြင်း၊ လူ့ပြည်၌ တည်လျက်ဗြဟ္မာနှင့်အတူ ပြောဆိုဆွေးနွေးတိုင်ပင်ခြင်း၊ အဝေး၌ရှိသည်ကို အနီးဖြစ်အောင်အဓိဋ္ဌာန်နိုင်ခြင်း၊ ထင်ရှားမြင်/မမြင်ရသောကိုယ်ဖြင့်ဖြစ်စေ ဗြဟ္မာ လောကသို့သွားနိုင်ခြင်း၊ ဤအလုံးစုံကိုပြုနိုင်ရုံမျှဖြင့် ကိုယ်ဖြင့်အလိုသို့လိုက်စေသည် မမည်သေးပေ၊

စင်စစ် တန်ခိုးရှင်သည် ဗြဟ္မာ၏ရှေ့၌နိမ္မိတရုပ်ကိုဖန်ဆင်း၍ တန်ခိုးရှင်ကဲ့သို့ စင်္ကြံသွားစေခြင်း ရပ်, ထိုင်, လျောင်းစေခြင်း၊ ဗြဟ္မာ၏ရှေ့၌ နိမ္မိတရုပ်ကိုဖန်ဆင်း၍ တန်ခိုးရှင် ကဲ့သို့ တေဇောကသိုဏ်းဝင်စား၍ အခိုးအလျှံလွှတ်စေခြင်း၊ ဗြဟ္မာ၏ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်ခိုးရှင်ကဲ့သို့ တရားဟောစေခြင်း၊ မေး-ဖြေစေခြင်း၊ ဗြဟ္မာ၏ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်ခိုးရှင်ကဲ့သို့ ဗြဟ္မာနှင့်အတူတကွရပ်စေ၍ စကားပြောစေခြင်း၊ ဆွေးနွေး

စေခြင်းအမှုများကို ပြုလုပ်နိုင်မှသာလျှင် **ကာယေန ဝသဝတ္တန** = ကိုယ်ဖြင့်အလိုသို့ လိုက်စေနိုင်သော တန်ခိုးမည်၏။

(မှတ်ချက်) အဝေးကိုအနီးဖြစ်အောင်ဖန်ဆင်းခြင်းစသောတန်ခိုးများမှာ–စိတ်၏အစွမ်းဖြင့်ဖြစ်ကြသည်၊ သို့ရာတွင် ကိုယ်အလိုကိုဖြစ်စေသော ကာယေန ဝသဝတ္တနတန်ခိုး၏ရှေ့သွားဖြစ်သောကြောင့် ယင်းတန်ခိုးများကို ကာယေန ဝသဝတ္တနတန်ခိုး၌ထည့်သွင်းပြထားသည်။)

## ဝိကုဗ္ဗနိဒ္ဓိနှင့် မနောမယိဒ္ဓိတို့ထူးခြားပုံ

**ဝိကုဗ္ဗနိဒ္ဓိ**-မိမိ၏ပကတိအသွင်သဏ္ဍာန်ကိုပယ်ဖျောက်၍ သူငယ်အသွင်၊ နဂါးအသွင် စသည်ဖန်ဆင်းခြင်း မိမိကိုယ်ကိုမဖန်ဆင်းပဲ အခြားသောအသွင်အမျိုးမျိုး ဖန်ဆင်းခြင်းသည်- ထူးထူးခြားခြားအမျိုးမျိုးပြုလုပ်ဖန်ဆင်းသည့် **ဝိကုဗ္ဗနိဒ္ဓိ**တန်ခိုးမည်၏။

ထိုတန်ခိုးကိုပြုလိုသော တန်ခိုးရှင်သည် သူငယ်အသွင်ကိုအဓိဋ္ဌာန်လျှင် ပထဝီကသိုဏ်းစသည်တို့တွင် တစ်ပါးပါးသောအာရုံရှိသော အဘိညာဉ်၏ အခြေခံပါဒကစျာန်ကို ဦးစွာဝင်စားပြီး ထိုပါဒကစျာန်မှထ၍ မိမိ၏သူငယ်အသွင်ကို ဆင်ခြင်ခြင်း ပရိကံပြုအပ်၏၊ ထို့နောင် ပါဒကစျာန်ဝင်စားပြီးလျှင် ထိုစျာန်မှထကာ သူငယ်အသွင်ဖြစ်စေဟုအဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်သောစိတ်နှင့်အတူ သူငယ်ဖြစ်သွားလေ၏။

(အဇာတသတ်မင်းသားထံသွားခါနီး အရှင်ဒေဝဒတ်သည် ဤတန်ခိုးမျိုးကို ဖန်ဆင်း၍သွားသည်။)

*(မှတ်ချက်) အဓိဋ္ဌာနိဒ္ဓိနှင့်ဝိကုဗ္ဗနိဒ္ဓိ ၂ပါးကိုလည်း ခွဲခြားမှတ်သားသင့်သည်။*

- *ပကတိအသွင်ကို မစွန့်ပဲအဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့် တစ်ပါးတစ်ခြားသောအသွင်ကိုပြခြင်းသည် **အဓိဋ္ဌာနိဒ္ဓိ**မည်၏။*
- *ပကတိအသွင်ကို စွန့်၍ အဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့် မိမိကိုယ်ကိုတစ်ပါးသောအခြင်းအရာ အသွင်ဖြင့် ပြခြင်းသည် **ဝိကုဗ္ဗနိဒ္ဓိ**မည်၏ (ပဋိသမ္ဘိဒါ)*

**မနောမယိဒ္ဓိ**-တန်ခိုးရှင်နှင့်အသွင်သဏ္ဍာန်တူသော ခန္ဓာကိုယ်တစ်ခုကိုဖြစ်စေ၊ (အများကိုဖြစ်စေ) မိမိ၏ခန္ဓာကိုယ်အတွင်းမှ ထွင်းဖောက်ထွက်ပေါ်လာပုံကို ဖန်ဆင်းပြခြင်းသည် စိတ်ဖြင့်ပြီးသော **မနောမယဒ္ဓိ**တန်ခိုးမည်၏။

မနောမယရုပ်ကိုယ်ကို ဖန်ဆင်းလိုသောတန်ခိုးရှင်သည် ပထဝီကသိုဏ်းစသည်တို့တွင် တစ်ပါးပါးသောအာရုံရှိသောအဘိညာဉ်၏ အခြေခံပါဒကစျာန်ကိုဦးစွာဝင်စားပြီး ထိုပါဒကစျာန်မှထ၍ မိမိကိုယ်ကိုဆင်ခြင်ခြင်းပရိကံပြုအပ်၏၊ ထို့နောင် ပါဒကစျာန်ဝင်စားပြီး ထိုစျာန်မှထကာ မိမိကိုယ်ကို အခေါင်းဖြစ်စေဟု အဓိဋ္ဌာန်အပ်၏။ အဓိဋ္ဌာန်စိတ်နှင့်အတူ တစ်ကိုယ်လုံးအခေါင်းအတိဖြစ်သွား၏၊ ထိုအခါ ကိုယ်၏တွင်းအခေါင်းထဲ၌ မိမိဖန်ဆင်းလိုသော-အခြားခန္ဓာကိုယ်ကိုဆင်ခြင်ပြီးလျှင် ပရိကံပြု၍ အဓိဋ္ဌာန်လိုက်သည်နှင့်တပြိုင်နက် အခေါင်းထဲ၌ နိမ္မိတရုပ်ပွားတစ်ခု ဖြစ်ပေါ်လာ၏။ တန်ခိုးရှင်သည် ထိုနိမ္မိတရုပ်ကို တန်ခိုးဖြင့် အပြင်သို့ထုတ်ဆောင်၏။

ဤတန်ခိုးသည် ဥပမာ- ဖျူဆံမြက်ပင်မှ ဖျူဆံမြက်အညှောက်ကိုထုတ်ခြင်း၊ သံလျက်ဓားအိမ်မှသံလျက်ဓားကိုထုတ်ခြင်း၊ မြွေအရေခွံမှ မြွေခန္ဓာကိုယ်ကိုထုတ်ခြင်းမျိုးကဲ့သို့ဖြစ်၏။

တန်ခိုးရှင်နှင့် နိမ္မိတရုပ်ပွားသည်လည်း ဖျူဆံမြက်ပင်နှင့် ဖျူဆံညှောက်တူသကဲ့သို့၊ သံလျက်ဓားအိမ်နှင့်သံလျက်ဓားတူသကဲ့သို့၊ မြွေအရေခွံနှင့်မြွေခန္ဓာကိုယ်တူသကဲ့သို့ တစ်ထပ်တည်း တူညီကြသည်။

ဣဒ္ဓိဝိဓအဘိညာဉ်အကျယ်ပြဆိုချက်ပြီး၏။

✪✪✪

## ၁၃။ အဘိညာနိဒ္ဒေသ

### ဒိဗ္ဗသောတအဘိညာဉ်အကြောင်းပြဆိုချက်

သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဒိဗ္ဗာယ သောတဓာတုယာ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

စတုတ္ထစျာန်ရပြီးသောရဟန်းသည် စတုတ္ထစျာန်သမာဓိဖြင့် စိတ်တည်ကြည်လတ်သော် ။ပ။ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ဒိဗ္ဗသောတဓာတ်အကျိုးငှါ စိတ်ကိုရှေးရှုဆောင်၏၊ ရှေးရှုညွတ်စေ၏။

သော ဒိဗ္ဗာယ သောတဓာတုယာ ဝိသုဒ္ဓါယ အတိက္ကန္တ မာနုသိကာယ ဥဘောသဒ္ဒေ သုဏာတိ ဒိဗ္ဗေစ မာနုသေစ ယေ ဒူရေစ သန္တိကေစ။

စတုတ္ထစျာန်ရပြီးသောယောဂီရဟန်းသည် လူတို့၏နားကိုကျော်လွန်သော(ဝါ) လူတို့၏နားထက်သာလွန်သော စင်ကြယ်သောဒိဗ္ဗသောတဓာတ်ဖြင့် နတ်ပြည်၊ လူ့ပြည်တို့၌ဖြစ်ပေါ်နေသောအသံ၊ အဝေးအနီးအရပ်တို့၌ဖြစ်ပေါ်နေသောအသံတို့ကို ကြားရ၏။

### ဒိဗ္ဗာယသောတဓာတုယာပုဒ်အဓိပ္ပါယ်

ဒိဗ္ဗမည်ပုံ- နတ်တို့၏နားနှင့်တူသောကြောင့် ဒိဗ္ဗမည်၏။

နတ်တို့၏နားနှင့်တူပုံမှာ- နတ်တို့၏သောတပသာဒခေါ် နတ်နားသည် ယုံကြည်မှုသဒ္ဓါတရားအဖြစ်များခြင်း၊ စင်ကြယ်သောအယူရှိခြင်း၊ အကျိုးအာနိသင်ကိုမြင်ခြင်း စသည်တို့ပြည့်စုံခြင်းဖြင့် ကောင်းစွာပြုကျင့်အပ်သော နတ်ပြည်လောက၌ ဖြစ်စေတတ်သောသုစရိုက်ကောင်းမှုကံကြောင့် ဖြစ်ပေါ်လာရသဖြင့် သည်းခြေ, သလိပ်, သွေးစသည်တို့က ပိတ်ပင်နှောက်ယှက်ခြင်းမရှိပေ၊ ညစ်ညူးကြောင်းအညစ်အကြေးတို့မှ ကင်းလွတ်သောကြောင့် အဝေး၌ရှိသောအသံအာရုံကိုသော်လည်း ခံယူနိုင် ကြားနိုင်ပေ၏။

ဝီရိယဖြင့်ပွားစေအပ်သည့် သမာဓိခွန်အားကြောင့် ဖြစ်ပေါ်လာသောယောဂီရဟန်း၏ အဘိညာဉ်သောတဓာတ်သည်လည်း နတ်တို့၏နားကဲ့သို့ အဝေး၌ရှိသောအသံများကို ကြားနိုင်ပေ၏၊ ထိုသို့ နတ်တို့၏နားနှင့်တူသောကြောင့် ဒိဗ္ဗမည်၏၊

**(တစ်နည်း)** ဒိဗ္ဗမည်ပုံမှာ-ဒိဗ္ဗဝိဟာရခေါ် ဈာန်၏အစွမ်းဖြင့်ရအပ်သောကြောင့် လည်းကောင်း၊ မိမိကိုယ်တိုင်လည်း ဒိဗ္ဗဝိဟာရကိုမှီသောကြောင့်လည်းကောင်း ဒိဗ္ဗမည်၏။

**သောတဓာတ်မည်ပုံ**= ကြားတတ်သောအနက်သဘောကြောင့်လည်းကောင်း အသက်မရှိအသက်မဲ့ အနက်သဘောကြောင့်လည်းကောင်း သောတဓာတ်မည်၏။

တစ်နည်းအားဖြင့်-သောတဓာတ်ခေါ် နား၏ကြားခြင်း(သဝန)ကိစ္စကိုပြုခြင်းကြောင့် သောတဓာတ်နှင့်တူပေ၏။ ထိုသို့ သောတဓာတ်နှင့်တူသောကြောင့်လည်း သောတဓာတ်မည်၏။

**ဒိဗ္ဗသောတဓာတ်မည်ပုံ**-အဘိညာဉ်သောတဓာတ်သည် (ဝါ) သောတအဘိညာဉ်သည် နတ်တို့၏နားနှင့်တူသောကြောင့် ဒိဗ္ဗသောတဓာတ်မည်၏။

## ထူးခြားပုံ -တူညီပုံ

ဤနေရာ၌ ဒိဗ္ဗသောတခေါ် နတ်တို့၏နားနှင့် ဒိဗ္ဗသောတအဘိညာဉ်တို့၏ ထူးခြားပုံတူညီပုံတို့ကိုသိသင့်ပေသည်။

**ထူးခြားပုံမှာ**-ဒိဗ္ဗသောတခေါ် နတ်တို့၏နားသည် ရှေ့ဘဝသုစရိုက်ကောင်းမှု ကုသိုလ်ကံကြောင့် ဖြစ်ပေါ်ခြင်းဖြစ်၏။ ယင်းသည် သောတပသာဒရုပ်တရားဖြစ်၏။

ဒိဗ္ဗသောတအဘိညာဉ်သည် ဝီရိယဖြင့်ပွါးစေအပ်သော သမာဓိခွန်အားကြောင့် ဖြစ်ပေါ်ခြင်းဖြစ်၏၊ ယင်းသည် ရူပါဝစရ စတုတ္ထဈာန် အပ္ပနာဇောနှင့်ယှဉ်သောဉာဏ် (နာမ်တရား) ဖြစ်၏။

**တူညီပုံမှာ**- ဒိဗ္ဗသောတခေါ် နတ်တို့၏နားနှင့် ဒိဗ္ဗသောတအဘိညာဉ် နှစ်မျိုးလုံးပင် အဝေး၌ရှိသောအသံအာရုံများကို ကြားနိုင်စွမ်းရှိကြသည်။

## ဝိသုဒ္ဓါယ-ပုဒ်အဓိပ္ပါယ်

**ဝိသုဒ္ဓါယ**-ဟူသည်- ထက်ဝန်းကျင်စင်ကြယ်, အညစ်အကြေးကင်းသော ဒိဗ္ဗသောတ အဘိညာဉ်ဟုဆိုလို၏။ အဓိပ္ပါယ်မှာ (ဝိသုဒ္ဓါယပုဒ်သည်- ဒိဗ္ဗာယသောတဓာတုယာ ပုဒ်၏အထူးပြု ဝိသေသနပုဒ်ဖြစ်၍) ဒိဗ္ဗသောတအဘိညာဉ်သည် ထက်ဝန်းကျင်စင်ကြယ်၍ အညစ်ကြေးကင်းသောသဘောရှိ၏ဟုပြ၏။

## အတိက္ကန္တမာနုသိကာယပုဒ်အဓိပ္ပါယ်

(အတိက္ကန္တမာနုသိကာယပုဒ်သည်- ဒိဗ္ဗာယသောတဓာတုယာပုဒ်၏ အထူးပြု ဝိသေသနပုဒ်ဖြစ်သောကြောင့်) ဒိဗ္ဗသောတအဘိညာဉ်သည် လူတို့၏ ကြားရာနယ်ပယ်ကို

ကျော်လွန်၍ အသံကိုကြားရသဖြင့် လူတို့၏ မံသသောတဓာတ်ခေါ် နား၏ကြားရာနယ်ပယ်ကိုကျော်လွန်၍တည်၏ဟုပြ၏။

## ဥဘောသဒ္ဒေသုဏာတိပုဒ်အဓိပ္ပါယ်

ဤပုဒ်အရ အသံနှစ်မျိုးတို့ကို ကြားရ၏ဟူသည်မှာ- နတ်လောက၌ နတ်တို့၏အသံနှင့် လူ့လောက၌လူတို့၏အသံ၊ ၎င်းနှစ်မျိုးကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့်ကြားရ၏ဟုပြ၏။

## ယေ ဒူရေသန္တိကေစပုဒ်အဓိပ္ပါယ်

အဝေး, အနီးဖြစ်ကုန်သောအသံတို့ကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့်ကြားရ၏ဟုဆိုပါ၏။ ဒူရေအရ-ဝေးသောအသံဟူသည်- တစ်ပါးသောစကြာဝဠာ၌ရှိသောအသံများဖြစ်၏။ သန္တိကေအရ- နီးသောအသံဟူသည်- မိမိခန္ဓာကိုယ်တွင်းရှိ ပိုးကောင်များ၏အသံဖြစ်၏။ ယေဒူရေသန္တိကေစဟူသော ဤစကားရပ်ဖြင့် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် မကြားရ မကြားနိုင်သောအသံမရှိ၊ အသံအားလုံးကိုကြားနိုင်၏ဟုဆိုပေသည်။

## ဒိဗ္ဗသောတအဘိညာဉ်ရရှိအောင်ပွါးများအားထုတ်ပုံ

စတုတ္ထဈာန်ရရှိပြီးသောရဟန်းသည် အဘိညာဉ်၏အခြေခံ ပါဒကဈာန်ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ပရိကံပြုသောသမာဓိစိတ်ဖြင့် ပကတိနားဖြင့်ကြားနိုင်လောက်သည့် ဝေးသောအရပ်ရှိ တောထဲကခြင်္သေ့ဟောက်သံစသော ကြမ်းတမ်းကျယ်လောင်သော အသံကို ရှေးဦးစွာနှလုံးသွင်းဆင်ခြင်အပ်၏။

ထို့နောင် ကျောင်းရှိခေါင်းလောင်းသံ၊ စည်တီးသံ၊ ခရုသင်းမှုတ်သံ၊ သာမဏေငယ် ရဟန်းငယ်တို့၏ ကျယ်လောင်စွာ စာကျက် စာအံသံ၊ ရိုးရိုးပင်ကိုယ်ပကတိသံဖြင့် အချင်းချင်း စကားပြောဆိုသံ၊ ငှက်သံ, လေသံ, ခြေနင်းသံ, ရေစီးသံ, နေပူထဲရှိထန်းရွက်, သစ်ရွက် ခြောက်တို့၏ တဖျစ်ဖျစ်မည်သံ၊ ပုရွက်ဆိတ်, ခြကောင်တို့၏ (သဒ္ဒ)အသံနိမိတ်များကို နှလုံးသွင်းဆင်ခြင်အပ်၏။

ဤပုံဤနည်းဖြင့် အကြမ်းဆုံး, အကျယ်ဆုံးအသံမှစ၍ အစဉ်အတိုင်း သိမ်မွေ့သော အသံတို့၏ (သဒ္ဒ)အသံနိမိတ်များကို နှလုံးသွင်းဆင်ခြင်ပြီးလျှင် ထိုယောဂီရဟန်းသည် အရှေ့အရပ်စသော အရပ်ဆယ်မျက်နှာရှိ အသံတို့၏ (သဒ္ဒ)အသံနိမိတ်များ၊ ကြမ်းတမ်း သိမ်မွေ့သောအသံတို့၏ (သဒ္ဒ)အသံနိမိတ်များကို နှလုံးသွင်းဆင်ခြင်အပ်၏။ ထိုသို့ နှလုံးသွင်းနေသောယောဂီရဟန်းအား ထိုအသံတို့သည် ပကတိစိတ်၌သော်လည်း ထင်ရှားကုန်၏။ ပရိကံပြုထားသောသမာဓိစိတ်၌မူကား လွန်စွာပင်ထင်ရှားလေကုန်၏။

## ဒိဗ္ဗသောတအဘိညာဉ်ဖြစ်ပုံ

ပြဆိုခဲ့သည့်အတိုင်း အသံနိမိတ်ကို နှလုံးသွင်းဆင်ခြင်နေသော ထိုယောဂီရဟန်းအား ဒိဗ္ဗသောတအဘိညာဉ်ဖြစ်တော့မည့်အချိန်တွင် နှလုံးသွင်းဆင်ခြင်နေသောအသံတို့တွင်

တစ်ပါးပါးသောအသံကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ်၏၊ ထို့နောင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူသော ကာမဝစရဇောသုံးကြိမ်, လေးကြိမ်ဖြစ်ပေါ်ပြီးနောက် လေးကြိမ်မြောက် (သို့မဟုတ်) ငါးကြိမ်မြောက်တွင် ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်သော အပ္ပနာစိတ်ဖြစ်ပေါ်၏၊ ထိုအပ္ပနာ ဇောစိတ်နှင့်တကွဖြစ်သောဉာဏ်ကို ဒိဗ္ဗသောတအဘိညာဉ်ဟု သိအပ်၏၊ ထိုအပ္ပနာစိတ်ဖြစ်ပြီးနောက် ဉာဏ်အယဉ်၌ကျလေတော့၏။

## ဒိဗ္ဗသောတအဘိညာဉ်အားကောင်းအောင်ပြုလုပ်ပုံ

ဒိဗ္ဗသောတအဘိညာဉ်ကို အားကောင်းအောင်ပြုလိုသော ယောဂီသည် "ဤအရပ်အတွင်း၌ရှိသော အသံကိုကြားလို၏"ဟု **လက်တစ်သက်မျှအရပ်ကိုပိုင်းခြား၍** ပွါးများအပ်၏၊ ထို့နောက် လက်နှစ်သက်, လေးသစ်, ရှစ်သက်, တစ်ထွာ, တစ်တောင်, တိုက်ခန်းအတွင်း, ကျောင်းဦးမျက်နှာစာ, ပြာသာဒ်, ပရိဝုဏ်, သံဃာ့အာရာမ်, ဆွမ်းခံရွာ, ဇနပုဒ်, မြို့နယ်စသည်ဖြင့် **စကြာဝဠာအဆုံးတိုင်ဖြစ်စေ၊ ထို့ထက်ပိုလွန်၍ဖြစ်စေ** ပိုင်းခြားပိုင်းခြား၍ ပွါးများသွားအပ်၏။

ဒိဗ္ဗသောတအဘိညာဉ်ကိုရရှိပြီးသော ယောဂီရဟန်းသည် ပါဒကဈာန်အာရုံနိမိတ်ထိရာ ပြန့်ရာအရပ်အတွင်း၌ရှိသောအသံတို့ကို တစ်ဖန် ပါဒကဈာန်မဝင်စားပဲအဘိညာဉ်ဉာဏ်ဖြင့်ပင်ကြားနိုင်၏၊ ကြားသည့်အခါ၌လည်း ဗြဟ္မာ့ပြည်တိုင်အောင်ခရုသင်းမှုတ်သံ၊ စည်ကြီးတီးသံစသည်ဖြင့် အသံမျိုးစုံတစ်ပေါင်းတည်း အုတ်အုတ်ကျက်ကျက် ဆူပွက်နေစေကာမူ အသီးအသီးခွဲခြားရန်အလိုရှိခဲ့သော် ဤအသံကား ခရုသင်းမှုတ်သံ၊ ဤအသံကား စည်ကြီးတီးသံဟု ခွဲခြား၍ ကြားနိုင်စွမ်းရှိ၏။

**ဒိဗ္ဗသောတအဘိညာဉ်အကြောင်းပြီး၏။**

***

## စေတောပရိယအဘိညာဉ်အကြောင်းပြဆိုချက်

**သော ဧဝံ သမာဟိတေ စိတ္တေ။ ပ။ အာနေဉ္ဇပ္ပတ္တေ စေတောပရိယညာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။**

ထိုစတုတ္ထဈာန်ရရှိပြီးသောရဟန်းသည် စတုတ္ထဈာန်သမာဓိဖြင့် စိတ်တည်ကြည်လတ်သော် ။ပ။ မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် စေတောပရိယဉာဏ်အကျိုးငှါ စိတ်ကိုရှေးရှုဆောင်၏။ ရှေးရှုညွတ်စေ၏။

**သော ပရသတ္တာနံ ပရပုဂ္ဂလာနံ စေတသာ စေတောပရိစ္စ ပဇာနာတိ သရာဂံ ဝါ စိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိပဇာနာတိ။**

ထိုစတုတ္ထဈာန်ရပြီးသောရဟန်းသည် မိမိစိတ်ဖြင့် အခြားသောသတ္တဝါပုဂ္ဂိုလ်တို့၏စိတ်ကိုပိုင်းခြား၍ အထူးထူးအပြားပြားသိ၏၊ ရာဂနှင့်တကွဖြစ်သောစိတ်ကိုလည်း

ရာဂနှင့်တကွဖြစ်သောစိတ်ဟု၊ ရာဂကင်းသောစိတ်ကိုလည်း ရာဂကင်းသောစိတ်ဟု အထူးထူးအပြားပြားသိ၏။

## စေတောပရိယဉာဏ်ပါဠိပုဒ်အဓိပ္ပါယ်

စိတ်ကိုပိုင်းခြား၍သိတတ်သောကြောင့် စေတောပရိယဉာဏ်မည်၏၊
**ပရသတ္တာနံ**ဟူသည်- မိမိကိုချန်ထား၍ အခြားသောသတ္တဝါများကိုဆိုသည်၊
**ပရပုဂ္ဂလာနံ**ဟူသည်- မိမိကိုချန်ထား၍ အခြားသောပုဂ္ဂိုလ်များကိုဆိုသည်၊
**စေတသာ**ဟူသည်- မိမိစိတ်ဖြင့်ဟုဆိုလို၏၊
**စေတော**ဟူသည်- မိမိမှတစ်ပါး အခြားသောသတ္တဝါပုဂ္ဂိုလ်တို့၏စိတ်ကိုဟု ဆိုလို၏။
**ပရိစ္စပဇာနာတိ**ဟူသည်- ရာဂနှင့်တကွဖြစ်သောစိတ်ကို ရာဂနှင့်တကွဖြစ်သောစိတ်ဟု၊ ရာဂကင်းသောစိတ်ကို ရာဂကင်းသောစိတ်ဟုပိုင်းခြား၍ အထူးထူးအပြားပြားအားဖြင့် သိခြင်းကို ပရိစ္စပဇာနာတိ= (ပိုင်းခြား၍ အထူးထူးအပြားပြားဖြင့် သိ၏)ဟုဆိုပါသည်။

## စေတောပရိယအဘိညာဉ်ရရှိအောင်ပွါးများအားထုတ်ပုံ

စေတောပရိယအဘိညာဉ်ကို အဘယ်သို့ဖြစ်စေအပ်သနည်းဟူမူ စေတောပရိယ အဘိညာဉ်သည် ဒိဗ္ဗစက္ခုဉာဏ်၏အစွမ်းဖြင့် ပြီးမြောက်ပြည့်စုံနိုင်၏၊ ဒိဗ္ဗစက္ခုဉာဏ်သည် စေတောပရိယအဘိညာဉ်၏ ပရိကံ (ကြိုတင်ပြင်ဆင်မှု) ဖြစ်၏။

ထိုကြောင့် ယောဂီရဟန်းသည် (အာလောက)အလင်းကသိုဏ်းကို ပွါးများအားထုတ်၍ ဒိဗ္ဗစက္ခုအဘိညာဉ်ရရှိအောင် ကြိုတင်ပြုလုပ်အပ်၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရရှိသော် ထိုအဘိညာဉ်ဖြင့် သူတစ်ပါး၏ နှလုံးသားရုပ်ကိုမှီ၍ဖြစ်နေသော သွေးအဆင်းကို ကြည့်ရှုလျက် စိတ်ကိုရှာ၍သိနိုင်၏။

## ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်နှလုံးသွေးအဆင်းကိုကြည့်၍စိတ်ကိုသိနိုင်ပုံ

ယောဂီရဟန်းသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတစ်ပါး၏ နှလုံးသွေးအဆင်းကို ကြည့်ရှုသော် ထိုသူ၏နှလုံးသွေးသည် ပင်ညောင်သီးမှည့်အဆင်းကဲ့သို့ နီမြန်းအံ့၊ ထိုသူ့သန္တာန်၌ သောမနဿ= ရွှင်လန်းဝမ်းသာသည့်စိတ်ဖြစ်နေသည်ဟုသိအပ်၏။

နှလုံးသွေးအဆင်းသည် သပြေသီးမှည့်အဆင်းကဲ့သို့ မည်းနက်အံ့၊ ထိုသူ့သန္တာန်၌ ဒေါမနဿ= နှလုံးမသာယာသည့်စိတ်ဖြစ်နေသည်ဟုသိအပ်၏။

နှလုံးသွေးအဆင်းသည် နှမ်းဆီအဆင်းကဲ့သို့ ကြည်လင်နေအံ့၊ ထိုသူ့သန္တာန်၌ ဥပေက္ခာ= မရွှင်မညှိုး အလယ်အလတ်စိတ်ဖြစ်နေသည်ဟုသိအပ်၏။

## စေတောပရိယဉာဏ်ကိုအားရှိအောင်ပြုပုံ

ယောဂီရဟန်းသည် "နီသောနှလုံးသွေးရုပ်သည် ဝမ်းသာမှု သောမနဿဓိန္ဒြေကြောင့် ဖြစ်၏။ မည်းနက်သောနှလုံးသွေးရုပ်သည် နှလုံးမသာယာမှု ဒေါမနဿဣန္ဒြေကြောင့်ဖြစ်၏၊

ကြည်လင်သောနှလုံးသွေးရုပ်သည် မရွှင်မညိုး ဥပေက္ခိန္ဒြေကြောင့် ဖြစ်၏"ဟု သူတစ်ပါး၏ နှလုံးသွေးရုပ်အဆင်းကိုကြည့်ရှု၍ သူတစ်ပါး၏စိတ်ကိုရှာလျက် စေတောပရိယဉာဏ်ကို အားရှိအောင် ပြုအပ်၏။

ထိုဉာဏ် အားရှိလတ်သော် နှလုံးသွေးရုပ်ကို မကြည့်ရှုရတော့ဘဲ စိတ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လျက် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်ဟူသော အလုံးစုံသော စိတ်တို့ကို အထူးထူးအပြားပြား သိနိုင်ပေ၏။

## အရူပဗြဟ္မာများ၏စိတ်ကိုသိရန်နည်း

အရူပဗြဟ္မာများ၏စိတ်ကိုသိလိုသော စေတောပရိယအဘိညာဉ်ရပုဂ္ဂိုလ်သည် (အရူပဘုံ၌ ရုပ်တရားမရှိသောကြောင့်) တစ်စုံတစ်ယောက်၏မျှနှလုံးသားရုပ် ဣန္ဒြေဖောက်ပြန်ပုံတို့ကို မကြည့်ရှုရတော့ချေ၊ အမှတ်မရှိ တစ်ပါးပါးသောဘုံ၌ ဖြစ်သောစိတ်ကို နှလုံးသွင်းဆင်ခြင်လျှင်(၁၆)ပါးအပြားရှိသောစိတ်ကိုသိနိုင်၏၊ ဤသို့သိခြင်းသည် စေတောပရိယအဘိညာဉ်နှင့်ပြည့်စုံသောယောဂီ၏အရာသာဖြစ်၏။

(နှလုံးသွေးအဆင်းကိုကြည့်၍ စိတ်ကိုရှာပုံ စကားရပ်သည် စေတောပရိယအဘိညာဉ်၌ နှလုံးသွင်းလေ့လာမှုကို မပြုဘူးသေးသော အားထုတ်ခါစယောဂီပုဂ္ဂိုလ်အတွက်ဖြစ်၏)

## စိတ်အမျိုးအစား(၁၆)ပါး

၁။ လောဘမူစိတ် (၈)ပါးသည် တပ်မက်မှုနှင့်တကွဖြစ်သော **သရာဂစိတ်**မည်၏။

၂။ ကြွင်းသော ဘုံလေးပါးဆိုင်ရာ ကုသိုလ်အဗျာကတစိတ်များသည် တပ်မက်မှုကင်းသော **ဝီတရာဂစိတ်**မည်၏။

*ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါးသည် သရာဂစိတ်လည်းမဟုတ် ဝီတရာဂစိတ်လည်း မဟုတ်ကြပေ။ (အချို့မထေရ်တို့သည်ကား- ထိုစိတ် (၄)ပါးတို့ကို ဝီတရာဂစိတ်အဖြစ်ဖြင့် သိမ်းယူကြကုန်၏။*

၃။ ဒေါသမူစိတ် (၂)ပါးသည် စိတ်ဆိုးမှု ဒေါသနှင့်တကွဖြစ်သော **သဒေါသစိတ်**မည်၏။

၄။ ဘုံလေးပါးဆိုင်ရာ ကုသိုလ်အဗျာကတစိတ်အားလုံးသည် ဒေါသကင်းသော **ဝီတဒေါသစိတ်** မည်၏။ ကြွင်းသောအကုသိုလ်စိတ် (၁၀)ပါးသည် သဒေါသစိတ်လည်း မဟုတ်၊ ဝီတဒေါသစိတ်လည်း မဟုတ်ကြပေ။

၅။ လောဘ, ဒေါသတို့နှင့်မရောဘဲ သီးသန့်နည်းအားဖြင့် ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့်ယှဉ်သော မောဟမူစိတ်နှစ်ပါးသည်သာလျှင် မောဟနှင့်တကွဖြစ်သော သမောဟစိတ်မည် သင့်သော်လည်း မောဟသည် အကုသိုလ်စိတ် (၁၂)ပါးလုံးတို့၌ ဖြစ်သောကြောင့် **အကုသိုလ်စိတ်(၁၂)ပါးလုံးသည်ပင် သမောဟစိတ်**မည်၏။

၆။ ကြွင်းသော ကုသိုလ်အဗျာကတစိတ်များသည် မောဟကင်းသော **ဝီတမောဟစိတ်**မည်၏။

၇။ ထိနမိဒ္ဓသို့အစဉ်လိုက်၍ဖြစ်သော (ဝါ)ပျင်းရိလျော့လျည်းသော-ကျုံ့သော တွန့်ဆုတ်သောစိတ်သည် သံခိတ္တစိတ်မည်၏။
၈။ ပျံ့လွင့်မှု ဥဒ္ဓစ္စသို့အစဉ်လိုက်၍ ဖြစ်သောစိတ်သည် ဝိက္ခိတ္တစိတ် မည်၏။
၉။ ရူပါဝစရစိတ် အရူပါဝစရစိတ်တို့သည် မဟဂ္ဂုတ်စိတ် မည်၏။
၁၀။ ကာမစိတ် (၅၄)ပါးနှင့် လောကုတ္တရာစိတ် (၈)ပါးတို့သည် အ မဟဂ္ဂုတ်စိတ် မည်၏။
၁၁။ ကာမ,ရူပ,အရူပဟူသော ဘုံ (၃)ပါးဆိုင်ရာ စိတ်အားလုံးသည် သူ့ထက်အလွန်အမြတ်ရှိသော သဥတ္တရစိတ်မည်၏။
၁၂။ လောကုတ္တရာစိတ်သည် သူ့ထက်အလွန်အမြတ်မရှိသော အနုတ္တရစိတ်မည်၏။
၁၃။ ဥပစာရသမာဓိ, အပ္ပနာသမာဓိသို့ရောက်သောစိတ်သည် တည်ကြည်သော သမာဟိတစိတ်မည်၏။
၁၄။ ဥပစာသမာဓိ, အပ္ပနာသမာဓိ(၂)ပါးသို့ မရောက်သောစိတ်သည် မတည်ကြည်သော အသမာဟိတစိတ်မည်၏။
၁၅။ ကိလေသာတို့မှ တဒင်္ဂအားဖြင့် လွတ်မြောက်ခြင်း၊ ဝိက္ခမ္ဘနအားဖြင့်၊ သမုစ္ဆေဒအားဖြင့်၊ ပဋိပဿဒ္ဓိအားဖြင့်---,နိဿရဏအားဖြင့်---, လွတ်မြောက်ခြင်းသို့ရောက်သော စိတ်သည် ဝိမုတ္တစိတ်မည်၏။
၁၆။ တဒင်္ဂစသော အခြင်းအရာ (၅)မျိုးတို့ဖြင့် ကိလေသာတို့မှ မလွတ်မြောက်နိုင်သေးသော စိတ်သည် အဝိမုတ္တစိတ်မည်၏။

စေတောပရိယအဘိညာဉ်အကြောင်းပြီး၏။

◈ ◈ ◈

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အကြောင်းပြဆိုချက်

သော ဧဝံ သမာဟိတေ စိတ္တေ။ပ။ အာနေဥ္စပတ္တေ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ-

ထိုစတုတ္ထစျာန်ရပြီးသော ယောဂီပုဂ္ဂိုလ်သည် များပြားစွာသော ရှေးအတိတ်ဘဝတို့၌ နေခဲ့ဘူး ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောင့်မေ့၏။

### ပုဗ္ဗေနိဝါသာနုဿတိဉာဏာယပုဒ်အဓိပ္ပါယ်

ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ- ရှေး၌နေခဲ့ဘူး ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်တို့ကို အောင့်မေ့ရာ၌ဖြစ်ပေါ်သောဉာဏ်အကျိုးငှါ (စိတ်ကိုရှေးရှုဆောင်၏ ရှုညွတ်စေ၏)ဟု ဆိုလိုပါသည်။

ယင်းပါဠိ၌ **နိဝါသ**ဟူသည် မိမိကိုယ်အဖြစ်ဖြင့် သိမ်းပိုက်၍ အာရုံပြုဘူး ခံစားဘူးသော တရားများ၊ ထိုစဉ်အခါက မိမိသန္တာန်၌ဖြစ်ပေါ်ခဲ့ဘူးသော တရားများသည် **နိဝါသ**မည်၏။

ရှေးအတိတ်ဘဝတို့၌နေခဲ့ဘူး ဖြစ်ခဲ့ဘူးသောခန္ဓာတို့သည် **ပုဗ္ဗေနိဝါသ** မည်၏။ လွန်ခဲ့ပြီးသော ရှေးရှေးဘဝတို့၌ မိမိစိတ်ဖြင့် တွေ့ဘူး ကြုံဘူး အာရုံပြုခဲ့ဘူးသော မိမိ၏ခန္ဓာငါးပါး၊ သူတစ်ပါး၏ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးတို့နှင့်ဆက်သွယ်လျက်ရှိသော အမျိုးအမည်စသော ပညတ်၊ သူတစ်ပါးတို့ ပရိနိဗ္ဗာန်စံပြီးဖြစ်လျှင် ထိုပုဂ္ဂိုလ်တို့၏နိဗ္ဗာန်၊ ဤအလုံးစုံသည် စိတ်ဖြင့်စွဲမှီအပ် ကိုယ်တိုင်တွေ့အပ် အာရုံပြုအပ်ဘူးသောကြောင့် **ပုဗ္ဗေနိဝါသ**မည်၏။ *(ပရမတ္ထသရူပ ဘေဒနီ)*

ရှေးအတိတ်ဘဝတို့၌ နေခဲ့ဘူး ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောင့်မေ့အမှတ်ရသော သတိသည် **ပုဗ္ဗေနိဝါသာနုဿတိ**မည်၏။

ထိုရှေးအတိတ်ဘဝတို့၌ နေခဲ့ဘူး ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောင့်မေ့အမှတ်ရမှု သတိနှင့်ယှဉ်သောအသိဉာဏ်သည် **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**မည်၏။

**အနေကဝိဟိတံ**ဟူသည်- များသောအပြားရှိသော (တစ်နည်း)များသောအပြားတို့ဖြင့် ဟောအပ် ချဲ့ပြအပ်သော ခန္ဓာအစဉ်များဟု ဆိုလိုပေသည်။

**ပုဗ္ဗေနိဝါသံ**ဟူသည်- အခြားမဲ့အတိတ်ဘဝမှစ၍ ထိုထို ဟိုရှေးဘဝတို့၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို (အမှတ်ရ၏)ဟု ဆိုပေသည်။

**အနုဿရတိ**ဟူသည်- ခန္ဓာအစဉ်၏အစွမ်းအားဖြင့်လည်းကောင်း၊ စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့်လည်းကောင်း အစဉ်လိုက်၍လိုက်၍ အောင့်မေ့ဆင်ခြင်၏ ဟုဆိုလိုပေသည်။

## ပုဗ္ဗေနိဝါသကို အောင့်မေ့ဆင်ခြင်နိုင်သောပုဂ္ဂိုလ်များ

၁။ သာသနာပ ရသေ့ (တိတ္ထိများ)- ကမ္ဘာ-၄၀

၂။ ပကတိသာဝကများ- ကမ္ဘာ-၁၀၀---၁၀၀၀

၃။ မဟာသာဝကများ- ကမ္ဘာ (၁)သိန်း

၄။ အဂ္ဂသာဝကများ- ကမ္ဘာ--တစ်သင်္ချေနှင့် ၁-သိန်း

၅။ ပစ္စေကဗုဒ္ဓါများ- ကမ္ဘာ--နှစ်သင်္ချေနှင့် ၁-သိန်း

၆။ သမ္မာ သမ္ဗုဒ္ဓ ဘုရားရှင်များ- အလိုရှိတိုင်း

ဤ (၆)မျိုးသောပုဂ္ဂိုလ်တို့သည် ပုဗ္ဗေနိဝါသကိုအောင့်မေ့နိုင်ကုန်၏။

**အောင့်မေ့နိုင်သောကာလအတိုင်းအတာ-**

၁။ **သာသနာပရသေ့ (တိတ္ထိ)**များသည် နာမ်ရုပ်ကိုပိုင်းခြား၍ သိတတ်သောဉာဏ်ကင်းသဖြင့် ပညာဉာဏ်အားနည်းသောကြောင့် ကမ္ဘာပေါင်းလေးဆယ်သာ အောင့်မေ့နိုင်ကုန်၏၊ ထိုထက်အလွန် မအောင့်မေ့နိုင်ကုန်။

*(အထက်ပါ အကြောင်းပြစကားရပ်ဖြင့် ဝိပဿနာတရားအားထုတ်ခြင်းသည်*

*ပုဗ္ဗေနိဝါသဉာဏ်၏ အကြောင်းထူးဖြစ်ကြောင်းညွှန်ပြသည်။) ဋီကာ*

၂။ ပကတိသာဝကများသည် ပညာအားကောင်းသောကြောင့် ကမ္ဘာပေါင်းတစ်ရာ ကမ္ဘာပေါင်းတစ်ထောင်ထိ အောင့်မေ့နိုင်ကုန်၏။

၃။ ရှစ်ကျိပ်သောမဟာသာဝကများသည် ကမ္ဘာပေါင်း တစ်သိန်းတိုင်အောင် အောင့်မေ့နိုင်ကုန်၏။

၄။ အဂ္ဂသာဝကနှစ်ပါးတို့သည် ကမ္ဘာအပေါင်းတစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောင့်မေ့နိုင်ကုန်၏။

၅။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ကမ္ဘာပေါင်း နှစ်သင်္ချေနှင့် တစ်သိန်းတိုင်အောင် အောင့်မေ့နိုင်ကုန်၏။ အကြောင်းမှာ- မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မိမိတို့ဆုတောင်း၍ ပါရမီဖြည့်ကျင့်ခဲ့ရာကာလသည် ကမ္ဘာတစ်သိန်းစသည် ကြာမြင့်ခဲ့သောကြောင့် ပါရမီဖြည့်ကျင့်ခဲ့ရာ ကာလအတိုင်း ပြန်လည်အောင့်မေ့နိုင်ခြင်း ဖြစ်၏။

၆။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သည် ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိတော်မူသည့်အတိုင်း အောင့်မေ့နိုင်ကုန်၏။

## ပုဗ္ဗေနိဝါသကိုအောင့်မေ့နိုင်ပုံ အခြင်းအရာများ

သာသနာပ ရသေ့(တိတ္ထိ)တို့သည် ခန္ဓာအစဉ်ကိုသာအောင့်မေ့နိုင်ကုန်၏။ တစ်ဘဝပြီးမှ တစ်ဘဝသို့ တိုး၍တိုး၍ အောင့်မေ့နိုင်ကုန်၏၊ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိ ပဋိသန္ဓေ အလိုအားဖြင့် မအောင့်မေ့နိုင်ကုန်၊ ဒုတိယဘဝကို ဦးစွာသိပြီးမှ နောက်တစ်ဆင့်တက်၍ တတိယဘဝကိုသိအောင် အဘိညာဉ်ဝင်စားရသည်၊ မိမိသိလိုရာဘဝကို တိုက်ရိုက် ခုန်ကျော်၍သိမြင်နိုင်စွမ်းမရှိချေ။

*(မှတ်ချက်) ဘဝတစ်ခု၏စုတိကို အောင့်မေ့ဆင်ခြင်ပြီးနောက် ထိုဘဝ၏အလယ်ပိုင်းကိုမဆင်ခြင်တော့ပဲ ခုန်ကျော်၍ ထိုဘဝပဋိသန္ဓေကိုအောင့်မေ့ဆင်ခြင်ခြင်းသည် စုတိပဋိသန္ဓေအလိုအားဖြင့် အောင့်မေ့ခြင်းမည်၏) (ဋီကာ)*

## တိတ္ထိများအောင့်မေ့နိုင်ပုံ ဥပမာ

သူကန်းတို့သည် မိမိတို့ဆန္ဒအတိုင်းအလိုရှိရာအရပ်သို့ သွားရောက်နိုင်ခြင်းမရှိသကဲ့သို့ တိတ္ထိတို့သည်လည်း အလိုရှိရာဘဝကိုခုန်ကျော်၍မအောင့်မေ့နိုင်ချေ၊ သူကန်းတို့သည် တုတ်တောင်ဝှေးကိုမလွှတ်ဘဲ စွဲကိုင်၍သာသွားကြကုန်သကဲ့သို့ တိတ္ထိတို့သည်လည်း ခန္ဓာအစဉ်ကိုမလွှတ်ဘဲ အောင့်မေ့ဆင်ခြင်မှသာလျှင် ပုဗ္ဗေနိဝါသကို အောင့်မေ့နိုင်ကုန်၏။

## ပကတိသာဝကစသည်တို့ အောင့်မေ့နိုင်ပုံ

ပကတိသာဝကနှင့်မဟာသာဝကတို့သည် ခန္ဓာတို့၏အစဉ်အားဖြင့်လည်း အောင့်မေ့နိုင်ကုန်၏၊ စုတိပဋိသန္ဓေအလိုအားဖြင့်လည်း ပြောင်းရွှေ့၍အောင့်မေ့နိုင်ကုန်၏။

**အဂ္ဂသာဝက**နှစ်ပါးနှင့်**ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့သည် ခန္ဓာအစဉ်အားဖြင့် ပြုဘွယ် မလိုတော့ပေ၊ ခန္ဓာအစဉ်လျှောက်၍ အောက်မေ့စရာမလိုတော့ပေ၊ ထိုအရှင်မြတ်တို့သည် တစ်ခုသောဘဝ၏စုတိကိုမြင်လျှင် ပဋိသန္ဓေကိုလည်းမြင်တော်မူကုန်၏။ တဖန် အခြားဘဝ တစ်ခု၏စုတိကိုမြင်လျှင် ပဋိသန္ဓေကိုလည်းမြင်တော်မူကုန်၏၊ ဤသို့ စုတိနှင့်ပဋိသန္ဓေ အလိုအားဖြင့်သာပြောင်းရွေ့၍ အောင့်မေ့ကြကုန်၏။

**သမ္မာသမ္ဗုဒ္ဓ**ဘုရားရှင်တို့သည် ခန္ဓာအစဉ်ဖြင့်လည်း အောင့်မေ့ဆင်ခြင်ဘွယ်မလို စုတိပဋိသန္ဓေအလိုအားဖြင့်လည်း ပြောင်းရွေ့၍ဆင်ခြင်ဘွယ်မလိုတော့ပေ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့အား များစွာသောကမ္ဘာတို့၌ အထက်, အောက်အလိုရှိရာရာအရပ်ဌာနသည် ထင်ရှားသည်သာဖြစ်တော့၏၊ ထို့ကြောင့် ကမ္ဘာပေါင်းများစွာတို့ကိုသော်လည်း အလိုရှိသလို အောင့်မေ့ဆင်ခြင်နိုင်၏။

ဥပမာ-ပေယျာလ (မြုပ်ထားသော) ပါဠိကိုချုံ့၍ ထိုထိုအလိုရှိရာ၌ ဉာဏ်ဖြင့် သက်ရောက်ကုန်သကဲ့သို့ များစွာသောကမ္ဘာတို့ကိုချုံ့၍ အလိုရှိရာဘဝ၌ ဉာဏ်ဖြင့် သက်ရောက်နိုင်၏၊ ခြင်္သေ့သည် ခုန်ကျော်၍သွားသကဲ့သို့ များစွာသောကမ္ဘာတို့၌ အလိုရှိရာ ဘဝတို့ကို ခုန်ကျော်ခုန်ကျော်၍အောင့်မေ့ဆင်ခြင်နိုင်ကုန်၏။

ထိုသို့ အောင့်မေ့ဆင်ခြင်ကုန်သော မြတ်စွာဘုရားရှင်တို့၏ဉာဏ်တော်သည် ဥပမာ သားမြီးမျှင်ကို ထိမှန်အောင်ပစ်ခတ်နိုင်သည့် လေးအတတ်၌ကျွမ်းကျင်လိမ္မာသော ဘုရားလောင်း သရဘင်္ဂပညာရှိနှင့် အလားတူသော ဝါလဝေဓိလေးသမား၏ ပစ်ခတ် လိုက်သောမြှားသည် အကြား၌ သစ်ပင်နွယ်ပင်စသည်တို့၌မငြိမကပ်ဘဲ ပစ်ကွင်းမှတ်တိုင် ၌သာကျရောက်ထိမှန်သကဲ့သို့ အကြား၌ ငြိကပ်ခြင်းလွဲချော်သွားခြင်းမရှိသကဲ့သို့ အကြား အကြားဘဝတို့၌ မငြိကပ်မလွဲချော်ဘဲ ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိရာဘဝဌာနတို့ကို အလိုရှိသလို အောက်မေ့ဆင်ခြင်နိုင်ကုန်၏။

### ပုဗ္ဗေနိဝါသကိုမြင်ပုံ ကွာခြားချက်ဥပမာများ

ရှေး၌နေဖူးသည့်ခန္ဓာအစဉ်ကို အောင့်မေ့ကြသောပုဂ္ဂိုလ်တို့တွင် **သာသနာပတိတ္ထိ** များ၏ ပုဗ္ဗေနိဝါသကိုမြင်ခြင်းသည် **ပိုးစုန်းကြူ**အရောင်အလင်းနှင့်တူသည်ဖြစ်၍ ခပ်ရေးရေး မသဲမကွဲသာထင်မြင်ကြ၏။

**ပကတိသာဝက**များ၏ ပုဗ္ဗေနိဝါသကိုမြင်ခြင်းသည် **ဆီမီး**ရောင်နှင့်တူသည်ဖြစ်၍ ထင်ကြမြင်ကြ၏။

**မဟာသာဝက**များ၏ ပုဗ္ဗေနိဝါသကို မြင်ခြင်းသည် **မီးရှူးတန်ဆောင်**အရောင်နှင့် တူသည်ဖြစ်၍ ထင်ကြမြင်ကြ၏။

**အဂ္ဂသာဝက**များ၏ ပုဗ္ဗေနိဝါသကို မြင်ခြင်းသည် **သောက်ရှူကြယ်**ရောင်နှင့်တူသည် ဖြစ်၍ ထင်ကြမြင်ကြ၏။

**ပစ္စေကဗုဒ္ဓါ**များ၏ ပုဗ္ဗေနိဝါသကိုမြင်ခြင်းသည် **လ**ရောင်နှင့်တူသည်ဖြစ်၍

ထင်ကြမြင်ကြ၏။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်များ၏ ပုဗ္ဗေနိဝါသကို မြင်တော်မူခြင်းသည် ရောင်ခြည် တစ်ထောင် အလင်းဆောင်သော သရဒဥတု၌ဖြစ်သော နေဝန်းအရောင်နှင့်တူသည်ဖြစ်၍ ထင်ကြမြင်ကြ၏။

*(မှတ်ချက်) သရဒဥတု=တော်သလင်းလပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ (၂)လ*

## ပုဗ္ဗေနိဝါသကို အောင့်မေ့ပုံ ကွာခြားချက် ဥပမာများ

သာသနာပတိတ္ထိတို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့ခြင်းသည် တောင်ဝှေးဖြင့်စမ်း၍ စမ်း၍ လမ်းစဉ်အတိုင်းသာသွားနိုင် လျှောက်နိုင်သောသူကန်းတို့သွားခြင်းနှင့်တူ၏။

ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့ခြင်းသည် သစ်တုံးတစ်ခုဖြင့်ခင်း ထားသော ချောင်းကူးတံတားငယ်ပေါ်၌ သွားခြင်းနှင့်တူ။

မဟာသာဝကတို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့ခြင်းသည် လူလေးငါးယောက်သွား လောက်သည့် ပျဉ်ခင်းတံတားပေါ်၌ သွားခြင်းနှင့်တူ၏။

အဂ္ဂသာဝကနှစ်ပါးတို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့ခြင်းသည် လှည်းတစ်စီး မောင်းနှင်နိုင်သည့် လှည်းလမ်းခရီးတံတားပေါ်၌ သွားခြင်းနှင့်တူ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့ခြင်းသည် လူအများသွား လာရာ လမ်းမကြီးပေါ်၌ သွားခြင်းနှင့်တူ၏။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသကိုအောင့်မေ့တော်မူခြင်းသည် လှည်းအစီး နှစ်ဆယ်၊ သုံးဆယ်တပြိုင်နက်သွားနိုင်လောက်သည့် လမ်းမကျယ်ကြီးပေါ်၌ သွားခြင်း နှင့်တူ၏။

## အနုဿရတိ အရကောက်

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အရာ၌ အနုဿရတိဟူသည်- ခန္ဓာအစဉ်၏အစွမ်း အားဖြင့်လည်းကောင်း၊ စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့်လည်းကောင်း၊ အစဉ်လိုက်၍လိုက်၍ အောင့်မေ့ဆင်ခြင်ခြင်းဟု ပြထားသောကြောင့် သာဝကတို့၏ပုဗ္ဗေနိဝါသဉာဏ်ကို ယူရ ပေမည်။

## လင်္ကာသံပေါက်

ခန္ဓာစဉ်သာ၊ တိတ္ထိယာ၊ ပမာသူကာဏ်းလား၊
သန္ဓေစုတိ၊ လည်းလျှောက်၏၊ တပည့်ရှေ့နှစ်ပါး၊
အဂ္ဂပစ္စေ၊စုသန္ဓေ၊ ရှုလေထင်ပိုင်းခြား၊
ပုံပေယျာလာ၊ လိုရာရာ၊ ထင်လာစေဘုရား၊
ဝါလဝေဓိ၊ ကေသရီ၊ ကျမ်းညီနည်းမပြား၊
ပိုးစုန်း+ဆီမီး၊ ရှုမီး+ကြယ်သောက်၊ လနှယ်တောက်၊
နေလောက်ထင်ခြောက်ပါး။ *(ပရမတ္ထ သရုပဘေဒနီမှ)*

## ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရရှိအောင် ပွါးများအားထုတ်ပုံ

ပုဗ္ဗေနိဝါသအဘိညာဉ်ဖြစ်ပေါ်ရရှိအောင် ပွါးများအားထုတ်လိုသော အာဒိကမ္မိက ယောဂီရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှဖဲခွါခဲ့ပြီး ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွါကာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုကောင်းစွာထားပြီးလျှင် ရူပစျာန်တို့ကို အစဉ်အတိုင်းဝင်စား၍ အဘိညာဉ်၏အခြေခံ ပါဒကစျာန်(စတုတ္ထစျာန်)ထိ ရရှိအောင် ပွါးများအားထုတ်အပ်၏။

ထိုအဘိညာဉ်၏အခြေခံပါဒကစျာန်ကိုဝင်စားပြီး ထိုစျာန်မှထ၍ နောက်ဆုံးဖြစ်သော ထိုင်နေခြင်းကို ဆင်ခြင်နှလုံးသွင်းအပ်၏။ ထို့နောင် ထိုင်ဘို့ရန် နေရာခင်းခြင်းကို၊ ကျောင်းခန်းသို့ဝင်ခဲ့ခြင်းကို သပိတ်သက်န်းသိမ်းထားခဲ့ခြင်းကို ဆွမ်းစားခဲ့သည့်အချိန်ကာလကို၊ ဆွမ်းခံရွာမှပြန်လာခဲ့သောအချိန်ကာလကို ရွာ၌ဆွမ်းခံလှည့်ခဲ့သောအချိန်ကာလကို၊ ရွာသို့ဆွမ်းခံရန် ဝင်ခဲ့သောကာလကို၊ ကျောင်းမှထွက်ခဲ့သောကာလကို၊ ဘုရားရှိခိုးခဲ့သော ကာလကို၊ သပိတ်ဆေးခဲ့သောကာလကို၊ သပိတ်ယူသောကာလမှ မျက်နှာသစ်သည့်တိုင် အောင်ပြုခဲ့သောကိစ္စကို၊ နံနက်စောစောပြုခဲ့သောကိစ္စများကို သန်းကောင်ယာမ်၌ပြုခဲ့သော ကိစ္စကို၊ ညဉ့်ဦးယာမ်၌ပြုခဲ့သောကိစ္စကို၊ ဤသို့ နောက်ပြန်အစဉ်ဖြင့် တစ်ညဉ့်လုံး တစ်နေ့လုံး ပြုခဲ့သောကိစ္စကို နှလုံးသွင်းအပ်၏၊ ဤမျှကို ပကတိစိတ်ရှိသူပင် ထင်ရှားအောင် ပြန်လည် စဉ်းစားနိုင်၏၊ ပရိကံသမာဓိစိတ်သူအား လွန်စွာပင်ထင်ရှားလေတော့၏။

နှလုံးသွင်းဆင်ခြင်သည့်အခါ အချို့ကိစ္စရပ်များ အကယ်၍မထင်မရှားရှိခဲ့သော် တစ်ဖန် ပါဒကစျာန်ဝင်စားပြီး ထိုစျာန်မှထ၍နှလုံးသွင်းဆင်ခြင်အပ်၏၊ ဤသို့ပြုခဲ့သော် မှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့ ထင်ရှားလေတော့၏။

ဆိုခဲ့သည်အတိုင်း နောက်ပြန်အစဉ်ဖြင့် ပထမနေ့ပြုလုပ်ဆောင်ရွက်ခဲ့ပုံများကို အသေး စိတ်မှတ်သားနှလုံးသွင်းဆင်ခြင်ပြီးလျှင်၊ ဒုတိယနေ့၊ တတိယနေ့၊ စတုတ္ထနေ့၊ ပဉ္စမနေ့၊ ဆယ်ရက်မြောက်နေ့၊ တစ်ဆယ့်ငါးရက်မြောက်နေ့၊ တစ်လ၊ တစ်နှစ်တိုင်အောင်လည်း ပြုလုပ်ခဲ့သော ကိစ္စရပ်များကို နှလုံးသွင်းဆင်ခြင်အပ်၏။

ဤနည်းဖြင့် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊စသည်ဖြင့် ဤယခုဘဝ၌မိမိ၏ ပဋိသန္ဓေကာလ တိုင်အောင်နှလုံးသွင်းဆင်ခြင်ပြီး ဟိုဘက် ရှေးဘဝ၏ စုတိခဏ၌ဖြစ်ခဲ့သော နာမ်ရုပ်ကို နှလုံးသွင်းဆင်ခြင်အပ်၏။

ဉာဏ်ပညာထက်သောယောဂီရဟန်းဖြစ်ပါက ပထမအကြိမ်ဖြင့်ပင်လျှင် ဤဘဝ ပဋိသန္ဓေကိုကျော်လွန်၍ ဟိုဘက်ဘဝစုတိခဏ၌ဖြစ်ခဲ့သောနာမ်ရုပ်ကို အာရုံပြုခြင်းငှါ စွမ်းနိုင်၏။

ဉာဏ်ပညာမထက်သောယောဂီရဟန်းအတွက် ဟိုဘက်ရှေ့ဘဝကရရှိခဲ့သော နာမ်ရုပ်သည် အကြွင်းမဲ့ချုပ်ခဲ့ပြီးသည့်ပြင် ယခုဘဝကံအသစ်ကြောင့် အခြားနာမ်ရုပ် ဖြစ်ပေါ်

နေပြီဖြစ်သောကြောင့် ထိုရှေ့ဘဝစုတိဌာနသည် အမိုက်မှောင်ကဲ့သို့ဖြစ်နေသဖြင့် ဤဘဝ ပဋိသန္ဓေကိုကျော်လွန်၍ ဟိုဘက်ဘဝစုတိဌာနရှိ နာမ်ရုပ်တို့ကိုမြင်နိုင်ခဲ၏။ ထိုသို့မြင်နိုင်ခဲသော်လည်း အာရုံပြုခြင်းငှာ-မစွမ်းနိုင်ဟု ဝန်ချခြင်း၊ လက်လျှော့လိုက်ခြင်းများကို မပြုလုပ်အပ်ပေ၊ ပါဒကစျာန်ကို အဖန်ဖန်ဝင်စား၊ ထိုစျာန်မှထ၍ထ၍ ထိုစုတိဌာနကို နှလုံးသွင်းဆင်ခြင်အပ်၏။

ဤသို့ ပါဒကစျာန်ဝင်စား ထိုစျာန်မှထ၍ အဖန်ဖန်နှလုံးသွင်းဆင်ခြင်လတ်သော် ထင်ရှားသည့် နှလုံးသွင်းဆင်ခြင်ပြီးကိစ္စများကို ဆင်ခြင်စရာမလိုတော့ပဲ ပဋိသန္ဓေကိုသာ ဆင်ခြင်သည်ဖြစ်၍ မကြာမီပင် ဤဘဝပဋိသန္ဓေကိုကျော်လွန်၍ ဟိုဘက်ဘဝစုတိခဏ၌ ဖြစ်ခဲ့သောနာမ်ရုပ်တို့ကို အာရုံပြုနိုင်လေတော့၏။

ဥပမာ-အားကောင်းသောယောကျ်ားသည် ပြသာဒ်ဆောင်/အိမ်ဆောက်လုပ်ရန် သစ်ပင်ကြီးတစ်ပင်တစ်ပင်ကို ခုတ်လှဲလတ်သော် အကိုင်းအခက်တို့ကို ဖြတ်ရုံနှင့်ပင် ပုဆိန်သွား ပျက်စီးချွတ်ယွင်းသွားသဖြင့် ပင်လုံးကြီးကိုဖြတ်ရန်မစွမ်းနိုင်သော်လည်း ဝန်ချလက်မြှောက်ခြင်းမပြုမူ၍ ပန်းပဲရုံသို့သွားကာ ပုဆိန်ကိုထက်အောင်ပြုစေပြီးလျှင် တစ်ဖန်ပြန်လာ၍ ဖြတ်ရာသကဲ့သို့၊

တစ်ဖန် ပျက်စီးချွတ်ယွင်းသွားပြန်လျှင်လည်း ထိုရှေးနည်းအတူ တစ်ဖန်ပြုပြင်စေ၍ ဖြတ်ရာသကဲ့သို့၊ ဖြတ်သည့်အခါ၌လည်း ဖြတ်ပြီးဖြတ်ပြီးသည်ကို တစ်ဖန်ဖြတ်ဖွယ်မရှိ မပြတ်သေးသည်ကိုသာ အဖန်ဖန်ဖြတ်ခြင်းကြောင့် မကြာမီပင် သစ်ပင်ကြီးကိုလဲကျစေရာသကဲ့သို့ဖြစ်သည်။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟူသည်

ဆိုခဲ့ပြီးစကားရပ်ထဲ၌ နောက်ဆုံးထိုင်နေခြင်းမှစ၍ ယခုဘဝပဋိသန္ဓေတိုင်အောင် အာရုံပြု၍ဖြစ်သောဉာဏ်သည် ပုဗ္ဗေနိဝါသဉာဏ်မဟုတ်သေးပေ၊ ယင်းဉာဏ်သည် ပရိကံသမာဓိနှင့်ယှဉ်သောဉာဏ်မည်၏၊ အချို့ဆရာတို့က အတီတံသ-အတိတ်အဖို့၌ဖြစ်သော ဉာဏ်ဟုဆိုကြ၏။ထိုစကားသည် ရူပါဝစရဉာဏ်ကို ရည်ရွယ်၍ဆိုပါမူ မသင့်လျော်ပေ။

ယောဂီရဟန်းအား ယခုပဋိသန္ဓေကိုကျော်လွန်၍ ဟိုဘက်ဘဝစုတိခဏ၌ဖြစ်သော နာမ်ရုပ်ကိုအာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ ထို့နောက် ထိုစုတိနာမ်ရုပ်ကိုပင် အာရုံပြု၍ ပရိကံဥပစာ အနုလုံ ဂေါတြဘူဟူသော လေးကြိမ်ငါးကြိမ်သောဇောများ ဖြစ်ပေါ်ကုန်၏။ ယင်းဇောတို့တွင် ရှေးသုံးကြိမ်လေးကြိမ်သောဇောတို့သည် ကာမာဝစရဇောတို့ဖြစ်ကုန်၏။ နောက်ဆုံးစတုတ္ထ(သို့) ပဉ္စမဇောသည် ရူပါဝစရ စတုတ္ထစျာန်နှင့်ယှဉ်သောအပ္ပနာစိတ်ပေတည်း၊ ယင်းရူပါဝစရ စတုတ္ထစျာန်အပ္ပနာနှင့်ယှဉ်သောဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မည်။ ထိုဉာဏ်နှင့်ယှဉ်သောသတိဖြင့် ရှေး၌နေခဲ့ဘူးသည့် များပြားလှသောခန္ဓာအစဉ်ကို အစဉ်လိုက်၍အောက်မေ့နိုင်၏။

## အစဉ်လိုက်၍ အောင့်မေ့ပုံ

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရသော ယောဂီရဟန်းသည် ဘဝ-တစ်ခု၊ဘဝနှစ်ခု၊ ဘဝသုံးခု၊ ဘဝလေးခု၊ ဘဝငါးခု၊ ဘဝဆယ်ခု၊ ဘဝနှစ်ဆယ်၊ ဘဝသုံးဆယ်၊ဘဝလေးဆယ်၊ ဘဝငါးဆယ်၊ ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ ဘဝတစ်သိန်း၊ သံဝဋ္ဋကပ်များစွာ၊ ဝိဝဋ္ဋကပ်များစွာ၊ သံဝဋ္ဋဝိဝဋ္ဋကပ်များစွာတို့ကို အောင့်မေ့ဆင်ခြင်နှလုံးသွင်းပြီးလျှင်-

"ဤမည်သောဘဝ၌ ငါသည် ဤသို့သောအမည်ရှိခဲ့၏။ အနွယ်ရှိခဲ့၏၊ အဆင်းရှိခဲ့၏၊ အစာအာဟာရရှိခဲ့၏၊ ချမ်းသာဆင်းရဲကိုခံစားခဲ့၏၊ အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ယင်းဘဝမှစုတေခဲ့၍ ဤမည်သောဘဝ၌ဖြစ်ခဲ့ပြန်သည်၊ ထိုဘဝ၌လည်း ငါသည် ဤသို့သောအမည်ရှိခဲ့၏ ။ပ။ အသက်အပိုင်းအခြားရှိခဲ့၏၊ ဤသို့အဆင်းစသောအခြင်းအရာနှင့်တကွ ညွှန်ပြစရာအမည်အနွယ်နှင့်တကွ များပြားလှသော ရှေး၌နေခဲ့ဘူးသည့် ခန္ဓာအစဉ်ကို အစဉ်လိုက်၍အောင့်မေ့နိုင်၏။

**ဘဝတစ်ခု**-ပဋိသန္ဓေမှစ၍စုတိအဆုံးရှိသော ဘဝတစ်ခုအတွင်းဝင်သော ခန္ဓာအစဉ်တစ်ခုကို ဘဝတစ်ခုဟုဆိုသည်။

**အသင်္ချေယျ-၄-ကပ်** ၁။ သံဝဋ္ဋကပ်၊ ၂။ သံဝဋ္ဋဋ္ဌာယီကပ်၊
၃။ ဝိဝဋ္ဋကပ်၊ ၄။ ဝိဝဋ္ဋဋ္ဌာယီကပ်

**သံဝဋ္ဋကပ်**- (သံဝဋ္ဋ=ဆုတ်ယုတ်ပျက်စီးဆဲ+ကပ်=ကမ္ဘာ) ကမ္ဘာဖျက်မိုးရွာသည်မှစ၍ အကြွင်းမရှိ ဟင်းလင်းပြင်ဖြစ်သည်တိုင်အောင် ဆုတ်ယုတ်ပျက်စီးဆဲကပ်သည် သံဝဋ္ဋအသင်္ချေယျကပ်မည်၏။

**သံဝဋ္ဋဋ္ဌာယီကပ်**- (သံဝဋ္ဋ= ပျက်ခြင်း=ပျက်သည့်အတိုင်း+ဌာယီ= တည်ရှိနေသော+ကပ်=ကမ္ဘာ)

ဟင်းလင်းပြင်ဖြစ်သည်မှစ၍ ကမ္ဘာပြုမိုးရွာသည့်တိုင်အောင် အပျက်တည်ဆဲကပ်သည် သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။

**ဝိဝဋ္ဋကပ်**- (ဝိဝဋ္ဋ= တိုးပွါးဖြစ်ထွန်းနေဆဲ+ကပ်=ကမ္ဘာ)ကမ္ဘာပြုမိုးရွာသည်မှစ၍ တပေါင်းလပြည့်နေ့ နေလနက္ခတ်ဖြစ်ပေါ်သည့်တိုင်အောင် တိုးပွါးဖြစ်ထွန်းနေဆဲကပ်သည် ဝိဝဋ္ဋကပ်မည်၏။

**ဝိဝဋ္ဋဋ္ဌာယီကပ်**- (ဝိဝဋ္ဋ= ဖြစ်ခြင်း= ဖြစ်ပြီးအတိုင်း+ ဌာယီ= တည်ရှိနေသော+ ကပ်=ကမ္ဘာ) နေလနက္ခတ်ပေါ်သည်မှစ၍ ကမ္ဘာဖျက်မိုးရွာသည့်တိုင်အောင် ဖြစ်ထွန်းပြီး ကမ္ဘာကြီးတည်ရှိနေခြင်းသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။

**အန္တရကပ်**-(အပိုင်းအခြားကပ်)၊ ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်ကပ်နှင့် အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းအထိဆုတ်ကပ် ဤတက်ကပ်+ဆုတ်ကပ် နှစ်ခုအစုံသည် အန္တရကပ်တစ်ကပ်မည်၏။

**အသင်္ချေယျကပ်**= အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ် တစ်ကပ်မည်၏။
**မဟာကပ်**= အသင်္ချေယျလေးကပ် မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ) ဖြစ်၏။
**သံဝဋ္ဋ ၃-မျိုး**= အသင်္ချေယျလေးကပ်တို့တွင် သံဝဋ္ဋခေါ် ပျက်ကပ်တို့သည် **တေဇော သံဝဋ္ဋ**= မီးဖြင့်ပျက်သောကပ်၊ **အာပေါသံဝဋ္ဋ**= ရေဖြင့်ပျက်သောကပ်၊ **ဝါယောသံဝဋ္ဋ**= လေဖြင့်ပျက်သောကပ်ဟူ၍သုံးမျိုးရှိ၏။ ပျက်ရာနယ်ဆုံးဘုံတို့သည်- ၁။ အာဘဿရာဘုံ ၂။ သုဘာကိဏှာဘုံ၊ ၃။ ဝေဟပ္ဖိုလ်ဘုံဟူ၍ သုံးမျိုးရှိသည်။

## မီး,ရေ,လေတို့ဖြင့် ပျက်သွားသောဘုံများ

၁။ ကမ္ဘာသည်- **တေဇောသံဝဋ္ဋ**= မီးဖြင့်ပျက်သောအခါ ကာမ ၁၁-ဘုံနှင့် ရူပပထမစျာန် ၃-ဘုံ ပျက်သည်။ (အာဘဿရာဘုံ မပျက်သေး။)
၂။ **အာပေါသံဝဋ္ဋ**= ရေဖြင့်ပျက်သောအခါ ကာမ ၁၁-ဘုံ၊ ရူပ ပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံအထိ ပျက်သည်။ (သုဘာကိဏှာဘုံ မပျက်သေး။)
၃။ **ဝါယောသံဝဋ္ဋ**= လေဖြင့်ပျက်သောအခါ ကာမ ၁၁-ဘုံ၊ ရူပပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံအထိပျက်စီးသည်။ (ဝေဟပ္ဖိုလ်ဘုံမပျက်ပေ။)

*(မှတ်ချက်) ပထမစျာန်စသော ရူပဗြဟ္မာဘုံများသည် အထက်အောက်တည်ရှိခြင်း မဟုတ် တစ်ပြင်တည်း တည်ရှိကြသောကြောင့် အာဘဿရာဘုံမပျက်သော် တစ်ပြင်တည်း တည်ရှိသော ပရိတ္တာဘာ အပ္ပမာဏာဘာ ဘုံများလည်း မပျက်သေးပေ။*

*တတိယစျာန်ဘုံတို့တွင်လည်း သုဘာကိဏှာဘုံမပျက်သော် တစ်ပြင်တည်း တည်ရှိသော ပရိတ္တသုဘာ အပ္ပမာဏသုဘာ ဘုံများလည်း မပျက်သေးပေ။*

*ဘေးပတ်ဝန်းကျင် အကျယ်အပြန့်အားဖြင့်ပျက်သောအခါတိုင်း စကြာဝဠာကုဋေတစ် သိန်းဟူသော ဗုဒ္ဓခေတ် (အာဏာခေတ်)တစ်ခုလုံးပျက်စီး၏။*

## ဗုဒ္ဓခေတ် ၃-မျိုး

ဗုဒ္ဓခေတ်သည်- (၁) ဇာတိခေတ်၊ (၂) အာဏာခေတ်၊ (၃) ဝိသယခေတ်ဟူ၍ ၃-မျိုးရှိ၏။

**ဇာတိခေတ်**- ဇာတိခေတ်သည် စကြာဝဠာတစ်သောင်း အပိုင်းအခြားရှိ၏၊ ယင်း ဇာတိခေတ်သည် ပစ္ဆိမဘဝိက ဘုရားအလောင်းတော် ပဋိသန္ဓေယူသောအခါ စသည်တို့၌ တုန်လှုပ်၏၊

**အာဏာခေတ်**- အာဏာခေတ်သည် စကြာဝဠာကုဋေတစ်သိန်း အပိုင်းအခြားရှိ၏၊ ယင်းအာဏာခေတ်၌ ရတနသုတ်ပရိတ်၊ ခန္ဓပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ မောရ ပရိတ်ဟူသော ပရိတ်တရားတော်တို့၏ အာနုဘော်ပြန့်နှံ့၏။

**ဝိသယခေတ်**- ဝိသယခေတ်သည် အဆုံးအပိုင်းအခြားမရှိပေ။ ယင်းဝိသယခေတ်ကို အလိုရှိလျှင်ရှိသလောက် သိစေနိုင်၏ဟု ဟောတော်မူသောကြောင့် ယင်းဝိသယခေတ်၌

မြတ်စွာဘုရားသည် အလိုရှိရာရာကို အလိုရှိသလောက်သိတော်မူနိုင်၏။

ဗုဒ္ဓခေတ် ၃-မျိုးတို့တွင်- အာဏာခေတ်တစ်ခုပျက်စီးလျှင် အာဏာခေတ်၌အတွင်းဝင်သော ဇာတိခေတ်လည်းပျက်စီးတော့၏။ ပျက်စီးလျှင် တစ်ပေါင်းတည်းပျက်စီးသကဲ့သို့ တည်လျှင်လည်း တစ်ပေါင်းတည်းပင်တည်လေ၏။

## မီးဖြင့် ကမ္ဘာပျက်ပုံ

ကမ္ဘာကြီးသည် မီးဖြင့် ပျက်စီးခါနီးလျှင် ကမ္ဘာပျက်မိုးကြီးတက်ပြီး စကြဝဠာကုဋေ တစ်သိန်း၌ တစ်စပ်တည်း မိုးကြီးဖြစ်လျက် ရွာသွန်း၏။ လူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းကုန်လျက် စိုက်ပျိုးစရာစပါးမျိုးစေ့မှန်သမျှ ထုတ်၍ စိုက်ပျိုးကြကုန်၏။ ကောက်ပင်များ နွားစားလောက်ယုံမျှဖြစ်လာကြလျှင် မြည်းဟီသံကဲ့သို့ မြည်လျက် ချုံးလျက် မိုးရေတစ်ပေါက်တလေမျှ မရွာသွန်းတော့ချေ။ မိုးရွာသွန်းမှု လုံးဝပျတ်စဲသွားတော့၏။

မြတ်စွာဘုရားရှင်ကလည်း "ရဟန်းတို့ နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ၊ နှစ်ထောင်ပေါင်းများစွာ၊ နှစ်သိန်းပေါင်းများစွာတို့ကာလပတ်လုံး မိုးရွာသွန်းမှုမရှိတော့သောအခါမျိုးလည်း ရှိချေ၏ဟု ဟောတော်မူခဲ့သည်။

ထိုအခါ မိုးရေကိုမှီ၍ အသက်ရှင်ကြရကုန်သောသတ္တဝါများ သေကုန်၍ နတ်ပြည်မှတစ်ဆင့် ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏။ ပန်းသစ်သီးကိုမှီ၍ အသက်ရှင်ကြရကုန်သော နတ်တို့လည်း စုတေကုန်၍ ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏။ ဤအခြင်းအရာဖြင့် နှစ်ပေါင်းများစွာကုန်လွန်သွားသော် ရေသည် လုံးဝခမ်းခြောက်သွားတော့သည်။ ငါးလိပ်များလည်း သေကြကြပြီးလျှင် နတ်ပြည်မှတစ်ဆင့် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏။ ငရဲသားသတ္တဝါများလည်း နတ်ပြည်မှတဆင့် ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏။ ငရဲသားသတ္တဝါများ ခုနှစ်စင်းမြောက် နေထွက်ပေါ်သည့်အခါမှ ပျက်စီးကြသည်ဟု ဧကေ (အချို့) ဆရာတို့ကဆိုကြ၏။

## လောကဗျူဟာနတ်များကြွေးကျော်ကြပုံ

လောကဗျူဟာခေါ်နိုးဆော်သတိပေးသော ကာမာဝစရနတ်တို့သည် ဆံပင်များဖယိုဖရဲကျဲကုန်လျက် ငိုယိုထားသောမျက်နှာများရှိပြီး နီရဲသောအဝတ်တို့ကိုဝတ်ဆင်ကြကာ ထိန်လန့်ကြောက်ရွံ့နေသည့်အသွင်ဖြင့် လူများသွားရာလမ်း၊ လူတို့ကြားသိနိုင်လောက်သည့် အရပ်တကာလှည့်၍ "အချင်းတို့ ယခုအချိန်မှစ၍ အနှစ်တစ်သိန်းကျော်လွန်သွားသည့်အခါ ကမ္ဘာကြီးပျက်စီးလိမ့်မည်၊ ဤလောကတစ်ခုလုံးပျက်စီးသွားလိမ့်မည်။ မဟာသမုဒ္ဒရာရေလည်း ခမ်းခြောက်သွားလိမ့်မည်။ ဤကမ္ဘာမြေကြီးရော မြင်းမိုရ်တောင်ကြီးပါ မီးလောင်၍ ပျက်စီးသွားလိမ့်မည်၊ ဗြဟ္မာ့ပြည်တိုင်အောင် ကမ္ဘာလောကပျက်စီးလိမ့်မည်။ အချင်းမိတ်ဆွေတို့ မေတ္တာပွားများကြပါ။ ကရုဏာမုဒိတာ ဥပေက္ခာတရားပွားများကြပါ၊ မိဘတို့ကို ပြုစုလုပ်ကျွေးကြပါ။ အမျိုးထဲ၌ အသက်ကြီးသူတို့ကို ရိုသေကြပါ၊ စွမ်းနိုင်သမျှ ကုသိုလ်ကောင်းများပြုလုပ်ကြပါ"ဟု ပြောကြားကြွေးကြော်ကြကုန်၏။

## ဈာန်မရသော်လည်း ဗြဟ္မာ့ပြည်၌ ဖြစ်ပုံ

လောကဗျူဟာနတ်တို့၏စကားသံကိုကြားကုန်၍ လူများ၊ ဘုမ္မစိုးနတ်များသည် ထိတ်လန့်ခြင်း၊ သံဝေဂဖြစ်ကြကုန်လျက် အချင်းချင်း နူးညံ့သောစိတ်ရှိကြကုန်သည်ဖြစ်၍ မေတ္တာပွားခြင်းစသောကောင်းမှုတို့ကိုပြုကြသောကြောင့် နတ်ပြည်၌ ဖြစ်ကုန်၏။ နတ်ပြည်၌ နတ်သုဓာဘောဇဉ်ကိုစားကြ၍ ဝါယောကသိုဏ်းပွားများအားထုတ်မှုကြောင့် ဈာန်ရကြကုန်၏။ လူနှင့်ဘုမ္မစိုးနတ်တို့မှ တစ်ပါးသောသတ္တဝါတို့သည်ကား- အပရာပရိယဝေဒနိယကံစွမ်းဖြင့် နတ်ပြည်၌ဖြစ်ကုန်၏။

(မှတ်ချက်)သံသရာ၌ *ကျင်လည်နေသော သတ္တဝါမှန်သမျှ အပရာပရိယ ဝေဒနိယကံကင်းသူ မရှိချေ။ ထိုသတ္တဝါတို့သည်လည်း နတ်ပြည်၌ ဝါယောကသိုဏ်းပွားများအားထုတ်မှုကြောင့် ဈာန်ရကြကုန်၏။ နတ်ပြည်၌ရသောဈာန်၏အစွမ်းအားဖြင့် အလုံးစုံသော သတ္တဝါတို့သည် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်ကြ၏။*

## ဒုတိယ'နေ'စသည်ထွက်ပေါ်လာပုံ

ကမ္ဘာပျက်မိုးပျက်စဲသည်မှ နောက်၌ ရှည်သောအခွန့်ကာလကုန်လွန်သွားသည့်အခါ ဒုတိယနေတစ်စင်း ထင်ရှားထွက်ပေါ်လာ၏။ ဒုတိယနေ ထင်ရှားဖြစ်ပေါ်လတ်သော နေ့၊ ညဉ့်အပိုင်းအခြားမထင်တော့ပေ၊ နေတစ်စင်းဝင်သွားလျှင် နေတစ်စင်းထွက်ပေါ်၏။ လောက၌ နေပူရောင်မပြတ်ရှိနေတော့၏။

## ပကတိနေနှင့် ကမ္ဘာဖျက်နေထူးခြားပုံ

ပကတိနေ၌ နေနတ်သားရှိသကဲ့သို့ ကမ္ဘာပျက်နေ၌ နတ်သားမရှိချေ၊ ပကတိနေထွက်သည့်အခါ- ကောင်းကင်၌ တိမ်တိုက်များ အခိုးအညွန့်များ လှုပ်ရှားသွားလာကုန်၏။

ကမ္ဘာပျက်နေထွက်သည့်အခါ ကောင်းကင်၌ အခိုးနှင့် တိမ်တိုက်ကင်း၏။ ကြေးမုံဝန်း(မှန်)ကဲ့သို့ အညစ်အကြေးကင်းလျက်ရှိ၏။ မြစ်ကြီးငါးသွယ်တို့မှတစ်ပါး မြစ်ငယ်စသည်တို့၌တည်ရှိသောရေများ ခမ်းခြောက်ကုန်၏။ ဤသို့ ထူးခြားပါ၏။

ထို့နောင် ရှည်ကြာသောအချိန်ကာလကုန်လွန်သွားသော် တတိယနေတစ်စင်း ထွက်ပေါ်လာပြန်၏။ ယင်းတတိယနေထွက်ပေါ်လာမှုကြောင့် ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီဟူသော မြစ်ကြီးငါးသွယ်တို့ ခမ်းခြောက်ကုန်၏။

ထို့နောင် ရှည်ကြာသောအချိန်ကာလကုန်လွန်သွားသော် စတုတ္ထနေတစ်စင်း ထင်ရှားထွက်ပေါ်လာပြန်၏။ ယင်းစတုတ္ထနေ ထင်ရှားထွက်ပေါ်လာပြန်သောကြောင့် ဟိမဝန္တာ၌ မြစ်ကြီးငါးသွယ်တို့၏မြစ်ဖျားခံရာ သီဟပပါတအိုင်၊ ဟံသာပါတနအိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ အနဝတတ်အိုင်၊ ဆဒ္ဒန်အိုင်၊ ကုဏာလအိုင်ဟူသော အိုင်ကြီးခုနစ်သွယ် ခမ်းခြောက်ကုန်၏။

ထို့နောင် ရှည်ကြာသောအချိန်ကာလကုန်လွန်သွားပြန်သော် **ပဉ္စမနေတစ်စင်း** ထင်ရှားထွက်ပေါ်လာပြန်၏။ ယင်းပဉ္စမနေ ထင်ရှားထွက်ပေါ်လာသောကြောင့် အစဉ်အတိုင်း တဖြည်းဖြည်းချင်းကုန်ခမ်း၍ သမုဒ္ဒရာ၌ရေသည် **လက်တစ်ဆစ်စိုစွတ်ယုံမျှသော်လည်းမတည်ရှိတော့ချေ။**

ထို့နောင် ရှည်ကြာသောအချိန်ကာလကုန်လွန်သွားပြန်သော် ဆဋ္ဌနေတစ်စင်း ထင်ရှားထွက်ပေါ်လာပြန်၏။ ယင်းဆဋ္ဌနေထင်ရှားထွက်ပေါ်လာသောကြောင့် **အလုံးစုံသောစကြာဝဠာတစ်တိုက်လုံးသည် တစ်စပ်တည်း အခိုးအငွေ့ပြည့်နှက်လျက်ရှိ၏။** အခိုးအငွေ့ကြောင့် အစိုဓာတ်ကုန်ခမ်းသွား၏။ စကြာဝဠာကုဋေတစ်သိန်းတို့၌လည်း ဤနည်းတူဖြစ်ကုန်၏။

ထို့နောင် ရှည်ကြာသောအချိန်ကာလကုန်လွန်သွားသော် သတ္တမနေတစ်စင်း ထင်ရှားထွက်ပေါ်လာပြန်၏။ ယင်းသတ္တမနေ ထင်ရှားထွက်ပေါ်လာသောကြောင့် ကဋေတစ်သိန်းသောစကြာဝဠာတို့နှင့်တကွ ဤစကြာဝဠာတစ်ခုလုံး တစ်စပ်တည်း မီးတောက်လောင်လေတော့၏။ ယူဇနာတစ်ရာ စသည်အပြားရှိကုန်သော မြင်းမိုရ်တောင်၏ တောင်ထွတ်တို့သည် ပြိုပျက်ကုန်၍ ကောင်းကင်၌ပင်ကွယ်ပျောက်လေကုန်၏။

ထိုမီးလျှံသည် စတုမဟာရာဇ်၊ တာဝတိံသာစသော နတ်ပြည်ခြောက်ထပ်နှင့် ရူပပထမစျာန်သုံးဘုံရှိ ဘုံဗိမာန်တို့ကိုလောင်ကျွမ်းပြီး ပရိတ္တာဘာ၊ အပ္ပမာဏာဘာဘုံတို့နှင့် တစ်ပြင်တည်းတည်ရှိသော အာဘဿရာဘုံကိုဆိုက်၍တည်လေ၏။

ထိုမီးတောက်မီးလျှံသည် အဏုမြူမျှ ရုပ်သင်္ခါရရှိနေသေးလျှင် မငြိမ်းသေးပေ၊ ရုပ်သင်္ခါရတရားအားလုံးကုန်သွားသောအခါ ထောပတ်ဆီတို့ကိုလောင်သောမီးကဲ့သို့ ပြာကိုသော်မျှ မကြွင်းကျန်စေဘဲ၊ လောင်သွားလေတော့၏။ အောက်ကောင်းကင်နှင့်အထက်ကောင်းကင် တစ်ဆက်တည်းဖြစ်လျက် အမိုက်အမှောင်အတိဖြစ်လေ၏။

## ကမ္ဘာဖြစ်ထွန်းပေါ်ပေါက်ပုံ

ရှည်စွာသောအချိန်ကာလ ကုန်လွန်သွားသောအခါ ကြီးစွာသောမိုးတိမ်တက်လာပြီး ရေးဦးစွာ ဖွဲဖွဲ ဖွဲဖွဲရွာသွန်း၏။ အစဉ်အတိုင်းတိုးတက်၍ ကုမုဒြာကြာရိုးခန့်၊ ကျည်ပွေ့ခန့်၊ ထန်းလုံးခန့် စသည့်အတိုင်းအရှည်ရှိကုန်သောမိုးယ်ရေအယဉ်တို့ဖြင့် ရွာသွန်းလျက် စကြာဝဠာကုဋေတစ်သိန်း၌ မီးလောင်ထားရာအရပ်ကို ပြည့်စေပြီးလျှင် ပြတ်စဲကွယ်ပျောက်သွားလေ၏။

ရေ၏အောက်ဖက်၌၎င်း၊ ထက်ဝန်းကျင်ဘေးပတ်လည်၌၎င်း လေထုကြီးဖြစ်ပေါ်လာပြီးလျှင် ထိုရေကို တစ်လုံးတစ်ခဲတည်း ဖြစ်စေ၏။ ပဒုမ္မာကြာဖက်ပေါ်၌ ရေပေါက်ကဲ့သို့ ထက်ဝန်းကျင် တစ်လုံးတစ်ခဲတည်း ဖြစ်စေ၏။ အာဘဿရာ ဗြဟ္မာ့ပြည်တိုင်အောင် ထိုမျှလောက် ကြီးကျယ်စွာသော ရေအစုကို တစ်လုံးတခဲတည်းဖြစ်အောင် အဘယ်သို့ ပြုသနည်းဟူမူ၊ လေထုသည် ရေထုအား- ထိုထိုအရပ်၌ **အကြားအပေါက်ကိုပေးသောအားဖြင့်**

တစ်လုံးတခဲတည်း ဖြစ်အောင်ပြုသည်။

လေထုကပေါင်းစုလျက် တစ်လုံးတစ်ခဲတည်းဖြစ်စေအပ်သော ထိုရေထုသည် အစဉ်အတိုင်းကုန်၍ အောက်သို့လျောသက်လတ်သော် ပထမဈာန်ဗြဟ္မာ့ပြည်ဌာနနှ ဗြဟ္မာဘုံတို့သည်၎င်း၊ ယာမာတိုင်အောင်သော အထက်ကာမာဝစရနတ်ပြည်ဌာနတို့၌ နတ်ဘုံတို့သည်၎င်း ထင်ရှားဖြစ်ပေါ်ကုန်၏။

## ရသပထဝီခေါ်မြေဆီအရသာဖြစ်ပေါ်ပုံ

အထက်နတ်ဘုံဌာနတို့မှ တဖြည်းဖြည်းအောက်သို့ လျောသက်လာသော ရေထုကြီးသည် ရှေးကကမ္ဘာမြေတည်ရာဌာနသို့ရောက်လတ်သော် အားကြီးသောလေထုကြီး ဖြစ်ပေါ်ပြီးနောက် ထိုလေထုကြီးက ရေထုကို အောက်ကပင့်၍ထားသဖြင့် ဥပမာ- အထက်မှလေပေါက်ကိုပိတ်ထားသော ဓမ္မကရိုဏ်းရေစစ်၌တည်သောရေကဲ့သို့ အောက်သို့ လျောကြမသွားပဲ ယခုထက်တိုင် ကောင်းစွာတည်ရှိနေပေသည်။ ချိုမြိန်သောရေကုန်ခြင်း၊ လျော့ခြင်းသို့ရောက်လတ်သော် အပေါ်ယံ၌ ရသပထဝီခေါ် မြေဆီအရသာဖြစ်ပေါ်လာလေ၏။ ၎င်းမြေဆီအရသာသည် အဆင်းအနံ့အရသာတို့နှင့်ပြည့်စုံ၏။ ရေမပါသော ယနာနို့ဆွမ်းအပေါ်ယံ၌ရှိသော မလိုင်လွှာနှင့်တူ၏။

## ကမ္ဘာဦးလူသားတို့ဘဝ

ကမ္ဘာပျက်ခါနီးကာလ အာဘဿရ ဗြဟ္မာ့ပြည်၌ ရှေးဦးစွာဖြစ်ခဲ့ကြသော သတ္တဝါတို့သည် သက်တမ်း, ကံစွမ်း တစ်မျိုးမျိုးကုန်ခဲ့၍ ထိုဗြဟ္မာ့ပြည်မှစုတေခဲ့ကြပြီး ဤလူ့ပြည်၌ ဖြစ်လာကြကုန်၏။ ထိုကမ္ဘာဦးလူသားတို့သည် မိမိတို့ကိုယ်ရောင်ကိုယ်ဝါဖြင့် လင်းလျက် မြင်လျက်ရှိကြကုန်၏။ ကောင်းကင်၌သွားလာနိုင်ကုန်၏။ ၎င်းတို့သည် မြေဆီ၏အရသာကို လျက်ကာ မြည်းစမ်းကုန်သော် စားလိုသောအာသာပြင်းပြသောကြောင့် အလုပ်အလွေ့ပြုလျက် စားသုံးကုန်၏။ ထိုအခါ သူတို့၏ခန္ဓာကိုယ်မှ အရောင်အလင်း ပျောက်ကွယ်သွားလေတော့၏။ အမှောင်အတိဖြစ်သွားသောကြောင့် ၎င်းတို့သည် အမိုက်မှောင်ကိုတွေ့ကာကြောက်ရွံ့ကြကုန်၏။

## နေမင်းဖြစ်ပေါ်လာပုံ

ကမ္ဘာဦးလူသားတို့သည် မိမိတို့၏ကိုယ်ရောင်ကိုယ်ဝါပျောက်ကွယ်သွား၍ အလင်းရောင်ကိုလိုလားတောင့်တ မျှော်လင့်နေကြသောအခါ ကမ္ဘာဦးလူသားများ၏ ကြောက်ခြင်းကိုပယ်ဖျောက်၍ ရဲရင့်ခြင်းကိုဖြစ်စေလျက် အချင်းယူဇနာ ၅၀-ရှိသော နေဝန်းကြီး ထင်ရှားဖြစ်ပေါ်လာ၏။တု

၎င်းတို့သည် ဖြစ်ပေါ်လာသောထိုနေမင်းကြီးကိုမြင်ကြရသော် ငါတို့ အလင်းရောင်ရကြပေပြီဟု ရွှင်လန်းဝမ်းမြောက်ကုန်သည်ဖြစ်၍ "ကြောက်ရွံ့နေကြသော ငါတို့၏ကြောက်ခြင်းကိုပယ်ဖျောက်ပြီး ရဲရင့်ခြင်းကိုဖြစ်စေလျက် ထွက်ပေါ်လာသောကြောင့် သူရိယ=

ရဲရင့်စေသော 'နေ' မည်စေ"ဟု နှလုံးသွင်းကြကာ- ထိုနေအား သူရိယဟူသော အမည်ပေး ကြကုန်၏။

## လမင်းဖြစ်ပေါ်လာပုံ

နေသည် တစ်နေ့လုံးအလင်းရောင်ပြု၍ ကွယ်လတ်ဝင်လတ်သော် "ငါတို့ ရထားသည့် နေရောင်သည်လည်း ကွယ်ပျောက်သွားပြန်လေပြီ"ဟု ကြံတွေးကြပြီး တစ်ဖန်ကြောက်ရွံ့ ကြပြန်၏။ ကြောက်ရွံ့နေသူတို့အား- "အခြားအလင်းရောင်ကို အကယ်၍ရကြပါမူ ကောင်း လေစွ"ဟု အကြံဖြစ်ကြလေ၏။

ထိုလူတို့၏ စိတ်အကြံကိုသိ၍ပေါ်လာသကဲ့သို့ အချင်း ၄၉-ယူဇနာရှိသော လဝန်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ ကမ္ဘာဦးလူသားတို့သည် ထိုလကိုမြင်ကြရသော်- အလွန်ရွှင်လန်းဝမ်းမြောက်ကြသည်ဖြစ်၍ **"ငါတို့၏အလိုဆန္ဒကိုသိ၍ ပေါ်လာသကဲ့သို့ပင် ပေါ်လာသောကြောင့် စန္ဒ= 'လ'မည်စေဟု-** နှလုံးသွင်းကြကာ- ထိုလအား- **စန္ဒ**ဟု အမည် ပေးကြကုန်၏။

ဤသို့ နေနှင့်လတို့ ထင်ရှားဖြစ်ပေါ်ကုန်လတ်သော်- နက္ခတ်၊ ကြယ်တာရာအပေါင်း တို့လည်း ထင်ရှားဖြစ်ပေါ်ကုန်၏။

## လဆန်း/လဆုတ်စသည်ဖြစ်ပေါ်ပုံ

နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာများ ဖြစ်ပေါ်သည်မှစ၍ နေ့နှင့်ညတို့ ထင်ကုန်၏။ အစဉ်အားဖြင့်-ပက္ခ, လ, ဥတု,နှစ်တို့ ထင်ရှားကုန်၏။ နေနှင့်လတို့ထင်ရှားဖြစ်ပေါ်သော နေ့၌ပင်လျှင် မြင်းမိုရ်တောင် စကြာဝဠာတောင် ဟိမဝန္တာတောင်တို့လည်း မရှေးမနှောင်း တပေါင်းလပြည့်နေ့၌ပင်လျှင် ထင်ရှားဖြစ်ပေါ်ကုန်၏။

## တောတောင်ရေမြေသဘာဝတို့ဖြစ်ပေါ်ပုံဥပမာ

ဆတ်ဆန်ထမင်းချက်သောအခါ အမြှုပ်အပွက်တို့ တစ်ပြိုင်နက် တက်ကုန်သကဲ့သို့ အချို့အရပ်သည် စုန့်စုန့်မို့မို့တက်ကုန်သကဲ့သို့၊ အချို့အရပ်သည် နိမ့်ကုန်ချိုင့်ကုန်သကဲ့သို့၊ အချို့အရပ်တို့သည် အညီအမျှဖြစ်ကုန်သကဲ့သို့ ထို့အတူပင်-

ကမ္ဘာပြုမိုးရွာသွန်းပြီးနောက် ရေထုကြီးတဖြည်းဖြည်းနှင့် လျော့သက်လာရာ ရှေးအခါ ကမ္ဘာမပျက်ခင် မြေကြီးရှိရာဌာနရောက်လတ်သော် အောက်မှလေထုကြီးက ပင့်တင်ထား လိုက်သောကြောင့် ရေထုကြီးသည် အောက်သို့ဆက်လက်လျော့ကျမသွားတော့ချေ၊ ထိုအခါ ရေထု၌မညီညာသည့်အရပ်ဌာနများဖြစ်ပေါ်လာတော့၏။ စုန့်စုန့်မို့မို့တက်ရာဌာန၌ တောင်များဖြစ်ကုန်၏။ နိမ့်ရာချိုင့်ရာအရပ်၌ သမုဒ္ဒရာများ ဖြစ်ကုန်၏၊ အညီအမျှဖြစ်ရာ ဌာန၌ ကျွန်းများဖြစ်ကုန်၏။

## မြေဆီအရသာကွယ်ပျောက်ပုံ

ကမ္ဘာဦးအခါ မြေဆီအရသာကို စားသုံးနေကြကုန်သောသတ္တဝါတို့တွင် အချို့က

အဆင်းလှကုန်၏။ အချို့က အဆင်းမလှကုန်၊ အဆင်းလှသူတို့သည် အဆင်းမလှသူတို့ကို အထင်အမြင်သေးကုန်၏၊ မထီမဲ့မြင်ပြုကုန်၏၊ ထိုသတ္တဝါတို့၏ အလွန်မာန်တက်၍ မထီမဲ့မြင်ပြုခြင်းဟူသောအကြောင်းကြောင့် မြေဆီအရသာ ကွယ်ပျောက်သွားလေ၏၊ ထို့နောက် မြေဆီမြေလွှာပေါ်ပေါက်လာပြန်၏၊ ထိုအခါက ထိုလူတို့၏ လှခြင်း၊ မလှခြင်း မာန်မူတက်ကြွခြင်းဟူသောအကြောင်းကြောင့်ပင် မြေဆီမြေလွှာသည်လည်း ကွယ်ပျောက်သွားပြန်လေ၏၊

## သလေးဆန်ဖြစ်ပေါ်ပြီးချက်ပြုတ်စားပုံ

ထို့နောက် မထွန်ယက်မစိုက်ပျိုးရဘဲ အလိုလိုပေါက်ရောက်၍ ရင့်ကျက်သော သလေးဆန် ထင်ရှားဖြစ်ပေါ်လာပြန်၏။ ယင်းဆန်မှာ ဖွဲနုဖွဲကြမ်းမပါ၊ သန့်ရှင်း၍ မွှေးကြိုင်သောအနံ့ရှိ၏။

ထို့နောင် လူတို့မှာ ထမင်းအိုးများ ဖြစ်ပေါ်ပြီးနောက် သလေးဆန်ကို အိုး၌ထည့်၍ ကျောက်ဖျာမျက်နှာပြင်ပေါ်တင်ထားလိုက်လျှင် အလိုလိုပင် မီးလျှံတက်၍ ထိုဆန်ကိုချက်၏။ ထိုသလေးထမင်းသည် မြတ်လေးပန်းငုံသဖွယ် တင့်တယ်ဖြူစင်၏၊ ဟင်းလျာမပါဘဲ ထမင်းချည်းသက်သက်ပင် စားသုံးနိုင်၏၊ အချိုအချဉ်စသော အရသာတို့တွင် စားလိုသည့်အရသာ ထွက်ပေါ်၏။

## အင်္ဂါကြီးငယ်များဖြစ်ပေါ်ပုံ

ကြမ်းတမ်းသော ထမင်းအာဟာရကို စားသုံးကုန်သော ထိုလူတို့၌ ထိုအခါမှစ၍ ကျင်ကြီးကျင်ငယ်များ ဖြစ်ပေါ်လာလေတော့သည်၊ ကျင်ကြီးကျင်ငယ်များထွက်ရန် ကျင်ကြီး, ကျင်ငယ်ပေါက်, အမာဝတို့ ပေါက်ကွဲဖြစ်ပေါ်ကုန်၏၊ ယောကျ်ား၌ ယောကျ်ားဖြစ်ကြောင်း ရုပ်အင်္ဂါဖြစ်ပေါ်ပြီး၊ မိန်းမ၌ မိန်းမဖြစ်ကြောင်းရုပ်အင်္ဂါဖြစ်ပေါ်လေ၏။

## အိမ်ယာတည်ထောင်ကြပုံနှင့် အလိုလိုပေါက်ရောက်သော သလေးဆန်များကွယ်ပျောက်ပုံ

ယောကျ်ားမိန်းမတို့၌ အင်္ဂါကြီးငယ်များ အသီးသီးဖြစ်ပေါ်ပြီးနောက် မိန်းမ, ယောကျ်ားတို့အချင်းချင်း ကြည့်ရှုကြည့်စဉ်ထက် ကြာမြင့်စွာ တစ်စိမ့်စိမ့်စူးစိုက်ကြည့်ရှုကြသောကြောင့် ကာမရာဂ ပူပန်မှုများဖြစ်ပေါ်လာပြီး မေထုန်အမှုပြုကျင့်ကုန်၏။

အသဒ္ဓမ္မ- သူမြတ်တရားမဟုတ်သည့် မေထုန်မှုကိုမှီဝဲကြသောကြောင့် ထိုသူတို့ကို ပညာရှိတို့က ကဲ့ရဲ့ကုန်၏။ မြေမှုန့်, ပြာ, နွားချေးတို့ဖြင့် ပစ်ပေါက်ကုန်လျက် ညှဉ်းဆဲကုန်၏၊ ထို့ကြောင့် ထိုအသဒ္ဓမ္မကိုဖုံးကွယ်ရန်အတွက် အိမ်များဆောက်လုပ်ကြကုန်၏။

လူတို့သည် အိမ်၌နေကြကုန်လျက် အချိန်ကြာမြင့်လာသောအခါ လူပျင်းတစ်ယောက်၏ ပြုမူပုံကိုအတုလိုက်၍ သိုမှီးသိမ်းဆည်းခြင်း ပြုကုန်၏၊ ထိုအခါမှစ၍ လူများစားသုံးသည့်သလေးဆန်၌ ဖွဲနု-ဖွဲကြမ်းများ မြေးယှက်ဖြစ်ပေါ်လေတော့၏၊ ရိတ်သိမ်းပြီးအရပ်၌လည်း သလေးစပါးပြန်၍ မပေါက်လာတော့ပေ။

## ညဉ်းညူကြပုံ

ထိုလူများစုဝေး၍ ညဉ်းညူကြပုံမှာ "အချင်းတို့ ယုတ်မာသောတရားတို့သည် သတ္တဝါတို့သန္တာန်၌ ဖြစ်ပေါ်လာကြကုန်စွတကား၊ ငါတို့သည် ရှေးအခါက ဉပပတ် ပဋိသန္ဓေရှိလျက်, စိတ်ဖြင့်ပြီးခဲ့ကုန်၏၊ အစာစားစရာမလိုပဲပီတိလျှင် အစာအာဟာရ ရှိကုန်၏၊ အစစအရာရာ အလိုဆန္ဒ ပြည့်ဝခဲ့ကုန်၏၊ ယခုအချိန် ထိုအခြေအနေများ အားလုံးဆိတ်သုဉ်းပျောက်ကွယ်, ကုန်စွတကားဟု ညဉ်းညူကုန်၏။

## စည်းဝေးတိုင်ပင်ကြပုံ

တစ်နေ့သောအခါ သူပိုင်ကိုယ်ပိုင် သလေးစပါးခင်းပိုင်းခြားထားသည့်အထဲမှ-လူတစ်ဦးသည် လူတစ်ဦး၏သလေးစပါးကိုခိုးယူမှုပေါ်ပေါက်လေ၏၊ ထိုခိုးယူသူကို နှစ်ကြိမ်တိုင်တိုင် ကြိမ်းမောင်းပြောဆိုကြ၍ သုံးကြိမ်မြောက်ခိုးမှု လွန်ကျူးသည့်အခါဒုတ်စသည့်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကြပြီး ကဲ့ရဲ့ရှုတ်ချကြကုန်၏။

လူတို့သည် ဤသို့ခိုးယူမှု ရိုက်နှက်ပုတ်ခတ်မှု ကဲ့ရဲ့ရှုတ်ချမှု လိမ်လည်ပြောဆိုမှု ဒုတ်လက်နက်စွဲကိုင်မှု စသည်ဖြစ်ပေါ်လာကြသောအခါ စည်းဝေးကြပြီးလျှင် "အချင်းတို့ ငါတို့သည် တစ်ဦးသောသတ္တဝါကို အကြီးအမှူးအဖြစ် တင်မြှောက်သမုတ်ထားလျှင် ကောင်းလိမ့်မည်။ ယင်းသမုတ်ထားသည့်သတ္တဝါသည် ငါတို့ထဲကသင့်လျော်မှန်ကန်စွာ ရှုတ်ချသင့်သူကို ရှုတ်ချနိုင်စွမ်း၊ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့နိုင်စွမ်း၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်နိုင်စွမ်း၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်နိုင်စွမ်း ရှိရမည်။ ငါတို့ကမူ ထိုအကြီးအမှူးဖြစ်သူအား ငါတို့လုပ်အား သလေးစပါးထဲက ဆယ်ပုံတစ်ပုံသောအဖို့ကို ပေးဆက်ကုန်အံ့"ဟု စည်းဝေးတိုင်ပင်ကြကုန်၏။

## အကြီးအမှူးပုဂ္ဂိုလ်တင်မြှောက်ပုံ

ဆွေးနွေးတိုင်ပင်ပြီးသောအခါ ထိုစဉ်အခါက သတ္တဝါအားလုံးတို့တွင် ဘုရားအလောင်းတော်ဖြစ်သော ပုဂ္ဂိုလ်သည်သာလျှင် အဆင်းလှဆုံး ရှုချင်ဘွယ် အကောင်းဆုံးဖြစ်သည့်ပြင် အခြံအရံများဆုံး ဘုန်းကံကြီးမားဆုံးလည်းဖြစ်၍ အသိဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏၊ နှိပ်ချမှုချီးမြှောက်မှု စသည်ပြုရန်လည်းစွမ်းနိုင်၏။

ထိုလူသားများသည် ဘုရားအလောင်းတော်ထံ ချဉ်းကပ်ကြပြီး တောင်းပန်၍ အကြီးအမှူးပုဂ္ဂိုလ်အဖြစ် တင်မြှောက်သမုတ်ထားကြကုန်၏။

- → **မဟာသမ္မတ**= ဘုရားလောင်းတော်သည် များစွာသောလူအပေါင်းတို့က အကြီးအမှူးအဖြစ် သမုတ်ထားသောကြောင့် **မဟာသမ္မတ** မည်၏။
- → **ခတ္တိယ**= များစွာသောလယ်တို့၏ အရှင်ဖြစ်သောကြောင့် **ခတ္တိယ** မည်၏။
- → **ရာဇာ**= တရားဥပဒေနှင့်လျော်ညီစွာ တိုင်းသားပြည်သူတို့ကို ချမ်းသာနှစ်သိမ့်စေတတ်သောကြောင့် **ရာဇာ** မင်းမည်၏။

ဘုရားလောင်းတော်သည် ဤသုံးမျိုးသော အမည်တို့ဖြင့် ထင်ရှားခဲ့လေသည်။

## အမျိုးအစခတ္တိယ

လောကဝယ်အံ့ဘွယ်ဌာနဟူသမျှတို့၌ ဘုရားအလောင်းတော်သည်သာ အစဦးဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့၏၊ ကမ္ဘာဦးကာလ၌လည်း ယခုပြဆိုသည့်အတိုင်း ဘုရားလောင်းတော်ကိုပင် အစဦးပုဂ္ဂိုလ်ပြု၍ ခတ္တိယခေါ် မင်းမျိုးအသိုက်အဝန်းတည်ရှိပြီးနောက် အစဉ်အားဖြင့် ဗြာဟ္မဏ= ပုဏ္ဏားစသော အမျိုးများဖြစ်ပေါ်တည်ရှိကြကုန်၏။

## မီးဖြင့် ကမ္ဘာပျက်ရာတည်ရာ၌ အသင်္ချေယျကပ် ၄-မျိုး

၁။ မီးဖြင့် ကမ္ဘာပျက်ရာတည်ရာ၌ ကမ္ဘာပျက်မိုးကြီးရွာသည်မှစ၍ မီးလျှံပြတ်စဲသည် တိုင်အောင် တစ်ခုသောအသင်္ချေယျကပ်ကို သံဝဋ္ဋ-ကပ် ဟုခေါ်သည်။

၂။ ကမ္ဘာကို ပျက်စေသော မီးလျှံပြတ်စဲသည်မှစ၍ စကြာဝဠာကုဋေ တစ်သိန်းတို့ကို ပြည့်စေလျက် ပြည့်စုံစေသည့် ကမ္ဘာပြုမိုးကြီးရွာသည့်တိုင်အောင် ၂-ခုမြောက်သော အသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီကပ် ဟုခေါ်သည်။

၃။ ပြည့်စုံစေသော ကမ္ဘာပြုမိုးကြီးရွာသည်မှစ၍ နေ-လတို့ထင်ရှားဖြစ်ပေါ်လာသည် တိုင်အောင် ၃ခုမြောက်သော အသင်္ချေယျကို ဝိဝဋ္ဋကပ်ဟု ခေါ်သည်။

၄။ နေနှင့်လတို့ထင်ရှားဖြစ်ပေါ်လာသည်မှစ၍ တစ်ဖန် ကမ္ဘာပျက်မိုးကြီးရွာသည့် တိုင်အောင် ၄-ခုမြောက်သောအသင်္ချေယျကပ်ကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟု ခေါ်သည်။

ဤအသင်္ချေယျ. ၄. ကပ်တို့ကို မဟာကပ်. ၁-ကပ် (တစ်ကမ္ဘာ)ဟု ခေါ်သည်။

## ရေဖြင့် ကမ္ဘာပျက်ပုံ

**အမှာစာ-** ကမ္ဘာကြီးသည် ရေဖြင့်ပျက်ခါနီးသော် ကမ္ဘာပျက်မိုးကြီးတက်ပြီး စကြာဝဠာကုဋေတစ်သိန်း၌ တစ်စပ်တည်းသော မိုးကြီးဖြစ်လျက်ရွာသွန်း၏ ဤသို့စသည်ကို မီးဖြင့် ကမ္ဘာပျက်ပုံအစီအစဉ်တိုင်း မှတ်ပါလေ။

**ထူးသည်မှာ-** မီးဖြင့်ပျက်သောကမ္ဘာ၌ ဒုတိယနေဝန်းပေါ်ထွန်းသကဲ့သို့ ရေဖြင့် ပျက်သောကမ္ဘာ၌ ကမ္ဘာကိုပျက်စေတတ်သောရေငန်မိုးကြီး ရွာသွန်း၏ ယင်းရေငန်မိုးကြီး သည် ရွာသွန်းစ၌သေးသေးငယ်ငယ် မိုးရေပေါက်ရွာသွန်းလျက် အစဉ်အတိုင်း တိုး၍တိုး၍ ကြီးစွာသောမိုးရေမိုးပေါက်အယဉ်တို့ဖြင့် စကြာဝဠာကုဋေတစ်သိန်းတို့ကို ပြည့်စေလျက် ရွာသွန်း၏။

လွန်စွာငန်သော မိုးရေဖြင့်ထိရာရာ မြေကြီးတောင်စသည်တို့ ကြေမွပျက်စီးကုန်၏။ ထိုရေကို ပတ်ဝန်းကျင်မှလေတို့ကထိန်းဆောင်ထား၏။ ကမ္ဘာမြေမှ ဒုတိယစျာန် ဗြဟ္မာ့ဘုံ အထိ လွန်စွာငန်သော မိုးရေရောက်၏၊ ဗြဟ္မာပြည်၌ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဟူသော ဒုတိယစျာန် ဗြဟ္မာ ၃-ဘုံတို့ကို ကြေမွပျက်စီးစေပြီး (ပရိတ္တသုဘာ အပ္ပမာဏသုဘာဘုံတို့နှင့် တစ်ပြင်တည်းတည်ရှိသော) သုဘကိဏှာဘုံကို ဆိုက်၍တည်၏။

လွန်စွာငန်သော ထိုမိုးရေသည် အဏုမြူမျှလောက်သော ရုပ်သင်္ခါရရှိနေသေးလျှင်

မငြိမ်းမချောက်မပျောက်ကွယ်သေးပေ၊ ကမ္ဘာပျက်ရေ တွေ့ထိ၍ စားအပ်သော ရုပ်သင်္ခါရတရားအလုံးစုံကို လွှမ်းမိုးဖျက်စီးပြီးလျှင်ကား **ရုတ်တရက်လျင်မြန်စွာ ချုပ်ငြိမ်းပျောက်ကွယ်သွားလေ၏။** အောက်ကောင်းကင်နှင့် အထက်ကောင်းကင် တစ်စပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေတော့၏။

**အထူးမှာ**- ရေဖြင့်ပျက်ပြီးနောက် ကမ္ဘာပြန်လည်ဖြစ်ထွန်းရာ၌ **အာဘဿရာဘုံမှ** စ၍ ကမ္ဘာလောကထင်ရှားဖြစ်ပေါ်၏၊ ထို့ပြင် သုဘကိဏှာဘုံမှစုတေ၍ အာဘဿရာဘုံစသောဌာနတို့၌ သတ္တဝါများဖြစ်ကုန်၏။

## ရေဖြင့် ကမ္ဘာပျက်ရာတည်ရာ၌အသင်္ချေယျ-၄-ကပ်

၁။ ရေဖြင့်ကမ္ဘာပျက်ရာ ဖြစ်ရာ၌ ကမ္ဘာပျက်မိုးကြီးရွာသည်မှစ၍ **ကမ္ဘာပျက်ရေနေမိုး** ရေပြတ်စဲသည်တိုင်အောင် တစ်ခုသောအသင်္ချေယျကပ်ကို **သံဝဋ္ဋကပ်**ဟုခေါ်သည်။

၂။ ရေနေမိုးရေပြတ်စဲသည်မှစ၍ ကမ္ဘာပြုမိုးကြီးရွာသည့်တိုင်အောင် ဒုတိယအသင်္ချေယျကပ်ကို **သံဝဋ္ဋဋ္ဌာယီကပ်**ဟုခေါ်သည်။

၃။ ကမ္ဘာပြုမိုးကြီးရွာသည်မှစ၍ နေ-လတို့ ထင်ရှားဖြစ်ပေါ်လာသည့်တိုင်အောင် တတိယအသင်္ချေယျကပ်ကို **ဝိဝဋ္ဋကပ်**ဟုခေါ်သည်။

၄။ နေနှင့်လတို့ ထင်ရှားဖြစ်ပေါ်သည်မှစ၍ တစ်ဖန်ကမ္ဘာပျက်မိုးကြီးရွာသည့်တိုင်အောင် စတုတ္ထအသင်္ချေယျကပ်ကို **ဝိဝဋ္ဋဋ္ဌာယီကပ်**ဟုခေါ်သည်။

ဤအသင်္ချေယျကပ် ၄-ကပ်တို့ကို မဟာကပ်-၁-ကပ်(တစ်ကမ္ဘာ)ဟုခေါ်သည်။

## လေဖြင့် ကမ္ဘာပျက်ပုံ

**အမှာစာ**- ကမ္ဘာကြီးသည် လေဖြင့်ပျက်ခါနီးသော် ကမ္ဘာပျက်မိုးကြီးတက်ပြီး စကြာဝဠာကုဋေတစ်သိန်း၌ တစ်စပ်တည်းသော မိုးကြီးဖြစ်လျက်ရွာသွန်း၏။ ဤသို့ စသည်ကို မီးဖြင့်ကမ္ဘာပျက်ပုံ အစီအစဉ်အတိုင်း မှတ်ပါလေ။

**ထူးသည်မှာ**- မီးဖြင့်ပျက်သောကမ္ဘာ၌ ဒုတိယနေဝန်း ထွက်ပေါ်သကဲ့သို့ လေဖြင့်ပျက်သောကမ္ဘာ၌ ကမ္ဘာကိုပျက်စေသော လေဖြစ်ပေါ်လာ၏၊ ထိုလေသည် တိုက်ခတ်စ၌ ကြမ်းသောမြူကိုထစေ၏၊ ထို့နောင် သိမ်မွေ့သောသဲလုံး၊ ကြမ်းသောသဲလုံး၊ ကျောက်စရစ်ခဲ၊ ကျောက်တုံးစသည်တို့ကိုလည်းကောင်း၊ ထို့နောင် တဖြည်းဖြည်းပြင်းထန်လာကာ အိမ်ထွတ်မျှရှိသောကျောက်တုံး၊ မညီညွတ်သောအရပ်၌တည်ရှိသော သစ်ပင်ကြီးတို့ကိုလည်းကောင်း ကြွတက်စေ၏၊ မြေပြင်မှ ကောင်းကင်သို့တက်သွားသော ယင်းကျောက်တုံး သစ်ပင်တို့သည် တစ်ဖန်ပြန်၍ မကျလာကုန်တော့ဘဲ ကောင်းကင်၌သာ အမှုန့်အမှုန့်ဖြစ်ကုန်လျက် ကွယ်ပျောက်သွားလေကုန်၏။

အစဉ်အားဖြင့် မြေကြီးအောက်၌ လေဖြစ်ပေါ်ပြီး မြေကို အထက်အောက်ပြန်စေလျက် ကောင်းကင်ထဲသို့ ပစ်လွှင့်လိုက်၏။ ယုဇနာတစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာခန့်ရှိသော

မြေအရပ်တို့သည် ပြိုကွဲကုန်လျက် လေအဟုန်ကတိုက်ခတ် ပစ်လွှင့်အပ်သောကြောင့် ကောင်းကင်ထဲ၌သာ အမှုန့်အမှုန့်ဖြစ်လျက် ကွယ်ပျောက်သွားလေကုန်၏။

စကြာဝဠာတောင်၊ မြင်းမိုရ်တောင်တို့ကိုလည်း လေကပင့်မြှောက်၍ ကောင်းကင်သို့ ပစ်လွှင့်၏။ ထိုစကြဝဠာတောင်၊ မြင်းမိုရ်တောင်တို့သည်လည်း အချင်းချင်းထိခိုက်ကုန်၍ အမှုန့်မှုန့်ဖြစ်ကုန်လျက် ပျက်စီးလေကုန်၏။

ဤနည်းဖြင့် မြေ၌တည်သော ဗိမာန်၊ ကောင်းကင်၌တည်သောဗိမာန်၊ ကာမာဝစရ နတ်ပြည် ၆-ထပ် -စကြဝဠာကုဋေတစ်သိန်းတို့ကိုပျက်စီးစေ၏၊ ထိုကုဋေတစ်သိန်းသော စကြဝဠာတို့၌ စကြဝဠာအချင်းချင်း၊ ဟိမဝန္တာတောင်အချင်းချင်း၊ မြင်းမိုရ်တောင် အချင်းချင်းတွေ့ဆုံထိခိုက်ကုန်၍ အမှုန့်မှုန့်ဖြစ်လျက်ပျက်စီးလေကုန်၏။

မြေပြင်မှ တတိယဈာန်ဘုံတိုင်အောင် လေတိုက်ခတ်၏၊ ပရိတ္တသုဘာ,အပ္ပမာဏ သုဘာ, သုဘကိဏှာဟူသော ပြဟ္မာဘုံတို့ကိုဖျက်ဆီး၍ ဝေဟပ္ဖိုလ်ဘုံသို့ဆိုက်လျက်တည်၏။ ဤပုံဤနည်းဖြင့် ရုပ်သင်္ခါရတရားအားလုံးကိုဖျက်ဆီးပြီးလျှင် လေသည် သူ့ကိုယ်တိုင်လည်း ကွယ်ပျောက်သွားလေ၏။ အောက်ကောင်းကင်နှင့်အထက်ကောင်းကင်တစ်စပ်တည်း ဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေတော့၏။

ဤလေဖြင့် ကမ္ဘာပျက်ရာ၌ အထူးမှာ လေဖြင့်ကမ္ဘာပျက်ပြီးနောက် ကမ္ဘာ ပြန်လည် ဖြစ်ထွန်းရာ၌ သုဘကိဏှာပြဟ္မာ့ပြည်ကိုအစပြု၍ ကမ္ဘာလောကအသစ်ထင်ရှားဖြစ် ပေါ်၏၊ ထို့ပြင်ဝေဟပ္ဖိုလ်ဘုံမှစုတေ၍ သုဘကိဏှာဘုံစသောဌာနတို့၌ သတ္တဝါများ ဖြစ်ကုန်၏။

## ကမ္ဘာပျက်ခြင်းအကြောင်း

မေး- အဘယ်ကြောင့် ကမ္ဘာလောကကြီးပျက်စီးရပါသနည်း။

ဖြေ- လောဘ၊ ဒေါသ၊ မောဟဟူသောအကုသိုလ်မူလတို့များပြားလာမှုကြောင့် ကမ္ဘာ လောကကြီးပျက်စီးရခြင်းဖြစ်၏။

ထိုတွင် လောဘ(ရာဂ)သာလွန်များပြားလာသောအခါ မီးဖြင့်ပျက်၏၊ ဒေါသ သာလွန်များပြားလာသောအခါ ရေဖြင့်ပျက်၏။

တစ်နည်းမှာ- ဒေါသသာလွန်များပြားလာသောအခါ မီးဖြင့်ပျက်၏။ လောဘ(ရာဂ)သာလွန်များပြားသောအခါ ရေဖြင့်ပျက်၏ဟု အချို့ဆရာတို့ကဆိုကြ၏။ မောဟသာလွန်များပြားလာသောအခါ လေဖြင့်ပျက်၏။

*(မှတ်ချက်) ရာဂလွန်ကဲလျှင် ရောဂန္တရကပ်ဖြစ်သည်။ ဒေါသလွန်ကဲလျှင် သတ္ထန္တရကပ်ဖြစ်သည်၊ မောဟလွန်ကဲလျှင် ဒုဗ္ဘိက္ခန္တရကပ်ဖြစ်သည်။*

ကမ္ဘာကြီးပျက်စီးရာအခါ၌ ခုနှစ်ကြိမ်တိုင်တိုင် မီးဖြင့်ပျက်၏၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်၏။ တဖန် ခုနှစ်ကြိမ်တိုင်တိုင် မီးဖြင့်ပျက်၏။ ရှစ်ကြိမ်မြောက်၌ ရေဖြင့်ပျက်၏။ ဤနည်းဖြင့် ခုနှစ်ကြိမ်တိုင်တိုင် မီးဖြင့်ပျက်ပြီးနောက် ရှစ်ကြိမ်မြောက်၌ ရေဖြင့်ပျက်ပြီး

တဖန် မီးဖြင့်ခုနှစ်ကြိမ်ပျက်ပြန်၏။ ဤမျှဖြင့် အန္တရကပ်ပေါင်း ၆၃-ကပ်တို့ လွန်လေကုန်၏။ ထို့နောက် ရေဖြင့်ပျက်ရမည့် အလှည့်ကျရောက်သော်လည်း ထိုအခါ၌ လေသည် အခွင့်ရ၍ အန္တရကပ်ပေါင်း ၆၄-ကပ် အသက်ပြည့်ကုန်၍ သုဘာကိဏှာဘုံတို့ကို ပျက်စီးစေလျက် ကမ္ဘာလောကကို ဖျက်ဆီးလေသည်။

၁။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၂။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၃။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၄။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၅။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၆။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၇။ မီး (၇)ကြိမ်+ ရေ (၁)ကြိမ်၊
၈။ မီး (၇)ကြိမ်+ လေ (၁)ကြိမ်၊

မီးဖြင့် (၅၆)ကြိမ်၊ ရေဖြင့် (၇)ကြိမ်၊ လေဖြင့် (၁)ကြိမ် ပေါင်း = (၆၄)ကြိမ်

**အနုဿရတိ**= ရှေး၌နေဖူးသောခန္ဓာအစဉ်ကို အစဉ်လိုက်၍ဆင်ခြင်လျက် အောက်မေ့သောရဟန်းသည် ဆိုခဲ့သောကပ်တို့တွင် သံဝဋ္ဋကပ်များစွာ၊ ဝိဝဋ္ဋကပ်များစွာ၊ သံဝဋ္ဋ၊ ဝိဝဋ္ဋကပ်များစွာတို့ကို အောက်မေ့ဆင်ခြင်၏။

**အမုတြာသိ**ဟူသည်- ဤမည်သောသံဝဋ္ဋကပ်၌ ငါသည်ဤမည်သောဘဝ၊ ယောနိဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တဝါသ၌ ဤမည်သောသတ္တဝါအပေါင်း၌ ဖြစ်ခဲ့ပြီဟု အောင့်မေ့ဆင်ခြင်၏။

**ဧဝံနာမော**= ဤသို့သောအမည်ရှိခဲ့၏ဟူသည်-တိဿအမည်သော်ရင်း၊ ဖုဿအမည်သော်ရင်း ဖြစ်ခဲ့၏ဟုဆိုလို၏။

**ဧဝံဂေါတ္တော**= ဤသို့သောအနွယ်ရှိခဲ့၏ဟူသည်- ကစ္စာနအနွယ်သော်ရင်း၊ ကဿပအနွယ်သော်ရင်း၊ ဖြစ်ခဲ့၏ဟုဆိုလို၏။

**ဧဝံ ဣစ္စေဝမာဒိ**စသည်ဖြင့် အတိတ်ကာလ၌မိမိ၏အဆင်းပြည့်စုံပုံ၊ အသက်မွေးမှု အကောင်း, အညံ့, ချမ်းသာများပုံ, ဆင်းရဲများပုံ, အသက်အတိုအရှည်စသည်ကို အံကယ်၍ အောင့်မေ့လိုပါမူ အောင့်မေ့နိုင်သည်သာဖြစ်၏ဟု ညွှန်ပြသည်။

**ဧဝံဝဏ္ဏော**= ဤသို့သောအဆင်းရှိခဲ့၏ဟူသည်- ဖြူသောအဆင်းရှိခဲ့၏၊ ဝါရွှေသော အဆင်းရှိခဲ့၏ဟုဆိုလိုသည်။

**ဧဝမာဟာရော**= ဤသို့သောအစာရှိခဲ့၏ဟူသည်- သလေးထမင်း, အသားနှင့်ရော သောထမင်း, အလိုလိုဖြစ်သည့်အသီးလျှင် အစာရှိခဲ့၏ဟုဆိုလိုသည်။

**ဧဝံသုခ ဒုက္ခ ပဋိသံဝေဒီ**= ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏ဟူသည်- များစွာ သောအပြားအားဖြင့် ကာမဂုဏ်နှင့်စပ်- မစပ်သောကိုယ်ချမ်းသာဆင်းရဲ၊ စိတ်ချမ်းသာ ဆင်းရဲတို့ကိုခံစားခဲ့၏ဟု ဆိုလိုသည်။

ဝေမာယုပရိယန္တော= ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏ဟူသည်- အနှစ်တစ်ရာသက်တမ်း အနှစ်တစ်ထောင်သက်တမ်း သို့မဟုတ် ကမ္ဘာရှစ်သောင်းလေးထောင်သက်တမ်း ရှိခဲ့၏စသည် ဆိုလို၏။

သော တတောစုတော ဣဓူပ ပန္နော= ထိုငါသည် ထိုဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ ထိုသတ္တဝါအပေါင်းမှစုတေခဲ့၍ တဖန် ဤမည်သော ဘဝ၊ ယောနိ၊ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ၌ သတ္တဝါအပေါင်း၌ ဖြစ်ခဲ့ပြန်ပြီဟု ဆိုလို၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အကြောင်း ပြီးပြီ။

❖ ❖ ❖

## စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်အကြောင်းပြဆိုချက်

သော ဧဝံ သမာဟိတေ စိတ္တေ ။ပ။ အာနေဉ္ဇပ္ပတ္တေ သတ္တာနံ စုတူပပါတ ဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ- ဒုဂ္ဂတေ ယထာကမ္မူပဂေ သတ္တေ ပဇာနာတိ။

စတုတ္ထစျာန်ရပြီးသော ရဟန်းသည် စိတ်ကြည်လင်လတ်သော် ။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ စုတိနှင့်ပဋိသန္ဓေ၌သိသောဉာဏ်အကျိုးငှာ စိတ်ကို ရှေးရှုဆောင်၏၊ ရှေ့ရှုညွတ်စေ၏။

ထိုသို့ညွတ်စေသောရဟန်းသည် အထူးစင်ကြယ်သောလူ့မျက်စိထက်သာလွန်သော ဒိဗ္ဗစက္ခုဖြင့် (ဝါ)နတ်မျက်စိနှင့်တူသောဉာဏ်မျက်စိဖြင့် သတ္တဝါတို့ကိုမြင်၏။ သေဆဲ သတ္တဝါတို့ကို၊ ဘဝသစ်၌ ဖြစ်ဆဲသတ္တဝါတို့ကို၊ ယုတ်ညံ့သူတို့ကို၊ မြင့်မြတ်သူတို့ကို၊ အဆင်းလှ သူတို့ကို၊ အဆင်းမလှသူတို့ကို၊ သုဂတိ၊ ဒုဂ္ဂတိသို့ရောက်သူတို့ကို၊ ကံအားလျော်စွာ ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ကုန်သောသတ္တဝါတို့ကိုသိ၏။

စုတူပပါတဉာဏ်ဟူသည်-သတ္တဝါတို့၏ဘဝဟောင်းမှ ရွေ့လျောခြင်း၊ သေခြင်းဟူ သောစုတိနှင့် ဘဝသစ်သို့ကပ်ရောက်ခြင်း၊ ဖြစ်ခြင်းဟူသောပဋိသန္ဓေ၊ ထိုနှစ်မျိုးကို သိကြောင်းဖြစ်သောဉာဏ်သည် စုတူပပါတဉာဏ်မည်၏။

စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိဟူသည်- (ဒိဗ္ဗစက္ခုဉာဏ်အကျိုးငှာ-) ပရိကံပြုသောစိတ်ကို ရှေ့ရှုလည်းဆောင်၏၊ ရှေးရှုလည်းညွတ်စေ၏ဟု ဆိုပါသည်။

သော= ထိုရဟန်းဟူသည်- စိတ်ကိုရှေးရှုဆောင်ခြင်းကိုပြုပြီးသောရဟန်းဟု ဆိုလို၏။

## ဒိဗ္ဗစက္ခုနာပဒ်အဓိပ္ပါယ်

**ဒိဗ္ဗမည်ပုံ**- နတ်၌ဖြစ်သောအရာသည် ဒိဗ္ဗမည်၏။ ဒိဗ္ဗနှင့်တူသောကြောင့် ဒိဗ္ဗမည်၏။ (ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ)

တစ်နည်းကား- ဒိဗ္ဗဝိဟာရမည်သောစျာန်၏အစွမ်းဖြင့် ရအပ်သောကြောင့်လည်း ဒိဗ္ဗမည်၏။ (ဒိဗ္ဗဝိဟာရဝသေနပဋိလဒ္ဓတ္တာ ဒိဗ္ဗံ)၊

မိမိကိုယ်တိုင်းလည်း ဒိဗ္ဗဝိဟာရကိုမှီသောကြောင့် ဒိဗ္ဗမည်၏။ (အတ္တနာစ ဒိဗ္ဗဝိဟာရ သန္နိဿိတတ္တာပိ ဒိဗ္ဗံ)။

အာလောကကသိုဏ်းဟူသော အလင်းကိုသိမ်းယူခြင်းဖြင့် ကြီးကျယ်သောအရောင် အလင်းရှိသောကြောင့်လည်း ဒိဗ္ဗမည်၏။ (အာလောက ပရိဂ္ဂဟေန မဟာဇုတိကတ္တာပိ ဒိဗ္ဗံ)

နံရံတစ်ဖက် စသည်တို့၌တည်သော အဆင်းကိုမြင်သဖြင့် အံ့ဖွယ်သွားခြင်း၊ ဖြစ်ခြင်း ရှိသောကြောင့်လည်းဒိဗ္ဗမည်၏။ (တိရောကုဍ္ဍာဒိဂတ ရူပဒဿနေန မဟာဂတိ ကတ္တာပိ ဒိဗ္ဗံ)။

**စက္ခုမည်ပုံ**- မြင်တတ်သောအနက်သဘောကြောင့်စက္ခုမည်၏။ (ဒဿနဋ္ဌေန- စက္ခု)။

တနည်းကား- မျက်စိ၏မြင်ခြင်းကိစ္စကို ပြုသဖြင့် မျက်စိနှင့်တူသောကြောင့် စက္ခုမည်၏။ (စက္ခုကိစ္စကရဏေန စက္ခုမိဝါတိပိ စက္ခု)။

**ဒိဗ္ဗစက္ခု**= နတ်တို့၏ ဒိဗ္ဗမည်သောပသာဒရုပ်မျက်စိသည် (ဝါ) နတ်မျက်စိသည် ရှေ့ဘဝသုစရိုက်ကုသိုလ်ကံကြောင့်ဖြစ်သဖြင့် သည်းခြေ၊ သလိပ်၊ သွေးစသည်တို့ဖြင့် မနှောက်ယှက်အပ်သောကြောင့်အညစ်အကြေးကင်း၏။ ထို့ကြောင့် အဝေး၌ရှိသောအာရုံကို ခံယူခြင်း, မြင်ခြင်းငှာစွမ်းနိုင်၏။

**ဒိဗ္ဗစက္ခုအဘိညာဉ်**= ဒိဗ္ဗစက္ခုမည်သောဉာဏ်မျက်စိသည် ဝီရိယဘာဝနာ၏ ခွန်အားအစွမ်းဖြင့်ဖြစ်သောကြောင့် (ဝါ) ဝီရိယဖြင့် ပွါးစေအပ်သည့် သမာဓိခွန်အားကြောင့် ဖြစ်သဖြင့် နတ်တို့၏မျက်စိကဲ့သို့ (ဒိဗ္ဗစက္ခုကဲ့သို့) အဝေး၌ရှိသော အာရုံကိုခံယူခြင်းငှါ မြင်ခြင်းငှါ စွမ်းနိုင်၏။

ဝိသုဒ္ဓ (စင်ကြယ်ခြင်း) ဆိုသည်မှာ- စုတေခြင်း-သေခြင်းနှင့် ဘဝသစ်၌ကပ်၍ဖြစ်ခြင်း- ပဋိသန္ဓေ နေခြင်းတို့ကိုမြင်သဖြင့် အယူစင်ကြယ်ကြောင်းဖြစ်သောကြောင့် ဝိသုဒ္ဓ-(စင်ကြယ်ခြင်း) မည်၏။

## ဒိဗ္ဗစက္ခုဉာဏ်၏အယူစင်ကြယ်ကြောင်းဖြစ်ပုံ

သေခြင်းကိုသာမြင်၍ ဖြစ်ခြင်းကိုမမြင်သောသူသည် သေပြီးနောက်ပြတ်စဲသွားသည် ထင်သော ဥစ္ဆေဒဒိဋ္ဌိကိုယူတတ်၏၊

ဘဝအသစ်ဖြစ်ခြင်းမျှကိုသာမြင်၍ ဘဝဟောင်းက သေခဲ့ခြင်းကိုမမြင်သောသူသည် သတ္တဝါအသစ်ဖြစ်ပေါ်သည်ဟုထင်သောအယူကို ယူတတ်၏၊

သေခဲ့ခြင်းနှင့် ဘဝအသစ်ဖြစ်ခြင်းဟူသော နှစ်ပါးလုံးကို မြင်သောသူသည်ကား ဆိုခဲ့ပြီး

မိစ္ဆာအယူနှစ်ပါးလုံးကို ကျော်လွန်နိုင်ပေ၏။

ထို့ကြောင့် စုတိပဋိသန္ဓေကို မြင်သောဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)သည် အယူစင်ကြယ်ကြောင်းဖြစ်၏။ ဤစုတိနှင့် ပဋိသန္ဓေနှစ်ပါးလုံးကို ဘုရားသားတော် ရဟန်းများ မြင်ကုန်၏။

## အတိက္ကန္တမာနုသကအဓိပ္ပါယ်

လူသားတို့၏ပကတိမံသစက္ခု၏အမြင်ကို ကျော်လွန်၍မြင်သည်ကို အတိက္ကန္တမာနုသက-ဟု ဆို၏။

ဒိဗ္ဗစက္ခုအဘိညာဉ်သည် သာမာန်ပကတိလူသားတို့၏ မျက်စိဖြင့်မြင်နိုင်ကောင်းရာအရပ်နှင့်မြင်နိုင်ကောင်းသောရုပ်ကြမ်းများကိုကျော်လွန်၍ ဝေးကွာလှသောအဆင်း၊ ခြားကွယ်နေသောအဆင်း၊ နတ်တို့၏သိမ်မွေ့သောအဆင်းများကို မြင်နိုင်၏၊ ထို့ကြောင့် ယင်းဒိဗ္ဗစက္ခုအဘိညာဉ်ကို အတိက္ကန္တမာနုသကဟုဆိုအပ်၏။

## သတ္တေပဿတိ သတ္တဝါတို့ကိုမြင်၏ဟူသည်

လူသားများသည် ပကတိသာမာန်မျက်စိဖြင့် ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးတို့ကို မြင်သကဲ့သို့ တန်ခိုးရှင်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးတို့ကိုမြင်၏။

## ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်မြင်နိုင်သောသတ္တဝါအမျိုးမျိုး

၁။ စုတေဆဲသတ္တဝါ၊ ၂။ ပဋိသန္ဓေနေဆဲသတ္တဝါ ၃။ ယုတ်ညံ့သောသတ္တဝါ၊ ၄။ မြင့်မြတ်သော သတ္တဝါ၊ ၅။အဆင်းလှသောသတ္တဝါ၊ ၆။အဆင်းမလှသောသတ္တဝါ၊ ၇။ သုဂတိဘုံဌာနသို့ရောက်သောသတ္တဝါ၊ ၈။ဒုဂ္ဂတိဘုံဌာနသို့ရောက်သောသတ္တဝါ၊ ၉။မိမိတို့ကံအလျောက်ဘဝသစ်သို့ ကပ်ရောက်သောသတ္တဝါ

ဤပုဂ္ဂိုလ်သတ္တဝါတို့ကို တန်ခိုးရှင်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်နိုင်၏။

## စုတေဆဲသတ္တဝါ၊ ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုမြင်ပုံ

စုတိစိတ်ခဏ၊ ပဋိသန္ဓိစိတ်ခဏတို့ကိုဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်မြင်ရန်မစွမ်းနိုင်ချေ၊ သို့သော်လည်း သေခါနီး၊ စုတေခါနီး၊ ယခုပင်စုတေလတ္တံ့သောသတ္တဝါတို့ကို (စဝမာန) စုတေဆဲသတ္တဝါ၊ ပဋိသန္ဓေယူပြီး၊ ယခုပင်ပဋိသန္ဓေယူပြီးစသတ္တဝါတို့ကို (ဥပပဇ္ဇမာန) ပဋိသန္ဓေနေဆဲသတ္တဝါဟုဆိုသဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ထိုစုတေခါနီးသတ္တဝါ၊ ပဋိသန္ဓေယူပြီးစသတ္တဝါတို့ကို မြင်ခြင်းကိုပင် စုတေဆဲသတ္တဝါ၊ ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို မြင်၏ဟုဆိုခြင်းဖြစ်ပေသည်။

## ဟီနပဏီတစသောသတ္တဝါများအကြောင်း

**မောဟ၏** အကျိုးဆက်ကြောင့် အမျိုးဇာတ်စည်းစိမ်ဥစ္စာစသည်တို့၏အစွမ်းဖြင့် ရှုတ်ချအပ်မထီမဲ့မြင်ပြုအပ်သည့် ယုတ်ညံသောဟီနသတ္တဝါဖြစ်ရသည်။

**အမောဟ၏** အကျိုးဆက်ကြောင့် အမျိုးဇာတ်စည်းစိမ်ဥစ္စာစသည်တို့၏ အစွမ်းဖြင့်

ချီးမွမ်းအပ်ရိုသေလေးစားအပ်သည်မြင့်မြတ်သောပဏီတသတ္တဝါဖြစ်ရသည်။

**ဒေါသ၏**အကျိုးဆက်ကြောင့် မလိုချင် မနှစ်သက် မုန်းဖွယ်အဆင်းနှင့်ပြည့်စုံသော **(ဒုဗ္ဗဏ္ဏ) အဆင်းမလှသည့်သတ္တဝါ**ဖြစ်ရသည်။

**အဒေါသ၏** အကျိုးဆက်ကြာင့် လိုချင်, နှစ်သက် မြတ်နိုးဖွယ် **အဆင်းနှင့်** ပြည့်စုံ **သော (သုဝဏ္ဏ)အဆင်းလှသည့်သတ္တဝါ** ဖြစ်ရသည်။

**လောဘ၏**အကျိုးဆက်ကြောင့် ဆင်းရဲနွမ်းပါး စားသောက်ဖွယ်ရှားပါးသော **ဒုဂ္ဂတိဘုံဌာနသို့** ရောက်ရသည်။

**အလောဘ၏**အကျိုးဆက်ကြောင့် ကြွယ်ဝချမ်းသာ များသောဥစ္စာရှိသော **သုဂတိဘုံဌာနသို့** ရောက်ရသည်။

ထိုသို့သော သတ္တဝါအမျိုးမျိုးကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်၏။

**ယထာကမ္မုပဂ သတ္တဝါဟူသည်-**

မိမိပြုလုပ်အားထုတ်ဆည်းပူးခဲ့သောကံအလျောက် ဘဝသစ်သို့ကပ်ရောက်သော သတ္တဝါသည် **ယထာကမ္မုပဂသတ္တဝါ**= ကံအားလျော်စွာဘဝသစ်သို့ကပ်ရောက်သော သတ္တဝါမည်၏။

## ဒိဗ္ဗစက္ခုဉာဏ်နှင့် ယထာကမ္မုပဂဉာဏ်ထူးခြားပုံ

ငရဲဘုံ၌ ကြီးစွာသောဆင်းရဲဒုက္ခအမျိုးမျိုးတို့ကိုခံစားကြရသောသတ္တဝါတို့ကို ရှုမြင်ရခြင်းသည် **ဒိဗ္ဗစက္ခုဉာဏ်**၏ကိစ္စဖြစ်၏။

ဆင်းရဲဒုက္ခခံစားနေကြရသူ ငရဲသတ္တဝါတို့ ကံကိုသိလို၍ ဆင်ခြင်နှလုံးသွင်းသောအခါ ထိုငရဲသတ္တဝါများပြုလုပ်ခဲ့သည့် ဆင်းရဲဒုက္ခဖြစ်ကြောင်းကံကို သိမြင်ခြင်းသည် **ယထာကမ္မုပဂဉာဏ်**၏ကိစ္စဖြစ်၏။

ထို့အတူ အထက်နတ်ဘုံတို့၌နန္ဒဝန်ဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသကဥယျာဉ် များနှင့်ယှဉ်တို့၌ကြီးမားသောစည်းစိမ်ချမ်းသာကိုခံစားနေကြသည်။ နတ်သား နတ်သမီးတို့ကို မြင်ခြင်းသည်**ဒိဗ္ဗစက္ခုဉာဏ်**၏ကိစ္စဖြစ်၏။

ချမ်းသာအမျိုးမျိုးကို ခံစားနေကြသောနတ်တို့၏ကံကို သိလို၍ဆင်ခြင်နှလုံးသွင်း သောအခါ ထိုနတ်တို့ပြုလုပ်ခဲ့သည့် ချမ်းသာသုခရကြောင်းကံကိုသိမြင်ခြင်းသည် **ယထာကမ္မုပဂဉာဏ်**၏ကိစ္စဖြစ်၏။

*(မှတ်ချက်) ယထာကမ္မုပဂဉာဏ်နှင့် အနာဂတ်ကာလ၌ ဖြစ်မည်အကြောင်းအရာတို့ကို သိသော အနာဂတံဉာဏ်တို့အတွက် သီးခြားပရိကံမရှိပေ၊ ယင်းဉာဏ်နှစ်ပါးသည် ဒိဗ္ဗစက္ခုဉာဏ်လျှင်အခြေခံရှိကုန်၏၊ ဒိဗ္ဗစက္ခုဉာဏ်နှင့်တကွပြီးစီး ပြည့်စုံကုန်၏။*

## ကာယဒုစ္စရိတနေအဓိပ္ပါယ်

**ဒုစရိုက်မည်ပုံ**= မကောင်းဆိုးသွမ်းသောအကျင့်သည် ဒုစရိုက်မည်၏။ (ဒုဋ္ဌု-စရိတံ

ဒုစ္စရိတံ)= (တစ်နည်း) ကိလေသာအပုပ်ရှိသောကြောင့်ပျက်စီးသောပြုကျင့်မှုသည် ဒုစရိုက်မည်၏။ (ဒုဋ္ဌံဝါ စရိတံ ကိလေသာ ပူတိကတ္တာတိ ဒုစ္စရိတံ)

**ကာယဒုစရိုက်မည်ပုံ**= ကိုယ်ဖြင့်ပြုလုပ်သောဒုစရိုက်သည်ကာယဒုစရိုက်မည်၏။ ကာယေန ဒုစ္စရိတံ ကာယဒုစ္စရိတံ၊ (တစ်နည်း)ကာယဒွါရမှ ဖြစ်ပေါ်လာသော ဒုစရိုက်သည် ကာယဒုစရိုက်မည်၏။ (ကာယတောဝါ ဥပ္ပန္နံ ဒုစ္စရိတန္တိ ကာယဒုစ္စရိတံ)

*(မှတ်ချက်) ဝစီဒုစရိုက်စသည်တို့ကိုလည်း ဤနည်းတူ မှတ်ပါလေ၊)*

## အရိယာနံ ဥပဝါဒကာပုဒ်အဓိပ္ပါယ်

အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲတတ်ကုန်၏ဟူသည်- ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်သာဝကဟုဆိုအပ်ကုန်သောအရိယာပုဂ္ဂိုလ်တို့ကို ၊ အောက်ထစ်ဆုံးအားဖြင့် လူဝတ်ကြောင်သောတာပန်ပုဂ္ဂိုလ်တို့ကိုသော်လည်း အကျိုးမဲ့ကိုအလိုရှိသဖြင့် အန္တိမဝတ္ထုခေါ် သီလပျက်ကြောင်းအမှုဖြင့်လည်းကောင်း ထင်ရှားရှိသောဈာန်အစရှိသောဂုဏ်ကိုဖျက်ဆီးခြင်း ဖြင့်လည်းကောင်း ကဲ့ရဲ့စွပ်စွဲ ဆဲရေးခြင်းဖြစ်၏။

**အန္တိမဝတ္ထုဖြင့်စွပ်စွဲပုံ**- ဤသူတို့မှာ ရဟန်းတရားမရှိ၊ ဤသူတို့သည် ရဟန်းမဟုတ်ကုန်ဟုစွပ်စွဲပြောဆိုခြင်းသည် အန္တိမဝတ္ထုဖြင့်စွပ်စွဲသည်မည်၏။

**ဂုဏ်ကိုဖျက်ဆီး၍ စွပ်စွဲပုံ**- ဤသူတို့မှာ ဈာန်, ဝိမောက္ခ, မဂ်, ဖိုလ်တရားများမရှိဟု ကဲ့ရဲ့ပြောဆိုခြင်းသည် ဂုဏ်ကိုဖျက်ဆီး၍ စွပ်စွဲခြင်းမည်၏။

## အရိယူပဝါဒကံ-ထိုက်-မထိုက်

စွပ်စွဲသူသည် သိလျက်စွပ်စွဲသည်ဖြစ်စေ, မသိ၍စွပ်စွဲသည်ဖြစ်စေ အရိယူပဝါဒကံထိုက်သည်သာဖြစ်၏။

အပြစ်ကြီးလေးသောကံ-ဖြစ်၏။ အနန္တရိယကံနှင့်တူ၏၊ နတ်ရွာ၊ မဂ်တို့ကိုတားမြစ်တတ်၏၊ သို့သော်ကုစား၍ရနိုင်၏။

## အရိယူပဝါဒကံ-သာဓကဝတ္ထု

ရွာတစ်ရွာ၌ မထေရ်ကြီးတစ်ပါးနှင့် ရဟန်းငယ်တစ်ပါး ဆွမ်းခံအတူကြွကုန်၏။ နှစ်ပါးလုံး ပထမအိမ်၌ပင် ပူနွေးသောယာဂု ရကြကုန်၏။ မထေရ်ကြီးသည် လေနာရောဂါ နှိပ်စက်ခံနေရသောကြောင့် "ယာဂုရတာအတော်ပဲ ငါ့မှာလည်း လေနာရောဂါခံစားနေရတယ်၊ မအေးသေးခင် ငါသောက်မှပဲ"ဟု ကြံစည်ပြီး တံခါးခုံပြုလုပ်ရန် လူများဆောင်ယူချထားသောသစ်တုံးပေါ်ထိုင်၍ သောက်လေ၏၊ ရဟန်းငယ်သည် မထေရ်ကြီးပြုသောအပြုအမူကို မနှစ်သက်သည်ဖြစ်၍ "ဒီကိုယ်တော်ကြီးဆာလောင်မှုတယ်အားကြီးပါလားငါတို့ကို ရှက်ဖွယ်ဖြစ်အောင်ပြုလုပ်နေသည်"ဟုပြောဆို၏။

မထေရ်ကြီးသည် ရွာ၌ ဆွမ်းခံပြီးနောက် ကျောင်းသို့ပြန်ရောက်သော် ထိုရဟန်းငယ်ကို

"ငါ့ရှင် ဤသာသနာတော်ကြီးမှာသင့်အတွက်ထောက်ထည်ရာရှိပြီလား"ဟုမေးရာ ရဟန်းငယ်က"မှန်ပါအရှင်ဘုရားတပည့်တော်သောတာပန်ပါ"ဟု လျှောက်ထားသော် "ငါ့ရှင် သို့ဖြစ်လျှင်သင်သည် အထက်မဂ်ရရန်အကျိုးငှါ အားထုတ်မနေနဲတော့၊ သင်သည် ရဟန္တာကို စွပ်စွဲမိပြီ" ဟုမထေရ်ကြီးက မိန့်ဆိုတော်မူ၏၊ ရဟန်းငယ်သည် မထေရ်ကြီးကို တောင်းပန်ကန်တော့သောကြောင့် ရဟန်းငယ်၏ ထိုအရိယူပဝါဒ= အရိယာပုဂ္ဂိုလ်ကို စွပ်စွဲသောကံသည် အပြစ်မရှိ ငြိမ်းလေ၏၊

## တောင်းပန်ကန်တော့ပုံ

အရိယာပုဂ္ဂိုလ်ကိုစွပ်စွဲမိသူသည် အစွပ်စွဲခံရသောအရိယာပုဂ္ဂိုလ်ရှိရာသို့သွား၍ အကယ်၍ မိမိက မထေရ်ကြီးဖြစ်ပါမူ ဆောင့်ကြောင့်ထိုင်ပြီး "ငါသည် အရှင်ဘုရားကို ဤသို့သောစကားမျိုး ပြောဆိုမိ၏၊ ငါ၏ နှုတ်အပြစ်ကို သည်းခံပါလော့"ဟုဆို၍ တောင်းပန် အပ်၏။

အကယ်၍ မိမိကသီတင်းငယ်ဖြစ်ပါမူ ထိခြင်းငါးပါးရှိသော ရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့ကို ဤသို့သောစကားမျိုး ပြောဆိုမိပါ၏၊ တပည့်တော်၏နှုတ်အပြစ်ကို သည်းခံတော်မူကြပါ" ဟုဆို၍ ကန်တော့တောင်းပန်အပ်၏။

အကယ်၍ ထိုအရိယာပုဂ္ဂိုလ်သည် အရပ်တစ်ပါးသို့ကြွသွားသော် ကိုယ်တိုင်သွား ရောက်၍ဖြစ်စေ၊ အတူနေတပည့်စသည်တို့ကိုစေလွှတ်၍ဖြစ်စေ ကန်တော့တောင်းပန် အပ်၏။

အကယ်၍ ထိုအရိယာပုဂ္ဂိုလ်ကြွသွားရာသို့ ကိုယ်တိုင်လည်း မသွားနိုင်၊ သူတစ်ပါးကို စေလွှတ်ရန်လည်းမစွမ်းနိုင်ခဲ့သော် ထိုအရိယာပုဂ္ဂိုလ်၏အမြဲနေကျောင်း၌ အတူနေ ရဟန်းတို့ထံသွားရောက်၍ ထိုရဟန်းတို့က မိမိအောက်ငယ်ကြလျှင် ဆောင့်ကြောင့်ထိုင်၍ မိမိထက်ကြီးကြပါမူ မထေရ်ကြီးအားကန်တော့သကဲ့သို့ ရိုသေစွာရှိခိုးကန်တော့၍ "အရှင်ဘုရားတို့ တပည့်တော်သည်ဤမည်သောအရှင်ကို ဤမည်သောစကားမျိုး ပြောဆိုမိ ပါ၏။ ထိုအရှင်သည် တပည့်တော်အားသည်းခံပါစေ အရှင်ဘုရား"ဟုဆို၍ ကန်တော့ တောင်းပန်အပ်၏၊ မျက်မှောက်သည်းမခံသူ၌ ဤမျက်ကွယ်တောင်းပန် ခြင်းမျိုးကိုသာ ပြုသင့်ပေသည်။

အကယ်၍ စွပ်စွဲအပ်သောထိုအရိယာပုဂ္ဂိုလ်သည် အရပ်တစ်ပါးသို့ဒေသစာရီ ကြွတတ်သောရဟန်းဖြစ်၍ နေရာဌာနမထင်ရှားခဲ့သော် ပညာရှိရဟန်းတစ်ပါးပါး ထံသွား၍ "အရှင်ဘုရား တပည့်တော်သည် ဤမည်သော အရှင်ကို ဤမည်, ဤမည်သောစကားကို ပြောဆိုမိပါ၏၊ထိုစကားကိုအမှတ်ရလျက် တပည့်တော်မှာနှလုံးမသာမယာဖြစ်နေပါ၏၊ အဘယ်သို့ပြုလုပ်ရပါမည်နည်း"ဟုမေးလျှောက်အပ်၏။

ပညာရှိရဟန်းက "သင်မစိုးရိမ်ပါလင့်၊ မထေရ်သည်သင်အားသည်းခံပါလိမ့်မည်၊

စိတ်အေးအေးထားပါ"ဟု ပြောဆိုလိမ့်မည်၊ နှုတ်လွန်မိသောရဟန်းသည် အရိယာပုဂ္ဂိုလ် သွားလောက်ရာအရပ်သို့ ရှေးရှုပြုလျက် လက်အုပ်ချီ၍ "သည်းခံတော်မူပါအရှင်ဘုရား" ဟုဆိုအပ်၏။

အကယ်၍ ထိုအရိယာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုသွားခဲ့သော် ပရိနိဗ္ဗာန်ပြုသည့် ညောင်စောင်းတည်ရာဌာနသို့ဖြစ်စေ သင်္ချိုင်းရာသုသာန်ဌာနသို့ဖြစ်စေသွား၍ကန်တော့တောင်းပန်အပ်၏။ ဤသို့ ကန်တော့တောင်းပန်လျှင်နတ်ပြည်, မဂ်တို့ကို တားမြစ်ခြင်းမဖြစ်တော့၊ ပကတိအတိုင်းပင် အပြစ်ကင်းရှင်းလေတော့၏။

## မိစ္ဆာဒိဋ္ဌိကာအခိပ္ပါယ်

ဖောက်ပြန်မှားယွင်းသောအယူအမြင်ရှိကုန်သောသတ္တဝါတို့သည် မိစ္ဆာဒိဋ္ဌိက မည်၏။ (မိစ္ဆာဒိဋ္ဌိကာတိ ဝိပရီတ ဒဿနာ )

## မိစ္ဆာဒိဋ္ဌိကမ္မသမာဒါန-အခိပ္ပါယ်

မိစ္ဆာအယူအစွမ်းဖြင့် ဆောက်တည်အပ် ပြုလုပ်အပ်သော အမျိုးမျိုးသော အမှုကံရှိသောသတ္တဝါတို့သည် မိစ္ဆာဒိဋ္ဌိကမ္မသမာဒါန-မည်၏။ (မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာတိ မိစ္ဆာဒိဋ္ဌိဝသေန သမာဒိန္န နာနာဝိဓ ကမ္မာ)

မိစ္ဆာအယူ အရင်းခံရှိကုန်သော (ဝါ) မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ကာယကံ၊ ဝစီကံ မနောကံတို့၌ အခြားသူတို့ကို တိုက်တွန်းတတ်သော သတ္တဝါတို့သည်လည်း မိစ္ဆာဒိဋ္ဌိကမ္မသမာဒါန မည်ကုန်၏။ (ယေစ မိစ္ဆာဒိဋ္ဌိမူလကေသု ကာယကမ္မာဒီသု အညေပိ သမာဒပေန္တိ)။

## အရိယူပဝါဒကံနှင့် မိစ္ဆာဒိဋ္ဌိတို့ကို ထပ်၍ဆိုခြင်းအကြောင်း

ဝစီဒုစရိုက်ကိုပြဆိုခြင်းဖြင့် အရိယူပဝါဒကံကို။ မနောဒုစရိုက်ကိုပြဆိုခြင်းဖြင့် မိစ္ဆာဒိဋ္ဌိကို ပြဆိုပြီးဖြစ်သော်လည်း၊ ယင်းအရိယူပဝါဒကံနှင့် မိစ္ဆာဒိဋ္ဌိတို့အပြစ်ကြီးကြောင်း ပြလိုသောကြောင့် ထပ်၍ဆိုခြင်းဖြစ်သည်။

အရိယာပုဂ္ဂိုလ်ကို စွပ်စွဲခြင်း အရိယူပဝါဒကံသည် အာနန္တရိယကံနှင့် တူသောကြောင့် ကြီးမာသောအပြစ်ရှိ၏။

မြတ်စွာဘုရားရှင်စကားတော်-

သာရိပုတ္တရာ အရဟတ္တမဂ်သီလ သမာဓိ ပညာနှင့် ပြည့်စုံသောရဟန်းသည် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုပြီးစေရာသကဲ့သို့ အရိယူပဝါဒကံကို ဤအတူပင် မှတ်ရမည်။ စွပ်စွဲမိသောစကား ပြစ်မှားမိသောစိတ်၊ ထင်မှတ်မှားသောအယူကို မပယ်မစွန့်လျှင် ဆောင်ခဲ့သည့်ဝန်ထုပ်ကို ပြစ်ချလိုက်သကဲ့သို့ အရိယူပဝါဒကံက ထိုပုဂ္ဂိုလ်ကိုငရဲ၌ ပြစ်ချလေတော့၏။

*(မှတ်ချက်) အရဟတ္တမဂ်၏အခြားမဲ့၌ အရဟတ္တဖိုလ်ဖြစ်ခြင်း ကိန်းသေမြဲသကဲ့သို့ ထို့အတူပင် ကန်တော့တောင်းပန်ခြင်းကိုမပြုပါမူ အရိယူပဝါဒကံက ဧကန်ပင်ငရဲသို့ကျစေသည်ဟုဆိုလိုရင်းဖြစ်၏။*

မိစ္ဆာဒိဋ္ဌိကိုလည်း မိစ္ဆာအယူထက်သာ၍အပြစ်ကြီးသော အခြားအကုသိုလ်ကံမည်သည်မရှိချေဟု ဖွင့်ပြသည်။

**မြတ်စွာဘုရားရှင်စကားတော်-**

ရဟန်းတို့ မိစ္ဆာဒိဋ္ဌိအပြစ်ကြီးသကဲ့သို့ အပြစ်ကြီးသော အကုသိုလ်ကံမရှိချေ၊ မိစ္ဆာဒိဋ္ဌိကဲ့သို့အပြစ်ကြီးသောအခြားအကုသိုလ်တရား တစ်ခုတစ်လေကိုမျှ ငါဘုရားမြင်တော်မမူ၊ အပြစ်ဟူသမျှတို့သည် မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမြတ်ဆုံး ရှိကုန်၏ဟု ဟောတော်မူ၏။

## ကာယဿဘေဒါဟူသည်

ငါ့ကိုယ် ငါ့ခန္ဓာဟုစွဲလမ်းရသော ဥပါဒိန္နခန္ဓာငါးပါး စွန့်ခြင်းကို **ကာယဿဘေဒါ** ခန္ဓာကိုယ်ပျက်စီးသည်ဟု ဆို၏။ (ကာယဿ ဘေဒါတိ ဥပါဒိန္နက္ခန္ဓပရိစ္စာဂါ)

တစ်နည်းကား- ဇီဝိတိန္ဒြေခေါ် အသက်ရုပ်ပြတ်စဲခြင်းကို **ကာယဿဘေဒါ** ခန္ဓာကိုယ်ပျက်စီးသည်ဟု ဆို၏။ (အထဝါ ကာယဿဘေဒါတိ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒါ)

## ပရံမရဏာဟူသည်

ခန္ဓာကိုယ်ကိုစွန့်သည်မှအခြားမဲ့၌ အသစ်ဖြစ်သည့် ခန္ဓာယူဆဲကို **ပရံမရဏာ** သေသည်မှနောက်၌ဟုဆို၏။ (ပရံမရဏာတိ တဒနန္တရံ အဘိနိဗ္ဗတ္တိက္ခန္ဓဂ္ဂဟဏေ)၊ တစ်နည်းကား- စုတိစိတ်မှအထက်ကို သေသည်မှနောက်၌ဟုဆို၏။ (ပရံမရဏာတိ စုတိစိတ္တတော ဥဒ္ဓံ)။

## ငရဲ၏အပါယ်မည်ပုံ

ငရဲသည် နတ်ပြည်, နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမှုဟုဆိုအပ်သော အယမှ ကင်းသောကြောင့် အပါယ=အပါယ်မည်၏။ (နိရယော-ဟိ-သဂ္ဂမောက္ခဟေတုဘူတာ ပုညသမ္မတာ အယာ အပေတတ္တာ)

တစ်နည်းကား- ချမ်းသာသုခတို့လာခြင်းဟုဆိုအပ်သော အာယ မရှိခြင်းကြောင့်လည်း အပါယ= အပါယ်မည်၏။ (သုခနံဝါ အာယဿ အဘာဝါ အပါယော)

*(မှတ်ချက်) ငရဲ၌ နတ်ပြည်,နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုမရှိ၊ ထို့ကြောင့် အပါယ်မည်၏။ ငရဲသို့ ချမ်းသာသုခများရောက်လာခြင်းမရှိ ထို့ကြောင့်အပါယ်မည်၏ဟုဆိုလိုသည်။*

## ဒုဂ္ဂတိမည်ပုံ

ဆင်းရဲအပေါင်း၏ တည်ရာ လဲလျောင်းရာဖြစ်သောကြောင့် ဒုဂ္ဂတိ မည်၏၊ (ဒုက္ခဿ ဂတိ ပဋိသရဏန္တိ ဒုဂ္ဂတိ)

တနည်းကား- များသောအပြစ်ရှိခြင်းကြောင့် အကုသိုလ်ကံသည် ဒုဌ= ပျက်စီးသောကံမည်၏၊ ထိုပျက်စီးသောအကုသိုလ်ကံကြောင့်ဖြစ်သောလားရောက်ရာဂတိသည် ဒုဂ္ဂတိမည်၏။ (ဒေါသဗဟုလတာယ-ဝါ- ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတီတိ ဒုဂ္ဂတိ)

## ဝိနိပါတမည်ပုံ

မကောင်းမှုပြုလုပ်သူတို့သည်အလိုမရှိဘဲ (ဝါ)မကျရောက်လိုပဲကျရောက်ရကုန်သောကြောင့် ဝိနိပါတမည်၏။ (မကျလိုပဲ ကျရောက်ရသည့်ဘုံ-ဟု ဆိုလို၏။)
(ဝိဝသာ နိပတန္တိ ဧတ္ထ ဒုက္ကဋကာရိနောတိ ဝိနိပါတော)

တစ်နည်းကား- ကိုယ်အင်္ဂါကြီးငယ်တို့ ပျက်စီးလျက် ကျရောက်ရာဖြစ်သောကြောင့်လည်း ဝိနိပါတ မည်၏။ (ဝိနဿန္တာ ဝါ ဧတ္ထ ပတန္တိ သံဘိဇ္ဇမာနင်္ဂပစ္စင်္ဂါတိပိ ဝိနိပါတော)

## ငရဲမည်ပုံ

သာယာဖွယ်ချမ်းသာဟုဆိုအပ်သော အယ မရှိသောကြောင့် နိရယ ငရဲမည်၏။
(နတ္ထိ ဧတ္ထ အဿာဒသညိတော အယောတိ နိရယော)

## တိရစ္ဆာန်ဘုံစသည်တို့၏အပါယ်စသည်မည်ခြင်းအကြောင်း

၁။ တိရစ္ဆာန်ဘုံသည်အပါယ်သာမည်၍ ဒုဂ္ဂတိမမည်ပေ။ အကြောင်းမှာတိရစ္ဆာန်ဘုံသည် နတ်-လူ ဟူသော သုဂတိမှကင်းသောကြောင့် အပါယ်မည်၏။ ယင်းတိရစ္ဆာန်တို့ထဲ၌ တန်ခိုး ကြီးကုန်သော နဂါးမင်း စသည့်တို့ရှိနိုင်သောကြောင့် ဆင်းရဲ၏တည်ရာ ဒုဂ္ဂတိကား မမည်ပါ။ (ဒုဂ္ဂတိဟူသော အမည်ဖြင့် ပြိတ္တာဘုံကို ညွှန်ပြ၏။)
၂။ ပြိတ္တာဘုံသည် အပါယ်လည်းမည်ဒုဂ္ဂတိလည်းမည်၍ ဝိနိပါတကားမမည်ပေ၊ အကြောင်းမှာ-

ပြိတ္တာလောကသည် နတ်, လူဟူသောသုဂတိမှ ကင်းကွာသောကြောင့် အပါယ်လည်းမည်၏။

ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် ဒုဂ္ဂတိလည်းမည်၏။ အသူရကာယ်ကဲ့သို့ ပျက်စီး၍ ကျရာမဟုတ်သောကြောင့် ဝိနိပါတမမည်ပါ၊ ဝိနိပါတဟူသောအမည်ဖြင့် အသူရကာယ်ဘုံကိုညွှန်ပြ၏။
၃။ အသူရကာယ်ဘုံ၏ အပါယ်လည်းမည်, ဒုဂ္ဂတိလည်းမည်,ဝိနိပါတလည်းမည်ခြင်း၏အကြောင်းမှာ-

အသူရကာယ်ဘုံသည် နတ်လူဟူသော သုဂတိမှကင်းသောကြောင့် အပါယ်လည်းမည်၏။

ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် ဒုဂ္ဂတိလည်းမည်၏၊

အလုံးစုံသောနတ်လူတို့ စည်းစိမ်ချမ်းသာအပေါင်းမှပျက်စီးဆုံးရှုံး၍ ကျရာဖြစ်သောကြောင့် ဝိနိပါတလည်းမည်၏။

*(မှတ်ချက်) နိရယ-ဟူသောအမည်ဖြင့် အဝီစိစသည်များသောအပြားရှိသော ငရဲဘုံကိုသာညွှန်ပြ၏။*

**သုဂတိ၊သဂ္ဂ၊လောကပုဒ်တို့၏အဖွင့်**

-သုဂတိဟူသောအမည်ဖြင့်- လူ့ဂတိလူဘုံကိုလည်း ယူရမည်၊
(တစ်နည်း) -လူ့ဂတိ, လူဘုံသည်လည်း သုဂတိတွင်ပါဝင်သည်၊
သဂ္ဂဟူသော အမည်ဖြင့်- နတ်ဂတိ နတ်ဘုံကိုသာ ယူရမည်၊
ရူပါရုံစသောအာရုံတို့ဖြင့် ကောင်းသောတည်ရာအဖို့ဖြစ်သောကြောင့် **သဂ္ဂမည်၏**။
-သုဂတိနှင့်သဂ္ဂအလုံးစုံသည်ပင် ပျက်စီးတက်သောကြောင့်**လောကမည်၏**။

**ဒိဗ္ဗစက္ခုဉာဏ်ရရှိအောင်ပွါးများအားထုတ်ပုံ**

ဒိဗ္ဗစက္ခုဉာဏ်ရရှိအောင်ပွါးများသော အားထုတ်ခါစယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းလျှင်အာရုံရှိသော အဘိညာဉ်၏အခြေခံပါဒကစျာန်ကို မြဲမြဲခိုင်ခံ့အောင်ပြုပြီးလျှင် တေဇောကသိုဏ်း ဩဒါတကသိုဏ်း အာလောကကသိုဏ်း ဟူသော ကသိုဏ်းသုံးပါးတို့တွင် တစ်ပါးပါးကို ကျယ်ပြန့်စွာပွါးစေ၍ ဥပစာရစျာန်ထိအားထုတ်အပ်၏။ ထိုကသိုဏ်းတို့၌ အပ္ပနာစျာန်ရရှိသည်အထိ မပွါးများအပ်ပေ၊ အကယ်၍ အပ္ပနာကို ဖြစ်စေလျှင် ပါဒကစျာန်၏မှီရာဖြစ်၍ ပရိကံ၏မှီရာမဖြစ်တော့။

သုံးမျိုးသောကသိုဏ်းတို့တွင် အာလောကကသိုဏ်းသာ အကောင်းဆုံးဖြစ်သည်ဟု ဆို၏၊ ထို့ကြောင့် ယင်းအာလောကကသိုဏ်းကိုဖြစ်စေ၊ အခြားနှစ်မျိုးထဲမှတစ်မျိုးမျိုးကိုဖြစ်စေ ဥပစာရစျာန်၌ တည်၍ ပဋိဘာဂနိမိတ်ထင်သည့်တိုင် ပွါးများအားထုတ်အပ်၏။

ပွါးအပ်ပြီးသော အလင်းကသိုဏ်းတွင်းသို့ရောက်သော အဆင်းကိုသာရှုအပ်၏၊ ထိုယောဂီမှာ အဆင်းကိုရှုနေစဉ် ပရိကံပြုရန်အလှည့်လွန်သွားသောကြောင့် အရောင်အလင်းပျောက်ကွယ်သွားသော် အဆင်းကိုမမြင်ရငြားအံ့၊ ပါဒကစျာန်ကိုအဖန်ဖန်အထပ်ထပ်ဝင်စားပြီး ထိုစျာန်မှထကာ အလင်းရောင်ကိုဖြန့်အပ်၏။

ဤသို့ပြုဖန်များသော် အလင်းရောင်အားရှိလာ၏၊ အလင်းအားရှိသောအခါ “**ဧတ္ထ အာလောကော ဟောတု**” ဤအရပ်တွင်း၌ အလင်းဖြစ်စေဟု ပိုင်းခြားလိုက်လျှင် ပိုင်းခြားရာအရပ်တွင်း၌ အလင်းရောင် တည်လေတော့၏။ တစ်နေ့လုံးထိုင်ရှုနေသော်လည်း အလင်းပျောက်သွားခြင်းမရှိ၊ အဆင်းကိုမြင်နေရ၏၊ ညဥ့်အခါ မြက်မီးရှူးကို မြေကြီး၌ ပွတ်ကာပွတ်ကာခရီးသွားစဉ် နေထွက်လာသဖြင့် မြက်မီးရှူးကိုစွန့်ပစ်၍ တစ်နေ့လုံး နေရောင်အလင်းဖြင့် ခရီးသွားသောယောကျ်ားကဲ့သို့ မှတ်ရမည်။

**အလင်းရောင်အားကောင်းအောင်ပြုပုံဥပမာ**

ယောကျ်ားတစ်ယောက်သည် ညဥ့်အခါ မီးရှူးဖြင့်ခရီးသွားသော် လမ်းခုလပ်၌မြက်မီးရှူးငြိမ်းသွားလေ၏။ ထိုယောကျ်ားသည် သွားလာရာလမ်းခရီးကို ထင်ထင်ရှားရှား မမြင်ရ

တော့ချေ၊ ထိုအခါ လက်ထဲရှိ မြက်မီးရှူးကို မြေကြီး၌ ပွတ်တိုက်၍ တစ်ဖန်မီးတောက်စေ၏။ မြက်မီးရှူးအလင်းသည် ရှေ့ယခင်ကထက်ပို၍လင်းလေ၏။ ဤနည်းဖြင့် ငြိမ်းသွား ငြိမ်းသွားသော် မြက်မီးရှူးကိုအဖန်ဖန်တောက်စေလျက်ခရီးဆက်သော် နောက်ဆုံး၌ နံနက်အလင်းသို့ရောက်ရှိပြီး နေထွက်လာသဖြင့် မြက်မီးရှူးဖြင့်ပြဖွယ်ကိစ္စမရှိတော့ မြက်မီးရှူးကို စွန့်ပစ်၍နေရောင်ဖြင့် တစ်နေ့လုံးခရီးသွားလေ၏။

## ဥပမာ ဥပမေယျ ယှဉ်တွဲပုံ

ထိုဥပမာ၌-

၁။ မြက်မီးရှူးရောင်နှင့်= ပရိကံပြုစဉ် ထင်လာသောကသိုဏ်းအရောင်တူ၏။
၂။ မြက်မီးရှူးငြိမ်းသွားသောအခါ လမ်းခရီးညီ, မညီကို မမြင်ရခြင်းနှင့်= အဆင်းကို ပြုနေစဉ် ပရိကံပြုရန် အလှည့်လွန်သဖြင့် အလင်းရောင်ကွယ်သွားသော် အဆင်းတို့ကို မမြင်ရခြင်း တူ၏။
၃။ မြက်မီးရှူးကိုမြေကြီး၌ အဖန်ဖန်ပွတ်တိုက်ခြင်းနှင့်= ဥပစာရဈာန်ကို အဖန်ဖန်ဝင်စားခြင်း တူ၏။
၄။ မြက်မီးရှူး၏ ယခင်အရောင်အလင်းထက် ပို၍လင်းလာခြင်းနှင့်= တစ်ဖန် ပရိကံပြုသော ယောဂီအား သာ၍အားကောင်းသော အလင်းရောင်ဖြန့်ခြင်းတူ၏။
၅။ နေထွက်လာခြင်းနှင့် အားရှိသော အလင်းရောင်, ပိုင်းခြားထားသည့်အတိုင်း တည်နေခြင်း တူ၏။
၆။ မြက်မီးရှူးကိုစွန့်ပစ်ခဲ့၍ နေ၏အလင်းရောင်ဖြင့် တစ်နေ့လုံးခရီးသွားခြင်းနှင့်= သေးငယ်သောအလင်းရောင်ကိုစွန့်၍ အားကြီးသောအလင်းရောင်ဖြင့် တစ်နေ့လုံးအဆင်းတို့ကို ရှုမြင်ခြင်းတူ၏။

## ဒိဗ္ဗစက္ခုဉာဏ်၌ အာရုံထင်ပေါ်ပုံ

အားကြီးသောအလင်းရောင်ဖြင့် အဆင်းတို့ကိုရှုမြင်ရာ၌ မံသစက္ခုဖြင့်မမြင်ရသော ဝမ်းထဲ၌တည်သော ဟဒယဝတ္ထုကိုမှီသောအဆင်း၊ မြေကြီးအောက်ဖက်မျက်နှာပြင်ကိုမှီသော အဆင်း၊ နံရံ တစ်ဖက်၊ တောင်တစ်ဖက်၊ တံတိုင်းတစ်ဖက် မျက်နှာပြင်ကိုမှီသော အဆင်း အခြားသောစကြဝဠာ၌တည်သောအဆင်းစသော အဆင်းအမျိုးသည်ယောဂီရဟန်း၏ ဉာဏ်မျက်စိအား ထင်ခြင်းသို့ရောက်၏။ ပကတိမံသ မျက်စိဖြင့် မြင်နေရသကဲ့သို့ ဖြစ်၏၊ ထိုအခါ ထိုယောဂီရဟန်း၌ ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ပေါ်လေတော့၏။

ရှုကြည့်သောစိတ်တို့တွင် ဒိဗ္ဗစက္ခုဉာဏ်သာလျှင် အဆင်းကိုမြင်ခြင်းငှါစွမ်းနိုင်၏၊ အာဝဇ္ဇန်းပရိကံစသော ရှေ့စိတ်တို့သည် အဆင်းကိုမြင်ခြင်းငှါမစွမ်းနိုင်ကုန်။

## ဒိဗ္ဗစက္ခုအဘိညာဉ် ပုထုဇဉ်အတွက် အန္တရာယ်ဖြစ်တတ်ပုံ

ဒိဗ္ဗစက္ခုအဘိညာဉ်ရ ပုထုဇဉ်ပုဂ္ဂိုလ်သည် အမှတ်မထားတစ်ပါးပါးသော အရပ်၌ အရောင်အလင်းဖြစ်စေဟု အဓိဋ္ဌာန်ပြုလျှင် ထိုအဓိဋ္ဌာန်ပြုရာ မြေ, တောင်, သမုဒ္ဒရာတို့ကို ဖောက်ထွင်း၍ အလင်းရောင် တစ်စပ်တည်းဖြစ်၏။ ထိုအခါထိုလင်းနေရာအရပ်တို့၌ ကြောက်မက်ဖွယ် ဘီလူးရက္ခိုက်စသည်တို့၏အဆင်းတို့ကို မြင်ရသောပုထုဇဉ်အား ကြောက်ရွံ့ထိပ်လန့်ခြင်းဖြစ်တတ်၏။ ယင်းသို့ ကြောက်ရွံ့ထိပ်လန့်ခြင်းကြောင့် စိတ်ပျံ့လွင့် ဖောက်ပြန်ခြင်းသို့ ရောက်ရှိပြီး စျာန်လျှောသွားတတ်၏။ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်အတွက် ဒိဗ္ဗစက္ခုဖြင့် အဆင်းကိုရှုမြင်ရာ၌ အမြဲတမ်းသတိပြုဆင်ခြင်သင့်၏။

## ဒိဗ္ဗစက္ခုဉာဏ် စိတ်အစဉ်ဖြစ်ပုံ

အဆင်းအမျိုးမျိုးတို့တွင် တစ်မျိုးမျိုးကိုအာရုံပြု၍ နှလုံးသွင်းမှု မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ်ပြီးချုပ်လတ်သော် ထိုအဆင်းကိုပင်အာရုံပြု၍ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော လေးကြိမ် ငါးကြိမ်သောဇောတို့ ဖြစ်ပေါ်ကုန်၏။ ဤစိတ်တို့တွင် မနောဒွါရာဝဇ္ဇန်းနှင့် သုံးကြိမ်လေးကြိမ်သော ရှေ့စိတ်တို့သည် ဝိတက်ဝိစာရနှင့်တကွ ဖြစ်ကုန်သော ကာမာဝစရစိတ်တို့ဖြစ်၏၊ လေးကြိမ်မြောက် (သို့) ငါးကြိမ်မြောက် နောက်ဆုံး၌ မြင်ခြင်းကိစ္စကိုပြီးစေသောစိတ်သည် စတုတ္ထစျာန်နှင့်ယှဉ်သော ရူပါဝစရစိတ်ဖြစ်၏။ ထိုရူပါဝါစရ စတုတ္ထစျာန်စိတ်နှင့်တကွဖြစ်သောဉာဏ်ကို သတ္တဝါတို့၏စုတိပဋိသန္ဓေ၌ဖြစ်သော အဘိဉာဏ် = စုတူပပါတဉာဏ်ဟုလည်းကောင်း၊ ဒိဗ္ဗစက္ခုဉာဏ်ဟုလည်းကောင်း ခေါ်ဆိုအပ်၏။

**စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုဉာဏ်အကြောင်းပြီး၏။**

\+ + +

## ပြီးပြွမ်းပြဆိုချက်

### အဘိညာဉ် (၇)ပါး

၁။ ဣဒ္ဓိဝိဓ အဘိညာဉ်
၂။ ဒိဗ္ဗသောတ အဘိညာဉ်
၃။ စေတောပရိယ အဘိညာဉ်
၄။ ပုဗ္ဗေနိဝါသ အဘိညာဉ်
၅။ စုတူပပါတခေါ် ဒိဗ္ဗစက္ခု အဘိညာဉ်
၆။ ယထာကမ္မူပဂဉာဏ်
၇။ အနာဂတံသဉာဏ်

အဘိညာဉ် ၅-ပါးဆိုလျှင် အထက်ငါးပါးကို ယူ၊ အဘိညာဉ် ၆-ပါးဆိုလျှင် ၎င်းငါးပါးတွင် အာသဝက္ခယဉာဏ်ကိုထည့်ပါ။

## အဘိညာဉ်တို့၏ အာရုံ(၁၀)မျိုး

အဘိညာဉ်(၇)ပါးတို့၏ အာရုံသည် တိက်အားဖြင့် ၁။ပရိတ္တာရမ္မဏတိက်၊ ၂။ မဂ္ဂါရမ္မဏတိက်၊ ၃။ အတီတာရမ္မဏတိက်၊ ၄။ အဇ္ဈတ္တာရမ္မဏတိက် ဟူ၍ ၄-ပါးရှိ၍ ယင်း ၄-ပါး၌ အကျုံးဝင်သော အာရုံတို့သည်-

၁။ ကာမအာရုံ

၂။ မဟဂ္ဂုတ်အာရုံ

၃။ အပ္ပမာဏအာရုံ

၄။ မဂ်အာရုံ

၅။ အတိတ်အာရုံ

၆။ အနာဂတ်အာရုံ

၇။ ပစ္စုပ္ပန်အာရုံ

၈။ အဇ္ဈတ္တအာရုံ

၉။ ဗဟိဒ္ဓအာရုံ

၁၀။ ဗဟိဒ္ဓဝိသေသဖြစ်သော ပညတ်အာရုံ ဟူ၍ (၁၀)မျိုးရှိသည်။

### အဘိညာဉ်(၇)ပါးတို့ အာရုံပြုပုံ

၁။ ဣဒ္ဓိဝိဓအဘိညာဉ်သည်- ပရိတ္တခေါ်ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ၊ ပစ္စုပ္ပန်အာရုံ၊ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံဟူသော အာရုံ(၇)မျိုးကို အာရုံပြု၏။ ကြွင်း(၃)မျိုးကို အာရုံမပြု။

၂။ ဒိဗ္ဗစက္ခုနှင့်ဒိဗ္ဗသောတအဘိညာဉ်သည်- ကာမအာရုံ၊ ပစ္စုပ္ပန်အာရုံ၊ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓ အာရုံဟူသော အာရုံ(၄)မျိုးကို အာရုံပြု၏၊ ကြွင်း(၆)ပါးကို မပြု

၃။ စေတောပရိယအဘိညာဉ်သည်-ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊မဂ်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ၊ ပစ္စုပ္ပန်အာရုံ၊ ဗဟိဒ္ဓအာရုံဟူသော အာရုံ(၈)ပါးကို အာရုံပြု၏ (အဇ္ဈ၊ ပညတ် ကြွင်း(၂)ပါးကို အာရုံမပြု။)

၄။ ပုဗ္ဗေနိဝါသအဘိညာဉ်သည်- ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ မဂ်အာရုံ၊ အတိတ်အာရုံ၊ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံ၊ ပညတ်အာရုံဟူသော အာရုံ(၈)မျိုးကို အာရုံပြုသည်၊ အနာဂတ်၊ ပစ္စုပ္ပန် ကြွင်း(၂)မျိုးကို အာရုံမပြု။

၅။ ယထာကမ္မူပဂဉာဏ်သည်- ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အတိတ်အာရုံ၊ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံဟူသော အာရုံ (၅)မျိုးကို အာရုံပြု၏။ ကြွင်း(၅)မျိုးကို အာရုံမပြု။

၆။ အနာဂတံသဉာဏ်သည်- ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ မဂ်အာရုံ၊ အနာဂတ်အာရုံ၊ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံ၊ ပညတ်အာရုံဟူသော အာရုံ(၈)မျိုးကို အာရုံပြု၏ အတိတ်၊ ပစ္စုပ္ပန် ကြွင်း(၂)မျိုးကို အာရုံမပြု။

### ၁။ ဣဒ္ဓိဝိဓအဘိညာဉ်အာရုံ(၇)မျိုးကို အာရုံပြုပုံ

ဣဒ္ဓိဝိဓအဘိညာဉ်သည်-ရုပ်ကိုယ်ကို စိတ်၌မှီလျက် မထင်ရှားသောကိုယ်ဖြင့်သွားလို၍ စိတ်အစွမ်းဖြင့် ရုပ်ကိုယ်ကိုညွတ်စေ၏၊ မဟဂ္ဂုတ်စိတ်၌ ပေါင်း၍ကောင်းစွာ တင်၏။ ထိုအခါ ကာယကို အာရုံပြု၏၊ ရုပ်ကိုယ်လျှင်အာရုံရှိသောကြောင့် ကာမတရားကို အာရုံပြု၏။

စိတ်ကိုရုပ်၌မှီလျက် ထင်ရှားသော ကိုယ်ဖြင့်သွားလို၍ ရုပ်ကိုယ်စွမ်းဖြင့်စိတ်ကိုညွတ်စေ၏၊ ပါဒကစျာန်စိတ်ကို ရုပ်ကိုယ်၌ပေါင်း၍ ကောင်းစွာတင်၏၊ ထိုအခါ ပါဒကစျာန်စိတ်သည် အာရုံဖြစ်၏။ မဟဂ္ဂုတ်စိတ်လျှင်အာရုံရှိသောကြောင့် မဟဂ္ဂုတ်တရားကို အာရုံပြု၏။

ဣဒ္ဓိဝိဓအဘိညာဉ်သည်- ချုပ်လေပြီးသော ထိုအတိတ်ပါဒကစျာန်စိတ်ကိုပင် အာရုံပြုသောကြောင့် အတိတ်တရားကိုအာရုံပြု၏။

ဓာတ်တော်တို့ကို ကြီးကျယ်စွာသိုးမှီးဌာပနာသောအခါ၌ အရှင်မဟာကဿပမထေရ်စသည်တို့၏အဓိဋ္ဌာန်ခြင်းကဲ့သို့ အနာဂတ်ကိုအဓိဋ္ဌာန်ပြုသူတို့၏ဉာဏ်သည် အနာဂတ်တရားကို အာရုံပြု၏။

### အနာဂတ်တရားကို အာရုံပြုပုံဝတ္ထု

အရှင်မဟာကဿပမထေရ်သည် ဓာတ်တော်တို့ကို ကြီးကျယ်စွာ ဌာပနာမှုပြုစဉ်က" နောင်အခါ၂၁၈-နှစ်ပတ်လုံး၊ ဤနံ့သာတို့ မခြောက်ပါစေသတည်း၊ ဤပန်းတို့ မညှိုးနွမ်းပါစေသတည်း၊ ဤဆီမီးတို့ မငြိမ်းပါစေသတည်း"ဟုအဓိဋ္ဌာန်တော်မူ၏။ အလုံးစုံပင် အဓိဋ္ဌာန်သည့်အတိုင်း ဖြစ်လေ၏။

အဿဂုတ္တမထေရ်သည် (ဝိဇ္ဇတော) ဝတ္တနိယကျောင်း၌ ဟင်းလျာမပါဘဲ ဆွမ်းချည်း သက်သက်ဘုဉ်းပေးနေသော ရဟန်းသံဃာကိုမြင်ပြီး "ဤကျောက်ရေကန်သည် နေ့စဉ် နံနက်ပိုင်း၌ နို့ဓမ်းအရသာဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၏၊ နံနက်ပိုင်းခပ်ယူလျှင် နို့ဓမ်းရည်ဖြစ်၏၊ ညနေပိုင်းခပ်ယူလျှင် ပကတိရေပင် ဖြစ်၏။

ရုပ်ကို စိတ်၌မှီ၍ မထင်ရှားသောကိုယ်ဖြင့် သွားသောကာလ၌ ဣဒ္ဓိဝိဓအဘိညာဉ်သည် ပစ္စုပ္ပန်တရားကို အာရုံပြု၏။

ကိုယ်အစွမ်းဖြင့် စိတ်ကို၊ စိတ်အစွမ်းဖြင့် ကိုယ်ကိုညွတ်စေသောကာလ၌ လည်းကောင်း၊ မိမိကိုယ်ကို သူငယ်အသွင်စသည် ဖန်ဆင်းရာကာလ၌လည်းကောင်း၊ မိမိ၏ ကိုယ်, စိတ်တို့ကိုအာရုံပြုခြင်းကြောင့် အဇ္ဈတ္တတရားကိုအာရုံပြု၏။

ပြင်ပ၌ ဆင်ရုပ်၊ မြင်းရုပ်စသည်ကိုဖန်ဆင်းပြသောကာလ၌ ဗဟိဒ္ဓတရားကို အာရုံပြု၏။

### ၂။ ဒိဗ္ဗသောတအဘိညာဉ်အာရုံ(၄)မျိုးကို အာရုံပြုပုံ

ဒိဗ္ဗသောတအဘိညာဉ်သည် အသံကိုပြုသောကြောင့်လည်းကောင်း၊ ယင်းအသံသည် ကာမတရားဖြစ်သောကြောင့်လည်းကောင်း၊ ကာမတရားကိုအာရုံပြု၏။

ထို့ပြင်ထင်ရှားရှိဆဲ အသံကိုသာအာရုံပြု၍ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်တရားကို အာရုံပြု၏။

ထိုဒိဗ္ဗသောတအဘိညာဉ်သည် မိမိဝမ်းထဲမှအသံကို ကြားသောအခါ အဇ္ဈတ္တတရားကို အာရုံပြု၏၊ သူတစ်ပါးတို့၏အသံကို ကြားသောအခါ ဗဟိဒ္ဓကို အာရုံပြု၏။

## ၃။ စေတောပရိယအဘိညာဉ် အာရုံ(၈)မျိုးကိုအာရုံပြုပုံ

စေတောပရိယအဘိညာဉ်သည် သူတစ်ပါးတို့၏ ကာမာဝစရစိတ်ကို သိသောကာလ၌ ကာမတရားကိုအာရုံပြု၏၊ရူပစိတ် အရူပစိတ်များကို သိသောကာလ၌ မဟဂ္ဂုတ်တရားကို အာရုံပြု၏၊ မဂ်ဖိုလ်တို့ကိုသိသောကာလ၌ အပ္ပမာဏတရားကိုအာရုံပြု၏။

**အထူးမှာ**- ပုထုဇဉ်သည် သောတာပန်၏စိတ်ကို မသိနိုင်၊ သောတာပန်သည်လည်း သကဒါဂါမ်၏စိတ်ကို မသိနိုင်၊ သကဒါဂါမ်သည်လည်း အနာဂါမ်၏စိတ်ကို မသိနိုင်၊ အနာဂါမ်သည်လည်း ရဟန္တာ၏စိတ်ကိုမသိနိုင်၊ အောက်အောက်ပုဂ္ဂိုလ်သည် အထက်အထက် ပုဂ္ဂိုလ်တို့၏စိတ်ကို မသိချေ၊ **အဘယ့်ကြောင့်ဆိုသော်**- အထက်ထက်ပုဂ္ဂိုလ်တို့၏တရားကို အောက်အောက်ပုဂ္ဂိုလ်များ မရသေး မသိသေးသောကြောင့်ဖြစ်၏။

ရဟန္တာသည် အလုံးစုံသောပုဂ္ဂိုလ်တို့၏ စိတ်ကို သိနိုင်၏၊ အထက်ထက်ဖြစ်သော အခြား ပုဂ္ဂိုလ်သည်လည်း အောက်အောက်ပုဂ္ဂိုလ်၏စိတ်ကို သိနိုင်၏။

မဂ်စိတ်ကိုသိသောကာလ၌ မဂ်ကို အာရုံပြု၏။

-အတိတ်(၇)ရက်အတွင်း သူတစ်ပါး၏စိတ်ကိုသိသောအခါ အတိတ်တရားကိုအာရုံပြု၏။

-အနာဂတ် (၇)ရက်အတွင်း သူတစ်ပါး၏စိတ်ကိုသိသောအခါ အနာဂတ်တရားကို အာရုံပြု၏။

## ပစ္စုပ္ပန်(၃)မျိုး

၁။ ခဏပစ္စုပ္ပန် ၂။ သန္တတိပစ္စုပ္ပန် ၃။ အဒ္ဓါပစ္စုပ္ပန်

**ခဏပစ္စုပ္ပန်** - ဥပါဒ် ဌီ ဘင် ခဏသုံးပါးသို့ရောက်ဆဲတရားသည်ခဏပစ္စုပ္ပန်မည်၏။

**သန္တတိပစ္စုပ္ပန်** - ရုပ်သန္တတိဝါရ တစ်ခုနှစ်ခု၌အတွင်းဝင်သောတရားသည် သန္တတိ ပစ္စုပ္ပန်မည်၏။

အမှောင်မှအလင်းသို့၊ အလင်းမှအမှောင်သို့ရောက်သူအား အာရုံမထင်ရှားသေး ခင်လည်းကောင်း၊ ခဝါဖွပ်ခြင်းစသည်ကို အဝေးကမြင်လျက် အသံမကြားခင်လည်းကောင်း **မဇ္ဈိမဘာဏကဝါဒအလို** ရုပ်သန္တတိဝါရ တစ်ခုနှစ်ခုမည်၏။

**သံယုတ္တဘာဏကဝါဒအလိုအားဖြင့်** ကမ်းစပ်၌ ရေကိုနင်းသွားသူ၏ နင်းသောရေ အရေး မကြည်လင်သေးမီကာလ၊ ခရီးဝေးမှလာခဲ့သူ၏ကိုယ်၌ အပူငွေ့မငြိမ်းသေးမီကာလ၊ နေရောင်ထဲမှလာ၍ တိုက်ခန်းတွင်းသို့ဝင်သူအား အမှောင်မကင်းသေးမီကာလ အခန်း တွင်း၌နေပြီး နေ့အခါ အပြင်သို့ တံခါးဖွင့်ကြည့်သူအား မျက်စိရီဝေဝေဖြစ်ခြင်း မငြိမ်းသေးမီ ကာလတို့သည် ရုပ်သန္တတိ (ရုပ်၏အမျိုးတူ) အစဉ်မည်၏။

ဇောဝါရ ဇောဝီထိနှစ်ခုသုံးခုသည် နာမ်သန္တတိဝါရမည်၏။ ထိုရုပ်သန္တတိ နာမ်သန္တတိ နှစ်မျိုးလုံးသည် **သန္တတိပစ္စုပ္ပန်** မည်၏။

**အဒ္ဓါပစ္စုပ္ပန်**-ဘဝတစ်ခုဖြင့်ပိုင်းခြားအပ်သော ရုပ်နာမ်အပေါင်းသည် အဒ္ဓါပစ္စုပ္ပန် မည်၏။

ပစ္စုပ္ပန်သုံးမျိုးတို့တွင် သန္တတိပစ္စုပ္ပန်သည် အဋ္ဌကထာ၌လာ၏။ အဒ္ဓါပစ္စုပ္ပန်သည် သုတ်ပါဠိတော်၌လာ၏။

## အဒ္ဓါပစ္စုပ္ပန်ကိုယူ၍ ဘဒ္ဒေကရတ္တသုတ်၌ဟောပုံ

ငါရှင်တို့ မနမည်သောစိတ်နှင့် အာရုံဖြစ်သောသဘောတရားတို့ ကြံသိဆဲခဏ၌ ထင်ရှားကုန်၏။ စိတ်နှင့်သဘောအာရုံနှစ်ပါးလုံးသည် ပစ္စုပ္ပန်တရားပေတည်း၊ ထိုပစ္စုပ္ပန်တရား၌ အာရုံကိုသိမှုစိတ်ဝိညာဉ်သည် လိုချင်တပ်မက်မှု ဆန္ဒရာဂဖြင့် ဖွဲ့ချည်အပ်သည်ဖြစ်အံ့၊ စိတ်ဝိညာဉ်ကို ဆန္ဒရာဂကဖွဲ့ချည်ထားသောကြောင့် ထိုပစ္စုပ္ပန်တရားကို နှစ်သက်၏။ ပစ္စုပ္ပန်တရားကိုနှစ်သက်သူသည် ပစ္စုပ္ပန်တရားတို့၌ တဏှာဒိဋ္ဌိ အဆွဲ အငင်ခံရ၏ဟု ဟောတော်မူ၏။

## ခဏပစ္စုပ္ပန်နှင့်စပ်၍ ကေစိဆရာတို့အယူအဆ

ပစ္စုပ္ပန် (၃)မျိုးတို့တွင် (ကေစိ)အချို့ဆရာတို့က ခဏပစ္စုပ္ပန်စိတ်သည် စေတောပရိယ ဉာဏ်၏အာရုံဖြစ်သည်ဟုဆိုကုန်၏။ အဘယ့်ကြောင့်ဟူမူ- စေတောပရိယတန်ခိုးရှင်၏စိတ် နှင့် အခြားသူ၏စိတ်သည် တစ်ခုသောခဏ၌ ပြိုင်တူဖြစ်သောကြောင့်ဟုဆို၏။

## ကေစိဆရာတို့ပြသောဥပမာ

ပန်းတစ်ဆုပ်ကို ကောင်းကင်သို့ ပစ်တင်လိုက်လျှင် ပန်းတစ်ပွင့်၏အညှာသည် အခြား ပန်းတစ်ပွင့်၏အညှာနှင့် ဧကန်ပင်စွပ်မိရာသကဲ့သို့ ဤအတူပင် သူတစ်ပါး၏စိတ်ကို သိအံ့ဟု စိတ်အစု၏အစွမ်းဖြင့် လူအပေါင်း၏စိတ်ကို နှလုံးသွင်းလိုက်လျှင် တစ်ယောက်၏စိတ်ကို တစ်ခုသောစိတ်ဖြင့် ဥပါဒ်ခဏ၌သော်လည်းကောင်း ဌီခဏ၌သော်လည်းကောင်း ဘင်ခဏ၌ သော်လည်းကောင်း မချွတ်ဧကန်ပင် ထိုးထွင်းသိရာ၏ဟုဆိုကုန်၏။

## ကေစိဆရာတို့စကားမသင့်ပုံ

အနှစ်တစ်ရာ တစ်ထောင်စသည် နှလုံးသွင်း ဆင်ခြင်သူသည်-မနောဒွါရာဝဇ္ဇန်းစိတ်ဖြင့် နှလုံးသွင်း၏ အဘိညာဉ်ဇောစိတ်ဖြင့်သိ၏။ ထိုနှစ်ခုသောစိတ်တို့၏ တစ်ပေါင်းတည်း မတည် ခြင်းကြောင့်လည်းကောင်း၊ အာဝဇ္ဇန်းနှင့်ဇောစိတ်တို့၏ မဂ်,ဖိုလ်ဝီထိမှတစ်ပါး အလို မရှိအပ်သောအရာ၌ အာရုံကွဲပြားခြင်းသို့ရောက်ခြင်းကြောင့်လည်းကောင်း ကေစိဆရာ တို့၏စကားမသင့်ဟု အဋ္ဌကထာတို့၌ပယ်အပ်လေပြီ။

*(မှတ်ချက်) မဂ္ဂဝီထိ၌ အာဝဇ္ဇန်းနှင့် ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် လောကီနာမ်ရုပ်ကိုအာရုံပြုသည်၊ ဂေါတြဘူ,မဂ်,ဖိုလ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုသည်၊*

*ဖလဝီထိ၌ အာဝဇ္ဇန်းနှင့်ပရိကံဇောတို့သည် လောကီနာမ်ရုပ်ကိုအာရုံပြုသည်၊ ဖိုလ်သည် နိဗ္ဗာန်ကိုအာရုံပြုသည်။*

*ဤသို့ မဂ္ဂဝီထိ၊ ဖလဝီထိတို့၌သာ အာဝဇ္ဇန်းအခြေခံဇောတို့နှင့်မဂ်ဖိုလ်ဇောတို့ အာရုံကွဲပြားရိုးရှိသည်။ အခြားဝီထိတို့၌ အာရုံကွဲပြားရိုးမရှိ၊ ထိုသို့ ကွဲပြားရိုးမရှိဘဲ ကွဲပြားသောကြောင့် မသင့်ဟုဆိုလို၏။*

အသင့်အားဖြင့်မူ- သန္တတိပစ္စုပ္ပန်စိတ်သည်လည်းကောင်း၊ အဒ္ဓါပစ္စုပ္ပန်စိတ်သည်လည်းကောင်း၊ စေတောပရိယဉာဏ်၏အာရုံဖြစ်သည်၊ ထိုပစ္စုပ္ပန်နှစ်ပါးတို့တွင် ဖြစ်ဆဲဇောဝီထိမှ နှစ်ဝီထိ၊ သုံးဝီထိအတိုင်းအရှည်ရှိသော အတိတ်၊ အနာဂတ်ကာလ၌- သူတစ်ပါး၏စိတ်အားလုံးသည် သန္တတိပစ္စုပ္ပန်မည်၏၊ အဒ္ဓါပစ္စုပ္ပန်ကိုမူ ဇောဝါရဖြင့် ပြအပ်သည်ဟု သံယုတ်အဋ္ဌကထာ၌ဆို၏။

## ပစ္စုပ္ပန်စိတ်ကိုသိရာ၌ ထင်ရှားပြချက်

စေတောပရိယဉာဏ်တန်ခိုးရှင်သည် သူတစ်ပါး၏စိတ်ကိုသိလို၍ နှလုံးသွင်းဆင်ခြင်၏၊ နှလုံးသွင်းဆင်ခြင်သောအာဝဇ္ဇန်းစိတ်သည် သူတစ်ပါး၏ခဏပစ္စုပ္ပန်စိတ်ကိုအာရုံပြု၍ ထိုစိတ်နှင့်ပင် ပြိုင်တူချုပ်၏။ ထို့နောင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ရူပါဝစရ စတုတ္ထစျာန်ဇောဟူသော (၄)ကြိမ်၊ (၅)ကြိမ်သောဇောတို့ ဖြစ်ပေါ်ကုန်၏။ ယင်း ဇောတို့တွင် နောက်ဆုံးရူပါဝစရစတုတ္ထစျာန်ဇောသည် သူတစ်ပါးစိတ်ကိုသိသော စေတောပရိယအဘိညာဉ်စိတ်ဖြစ်၏။ ကြွင်းသော ဇောသုံးကြိမ်၊ လေးကြိမ်တို့သည် ကာမာဝစရဇောတို့ဖြစ်၏။

အာဝဇ္ဇန်းနှင့် ပြိုင်တူချုပ်သော ခဏပစ္စုပ္ပန်စိတ်သည်ပင် လေးကြိမ်၊ ငါးကြိမ်သောဇောတို့၏အာရုံဖြစ်၏။ ထိုအာဝဇ္ဇန်းနှင့်ဇောတို့သည် ပစ္စုပ္ပန်ကာလကိုအာရုံပြုသောကြောင့် အာရုံမကွဲပြားကြချေ၊ အာရုံတူကြ၏။

ထိုသို့ အာရုံတူသော်လည်း နောက်ဆုံး ရူပါဝစရစတုတ္ထစျာန်ဇောစိတသည်သာ- သူတစ်ပါး၏စိတ်ကိုသိနိုင်၏။ အခြားသောစိတ်တို့ မသိနိုင်ကုန်၊ ဥပမာ- စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်စိတ်သည်သာ အဆင်းကိုမြင်၏။ အခြားစိတ်တို့သည် အဆင်းကို မမြင်နိုင်ကုန် သကဲ့သို့ဖြစ်၏။ သို့ဖြစ်၍ စေတောပရိယအဘိညာဉ်သည် သန္တတိပစ္စုပ္ပန်- အဒ္ဓါပစ္စုပ္ပန်စိတ်ကို အာရုံပြု၏။ တစ်နည်းဆိုသော် သန္တတိပစ္စုပ္ပန်သည်လည်း အဒ္ဓါပစ္စုပ္ပန်၌သာ ကျရောက်သောကြောင့် ဤစေတောပရိယအဘိညာဉ်သည် အဒ္ဓါပစ္စုပ္ပန်စိတ်ကို အာရုံပြု၏။

သူတစ်ပါး၏စိတ်ကို အာရုံပြုသောကြောင့် စေတောပရိယအဘိညာဉ်သည် ဗဟိဒ္ဓအာရုံကိုအာရုံပြု၏။

## ၄။ ပုဗ္ဗေနိဝါသဉာဏ် အာရုံ(၈)မျိုးကိုအာရုံပြုပုံ

၁။ ကာမာဝစရခန္ဓာတို့ကို အောင့်မေ့သောကာလ၌ ကာမတရားကိုအာရုံပြု၏။
၂။ ရူပါဝစရ အရူပါဝစရခန္ဓာတို့ကို အောင့်မေ့သောကာလ၌ မဟဂ္ဂုတ်တရားကိုအာရုံပြု၏။
၃။ အတိတ်ကာလ၌ မိမိ, သူတစ်ပါး ပွားစေအပ်ပြီးသောမဂ်၊ မျက်မှောက်ပြုအပ်ပြီးသော ဖိုလ်ကို အောင့်မေ့သောကာလ၌ အပ္ပမာဏတရားကိုအာရုံပြု၏။
၄။ ပွားစေအပ်ပြီးသော မဂ်ကိုသာ အောင့်မေ့သောကာလ၌ မဂ်ကိုအာရုံပြု၏။
၅။ ပုဗ္ဗေနိဝါသဉာဏ်သည်- ကိန်းသေအမြဲအားဖြင့် အတိတ်ကိုသာအာရုံပြု၏။
၆။ မိမိခန္ဓာတို့ကိုအောင့်မေ့သောကာလ၌ အဇ္ဈတ္တတရားကိုအာရုံပြု၏။
၇။ သူတစ်ပါး၏ခန္ဓာတို့ကို အောင့်မေ့သောကာလ၌ ဗဟိဒ္ဓတရားကိုအာရုံပြု၏။
၈။ အတိတ်ကာလ၌ ဝိပဿီမြတ်စွာဘုရားရှင်ပွင့်တော်မူခဲ့လေပြီ၊ ထိုဘုရားရှင်၏ မယ်တော်သည် ဗန္ဓုမတီအမည်ရှိ၏။ ခမည်းတော်သည် ဗန္ဓုမာအမည်ရှိ၏ စသည်ဖြင့် အမည်အနွယ် ပထဝီကသိုဏ်းနိမိတ်စသည်ကို အောင့်မေ့သောကာလ၌ နဝတ္တဗ္ဗတရားကို အာရုံပြု၏။

## စေတောပရိယဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်တို့ ထူးခြားပုံ

စေတောပရိယဉာဏ်သည်- အတိတ်(၇)ရက်အတွင်း ဖြစ်ခဲ့သောစိတ်ကိုသာ အာရုံပြုနိုင်၏။ စိတ်မှတစ်ပါး ခန္ဓာ,ခန္ဓာတို့နှင့်စပ်သောတရားတို့ကိုမသိနိုင်၊ ထို့ပြင် မဂ်နှင့်ယှဉ်သော စိတ်ကိုအာရုံပြုသောကြောင့် ပရိယာယ်အားဖြင့် မဂ်ကိုအာရုံပြုသည်ဟုဆိုအပ်၏။

ယထာကမ္မုပဂဉာဏ်သည်- အတိတ်စေတနာမျှကိုသာ အာရုံပြုနိုင်၏။

ပုဗ္ဗေနိဝါသဉာဏ်သည်- အတိတ်ခန္ဓာ၊ ထိုခန္ဓာနှင့်စပ်သော တရားအလုံးစုံကို အာရုံပြုနိုင်၏။ ပုဗ္ဗေနိဝါသဉာဏ် အာရုံမပြုနိုင်သောအတိတ်တရားမရှိချေ။

ပုဗ္ဗေနိဝါသဉာဏ်သည်-အတိတ်အာရုံများနှင့်ဆက်စပ်၍ သဗ္ဗညုတဉာဏ်ကဲ့သို့ အလုံးစုံကိုအာရုံပြုနိုင်၊ သိနိုင်၏ဟု အဋ္ဌကထာ၌ထူးခြားချက်ကိုပြ၏။

ပဋ္ဌာန်းပါဠိတော်၌ "ကုသိုလ်ခန္ဓာတို့သည် ဣဒ္ဓိဝိဓဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ အနာဂတံသဉာဏ်တို့အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏ဟုဟောတော်မူသောကြောင့် ခန္ဓာလေးပါးတို့သည် စေတောပရိယဉာဏ်၊ ယထာကမ္မုပဂဉာဏ်တို့၏အာရုံဖြစ်ကုန်၏။ ထိုတွင် ယထာကမ္မုပဂဉာဏ်သည် ကုသိုလ်ခန္ဓာ အကုသိုလ်ခန္ဓာတို့ကိုအာရုံပြု၏။

## ၅။ ဒိဗ္ဗစက္ခုဉာဏ် အာရုံ(၄)မျိုးကိုအာရုံပြုပုံ

၁။ အဆင်းကို အာရုံပြုသောကြောင့်လည်းကောင်း၊ ယင်းအဆင်းသည် ကာမတရားဖြစ်သောကြောင့်လည်းကောင်း၊ ကာမတရားကိုအာရုံပြု၏။

၂။ ရှိဆဲအဆင်း၌သာဖြစ်သောကြောင့် ပစ္စုပ္ပန်အာရုံကိုအာရုံပြု၏။
၃။ မိမိ၏ဝမ်းစသည်၌တည်သောအဆင်းကိုမြင်သောအခါ အဇ္ဈတ္တတရားကိုအာရုံပြု၏။
၄။ သူတစ်ပါး၏အဆင်းကိုမြင်သောအခါ ဗဟိဒ္ဓတရားကိုအာရုံပြု၏။

## ၆။ ယထာကမ္မူပဂဉာဏ် အာရုံ(၅)မျိုးကိုအာရုံပြုပုံ

၁။ ကာမာဝစရကံကိုသိသောအခါ ကာမတရားကိုအာရုံပြု၏။
၂။ ရူပါဝစရကံ၊ အရူပါဝစရကံကိုသိသောအခါ မဟဂ္ဂုတ်တရားကို အာရုံပြု၏။
၃။ အတိတ်စေတနာကိုသာသိတတ်သောကြောင့် အတိတ်တရားကိုအာရုံပြု၏။
၄။ မိမိကုသိုလ်ကံ အကုသိုလ်ကံတို့ကိုသိသောအခါ အဇ္ဈတ္တတရားကိုအာရုံပြု၏။
၅။ သူတစ်ပါး၏ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုသိသောအခါ ဗဟိဒ္ဓတရားကိုအာရုံပြု၏။

## ၇။ အနာဂတံသဉာဏ် အာရုံ(၈)မျိုးကိုအာရုံပြုပုံ

၁။ "ဤသူသည် နောင်အခါ ကာမာဝစရဘုံ၌ ဖြစ်လိမ့်မည်"ဟု သိသောအခါ ကာမတရားကို အာရုံပြု၏။
၂။ ဤသူသည် နောင်အခါ ရူပါဝစရဘုံ၊ အရူပါဝစရဘုံတို့၌ ဖြစ်လိမ့်မည်ဟု သိသောအခါ မဟဂ္ဂုတ်တရားကို အာရုံပြု၏။
၃။ ဤသူသည် မဂ်/ဖိုလ်ကိုပွားစေလိမ့်မည်ဟု သိသောအခါ အပ္ပမာဏတရားကို အာရုံပြု၏။
၄။ မဂ်ကိုပွားစေလိမ့်မည်ဟုသိသောအခါ၌ မဂ်ကိုအာရုံပြု၏။
၅။ ကိန်းသေမုချအားဖြင့် အနာဂတံသဉာဏ်သည် အနာဂတ်တရားကိုအာရုံပြု၏၊
၆။ "ငါသည် ဤမည်သောဘဝ၌ ဖြစ်ရအံ့" ဟုသိသောအခါ အဇ္ဈတ္တတရားကိုအာရုံပြု၏။
၇။ ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်လိမ့်မည်ဟုသိသောအခါ ဗဟိဒ္ဓတရားကို အာရုံပြု၏။
၈။ "နောင်အခါ မေတ္တေယျမည်သောဘုရားရှင်ပွင့်တော်မူလတ္တံ့၊ ထိုဘုရားရှင်၏ခမည်းတော်သည် သုဗြဟ္မာမည်သော ပုဏ္ဏားဖြစ်လတ္တံ့၊ မယ်တော်သည် ဗြဟ္မဝတီမည်သော ပုဏ္ဏေးမ ဖြစ်လတ္တံ့." စသည်ဖြင့် အမည်အနွယ်တို့ကို သိသောအခါ နဝတ္တဗ္ဗတရားကို အာရုံပြု၏။

## စေတောပရိယဉာဏ်နှင့်အနာဂတံသဉာဏ်ထူးခြားပုံ

စေတောပရိယဉာဏ်သည်- အနာဂတ် (၇)ရက်အတွင်းဖြစ်လတ္တံ့သော စိတ်ကိုသာ အာရုံပြုနိုင်၏၊ စိတ်မှတစ်ပါးသော ခန္ဓာ, ခန္ဓာနှင့်စပ်သောတရားများကိုမသိနိုင်ချေ။

အနာဂတံသဉာဏ်သည်- အနာဂတ်အာရုံများနှင့်စပ်၍ အာရုံမပြုနိုင်, မသိနိုင်သော တရားမရှိ၊ အလုံးစုံကိုအာရုံပြုနိုင်သိနိုင်၏။

**အဘိညာဉ်နှင့် စပ်၍မှတ်သားဘွယ်**

**ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်ဒိဗ္ဗသောတအဘိညာဉ်သည်** ပစ္စုပ္ပန်အာရုံ၊ ကာမအာရုံကို အမြဲအာရုံပြုသည်။

စေတောပရိယအဘိညာဉ်သည် ဗဟိဒ္ဓအာရုံကို အမြဲအာရုံပြုသည်။

အောက်အောက် ပုဂ္ဂိုလ်သည် အထက်အထက်အရိယာပုဂ္ဂိုလ်၏ မဂ်,ဖိုလ်စိတ်ကို မသိနိုင်၊

သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်(၂)ပါးသည် ပစ္စုပ္ပန်မည်၏။

**ပုဗ္ဗေနိဝါသအဘိညာဉ်သည်**- အတိတ်အာရုံကို အမြဲအာရုံပြုသည်။ အတိတ်ခန္ဓာ၊ ခန္ဓာပဋိဗဒ္ဓအားလုံးကို သဗ္ဗညုတဉာဏ်ကဲ့သို့သိသည်။ **အနာဂတံအဘိညာဉ်သည်** အနာဂတ်အာရုံကိုအမြဲအာရုံပြုသည်။ အနာဂတ်ခန္ဓာ ခန္ဓာပဋိဗဒ္ဓအားလုံးကို သဗ္ဗညုတဉာဏ် ကဲ့သို့သိသည်။ **ယထာကမ္မူပဂအဘိညာဉ်သည်**- အတိတ်အာရုံကို အမြဲအာရုံပြုသည်။ အတိတ်လောကီကုသိုလ် အကုသိုလ်စေတနာမျှကိုသာသိသည်၊ (ဝါ) နာမ်ခန္ဓာလေးပါးကို သိသည်။

**အဘိညာဉ်တို့ကို အကျယ်ပြဆိုချက် ပြီး၏။**

☆☆☆

## ၁၄ – ခန္ဓနိဒ္ဒေသ
## ပညာကထာ – ပညာကိုပြဆိုချက်

၄၂၁။ အဘိညာဏ်၏အစွမ်း၊ အာနိသင်၊ အကျိုး၊ တန်ခိုးရရှိသဖြင့် ပို၍ခိုင်ခံ့သောသမာဓိဘာဝနာနှင့်ပြည့်စုံသောယောဂီရဟန်းသည် သီလ၌တည်၍ **စိတ်ကိုဋ်း၊ ပညာကိုဋ်းပွား** စေရမည်။

ဤစကားရပ်၌ ၁။ စိတ်ကိုပဓာနပြု၍ သမာဓိကိုပွားစေပြီးဖြစ်သည်ကိုမှတ်ရမည်။ ၂။ ထိုသမာဓိ၏အခြားမဲ့၌ ပညာကိုပွားရမည်၊ ၃။ ပညာကိုအကျဉ်းမျှသာဟောထား၍ ကျင့်ကြံပွားများဖို့မဆိုထားဘိ၊ သိနားလည်ဖို့ပင်မလွယ်လှပေ။ ထိုအကြောင်းသုံးပါးကြောင့် ပညာ၏အကျယ်နှင့်ပွားများနည်းကို အောက်ပါမေးခွန်း (၆)ချက်ဖြင့် ဖြေဆိုအပ်ပါ၏။

၄၂၂။ (က) ပညာဟူသည် အဘယ်နည်း။
(ခ) အဘယ်အနက်သဘောကြောင့် ပညာမည်ပါသနည်း။
(ဂ) ပညာ၏လက္ခဏာစသည်ကား အဘယ်နည်း။
(ဃ) ပညာသည် အဘယ်မျှအပြားရှိပါသနည်း။
(င) ပညာကို အဘယ်သို့ပွားစေအပ်သနည်း။
(စ) ပညာဘာဝနာ၏အကျိုးကား- အဘယ်နည်း။

### ၄၂၃။(က) ပညာဟူသည်အဘယ်နည်း- အမေး၌-

ပညာသည်- ကုသိုလ်ပညာစသည်ဖြင့် အစုအမျိုးကွဲများ၏ သုတမယပညာစသည်ဖြင့် အသေးစိတ်ကွဲပြန်၏။ ၎င်းအားလုံးကိုထုတ်ဆိုနေလျှင် မဆိုင်ရာသို့ပျံ့သွားပြီး အကျိုးမပြီးရှိရာ၏။ ထို့ကြောင့် ဤ၌ "ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်သည်သာ" ဤ၌ လိုအပ်သောပညာဟုမှတ်ရမည်။

### (ခ) အဘယ်အနက်သဘောကြောင့် ပညာမည်သနည်း-အမေး၌

အပြားအားဖြင့် အသေးစိတ်၊ အနှံ့အစပ်သိခြင်း၊ အနက်သဘောကြောင့် ပညာမည်၏။ အပြားအားဖြင့် သိခြင်းဆိုသည်မှာ- သညာသိ,ဝိညာဏ်သိတို့မှထူးသော အထူးထူးအပြားပြားခွဲခြားသိခြင်း-ဖြစ်၏။

### သညာ၊ ဝိညာဏ်၊ ပညာတို့၏အာရုံကိုသိပုံအထူး(၃)မျိုး

သညာသိ-အညို၊အရွှေစသည်ဖြင့် အာရုံကိုမှတ်သိရုံမျှသာသိ၏။ မမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်ဟု လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိခြင်းသို့ ရောက်ရန်ကား မစွမ်းနိုင်ပေ။

ဥပမာ- ရောင်းဝယ်ရေး အသိဉာဏ်မရှိသေးသောသူငယ်သည် ရွှေငွေတို့၏ ထူးထွေဆန်းကြယ်ပုံ၊ ရှည်လျားပုံ၊ လေးဒေါင့်ပုံ၊ ဝန်းဝိုင်းပုံမျှသာသိ၏။ ဤအရာသည် လူတို့၏ တွင်း-ပ သုံးဆောင်အပ်သောရတနာထိုက်သောဝတ္ထုဖြစ်၏ဟူ၍ကား- မသိနိုင်ခြင်းနှင့်တူ၏။

ဝိညာဏ်သိ-အညို,အရွှေစသည့်အာရုံကိုလည်းသိ၊ **လက္ခဏာရေးသုံးပါးကိုလည်း ထိုးထွင်းသိ၏၊** သို့သော် အဆင့်ဆင့်တက်၍ အရိယာမဂ်သို့ရောက်ဖို့ရန်ကား-မစွမ်းနိုင်သေး။

ဥပမာ-ရွာသားလူကြီးသည် ရွှေငွေတို့၏ ထူးထွေဆန်းကြယ်ပုံကိုလည်းသိ၏။ တန်ဖိုးရှိသောရတနာဟုလည်းသိ၏။ သို့သော် အစစ်၊ အတုမခွဲနိုင်၊ အနှစ်တစ်ဝက်ရှိ မရှိ အပြည့်ရှိ မရှိ၊ တန်ဖိုးခွဲခြားမသိနိုင်သေးခြင်းနှင့်တူ၏။

ပညာသိ-အညို,အရွှေစသည့်အာရုံကိုလည်းသိ, လက္ခဏာရေးသုံးပါးကိုလည်း ထိုးထွင်းသိ, **အဆင့်ဆင့်တက်၍ အရိယာမဂ်ဖြစ်ပေါ်ခြင်းသို့လည်းသိနိုင်ရောက်နိုင်၏။**

ဥပမာ-ရွှေ,ငွေရာပြတ်(ပွဲမင်း)သည် ထူးထွေဆန်းပြားအားလုံးသိ၏၊ ကြည့်၍လည်း သိ၏၊ အသံခေါက်၍လည်းသိ၏၊ နမ်းကြည့်၍လည်းသိ၏၊ လျှက်ကြည့်၍လည်းသိ၏၊ လက်ဖြင့် ချိန်ဆ၍လည်းသိ၏၊ မည်သည့် ရွာ၊ နိဂုံး၊ မြို့၊ တောင်၊ မြစ်ကမ်းဒေသမှထွက်သည်၊ လုပ်သည်ကိုလည်းသိသည့်အပြင် ပြုလုပ်သူဆရာကိုပါသိခြင်းနှင့်တူ၏။

ပညာသည်-သညာ၊ ဝိညာဏ်ဖြစ်ရာ စိတ္တုပ္ပါဒ်တိုင်း၌ပါသည်လည်းရှိ၏၊ မပါသည် လည်းရှိ၏၊ ပညာဖြစ်ရာ စိတ္တုပ္ပါဒ်တိုင်း၌ကား- သညာ၊ ဝိညာဏ်တို့ ပါမြဲဖြစ်၏။ သို့သော် တစ်ခုစီ သီးသန့်ခွဲထုတ်ပြဖို့ကားမလွယ်ကူ၊ ဤကား ပရမတ္ထသဘာဝ၏ထူးခြားသိမ်မွေ့ မြင်နိုင်ခဲသောအရာသာဖြစ်၏။

**မိလိန္ဒပဉှာ၌လည်း-** အရှင်နာဂသိန်က "မင်းကြီး ဘုရားရှင်သည်ခဲယဉ်းစွာသော အမှုကိုပြုခဲ့၏"ဟုမိန့်၏၊ မည်သို့ခဲယဉ်းစွာသောအမှုကိုပြုခဲ့ပါသနည်းဘုရားဟု- ပြန်လျှောက်ရာ-

မင်းကြီး- ဘုရားရှင်သည်**အာရုံတစ်ခုတည်း၌ဖြစ်သော (ရုပ်အထည်ကိုယ်ဒြပ် မရှိသော) စိတ်စေတသိက်တရားစုကို ဤကား-ဝေဒနာ၊ ဤကား-သညာ၊ ဤကား- စေတနာဟုခဲယဉ်းစွာခွဲခြားဟောကြားနိုင်ခဲ့၏။**

## (ဂ)ပညာ၏လက္ခဏာဒိစတုက္ကကားအဘယ်နည်း။

(က) ဓမ္မသဘာဝပဋိဝေဓလက္ခဏာ = ရုပ်နာမ်တရားတို့၏သဘောကို ထိုးထွင်းသိခြင်း လက္ခဏာ။

(ခ) ဓမ္မာနံသဘာဝပဋိစ္ဆာဒက မောဟန္ဓကာရ ဝိဒ္ဓံသနရသာ = သဘောမှန်ကို ဖုံးလွှမ်းတတ်သော မောဟကို ဖျက်ဆီးခြင်းကိစ္စရှိ၏။

(ဂ) အသမ္မောဟ ပစ္စုပဋ္ဌာနာ = မတွေဝေခြင်းဟု ဉာဏ်၌ထင်သောအခြင်း အရာပစ္စုပဋ္ဌာန်။

(ဃ) သမာဓိ ပဒဋ္ဌာနာ = သမာဓိသည် နီးသောအကြောင်းပဒဋ္ဌာန်။

(ဃ) ပညာသည်အဘယ်မျှအပြားရှိသနည်း?အမေး၌-ပညာအပြားကိုပြဆိုချက်

၄၂၅။ (ဃ) "ပညာသည် (ရုပ်နာမ်)တရားတို့၏သဘောကို ထိုးထွင်းသိခြင်းလက္ခဏာအားဖြင့် အကွဲအပြားမရှိ တစ်ပါးတည်းသာတည်း။

ပညာအမျိုးမျိုး

| | |
|---|---|
| တစ်ပါးတည်းသော ပညာ | = ဤသို့သောလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိသော ဓမ္မသဘာဝပဋိဝေဓ (ဓမ္မသဘာဝကိုထိုးထွင်းသိခြင်း) လက္ခဏာအားဖြင့် တစ်ပါးသာဖြစ်၏။ |
| နှစ်ပါးတွဲပညာ (၅)မျိုး | = (က) လောကီပညာ+လောကုတ္တရာပညာ၊ (ကီ+ကုတ်မဂ်နှင့်ယှဉ်သောပညာ)<br>(ခ) သာသဝပညာ+အနာသဝပညာ (အာသဝတို့၏အာရုံဖြစ်သောပညာ+ -- X --)<br>(ဂ) နာမ ဝဝတ္ထာနပညာ+ ရူပ ဝဝတ္ထာနပညာ (နာမ်ခန္ဓာ-၄-ပါးပိုင်းခြား + ရူပက္ခန္ဓာပိုင်းခြား)<br>(ဃ) သောမနဿသဟဂတပညာ+ ဥပေက္ခာသဟဂတပညာ(မဟာကုသိုလ် သောမနဿဉာဏသမ္ပယုတ် ၂-ပါး,မဂ်သောမနဿ-၁၆။ + ။ မဟာကုသိုလ်ဥပေက္ခာဉာဏသမ္ပယုတ် ၂-ပါး, မဂ်ဥပေက္ခာ-၄-ပါး)<br>(င) ဒဿနဘူမိပညာ(သောတာမဂ်ပညာ)+ ဘာဝနာဘူမိပညာ (ထက်-မဂ်= ၃-ပညာ) |

သုံးပါးတွဲပညာ(၄)မျိုး = (က) စိန္တာမယပညာ, သုတမယပညာ, ဘာဝနာမယပညာ

သူတစ်ပါးထံမှ (ညွှန်ကြားချက်ကို) မကြားရဘဲ ရသောပညာသည် မိမိ၏ကြံစည်ခြင်းမျှ၏ အစွမ်းအားဖြင့်ပြီးသောကြောင့် စိန္တာမယပညာမည်၏။

သူတစ်ပါးထံမှ (ညွှန်ကြားချက်ကို) ကြားရ၍ရသောပညာသည် ကြားဖူးသောသုတ၏အစွမ်းအားဖြင့်ပြီးသောကြောင့် သုတမယပညာမည်၏။

(သူတစ်ပါးထံမှ ကြားရသည်ဖြစ်စေ မကြားရသည်ဖြစ်စေ) တစ်စုံတစ်ခုသော အခြင်းအရာဖြင့် ဘာဝနာ၏အစွမ်းအားဖြင့်ပြီးသော အပ္ပနာသို့ရောက်စေသောပညာသည် ဘာဝနာမယပညာမည်၏။

ထို့ကြောင့်- မေး-"ထိုသုံးပါးတို့တွင် စိန္တာမယပညာသည်အဘယ်နည်း။

ဖြေ- ပညာဖြင့်စီရင်အပ်ကုန်သောအမှုအရာ၊ အတတ်အရာ၊ (ဆေးပညာစသော) ဝိဇ္ဇာဋ္ဌာန၊ ကမ္မဿကတဉာဏ်သော်လည်းဖြစ်သော ရုပ်, ဝေဒနာ, သညာ၊ သင်္ခါရတို့သည် မမြဲကုန်ဟူ၍

သော်လည်းကောင်း၊ သစ္စာနုလောမိကဉာဏ်သော်လည်းဖြစ်သော ဤသို့သဘောရှိသော (အမူအရာစသည်တို့နှင့်လျော်သော အကြောင်းသို့သောရှုစွမ်းနိုင်သော(ခန္တိ)ဉာဏ်ကို၊ မြင်တတ်သော (ဒိဋ္ဌိ)ဉာဏ်ကို၊ နှစ်သက်သော(ရုစိ)ဉာဏ်ကို၊ သိသော(မုတိ)ဉာဏ်ကို၊ ရှုသော(ပေက္ခ) ဉာဏ်ကိုလည်းကောင်း၊ (ကမ္မာယတနစသော)တရားတို့၏ အရှုခံကြောင်းဖြစ်သော (ဓမ္မနိဇ္ဈာနခန္တိ)ဉာဏ်ကိုလည်းကောင်း သူတစ်ပါးထံမှ(ညွှန်ကြားချက်ကို)မကြားရဘဲရသောအသိဉာဏ်ကို **စိန္တာမယပညာ**ဟုဆိုအပ်၏။

သူတစ်ပါးထံမှ (ညွှန်ကြားချက်ကို)ကြား၍ရသောအသိဉာဏ်ကို **သုတမယပညာ**ဟုဆိုအပ်၏။ သမာပတ်သို့ရောက်သောပုဂ္ဂိုလ်၏ အလုံးစုံသောပညာသည် **ဘာဝနာမယပညာ** မည်၏”ဟုဟောပါ၏။

## (ခ) ပရိတ္တာရမ္မဏပညာ, မဟဂ္ဂတာရမ္မဏပညာ, အပ္ပမာဏာရမ္မဏပညာ

ကာမာဝစရတရားတို့ကို အာရုံပြု၍ဖြစ်သောပညာသည် **ပရိတ္တာရမ္မဏပညာ**မည်၏။ ရူပါဝစရအရူပါဝစရတရားတို့ကိုအာရုံပြု၍ဖြစ်သောပညာသည် **မဟဂ္ဂတာရမ္မဏပညာ** မည်၏၊ ၎င်း (ပညာနှစ်ပါး)သည် **လောကီဝိပဿနာ**ပေတည်း။

နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သောပညာသည် **အပ္ပမာဏာရမ္မဏပညာ**မည်၏။ ၎င်း (ပညာ)သည်**လောကုတ္တရာဝိပဿနာ**ပေတည်း။

## (ဂ) အာယ[၁]ကောသလ္လပညာ, အပါယ[၂] ကောသလ္လပညာ, ဥပါယကောသလ္လပညာ[၃]

၁။ **အာယ** = ကြီးပွားတိုးတက်ခြင်းဖြစ်၏။ (က) အကျိုးမဲ့ကိုဆုတ်ယုတ်စေခြင်း၊ (ခ) အကျိုးစီးပွားကိုဖြစ်စေခြင်းနှစ်မျိုး၌လိမ္မာကျွမ်းကျင်သောဉာဏ်ပညာသည်- **အာယကောသလ္လဉာဏ်**မည်၏။

**အာယကောသလ္လ** (ကြီးပွားခြင်း၌ ကျွမ်းကျင်လိမ္မာခြင်း) ဆိုသည်မှာ- ထိုတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်ပေါ်လာ၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ပျောက်ကင်းကုန်၏။

**တစ်နည်း**- မဖြစ်သေးသော ကုသိုလ်တရားတို့ဖြစ်ပေါ်လာ၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်းလွန်စွာဖြစ်ခြင်းငှာ- ပြန့်ပွားခြင်းငှာ- ဘာဝနာပြည့်စုံခြင်းငှာ- ဖြစ်ကုန်၏။

ထို(အကုသိုလ်မဖြစ်ခြင်းစသည်)၌ အကြောင်းသို့သောပညာသည် အပြားအားဖြင့် သိခြင်းသည်။ ပ ။ မတွေဝေခြင်းသည်၊ တရားတို့ကို စိစစ်ခြင်းသည် မှန်စွာမြင်သော သမ္မာဒိဋ္ဌိသည် ဖြစ်၏။ ဤသို့သော အသိဉာဏ်ကို **အာယကောသလ္လ** (ကြီးပွားခြင်း၌ ကျွမ်းကျင်လိမ္မာခြင်း)ဟူ၍ ဆိုအပ်၏”ဟုဟောတော်မူ၏။

၂။ **အပါယ** = (**အပ**= ကင်းခြင်း+**အာယ**= ကြီးပွားတိုးတက်ခြင်း) ကြီးပွားမှုကင်းခြင်း၊ မကြီးပွားခြင်း၊ ပျက်စီးခြင်းဖြစ်၏၊ ထိုပျက်စီးခြင်းသည်လည်း (က) အကျိုးစီးပွား၏ဆုတ်ယုတ်ခြင်း၊ (ခ) အကျိုးမဲ့၏ဖြစ်ပေါ်ခြင်းနှစ်မျိုးလုံး၌ လိမ္မာကျွမ်းကျင်စွာပိုင်းခြား၍သိသော ဉာဏ်ပညာသည် **အပါယကောသလ္လဉာဏ်**မည်၏။

အပါယကောသလ္လ (ပျက်စီးခြင်း၌ ကျွမ်းကျင်လိမ္မာခြင်း)ဆိုသည်မှာ- ဤတရားတို့ကို နှလုံးသွင်းသောင့်အား မဖြစ်သေးသောကုသိုလ်တရားတို့လည်းမဖြစ်လာ" ဖြစ်ပြီးကုသိုလ်များလည်းပျောက်၊ မဖြစ်သေးတဲ့အကုသိုလ်လည်းဖြစ်လာ၊ ပို၍လည်းတိုးပွားလာ၊ ဤသို့ စသည်ဖြင့်သိသော သမ္မာဒိဋ္ဌိပညာမည်၏။ *(ဝိဘင်းပါဠိ-၃၃၈)*

၃။ ဥပါယ ကောသလ္လဉာဏ် = အကြောင်းဥပါယ၌ လိမ္မာကျွမ်းကျင်သောဉာဏ်ပညာ ဆိုသည်မှာ- မမျှော်လင့်ပဲ လတ်တလောရုတ်တရက်ကိစ္စဖြစ်သောအခါ လောလောဆယ် ဘေးဖြစ်သောအခါတို့၌ ချက်ချင်းပြီးမြောက်ငြိမ်းအေးစေရန်အကြောင်း၌လိမ္မာကျွမ်းကျင်သော တခ်ဏုပ္ပတ္တိဉာဏ်၊ ဌာနုပ္ပတ္တိကဉာဏ်သည် ဥပါယကောသလ္လဉာဏ်မည်၏။

*ထိုထိုကိစ္စတို့၌ အကြောင်းမှန်ကိုသိသောပညာသည် ဥပါယကောသလ္လမည်၏။*

**(ဃ) အဇ္ဈတ္တာဘိနိဝေသပညာ၊ ဗဟိဒ္ဓါဘိနိဝေသပညာ, အဇ္ဈတ္တဗဟိဒ္ဓါဘိနိဝေသပညာ**

မိမိခန္ဓာကိုယ်ကို နှလုံးသွင်းခြင်း, မိမိ၏ခန္ဓာကိုယ်ကိုယူ၍ရှု၍ အားထုတ်အပ်သော ဝိပဿနာပညာသည် အဇ္ဈတ္တာဘိနိဝေသပညာမည်၏။

သူတစ်ပါး၏ခန္ဓာတို့ကိုသော်လည်းကောင်း၊ သတ္တဝါ၏ခန္ဓာမှ ပြင်ပဖြစ်သော ဣန္ဒြေနှင့်မစပ်သော အနိန္ဒြိယဗဒ္ဓရုပ်ကိုသော်လည်းကောင်း၊ ယူလျက်(ရှုလျက်) အားထုတ်စပြုသော ဝိပဿနာပညာသည် ဗဟိဒ္ဓါဘိနိဝေသပညာ မည်၏။

အဇ္ဈတ္တ-ဗဟိဒ္ဓနှစ်ပါးစုံကိုယူလျက် (ရှုလျက်)အားထုတ်စပြုသောဝိပဿနာပညာသည် အဇ္ဈတ္တ-ဗဟိဒ္ဓါဘိနိဝေသပညာမည်၏။

၄၂၈။ ၄-ပါးတွဲပညာ၂-မျိုး = (က)စတုသစ္စဉာဏ်လေးပါး

ဒုက္ခသစ္စာကိုအာရုံပြု၍ဖြစ်သောဉာဏ်သည် ဒုက္ခ၌ ဉာဏ်မည်၏၊ ဒုက္ခသမုဒယ သစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်သည် ဒုက္ခသမုဒယ၌ ဉာဏ်မည်၏၊ ဒုက္ခနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်သည် ဒုက္ခနိရောဓ၌ ဉာဏ်မည်၏။ ဒုက္ခနိရောဓသို့ ဆိုက်ရောက်သောအကျင့်ဖြစ်သော မဂ္ဂသစ္စာကိုအာရုံပြု၍ဖြစ်သောဉာဏ်သည် ဒုက္ခနိရောဓ သို့ဆိုက်ရောက်သောအကျင့်၌ ဉာဏ်မည်၏။

## (ခ) စတုပဋိသမ္ဘိဒါဉာဏ်(၄)ပါး

လေးပါးသော ပဋိသမ္ဘိဒါတို့မည်သည်ကား- အကျိုးစသည်တို့၌ အထူးအပြားကိုသိသော လေးပါးသောဉာဏ်တို့တည်း။

အကျိုး၌သိသောဉာဏ်သည်အတ္ထပဋိသမ္ဘိဒါ မည်၏။ အကြောင်း၌သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။

ထို (အကျိုး+အကြောင်း)၌ဖြစ်သော သဘာဝနိရုတ္တိ (မှန်ကန်သော ဘာသာသဒ္ဒါ) ကိုပြောဆိုရာ၌သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏။ အထက်ပါဉာဏ်တို့၌ အာရုံ,ကိစ္စစသည်ဖြင့်အကျယ်သိသောဉာဏ်သည်ပဋိဘာနပဋိသမ္ဘိဒါမည်၏။

**အတ္ထဆိုသည်မှာ-** အကျဉ်းအားဖြင့် အကြောင်း၏အကျိုးဖြစ်သောတရား၏ အမည်ဖြစ်ပါ၏၊ အကြောင်း၏အကျိုးကို အကြောင်းမှအစဉ်လျှောက်သဖြင့် သိအပ်ရောက်အပ်သောကြောင့် အတ္ထဟုဆိုအပ်၏၊ အကျယ်အားဖြင့်ကား-

(၁) အကြောင်းကြောင့်ဖြစ်သော တစ်စုံတစ်ခုသောအကျိုးတရား၊
(၂) နိဗ္ဗာန်၊
(၃) ဟောဆိုအပ်သောဘာသာပါဠိ၏ အနက်၊
(၄) ဝိပါက်၊
(၅) ကိရိယာဟူသော ဤငါးပါးသောတရားတို့ကို အတ္ထဟု သိအပ်၏၊ ထိုအတ္ထ (အကျိုး) ကိုဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအကျိုး၌ အထူးအပြားကိုသိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။

**ဓမ္မဆိုသည်မှာ-**အကျဉ်းအားဖြင့် အကြောင်းတရား၏အမည်ဖြစ်ပါ၏၊ အကြောင်းတရားသည် ထိုထိုအကျိုးကိုဖြစ်စေတတ်ရောက်စေတတ်သောကြောင့် ၎င်းကို ဓမ္မဟု ဆိုအပ်၏၊ အကျယ်အားဖြင့်ကား-

(၁) အကျိုးကိုဖြစ်စေတတ်သော တစ်စုံတစ်ခုသောအကြောင်းတရား၊
(၂) အရိယမဂ်၊
(၃) ဟောဆိုအပ်သောဘာသာပါဠိ၊
(၄) ကုသိုလ်၊
(၅) အကုသိုလ်ဟူသော ဤငါးပါးသောအကြောင်းတရားတို့ကို ဓမ္မဟုသိအပ်၏။

ထိုဓမ္မ(အကြောင်းတရားကို)ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအကြောင်းတရား၌ အထူးအပြားကိုသိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။

| အတ္ထပဋိသမ္ဘိဒါဉာဏ် | ဓမ္မပဋိသမ္ဘိဒါဉာဏ် |
|---|---|
| ၁။ အတ္ထ(အကျိုး)ကိုဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအကျိုး၌ အထူးအပြားကိုသိသောဉာဏ် | ဓမ္မ(အကြောင်း)ကိုဆင်ခြင်သောပုဂ္ဂိုလ်အား ထိုအကြောင်းတရား၌ အထူးအပြားသိသောဉာဏ် |
| ၂။ ဝိဘင်းပါဠိ၌-ဒုက္ခ၌သိသောဉာဏ် | -ဒုက္ခသမုဒယ၌သိသောဉာဏ် |
| ၃။ အကြောင်း၏အကျိုး၌သိသောဉာဏ် | -အကြောင်း၌သိသောဉာဏ် |
| ၄။ အကြင်အကျိုးတရားတို့သည် ဖြစ်ကုန်, ထင်ရှားဖြစ်ကုန်, ကောင်းစွာဖြစ်ကုန်, အသစ်ဖြစ်ကုန် ထင်ရှားပေါ်လာကုန်၏။ ထိုအကျိုးတရားတို့၌သိသောဉာဏ် | ထိုဆိုခဲ့သောအကျိုးတရားတို့သည် အကြင်အကြောင်းတရားမှဖြစ်ကုန်၊ ထင်ရှားဖြစ်ကုန်၊ ကောင်းစွာဖြစ်ကုန်၊ အသစ်ဖြစ်ကုန်၊ ထင်ရှားပေါ်လာကြကုန်၏။ ထိုအကြောင်းတရားတို့၌ သိသောဉာဏ် |
| ၅။ ဇရာမရဏ၌သိသောဉာဏ် | -ဇရာမရဏဖြစ်ကြောင်း၌သိသောဉာဏ် |

| အတ္ထပဋိသမ္ဘိဒါဉာဏ် | ဓမ္မပဋိသမ္ဘိဒါဉာဏ် |
|---|---|
| ၆။ သင်္ခါရတို့၏ ချုပ်ခြင်း၌သိသောဉာဏ် | -သင်္ခါရတို့၏ ချုပ်ခြင်းသို့ ဆိုက်ရောက်ကြောင်း အကျင့်၌သိသောဉာဏ် |
| ၇။ ဤသာသနာ၌ ရဟန်းသည်- တရားကို, သုတ်ကို, ဂေယျကို, ။ပ။ ဝေဒနာတို့ကို သိသောဉာဏ် | -ထိုတရားတော်စသည်တို့၏ အနက်ကို ဤသည်ကား-ဟောအပ်သောပါဠိ၏ အနက် တည်းဟုသိသောဉာဏ် |
| ၈။ ၎င်းကုသိုလ်တရားတို့၏ အကျိုးဝိပါက်၌ ဖြစ်သောအသိဉာဏ် | -ကုသိုလ်တရားတို့ကား- အဘယ်ပါနည်း။? အကြင်အခါ ကာမာဝစရကုသိုလ်စိတ်ဖြစ်၏။ ။ပ။ ဤတရားတို့ကား-ကုသိုလ်တရားတို့ဖြစ်၏ ဟု ကုသိုလ်တရားတို့၌ဖြစ်သောအသိဉာဏ် |

ထို(အကျိုးအကြောင်း)၌ဖြစ်သော ဓမ္မနိရုတ္တိကိုပြောဆိုရာ၌သိသောဉာဏ် ဆိုသည်မှာ- ထို(ဆိုခဲ့သော)အကျိုး၊ အကြောင်း၌ဧကန်မှန်သောသဘာဝနိရုတ္တိ ဝေါဟာရသဒ္ဒါသည်ဖြစ်၏၊ ထိုမှန်ကန်သောသဒ္ဒါကို ရွတ်ရာ ပြောဆိုရာ၌ ထိုအသံကိုကြား၍ပင်လျှင် "ဤကား သဘာဝနိရုတ္တိအစစ်တည်း၊ ဤကား သဘာဝနိရုတ္တိ (အစစ်) မဟုတ်"ဟု ဓမ္မနိရုတ္တိ= သဘာဝနိရုတ္တိမည်သောသတ္တဝါအားလုံးတို့၏ မူလဘာသာ= မာဂဓဘာသာ၏ အထူးအပြားကိုသိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါမည်၏။

နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရသောပုဂ္ဂိုလ်သည် "ဖဿော ဝေဒနာ" စသောပြောဆိုသံကိုကြားလျှင် "ဤကား သဘာဝနိရုတ္တိတည်း"ဟုသိ၏။ "ဖဿာ ဝေဒနော" စသောပြောဆိုသံကိုကြားလျှင် "ဤသည်ကား- သဘာဝနိရုတ္တိမဟုတ်"ဟုသိ၏။

ဉာဏ်တို့၌သိသောဉာဏ်ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဆိုသည်မှာ- အလုံးစုံသော (အကျိုး+အကြောင်း+သဒ္ဒါ)တို့၌ဖြစ်သောဉာဏ်ကိုအာရုံပြု၍ဆင်ခြင်သောပုဂ္ဂိုလ်အား ဉာဏ်လျှင်အာရုံရှိသောဉာဏ်ဖြစ်၏။ တစ်နည်းအားဖြင့်- အထက်ဉာဏ်တို့၌ အာရုံတို့နှင့် တကွ ကိစ္စစသည်တို့၏အစွမ်းဖြင့် အကျယ်သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဟု ခေါ်၏။

## ပဋိသမ္ဘိဒါကိုသေက္ခဘုံ,အသေက္ခဘုံအားဖြင့်ခွဲခြင်း

၄၂၉။ အဂ္ဂသာဝက မဟာသာဝကတို့အား အသေက္ခဘုံ (ရဟန္တာအဖြစ်၌) အထူးအပြား (ကိုသိခြင်း) ပဋိသမ္ဘိဒါပတ္တသို့ ရောက်ကုန်၏။

အရှင်အာနန္ဒာမထေရ်၊ စိတ္တသူကြွယ်၊ ဓမ္မိကဉပါသကာ၊ ဉပါလိသူကြွယ်၊ ခုဇ္ဇုတ္တရာ ဉပါသိကာမအစရှိသောပုဂ္ဂိုလ်တို့အား သေက္ခဘုံ (သေက္ခပုဂ္ဂိုလ်အဖြစ်)၌ အထူးအပြားကိုသိခြင်းသို့ရောက်ကုန်၏။

ဤနှစ်ပါးသောဘုံတို့၌ အထူးအပြားကိုသိခြင်းသို့ရောက်ကုန်သောပဋိသမ္ဘိဒါဉာဏ်တို့သည်-

**ပဋိသမ္ဘိဒါဉာဏ်ထက်မြက်သန့်ရှင်းရန်အကြောင်း ၅-ပါး**

၁။ **အဓိဂမ**= တရားထူးကိုရခြင်း၊ (အရဟတ္တဖိုလ်သို့ရောက်ခြင်း)

၂။ **ပရိယတ္တိ**= သင်ယူခြင်း၊ (ဘုရားစကားသင်ယူခြင်း)

၃။ **သဝန**= နာကြားခြင်း၊ (ဥစ္စာစီးပွားရမည်ကဲ့သို့ နှစ်လုံးသွင်း၍ သူတော်ကောင်းတရားရှိသေစွာနာခြင်း)

၄။ **ပရိပုစ္ဆာ**= မေးမြန်းခြင်း၊ (ပါဠိ အဋ္ဌကထာစသည်တို့၌ အနက်အသိခက်သော=ဂဏ္ဌိပုဒ် အဓိပ္ပါယ်အသိခက်သော=အနက်ပုဒ်တို့၏ အဆုံးအဖြတ်ကိုမေးသောစကား)

၅။ **ပုဗ္ဗယောဂ**= ရှေး၌အားထုတ်ဖူးခြင်း၊ (ရှေးရှေးဘုရားတို့၏သာသနာ၌ ဂတပစ္စာဂတဆွမ်းခံအသွားအပြန်၌ ကမ္မဋ္ဌာန်းအားထုတ်ခြင်း ကျင့်ဝတ်ရှိသည်၏အဖြစ်ဖြင့် ဂေါတြဘူအနီး အနုလောမဉာဏ်တိုင်အောင် ဝိပဿနာကိုအားထုတ်ခြင်းဟူသော ဤ ငါးပါးသောအကြောင်းတို့ဖြင့် သန့်ရှင်းထက်မြက်ကုန်၏။)

**(အပရေဆရာတို့အလို)ပဋိသမ္ဘိဒါဉာဏ်ရကြောင်း ၈-ပါး**

(၁) ပုဗ္ဗယောဂ= ရှေး၌အားထုတ်ဖူးခြင်း (၂) ဗာဟုသစ္စ= အကြားအမြင်များခြင်း၊ (ထိုထိုကျမ်းဂန်အတတ်အရာတို့၌ တတ်ကျွမ်းသည်၏အဖြစ်)၊ (၃) ဒေသဘာသာ= ထိုထိုအရပ်ဒေသ၌ သုံးစွဲသော (၁၀၁)ပါးသော ဘာသာစကားကို တတ်သိနားလည်ခြင်း၊ (အထူးအားဖြင့် မာဂဓဘာသာ၌ ကျွမ်းကျင်ခြင်း)၊ (၄) အာဂမ= ဘုရားစကားတော်ကို နှုတ်တက်အာဂုံဆောင်ထားခြင်း၊ (အနည်းဆုံး ဩပမ္မဝဂ်မျှ နှုတ်တက်သင်ယူခြင်း)၊ (၅) ပရိပုစ္ဆာ= မေးမြန်းခြင်း၊ (ဂါထာတစ်ခုမျှ၏ အနက်အဆုံးအဖြတ်ကိုမေးခြင်း)၊ (၆) **အဓိဂမ**= တရားထူးကိုရခြင်း (မဂ်ဖိုလ်အသီးသီးရရှိခြင်း)၊ (၇) **ဂရုသန္နိဿယ**= အကြားအမြင် ပဋိဘာန်ဉာဏ်ကျယ်သောဆရာကိုအမှီပြု၍နေခြင်း၊ (၈) မိတ္တသမ္ပတ္တိ= ကလျာဏမိတ္တတို့နှင့် ပြည့်စုံခြင်း။

*(မှတ်ချက်) ဓမ္မပဒမှ ယမကဝဂ်ကို ဩပမ္မဝဂ်-ဟု ဆရာတို့ကဆိုကြောင်း၊ မူလပဏ္ဏာသမှ ယမကဝဂ်ကို ဩပမ္မဝဂ်-ဟု အပရေ(တစ်ပါးသော)ဆရာတို့ကဆိုကြောင်း ဋီကာ၌ ပြ၏။*

**ပုဂ္ဂိုလ်အသီးသီးတို့ပဋိသမ္ဘိဒါသို့ရောက်ပုံ(ပြီးစီးပုံ)**

ဘုရား, ပစ္စေကဗုဒ္ဓါတို့သည် ပုဗ္ဗယောဂနှင့် အဓိဂမကိုမှီကုန်၍ ပဋိသမ္ဘိဒါဉာဏ်သို့ရောက်ကုန်၏။

တပည့်သာဝကတို့သည် ဆိုခဲ့ပြီးသော ဤအကြောင်းအလုံးစုံတို့ကိုလည်း (မှီကုန်၍

ပဋိသမ္ဘိဒါဉာဏ်သို့ရောက်ကုန်၏)။

သို့သော်လည်း ပဋိသမ္ဘိဒါဉာဏ်သို့ရောက်ရန်အတွက် **အသီးအခြားကမ္မဋ္ဌာန်း** ဘာဝနာကို အားထုတ်ရခြင်းမည်သည် မရှိချေ၊ **ဆိုင်ရာအရိယာဖိုလ်၏အဆုံး၌**ပင် ပဋိသမ္ဘိဒါသို့ ရောက်ခြင်းကိစ္စပြီးစီး၏။

၁။ ဘုရားရှင်တို့အား ဒသဗလဉာဏ်တော်တို့သည် (အရဟတ္တဖိုလ်ဖြင့်) ပြီးစီးကုန်၏။ ၂။ ရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ဟူသော ဝိမောက္ခ၏အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါသို့ရောက်ခြင်းကိစ္စပြီးစီး၏။ ၃။ အရိယာတို့အား အရိယာဖိုလ်ဖြင့်ပင်လျှင် ပဋိသမ္ဘိဒါဉာဏ်တို့သည် ပြီးစီးကုန်၏။

ပညာအပြားကိုပြဆိုချက်ပြီး၏။

✠✠✠

## ပညာ၏ ဘုံ–မူလ ကိုယ်ထည်တို့ကို ပိုင်းခြားချက်

၄၃၀။ (င) "ပညာကိုအဘယ်သို့ပွားစေအပ်သနည်း"မေးခွန်း၌-

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသောတရားတို့သည် (ဝိပဿနာ)ပညာ၏ ဖြစ်ရာဘုံ (အာရုံ) ဖြစ်သည်။

**သီလဝိသုဒ္ဓိ + စိတ္တဝိသုဒ္ဓိ**ဟူသော ဤဝိသုဒ္ဓိနှစ်ပါးတို့သည် (ဤဝိပဿနာပညာ၏) **မူလအခြေအမြစ်**ဖြစ်သည်။

ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဟူသောဤငါးပါးသောဝိသုဒ္ဓိတို့သည် **ဤပညာ၏ကိုယ်ထည်**ဖြစ်သည်။

ထို့ကြောင့် ဤပညာ၏ဖြစ်ရာဘုံ အာရုံဖြစ်ကုန်သော ထို (ခန္ဓာစသော)တရားတို့၌ သင်ယူခြင်း၊ မေးမြန်းခြင်း၏အစွမ်းအားဖြင့် ဉာဏ်အလေ့အကျက်ကိုပြုပြီးလျှင် မူလအခြေအမြစ်ဖြစ်ကုန်သော ဝိသုဒ္ဓိနှစ်ပါးတို့ကို ပြည့်စုံစေပြီး၍ ကိုယ်ထည်ဖြစ်ကုန်သော ဝိသုဒ္ဓိငါးပါးတို့ကို ပြည့်စုံစေလျက် (ဤဝိပဿနာပညာကို) ပွားစေအပ်၏။

*(မှတ်ချက်) စသောဟူသောစကားဖြင့် အာဟာရစသည်တို့ကိုသိမ်းယူရမည်၊ ဤသို့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အာဟာရဟု များစွာကုန်သော ထိုတရားတို့ကို ဝိပဿနာ၏ ဘုံအာရုံအဖြစ်ဖြင့် အဘယ့်ကြောင့် ယူအပ် ဆိုအပ်ပါ ကုန်သနည်း၊ ခန္ဓာစသည် တို့တွင် တစ်မျိုးမျှဖြင့်လည်း အကျိုးကိစ္စပြီးသည်မဟုတ်ပါလောဟု စောဒနာငြားအံ့၊ မပြီးဟု ဖြေရှင်းအပ်၏။ မပြီးပုံကား- သုံးပါးအပြားရှိသောသတ္တဝါတို့ကို ချီးမြှောက်ခြင်းငှာ- (ခန္ဓာ, အာယတန, ဓာတ်ဟူသော သုံးပါးအပေါင်းကို သူတို့အား ဆက်ဆံသောချီးမြှောက်ခြင်းကို) မပြုရာရောက်၏။ မှန်၏၊ ရုပ်၌တွေဝေသူ၊ နာမ်၌တွေဝေသူ၊ ရုပ်နာမ်နှစ်မျိုးလုံး၌တွေဝေသူဟု အမျိုးမျိုးရှိနေသောကြောင့်ဖြစ်ပါသည်။*

## ခန္ဓာအပြင်,အာယတန+ဓာတ်တို့ဟောရပုံ

များသောအပြားအားဖြင့်ဟောတော်မူလိုသောကြောင့် ခန္ဓာအပြင်အာယတန ဓာတ်တို့ကိုဟောရ၏၊ **များသောအပြားအားဖြင့်ဟောရခြင်းမှာလည်း သတ္တဝါသုံးမျိုးသုံးစားအတွက် ချီးမြှောက်ရန်ဖြစ်၏။**

၁။ (က) နာမ်၌တွေဝေသောသူအား ခန္ဓာ၊
(ခ) ရုပ်၌တွေဝေသောသူအား အာယတန၊
(ဂ) နာမ်ရုပ်နှစ်ပါး၌တွေဝေသောသူအား ဓာတ်၊

၂။ (က) ဣန္ဒြေရင့်သောသူအား ခန္ဓာ၊
(ခ) ဣန္ဒြေမရင့်လွန်းသောသူအား အာယတန၊
(ဂ) ဣန္ဒြေနုသောသူအား ဓာတ်၊

၃။ (က) အကျဉ်းနှစ်သက်သောသူအား ခန္ဓာ၊
(ခ) အလယ်အလတ်နှစ်သက်သောသူအား အာယတန၊
(ဂ) အကျယ်နှစ်သက်သူအား ဓာတ်ကို ဟောတော်မူရခြင်းဖြစ်သည်။

အကြောင်းမှာမူ-ခန္ဓာ၌ နာမ်လေးပါးပါဝင်သဖြင့် နာမ်၌တွေဝေသူအတွက်လျော်၏၊ အာယတန၌ ရုပ်သည်(၁၁)ပါး ခွဲခြားပါဝင်သဖြင့် ရုပ်၌တွေဝေသူအတွက်လျော်၏၊ နာမ်ရုပ်နှစ်ပါး၌ တွေဝေသူအတွက် နာမ်ရုပ်ကိုအကျယ်ဝေဖန်သောဓာတ်သည် လျော်ပေ၏။

သံသရာဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း၊ သံသရာဝဋ်ဆင်းရဲ၌နစ်ခြင်း အကြောင်းနှစ်ပါးကို ဉာဏ်မျက်စိဖြင့် ရှုအပ်သည်ဖြစ်မှသာလျှင် သုံးပါးသောခန္ဓာအာယတန ဓာတ်တရားတို့က ကျေးဇူးအထူးကိုဆောင်တတ်၏၊ တစ်ခြားသစ္စာဒေသနာတော်သည် ကျေးဇူးအထူးကို ဆောင်တတ်သည်မဟုတ်။

## ပညာဘာဝနာအကျယ်ပြဆိုချက်

၄၃၁။ ဝိပဿနာပညာ၏ ဖြစ်ရာဘုံ (အာရုံ)၌ ခန္ဓာဆိုသည်မှာ- ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့တည်း။

## ရူပက္ခန္ဓာပြဆိုချက်

၄၃၂။ ထိုငါးပါးသောခန္ဓာတို့တွင် အအေး (အပူ) စသည်တို့ကြောင့် ဖောက်ပြန်ခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တစ်ပေါင်းတည်းပြု၍ ရူပက္ခန္ဓာ (ရုပ်အဖို့အစု)ဟုဆို၏။

ရူပက္ခန္ဓာသည် ဖောက်ပြန်ခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်း (တစ်မျိုးတည်း)သာ ဖြစ်၏၊ ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့်ကား- ၂-ပါးရှိ၏။

ဘူတရုပ်(၄)ပါး= ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ၎င်းတို့၏ လက္ခဏာဒိစတုက္ကတို့ကို နှာ(၉၆,၉၇)၌ပြခဲ့ပြီး။

*[(မှတ်ချက်) ပကတိက(ပင်ကိုယ်က)အပူရုပ်၊ ညီမျှနေသောရုပ်သည် ဆန့်ကျင်ဘက်အအေးနှင့် တွေ့သောအခါ တစ်မျိုးတစ်မည် ပြောင်းလဲဖောက်ပြန်၏၊ ပကတိက (ပင်ကိုယ်က)အအေးရုပ်၊ ညီမျှနေသောရုပ်သည် အပူနှင့်တွေ့သောအခါ တစ်မျိုးတစ်မည်ပြောင်းလဲဖောက်ပြန်၏၊ အစာဝ၍မျှတနေသောရုပ်သည် ဆာလောင်သောအခါ ဆာလောင်ခြင်းကြောင့် တစ်မျိုးတစ်မည်ပြောင်းလဲဖောက်ပြန်၏၊ ပကတိကရေမဆာသောသူ၏ ရုပ်သည် ရေငတ်ဆာလောင်သောအခါ တစ်မျိုးတစ်မည်ပြောင်းလဲဖောက်ပြန်၏၊ ခြင် မှက်စသည်ကိုက်ခြင်းကြောင့် ရောင်ရမ်းခြင်း စသည်ဖြင့်ဖောက်ပြန်တတ်၏၊ ဤသို့ ဆန့်ကျင်ဘက်နှင့်တွေ့သောအခါ ဖောက်ပြန်တက်သောသဘောကို ရုပ္ပတီတိ= ဖောက်ပြန်တတ်သောကြောင့်၊ ရူပ= ရုပ်ဟုခေါ်ဆိုရသည်၊ ရုပ်တိုင်းရုပ်တိုင်းပင် ဖောက်ပြန်နေသည်ဟူ၍ကား မယူအပ်၊ ဘင်ခဏအားဖြင့်ပျက်သည်ကိုလည်း ဖောက်ပြန်ခြင်း(ရုပ္ပန) လက္ခဏာဟုမယူအပ်။ ဗြဟ္မာတို့၏သန္တာန်၌ ရုပ်သည်အအေးအပူစသော ဆန့်ကျင်ဘက်တို့နှင့်မတွေ့ရသောကြောင့် တစ်မျိုးတစ်မည်ဖောက်ပြန်ခြင်း (ရုပ္ပန)မရှိ၊ သို့သော်လည်း ဆန့်ကျင်ဘက်များနှင့် တွေ့ပါက တစ်မျိုးတစ်မည် ဖောက်ပြန်မည်သာဖြစ်၍ (ရုပ္ပန) ဖောက်ပြန်ခြင်းသဘောကို မကျော်လွန်နိုင်ပေ၊ ထို့ကြောင့် ဗြဟ္မာတို့၏ရုပ်ကိုလည်း ရူပ-ရုပ်ဟု ခေါ်ဆို ရသည်။ တစ်နည်းအားဖြင့်မူ (အနုဂ္ဂါဟကပစ္စယ) ချီးမြှောက်ထောက်ပံ့တတ်သော အကြောင်းတို့၏အစွမ်းဖြင့် တစ်မျိုးတစ်မည်ကောင်းလျက် ဖောက်ပြန်ခြင်းရှိသောကြောင့် ရုပ်ဟုခေါ်ဆိုရကြောင်း ဋီကာ၌ပြဆို၏၊ ထိုသို့ ကောင်းလျက်ဖောက်ပြန်ရာတွင် ပီတိသုခကြောင့် ရွှင်ပျလျက် ဖောက်ပြန်သောရုပ်များ၊ ရယ်ရွှင်သောရုပ်များ၊ လက်ခုပ်တီးသောရုပ်များ၊ ကွေးလို,ဆန့်လို လှုပ်ရှားလိုသောစိတ်ကြောင့် ကွေးဆန့်လှုပ်ရှားသောရုပ်များလည်း ပါဝင်ကြသည်ဟုဆိုအပ်၏]*

ဥပါဒါရုပ် (၂၄)ပါး= ပသာဒရုပ်-၅-ပါး + အာရုံရုပ် ၄-ပါး (ဖောဋ္ဌဗ္ဗကြဉ်)+ ဘာဝရုပ် ၂-ပါး+ ဇီဝိတ + ဟဒယ + ဝိညတ်-၂ + အာကာသ + ဝိကာရ-၃ + လက္ခဏ-၄။

၄၃၃။ ထိုဥပါဒါရုပ် ၂၄-ပါးတို့တွင်- စက္ခုပသာဒသည်-

| | | |
|---|---|---|
| (က) | ရူပါဘိဃာတာ ရဟဘူတပ္ပသာဒလက္ခဏံ | = အဆင်း ထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်း- |
| | ဒဋ္ဌုကာမတာနိဒါန ကမ္မ သမုဋ္ဌာန ဘူတပ္ပသာဒ လက္ခဏံဝါ | = (တစ်နည်း) မြင်လိုသည့် တဏှာအကြောင်းကံကြောင့်ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်း, |
| (ခ) | ရူပေသုအာဝိဉ္ဆနရသံ | = အဆင်းအာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ)ရှိ၏၊ |
| (ဂ) | စက္ခုဝိညာဏဿ အာဓာရ ဘာ ဝပစ္စုပဋ္ဌာနံ | = စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်၏တည်ရာအဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်သော အခြင်းအရာ--- |

(ဃ) ဒဋ္ဌုကာမတာ နိဒါန = မြင်လိုသည့် တဏှာလျှင်အကြောင်းရှိသောကံကြောင့်
ကမ္မဇဘူတ ပဒဋ္ဌာနံ ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်း

**သောတပသာဒရုပ်သည်-**

(က) သဒ္ဒါဘိ ဃာတာရဟ = အသံထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်း,
ဘူတပ္ပသာဒလက္ခဏံ
-သောတုကာမတာနိဒါန ကမ္မ = (တစ်နည်း) ကြားလိုသည့် တဏှာလျှင် ----ဘူတရုပ်
သမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏံဝါ တို့၏ကြည်ခြင်း
(ခ) သဒ္ဒေသု အာဝိဥ္ဆနရသံ = အသံအာရုံများဆီသို့ဆွဲပို့ခြင်းကိစ္စရှိ၏။
(ဂ) သောတဝိညာဏဿ = သောတဝိညာဏ်ခေါ် ကြားသိစိတ်၏ တည်ရာ
အာဓာရဘာဝပစ္စုပဋ္ဌာနံ အဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။
(ဃ) သောတုကာမတာနိဒါန = ကြားလိုသည့်တဏှာလျှင် ------ ဘူတရုပ်တို့လျှင်
ကမ္မဇဘူတပဒဋ္ဌာနံ နီးသောအကြောင်းရှိ၏။

**ဃာနပသာဒရုပ်သည်-**

(က) ဂန္ဓာဘိ ဃာတာရဟ = အနံ့ထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်း,
ဘူတပ္ပသာဒ လက္ခဏံ၊
-ဃာယိတုကာမတာနိဒါန ကမ္မ = (တစ်နည်း) နံလိုသည့်တဏှာလျှင်----ဘူတရုပ်တို့၏
သမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏံဝါ ကြည်ခြင်း,
(ခ) ဂန္ဓေသု အာဝိဥ္ဆနရသံ = အနံ့အာရုံများဆီသို့ ဆွဲပို့ခြင်း ကိစ္စရှိ၏။
(ဂ) ဃာနဝိညာဏဿ = ဃာနဝိညာဏ်ခေါ် နံသိစိတ်၏ တည်ရာအဖြစ်ဖြင့်
အာဓာရဘာဝပစ္စုပဋ္ဌာနံ ရှေးရှုထင်သော အခြင်းအရာရှိ၏။
(ဃ) ဃာယိတုကာမတာနိဒါန = နံလိုသည့်တဏှာလျှင် ------ဘူတရုပ်တို့လျှင်
ကမ္မဇ ဘူတပဒဋ္ဌာနံ နီးသောအကြောင်းရှိ၏။

**ဇိဝှာပသာဒရုပ်သည်-**

(က) ရသာဘိဃာတာရဟ = အရသာထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်း
ဘူတပ္ပသာဒ လက္ခဏာ
-သာယိတုကာမတာနိဒါန ကမ္မ = (တစ်နည်း) = အရသာခံစားလိုသည့်တဏှာလျှင်
သမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏာဝါ ----- ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိ၏။
(ခ) ရသေသု အာဝိဥ္ဆနရသာ = အရသာအာရုံများဆီသို့ ဆွဲပို့ခြင်း ကိစ္စရှိ၏။
(ဂ) ဇိဝှာဝိညာဏဿ = ဇိဝှာဝိညာဏ်ခေါ် အရသာသိစိတ်၏တည်ရာ
အာဓာရဘာဝပစ္စုပဋ္ဌာနာ အဖြစ်ဖြင့် ရှေးရှုထင်သောအခြင်းအရာရှိ၏။
(ဃ) သာယိတုကာမတာနိဒါန = အရသာခံစားလိုသည့် တဏှာလျှင်----ဘူတရုပ်
ကမ္မဇ ဘူတပဒဋ္ဌာနာ တို့လျှင် နီးသောအကြောင်းရှိ၏။

ကာယပသာဒရုပ်သည်-

(က) ဖောဋ္ဌဗ္ဗာဘိ ဃာတာရဟ ဘူတပ္ပသာဒ လက္ခဏော = တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

-ဖုသိတုကာမတာနိဒါန ကမ္မ သမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏောဝါ = (တစ်နည်း) တွေ့ထိလိုသည့် တဏှာလျှင် ------ ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

(ခ) ဖောဋ္ဌဗ္ဗေသု အာဝိဉ္ဆနရသော = တွေ့ထိစရာအာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စရှိ၏။

(ဂ) ကာယဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနော = ကာယဝိညာဏ်ခေါ် ထိသိစိတ်၏ တည်ရာအဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။

(ဃ) ဖုသိတုကာမတာနိဒါန ကမ္မဇ ဘူတပ္ပဒဋ္ဌာနော = တွေ့ထိလိုသည့်တဏှာလျှင် ----- ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

၄၃၄။ မေး- မည်သည့်ပသာဒတို့၌ မည်သည့်ဓာတ်လွန်ကဲ၍ ဘူတရုပ်တို့ကြည်ခြင်းဖြစ်ပါသနည်း။

| ကေစိဝါဒ | အပရေဝါဒ |
|---|---|
| (က) မျက်စိအကြည်ရုပ်သည် တေဇောဓာတ်လွန်ကဲသော ဘူတရုပ်တို့၏ ကြည်ခြင်းသဘော | (က) အပရေလည်းတူ |
| (ခ) နား၊ နှာခေါင်း၊ လျှာ အကြည်ရုပ်သည် ဝါ, ပ, အာပေါ လွန်ကဲသော ဘူတရုပ်တို့၏ ကြည်ခြင်းသဘော | (ခ),(ဂ) နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အကြည်ရုပ်တို့သည် အာကာသ ဝါ, အာပေါ, ပ, လွန်ကဲသော ဘူတရုပ်တို့၏ ကြည်ခြင်းသဘော |
| (ဂ) ကိုယ်အကြည်ရုပ်သည် ညီမျှသော ဘူတရုပ်အားလုံးတို့၏ ကြည်ခြင်းသဘော | |

**ကေစိနှင့်အပရေဝါဒတို့တွင်သင့်လျော်သောသာဓကမရှိ၍သဘာဝမကျကြောင်း**

(က)၌ ကေစိ၊ အပရေတို့သည် တေဇောစသည်တို့၏ဂုဏ်ဖြစ်သောအလင်းရောင်+ အဆင်းတို့သည်မြင်ရာကိစ္စ၌ ထောက်ပံ့ကျေးဇူးပြုတတ်သောကြောင့် မျက်စိအကြည်ရုပ်သည် တေဇောလွန်ကဲသောဘူတရုပ်တို့၏ ကြည်ခြင်းသဘောဖြစ်၏ဟုဆိုကြ၏။

ထိုစကား၌ "အလင်းရောင်+ အဆင်းစသည်တို့ကို တေဇောစသည်တို့၏ ဂုဏ်များဟု ဘယ်သူဆိုနိုင်ပါသနည်း"ဟု မေးကြည့်ရမည်။

အမှန်မှာ- ဘူတရုပ်တို့သည် အသီးအခြားမခွဲခြားနိုင်လောက်အောင် တစ်ပေါင်းတည်းဖြစ်နေကြသဖြင့် ဤကားပထဝီဓာတ်၏ဂုဏ်၊ ဤကားတေဇောဓာတ်၏ဂုဏ်ဟု ခွဲခြားဆိုရန်

မရနိုင်၊ မဖြစ်နိုင်ပါလေ။ (ခွဲခြားဆိုမရသည်ကိုဆိုခြင်းကြောင့် ကေစိ/အပရေတို့ ဝါဒ သဘာဝ မကျပေ၊)

သို့သော် ခွဲခြားဆို၍ရပါသည်ဟု အောက်ပါအတိုင်း **အထွန့်တက်လျှင်တက်လာနိုင်သေး၏၊**"ထိုထိုအဆောက်အအုံ ရုပ်အစဉ်တို့၌ ထိုထိုပထဝီစသော ဘူတရုပ်၏ လွန်ကဲခြင်းကြောင့် ပထဝီစသည်တို့၏ အတူဖြစ်ဖက်ရုပ်တို့ကို ကောင်းစွာဆောင်ထားခြင်း ကိစ္စတို့ကို သင်အဋ္ဌကထာဆရာတို့ အလိုရှိကြ၊လက်ခံကြကုန်သကဲ့သို့-တေဇောစသည်လွန်ကဲကုန်သော အဆောက်အအုံရုပ်အစဉ်တို့၌ အဆင်းစသည်တို့၏လွန်ကဲသည်၏အဖြစ်ကို မြင်တွေ့ရခြင်းကြောင့် အလင်းရောင်+ အဆင်းစသည်တို့သည် တေဇောစသည်တို့၏ ဂုဏ်များပင်ဖြစ်သည်ဟု သင်အဋ္ဌကထာဆရာတို့အလိုရှိသင့်လက်ခံသင့်ပါသည်ဟု အထွန့်တက်လာခဲ့လျှင်-

ဤကဲ့သို့ ဥပမာ+ဥပမေယျတို့ဖြင့် ချေပပြောဆိုနိုင်ပါ၏။

(ချေပချက်) ကေစိဆရာက (ခ)၌၊ နှာခေါင်း၌၊ ပထဝီလွန်ကဲမှု အားကြီးသည်ဟုဆိုထားရာ **အရက်ဆွတ်ထားသောဝါဂွမ်း၌ အာပေါလွန်ကဲသောအရက်နံ့က ပထဝီလွန်ကဲသော မူလဝါဂွမ်းအနံ့ထက်သာလွန်နေသဖြင့် နှာခေါင်း(ဃာနပသာဒ)၌ ပထဝီလွန်ကဲသည်မှာ- မှားယွင်းနေပါ၏။**

(က)၌လည်း စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)၌ တေဇောဓာတ်အားကြီးလွန်ကဲ၏ဟုဆိုရာ- **တေဇောလွန်ကဲသော ရေနွေးခွက်၌ အဆင်းထင်ရှားမှု မှုန်ဝါးအားနည်းပြီး ရေအေးခွက်၌ အဆင်းထင်ရှားမှုက ပို၍အားကောင်းနေသောကြောင့် စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)၌ တေဇောဓာတ် လွန်ကဲအားကြီးသောကြောင့်ဆိုသည်မှာလည်း မှားယွင်းနေပြန်၏။** ထို့ကြောင့် မှီရာဘူတရုပ်၏လွန်ကဲအားကြီးသော ထူးခြားဟန်ကြံစည်ခြင်းကို ကေစိ/အပရေတို့ ပယ်စွန့်သင့်ကြပါကုန်၏။

အမှန်မှာ- ရုပ်ကလာပ်တစ်ခု၌ ဘူတရုပ်တို့၏လွန်ကဲထူးခြားမှုမရှိပါ၊ မရှိသော်လည်း အဆင်း၊ အရသာစသည်တို့သည် အချင်းချင်းမတူကြသကဲ့သို့ ပသာဒ(အကြည်ရုပ်)စသည်တို့သည် တစ်ပါးသော အကြောင်းထူးမရှိငြားသော်လည်း အချင်းချင်းမတူကြပါ။ ဤအနက်အဓိပ္ပါယ်ကိုသာ ကေစိ/အပရေတို့ လက်ခံသင့် ယူသင့်ပါ၏။

*[(မှတ်ချက်)- ဋီကာကျော် ပသာဒရုပ်ခန်း၌ ကာယပသာဒသည် တစ်ကိုယ်လုံး၌တည်သောကြောင့် စက္ခုစသောပသာဒတို့နှင့်ရောယှက်ခြင်းရှိ/မရှိ အမေးတွင်--ရူပါရုံ၊ ရသာရုံစသည်တို့သည် တူသောမှီရာရှိကြကုန်သော်လည်း **ပသာဒရုပ်ချင်း ပြားသောမှီရာ၊ ပြားသောလက္ခဏာရှိသောကြောင့်** မရောယှက်ကြပါဟုဆို၏။]*

**မေး**- အချင်းချင်းနှင့်မဆက်ဆံသောအကြောင်း(ထူးသောအကြောင်း)ကား- အဘယ်ပါနည်း။ အမေး၌-

**ဖြေ**- ပသာဒရုပ်တို့၏ ထူးသည်ကိုပြုတတ်သောအကြောင်းမှာ- **ကံသာလျှင်ဖြစ်ပါ၏။**

ကံ၏ထူးခြားခြင်းကြောင့် ပသာဒရုပ်တို့၏ ထူးခြားခြင်းဖြစ်ရပါ၏။ ဘူတရုပ်တို့၏ လွန်ကဲ ထူးခြားခြင်းကြောင့်မဟုတ်ဟု သိအပ်ပါ၏။ ဘူတရုပ်တို့၏ လွန်ကဲထူးခြားခြင်း ကြောင့် ဟုသာဆိုလျှင် ကြည်လင်ခြင်းသည်ပင် မဖြစ်နိုင်ပါပေ။

အမှန်မှာ- ပသာဒရုပ်တို့သည် ညီမျှသောဘူတရုပ်တို့၏ ကြည်လင်ခြင်းကြောင့် ကြည်လင်ခြင်းဖြစ်ပါ၏။ မညီမျှသောဘူတရုပ်တို့၏ကြည်လင်ခြင်းကြောင့် ကြည်လင်သည် မဟုတ်ပါဟု ရှေးဆရာတို့ဆိုကြပါ၏။

## အသမ္ပတ္တပသာဒနှင့် သမ္ပတ္တပသာဒရုပ်အခွဲ

| | |
|---|---|
| အသမ္ပတ္တ= စက္ခု+သောတ | သမ္ပတ္တ= ဃာ, ဇိ, ကာ |

၄၃၅။ ကံ၏ထူးခြားခြင်းကြောင့် ထူးခြားခြင်းရှိကုန်သော ငါးပါးသောပသာဒရုပ်တို့တွင် မျက်စိနှင့်နားတို့သည် (မိမိထံသို့) မရောက်လာသော (အသမ္ပတ္တ) အာရုံကို ယူတတ်ကုန်၏၊ အဘယ့်ကြောင့်ဆိုသော် မိမိ၏မှီရာဘူတရုပ်ကိုမကပ်ငြိသည့် မှီရာရှိသောအဆင်း, အသံအာရုံ၌ အသိဉာဏ်ဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကြသောကြောင့်ပေတည်း။

နှာခေါင်း၊ လျှာ၊ ကိုယ်အကြည်ရုပ်တို့သည် (မိမိထံသို့) ရောက်လာသော (သမ္ပတ္တ) အာရုံကိုယူတတ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် မှီရာဘူတရုပ်၏ အစွမ်းအားဖြင့်လည်း ကောင်း၊ (တွေ့ထိစရာဖောဋ္ဌဗ္ဗရုပ်)ကိုယ်တိုင်လည်းကောင်း၊ နှာ၊ လျှာ၊ ကိုယ်အထည်ဟူသော မိမိ၏မှီရာဘူတရုပ်ကိုကပ်ငြိသည်သာလျှင်ဖြစ်သော (အနံ့၊ အရသာ၊ တွေ့ထိစရာ)အာရုံ၌ အသိဉာဏ် ဝိညာဏ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်တည်း။

## ပသာဒ(အကြည်ဓာတ်)ရုပ်ငါးမျိုးတို့၏အဓိပ္ပါယ်

၄၃၆။ မျက်စိအကြည်ပသာဒရုပ်သည် မျက်တောင်မွေးညိုတို့ဖြင့် ခြံရံလျက် မျက်နက်ဝန်း၊ မျက်ဖြူဝန်းတို့ဖြင့် ဆန်းကြယ်သော ကြာညိုပွင့်ချပ်နှင့်တူသော အသားစိုင်ကို မျက်စိဟု လောက၌ခေါ်ဆိုကြ၏။ တကယ့်စက္ခုအစစ်မှာ-

သသမ္ဘာရစက္ခုမည်သော[၁] ထိုမျက်စိအသားစိုင်အတွင်း မျက်နက်ဝန်း၏အလယ်၌ (ရှေ့တည့်တည့်အရပ်မှာတည်သူတို့၏အရိပ်ထင်ပေါ်ရာအရပ်၌) (ပမာဏအားဖြင့် သေးငယ်သိမ်မွေ့လှသော သန်းဦးခေါင်းမျှရှိသောစက္ခုပသာဒအကြည်ဓာတ်ရုပ်လေးမှ) ဂွမ်းလွှာခုနစ်ခုထဲသို့ သွန်းထည့်လိုက်သည့်ဆီသည် (ယင်းဂွမ်းလွှာတို့ကို ပြန့်လျက်တည်သကဲ့သို့ရင်း) မျက်လွှာခုနစ်ခုတို့ကိုပျံ့နှံ့လျက်- ချိုးပိုးခြင်း၊ ရေချိုးပေးခြင်း၊ တန်ဆာဆင်ပေးခြင်း၊ ယပ်လေခပ်ပေးခြင်းအစရှိသော အထိန်းတော်လေးယောက်တို့ကပြုစုစောင့်ရှောက်ရသော မင်းသားကဲ့သို့ရင်း၊ ခံလျက်ဆောင်ထားခြင်း(ပထဝီ)၊ စိုစွတ်စေလျက်ဖွဲ့ခြင်း(အာပေါ)၊ ရင့်ကျက်စေခြင်း(တေဇော)၊ လှုပ်ရှားခြင်း(ဝါယော)ကိစ္စရှိကုန်သော ဓာတ်လေးပါးတို့က

---

*၁။ သသမ္ဘာရစက္ခုဟူသည် မျက်စိအကြည်ဓာတ် (ပသာဒ)ကို ထိန်းထားပေးသော မျက်မှောင်ရိုးဖြင့် ပိုင်းခြားထားသော အသားစိုင်မျက်လုံးဝန်း (ရုပ်အဆောက်အဦ အပေါင်းအစု) ကိုခေါ်ပါသည်။*

ကျေးဇူးပြုခြင်းကိုလည်းရ၊ ဥတု, စိတ်, အာဟာရတို့က ထောက်ပံ့ပေးမှုလည်းရ၊ ဇီဝိတိန္ဒြေရုပ်ကလည်းစောင့်ရှောက်ပေးသဖြင့် (အတူဖြစ်ကြသည့်) ဝဏ္ဏ= အဆင်း၊ ဂန္ဓ= အနံ့၊ ရသ= အရသာအစရှိသောရုပ်တို့က ခြံရံအပ်သည်ဖြစ်၍ (စက္ခုဝိညာဏ်စသည်တို့၏) ထိုက်သည့်အားလျော်စွာ ဝတ္ထုအဖြစ်၊ ဒွါရအဖြစ်ကိုပြီးစေလျက်တည်၏။]

**နားအကြည်ပသာဒရုပ်သည်**- (အဆောက်အအုံတို့နှင့်တကွဖြစ်၍) သသမ္ဘာရသောတမည်သော နားအပေါက်အတွင်းမှာ- နီသောအမွေးတို့ စီရစီပေါက်ရာဖြစ်သော **လက်စွပ်ကွင်းသဏ္ဌာန်ရှိသည့်အရပ်၌** [အထိန်းတော်လေးယောက်သဖွယ် ဓာတ်လေးပါးတို့က ကျေးဇူးပြုခြင်းကိစ္စကိုရသည်ဖြစ်၍ ဥတု၊ စိတ်၊ အာဟာရတို့က ထောက်ပံ့ပေးမှုလည်းရ၊ အသက်ရုပ်ကစောင့်ရှောက်ပေးမှုလည်းရသဖြင့် ဝဏ္ဏစသည်တို့ကခြံရံအပ်သည်ဖြစ်၍ **(သောတဝိညာဏ်စသည်တို့၏)** ထိုက်သည့်အားလျော်စွာဝတ္ထုအဖြစ်၊ ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။]

**နှာခေါင်းအကြည်ပသာဒရုပ်သည်**- သသမ္ဘာရဃာနမည်သော နှာခေါင်းပေါက်၏ **အတွင်းမှဆိတ်ခွာသဏ္ဌာန်ရှိသောအရပ်၌**- [----**ဃာနဝိညာဏ်စသည်တို့၏**----]။

**လျှာအကြည်ပသာဒရုပ်သည်**- သသမ္ဘာရဇိဝှာမည်သော လျှာအလယ်၏ အထက်အပေါ်ယံမှာ- **ကြာပွင့်ချပ်၏အဖျားပိုင်းသဏ္ဌာန်ရှိသောအရပ်၌**- [-----**ဇိဝှာဝိညာဏ် စသည်တို့၏**-----]။

ထိုမှတစ်ပါး ဤကိုယ်ထဲမှာ- ဥပါဒိန္နရုပ်မည်သော ကမ္မဇရုပ်ရှိရာအလုံးစုံသောအရပ်တို့၌ကိုယ်အကြည်- ကာယပသာဒရုပ်သည် ဝါဂွမ်းလွှာ၌ ဆီပြန့်သကဲ့သို့ ပျံ့နှံ့လျက် [-----**ကာယဝိညာဏ်စသည်တို့၏**------]။

**ဥပမာအားဖြင့်** (က) မြွေ၊ (ခ) မိချောင်း၊ (ဂ) ငှက်၊ (ဃ) ခွေး၊ (င) မြေခွေးတို့သည် (က) တောင်ပို့ခေါင်း၊ (ခ) ရေနက်ရာ၊ (ဂ) ကောင်းကင် (ဃ) ရွာ၊ (င) သုသာန်များကို မမြုပ်ဘဲစွန့်ပစ်ထားရာ-သုသာန်ဟုဆိုအပ်သော မိမိတို့၏ကျက်စားရာသို့ညွတ်ကုန်သည်သာလျှင်ဖြစ်ကြသကဲ့သို့ ဤမျက်စိအကြည်စသည်တို့သည် အဆင်းရူပါရုံအစရှိသော မိမိတို့၏ကျက်စားရာသို့- ညွတ်ကုန်သည်သာဟု-မှတ်ရမည်။

| | | |
|---|---|---|
| စက္ခုက- | မြွေ၊ | → တောင်ပို့တောင်ခေါင်းရှုပ်ပွေရာမှာပျော်၊ |
| သောတက- | မိချောင်း | → ရေနက်ရာမှာပျော် |
| ဃာနက- | ငှက် | → ကောင်းကင်မှာပျော် |
| ဇိဝှာက- | ခွေး | → ရွာထဲက အကြွင်းအကျန်မှန်သမျှလိုက်စား |
| ကာယက- | မြေခွေး၊ တောခွေး | → သုဿာန် လူသေကောင်ဖော်စား |

၄၃၇။ **အဆင်းရူပါရုံသည်**-

(က) စက္ခုပဋိဟနနလက္ခဏ် = မျက်စိအကြည်၌ ထိခိုက်ထင်ပေါ်ခြင်းလက္ခဏာရှိ၏။

(ခ) စက္ခုဝိညာဏဿ ဝိသယဘာဝရသံ = မြင်သိမှု- စက္ခုဝိညာဏ်၏ အာရုံဖြစ်ခြင်း၊ (အာရုံပြုခံခြင်း) ကိစ္စရှိ၏။
(ဂ) တဿေဝဂေါစရပစ္စုပဋ္ဌာနံ = ထိုစက္ခုဝိညာဏ်၏ပင်လျှင် ကျက်စားရာ အနေဖြင့် ထင်သောအခြင်းအရာရှိ၏။
(ဃ) စတုမဟာဘူတပဒဋ္ဌာနံ = မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း-

ဤအဆင်းရုပ်ကဲ့သို့ ကြွင်းသော ဥပါဒါရုပ်အားလုံးတို့သည်လည်း ထို့အတူပင် မှီရာမဟာဘုတ်လေးပါးလျှင်နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိကုန်၏၊ အထူးရှိမှုပြပါတော့မည်။

*(ထိုအဆင်းရူပါရုံသည် အညို၊ အရွှေစသည်တို့၏အစွမ်းအားဖြင့် များသောအပြားရှိ၏။)*

အသံ သဒ္ဒါရုံ သည်-
(က) သောတပဋိဟနနလက္ခဏော= နားအကြည်၌ ထိခိုက်ထင်ပေါ် ခြင်းလက္ခဏာရှိ၏။
(ခ) သောတဝိညာဏဿ ဝိသယဘာဝရသော = ကြားသိမှု- သောတဝိညာဏ်၏အာရုံဖြစ်ခြင်း၊ (အာရုံပြုခံခြင်း) ကိစ္စရှိ၏။
(ဂ) တဿေဝဂေါစရ ပစ္စုပဋ္ဌာနော = ထိုသောတဝိညာဏ်၏ပင်လျှင်ကျက်စားရာ အနေဖြင့် ရှေးရှုထင်သောအခြင်းအရာရှိ၏။
(ဃ) စတုမဟာဘူတပဒဋ္ဌာနော = မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း-

*(စည်ကြီးသံ၊ မရိုးစည်သံဤသို့အစရှိသောနည်းဖြင့်များသောအပြားရှိ၏။)*

အနံ့ ဂန္ဓာရုံ သည်-
(က) ဃာနပဋိဟနနလက္ခဏော = နှာခေါင်းအကြည်၌ ထိခိုက်ထင်ပေါ် ခြင်းလက္ခဏာ
(ခ) ဃာနဝိညာဏဿ ဝိသယဘာဝရသော = နံသိမှု- ဃာနဝိညာဏ်၏အာရုံဖြစ်ခြင်း၊ (အာရုံပြုခံခြင်း)ကိစ္စရှိ၏။
(ဂ) တဿေဝဂေါစရ ပစ္စုပဋ္ဌာနော = ထိုဃာနဝိညာဏ်၏ပင်လျှင်ကျက်စားရာအနေဖြင့် ရှေးရှုထင်သောအခြင်းအရာရှိ၏။

*(အမြစ်နံ့၊ အနှစ်နံ့ ဤသို့အစရှိသောနည်းဖြင့် များသောအပြားရှိ၏။)*

အရသာဟူသော ရသာရုံ သည်-
(က) ဇိဝှာပဋိဟနနလက္ခဏော = လျှာအကြည်၌ ထိခိုက်ထင်ပေါ် ခြင်းလက္ခဏာရှိ၏။
(ခ) ဇိဝှာဝိညာဏဿ ဝိသယဘာဝရသော = အရသာသိမှု- ဇိဝှာဝိညာဏ်၏ အာရုံဖြစ်ခြင်း၊ (အာရုံပြုခံခြင်း) ကိစ္စရှိ၏။
(ဂ) တဿေဝ ဂေါစရ ပစ္စုပဋ္ဌာနော = ထိုဇိဝှာဝိညာဏ်၏ပင်လျှင် ကျက်စားရာအနေဖြင့် ရှေးရှုထင်သောအခြင်းအရာရှိ၏။

(ဃ) စတုမဟာဘူတပဒဋ္ဌာနော = မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း
*(အမြစ်အရသာ၊ ပင်စည်အရသာ ဤသို့ အစရှိသောနည်းဖြင့် များသောအပြားရှိ၏။)*

၄၃၈။ **ကတ္တိန္ဒြေသည်-**

(က) ဣတ္ထိဘာဝလက္ခဏံ = မိန်းမဖြစ်ကြောင်း လက္ခဏာရှိ၏။
(ခ) ဣတ္ထိတိပကာသနရသံ = မိန်းမဟုပြခြင်းကိစ္စရှိ၏။
(ဂ) ဣတ္ထိလိင်္ဂ,နိမိတ္တ,ကုတ္တာကပ္ပါနံ ကာရဏဘာဝ ပစ္စုပဋ္ဌာနံ = ဣတ္ထိလိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့၏အကြောင်း အဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။
(ဃ) စတုမဟာဘူတပဒဋ္ဌာနံ = မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း

**ပုရိသိန္ဒြေသည်-**

(က) ပုရိသဘာဝလက္ခဏံ = ယောကျ်ားဖြစ်ကြောင်းလက္ခဏာရှိ၏။
(ခ) ပုရိသောတိပကာသနရသံ = ယောကျ်ားဟုပြခြင်းကိစ္စရှိ၏။
(ဂ) ပုရိသလိင်္ဂ နိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝပစ္စုပဋ္ဌာနံ = ပုရိသလိင်္ဂ, နိမိတ္တ,ကုတ္တ၊ အာကပ္ပတို့၏ အကြောင်း အဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။
(ဃ) စတုမဟာဘူတပဒဋ္ဌာနော = မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း-

ထိုဣတ္ထိန္ဒြေရုပ်၊ ပုရိသိန္ဒြေရုပ်နှစ်ပါးလုံးပင် ကိုယ်အကြည်ကာယပသာဒရုပ်ကဲ့သို့ တစ်ကိုယ်လုံးကိုပျံ့နှံ့၍တည်၏။ သို့သော်လည်း ကာယပသာဒတည်ရာအရပ်၌ တည်သည်ဟူ၍လည်းကောင်း၊ ကယာပသာဒ မတည်ရာအရပ်၌ တည်သည်ဟူ၍လည်းကောင်း မဆိုအပ် မဆိုသင့်ပေ။ အဆင်းရုပ်နှင့်အရသာရုပ်စသည်တို့ကဲ့သို့ အချင်းချင်း ရောရှက်ခြင်းမရှိပေ။

**ဋီကာနည်း-လိင်္ဂစသည်-**

မိန်းမဟူ၍သိစေတတ်သောကြောင့် မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင်္ဂမည်၏။ မိန်းမဟူ၍သိခြင်း၏အကြောင်းဖြစ်သောကြောင့် မိန်းမတို့၏အသံ, အလိုဆန္ဒတို့သည် ဣတ္ထိနိမိတ္တမည်၏။ မိန်းမတို့၏ မသန့်ရှင်းသော ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း အစရှိသော ကြိယာသည် ဣတ္ထိကုတ္တမည်၏။ မိန်းမတို့၏လက်ခြေစသောသဏ္ဌာန်သည် ဣတ္ထိအာကပ္ပ မည်၏။ (ပုရိသအပြန်အားဖြင့်နည်းတူသိ။)

**အဋ္ဌကထာနည်း-လိင်္ဂစသည်-**

လုံးသောပခုံးရှိခြင်း၊ မသန့်ရှင်းမခန့်ညားသောလက်ခြေစသည်ရှိခြင်းသည် ဣတ္ထိ-လိင်္ဂမိန်းမ၏သဏ္ဌာန်မည်၏။

သားမြတ်၏မသန့်ရှင်းခြင်း၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးမရှိခြင်း၊ ဆံပင်ထုံးဖွဲ့ပုံ၊ ထဘီဝတ်ပုံတို့သည် မိန်းမဟုမှတ်သိရခြင်း၏အကြောင်းဖြစ်သောကြောင့် ဣတ္ထိနိမိတ္တ မိန်းမဟု သိကြောင်းနိမိတ်မည်၏။

ငယ်စဉ်ကာလ၌လည်း ဗန်းအတု၊ ကျည်ပွေ့အတုစသည်တို့ဖြင့်ကစားခြင်းသည်၎င်း၊ မြေညက်ယောက်လုံးဖြင့်ချည်ငင်ကစားခြင်းစသည်၎င်း၊ ဣတ္ထိကုတ္တ= မိန်းမ၏အပြုအမူမည်၏။

မသန့်ရှင်း၊ မခန့်ညားသောရပ်ပုံ၊ သွားပုံအစရှိသောအခြင်းအရာသည် ဣတ္ထိအာကပ္ပ= မိန်းမ၏အခြင်းအရာမည်၏။

**တစ်ကိုယ်လုံးနှံ့တည်သောရုပ်များ-**

ဘော + ပသာဒ၊ လောဟိတ၊ ဇီဝ + သည်းခြေ + သုတ်၊

ကိုယ်လုံးနှံ့ဖြာ၊ တည်လေရာ၊ ကျမ်းလာ မှန်သမုတ်။

၄၃၉။ **ဇီဝိတိန္ဒြေသည်-**

| | | | |
|---|---|---|---|
| (က) | သဟဇရူပါနုပါလနလက္ခဏံ | = | အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကိုစောင့်ရှောက်ခြင်း |
| (ခ) | တေသံ ပဝတ္တနရသံ | = | (အတူဖြစ်ဖက် ကမ္မဇရုပ်)တို့ကို ဖြစ်မြဲဖြစ်သွားစေခြင်း၊ မျှစေခြင်းကိစ္စရှိ၏။ |
| (ဂ) | တေသံယေဝ ဌပန ပစ္စုပဋ္ဌာနံ | = | ယင်းအတူဖြစ်ဖက် ကမ္မဇရုပ်တို့ပင်လျှင် တည်မြဲတည်စေသည့် အနေအားဖြင့် ရှေးရှုထင်သော--- |
| (ဃ) | ယာပယိတဗ္ဗဘူတ ပဒဋ္ဌာနံ | = | သွားစေအပ်၊ မျှစေအပ်သောဘူတရုပ်တို့လျှင်--- |

ဆက်၍ရှင်းပြဦးမည်- စောင့်ရှောက်ခြင်းအစရှိသော အစီအရင်ရှိငြားသော်လည်း စောင့်ရှောက်ခံရုပ်တို့၏ ရှိဆဲခဏ၌သာလျှင် ယင်းဇီဝိတရုပ်က အတူဖြစ်ဖက်ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်၏။ ဥပမာ-ရေသည်- ကြာစသည်တို့ကို စောင့်ရှောက်သကဲ့သို့ပင် ဖြစ်၏။

ဆိုင်ရာ ဆိုင်ရာ အကြောင်းကံ၏အကျိုးဖြစ်ကုန်ငြားသော်လည်း ယင်းအကျိုးရုပ်တရားတို့ကို ဇီဝိတရုပ်က စောင့်ရှောက်၏။ ဥပမာ-အထိန်းတော်သည် သူတစ်ပါး၏သား ဖြစ်သော သူငယ်ကို စောင့်ရှောက်သကဲ့သို့ပင်ဖြစ်၏၊ *ကံသည် အမေရင်း မယ်တော်မာယာနှင့်တူပြီး၊* ***ဇီဝိတိန္ဒြေသည် အထိန်းတော် မိထွေးတော်ဂေါတမီနှင့်တူ၏။***

*(မှတ်ချက်) ကမ္မဇရုပ်သည် သူနှင့်သက်ဆိုင်သည့်ခဏမျှသာတည်ခြင်းရှိ၏၊ သို့သော်လည်းယင်းကမ္မဇရုပ်၏ (ပဝတ္တိဟေတုဘာဝေန) ဖြစ်မြဲမပြတ်ဖြစ်သွားခြင်း၏ အကြောင်းအဖြစ်ဖြင့် ထိုဇီဝိတိန္ဒြေရုပ်က အတူဖြစ်ဖက်ကမ္မဇရုပ်တို့ကိုစောင့်ရှောက်တတ်၏။ ထို့ကြောင့် အတူဖြစ်ဘက်ကမ္မဇရုပ်တို့ကိုစောင့်ရှောက်ခြင်းလက္ခဏာရှိ၏ဟုဆိုပေသည်၊ မှန်ပါ၏၊ အာဟာရစသည်သည် အာဟာရဇရုပ်စသည်တို့၏တည်ရန်အကြောင်းဖြစ်သကဲ့သို့ ကံသည်သာလျှင် ကမ္မဇရုပ်တို့၏တည်ရန်အကြောင်းမဖြစ်ထိုက်ပေ။ အဘယ့်ကြောင့်နည်း၊ ကံသည် ထိုခဏ၌ မရှိတော့ခြင်းကြောင့်ပေတည်း။ (ဋီကာ)*

မိမိက ဖြစ်မြဲဖြစ်သွားစေအပ်၊ မျှစေအပ်သောရုပ်တရားတို့နှင့် စပ်သဖြင့်သာလျှင် မိမိလည်း ဖြစ်မြဲဖြစ်သွားစေ၏၊ မျှစေ၏။ ဥပမာ- လှေသူကြီးသည် မိမိလှော်ခပ်သော လှေနှင့်အတူ သွားသကဲ့သို့ပင်ဖြစ်၏။

ဘင်ခဏမှနောက်၌ကား ဖြစ်မသွားတော့၊ မမျှတော့၊ အဘယ့်ကြောင့်ဆိုသော်- မိမိရော-ဖြစ်သွားစေအပ်၊ မျှစေအပ်သည့် ရုပ်တို့ရော မရှိတော့ခြင်းကြောင့်ပင်ဖြစ်၏။

ဘင်ခဏ၌ (အတူဖြစ်ဘက်ရုပ်တို့ကို) မတည်စေနိုင်၊ အဘယ့်ကြောင့်ဆိုသော်- မိမိကိုယ်တိုင်ပျက်ဆဲဖြစ်ခြင်းကြောင့်ပင်ဖြစ်၏။

ဥပမာအားဖြင့်-ကုန်ဆဲဖြစ်သော မီးစာနှင့်ဆီသည် မီးလျှံကိုမတည်စေနိုင်သကဲ့သို့ပင်၊ သို့သော် စောင့်ရှောက်ခြင်းဖြစ်သွားစေ မျှစေခြင်း၊ တည်စေခြင်း၊ စွမ်းရည်မှကင်းသည်လည်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော်- ဆိုခဲ့တိုင်းသောခဏ၌ ထိုထိုစောင့်ရှောက်ခြင်းစသည်ကို ပြီးစေခြင်းကြောင့်ပင်ဟု မှတ်အပ်၏။

၄၄၀။ **ဟဒယဝတ္ထုရုပ်သည်-**

(က) မနောဓာတုမနောဝိညာဏ = မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏မှီရာ
ဓာတူနံ နိဿယလက္ခဏံ လက္ခဏာရှိ၏၊ (ဝါ) မှီရာဟု မှတ်အပ်သောသဘော-

(ခ) တာသညေဝဓာတူနံ = ထိုဓာတ် ၂-ပါးတို့၏ပင်လျှင်တည်ရာကိစ္စရှိ၏။
အာဓာရဏရသံ

(ဂ) ဥဗ္ဗဟန ပစ္စုပဋ္ဌာနံ = ယင်းတို့ကိုထမ်းရွက်နေသည့် အခြင်းအရာအားဖြင့် (ရှုဆင်ခြင်သည့် ဉာဏ်အား) ရှေးရှုထင်၏။

(ဃ) စတုမဟာဘူတဝိသယ = မဟာဘုတ်လေးပါးလျှင်နီးသော------
ပဒဋ္ဌာနံ

နှလုံးသား၏အတွင်း၌ (ကာယဂတာသတိပြဆိုချက်မှာ- ဆိုခဲ့သည့်အတိုင်း) သွေးကိုမှီ၍ ခံလျက်ဆောင်ထားခြင်းစသောကိစ္စရှိကြသည်။ ဘူတရုပ်တို့က ကျေးဇူးပြုခြင်းရှိသည်ဖြစ်၍၊ ဥတု, စိတ်, အာဟာရတို့ကထောက်ပံ့ပေးမှုလည်းရ အသက်ရုပ်က စောင့်ရှောက်ပေးမှုလည်းရသဖြင့် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏လည်းကောင်း၊ ယင်းတို့နှင့်ယှဉ်ကြသော စေတသိက်တရားတို့၏လည်းကောင်း တည်ရာဝတ္ထုအနေဖြင့်တည်၏။

၄၄၁။ **ကာယဝိညတ်-**

(က) အဘိက္ကမာဒိပဝတ္တက -စိတ္တသမုဋ္ဌာန ဝါယောဓာတုယာ သဟဇ ရူပကာယထမ္ဘနသန္ဓာရဏ စလနဿ ပစ္စယော အာကာရ ဝိကာရော လက္ခဏာ = ရှေ့သို့သွားခြင်း စသည်တို့ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်၏ အတူဖြစ်ဖက် ရုပ်အပေါင်း၊ ကိုယ်ကိုတောင့်တင်းစေခြင်း၊ ကောင်းစွာတည်စေခြင်း၊ လှုပ်စေခြင်းအား ကျေးဇူးပြုသော (ဝါ) လှုပ်စေခြင်း၏အကြောင်း အထောက်အပံ့ဖြစ်သော) အမူအရာအထူးသည် ကာယဝိညတ်မည်၏။

(ခ) အဓိပ္ပါယ ပကာသနရသာ = ၎င်းသည် ပြုသူပုဂ္ဂိုလ်၏ အလိုကိုပြခြင်းကိစ္စရှိ၏။
(ဂ) ကာယဝိပ္ဖန္ဒန ဟေတုဘာဝ = ကိုယ်လှုပ်ရှားခြင်း၏အကြောင်းအဖြစ်ဖြင့်
ပစ္စုပဋ္ဌာနာ (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊
(ဃ) စိတ္တသမုဋ္ဌာန ဝါယောဓာတု= စိတ္တဇဝါယောဓာတ်လျှင်နီးသောအကြောင်းရှိ၏။
ပဒဋ္ဌာနာ

ကာယဝိညတ်သည် ကိုယ်၏လှုပ်ရှားခြင်း (လှုပ်ရှားသူ၏) အလိုကို သူတစ်ပါးတို့အား သိစေတတ်၊ ဝိညတ်ရုပ်ဟူသော မိမိကိုယ်တိုင်ကိုလည်း လှုပ်သောကိုယ်ကာယဖြင့် သိအပ်သောကြောင့် ကာယဝိညတ်ဟုခေါ်၏။

ဆက်ပြောရလျှင်-ကာယဝိညတ်ကလှုပ်စေ (အပ်)ကုန်သော စိတ္တဇရုပ်တို့နှင့် ဆက်စပ်ကုန်သော ဥတုဇရုပ်စသည်တို့၏လည်းလှုပ်ရှားခြင်းကြောင့် ရှေ့သို့သွားခြင်းစသောအမှုတို့သည်မပြတ်ဖြစ်နေကြသည်ဟုသိအပ်၏။

ဝစီဝိညတ်-

(က) ဝစီဘေဒပဝတ္တက စိတ္တသမုဋ္ဌာနပထဝီဓာတုယာ ဥပါဒိန္နဃဋ္ဋနဿ ပစ္စယော အာကာရ ဝိကာရောလက္ခဏာ၊ = နှုတ်မြွက်ခြင်းကို ဖြစ်စေတတ်သော စိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို တိုက်ခိုက်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အမူအရာထူးသည် ဝစီဝိညတ်မည်၏။
(ခ) အဓိပ္ပါယ ပကာသနရသာ = ပြောဆိုသူ၏ အလိုကိုပြခြင်းကိစ္စရှိ၏။
(ဂ) ဝစီဃောသဟေတုဘာဝ = နှုတ်ဖြင့်ပြောဆိုသံ၏အကြောင်းအဖြစ်ဖြင့်
ပစ္စုပဋ္ဌာနာ (ရှုသိဉာဏ်အား) ရှေးရှုထင်၏။
(ဃ) စိတ္တသမုဋ္ဌာန ပထဝီဓာတု = စိတ္တဇပထဝီဓာတ်လျှင် နီးသောအကြောင်းရှိ၏၊
ပဒဋ္ဌာနာ

ဝစီဝိညတ်ဟူသည်- နှုတ်မြွက်ပြောဆိုသောစကားသံဖြင့် ပြောသူ၏အလိုကို သူတစ်ပါးတို့အားသိစေတတ်၊ မိမိကိုယ်တိုင်လည်း ထိုစကားဖြင့် သိအပ်သောကြောင့် ဝစီဝိညတ်ဟုခေါ်ဆိုအပ်၏။ စကားသံဖြင့် မိမိအလိုကို သူတစ်ပါးတို့အားလည်းသိစေတတ် ကိုယ်ကိုယ်ကိုလည်းသိစေအပ်သောကြောင့်ဝစီဝိညတ်ခေါ်၏။

ဥပမာ- တောအရပ်၌ စိုက်ထူ၍ ဖွဲ့ချည်ထားသော ရေရှိကြောင်းသိစေသည့် နွားခေါင်းရိုး၊ ထန်းရွက်အစရှိသော နိမိတ်ကိုမြင်၍ ဤအရပ်၌ ရေရှိသည်ဟုသိရသကဲ့သို့ ဤအတူပင် ကိုယ်၏လှုပ်ရှားခြင်းကိုရင်း၊ နှုတ်မြွက်ပြောဆိုသံကိုရင်း ယူပြီး-သိပြီးလျှင် ကာယဝိညတ်ဝစီဝိညတ်တို့ကိုလည်း သိရကုန်၏။

၄၄၂။ **အာကာသဓာတ်သည်-**

| | | |
|---|---|---|
| (က) ရူပပရိစ္ဆေဒလက္ခဏာ | = | ရုပ်တို့ကို ပိုင်းခြားခြင်း လက္ခဏာရှိ၏၊ (ဝါ-ရုပ်တို့၏ အပိုင်းအခြား လက္ခဏာရှိ၏) |
| (ခ) ရူပပရိယန္တပ္ပကာသနရသာ | = | ကလာပ်ရုပ်တို့၏ အစွန်းအဆုံးအပိုင်းအခြားကို ပြခြင်းကိစ္စရှိ၏။ |
| (ဂ) ရူပမရိယာဒါပစ္စုပဋ္ဌာနာ | = | ကလာပ်ရုပ်တို့၏ နယ်ဆုံး အပိုင်းအခြား အနေအားဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ |
| အသမ္ဖုဋ္ဌဘာဝ ဆိဒ္ဒဝိဝရဘာဝပစ္စုပဋ္ဌာနာဝါ | = | (တနည်း) မတွေ့ထိအပ်သည်၏အဖြစ် အပေါက်အကြားအဖြစ်ဖြင့် ရှေးရှုထင်၏။ |
| (ဃ) ပရိစ္ဆိန္နရူပ ပဒဋ္ဌာနာ | = | ပိုင်းခြားအပ်သော ကာလာပ်ရုပ်လျှင်နီးသော အကြောင်းရှိ၏။ |

ယင်းအာကာသဓာတ်ဖြင့် -ပိုင်းခြားအပ်သောကလာပ်ရုပ်တို့၌ (ဝါ) ကလာပ်ရုပ်တို့တွင် ဤကလာပ်ရုပ်သည် ဤကလာပ်ရုပ်မှအထက်ကျသည်ဟူ၍၎င်း၊ ဤကလာပ်ရုပ်မှ အောက်ကျသည်ဟူ၍၎င်း၊ ဤကလာပ်ရုပ်မှ ရှေ့နောက်ဝဲယာဖီလာကျသည်ဟူ၍၎င်း ကလာပ်အချင်းချင်းပိုင်းခြားမှုမှာ- ထင်ရှားပါ၏။

*[ဤစကားဖြင့်-ကလာပ်အချင်းချင်းသာ အထက်အောက် ဖီလာအားဖြင့် ပိုင်းခြားပြောဆိုရသည်၊ ကလာပ်တစ်ခုအတွင်း၌ပါဝင်သောရုပ်တို့ကိုကား- မည်သည့်ရုပ်က အထက်ကျသည် မည်သည့်ရုပ်က အောက်ကျသည် ဖီလာကျသည်ဟု* ***မပိုင်းခြားကောင်းဟု သိပါလေ။***

*ကလာပ်တစ်ခုအတွင်း၌ပါဝင်သောရုပ်တို့၏ အခြားကလာပ်ရုပ်တို့နှင့်ခြားနားသော စပ်ကြားသဘောကို အာကာသဟုဆိုသည်။* ***ကလာပ်တစ်ခုတစ်ခုအတွင်း၌ ပါဝင်သော ရုပ်တို့မှာမူ ခြားနားခြင်းမရှိပေ၊ အချင်းချင်းရောယှက်လျက်ရှိ၏၊ ထို့ကြောင့် ကလာပ်တစ်ခုတည်း၌ပါဝင်သောကြောင့်ရုပ်တို့ကိုအဝိနိဗ္ဘောဂရုပ်ဟုဆိုပေသည်။]***

၄၄၃။ **လဟုတာရုပ်သည်-**

| | | |
|---|---|---|
| (က) အဒန္ဓတာလက္ခဏာ | = | နိပ္ဖန္နရုပ်၏ပေါ့ပါးသည်လျင်မြန်သည်၏အဖြစ်လျှင် လက္ခဏာရှိ၏၊ |
| (ခ) ရူပါနံ ဂရုဘာဝ ဝိနောဒနရသာ | = | နိပ္ဖန္နရုပ်တို့၏ လေးသည်၏အဖြစ်ကို ပျောက်ကင်းစေခြင်းကိစ္စရှိ၏။ |
| (ဂ) လဟုပရိဝတ္တိတာ ပစ္စုပဋ္ဌာနာ | = | လျင်သော အပြန်ရှိသည်၏ဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ |
| (ဃ) လဟုရူပပဒဋ္ဌာနာ | = | ပေါ့ပါးသော နိပ္ဖန္နရုပ်တို့လျှင် နီးသော---- |

မုဒုတာရုပ် သည်-

(က) အထဒ္ဓတာလက္ခဏာ = နိပ္ဖန္နရုပ်၏ ကြမ်းတမ်းခက်တရော်မရှိသည်၏ အဖြစ် နူးညံ့သည်၏အဖြစ်လျှင် လက္ခဏာရှိ၏။

(ခ) ရူပါနံ ထဒ္ဓဘာဝ ဝိနောဒနရသာ = နိပ္ဖန္နရုပ်တို့၏ ကြမ်းတမ်းခက်ထရော်ခြင်းကို ပျောက်စေခြင်းကိစ္စရှိ၏။

(ဂ) သဗ္ဗကိရိယာသု အဝိရောဓိတာ ပစ္စုပဋ္ဌာနာ = အလုံးစုံသော ပြုလုပ်ပြောဆိုခြင်း၊ ကိုယ်နှုတ် အမူအရာတို့၌ မဆန့်ကျင်သည်၏အဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏။

(ဃ) မုဒုရူပ ပဒဋ္ဌာနာ = နူးညံ့သော နိပ္ဖန္နရုပ်တို့လျှင် နီးသောအကြောင်းရှိ၏၊

ကမ္မညတာရုပ် သည်-

(က) သရီရ ကိရိယာနုကူလ ကမ္မညဘာဝလက္ခဏာ = ကိုယ်ပြုလုပ်အပ်သော အမှုကိစ္စတို့အားလျော် သည်၏အဖြစ်ဟုဆိုအပ်သော နိပ္ဖန္နရုပ်၏အမှု၌ ခန့်သည်၏အဖြစ်- ခန့်ကျန်းခြင်းလျှင်-----

(ခ) အကမ္မညတာ ဝိနောဒနရသာ = အမှု၌မခန့်ကျန်းခြင်းကိုပျောက်စေခြင်းကိစ္စရှိ၏၊

(ဂ) အဒုဗ္ဗလဘာဝ ပစ္စုပဋ္ဌာနာ = အားမနည်းသည်၏အဖြစ်၊ အားမနည်းခြင်း- သန်စွမ်းခြင်းအနေဖြင့် (ရှုသိဉာဏ်အား)-----

(ဃ) ကမ္မညရူပ ပဒဋ္ဌာနာ = အမှု၌ခန့်ကျန်းသော နိပ္ဖန္နရုပ်တို့လျှင်-----

### လဟုတာစသောသုံးပါးတို့၏ထူးခြားမှု

(လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသော) ဤသုံးပါးသောရုပ်တို့သည် အချင်းချင်း မစွန့်မခွဲ (ပူးတွဲလျက်ပင် ဖြစ်ကြကုန်၏)။

ဤသို့ တစ်ပေါင်းတည်း ပူးတွဲလျက် ဖြစ်သော်လည်း ရောဂါမရှိ ပကတိကျန်းမာ သောသူ၏ ကိုယ်လက်ပေါ့ပါးခြင်းကဲ့သို့ ရုပ်တို့၏ ပေါ့ပါးသည်၏အဖြစ်၊ မလေးခြင်း၊ ပေါ့ပါး လျှင်မြန်စွာ ပြောင်းရွှေ့ပြန်လှန်နိုင်ခြင်း၊ အထူးအပြားရှိသော ရုပ်တို့ကိုလေးလံအောင် ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သောရုပ်တို့၏ အမူအရာအထူးသည် နိပ္ဖန္နရုပ်၏ပေါ့ပါးသည်၏အဖြစ်-ပေါ့ပါးခြင်း (လဟုတာရုပ်)မည်၏။

ကောင်းစွာနယ်ပြီးသောသားရေ၏နူးညံ့ခြင်းကဲ့သို့ နူးညံ့ခြင်းဟူသောအလုံးစုံ သောကိုယ်အမူအရာအထူးတို့၌ အလိုအတိုင်းဖြစ်ခြင်း၊ နူးညံ့ခြင်းအပြားရှိသောရုပ်တို့ကို ကြမ်းတမ်းခက်ထရော်ရှိအောင်ပြုတတ်သည့်ဓာတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက် အကြောင်းကြောင့်ဖြစ်သော ရုပ်တို့၏အမူအရာအထူးသည် နိပ္ဖန္နရုပ်၏ နူးညံ့သည်၏အဖြစ်- နူးညံ့ခြင်း (မုဒုတာရုပ်)မည်၏။

ကောင်းစွာချက်ပြီး ဦးပြီးသောရွှေစင်၏ (အလိုရှိရာပြုရန်)ခံ့ခြင်း၊လျော့ခြင်းကဲ့သို့ ရုပ်တို့၏ခံ့ခြင်း၊ လျော့ခြင်းဟူသော ကိုယ်အမူအရာတို့အား လျော့ခြင်းအပြားရှိသော, ကိုယ်အမူအရာတို့အား မလျော့အောင်ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သော ရုပ်တို့၏ အမူအရာထူးသည် နိပ္ဖန္နရုပ်၏ အမှု၌ခံ့သည်၏အဖြစ်-အမှု၌ခံ့ခြင်း(ကမ္မညတာရုပ်)မည်၏၊

၄၄၄။ ဥပစယရုပ်သည်-

| | | |
|---|---|---|
| (က) | အာစယလက္ခဏော | = နိပ္ဖန္နရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏၊ |
| (ခ) | ပုဗ္ဗန္တတော ရူပါနံ ဥမ္မုဇ္ဇာပနရသော | = မဖြစ်ပေါ်လာသေးမီ ရှေးအဖို့ အနာဂတ်အဖို့မှ ရုပ်တို့ကိုပေါ်လာစေသကဲ့သို့ ဖြစ်ခြင်းကိစ္စရှိ၏၊ |
| (ဂ) | နိယျာတနပစ္စုပဋ္ဌာနော | = ဤသည်တို့ကား ရုပ်တို့ပင်ဟုအပ်နှင်းဘိသကဲ့သို့ ဉာဏ်အား- ရှေးရှုထင်၏။ |
| | ပရိပုဏ္ဏဘာဝ ပစ္စုပဋ္ဌာနောဝါ | = (တနည်း)ရုပ်အပေါင်း၏ လုံးဝပြည့်စုံသည်၏ အဖြစ်ကို ရှေးရှုဖြစ်စေတတ်၏၊ |
| (ဃ) | ဥပစိတရူပပဒဋ္ဌာနော | = ဖြစ်ပွားသောရုပ်လျှင် နီးသောအကြောင်းရှိ၏၊ |

သန္တတိရုပ်သည်-

| | | |
|---|---|---|
| (က) | ပဝတ္တိလက္ခဏာ | = နိပ္ဖန္နရုပ်တို့၏ဖြစ်စဉ်ဟူသော အဆက်မပြတ်ဖြစ်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | အနုပ္ပဗန္ဓရသာ | = ရှေ့နောက်မပြတ် ဆက်စပ်စေခြင်းကိစ္စရှိ၏၊ |
| (ဂ) | အနုပစ္ဆေဒ ပစ္စုပဋ္ဌာနာ | = အစဉ်မပြတ်ဖြစ်ခြင်းကိုဖြစ်စေ၏သို့ ဉာဏ်အား-- |
| (ဃ) | အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ | = ရှေ့နောက်မပြတ်ဆက်စပ်သော ရုပ်အပေါင်းလျှင် နီးသောအကြောင်းရှိ၏၊ |

*(ဥပစယနှင့် သန္တတိဟူသောအမည်နှစ်ပါးလုံးပင်= ရုပ်တို့၏ ဥပါဒ်ဟူသော ဇာတိရုပ်၏အမည်သာဖြစ်သည်။)*

## ဥပစယ+သန္တတိ ခွဲ၍ဟောရခြင်း

(ရှေးဦးစွာဖြစ်ခြင်း, အဆက်မပြတ်ထပ်၍ ဖြစ်ခြင်းဟူသော) ဖြစ်ပုံအခြင်းအရာတို့၏ ကွဲပြားခြင်းအားဖြင့်၎င်း၊ ဝေနေယျတို့၏အလိုအားဖြင့်၎င်း၊ ဥပစယရုပ်, သန္တတိရုပ်ဟူ၍ အကျဉ်းချုပ်ခေါင်းစဉ်ဒေသနာကိုခွဲခြားဟောတော်မူပါသည်။ ထိုသို့ ခေါင်းစဉ်ဒေသနာ၌ ခွဲခြား၍ဟောခဲ့ညားသော်လည်း ဤရုပ်နှစ်ပါးတို့၌ အနက်အဓိပ္ပါယ်အရအားဖြင့် ကွဲပြားခြင်း မရှိပေ၊ ထို့ကြောင့် ဤနှစ်ပုဒ်ကို အကျယ်ပြရာနိဒ္ဒေသ၌ "ရုပ်အာယတနတို့၏ရှေးဦးစွာဖြစ်ခြင်းဟူသော **အာစယ**သည် နိပ္ဖန္နရုပ်၏ ရှေးဦးစွာဖြစ်ခြင်း- ပွားခြင်းဟူသော **ဥပစယ** မည်ပါ၏။

နိပ္ဖန္နရုပ်၏ဥပစယသည် နိပ္ဖန္နရုပ်၏ဖြစ်စဉ်သန္တတိမည်ပါ၏။"

အဋ္ဌကထာ၌လည်း "အာစယဆိုသည်မှာ= နိဗ္ဗတ္တိ ရှေးဦးစွာဖြစ်ပေါ်ခြင်းမည်၏၊ ဥပစယဆိုသည်မှာ= ဝဍ္ဎိ- ပွားခြင်းဖြစ်၏။ သန္တတိဆိုသည်မှာ= ပဝတ္တိ အဆက်မပြတ်ဖြစ်ခြင်းဖြစ်၏။"

ဥပမာ- မြစ်ကမ်းသောင်ပြင်၌ လက်ဖြင့်ယက်၍တူးသောတွင်းငယ်မှ ရေထွက်လာရာကာလကဲ့သို့ နိဗ္ဗတ္တိ ရှေးဦးစွာဖြစ်ခြင်းဟူသော အာစယကိုသိအပ်၏။ ရေပြည့်သောကာလကဲ့သို့ ဝဍ္ဎိ= ပွားခြင်းဟူသော ဥပစယကိုသိအပ်၏။ ကျော်လွန်လျှံတက်၍သွားသောကာလကဲ့သို့ ပဝတ္တိ = အဆက်မပြတ်ဖြစ်ခြင်းဟူသောသန္တတိကိုသိအပ်၏"ဟူ၍ ဥပမာကို ပြတော်မူပါ၏။

ရုပ်အာယတနတို့၏ ရှေးဦးစွာဖြစ်ခြင်းဟူသောအကြောင်းကြောင့် အာစယမည်၏၊

*အာစယနှင့်အာယတနတူသည်ဟုဆို၏။ အာစယ ⇆ အာယတန*

အာယတနဖြင့် အာစယကိုဆိုကြောင်း အဘယ့်ကြောင့်သိအပ်သနည်းအမေး၌ အဖြေမှာ- အာစယ, ဥပစယ, သန္တတိတို့သည် (နိဗ္ဗတ္တိဘာဝ) ဖြစ်ခြင်း၏အဖြစ်ဖြင့် အာစယပင်ဖြစ်သည်။ ထို့ကြောင့်အာယတနတို့ဖြင့် အာစယကိုဆိုအပ်၏။ အာယတနတို့၏အာစယစသည်ကို ဆိုခြင်းဖြင့်ပင် အာစယသဘော (ဖြစ်ခြင်းသဘော) ရှိကုန်သော အာယ-တနတို့ကို ပြအပ်ကုန်၏၊ ထို့ကြောင့် အာစယဖြင့် ထိုအာစယ (ဖြစ်ခြင်း) သဘောရှိသောအာယတနကို ဆိုအပ်ပေ၏။

မှန်ပါ၏ အာစယမည်သောဖြစ်ခြင်းဥပါဒ်သည် ရူပရုပ်ကိုမှတ်ကြောင်း လက္ခဏာရုပ်သာဖြစ်ပါ၏။ ရူပရုပ်ကား မဟုတ်ပေ။ (ဋီကာ)

"ရုပ်တို့၏ရှေးဦးစွာဖြစ်ပေါ်လာခြင်းသည် အာစယမည်၏၊"

ထိုရှေးဦးစွာဖြစ်သောရုပ်တို့၏ အထက်ကာလ- နောင်ကာလ၌ ဖြစ်ပေါ်လာကုန်သောအခြားရုပ်တို့၏ ဖြစ်ပေါ်ခြင်းသည် ပွားသောအခြင်းအရာအားဖြင့်ထင်သောကြောင့် ဥပစယမည်၏။

ထိုနောက်-ထပ်ဖြစ်ကြသည့်ရုပ်တို့၏အထက်ဖြစ်သောနောက်ကာလ၌လည်း အဖန်ဖန်ထပ်၍ဖြစ်ပေါ်လာကုန်သော အခြားရုပ်တို့၏ဖြစ်ပေါ်ခြင်းသည် အစဉ်မပြတ် ဆက်စပ်သောအခြင်းအရာအားဖြင့်ထင်သောကြောင့် သန္တတိမည်၏။

ဇရတာရုပ်သည်-

| | | | |
|---|---|---|---|
| (က) | ရူပပရိပါက လက္ခဏာ | = | နိပ္ဖန္နရုပ်တို့၏ရင့်ကျက်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | ဥပနယနရသာ | = | ပျက်ခြင်းဘင်ခဏဆီသို့ ပို့ဆောင်ခြင်းကိစ္စရှိ၏။ |
| (ဂ) | သဘာဝါနပဂမေပိ နဝဘာဝါပဂမပစ္စုပဋ္ဌာနာ | = | ခက်မာခြင်း စသောသဘောမကင်းမကွယ်ပြားသော်လည်း အသစ်အဖြစ်၏ကင်းခြင်းအနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ *(စပါး၏ဟောင်းခြင်းကဲ့သို့)* |

(ဃ) ပရိပစ္စမာနရူပ ပဒဋ္ဌာနာ = ရင့်ဆဲရုပ်တို့လျှင်နီးသော-------

သွားစသည်တို့၌ သွားကျိုးခြင်းစသည်အလိုအားဖြင့် ဖောက်ပြန်ခြင်းကိုတွေ့မြင်ရသောကြောင့်ထင်ရှားသော အိုရင့်ခြင်း (ပါကဋဇရာ)ကိုရည်၍ ဤဇရာကိုဟောတော်မူပါ၏။ **နာမ်တရားတို့မှာမူ-** ဖုံးကွယ်သောအိုရင့်ခြင်း (ပဋိစ္ဆန္နဇရာ)သည်ရှိ၏။ ၎င်းမှာ ဤသို့သော ဖောက်ပြန်ခြင်းမရှိပေ။ ကမ္ဘာမြေ, ရေ, တောင်, နေ, လစသည်တို့၌လည်း အပိုင်းအခြားမထင်သော (အဝီစိဇရာ) အမည်သည်ရှိ၏။ ထိုဇရာ၌လည်း ဤသို့သောဖောက်ပြန်ခြင်းမရှိပေ။

နိပ္ဖန္နရုပ်၏မမြဲသည်၏အဖြစ်- မမြဲကြောင်းဘင်ဟူသော **အနိစ္စတာရုပ်သည်-**

| | | | |
|---|---|---|---|
| (က) | ပရိဘေဒလက္ခဏာ | = | လုံးဝပျက်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | သံသီဒနရသာ | = | နစ်မြုပ်သွားသကဲ့သို့ ကွယ်စေခြင်းကိစ္စရှိ၏။ |
| (ဂ) | ခယဝယ ပစ္စုပဋ္ဌာနာ | = | ကွယ်ပျောက်ခြင်းအားဖြင့်(ဉာဏ်အား) ရှေးရှုထင်၏။ |
| (ဃ) | ပရိဘိဇ္ဇမာနရူပ ပဒဋ္ဌာနာ | = | ပျက်ဆဲရုပ်တို့လျှင် နီးသောအကြောင်းရှိ၏၊ |

၄၄၅။ ကဗဠီကာရခေါ် **အာဟာရရုပ်သည်-**

| | | | |
|---|---|---|---|
| (က) | ဩဇာလက္ခဏော | = | အဆီအနှစ် ဩဇာ လက္ခဏာရှိ၏။ |
| (ခ) | ရူပါဟရဏရသော | = | အာဟာရရုပ်တို့ကို ဆောင်ခြင်း၊ ဖြစ်စေခြင်းကိစ္စရှိ၏။ |
| (ဂ) | ဥပတ္ထမ္ဘန ပစ္စုပဋ္ဌာနော | = | ရုပ်ကိုယ်ကို ထောက်ပံ့သည့်အနေအားဖြင့်ဉာဏ်အား |
| (ဃ) | ကဗဠံကတ္ဝာ အာဟာရိတဗ္ဗ ဝတ္ထုပဒဋ္ဌာနော | = | အလုတ်အလွေ့ပြု၍ စားမျိုအပ်သော ဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ |

အကြင်ဩဇာဖြင့် သတ္တဝါတို့သည်အသက်ရှည်မြဲရှည်စေသောအားဖြင့် သွားမြဲသွားစေကုန်၏၊ မျှစေကုန်၏၊ ကဗဠီကာရခေါ် အာဟာရဟူသော ဤအမည်သည် ထိုမျှတနိုင်ကြောင်း ဩဇာ၏အမည်ဖြစ်၏။

၄၄၆။ ဤပြဆိုခဲ့သောရုပ်တို့သည် အဘိဓမ္မာပါဠိတော်၌လာသော ရုပ်တို့သာ ဖြစ်ကြ၏၊ **အဋ္ဌကထာ၌ကား- ဗလရုပ်, သမ္ဘဝရုပ်, ဇာတိရုပ်, ရောဂရုပ် အချို့ဆရာတို့၏ အလိုအားဖြင့် မိဒ္ဓရုပ်ဟူ၍ အခြားရုပ်အမည်တို့ကိုလည်း ထုတ်ပြပြီးလျှင်** "အရှင်ဘုရားသည် ကိုယ်တိုင်ပင်သိသော ကိလေသာငြိမ်းသူ၊ ရဟန်းအစစ်အမှန်ပင် ဖြစ်ပေ၏၊ အရှင်ဘုရားမှာ နီဝရဏတို့မရှိကုန်" (နီဝရဏတရားသည် နာမ်တရား၊ ထိနမိဒ္ဓ နီဝရဏသည် နာမ်တရားသက်သက်သာဖြစ်ကြောင်း သက်သေပြလိုရင်းဖြစ်သည်။)

ဤကဲ့သို့ အဘိဓမ္မာ ပါဠိတော်စကားတို့ကို ပြဆို၍ ရုပ်မိဒ္ဓမည်သည် မရှိဟုပယ်သွားလေပြီ။

ဤမိဒ္ဓမှတစ်ပါးသောရုပ်တို့တွင် ရောဂရုပ်ကို= ဇရတာ၊ အနိစ္စတာရုပ်တို့ကိုယူခြင်း-ဆိုခြင်းဖြင့် ယူပြီးဆိုပြီးသားဖြစ်သည်။ ဥပစယသန္တတိရုပ်တို့ကိုယူသဖြင့်= ဇာတိရုပ်ကို

ယူပြီးသားဖြစ်သည်၊ **အာပေါဓာတ်ကိုယူသဖြင့်**= **သမ္ဘဝခေါ်သုက်ရုပ်ကို** ယူပြီးသားဖြစ်သည်၊ **ဝါယောဓာတ်ကိုယူသဖြင့်**= **ဗလ-ခွန်အားရုပ်ကိုယူပြီးသားဖြစ်သည်**။ ထို့ကြောင့် ထိုရောဂရုပ် စသည်တို့တွင် တစ်ခုမျှသော်လည်း အသီးအခြားရကောင်းသော ရုပ်မရှိဟူ၍ မြဲမြံစွာဆုံးဖြတ်ခြင်းကို ပြုအပ်ပါ၏။ ***(ခဏ ခဏ မေး)***

ဤသို့လျှင် ယခုဆိုခဲ့သော ၂၄-ပါးသောဥပါဒါရုပ်နှင့် ရှေး၌ဆိုခဲ့သော လေးပါးသော ဘူတရုပ်အားဖြင့် ရုပ်သည် မယုတ်မလွန် ၂၈-ပါး အပြားရှိ၏။

## ရုပ်အပြားကိုပြခြင်း
## ရုပ် ၂၈-ပါးကိုတစ်မျိုး(တစ်စု)အားဖြင့်ဝေဖန်ခြင်း (၆)မျိုး

၄၄၇။

၁။ ရုပ်အားလုံးပင် အလောဘစသောဟိတ်မရှိ၍ အဟေတုက၊

၂။ ဟိတ်မမည် သောကြောင့် နဟေတုက၊

၃။ ဟိတ်တို့နှင့်မယှဉ်သောကြောင့် ဟေတုဝိပ္ပယုတ္တ၊

၄။ ကံစ သောအကြောင်းလေးပါးရှိ၍ သပစ္စယ၊

၅။ ဥပါဒါန်ဟုဆိုအပ်သောသင်္ခါရလောက၌ အကျုံးဝင်သောကြောင့် လောကိယ၊

၆။ အာသဝေါတရား၄-ပါးတို့၏အာရုံဖြစ်သောကြောင့် အာသဝတို့မည်ကြ၏။ ။

ရုပ် ၂၈-ပါးကို (၂)ပါးစုအားဖြင့် ဝေဖန်ခြင်း (ဒုက-၇-မျိုး)

| စဉ် | ရရှိသောရုပ် | အမည်နှင့်အဓိပ္ပါယ် | အမည်နှင့်အဓိပ္ပါယ် |
|---|---|---|---|
| ၁။ | ပသာဒရုပ် -၅ | -အတ္တဘောကို စွဲမြဲ၍ဖြစ်သောကြောင့် အဇ္ဈတ္တိက (ကိုယ်တွင်းရုပ်) *(အဇ္ဈတ္တိကော၊ ပသာဒေ* | -ကြွင်း ၂၃-ဗာဟိရ *ကြွင်းလေဗာဟိရ* |
| ၂။ | ပသာဒရုပ် -၅ +ဝိသယရုပ်-၇= ၁၂ | -မျက်စိနှင့် အဆင်းစသည်ထိခိုက်၍ ယူအပ်သိအပ်သဖြင့် ကြမ်းတမ်းထင်ရှား သိလွယ်သော *(ဩဠာရိကရုပ် ပသာဂေါစရ၊ ရုပ်ဒွါရ၊ ဩဠာရိကခေါ် သပ္ပဋိဃ+ သန္တိက။ နာမသုံးမည်ပေါ်)* | -ကြွင်း ၁၆-သုခုမ *(ကြွင်းသောဋသ၊ သုခုမ၊ အပ္ပဋိ၊ ဒူရေခေါ်)* |
| ၃။ | ပသာဒရုပ် -၅ +ဝိသယရုပ်-၇= ၁၂ | -ဉာဏ်ဖြင့် သိလွယ်သည့် သဘောရှိ၍ နီးသောသန္တိကေရုပ် | -ကြွင်း ၁၆-ဒူရ |
| ၄။ | ပထဝီအစ အာဟာရအဆုံး ရှေ့ပိုင်း ၁၈-ပါးသည် | -အခြားရုပ်တို့၏ အပိုင်းအခြားမှုအဖြစ်, အမူအရာထူး, မှတ်ကြောင်းမှုအဖြစ်ကို လွန်၍ မိမိ၏ခက်မာခြင်း စသောသ ဘောဖြင့်ပင် ဉာဏ်ဖြင့်ပိုင်းခြား၍ သိမ်း ဆည်းယူအပ်, သိအပ်သော မိမိသဘော ဖြင့်ပြီးသည့် နိပ္ဖန္နရုပ် | -ကြွင်း ၁၀- အနိပ္ဖန္နရုပ် |
| ၅။ | ပသာဒရုပ်-၅ | - အဆင်း စသည်ကိုယူရာ၌ အထောက် အပံ့အဖြစ်ဖြင့် ကြေးမုံပြင်ကဲ့သို့ ကြည် လင်သောကြောင့် ပသာဒရုပ် (ဂေါစ ရဂ္ဂါဟိကရုပ်)လည်းမည်၊ | -ကြွင်း ၂၃- နပသာဒရုပ် (အဂေါစရဂ္ဂါဟိက ရုပ်) |
| ၆။ | ပသာဒရုပ်-၅ +ဘာဝ-၂+ ဇီဝ-၁=၈ | -သူ့ဆိုင်ရာ၌ ကြီးမှူးအစိုးရသောကြောင့် အစိုးရသော ဣန္ဒြိယရုပ် (ပ+ဘာ+ဇီဝေ၊ ဣန္ဒြေ၊ | -ကြွင်း ၂၀-အနိန္ဒြိ ယရုပ် (ကြွင်းလေအနိန္ဒြိယ) |
| ၇။ | ပသာဒ-၅+ ဘာဝ -၂+ ဇီဝ-၁+ အဝိ- ဈ+အာကာသ= ကမ္မဇရုပ်-၁၈ပါး | - တဏှာ+ ဒိဋ္ဌိတို့က ကပ်အပ် ,အာရုံပြု အပ်သော လောကီကံက သူ၏အကျိုး အဖြစ်ယူအပ်သောကြောင့် ဥပါဒိန္နရုပ်။ (ရုပ်ကမ္မဇ၊ ဌာရသ၊ ဥပါဒိန္နပေ) | -ကြွင်း ၁၀- အနုပါဒိန္နရုပ် |

*(မှတ်ချက်) အဓိ- စွဲမှီ၍ဖြစ်သည်+ အတ္တ- အတ္တမည်ကြောင်းရုပ်နာမ်အပေါင်း၊ အဇ္ဈတ္တ-အဇ္ဈတ္တ- အတ္တဘောကိုစွဲမှီ၍ဖြစ်သော "သက်ရှိရုပ်နာမ်အပေါင်း အတ္တဘောဟု*

ဆိုနိုင်ရန်တရား"ဟုဆို၏၊ ၎င်းအဇ္ဈတ္တ-မှ ဣကပစ္စည်းနှင့်တကွ အဇ္ဈတ္တိကဟုဖြစ်သည်၊ ၎င်းကာ၌ ဖွင့်ပြချက်အရအားဖြင့် အဓိ+အတ္တ= အဇ္ဈတ္တ-အတ္တကိုစွဲမှီ၍ဖြစ်သောကိုယ်တွင်းတရား၊ အဇ္ဈတ္တ= ကိုယ်တွင်းတရားတို့၌+ ဣက= ဖြစ်သည်၊ အဇ္ဈတ္တိက= ကိုယ်တွင်းတရားတို့၌ပါဝင်သောတရားဟုဖြစ်သည်၊ ဆိုလိုသည်မှာ- ကိုယ်တွင်းတရားတို့၌ သက်ရှိသတ္တဝါပေါ်ရန်အနှစ်သဖွယ်ဖြစ်သောရုပ်ဟုဆိုလို၏၊ ထို့ကြောင့် ယင်းပသာဒရုပ်ငါးပါးမရှိလျှင် ကာမလောက၌ သတ္တဝါ-ဟုမခေါ်နိုင်။

ဤ၌ ဗာဟိရ= အပြင်ပဟုဆိုသော်လည်း ကိုယ်မှအပြင်ပဟုမဆိုလို၊ ကိုယ်တွင်း၌အနှစ်သဖွယ်ဖြစ်သောပသာဒငါးပါးမှအပြင်ပရုပ်ဟူ၍သာဆိုလိုသည်။

ဥပ = တဏှာဒိဋ္ဌိတို့ကကပ်အပ်သောလောကီကံက+အာဒိဏ္ဏ = မိမိတို့၏အကျိုးအဖြစ်ဖြင့်ယူအပ်သောတရား၊ ဥပါဒိဏ္ဏ= လောကီကံ၏အကျိုးတရား၊ ကမ္မဇရုပ်တရား။

## ၄၄၈။ ရုပ်(၂၈)ပါးကို(၃)ပါးစုအားဖြင့်ဝေဖန်ခြင်း(တိက-၅-မျိုး)

| (က) အမည်နှင့်အဓိပ္ပါယ်-သရုပ် | (ခ) အမည်နှင့်အဓိပ္ပါယ်-သရုပ် | (ဂ) အမည်နှင့်အဓိပ္ပါယ်-သရုပ် |
|---|---|---|
| ၁။ အဆင်းရုပ်သည်-မြင်ခြင်းနှင့်လည်း တကွ-ထိခိုက်ခြင်းနှင့်လည်းတကွဖြစ်သောရုပ်= မြင်လို့လည်းရ၊ ထိခိုက်လို့လည်းရသော- သနိဒဿန-သပ္ပဋိဃရုပ် (✓-✓) | -အဆင်းရုပ်မှကြွင်းသောဩဠာရိကရုပ် ၁၁-ပါးသည် မြင်ခြင်းမရှိ-ထိခိုက်ခြင်းနှင့်တကွဖြစ်သောရုပ်= မြင်လို့မရ၊ ထိုလို့သာရ သည့်-အနိဒဿန- သပ္ပဋိဃရုပ် (✗-✓) | -သုခုမရုပ်-၁၆-ပါးသည် မြင်ခြင်းလည်းမရှိ-ထိခိုက်ခြင်းလည်းမရှိသောရုပ်= မြင်လို့လည်းမရ- ထိလို့လည်းမရသောရုပ်-အနိဒဿန အပ္ပဋိဃရုပ် (✗-✗) |
| ၂။ ကံကြောင့်ဖြစ်သောရုပ်သည် ကမ္မဇရုပ် | -စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သောရုပ်သည် အကမ္မဇရုပ် | -တစ်စုံတစ်ခုသောအကြောင်းကြောင့်မဖြစ်သောနကုတောစိသမုဋ္ဌာန်ခေါ်လက္ခဏာရုပ်-၄-ပါးသည် နေဝကမ္မဇ၊ နာကမ္မဇရုပ် |
| ၃။ စိတ်ကြောင့်ဖြစ်သောရုပ်သည် စိတ္တဇရုပ် | -(ကံ+ ဥ+ ဟာ) ကြောင့်ဖြစ်သောရုပ်သည် အစိတ္တဇရုပ် | ။ ။ နေဝစိတ္တဇ- နာစိတ္တဇရုပ် |
| ၄။ အာဟာရကြောင့်ဖြစ်သောရုပ်သည် အာဟာရဇရုပ် | -(ကံ+ စိတ်+ ဥတု) ကြောင့်ဖြစ်သောရုပ်သည် အနာဟာရဇရုပ် | ။ ။ နေဝအာဟာရဇ- နအနာဟာရဇရုပ် |
| ၅။ ဥတုကြောင့်ဖြစ်သောရုပ်သည် ဥတုဇရုပ် | -(ကံ+စိတ်+အာဟာရ) ကြောင့်ဖြစ်သောရုပ်သည် အနုဥတုဇရုပ် | နေဝဥတုဇ- နာနုဥတုဇရုပ် |

| သမုဋ္ဌာန် | | | ကမ္မဇ | စိတ္တဇ | ဥတုဇ | အာဟာဇ | |
|---|---|---|---|---|---|---|---|
| ဧကဇ | ကံ | ပသာဒ-၅၊ ဘာဝ-၂၊ ဟဒယ၊ ဇီဝိတ- | (၉) | | | | |
| | စိတ် | ဝိညတ်ဒွေ | | (၂) | | | ၁၁ |
| ဒွိဇ | စိတ်+ဥတု | သဒ္ဒ | | ၁ | ၁ | | ၁ |
| တိဇ | စိတ်+ဥတု အာဟာရ | ရူပဿလဟုတာ၊ ရူပဿမုဒုတာ ရူပဿကမ္မညတာ | | ၃ | ၃ | ၃ | ၃ |
| စတုဇ | ကံ+စိတ် ဥ+ဟာ | အဝိနိဗ္ဘောဂရုပ်-၈၊ အာကာသ | ၉ | ၉ | ၉ | ၉ | ၉ |
| နကုတောစိ သမုဋ္ဌာန် | | လက္ခဏရုပ် ၄-ခု | | | | | ၄ |
| | | ဇကန် | ၉ | ၂ | | | |
| | | အနေကန် | ၉ | ၁၃ | ၁၃ | ၁၂ | ရုပ် |
| | | ပေါင်း | ၁၈ | ၁၅ | ၁၃ | ၁၂ | ၂၈ |

* *ပသာ၊ ဘာဝ၊ ဇီနှင့်ဟ- နဝကမ္မဇာ၊*
* *ဝိညတ်ဒွယ၊ စိတ္တဇ၊ သဒ္ဒ-စိတ်- ဥဇာ၊*
* *လဟုတာစု၊ ရုပ်သုံးခု၊ စိတ်-ဥ-ဩဇ ဇာ၊*
* *အဝိနိဗ္ဘုံ၊ အာကာသံ၊ ကံစိတ် ဥ ဩဇာ။*
* *လက္ခဏာစု၊ ရုပ်-၄-ခု၊ စတုဝိမုတ်သာ။*

*ဇကန်+နေကန်၊ ကိုးနှစ်တန်၊ ကံဇ်ဋ္ဌာရသာ။*

*နှစ်ခုဇကန် နေကန် တေရ၊ ဆယ့်ငါးမျှ၊ စိတ္တသမုဋ္ဌာန်။*

*ယင်းနေကန်စု၊ ဆယ့်သုံးခု၊ ဥတုသမုဋ္ဌာန်။*

*တိ+ စတု-ဇ၊ ဆယ့်နှစ်မျှ၊ ဩဇသမုဋ္ဌာန်။*

**လက္ခဏာရုပ် ၄-ပါးသည်** မည်သည့်အကြောင်းကြောင့်မျှမဖြစ်သော **နကုတောစိ သမုဋ္ဌာန်ရုပ်**ဖြစ်နေခြင်းမှာ- (သက်သက်)ဖြစ်ဆဲအစရှိကုန်သောရုပ်တို့၏သဘောတံထွာ ဓမ္မတာ၏အဖြစ်ကြောင့် မည်သည့်အကြောင်းမျှမဖြစ်ခြင်းဖြစ်ပါသည်။

## ၄၄၉။ ရုပ်(၂၈)ပါးကို (၄)ပါးစုအားဖြင့်ဝေဖန်ပုံ (စတုက္က-၃မျိုး)

| (က) အမည်နှင့် အဓိပ္ပါယ်-သရုပ် | (ခ) အမည်နှင့် အဓိပ္ပါယ်-သရုပ် | (ဂ) အမည်နှင့် အဓိပ္ပါယ်-သရုပ် | (ဃ) အမည်နှင့် အဓိပ္ပါယ်-သရုပ် |
|---|---|---|---|
| ၁။ အဆင်းရုပ်သည် မြင်မှု၏အာရုံ ဖြစ်သောကြောင့် (ဒိဋ္ဌ=မြင်အပ်သောရုပ်) | -အသံရုပ်သည် ကြားမှု၏အာရုံဖြစ်သောကြောင့် (သုတ= ကြားအပ်သောရုပ်) | -အနံ့+ အရသာ+ ဖောဋ္ဌဗ္ဗ = ရုပ်သုံးမျိုးသည် ရောက်လာသည့် အာရုံကို ယူတတ်သည့် ဃာန-ဇိဝှာ-ကာယ ဝိညာဏ်တို့၏ အာရုံဖြစ်သောကြောင့် (မုတ = ရောက်အပ်သောရုပ်) | -ကြွင်းရုပ် ၂၁-ပါးသည် မနောဝိညာဏ်၏သာလျှင် အာရုံဖြစ်သောကြောင့် (ဝိညာတ = ကြံသိအပ်သောရုပ်) |
| ၂။ နိပ္ဖန္နရုပ် ၁၈-ပါးသည် ရူပရုပ် | -အာကာသဓာတ်သည် ပရိစ္ဆေဒ (အပိုင်းအခြားရုပ်) | -ဝိညတ်ရုပ် ၂-ပါး+ လဟုတာဒိ ၃-ပါး= ၅-သည် ဝိကာရရုပ် (နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်သောအမူအရာမျှရုပ်) | -ဇာတိရုပ် ၂+ ဇရာ မရဏ =၄-ပါးသည် လက္ခဏရုပ် (နိပ္ဖန္နရုပ်တို့ကို မှတ်ကြောင်းရုပ်) |
| ၃။ နှလုံးရုပ်သည် စိတ်၏တည်ရာ ဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။ (ဝိထိစိတ်တို့၏ ဖြစ်ကြောင်းမဟုတ်သောကြောင့် ဒွါရရုပ်ကား မမည်။) (✓-✗) | ဝိညတ်ရုပ် ၂-ခုသည် ကံဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရရုပ်မည်၏။ (စိတ်၏ တည်ရာ မဟုတ်သောကြောင့် ဝတ္ထုရုပ်ကား မမည်။) (✗-✓) | -ပသာဒရုပ် ၅-ခုသည် ဝတ္ထုရုပ်လည်းမည် ဒွါရရုပ်လည်းမည် (✓-✓) | -ကြွင်းရုပ် ၂၀-သည် ဝတ္ထုရုပ်လည်းမမည် ဒွါရရုပ်လည်း မမည်။ (✗-✗) |

## ၄၅၀။ ရုပ်(၂၈)ပါးကို(၅)ပါးစုအားဖြင့်ဝေဖန်ပုံ(ပဥ္စက ၁-မျိုး)

| (က) ဧကဇရုပ် | (ခ) ဒွိဇရုပ် | (ဂ) တိဇရုပ် | (ဃ) စတုဇရုပ် | (င) နကုတောစိ ဇာတရုပ် |
|---|---|---|---|---|
| ကံကြောင့်သာဖြစ်သောရုပ်သည်ရင်း စိတ်ကြောင့်သာဖြစ်သောရုပ်သည်ရင်း ဧကဇ (အကြောင်းတစ်ပါးတည်းကြောင့်ဖြစ်သောရုပ်) [ဧကဇရုပ် ၂-မျိုး (-ပသာ+ဘာဝ၊ ဇီနှင့်ဟာ၊ နဝကမ္မဇာ) =ကမ္မဇ ဧကန် ၉+ ကံကြောင့်သာဖြစ်။ (-ဝိညတ်ဒွယစိတ္တဇေ) စိတ္တဇဧကန်နှင့် စိတ်ကြောင့်သာဖြစ်] | စိတ်ကြောင့်ရင်း၊ ဥတုကြောင့်ရင်း ဖြစ်သော ရုပ်သည် အကြောင်း နှစ်ပါးကြောင့် ဖြစ်သော ဒွိဇရုပ် မည်၏၊ [အသံရုပ် တစ်ပါးတည်း သာရှိ၏ (သဒ္ဒ-စိတ်+ဥဇာ)] | ဥတု+စိတ်+ အာဟာရတို့ ကြောင့်ဖြစ်သော ရုပ်သည် အကြောင်း သုံးပါးကြောင့် ဖြစ်သော တိဇရုပ်မည်၏။ [လဟုတာဒိ ၃-ပါးပင် (လဟုတာဟု၊ ရုပ်၃-ခု၊ စိတ်+ ဥ+ ဩဇ-ဇာ)] | အကြောင်း ၄-ပါးလုံးကြောင့်ဖြစ်သောရုပ်သည် စတုဇရုပ် မည်၏ [အဝိနိ-၈ + အာကာသ= ၉-ပါး၊ (အဝိနိဗ္ဘ အာကာသံ၊ ကံ, စိတ်, ဥ, ဩဇာ)] | လက္ခဏာရုပ် ၄-ပါးသည် နကုတောစိ ဇာတရုပ်မည်၏၊ ∵ ဥပစယ+ သန္တတိဟူသော ဇာတိရုပ်သည် ရုပ်၏ဥပါဒ်ဖြစ်၏၊ ဥပါဒ်မှာဥပါဒ် မရှိနိုင်၊ ဇရတာ, အနိစ္စတာ ၂-ပါးလည်း ရုပ်၏ ဌီနှင့် ဘင်မျှသာ ဖြစ်၍ပင်၊ |

## ဥပစယနှင့် သန္တတိအမည်ရသောဇာတိရုပ်သည်ကံစသော အကြောင်း၄-ပါးကြောင့် ဖြစ်သေးပုံ

အဘိဓမ္မာပါဠိတော် (ဘိ၊ ၁၊ ၂၇၉)၌ရင်း၊ မာတိကာ ဥပါဒိန္နတိက်ဝယ် ကမ္မဇရုပ် ဝီသတွင် ဥပစယ+သန္တတိနှစ်ပါးကို ထည့်ယူထားသဖြင့်ရင်း၊ အဋ္ဌကထာ၌လည်း ဥပစယနှင့် သန္တတိကို ကံစသောအကြောင်းလေးပါးတို့ကြောင့်ဖြစ်သော ကုတောစိသမုဋ္ဌာန (စတုဇရုပ်) ဟုဆိုကြသည်။

ဖြစ်ပုံကိုကြည့်ပါဦး- ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် မိမိတို့ဆိုင်ရာရုပ်ကို ဖြစ်စေရာ၌ မိမိတို့ဖြစ်စေအပ်သောရုပ်တို့၏ ဥပါဒ်၊ ဌီ၊ ဘင် အခိုက်တို့တွင် ဥပါဒ်ခဏပြီးသည့်တိုင်အောင် စွမ်းအင်သတ္တိများ ပျံ့နှံ့လျက်ရှိသည်။ (ဥပါဒ်မှ နောက်ကာလ၌ကား မပျံ့နှံ့တော့။

ထိုဥပါဒ်အခိုက်၌ ဥပစယ သန္တတိတို့ကို ရအပ်သောကြောင့် ဥပစယနှင့် သန္တတိတို့သည် ကံစသောအကြောင်း ၄-ပါးတို့ကြောင့် ဖြစ်သည်ဟူသော "**ကုတောစိသမုဋ္ဌာန်ရုပ်**" ဖြစ်ကြောင်း (=စတုဇရုပ်ဖြစ်ကြောင်း)ကို ပရိယာယ်အားဖြင့် ပါဠိတော်အဋ္ဌကထာကြီးများ၌ ဟောထားခြင်းဖြစ်သည်။

-လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ပရမတ္ထသံခိပ်ဋီကာ၌

လက္ခဏာရုပ်(၄)ခုကို သင်္ဂြိုဟ်ဆရာတော်ဘုရားကြီးတို့က နကုတောစိတ္တသမုဋ္ဌာန်ရုပ် (စတုဝိမုတ်) ဟုသာ ဆိုကြသည်။ အမှန်မှာ- ဇရတာနှင့် အနိစ္စတာ နှစ်ခုကိုသာ စတုဝိမုတ် ယူလိုသည်။ ဥပစယသန္တတိတို့ကိုကား- ပါဠိတော် အဋ္ဌကထာကြီးတို့၏ နည်းကို မလွန်ကျူးဘဲ စတုဇရုပ်၌ ထည့်သွင်းခြင်းသည်သာ သင့်လျော်လျောက်ပတ်၏။

တဖန် အဘိဓမ္မာပါဠိတို့၌ပင် ဥပစယ-သန္တတိ-၂-ပါးကို စိတ္တသမုဋ္ဌာန်ရုပ်အဖြစ်ထည့် ဟောထားသောကြောင့် ဇာတိရုပ်၏ တစ်စုံတစ်ခုသောအကြောင်းကြောင့်ဖြစ်ခြင်းကို အသိအမှတ်ပြုလျက်လက်ခံထား၏၊ ထိုသို့အသိအမှတ်ပြုလျက်လက်ခံခြင်းကိုလည်း ရုပ်ကို ဖြစ်စေတတ်သောအကြောင်းတို့၏ ဖြစ်စေခြင်းကိစ္စ စွမ်းရည်ရှိဆဲခဏ၌ တွေ့မြင်ရသော ကြောင့်ဟုသိရ၏။

**စိတ္တသမုဋ္ဌာန်ရုပ်-၁၅** = အာရုံရုပ်-၇ + အာကါသ + အာပေါ+ လဟုတာဒိ-ဥပစယ-သန္တတိ+ အာဟာရ။

**ရူပက္ခန္ဓာ၏အကျယ်ပြဆိုချက်ပြီး၏။**

❁❁❁

## ဝိညာဏက္ခန္ဓာပြဆိုချက်

(စိတ်ပိုင်းသရုပ်ခွဲများပြန်ကြည့်ပါလေ)

၄၅၁။ နာမ်ခန္ဓာအစု (၄)ပါး-

(က) ခံစားရခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တပေါင်းတည်းပြု၍ **ဝေဒနာက္ခန္ဓာ**(ဝေဒနာအဖို့အစု)အနေဖြင့်တစ်စု။

(ခ) မှတ်သားခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်အားဖြင့် တစ်ပေါင်းတည်းပြု၍ **သညာက္ခန္ဓာ** (သညာအဖို့အစု)အနေဖြင့်တစ်စု။

(ဂ) ပြုလုပ်ခြင်း, ကြောင့်ကြစိုက်ခြင်း၊ လက္ခဏာရှိသောတရားသဘောအလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြု၍ **သင်္ခါရက္ခန္ဓာ** (သင်္ခါရအဖို့အစု)အနေဖြင့်တစ်စု။

(ဃ) အာရုံကို အထူးသိခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ **ဝိညာဏက္ခန္ဓာ**(ဝိညာဏ်အဖို့အစု)အနေဖြင့်တစ်စု-အားဖြင့် လေးဖို့ လေးစုပြု၍ဟောပါ၏။

ထိုနာမ်ခန္ဓာ (၄)စုတွင်- ဝိညာဏက္ခန္ဓာအစုကို သိနားလည်လျှင် အခြားခန္ဓာတို့ကို လည်း လွယ်ကူစွာသိနိုင်သောကြောင့် ဝိညာဏက္ခန္ဓာကိုဦးစွာဖွင့်ဆိုရှင်းပြပါမည်။

**အရှင်ကောဋ္ဌိက (မေး)**- အာရုံကိုအထူးသိခြင်းလက္ခဏာရှိသော ဝိညာဏ်ဟူသည် အဘယ်နည်း။

**အရှင်သာရိပုတ္တရာ (ဖြေ)**- ငါ့ရှင်- ကောဋ္ဌိက, "အမှတ်ပြု၍သိခြင်း, (သာမန်) မှတ်သားခြင်းမှအထူးသိတတ်သောကြောင့်ဝိညာဏ်မည်၏ဟု- ဟောသောအတိုင်း

သိမှတ်ကြပါလေ။ (ပ-၁-၃၆၇-မဟာဝေဒလ္လသုတ်)

◈ **ဝိညာဏ်= စိတ်= မနော- အမည်သုံးခုလုံး အနက်အဓိပ္ပါယ်သဘောတစ်မျိုးတည်းသာဖြစ်ပါ၏။**

၄၅၂။

- ဝိညာဏ်စိတ်
  - အာရုံကို အထူးသိခြင်း လက္ခဏာသဘောအားဖြင့် တစ်ပါးတည်းသာဖြစ်ပါ၏။
    - ဇာတိဘေဒ အမျိုးအစားအားဖြင့်
      - ကုသိုလ်စိတ် — ဖြစ်ရာဘုံ အားဖြင့်
        - ကာမ ကု-၈
        - ရူပ ကု-၅
        - အရူပ ကု-၄
        - လောကုတ် ကု-၄
      - အကုသိုလ်စိတ် — ဖြစ်ရာဘုံ အားဖြင့် — ကာမစိတ်တစ်မျိုးသာ — မူလအားဖြင့်
        - လောဘ မူ-၂
        - ဒေါသ မူ-၂
        - မောဟ မူ-၂
      - အဗျာကတစိတ်
        - ဝိပါက်စိတ် — ဘုံ အားဖြင့်
          - ကာမ ဝိ-၂၃
            - အကုဝိ-၇ → အဟိတ် သက်သက်
            - ကု-ဝိ-၁၆
              - အဟိတ် ကု-ဝိ-၈
              - သဟိတ် ကု-ဝိ-၈
          - ရူပ ဝိ-၅
          - အရူပ ဝိ-၄
          - လောကုတ် ဝိ-၄
        - ကြိယာစိတ် — ဘုံ အားဖြင့်
          - ကာမ ကြိ-၁၁
            - အဟိတ် ကြိ-၃
              - မနော ဓာတ်-၁
              - မနော ဝိညာဏ ဓာတ်-၂
            - သဟိတ် မဟာကြိ-၈
          - ရူပ ကြိ-၅
          - အရူပ ကြိ-၄

(မှတ်ချက်) *အကုသိုလ်စိတ်သည် ရူပဘုံ အရူပဘုံတို့၌ ဖြစ်ငြားသော်လည်း ကာမဘုံ၌သာ အဖြစ်များသောကြောင့်၎င်း၊ ကာမဘုံသာသက်ဝင်သောကြောင့်၎င်း ကာမာဝစရသာမည်သည်။*

ဤဇယား စိတ်ပိုင်းအခွဲသည် အဘိဓမ္မာ(သင်္ဂြိုဟ်)၌ အားလုံးပါဝင်ပြီးဖြစ်သည်။ သို့သော်- အလွယ်တကူကြည့်ဖြစ်ရန်၊ ပြန်ကောက်မိရန်- အဘိဓမ္မာအတိုင်း-ထုတ်ပြပါဦးမည်။

**ကုသိုလ်စိတ်၌- မဟာကုသိုလ်စိတ်-၈-ပါးကို၊**

- သော
  - ဉာဏသမ် — အ / သ
  - ဉာဏဝိပ် — အ / သ
- ဥ
  - ဉာဏသမ် — အ / သ
  - ဉာဏဝိပ် — အ / သ

ဤကဲ့သို့ သောမနဿ/ဥပေက္ခာ-ဉာဏ် သင်္ခါရတို့၏အစွမ်းဖြင့်- ၈-ပါးဖြစ်၏

၎င်း ၈-ပါးဖြစ်ပုံမှာ- (ဋီကာကျော်လာအတိုင်းပင်ဖြစ်ပါ၏။)

## မဟာကုသိုလ်စိတ်(၈-ပါး)အသီးသီးဖြစ်ပေါ်ပုံ

(၁) အကြင်အခါ၌ လှူဖွယ်ဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်စသည်တို့၏ပြည့်စုံကောင်းမွန်ခြင်းကိုစွဲမှီ၍ဖြစ်စေ၊ အခြားတစ်ပါးသော သောမနဿဖြစ်ကြောင်းကိုစွဲမှီ၍ဖြစ်စေ၊ ရွှင်လန်းဝမ်းသာလျက်"ပေးလှူခြင်း၊ အကျိုးသည်ရှိ၏၊ ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ ဆုတ်နစ်လျော့လျည်းခြင်းမရှိဘဲ သူတစ်ပါးတို့က မတိုက်တွန်းရဘဲ ပေးလှူခြင်းအစရှိသောကောင်းမှုတို့ကိုပြု၏။ ထိုအခါ၌ ထိုပြုသူမှာ-သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကခေါ် ပဌမစိတ်ဖြစ်ပါ၏။

(၂) အကြင်အခါ၌မူကား- ဆိုခဲ့ပြီးသောနည်းဖြင့် ရွှင်လန်းဝမ်းမြောက်လျက်သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ပင် လွတ်လွတ်-မစွန့်နိုင်ခြင်းစသည်၏အစွမ်းအားဖြင့် ဆုတ်နစ်လျော့လျည်းလျက်ဖြစ်စေ၊ သူတစ်ပါးတို့ကတိုက်တွန်းပေး၍ဖြစ်စေ၊ (ပေးလှူခြင်းအစရှိသောကောင်းမှုတို့ကို)ပြု၏။ ထိုအခါ၌ ထိုပြုသူမှာ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် သင်္ခါရိကခေါ် ဒုတိယစိတ်ဖြစ်ပါ၏။

*(မှတ်ချက်) ဤအရာ၌ သင်္ခါရဟူသော ဤအမည်သည် မိမိကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးတို့ကဖြစ်စေ၊ ရှေ့အဖို့က အားပေးတိုက်တွန်းမှုဟူသော ပုဗ္ဗပယောဂ၏အမည်ဖြစ်၏။*

(၃) အကြင်အခါ၌မူ -မိဘဆွေမျိုးတို့၏ ပြုကျင့်ပုံကိုမြင်ရသဖြင့် အလေ့အကျင့်ရနေကြသောခလေးသူငယ်တို့သည် ရဟန်းကိုမြင်လျှင်ရွှင်လန်းဝမ်းသာဖြစ်ကုန်လျက်၊ လက်၌ရှိသောတစ်စုံတစ်ခုကိုပင် အဆောတလျင်ပေးလှူကုန်၏၊ (သို့မဟုတ်)ရှိခိုးကုန်၏။ ထိုအခါ (ထိုသူငယ်တို့မှာ-သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်အသင်္ခါရိကခေါ် တတိယစိတ်သည်ဖြစ်၏။

(၄) အကြင်အခါ၌မူ လှူကြ၊ရှိခိုးကြဟု ဆွေမျိုးများကတိုက်တွန်းသောကြောင့် ထိုအတူပင်ပြုကုန်၏။ ထိုအခါ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်သသင်္ခါရိကခေါ် စတုတ္ထစိတ်ဖြစ်ပါ၏။

(၅)၊ (၆)၊ (၇)၊ (၈)ထိုမှတစ်ပါး- လှူဖွယ်ဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်စသည်တို့၏မပြည့်စုံမကောင်းမွန်ခြင်းကို စွဲမှီ၍ဖြစ်စေ၊ အခြားတစ်ပါးကုန်သော သောမနဿဖြစ်ကြောင်းတို့၏မရှိခြင်းကို စွဲမှီ၍ဖြစ်စေ၊ ဆိုခဲ့ပြီးသောကုသိုလ်စိတ်ဖြစ်ပုံမှာ- ကြံစည်ချက်လေးပါးတို့၌-သောမနဿကင်းလျက် ဥပေက္ခာနှင့်တကွဖြစ်ကုန်၏။ ထိုအခါ ကြွင်းသောဥပေက္ခာသဟဂုတ်စိတ်လေးပါးတို့သည် ဖြစ်ကုန်၏။ဤသို့လျှင် သောမနဿ၊ဥပေက္ခာ၊ ဉာဏ်၊ သင်္ခါရတို့၏ အပြားအားဖြင့် ရှစ်ပါးအပြားရှိသော ကာမာဝစရကုသိုလ်စိတ်ကို သိအပ်ပါ၏။

**ရူပါဝစရကုသိုလ်စိတ်သည်** စျာန်အင်္ဂါတို့နှင့်ယှဉ်ခြင်း၏အပြားအားဖြင့် (၅)ပါးအပြားရှိ၏။

၁။ ဝိတက်၊ စာ၊ ပီ၊ သု၊ သမာဓိ (ဧကဂ္ဂတာ) (စျာန်အင်္ဂါ ၅-ပါး) နှင့်ယှဉ်သော ပဌမစျာန် (၁)ပါး။

၂။ ဝိတက်ကိုကျော်လွန်ခဲ့၍ (အင်္ဂါ ၄-ပါးနှင့်ယှဉ်)သော ဒုတိယစျာန်စိတ် (၁)ပါး။

၃။ ထိုဒုတိယစျာန်စိတ်မှ ဝိစာရကိုကျော်လွန်ခဲ့၍ အင်္ဂါ ၃-ပါးနှင့်ယှဉ်သော တတိယစျာန်စိတ် (၁)ပါး။

၄။ ထိုတတိယစျာန်စိတ်မှ ပီတိကိုကျော်လွန်ခဲ့၍ အင်္ဂါ ၂-ပါးနှင့်ယှဉ်သော စတုတ္ထစျာန်စိတ် (၁)ပါး။

၅။ သုခချုပ်ကင်းလျက် ဥပေက္ခာ+သမာဓိ (ဧကဂ္ဂတာ) စျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော ပဉ္စမစျာန်စိတ် (၁)ပါး။ ဤသို့ ၅-ပါး အပြားရှိ၏။

**အရူပါဝစရကုသိုလ်စိတ်သည်** -၄-ပါးသောအရူပစျာန်တို့နှင့်ယှဉ်ခြင်း၏အစွမ်းအားဖြင့် ၄-ပါးအပြားရှိ၏။ ၁။ အာကာသာနဉ္စာယတနစျာန်နှင့်ယှဉ်သော ပထမအရူပါဝစရစျာန်စိတ်(၁)ပါး၊ ၂။ ဝိညာနဉ္စာယတနအစရှိကုန်သောစျာန်တို့နှင့်ယှဉ်ကုန်သော ဒုတိယအရူပါဝစရစျာန်စိတ်၊ ၃။ တတိယအရူပါဝစရစျာန်စိတ် စတုတ္ထအရူပါဝစရစျာန် စိတ်တို့ ၃-ပါး =ပေါင်း ၄-ပါး အပြားရှိ၏။

**လောကုတ္တရာကုသိုလ်စိတ်သည်**- မဂ် ၄-ပါးတို့နှင့်ယှဉ်ခြင်း၏အပြားအားဖြင့် ၄-ပါးအပြားရှိ၏၊ ပေါင်း-ကုသိုလ်ဝိညာဏ်စိတ်သည် ၂၁-ပါးရှိ၏။

၄၅၃။ အကုသိုလ်စိတ်တွင် လောဘမူစိတ်သည်-သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, သင်္ခါရတို့၏အပြားအားဖြင့် ၈-ပါး အပြားရှိ၏။

သော
- ဒိသမ် — အ / သ
- ဒိဝိပ် — အ / သ

ဥ
- ဒိသမ် — အ / သ
- ဒိဝိပ် — အ / သ

## လောဘမူစိတ်(၈-ပါး)ဖြစ်ပေါ်ပုံ

(၁)"ကာမဂုဏ်တို့၌အပြစ်မရှိ" ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်လန်းဝမ်းမြောက်လျက် တိုက်တွန်းပေးရခြင်းမရှိဘဲ သူ့အလိုလိုပင် ထက်သန်သောစိတ်ဖြင့် ကာမဂုဏ်တို့ကိုသုံးဆောင်၏ ဒိဋ္ဌမင်္ဂလာစသည်တို့ကိုလည်း အနှစ်သာရအစစ်အမှန်အနေအားဖြင့်ယုံကြည်၏။ ထိုအခါ၌ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ပထမအကုသိုလ်စိတ်ဖြစ်ပါ၏။

*(မှတ်ချက်) ဒိဋ္ဌမင်္ဂလာ စသည်တို့ကို- ဟူသည်ကား- ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာတို့ကိုဆိုလို၏။ (ဋီကာ) ဒိဋ္ဌတွေ့မြင်ရသောအဆင်းသည် မင်္ဂလာပေတည်း၊ တွေ့မြင်ရသောအဆင်းမည်သည်မှာ- မြတ်သောမင်္ဂလာဟုသမုတ်အပ်သောအဆင်းပေတည်း။ ၎င်းသည် အဘယ်နည်းဟူမူ- နံနက်စောစောကပင် အိပ်ရာမှထ၍ **မိုးစာငှက်ကို (သိမ္မအရအားဖြင့်***

*စကားပြောတတ်သော ညှင့်ကို) မြင်၏ ဥဿျစ်ပင်ပျိုကို၊ ကိုယ်ဝန်ဆောင်မိန်းမကို၊ တန်ဆာဆင်ထားသောသူငယ်တို့ကို၊ ရေပြည့်အိုးကို၊ လတ်ဆတ်သောငါးကြင်းကို၊ အာဇာနည်မြင်းကို၊ အာဇာနည်မြင်းရထားကို၊ နွားလားဥသဘကို၊ နွားမကို၊ ကြောင်သောနွားကို မြင်၏။*

*ထိုမြင်လည်း ဤသို့သဘောရှိသော မြတ်သောမင်္ဂလာဟုသမုတ်အပ်သော အဆင်းကို မြင်၏။ ဤမြင်ရသောအဆင်းကို ဒိဋ္ဌမင်္ဂလာဟုခေါ်ဆိုအပ်၏ စသည်ဖြင့် ခုဒ္ဒကပါဌ အဋ္ဌကထာ၌ပြဆိုထားသည်နှင့်အညီ ဒိဋ္ဌမင်္ဂလာကိုသိအပ်၏။ ထို့အတူပင် အကောင်းအမြတ်ဟု သမုတ်အပ်သည့် ကြားရသောအသံကို သုတမင်္ဂလာဟူ၍ ၎င်း၊ အကောင်းအမြတ်ဟုသမုတ်အပ်သည့် နံသောအနံ့၊ စားရ သောအရသာ၊ ထိရသောအတွေ့တို့ကို မုတမင်္ဂလာဟူ၍ ၎င်း သိအပ်၏။ ၎င်းတို့၏ဆန့်ကျင်ဘက်တို့ကိုလည်း ဒိဋ္ဌအမင်္ဂလာစသည်ဟုသိအပ်၏။*

(၂) မထက်သန်သည်ဖြစ်၍ တိုက်တွန်းပေးရသောစိတ်ဖြင့် ကာမဂုဏ်တို့ကိုမူလည်း သုံးဆောင်၏။ ဒိဋ္ဌမင်္ဂလာစသည်တို့ကိုမူလည်းယုံကြည်၏။ ထိုအခါ ဒုတိယအကုသိုလ်စိတ်သည်ဖြစ်၏။

(၃) မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုမူ၍ သက်သက်ရွှင်လန်းဝမ်းမြောက်လျက် တိုက်တွန်းပေးရခြင်းမရှိဘဲ သူ့အလိုလိုပင်ထက်သန်သောစိတ်ဖြင့် မေထုန်မှီဝဲခြင်းကိုမူလည်းပြု၏။ သူတစ်ပါးစည်းစိမ်ကိုမူလည်းရလိုသမှု ရှေးရှုကြံ၏၊ သူတစ်ပါးဥစ္စာကိုမူလည်း ခိုးယူ၏၊ ထိုအခါ တတိယအကုသိုလ်စိတ်သည် ဖြစ်၏။

(၄) မထက်သန်သည်ဖြစ်၍ တိုက်တွန်းပေးရသောစိတ်ဖြင့် (ထိုသို့သောအမှုကို ပြု၏၊ ကြံ၏) ထိုအခါ၌ စတုတ္ထအကုသိုလ်စိတ်သည်ဖြစ်၏။

(၅)၊ (၆)၊ (၇)၊ (၈) အကြင်အခါ၌မူ- ကာမဂုဏ်တို့၏ မပြည့်စုံခြင်းကိုစွဲ၍ဖြစ်စေ၊ အခြားတစ်ပါးကုန်သော သောမနဿဖြစ်ကြောင်းတို့၏ မရှိခြင်းကြောင့်ဖြစ်စေ ဆိုခဲ့ပြီးသော အကုသိုလ်ဖြစ်ပုံ၊ ကြံစည်ချက် ၄-ပါးတို့၌လည်း စိတ်ရွှင်လန်းခြင်းမရှိကုန်၊ ထိုအခါ၌ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄-ပါးတို့သည်ဖြစ်ကုန်၏၊ ဤသို့လျှင် သောမနဿ၊ ဥပေက္ခာ၊ ဒိဋ္ဌိ၊ သင်္ခါရတို့၏အပြားအားဖြင့် ၈-ပါးအပြားရှိသောလောဘမူစိတ်ကို သိအပ်၏။

ဒေါသမူစိတ်သည်ကား- ဒေါမနဿသဟဂုတ် (နှလုံးမသာမှုနှင့်တကွဖြစ်သော) ပဋိဃသမ္ပယုတ် (ကြမ်းတမ်းသည့်ဒေါသနှင့်ယှဉ်သော) အသင်္ခါရိကစိတ် ၁-ပါး၊ သသင်္ခါရိကစိတ် ၁-ပါးဟူ၍ နှစ်ပါးသာလျှင်ဖြစ်သည်။

ယင်းစိတ် ၂-ပါး၏ဖြစ်ခြင်းကို သတ္တဝါကိုသတ်ခြင်းစသည်တို့၌ ထက်သန်စွာဖြစ်သောအခါ, မထက်သန်ဘဲဖြစ်သောအခါတို့၌ သိအပ်၏။

မောဟမူစိတ်သည်ကား- ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ် (၁)ပါး၊ ဥဒ္ဒစ္စနှင့်ယှဉ်သောစိတ် ၁-ပါးဟူ၍ ၂-ပါး အပြားရှိ၏။

ယင်းစိတ် ၂-ပါး၏ ဖြစ်ခြင်းကို အာရုံကိုမဆုံးဖြတ်နိုင်သောအခါ- ပြန့်လွင့်သောအခါ၌

သိအပ်၏။ ပေါင်း-အကုသိုလ်စိတ်ဝိညာဏ်သည် ၁၂-ပါးရှိ၏။

၄၅၄။ **ဝိပါက်စိတ်တို့တွင်-**

**အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး**

အဟိတ်ကုသလဝိပါက်စိတ်တို့တွင် (အလောဘစသော ဝိပါက်ဟိတ်ကင်းသော) (၁) စက္ခုဝိညာဏ်၊ (၂) သောတဝိညာဏ်၊ (၃) ဃာနဝိညာဏ်၊ (၄) ဇိဝှာဝိညာဏ်၊ (၅) ကာယဝိညာဏ်၊ (၆) သမ္ပဋိစ္ဆိုင်းကိစ္စရှိသော မနောဓာတ် (၇), (၈) သန္တီရဏစသောကိစ္စရှိကုန်သော မနောဝိညာဏဓာတ် (၂)ပါး၊ (သောတီ၊ ဥတီ)= ပေါင်း- ၈-ပါး ရှိကုန်၏။

**စက္ခုဝိညာဏ်စိတ်သည်-**

(က) စက္ခုသန္နိဿိတရူပဝိဇာနန လက္ခဏ် = မျက်စိအကြည်ကိုမှီ၍ အဆင်းကိုမြင်ခြင်း လက္ခဏာရှိ၏၊

(ခ) ရူပမတ္တာရမ္မဏရသ် = အဆင်းမျှသာ အာရုံပြုခြင်းကိစ္စရှိ၏၊

(ဂ) ရူပါဘိမုခဘာဝပစ္စုပဋ္ဌာန် = အဆင်းဆီသို့ ရှေ့ရှုပြုနေသည့်အဖြစ်ဖြင့်ဉာဏ်အား ရှေးရှုထင်၏။

(ဃ) ရူပါရမ္မဏာယ ကိရိယမနော ဓာတုယာ အပဂမ ပဒဋ္ဌာန် = အဆင်းလျှင် အာရုံရှိသော ကိရိယာမနောဓာတ်ခေါ် ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ကင်းခြင်းလျှင် နီးသော---

*(မှတ်ချက်) ပဥ္စဒွါရဝီထိ၏ ရှေ့သွားဆင်ခြင်မှုဖြစ်သောကြောင့် ယင်းစိတ်တို့ကို ပဥ္စဒွါရာဝဇ္ဇန်းဟု သင်္ဂဟကျမ်း၌အမည်ပေးထားသည်။ ဤအရာ၌ကား- **စက္ခုဒွါရဝီထိ၏ ရှေ့သွားဆင်ခြင်မှုဖြစ်သောကြောင့် စက္ခုဒွါရာဝဇ္ဇန်းဟူ၍လည်း ခေါ်ဆိုနိုင်၏။** ယင်း အာဝဇ္ဇန်းစိတ်၏အခြားမဲ့၌ဖြစ်သောကြောင့် ယင်းစိတ်၏ချုပ်ခြင်း၊ ကင်းခြင်းကို နီးသောအကြောင်းဟုဆိုသည်။*

(က) သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်စိတ်တို့သည် (အသီးအသီးအစဉ်အတိုင်း) နား၊ နှာ၊ လျှာ၊ ကိုယ် အကြည်ရုပ်တို့ကိုမှီ၍ အသံ, အနံ့, အရသာ, အတွေ့တို့ကို ကြားသိခြင်း၊ နံသိခြင်း၊ စားသိခြင်း၊ ထိသိခြင်း လက္ခဏာရှိကုန်၏။

(ခ) အသံစသည်မျှသာ အာရုံပြုခြင်းကိစ္စရှိကုန်၏၊

(ဂ) အသံစသောအာရုံဆီသို့ ရှေ့ရှုပြုသည်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်ကုန်၏။

(ဃ) အသံအာရုံစသော ကိရိယာမနောဓာတ်တို့၏ ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

**(သမ္ပဋိစ္ဆိုင်းခေါ်) ကုသလဝိပါက်မနောဓာတ်သည်-**

(က) စက္ခုဝိညာဏာဒီနံ အနန္တရံ ရူပါဒိဝိဇာနန လက္ခဏ် = စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့၌ အဆင်းစသည်ကို သိခြင်းလက္ခဏာရှိ၏။

(ခ) ရူပါဒီနံ သမ္ပဋိစ္ဆနရသ် = အဆင်းစသည်ကို လက်ခံခြင်း (သမ္ပဋိစ္ဆိုင်း)ကိစ္စရှိ၏။

(ဂ) တထာဘာဝပစ္စုပဋ္ဌာန် = အဆင်းစသည်ကို လက်ခံသည့်အဖြစ်ဖြင့်(ဉာဏ်အား)

(ဃ) စက္ခုဝိညာဏာဒိအပဂမ = စက္ခုဝိညာဏ်စသည်တို့၏ကင်းခြင်းလျှင်နီးသော--- ပဒဋ္ဌာန်

သန္တီရဏစသော ကိစ္စရှိသော အဟိတ်ကုသလဝိပါက် မနောဝိညာဏဓာတ် ၂-ပါးသည်-

(က) ဆဠာရမ္မဏ ဝိဇာနနလက္ခဏ်= ၆-ပါးသောအာရုံကို သိခြင်းလက္ခဏာရှိ၏။
(ခ) သန္တီရဏာဒိရသံ = သန္တီရဏစသောကိစ္စရှိ၏။
(ဂ) တထာဘာဝပစ္စုပဋ္ဌာန် = ထိုထိုသောကိစ္စများရှိသည်၏အဖြစ်ဖြင့် ဉာဏ်အား
(ဃ) ဟဒယဝတ္ထုပဒဋ္ဌာန် = ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

ဆက်၍ ရှင်းပြဦးမည်-သောမနဿ,ဥပေက္ခာတို့နှင့်ယှဉ်ခြင်းအပြားအားဖြင့်၎င်း၊ နှစ်ဌာန, ငါးဌာနတို့၏ အပြားအားဖြင့်၎င်း- ကွဲပြားခြင်းကိုသိထားရမည်။

ဤမနောဝိညာဏဓာတ် ၂-ပါးတို့တွင် သောမနဿသန္တီရဏစိတ် ၁-ပါးသည် ဣဋ္ဌာရုံအစစ်၌သာဖြစ်ခြင်းရှိသောကြောင့် သောမနဿနှင့်ယှဉ်၍ဖြစ်၏။ စုံစမ်းခြင်း သန္တီရဏကိစ္စ၏အလိုအားဖြင့် ပဉ္စဒွါရ၌၎င်း၊ ထိုဇော၏အာရုံကိုယူခြင်းတဒါရုံကိစ္စ အလိုအားဖြင့် ဇော၏အဆုံး၌၎င်းဖြစ်ခြင်းကြောင့် နှစ်ကိစ္စနှစ်ဌာနရှိ၏။ အခြားဥပေက္ခာသန္တီရဏဓာတ်တစ်ပါးသည်- ဣဋ္ဌမဇ္ဈတ္တာရုံခေါ် သာမာန်ဣဋ္ဌာရုံ၌ ဖြစ်ခြင်းရှိသောကြောင့် ဥပေက္ခာနှင့်ယှဉ်ခြင်းဖြစ်၏။ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့အလိုအားဖြင့် ဖြစ်ခြင်းကြောင့် ငါးကိစ္စ၊ ငါးဌာနရှိ၏။

**အဟိတ်-ကု-ဝိ-၈**

- (ရှိ) ←(ကိန်းသေမြဲသောအာရုံ)→ (မရှိ)
  - (ရှိ) → စက္ခုဝိညာဏ်စသော ၅-ပါးသည် အစဉ်အတိုင်း အဆင်းစသည် အာရုံတို့၌သာမြဲသော ဖြစ်ခြင်းရှိသောကြောင့်။
  - (မရှိ) → ကြွင်း ဝိညာဏ်-၃-ပါး
    - မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုင်း-၁-ပါးသည်အဆင်းစသည့် အာရုံ ၅-ပါး၌ဖြစ်
    - မနောဝိညာဏဓာတ်ခေါ် သန္တီ-၂-ပါးသည် အာရုံ ၆-ပါးလုံး၌ဖြစ်

**အဟိတ်-ကု-ဝိ-၈**

ဝေဒနာအားဖြင့်

- သုခ-၁ (ကာယဝိညာဏ်စိတ်)
- သောမနဿသန္တီ-၁ (၂-ကိစ္စ, ၂-ဌာနတပ်သော မနောဝိညာဏဓာတ်)
- ဥပေက္ခာ-၆ (ကြွင်း-၆-ပါး)

## သဟိတ်ကုသလဝိပါက်စိတ်(မဟာဝိပါက်စိတ်-၈-ပါး)

(အလောဘအစရှိသော ဝိပါက်ဟိတ်တို့နှင့်ယှဉ်)

(မဟာဝိပါက်) ယင်းသဟိတ်ကုသလဝိပါက်စိတ်သည် ကာမာဝစရကုသိုလ်စိတ်ကဲ့သို့ သောမနဿ+ဥပေက္ခာ၊ ဉာဏ်၊ သင်္ခါရအပြားအားဖြင့် ၈-ပါးအပြားရှိ၏။

**အထူးကား** - ကုသိုလ်စိတ်သည် ဒါနစသည်၏အစွမ်းအားဖြင့် ၆-ပါးသောအာရုံတို့၌ ဖြစ်သကဲ့သို့ ဤဝိပါက်စိတ်သည် ထို့အတူမဖြစ်ပေ၊ မှန်ပေ၏။ ဤဝိပါက်စိတ်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ လေးကိစ္စတို့၏အစွမ်းအားဖြင့် ကာမတရား၌သာလျှင်အတွင်းဝင်ကုန်သော အာရုံ ၆-ပါးတို့၌ ဖြစ်ပေသည်၊ ဤဝိပါက်စိတ်တို့၌ သသင်္ခါရ အသင်္ခါရအဖြစ်ကိုမူ **လာခဲ့ရာကုသိုလ်စသည်တို့၏အစွမ်းအားဖြင့်**[၁] သိအပ်၏။ (အဘိဓမ္မာ ကေစိဝါဒအတိုင်း) **ယှဉ်ဘက်တရားတို့၏**[၂] ထူးခြားခြင်းမရှိငြားသော်လည်း ကြေးမုံပြင်စသည်တို့၌ မျက်နှာရိပ်ကဲ့သို့ ဝိပါက်စိတ်မှာအားထုတ်ခြင်း၊ ကြောင့်ကြခြင်းမရှိ မှန်ထဲမှအရိပ်ရုပ်သည် မှန်ကြည့်သူ၏မျက်နှာအတိုင်း ပေါ်သကဲ့သို့ ကုသိုလ်စိတ်မှာကား- **အားထုတ်ခြင်း၊ ကြောင့်ကြပြုခြင်းရှိ၏**[၃]ဟုသိအပ်၏။

*(မှတ်ချက်) (၁) **လာခဲ့ရာကုသိုလ်စိတ်တို့၏အစွမ်းအားဖြင့်** ဟူသည်ကား-လာခဲ့ရာ ကုသိုလ်နှင့်အခြားအကြောင်းတို့၏အစွမ်းအားဖြင့်ဟုဆိုလို၏၊ ထိုတွင် **အချို့ဆရာတို့၏အလို အားဖြင့်**-မျက်နှာကလှုပ်လျှင် ကြေးမုံပြင်ထဲကမျက်နှာရိပ်လှုပ်ခြင်းကဲ့သို့ အသင်္ခါရကုသိုလ်၏ ဝိပါက်သည် အသင်္ခါရသာဖြစ်ရမည်။ သသင်္ခါရကုသိုလ်၏ဝိပါက်သည်လည်း သသင်္ခါရသာ ဖြစ်ရမည်၏ဟု ဤသို့လာခဲ့ရာ ကုသိုလ်၏အစွမ်းအားဖြင့် ဆိုကြ၏။ **အချို့ဆရာတို့၏အလို အားဖြင့်**မူ-အားကြီးကုန်၊ ထင်ရှားကုန်သောအကြောင်းတို့ကြောင့်၎င်း၊ ကံစသည်တို့ကြောင့်၎င်း ဖြစ်သော ဝိပါက်သည် အသင်္ခါရဖြစ်၏၊ အားနည်းကုန်သောအကြောင်းတို့ကြောင့်ဖြစ်သော ဝိပါက်သည် သသင်္ခါရဖြစ်၏ဟု ဤသို့အကြောင်းပစ္စယ၏အစွမ်းအားဖြင့်၊ ဆိုကြပြန်၏။ (ဋီကာ) ဤ၌ ဒုတိယဝါဒအသိခက်၏၊ ကျယ်ပြန့်စွာသိလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ၊ တတိယတွဲ- နှာ-၂၈၆ မှတ်ချက်များကို ကြည့်ပါ။*

*(၂) **ယှဉ်ဘက်တရားတို့**ဟူသည်ကား- ဓမ္မသင်္ဂဏီပါဠိတော်၌ သရုပ်အားဖြင့်လာသော ယှဉ်ဘက်တရားတို့ဟုဆိုပါ၏၊ မှန်၏၊ ထိုတရားတို့၏အစွမ်းအားဖြင့် ကုသိုလ်မှဝိပါက်၏ ထူးခြားခြင်းမရှိပေ၊ (ဋီကာ) ပါဠိတော်၌ ယေဝါပနဖြင့်ပြသော **တရားကိုးပါး**တို့ကို အဋ္ဌကထာ၌ သရုပ်အားဖြင့်ထုတ်ဖော်၍ ပြထားလေသည်။ ထိုကိုးပါးတို့တွင်- ကရုဏာ၊ မုဒိတာနှင့် ဝိရတီ-၃-ပါးတို့သည် ကုသိုလ်၌သာယှဉ်ကုန်၏၊ ဝိပါက်နှင့်မယှဉ်ကုန်၊ ဤသို့ ဝိပါက်၌ယှဉ်ဘက်တရား တို့သည် ကုသိုလ်မှထူးခြားခြင်းရှိသေး၏၊ သို့သော်လည်း ဤ၌ ထူးခြားခြင်းမရှိဟုဆိုသည်မှာ- **ပါဠိတော်၌ ထင်ရှားပြထားသောယှဉ်ဘက်တရားတို့ကို ရည်၍ဆိုခြင်းဖြစ်သည်**ဟု- ရှင်းလင်းပြ၏။*


*(၃) **နိရုဿာဟ-အားထုတ်ခြင်း, ကြောင့်ကြပြုခြင်းမရှိ**ဟူသော ဤစကား၌- ဥဿာဟ- **အားထုတ်ခြင်း**ဆိုသည်မှာ- အဝိဇ္ဇာ၊ တဏှာ၊ မာန မပြတ်စဲသေးသောစိတ်အစဉ်သန္တာန်၌ အကျိုးဝိပါက်ကိုဖြစ်စေခြင်းငှာ- စွမ်းနိုင်သည်၏အဖြစ်ဟု ဆိုအပ်သောကြောင့်ကြပြုမှု၊ ဗျာပါဒ*

*ဖြစ်ပါ၏၊ ထိုဗျာပါဒသည်- ဝိပါက်၌ မရှိ၊ ထို့ကြောင့် ယင်းဝိပါက်မှာ- အားထုတ်မှု ကြောင့်ကြပြုမှု မရှိပေ၊ ကုသိုလ်တို့၌မူကား- အဘိညာဉ် အစွမ်းအားဖြင့်ဖြစ်သော ကုသိုလ်တို့၌သော်လည်း၊ ယင်းဉဿာဟရှိသည်သာ။ ထို့ကြောင့် ယင်းကုသိုလ်စိတ်မှာ- အားထုတ်မှု ကြောင့်ကြပြုမှု ရှိပေသည်။ (ဋီကာ)*

## အကုသလဝိပါက် (၇) (အဟိတ်သက်သက်)

(၁) စက္ခုဝိညာဏ်၊ (၂) သောတဝိညာဏ်၊ (၃) ဃာနဝိညာဏ်၊ (၄) ဇိဝှာဝိညာဏ်၊ (၅) ကာယဝိညာဏ်၊ (၆) သမ္ပဋိစ္ဆိုင်းကိစ္စရှိသော ဝိပါက်မနောဓာတ်၊ (၇) သန္တီရဏကိစ္စရှိသော ငါးဌာနရှိသည့် မနောဝိညာဏဓာတ်ဟူ၍ ၇-ပါး အပြားရှိ၏။

လက္ခဏာအစရှိသည်ကို အဟိတ်ကုသလဝိပါက်စိတ်၌ ဆိုပြီးတိုင်း သိပါ။




ဤသို့လျှင် ဤ ၇-ပါးသော အကုသလဝိပါက်စိတ်တို့နှင့် ရှေ့၌ပြခဲ့သော ၁၆-ပါးသော ကုသလဝိပါက်စိတ်တို့၏အစွမ်းအားဖြင့် ကာမာဝစရဝိပါက်စိတ်သည် ၂၃-ပါး အပြားရှိ၏။

*(မှတ်ချက်) ၁။ ဉပေက္ခာသည် ယုတ်ညံ့၏ဆိုသည်မှာ- စင်စစ်ယုတ်ညံ့သော အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သောကြောင့် ဉပေက္ခာပင်ဖြစ်ငြားသော်လည်း ဒုက္ခသဘောရှိသည်၏အဖြစ်ကြောင့် ယုတ်ညံ့၏၊ သို့သော် "ဒုက္ခကဲ့သို့ (ကား) မထက်မြက်လှပေ" ဟု မိန့်ဆိုပေသည်။ ဒုက္ခဝေဒနာသည် အလွန်ထက်မြက်၊ အလွန်ခါးစပ်၊ ခံခက်သကဲ့သို့ ထို့အတူ ဤဉပေက္ခာသည်မထက်မြက်လှပေ၊ သို့သော်လည်း ဒုက္ခသဘောအားဖြင့်သာလျှင်ဖြစ်၏။ မှန်၏၊ အကုသိုလ်၏အကျိုးဝိပါက်သည် မဆင်းရဲဘဲမရှိချေ၊ ထိုအကုသလဝိပါက်၏ ဉပေက္ခာအဖြစ်ကိုမူ အားကြီးသူက နှိပ်စက်ရာ၌ ပြန်လည်ချေပရန်မစွမ်းနိုင်သဖြင့် ထိုနှိပ်စက်မှုကို အားနည်းသူ၏ လျစ်လျူရှုခြင်းကဲ့သို့ မှတ်အပ်၏။ (ဋီကာ)*

**ရူပါဝစရဝိပါက်စိတ်သည်**- ရူပါဝစရကုသိုလ်စိတ်ကဲ့သို့ ၅-ပါး၊ အရူပဝိပါက်သည်- အရူပကုသိုလ်ကဲ့သို့ ၄-ပါးအပြားရှိ၏။

**အထူးကား**- ရူပါဝစရ အရူပါဝစရကုသိုလ်စိတ်သည် **ဝင်စားသောသမာပတ်အလိုအားဖြင့် ဇောဝီထိ၌** ဖြစ်၏။ ဤရူပါဝစရ အရူပါဝစရဝိပါက်စိတ်သည်ကား- **ကပ်ရောက်၍ဖြစ်ရာရူပဘဝ၌ ပဋိသန္ဓေဘဝင်စုတိစိတ်တို့အလိုအားဖြင့်ဖြစ်၏။** ယင်းဝိပါက်စိတ်၏ ဖြစ်ပုံအပြားသည်လည်း ရူပါဝစရဝိပါက်စိတ်၌ ဆိုခဲ့သောနည်းအတိုင်းပင်-

**လောကုတ္တရာဝိပါက်သည်** - မဂ်စိတ်လေးပါး၏ အကျိုးဖြစ်သောကြောင့် ၄-ပါး အပြားရှိ၏၊ ထိုဖိုလ်စိတ် ၄-ပါးသည် မဂ်ဝီထိအလိုအားဖြင့်၎င်း၊ ဖလသမာပတ်အလိုအားဖြင့်၎င်း၊ နှစ်ပါးအပြားအားဖြင့် ဖြစ်၏။ ဤသို့လျှင် ဘုံ ၄-ပါးတို့၌ ဝိပါက်ဝိညာဏ်စိတ် အားလုံးသည် ၃၆-ပါး အပြားရှိ၏။

**ကိရိယာစိတ်သည်** - ဘုံအပြားအားဖြင့် ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ် ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုတွင် ကာမာဝစရကြိယာစိတ်သည် အဟိတ်စိတ်၊ သဟိတ်စိတ်ဟူ၍ ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် အလောဘအစရှိသောကိရိယာဟိတ်ကင်းသောစိတ်သည် အဟိတ်ကိရိယာစိတ်မည်၏။ ၎င်းသည် ပဥ္စဒွါရခေါ် မနောဓာတ်နှင့် မနောဒွါရာဝဇ္ဇန်း+ ဟသိတုပ္ပါဒ်ခေါ် မနောဝိညာဏဓာတ်အပြားအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် **(ပဥ္စဒွါရာဝဇ္ဇန်းခေါ်)မနောဓာတ်သည်**-

| | | |
|---|---|---|
| (က) | စက္ခုဝိညာဏာဒိပုရေစရ ရူပါဒိဝိဇာနန လက္ခဏာ | = စက္ခုဝိညာဏ် စသည်တို့၏ရှေ့သွားဖြစ်၍ အဆင်း စသည်တို့ကိုသိခြင်း လက္ခဏာရှိ၏၊ |
| (ခ) | အာဝဇ္ဇနရသာ | = (မျက်စိ စသည်တို့၌ ထင်လာသောအာရုံကို ဘာပါလိမ့်ဟု) နှလုံးသွင်း ဆင်ခြင်ခြင်းကိစ္စရှိ၏။ |
| (ဂ) | ရူပါဒိအဘိမုခ ဘာဝပစ္စုပဋ္ဌာနာ | = အဆင်းစသောအာရုံဆီသို့ ရှေ့ရှုပြုသည်၏ အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏။ |
| (ဃ) | ဘဝင်ဝိစ္ဆေဒပဒဋ္ဌာနာ | = ဘဝင်စိတ်၏ ပြတ်စဲခြင်းလျှင် နီးသော ---- |

(၎င်းကိရိယာ မနောဓာတ်သည် ဥပေက္ခာနှင့်သာ ယှဉ်၏။)

**ကိရိယာ** (မနောဒွါရာဝဇ္ဇန်း+ ဟသိတုပ္ပါဒ်ခေါ်) **မနောဝိညာဏဓာတ်သည်ကား**-

(၁) အများနှင့်ဆိုင်သော **သာဓာရဏစိတ်** (မနောဒွါရဝဇ္ဇန်း)
(၂) မဆိုင်သော **အသာဓာရဏစိတ်** (ဟသိတုပ္ပါဒ်)ဟူ၍ ၂-ပါးအပြားရှိ၏။

ထိုတွင် သာဓာရဏစိတ်သည် ဥပေက္ခာသဟဂုတ် အဟိတ်ကိရိယာ မနောဝိညာဏဓာတ်ခေါ် **မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။** ၎င်းစိတ်သည်-

(က) ဆဋ္ဌာရမ္မဏ (သဗ္ဗာရမ္မဏ) ဝိဇာနနလက္ခဏာ = ၆-ပါးသောအာရုံတို့ကို သိခြင်းလက္ခဏာရှိ၏။
(ခ) ကိစ္စဝသေန ပဉ္စဒွါရ မနောဒွါရေသု ဝေါဋ္ဌဗ္ဗနာဝဇ္ဇနရသာ = ကိစ္စအလိုအားဖြင့် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စရှိ၏ မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စရှိ၏။
(ဂ) တထာဘာဝပစ္စုပဋ္ဌာနာ = ထို ဝုဋ္ဌောကိစ္စ,အာဝဇ္ဇန်းကိစ္စရှိသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ) အဟေတုကဝိပါက မနောဝိညာဏဓာတု ဘဝင်္ဂါနံ အညတရာပဂမ ပဒဋ္ဌာနာ = သန္တီရဏနှင့် ဘဝင်တို့တွင် တစ်ပါးပါး ချုပ်ကင်းခြင်း လျှင် နီးသောအကြောင်းရှိ၏။

အသာဓာရဏစိတ်သည် သောမနဿသဟဂုတ် အဟိတ်ကိရိယာ မနောဝိညာဏဓာတ်ခေါ် ဟသိတုပ္ပါဒ်စိတ်ပေတည်း။ ၎င်းသည်-

(က) (ကာမာဝစရ) ဆဋ္ဌာရမ္မဏ ဝိဇာနနလက္ခဏာ = ၆-ပါးသောအာရုံတို့ကို သိခြင်းလက္ခဏာရှိ၏။
(ခ) ကိစ္စဝသေန အရဟံ အနုဋ္ဌာရေသု ဝတ္ထုသု ဟသိတုပ္ပါဒရသာ = ကိစ္စအလိုအားဖြင့် ရဟန္တာတို့အား မရှုန်းရင်းသော အာရုံဝတ္ထုတို့၌ ပြုံးခြင်းကိုဖြစ်စေခြင်း၊ ရသ (ကိစ္စ)-
(ဂ) တထာဘာဝပစ္စုပဋ္ဌာနာ = ထိုသို့ဖြစ်စေသည့်အဖြစ်ဖြင့် (ဉာဏ်အား)----
(ဃ) ဧကန္တတော ဟဒယဝတ္ထုပဒဋ္ဌာနာ = အာရုံလျှင် နီးသောအကြောင်းရှိ၏။ ဧကန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏၊

*(ဤသို့လျှင် ကာမာဝစရကိရိယာ အဟိတ်စိတ်သည် ၃-ပါးအပြားရှိ၏။)*

ကာမာဝစရကိရိယာ သဟိတ်စိတ်သည်ကား- သောမနဿ အစရှိသောအပြားအားဖြင့် ကုသိုလ်စိတ်ကဲ့သို့ပင် ၈-ပါးအပြားရှိ၏။

ထူးသည်မှာ- ကုသိုလ်စိတ်သည်- သေက္ခနှင့်ပုထုဇဉ်တို့အားဖြစ်၏။ ဤသဟိတ်ကိရိယာစိတ်သည် -ရဟန္တာတို့အားသာဖြစ်၏။ ကာမာဝစရကိရိယာစိတ်သည် ၁၁-ပါးအပြားရှိ၏။

ရူပါဝစရကိရိယာစိတ်သည်- ကုသိုလ်ကဲ့သို့ပင် ၅-ပါးအပြားရှိ၏၊ အရူပါဝစရကိရိယာစိတ်သည်လည်း ကုသိုလ်ကဲ့သို့ပင် ၄-ပါးအပြားရှိ၏။

အထူးကား- ရဟန္တာတို့အား ဖြစ်သည်၏ အစွမ်းအာဖြင့်သာလျှင် ဤရူပါဝစရ အရူပါဝစရကိရိယာစိတ်၏ ကုသိုလ်မှ ထူးခြားခြင်းကို သိအပ်၏။

*(ဤသို့လျှင် ဘုံ ၃-ပါးတို့၌ ကိရိယာဝိညာဏ်- စိတ်အားလုံးသည် ၂၀-အပြားရှိ၏။)*

## စိတ် ၈၉-ပါး ဇာတိဘေဒ

၄၅၅။ ယခုပြဆိုခဲ့သည့်အတိုင်း ကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကိရိယာစိတ်-၂၀၊ ဤသို့ ဇာတိဘေဒအားဖြင့် အလုံးစုံသောစိတ်-

ဝိညာဏ်တို့သည် တစ်ခုယုတ် ၉၀ (၈၉-ပါး) ဖြစ်ကုန်၏။

ယင်း ၈၉-ပါးသောစိတ်တို့သည် ကိစ္စ ၁၄-ပါး- (၁) ပဋိသန္ဓေ= ဘဝဟောင်းနှင့် ဘဝသစ်ဆက်စပ်ခြင်း၊ (၂) ဘဝင်= ဘဝင်, ဘဝ၏ အစိတ်၊ (၃) အာဝဇ္ဇန= အာဝဇ္ဇန်း- နှလုံးသွင်းဆင်ခြင်ခြင်း၊ (၄) ဒဿန= မြင်ခြင်း၊ (၅) သဝန= ကြားခြင်း၊ (၆) ဃာယန= နံသိခြင်း၊ (၇) သာယန=လျက်ခြင်း-အရသာသိခြင်း၊ (၈) ဖုသန=ထိသိခြင်း၊ (၉) သမ္ပဋိစ္ဆန= လက်ခံခြင်း၊ (၁၀) သန္တီရဏ=စူးစမ်းခြင်း၊ (၁၁) ဝေါဋ္ဌဗ္ဗန=ဝုဋ္ဌော-ဆုံးဖြတ်ခြင်း၊ (၁၂) ဇဝန= ဇော-လျင်သောအဟုန်ဖြင့်ဖြစ်ခြင်း၊ (၁၃) တဒါရမ္မဏ= တဒါရုံ-ထိုဇော၏အာရုံကိုယူခြင်း၊ (၁၄) စုတိ=စုတေရွေ့လျားခြင်ကိစ္စတို့၏အစွမ်းအားဖြင့် ၁၄-ပါးသောအခြင်းအရာတို့ဖြင့် ဖြစ်ကုန်၏။

| ကု/အကုက် | | ဝိပါက် | | ပဋိသန္ဓေအကျိုးပေးရာဘုံ |
|---|---|---|---|---|
| (ဥဒ္ဒစ္စကြဉ်) အကုက် ၁၁-ပါး အစွမ်းကြောင့် | | သတ္တဝါတို့အား သေခါနီး ကံ-ကမ္မ ဂတိနိမိတ်-တစ်ပါးပါးကို အာရုံပြု၍-အဟိတ်-ဥ-သန္တီရဏစိတ်ဖြင့် | ၁ | အပါယ်၄-ဘုံ၌ ပဋိသန္ဓေ အကျိုးကို ဖြစ်စေပါသည်။ |
| အားနည်းသော ဒွိဟိတ် ကုသိုလ်ကံသည် | ပါး-၉-ဝိပါက် | အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ (မနောဝိညာဏ ဓာတ်)ဖြင့် | ၁ | ပဏ္ဍုက်စသော ဇစ္စန္ဓ ပုဂ္ဂိုလ်များအဖြစ် လူ့ဘုံ၌---------- |
| မဟာကုက်၈-ပါး အစွမ်းကြောင့် | | သတ္တဝါတို့အား ---- အာရုံပြု၍ မဟာဝိပါက်စိတ်-၈-ပါးဖြင့် | ၈ | လူ့ဘုံ, နတ်ဘုံတို့၌ ------ ------------- |
| ရူပ, အရူပ ကုသိုလ်ကံ အစွမ်းကြောင့် | | သတ္တဝါတို့အား ---- ကမ္မနိမိတ် ကိုသာ အာရုံပြု၍ ရူပ, အရူပ ဝိပါက်တို့ဖြင့် | ၉ | ရူပ, အရူပဘဝတို့၌ -------------------- |
| | | | ၁၉ | |

*(မှတ်ချက်) ဒွိဟိတ်ကုသိုလ်သည်အားကြီးလျှင်ဒွိဟိတ်ဝိပါက်ကို ဖြစ်စေတတ်၏၊ အားနည်းလျှင် အဟိတ်ဝိပါက်ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် အားနည်းသောဒွိဟိတ်ကုသိုလ်၏ အကျိုးဟု ဆိုသည်။*

ကု/အကု → ပဋိသန္ဓေ → ဘဝင် ဘွင်၊ ဘွင် စသည် (ဝီထိစိတ်) →ဘွင် → စုတိ
ကံကြောင့် စိတ် ↓ ↓ ↓ ↓

ပဋိသန္ဓေစိတ်နှင့်တူ ပဋိသန္ဓေအာရုံကိုပင် အာရုံပြုကြ

(တစ်ဘဝတာလုံး ဘဝင်ကို နစ်စေပျက်စေမည့် အခြားဝီထိစိတ်မဖြစ်သောအချိန်တို့တွင်၎င်း၊ အိပ်နေစဉ် အိမ်မက်မမက်သောအချိန်တို့တွင် ၎င်း၊ မြစ်ရေအယဉ်ကဲ့သို့ မရေမတွက်နိုင်အောင် ဘဝင်စိတ်များအဆက်မပြတ်ဖြစ်နေ၏)

အာဝဇ္ဇန်း- သတ္တဝါတို့သန္တာန်၌ ဘဝင်အစဉ်မပြတ်ဖြစ်နေစဉ်ကာလဝယ်- စက္ခုန္ဒြေ= စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ ထိပါးတိုက်ခိုက်ခြင်းအစွမ်းအာနုဘော်ကြောင့် ဘဝင် လှုပ်, ပြတ်သော် ထင်ပေါ်လာသည့်ထိုအဆင်းကိုပင်အာရုံပြုပြီး ဘဝင်ကိုဖြတ်ဘိသကဲ့သို့ ဆင်ခြင်မှုအာဝဇ္ဇန်းကိစ္စကိုဆောင်ရွက်ပြီး ကိရိယာမနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။

ပဉ္စဒွါရဝီထိ၌ -အတီ-န-ဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်- သမ်-တီ-ဝု-ဇ-ရုံ

မနောဒွါရ၌မူ- ၆-ပါးသောအာရုံထင်လျှင် ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒဖြစ်ပြီး- ဘဝင်ကိုဖြတ်ဘိသကဲ့သို့ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းကိစ္စကိုပြီးစေလျက် ဥပေက္ခာ ကိရိယာ အဟိတ်မနောဝိညာဏဓာတ်ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။

မနောဒွါရာဝီထိ၌ န-ဒ မနောဒွါရာဝဇ္ဇန်း ဇ-ရုံ။

## ပဉ္စဝိညာဏ်

ဤသို့ အဟိတ်ကြိယာ ဥပေက္ခာစိတ် (၂)ပါးသည် အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်ကြ ပြီး စက္ခုဝိညာဏ်သည် မြင်ခြင်း (ဒဿန) ကိစ္စကို ဆက်လက်ဆောင်ရွက်၏။ (သော, ဃာ, ဇိ, ကါ ထိုနည်းတူ)

(၎င်းစိတ်တို့သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ ကုသလဝိပါက်တို့ဖြစ်ကြပြီး အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၌ အကုသလဝိပါက်စိတ်တို့ဖြစ်ကြပါသည်။

## သမ္ပဋိစ္ဆိုင်း

စက္ခုဝိညာဏ်ချုပ်ပြီး အာရုံကိုလက်ခံလျက် စိတ်= မနော= မာနသ-ဟုခေါ်သော သမ္ပဋိစ္ဆိုင်းဒွေ (မနောဓာတ်)၏ သမ္ပဋိစ္ဆိုင်းကိစ္စအစွမ်းကိုသိရ၏။

| | | |
|---|---|---|
| (ကုသလစက္ခုဝိညာဏ်အခြားမဲ့၌ | ကုသလဝိပါက်သမ္ပဋိစ္ဆိုင်း | မနောဓာတ်ဖြစ်ပြီ။) |
| အကုသလ ။ | အကုသလ ။ ။ | ။ ဖြစ်ပါသည်။ |

## သန္တီရဏ

ဆက်လက်၍ —
- အကုဝိ-မနောဓာတ်သမ္ပဋိစ္ဆိုင်းနောင်- အကုဝိ- ဉ - သန္တီရဏ
- ကုဝိ ။ ။ —
  - ဣဋ္ဌာရုံ၌- သော- သန္တီရဏ
  - ဣဋ္ဌမဇ္ဈတ္တာရုံ၌- ဉ- သန္တီရဏ

## ဝုဋ္ဌောစိတ်

စူးစမ်း၍ သန္တီရဏဖြစ်+ ချုပ်ကြပြီး၊ အာရုံကိုပိုင်းခြားဆုံးဖြတ်သော ဥပေက္ခာကြိယာ အဟိတ်မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်းစိတ်)သည် ဝုဋ္ဌောကိစ္စ၏အစွမ်းဖြင့်ဖြစ်၏။

**ဇောစိတ်**

ထို့နောက် ပဉ္စဒွါရ၌ ကာမဇော(၂၉)ပါးတို့သည် လျှင်သောအဟုန်ဖြင့် ဇောကိစ္စကို ပြီးစေလျက် ၆-ကြိမ်၊ ၇-ကြိမ် ဖြစ်၏။

**ကာမဇောဝါရမနောဒွါရ၌** မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ကာမဇော (၂၉)ပါး တို့ဖြစ်ပြီး အပ္ပနာဇောဝါရ-မနောဒွါရ၌- **ဂေါတြဘူ၏အခြားမဲ့၌** အပ္ပနာဇော (၂၆)ပါး တို့ဖြစ်ကြပါသည်။ ဤသို့လျှင် အကြောင်းပစ္စည်းကိုရသော ကုသိုလ်, အကုသိုလ်, ကြိယာ, လောကုတ္တရာဝိပါက်ဝိညာဏ် (၅၅)ပါးသောဇောစိတ်တို့သည် လျှင်သောအဟုန် ဇောကိစ္စ အစွမ်းဖြင့် ဖြစ်ကြကုန်၏။

*(မှတ်ချက်) အထက်မဂ်တို့၏ရှေ့, ဝေါဒါန်နှင့် ဖိုလ်ဇောတို့၏ရှေ့ ပရိကံ (အနုလုံ) တို့ကိုလည်း ပဋိသမ္ဘိဒါမဂ်နည်းအားဖြင့် ဂေါတြဘူဟုသာယူပါသည်။)*

*(၁) ကာမဇောဝါရ၌ ယင်း ၂၉-ပါးသော ဇောတို့သည် ယေဘုယျအားဖြင့် ၇-ကြိမ်၊ ရံခါ၌ ၆-ကြိမ်၊ မိန်းမောသောအခါစသည်၌ ၅-ကြိမ်ဖြစ်ကုန်၏၊ အပ္ပနာဇောဝါရတို့၌မူ ဉာဏသမ္ပယုတ် ကာမကုသိုလ်ကြိယာဇော ၈-ခုတို့သည်သာလျှင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဟူသောအမည်ဖြင့် ၄-ကြိမ်သော်၎င်း၊ ၃-ကြိမ်သော်၎င်းဖြစ်ကုန်၏။*

*(၂) ရူပါဝစရပထမဈာန်ကို ရအောင်အားထုတ်နေသောသူအား- သို့မဟုတ် ရပြီး ပထမဈာန်ကိုဝင်စားရန်အားထုတ်နေသောသူအား ဂေါတြဘူနောင် ပုထုဇဉ်သေက္ခဖြစ်လျှင် ကုသိုလ်ပထမဈာန်ဇောသည် ဖြစ်၏။ ရဟန္တာဖြစ်လျှင် ကိရိယာပထမဈာန်ဇောသည်ဖြစ်၏။*

**တဒါရုံစိတ်**

**"ပုဂ္ဂိုလ်ကာမ, ဇောကာမနှင့်ကာမအာရုံ၊ သုံးချက်စုံ၊ တဒါရုံ၏အခွင့်တည်း"** ဆိုသည့်အတိုင်း ကာမဇောနောက်၌သာ တဒါရုံကျနိုင်၏။

ဇော၏အဆုံးဝယ် ပဉ္စဒွါရ၌အတိမဟန္တာရုံဖြစ်လျှင် မနောဒွါရ၌ဝိဘူတာရုံဖြစ်လျှင် ကာမသတ္တဝါတို့အား ကာမဇော၏အဆုံး၌ ဣဋ္ဌာရုံ စသည်တို့၏အစွမ်းကြောင့်၎င်း, ရှေ့ကံနှင့် ဇောစိတ်စသည်တို့၏အစွမ်းကြောင့်၎င်း၊ အကြောင်းအားလျော်စွာ ကာမဇော (၂၉)ပါး နောင်→ သဟိတ်ကာမာဝစရ (မဟာ) ဝိပါက် ၈-ပါး + အဟိတ်ဝိပါက် မနောဝိညာဏ်ဓာတ် ခေါ် သန္တီရဏစိတ် (၃)ပါး= ပေါင်း ၁၁-ပါးတို့တွင် တစ်ပါးပါးသည် ရေဆန်သို့သွားသောလှေ သင်္ဘော၏နောက်သို့ ရေအယာဉ်ယက်ပန်းသည် အချိန်အနည်းငယ်မျှ ရေဆန်ဘက်သို့ လိုက်ပါသွားသကဲ့သို့ (ဘဝင်အယာဉ်၊ ဘဝင်အစဉ်၊ ဘဝင်အာရုံမဟုတ်ဘဲ)၊ ရေအစုန် အာရုံမဟုတ်ဘဲ လျှင်သောအဟုန်၊ မြန်သောအဟုန်၊ ပြင်းပြသောအဟုန်ရှိသော လှေ သင်္ဘောနှင့်တူသော ဇောအာရုံနောက်သို့ အစဉ်လိုက်ပါလျက် ၂-ကြိမ် (သို့) ၁-ကြိမ်ဖြစ်၏။

*(မှတ်ချက်) ဣဋ္ဌာရုံဖြစ်လျှင်ကုသလဝိပါကသောမနဿတဒါရုံ ၅-ပါးထဲက တစ်ပါးပါးဖြစ်သည်၊ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက်ဥပေက္ခာတဒါရုံ ၅-ပါးထဲက တစ်ပါးပါးဖြစ်သည်၊ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက်သန္တီရဏတဒါရုံဖြစ်သည်။*

ဤသို့သင့်လျော်သောအကြောင်းကိုရ၍ သင့်လျော်သောတဒါရုံဖြစ်ပုံကိုပြသည်။

*ရှေးကံနှင့်ဇောစိတ်စသည်တို့၏အစွမ်းအားဖြင့်ငင်း-ဟူရာ၌-*

*(က) ရှေးကံ၏အစွမ်းအားဖြင့်ငင်း၊ (ခ) ဇောစိတ်၏အစွမ်းအားဖြင့်ငင်း၊ (ဂ) စသည်တို့၏အစွမ်းအားဖြင့်ငင်း- ၃-ပိုင်းခွဲ၍ယူရာ၏။*

*ထိုတွင် (က) ပထမပိုင်းကို ဋီကာ၌ "**ရှေးကံ၏အစွမ်းအားဖြင့်**-ဟူသော ဤစကားကို တဒါရုံအထူးကိုပြခြင်းငှာဆိုသည်။ မှန်၏၊ ပဋိသန္ဓေကိုဖြစ်စေသည့်ကံကသာလျှင် တဒါရုံကို ဖြစ်စေသည်မဟုတ်၊ **စင်စစ်သော်ကား**- အခြားကံကလည်းဖြစ်စေတတ်၏။ ယင်းကံကမူ **ပဋိသန္ဓေကိုပေးသည့်ကံက ဖြစ်စေသောတဒါရုံမှ- ထူးသည့်တဒါရုံကိုလည်းဖြစ်စေတတ်၏။**"ဟုဖွင့်ပြ၏။ အကုသိုလ်ကံက- အကုသလဝိပါက်တဒါရုံကိုသာဖြစ်စေသည်။ ကုသိုလ်ကံက- ကုသလဝိပါက်တဒါရုံကိုသာ ဖြစ်စေသည်။ ထိုတွင်လည်း တိဟိတ်ဥက္ကဋ္ဌကံက- တိဟိတ်တဒါရုံကို၊ တိဟိတ်သြမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံက- ဒွိဟိတ်တဒါရုံကို၊ ဒွိဟိတ်သြမကကံက- အဟိတ်ကုသလဝိပါက်တဒါရုံကို ဖြစ်စေသည်။ သောမနဿကံက- သောမနဿတဒါရုံကို၊ အသင်္ခါရကံက- အသင်္ခါရတဒါရုံကို ဖြစ်စေသည်။ ဤသို့စသည်ဖြင့်လည်းယူသင့်၏။*

*(ခ) **ဇောစိတ်၏အစွမ်းအားဖြင့်**ဟူသောစကားဖြင့် တဒါရုံသတ်မှတ်ပုံကို ဋီကာ၌ ဤသို့ပြဆိုထား၏။ ပြဆိုပုံမှာ- ကာမကုသိုလ်ဇော လောဘမူဇောမောဟမူဇော သောမနဿသဟဂုတ်ကိရိယာဇောတို့တွင် တစ်ပါးပါး၏အခြားမဲ့၌-သောမနဿတဒါရုံ ၅-ပါးထဲကတစ်ပါးပါးဖြစ်သည်။ ကာမကုသိုလ် အကုသိုလ်ဇော၊ ဥပေက္ခာသဟဂုတ် ကိရိယာဇောတို့တွင် တစ်ပါးပါး၏အခြားမဲ့၌ ဥပေက္ခာတဒါရုံ ၆-ပါးထဲကတစ်ပါးပါးဖြစ်သည်။ (ဋီကာ)*

*(ဂ) **အာဒိ=စသည်တို့၏အစွမ်းအားဖြင့်**ဟူသောစကားဖြင့် ပဋိသန္ဓေစိတ်ကိုသိမ်းယူ၏။ **မှန်၏၊** ထိုပဋိသန္ဓေစိတ်သည် မိမိထက်သာလွန်သောတဒါရုံ၏ အကြောင်းအထောက်အပံ့ မဖြစ်ပေ။ (ဋီကာပင်) အဘိဓမ္မာဝတာရဋီကာသစ် နှာ-၂၆၂၌ တဒါရုမ္မဏာဥ ပဏီတာပဏီတ ပဏီတဥတု ဘောဇနာဒိပစ္စယဝသေန- စသည်ဖြင့်ပြဆိုထားသော စကားအရအားဖြင့် ပဏီတဥတုဘောဇဉ်စသောအကြောင်းကြောင့် အသင်္ခါရတဒါရုံဖြစ်သည် အပဏီတ ဥတုဘောဇဉ်စသောအကြောင်းကြောင့် သသင်္ခါရတဒါရုံ ဖြစ်သည်ဟူသောအနက်ကိုလည်း ဤ၌ အာဒိ-စသည်ဖြင့် ယူသင့်သကဲ့သို့ရှိ၏။*

ဇော၏အဆုံး၌ ဘဝင်အာရုံဆက်ဖြစ်သင့်ပါလျက် (မဖြစ်ဘဲ) ဇော၏အာရုံကိုပင် အာရုံပြုလျက် အစဉ်လိုက်၍ ဖြစ်သောကြောင့် တဒါရုံစိတ်ဟုခေါ်ရ၏။

### ဘဝင်စိတ်

တဒါရုံအဆုံး၌ ဘဝင်စိတ်များမပျက်ဆက်၍ဖြစ်ပြန်၏၊ ဘဝင်စိတ်များပြတ်သွားပြန်သောအခါ အာဝဇ္ဇန်းစသောဝီထိစိတ်များဖြစ်ပြန်၏။ ဤကဲ့သို့ **စိတ္တနိယာမအတိုင်း** ဘဝင်စိတ်များအဆုံး၌ အကြောင်းပစ္စည်းကိုရသောစိတ်အစဉ်သန္တာန်သည် မြင်ခြင်းစသော ပဉ္စဒွါရဝီထိစိတ်များ, မနောဒွါရဝီထိစိတ်များဖြစ်၏။ ဝီထိစိတ်များအဆုံး၌ ဘဝင်စိတ်များ ဆက်ဖြစ်ပြန်ရာ ဘဝတစ်ခု၏စုတိတိုင်အောင်ပင် အဖန်တလဲလဲ မပျက်ဖြစ်တော့၏။ (ဘဝသစ် ပြန်ဖြစ်သောအခါလည်း မရပ်မနားဆက်ပြန်၏။)

**စုတိစိတ်**

ဘဝတစ်ခု၌ ဘဝင်အားလုံးတို့၏နောက်ဆုံးဖြစ်သော ဘဝင်စိတ်သည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ရွေ့လျောကြောင်းဖြစ်သောကြောင့် စုတိစိတ်ဟုခေါ်ရ၏။ (ဤစုတိစိတ်ဝိပါက် ဝိညာဏ်သည်လည်း ပဋိသန္ဓေစိတ်၊ဘဝင်စိတ်တို့နည်းတူ ၁၉-ပါးအပြားဖြင့် စုတိအစွမ်း ကိစ္စကိုဆောင်ရွက်ပါသည်။

ဤသို့ဖြင့် စုတိမှပဋိသန္ဓေ→ပဋိသန္ဓေမှ (ဘဝင်/ဝီထိ) ဘဝအဆုံး၌စုတိ → တဖန်စုတိမှ ပဋိသန္ဓေ → ပဋိသန္ဓေမှ (ဘဝင်/ဝီထိ) ဘဝအဆုံး၌ စုတိ → စသောနည်းဖြင့် မပြတ်မလပ် မရပ်မနား (နိဗ္ဗာန်မရမချင်း) ဘဝ ၃-ပါး၊ ဂတိ ၅-ပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသဘုံ ၉-ပါးတို့၌ တစ်ပြောင်းပြန်ပြန် ပြောင်းရွေ့ကျင်လည်နေကြရသောသတ္တဝါတို့၏စိတ်အစဉ် သန္တာန်၌ နာမ်သံသရာစက်အယာဉ်ကြီး မပြတ်မစဲဖြစ်လျက်ရှိနေသည်သာဖြစ်ပါ၏။

မဂ္ဂင်၈-ပါးတည်းဟူသောသမ္မာပဋိပတ်အကျင့်လမ်းမှန်ကို စွဲမှီကျင့်ကြံ၍ အရ ဟတ္တဖိုလ်တိုင်ရောက် မျက်မှောက်ပြုသိရှိနိုင်သောသတ္တဝါတို့၏စိတ်အစဉ်သည်ကား- စုတိစိတ်ချုပ်ပြီးသော် အပြီးတိုင်ချုပ်ပြတ်ငြိမ်းစဲလေတော့၏။ ။


**ဝိညာဏက္ခန္ဓာပြဆိုချက်ပြီး၏။**

❁ ❁ ❁

## ဝေဒနာက္ခန္ဓာ ပြဆိုချက်

၄၅၆။ ခံစားခြင်းလက္ခဏာရှိသောသဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တပေါင်းတည်း ပြု၍ ဝေဒနက္ခန္ဓာအဖို့အစုဟုခေါ်၏။ ခံစားခြင်းလက္ခဏာဆိုသည်မှာ- ဝေဒနာပင်ဖြစ်၏။

- ငါ့ရှင်ကောဋ္ဌိက- "ခံစားတတ်သောကြောင့်ဝေဒနာဟုခေါ်ဆိုရ၏"ဟု အရှင်သာရိ ပုတ္တရာမြေရှင်းဟောကြားတော်မူတိုင်းသိမှတ်ကြရမည်။ (မ-၁-၃၆၇) မဟာ ဝေဒလ္လသုတ်)



ဝေဒနာသည်- သဘာဝအားဖြင့် (သုခ-၁+ဒုက္ခ-၁+ သောမနဿ-၆၂ +ဒေါမနဿ ၂ + ဥပေက္ခာ-၅၅= ၈၉) ၅-မျိုးရှိ၏။ (အဘိဓမ္မာလာအတိုင်း- သရုပ်များကိုကောက်ပါလေ။)

**သုခဝေဒနာသည်-**

(က) ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏာ = ဣဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ် ကောင်းသောအတွေ့ကိုခံစားခြင်းလက္ခဏါရှိ၏။

(ခ) သမ္ပယုတ္တာနံ ဥပဗြူဟန ရသာ = ယှဉ်ဖက် (စိတ် စေတသိက်) သမ္ပယုတ်တရားတို့ကို ပွားစေခြင်း၊ သန်စွမ်းဖွံ့ထွားစေခြင်းကိစ္စရှိ၏။

(ဂ) ကါယိကအဿာဒ ပစ္စုပဋ္ဌာနာ = ကိုယ်ထဲ၌ဖြစ်သောသာယာဖွယ်ဟု (ဉာဏ်အား) ရှေးရှုထင်၏။

(ဃ) ကါယိန္ဒြိယပဒဋ္ဌာနာ = ကိုယ်အကြည်ရုပ်ဟူသောကာယိန္ဒြေလျှင် နီးသော-

**ဒုက္ခဝေဒနာသည် -**

(က) အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏာ = အနိဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ်မကောင်းသော အတွေ့ကို ခံစားခြင်း လက္ခဏာရှိ၏။

(ခ) သမ္ပယုတ္တာနံ မိလာပနရသါ= ယှဉ်ဖက် (စိတ် စေတသိက်) သမ္ပယုတ်တရားတို့ကို ညှိုးနွမ်းအားလျော့စေခြင်းကိစ္စရှိ၏။

(ဂ) ကာယိကာဗာဓ ပစ္စုပဋ္ဌာနာ= ကိုယ်ထဲ၌ဖြစ်လျက် နှိပ်စက်တတ်သည့် အခံခက်သောသဘောဟု (ဉာဏ်အား) ရှေးရှုထင်၏။

(ဃ) ကာယိန္ဒြိယ ပဒဋ္ဌာနာ = ကာယိန္ဒြေလျှင် နီးသောအကြောင်းရှိ၏။

**သောမနဿဝေဒနာသည်-**

(က) ဣဋ္ဌာရမ္မဏာနုဘဝန လက္ခဏာ = ဣဋ္ဌာရုံခေါ်အလိုရှိအပ်သော အာရုံကောင်းကို ခံစားခြင်းလက္ခဏာရှိ၏။

(ခ) ယထာ တထာဝါ ဣဋ္ဌာကာရ= သမ္ဘောဂရသာ = ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ၊ အလိုရှိအပ်သောအခြင်းအရာ- ကောင်းသောအခြင်းအရာအားဖြင့်သုံးဆောင်ခြင်းကိစ္စရှိ၏။

(ဂ) စေတသိကအဿာဒ ပစ္စုပဋ္ဌာနာ = စိတ်ထဲ၌ဖြစ်သောသာယာဖွယ်ဟု (ဉာဏ်အား) ရှေးရှုထင်၏။

(ဃ) ပဿဒ္ဓိပဒဋ္ဌာနာ = ကိုယ်စိတ်၏ ငြိမ်းအေးမှု- ပဿဒ္ဓိလျှင် နီးသော---

*(မှတ်ချက်) ဣဋ္ဌာရုံသည် သဘာဝဣဋ္ဌာရုံ+ ပရိကပ္ပဣဋ္ဌာရုံအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုတွင် ကုသလဝိပါက်၏အာရုံဖြစ်ထိုက်သော အာရုံကောင်းအစစ်သည် သဘာဝဣဋ္ဌာရုံမည်၏။ အာရုံကောင်းမဟုတ်သော်လည်း ခံစားသူ၏အလိုကျဖြစ်၍ အာရုံကောင်းဟုထင်ရသော*

*အာရုံသည်ပရိကပ္ပက္ကဋ္ဌာရုံမည်၏၊ ကောင်းသည့်အနေဖြင့်ကြံဆ၍ယူအပ်သောကြောင့် ဣဋ္ဌဖြစ်သော အာရုံဟုဆိုလို၏၊*

*ထိုသဘာဝ ,ပရိကပ္ပက္ကဋ္ဌာရုံ နှစ်ပါးလုံးကိုပင် ဤအရာ၌ ဣဋ္ဌာရုံဟု ဆိုသည်၊ ထို့ကြောင့်ပင် သမ္ဘောဂရသအရာ၌ "ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကောင်းသောအခြင်းအရာ အားဖြင့်သုံးဆောင်ခြင်းကိစ္စရှိ၏" ဟုဆိုသည်။*

**ဒေါမနဿဝေဒနာသည် -**

| | | | |
|---|---|---|---|
| (က) | အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ | = | အနိဋ္ဌာရုံခေါ် အလိုမရှိအပ်သောအာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ |
| (ခ) | ယထာ တထာဝါ အနိဋ္ဌာ -ကာရ သမ္ဘောဂရသံ | = | ဟုတ်သည်ဖြစ်စေ,မဟုတ်သည်ဖြစ်စေ အလိုမရှိ အပ်သောအခြင်းအရာ-ဆိုးသောအခြင်းအရာအား ဖြင့်သုံးဆောင်ခြင်းကိစ္စရှိ၏။ |
| (ဂ) | စေတသိကါဗာဓပစ္စုပဋ္ဌာနံ | = | စိတ်ထဲ၌ဖြစ်လျက် နှိပ်စက်တတ်သည့် အခံခက် သောသဘောဟု (ဉာဏ်အား)ရှေးရှုထင်၏။ |
| (ဃ) | ဧကန္တေနေဝ ဟဒယဝတ္ထု ပဒဋ္ဌာနံ | = | ဧကန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်း-- |

**ဥပေက္ခာဝေဒနာသည်-**

| | | | |
|---|---|---|---|
| (က) | မဇ္ဈတ္တဝေဒယိတလက္ခဏာ ဥပေက္ခာ | = | မကောင်းမဆိုး အလယ်အလတ်သဘောရှိသော အာရုံကိုခံစားခြင်းလက္ခဏာရှိ၏၊ |
| (ခ) | သမ္ပယုတ္တာနံ နာတိ ဥပဗြူဟနမိလာပနရသာ | = | ယှဉ်ဘက် (စိတ်စေတသိက်)သမ္ပယုတ်တရားတို့ကို မရွှင်မညှိုးစေခြင်းကိစ္စရှိ၏။ |
| (ဂ) | သန္တဘာဝပစ္စုပဋ္ဌာနာ | = | ငြိမ်သက်သည့်အနေဖြင့် (ဉာဏ်အား)----- |
| (ဃ) | နိပ္ပီတိကစိတ္တပဒဋ္ဌာနာ | = | ပီတိကင်းသောစိတ်လျှင် နီးသောအကြောင်း ရှိ၏။ |

**ဝေဒနာက္ခန္ဓာအကျယ်ပြဆို ချက်ပြီး၏။**


❖❖❖

## သညာက္ခန္ဓာ ပြဆိုချက်

၄၅၇။ "မှတ်သားခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ သညာက္ခန္ဓာ(သညာအဖို့အစု)ဟုခေါ်၏။

မှတ်သားခြင်းလက္ခဏာဆိုသည်မှာ- သညာပင် ဖြစ်၏။

ရှင်သာရိပုတ္တရာက "ငါ့ရှင်ကောဋ္ဌိက- မှတ်သားတတ်၏၊ မှတ်သားတတ်၏၊ ထို့ကြောင့် သညာဟုခေါ်ဆိုအပ်သည်"ဟူ၍ဖြေရှင်း ဟောကြားတော်မူသည့်အတိုင်းပင် မှတ်သားပါလေ။




ထိုသညာသည် မှတ်သားခြင်းလက္ခဏာဟူသောသဘောအားဖြင့် တစ်ပါးတည်းသာဖြစ်သည်၊ သို့သော်လည်း အမျိုးဇာတ်၏အစွမ်းအားဖြင့် ကုသိုလ်သညာ အကုသိုလ်သညာ အဗျာကတသညာဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် ကုသိုလ်စိတ် (၂၁-ပါး)နှင့် ယှဉ်သောသညာသည် ကုသိုလ်သညာမည်၏၊ အကုသိုလ်စိတ် (၁၂-ပါး)နှင့်ယှဉ်သောသညာသည်အကုသိုလ်သညာမည်၏။ (ဝိပါက်, ကိရိယာ) အဗျာကတစိတ် (၅၆-ပါး)နှင့် ယှဉ်သောသညာသည် အဗျာကတသညာမည်၏၊ သညာနှင့် မယှဉ်သောစိတ် ဝိညာဏ်မည်သည် မရှိချေ။ ထို့ကြောင့် စိတ်- ဝိညာဏ်၏အပြားရှိသလောက် သညာ၏အပြားရှိပေသည်။ ထိုသညာသည်-

(က) သဥ္ဇာနနလက္ခဏ် = ဤဆိုခဲ့သည့်အတိုင်း စိတ်-ဝိညာဏ်နှင့် တူညီသောအပြားရှိငြားသော်လည်း လက္ခဏာ စသည်အားဖြင့် အားလုံးပင်မှတ်သားခြင်းလက္ခဏာရှိ၏၊

(ခ) ပုနသဥ္ဇာနန ပစ္စယ နိမိတ္တကရဏရသာ = "ဤအရာသည် ယခင်ကတွေ့ဖူးသောထိုအရာပင်" ဟု တစ်ဖန်မှတ်မိခြင်း၏ အကြောင်းနိမိတ်ကို ပြုခြင်းကိစ္စ (ရသ)ရှိ၏။

(ဂ) ယထာဂဟိတ နိမိတ္တဝသေန အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ = *(သစ်တုံးစသည်ကို ရွေခုတ်သောသူတို့သည် သစ်တုံးစသည်တို့၌ အမှတ်အသားနိမိတ်ကို ပြုကြသကဲ့သို့)* မှတ်ယူမိတိုင်းသော နိမိတ်၏ အစွမ်းအားဖြင့် မြဲမြဲစွာနှလုံးသွင်းခြင်းကို ပြုသည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) ယထာဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ = *(ဆင်ရုပ်ပုံကိုပြသော သူကန်းတို့ကဲ့သို့)* ထင်တိုင်းသော အာရုံလျှင် နီးသောအကြောင်းရှိ၏။ မြက်တို့ဖြင့်ပြုလုပ်ထားသောလူရုပ်တို့၌ သမင်ငယ်တို့မှာ လူဟုမှတ်ထင်ခြင်းကဲ့သို့ပင်တည်း။

*(မှတ်ချက်) ဆင်၏ခေါင်းကိုသာ စမ်းသပ်ကြည့်ဖူးသော သူကန်းတို့က ဆင်ဟူသည်မှာ- အိုးနှင့်တူသည်ဟု ပြဆိုကြ၏။ နားရွက်ကိုသာ စမ်းသပ်ကြည့်ဖူးသူတို့က ဇန်းနှင့်တူသည်ဟူ၍၎င်း၊ အစွယ်ကိုသာ စမ်းသပ်ကြည့်ဖူးသူတို့က ငုတ်ချွန်နှင့်တူသည်ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် မိမိတို့ စမ်းသပ်ကြည့်ဖူးသည့်အတိုင်းသာပြကြသကဲ့သို့ပင်။ ဥဒါန်းပါဠိ (၁၆၀)၌ရှိ၏။*

**သညာက္ခန္ဓာအကျယ်ပြဆိုချက်ပြီး၏။**

✡✡✡

## သင်္ခါရက္ခန္ဓာ ပြဆိုချက်

၄၅၈။ "ပြုလုပ်ခြင်း၊ ကြောင့်ကြစိုက်ခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်)တပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ (သင်္ခါရအဖို့အစု)ဟုခေါ်၏။

ပြုလုပ်ခြင်း လက္ခဏာဆိုသည်မှာ- အစုပြုခြင်း၊ ပေါင်းစုပေးခြင်း၊ လက္ခဏာပင် ဖြစ်၏။

မေး- ထိုပေါင်းစုပေးခြင်းသည်အဘယ်နည်း။

ဖြေ- သင်္ခါရတို့ပင်တည်း။

ဤအဆိုသည် "သင်္ခတမဘိသင်္ခရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စန္တိ၊ ဘိက္ခဝေ= ရဟန်းတို့၊ သင်္ခတံ= အညီအညွတ်စုပေါင်း၍ ပြုအပ်-ပြီးစေအပ်သောတရားကို၊ အဘိသင်္ခရောန္တိ= စုပေါင်း၍ပြုတတ်ကုန်၏၊ (ဝါ) အသစ်ဖြစ်စေတတ်ကုန်၏။ ဣတိ ခေါတသ္မာ= ဤသို့သောထိုအကြောင်းကြောင့်၊ သင်္ခါရာတိ= သင်္ခါရတို့ဟူ၍၊ ဝုစ္စန္တိ- ခေါ်ဆိုအပ်ကုန်၏"ဟု ဟောတော်မူသည့်အတိုင်းပင်မှတ်သားရမည်။


**ထိုသင်္ခါရတို့သည်-**

(က) အဘိသင်္ခရဏလက္ခဏာ = စုပေါင်းပေးခြင်း- စုပေါင်း၍ပြုခြင်းလက္ခဏာရှိကုန်၏။

(ခ) အာယူဟနရသာ = စုပေါင်းခြင်း-အားထုတ်ခြင်းကိစ္စ (ရသ) ရှိကုန်၏။

(ဂ) ဝိပ္ပါရပစ္စုပဋ္ဌာနာ = လှုပ်လှုပ်ရွရွ ကြောင့်ကြပြုသည့်အနေအားဖြင့်---

(ယ) သေသခန္ဓတ္တယပဒဋ္ဌာနာ = ကြွင်းသောခန္ဓာသုံးပါးအပေါင်းလျှင် နီးသော အကြောင်းရှိ၏။




*(မှတ်ချက်) သံ-စုခြင်း-ပေါင်းခြင်းကို+ ကရ-ပြုခြင်း• သင်္ခါရ-အစုပြုခြင်း-ပေါင်းစုပေးခြင်း။ ဤဝေါဟာရသည် လောက၌အိမ်ကိုပြုလျှင် ဆိုင်ရာအစိတ်အပိုင်းများကို ပေါင်းစုပေးခြင်းပင်ဖြစ်သကဲ့သို့ လောကဝေါဟာရအားလျော်စွာပြဆိုသော သဒ္ဒါအနက်ဖြစ်သည်။*

*ပရမတ္ထတရားအရာ၌ကား- "တစ်ကွဲတစ်ခြားစီဖြစ်နေသော အကျိုးတရားတို့ကို အကြောင်းသင်္ခါရကပေါင်းစုပေးသည်၊ ထိုသို့ပေါင်းစုပေးခြင်းဖြင့် သင်္ခတခေါ်သောအကျိုးတရားကို ပြီးစေသည်"ဟူသောအနက်သည်မသင့်ပေ။အဘယ့်ကြောင့်ဆိုသော် -သင်္ခတအကျိုးတရားတို့သည် စောစောက ရှိနေကြသည်လည်းမဟုတ်၊ တစ်ကွဲတစ်ပြားစီတည်နေကြသည်လည်း မဟုတ်သောကြောင့်ပေတည်း၊ သို့ဖြစ်၍ (သင်္ခါရ) ပေါင်းစုပေးခြင်းဟူသော သဒ္ဒါအနက်ကို အဓိပ္ပါယ်အားဖြင့် ပြုလုပ်ခြင်း,အားထုတ် ခြင်းဟူသောအနက်ကိုသာ ယူသင့်၏။*

*တစ်နည်းအားဖြင့် သံ- ဆိုင်ရာအကြောင်း တရားတို့က အညီအညွတ်ပေါင်းစု၍+ ကရ- ပြုတတ်ကြသည်• သင်္ခါရ- အညီအညွတ်ပေါင်းစု၍ ပြုတတ်သောတရားများဟူသော အနက်လည်းသင့်၏။အဘယ့်ကြောင့်ဆိုသော်စေတနာ စသော သင်္ခါရအကြောင်းတရားများစွာတို့သည် သင်္ခတမည်သောအကျိုးကိုတပေါင်း တည်း အညီအညွတ်ဖြစ်စေတတ်ကြသောကြောင့် ပေတည်း။*

*ဤအရာ၌ ဆိုင်ရာအကြောင်းတရားတို့က သင်္ခတမည်သောအကျိုးတရားကို အညီအညွတ်စုပေါင်း၍ပြုကြသည်, ပြီးစေကြသည်ဟူသောအနက်သာသင့်ပေသည်၊ ထို့ကြောင့် အထက်ပါအတိုင်းသာ အနက်ပြန်သည်။ ဆိုလိုသည်မှာ-*

*မြင်မှုဟူသော သင်္ခတတရားကို -ဖဿ, စေတနာ,မနသိကာရ, ဇီဝိတ ဧကဂ္ဂတာဟူသော သင်္ခါရက္ခန္ဓာမည်သော သမ္ပယုတ်တရားငါးပါးက အညီအညွတ်ပေါင်းစု၍ပြုသည် ပြီးစေသည်၊*

*လှုပ်ရှားဟူသော သင်္ခတတရားကို -လှုပ်ရှားလိုသည့်စိတ်နှင့်ယှဉ်သောစေတနာနှင့်တကွ သင်္ခါရက္ခန္ဓာမည်သောစေတသိက်များစွာတို့က အညီအညွတ်စုပေါင်း၍ ပြုကြသည်, ပြီးစေကြသည်။*


*ကုသလဝိပါက်စိတ်+စေတသိက်အပေါင်းဟူသောအကျိုးသင်္ခတတရားကို-ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာမည်သောစေတသိက်များစွာတို့က အညီအညွတ်စုပေါင်း၍ပြုကြသည်,ပြီးစေကြသည်။*

*အကုသလဝိပါက်သင်္ခတတရားကိုလည်း စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာမည်သော အကုသိုလ်စေတသိက် များစွာတို့က အညီအညွတ်စုပေါင်း၍ပြုကြသည်, ပြီးစေကြသည်။ ဤနည်းဖြင့် - ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသောသင်္ခတအကျိုးတရားတို့ကို စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာမည်သောစေတသိက်အကြောင်းတရားများစွာတို့က အညီအညွတ်စုပေါင်း၍ ပြုကြသည်၊ ပြီးစေကြသည်ဟုယူရာ၏။*

*စုပေါင်းပေးခြင်းဟူသောအနက်သည် လောကဝေါဟာရအနက်ဖြစ်သည်၊*

*စုပေါင်း၍ပြုခြင်းဟူသောအနက်သည် ဤအရာ၌ အသင့်လျော်ဆုံးအနက်ဖြစ်သည်။*

ကာမာဝစရ-မဟာကုသိုလ်ပဌမစိတ်၌




*မှတ်ချက်။ ။ အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်၌ ဖဿ စေတနာ ။ပ။ စိတ္တုဇုကတာ-စသည်ဖြင့် ၂၇-ပါးကို သရုပ်နာမည်အတိအကျဖော်ထုတ်ဟောကြားပါသည်၊ သရုပ်အားဖြင့် မဖော်ထုတ်မဟောကြားအပ်သော ဆန္ဒ အဓိမောက္ခစသောတရား ၅-ပါးတို့ကို ယေဝါပနက တရားများဟု သတ်မှတ်ပါသည်။*

| | | |
|---|---|---|
| ကုသိုလ်၌ ယေဝါပနကတရားစု | = | ဆန္ဒ အဓိမောက္ခ မနသိကာရ တတြမဇ္ဈတ္တတာ (၄)ပါး |
| အကုသိုလ်၌ ယေဝါပနကတရားစု | = | ဆန္ဒ အဓိမောက္ခ မနသိကာရ ဥဒ္ဓစ္စ (၄)ပါး |
| အဗျာကတ၌ ယေဝါပနကတရားစု | = | မနသိကာရ |
| အားလုံးပေါင်း ယေဝါပနကတရားစု | = | ဆန္ဒ အဓိမောက္ခ မနသိကာရ တတြမဇ္ဈတ္တတာ ဥဒ္ဓစ္စ (၅)ပါး |

## ကာမသောဘနစိတ် သင်္ဂဟနည်း ၁၂-နည်း

| | | | | |
|---|---|---|---|---|
| မဟာကုသိုလ် ၄-နည်း | ပထမဒွေ | ၁-နည်း | အညာ-၁၃ + သောဘနစေ- ၂၅ | ၃၈ |
| | ဒုတိယဒွေ | ။ | အညာ-၁၃ + ဉာဏ်ကြဉ်-သောဘနစေ-၂၄ | ၃၇ |
| | တတိယဒွေ | ။ | ပီတိကြဉ်အညာ-၁၂ + သောဘနစေ-၂၅ | ၃၇ |
| | စတုတ္ထဒွေ | ။ | ပီတိကြဉ် အညာ-၁၂ + ဉာဏ်ကြဉ်-သောဘနစေ-၂၄ | ၃၆ |
| မဟာကြိယာ ၄-နည်း | ပ | ။ | အညာ-၁၃+ ဝိရတီ၃ကြဉ်-သောဘန-၂၂ | ၃၅ |
| | ဒု | ။ | အညာ-၁၃+ ဝိရတီ-ဉာဏ်ကြဉ်-သောဘန-၂၁ | ၃၄ |
| | တ | ။ | ပီတိကြဉ်+အညာ-၁၂ + ဝိရတီ၃ကြဉ်-သောဘန-၂၂ | ၃၄ |
| | စ | ။ | ပီတိကြဉ်+အညာ-၁၂ + ဝိရတီ၃-ဉာဏ်ကြဉ်-သောဘန-၂၁ | ၃၃ |
| မဟာဝိပါက် ၄-နည်း | ပ | ။ | အညာ-၁၃+ ဝိ-အပ္ပကြဉ်-သောဘန-၂၀ | ၃၃ |
| | ဒု | ။ | အညာ-၁၃+ သောဘနသာဓာရဏ-၁၉ | ၃၂ |
| | တ | ။ | ပီတိကြဉ်-၁၂ + ဝိရတိ-၃- အပ္ပ၂-ကြဉ်-သောဘန-၂၀ | ၃၂ |
| | စ | ။ | ပီတိကြဉ်-၁၂ + သောဘနသာဓာရဏ-၁၉ | ၃၁ |

၄၅၉။ (အာရုံကို)တွေ့ထိတတ်သောကြောင့် ဖဿ မည်၏။ ထို ဖဿသည်-

(က) ဖုသနလက္ခဏော = (အာရုံကို)တွေ့ထိခြင်းလက္ခဏာရှိ၏၊

(ခ) သံဃဋ္ဋနရသော = တိုက်ခိုက်ခြင်းကိစ္စ(ရသ)ရှိ၏၊

(ဂ) သန္နိပါတပစ္စုပဋ္ဌာနော = ဒွါရ ,အာရုံ, ဝိညာဏ်ဟူသော ဤသုံးပါးတို့ ပေါင်းဆုံမိသည့်အနေအားဖြင့် (ဉာဏ်အား)-----

(ဃ) အာပါထဂတ ဝိသယ ပဒဋ္ဌာနော = ထင်ပေါ်လာသော အာရုံလျှင်နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိ၏၊

ဤဖဿသည် ရုပ်မဟုတ်သည့် နာမ်တရားပင်ဖြစ်သော်လည်း အာရုံ၌တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင်ဖြစ်၏၊ ထို့ပြင် တစ်စိတ်တစ်ပိုင်းအားဖြင့်ထိငြိခြင်းမရှိခြား

သော်လည်း အဆင်းသည် မျက်စိကိုထိခိုက်သကဲ့သို့၎င်း၊ အသံသည် နားကိုထိခိုက်သကဲ့သို့ ၎င်း၊ စိတ်ကို၎င်း၊ အာရုံကို၎င်း ထိခိုက်တတ်၏၊ (ဝါ) ထိခိုက်စေတတ်၏၊ (ဒွါရ,အာရုံ,ဝိညာဏ် သုံးပါးအပေါင်း၏ ဆုံမိခြင်းဟုဆိုအပ်သော မိမိအကြောင်း၏အစွမ်းအားဖြင့် သိစေအပ် သည်၏အဖြစ်ကြောင့် ဒွါရ, အာရုံ, ဝိညာဏ်ဟူသော သုံးပါးပေါင်းဆုံမိသည့်အနေအားဖြင့် (ဉာဏ်အား)ရှေးရှုထင်၏။

ထိုဖဿအားလျော်သော နှလုံးသွင်းမှုအာဝဇ္ဇန်းနှင့် စက္ခုစသောဣန္ဒြေက ပြုပြင် ပေးသောအာရုံ၌ အန္တရာယ်မရှိဘဲ ဧကန်ပင်ဖြစ်ခြင်းကြောင့် ထင်ပေါ်လာသောအာရုံလျှင် နီးသောအကြောင်းရှိ၏ဟူ၍ ဆိုအပ်ပေသည်။

**ဥပမာအားဖြင့် ဝေဒနာ၏တည်ရာဖြစ်သောကြောင့် အရေမရှိသောနွားမကဲ့သို့ မှတ်အပ်၏။**

၄၆၀။ စေ့ဆော်တိုက်တွန်းပေးတတ်သောကြောင့်**စေတနာ**မည်၏၊ (အာရုံ၌ ယှဉ်ဘက် တရားတို့ကို) ဆက်စပ်ပေးတတ်၏။ ထို**စေတနာ**သည်-

(က) စေတနာဘာဝလက္ခဏာ = စေ့ဆော်တိုက်တွန်းခြင်း လက္ခဏာရှိ၏။
(ခ) အာယူဟနရသာ = အားထုတ်ခြင်း၊ ကြောင့်ကြပြုခြင်းကိစ္စရှိ၏။
(ဂ) သံဝိဒဟနပစ္စုပဋ္ဌာနာ = စီမံသည့်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏။
(ဃ) သေသခန္ဓတ္တယပဒဋ္ဌာနာ = ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပဒဋ္ဌာန်မည်၏။

(ကိုယ်တိုင်ကကြောင့်ကြပြုခြင်းဖြင့်) မိမိ၏ကိစ္စ၊ သူတစ်ပါးတို့၏ကိစ္စတို့ကို ပြီးစေသော တပည့်ကြီး၊ လက်သမားဆရာကြီးတို့ကဲ့သို့ပင်တည်း။ ထို့အပြင် အဆောတလျင်ပြုသင့်သည့် အမှုကိစ္စတို့ကို အောက်မေ့ဆင်ခြင်ရာ- စသည်တို့၌ ဤစေတနာသည် အတူဖြစ်ဖက် သမ္ပ ယုတ်တရားတို့ကို အားထုတ်ပေးသည်၏အဖြစ်ဖြင့် မပြတ်ဖြစ်လျက် (အထူး) ထင်းရှားပေ၏။

*(မှတ်ချက်)-ဝိတက် ဝိစာရ ပီတိတို့၌ ဆိုသင့်သောစကားအားလုံးကို ပထဝီကသိဏ နိဒ္ဒေသ ပဌမဈာန်၏အဖွင့်၌ ဆိုခဲ့ပြီးရှိလေပြီ။*

၄၆၁။ ပြုလုပ်ရန်ရဲရင့်သည်၏အဖြစ်သည်ဝီရိယမည်၏။ ၎င်းသည်-

(က) ဥဿဟနလက္ခဏ် = အားထုတ်ခြင်း လက္ခဏာရှိ၏။
(ခ) သဟဇာတာနံ ဥပတ္ထမ္ဘနရသံ = အတူဖြစ်ဖက်တရားတို့အား ထောက်ပံ့အားပေးခြင်း ကိစ္စရှိ၏။
(ဂ) အသံသီဒနဘာဝပစ္စုပဋ္ဌာနံ = မဆုတ်နစ်သည်၏ အဖြစ်ဖြင့် (ဉာဏ်အား)----
(ဃ) သံဝေဂပဒဋ္ဌာနံ = "ထိန့်လန့်မှု- သံဝေဂရသူသည်အကြောင်းမှန် နည်းမှန်အားဖြင့်အားထုတ်၏"ဟုဟောတော်မူ သောကြောင့် ထိန့်လန့်မှု- သံဝေဂလျှင်နီးသော အကြောင်းရှိ၏။

ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံဝါ = (တစ်နည်း) ဝီရိယာရမ္ဘဝတ္ထုလျှင် နီးသော----

[ကောင်းစွာ,မှန်စွာအားထုတ်သောဝီရိယသည် အလုံးစုံသောပြည့်စုံခြင်းစည်းစိမ် ချမ်းသာတို့၏အရင်းမူလဖြစ်သည်ဟု မှတ်အပ်၏။]

*[ဝီရိယဖြစ်ကြောင်း ဝီရိယာရမ္ဘဝတ္ထု-ဟူသည်ကား- (၁) ပြုလုပ်စရာရှိသည်- မလုပ်ရသေးမီအခွင့်ရတုန်း အားထုတ်မည်ဟုနှလုံးသွင်းခြင်းတစ်မျိုး၊ (၂) အလုပ်ကိစ္စပြီး၍ အားထုတ်မည်ဟု နှလုံးသွင်းခြင်းတစ်မျိုး၊ (၃) သွားစရာရှိသည်- မသွားရသေးမီအားထုတ်မည်ဟု---တစ်မျိုး၊ (၄) သွားပြီး၍အားထုတ်မည်ဟု---တစ်မျိုး၊ (၅) အစာရှားသော်လည်းမျှတနေသေး၍ ကိုယ်ပေါ့ပါးနေတုန်းအားထုတ်မည်ဟု---တစ်မျိုး၊ (၆) အစာဝ၍အားပြည့်နေတုန်း အားထုတ်မည်ဟု---တစ်မျိုး၊ (၇) အနာဖြစ်လာသည်- အနာမတိုးမီအားထုတ်မည်ဟု---တစ်မျိုး၊ (၈) အနာပျောက်ပြီး တဖန်ပြန်မဖြစ်မီအားထုတ်မည်ဟု' နှလုံးသွင်းခြင်းတစ်မျိုး၊ ပေါင်း(၈)မျိုးရှိ၏]*

၄၆၂။ ယှဉ်ဖက်တရားတို့၏အသက်ရှင်ကြောင်းသဘောသည်ဇီဝိတမည်၏။

**တစ်နည်း**- အသက်ရှင်တတ်သောသဘောသည် ဇီဝိတမည်၏။

**တစ်နည်း**- အသက်ရှင်ခြင်းမျှသဘောသည် ဇီဝိတမည်၏။

ယင်းဇီဝိတ၏လက္ခဏာစသည်ကို ရုပ်ဇီဝိတ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်သိပါလေ။

မှန်၏၊ ထိုရုပ်ဇီဝိတသည် ရုပ်တရားတို့၏အသက်ရှင်ကြောင်းဖြစ်၏။

ဤဇီဝိတသည် စေတသိက်နာမ်တရားတို့၏ (အသက်ရှင်ကြောင်းပေတည်း)၊ ဤမျှသာထူး၏။

၄၆၃။ အာရုံ၌ စိတ်ကိုအညီအညွတ်ထားတတ်သောသဘောသည်, (တစ်နည်း) ကောင်းစွာထားတတ်သောသဘောသည် (တစ်နည်း)စိတ်ကိုကောင်းစွာထားခြင်းမျှသဘောသည် သမာဓိမည်၏။ ၎င်းသည်-

| | | | |
|---|---|---|---|
| (က) | အဝိသာရလက္ခဏော | = | အာရုံတစ်ပါးသို့ မရွေ့လျား မပျံ့သွားခြင်းလက္ခဏာရှိ၏။ |
| | အဝိက္ခေပ လက္ခဏောဝါ | = | (တစ်နည်း)ယှဉ်ဖက်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိ၏။ |
| (ခ) | သဟဇာတာနံ သမ္ပိဏ္ဍနရသော | = | အတူဖြစ်ဖက်တရားတို့ကို ပေါင်းစုစေခြင်းကိစ္စရှိ၏။ *(ရေကဆပ်ပြာမှုန့်ကို ပေါင်းစုလုံးခဲစေသကဲ့သို့)* |
| (ဂ) | ဥပသမပစ္စုပဋ္ဌာနော | = | ငြိမ်သက်သည့်အနေအားဖြင့်ဉာဏ်အား----- |
| (ဃ) | ဝိသေသတောသုခ ပဒဋ္ဌာနော | = | အထူးအားဖြင့် (ဝါ- ယေဘုယျ သာမညအားဖြင့်)[၁] သုခလျှင်နီးသောအကြောင်းရှိ၏။ |

[လေငြိမ်ရာအရပ်၌ထွန်းထားသောဆီမီးတို့၏ တည်ငြိမ်ခြင်းကဲ့သို့ စိတ်၏တည်ငြိမ်ခြင်းသဘောဟုမှတ်အပ်၏။]

*(မှတ်ချက်-၁) ယေဘုယျ-သာမညဖွင့်သည့်အလိုကား- သုခကင်းသော သမာဓိလည်း အနည်းအကျဉ်းရှိသေးသည်ဟု သိစေပါသည် (ပြည်နီသ)*

၄၆၄။ ယှဉ်ဖက်တရားတို့၏ ကြည်လင်ကြောင်းဖြစ်သောတရားသည် **တစ်နည်း** ကြည်လင်- ယုံကြည်တတ်သောတရားသည် သဒ္ဓါမည်၏၊ တစ်နည်းကား- ကြည်လင်ခြင်း ယုံကြည်ခြင်းမျှသဘောသည်သဒ္ဓါမည်၏။ ၎င်းသည်-

| | | | |
|---|---|---|---|
| (က) | သမ္ပသာဒနလက္ခဏာ | = | ရတနာသုံးတန်နှင့်ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်း လက္ခဏာရှိ၏၊ |
| | ဩကပ္ပနလက္ခဏာဝါ | = | (တစ်နည်း) သက်ဝင်၍ ကြံစည်ခြင်း, ယုံကြည် ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | ပသာဒနရသာ | = | ယှဉ်ဖက်တရားတို့ကိုကြည်စေခြင်းကိစ္စရှိ၏၊ *(ရေကိုကြည်စေသောပတ္တမြားရတနာကဲ့သို့)* |
| | ပက္ခန္ဒနရသာဝါ | = | (တစ်နည်း)- (ယုံကြည်ဖွယ်၌) ပြေးဝင်ခြင်း---- *(မိကျောင်း, မကန်းစသည် ပြွမ်းသောရေအယဉ်ကို မကြောက်မရွံ့ကူးခပ်သောသူကဲ့သို့)* |
| (ဂ) | အကာလုသိယ ပစ္စုပဋ္ဌာနာ | = | မနောက်ကျုသည့်အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ |
| | အဓိမုတ္တိပစ္စုပဋ္ဌာနာဝါ | = | (တစ်နည်း) ယုံကြည်ဆုံးဖြတ်ခြင်းအနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ |
| (ဃ) | သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ | = | ယုံကြည်ဖွယ်ဝတ္ထုလျှင် နီးသောအကြောင်းရှိ၏၊ |
| | သောတာပတ္တိယင်္ဂပဒဋ္ဌာနာဝါ | = | (တစ်နည်း)- သူတော်ကောင်းတရားကိုနာရခြင်း အစရှိသော သောတာပတ္တိယင်္ဂလေးပါးလျှင် နီးသောအကြောင်းရှိ၏။ |

**သဒ္ဓါ၏ဥပမာများ**- စကြာမင်းတို့၏ ပတ္တမြားရတနာ,လက်, ဥစ္စာ, မျိုးစေ့တို့နှင့် တူပါ၏။

*(မှတ်ချက်) သောတာပတ္တိယင်္ဂ- သောတာပတ္တိမဂ်ဖိုလ်တို့သို့ရောက်ကြောင်း အင်္ဂါ (၄)ပါး ဟူသည်မှာ- (၁) သပ္ပုရိသသံသေဝ- သူတော်ကောင်းကိုမှီဝဲခြင်း၊ (၂) သဒ္ဓမ္မဿဝန- သူတော် ကောင်းတရားကိုနာကြားခြင်း (၃) ယောနိသောမနသိကာရ- အသင့်လမ်းမှန်အားဖြင့် နှလုံး သွင်းခြင်း၊ (၄) ဓမ္မာနုဓမ္မပဋိပတ္တိ- လောကုတ္တရာတရားအားလျော်သောအကျင့်ကိုကျင့်ခြင်း၊ ဤလေးပါးပင်။*

၄၆၅။ (ယှဉ်ဘက်တရားတို့၏) အောက်မေ့ကြောင်း အမှတ်ရကြောင်း သဘောသည် **တစ်နည်း**- အောက်မေ့တတ်- အမှတ်ရတတ်သောသဘောသည် **တစ်နည်း**- အောက်မေ့ ခြင်းအမှတ်ရခြင်းမျှသဘောသည် **သတိ**မည်၏။၎င်းသည်-

| | | | |
|---|---|---|---|
| (က) | အပိလာပနလက္ခဏာ | = | မိမိ၏အာရုံအဖြစ်မှ မပြေး,မထွက်စေခြင်း (အပိလာပန) လက္ခဏာရှိ၏။ |

(ခ) အသမ္မောသနရသာ = မမေ့စေခြင်းကိစ္စရှိ၏။
(ဂ) အာရက္ခပစ္စုပဋ္ဌာနာ = အစောင့်အရှောက်အနေအားဖြင့် ဉာဏ်အား---
ဝိသယာဘိမုခ = (တစ်နည်း) အာရုံဆီသို့ ရှေးရှုပြုနေသည့်အဖြစ်ဖြင့်
ဘာဝပစ္စုပဋ္ဌာနာဝါ ဉာဏ်အားရှေးရှုထင်၏။
(ဃ) ထိရသညာ ပဒဋ္ဌာနာ = ခိုင်မြဲသောအမှတ်သညာလျှင် နီးသောအကြောင်း ရှိ၏၊
ကာယာဒိသတိပဋ္ဌာန = (တစ်နည်း) ကာယအစရှိသောသတိပဋ္ဌာန်အာရုံလျှင်
ပဒဋ္ဌာနာဝါ နီးသောအကြောင်းရှိ၏။

ဥပမာအားဖြင့်- အာရုံ၌ မြဲမြံစွာတည်သောကြောင့် (မြို့ပေါက်ဝ၌စိုက်ထူထားသော တံခါးတိုင်ကြီးကဲ့သို့ငှင်း၊ စက္ခုဒွါရစသည်ကိုစောင့်ရှောက်တတ်သောကြောင့် တံခါးစောင့် ဒါရဝမ်ကဲ့သို့ငှင်း)မှတ်အပ်၏။

*(မှတ်ချက်) ပေါ့သောဘူးခွံ ဘောလုံးတို့ကိုရေ၌ချထားလျှင် မနစ်မြုပ်ဘဲပေါ်မျောနေ၏၊ အာရုံကို ထိုကဲ့သို့မပေါ်မမျောစေ၊ အပြင်သို့မထွက်စေ မပြေးစေဘဲ မိမိ၏အာရုံအဖြစ်ဖြင့် အတွင်း၌တည်စေသည်ကို အပိလာပနခေါ်၏။*

၄၆၆။ ကာယဒုစရိုက်စသည်တို့မှ ရှက်တတ်သောကြောင့်ဟိရီမည်၏၊ ဤအမည်သည် ရှက်ခြင်းသဘော၏အမည်ဖြစ်၏၊ ထိုကာယဒုစရိုက်စသည်တို့မှပင်လျှင် ကြောက်လန့်တတ် သောကြောင့် ဩတ္တပ္ပမည်၏၊ ဤအမည်သည်- မကောင်းမှုမှထိတ်လန့်ခြင်း၏အမည်ဖြစ်၏။
ဟိရီသည်

(က) ပါပတော ဇိဂုစ္ဆနလက္ခဏာ = မကောင်းမှုမှ စက်ဆုတ်ခြင်းလက္ခဏာရှိ၏၊
(ခ) လဇ္ဇနာကာရေနပါပါနံ = ဟိရီသည်ရှက်သောအခြင်းအရာအားဖြင့်
အကရဏရသာ မကောင်းမှုတို့ကိုမပြုခြင်းကိစ္စရှိ၏၊
(ဂ) ပါပတော သင်္ကောစန = ဤဟိရီသည် ဆိုခဲ့ပြီးသော ရှက်သည့်အခြင်းအရာ
ပစ္စုပဋ္ဌာနာ အားဖြင့်ပင်လျှင်မကောင်းမှုမှ တွန့်ဆုတ်သော
အားဖြင့် (ဉာဏ်အား) ရှေးရှုထင်ကုန်၏။
(ဃ) အတ္တဂါရဝပဒဋ္ဌာနာ = မိမိကိုယ်ကို အလေးပြုခြင်းလျှင်နီးသောအကြောင်း ရှိကုန်၏။

[မိမိကိုယ်ကို အလေးပြု၍ဟိရီဖြင့် မကောင်းမှုကို ပယ်စွန့်၏။*ဥပမာ-အမျိုးကောင်း သမီးချွေးမနှင့်တူ၏။*]

ဩတ္တပ္ပသည်-
(က) ဥတ္တာသနလက္ခဏံ = ကြောက်လန့်ခြင်းလက္ခဏာရှိ၏။
(ခ) ဥတ္တာသာကာရေန = ကြောက်လန့်သောအခြင်းအရာအားဖြင့်

ပါပါနံ အကရဏရသာ — မကောင်းမှုတို့ကိုမပြုခြင်းကိစ္စရှိ၏။
(ဂ) ပါပတောသင်္ကောစန ပစ္စုပဋ္ဌာနာ = ဆိုခဲ့ပြီးသော လန့်သည့်အခြင်းအရာအားဖြင့် *(မီးသို့ကျသောကြက်တောင်ကဲ့သို့ မပြန့်မူ၍)* မကောင်းမှုမှတွန့်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်၏။
(ဃ) ပရဂါရဝပဒဋ္ဌာနာ = သူတစ်ပါးကို အလေးပြုခြင်းလျှင် နီးသော အကြောင်းရှိ၏။

[သူတစ်ပါးကို အလေးပြု၍ ဩတ္တပ္ပဖြင့် မကောင်းမှုကို ပယ်စွန့်၏။ ဥပမာ- ပြည့်တန်ဆာမနှင့်တူ၏။

**အထူးမှတ်ဖွယ်ကား-** ဤတရားနှစ်ပါးတို့ကို လောကကို စောင့်ရှောက်တတ်သည့် (လောကပါလက)တရားတို့ဟူ၍ မှတ်အပ်ကုန်၏။]

၄၆၇။ (ယှဉ်ဖက်တရားတို့၏) မလိုချင် မမက်မောကြောင်းသဘောသည်, တစ်နည်း- မလိုချင်ခြင်း- မမက်မောခြင်းမျှသဘောသည် **အလောဘ**မည်၏။ အဒေါသအမောဟတို့၌လည်း ဤနည်းအတိုင်းပင်၊ **အလောဘ**သည်-

(က) အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော = အာရုံ၌ စိတ်၏ မမက်မော မလိုချင်ခြင်း လက္ခဏာရှိ၏။
အလဂ္ဂဘာဝလက္ခဏောဝါ = (တစ်နည်း) မကပ်ငြိခြင်း လက္ခဏာရှိ၏။ *(ကြာရွက်၌ရေပေါက်သည် မငြိကပ်သကဲ့သို့)*
(ခ) အပရိဂ္ဂဟရသော = (ငါ့ဥစ္စာဟု စွဲလမ်းသောအားဖြင့်)မသိမ်းပိုက်ခြင်းကိစ္စရှိ၏။ *(ကိလေသာမှလွတ်ပြီးသောရဟန္တာကဲ့သို့)*
(ဂ) အနလ္လီနဘာဝပစ္စုပဋ္ဌာနော = မငြိတွယ်သည်၏အဖြစ်ဖြင့် (ဉာဏ်အား)--- *(မစင်တွင်း၌ကျသောသူသည် (မစင်၌မငြိတွယ်) သကဲ့သို့)*
(ဃ) ယောနိသောမနသိကာရပဒဋ္ဌာနံ = ယောနိ-ရ, လျှင်နီးသောအကြောင်း----

၄၆၈။ **အဒေါသ**သည်-

(က) အစဏ္ဍိက္ကလက္ခဏော = မကြမ်းတမ်းခြင်း- နူးညံ့ခြင်းလက္ခဏာရှိ၏၊
အဝိရောဓလက္ခဏောဝါ = (တစ်နည်း) အာရုံနှင့် မဆန့်ကျင်ခြင်းလက္ခဏာရှိ၏။ *(သူ့အလိုသို့လိုက်သောမိတ်ဆွေကဲ့သို့)*
(ခ) အာဃာတဝိနယရသော = ရန်ငြိုးကိုပယ်ဖျောက်ခြင်းကိစ္စရှိ၏။
ပရိဋ္ဌာဟဝိနယရသောဝါ = (တစ်နည်း) ဒေါသအပူကို ငြိမ်းစေခြင်းကိစ္စရှိ၏။ *(စန္ဒကူးသည် အပူကိုငြိမ်းစေသကဲ့သို့)*

(ဂ) သောမနဿပစ္စုပဋ္ဌာနော = အေးချမ်းသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ (*လပြည့်ဝန်းနှင့်တူ၏။*)

(ဃ) ယောနိသောမနသိကာရပဒဋ္ဌာနော = ယောနိ- ရ, လျှင်နီးသော အကြောင်းရှိ၏။

၄၆၉။ အမောဟသည်-

(က) ယထာသဘာဝပဋိဝေဓလက္ခဏော = သဘောမှန်အတိုင်း ထိုးထွင်းသိခြင်းလက္ခဏာရှိ၏၊

အက္ခလိတပဋိဝေဓလက္ခဏောဝါ = (တစ်နည်း) မချွတ်မလွဲထိုးထွင်းသိခြင်းလက္ခဏာ- (*ကျွမ်းကျင်သောလေးသမားက ပစ်လိုက်သောမြား၏ တည့်တည့်မတ်မတ် ထိမှန်ဖောက်ထွင်းခြင်းကဲ့သို့*)

(ခ) ဝိသယောဘာသနရသော = အာရုံကို ထင်လင်းစေခြင်းကိစ္စရှိ၏၊ (*ဆီမီးကဲ့သို့*)

(ဂ) အသမ္မောဟပစ္စုပဋ္ဌာနော = တွေဝေမှုကင်းသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏၊ (*တော၌ကျင်လည်သောခရီးညွှန်ကောင်းနှင့်တူ၏*)

(ဃ) ယောနိသောမနသိကာရပဒဋ္ဌာနော = ယောနိ- ရ, လျှင်နီးသောအကြောင်းရှိ၏။

*[အလောဘ၊ အဒေါသ၊ အမောဟဟူသော ဤသုံးပါးလုံးတို့သည် အလုံးစုံသော ကုသိုလ်တို့၏ မူလအရင်းဖြစ်ကြသည်ဟု မှတ်ပါလေ။]*

၄၇၀။ စေတသိက်အပေါင်း=ကာယ၏ငြိမ်းခြင်းသည် ကာယပဿဒ္ဓိမည်၏။ စိတ်၏ ငြိမ်းခြင်းသည် စိတ္တပဿဒ္ဓိမည်၏။ (*ဤအရာ၌ ကာယဟူသည်မှာ- ဝေဒနာအစရှိသော နာမ်ခန္ဓာသုံးပါးအပေါင်း ကိုယူရမည်။*)

(က) ကာယစိတ္တဒရထဝူပသမလက္ခဏာ = နှစ်ပါးကုန်သော ဤကာယ, စိတ်ပဿဒ္ဓိတို့သည် တပေါင်းတည်းဖြစ်ကုန်လျက် စေတသိက်အပေါင်း ကိုယ်နှင့်စိတ်တို့၏ပူပန်ခြင်းကိုငြိမ်းစေခြင်းလက္ခဏာ--

(ခ) ကာယစိတ္တဒရထနိမဒ္ဒနရသာ = ကိုယ်နှင့်စိတ်တို့၏ပူပန်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။

(ဂ) ကာယစိတ္တာနံ အပရိပ္ဖန္ဒနသီတိဘာဝပစ္စုပဋ္ဌာနာ = ကိုယ်နှင့်စိတ်တို့၏ ပူပန်တုန်လှုပ်ခြင်းကင်း၍ အေးချမ်းသည်၏အဖြစ်ဖြင့် (ဉာဏ်အား) -----

(ဃ) ကာယစိတ္တ ပဒဋ္ဌာနာ = (အေးငြိမ်းသော) ကိုယ်နှင့်စိတ်လျှင်နီးသောအကြောင်း-

[ကိုယ်နှင့်စိတ်တို့၏ မငြိမ်သက်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စအစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြသည်ဟု မှတ်ပါလေ။]

ကာယ၏ပေါ့သည်၏ဖြစ်သည် **ကာယလဟုတာ**မည်၏။ စိတ်၏ပေါ့သည်၏အဖြစ်သည် **စိတ္တလဟုတာ**မည်၏။

| | | |
|---|---|---|
| (က) | ကာယစိတ္တ ဂရုဘာဝ ဝူပသမလက္ခဏာ | = ထိုနှစ်ပါးသော လဟုတာတို့သည် ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကို ငြိမ်းစေခြင်းလက္ခဏာ- |
| (ခ) | ကာယစိတ္တ ဂရုဘာဝ နိမဒ္ဒနရသာ | = ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။ |
| (ဂ) | ကာယစိတ္တာနံအဒန္ဓတာ ပစ္စုပဋ္ဌာနာ | = ကိုယ်နှင့်စိတ်တို့၏မနှံ့နှေးသည်၏အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်ကုန်၏။ |
| (ဃ) | ကာယစိတ္တပဒဋ္ဌာနာ | = (ပေါ့ပါးသော) ကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်း |

[ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကိုပြုတတ်သည့် **ထိနမိဒ္ဓအစရှိသော** ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟု မှတ်ပါလေ။]

ကာယ၏နူးညံ့သည်၏အဖြစ်သည် **ကာယမုဒုတာ**မည်၏။ စိတ်၏နူးညံ့သည်၏အဖြစ်သည် **စိတ္တမုဒုတာ**မည်၏။ထိုနှစ်ပါးသော မုဒုတာတို့သည်

| | | |
|---|---|---|
| (က) | ကာယစိတ္တတ္ထမ္ဘဝူပသမ လက္ခဏာ | = ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိ၏။ |
| (ခ) | ကာယစိတ္တထဒ္ဓဘာဝ နိမဒ္ဒနရသာ | = ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။ |
| (ဂ) | အပ္ပဋိဃာတပစ္စုပဋ္ဌာနာ | = (တစ်စုံတစ်ခုသောအာရုံ)၌ မထိပါးသောအားဖြင့် (ဉာဏ်အား)ရှေးရှုထင်ကုန်၏။ (ဝါ)-ယှဉ်ဖက်တရားတို့ကိုအာရုံ၌မထိပါးခြင်းကို ရှေးရှုဖြစ်စေတတ်ကုန်၏။ |
| (ဃ) | ကာယစိတ္တပဒဋ္ဌာနာ | = (နူးညံ့သော) ကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်း |

[ကိုယ်နှင့်စိတ်တို့၏ ခက်ထန် တောင့်တခြင်းကို ပြုတတ်သည့် **ဒိဋ္ဌိမာနအစရှိသော** ကိလေသာတို့၏ဆန့်ကျင်ဘက် ဖြစ်ကြသည်ဟုမှတ်ပါလေ။]

ကာယ၏အမှု၌ကောင်းသည်၏အဖြစ်-လျော်သည်၏အဖြစ်သည် **ကာယကမ္မညတာ** မည်၏၊ စိတ်၏အမှု၌ ကောင်းသည်၏အဖြစ်သည် **စိတ္တကမ္မညတာ**မည်၏။ ထိုနှစ်ပါးသော ကမ္မညတာတို့သည်-

| | | |
|---|---|---|
| (က) | ကာယစိတ္တာကမ္မညဘာဝ ဝူပသမလက္ခဏာ | = ကိုယ်နှင့်စိတ်တို့၏အမှု၌မကောင်းခြင်း မလျော်ခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏။ |
| (ခ) | ကာယစိတ္တာကမ္မညဘာဝ | = ကိုယ်နှင့်စိတ်တို့၏ အမှု၌မကောင်းခြင်း-မလျော်ခြင်း |

နိမ္မဒ္ဒနရသာ = ကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။
(ဂ) ကာယစိတ္တာနံအာရမ္မဏကရဏ = ကိုယ်နှင့်စိတ်တို့၏ အာရုံပြုမှု ပြည့်စုံခြင်း,ကောင်းခြင်း
သမ္ပတ္တိပစ္စုပဋ္ဌာနာ = ကိုရှေးရှုဖြစ်စေတတ်ကုန်၏။
(ဃ) ကာယစိတ္တပဒဋ္ဌာနာ = (အမှု၌ ကောင်းသောလျော်သော) ကိုယ်နှင့်စိတ်လျှင်နီးသောအကြောင်းရှိကုန်၏။

[ကိုယ်နှင့်စိတ်တို့၏အမှု၌ မကောင်းခြင်းမလျော်ခြင်းကိုပြုတတ်သော (ဆိုခဲ့ပြီးမှ) ကြွင်းသောနီဝရဏအစရှိသော အကုသိုလ်တို့၏ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟူ၍၎င်း၊ကြည်ညိုဖွယ်ဝတ္ထုတို့၌ ကြည်ညိုခြင်းကိုဆောင်တတ်ကြသည်ဟူ၍၎င်း၊ ရွှေစင်ကဲ့သို့ပင် အကျိုးစီးပွားကိုပြုမှုတို့၌ ယှဉ်စေရန် ခံ့ခြင်း,သင့်လျော်ခြင်းကို ဆောင်တတ်ကြသည်ဟူ၍၎င်း မှတ်ပါလေ။]

ကိုယ်၏ လေ့လာသန့်စွမ်းခြင်း ခံ့ကျန်းခြင်းသည် ကာယပါဂုညတာမည်၏။ စိတ်၏ လေ့လာသန့်စွမ်းခြင်း၊ ခံ့ကျန်းခြင်းသည် စိတ္တပါဂုညတာမည်၏။ ထိုနှစ်ပါးသောပါဂုညတာတို့သည် -

(က) ကာယစိတ္တာနံ အဂေလည ဘာဝလက္ခဏာ = ကိုယ်နှင့်စိတ်တို့၏ကျန်းမာသည်၏အဖြစ် ကျန်းမာခြင်းလက္ခဏာ---
(ခ) ကာယစိတ္တဂေလည နိမဒ္ဒနရသာ = ကိုယ်နှင့်စိတ်တို့၏ မကျန်းမာခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။ --
(ဂ) နိရာဒီနဝပစ္စုပဋ္ဌာနာ = (မကျန်းမာခြင်းဟူသော) အပြစ်ကင်းသောအားဖြင့် (ဉာဏ်အား)--
(ဃ) ကာယစိတ္တပဒဋ္ဌာနာ = (ကျန်းမာသန့်စွမ်းသော)ကိုယ်နှင့်စိတ်လျှင်နီးသောအကြောင်းရှိကုန်၏။

*[ကိုယ်နှင့်စိတ်တို့၏ မကျန်းမာခြင်းကို ပြုတတ်သော အသဒ္ဓိယာဒိ= မယုံကြည်ခြင်းအစရှိကုန်သောအကုသိုလ်တို့၏ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟုမှတ်ပါလေ။]*

ကိုယ်၏ဖြောင့်မတ်သည်၏အဖြစ်သည် ကာယုဇုကတာမည်၏၊ စိတ်၏ဖြောင့်မတ်သည်၏အဖြစ်သည် စိတ္တုဇုကတာမည်၏။ ထိုနှစ်ပါးသော ဥဇုကတာတို့သည်-

(က) ကာယစိတ္တ အဇ္ဇဝလက္ခဏာ= ကိုယ်နှင့်စိတ်တို့၏ဖြောင့်မတ်ခြင်းလက္ခဏာရှိကုန်၏။
(ခ) ကာယစိတ္တကုဋိလဘာဝ နိမဒ္ဒနရသာ = ကိုယ်နှင့်စိတ်တို့၏ ကောက်ကျစ်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။
(ဂ) အဇိမှတာပစ္စုပဋ္ဌာနာ = အကောက်အကျစ်ကင်းသောအားဖြင့် (ဉာဏ်အား) ရှေးရှုထင်ကုန်၏။
(ဃ) ကာယစိတ္တပဒဋ္ဌာနာ = (ဖြောင့်မတ်သော) ကိုယ်နှင့်စိတ်လျှင်နီးသော----

*[ကိုယ်နှင့်စိတ်တို့၏ ကောက်ကျစ်ခြင်းကို ပြုတတ်သော **မာယာ,သာဌေယျ** စသည်၏ ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟု မှတ်ပါလေ။]*

၄၇၁။ ဆန္ဒသည်- ပြုရန်အလိုရှိသည်၏အဖြစ် ပြုလိုခြင်း၏အမည်ဖြစ်၏။
**ယင်းဆန္ဒသည်-**

(က) ကတ္တုကာမတာလက္ခဏော = ပြုလိုခြင်းလက္ခဏာရှိ၏။
(ခ) အာရမ္မဏပရိယေသနရသော = အာရုံကိုရှာခြင်းကိစ္စရှိ၏။
(ဂ) အာရမ္မဏေန အတ္ထိကတာ ပစ္စုပဋ္ဌာနော = အာရုံကိုအလိုရှိသည့်အဖြစ်ဖြင့် (ဉာဏ်အား)--- 
(ဃ) တဒေဝဿ ပဒဋ္ဌာနော = ထိုအလိုရှိသောအာရုံသည်ပင် ယင်းဆန္ဒ၏ နီးသောအကြောင်းပဒဋ္ဌာန်ပေတည်း။

*[စိတ်၏အာရုံကိုယူရာ၌ ဤဆန္ဒသည် လက်ဆန့်ခြင်းနှင့်တူသည်ဟုမှတ်ပါလေ။]*

*(**မှတ်ချက်**) ၁။ မာယာခေါ် လှည့်စားခြင်းသည်- မိမိ၏ရှိသောအပြစ်ကိုဖုံးကွယ်ခြင်း လက္ခဏာရှိ၏၊ သာဌေယျခေါ် ကောက်ကျစ်ခြင်းသည်- မိမိ၌ရှိသောဂုဏ်ကိုပြခြင်းလက္ခဏာရှိ၏ဟုဤသို့ဆိုအပ်ကုန်သော ထိုလှည့်စားကောက်ကျစ်သည့် အခြင်းအရာဖြင့်ဖြစ်ကုန်သော အကုသိုလ်ခန္ဓာတို့သည်၎င်း, ယင်းတို့နှင့် တည်ရာတူကုန်သောသံကိလေသတရားတို့သည်၎င်း မာယာ,သာဌေယျစသည်တို့မည်ကုန်၏။ (ဋီကာ)*

*၂။ ဤအရာ၌ စိတ္တပဿဒ္ဓိစသည်တို့ဖြင့် စိတ်သည်သာလျှင်ငြိမ်း၏ ပေါ့၏နူးညံ့၏ အမှု၌ကောင်း၏၊ ခံ့ကျန်း၏၊ ဖြောင့်မတ်၏၊ ကာယပဿဒ္ဓိစသည်တို့ဖြင့်မူကား- (နာမ်အပေါင်း မျှသာမဟုတ်) ရုပ်အပေါင်းတို့သည်လည်း ( ငြိမ်း၏၊ ပေါ့၏၊ နူးညံ့၏၊ အမှု၌ကောင်း၏ ၊ ခံ့ကျန်း၏ ဖြောင့်မတ်၏) ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ဤပဿဒ္ဓိစသည်တို့၌ သဘောတရားတို့၏ နှစ်ပါးအပြားရှိသည်၏အဖြစ်ကိုဟောတော်မူပေသည်။ အရာခမ်းသိမ်း၌ကား-မဟောပေ။ (ဋီကာ) ဤပဿဒ္ဓိ လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ ဥဇုကတာတို့သည် ကုသိုလ်စိတ်တိုင်း၌ ပါဝင်ကြသော်လည်း ယင်းတို့ကို ကိုယ်တွေ့အားဖြင့် သိနားလည်ရန် ခဲယဉ်း၏။ ဘာဝနာကိုအားထုတ်၍ ဥပစာရသမာဓိအပ္ပနာသမာဓိသို့ ရောက်သောအခါ၌၎င်း၊ ဥဒယဗ္ဗယဉာဏ်စသည်သို့ ရောက်သောအခါ၌၎င်းထင်ရှားသိနိုင်၏။ ထို့ကြောင့် ယင်းတို့ကို ကိုယ်တွေ့အားဖြင့်သိလိုလျှင် ဘာဝနာအလုပ်ကိုထိထိရောက်ရောက်အားထုတ်ရာ၏ ။*

*၃။ ဤ၌ ဆန္ဒ-ပြုလိုခြင်း,အလိုရှိခြင်းဟူသည်-အာရုံကို ရလိုကာမျှသာဖြစ်သည်၊ နှစ်သက်တွယ်တာလျက် အလိုရှိသောတဏှာ၏အလိုရှိခြင်းမျိုးကားမဟုတ်ပေ၊ ကုသိုလ်ပြုလိုခြင်း၊ ပေးကမ်းလိုခြင်း၊ တရားနာလိုခြင်း၊ တရားအားထုတ်လိုခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် စစ်အမှန်ကိုရလိုခြင်း စသည်တို့မှာ ဤကုသိုလ်ဆန္ဒသာဖြစ်သည်၊ လောဘတဏှာမဟုတ်ပေ။*

၄၇၂။ အာရုံကိုဆုံးဖြတ်ခြင်းသည် အဓိမောက္ခမည်၏။ ၎င်းသည်-

| | | |
|---|---|---|
| (က) | သန္နိဋ္ဌာနလက္ခဏော | = အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ |
| (ခ) | အသံသပ္ပနရသော | = မဆုံးဖြတ်နိုင်ခြင်း၏ဆန့်ကျင်ဘက်ကိစ္စရှိ၏။ |
| (ဂ) | နိစ္ဆယပစ္စုပဋ္ဌာနော | = ဆုံးဖြတ်သောတရားဟု (ဉာဏ်အား) ရှေးရှုထင်၏။ |
| (ဃ) | သန္နိဋ္ဌေယျဓမ္မ ပဒဋ္ဌာနော | = ဆုံးဖြတ်အပ်သောအာရုံတရားလျှင်နီးသော----- |

*[အာရုံ၌ လှုပ်ရှားခြင်းကင်းသည်၏အဖြစ်ဖြင့် တံခါးတိုင်နှင့်တူသည်ဟု မှတ်ပါလေ။]*

၄၇၃။ ပြုခြင်းသည်ကာရမည်၏၊ မနသိ=စိတ်၌၊ **ကာရ**=(အာရုံကို) ပြုခြင်းသည် **မနသိကာရ** မည်၏။ ရှေးမနမှ-ထူးသောမန(စိတ်)ကိုပြုတတ်သောကြောင့်လည်း **မနသိကာရ** မည်၏။၎င်းသည်-

| | | |
|---|---|---|
| (က) | သာရဏာလက္ခဏော | = (ယှဉ်ဖက်တရားတို့ကိုအာရုံဆီသို့) သွားစေခြင်း လက္ခဏာရှိ၏။ |
| (ခ) | သမ္ပယုတ္တာနံ အာရမ္မဏေ သံယောဇနရသော | = ယှဉ်ဖက်တရားတို့ကို အာရုံ၌ယှဉ်စေခြင်းကိစ္စရှိ၏။ |
| (ဂ) | အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနော | = အာရုံသို့ ရှေးရှုပြုနေသည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏။ |
| (ဃ) | အာရမ္မဏပဒဋ္ဌာနော | = အာရုံလျှင် နီးသောအကြောင်းရှိ၏။ |

*[သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏ အာရုံ၌ သွားစေတတ်သည်၏အဖြစ်ဖြင့် ယှဉ်ဖက်တရားတို့ကို မောင်းနှင်သူ (ရထားထိန်း)ကဲ့သို့ မှတ်ပါလေ။]*

*[ဤမနသိကာရသည် (၁) အာရမ္မဏပဋိပါဒက (၂) ဝီထိပဋိပါဒက (၃) ဇဝနပဋိပါဒကဟူ၍ သုံးပါးအပြားရှိ၏၊ ထိုတွင် **အာရမ္မဏပဋိပါဒကခေါ်** အာရုံ၌ သွားစေသော မနသိကာရသည် **မနသိ**=စိတ်၌+**ကာရ**=ပြုခြင်း-ထားခြင်း-နှလုံးသွင်းခြင်းဖြစ်ပါ၏။]*

ထိုမှတစ်ပါး ဝီထိပဋိပါဒကခေါ် ဝီထိစိတ်အစဉ်ကိုဖြစ်စေတတ် စီရင်တတ်သော မနသိကာရဟူသော ဤအမည်သည် ပဉ္စဒွါရာဝဇ္ဇန်း၏ အမည်ပေတည်း။

ဇဝနပဋိပါဒကခေါ် ဇောကိုဖြစ်စေတတ်၊ စီရင်တတ်သောမနသိကာရဟူသော ဤအမည်သည် မနောဒွါရာဝဇ္ဇန်း၏ အမည်ဖြစ်ပါ၏။ (ထိုနှစ်ပါးတို့ကို ဤအရာ၌ အလို မရှိအပ်ကုန်)

*(မှတ်ချက်) ၁။ **ရှေးမနမှ** ဟူသည်မှာ- ရှေးဘဝင်စိတ်မှ-ဟုဆိုလို၏၊ **ထူးသောမနကို**-ဟူသည်မှာ- (ဘဝင်စိတ်မှထူးခြားသော) ဝီထိစိတ် ဇောစိတ်ကို ပြုတတ်သည်ဟုဆိုလို၏။ ရှေးမနမှထူးသောမနကိုပြုတတ်သောကြောင့် မနသိကာရမည်၏-ဟူသောဝစနတ္တဖြင့် ဝီထိစိတ်တို့ကိုဖြစ်စေတတ်သောပဉ္စဒွါရာဝဇ္ဇန်းဟူသော ဝီထိပဋိပါဒကမနသိကာရနှင့် ဇောစိတ်ကိုဖြစ်စေတတ်သောမနောဒွါရာဝဇ္ဇန်းဟူသောဇဝနပဋိပါဒကမနသိကာရတို့ကို ပြ၏။ (ဋီကာ)*

၄၇၄။ တတြ=ထိုယှဉ်ဖက်တရားတို့၌+ **မဇ္ဈတ္တတာ**=အလယ်အလတ်သဘော ရှိသည်၏ အဖြစ်သည် **တတြမဇ္ဈတ္တတာ**မည်၏။ ၎င်းသည်-

| | | | |
|---|---|---|---|
| (က) | စိတ္တစေတသိကာနံ သမဝါဟိတလက္ခဏာ | = | ယှဉ်ဖက် စိတ်စေတသိက်တို့ကို အညီအမျှ ဆောင်ခြင်း, ဖြစ်စေခြင်းလက္ခဏာရှိ၏။ |
| (ခ) | ဦနာဓိကတာနိဝါရဏရသာ | = | လျော့ခြင်း, လွန်ခြင်းကိုတားမြစ်ခြင်းကိစ္စရှိ၏၊ |
| | ပက္ခပါတုပစ္ဆေဒနရသာဝါ | = | (တစ်နည်း)တစ်ဖက်သတ်လိုက်ခြင်းကိုပယ်ဖျက် ခြင်းကိစ္စရှိ၏။ |
| (ဂ) | မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ | = | အလယ်အလတ်သဘောရှိသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ |
| (ဃ) | သမ္ပယုတ္တပဒဋ္ဌာနာ | = | သမ္ပယုတ်တရားလျှင် နီးသောအကြောင်းရှိ၏။ |

*[ စိတ် စေတသိက်တို့ကိုအညီအမျှ လျစ်လျူရှုသည်၏အဖြစ်ဖြင့် အညီအမျှသွားနေသော* ***အာဇာနည်မြင်းတို့ကိုလျစ်လျူရှုနေသောရထားမောင်းသမားကဲ့သို့*** *မှတ်ပါလေ။]*

*(မှတ်ချက်) ၁။ ဤတတြမဇ္ဈတ္တတာစေတသိက်သည် ကုသိုလ်စိတ်တိုင်း၌ပါဝင်သော် လည်း ယင်း၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်တို့ကိုငှင်း၊ အာဇာနည်မြင်းတို့ကို လျစ်လျူရှုသည့် ရထား ထိန်းနှင့်တူပုံကိုငှင်း၊ ကိုယ်တွေ့အားဖြင့်သိရန်အလွန်ခက်၏။ ဥဒယဗ္ဗယဉာဏ်သို့ရောက်နေ သောယောဂီသည်ကား- ယင်းလက္ခဏာစသည်တို့ကိုငှင်း ရထားထိန်းနှင့်တူပုံကိုငှင်း ကိုယ်တွေ့ အားဖြင့်ထင်ရှားသိရ၏။ ထို့ကြောင့် ထိုသို့ကိုယ်တွေ့အားဖြင့်သိလိုလျှင် ဥဒယဗ္ဗယဉာဏ်စသည် ရောက်အောင် သတိပဋ္ဌာန်ဝိပဿနာအလုပ်ကိုအားထုတ်ကြည့်ရာ၏။*

ကရုဏာနှင့်မုဒိတာတို့ကို ဗြဟ္မဝိဟာရနိဒ္ဒေသ၌ဆိုခဲ့ပြီးတိုင်းသိပါလေ။ အမှန်မှာ- ထို၌ ဆိုခဲ့သော ကရုဏာနှင့်မုဒိတာတို့သည် သက်သက်အပ္ပနာသို့ရောက်ကြသောရူပါဝစရတရား တို့ပေတည်း။ ယခုပြသောကရုဏာနှင့်မုဒိတာတို့သည် ကာမာဝစရတရားတို့သာဖြစ်ကြ သည်။ ဤမျှသာလျှင် ထူးပေသည်။

**ကေစိ**= အချို့ဆရာတို့သည်ကား- မေတ္တာနှင့် ဥပေက္ခာတို့ကိုလည်း **အနိယတတို့၌ (ထည့်သွင်းယူရန်)** အလိုရှိကုန်၏။ ထိုအဆိုကို **လက်မခံအပ်**၊ အကြောင်းမူကား- မေတ္တာဟူ သည်မှာ- အနက်တရားကိုယ်အားဖြင့် အဒေါသစေတသိက်သာလျှင်ဖြစ်သည်၊ ဥပေက္ခာဟူ သည်မှာလည်း **တတြမဇ္ဈတ္တတာစေတသိက်**ဟူသော ဥပေက္ခာသာလျှင်ဖြစ်သည်။ ထို့ကြောင့် လက်မခံအပ်ပေ။

၄၇၅။ ကာယဒုစရိုက်မှကြဉ်ခြင်းသည် **ကာယဒုစ္စရိတဝိရတီ**မည်၏။ ကြွင်းသော ဝိရတီနှစ်ပါးတို့၌လည်း နည်းတူပင်- ဤဝိရတီသုံးပါးပင်

| | | | |
|---|---|---|---|
| (က) | ကာယဒုစ္စရိတာဒိဝတ္ထူနံ အဝီတိက္ကမလက္ခဏာ | = | ကာယဒုစရိုက် စသည်တို့၏ ဝတ္ထုတို့ကို မကျူးလွန်ခြင်း လက္ခဏာရှိကုန်၏။ |
| | (အမဒ္ဒနလက္ခဏာ) | = | (မနင်းနယ်ခြင်းလက္ခဏာရှိကြသည်ဟုဆိုလို၏။) |

(ခ) ကာယဒုစ္စရိတာဒိဝတ္ထုတော = ကာယဒုစရိုက်စသည်တို့၏ ဝတ္ထုမှတွန့်ဆုတ်ခြင်းကိုစွ
သင်္ကောစနရသာ ရှိကုန်၏။
(ဂ) အကိရိယပစ္စုပဋ္ဌာနာ = ယင်းဒုစရိုက်တို့ကို မပြုခြင်းသဘောဟု (ဉာဏ်အား) ရှေးရှုထင်ကုန်၏။
(ဃ) သဒ္ဓါဟိရောတ္တပ္ပ အပိစ္ဆတာ = သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ (အလိုနည်းခြင်း)
ဒိဂုဏ ပဒဋ္ဌာနာ အစရှိသောဂုဏ်တို့လျှင် နီးသောအကြောင်း -----

*[မကောင်းမှုကို ပြုခြင်းမှ စိတ်၏မျက်နှာလွှဲခြင်း သဘောများဖြစ်ကြသည်ဟု မှတ်အပ်ပါလေ။]*

၄၇၆။ ယခုပြဆိုခဲ့သည့်အတိုင်း ၃၆-ပါးသော ဤသခ်ီရတို့သည်သာလျှင် ကာမာဝစရကုသိုလ်ပထမစိတ်နှင့်ယှဉ်ကြသည်ဟုသိအပ်၏။ ဒုတိယစိတ်နှင့်လည်း ထို့အတူပင်သိအပ်၏။ ဤဒုတိယစိတ်၌ သသခ်ီရ အဖြစ်မျှသာလျှင်ထူးသည်။ တတိယကုသိုလ်စိတ်နှင့်မူ အမောဟမှတစ်ပါးကြွင်းသော ၃၅-ပါးသောသခ်ီရတို့ယှဉ်ကြသည်ဟုသိအပ်၏။ စတုတ္ထစိတ်နှင့်ထို့အတူပင် ဤစိတ်၌သသခ်ီရအဖြစ်မျှသာထူးသည်။

*(မှတ်ချက်) ၁။ ကာယဒုစရိုက်စသည်တို့၏ဝတ္ထုတို့ဟူသည်မှာ- သူ့အသက် သူ့ဥစ္စာ သူ့မယား စသည်တို့ပင် (ဋီကာ)*

*၂။ ကာယဒုစရိုက်စသည်တို့၏ဝတ္ထုမှ တွန့်ဆုတ်ခြင်းကိရိယာကိုညွှန်ပြခြင်းဖြင့် ကာယဒုစရိုက်စသည်ပင်လျှင် တွန့်ဆုတ်ခြင်းကိရိယာကိုဆိုသည်ဟုမှတ်အပ်၏။ မှန်၏။ ဝိရတိတို့သည် ဒုစရိုက်တို့၏ဝတ္ထုကိုမပြုခြင်း ပစ္စုပဋ္ဌာန်ရှိကြသည်ဟုဆိုရန်မသင့်ကုန် စင်စစ်သော်ကား- ဒုစရိုက်ကိုမပြုခြင်း ပစ္စုပဋ္ဌာန်ရှိကြသည်ဟူ၍သာ ဆိုရန်သင့်ကုန်၏။ (ဋီကာ)*

*၃။ အမောဟခေါ် ဉာဏ်နှင့်မယှဉ်သောကြောင့်ပင် ဤတတိယ၊ စတုတ္ထစိတ်တို့ကို ဉာဏဝိပ္ပယုတ်ဟုဆိုရပေသည်။*

ထိုမှတစ်ပါး ပထမစိတ်၌ ဆိုခဲ့သော သခ်ီရတို့တွင် ပီတိမှကြွင်းသော (၃၅-ပါးသော) သခ်ီရတို့သည်ပဥ္စမစိတ်နှင့်ယှဉ်ကုန်၏၊ ဆဋ္ဌစိတ်နှင့်လည်းထို့အတူပင် ဤဆဋ္ဌစိတ်၌ သသခ်ီရအဖြစ်မျှသာထူးသည်၊ သတ္တမစိတ်နှင့်မူ အမောဟကိုချန်ထား၍ ကြွင်းသော (၃၄-ပါးသော) သခ်ီရတို့ ယှဉ်ကြသည်ဟုသိအပ်၏၊ အဋ္ဌမစိတ်နှင့်လည်း ထို့အတူပင် ဤအဋ္ဌမစိတ်၌ သသခ်ီရအဖြစ်မျှသာထူးသည်။

## မဟဂ္ဂုတ်စိတ်၌သင်္ဂဟနည်း၅-နည်း

| | | | |
|---|---|---|---|
| ပထမဈာန်စိတ် ၃-ပါး | ၁-နည်း | အညၤ-၁၃ + ဝိရတီ-၃- ကြဉ် သောဘနစေ- ၂၂ | ၃၅ |
| ဒု ။ | ။ | ဝိတက်ကြဉ် အညၤ-၁၂ +ဝိရတီကြဉ်- သောဘနစေ-၂၂ | ၃၄ |
| တ ။ | ။ | ဝိတက်, ဝိစာကြဉ် အညၤ-၁၁ + အပ္ပမညာကြဉ်- သောဘနစေ-၂၂ | ၃၃ |
| စ ။ | ။ | ဝိတက်, ဝိစာ, ပီကြဉ် အညၤ-၁၀ + ဝိရတီကြဉ်- သောဘနစေ-၂၂ | ၃၂ |
| ပဉ္စမ ၁၅ | ။ | ဝိတက်, ဝိစာ, ပီ,သုခကြဉ် အညၤ-၁၀ + ဝီ-၃ အပ္ပ-၂ ကြဉ်- သောဘန-၂၀ | ၃၀ |

ကာမာဝစရပထမကုသိုလ်စိတ်၌ဆိုခဲ့သောသင်္ခါရတို့တွင် ဝိရတီသုံးပါးကို ချန်ထား၍ ကြွင်းကုန်သော (၃၃-ပါးသော) သင်္ခါရတို့သည် ရူပါဝစရကုသိုလ် ပထမဈာန်စိတ်နှင့် ယှဉ်ကုန်၏။

ထို ၃၃-ပါးထဲမှ ဝိတက်ကြဉ်သော ၃၂-ပါးသောသင်္ခါရတို့သည် ဒုတိယဈာန်စိတ်နှင့်ယှဉ်ကုန်၏။

ထို ၃၂-ပါးထဲမှ ဝိစာရကြဉ်သော ၃၁-ပါးတို့သည် တတိယဈာန်စိတ်နှင့်ယှဉ်ကုန်၏။

ထို ၃၁-ပါးထဲမှ ပီတိကြဉ်သော ၃၀-တို့သည် စတုတ္ထဈာန်စိတ်နှင့်ယှဉ်ကုန်၏၊

ထို ၃၀-ထဲမှ အနိယတမည်သည့် ကရုဏာ, မုဒိတာတို့ကြဉ်သော ၂၈-ပါးတို့သည် ပဉ္စမဈာန်စိတ်နှင့်ယှဉ်ကုန်၏။

ထို၂၈-ပါးတို့သည်ပင်လျှင် အရူပါဝစရကုသိုလ်စိတ် ၄-ပါးတို့၌ယှဉ်ကုန်၏။ ဤ အရူပါဝစရဈာန်စိတ်တို့၌ အရူပါဝါစရအဖြစ်မျှသည်သာထူးသည်၊

*(မှတ်ချက်) ၁။ ကရုဏာ မုဒိတာတို့ကို နုတ်ပယ်ရန် ဝိရတီ ၃-ပါးကိုထည့်ရန်၊ နောက်၌ ပြလတ္တံ့ ဖြစ်သော်လည်း သုတနည်းသူတို့ သိလွယ်စေရန် ဤ၌ လက်သည်းကွင်းဖြင့် ဖော်ပြလိုက်သည်။ ရူပါဝစရ ပထမဈာန်၌ ၃၃,မှ ကရုဏာ၊ မုဒိတာ နှစ်ပါးနုတ် ၃၁-ပါးကျန်၊ ၎င်း၌ ဝိရတီ ၃-ပါးထည့် ၃၄-ပါးဖြစ်သည်။*

*၂။ ပထမဈာန်၌ ၃၄-ပါးမှဝိတက်နုတ် ဒုတိယဈာန်၌ ၃၃၊ ၎င်းမှဝိစာရနုတ် တတိယဈာန်၌ ၃၂၊ ၎င်းမှပီတိနုတ် စတုတ္ထဈာန်နှင့်ပဉ္စမဈာန်တို့၌ ၃၁-ပါးဖြစ်သည်ဟုသိအပ်၏။*

## လောကုတ္တရာစိတ်၌သင်္ဂဟနည်း ၅-နည်း

| | | | |
|---|---|---|---|
| ပထမဈာန်စိတ် ၈-ပါး | ၁-နည်း | အည-၁၃ + အပ္ပမညာ- ကြဉ် သောဘနစေ- ၂၃ | ၃၆ |
| ဒု ။ | ။ | ဝိတက်ကြဉ် အည-၁၂ +အပ္ပမညာကြဉ်- သောဘနစေ-၂၃ | ၃၅ |
| တ ။ | ။ | ဝိတက်, ဝိစာကြဉ် အည-၁၁ + အပ္ပမညာကြဉ်- သောဘနစေ-၂၃ | ၃၄ |
| စ ။ | ။ | ဝိတက်, ဝိစာ, ပီကြဉ် အည-၁၀ + အပ္ပမညာ ကြဉ်- သောဘနစေ-၂၃ | ၃၃ |
| ပဉ္စမ ။ | ။ | ဝိတက်, ဝိစာ, ပီ, သုခကြဉ် အည-၁၀ + အပ္ပမညာ ကြဉ်- သောဘနစေ-၂၃ | ၃၃ |

လောကုတ္တရာကုသိုလ်စိတ်တို့တွင်ပထမဈာန်နှင့်ယှဉ်သော မဂ်စိတ် (၄-ပါး)၌ ရူပါဝစရပထမဈာန်စိတ်၌ဆိုခဲ့သောနည်းဖြင့် (ကရုဏာ မုဒိတာတို့ကိုနှုတ်ပယ်သော် ဝိရတီ ၃-ပါးတို့ကိုထည့်၍ယှဉ်သောသင်္ဂါရတို့ကို) သိအပ်၏။

ဒုတိယဈာန်နှင့်ယှဉ်သောစိတ်စသည် အပြားရှိသောမဂ်စိတ် (၄-ပါး)၌ယှဉ်သော သင်္ဂါရတို့ကို ရူပါဝစရဒုတိယဈာန်စိတ်စသည်တို့၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် (ကရုဏာ မုဒိတာတို့ကိုနှုတ်ပယ်ကာ- ဝိရတီ ၃-ပါးတို့ကိုထည့်၍)သိအပ်ကုန်၏။

**အထူးကား**- ဤလောကုတ္တရာစိတ်တို့၌ ကရုဏာမုဒိတာတို့မရှိခြင်း, ဝိရတီသုံးပါး အမြဲယှဉ်ခြင်း၊ လောကုတ္တရာဖြစ်ခြင်းဟူသော ဤသည်သာလျှင်ထူးပေသည်။

ယခုဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ကုသိုလ်သာလျှင်ဖြစ်ကုန်သောသင်္ဂါရတို့ကို သိအပ်ကုန်၏။

### အကုသိုလ်စိတ်၌သင်္ဂဟနည်း ၇-နည်း

| | | | | |
|---|---|---|---|---|
| လောဘမူစိတ် ၈-ပါး ၄-နည်း | ပ-အသင်္ခါရိက | ၁-နည်း | အည-၁၃+မော-၄+လောဘ+ဒိဋ္ဌိ | ၁၉ |
| | ဒု-အသင်္ခါရိက | | အည-၁၃+မော-၄+လောဘ+မာန | ၁၉ |
| | တ-အသင်္ခါရိက | ၁-နည်း | ပီကြဉ်-အည-၁၂+မော-၄+ လောဘ+ ဒိဋ္ဌိ | ၁၈ |
| | စ-အသင်္ခါရိက | | ပီကြဉ်-အည-၁၂+မော-၄+ လောဘ+ မာန | ၁၈ |
| | ပ-သသင်္ခါရိက | ၁-နည်း | အည-၁၃+မော-၄+လောဘ+ ဒိဋ္ဌိ+ ထိန-မိဒ္ဓ | ၂၁ |
| | ဒု-သသင်္ခါရိက | | အည-၁၃+မော-၄+လောဘ+ မာန+ ထိန-မိဒ္ဓ | ၂၁ |
| | တ-သသင်္ခါရိက | ၁-နည်း | ပီ ကြဉ်-အည-၁၂+မော-၄+ လောဘ+ ဒိဋ္ဌိ+ထိန-မိဒ္ဓ | ၂၀ |
| | စ-သသင်္ခါရိက | | ပီ ကြဉ်-အည-၁၂+မော-၄+ လောဘ+မာန+ထိန-မိဒ္ဓ | ၂၀ |
| ဒေါသမူ-၂ ၂-နည်း | ပဋ္ဌမအသင်္ခါရိက | ၁-နည်း | ပီ ကြဉ်-အည-၁၂+မော-၄+ ဒေါ-၄ | ၂၀ |
| | ပဋ္ဌမသသင်္ခါရိက | ၁-နည်း | ပီ ကြဉ်-အည-၁၂+မော-၄+ ဒေါ-၄+ထိန-မိဒ္ဓ | ၂၂ |
| မောဟမူ-၂ ၁-နည်း | ဝိစိကိစ္ဆာစိတ်၌ | ၁-နည်း | ဆန်, ပီ, ဓိ ကြဉ်-အည-၁၀+ မော-၄+ ဝိစိကိစ္ဆာစေ | ၁၅ |
| | ဥဒ္ဓစ္စစိတ်၌ | | ဆန်, ပီ ကြဉ်-အည-၁၁+ မော-၄ | ၁၅ |

၄၇၇။ အကုသိုလ်စိတ်တို့တွင် လောဘမှ ပထမအကုသိုလ်စိတ်နှင့်ယှဉ်သော နိယတသင်္ခါရတို့သည် သရုပ်အားဖြင့်လာသောသင်္ခါရ ၁၃-ပါး၊

ယေဝါပနဖြင့် ဟောသောသင်္ခါရ ၄-ပါး၊ ဤသို့အားဖြင့် ၁၇-ပါးတို့ပေတည်း။ ထိုတွင်

ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဇီဝိတ, သမာဓိ, အဟိရိက, အနောတ္တပ္ပ, လောဘ, မောဟ, မိစ္ဆာဒိဋ္ဌိဟူသော ဤ ၁၃-ပါးတို့သည်သရုပ်အားဖြင့်လာသော သင်္ခါရတို့ ပေတည်း။ **ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရဟူသော ဤ၄-ပါးတို့သည်** ယေဝါပနဖြင့် ဟောသော ယေဝါပနကသင်္ခါရတို့ပေတည်း။

| လောဘမူ-ပထမ အသင်္ခါရိက (အကုသိုလ်စိတ်) |
|---|

↓

နိယတယုဉ်- ၁၇-ပါး

(ဝေ,သဉ်-) ကြဉ် အညသမာန်း-၁၁-ပါး မောစတုတ်-၄+ လော+ဒိ)

| သရုပ | ယေဝါပနက |
|---|---|
| (သရုပ်နာမည်ထုတ်-၁၃) | (သရုပ်နာမည်မထုတ်-၄) |
| ဖ,စေ,တက်,စာ,ပီ,ဝီ,ဇီ၊ | (ဆန်နှင့် အဓိ၊ မနသိ+ဥဒ်၊ |
| လော,မော,ဒိ၊ အဟိရိ, | ဖွင့်ထုတ်ယေဝါ၊ |
| အနောတ္တပ္ပ၊ | ၄-ပါးသာတည်း၊) |

၄၇၈။ ထိုတွင် မရှက်တတ်သောသူသည် အဟိရိကမည်၏။ မရှက်တတ်သောသူ၏ ဖြစ်ကြောင်းသဘောသည် အဟိရိကမည်၏။ မကြောက်လန့်တတ်သော သဘောသည် **အနောတ္တပ္ပမည်၏။**

(က) ကာယဒုစ္စရိတာဒီတိ = အဟိရိကသည် ကာယဒုစရိုက်စသည်တို့ကို မစက်
အဇိဂုစ္ဆနလက္ခဏံ ဆုပ်ခြင်းလက္ခဏာရှိ၏၊
အလဇ္ဇာလက္ခဏံဝါ = (တစ်နည်း) မရှက်ခြင်းလက္ခဏာရှိ၏။
ကာယဒုစ္စရိတာဒီတိ = အနောတ္တပ္ပသည် ထိုဒုစရိုက်တို့မှပင်လျှင် မကြောက်
အသာရဇ္ဇလက္ခဏံ ရွံ့ခြင်းလက္ခဏာရှိ၏၊
အနုတ္တာသလက္ခဏံဝါ = (တစ်နည်း) မထိတ်လန့်ခြင်း လက္ခဏာရှိ၏။

*(ဤကား-အကျဉ်း။ အကျယ်ကိုမူ- ဟိရီဩတ္တပ္ပတို့ကိုပြရာ၌ ဆိုခဲ့သောစကားတို့၏ ဆန့်ကျင်ဘက်အစွမ်းအားဖြင့်သိပါလေ။)*

၄၉၇။ လိုချင်မက်မောကြောင်းသဘောသည် လောဘမည်၏၊ (တစ်နည်း) လိုချင် မက်မောတတ်သောသဘောသည် လောဘမည်၏၊ (တစ်နည်း) လိုချင်ခြင်း၊ မက်မောခြင်း မျှသည် လောဘမည်၏။

တွေဝေကြောင်း, အမှားကိုသိကြောင်းသဘောသည် မောဟမည်၏၊ (တစ်နည်း) တွေဝေတတ်, အမှန်ကို မသိတတ်၊ အမှားကိုသိတတ်သော သဘောသည် မောဟမည်၏၊ (တစ်နည်း) တွေဝေခြင်း အမှန်ကိုမသိခြင်း၊ အမှားကိုသိခြင်းမျှသဘောသည် မောဟမည်၏။

(က) အာရမ္မဏဂ္ဂဟဏလက္ခဏော = လောဘသည် ငါး၏ဥစ္စာ၊ ငါ့ဟာဟူ၍ အာရုံကို သိမ်းယူခြင်းလက္ခဏာရှိ၏၊ *(မျောက်နဲ့စေးကဲ့သို့)*
(ခ) အဘိသင်္ဂရသော = အာရုံ၌ရှေ့ရှုကပ်ခြင်း၊ ငြိခြင်းကိစ္စရှိ၏၊ *(အိုးကင်းပူ၌ချက်အပ်သောသားတစ်ကဲ့သို့)*
(ဂ) အပရိစ္စာဂပစ္စုပဋ္ဌာနော = မစွန့်မလွှတ်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ *(ဆီ၊ မင်စွန်းခြင်းကဲ့သို့)*
(ဃ) သံယောဇနိယဓမ္မေသု အဿာဒ ဒဿန ပဒဋ္ဌာနော = သံယောဇဉ်ကြိုး၏ချည်တိုင်အာရုံတို့၌ သာယာ ဖွယ်ဟု မြင်ခြင်းလျှင်နီးသောအကြောင်းရှိ၏၊

*[တဏှာမြစ်အဖြစ်ဖြင့်တိုးပွားလတ်သော် လျင်သောရေယာဉ်ရှိသည့်မြစ်သည် မိမိ အပေါ်၌ကျသောဝတ္ထုကိုယူ၍ သမုဒ္ဒရာသို့ဆောင်သွားသကဲ့သို့ သတ္တဝါတို့ကိုအပါယ်သို့ သာလျှင်ဆောင်ယူ၍သွားတတ်သည်ဟုမှတ်ပါလေ။]*

၄၈၀။ မောဟသည်-
(က) စိတ္တဿ အန္ဓဘာဝလက္ခဏော = စိတ်၏ ဉာဏ်မြင်ကန်းခြင်းလက္ခဏာရှိ၏၊
အညာဏလက္ခဏောဝါ = (တစ်နည်း) အမှန်မသိခြင်းလက္ခဏာရှိ၏။
(ခ) အသမ္ပဋိဝေဓရသော = ထိုးထွင်း၍မသိစေခြင်းကိစ္စရှိ၏၊
အာရမ္မဏသဘာဝစ္ဆာဒနရသောဝါ = (တစ်နည်း) အာရုံသဘောမှန်ကို ဖုံးကွယ်ခြင်း----
(ဂ) အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာနော = အမှန်မသွား အမှားမြင်သည့်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊
အန္ဓကာရပစ္စုပဋ္ဌာနောဝါ = (တစ်နည်း) ဉာဏ်အမြင်ကန်းအောင်ပြုသည့် အမိုက် တိုက်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏။
(ဃ) အယောနိသောမနသိကာရ ပဒဋ္ဌာနော = အယောနိသောမနသိကာရလျှင်နီးသော အကြောင်းရှိ၏၊

*[အကုသိုလ်အားလုံးတို့၏ အရင်းမူလဟု-မှတ်]*

၄၈၁။ မှားယွင်းစွာ မြင်ကြောင်းသဘောသည် မိစ္ဆာဒိဋ္ဌိမည်၏၊ တစ်နည်း- မှားယွင်း စွာမြင်တတ်သောသဘောသည် မိစ္ဆာဒိဋ္ဌိမည်၏၊ တစ်နည်း-မှားယွင်းစွာမြင်ခြင်းမျှသည် မိစ္ဆာဒိဋ္ဌိမည်၏။ ၎င်းသည်-
(က) အယောနိသော အဘိနိဝေသလက္ခဏာ = မသင့်မမှန်သော အကြောင်းနည်းလမ်းဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏၊
(ခ) ပရာမာသရသာ = အမှန်ကိုကျော်လွန်၍ အမှားအားဖြင့် သုံးသပ်ခြင်း
(ဂ) မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ = မှားယွင်းစွာ အခိုင်အမာ နှလုံးသွင်း ယူစွဲနေသည်ဟု ဉာဏ်အားရှေးရှုထင်၏။

(ဃ) အရိယာနံ အဒဿန ကာမတာဒိပဒဋ္ဌာနာ = အရိယာတို့ကို မဖူးမြင်လိုခြင်း စသည်ဖြင့်နီးသော အကြောင်းရှိ၏။

*[အလွန်ကဲဆုံး အကြီးဆုံးအပြစ်ဟု မှတ်အပ်၏။]*

၄၈၂။ အာရုံ၌မစူးစိုက်နိုင်ဘဲတက်ကြွသည်၏အဖြစ်သည်ဥဒ္ဓစ္စမည်၏။ ၎င်းသည်-

(က) အဝူပသမလက္ခဏံ = မငြိမ်သက်ခြင်းလက္ခဏာရှိ၏၊ ***(လေတိုက်ခိုက်၍လှုပ်နေသောရေနှင့်တူ၏။)***

(ခ) အနဝဋ္ဌာနရသံ = မတည်တံ့ခြင်းကိစ္စရှိ၏၊ ***(လေတိုက်ခတ်၍ လှုပ်ရှားနေသောတံခွန်အလံနှင့်တူ၏)***

(ဂ) ဘန္တတ္တ ပစ္စုပဋ္ဌာနံ = ချာချာလည်သည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏၊ ***(ကျောက်ခဲကျလာ၍ခတ်မိသဖြင့် ပျံ့တက်နေသောပြာနှင့်တူ၏။)***

(ဃ) စေတသော အဝူပသမေ အယောနိသောမနသိကာရပဒဋ္ဌာနံ = စိတ်မငြိမ်သက်အောင် မသင့်မတော်စွာနှလုံးသွင်းခြင်းလျှင်နီးသောအကြောင်းရှိ၏။

*[စိတ်ကိုပစ်လွှတ်ခြင်းသဘော ဝါ-စိတ်၏ပျံ့လွင့်ကြောင်းသဘောဟု မှတ်အပ်၏။ ကြွင်းကုန်သော ဖဿစသည်တို့ကို ကုသိုလ်သင်္ဂါရအရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်သိအပ်ကုန်၏။* ***မှန်ပေ၏-*** *အကုသိုလ်မျှ အဖြစ်သည်သာလျှင်၎င်း၊ အကုသိုလ်ဖြစ်သောကြောင့် ယုတ်ညံ့သည်၏အဖြစ်သည်သာလျှင်၎င်း ဤအကုသိုလ်ဖဿစသည်တို့၏ ထိုကုသိုလ်ဖဿစသည်တို့မှ ထူးခြားခြင်းရှိပေသည်။]*

၄၈၃။ ယခုပြဆိုခဲ့သည့်အတိုင်း ၁၇-ပါးသော ဤသင်္ဂါရတို့သည် ပထမအကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟုသိအပ်၏၊ ဒုတိယအကုသိုလ်စိတ်နှင့်လည်း ထို့အတူပင်သိအပ်၏၊ **အထူးကား-** ဤဒုတိယအကုသိုလ်စိတ်၌ သသင်္ခါရအဖြစ်သည်၎င်း ထိနမိဒ္ဓ၏အနိယတအဖြစ်သည်၎င်း (ဝါ)အနိယတဖြစ်သော ထိန မိဒ္ဓနှင့်ယှဉ်ခြင်းသည်၎င်း အထူးပေတည်း။

ထိုထိနမိဒ္ဓတွင်-တွန့်ဆုတ်ခြင်း၊ ပျင်းရိခြင်းသည် ထိနမည်၏၊

(မစွမ်းနိုင်ခြင်း၊ပင်ပန်းခြင်းအလိုအားဖြင့်)မှိုင်းခြင်း၊ငိုင်ခြင်းသည် မိဒ္ဓမည်၏။ အားထုတ်ခြင်းမရှိဘဲတွန့်ဆုတ်ခြင်းသည် **ထိန၏အနက်**၊ စွမ်းနိုင်ခြင်းကင်းလျက် ပင်ပန်းခြင်းသည် **မိဒ္ဓ၏အနက်**ဖြစ်သည်၊ ထိနနှင့်မိဒ္ဓတွဲ၍ ထိနမိဒ္ဓဟုခေါ်သည်။

(က) အနုဿာဟလက္ခဏံ = ထိနသည် အားမထုတ်ခြင်း၊ အားထုတ်မှုကင်းခြင်းလက္ခဏာရှိ၏။

(ခ) ဝီရိယ ဝိနောဒနရသံ = လုံ့လဝီရိယကိုပယ်ဖျောက်ခြင်းကိစ္စရှိ၏။

(ဂ) သံသီဒနပစ္စုပဋ္ဌာနံ = တွန့်ဆုတ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(ဃ) အယောနိသောမနသိကာရ ပဒဋ္ဌာနံ = အယောနိသောမနသိကာရလျှင်နီးသော အကြောင်းရှိ၏၊

(က) အကမ္မညတာလက္ခဏံ = မိဒ္ဓသည်အမှု၌မကောင်းခြင်း၊ မလျော်ခြင်း လက္ခဏာရှိ၏၊

(ခ) ဩနဟနရသံ = (ဝိညာဏက္ခန္ဓါရတို့ကို) ပိတ်ခြင်းကိစ္စရှိ၏။

(ဂ) လီနတာပစ္စုပဋ္ဌာနံ = တွန့်ဆုတ်သည်၏အဖြစ်ဖြင့် (ဉာဏ်အား)-----
ပစလာယိကာနိဒ္ဒါပစ္စုပဋ္ဌာနံဝါ = (တစ်နည်း) မှိန်းခြင်း၊ အိပ်ငိုက်ခြင်းကို ဖြစ်စေတတ်၏။

(ဃ) ဉဘယမ္ပိအရတိတန္ဒိ ဝိဇမ္ဘိတာဒီသု အယောနိသော မနသိကာရပဒဋ္ဌာနံ = ထို ထိန,မိဒ္ဓ နှစ်ပါးလုံးပင် ကုသိုလ်အလုပ်၌မပျော်ခြင်း၊ ကိုယ်လက်တို့ကိုပစ်နွဲ့ခြင်းစသည်တို့၌ (ဝါ) စသည်တို့ဖြစ်အောင် မသင့်စွာနှလုံးသွင်းမှု အယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။

ပထမအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၇-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကိုချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် တတိယအကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟုသိအပ်၏။ အထူးကား- ဤတတိယအကုသိုလ်စိတ်၌ အနိယတဖြစ်သောမာနယှဉ်ခြင်းသည်သာထူး၏။

ယင်းမာနသည်-

(က) ဥဏ္ဏတိလက္ခဏော = တက်ကြွ ထောင်လွှားခြင်း လက္ခဏာရှိ၏။

(ခ) သမ္ပဂ္ဂဟရသော = ကိုယ့်ကိုယ်ကို ချီးမြှောက်ခြင်း ကိစ္စရှိ၏။

(ဂ) ကေတုကမျတာပစ္စုပဋ္ဌာနော = *တံခွန်ကဲ့သို့ မြင့်တက်၊ ပလွှားလိုသည်၏အဖြစ်ဖြင့်* ဉာဏ်အားရှေးရှုထင်၏။

(ဃ) ဒိဋ္ဌိဝိပ္ပယုတ္တလောဘ ပဒဋ္ဌာနော = ဒိဋ္ဌိဝိပ္ပယုတ်လောဘလျှင်နီးသောအကြောင်းရှိ၏၊ *(ရူးသွပ်ခြင်းကဲ့သို့ မှတ်ပါလေ။)*

ဒုတိယအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၆-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကိုချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် စတုတ္ထအကုသိုလ်စိတ်နှင့် ယှဉ်ကြသည်ဟုသိအပ်၏။ ဤစတုတ္ထစိတ်၌လည်း အနိယတဖြစ်သောမာနယှဉ်သည်သာ။

ထိုမှတစ်ပါး ပထမအကုသိုလ်စိတ်၌ဆိုခဲ့သော ၁၈-ပါးတို့တွင် ပီတိကိုချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် ပဉ္စမအကုသိုလ်စိတ်နှင့်ယှဉ်ကုန်၏၊ ဆဋ္ဌစိတ်နှင့်လည်း ထို့အတူပင်၊ဤဆဋ္ဌစိတ်၌သသင်္ခါရအဖြစ်သည်ငှင်း၊ အနိယတဖြစ်သောထိနမိဒ္ဓ၏ ယှဉ်ခြင်းသည်ငှင်း ထူးပါ၏။

ပဉ္စမအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၆-ပါးတို့တွင် ဒိဋ္ဌိကိုချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် သတ္တမအကုသိုလ်စိတ်နှင့် ယှဉ်ကြသည်ဟုသိအပ်၏၊ အထူးကား- ဤသတ္တမစိတ်၌ အနိယတဖြစ်သောမာနသည်ဖြစ်သည်သာထူး၏။ ဆဋ္ဌစိတ်၌ဆိုခဲ့သော ၁၈-ပါးတို့တွင် ဒိဋ္ဌိကိုချန်ထား၍ကြွင်းသောသင်္ခါရတို့သည် အဋ္ဌမအကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟု သိအပ်၏၊ ဤဆဋ္ဌစိတ်၌လည်း အနိယတဖြစ်သောမာနသည် ဖြစ်သည်သာတည်း။ ဤတွင် တစ်ရပ်ပြီး၏။

၄၈၄။ ထိုမှတစ်ပါး ဒေါသမူစိတ် ၂-ပါးတို့တွင် ပထမစိတ်နှင့်ယှဉ်သော နိယတသင်္ခါရတို့သည် သရုပ်အားဖြင့်လာသောသင်္ခါရတို့က ၁၁-ပါး+ယေဝါပနကသင်္ခါရတို့က ၄-ပါး= ပေါင်း ၁၅-ပါး+အနိယတသင်္ခါရတို့က ၃-ပါး၊ စုစုပေါင်း-ဒေါသမူ ပထမစိတ်နှင့်ယှဉ်သော သင်္ခါရတို့သည် ၁၈-ပါးတို့ပေတည်း၊ ထိုတွင် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ဝီရိယ, ဇီဝိတ, သမာဓိ, အဟိရိက, အနောတ္တပ္ပ, ဒေါသ, မောဟဟူသော ဤ ၁၁-ပါးတို့သည် သရုပ်အားဖြင့်လာသောသင်္ခါရတို့ဖြစ်၏။

ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရဟူသော ဤ ၄-ပါးတို့သည် ယေဝါပနက သင်္ခါရတို့ပေတည်း။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဟူသော ဤ ၃-ပါးသည် အနိယတသင်္ခါရ တို့ပေတည်း။

ဒေါသမူ ပထမ အသင်္ခါရိကစိတ်

↓

စေတသိက် သင်္ခါရ-၁၈ပါးနှင့် ယှဉ်၏။

(ဝေ+သဉ်+ပီ-) ကြဉ် အညသမာန်း-၁၀ မောစတုတ်-၄+ ဒေါစတုတ်-၄=၁၈

- နိယတယှဉ် - သင်္ခါရစေတသိက် (၁၅)ပါး
  - သရုပသင်္ခါရ စေတသိက် (၁၁) (ဖသ်,စေ,တက်, စာ၊ ဝိရာ,ဇီ,မိ၊ အဟိ, နွတ်,ဒေါ၊ ဆယ်တစ်- မောဟူ၊ ယှလေ-သရုပ။)
  - ယေဝါပနကသင်္ခါရစေတသိက်(၄) (ဆန်နှင့်အဓိ၊ မနသိ+ဥဒ်၊ ဖွင့်ထုတ်-ယေဝါ၊ လေးပါးသာတည်း)
- အနိယတယှဉ်- သင်္ခါရစေတသိက် (၃)ပါး (ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ)

၄၈၅။ ဖျက်ဆီးကြောင်းသဘောသည် ဒေါသမည်၏၊ တစ်နည်း ဖျက်ဆီးတတ်သော သဘောသည် ဒေါသမည်၏၊ (တစ်နည်း) ဖျက်ဆီးခြင်း၊ ပစ်မှားခြင်း စိတ်ဆိုးဖြင့်မှုသည် ဒေါသမည်၏။ ၎င်းသည်-

(က) စဏ္ဍိက္ကလက္ခဏော = အမျက်ထွက်ခြင်း၊ ကြမ်းတမ်းခြင်းလက္ခဏာရှိ၏ *(ပုတ်ခတ်ခံရသော မြွေဆိုး မြွေဟောက်ကဲ့သို့)*

(ခ) ဝိသပ္ပနရသော = မိမိဖြစ်ပုံအားဖြင့်၎င်း အနိဋ္ဌရုပ်တို့ကိုဖြစ်စေသော အားဖြင့်၎င်း၊ ဖောက်ပြန်စွာ ပြန့်သွားခြင်းကိစ္စရှိ၏၊ ဝါ-ကိုယ်ကိုတုန်လှုပ်စေခြင်းကိစ္စရှိ၏ ဝါ-ကိုယ်၏ တုန်လှုပ်ခြင်းဟူသော ပြည့်စုံသော ရသရှိ၏။ *(အဆိပ်ကျရောက်သကဲ့သို့)*

အတ္တနော နိဿယဒဟနရသောဝါ= (တစ်နည်း) မိမိ၏မှီရာရုပ်ကိုလောင်ခြင်းကိစ္စရှိ၏။
*(တောမီးလောင်သကဲ့သို့)*

(ဂ) ဒူသန ပစ္စုပဋ္ဌာနော = မိမိကိုဂုင်း၊ သူတစ်ပါးကိုင်း၊ ဖျက်ဆီးတတ်သည့် အနေအားဖြင့်ဉာဏ်အားရှေးရှုထင်၏၊
*(အခွင့်ရသောရန်သူကဲ့သို့)*

(ဃ) အာဃာတဝတ္ထုပဒဋ္ဌာနော = ရန်ငြိုးဖွဲ့ကြောင်းအာဃာတဝတ္ထုလျှင်နီးသော အကြောင်းရှိ၏၊
*(အဆိပ်နှင့်ရောထားသောကျင်ငယ်ရေပုပ်ကဲ့သို့ မှတ်ပါလေ၊)*

၄၈၆။ ငြူစူခြင်းကိုပြုခြင်းသည် ဣဿာမည်၏၊ ၎င်းသည်-

(က) ပရသမ္ပတ္တီနံ ဥသူယန လက္ခဏာ = သူတစ်ပါး၏ စည်းစိမ်ကို ငြူစူခြင်း (မနာလိုခြင်း) လက္ခဏာရှိ၏။

(ခ) တတ္ထေဝ အနဘိရတိရသာ = ယင်းသူတစ်ပါး၏ စည်းစိမ်တို့၌ပင်လျှင်မပျော် မွေ့ခြင်းကိစ္စရှိ၏။

(ဂ) တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ = ယင်းတို့မှ မျက်နှာလွှဲသည့်အဖြစ်ဖြင့် (ဉာဏ်အား)

(ဃ) ပရသမ္ပတ္တိပဒဋ္ဌာနာ = သူတစ်ပါးစည်းစိမ်လျှင် နီးသောအကြောင်းရှိ၏၊
*(သံယောဇဉ်ကြိုးတစ်ချောင်းဟုမှတ်ပါလေ)*

၄၈၇။ ဝန်တိုသူဖြစ်ကြောင်း သဘောသည် မစ္ဆရိယမည်၏။ ၎င်းသည်-

(က) အတ္တနော သမ္ပတ္တီနံ နိဂူဟန လက္ခဏံ = ရပြီး၊ ရလတ္တံ့ဖြစ်ကုန်သော မိမိ၏စည်းစိမ်တို့ကို လျှို့ဝှက်ခြင်းလက္ခဏာရှိ၏၊

(ခ) တာသံယေဝ ပရေဟိ သာဓာရဏဘာဝအက္ခမနရသံ = (ယင်းစည်းစိမ်တို့ကို သူတစ်ပါးတို့နှင့်ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏။

(ဂ) သင်္ကောစနပစ္စုပဋ္ဌာနံ = (ကိုယ်ပိုင်စည်းစိမ်တို့၏ သူတစ်ပါးတို့နှင့် ဆက်ဆံခြင်းကို မနှစ်သက်အားဖြင့်)တွန့်ခြင်းလျှင် (ဉာဏ်အား)ရှေးရှုထင်သောအခြင်းအရာရှိ၏၊

ကဋုကဉ္စုကတာပစ္စုပဋ္ဌာနံဝါ = (တစ်နည်း) ခါးစပ်သောအခြင်းအရာဖြစ်ခြင်းလျှင် ရှေးရှုထင်သောအခြင်းအရာရှိ၏။

(ဃ) အတ္တ သမ္ပတ္တိပဒဋ္ဌာနံ = မိမိ၏စည်းစိမ်လျှင် နီးသောအကြောင်းရှိ၏၊

*(စိတ်၏မလှပခြင်း၊ ဖောက်ပြန်ခြင်းသဘောဟု မှတ်ပါလေ။)*

၄၈၈။ ကု=စက်ဆုပ်ဖွယ်ဖြစ်သော+ ကတ= ပြုအပ်ပြီးသောအမှုသည်၊ ကုကတ

မည်၏၊ ထိုကုကတ၏ ဖြစ်ကြောင်းသဘောသည် **ကုက္ကုစ္စ**မည်၏။ ၎င်းသည်-

(က) ပစ္စာနုတာပလက္ခဏ = နောင်တ တဖန်ပူပန်ခြင်း လက္ခဏာရှိ၏။

(ခ) ကတာကတာနုသောစနရသ = ပြုမိသောမကောင်းမှု၊ မပြုမိသောကောင်းမှုကို ပြန်လည်အောက်မေ့လျက် စိုးရိမ်ပူပန်ခြင်း ကိစ္စရှိ၏။

(ဂ) ဝိပ္ပဋိသာရပစ္စုပဋ္ဌာန = နှလုံးမသာသည့်အနေဖြင့် (ဉာဏ်အား)-----

(ဃ) ကတာကတပဒဋ္ဌာန = ပြုမိ၊ မပြုမိသောအမှုလျှင် နီးသောအကြောင်းရှိ၏၊

*(ကျွန်၏အဖြစ်ကဲ့သို့မှတ်ပါလေ၊)*

*(မှတ်ချက်) ၁။ ဤ၌ ကုကတ၏ ဖြစ်ကြောင်းဟုဆိုသော်လည်း ကုကတ- စက်ဆုပ်ဖွယ်ပြုမိသည်ဟုနှလုံးသွင်းပူပန်သောစိတ်၏ဖြစ်ကြောင်းပင်ဖြစ်သည်။ထို့ကြောင့် ဋီကာ၌ "ကုကတံ- **စက်ဆုပ်ဖွယ်ပြုမိသောအမှုဟူသော၍စကား၌**- ပြုသင့်ပါလျက်မပြုမိသောကောင်းမှုသည်လည်း ကုကတမည်သည်သာမှန်၏- အကြင်ကောင်းမှုကို ငါမပြုခဲ့မိ၊ ထိုမပြုမိခဲ့ခြင်းသည် ကုကတ-စက်ဆုပ်ဖွယ်ပြုမိသောအမှုပင်ဟူ၍ဤသို့ပြောဆိုတတ်ကြပေသည်။ထို့ကြောင့်ပင် "ပြုမိသောမကောင်းမှု၊ မပြုမိသောကောင်းမှုကို ပြန်လည်အောက်မေ့လျက်စိုးရိမ်ပူပန်ခြင်း၊ ကိစ္စရှိ၏"ဟု ဆိုပေလတ္တံ့၊ ဤသို့ပြုမိသော ဒုစရိုက်၊ မပြုမိသော သုစရိုက်သည် ကုကတမည်၏ ကုကတမည်သော ဒုစရိုက် သုစရိုက်ကို အကြောင်းပြု၍ နှလုံးမသာသည့် အလိုအားဖြင့်ဖြစ်သော စိတ်သည်လည်း ထိုကုကတနှင့်တကွဖြစ်သောကြောင့် (ဝါ-ထိုကုကတကိုအာရုံပြု၍ဖြစ်သောကြောင့်) ကုကတပင်မည်၏ဟု-ယူ၍ "ထိုကုကတ၏အဖြစ်သည် ကုက္ကုစ္စမည်၏"ဟုဆို၏။*

*ထို့ကြောင့် **ကုကတ၏ဖြစ်ကြောင်းဟူ**သည်မှာ- စက်ဆုပ်ဖွယ်ပြုမိလေခြင်းဟုနှလုံးသွင်းပူပန်သောစိတ်၏ဖြစ်ကြောင်းကိုဆိုသည်ဟုမှတ်အပ်၏။*

ဤသို့လျှင် ဤ ၁၈-ပါးသောသင်္ဂါရတို့သည် ပဌမဒေါသမူစိတ်နှင့်ယှဉ်ကြ၏။ ဒုတိယစိတ်၌ သသင်္ခါရအဖြစ်နှင့် အနိယတသင်္ခါရတို့တွင် ထိနမိဒ္ဓပါဝင်လာခြင်းသာထူး၏

၄၈၉။ မောဟမူစိတ်နှစ်ပါးတို့တွင်-

ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ဝီရိယ, ဇီဝိတ, စိတ္တဋ္ဌိတိ (အားနည်းသောသမာဓိ), အဟိရိက, အနောတ္တပ္ပ, မောဟ, ဝိစိကိစ္ဆာဟူ၍ သရုပ်အားဖြင့်လာသောသင်္ခါရတို့က ၁၁-ပါး၊ ဥဒ္ဓစ္စနှင့် မနသိကာရဟူသော ယေဝါပနကသင်္ခါရတို့က ၂-ပါး၊ ဤသို့အားဖြင့် ၁၃-ပါးတို့ဖြစ်၏။

ဝိစိကိစ္ဆာ-သမ္ပယုတ်စိတ်

သင်္ခါရစေတသိက်-၁၃ပါး ယှဉ်၏။

(ဝေ+သဉ်+ဆန္ဒ+ပီတိ+ အဓိကြဉ်-အညသမာန်းစေ-၈-ပါး၊
မောစတုတ်-၄-ပါး+ ဝိစိကိစ္ဆာ=၁၃-ပါး)

သရူပသင်္ခါရစေတသိက်
၁၁-ပါး၊ (ကျန်-၁၁)

ယေဝါပနက သင်္ခါရစေတသိက်
(၂)ပါး ဥဒ္ဓစ္စ+မနသိကာရ

ဥဒ္ဓစ္စသမ္ပယုတ်စိတ်

သင်္ခါရစေတသိက်-၁၃ပါး ယှဉ်၏။

(ဝေ+သဉ်+ဆန္ဒ+ပီတိ+ ကြဉ်-အညသမာန်း-၉-ပါး၊
မောစတုတ်-၄-ပါး = ၁၃-ပါး)

သရူပသင်္ခါရစေတသိက်
၁၁-ပါး၊ (ကျန်-၁၁)

ယေဝါပနက
သင်္ခါရစေတသိက်(၂)ပါး
(အဓိမောက္ခ+မနသိကာရ)

## အဟိတ်စိတ်သင်္ဟနည်း (၄)နည်း

| | | | |
|---|---|---|---|
| ဟသိတုပ္ပါဒ် | ၁-နည်း | ဆန္ဒကြဉ်- အည-၁၂ | ၁၂ |
| သောမနဿသန္တီရဏ | | ဆန္ဒ-ဝီရိယကြဉ် အည-၁၁ | ၁၁ |
| မနောဒွါရာဝဇ္ဇန်း | | ဆန္ဒ-ပီတိကြဉ် အည-၁၁ | ၁၁ |
| မနောဓာတ်-၃+<br>ဥပေက္ခာ သန္တီရဏ-၂ | ။ | ဆန္ဒ- ပီတိ- ဝီရိယကြဉ်၊ အည-၁၀ | ၁၀ |
| ဒွေ ပဉ္စဝိညာဏ်-၁၀ | ။ | သဗ္ဗစိတ္တသာဓာရဏစေ-၇ပါး | ၇ |


၄၉၀။ ထိုတွင် **စိတ္တဋ္ဌိတိဆိုသည်မှာ**- ဖြစ်ဆဲ၌တည်ခြင်းမျှဖြစ်သောအားနည်းသောသမာဓိကိုခေါ်၏။

ဝိ=ကင်းသော+**စိကိစ္ဆာ**=ကုစားခြင်းရှိသည့်သဘောသည် (ဝါ)ကုစားရန်ခဲယဉ်းသောသဘောသည် **ဝိစိကိစ္ဆာ**မည်၏။ ၎င်းသည်-

(က) သံသယလက္ခဏာ = ယုံကြည်သင့်သောဘုရားစသည်တို့၌) ယုံမှားခြင်း လက္ခဏာရှိ၏။
(ခ) ကမ္ပနရသာ = တုန်လှုပ်ခြင်းကိစ္စရှိ၏။
(ဂ) အနိစ္ဆယပစ္စုပဋ္ဌာနာ = မဆုံးဖြတ်နိုင်ခြင်း နှလုံးနှစ်ခွဖြစ်ခြင်းကို ဖြစ်စေတတ်၏၊
[အနေကသံဂါဟပစ္စုပဋ္ဌာနာဝါ] = (တစ်နည်း) အာရုံ၌ ဧကန်မဟုတ်သည့်အထူးထူး သောသဘောကိုယူသည့်အနေဖြင့် (ဉာဏ်အား)-
(ဃ) အယောနိသော မနသိကာရပဒဋ္ဌာနာ = ယုံမှားဖြစ်အောင် မသင့်သောနှလုံးသွင်းမှု အယောနိသောမနသိကာရလျှင် နီးသောအကြောင်း ရှိ၏၊

*(အကျင့်ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သောတရားဟု မှတ်ပါလေ။ ကြွင်းသော ဖဿစသည်တို့ ဆိုခဲ့ပြီးအတိုင်းပင်)*

၄၉၁၊ ၄၉၂။



အထူးကား- အဓိမောက္ခရှိခြင်းကြောင့် သမာဓိသည် (ဝိစိကိစ္ဆာစိတ်မှာထက်) သာ၍ အားရှိ၏၊ ထို့ပြင် ဤစိတ်၌ ဥဒ္ဓစ္စသည်လည်း သရုပ်အားဖြင့်ပင် လာ၏၊ အဓိမောက္ခနှင့် မနသိကာရတို့သည်ကား- ယေဝါပနကဓမ်အစွမ်းအားဖြင့် လာကုန်၏။ ဤသို့ အကုသိုလ်သင်္ခါရတို့ကိုသိပါလေ။

အဗျာကတသင်္ခါရပြီး၏။

**သင်္ခါရက္ခန္ဓာအကျယ်ပြဆိုချက်ပြီး၏။**

✠✠✠

## အတိတ်စသည်ဝေဖန်ပြောဆိုချက်

၄၉၃။ မြတ်စွာဘုရားသည်-

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော ကိုယ်တွင်း, ကိုယ်ပ, ကြမ်းတမ်း, သိမ်မွေ့, ယုတ်ညံ့, ကောင်းမြတ်, အဝေး, အနီးဖြစ်သော အလုံးစုံသောရုပ်ကိုတစ်ပေါင်းတည်းစု၍ ချုံး၍ ဤရုပ်အပေါင်းကို ရူပက္ခန္ဓာ(ရုပ်အစု)ဟုခေါ်ဆိုအပ်၏၊ အလုံးစုံသောဝေဒနာသည် ---၊ အလုံးစုံသောသညာသည်---၊အလုံးစုံသောသင်္ခါရသည်---၊အလုံးစုံသောဝိညာဏ်သည်---

**ယံကိဉ္စိ ရူပံ**= အလုံးစုံသောရုပ်သည်ဟုဆိုသော ထိုဘုရားစကားတော်၌-

**(ယံကိဉ္စိ)**=အလုံးစုံသောဆိုသည့်စကားသည်-အကြွင်းမဲ့ အကုန်သိမ်းယူဟောကြားအပ်သောစကားဖြစ်၏။

**ရူပံ**= ရုပ်သည်ဆိုသည့်စကားသည် **ယံကိဉ္စိ**နှင့်နပုံလိင်ခြင်းတူသောဝိညာဏ်, အာယတနံပုဒ်တို့ကဟောသော ဝိညာဏ်, အာယတနတရားတို့ကိုပါ အကျယ်အပြန့် ယူသွားမည်စိုး၍ ရုပ်ကိုသာယူပါဟု တားမြစ်သည့်အနေဖြင့်ဆိုသောစကားဖြစ်၏။ ဤသို့လျှင် (အလုံးစုံသောရုပ်သည်ဟူသော) ပုဒ်နှစ်ခုအပေါင်းဖြင့် ရုပ်ကိုသာအကြွင်းမဲ့သိမ်းယူခြင်းကို ပြတော်မူသည်၊ ထို့နောက် ယင်းရုပ်ကို အတိတ်စသော (၁၁)ချက်ဖြင့် ဝေဖန်ရန် ဆက်ဟောတော်မူပါသည်။ မှန်ပါသည်။ ထိုရုပ်သည် အချို့ကအတိတ်ရုပ်၊ အချို့ကအနာဂတ်ရုပ်၊ စသည်ဖြင့် ဝေဖန်ပြပါသည်။ *(ဝေဒနာစသည်တို့၌လည်းနည်းတူမှတ်)။*

၄၉၄။ ရုပ်ကို=(က) အဒ္ဓါရုပ်၊(ခ) သန္တတိရုပ်၊(ဂ) သမယရုပ်၊(ဃ) ခဏရုပ်အားဖြင့် (၄)မျိုးခွဲ၍၊ တစ်မျိုးတစ်မျိုး၌ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်များအဖြစ် ထပ်မံခွဲခြားဟောပြပါသည်။

(က) အဒ္ဓါရုပ်ဆိုသည်မှာ- ရှည်သောကာလအပိုင်းအခြား၌ဖြစ်သောရုပ်ကိုခေါ်ပါသည်။

(ခ) သန္တတိရုပ်ဆိုသည်မှာ- ရုပ်နာမ်တို့၏ (ဆိုင်ရာကာလအတွင်း) အစဉ်မပြတ်ဖြစ်သောရုပ်ကိုခေါ်ပါသည်။

(ဂ) သမယရုပ်ဆိုသည်မှာ- သတ်မှတ်ထားသောအခါသမယနှင့်စပ်ဆိုင်သော မပြတ်ဖြစ်နေသည့်ရုပ်ကိုခေါ်ပါသည်။

(ဃ) ခဏရုပ်ဆိုသည်မှာ- ဉပါဒ်, ဋီ, ဘင် ခဏတို့၌ဖြစ်သောရုပ်ကိုခေါ်ပါသည်။

(က) **ပစ္စုပ္ပန်အဒ္ဓါရုပ်**ဆိုသည်မှာ- သတ္တဝါတစ်ဦး၏ပဋိသန္ဓေမှစုတိတိုင်ဖြစ်သောရုပ်ဖြစ်၏။ ပဋိသန္ဓေမှရှေ့ပိုင်းရုပ်ကို **အတိတ်အဒ္ဓါရုပ်**ဟုရင်း၊ စုတိ၏နောက်ပိုင်းရုပ်ကို **အနာဂတ်အဒ္ဓါရုပ်**ဟုရင်းဆို၏။

(ခ) **ပစ္စုပ္ပန်သန္တတိရုပ်**ဆိုသည်မှာ- သဘောတူ, တစ်မျိုးတည်းသောဉတုကြောင့်ဖြစ်သော ရုပ်နှင့် သဘောတူ, တစ်မျိုးတည်းဖြစ်သောအာဟာရကြောင့်ဖြစ်သောရုပ်များသည် ရှေးကျ, နောက်ကျဖြစ်ငြားသော်လည်း **ပစ္စုပ္ပန်သန္တတိရုပ်**များဟုခေါ်ပါသည်။

**ပစ္စုပ္ပန်သန္တတိရုပ်**၏ရှေး၌ သဘောမတူသည့် ဉတု+အာဟာရကြောင့်ဖြစ်သောရုပ်များကို **အတိတ်သန္တတိရုပ်**များဟုခေါ်ပါသည်။

**ပစ္စုပ္ပန်သန္တတိရုပ်**၏နောက်၌ သဘောမတူသည့် ဉတု+အာဟာရများကြောင့်ဖြစ်ပေါ်သောရုပ်များကို **အနာဂတ်သန္တတိရုပ်**များဟု ခေါ်ပါသည်။

*[သဘောတူရုပ်ဟူသည် သီတ-သီတချင်းဆက်ဖြစ်၍၊ ဥဏှ-ဥဏှချင်းသဘောတူဆက်ဖြစ်သောရုပ်ကိုခေါ်ပါသည်။ ဥပမာ-နွေရာသီ၌ အဲယားကွန်းအခန်းထဲနေလျှင် သဘောတူသည့် သီတဥတုရုပ်အစဉ်ဆက်ဖြစ်ပြီး၊ အဲယားကွန်းအခန်းမှထွက်သောအခါ သဘောမတူသည့် ဥဏှ ဥတုရုပ်အစဉ်ပြောင်းဖြစ်သည်ဟု- ဆိုနိုင်မည်ဟုထင်ပါသည်။]*

ပစ္စုပ္ပန် စိတ္တဇသန္တတိရုပ်ဆိုသည်မှာ- တစ်ခုသော ပဉ္စဒွါရဝီထိ, တစ်ခုသော မနောဒွါရ ဇောဝီထိအစဉ်, တစ်ခုသောသမာပတ်ကြောင့် ထိုအတွင်း၌ ဖြစ်ပေါ်ကြသော ရုပ်များကိုခေါ်ပါသည်။ ထိုမှ ရှေး၌ဖြစ်သောရုပ်ကို အတိတ်စိတ္တဇသန္တတိရုပ်ဟုရင်း၊ ထိုမှနောက်၌ဖြစ်သောရုပ်ကို အနာဂတ်စိတ္တဇသန္တတိရုပ်ဟုရင်းခေါ်ပါသည်။

*[မှတ်ချက်။ ။ ကမ္မဇသန္တတိရုပ်အနေဖြင့် အတိတ်စသည်အပြားမရှိပါ၊ သို့သော်လည်းဖော်ပြပါ ဥတုဇ, အာဟာရဇ, စိတ္တဇရုပ်တို့၏အထောက်အပံ့အနေအားဖြင့် ကမ္မဇသန္တတိရုပ်တို့၏ အတိတ်စသည်အခွဲကိုသိရမည်ဟု ဆိုပါသည်။*

*ဖော်ပြပါ ဥ+အာ+ စိတ္တဇရုပ်တို့၏ ပစ္စုပ္ပန်သန္တတိအခိုက်ဖြစ်ပေါ်သော ပဝတ္တိကမ္မဇရုပ်များကို ပစ္စုပ္ပန်ကမ္မဇသန္တတိရုပ်ဟုရင်း၊ ထို၏ရှေ့အဖို့ဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်+ ပဝတ္တိကမ္မဇရုပ်များကို အတိတ်ဟုရင်း၊ ထို့မှနောက်ဖြစ်သော ပဝတ္တိကမ္မဇရုပ်များကိုအနာဂတ်ဟုရင်း၊ ခွဲနိုင်မည်ထင်၏။]*

(ဂ) ပစ္စုပ္ပန်သမယရုပ်ဆိုသည်မှာ- တစ်ခုသောမုဟုတ်, တစ်ခုသောနံနက်ခင်း, တစ်ခုသောညနေခင်း, တစ်ခုသောည့်+နေ့ အစရှိကုန်သောသမယတို့၌ အစဉ်သန္တာန်အနေဖြင့် မပြတ်ဖြစ်နေသော ထိုထိုအခါသမယနှင့်စပ်ဆိုင်သောရုပ်ကိုခေါ်ပါသည်။ ထိုမှ ရှေ့ပိုင်းကိုအတိတ်၊ နောက်ပိုင်းကိုအနာဂတ်ဟုသိပါလေ။

*[တစ်မုဟုတ်ကာလအချိန်အတိုင်းအတာ-လက်ဖျစ်ဆယ်တွက်ကာလသည် ခဏ၊ ခဏဆယ်ခုသည် လယ၊ လယဆယ်ခုသည် ခဏလယ၊ ခဏလယဆယ်ခုသည် တစ်မုဟုတ်၊ ထို့ကြောင့်*

*(လက်ဖျစ်တွက်ပေါင်းတစ်သောင်းသည်= **တစ်မုဟုတ်ကာလ**ဖြစ်၏။)* *လက်ဖျစ်တစ်တွက်* အချိန်သည် တစ်စက္ကန့်မျှရှိ၏၊ စက္ကန့်တစ်သောင်းကို မိနစ်နာရီဖွဲ့သော် ၂-နာရီနှင့်၄၆ **မိနစ်ကာလသည်** တစ်မုဟုတ်ကြာကာလဖြစ်၏။]

**(ဃ) ခဏဟူသည်-** ရုပ်တစ်ခု၏ ဖြစ်ဆဲဥပါဒ်ခဏ, တည်ဆဲဋ္ဌီခဏ, ပျက်ဆဲဘင်ခဏကို ဆိုပါသည်။

**ပစ္စုပ္ပန်ခဏဆိုသည်မှာ-** ဥပါဒ်အစရှိသော ခဏသုံးပါးအတွင်း၌ ဖြစ်သောရုပ်ကို ခေါ်၏။ ပစ္စုပ္ပန်ခဏသုံးပါးမှရှေး-မရောက်သေးသောခဏများသည် **အနာဂတ်ခဏများ** ဖြစ်ပြီး ပစ္စုပ္ပန်ခဏသုံးပါးမှ နောက်-ပြီးပြီးသောခဏများသည် **အတိတ်ခဏများ**ဖြစ်ပါသည်။

**တစ်နည်း-ဖြစ်စေတတ်သည့် ဟေတုအကြောင်းကိစ္စ, ထောက်ပံ့တတ်သည့် ပစ္စယ** အကြောင်းကိစ္စတို့ကို လွန်ခဲ့ပြီးသောရုပ်သည် **အတိတ်ခဏရုပ်မည်၏။**

ပြီးပြီးသော ဟေတုကိစ္စရှိသော မပြီးသေးသောပစ္စယကိစ္စရှိသောရုပ်သည် **ပစ္စုပ္ပန်ခဏရုပ်မည်၏။** နှစ်ပါးသော ဟေတုကိစ္စ, ပစ္စယကိစ္စသို့မရောက်သေးသောရုပ်သည် **အနာဂတ်ခဏရုပ်မည်၏။**

(တစ်နည်း) မိမိကိစ္စကိုပြုဆဲခဏ၌ (ဝါ) မိမိကိစ္စနှင့်တကွဖြစ်သောခဏဖြစ်သော ရုပ်သည် **ပစ္စုပ္ပန်ခဏရုပ်မည်၏၊** ထိုခဏမှရှေးရှေး-မရောက်သေးသောခဏ၌ ဖြစ်သော ရုပ်သည် **အနာဂတ်ခဏရုပ်မည်၏။** ထိုခဏမှနောက် လွန်ခဲ့ပြီးသောရုပ်သည် **အတိတ် ခဏရုပ်မည်၏။**

*ဤအတိတ်စသည်ကို ခွဲပြရာ၌ ခဏကထာ, ကိစ္စကထာသည်သာ မုချစကားဖြစ်ပြီး ကြွင်းသော အဒ္ဓါ, သန္တတိ, သမယကထာတို့သည် မုချစကားမဟုတ်၊ ပရိယာယ်စကားတို့ သာဖြစ်ပါသည်။*

၄၉၅။ **အဇ္ဈတ္တ+ ဗဟိဒ္ဓအခွဲမှာ-ရှေးနည်းအတိုင်းပင်-သုတ္တန်နည်းခွဲသော်- နိယကဇ္ဈတ္တ** ခေါ်= ပုဂ္ဂိုလ်အသီးသီး၏ မိမိ- မိမိတို့သန္တာန်၌ဖြစ်သောရုပ်ဟူသမျှသည် **အဇ္ဈတ္တ**= ကိုယ် **တွင်းရုပ်မည်၏။** အခြားအခြားသောပုဂ္ဂိုလ်တို့၏သန္တာန်ဖြစ်သော မျက်စိအကြည်စသော ရုပ်သည် **ဗဟိဒ္ဓ**= ပြင်ပရုပ်မည်၏။ (ဩဠာရိကရုပ် သုခုမရုပ်တို့အခွဲလည်း ရှေးနည်း အတိုင်းပင်-)

၄၉၆။ **ဟီနရုပ်ပဏီတရုပ်တို့၏အခွဲသည်ပရိယာယ်မုချအားဖြင့်နှစ်ပါးပြား၏။** **မုချအားဖြင့်ခွဲရာ၌** အကုသလဝိပါက်စိတ်၏အာရုံဖြစ်သောရုပ်သည် **ဟီန**= ယုတ်ညံ့၏ ကုသလဝိပါက်စိတ်၏အာရုံဖြစ်သောရုပ်သည် **ပဏီတ**= ကောင်းမြတ်၏၊

**ပရိယာယ်အားဖြင့်ခွဲရာ၌** သုဒဿီဗြဟ္မာတို့၏ရုပ်သည် အကနိဋ္ဌဗြဟ္မာတို့အောက် **ဟီန**= ယုတ်ညံ့ပြီး သုဒဿာဗြဟ္မာတို့ထက်မူ **ပဏီတ**= ကောင်းမြတ်၏။ ဤနည်းဖြင့် ငရဲ သတ္တဝါတိုင်အောင် ဟီနပဏီတကို ခွဲရမည်။

(ဒူရ+သန္တိကရုပ်အခွဲပြခဲ့ပြီး) သို့သော်လည်း ဤအရာ၌ အဝေးအနီး တည်ရာအရပ် အားဖြင့်လည်း အချင်းချင်းထောက်၍ထောက်၍ ဒူရ= အဝေးရုပ်၊ သန္တိက= အနီးရုပ်အဖြစ် ကိုသိပါဦးလေ။

၄၉၇။ ထိုအလုံးစုံသောရုပ်ကို တစ်ပေါင်းတည်းစု၍ချုံး၍ဆိုသည်မှာ- အတိတ်အစရှိသော (၁၁)မျိုးတို့ဖြင့် အသီးသီး အကျယ်ပြအပ်သော ထိုရုပ်အလုံးစုံကို ဖောက်ပြန်ခြင်းလက္ခဏာရှိသည်ဟုဆိုအပ်သောတစ်ခုတည်းအဖို့ရှိသည်၏အဖြစ်၌ ပညာဖြင့်အစုပြု၍ ရူပက္ခန္ဓာ ရုပ်အစုဟူ၍ခေါ်ဆိုအပ်ပါသည်။

ဤစကားဖြင့် ရုပ်အားလုံးကိုလည်း ဖောက်ပြန်ခြင်းလက္ခဏာ၌ အစုအဖြစ်သို့ရောက်သဖြင့် ရူပက္ခန္ဓာ- ရုပ်အစုမည်သည်ဟု ပြပါသည်။ မှန်ပါသည်။ ရုပ်မှတစ်ပါး ရူပက္ခန္ဓာ ရုပ်အစုမည်သည်မရှိပေ။

၄၉၈။ ရုပ်ကဲ့သို့ပင် ဝေဒနာစသည်တို့သည်လည်း ခံစားခြင်း လက္ခဏာစသည်တို့၌ အစုအဖြစ်သို့ရောက်သဖြင့် ဝေဒနာက္ခန္ဓာ- ဝေဒနာအစုစသည်တို့ မည်ကုန်၏၊ မှန်ပါ၏။ ဝေဒနာစသည်တို့မှတစ်ပါး ဝေဒနာက္ခန္ဓာ ဝေဒနာအစုမည်သည်တို့မရှိကြပေ။

ထူးသည်ကိုပြရလျှင်- အတိတ်စသည်ကိုဝေဖန်ရာ၌ ဤဝေဒနာစသည်တို့တွင် ရှေ့နောက် သန္တတိအစွမ်းအားဖြင့်၎င်း၊ ခဏစသည်တို့၏အစွမ်းအာဖြင့်၎င်း၊ ဝေဒနာ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်အဖြစ်ကို သိအပ်၏။ ထိုတွင် ရှေ့နောက် သန္တတိအစွမ်းအားဖြင့် တစ်ခုသော ပဉ္စဒွါရဝီထိ၊ တစ်ခုသောမနောဒွါရဇောအစဉ်၊ တစ်ခုသောသမာပတ်၌ အတွင်းဝင်သောဝေဒနာသည်၎င်း၊ တစ်ခုသောအဖို့ရှိသော (ဘုရား တရား) အစရှိသောအာရုံ၌ ကောင်းစွာယှဉ်လျက်ဖြစ်နေသောဝေဒနာသည်၎င်း၊ ပစ္စုပ္ပန်မည်၏။ ထိုမှ ရှေး၌ အတိတ်မည်၏၊ နောက်၌ အနာဂတ်မည်၏။

ခဏစသည်၏အစွမ်းအားဖြင့် ခဏ ၃-ပါးအပေါင်း၌အတွင်းဝင်သော ရှေးအဖို့ နောက်အဖို့ဖြစ်သော အနာဂတ်အတိတ်တို့၏ အလယ်၌တည်သော မိမိကိစ္စကို ပြုဆဲဖြစ်သောဝေဒနာသည် ပစ္စုပ္ပန်မည်၏။ ထိုမှ ရှေး၌ (ခဏ ၃-ပါးသို့ မရောက်သေးမီ ဝေဒနာသည်) အနာဂတ်မည်၏။ ထိုမှ နောက်၌ (ခဏ ၃-ပါးသို့ ရောက်ပြီး မိမိကိစ္စကို ပြုပြီးဖြစ်သောဝေဒနာသည်) အတိတ်မည်၏။

ကိုယ်တွင်းဝေဒနာ ကိုယ်ပဝေဒနာအပြားကို နိယကဇ္ဈတ္တခေါ် ပုဂ္ဂိုလ်အသီးသီး၏ ကိုယ်တွင်းတရားအစွမ်းအားဖြင့်သိအပ်၏။

၄၉၉။ ဩဠာရိက(အကြမ်း) + သုခုမ(နူးညံ့)အခွဲ (ဝိဘင်းပါဠိ)

အကုသိုလ်ဝေဒနာသည် ကြမ်း၏။ ကုသိုလ် အဗျာကတဝေဒနာသည် သိမ်မွေ့၏၊ ဤသို့ခွဲရာ၌ (က) ဇာတ်အားဖြင့်၊ (ခ) သဘာဝအားဖြင့် (ဂ) ပုဂ္ဂိုလ်အားဖြင့် (ဃ) လောကီ လောကုတ္တရာအားဖြင့် လေးမျိုးခွဲပြ၏။

| | (သြဠာရိက) ကြမ်း | (သုခုမ) နူးညံ့ | အကြောင်းပြချက် |
|---|---|---|---|
| (၉) ဓာတ်အားဖြင့်ခွဲ | အကု-ဝေဒနာ | ကုသိုလ်-ဝေဒနာ | အပြစ်ရှိသည့်အမှုကိုပြုကြောင်းဖြစ်, ကိလေသာအပူရှိန်ရှိ, မငြိမ်သက်သော ကြောင့်/(ကု-အပြန်အားဖြင့်သိ) |
| | အကု-ဝေဒနာ | ဝိပါက်-အဗျာ-ဝေဒနာ | ကြောင့်ကြဗျာပါဒရှိ, အားထုတ်မှုရှိ, အကျိုးဝိပါက်ကိုဖြစ်စေ, ကိလေသာ အပူရှိန်ရှိ, အပြစ်ရှိ/(ဝိဗျာ-အပြန်အားဖြင့်သိ) |
| | အကု-ဝေဒနာ | ကြိ-အဗျာ-ဝေဒနာ | အကျိုးဝိပါက်ကိုဖြစ်စေ, ကိလေသာအပူရှိန်ရှိ, ကိလေသာဆင်းရဲရှိ, အပြစ်ရှိ,/(ကြိဗျာအပြန်အားဖြင့်သိ) |
| | အကု+ကုဝေ | ဝိ-ကြိ-ဗျာ-ဝေ | ကြောင့်ကြဗျာပါဒရှိ, အားထုတ်မှုရှိ, အကျိုးဝိပါက်ကိုဖြစ်စေ/ (ဝိကြိဗျာ အပြန်အားဖြင့်သိ) |

၅၀၀။

| | | | |
|---|---|---|---|
| (၈) သဘာဝအားဖြင့်ခွဲ | ဒုက္ခဝေဒနာ | သုခ+ဥပေက္ခာဝေဒနာ | သာယာဖွယ်ကင်း, လှုပ်လှုပ်ရွရွပြန့်ကားထကြွ, ခြောက်ခြားဖွယ်ပြု, ထိန့်လန့်ဖွယ်ဖြစ်, လွှမ်းမိုးနှိပ်စက်တတ်/(သု-ဥ-သာယာဖွယ်ရှိ, ငြိမ်သက်, မွန်မြတ်, စိတ်နှလုံးကိုပွားစေ, အလယ်အလတ် သဘောရှိ) |
| | ဒု+သု-ဝေဒနာ | ဥပေက္ခာဝေဒနာ | လှုပ်လှုပ်ရွရွပြန့်ကားထကြွ, ခြောက်ခြားဖွယ်ပြု, (ဥပေက္ခာ-အပြန်အားဖြင့်သိ) |

၅၀၁။

| (၄) ပုဂ္ဂိုလ် | သမာပတ်မဝင်စားသောပုဂ္ဂိုလ်၏ဝေဒနာ | သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ဝေဒနာ | အာရုံအမျိုးမျိုး၌ပျံ့လွင့်သောကြောင့် |
|---|---|---|---|
| (၁) ဝိ-လောကီ | အာသဝေါတရားတို့၏ အာရုံဖြစ်နိုင်သော ကြောင့်သာသဝ မည်သောဝေဒနာသည် လောကီဝေဒနာ | အာသဝေါတရားတို့၏ အာရုံမဟုတ်သော အနာသဝမည်သော ဝေဒနာသည် လောကုတ္တရာဝေဒနာ | အာသဝေါတို့၏ ဖြစ်ကြောင်းဖြစ်၍ငင်း, ဩဃ, ယောဂ, ဂန္ထ, နီဝရဏ, ဥပါဒါန်, ကိလေသာတို့၏ အာရုံဖြင့်၍ငင်း ပုထုဇဉ်တို့နှင့် ဆက်ဆံသောကြောင့်ငင်း |

*(အထူးမှတ်ချက်) ဤဓာတ်+သဘာဝ+ပုဂ္ဂိုလ်+လောကီ-လောကုတ္တရာအစွမ်းဖြင့် အကြမ်းအနုခွဲရာ၌ ဓာတ်ကို သပ်သပ်, သဘာဝကိုသပ်သပ်, ပုဂ္ဂိုလ်ကိုသပ်သပ် လောကီ+လော*

*ကုတ္တရာတို့ကို သပ်သပ်စီ သုံးသပ်ခွဲခြမ်းပါလေ။* ရောစပ်၍ သုံးသပ်ခွဲခြမ်းခြင်းကို ရှောင်ရမည်၊ အဘယ့်ကြောင့်ဆိုသော်- အကုသလဝိပါက်ဒုက္ခသဟဂုတ်ကာယဝိညာဏ်သည် ဝိပါက်တရားဖြစ်၍ ဇာတ်အားဖြင့်သုခုမ (နူးညံ့၏)၊ သဘာဝအားဖြင့်ဒုက္ခဝေဒနာဖြစ်၍ ဩဠာရိက (ကြမ်းတမ်း၏)၊ ထို့ကြောင့် အလွဲအချော်များ ဖြစ်ကုန်၏။

ထို့ပြင် ဒုက္ခဝေဒနာတစ်ခုထဲမှာပင်သမာပတ်ဝင်စားသူ၏ဝေဒနာနှင့် မဝင်စားသူ၏ဝေဒနာမတူပေ။ သာသဝဝေဒနသည်ကြမ်း၍ အနာသဝဝေဒနာသည် သိမ်မွေ့၏။

ဒုက္ခဝေဒနာကဲ့သို့ပင် သုခဝေဒနာစသည်တို့၌ဇာတ်အားဖြင့် ဩဠာရိကဖြစ်ပြီး သဘာဝ စသည်တို့အားဖြင့် သုခုမဖြစ်နေပြန်၏၊ ထို့ကြောင့် ဇာတ် စသည်တို့ကို သပ်သပ်စီသာသုံးသပ်၍ ရောယှက်ခြင်းမဖြစ်အောင် ဝေဒနာတို့၏ ကြမ်း/နုကို သိအပ်ပါ၏။

မေး- ရောယှက်ခြင်းမဖြစ်အောင် ဝေဒနာ ကြမ်း/နုကို အဘယ်သို့ မသုံးသပ်သင့်ကြောင်း သိရပါမည်နည်း။

ဖြေ- အဗျာကတဝေဒနာသည် ဇာတ်အားဖြင့် ကု/အကု ဝေဒနာထက် သိမ်မွေ့၏၊ ထိုစကား၌ အဗျာကတဝေဒနာဟူသည် အဘယ်နည်း? ဒုက္ခဝေဒနာလော၊ သုခဝေဒနာလော၊ သမာပတ်ဝင်စားနေသူ၏ ဝေဒနာလော၊ မဝင်စားဘဲနေသောသူ၏ ဝေဒနာလော၊ သာသဝဝေဒနာလော၊ အနာသဝဝေဒနာလော၊ စသည်ဖြင့်ဇာတ်သုံးသပ်မှုမှဆက်၍ သဘာဝ, ပုဂ္ဂိုလ်၊ လောကီလောကုတ်အခွဲတို့ကို ဆက်လက်မသုံးသပ်သင့်-ဟုသိရပါမည်။

## ၅၀၂။ ဝေဒနာအမျိုးမျိုးတို့၏ခံစားမှုအခြေအနေကိုထောက်ရှု၍ ဩဠာရိက/သုခုမခွဲခြင်း

| ဩဠာရိက (ကြမ်း) | သုခုမ (နူးညံ့) |
|---|---|
| ဒေါသမူဝေဒနာသည် မြေးကဲ့သို့ မိမိမှီရာ သန္တာဝါကို လောင်တတ်သောကြောင့် | လောဘမူဝေဒနာသည်- |
| ပဋိဃာနုသယရှိယက်နှင့်ယှဉ်သော ဒေါသမူဝေဒနာသည် နိယတဖြစ်မှု | ပဋိဃ ---အနိယတဖြစ်မှု- |
| နိယတ ဒေါသမူဝေဒနာသည် ကမ္ဘာပတ်လုံး အဝီစိ၌တည်စေမည့်ကံနှင့်ယှဉ်သော= ကပ္ပဋ္ဌိတိဝေဒနာဖြစ်မှု | --- ထိုသို့မဟုတ်ပါက- |
| ထိုကပ္ပဋ္ဌိတိနိယတ ဒေါသမူဝေဒနာသည် အသင်္ခါရိကဖြစ်မှု | -- သသင်္ခါရိကဖြစ်မှု- |
| လောဘမူဝေဒနာသည် (ဒိဋ္ဌိနှင့်ယှဉ်လျှင်) | မယှဉ်လျှင်- |
| လောဘမူဝေဒနာသည် နိယတကပ္ပဋ္ဌိတိက အသင်္ခါရိကဖြစ်လျှင် | --- သို့မဟုတ်လျှင်- |
| ဘာမညအားဖြင့် အကုသိုလ်ဝေဒနာသည် အကျိုးဝိပါက်များလျှင် | --- အကျိုးဝိပါက်နည်းလျှင်- |
| ဘာမညအားဖြင့်-ကုသိုလ်ဝေဒနာသည် အကျိုးဝိပါက်နည်းလျှင် | --- အကျိုးဝိပါက်များလျှင်- |

## ထောက်ဆယူပုံ တစ်မျိုး

| ဩဠာရိက(ကြမ်း) | သုခုမ(နူးညံ့) |
|---|---|
| ကာမာဝစရကုသိုလ်ဝေဒနာ | ရူပါ-ကုသိုလ်ဝေဒနာ > အရူ-ကုသိုလ်ဝေဒနာ |
| ဒါနမယကုသိုလ်ဝေဒနာ | သီလမယ-ကု-ဝေဒနာ > ဘာဝနာမယ.ကု.ဝေဒနာ |
| ဘာဝနာမယ ကု-ဝေဒနာ၌ ဒွိဟိတ် ကု-ဝေဒနာ | တိဟိတ်ကုသိုလ်ဝေဒနာ |
| တိဟိတ်-ကု-ဝေဒနာ၌ သသင်္ခါရိက-ကု-ဝေဒနာ | အသင်္ခါရိကကုသိုလ်ဝေဒနာ |
| ရူပဝေဒနာ၌- ပထမဈာန်ဝေဒနာသည် | ဒုဈာန်ဝေဒနာသည်-> ။ပ။ ပဉ္စမဈာန်ဝေဒနာ |
| အရူပဝေဒနာ၌-အာကာသာနဉ္စာယတနဝေဒနာသည် | ဝိညာ-ဝေဒနာ > ။ပ။ နေဝသညာ-ဝေဒနာ |
| လောကုတ်-ဝေဒနာ၌ သောတာပတ္တိမဂ်ဝေဒနာသည် | သကဒါမဂ်ဝေဒနာ >။ပ။ အရဟတ္တမဂ်ဝေဒနာ |

ဤနည်းကို ဘုံအမျိုးမျိုးတို့၏ ဝိပါက်ဝေဒနာ, ကြိယာဝေဒနာတို့၌ငင်း, ဒုက္ခစသည့်၊ သမာပတ်ဝင်စားသူ/မဝင်စားသူ, သာသဝ, အနာသဝ စသောဝေဒနာတို့၌လည်း နည်းတူ သိအပ်ပါ၏။

## ဩကာသ(တည်ရာ)အားဖြင့် ခွဲပုံ

| ဩဠာရိက(ကြမ်း) | သုခုမ(နူးညံ့) |
|---|---|
| ငရဲ၌ဒုက္ခ (သုခလည်းနည်းတူ) | တိရစ္ဆာန်ဘုံ၌ဒုက္ခ > ။ပ။ ပရနိမ္မိတဝသဝတ္တီဘုံ၌ဒုက္ခ |
| အာရုံပြု၍ဖြစ်ရာဝတ္ထုအားဖြင့် ယုတ်ညံ့သော ဝတ္ထုရှိသော တစ်စုံတစ်ခုသောဝေဒနာသည် | --- ကောင်းမြတ်သော ဝတ္ထုရှိသောဝေဒနာသည် |

*(မှတ်ချက်) ယုတ်ညံ့သောဝတ္ထုရှိသောဟူသည်ကား- ဆပ်ဆန်ထမင်းကိုစားသောသူ၏ ယုတ်ညံ့သောဝတ္ထုကိုအာရုံပြု၍ဖြစ်သောဝေဒနာသည် ယုတ်ညံ့သောဝတ္ထုရှိသည်၏အဖြစ် ကြောင့် ကြမ်းတမ်း၏။ သလေးသားပွှမ်းထမင်းကိုစားသောသူ၏ဝေဒနာသည်ကောင်းမြတ် သောဝတ္ထုရှိသည်၏အဖြစ်ကြောင့်သိမ်မွေ့၏။*

*ဟီန (ယုတ်ညံ့) + ပဏီတ (ကောင်းမြတ်) အားဖြင့် အခွဲ*

*(ဟီနသည် ဩဠာရိကဖြစ်၍၊ ပဏီတသည် သုခုမဖြစ်၏)*

## ၅၀၃။ ဒူရ(အဝေး)+သန္တိက(အနီး)အားဖြင့် ခွဲပုံ

| ဒူရ(ဝေး) | သန္တိက(နီး) |
|---|---|
| အကု-ဝေဒနာ < နှင့် > ကု+ဗျာ-ဝေဒနာ (ဤနှစ်မျိုးသည် ကွဲပြားသောအဖို့ရှိ၊ မရောနှော၊ မတူ၊ ထို့ကြောင့် ဝေးကြသည်။) | အကု- ဝေဒနာ > နှင့် < အကု-ဝေဒနာ (အကုချင်း-တူသောအဖို့ရှိ, တူလည်းတူ၊ ထို့ကြောင့် နီးကြသည်။) |

*(မှတ်ချက်) ဤကား-ဝေဒနက္ခန္ဓာကို အတိတ်စသော (၁၁)မျိုးဖြင့် အကျယ်ဝေဖန်ချက် ဖြစ်သည်။ ထိုထိုဝေဒနာနှင့်ယှဉ်ကုန်သော သညာ, သင်္ခါရ, ဝိညာဏ်တို့၏ ကြမ်း/နု အခွဲကို လည်း ဝေဒနာအတူပင်မှတ်ပါလေ။*

## အစဉ်စသည်အဆုံးအဖြတ်ပြဆိုချက် (ကမာဒိဝိနိစ္ဆယကထာ)

၅၀၄။ ဤအခန်း၌ ခန္ဓာတို့နှင့်စပ်၍ ဉာဏ်အထူးဖြစ်ပွားရန်အတွက် (ဉာဏ်ပွင့်ရန်အတွက်) (က) အစဉ်အားဖြင့်ရင်း(ကမတော)၊ (ခ) ထူးခြားခြင်းအားဖြင့်ရင်း(ဝိသေသတော)၊ (ဂ) ငါးပါးမှမယုတ်မလွန်ခြင်းအားဖြင့်ရင်း(အနူနာဓိကတော)၊ (ဃ) ဥပမာအားဖြင့်ရင်း (ဥပမာတော)၊ (င) နှစ်ပါးအပြားဖြင့် ရှုအပ်သောအားဖြင့်ရင်း(ဒဋ္ဌဗ္ဗတောဒွိဓာ)၊ (စ) ဤသို့ ရှုသူအား အကျိုးပြီးသောအားဖြင့်ရင်း (ဧဝံ ပဿန္တဿ'တ္ထသိဒ္ဓိတော)။ ဤခြောက်မျိုးသော ဝေဖန်မှု အဆုံးအဖြတ်နည်းတို့ကို ပညာရှင်များကောင်းစွာသိရန် ဆက်လက်လေ့လာပါဦး၊

### (က) အစဉ်အားဖြင့်ပြဆိုပုံ

| | | |
|---|---|---|
| ၁။ ဥပ္ပတ္တိက္ကမ (ဖြစ်စဉ်) | = | ရေ, မြှုပ်, ခဲ, တစ်, ခက်မဖြစ်, ရင့်လစ် ငါးသတ္တာ ဆိုသည့် အစဉ်အတိုင်းဖြစ်မှု |
| ၂။ ပဟာနက္ကမ (ပယ်စဉ်) | = | ဒဿနမည်သော သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်အပ်သောတရားများ, ဘာဝနာမည်သော အထက်မဂ် (၃)ပါးဖြင့် ပယ်အပ်သောတရားများကို ပြဆိုသောအစဉ် |
| ၃။ ပဋိပတ္တိက္ကမ (ကျင့်စဉ်) | = | သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ စသော ဝိသုဒ္ဓိ ၇-ပါးကျင့်စဉ် စသည် |
| ၄။ ဘူမိက္ကမ (ဘုံစဉ်) | = | ကာမာဝစရတရားများ, ရူပါဝစရတရားများ စသည်ဖြင့် ပြသောအစဉ် |
| ၅။ ဒေသနက္ကမ (ဒေသနာဟောစဉ်) | = | သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါးဟူ၍ရင်း၊ ဒါန ကထာ,သီလကထာဟူ၍ရင်းစသည်ဖြင့်ပြဆိုသောအစဉ် |

ဤခန္ဓာအရာ၌-

× ၁။ ဥပ္ပတ္တိက္ကမ (ဖြစ်စဉ်)မသင့်၊ ∵ ကလလရေကြည်စသည်တို့ ကဲ့သို့ခန္ဓာတို့၌ ရှေ့နောက် အပိုင်းအခြားအားဖြင့်မဖြစ်သောကြောင့်၊

× ၂။ ပဟာနက္ကမ (ပယ်စဉ်)လည်းမသင့်၊ ∵ ကုသိုလ်, အဗျာကတခန္ဓာတို့ကို မပယ်အပ် သောကြောင့်၊

× ၃။ ပဋိပတ္တိက္ကမ (ကျင့်စဉ်)လည်းမသင့်၊ ∵ အကုသိုလ်ခန္ဓာတို့ကိုမကျင့်အပ်သောကြောင့်

× ၄။ ဘူမိက္ကမ (ဘုံစဉ်)လည်းမသင့်၊ ∵ ဝေဒနာစသည်တစ်ခုချင်းပင် ဘုံ ၄-ပါး၌အကြုံး ဝင်သောကြောင့်၊

✔ ၅။ ဒေသနက္ကမ (ဒေသနာဟောစဉ်) တစ်ခုသာသင့်ပါသည်။

## ဟောစဉ်တစ်ခုသာသင့်ပုံကိုခွဲ့ပြခြင်း

ခန္ဓာ ၅-ပါးတို့ကိုတစ်ပေါင်းတည်းယူသဖြင့် အတ္တစွဲ ဒိဋ္ဌေယဉ်ကျရောက်နေကြသော ဝေနေယျသတ္တဝါအပေါင်းကို တစ်လုံးတစ်ခဲတည်း, တစ်ယောက်တည်းဟုထင်ရသော ရုပ်နာမ်အပေါင်း (သမူဟဃန) ၏ အသီးသီးကွဲပြားပုံကိုပြသဖြင့် အတ္တစွဲမှလွတ်စေချင်၍ သတ္တဝါတို့၏အကျိုးစီးပွားကိုလိုလားတော်မူသော မြတ်စွာဘုရားသည် ခန္ဓာငါးပါး ဒေသနာစဉ်ကို အောက်ပါအတိုင်းပြတော်မူပါသည်။

## ခန္ဓာငါးပါးဒေသနာစဉ်ဟောပုံ

၁။ သတ္တဝါအပေါင်းတို့ ယူလွယ်,မှတ်လွယ်စေခြင်းအကျိုးငှာ- စက္ခုစသောဣန္ဒြေငါးပါးတို့၏အာရုံဖြစ်၍ ကြမ်းတမ်းထင်ရှားသောရူပက္ခန္ဓာကိုရှေးဦးစွာဟောပါသည်။

၂။ ဣဋ္ဌရုပ်, အနိဋ္ဌရုပ်ကိုခံစားတတ်သောဝေဒနက္ခန္ဓာကို ဒုတိယဟောတော်မူပါသည်။

၃။ "အကြင်အာရုံကို ခံစား၏၊ ထိုအာရုံကို မှတ်သား၏" ဟူသော အခြင်းအရာအားဖြင့် **ခံစားရသောအာရုံ၏အခြင်းအရာကိုယူတတ်သော** သညာက္ခန္ဓာကို တတိယဟောတော်မူ၏၊

၄။ ထို့နောက် အမှတ်သညာရှိထားသည့်အတိုင်း ပြုပြင်လုပ်ဆောင်တတ်သောသင်္ခါရက္ခန္ဓာ ၅၀-တို့ကို စတုတ္ထဟောတော်မူပါသည်။

၅။ နောက်ဆုံး ထိုဝေဒနာစသည်တို့၏ မှီရာဖြစ်သောရင်းတို့၏အကြီးအမှူးလည်းဖြစ်သော ဝိညာဏက္ခန္ဓာကိုဟောပါသည်။ (ဤသို့ အစဉ်ဟောပုံ အဆုံးအဖြတ်ကိုသိပါလေ။)

## (ခ)ထူးခြားခြင်းအားဖြင့် ဟောပုံ

၅၀၅။ ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားခြင်းကို ပြဆိုခြင်း---

မေး- ၎င်းတို့၏ ဟောပုံထူးခြားချက်ကအဘယ်နည်း။?

ဖြေ- ခန္ဓာတို့ကို-ကီ+ကုတ်မခွဲဘဲ သာမညအားဖြင့် ဟောတော်မူသည်။ ဥပါဒါနက္ခန္ဓာတို့ကိုမူ-အာသဝေါတို့၏အာရုံ (သာသဝ)အဖြစ် ဥပါဒါန်တို့၏အာရုံ(ဥပါဒါနိယ)လောကီတရားအဖြစ်ဖြင့်သာအထူးပြု၍ဟောတော်မူသည်။ ဟောတော်မူပုံမှာ-

"ရဟန်းတို့ ခန္ဓာငါးပါးတို့နှင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုဟောပြပါမည်၊ ထိုတရားကို နာကြားကြပါ။

မေး- ရဟန်းတို့ခန္ဓာငါးပါးတို့သည်အဘယ်သည်တို့နည်း၊?

ဖြေ- ရဟန်းတို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကိုယ်တွင်း ။ပ။ အနီး၌မူလည်းဖြစ်သော (အလုံးစုံသောရုပ်သည်)ရှိ၏။ ရဟန်းတို့ ဤရုပ်အားလုံးကို ရူပက္ခန္ဓာဟု ခေါ်ဆိုအပ်၏။

--- (အလုံးစုံသော ဝေဒနာသည်)-- ရှိ၏ ။ပ။ (အလုံးစုံသောသညာသည် )ရှိ၏။ ။ပ။ (အလုံးစုံသောသင်္ခါရတို့သည်) ရှိကုန်၏၊ ။ပ။ (အလုံးစုံသောဝိညာဏ်သည်) ရှိ၏။

ရဟန်းတို့ ဤဝိညာဏ်အားလုံးကို ဝိညာဏက္ခန္ဓာဟုခေါ် ဆိုအပ်၏၊ ရဟန်းတို့ ဤငါးပါးတို့ကို ခန္ဓာငါးပါးတို့ဟူ၍ခေါ် ဆိုအပ်ကုန်၏။။

မေး- ရဟန်းတို့ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်သည်တို့နည်း၊?

ဖြေ- ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ။ပ။ အနီး၌မူလည်းဖြစ်သော သာသဝ ဥပါဒါနိယဖြစ်သောအလုံးစုံသောရုပ်သည် ရှိ၏၊ ရဟန်းတို့ သာသဝဥပါဒါနိယ ဖြစ်သော **ဤရုပ်အားလုံးကို** ရူပုပါဒါနက္ခန္ဓာဟုခေါ် ဆိုအပ်၏

အတိတ် အနာဂတ် ပစ္စုပ္ပန် ။ပ။ သာသဝဥပါဒါနိယဖြစ်သော အလုံးစုံသောဝိညာဏ် သည်ရှိ၏၊ ရဟန်းတို့ သာသဝဥပါဒါနိယဖြစ်သော **ဤဝိညာဏ်အားလုံးကို** ဝိညာဏုပါဒါ နက္ခန္ဓာဟုခေါ် ဆိုအပ်၏၊

ရဟန်းတို့ သာသဝဥပါဒါနိယဖြစ်သောဤငါးတို့ကို ဥပါဒါနက္ခန္ဓာငါးပါးတို့ဟူ၍ ခေါ် ဆို အပ်ကုန်၏ဟုဟောတော်မူ၏၊

ဤပါဠိတော်၌ ဝေဒနာစသည့် နာမ်တရားတို့သည်-အနာသဝလည်းရှိကုန် သကဲ့သို့- ရုပ်တရားတို့သည်ကား- အနာသဝမည်သည်မရှိပေ။ သို့ သော်လည်း ထိုရုပ်မှာ အစုဟူသောအနက်အားဖြင့် ခန္ဓာအဖြစ်သင့်လျော်သောကြောင့် ရုပ်ကိုခန္ဓာတို့၌ဟော တော်မူပါသည်။

ထို့ပြင် အစုဟူသောအနက်အားဖြင့်ရင်း အာသဝေါတို့၏ အာရုံ (သာသဝ) ဟူသော အနက်အားဖြင့်ရင်း၊ ဥပါဒါနက္ခန္ဓာအဖြစ်သင့်လျော်သောကြောင့် ရုပ်ကို ဥပါဒါနက္ခန္ဓာတို့၌ လည်း ဟောတော်မူပေသည်။

ဝေဒနာစသည်တို့ကိုမူ- **အာသဝေါတရားတို့၏အာရုံမဟုတ်သည်**တို့ကိုသာလျှင် ခန္ဓာ တို့၌ ဟောတော်မူပါသည်။ **အာသဝေါတရားတို့၏အာရုံ**ဖြစ်သောဝေဒနာစသည်တို့ကို ဥပါဒါနက္ခန္ဓာတို့၌ ဟောတော်မူသည်။

ဤအရာ၌ ဥပါဒါနက္ခန္ဓာတို့ဟူသည်မှာလည်း- ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာတို့ ပင်ဖြစ်သည်ဟူသော ဤအနက်ကိုပင် မှတ်အပ်ပါ၏။ ဤဝိသုဒ္ဓိမဂ်နေရာ၌မူ ထိုအလုံးစုံသော အာသဝ အနာသဝတရားတို့ကို တစ်ပေါင်းတည်းပြု၍ ခန္ဓာတို့ဟုအလိုရှိအပ်ပါသည်။

## ၅၀၆။ (ဂ)မယုတ်မလွန်ခြင်းအားဖြင့်ဟောပုံ

မေး- မြတ်စွာဘုရားသည်ခန္ဓာတို့ကိုမယုတ်မလွန် ငါးပါးတို့ကိုသာလျှင်အတိအကျ အဘယ့်ကြောင့် ဟောတော်မူသနည်း။

ဖြေ- အလုံးစုံသောသင်္ခတတရားတို့ကို (၁)တူသောအဖို့ရှိသည့်သဘောဖြင့် တစ်ပေါင်းတည်းသိမ်းယူခြင်းကြောင့်ရင်း၊ (၂)အတ္တစွဲ အတ္တနိယစွဲ၏တည်ရာဝတ္ထုသည် ဤငါးပါးမျှ အတိုင်းအရှည်ရှိသောကြောင့်ရင်း၊ (၃)သီလက္ခန္ဓာစသော အခြားခန္ဓာ တို့သည် လည်း ထိုငါးပါး၌အတွင်းဝင်သောကြောင့်ရင်း ထိုသို့ဟောတော်မူပါသည်။

**ချဲ့၍ရှင်းပြရလျှင်**- များသောအပြားရှိကုန်သော သင်္ခတတရားတို့ကို ဖောက်ပြန်ခြင်း

လက္ခဏာစသော တူသောအဖို့၏အစွမ်းအားဖြင့်သိမ်းယူအပ်ကုန်သည်ရှိသော် ဖောက်ပြန်ခြင်းလက္ခဏာရှိသောရုပ်သည်လည်း (ဖောက်ပြန်ခြင်းလက္ခဏာ)ဟူသော တူသောအဖို့ရှိသည့်သဘောဖြင့် တစ်ပေါင်းတည်းပေါင်းစုသိမ်းယူခြင်း၏အစွမ်းအားဖြင့် တစ်စုသောခန္ဓာဖြစ်ပါသည်။ (**သညာစသည်နည်းတူ**) ထိုသို့ အလုံးစုံသောသခ်တတရားတို့ကို တူသောအဖို့ရှိသည့်သဘောဖြင့် တစ်ပေါင်းတည်းသိမ်းယူခြင်းကြောင့် ခန္ဓာတို့ကို ငါးပါးတို့သာလျှင် အတိအကျဟောတော်မူအပ်ပါသည်။

(၂)ထို့ပြင် အတ္တစွဲ အတ္တနိယစွဲ၏ တည်ရာဝတ္ထုဖြစ်သောထိုအာရုံသည် ရုပ်စသောငါးပါးသော ဤတရားလျှင် အတိုင်းအရှည်ရှိ၏။ **မှန်ပါ၏**- အောက်ပါစကားကို မြတ်စွာဘုရားဟောတော်မူပါသည်။

"ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကိုနှလုံးသွင်း၍ "ဤရုပ်သည် ငါ၏ဥစ္စာတည်း၊ ဤရုပ်သည်ငါသည်ပင်ဖြစ်၏၊ ဤရုပ်သည်ငါ၏အတ္တတည်း"ဟု ဤသို့သောအယူမှားသည် ဖြစ်၏။ ဝေဒနာရှိလျှင် ။ပ။ သင်္ခါရတို့ရှိလျှင် ။ပ။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကိုနှလုံးသွင်း၍ ဤဝိညာဏ်သည် ငါ၏ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါပင်ဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏အတ္တတည်းဟု"ဤသို့သောအယူမှားသည် ဖြစ်၏"ဟူ၍ ပင်တည်း။

**ထိုထိုအတ္တစွဲအတ္တနိယစွဲ၏တည်ရာဝတ္ထုသည်- ရုပ်အစရှိသော ဤတရားငါးပါးလျှင်အတိုင်းအရှည်ရှိသောကြောင့်လည်း** ခန္ဓာတို့ကို ငါးပါးတိတိတို့သာလျှင် ဟောတော်မူအပ်ကုန်၏။

(၃) တဖန် အခြားသောသီလအစရှိသောငါးပါးသောတရားအစုတို့ကိုဟောထားပါသေး၏၊ ထိုတရားငါးပါးအစုတို့သည်လည်း သင်္ခါရက္ခန္ဓာ၌အတွင်းဝင်ကြသောကြောင့် ဤခန္ဓာငါးပါးတို့၌သာလျှင်သက်ဝင်ကုန်၏။ ထိုသို့ **သီလက္ခန္ဓ, သမာဓိက္ခန္ဓစသောအခြားခန္ဓာတို့သည် ထိုခန္ဓာငါးပါးတို့၌သာအတွင်းဝင်သောကြောင့်လည်း** ငါးပါးတိတိတို့ကိုသာလျှင်ဟောတော်မူအပ်ကုန်၏၊ ဤသို့လျှင် ငါးပါးမှမယုတ်မလွန်ခြင်းအားဖြင့် ဆုံးဖြတ်နည်းကိုသိပါလေ။

*(မှတ်ချက်) အတ္တနိယစွဲဆိုသည်မှာ- အတ္တ၏ဥစ္စာ အတ္တ၏အစိတ်အပိုင်း, ငါ့ဥစ္စာ, ငါ့မျက်စိ ငါ့ရုပ်, ငါစိတ်စသည်ဖြင့် ထင်မှတ်စွဲလမ်းခြင်းကိုဆို၏*

၅၀၇။ (ယ) ဥပမာအားဖြင့်(ဥပါဒါနက္ခန္ဓာ ၅-ပါးကိုပြဆိုခြင်း)

| ရုပုပါဒါ နက္ခန္ဓာ | ဝေဒနုပါဒါ နက္ခန္ဓာ | သညုပါဒါ နက္ခန္ဓာ | သင်္ခါရုပါဒါ နက္ခန္ဓာ | ဝိညာဏုပါဒါ နက္ခန္ဓာ |
|---|---|---|---|---|
| သူနာဇရပ်၊ ဆေးရုံ (∵ သူနာ= ဝိညာဏုပါဒါ နက္ခန္ဓာ၏ဝတ္ထု၊ ဒွါရ၊ အာရုံအလို အားဖြင့်– နေရာဌာနဖြစ် သောကြောင့်) | အနာရောဂါ ∵ နှိပ်စက်တတ် သောကြောင့်) | ရောဂါဖြစ်ကြောင်း သမုဋ္ဌာန် (∵ ကာမသညာ စသည်၏အစွမ်း ဖြင့် ရာဂစသည်နှင့် ယှဉ်သော ဝေဒနာ၏ ဖြစ်သင့်သောကြောင့်) | မသင့်သောဥတု၊ အစာမှီဝဲခြင်း (∵ ဝေဒနာ= အနာရောဂါ၏ အကြောင်းရင်း ဖြစ်သောကြောင့်) | သူနာ (∵ ဝေဒနာဟူသော အနာရောဂါမှ မလွတ် ကင်းသောကြောင့်) |
| ထောင်=နှောင်အိမ် | ၃၂-မျိုးသော ညှင်းဆဲမှု | ကျူးလွန်သည့်ပြစ်မှု | ညှင်းဆဲသည့် အာဏာသား | ပြစ်မှုရှိသူ |
| စားခွက် | ဘောဇဉ် | ဟင်းကောင်း | လုပ်ကျွေးသူ စားဖိုသည် | စားတတ်သူ |

*(မှတ်ချက်၁-) သင်္ခါရုပါဒါနက္ခန္ဓာ၌- ခံစားမှုဝေဒနာကို ခံစားမှုအကျိုးငှာ- (သင်္ခါရ) တို့က ပြုလုပ်တတ်ကုန်၏ဟုဟောထားခြင်း၊*

*ထို့ပြင် အကုသိုလ်ကံ(သင်္ခါရ)၏ပြုအပ်ပြီး၊ ဆည်းပူးအပ်ပြီးဖြစ်သောကြောင့် အကျိုး ဖြစ်သောဒုက္ခသဟဂုတ်ကာယဝိညာဏ်ဖြစ်ပေါ်၏-ဟုဟောထား၍- သင်္ခါရကိုအနာရောဂါ ၏အကြောင်းရင်းဟုဆိုခြင်းမှာ-အမှန်ဆိုခြင်း ဖြစ်ပါသည်။*

၅၀၈။ (င) နှစ်ပါးအပြားအားဖြင့် ရှုအပ်သောအခြင်းအရာဖြင့် ဟောပုံ
အကျဉ်း+အကျယ် အားဖြင့် ဟောပုံ -

| သင်္ခေပ(အကျဉ်း) | ဝိတ္ထာရ(အကျယ်) | အထူးအားဖြင့် |
|---|---|---|
| ဥပါဒါနက္ခန္ဓာ (၅)ပါးကို-<br>-အာသီဝိသောပမသုတ်၌-သတ်ရန်-သန်လျက်စွဲ၍ မိုးထားသောရန်သူအဖြစ်ငှင်း<br>-ဘာရသုတ်၌ လေးလံသောဝန်ထုတ်အဖြစ်ငှင်း၊<br>-ခဇ္ဇနီယသုတ်၌-စားဝါးတတ်သည့်ဘီလူးအဖြစ်ငှင်း၊<br>-ယမကသုတ်၌-အနိစ္စ+ဒုက္ခ+ အနတ္တ+ သင်္ခတ+ သူသတ်သမားအဖြစ်ငှင်း ရှုရမည်။ | (က) ရုပ်ကို ရေမြှုပ်စိုင်ကဲ့သို့<br>∵ အနှိပ်အနယ် အကိုင်မခံ၍<br>(ခ) ဝေဒနာကိုရေပွက်ကဲ့သို့<br>∵ ခဏသာမွေ့လျော်ဖွယ်ရှိ၍<br><br>(ဂ) သညာကိုတံလှပ်ကဲ့သို့<br>∵ အမှားမှားအယွင်းယွင်း ပြောစေတတ်၍<br>(ဃ) သင်္ခါရကိုငှက်ပျောတုံးကဲ့သို့<br>∵ အနှစ်မဲ့သောကြောင့်<br>(င) ဝိညာဏ်ကို မျက်လှည့်ကဲ့သို့<br>∵ လှည့်စားတတ်သောကြောင့် | (က) အလွန်ကောင်းမြတ်သော်လည်း ကိုယ်တွင်းရုပ်ကို အသုဘဟုရှု<br>(ခ) ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ-သုံးမျိုးမှမလွတ်၍ဝေဒနာကို ဒုက္ခဟုရှု<br>(ဂ), (ဃ) မစိမ်, မခန့်ခွဲနိုင်သောကြောင့် သညာ, သင်္ခါရတို့ကို အနတ္တဟုရှု<br><br>(င) ဖြစ်ခြင်း, ပျက်ခြင်းရှိသောကြောင့် ဝိညာဏ်ကို အနိစ္စဟု ရှုရမည်။ |

၅၀၉။ (စ)ဤသို့ရှုသူအား အကျိုးပြီးသောအားဖြင့် ဟောပုံ

| သင်္ခေပ(အကျဉ်း) | ဝိတ္ထာရ(အကျယ်) | အထူးအားဖြင့်[၁] |
|---|---|---|
| ဥပါဒါနက္ခန္ဓာ(၅)ပါးကို အထက်ပါအတိုင်း သတ်ရန် သန်လျက်မိုးထားသော ရန်သူစသည်ဖြင့်အကျဉ်းရှုသောသူအား---<br>ခန္ဓာတို့ကြောင့်မပင်ပန်းရ | ရုပ်စသည်ကို ရေမြှုပ်စိုင်စသည်ဖြင့် အကျယ်ရှုသောသူအား---<br><br>-အနှစ်မဲ့သောခန္ဓာတို့၌ အနှစ်ရှိသည်ဟုမထင်တော့ | (က) အဇ္ဈတ္တိကရုပ် အသုဘတော<br>(ခ) ဝေဒန် ဒုက္ခတော<br>(ဂ) (ဃ) သည် သင်္ခါရေစ အနတ္တတော<br>(င) ဝိညာဏ် အနိစ္စတော |

### အထူးအားဖြင့် မှတ်ချက်(၁)

*(က) အထူးအားဖြင့် ကိုယ်တွင်းရုပ်ကို အသုဘဟုရှုသောသူသည် အလုတ်အလွေ့ပြု၍ စားအပ်သော အာဟာရကိုပိုင်းခြား၍ သိ၏။ မတင့်တယ်သောရုပ်၌ တင့်တယ်သည်ဟု အထင်မှားသော ဝိပလ္လာသကိုပယ်၏၊ ကာမောဃကိုကျော်လွန်၏၊ ကာမရောဂနှင့်မယှဉ်တော့ပေ၊ ကာမာသဝဖြင့် ယိုစီးမှုအာသဝေါကင်း၏၊ အဘိဇ္ဈာကာယဂန္ထကိုဖျက်ဆီး၏၊ ကာမုပါဒါန်ကို*

*မစွဲမှီတော့ပေ။*

*(ခ) ဝေဒနာကို ဒုက္ခဟုရှုသောသူသည် ဖဿဟူသောအာဟာရကိုပိုင်းခြား၍သိ၏၊ ဆင်းရဲ၌ ချမ်းသာဟုထင်မှားသောဝိပလ္လာသကိုပယ်၏၊ ဘဝေါဃကိုကျော်လွန်၏၊ ဘဝယောဂနှင့် မယှဉ်တော့ပေ၊ ဘဝါသဝဖြင့်ယိုစီးမှုအာသဝေါကင်း၏၊ ဗျာပါဒကာယဂန္ထကို ဖျက်ဆီး၏၊ သီလဗ္ဗတုပါဒါန်ကိုမစွဲမှီတော့ပေ။*

*(ဂ)*, *(ဃ) သညာနှင့် သင်္ခါရတို့ကို အနတ္တဟုရှုသောသူသည် စေတနာဟူသော မနောသဉ္စေတနာဟာရကိုပိုင်းခြား၍သိ၏၊ ဒိဋ္ဌောဃကိုကျော်လွန်၏၊ ဒိဋ္ဌိယောဂနှင့်မယှဉ် တော့ပေ၊ ဒိဋ္ဌာသဝဖြင့် ယိုစီးမှုအာသဝေါကင်း၏၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ဖျက်ဆီး၏၊ အတ္တဝါဒုပါဒါန်ကိုမစွဲမှီတော့ပေ။*

*(င) ဝိညာဏ်ကို အနိစ္စဟုရှုသောသူသည် စိတ်ဟူသောဝိညာဏာဟာရကို ပိုင်းခြား၍ သိ၏၊ မမြဲသည်၌မြဲသည်ဟုထင်မှားသောဝိပလ္လာသကိုပယ်၏၊ အဝိဇ္ဇောဃကိုကျော်လွန်၏၊ အဝိဇ္ဇောဃနှင့်မယှဉ်တော့ပေ၊ အဝိဇ္ဇာသဝဖြင့်ယိုစီးမှုအာသဝေါကင်း၏၊ သီလဗ္ဗတပရာ မာသကာယဂန္ထကိုဖျက်ဆီး၏၊ ဒိဋ္ဌုပါဒါန်ကိုမစွဲမှီတော့ပေ။*

ဤဆိုခဲ့သည့်အတိုင်းသူသတ်သမားစသည့်အလိုဖြင့်ရှုခြင်းသည် ကြီးမားသော အကျိုးအာနိသင်ရှိသောကြောင့်ပညာရှင်တို့သည်ခန္ဓာတို့ကို သူသတ်သမားစသည် အလိုအားဖြင့် ရှုကြပါဟုတိုက်တွန်းလိုက်ရပါ၏။

၁၄-ခုမြောက်ခန္ဓနိဒ္ဒေသ
(ခန္ဓာတို့ကိုအကျယ်ပြဆိုချက်ပြီး၏)

☼ ☼ ☼

## ၁၅–အာယတနဓာတုနိဒ္ဒေသ
## အာယတနဝိဘင်္ဂ ရကထာ–အာယတနတို့ကို အကျယ်ပြဆိုချက်

၅၁၀။ အာယတန ၁၂-ပါး-

(က) စက္ခာယတန, ရူပါယတန၊ (ခ) သောတာယတန, သဒ္ဒါယတန, (ဂ) ဃာနာ ယတန, ဂန္ဓာယတန, (ဃ) ဇိဝှာယတန, ရသာယတန, (င) ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, (စ) မနာယတန, ဓမ္မာယတန၊

ထိုအာယတနတို့၌ (က) သဒ္ဒါနက် (အတ္ထ)၊ (ခ) လက္ခဏာ၊ (ဂ) ထို(၁၂)ပါးမျှရှိသည့် အဖြစ်(တာဝတွ)၊ (ဃ) အစဉ်(ကမ)၊ (င) အကျဉ်းအကျယ်အားဖြင့်ရင်း၊ (သင်္ခေပဝိတ္ထာရ) (စ) ရှုအပ်သည့်အဖြစ် (တဗ္ဗာဒဿနတော)၊ အားဖြင့်ရင်း အဆုံးအဖြတ်ကို သိထားမှတ်ထား ရမည်။

## (က)အာယတန ၁၂-ပါးတို့၏တစ်ခုစီထူးသော သဒ္ဒါအနက်အဓိပ္ပါယ်များ

**စက္ခတီတိ စက္ခု**= အဆင်းကို သာယာတတ်သောကြောင့်၎င်း၊ [အဆင်းကို ထင်ရှားအောင် မြင်သာအောင် ပြတတ်သောကြောင့်၎င်း၊ **စက္ခု** (မျက်စိ) မည်၏။]

**ရူပယတီတိ ရူပံ**= (မိမိသဘောကို) ပြတတ်သောကြောင့် **ရူပ** (အဆင်း) မည်၏။ (မိမိအဆင်း၏ ရွှေခြင်း၊ ညိုခြင်းစသော အဆင်းဖောက်ပြန်သောအခြေအနေအမျိုးမျိုးသို့ ရောက်သဖြင့် နှလုံး၌တည်သောစိတ်အလိုကိုပြပါသည်။)

**သုဏာတီတိ သောတံ** = ကြားတတ်သောကြောင့် **သောတ**(နား)မည်၏။
**သပ္ပတီတိ သဒ္ဒေါ** = ရွတ်ဆိုအပ်သောကြောင့် **သဒ္ဒ**(အသံ)မည်၏။
**ဃာယတီတိ ဃာနံ** = နမ်းရှုတတ်သောကြောင့် **ဃာန**(နှာခေါင်း)မည်၏။
**ဂန္ဓယတီတိ ဂန္ဓော** = မိမိတည်ရာအရပ်ကို ပြတတ်သောကြောင့် (ဝါ)ချောပစ်ကုန်းတိုက်တတ်သောကြောင့် **ဂန္ဓ**(အနံ့)မည်၏။

**ဇီဝိတံ အဝှယတီတိ ဇိဝှာ** = အသက်၏အကြောင်းဖြစ်သော အာဟာရရသကို ခေါ်သကဲ့သို့ဖြစ်သောကြောင့် **ဇိဝှာ**(လျှာ)မည်၏။

**ရသန္တိ တံသတ္တာတိ ရသော**= ထိုအာရုံကိုသတ္တဝါတို့ သာယာတတ်သောကြောင့် (သာယာအပ်သောကြောင့်) **ရသ**(အရသာ)မည်၏။

**ကုစ္ဆိတာနံ သာသဝဓမ္မာနံ အာယောတိ ကာယော**= စက်ဆုပ်ဖွယ် အာသဝေါတရားတို့၏ ဖြစ်ရာအရပ်သည် **ကာယ**(ကိုယ်)မည်၏။

[ကုစ္ဆိတာနံ =စက်ဆုပ်အပ်ကုန်သော၊ သာသဝဓမ္မာနံ= သာသဝေါတရားတို့၏၊ အာယော= ဖြစ်ရာအရပ်တည်၊ ဣတိတသ္မာ= ထို့ကြောင့်၊ ကာယော= ကိုယ်မည်၏။]

**ဖုသိယတီတိ ဖောဋ္ဌဗ္ဗံ**= အာရုံကို တွေ့ထိအပ်သောကြောင့် **ဖောဋ္ဌဗ္ဗ**(တွေ့ထိစရာအတွေ့)မည်၏။

**မုနာတီတိ မနော**= သိတတ်သောကြောင့် **မန**(စိတ်)မည်၏။

**အတ္တနောလက္ခဏံဓာရေန္တီတိဓမ္မာ**= မိမိ၏ သဘောလက္ခဏာကိုဆောင်တတ်သောကြောင့် **ဓမ္မာ**(သဘောအာရုံ)တို့မည်၏။

## ၅၁၁။ အာယတနပုဒ်၏(သာမည)အဓိပ္ပါယ်များ

(၁) ဒွါရ+ အာရုံတို့ကြောင့်ဖြစ်ကုန်သော စိတ်+စေတသိက်တရားတို့သည်အာရုံခံစားခြင်းအစရှိသောမိမိတို့ကိစ္စဖြင့် အားထုတ်ရာဌာနဖြစ်သောကြောင့်၎င်း။
(၂) စိတ်+ စေတသိက်တရားတို့ကိုကျယ်ပြန့်ကြီးပွားစေတတ်သောကြောင့်၎င်း
(၃) သံသရာဆင်းရဲကိုဆောင်တတ်သောကြောင့်၎င်း အာယတန, အာယတနဟု ခေါ်ရ၏။

### ၁,၂,၃ တို့၏ဆိုလိုရင်းအဓိပ္ပါယ်

(၁) မျက်စိ(စက္ခုဒွါရ)+ အဆင်း(ရူပါရုံ) စသည်တို့၌ ထိုဒွါရ+အာရုံတို့နှင့်သက်ဆိုင်သော မိမိ မိမိဆိုင်ရာကိစ္စဖြင့် အားထုတ်ဖြစ်ပေါ်ကြကုန်၏။ ထိုအားထုတ်ရာဖြစ်သောကြောင့် အာယတနမည်၏။

(၂) ဒွါရ+အာရုံတို့၌ ဖြစ်ကြပြီး၊ စိတ်+ စေတသိက်တရားတို့ကို ကျယ်ပြန့်ကြီးပွားစေတတ်သောကြောင့် အာယတနမည်၏။

(၃) အစမထင် အလွန်ပင်ရှည်လျားလှစွာသော သံသရာဆင်းရဲကို ချုပ်ငြိမ်းရပ်စဲအောင် (နိဗ္ဗာန်ရအောင်)မပြုနိုင်သေးသမျှကာလပတ်လုံး သံသရာရှည်လျားလှစွာ ဆင်းရဲကို ဆောင်တတ်ဖြစ်စေတတ်သောကြောင့် အာယတနမည်၏။

### အာယတနပုဒ်၏အစိတ်,အစိတ်၊အစိတ်+အပေါင်းအဓိပ္ပါယ်များ

အာယ= ဒွါရ+ အာရုံတို့၌ဖြစ်သော စိတ်+ စေတသိက်တို့ကို
တန= ကျယ်ပြန့်ကြီးပွားစေသည်။
အာယတန= အာယမည်သောစိတ်+စေတသိက်တို့ကိုကျယ်ပြန့်ကြီးပွားစေသော တရား။
အာယတ= ရှည်သောသံသရာဆင်းရဲကို
န=နယ= ဆောင်တတ်သည်ဖြစ်စေတတ်သည်
အာယတန= ရှည်သော သံသရာဆင်းရဲကိုဆောင်တတ် ဖြစ်စေတတ်သောတရား

### ၅၁၂။ (တစ်နည်း)အာယတနအဓိပ္ပါယ်များ

(၁) နေရာဌာနဟူသောအနက်ကြောင့်ငှင်း၊
(၂) ပွင့်မ်းရာ တည်ရာဟူသောအနက်ကြောင့်ငှင်း၊
(၃) စုဝေးရာဟူသောအနက်ကြောင့်ငှင်း၊
(၄) ဖြစ်ရာဒေသဟူသောအနက်ကြောင့်ငှင်း၊
(၅) အကြောင်းဟူသောအနက်ကြောင့်ငှင်း-အာယတနမည်၏ဟုသိပါလေ။

*(လင်္ကာ) ထွေထွေလာလာ၊ များတကာတို့၊ တည်ရာ,စုရာ၊ သက်ရောက်ရာကို အာယတန ခေါ်ဆိုကြ၏။*

ဆိုလိုရင်းကို ဆက်၍ရှင်းပြပါဦးမည်။ လောကအရာ (လောကအသုံးအနေဖြင့်)
(၁) ဣဿရာ ယတနံ= ဣဿရနတ် ပရမိဿွာနတ်၏နေရာ။
ဝါသုဒေဝါယတနံ= ဝါသုဒေဝနတ်- ဗိဿနိုးနတ်၏နေရာ။
ရာဇာယတနံ= မင်းတို့၏စံနန်းနေရာမင်းကွန်း။
ဤစကားတို့၌နေရာဌာနတို့ကိုအာယတနဟုဆိုပါ၏။

(၁) (ပရမတ္ထသာဓကအနေဖြင့် စက္ခုဝိညာဏ်စသော စိတ်+စေတသိက်တရားများသည် မျက်စိ+အဆင်းစသည်တို့နှင့် ဆက်၍ဖြစ်ခြင်းကြောင့် မျက်စိ၌တည်နေသည်မည်၏။ ထို့ကြောင့် စက္ခု= မျက်စိသည် စက္ခုဝိညာဏ်စိတ်+စေတို့၏တည်နေရာဌာန ဖြစ်၏။

(၂) **သုဝဏ္ဏာယတန်**= ရွှေ၏ပြွမ်းရာတည်ရာ
**ရဇတာယတန်**= ငွေ၏ပြွမ်းရတည်ရာ
ဤစကားတို့၌ ပြွမ်းရာတည်ရာ ရွှေငွေထွက်သည့် **ရွှေတွင်း၊ ငွေတွင်းမြေအရပ်ကို အာယတနဟုဆိုပါ၏။**

*(မျက်စိစသည်တို့၌ မှီကြရသောကြောင့်ငှင်း, အဆင်းစသည်တို့ကဲ့ အာရုံပြုကြရသောကြောင့်ငှင်း၊ စက္ခုဝိညာဏ်စိတ်+စေတသိက်တို့သည် မျက်စိစသည်တို့၌ ပြွမ်းလျက်ရှိကြကုန်၏။ ထို့ကြောင့် စက္ခုသည် ယင်းစိတ်+စေတသိက်တို့၏ ပြွမ်းရာတည်ရာ ဖြစ်၏။)*

(၃) **သာသနာရေးရာ-(သာသနာသုံးအနေအားဖြင့်)** နှလုံးမွေ့လျော်ပျော်ဖွယ်ကောင်းသော ရဟန်းသူမြတ်တည်းဟူသောငှက်တို့၏စုဝေးရာ အင်ကြင်းတောနှင့်တူသောဘုရားသာသနာတော်၌ ရဟန်းသူမြတ်တည်းဟူသောငှက်တို့သည် သီလ, သမာဓိ, ပညာဂုဏ်တို့ဖြင့်လွှမ်း၍ သူမွန်သူမြတ်ဟုဆိုအပ်သောတောစိုးသစ်ပင်ကြီးကိုမှီဝဲကြကုန်၏။ ဤစကားရပ်၌ **စုဝေးရာဌာနကိုအာယတနဟုဆို၏။**

*(စက္ခုစသည်တို့သည် ထိုစက္ခုဝိညာဏ် စိတ်+စေတသိက်တို့ စုဝေးရာဌာန ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်- စက္ခုဝတ္ထု, ဒွါရ, အာရုံ၏အစွမ်းဖြင့် စုဝေးပေါင်းစည်းခြင်းကြောင့်ဖြစ်ပါ၏။)*

(၄) ဂင်္ဂါမြစ်၏တောင်ဘက် ဒက္ခိဏာပထတိုင်းသည် နွားတို့၏ဖြစ်ပွားရာ(နွားမွေးမြူရေးဖြစ်ထွန်းရာ)အရပ် အာယတနဖြစ်၏။ ဤစကားရပ်၌ **ဖြစ်ပွားရာအရပ်ကို အာယတနဟုဆို၏။**

(မျက်စိ+အဆင်းစသည်လျှင် မှီရာအာရုံရှိသည်၏အဖြစ်ဖြင့် မျက်စိ+အဆင်းစသည်တို့၌သာဖြစ်ခြင်းကြောင့် မျက်စိ+အဆင်းစသည်တို့သည်စက္ခုဝိညာဏ်စိတ်+စေတသိက်တို့၏ **ဖြစ်ပွားရာအရပ်ဖြစ်သည်။)**

(၅) ရှေးဘဝက လေ့ကျက်ခဲ့ဖူးသဖြင့် မိမိသန္တာန်၌ထင်ရှားဖြစ်ဖူးသော **အဓိကာရအကြောင်းရှိသည့်အတွက်** ယခုဘဝ ဣဒ္ဓိဝိဓစသည့်အဘိညာဏ်များ မျက်မြင်ကိုယ်တွေ့ဖြစ်လာ၏။ တွေ့လည်းတွေ့ကြရကုန်၏။ ဤစကားရပ်၌ **အကြောင်းကို အာယတနဟုဆို၏။**

*(မျက်စိ+အဆင်းစသည်တို့မရှိလျှင်စက္ခုဝိညာဏ်စိတ်+ စေတသိက်တို့မရှိနိုင် +မဖြစ်နိုင်ခြင်းကြောင့် မျက်စိ+အဆင်းစသည်တို့သည် ယင်းစိတ်+ စေတသိက်တို့၏ အကြောင်းဖြစ်၏။)*

စက္ခု= မျက်စိလည်းဟုတ်၏၊ ၎င်းသည် အာယတနလည်းဟုတ်၏ ထိုနှစ်ပါးလုံးကြောင့် စက္ခာယတနမည်၏။ ။ပ။ ဓမ္မာ= သဘောတရားလည်းဟုတ်၏၊ ၎င်းသည် အာယတနလည်း ဟုတ်၏။ ထိုနှစ်ပါးသောအကြောင်းကြောင့် ဓမ္မာယတနလည်းမည်၏။

**အာယတန၏သဒ္ဒါအနက်အဆုံးအဖြတ်ပြီး၏။**

* * *

၅၁၃။ (ခ) လက္ခဏာအားဖြင့်လည်း ဤအာယတနတို့၌ အဆုံးအဖြတ်ကို ခန္ဓနိဒ္ဒေသမှာ ဆိုခဲ့တိုင်းသိရမည်။

(ဂ) ၁၂-ပါးမျှရှိသည့်အဖြစ်ဟူရာ၌-

မေး- စက္ခု- မျက်စိစသည်တို့သည်လည်း (ဓမ္မ)သဘောတရားတို့ပင်ဖြစ်ကြ၍ (အားလုံးကို) ဓမ္မာယတနတစ်မျိုးတည်းဟူ၍သာဟောသင့်လျက်အဘယ့်ကြောင့် ၁၂-ပါးသောအာယတနတို့ကိုဟောအပ်ပါကုန်သနည်းဟုမေးလျှင်-

ဖြေ- ၆-ပါးသော ဝိညာဏကာယ- ဝိညာဏ်အပေါင်းတို့၏ဖြစ်ရာဒွါရတို့နှင့်အာရုံတို့ကိုပိုင်းခြားခြင်းကြောင့်ဟုဖြေအပ်၏။

*(လင်္ကာ) ဒွါရ+ အာရုံ၊ ပိုင်းခြားတုံ၊ မှတ်တုံအာယတန တစ်ဆယ့်နှစ်။*

(ချဲ့၍ပြအံ့၊) ဤအာယတနတို့ကို အကျယ်ပြရာ၌ ၆-ပါးသော ဝိညာဏကာယတို့၏ ဒွါရအဖြစ်ဖြင့်၎င်း၊ အာရုံအဖြစ်ဖြင့်၎င်း၊ ပိုင်းခြားခြင်းကြောင့် ယင်းအာယတနတို့၏ အကွဲအပြားသည်ဖြစ်လာ၏။

အာယတန ၁၂-ပါးကို -ဒွါရ+အာရုံ အားဖြင့် ပိုင်းခြားပုံ

| | ဖြစ်ရာဒွါရ | အာရုံ (စွဲမှီ၍) | ဝိညာဏ် |
|---|---|---|---|
| ၁။ | စက္ခုဝိညာဏဓါတ်၌အကျုံးဝင်သောဝိညာဏကာယ= ဝိညာဏ်အပေါင်း၏ဖြစ်ရာဒွါရသည် စက္ခာယတန-(မျက်စိ) | (ရူပါယတန) အဆင်းရူပါရုံ | စက္ခုဝိညာဏ် |
| ၂။ | --- သောတာယတန (နား) | (သဒ္ဒါယတန) အသံ | သောတဝိညာဏ် |
| ၃။ | --- ဃာနာယတန (နှာခေါင်း) | (ဂန္ဓာယတန) အနံ့ | ဃာနဝိညာဏ် |
| ၄။ | --- ဇိဝှါယတန (လျှာ) | (ရသာယတန) အရသာ | ဇိဝှါဝိညာဏ် |
| ၅။ | --- ကာယာယတန (ကိုယ်) | ဖောဋ္ဌဗ္ဗာယတန (အတွေ့အထိ) | ကါယဝိညာဏ် |
| ၆။ | မနောဝိညာဏဓါတ်၌ အကျုံးဝင်သော ဆဋ္ဌဝိညာဏကါယ၏ ဖြစ်ရာဒွါရသည်- ဘဝင်စိတ်ဟုဆိုအပ်သောမနောဒွါရ (မနာယတနတစ်စိတ်)သာဖြစ်၏။ | ဓမ္မာယတန (ဓမ္မာရုံ) | မနောဝိညာဏ် |

## ၅၁၄။ (ဃ)အစဉ်အားဖြင့်ဟောရာ၌- ခန္ဓာနိဒ္ဒေသတိုင်းဒေသနက္ကမဟောစဉ်သာဖြစ်၏

<table>
<tr><th>စက္ခာယတန (၁)</th><th>သောတာယတန (၂)</th><th>ဃာ,ဇိ,ကါ (၃)</th><th>မနာယတန (၄)</th><th>ဓာဟိရာယတန-၆ (၅)</th></tr>
<tr><td>သနိဒဿန<br>(မြင်လို့လဲရ)၊<br>သပ္ပဋိဃ<br>(ထိပါးလို့လဲရ)<br>သဖြင့် ထင်ရှားလို့<br>အရင်ဆုံးဟော</td><td>အနိဒဿန<br>(မြင်လို့တော့မရ)၊<br>သပ္ပဋိဃ<br>(ထိပါးလို့ရ)<br>သဖြင့်<br>ဒုတိယဟော</td><td rowspan="2">-အာရုံကို လျှင်စွာ ယူနိုင်လို့ ဃာကို၊<br>-ကိုယ်အစိတ်၌ ဖြစ်ခြင်းတူလို့ ဇိကို၊<br>-တစ်ကိုယ်လုံး၌ဖြစ်လို့-ကာယ-ကို<br>တတိယဆက်ဟော</td><td rowspan="2">-စက္ခုစသော- အာယတန (၅)ပါး လုံးတို့၏ ကျက်စား ရာအာရုံကို ယူနိုင်သောကြောင့် မနာယတနကို<br>အဆုံး၌ဟော</td><td rowspan="2">-စက္ခာယတနစသည် တို့၏ ကျက်စားရာ အာရုံဖြစ် သောကြောင့် အဇ္ဈတ္တိကာယတန ၆-ပါးအားလျော်စွာ ရူပါယတနစသော ဓာဟိရာယတန၆-ပါး အစဉ်အားဖြင့်ဟော</td></tr>
<tr><td colspan="2">တနဲ- အမြတ်ဆုံးမြင်ခြင်း, ကြားခြင်းတို့၏ အကြောင်းဖြစ်ပြီး ကျေးဇူးများလို့ စက်+ သော-အာယတန-၂-ပါးကို ရှေးဦးစွာဟော</td></tr>
</table>

### အာယတန ၁၂-ပါးအစဉ်ထားရပုံလင်္ကာ

*အာယတနာ၊ ၁၂-ဖြာကို၊ ဒေသနာမြတ်၊ အစဉ်မှတ်လော့၊ အဇ္ဈတ်ခြောက်ပါး၊ ကျေးဇူးများ၍၊ ဦးဖျားတည်မူ၊ မထေရ်ပြု၏၊ စက္ခုမှာတုံ၊ အာရုံယူလျှင်း၊ ပေါ်ထင်ခြင်းကြောင့်၊ ယင်းကိုစဟန်၊ အသမ္ပတ္တ၊ သဘောမျှ၍၊ သောတကိုဆက်၊ တစ်နည်းမွက်က၊ ဒဿနနှင့် သဝနာနုတ္တရိ၊ ကြောင်းထူးရှိသဖြင့်၊ အတိဝိသိဌ်၊ ကျေးဇူးဟိတ်ကြောင့်၊ဦးထိပ်နှစ်ပါး၊ တင်ကာထားလျက်၊ သုံးပါးဆက်ပြ၊ သမ္ပတ္တတွင်၊ ဃာန၏ဂုဏ်၊ အာရုံယူလျှင်း၊ လျင်မြန်ခြင်းကြောင့်၊ ယင်းကိုအစ၊ ပဒေသ၌၊ ဖြစ်ကြမည်စွာ၊ ဇိဝှာကိုဆက်၊ ကိုယ်လုံးယှက်၍၊ နှံ့လျက်ကာယ၊ တစ်ခုမျှမို့၊ နောက်ကစဉ်ပုံ၊ ပဉ္စာရုံကို၊ အကုန်သိမ်းကျုံး၊ ယူသည့်ထုံးကြောင့်၊ နောက်ဆုံးမန၊ စီရင်ရ၏၊ ခြောက်ဝအဇ္ဈတ်၊ အစဉ်ကပ်အောင်၊ ဗာဟျတ် ခြောက်ခု၊ အာရုံစုလည်း၊ ထေရ်နုရုဒ္ဓါ၊ စီစဉ်ပါသည်၊ ဋီကာဖွင့်ထုံးကဗျာတည်း။*

**(တစ်နည်း)** ဝိညာဏ် ၆-ပါးဖြစ်ခြင်း၏အကြောင်းကို ပိုင်းခြားသောအားဖြင့်လည်း အာယတနဟောစဉ်ကိုသိရမည်ဟုဆိုသဖြင့် အထက်ပါ ဒွါရ+ အာရုံ+ ဝိညာဏ်ပိုင်းခြားပုံဇယားဖြင့်သိနိုင်ပါ၏။

***(မှတ်ချက်)*** *ဃာ, ဇိ, ကာ (၃)၌ ဤဝိသုဒ္ဓိမဂ်တွင် အကြောင်းပြချက်မပါ၊ ဃာ, ဇိ, ကာ (၃)ပါးကို ဆက်ဟော၏ဟု၍သာပါ၏။ အကြောင်းပြချက်များကို ဋီကာကျော်ကျမ်းမှ ယူထားခြင်းဖြစ်ပါသည်။*

## ၅၁၅။ (င)အာယတန ၁၂-ပါးကို အကျဉ်းအကျယ်အားဖြင့် ခွဲရာ၌-

| အကျဉ်း (နာမ်+ရုပ်) | အကျယ် | အနန္တ |
|---|---|---|
| အာယတန ၁၂-ပါးတွင် မနာယတနနှင့် ဓမ္မာယတန တစ်စိတ်တို့သည်-နာမ် | -အတွင်း-အာယတန-၆-ပါးတွင်-စက္ခုာယတနသည် အမျိုးဇာတ်[1] အားဖြင့် စက္ခုပသာဒမျှသာဖြစ်၏။ | အကြောင်း, ဂတိ, နိကာယ-ပုဂ္ဂိုလ်[2]၏အစွမ်းဖြင့် အနန္တကွဲပြား၏။ |
| | -(သောတ-စသည် နည်းတူ) | |
| ကြွင်းအာယတနများက-ရုပ် (၂-မျိုးသာရှိ) | -မနာယတနသည်---ကု, အကု, ဝိပါက်, ကြိ, ဝိညာဏ်အားဖြင့်-၈၉/၁၂၁-ပါးကွဲပြား၏။ | စက္ခုစသော ဝတ္ထု, ဒုက္ခစသော ပဋိပဒါ ဈာန်, အဓိပတိ, ဘုံ, အာရုံစသောအားဖြင့် အနန္တ--။ |
| | -ရူပါယတန, သဒ္ဒ, ဂန္ဓ, ရသာတို့သည် ➡ | ဝိသဘာဂ, ကံစသောအကြောင်းတို့ကြောင့် အနန္တ--။ |
| | -ဖောဋ္ဌဗ္ဗာယတနသည်-ပ, တေ, ဝါ-အားဖြင့် ၃-ပါးပြား၏ ➡ | အကြောင်းစသည်အားဖြင့် အနန္တ--။ |
| | -* ဓမ္မာယတနသည် ➡ | ဝေ, သညာ, သင်္ခါရက္ခန္ဓာ, သုခု-၁၆+နိ-တို့၏ သဘော အထူးပြား၍အနန္တ |

*(မှတ်ချက်-၁) အမျိုးဇာတ်ဟူသည်- မျက်စိရုပ်အဖြစ်တူသည်ကို ပြခြင်းဖြစ်၏။*

*၂။ ဒါန, သီလစသောကုသိုလ်+အကုသိုလ်ကံအကြောင်းတို့ကြောင့် စက္ခုာယတနအမျိုးမျိုးခြားနားကွဲပြားခြင်း။ ငရဲစသောဂတိများ။ ဆင်အပေါင်း၊ မြင်းအပေါင်းစသော အမျိုးတူအပေါင်း-နိကာယ။ ခတ္တိယ(မင်းမျိုးစသော)နိကာယ။ ထိုထိုသတ္တဝါတို့၏သန္တာန် အပြားသည် ပုဂ္ဂိုလ်-တို့မည်၏။*

## ၅၁၆။ (စ)ရှုအပ်သောအားဖြင့် အာယတန ၁၂-ပါးကို ရှုပုံရှုနည်း

၁။ သင်္ခတ-အာယတနတို့သည် တခြားမှလာခြင်းလည်း မဟုတ်၊ တခြားသို့သွားခြင်း လည်းမဟုတ်-ဟု ရှုရမည်။

ဆိုလိုသည်မှာ- အာယတနတို့သည် ဖြစ်သည်မှရှေ့၌ တစ်စုံတစ်ခုသောအရပ်မှလာသည်လည်းမဟုတ် ပျက်သည်မှနောက်၌တစ်စုံတစ်ခုသောအရပ်သို့သွားသည်လည်းမဟုတ်၊ အမှန်မှာ- ဖြစ်သည်မှရှေ့=မဖြစ်သေးမီ မိမိ၏ဖြစ်မှုသဘောမရသေးဘဲရှိ၏။ ပျက်သည်မှနောက်၌ လုံးဝပျက်စီးပျောက်ကွယ်သွားသည့်သဘောအထည်ကိုယ်ရှိ၏၊ မရှိသေးသောရှေ့အဖို့ (--) ကွယ်ပျောက်သွားသော နောက်အဖို့တို့၏အလယ်၌- အကြောင်းညီညွတ်၍ အကြောင်းအားလျော်စွာ တစ်စုံတစ်ယောက်၏ အလိုနှင့်(စိမ့်မှုနှင့်) မပတ်သက်ဘဲ ဖြစ်လာခြင်းသာ ဖြစ်၏ ဟုရှုပါ။

| | |
|---|---|
| ၂။ အားထုတ်မှုလည်းကင်း ကြောင့်ကြ ဗျာပါရလည်း ကင်းသောအားဖြင့် ရှုရမည်။ | ဆိုလိုသည်မှာ- မျက်စိ၊ ဒွါရ+ရူပါရုံစသည်တို့က ငါတို့စုံမိကြပြီး စက္ခုဝိညာဏ်စသောစိတ်ဖြစ်ပါမှ ကောင်းလေစွဟု ကြံစည်အားထုတ်၊ ကြောင့်ကြမှု ပြုလုပ်စရာလည်းမရှိ၊ ဒွါရအဖြစ် (တည်ရာအဖြစ်)+ အာရုံအဖြစ်နဲ့- ငါတို့က ဝိညာဏ်ဖြစ်အောင်ဆောင်ရွက်လိုက်မည်ဟု ကြောင့်ကြပြုလုပ်အားထုတ်စရာလည်းမရှိ၊ **အမှန်မှာ-** မျက်စိနှင့်အဆင်း အညီအညွတ်ဆုံမိကြလျှင် အလိုလိုစက္ခုဝိညာဏ်စိတ်များဖြစ်ပေါ်ကြခြင်းမှာ- **ဖြစ်မြဲရိုးရာဓမ္မတာသာဖြစ်သည်ဟု** ရှုပါလေ။ |
| ၃။ တနဲ- အဇ္ဈတ္တိကာယတန-၆-ပါးကို လူမနေသော **ရွာပျက်ကဲ့သို့** ရှုပါ။ | ∵ ခိုင်မြဲခြင်း၊ တင့်တယ်ခြင်း၊ ချမ်းသာခြင်း၊ အတ္တအနေဖြစ်ခြင်း တို့မှ-**ကင်းသောကြောင့်** |
| ၄။ ဗာဟိရာယတန ၆-ပါးကို ရွာကို လုယက်ဖျက်ဆီးသော **ခိုးသူ (ဓားပြ)** ကဲ့သို့ ရှုပါ။ | ∵ အဇ္ဈတ္တိကာယတန ၆-ပါးကို တိုက်ခိုက်တတ်သောကြောင့်၊ သဠာယတန သံယုတ်၌ "ရဟန်းတို့ မျက်စိကို **နှစ်သက်ဖွယ် မနှစ်သက်ဖွယ်၊ အဆင်းတို့က နှိပ်စက်ကြ၏ဟု**" ဟောထားပါသည်။ |

၅။ အဇ္ဈတ္တိကာယတန ၆-ပါးကို မြွေ, မိချောင်း, ငှက်, ခွေး, မြေခွေး, မျောက်တို့ကဲ့သို့ ရှုပါ။
၆။ ဗာဟိရာယတန ၆-ပါးကို ထို ၆-ကောင်၏ ကျက်စားရာအာရုံအဖြစ်ရှုပါ။
**ကျက်စားရာအာရုံများ** → တောင်ပို့၊ ရေနက်ရာအရပ်၊ ကောင်းကင်၊ ရွာ၊ သုသာန်၊ တော။

## ဓာတုဝိတ္ထာရကထာ–ဓာတ်တို့ကိုအကျယ်ပြဆိုချက်

၅၁၇။ ဓာတ်တို့မှာ- စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်၊ သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်၊ ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်၊ ဇိဝှာဓာတ်, ရသဓာတ်, ဇိဝှာဝိညာဏဓာတ်၊ ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်၊ မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ်ဟူ၍ ၁၈-ပါးရှိ၏။

(က) **အတ္ထတော** = သဒ္ဒါအနက်အားဖြင့်၎င်း၊
(ခ) **လက္ခဏာဒိတော** = လက္ခဏာစသည်တို့ဖြင့်၎င်း၊
(ဂ) **ကမတော** = အစဉ်အားဖြင့်၎င်း၊
(ဃ) **တာဝတွတော** = ၁၈-ပါးမျှ ရှိသည့်အဖြစ်အားဖြင့်၎င်း
(င) **သင်္ခတော** = ခေါ်ဆိုရေတွက်ခြင်းအားဖြင့်၎င်း၊
(စ) **ပစ္စယာတော** = ကျေးဇူးပြုခြင်း (ပစ္စည်း)အားဖြင့်၎င်း၊
(ဆ) **ဒဋ္ဌဗ္ဗတော** = ရှုအပ်သောအားဖြင့်၎င်း (အဆုံးအဖြတ်ကိုသိပါလေ။)

## (က) အတ္ထဝဏ္ဏနာ=သဒ္ဒါအနက်အားဖြင့်
## (ဓာတ်-၁၈-ပါးတို့၏သဒ္ဒါအနက်အဓိပ္ပါယ်များ)

- စက္ခတီတိ စက္ခု= အဆင်းကိုသာယာတတ်,ပြတတ်သောကြောင့် စက္ခု(မျက်စိ)မည်၏။
- ရူပယတီတိ ရူပံ= နှလုံးအလိုကိုပြတတ်သောကြောင့် ရူပ(အဆင်း)မည်၏။
- စက္ခုဿ ဝိညာဏံ စက္ခုဝိညာဏံ= မျက်စိ၏ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏။

(စက္ခုံစ ပဋိစ္စ+ရူပေစ ဥပ္ပဇ္ဇတိ= စက္ခုဝိညာဏံ → တိဏ္ဏံသင်္ဂတိဖဿော → (ဤကား ထူးသောဝိသေသအနက်များဖြစ်၏။)

### မထူးသော(အဝိသေသ)ဓာတု-ပုဒ်၏အနက်များ

(၁) ဝိဒဟတိ= စီရင်တတ်သောကြောင့်၎င်း, (၂) ဓီယတေ= ထမ်းဆောင်အပ်သောကြောင့်၎င်း, (၃) ဝိဓာနံ= စီရင်ခြင်းသဘောကြောင့်၎င်း, (၄) ဝိဓီယတေ ဧတာယ= ဤသဘောဖြင့် စီရင်အပ်-စီရင်ကြောင်းဖြစ်သောကြောင့်၎င်း, (၅) ဧတ္ထဝါ ဓိယတီတိဓာတု= ဤ၌ ထားအပ် ထားရာဖြစ်သောကြောင့်၎င်း, ဓာတု= ဓာတ်မည်၏။

ဓာတ်၏အနက်များကို ရှင်းပြပါဦးမည်။

(၁) လောကီဓာတ်တို့သည် သံသရာဆင်းရဲ၏ အကြောင်း၏အဖြစ်ဖြင့် အသီးအခြား ကွဲပြား စွာတည်ကြကုန်လျက် များပြားလှသောသံသရာဆင်းရဲကို စီရင်တတ် ဖြစ်ပေါ်စေတတ်ကြ၏။ ထို့ကြောင့်- ဓာတ်မည်၏။ ဥပမာ- ရွှေမှုန်,ငွေမှုန်ပါသောရွှေကျောက်မြေ,ငွေကျောက်မြေ တို့သည် ရွှေငွေစသည်ကိုဖြစ်ပေါ်လာအောင် စီရင်သကဲ့သို့မှတ်အပ်၏။ (ဝိဒဟတိ)။
*[လောကုတ္တရာဓာတ်တို့သည် သံသရာဆင်းရဲကို မစီရင်တတ် မဖြစ်စေတတ်ကြပါကုန်။]*

(၂) ဝန်ထမ်းသမားတို့သည် ဝန်ထုတ်ကို ထမ်းဆောင်ကြသကဲ့သို့ သတ္တဝါတို့သည် ယင်းဓာတ် တို့ကို ထမ်းဆောင်ကြရကုန်၏။ ထို့ကြောင့်- ဓာတ်မည်၏၊ (ဓီယတေ)။

(၃) ဓာတ်ဟူသော ဤသဘောတရားသည် အလိုသို့မလိုက်စေနိုင်သောကြောင့် ဆင်းရဲကို စီရင်ခြင်းမျှသာဖြစ်ပါသည်။ ထို့ကြောင့်- ဓာတ်မည်၏ (ဝိဓာနံ)

(၄) ကရိဏ်းဖြစ်ကုန်သော ဤလောကီဓာတ်သဘောတို့ဖြင့် သတ္တဝါတို့သည် သံသရာဆင်းရဲ ကို စီရင်အပ်ပါ၏။ ထို့ကြောင့်- ဓာတ်မည်၏ (ဝိဓီယတေ ဧတာယ)

(၅) ထိုသို့ စီရင်အပ်ပြီးသော သံသရာဝဋ်ဆင်းရဲကို ထိုစက္ခုစသော ဓာတ်သဘောတို့၌သာလျှင် ထားအပ်ပါ၏။ ထို့ကြောင့်- ဓာတ်မည်၏ (ဧတ္ထဝါ ဓီယတီတိ ဓာတု)

ဤသို့ ဓာတ်တစ်ခုချင်းစီတို့သည် ဆိုင်ရာကိစ္စတို့ကို စီရင်ဆောင်ရွက်ကြကုန်၏၊ ယင်းကို ဓာတု= ဓာတ်ဟုခေါ်၏။

၅၁၈။ တစ်နည်း:- တိတ္ထိတို့၏အတ္တသည် သဘာဝအားဖြင့်မရှိသကဲ့သို့- ဤစက္ခုစသော ဓာတ်တို့သည် မရှိမဟုတ်- မိမိသဘာဝဧကန်ရှိပါ၏၊ ဤစက္ခုစသောဓာတ်တို့သည် (အဆင်း

ကိုပြတတ်ခြင်း, အဆင်းထင်လောက်အောင်ကြည်လင်ခြင်းစသော) မိမိ၏သဘာဝကို ဆောင်တတ်ပြတတ်သောကြောင့် ဓာတု(ဓာတ်)ဟုဆိုရ၏။

ဥပမာ-လောက၌ ဆန်းကြယ်သောဆေးဒါန်း မြင်းသီလာအစရှိကုန်သော ကျောက်၏အစိတ်တို့ကို ဓာတ်ဟုခေါ်သကဲ့သို့ ဤစက္ခုဓာတ်စသည်တို့ကိုလည်း (ယင်း)ဆေးဒါန်း-ကျောက်ဓာတ်တို့နှင့်တူကြသောကြောင့်ဓာတု(ဓာတ်)ဟုဆိုပါသည်။ မှန်ပါသည်- ဆန်းကြယ်ကုန်သောဤစက္ခုဓာတ်စသည်တို့သည် အသိဉာဏ်နှင့်သိအပ်သော ဉေယျတရားတို့၏ အစိတ်ဓာတ်တို့မျှသာဖြစ်ကြပါကုန်၏။ (ဝါ)ဉာဏ်ဖြင့်သိအပ်သော အဝိပရီတသဘာဝဓမ္မ = မဖောက်မပြန်သောသဘာဝဓမ္မ၏အစိတ်ဓာတ်တို့မျှသာဖြစ်ကြပါ၏။ ထို့ကြောင့် ဓာတ်ဟုခေါ်၏။

(မှတ်ချက်) ၁။ အသိဉာဏ်သည် ဓမ္မဓာတ်ထဲမှအမောဟစေတသိက်ဖြစ်၏။ ဓာတ် ၁၈=ပါးလုံးပင် သိအပ်သောဉေယျတရားတို့ဖြစ်ပါ၏။

(တစ်နည်း) ဤကိုယ်ခန္ဓာငါးပါးအပေါင်း၏အစိတ်ဖြစ်သော အချင်းချင်းသဘော သဘာဝမတူသော(ဝိသဘာဂ)လက္ခဏာတို့ဖြင့်ပိုင်းခြားထားသော အဆီအနှစ်(ရသ), အသွေး(သောဏိတ)စသည်တို့၌ ဓာတ်ဟူသောအမည်ရသကဲ့သို့- ခန္ဓာ-၅-ပါးအပေါင်း အတ္တဘော၏အစိတ်ဖြစ်သော ဤစက္ခုစသည်တို့၌လည်း အချင်းချင်းသဘောသဘာဝမတူသော(ဝိသဘာဂ)လက္ခဏာတို့ဖြင့် ပိုင်းခြား, ခြားနားလျက်ရှိကြသောကြောင့် ဓာတ်အမည်ရ၏ဟုသိထားသင့်ပါ၏။

(တစ်နည်း) ဓာတ်အမည်သည် ဇီဝခေါ် အသက်ကောင်မဟုတ်သောသဘောတရားမျှ၏၊ (ဝါ) သက်မဲ့သဘောတရားမျှ၏အမည်မျိုးသာဖြစ်ပါသည်။ သာဓကအနေဖြင့်- "ဘုရားရှင်က ပုဏ္ဏသာတိရဟန်း- လောကလူ့ရွာ၌ ခန္ဓာ ၅-ပါး ဓမ္မအစုအပေါင်းကို ပုရိသဟုခေါ်ကြ၏။ ဤသို့ ပုရိသဟုခေါ် နေကြသော ခန္ဓာ ၅-ပါး ဓမ္မအစုအပေါင်းဆိုတာ အသက်ကောင်မဟုတ်သောဓာတ် ၆-ပါးသဘောတရားတို့၏အပေါင်းအစုမျှသာဖြစ်ပါသည်ဟု ဟောထားပါသည်။

[ဆရာတုရော= ဓာတ် ၆-ပါး (ဓာတ်ကြီး-၄-ပါး+ အာကာသဓာတ်+ ဝိညာဏဓာတ်)] ဤဓာတ် ၆-ပါး၌ အသက်ဇီဝရယ်လို့မရှိ၊ ပုရိသရယ်လို့လည်းမရှိသောကြောင့် ဇီဝသညာရှိ၏ဟူသော ဖောက်ပြန်သောအမှတ်သညာကိုပယ်နုတ်ခြင်းငှာ- ဓာတုဒေသနာကို ဟောပါသည်။ **အချုပ်အားဖြင့်**- စက္ခု(မျက်စိ)လည်းဟုတ်၏။ ၎င်းသည်ဓာတု(ဓာတ်)လည်းဟုတ်၏။ ထို့ကြောင့် စက္ခုဓာတု(မျက်စိဓာတ်)မည်၏။ (အားလုံးနည်းတူသွားပါလေ)

၅၁၉။(ခ) လက္ခဏာဒိတော= လက္ခဏာစသည်ဖြင့် အဆုံးအဖြတ်ကို ခန္ဓနိဒ္ဒေသအတိုင်းသိပါလေ။

(ဂ) ကမတော= အစဉ်အားဖြင့် -

(ဒေသနာက္ကမ-ကြောင်း+ကျိုး အစဉ်ပိုင်းခြားသည့်အလိုအတိုင်းဟောထား) သာဓကပုံစံပြအနေဖြင့်- စက္ခုဓာတ်နှင့်ရူပဓာတ်သည်အကြောင်းပစ္စည်း → စက္ခုဝိညာဏ်

သည်အကျိုးပစ္စယုပ္ပန်။ (အားလုံးနည်းတူ)

၅၂၀။ (ဃ) တာဝတွေတော=ထို ၁၈-ပါးမျှသာထားရခြင်း

မေး- ဓာတ် ၁၈-ပါးမှတစ်ပါး- အခြားသုတ္တန်, အဘိဓမ္မာ ပိဋကတို့၌ ပရမတ္ထအားဖြင့် ထင်ရှားသော အာဘာဓာတ်, သုဘဓာတ်စသော ၃၅-ပါးသော ဓာတ်မျိုးတို့ ရှိပါလျက်-ဤ၌ အဘယ့်ကြောင့်မဟောပါသနည်း။

ဖြေ- ၎င်း ၃၅-ပါးသောဓာတ်တို့သည် ၁၈-ပါး၌အကျုံးဝင် (အတွင်းဝင်)သွားသော ကြောင့် မဟောတော့ပါ။ (၁၈-ပါးသာဟောပါသည်။)

## ၃၅-ပါးသောဓာတ်တို့(၁၈)ပါး၌အတွင်းဝင်ပုံ

| စဉ် | ၃၅-ပါးသောဓာတ်များ | ၁၈-ပါးသောဓာတ်၌အတွင်းဝင်ပုံ |
|---|---|---|
| ၁။ | အာဘာဓာတ် (အလင်း) | လရောင်၊ နေရောင်၊ မီးရောင်စသော အဆင်းရူပဓာတ်၌သာအတွင်းဝင် |
| ၂။ | တင့်တယ်သည်ဟု ထင်ရသော သုဘဓာတ်သည် | ရူပဓာတ်စသည်နှင့်သာစပ်၊ ∵ ရာဂဖြစ်ပွားကြောင်း သုဘအခြင်းအရာ ဖြစ်သောကြောင့် သုဘဓာတ်ဟုခေါ်၏။ ယင်းသုဘနိမိတ်သည် ရူပ,သဒ္ဒ စသည်မှလွတ်သည်ဟူ၍မရှိ၊ တနဲ-ကုသလဝိပါက်၏အာရုံဖြစ်ကုန်သော ရူပ, သဒ္ဒစသည်တို့ပင်လျှင် သုဘဓာတ်မည်၏၊ သုဘဓာတ်သည် ရူပ, သဒ္ဒဓာတ်စသည်ဖြစ်၏။ |
| ၃။ -- ၆။ | အာကာသာနဉ္စာယတန စသော အရူပဓာတ် ၄-ပါးတို့၌ - | စိတ်က- မနောဝိညာဏဓာတ်၊ စေတသိက်များက-ဓမ္မဓာတ်၌-အတွင်းဝင် |
| ၇။ | သညာ ဝေဒယိတ နိရောဓဓာတ် | ပရမတ္ထသဘောအနေနှင့်မရှိ မနောဝိညာဏဓာတ်+ ဓမ္မဓာတ် ၂-ပါးတို့၏ ချုပ်ခြင်းမျှသာ (သညာ၊ ဝေဒနာတို့ ချုပ်ခြင်းကို သညာဝေဒယိတ နိရောဓ ဓာတ်ခေါ်) |
| ၈။ | ကာမဓာတ်သည်<br><br>တနည်း:-<br>ကာမဓာတ်သည် | → ဓမ္မဓာတ်မျှသာဖြစ်။"ကာမဓာတ်ဆိုသည်မှာ- ကာမအာရုံကိုလိုချင် နှစ်သက်မှုနှင့်ဆိုင်သောကြံခြင်း၊အထူးကြံခြင်း၊မှားယွင်းစွာကြံခြင်း၊ မိစ္ဆာသင်္ကပ္ပသာဖြစ်၏ ဟုဟောထား-<br><br>→ ဓာတ် ၁၈-ပါးလုံး၌ဖြစ်၊"အထက်ပရနိမ္မိ- အောက်အဝီစိအထိ ကာမဘုံ အတွင်းဝင်သောခန္ဓာ,အာယတန,ဓာတ်များ,ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်ခန္ဓာများအားလုံးကို **ကာမဓာတ်**ဟု ဟောထားချက်ရှိပါ၏။ |

| စဉ် | ၃၅-ပါးသောဓာတ်များ | ၁၈-ပါးသောဓာတ်၌အတွင်းဝင်ပုံ |
|---|---|---|
| ၉။ | နေက္ခမ္မဓာတ် | ➡ နေက္ခမ္မဝိတက်ဟူသော ဓမ္မဓာတ်၌အတွင်းဝင်၏။ |
| | တနည်း-နေက္ခမ္မဓာတ် | ➡ မနောဝိညာဏဓာတ်၌အတွင်းဝင်၏။ ∵ ကုသိုလ်တရားအားလုံးကို နေက္ခမ္မဓာတ်ဟုဟောထားသောကြောင့် |
| ၁၀။ မှ ၂၂။ | ဗျာပါဒဓာတ်, ဝိဟိံသာဓာတ်, အဗျာပါဒဓာတ်, အဝိဟိံသာဓာတ်, သုခဓာတ်, ဒုက္ခဓာတ်,သောမနဿဓာတ် ဒေါမနဿဓာတ်, ဥပေက္ခာဓာတ်, အဝိဇ္ဇာဓာတ်, အာရမ္ဘဓာတ်, နိက္ကမဓာတ်, ပရက္ကမဓာတ် | ဓမ္မဓာတ်၌ |
| ၂၃။ | ဟီန, မဇ္ဈိမ, ပဏီတဓာတ် | ➡ ၁၈-ပါးသောဓာတ်မျှသာ (ယုတ်ညံ့သော စက္ခုစသည် ဟီန၊အလယ်, အမြတ်တို့သည် မဇ္ဈိမ, ပဏီတဓာတ်တို့မည်၏။) |
| | မုချအားဖြင့်-ဟီနဓာတ် | ➡ အကုသိုလ်ဖြစ်သောဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့၌--- |
| ၂၄။ | မဇ္ဈိမဓာတ် | ➡ လောကီ-ကုသိုလ်+အဗျာကတဖြစ်သော ဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့၌--- |
| ၂၅။ | ပဏီတဓာတ် | ➡ လောကုတ္တရာ ဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့၌--- |
| ၂၆/၂၈ | ပထဝီ, တေဇော, ဝါယော | ➡ ဖောဋ္ဌဗ္ဗဓာတ်၌ --- |
| ၂၉/၃၀ | အာပေါ, အာကာသ | ➡ ဓမ္မဓာတ်၌ --- |
| ၃၁။ | ဝိညာဏဓာတ် | ➡ စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ၇-ပါး၏ အကျဉ်းမျှ၌ --- |
| ၃၂။ | သင်္ခတဓာတ် | ➡ ၁၇-ပါးသောဓာတ်တို့၌၎င်း၊ နိဗ္ဗာန်မှတစ်ပါးသော ဓမ္မဓာတ် တစ်စိတ်၌၎င်း --- |
| ၃၃။ | အသင်္ခတဓာတ်(နိဗ္ဗာန်) | ➡ ဓမ္မဓာတ်တစ်စိတ်၌ --- |
| ၃၄။ | များသောဓာတ် | 〉 ၁၈-ပါးလုံးသောဓာတ်အများအပြား၌အတွင်းဝင်ကြကုန်၏။ |
| ၃၅။ | အမျိုးမျိုးသောဓာတ် ရှိသောလောကဟူသည် | |

*(မှတ်ချက်) ဝိဟိံသာဓာတ်ဟူသည်-စေတနာတည်း။ တစ်နည်း-သူတစ်ပါးကိုညှဉ်းဆဲလိုသောဆန္ဒတည်း။ အဝိဟိံသာဓာတ်ဟူသည်-သနားခြင်းကရုဏာပင်တည်း။ (ဋီကာ)*

*ဝိညာဏဓာတ်သည် ၆-ပါးသာ ရှိ၏။ သို့သော်လည်း ထိုဝိညာဏဓာတ်၏ ရှေ့သွားနောက်လိုက်ဖြစ်သော မနောဓာတ်ကိုပါယူ၍ ဝိညာဏဓာတ် ၇-ပါးဟု ဆိုသည်။ (ဋီကာ)*

*စက္ခုစသည် များသောဓာတ်တို့ရှိသောကြောင့် များသောဓာတ်ရှိသည်ဟူ၍၎င်း စက္ခုစသောတစ်ပါးပါး၌ပင်အမျိုးမျိုးကွဲပြားသောကြောင့် အမျိုးမျိုးသောဓာတ်ရှိသည်ဟူ၍၎င်း ဆိုသည်။ (ဋီကာကိုမှီ၍အကျဉ်းပြသည်။)*

၅၂၁။ **(တစ်နည်း)**အာရုံကိုသိခြင်းသဘောရှိသောစိတ်ဝိညာဏ်၌ အသက်ကောင် အတ္တကောင်ဟုအမှတ်မှားသောသတ္တဝါတို့၏ ထိုအမှတ်မှားသော ဇီဝသညာကိုပယ်ခြင်းအကျိုးငှာ ၁၈-ပါးသောဓာတ်တို့ကိုသာဟောပါသည်။

*(မှတ်ချက်) အတ္တဝါဒီတို့သည် သတ္တဝါတစ်ဦးတစ်ဦး၏အတ္တကို တစ်ဦးတည်း (တစ်ခုတည်း) အကွဲအပြားမရှိဟူ၍ငင်း၊ ဘယ်တော့မှမပြတ်ဘဲအမြဲတည်နေသည်ဟူ၍ငင်း (သို့မဟုတ်) မသေမီ အတွင်း အမြဲတည်နေသည်ဟူ၍ငင်း ယူဆပြောဆိုကြ၏။ ထို့ကြောင့် ထိုသူတို့က အတ္တဟုထင်မှတ်သောစိတ်ဝိညာဏ်၏များခြင်းကိုငင်း မမြဲခြင်းကိုငင်းပြခြင်းသည် ယင်းတို့၏ဇီဝသညာ အတ္တစွဲကို ပယ်နုတ်ရန်ဖြစ်၏။ (ဋီကာ)*

## အသက်ကောင်,ဇီဝကောင်မရှိကြောင်းကိုသိရပုံ -ဟောပြပုံ

၁။ အာရုံကိုသိခြင်းသဘောရှိသောစိတ်ဝိညာဏ်၌သတ္တဝါတို့သည်အသက်ကောင်၊ ဇီဝကောင်ရှိသည်ဟု အမှတ်မှားတတ်ကြသည်။ ထိုသတ္တဝါတို့အား- စိတ်ဝိညာဏ်ကို ဝိညာဏဓာတ် ၇-ပါး (စက္ခုဝိညာဏဓာတ်, သော, ဃာ, ဇိ, ကာ, မနောဓာတ်, မနောဝိညာဏဓာတ်ဟု) ခွဲခြမ်းစိတ်ဖြာ ဟောလိုက်သောအခါ စိတ်ဝိညာဏ်သည် တစ်ခုတည်း(တစ်ပေါင်းတည်း) မဟုတ်ဘဲ (အစိတ်စိတ်) အများဖြစ်နေသည်ကို သိလိုက်ရသဖြင့်ငင်း၊

-မျက်စိနှင့်အဆင်းစသောအကြောင်းတို့နှင့်ဆက်စပ်၍ဖြစ်ကြရသောကြောင့် မမြဲသည်၏အဖြစ်ကို သိလိုက်ရသဖြင့်ငင်း၊ အမှတ်မှားမှု ဇီဝသညာ (အတ္တစွဲ)ပျောက်ပါသည်။

ဤသို့ ရှည်မြင့်စွာသောကာလပတ်လုံး သတ္တဝါတို့သန္တာန်၌ကိန်းအောင်းနေသော အသက်ကောင်၊ အတ္တကောင်ရှိ၏ဟုအမှတ်မှားမှု ဇီဝသညာ(အတ္တစွဲ)ကိုပယ်နုတ်လိုသော ဘုရားရှင်သည် ဓာတ်-၁၈-ပါးကိုခွဲဝေဟောပြတော်မူပါသည်။

တစ်ဖန်- မကျဉ်း+မကျယ်လွန်းသော ဤဓာတုဒေသနာဖြင့် ဆုံးမည္ထန်ကြားထိုက်သော (ကျွတ်ထိုက်သော) ဝေနေယျသတ္တဝါများလည်းရှိပါသည်။ ထိုဝေနေယျသတ္တဝါတို့၏ အလိုအဇ္ဈာသယအကြိုက်လိုက်၍လည်း ဓာတ်(၁၈)ပါးကိုသာဟောခြင်းဖြစ်ပါသည်။

ဤကဲ့သို့ နည်းအမျိုးမျိုးဖြင့် ဟောပြလိုက်လျှင် ဝေနေယျသတ္တဝါတို့၏ နှလုံးအိမ်၌ ကိန်းအောင်းနေသော အဝိဇ္ဇာအမှောင်သည် ဘုရားရှင်၏ တရားတန်ခိုးဖြင့် ပယ်ဖျောက်လိုက်သောကြောင့် တခဏချင်းပင်ကွယ်ပျောက်ခြင်းသို့ရောက်လေ၏။ ထိုသို့ အကျဉ်းအကျယ်နည်းအမျိုးမျိုးဖြင့် ဘုရားရှင်သည်တရားကိုဟောပြတော်မူခြင်းဖြစ်ပါသည်။

### ၅၂၂။ (င) သင်္ခတတော=ခေါ်ဆိုရေတွက်ခြင်းတရားကိုယ်အရကောက်သဘောအားဖြင့်

| | | |
|---|---|---|
| ၁။ | စက္ခုဓာတ်သည် | အမျိုးဇာတ်၊ တရားကိုယ်အရေအတွက်အားဖြင့် စက္ခုပသာဒ ၁-ပါးသာ |
| ၂/၉ | သော, ဃာ, ဇိ, ကာ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, တို့လည်း | ။ ။ ။ သောတပသာဒ စသည် တစ်ပါးစီသာ |
| ၁၀။ | ဖောဋ္ဌဗ္ဗဓာတ်သည် | ။ ။ ။ ပထဝီ, တေဇော, ဝါယော သုံးပါးဖြင့် |
| ၁၁/၁၅ | စက္ခုဝိညာဏဓာတ်, သော, ဃာ, ဇိ, ကာ | ။ ။ ။ ကုသလ, အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်စသည် နှစ်ပါးစီသာ |
| ၁၆။ | မနောဓာတ် | ။ ။ ။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ကုဝိ+အကုဝိသမ္ပဋိစ္ဆိုင်း ၂ = ၃-ပါးဖြင့် |
| ၁၇။ | ဓမ္မဓာတ် | ။ ။ ။ ဝေ, သဉ်, သင်္ခါရစေတသိက် ခန္ဓာ ၃+သုခု ၁၆+နိ= ၂၀ ဖြင့်ရေတွက်ခေါ်ဆို |
| ၁၈။ | မနောဝိညာဏဓာတ် | ။ ။ ။ ကု-၂၁+ အက-၁၂+ အဗျာ ကတဝိညာဏ်-၄၃= ၇၆-ပါးဖြင့် ခေါ်ဆိုရေတွက် |

### ၅၂၃။ (စ)ပစ္စယတော=ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပုံ အားဖြင့်(ပဉ္စဒွါရ)

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| စက္ခုဓာတ် (ပသာဒ)သည် | စက္ခုဝိညာဏဓာတ်အား- | နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ အတ္ထိ, အဝိဂတ-၆ |
| အဆင်းရူပဓာတ်သည် | စက္ခုဝိညာဏဓာတ်အား- | အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ-၄ |
| သောတ, - သဒ္ဒစသည် | သောတဝိညာဏ်ဓာတ်စသည်- | ၆/၄ဖြင့်(အထက်ပါအတိုင်းနည်းတူ-) |
| ပဉ္စဒွါရာဝဇ္ဇန်း မနောဓာတ်သည် | ပဉ္စဝိညာဏဓာတ်တို့အား- | အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ-အနန္တရူပ နိဿယ- ၅ |
| ပဉ္စဝိညာဏဓာတ်သည် | သမ္ပဋိစ္ဆိုင်း မနောဓာတ်အား- | ။ ။ ၅ |
| သမ္ပဋိစ္ဆိုင်းမနောဓာတ်သည် | သန္တီ- မနောဝိညာဏဓာတ်အား- | ။ ။ ၅ |
| သန္တီရဏသည် | ဝုဋ္ဌော ။ | ။ ။ - ၅ |
| ဝုဋ္ဌောသည် | ဇော ။ | ၅ |
| ဇော-မနောဝိညာဏဓာတ်သည် | အခြားမဲ့ ဇော ။ | စက္ခုဓာတ်(၅+အာသေဝန=၆)သည် |

မနောဒွါရ၌-

| | | |
|---|---|---|
| ဘဝင် မနောဝိညာဏဓာတ် | အာဝဇ္ဇန်း မနောဝိညာဏ်ဓာတ် | ။ ။ ၅ |
| အာဝဇ္ဇန်း ။ ။ | ဇော ။ ။ | ။ ။ ၅ |
| ဓမ္မဓာတ်သည် | ဝိညာဏဓာတ်-၇-ပါးအား | သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတစသော များသောပစ္စည်းတို့ဖြင့်ကျေးဇူးပြု |
| စက္ခုဓာတ်စသည်တို့သည်၎င်း အချို့ဓမ္မဓာတ်တို့သည်၎င်း | အချို့သော မနောဝိညာဏ ဓာတ်အား | အာရမ္မဏပစ္စည်း စသည်တို့ဖြင့်လည်း ကျေးဇူးပြု၏။ |

စက္ခုဓာတ်+ရူပဓာတ် စသည်တို့သည် > စက္ခုဝိညာဏဓာတ် စသည်တို့အား > အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ-၄-ပါးဖြင့်

ကျေးဇူးပြုသည်ဟုဆိုရာ- စက္ခုဝိညာဏဓာတ်ဖြစ်ဖို့ရာ- စက္ခုဓာတ်နှင့် ရူပဓာတ်နှစ်မျိုးသာ ပြသော်လည်း- အလင်းရောင်နှင့် မနသိကာရတို့ အကြောင်းအဖြစ်ပါဝင်ပါသေးသည်။

ထိုအကြောင်းကို- စက္ခုဝိညာဏ်စသော နာမ်တရားတို့ဖြစ်လာပုံအကြောင်းပြ လင်္ကာတို့ဖြင့် သိနိုင်ပါ၏။

- စက္ခု လောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီ စက္ခုဖို့။
- သောတာ+ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီ သောတဖို့။
- ဃာန+ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ လေးလီ ဃာနဖို့။
- ဇိဝှာ+အာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီ ဇိဝှာဖို့။
- ကာယ+ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီ ကာယဖို့။
- ဟဒယ+ ဘဝင်၊ ဓမ္မထင်ပြီ၊ မနသိ၊ လေးလီ မနောဖို့။

*(မှတ်ချက်) အရောင်အလင်းမည်သည်- နေရောင်စသည်ပင်၊ ၎င်းကိုသုတ္တန်နည်းအားဖြင့် ဥပနိဿယပစ္စည်းဖြစ်သည်ဟုသိအပ်၏။ ကြွင်းသော အပေါက်အကြား စသည်တို့ကိုလည်း နည်းတူပင်သိအပ်၏။ အပေါက်အကြားမည်သည်- အထူးအားဖြင့်နားပေါက်တည်း။ လေ-ဟူသည်- အနံ့ကိုသယ်ဆောင်လာသောလေပင်။ အာပေါ အရည်အစိုဟူသည်-ခံတွင်း၌ထည့်လိုက်သည့်အစာကို စိုစေတတ်သောအရေပင်။ ပထဝီ-ဟူသည်-ကာယပသာဒ၏ မှီရာဖြစ်သော ပထဝီဓာတ်ပင်၊ ဘဝင်စိတ် မန-ဟူသည်-နှစ်ကြိမ်လှုပ်သောဘဝင်စိတ်ပင်၊*

*အားလုံးတို့၌ မနသိကာရနှ လုံးသွင်းမှုဟူသည်-အာဝဇ္ဇန်း မနသိကာရပေတည်း။ (ဋီကာ)*

၅၂၄။ (ဆ) ဒွေမူလတော= ရှုပုံရှုနည်းအားဖြင့်ပြရာ၌-

သင်္ခတတရားအားလုံးတို့ကိုပင်လျှင်- ခဏသုံးပါးမှရှေ့အဖို့နောက်အဖို့တို့၌ ကင်းဆိတ်သောအားဖြင့်၎င်း | × (↔) × |

- ခိုင်မြဲခြင်း (ဓုဝ), တင့်တယ်ခြင်း (သုဘ), ချမ်းသာခြင်း (သုခ), အတ္တအဖြစ် (အတ္တဘာဝ)တို့မှ ဆိတ်သုဉ်းသောအားဖြင့်၎င်း-
- ကံ စသောအကြောင်းတို့နှင့် စပ်သောဖြစ်ခြင်းရှိသည်၏ အဖြစ်အားဖြင့်၎င်း-ရှုရမည်။

**ဓာတ် ၁၈-ပါးတို့မှ အချို့ဓာတ်များကို အသီးသီးဥပမာဖြင့် ရှုပုံ**

| စက္ခုဓာတ် | အဆင်းရူပဓာတ် | စက္ခုဝိညာဏဓာတ် |
|---|---|---|
| စည်၏မျက်နှာပြင်ကဲ့သို့ | တီးခေါက်စရာတုတ်ကဲ့သို့ | ထွက်ပေါ်လာသောအသံကဲ့သို့ |
| ကြေးမုံမှန်မျက်နှာပြင်ကဲ့သို့ | လူ၏မျက်နှာ ။ | (မှန်ထဲမှ) မျက်နှာရိပ် ။ |
| ကြံဖျား, နှမ်းစေ့များ ။ | ကြံညှစ်စက်, ဆီကြိတ်ဆုံတို့၌ ဖိညှပ်ကြိတ်သည့် တုတ်တံ, ကျည်ပွေ့ ။ | ကြံရည်/ဆီ ။ |
| မီးပွတ်ခုံ ။ | မီးပွတ်တံ ။ | မီး ။ |

*(မှတ်ချက်) - သောတဓာတ် စသည် နည်းတူမှတ်-*
*- မနောဓာတ်ကိုမူ- ဖြစ်သင့်သည့်အားလျော်စွာ စက္ခုဝိညာဏဓာတ် စသည်တို့၏ ရှေ့သွားနောက်လိုက်ကဲ့သို့ မှတ်ပါလေ။*

**ဓမ္မဓာတ်တွင်-**

| | |
|---|---|
| ဝေဒနက္ခန္ဓာကို | မြားငြှောင့်ကဲ့သို့၎င်း, တံကျင်ကဲ့သို့၎င်း, မှတ်အပ်၏။ |
| သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို | ဝေဒနာဟူသော မြားငြှောင့်, တံကျင်တို့နှင့်ယှဉ်ခြင်းကြောင့် နာကျင်နေသူကဲ့သို့ |
| တစ်နည်း- ပုထုဇဉ်တို့၏၊ သညာကို | ➡ တောင့်တ အာသာဆင်းရဲ, တောင့်တ၍မရခြင်းကြောင့်ဖြစ်သော ဆင်းရဲတို့ကို ဖြစ်စေတတ်သောကြောင့်- အချည်းအနှီးသော လက်ဆုပ်ကဲ့သို့ မဟုတ်၊မမှန်သောအာရုံအမှတ်နိမိတ်ကိုယူတတ်သောကြောင့် တောသမင်ကဲ့သို့ |
| သင်္ခါရတို့ကို | ➡ ပဋိသန္ဓေ၌ပစ်ချတတ်သောကြောင့် မီးကျီးတွင်း၌ပစ်ချတတ်သည့် ရန်သူယောကျ်ားကဲ့သို့-<br>- မိမိပြုထားသည့် ဇာတိဒုက္ခလိုက်ပါလာသောကြောင့် မင်း၏ရဲမက်တို့ လိုက်ပါလာသောခိုးသူကဲ့သို့၊<br>- အကျိုးမဲ့ဟူသမျှကို ဆောင်လာတတ်သောခန္ဓာအစဉ်၏ အကြောင်းဖြစ်သောကြောင့် အဆိပ်ပင်ကြီး၏ မျိုးစေ့ကဲ့သို့ရှုမှတ်အပ်ပါ၏။ |
| သုခုမရုပ်ကို | ➡ အမျိုးမျိုးသော ကပ်၍နှိပ်စက်တတ်သည့် ဥပဒ္ဒဝေါတို့၏ အကြောင်းနိမိတ်ဖြစ်သောကြောင့် ပဒုမ္မာကြာအသွင်ထင်သော သင်းခုန်းစက်ကဲ့သို့- |
| မနောဝိညာဏဓာတ်ကို | ➡ ဤအာရုံသည် ဤဝိညာဏ်၏အာရုံတည်းဟု အမှတ်မမြဲသောကြောင့် တောမျောက်ကဲ့သို့-<br>- ဆုံးမခက်သဖြင့် အရိုးပေါက်အောင်ထိုးသော်လည်း မယဉ်ကျေးနိုင်သော မြင်းကြမ်းကဲ့သို့-<br>- အမှတ်မမြဲ မိမိအလိုရှိသော အာရုံ၌ကျခြင်းကြောင့် ကောင်းကင်သို့ ပစ်အပ်သော တုတ်ကဲ့သို့-<br>- လောဘ, ဒေါသစသော ကိလေသာအမျိုးမျိုးတို့၏အသွင်နှင့်ယှဉ်ခြင်းကြောင့် ပွဲသဘင်ကရာ၌ သွင်ပြင်အထူးထူးကို ဆောင်ပြတတ်သော ကချေသည်ကဲ့သို့- |
| အသင်္ခတဓာတ်နိဗ္ဗာန်ကို | ➡ အသေကင်းသော-အမြိုက်ဆေးနှင့်တူသော (အမတဓာတ်)<br>- ပူပန်မလိမ်း ငြိမ်းအေးသော (သန္တဓာတ်)<br>- ဘေးဥပဒ်ကင်းသော (ခေမဓာတ်) အား.ဖြင့်ရှုမှတ်ရမည်၊<br>∵ အကျိုးမဲ့အားလုံးကိုဖြစ်စေတတ်သော ရာဂအစရှိသောကိလေသာ ဒုက္ခအပေါင်း, ဇာတိအစရှိသော သံဝေဒုက္ခအပေါင်း, အဆိပ်နှင့်တူသော တရားအပေါင်း၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပါတည်း။ |

**၁၅-ခုမြောက် အာယတနဓာတုနိဒ္ဒေသပြီး၏၊**

✦ ✦ ✦

## ၁၆-ဣန္ဒြိယသစ္စနိဒ္ဒေသ ဣန္ဒြေသစ္စာတို့ကိုအကျယ်ပြချက်

### ဣန္ဒြေတို့ကို အကျယ်ပြဆိုချက်

၅၂၅။ ဣန္ဒြေတို့မှာ-

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာ-တာဝိန္ဒြေဟု ၂၂-ပါး ရှိ၏။ ထိုဣန္ဒြေတို့၌-

(က) အတ္ထတော = သာဓာရဏ, အသာဓာရဏ သဒ္ဒါအနက်အားဖြင့်၎င်း-
(ခ) လက္ခဏာဒီဟိ = လက္ခဏာစသည်တို့ဖြင့်၎င်း-
(ဂ) ကမတော = အစဉ်အားဖြင့်၎င်း-
(ဃ) ဘေဒါဘေဒါ = ကွဲပြားခြင်း ရှိမရှိအားဖြင့်၎င်း-
(င) ကိစ္စတော = ကိစ္စအားဖြင့်၎င်း-
(စ) ဘူမိတော = ဘုံအားဖြင့်၎င်း (အဆုံးအဖြတ်တို့ကိုသိရာ၏။)

### (က) အတ္ထတော=သာဓာရဏ,အသာဓာရဏ (ဆက်ဆံ,မဆက်ဆံသော)သဒ္ဒါအနက်အဓိပ္ပါယ်အားဖြင့်

စက္ခုန္ဒြေ- အစရှိသည်တို့၌ စက္ခုစသည်တို့၏ အဓိပ္ပါယ်အနက်ကို ရှေးအာယတန၌ ပြခဲ့ပြီးပြီ။

### အဆုံးလောကုတ္တရာဣန္ဒြေ(၃)ခု၏အနက်အဓိပ္ပါယ်-

၁။ **အနညာတညဿာမီတိန္ဒြေ**= အရိယာမဂ်၏ ရှေ့အဖို့၌မသိဘူး, မရဘူးသေးသော ပျက်စီးခြင်းလည်းမရှိ သေခြင်းလည်းမရှိတော့သောနိဗ္ဗာန်ကို (ဝါ) သစ္စာ ၄-ပါးကို သိအောင် ရအောင်ကျင့်သောပုဂ္ဂိုလ်မှာဖြစ်သောကြောင့်၎င်း, အစိုးရခြင်း ဣန္ဒြေ၏သဘောဖြစ်သင့်ခြင်းကြောင့်၎င်း- **အနညာတညဿာမီတိန္ဒြေ** ဟုခေါ်၏။ (**သောတာပတ္တိမဂ်ပညာနှင့်** ယှဉ်သောဣန္ဒြေဖြစ်ပါသည်။)

[ဤဣန္ဒြေသည် အစဆုံးလောကုတ္တရာပညာ ဖြစ်၏။ အရင်ကတစ်ခါမျှမသိဘူးသေးသောနိဗ္ဗာန်နှင့်သစ္စာလေးပါးကို မရမနေ ရအောင်သိအောင် ကျင့်တော့မည်ဟု ကျင့်သူအားရလာသောမဂ်ပညာဖြစ်ပါသည်။ ပဌမံ ပုဗ္ဗဘာဂေ အနညာတံ အမတံ ပဒံ စတုသစ္စဓမ္မံဝါ ဇာနိဿာမီတိ ဧဝံ ပဋိပန္နဿ ဥပ္ပဇ္ဇနတော ဣန္ဒြိယဋ္ဌသမ္ဘဝတောစ အနညာတညဿာမီတိန္ဒြိယန္တိ ဝုတ္တံ။]

၂။ **အညိန္ဒြေ**= ပထမမဂ်ဖြင့် သိအပ်ပြီးသောသစ္စာလေးပါးကို တဖန်ထပ်၍သိသောကြောင့်၎င်း, အစိုးရခြင်း ဣန္ဒြေ၏သဘောဖြစ်သင့်သောကြောင့်၎င်း, **အညိန္ဒြေမည်၏။**

(အထက်မဂ် ၃-ပါး+အောက်ဖိုလ် ၃-ပါးဖြင့် သိသောပညာဖြစ်၏။)

[ဒုတိယံ အာဇာနနတော ဣန္ဒြိယဋ္ဌသမ္ဘဝတောစ အညိန္ဒြိယံ။]

၃။ အညာတာဝိန္ဒြေ= သစ္စာ ၄-ပါးသိပြီး, သစ္စာလေးပါး၌ သိစရာကိစ္စမကြွင်းမကျန်တော့သောရဟန္တာပုဂ္ဂိုလ်မှာဖြစ်သောကြောင့်ရင်း, အစိုးရခြင်း, ဣန္ဒြေ၏သဘောဖြစ်သင့်သောကြောင့်ရင်း, အညတာဝိန္ဒြေမည်၏။ (အရဟတ္တဖိုလ်ဖြင့်သိသောပညာဖြစ်၏။)

[တတိယံ အညာတာဝိတော စတူသုသစ္စေသု နိဋ္ဌိတဉာဏကိစ္စဿ ခီဏာသဝဿ ဥပ္ပဇ္ဇနတော ဣန္ဒြိယဋ္ဌသမ္ဘဝတောစ အညတာဝိန္ဒြိယံ။]

*(မှတ်ချက်) အနညာတံ= မသိရသေးသည်ကို+ဉဿာမိတိ= သိရပေလိမ့်မည်ဟု (ရည်၍ကျင့်သူမှာဖြစ်သော)+ဣန္ဒြိယ=ဣန္ဒြေ၊ အနညာတညဿာမိတိန္ဒြိယ= အနညာ-တညဿာမိတိန္ဒြေ=မသိရသေးသည်ကို သိရပေလိမ့်မည်ဟုရည်ရွယ်၍ကျင့်သူမှာဖြစ်သော ဣန္ဒြေ။*

*အာ=သိပြီးအပိုင်းအခြားအားဖြင့်+ ဉာ=သိသော+ ဣန္ဒြိယ၊ဣန္ဒြေ- အညိန္ဒြိယ-အညိန္ဒြေ- သိပြီးအပိုင်းအခြားဖြင့်သိသောဣန္ဒြေ။*

*အညတာဝီ- သိပြီးသောသူ၏+ ဣန္ဒြိယ=ဣန္ဒြေ- အညတာဝိန္ဒြိယ- အညာတာဝိန္ဒြေ-သိခြင်းကိစ္စပြီးပြီးသောရဟန္တာတို့၏ဣန္ဒြေ။*

မေး- ဣန္ဒြိယဋ္ဌ= အစိုးရခြင်းအနက်သဘောကား-အဘယ်ပါနည်း။

ဖြေ- ၁။ ဣန္ဒလိင်္ဂဋ္ဌော= ဣန္ဒမည်သော ကုသိုလ်ကံ, အကုသိုလ်ကံကိုပြတတ်သောတရား၏သဘောသည်(ဝါ)ဣန္ဒမည်သောကုသိုလ်ကံ, အကုသိုလ်ကံကို ပြတတ်သည်ဟူသော ဣန္ဒြိယသဒ္ဒါ၏အနက်သည် ဣန္ဒြိယဋ္ဌ-မည်၏

(၂) ဣန္ဒဒေသိတဋ္ဌော= ဣန္ဒမည်သော သဗ္ဗညုဘုရားသည် ဟောအပ်သောတရား၏သဘောသည် (ဝါ) ဟောအပ်သည်ဟူသောအနက်သည် ဣန္ဒြိယဋ္ဌမည်၏။

(၃) ဣန္ဒဒိဋ္ဌဋ္ဌော= ဣန္ဒမည်သော သဗ္ဗညုဘုရားသည် မြင်တော်မူအပ်သောတရား၏သဘောသည် (ဝါ) မြင်တော်မူအပ်သည်ဟူသောအနက်သည် ဣန္ဒြိယဋ္ဌ မည်၏။

(၄) ဣန္ဒသိဋ္ဌဋ္ဌော= ဣန္ဒမည်သောကံသည် စီရင်အပ် ဖြစ်စေအပ်သောတရား၏သဘောသည် (ဝါ) စီရင်အပ် ဖြစ်စေအပ်သည်ဟူသောအနက်သည် ဣန္ဒြိယဋ္ဌ မည်၏။

(၅) ဣန္ဒဇုဋ္ဌဋ္ဌော= ဣန္ဒမည်သော သဗ္ဗညုဘုရားသည် မှီဝဲအပ်သောတရား၏ သဘောသည် (ဝါ) မှီဝဲအပ်သည်ဟူသောအနက်သည် ဣန္ဒြိယဋ္ဌ မည်၏။

*ဣန္ဒြေ ၂၂-ပါးလုံး၌ ဤ ၅-နက် အလျဉ်းသင့်သလို ရထိုက်ယှဉ်ထိုက်ပါ၏။ ဤအနက်၅-ခုတွင် (၁)နှင့် (၄)က ကံကို ဣန္ဒ-ဟုခေါ်၍ (၂), (၃), (၅)တို့က သဗ္ဗညုဘုရားကို ဣန္ဒ(အစိုးရသူ)ဟုဆို၏။*

အနည်းငယ် ထပ်ရှင်းပြပါဦးမည်။

(၁) **ဣန္ဒလိင်္ဂ, ၄။ ဣန္ဒသိဋ္ဌ** ၂-မျိုးတွင် ကံကို ဣန္ဒ (အစိုးရသူ)အဖြစ် ဖော်ပြခြင်းမှာ- ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် သတ္တဝါတို့ကို အဆိုးအကောင်းဖန်တီးရာ၌ အစိုးရသောတရားဖြစ်သည်။ ကံကိုကား- မည်သူကမျှ အစိုးမရနိုင်ပါပေ။ ထိုကံက ဖြစ်စေအပ်သော စက္ခု(မျက်စိ)စသောဣန္ဒြေတို့က ငါတို့ကို ကံကဖြစ်ပေးထားတာဟု "သူတို့၏ အကြောင်းဖြစ်သောကံကို ဖော်ပြတတ်ကြကုန်၏။ ကံကလည်း တကယ်ပဲဖြစ်ပေးကြကုန်၏။ ထို့ကြောင့် **ဣန္ဒလိင်္ဂ**= အစိုးရသောကံကို ပြတတ်သောအနက်ရှိ၏ဟုလည်း, **ဣန္ဒသိဋ္ဌ**= အစိုးရသောကံကဖြစ်စေအပ်သောအနက်ရှိ၏ဟုလည်း ဆိုခြင်းဖြစ်ပါ၏။

*(မှတ်ချက်) ဣန္ဒနှင့်ဣန္ဒြသည် အနက်တူပင်။ ဣန္ဒြ-ပိုင်ရှင်ကံကို+ ဣယ-ပြတတ်သည် (ဝါ) ပြကြောင်း **ဣန္ဒြိယ-ဣန္ဒြေ**= ပိုင်ရှင်ကံကို ပြတတ်သော (ဝါ) ပြကြောင်းဖြစ်သော ကမ္မဇရုပ် ဆိုလိုသည်မှာ- ကောင်းမကောင်းသော ကမ္မဇရုပ်များကို ထောက်ဆ၍ ကုသိုလ်ကံ အကုသိုလ်ကံကိုသိရသည်။ ထိုသို့သိအောင် ကမ္မဇရုပ်များက ပြတတ်သည်။ (တစ်နည်း) ယင်းရုပ်များဖြင့် ပြရသည်ဟုဆိုလို၏။ ဤအလိုအားဖြင့် ပိုင်ရှင်ကံကို ပြတတ်သည်။ (တစ်နည်း) ပြကြောင်း ဖြစ်သည်ဟူ၍သာ အနက်ရ၏။ အစိုးရသည်ဟူသော အနက်ကိုကား- မရပေ။ ဣန္ဒသိဋ္ဌဟူသော အနက်အလိုအားဖြင့်လည်း ပိုင်ရှင်ကံက ဖြစ်စေသည်ဟူသော အနက်ကိုသာရသည်။ အစိုးရသည်ဟူသောအနက်ကိုကား- မရပေ။*

(၂) **ဣန္ဒဒေသိတဋ္ဌော**၊ (၃) **ဣန္ဒဒိဋ္ဌဋ္ဌော**, (၅) **ဣန္ဒဇုဋ္ဌဋ္ဌော** ၃-မျိုးတွင် တရားအလုံးစုံကိုသိတော်မူပြီးသော သဗ္ဗညုဘုရားရှင်ကို ကိုယ်တော်နှင့် စိတ်တော်ကို အလွန်အကဲ အစိုးရသူဖြစ်သောကြောင့် ဣန္ဒ (အစိုးရသူ)အဖြစ် ဖော်ပြပါသည်။

အစိုးရပုံမှာ- (၂) ဣန္ဒြေအားလုံးကို ဓမ္မသာမိ တရားပိုင်ရှင် ဘုရားက ဟုတ်တိုင်းမှန်စွာ ဟောပြတော်မူသောကြောင့်လည်း, ထိုးထွင်း၍သိတော်မူသောကြောင့်လည်း, **ဣန္ဒဒေသိတဋ္ဌ**= အစိုးရသောဘုရားရှင်ကဟောပြအပ်သောအနက်သဘောရှိ၏ဟု ဆိုပါသည်။

(၃) ထိုဣန္ဒြေတို့ကို ဘုရားရှင်က ထိုးထွင်းသိမြင်ပြီးဖြစ်၍ **ဣန္ဒဒိဋ္ဌဋ္ဌ**= ဘုရားရှင်က သိမြင်အပ်ပြီးသော အနက်သဘောရှိ၏ဟုဆိုခြင်းဖြစ်ပါသည်။

၅။ ဘုရားရှင်သည်ပင် ဣန္ဒြေအချို့ကို **အာရုံပြု၍**, ဣန္ဒြေအချို့ကို **ပွားစေ၍ မှီဝဲခြင်း**ကြောင့် **ဣန္ဒဇုဋ္ဌဋ္ဌ**= အစိုးရသောဘုရားရှင်က မှီဝဲအပ်သောအနက်သဘောရှိ၏ဟု ဆိုခြင်းဖြစ်ပါသည်။

*(မှတ်ချက်) ဣန္ဒြ= ရဟန်းတို့၏အရှင်ဘုရား+ ဣယ=ဟောအပ်သိအပ် မှီဝဲအပ်သည်= **ဣန္ဒြိယ-ဣန္ဒြေ**= မြတ်စွာဘုရားကဟောအပ်သိအပ်မှီဝဲအပ်သောတရား။*

*ဣန္ဒ-ဣန္ဒြအရ ကံကိုယူရာ၌ ဣန္ဒြိယဖြင့် ကမ္မဖလ (ကမ္မဇရုပ်) ဖြစ်သော ပသာဒရုပ်-၅ +ဘာဝ-၂+ ဇီဝိတိန္ဒြေ ၈-ပါးသော ဣန္ဒြေတို့ကိုသာယူ၍ ဣန္ဒ- ဣန္ဒြအရ ဘုရားကိုယူရာ၌ ဣန္ဒြေ-၂၂-ပါးလုံးကိုယူပါ။ ဤသို့ယှဉ်သင့်သလိုယှဉ်စေရန်ညွှန်ပြသည်။*

## အသင့်ယုတ္တိအပြည့်အဝရှိသည့် ဣန္ဒြိယ(ဣန္ဒြေ)အဓိပ္ပါယ် နောက်တစ်နည်း

အကြီးအမှူး၏အဖြစ် (ဣန္ဒြိယပစ္စည်း၏အဖြစ်)ဖြင့် အစိုးရခြင်းအနက်သဘောကြောင့် စက္ခုစသောဣန္ဒြေ ၂၂-ပါးတို့သည် ဣန္ဒြိယ (ဣန္ဒြေ)မည်၏။

[ အဓိပတိ အာဓိပစ္စသင်္ခါတေန ဣဿရိယဋ္ဌေနာပိ ဧတာနိ ဣန္ဒြိယာနိ]

*(မှတ်ချက်) အဓိပတိနော ဘာဝေါ အာဓိပစ္စံ ဣန္ဒြိယပစ္စယသတ္တိရ၏။ အဓိပတိပစ္စယ သတ္တိမဟုတ်၊ သို့သော် ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ ဣန္ဒြိယပစ္စယသတ္တိမရှိသည်မဟုတ်လော ဟူမူ? ယင်းသို့ပင် မရှိသော်လည်း ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ မိမိ မိမိပစ္စည်း ပြုသည်၏ အစွမ်းဖြင့် ဖြစ်စေအပ်ကုန်သော ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေနှင့်တကွဖြစ်သောသန္တာန်၌ တစ်ပါးသောအခြင်း အရာအားဖြင့် မဖြစ်ကုန်သော လိင်္ဂစသည်တို့သည် မိမိသို့ အစဉ်လိုက်အပ်သည်၏အဖြစ်သည် အာဓိပစ္စမည်ပါ၏။*

**ကြီးမှူးအစိုးရပုံ**- မြင်သိမှု စက္ခုဝိညာဏ်ဖြစ်ရာ၌- စက္ခု+ ရူပတို့ ကြီးမှူး, အုပ်စိုး ပြဋ္ဌာန်းသည်မှာ- အလွန်ထင်ရှားပါသည်။ (စက္ခု+ ရူပတို့မရှိလျှင် မြင်သိမှု စက္ခုဝိညာဏ်တို့ ဖြစ်မလာနိုင်ပါပေ။) အဘယ့်ကြောင့်ဆိုသော်- စက္ခု+ ရူပစသည်တို့ ထက်မြက်အားကောင်း လျှင် အားကောင်းသလောက် မြင်သိမှုစသည်တို့လည်း အားကောင်း၍ ၎င်းတို့ နုံ့ညံ့လျှင် ညံ့သလောက် မြင်သိမှုစသည်တို့လည်း အားနည်းပါသည်။ ထို့ကြောင့် ကြီးမှူးအုပ်စိုးထား သည်မှာ- အလွန်ထင်ရှားပါသည်။ (အစိုးရသူ အရေးကြီး)

[စက္ခုဝိညာဏာဒိပ္ပဝတ္တိယဉှိ စက္ခာဒီနံ သိဒ္ဓံ အာဓိပစ္စံ၊ တသ္မိံ တိက္ခေ တိက္ခတ္တာ မန္ဒေစ မန္ဒတ္တာတိ]

***(မှတ်ချက်) အပိစ-နောက်တစ်နည်း-*** *ဣန္ဒြေအဓိပ္ပါယ်- ဤနည်းအရ အနက်သည်ကား- သံသယဖြစ်ဖွယ်မရှိ၊ ခိုင်လုံ၏၊ နောက်၌ပြမည့်ကိစ္စ ဝေဖန်ချက်နှင့်လည်း ကိုက်ညီ၏။ ဣန္ဒြိယ ပစ္စည်းဒေသနာနှင့်လည်းလျော်၏၊ ထို့ကြောင့် (အသင့်ယုတ္တိအပြည့်အဝရှိသည်)ဟူသော ဝိသေသနကိုပါ ဖြည့်စွက်၍ ပြန်လိုက်သည်။ ဤအနက်အဖွင့်အရအားဖြင့် ဣန္ဒ, ဣန္ဒြ, ဣန္ဒြိယ တူသောသဒ္ဒါသုံးခုလုံးကိုပင် အနက်အရတူသည်ဟုမှတ်ယူရာ၏။*

**(ခ) လက္ခဏာဒီဟိ= လက္ခဏာစသည်ကား- ခန္ဓနိဒ္ဒေသအတိုင်းပင်-**

၅၂၆။ (ဂ) **ကမတော=အစဉ်အားဖြင့်ဟောရာ၌ -ဒေသနာက္ကမ-ဟောစဉ်သာဖြစ်၏။**

| အကြောင်းပြချက် | ဣန္ဒြေအစဉ် |
|---|---|
| ပသာဒရုပ်နှင့် မန အဇ္ဈတ္တတရားတို့ကို ပိုင်းခြားသိလျှင် အရိယာဘုံ-အရိယာအဖြစ်ကို ရနိုင်သောကြောင့် အတ္တဘော၌ အကျုံးဝင်သော | ပသာဒဣန္ဒြေ ၅-ပါးနှင့် မနိန္ဒြေတို့ကိုရှေးဦးစွာဟောပါသည်။ |
| ထိုအတ္တဘောသည် ဘာဝရုပ်တရားကို စွဲ၍ ဖို, မ ခွဲခေါ်ရ၏။ ထို ဖို, မ အခွဲကိုပြခြင်းငှာ- | ဘာဝရုပ် ၂-ပါးကို ဒုတိယ-ဟော။ |
| ထိုဘာဝဣန္ဒြေ ၂-ပါးသည် အသက်ရုပ် ဇီဝိတိန္ဒြေနှင့် စပ်၍ဖြစ်ရသည်ကို ပြခြင်းငှာ- | ဇီဝိတိန္ဒြေကို တတိယဟော။ |
| ဇီဝိတိန္ဒြေ မပျက်ဖြစ်နေသမျှ ခံစားမှုဝေဒနာအမျိုးမျိုးတို့ ဆုတ်နစ်ရပ်စဲခြင်းမရှိနိုင်၊ ထိုခံစားမှုအားလုံးသည်လည်း ဆင်းရဲအစုချည်းသာဖြစ်သည်ဟု ပြခြင်းငှာ- | သုခိန္ဒြေစသော ၅-ပါးကို စတုတ္ထဟော။ |
| ဝေဒနာအပေါင်း ချုပ်ခြင်းငှာ- သဒ္ဓါစသော ၅-ပါးကို ရှေးဦးစွာကျင့်ပွားဖို့ ပြခြင်းငှာ- | သဒ္ဓါစသော ၅-ပါး ပဉ္စမဟော |
| သဒ္ဓါစသည်ကို ကျင့်ပွားခြင်းဖြင့် မိမိသန္တာန်၌ ရှေးဦးစွာ သောတာပတ္တိမဂ်ပညာ ထင်ရှားဖြစ်လာ၏။ ကျင့်ပွားခြင်းသည် အချီးအနီးမဖြစ်ပါဟု သက်သေပြခြင်းအကျိုးငှာ- | အနညာတ ညဿာမိ တိန္ဒြေ-(သောမဂ်ပညာ ဣန္ဒြေကို) ဆဋ္ဌမဟော |
| အနညာ --တိန္ဒြေ၏ အကျိုးဖြစ်သောကြောင့် ၎င်း၏အခြားမဲ့၌ ဆက်လက်ကျင့်ပွားအပ်သော ဣန္ဒြေကိုပြခြင်းငှာ- | အညိန္ဒြေကို သတ္တမဟော၊ (ထက်- မဂ်-၃- အောက်ဖိုလ်-၃-၌ ရှိပညာ) |
| အညိန္ဒြေမှ အဆုံးစွန်ဆက်ပွားခြင်းဖြင့် အရဟတ္တဖိုလ် တရားထူးရပြီးလျှင် အထက်၌ ပြုဖွယ်ကိစ္စ နညာနည်းမျှ မရှိတော့ပါဟု အလွန်သက်သာရာကို ရစေခြင်းငှာ- | အဆုံး၌ အညာတာ ဝိန္ဒြေ ဟောပါသည်၊ (အရဟတ္တဖိုလ်၌ ရှိသောပညာ) |

*(မှတ်ချက်) ဋီကာကျော်၌ကား- မနိန္ဒြေကို အဇ္ဈတ္တိကာယတနမျိုးဖြစ်၍ ကာယိန္ဒြေ၏ အခြားမဲ့၌ ဟောသင့်သော်လည်း နာမ်ဣန္ဒြေတို့ကို တစ်ပေါင်းတည်းပြခြင်းငှာ- ဇီဝိတိန္ဒြေ၏ အခြားမဲ့၌ ဟောပါသည်။*

(ဃ) **ဘေဒါဘေဒ**- ကွဲပြား, မကွဲပြားအားဖြင့် ဝေဖန်ရာ၌-

ဇီဝိတိန္ဒြေတစ်ခုသာ- ရူပဇီဝိတိန္ဒြေ+ အရူပဇီဝိတိန္ဒြေဟု (ရုပ်+နာမ်) ဇီဝိတိန္ဒြေ ၂-မျိုးကွဲပြား၏။ ကြွင်း ၂၁-ပါးမှာ- အကွဲအပြားမရှိ တစ်ပါးစီသာဖြစ်၏။

## ၅၂၇။ (င) ကိစ္စတော=ကိစ္စအားဖြင့် ဝေဖန်ရာ၌-

| ဆောင်ရွက်သောကိစ္စ | ဣန္ဒြေ |
| --- | --- |
| စက္ခာယတနသည်-စက္ခုဝိညာဏဓာတ်အားရင်း, ယှဉ်ဖက်စေတသိက်တို့အားရင်း, ဣန္ဒြိယပစ္စည်းဖြင့်ကျေးဇူးပြုရာ၌-မိမိ၏ ထက်ခြင်း, နုံခြင်းစသည်ဖြင့် စက္ခုဝိညာဏ်စသည်တို့ကိုလည်း ထက်အောင် နုံအောင် မိမိ၏အခြင်းအရာသို့ အစဉ်လိုက်စေခြင်းသည် (စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ဣန္ဒြိယပစ္စယေ) | အစဆုံး- စက္ခုန္ဒြေ၏ကိစ္စ (သော, ဃာ, ဇိ, ကာ နည်းတူသိ) |
| အတူဖြစ်ဖက် တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်းသည် | မနိန္ဒြေ၏ကိစ္စ |
| ။ ရုပ်နာမ်တရားတို့ကို စောင့်ရှောက်ခြင်းသည် | ဇီဝိတိန္ဒြေ၏ကိစ္စ |
| ဖို, မတို့၏ လိင်သဏ္ဌာန်, နိမိတ္တ (သိကြောင်းနိမိတ်) ကုတ္တ (အပြုအမူ) အာကပ္ပ (အသွင်အပြင်) အခြင်းအရာတို့ကို ဖြစ်စေခြင်းသည် | ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ ကိစ္စ |
| အတူဖြစ်ဖက်တရားတို့ကို လွှမ်းမိုး၍ မိမိတို့နှင့်ဆိုင်သော ရုန့်ရင်းသော အခြင်းအရာသို့ ရောက်စေခြင်းသည် | သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဣန္ဒြေတို့၏ကိစ္စ |
| ငြိမ်သက်ကောင်းမြတ်သော အလယ်အလတ်သဘော အခြင်းအရာသို့ ရောက်စေခြင်းသည် | ဥပေက္ခိန္ဒြေ၏ကိစ္စ |
| သဒ္ဓိန္ဒြေစသည်တို့၏ = ဆန့်ကျင်ဘက်အသဒ္ဓိယစသည်တို့ကို နှိမ်နင်းခြင်းသည်၎င်း, သမ္ပယုတ်တရားတို့ကို ကြည်စေသောအခြင်းအရာ, ချီးပင့်သော, အာရုံသို့ကပ်၍တည်သော, အာရုံ၌ကောင်းစွာထားသော, (သဘော)ကို သဘာဝ ရှုသောအခြင်းအရာသို့ ရောက်စေခြင်းသည်၎င်း- | သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့၏ကိစ္စ |
| သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-သံယောဇဉ်-၃-ပါးကို ပယ်ခြင်းသည်၎င်း, သမ္ပယုတ်တရားတို့ကိုလည်း ထိုသံယောဇဉ် ၃-ပါးကို ပယ်ခြင်းသို့သာ ရှေ့ရှုသည်၏အဖြစ်ကို ပြုစေခြင်းသည်၎င်း | အနညာတညဿာမီတိန္ဒြေ၏ကိစ္စ |
| ကာမရာဂ, ဗျာပါဒ စသည်တို့ကို ခေါင်းပါးအောင်ပြု၍ပယ်ခြင်းသည်၎င်း၊ သမ္ပယုတ်တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်းသည်၎င်း- | အညိန္ဒြေ၏ကိစ္စ |
| ကိစ္စအားလုံးတို့၌ ကြောင့်ကြစိုက်မှုကို ပယ်ခြင်းသည်၎င်း, သမ္ပယုတ်တရားတို့၏ အမြိုက်နိဗ္ဗာန်သို့ ရှေးရှုဖြစ်ခြင်း၏ အကြောင်း၏အဖြစ်သည်၎င်း- | အညာတာဝိန္ဒြေ၏ကိစ္စ |

*(မှတ်ချက်) ဘာဝရုပ်သည် ဣန္ဒြိယပစ္စည်းမတတ်သောကြောင့် ဤ၌ ဣန္ဒြိယပစ္စယ ဘာဝေန, သာမေတဗ္ဗံ နှစ်ပုဒ်မလိုက်သင့်။ (ဆ-သံ-သော)*

*ဣန္ဒြေစသည်တို့၏ လိင်္ဂစသည်တို့အား ဇနက, ဥပတ္ထမ္ဘနအဖြစ်မရှိသည်မဟုတ်လော အဘယ်သည် အနုဝိဓာနနည်း? အနုပ္ပါဒနေ= မဖြစ်စေခြင်းသည်ငင်း၊ အနုပတ္ထမ္ဘနေစ= မထောက်ပံ့ခြင်းသည်ငင်း၊ သတိပိ= သော်လည်း၊ တပ္ပစ္စယာနံ= ထိုက္ကုတ္တိနိမိတ္တ ပုရိသနိမိတ္တ စသည်တို့၏ အကြောင်းဖြစ်ကုန်သောကံစသည်တို့၏၊ တပ္ပဝတ္တနေ= ထိုက္ကုတ္တိနိမိတ္တစသော အခြင်းအရာရှိသောရုပ်ကို ဖြစ်စေခြင်း၌၊ နိမိတ္တိဘာဝေါ= အကြောင်း၏အဖြစ်သည်၊ အနုဝိဓါနံ= စီရင်ခြင်းမည်၏။ ဋီကာနက်။ (ပြည်)*

*(မှတ်ချက်) သကဒါဂါမိမဂ်သည်- အညိန္ဒြေ၏ ကာမရာဂကို ဗျာပါဒတို့ကို ခေါင်းပါး စေခြင်း၊ အနာဂါမိမဂ်သည်- အညိန္ဒြေ၏ ၎င်းတို့ကို အကြွင်းမဲ့ပယ်ခြင်း၊ အရဟတ္တမဂ်သည်- အညိန္ဒြေ၏ 'စသည်'အရကျန်သံယောဇဉ်တို့ကို ပယ်ခြင်းဟုသုံးပိုင်းခွဲ၍ယူရာ၏။*

### ၅၂၈။ (စ) ဘူမိတော=ဣန္ဒြေ၂၂-ပါးကိုဘုံအားဖြင့်ခွဲပုံ

| | |
|---|---|
| စက္ခု၊ သော, ဃာ, ဇိ, ကာ,၊ ဣတ္ထိ, ပုရိသ၊ သုခ, ဒုက္ခ, ဒေါမနဿ (၁၀) | ကာမာဝစရဘုံ |
| သောမနဿိန္ဒြေသည် (၁) | ကာမ, ရူပ, လောကုတ္တရာ ၃-ဘုံ |
| မနိန္ဒြေ, ဇီဝိတိန္ဒြေ, ဥပေက္ခိန္ဒြေ+ သဒ္ဓါ, ဝီရိ, သတိ, သမာဓိ, ပညာ (၈) | ကာ, ရူ, အရူ, ကုတ်=၄-ဘုံ |
| အနညာ---, အညိန္ဒြေ, အညာတာဝိန္ဒြေ (၃) | လောကုတ္တရာဘုံ (၁) |

**ဣန္ဒြေတို့ကိုအကျယ်သိရသောရဟန်း၏အကျိုးကား- ထိတ်လန့်မှု သံဝေဂ** အဖြစ်များသည်ဖြစ်၍ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ဣန္ဒြိယသံဝရသီလ၌တည်လျက် ဣန္ဒြေ တို့ကို ပိုင်းခြားသိပြီးလျှင် ဆင်းရဲ၏အဆုံး အရဟတ္တဖိုလ်ကို (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ပါလိမ့်မည်။

**ဣန္ဒြေတို့ကိုအကျယ်ပြဆိုချက်ပြီး၏။**

## သစ္စာတို့ကိုအကျယ်ပြဆိုချက်

၅၂၉။ သစ္စာတို့မှာ- ဒုက္ခအရိယသစ္စာ, ဒုက္ခသမုဒယအရိယသစ္စာ, ဒုက္ခနိရောဓအရိယသစ္စာ, ဒုက္ခနိရောဓသို့ ဆိုက်ရောက်သည့် အကျင့်ပဋိပဒါဟူသော မဂ္ဂအရိယသစ္စာဟူ၍ ၄-ပါးရှိ၏။ ထိုသစ္စာတို့၌-

(က) ဝိဘာဂတော= ဝေဖန်သောအားဖြင့်၎င်း၊
(ခ) နိဗ္ဗစန လက္ခဏာဒိပဘေဒတော= သဒ္ဒါအနက်လက္ခဏာအစရှိသောအပြားအားဖြင့်၎င်း၊
(ဂ) အတ္ထ-တ္ထုဒ္ဒါရတော= အတ္ထနှင့်အနက်တို့ကိုထုတ်ပြသောအားဖြင့်၎င်း၊
(ဃ) အနူနာဓိကတော= မယုတ်မလွန်သောအားဖြင့်၎င်း၊
(င) ကမတော= အစဉ်အားဖြင့်၎င်း၊
(စ) ဇာတိအာဒိနံ နိစ္ဆယာ= ဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်၎င်း၊
(ဆ) ဉာဏကိစ္စတော= ဉာဏ်၏ကိစ္စအားဖြင့်၎င်း၊
(ဇ) အန္တောဂဓာနံပဘေဒါ= အတွင်းဝင်သောတရားတို့၏အပြားအားဖြင့်၎င်း၊
(ဈ) ဉပမာတော= ဉပမာအားဖြင့်၎င်း၊
(ည) စတုက္ကတော= လေးချက်စု စတုက္ကအားဖြင့်၎င်း၊
(ဋ) သုညတော= သုညအားဖြင့်၎င်း၊
(ဌ) ဧကဝိဓါဒီဟိ= ဧကဝိဓစသောအပြားတို့ဖြင့်၎င်း၊
(ဍ) သဘာဂ ဝိသဘာဂတော= တူသောအဖို့ရှိခြင်း၊ ကွဲပြားသောအဖို့ရှိခြင်းအားဖြင့်၎င်း၊ အဆုံးအဖြတ်တို့ကို သစ္စာဒေသနာ၌ကျွမ်းကျင်သောပညာရှိသည် သိထားသင့်ပါ၏။

(က) ဝိဘာဂတော= ဝေဖန်သောအားဖြင့်သိရာ၌-
ဒုက္ခစသည်တို့၏ လေးပါးလေးပါးစီအနေဖြင့် ဘုရားရှင်ဝေဖန်ထားသည့် အနက်သဘောတို့သည် (ထိုဝေဖန်သည့်အတိုင်းပင်) မှန်ကန်၏။ အချွတ်အယွင်းမရှိ၊ အဘာခေ= မနာမကျင် မနှိပ်စက်သောအခြားအခြင်းအရာမရှိ၊ ဧကန်ပင် နာကျင်နှိပ်စက်တတ်၏။

*(မှတ်ချက်) အနညထာဟူသည်ကား- အခြားအခြင်းအရာမှ ကင်းကုန်၏၊ မနှိပ်စက်တတ်ခြင်းအစရှိသောအခြင်းအရာမှဆိတ်ကုန်၏။ (ဋီကာ)*

ယင်းလေးပါးစီသော ဒုက္ခစသည့်အနက်သဘောတို့ကို ထူးသောဉာဏ်ဖြင့် သင့်လျော်စွာသိသော အရိယာတို့သည် ထူးခြားစွာပင် သိကြပါကုန်၏။ ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ဤအဆိုနှင့်အညီ ဝေဖန်ဟောကြားတော်မူသည်မှာ-

သစ္စာ(၄)ပါးကိုသစ္စာအနက်(၁၆)ချက်ဖြင့်လှည့်၍ဝေဖန်ပုံသိပုံလက်ာ

| | ပထမပုဒ် | ဒုတိယပုဒ် | တတိယပုဒ် | စတုတ္ထပုဒ် | သစ္စာအမည် |
|---|---|---|---|---|---|
| က | နှိပ်စက် (ပီဠနဋ္ဌ) | ပြုပြင်(သ) (သင်္ခတဋ္ဌ) | ပူပင် (မ) (သန္တာပဋ္ဌ) | ဖောက်လဲ (နိ) (ဝိပရိဏာမဋ္ဌ) | ဒုက္ခမြဲ (ဒုက္ခသစ္စာ) |
| ခ | ဆည်းပူး အာယူဟနဋ္ဌ | နှင်းဆောင် နိဒါနဋ္ဌ (ဒု) | ဖွဲ့နှောင်(နိ) သံယောဂဋ္ဌ | နှောင့်ယှက်(မာ) ပလိဗောဓဋ္ဌ | အချက်လေးပါး၊ ဒုက္ခပွား (သမုဒယသစ္စာ) |
| ဂ | ကျွတ်လွတ် နိဿရဏဋ္ဌ | ဆိတ်ကွေ ဝိဝေကဋ္ဌ (သ) | မပြုပေ (မ) အသင်္ခတဋ္ဌ | မသေ (ဒု) အမတဋ္ဌ | သုခ - မှန် (နိရောဓသစ္စာ) |
| ဃ | ထွက်မြောက် နိယျာနဋ္ဌ | တည်နိုင် ဟေတုဋ္ဌ (သ) | မြင်နိုင် (နိ) ဒဿနဋ္ဌ | ကြီးကဲ (ဒု) အဓိပတေယျဋ္ဌ | သုလမ်းပဲ မဂ္ဂသစ္စာ |

(က) ၁။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲအဖြစ်ဖြင့်ရင်း၊ ထိုဆင်းရဲနှစ်မျိုး၏ အကြောင်းအဖြစ်ဖြင့်ရင်း၊ တည်ခြင်း၊ နှိပ်စက်ခြင်းသည် ပီဠနဋ္ဌ(အဖြစ်အပျက်တို့ဖြင့် နှိပ်စက်ခြင်းကိုလည်း ပီဠနဋ္ဌပင်)

၂။ ပေါင်းစုပြုပြင်အပ်သောသဘော သင်္ခတဋ္ဌ-

၃။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအဖြစ်တို့ဖြင့်ရင်း၊ ထိုဆင်းရဲ၏အကြောင်းအဖြစ်ဖြင့်ရင်း၊ ပူလောင်စေခြင်းသည် သန္တာပဋ္ဌ၊ (ကိလေသာအပူတို့နှင့်ယှဉ်စေခြင်းသည်လည်း သန္တာပဋ္ဌပင်) (ဋီကာ)

၄။ ဒုက္ခ၏ဖောက်ပြန်ပျက်စီးခြင်းသည် ဝိပရိဏာမဋ္ဌဟုဆိုလို၏။

(ခ) ၁။ ဆင်းရဲအစုကို ဆည်းပူးပြုလုပ်ခြင်း၊ ဒုက္ခကိုဖြစ်စေခြင်းသည် အာယူဟနဋ္ဌ မည်၏။ (ဆင်းရဲကိုနှစ်သက်ခြင်းကိုပင် ပေါင်းစုဆည်းပူးယူသကဲ့သို့ ဖြစ်သောကြောင့် ဖြစ်သည်။ ဆင်းရဲဖြစ်အောင်နှစ်သက်ခြင်း- အားထုတ်ဆည်းပူးခြင်းပင် ဖြစ်သည်။)

၂။ ဆင်းရဲခြင်း၏အကြောင်းအဖြစ် အပ်နှင်းပေးခြင်း၊ ဆောင်ယူပေးခြင်းသည် နိဒါနဋ္ဌ။

၃။ (ဆင်းရဲနှင့်ယှဉ်ထား၊ ကပ်ထား၊ ပူးတွဲပေးထားခြင်းသည် သံယောဂဋ္ဌ။)

၄။ မဂ်ရခြင်းကို တားမြစ်ခြင်းသည် (ဝါ) မဂ်မရအောင် တားမြစ်နှောင့်ယှက်ထားခြင်းသည် ပလိဗောဓဋ္ဌ။

(ဂ) ၁။ ကျွတ်လွတ်ထွက်မြောက်ခြင်းသဘောသည် နိဿရဏဋ္ဌ။

၂။ သင်္ခါရတို့မှ ကင်းဆိတ်ခြင်းသဘောသည် ဝိဝေကဋ္ဌ။

၃။ မပြုပြင်အပ်သောသဘောသည် အသင်္ခတဋ္ဌ။

၄။ မသေမပျက်ခြင်းသဘောသည် အမတဋ္ဌ။

(ဃ) ၁။ သံသရာဆင်းရဲမှ ထွက်မြောက်ခြင်းသဘောသည် နိယျာနဋ္ဌ။
၂။ နိဗ္ဗာန်ရောက်ကြောင်းအဖြစ် တည်ရှိနေသောသဘောသည် ဟေတွဋ္ဌ။
၃။ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင်မြင်နိုင်သောသဘောသည် ဒဿနဋ္ဌ။
၄။ သစ္စာကိုမြင်စေခြင်း ကိလေသာပူပန်မှု ဒုက္ခကို ငြိမ်းစေခြင်းတို့၌ သမ္ပယုတ်တရားတို့ကို မိမိက အစိုးတရဖြစ်စေ ပြုစေတတ်သောသဘောသည် အာဓိပတေယျဋ္ဌ။

ဘုရားရှင် ဟောထားသည်မှာ - ရဟန်းတို့ ဒုက္ခကို မြင်သူသည်၊ ဒုက္ခ၏ ဖြစ်ကြောင်း သမုဒယကိုလည်း မြင်၏။ ဒုက္ခ၏ချုပ်ရာ နိရောဓကိုငှင်း, ဒုက္ခချုပ်ရာ နိရောဓသို့ရောက်ကြောင်း အကျင့်ပဋိပဒါကိုငှင်း မြင်၏ဟု အလုံးစုံကို သိရမည်။ (သံယုတ် - ၃၊ ၃၈၂)

တစ်ဖန်- မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ဉာဏ်သည် ဒုက္ခ၌လည်းဖြစ်၏။ ဒုက္ခဖြစ်ကြောင်း သမုဒယ၌လည်း ဖြစ်၏။ ဒုက္ခချုပ်ရာ နိရောဓ၌လည်း ဖြစ်၏။ နိရောဓသို့ဆိုက်ရောက်ကြောင်း အကျင့်ပဋိပဒါ၌လည်း ဖြစ်၏။ (ဝိဘင်း၊ ၃၄၁)

(၁၆) ပါးသောအခြင်းအရာတို့ဖြင့် မဖောက်မပြန် မှန်ကန်သောသဘောအားဖြင့် ဤသစ္စာလေးပါးတို့ကို တစ်ခုတည်း တစ်သဘောတည်း အနေဖြင့်သာ ပေါင်းယူရမည်။

ဤပိဋ္ဌေန, သင်္ခတစသော (၁၆) ပါးသော သဘောကိုလည်း တစ်ခုတည်းသော မဖောက်မပြန် မှန်ကန်သည်၏အဖြစ်ဟူသောသဘောအားဖြင့် ပေါင်းယူရမည်။

ထို တစ်သဘောတည်းပေါင်း၍ ယူရသော (၁၆) ပါးသောသဘောသည် သစ္စာလေးပါးတို့၏ တူသည်၏အဖြစ်ဟူသော ဧကတ္တ သဘောမည်၏။

ထိုတူသည်၏အဖြစ်တည်းဟူသော တစ်သဘောတည်းရှိသော (၁၆) ပါးသော သဘောကို - တစ်ခုတည်းသော မဂ်ဉာဏ်ဖြင့်ပင် ထိုးထွင်း၍သိနိုင်၏။ ထို့ကြောင့် သစ္စာလေးပါးတို့သည်လည်း တစ်ပေါင်းတည်း ထိုးထွင်း၍ သိအပ်သောအခြင်းအရာရှိကုန်၏။

မေး- ဒုက္ခသစ္စာ စသည်တို့၏ နှိပ်စက်ခြင်းစသည် အနက်လေးပါးမှ တစ်ပါးသောရောဂါ, အိုင်းအမာအစရှိသော ဒုက္ခအနက်သဘောတို့သည်လည်း ရှိကုန်သေးသည် မဟုတ်ပါလော၊ သို့ဖြစ်ပါလျက် အဘယ်ကြောင့် လေးပါးသော အနက်သဘောတို့ကိုသာလျှင် ဟောအပ်ပါသနည်း။

ဖြေ- ဤလေးပါးဖြင့်ပင် မိမိသဘောလက္ခဏာ၏ အစွမ်းအားဖြင့်ငှင်း၊ အခြားတစ်ပါးသော သစ္စာကိုမြင်သည်၏ အစွမ်းအားဖြင့်ငှင်း ထင်ရှားခြင်းကြောင့် (လေးပါးသော အနက်သဘောတို့ကိုသာလျှင် ဟောအပ်ကုန်၏)။

သစ္စာတစ်ခုမြင်လျှင် ကျန်သစ္စာတွေလည်း မြင်နိုင်၊ ကျန်သစ္စာတွေလည်း ကိစ္စပြီးတော့၏။

ပဌမံ သကလက္ခဏမေက ပဒံ၊ ဒုတိယာဒိပဒဿ နိဒဿနတော။
သ, မ, နိ - ဒု, နိ, မာ၊ သ, မ, ဒု - သ, နိ, ဒု။
ကမတော ဝိဘဇေ ပဌမေန ဝိနာ။

(မနောရထပူရဏီကျမ်း နှာ-၃၁၇မှ လိုရာပြီးဂါထာ) သင်္ခေပဝဏ္ဏနာဋီကာ

ပဌမံ = ရှေးဦးစွာသော၊ ဧကပဒံ = တစ်ခုသောအနက်သည်၊ သကလက္ခဏံ = မိမိ၏ သဘောလက္ခဏာ အနက်သည်၊ ဟောတိ = ဖြစ်၏။ ဒုတိယာဒိပဒဿ = ဒုတိယ အစရှိသော အနက်အဖို့ကို၊ သ, မ, နိ = သမုဒယ, မဂ္ဂ, နိရောဓသစ္စာကိုငင်း၊ ဒု, နိ, မာ = ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာကိုငင်း၊ သ, မ, ဒု = သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာကိုငင်း၊ သ, နိ, ဒု = သမုဒယ,နိရောဓ, ဒုက္ခသစ္စာကိုငင်း၊ နိဒဿနတော = ထောက်ထား၍ မြင်အပ်သောကြောင့်။ ပဌမေန = ပထမ အနက်နှင့်၊ ဝိနာ = ကင်း၍၊ ကမတော = အစဉ်အတိုင်း၊ ဝိဘဇေ = ဝေဖန်ရာ၏။

၁။ သစ္စာအနက် (၁၆)ချက်နှင့် သစ္စာ(၄)ပါးလှည့်၍ဝေဖန်ပုံ

(သစ္စာတစ်ပါး၌ လေးနက်ရှိရာတွင် ပထမဆုံးအနက်သည် မိမိသစ္စာ၏ လက္ခဏာ ဖြစ်ပြီး ကြွင်းသုံးနက်သည် ကျန်သစ္စာသုံးပါးနှင့် အစဉ်အတိုင်းတွဲပါ။)

ဥပမာ - (က) ဒုက္ခသစ္စာ၌ ပီဠနသည် မိမိဒုက္ခသစ္စာ၏မူရင်း (သူ့သဘောရင်း)ဖြင့် ထင်ရှားသောလက္ခဏာဖြစ်ပြီး သင်္ခတသည် သမုဒယ၌ ကိစ္စသဘောတူအားဖြင့်ငင်း၊ သန္တာပသည် မဂ္ဂ, ဝိပရိဏာမသည် နိရောဓသစ္စာတို့၌ ဆန့်ကျင်ဘက်သဘောအား ဖြင့်ငင်း ထင်ရှားသောသဘောများ ဖြစ်ကြသည်ဟုဆို၏။ (သ, မ, နိ) (မဟာဋီ - ဒု ၁၉၀၊ ဝိသုဒ္ဓိမဂ်၊ ဒု -၈၄၃)

(သ) သမုဒယ=သင်္ခတဋ္ဌ (သဘောတူအားဖြင့်)

သမုဒယသစ္စာကို မြင်သဖြင့် မိမိသဘောအားဖြင့် နှိပ်စက်ခြင်းလက္ခဏာရှိသော ဒုက္ခသစ္စာ၏လည်း ပေါင်းစုပြုအပ်သော သင်္ခတ အနက်သဘောသည် ထင်ရှားပေါ်လွင် ၏။ ထင်ရှားပုံ - ဒုက္ခသစ္စာကို အားထုတ်ခြင်းလက္ခဏာရှိသော သမုဒယသစ္စာက အားထုတ်အပ်, ပြုအပ်၏၊ ပေါင်းစုပေးအပ်၏။ ထို့ကြောင့် ထိုဒုက္ခသစ္စာ၏ ထိုပေါင်းစု၍ ပြုအပ်သော သဘောသည် (မိမိ၏ ကိစ္စသဘောတူအားဖြင့်) ထင်ရှား၏။

(မ) မဂ္ဂ≠သန္တာပဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

မဂ်သည် ကိလေသာအပူကို ပယ်ဖျောက်၍ အလွန်အေးမြ၏။ ထို့ကြောင့် မဂ္ဂသစ္စာ၏ ကိလေသာအပူအပင်မရှိဘဲ အေးမြမှုကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ပူလောင်စေခြင်း သန္တာပဋ္ဌသဘောသည် (ဆန့်ကျင်ဘက်အားဖြင့် ပို၍)ထင်ရှား၏။

[ဝတ္ထုသာဓက - အရှင်နန္ဒအား နတ်သမီးကိုမြင်သဖြင့် သုန္ဒရီနန္ဒာ (ဇနပဒကလျာ ဏီ?)၏ အဆင်းမလှသည်၏အဖြစ် ထင်ရှားပေါ်လွင်လေ၏။]

(နိ) နိရောဓ≠ဝိပရိဏာမဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

မဖောက်ပြန်ခြင်း၊ မပျက်စီးခြင်း နိရောဓသစ္စာသဘောကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်းသဘောသည် (ဆန့်ကျင်ဘက်သဘောအားဖြင့် ပို၍ ထင်ရှား၏။)

(ခ) အာယူဟနဋ္ဌသည် သမုဒယကို မြင်ခိုက်၌ ကျန်သုံးပါးသည် ဒုက္ခ, နိရောဓ, မဂ္ဂတို့ကို မြင်ခြင်းဖြင့် ထင်ရှားသောသဘောများ ဖြစ်ကြသည်။ (ဋ္ဌင်းဋီကာပင်) (ဒု, နိ, မ)

(ဒု) ဒုက္ခ=နိဒါနဋ္ဌ (သဘောတူအားဖြင့်)

မိမိသဘောအားဖြင့် အားထုတ်ခြင်းလက္ခဏာရှိသော သမုဒယသစ္စာ၏လည်း ဒုက္ခသစ္စာကို မြင်သဖြင့် ဆင်းရဲ၏အကြောင်း (နိဒါန) သဘောသည် (ကိစ္စသဘောတူအားဖြင့်) ထင်ရှား၏။ ဥပမာ - မသင့်လျော်သောအစာကြောင့်ဖြစ်ပေါ်လာသောအနာရောဂါမြင်သဖြင့် အစာသည် အနာရောဂါ၏အကြောင်းအဖြစ် ထင်ရှားသကဲ့သို့တည်း။

(နိ) နိရောဓ≠သံယောဂဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

ဆင်းရဲနှင့် ယှဉ်ခြင်းကင်းသော နိရောဓသစ္စာကို မြင်သဖြင့် - ဆင်းရဲနှင့်ယှဉ်ခြင်း (သံယောဂ) သဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။

(မာ) မဂ္ဂ≠ပလိဗောဓဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

ထွက်မြောက်ကင်းလွတ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို မြင်သဖြင့် နှောင့်ယှက်တားမြစ်ထားခြင်း (ပလိဗောဓ) သဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။

(ဂ) နိဿရဏဋ္ဌသည် နိရောဓကို မြင်ခိုက်၌ ကျန်သုံးပါးသည် သမုဒယ, မဂ္ဂ, ဒုက္ခတို့ကို မြင်ခြင်းဖြင့် ထင်ရှားသောသဘောများ ဖြစ်ကြသည်။ (ဋ္ဌင်းဋီကာ-၁၉၁) (သ, မ, ဒု)

(သ) သမုဒယ≠ဝိဝေကဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

(ထွက်မြောက်ခြင်းလက္ခဏာရှိသော နိရောဓသစ္စာ၏လည်း) - သင်္ခါရတို့မှ မကင်းဆိတ်သော သမုဒယသစ္စာကိုမြင်သဖြင့် သင်္ခါရတို့မှ ကင်းဆိတ်သော (ဝိဝေက) သဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။

(မ) မဂ္ဂ≠အသင်္ခတဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)

ထွက်မြောက်ကြောင်း သင်္ခတပြုလုပ်သော မဂ္ဂသစ္စာကို မြင်သဖြင့်- မပြုပြင်အပ်သော (အသင်္ခတ) သဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။ [မှန်၏။ - ယောဂီသည် အစမထင် သံသရာ၌ အရိယာမဂ်ကို မမြင်ဖူးချေ။ ထိုအရိယာမဂ်သည်လည်း အကြောင်းရှိသည်၏အဖြစ်ကြောင့် ပြုပြင်စီရင်အပ်သော (သင်္ခတ)တရားသာလျှင် ဖြစ်ပါ၏။ ထို့ကြောင့် အကြောင်းမရှိသော နိဗ္ဗာန်၏ မပြုပြင်အပ်သော (အသင်္ခတ) သဘောသည် ဆန့်ကျင်ဘက်

အားဖြင့်အလွန်ပင် ထင်ရှားလှပေ၏။]

**(ဒု) ဒုက္ခ≠အမတဌ (ဆန့်ကျင်ဘက်အားဖြင့်)**

လတ်တလော သေစေတတ် - ဒုက္ခဖြစ်စေတတ်သော အဆိပ်နှင့်တူသော ဒုက္ခသစ္စာကိုမြင်သဖြင့် နိရောဓသစ္စာ(နိဗ္ဗာန်)၏ အမတ = အမြိုက်ဆေးသဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။

**(ယ)** နိယျာနဋ္ဌသည် မဂ္ဂကို မြင်ခိုက်၌ ကျန်သုံးပါးသည် သမုဒယ, နိရောဓ, ဒုက္ခတို့ကို မြင်ခြင်းဖြင့် ထင်ရှားသောသဘောများ ဖြစ်ကြသည်။ (ၑင်းဋီကာပင်) (သ, နိ, ဒု)

**(သ) သမုဒယ≠ဟေတုဋ္ဌ (ဆန့်ကျင်ဘက်အားဖြင့်)**

(ထွက်မြောက်ကြောင်း လက္ခဏာရှိသော မဂ္ဂသစ္စာ၏လည်း) တဏှာလောဘ သမုဒယသည် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်၊ ဤမဂ်သည်ကား နိဗ္ဗာန်သို့ရောက်ကြောင်း (ဟေတု) သဘောသည် (ဆန့်ကျင်ဘက် အကြောင်းအားဖြင့်) ထင်ရှား၏။

**(နိ) နိရောဓ=ဒဿနဋ္ဌ(သဘောတူအားဖြင့်)**

နိရောဓသစ္စာကို မြင်သဖြင့် နိဗ္ဗာန်ကိုမြင်ခြင်း (ဒဿန) သဘောသည် (ကိစ္စသဘောတူအားဖြင့်) ထင်ရှား၏။ (အလွန်သိမ်မွေ့သောအဆင်းကို မြင်သောသူအား ငါ၏မျက်စိသည် အထူးသဖြင့် ကြည်လင်ပေစွတကား' ဟု မျက်စိ၏ အထူးကြည်လင်သည်၏အဖြစ် ထင်ရှားပေါ် လွင်သကဲ့သို့မှတ်)။

**(ဒု) ဒုက္ခသစ္စာ≠အဓိပတေယျဋ္ဌ(ဆန့်ကျင်ဘက်အားဖြင့်)**

ရောဂါမျိုးစုံ နှိပ်စက်၍ ခိုကိုးရာမဲ့ ဆင်းရဲဒုက္ခသစ္စာကို မြင်သဖြင့် - အစိုးရသူ, အကြီးအမှူးဖြစ်သူတို့၏ ကြီးကျယ်မြင့်မြတ်သည်၏အဖြစ် (အဓိပတေယျ) သဘောသည် (ဆန့်ကျင်ဘက်အားဖြင့်) ထင်ရှား၏။

ဆိုခဲ့ပါအတိုင်း သစ္စာ (၄) ပါးတို့၌ -

- မိမိသဘောလက္ခဏာအားဖြင့် တစ်ပါးတစ်ပါးသော ပထမပုဒ်၏ အနက်သဘောတို့ ထင်ရှားခြင်းကြောင့်လည်းကောင်း။
- ကျန်သစ္စာ (၃) ပါးကို မြင်သဖြင့် ကြွင်းသော ဒု, တ, စ, ပုဒ်တို့၏ အနက်သဘောတို့ ထင်ရှားခြင်းကြောင့်လည်းကောင်း။

တစ်ပါးတစ်ပါးသောသစ္စာ၌ လေးပါး, လေးပါးသော အနက်သဘောတို့ကိုသာလျှင် ဟောအပ်ပါ၏။

မဂ်ခဏ၌မူကား - (၁၆) ပါးလုံးသော အနက်သဘောတို့သည် ဒုက္ခသစ္စာ စသည်တို့၌ လေးပါး, လေးပါးသောကိစ္စတို့ကို တစ်ခုတည်းဟူသော ဉာဏ်ဖြင့် သာလျှင် ထိုးထွင်း၍ သိလေ၏။

တစ်ပါးသောဆရာတို့သည်ကား - အထူးထူးသောဉာဏ်တို့ဖြင့်ထိုးထွင်းသိခြင်းကို အလိုရှိကြကုန်၏။ (ကထာဝတ္ထု - ကြည့်)။

၅၃၀။ (ခ) နိဗ္ဗာနလက္ခဏာဒိပ္ပဘေဒတော= သဒ္ဒါအနက်စသော လက္ခဏာအားဖြင့် ဝေဖန်ပုံ-ဒုက္ခ= (ဒု+ခံ)၊ ဒု= စက်ဆုပ်ဖွယ် (ဒုပုတ္တ= စက်ဆုပ်ဖွယ်၊ ကဲ့ရဲ့ဖွယ် သားဆိုး)
ခံ= အချည်းနှီး (အချည်းနှီး ကောင်းကင်ကို ခံ ဟုဆို)

ဤပထမဒုက္ခသစ္စာသည်- များစွာသော ဘေးရန် (ဥပဒ္ဒဝေါ)တို့၏ တည်ရာဖြစ်သောကြောင့် စက်ဆုပ်ဖွယ် ကဲ့ရဲ့ဖွယ်ကောင်း၏။ (ဒု)

မသိမလိမ္မာသူတို့ကြံဆထားသော ခိုင်မြဲခြင်း၊ တင့်တယ်ခြင်း၊ ချမ်းသာခြင်း၊ အတ္တအဖြစ်တို့မှ ကင်းခြင်းကြောင့် အချည်းနှီးဖြစ်၏။ (ခံ)

ထိုသို့ စက်ဆုပ်ဖွယ်/ကဲ့ရဲ့ဖွယ်ကောင်းခြင်း+ အချည်းနှီးဖြစ်ခြင်းကြောင့်- ဒုက္ခဟု ဆိုခြင်းဖြစ်ပါ၏။ (ဒု+ခံ= ဒုက္ခံ)

သမုဒယ= (သံ+ဥ+အယ)

- သံ= တွေ့ဆုံခြင်း (သမာဂမ)၊ တကွဖြစ်ခြင်း (သမေတံ)၊ တို့၌ ယှဉ်ခြင်း အနက်ကိုပြ သည်၊
- ဥ= ဖြစ်သည် (ဥပ္ပန္နံ, ဥဒိတံ) တို့၌ ဖြစ်ခြင်းအနက်ကိုပြ၏။
- အယ= အကြောင်း-

ဤဒုတိယသမုဒယသစ္စာသည် မိမိမှကြွင်းသော ကုသိုလ်ကံ, အကုသိုလ်ကံအကြောင်းနှင့် ယှဉ်ခြင်းရှိလျှင် ဒုက္ခသစ္စာဖြစ်ခြင်း၏အကြောင်းဖြစ်တော့၏။

နိရောဓ= (နိ+ရောဓ)

- နိ= မရှိခြင်း၊ ရောဓ= နှောင်အိမ်= ထောင်
- နိရောဓ= ထောင်မရှိ၊ ဒုက္ခ+နိရောဓ= ဒုက္ခထောင်မရှိ။

ဤနိရောဓ (နိဗ္ဗာန်)၌ ဂတိအားလုံးဆိတ်သုဉ်းသောကြောင့် သံသရာနှောင်အိမ်ဟုဆိုအပ်သော (ဒုက္ခရောဓ) ဒုက္ခထောင်မရှိပါ။ ထို့ကြောင့် တတိယသစ္စာကို နိရောဓသစ္စာဟု ဆိုခြင်းဖြစ်ပါ၏။

တနည်း- နိဗ္ဗာန်ကိုရလျှင်သိလျှင် သံသရာနှောင်အိမ် ဒုက္ခထောင် (ဒုက္ခနိရောဓ)= ဒုက္ခထောင်မရှိ ကင်းဆိတ်သွားတော့၏၊ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သည် ဒုက္ခရောဓ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပါတည်း။

တနည်း- ဒုက္ခ၏မဖြစ်ခြင်း, ချုပ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် လည်း ဒုက္ခနိရောဓ မည်ပါ၏။

ဒုက္ခနိရောဓ+ ဂါမိနီ+ ပဋိပဒါ

- ဒုက္ခနိရောဓ= ဒုက္ခ၏ချုပ်ရာသို့၊ ဂါမိနီ= သွားတတ်သော၊ ပဋိပဒါ= အကျင့်

ဒုက္ခချုပ်ရာ- အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့အာရုံပြု၍ (ဒုက္ခချုပ်ရာ နိရောဓသို့

ရှေ့ရှုလျက်) သွားတတ်သောပုဂ္ဂိုလ်၏ ဒုက္ခနိရောဓသို့ ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့် စတုတ္ထမဂ္ဂသစ္စာကို ဒုက္ခနိရောဓဂါမိနီပဋိပါဒါ အရိယသစ္စာဟု ခေါ်ပါသည်။

*(မှတ်ချက်) မဂ္ဂသစ္စာသည် သူကိုယ်တိုင်က နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်၏၊သူ့ကိုပွားစေသောပုဂ္ဂိုလ်၏ နိဗ္ဗာန်ရောက်ကြောင်းအကျင့်လည်းဖြစ်၏။ ထို့ကြောင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါ မည်ပေသည်။*

၅၃၁။ **အရိယသစ္စာ**= ဤသစ္စာတို့ကို ဘုရားအစရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍သိကုန်သောကြောင့် အရိယသစ္စာတို့ဟု ခေါ် ဆိုရပါ၏။

ဋင်းအဆိုနှင့်အညီ ဟောကြားချက်မှာ-

- "ရဟန်းတို့ အရိယသစ္စာတို့သည် ၄-ပါးရှိကုန်၏ = **စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ**
- ၄-ပါး ဘာတွေပါလိမ့်? = ကတမာနိ?
- (အထက်ပါသစ္စာလေးပါး ဖော်ပြပါ)-
- အရိယာသစ္စာတို့သည် ဤလေးပါးတို့ပင်တည်း = ဣမာနိခေါဘိက္ခဝေ **စတ္တာရိ အရိယ သစ္စာနိ**။
- ဤသစ္စာလေးပါးကို အရိယာတို့ ထိုးထွင်းသိကြ၏= **အရိယာ ဣမာနိ ပဋိဝိဇ္ဈန္တိ**။
- ထို့ကြောင့် အရိယသစ္စာတို့ဟု ခေါ်ကြ၏ =**တသ္မာ အရိယသစ္စာနီတိ ဝုစ္စန္တိ**။

**တစ်နည်း**- အရိယမည်သော ဘုရားရှင်၏သစ္စာဖြစ်သောကြောင့် အရိယသစ္စာခေါ်၏။

ဋင်းအဆိုနှင့်အညီ ဟောကြားချက်မှာ-

ရဟန်းတို့ ရှေးဘုရားတို့နှင့်တူသော ငါဘုရားသည် နတ်နှင့်တကွသော **လောက၌**, ။ပ။ နတ်လူတို့နှင့်တကွသောသတ္တဝါအပေါင်းထဲ၌အမြတ်ဆုံးသောအရိယပုဂ္ဂိုလ် ဖြစ်၏၊ ထို့ကြောင့်လည်း **အရိယသစ္စာတို့ဟု** ဆိုသင့်ဆိုအပ်ပါ၏။

**တနည်း**- သစ္စာလေးပါတို့ကို ရှေးရှုမျက်မှောက် ထိုးထွင်းသိပြီး၍ အရိယာအဖြစ်ကို ပြီးစီးစေသောကြောင့်လည်း အရိယသစ္စာဟု ခေါ်ပါသေး၏။

ဋင်းအဆိုနှင့်အညီ ဟောကြားချက်မှာ-

"ရဟန်းတို့ အရိယသစ္စာတို့ကို ဟုတ်တိုင်းမှန်စွာ သိပြီးဖြစ်သောကြောင့် ပူဇော်အထူးကိုလည်းခံထိုက်(အရဟံ), ကိုယ်တိုင်မှန်စွာလည်းသိ (သမ္မာသမ္ဗုဒ္ဓ)သော ရှေးဘုရားနှင့်တူသော ငါဘုရားကို အရိယာဟူ၍ ခေါ် ဆိုပါ၏။"

**တနည်း**- မဖောက်မပြန် မှန်သည့်အနေဖြင့် သိအပ်, မချွတ်ယွင်းစေတတ်သော သစ္စာတို့ဖြစ်သောကြောင့် **အရိယသစ္စာလို့** ခေါ်ပြန်ပါ၏။

ဤ၌- အရိယဆိုသည်မှာ- မှန်လည်းမှန် **(တထ)**၊ ချွတ်လဲမချွတ်ယွင်း **(အဝိတထ)** မချွတ်ယွင်းသည့်အပြင် လွဲလည်းမလွဲမှားစေတတ် **(အဝိသံဝါဒက)** သဘောကို ခေါ်ပါသည်။

ဋင်းအဆိုနှင့်အညီ ဟောကြားချက်မှာ-

ရဟန်းတို့- ဤလေးပါးသောသစ္စာတို့သည် မှန်ကုန်၏ **(တထာနိ)**။ မချွတ်ယွင်းကုန်၊

မဖောက်ပြန်ကုန် (အဝိတထာနိ)။ အခြားသောအခြင်းအရာမရှိကုန်(အနညာထာနိ)။ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ ဆိုအပ်ပါ၏။

၅၃၂။ လက္ခဏာအစရှိသော အပြားအားဖြင့် အဘယ်သို့ သိအပ်သနည်း? ဤသစ္စာလေးပါးတို့တွင် -

ဒုက္ခသစ္စာသည် -

(က) ဗာဓနလက္ခဏံ = နှိပ်စက်ခြင်းလက္ခဏာရှိ၏။
(ခ) သန္တာပနရသံ = ပူလောင်စေခြင်းကိစ္စရှိ၏။
(ဂ) ပဝတ္တိပစ္စုပဋ္ဌာနံ = မပြတ်ဖြစ်နေခြင်းသဘောဟု ဉာဏ်အား ရှေ့ရှုထင်၏။
(ဃ) သမုဒယပဒဋ္ဌာနံ = သမုဒယလျှင်နီးစွာသောအကြောင်းရှိ၏။

သမုဒယသစ္စာသည် -

(က) ပဘဝလက္ခဏံ = ဆင်းရဲခြင်းအစဖြစ်ခဲ့ရာ အကြောင်းလက္ခဏာရှိ၏။
(ခ) အနုပစ္ဆေဒကရဏရသံ = ဒုက္ခမပြတ်စဲအောင် ပြုခြင်းကိစ္စရှိ၏။
(ဂ) ပလိဗောဓပစ္စုပဋ္ဌာနံ = ဘဝမှလွတ်ခြင်းကိုနှောက်ယှက်တားမြစ်သည့် အနေအားဖြင့် ဉာဏ်အားရှေ့ရှုထင်၏။
(ဃ) နလဗ္ဘတိပဒဋ္ဌာနံ = ပဒဋ္ဌာန်မရှိ။

နိရောဓသစ္စာသည် -

(က) သန္တိလက္ခဏံ = ငြိမ်းအေးခြင်းလက္ခဏာရှိ၏။
(ခ) အစ္စုတိရသံ = မရွေ့လျောခြင်း၊ မသေမပျက်ခြင်းဟူသော ပြည့်စုံသောဂုဏ်ရှိ၏။ (ဝါ) မသေမပျက်ခြင်း ကိစ္စရှိ၏။
(ဂ) အနိမိတ္တပစ္စုပဋ္ဌာနံ = ပုံသဏ္ဌာန်အရိပ်နိမိတ်ကင်းသောအားဖြင့် ရှုသည့် ဉာဏ်အား ရှေ့ရှုထင်၏။
(ဃ) နလဗ္ဘတိ ပဒဋ္ဌာနံ = ပဒဋ္ဌာန်မရှိ။

မဂ္ဂသစ္စာသည် -

(က) နိယျာနလက္ခဏံ = ထွက်မြောက်ကြောင်း လက္ခဏာရှိ၏။
(ခ) ကိလေသပ္ပဟာနရသံ = ကိလေသာကို ပယ်ခြင်းကိစ္စရှိ၏။
(ဂ) ဝုဋ္ဌာန ပစ္စုဋ္ဌာနံ = ထမြောက်သည့်အနေဖြင့် ဉာဏ်အားရှေ့ရှုထင်၏။
(ဃ) ဝိပဿနာဂေါတြဘူပဒဋ္ဌာနံ = ဝိပဿနာဂေါတြဘူလျှင် နီးစွာသောအကြောင်းရှိ၏။

တနည်းသော်ကား -

(က) ဤသစ္စာလေးပါးတို့သည် အစဉ်အတိုင်း မပြတ်ဖြစ်နေခြင်း (ပဝတ္တိ)၊ မပြတ်ဖြစ်စေ

တတ်သော (ပဝတ္တန)၊ ဆုတ်နစ်ရပ်စဲခြင်း (နိဝတ္တိ)၊ ဆုတ်နစ်ရပ်စဲစေတတ်သော (နိဝတ္တန) လက္ခဏာရှိကုန်၏။ ထို့အတူ အစဉ်အတိုင်း သင်္ခတလက္ခဏာ, တဏှာလက္ခဏါ, အသင်္ခတ လက္ခဏာ, နိဗ္ဗာန်ကိုမြင်ခြင်း ဒဿနလက္ခဏာရှိကုန်၏။ ဤသို့လျှင် ဤသစ္စာတို့၌ လက္ခဏာ အစရှိသော အပြားအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၃။ (ဂ) အတ္ထုတ္တုဒ္ဓါရတော= အတ္ထနှင့်အနက်တို့ကို ထုတ်ပြသောအားဖြင့်-

**မေး-** အတ္ထအားဖြင့် **သစ္စ**= သစ္စာ၏အနက်သဘောဟူသည် အဘယ်နည်း။?

**ဖြေ-** အကြင်သဘောသည် ပညာမျက်စိဖြင့် စူးစူးစိုက်စိုက် ရှုဆင်ခြင်ကုန်သော ပညာရှိတို့အား မျက်လှည့်ကဲ့သို့ ဖောက်ပြန်, မှားယွင်းသည်လည်းမဟုတ် (မာယာဝဝိပရိတော)၊ တံလှပ်ကဲ့သို့ ချွတ်ယွင်းစေသည်လည်းမဟုတ်၊ (မရီစိ ဝိသံဝါဒကော)၊

တိတ္ထိတို့၏အတ္တကဲ့သို့ မရအပ်သော သဘောအထည်ကိုယ်ရှိသည်လည်းမဟုတ်၊ (ဝါ) သဘောအထည် ကိုယ်မရှိသည်လည်းမဟုတ် (တိတ္ထိယာနံ အတ္တာဝ အနုပလဗ္ဘသဘာဝေါစ နဟောတိ)။ **စင်စစ်အားဖြင့်မူ-** နှိပ်စက်ခြင်း, (ဒုက္ခ= ဗာဓန)၊ အမွန်အစအကြောင်း, (သမုဒယ= ပဘဝ) ငြိမ်းအေးခြင်း, (**နိရောဓ=သန္တိ**)၊ ထွက်မြောက်ကြောင်းအပြားအားဖြင့် (**မဂ္ဂ=နိယျာနပ္ပ ကာရေန**)၊ မှန်သည်၏အဖြစ်, မဖောက်ပြန်သည်၏အဖြစ်, အဟုတ်ရှိသည်၏အဖြစ်ဖြင့် အရိယဉာဏ်၏ ကျက်စားရာအာရုံဖြစ်သည်သာတည်း။ မီး၏ ပူခြင်းသဘောကဲ့သို့ငှင်း၊ လောက၏ အိုခြင်းစသော ပင်ကိုယ်သဘောကဲ့သို့ငှင်း၊ ဤမှန်သော မဖောက်ပြန်သော အဟုတ် ရှိသော သဘောကို **သစ္စ- သစ္စာ၏အနက်သဘောဟူ၍** သိအပ်ပါ၏။

*(မှတ်ချက်) အနုသယကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖျက်ခြင်းကြောင့် သံသရာ နှောင်အိမ်မှထွက်မြောက်ကြောင်းအဖြစ်သည် နိယျာန= ထွက်မြောက်ကြောင်းမည်၏။ (ဋီကာ)*

*အလုံးစုံသောကိလေသာတို့ကိုမဖြစ်စေခြင်းဟူသော ချုပ်စေခြင်းသည် ကိလေသာ ပယ်ခြင်းကို ပြုခြင်းမည်၏။ (ဋီကာ)*

*သင်္ခါရအာရုံဟူသော နိမိတ်မှာငှင်း, မပြတ်ဖြစ်နေသော အကျိုးဝိပါက်အစဉ်မှငှင်း၊ စိတ်၏ ထခြင်းဖြစ်၍ ယူအပ်သောကြောင့် ဝုဋ္ဌာနပစ္စုပဋ္ဌာနမည်၏။ (ဋီကာ) ဤ၌ **သင်္ခါရအာရုံကို ရှုနေရာမှ မဂ်စိတ်ဖြစ်သောအခါ ၎င်းကိုအာရုံမပြုဘဲ နိဗ္ဗာန်ကိုအာရုံပြုသည်ကို နိမိတ်မှ ထသည်ဟုဆိုသည်။** သမုဒယကိုပယ်သောအားဖြင့် နောင်အခါဖြစ်မည့်အကျိုးဝိပါက် ခန္ဓာ အစဉ်ပယ်ခြင်းကို မပြတ်ဖြစ်နေသောအကျိုးဝိပါက်အစဉ်မှထသည်ဟုဆိုသည်။*

*ရွှေမဟုတ်ပါဘဲ ရွှေကဲ့သို့ထင်ရသော မျက်လှည့်သည်ဝတ္ထုရှိ၏၊ ထို့ကြောင့် ယင်းမျက်လှည့် ၏ဖောက်ပြန်မှားယွင်းသည်၏အဖြစ်ကိုဆိုပါသည်။ ရေကဲ့သို့ထင်ရသောတံလှပ်သည်ကား- ချဉ်းကပ်သူတို့အား- အချည်းနှီးဖြစ်၏။ ယင်းတံလှပ်၏ ဝတ္ထုကိုသော်လည်း မတွေ့ရ၊ ထို့ကြောင့် ယင်းကို ချွတ်ယွင်းစေတတ်သည်ဟုဆိုသည်။ တံလှပ်၊ မျက်လှည့်၊ အတ္တတို့မှ ပြောင်းပြန်ဖြစ်သော သဘောသည် (တဗ္ဘာဝိပရီတဘူတဘာဝ)- မှန်သည်၏အဖြစ် မဖောက်ပြန်သော အဟုတ် ရှိသောသဘောမည်၏။ (ဋီကာ)*

*အပြားအားဖြင့်မှန်သည်၏အဖြစ်- စသည်ဖြင့်အနီး၌ပင်စပ်ယူပါ။*

*"ဖြစ်ခြင်းသဘောရှိကုန်၏၊ အိုခြင်းသဘောရှိကုန်၏၊ သေခြင်းသဘောရှိကုန်၏။" ဟု ဟောထားသောဖြစ်ခြင်းစသည်လည်း လောကပကတိ= လောက၏ပင်ကိုယ်သဘောပေတည်း။ (ဋီကာ)*
ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ-

ရဟန်းတို့ ဤသည်ကား- ဆင်းရဲတည်းဟူသော ဤသဘောသည်မှန်၏။ **(တထမေတံ)**၊ ဤသဘောသည် မချွတ်ယွင်း **(အဝိတထမေတံ)**၊ ဤသဘောမှာ- အခြားအခြင်းအရာမရှိ" (အနညထမေတံ)၊ ဤသို့ စသည်တို့ကို အကျယ်သိပါလေ။

## တစ်နည်း-သစ္စာလေးပါး၏မှန်ပုံမှန်နည်း

(၁) ဒုက္ခသည် မနှိပ်စက်တတ်သည်မရှိ၊ (အမြဲနှိပ်စက်တတ်သည်သာ)၊ ဒုက္ခမှ တစ်ပါးသောတရားသည် မနှိပ်စက်တတ် (ဒုက္ခသည်သာနှိပ်စက်တတ်၏။) ထို့ကြောင့် ဒုက္ခ၌ နှိပ်စက်တတ်ခြင်း၏ ကိန်းသေမြဲခြင်း, နှိပ်စက်တတ်ခြင်း၌ ဒုက္ခ၏ ကိန်းသေမြဲခြင်းအားဖြင့် ဤဒုက္ခကို (သစ္စာ= အမှန်တရား)ဟုသိအပ်ပါ၏။

(၂) တဏှာကိုကြဉ်၍ အခြားတရားကြောင့် ဒုက္ခမဖြစ် (တဏှာကြောင့်သာဖြစ်၏) ဒုက္ခသည်လည်း တဏှာကြောင့်မဖြစ်သည်မဟုတ် (ဖြစ်သည်သာ)၊ ထို့ကြောင့် တဏှာ၌ဒုက္ခ၏ အကြောင်းဖြစ်ခြင်း၏ ကိန်းသေမြဲခြင်း, ဒုက္ခ၏အကြောင်းဖြစ်ခြင်း၌ တဏှာ၏ ကိန်းသေမြဲခြင်းအားဖြင့် တဏှာကို (သစ္စာ= အမှန်တရား)ဟုသိအပ်ပါ၏။

(၃) နိဗ္ဗာန်မှတစ်ပါး ပူပန်ခပ်သိမ်း ငြိမ်းအေးရာသည် (သင်္ခါရတို့ချုပ်ငြိမ်းရာသည်)မရှိ။ (နိဗ္ဗာန်သည်သာလျှင် ငြိမ်းအေး၏၊ ထိုနိဗ္ဗာန်သည်လည်း မငြိမ်းအေးသည်မဟုတ်- (ငြိမ်းအေးသည်သာ) ထို့ကြောင့် နိဗ္ဗာန်၌ ငြိမ်းအေးခြင်း၏ ကိန်းသေမြဲခြင်း, ငြိမ်းအေးခြင်း၌ နိဗ္ဗာန်၏ ကိန်းသေမြဲခြင်းအားဖြင့် ဤနိဗ္ဗာန်ကို (သစ္စာ= အမှန်တရား)ဟု သိအပ်ပါ၏။

(၄) အရိယမဂ်မှတစ်ပါး သံသရာနှောင်အိမ်မှ ထွက်မြောက်ကြောင်းမည်သည်မရှိ (အရိယမဂ်သည်သာထွက်မြောက်ကြောင်းဖြစ်၏။) ထိုအရိယမဂ်သည်လည်း ထွက်မြောက်ကြောင်းမဖြစ်သည်မဟုတ်၊ (ဖြစ်သည်သာတည်း)။ ဤသို့ မချွတ်ဧကန် ဟုတ်မှန်သော ထွက်မြောက်ကြောင်းဖြစ်ခြင်းကြောင့် ထိုအရိယမဂ်ကို (သစ္စာ= အမှန်တရား)ဟုသမုတ်အပ်၊ ခေါ် ဆိုအပ်ပါ၏။

မေး- သစ္စာလေးပါးလုံး၌ရနိုင်သော သစ္စဋ္ဌ= သစ္စာအနက်များကို ဖော်ပြပါ။

ဖြေ- ဤဆိုခဲ့သည့်အတိုင်း မှန်သောသဘော **(တစ္ဆာ)**၊ မဖောက်ပြန်သောသဘော, **(အဝိပလ္လာသ)**၊ အဟုတ်ရှိသောသဘော (ဘူတဘာဝ)ကို လေးပါးလုံးသော ဒုက္ခစသည်တို့၌ သာမညအားဖြင့် သစ္စဋ္ဌ= သစ္စာအနက်သဘောဟူ၍ ပညာရှိတို့ကမိန့်ဆိုတော်မူကြပါသည်။

## ၅၃၄။ သစ္စာ၏ ဖြစ်သင့်သမျှအနက်အဓိပ္ပါယ်ကိုထုတ်ပြခြင်း (ကထံအတ္ထုဒ္ဓါရတော)

| | |
|---|---|
| "အမှန်သစ္စာကို ပြောဆိုရာ၌ အမျက်မထွက်ရာ" စသည့်စကားတို့၌- | စကားမှန်၌တွေ့ရ၏။ |
| "အမှန်သစ္စာ၌တည်သော သမဏ, ဗြာဟ္မဏတို့သည် (ဇာတိ, မရဏ၏ တဖက်ကမ်းသို့ကူးမြောက်ကုန်၏။ စသည့်စကားတို့၌- | မုသားမှရှောင်ခြင်းဝိရတိသစ္စာအဖြစ် တွေ့ရ၏။ |
| "တတ်သိကျွမ်းကျင်ကြပါသည်ဟု ဝန်ခံပြောဆိုကြသော ဝါဒရှင်တို့သည် အမျိုးမျိုးကွဲပြားသော အမှန်သစ္စာတို့ကို အဘယ့်ကြောင့် ဟောပြောကြကုန်သနည်း၊" စသည့်စကားတို့၌- | မိစ္ဆာဒိဋ္ဌိဟူသောအမှန်သစ္စာအဖြစ် တွေ့ရ၏။ |
| "အမှန်သစ္စာသည်တစ်ပါးတည်းသာရှိ၏၊ နှစ်ခုမြောက်မရှိပေ"၊ စသည်တို့၌- | ပရမတ္ထသစ္စာ= အမြတ်ဆုံးအမှန်တရားဖြစ်၍ ပရမသစ္စာမည်သော နိဗ္ဗာန်၌၄င်း, အရိယာမဂ်၌၄င်း-တွေ့ရ၏။ |
| "လေးပါးကုန်သော အရိယသစ္စာတို့တွင် ကုသိုလ်တို့သည် အဘယ်မျှတို့နည်း။" စသည်တို့၌- | အရိယသစ္စာ- အဖြစ်တွေ့ရ၏။ |

၅၃၅။ (ဃ) (**အနူနာဒိကတော**)= မယုတ်မလွန်သောအားဖြင့်ဟောရာ၌-

**မေး**- အရိယသစ္စာတို့ကို အဘယ့်ကြောင့် မယုတ်မလွန်လေးပါးတို့ကိုသာ ဟောတော်မူခဲ့ပါသနည်း။

**ဖြေ**- အခြားတစ်ပါး သစ္စာ၏ မဖြစ်သင့်သောကြောင့်၄င်း၊(ဤလေးပါးထဲမှ) တစ်ပါးပါးကို မနုတ်မပယ်အပ်သောကြောင့်၄င်း ဖြစ်သည်ဟု ဖြေအပ်၏။ ခဲ့၍ပြအံ့- ဤလေးပါးတို့မှ အခြား အပိုအလွန်လည်းမဖြစ်သင့်ပေ။ ဤလေးပါးတို့တွင် တစ်ပါးသော်လည်း နုတ်ပယ်သင့်သည်မရှိပေ။

ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ-

ရဟန်းတို့ ဤလောက၌ သမဏအမည်ခံသူဖြစ်စေ၊ ဗြာဟ္မဏအမည်ခံသူဖြစ်စေ၊ "ဤဇာတိအစရှိသောတရားသည် ဒုက္ခအရိယသစ္စာမဟုတ်သေး၊ ဒုက္ခအရိယသစ္စာကား (ဤဇာတိစသည်မှ) အခြားတစ်ပါးသာ၊ ငါသည် ဤဇာတိအစရှိသော ဒုက္ခအရိယသစ္စာကို ပယ်ထား၍ အခြားဒုက္ခအရိယသစ္စာကို ပညတ်ဟောကြားမည်ဆို၍လာရာ၏။ ဤသို့ဆိုလာခြင်း၏အကြောင်းသည် မရှိနိုင်ပါပေ။"

ထို့ပြင်တစ်ဖန် ဟောတော်မူပြန်သည်မှာ-

"ရဟန်းတို့ သမဏအမည်ခံသူဖြစ်စေ၊ ဗြာဟ္မဏအမည်ခံသူဖြစ်စေ တစ်စုံတစ်ယောက်သောသူသည် 'ရဟန်းဂေါတမဟောထားသော ဤဒုက္ခသစ္စာသည် ဒုက္ခပထမအရိယသစ္စာမဟုတ်သေး၊ ငါသည် ဤဒုက္ခပထမ အရိယသစ္စာကိုပယ်စွန့်၍ အခြားတစ်ပါးသော ဒုက္ခပထမအရိယသစ္စာကို ပညတ်ဟောကြားမည်'ဟု ဤသို့ ပြောဆိုရာ၏။ ဤသို့ ပြောဆိုခြင်း၏အကြောင်းသည် မရှိနိုင်ပါပေ။"

**တစ်နည်း- အနုနာဓိကတော= သစ္စာကိုလေးပါးသာအယုတ်အလွန်မရှိ အမျိုးမျိုးသောအမည်တို့ဖြင့် ဟောကြားခဲ့ပုံ**

| ဒုက္ခသစ္စာ | သမုဒယသစ္စာ | နိရောဓသစ္စာ | မဂ္ဂသစ္စာ |
|---|---|---|---|
| ပဝတ္တိ (မပြတ်မစဲ ထပ်တလဲလဲ ဖြစ်သော သံသရာဝဋ်ဒုက္ခကို) | ဟောကြားသော ဘုရားရှင်သည် အကြောင်း သမုဒယနှင့် ဟောပါ၏။ | ဝဋ်တရားမှဆုတ်နစ်သော နိရောဓ-ကိုလည်း (နိဝတ္တိ) | အကြောင်းဉပါယ (မဂ်) နှင့်တကွ ဟောပါ၏။ |
| ပရိညေယျ (ပိုင်းခြား သိအပ်သောတရား) | ပဟာတဗ္ဗ (ပယ်အပ်သောတရား) | သစ္ဆိကာတဗ္ဗ= (မျက်မှောက်ပြုအပ်သောတရား) | ဘာဝေတဗ္ဗ (ပွားစေအပ်သောတရား) |
| တဏှာဝတ္ထု (တဏှာ၏အာရုံ) | တဏှာ | တဏှာနိရောဓ | တဏှာနိရောဓဉပါယာနံ--ခသို့ ရောက်ကြောင်း ဉပါယတို့၏ငင်း- |
| ပဉ္စကာမဂုဏ, သကလဝတ္ထု ကာမဝတ္ထုဟူသော (အာလယ) | ငင်း၌ မွေ့လျော်သည်၏ အဖြစ် (အာလယာရာမတာ) | ငင်းကို-အကြွင်းမဲ့ နှုတ်ဖျက်ခွာလှစ်ရာ (အာလယ သမုဂ္ဃါတ) | ငင်းကို - အကြွင်းမဲ့ နှုတ်ဖျက် ခွာလစ်ခြင်း၏ အကြောင်းဉပါယ (အာလယ သမုဂ္ဃါတုပါယ) |

## ၅၃၆။ (င)ကမတော=အစဉ်အားဖြင့်ဟောရာ၌လည်းဒေသနာက္ကမ (ဒေသနာအစဉ်ပင်)

| ဒုက္ခသစ္စာကို ပထမ | သမုဒယသစ္စာကို ဒုတိယ | နိရောဓသစ္စာကို တတိယ | မဂ္ဂသစ္စာကို စတုတ္ထ-ဟော |
|---|---|---|---|
| ကြမ်းတမ်းထင်ရှားခြင်း, သတ္တဝါအားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် သိလွယ်၍ ဦးစွာဟော- | ယင်း၏အကြောင်းကို ပြခြင်းငှာ-ဒုတိယဟော- | အကြောင်းချုပ်ရင်-အကျိုးချုပ်သည်ဟု သိစေခြင်းငှာ- တတိယ ဟော- | ယင်း၏အကြောင်း ကိုပြခြင်းငှာ- အဆုံး၌ဟော။ |
| ဘဝချမ်းသာ- သာယာ ဖွယ်၌ တပ်မက်သော သတ္တဝါတို့အား ထိတ်လန့်သံဝေဂဖြစ် စေခြင်းငှာ- | ဒုက္ခသည်- မပြဘဲ အလိုလိုလာ သည်လည်းမဟုတ်၊ဖန်ဆင်းရှင် ဘုရားကြောင့် ဖြစ်လာသည် လည်းမဟုတ် သမုဒယကြောင့် ဟုသိစေခြင်းငှာ- | အကြောင်းနှင့်တကွသော ဆင်းရဲနှိပ်စက်ခံရ၍ ထိတ်လန့်ပြီး ဒုက္ခမှ ထွက်မြောက်လိုသူတို့အား သက်သာရာ ရစေခြင်းငှာ | နိရောဓကိုရရန်- နိရောဓသို့ ရောက်စေတတ် သော မဂ္ဂသစ္စာကို- |

၅၃၇။ (စ) ဇာတိ အာဒီနံ နိစ္ဆယာ= ဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်-ဒုက္ခကိုအကျယ်ပြရာ၌ -

| | | |
|---|---|---|
| ၁။ ဇာတိပိ ဒုက္ခာ | = | ဘဝသစ်ဖြစ်ခြင်းသည် ဆင်းရဲ။ |
| ၂။ ဇရာပိ ဒုက္ခာ | = | အိုခြင်းသည်လည်း ဆင်းရဲ။ |
| ၃။ မရဏမ္ပိ ဒုက္ခံ | = | သေခြင်းသည်လည်း ဆင်းရဲ။ |
| ၄။---၈။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာပိဒုက္ခာ | = | စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်နှလုံးမသာယာခြင်း၊ ပြင်းစွာပူပန်ခြင်းတို့ သည်လည်းဆင်းရဲ။ |
| ၉။ အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော | = | မချစ်သူ, မုန်းသူပုဂ္ဂိုလ်/ဝတ္ထုတို့နှင့်အတူ ရှိနေရခြင်းသည်လည်း ဆင်းရဲ။ |
| ၁၀။ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော | = | ချစ်ခင်သူပုဂ္ဂိုလ်/ ဝတ္ထုတို့နှင့် ကွဲကွာနေ ရခြင်းဆင်းရဲ။ |
| ၁၁။ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ | = | လိုချင်တာကိုမရခြင်း၊ မရနိုင်တာကိုလိုချင်ခြင်း သည်လည်း ဆင်းရဲ။ |
| ၁၂။သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ | = | အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့သည် ဆင်းရဲတို့ဟု ဒုက္ခကို ၁၂-မျိုးအပြား အားဖြင့် ဖော်ပြပြီး- |

သမုဒယကို အကျယ်ပြရာ၌-

- ယာယံ တဏှာ ပေါနောဗ္ဘဝိကာ = တဏှာသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။
- နန္ဒီရာဂ သဟဂတာ = နှစ်သက် တပ်စွဲခြင်းနှင့်တကွဖြစ်၏။
- တတြတတြာဘိနန္ဒိနီ = ထိုထိုဖြစ်ရာရာဘဝ, ရရာရာအာရုံ၌ နှစ်သက်ပျော်မွေ့တတ်၏။

ငင်းတို့မှာ-က ာမတဏှာ = လိုချင်စရာ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု။ (ကာမဘဝစသည်)

ဘဝတဏှာ = အမြဲရှိသည့်အနေဖြင့် ဘဝကို လိုချင်နှစ်သက်မှု။ (ပြဟ္မာဘဝစသည်)

ဝိဘဝတဏှာ = သေပြီးနောက် အလိုလို ဘဝဖြတ်စဲခြင်းကို လို ချင်နှစ် သက်မှုကို- ဤသုံးပါးသောတဏှာသည်လည်း သမုဒယကိုအကျယ်ပြရာ၌ သိထားအပ်ပါ၏။

နိရောဓကို အကျယ်ပြရာ၌-

၁။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော = ထိုတဏှာ၏ပင်လျှင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း၊ ချုပ်ခြင်း။
၂။ စာဂေါ = ငင်းကို စွန့်ခြင်း။
၃။ ပဋိနိဿဂ္ဂေါ = ဝေးစွာစွန့်ခြင်း။
၄။ မုတ္တိ = လွှတ်လိုက်ခြင်း။
၅။ အနာလယော = ငင်းဖြင့် မတွယ်တာခြင်း၊ မတွယ်တာရာဟူသော သဘောသည် နိရောဓသဘောဖြစ်ပါ၏။

ဤကဲ့သို့ နိရောဓကို အကျယ်ပြရာ၌- သဘော တရားကိုယ်အားဖြင့် တစ်ပါးတည်းသောနိဗ္ဗာန်သဘောကို သိအပ်ပါ၏။

မဂ္ဂသစ္စာကို အကျယ်ပြရာ၌-

၁။ ကတမံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ = ဒုက္ခနိရောဓသို့ ဆိုက်ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။
၂။ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ = အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ပင်တည်း။
၃။ သေယျထိဒံ = ငင်းတို့မှာ-
၄။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ = မှန်စွာမြင်ခြင်း၊ မှန်စွာကြံစည်ခြင်း၊
သမ္မာဝါစာ, သမ္မာကမ္မန္တော = မှန်စွာပြောခြင်း၊ မှန်စွာပြုခြင်း၊
သမ္မာအာဇီဝေါ, သမ္မာဝါယာမော = မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊
သမ္မာသတိ, သမ္မာသမာဓိ = မှန်စွာအမှတ်ရခြင်း၊ မှန်စွာစူးစိုက်တည်ကြည်ခြင်း။

(ဤကဲ့သို့မဂ္ဂသစ္စာကို ပြရာ၌ မဂ္ဂင်ရှစ်ပါးတို့ကို သိအပ်ပါ၏။)

## ဒုက္ခကိုအကျယ်ပြဆိုချက်မှ ဇာတိကိုအကျယ်ပြဆိုခြင်း

ဇာတိသဒ္ဒါသည် များသောအနက်ရှိပါ၏။

| | |
|---|---|
| ဧကမ္ပိ ဇာတိ (တစ်ခုသောဘဝကိုင်ငး)၊ ဒွေပိ ဇာတိယော (နှစ်ခုသောဘဝတို့ကိုငင်း)ဟူသောပါဠိတို့၌- | ဘဝ-ကိုဟော၏။ |
| ဝိသာခါ၊ နိဂဏ္ဌမည်သော (သမဏဇာတိ) ရဟန်းမျိုးသည် ရှိ၏။ ဟူသောပါဠိတို့၌- | အယူအကျင့်တူသော ရဟန်းအပေါင်း(နိကာယ)ကိုဟော၏။ |
| ဇာတိကို ၂-ပါးသောခန္ဓာတို့ဖြင့် ရေတွက်အပ်၏ဟူသော ပါဠိတို့၌- | ဖြစ်ခြင်းဥပါဒ်ဟူသော သင်္ခတလက္ခဏာကိုဟော၏။ |
| အမိဝမ်းထဲ၌ ရှေးဦးစွာသော စိတ်ဝိညာဏ်သည်ဖြစ်၏, ထင်ရှားဖြစ်ပေါ်၏။ ထိုစိတ်ဖြစ်ပေါ်ခြင်းကိုစွဲ၍ ထိုစိတ်ကိုပင် ထိုပုဂ္ဂိုလ်၏ဇာတိ ပဋိသန္ဓေ(စိတ်)ဖြစ်၏-ဟု ဟောသောပါဠိတို့၌- | ပဋိသန္ဓေ(စိတ်)ကိုဟော၏။ |
| အာနန္ဒာ (သမ္ပတိဇာတော= ယခုပင်ဖွားမြင်သော, ဖွားမြင်ပြီးစဖြစ်သော ဘုရားလောင်းတော်သည် ညီညွတ်သောခြေတို့ဖြင့် မြေ၌တည်၍ မြောက်အရပ်သို့ ရှေ့ရှုခုနစ်လှမ်း, လှမ်းသွား၏ဟူသောပါဠိတို့၌- | သားဖွားမြင်ခြင်း (ပသူတိယ) အနက်ကိုဟော၏။ |
| အမျိုးဇာတ်ကိုစွဲ၍ ပြောဆိုခြင်း၊ ကဲ့ရဲ့ခြင်း (ဇာတိဝါဒ)ဖြင့် မပစ်ပယ်အပ်၊ မဆဲရေးအပ်- ဤပါဠိတို့၌- | (ကုလ) အမျိုးဇာတ်ကိုဟော၏။ |
| နှမအရှယ်သူငယ်မ, အကြင်အခါမှစ၍ ငါသည် မြတ်သောရဟန်းအဖြစ်ဟူသော အရိယာဇာတိဖြင့် ဖြစ်ခဲ့၏။ ဤပါဠိတို့၌- | အရိယသီလ-ကိုဟော၏။ |

## ၅၃၈။ ဒုက္ခသစ္စာကို အကျယ်ပြရာ၌ ဇာတိသဒ္ဒါဟောသော အဓိပ္ပါယ်အနက်များ

| | |
|---|---|
| အမိဝမ်း၌ ကိန်းအောင်းရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေမှစ၍ အမိဝမ်းမှ ထွက်သည့်တိုင်အောင် ဖြစ်ကုန်သော ခန္ဓာကိုတို့ကို (ဝမ်းဗိုက်ထဲ ရှိသမျှကာလ) | ဇာတိသဒ္ဒါက-ဟော၏။ |
| ဤမှတစ်ပါးကုန်သော သံသေဒဇ, ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေခန္ဓာတို့ကိုသာ [ဤနှစ်နက်သည် ပရိယာယ်အားဖြင့် (သာမန်)ဆိုသော စကားများသာဖြစ်သည်။] | ဇာတိသဒ္ဒါက-ဟော၏။ |
| မုချအားဖြင့် အတိအကျဆိုရသော်- ဘဝတို့၌ဖြစ်ကုန်သော သတ္တဝါတို့အား ငါးပါး၊ လေးပါး၊ တစ်ပါးသောခန္ဓာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။ ထိုခန္ဓာတို့၏ ရှေးဦးစွာထင်ရှားဖြစ်သော (ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်လေးသည်သာ) | ဇာတိ (ဘဝသစ်ဖြစ်ခြင်း) မည်ပါ၏။ |

ဘဝသစ်ဖြစ်ခြင်းဟူသောထိုဇာတိသည်-

(က) တတ္ထတတ္ထ ဘဝေပထမာ ဘိနိဗ္ဗတ္တိလက္ခဏာ = ထိုထိုခန္ဓာငါးပါးရှိ, လေးပါးရှိ, တစ်ပါးရှိသောဘဝ၌ ရှေးဦးစွာဖြစ်ပေါ်ခြင်းလက္ခဏာရှိ၏။

(ခ) နိယျာတနရသာ = ထိုတစ်ဘဝလုံးဆိုင်ရာ ခန္ဓာတို့ကို ထိုသတ္တဝါအား- အပ်နှင်းခြင်းကိစ္စရှိ၏။

(ဂ) အတီတဘဝတောဣဓ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ = အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌- ပေါ်လာသည့် အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

ဒုက္ခဝိစိတ္တတာ ပစ္စုပဋ္ဌာနာဝါ = (တစ်နည်း)-ဆန်းကြယ်သော ဒုက္ခအပေါင်းကို ရှေးရှုဖြစ်စေတတ်၏။

(ဃ) ဘဝပဒဋ္ဌာနာ = ဘဝလျှင်နီးစွာသောအကြောင်းရှိ၏။

[၅၃၉] မေး- ဘဝအသစ်ဖြစ်ခြင်း ဇာတိသည် အဘယ့်ကြောင့် ဆင်းရဲမည်ပါသနည်း။

ဖြေ- များစွာကုန်သောဆင်းရဲတို့၏ တည်ရာအကြောင်းဖြစ်သောကြောင့် ဖြစ်ပါ၏။ ထိုဆင်းရဲ ဒုက္ခတို့သည် များစွာရှိကြပါ၏။ ၎င်းတို့မှာ-

(၁) ဒုက္ခဒုက္ခ
(၂) ဝိပရိဏာမဒုက္ခ
(၃) သင်္ခါရဒုက္ခ
(၄) ပဋိစ္ဆန္နဒုက္ခ
(၅) အပဋိစ္ဆန္နဒုက္ခ
(၆) ပရိယာယဒုက္ခ
(၇) နိပ္ပရိယာယဒုက္ခ ဟု (၇)မျိုးရှိပါ၏။

၁။ ထိုခုနစ်မျိုးတို့တွင်-

ကိုယ်ထဲ၌ဖြစ်သော မခံသာမှုဆင်းရဲ၊ စိတ်ထဲ၌ဖြစ်သောမခံသာမှုဆင်းရဲကို ခံစားမှု သဘောအားဖြင့် ဆင်းရဲသောကြောင့်လည်း ဒုက္ခ၊ သူ့အမည်အားဖြင့်ပင် ဆင်းရဲမည်သော ကြောင့်လည်း ဒုက္ခ၊ နှစ်ရပ်ပေါင်း၍ ဒုက္ခဒုက္ခ (ဆင်းရဲသည့် ဆင်းရဲ)ဟု ဆိုအပ်၏။ (ဒုက္ခ+ ဒုက္ခ= ဒုက္ခဒုက္ခ)

၂။ သုခဝေဒနာသည်-ပြောင်းလဲဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့်ဆင်းရဲဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခမည်၏။

*(မှတ်ချက်) သုခဝေဒနာသည် သူကွယ်ပျောက်သွားသောအခါ သူ့ကိုအောက်မေ့၍ မနေသာမှုကို ဖြစ်စေတတ်၏။ ဥပမာ- ပစ္စည်းပေါများသောသူမှာ- ထိုပစ္စည်းများ ပျောက်ပျက်သွားလျှင် ဆင်းရဲရသကဲ့သို့၎င်း၊ သားမယားစသည် အခြွေအရံများဖြင့် ချမ်းသာနေသောသူမှာ- ထိုအခြွေအရံများ ပျက်စီးကွဲကွာသွားလျှင် ဆင်းရဲရသကဲ့သို့၎င်း*

*ဖြစ်၏။ ထို့ကြောင့် ဝိပရိဏာမဒုက္ခဟု ဆိုသည်။*

၃။ ဥပေက္ခာဝေဒနာသည်၎င်း၊ ကြွင်းသော တေဘူမက သင်္ခါရတရားတို့သည်၎င်း၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်အပ်သောကြောင့် **သင်္ခါရဒုက္ခ**မည်၏။

*(မှတ်ချက်) ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟူသောဘုံ ၃-ပါးတို့၌အတွင်းဝင်သော ရုပ်နာမ်တရားတို့ကို တေဘူမက သင်္ခါရတရားဟု ခေါ်သည်၊ ဤအရာ၌ သုခနှင့် ဒုက္ခတို့ကို အသီးအခြားဒုက္ခများအဖြစ်ပြထားသော်လည်း ၎င်းတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း၏ အနှိပ်စက်ခံကြရသောကြောင့် ဤသင်္ခါရဒုက္ခ၌ အတွင်းဝင်ကြသည်သာ။*

၄။ နားကိုက်ခြင်း၊ သွားနာခြင်း၊ ရာဂကြောင့်ဖြစ်သော ပူလောင်ခြင်း၊ ဒေါသကြောင့် ဖြစ်သော ပူလောင်ခြင်းအစရှိသော ကိုယ်ထဲစိတ်ထဲ၌ ဖြစ်သော ကြင်နာခံခက် နှိပ်စက်ခြင်း သဘောသည် မေးကြည့်မှသိနိုင်သောကြောင့်၎င်း၊ နှိပ်စက်မှု ဗျာပါဒ၏ မထင်ရှားခြင်းကြောင့် ၎င်း **ပဋိစ္ဆန္နဒုက္ခ**၊ ဖုံးကွယ်အပ်သောဆင်းရဲဒုက္ခမည်၏။ **အပါကဋဒုက္ခ**= မထင်ရှားသော ဒုက္ခဆင်းရဲ ဟူ၍လည်း ဆိုအပ်၏။

၅။ ကမ္မကာရဏာခေါ် ၃၂-ပါးသော ညှင်းဆဲမှုတို့ကြောင့်ဖြစ်သောနာကျင်ခြင်းသည် မမေးဘဲပင် သိနိုင်သောကြောင့်၎င်း၊ နှိပ်စက်မှု ဗျာပါရ၏ ထင်ရှားခြင်းကြောင့်၎င်း၊ **အပဋိစ္ဆန္နဒုက္ခ**= မဖုံးကွယ်အပ်သောဆင်းရဲမည်၏။ **ပါကဋဒုက္ခ**= ထင်ရှားသောဆင်းရဲဟူ၍လည်း ဆို အပ်၏။

၆။ ဒုက္ခဒုက္ခကို ချန်ထား၍ ကြွင်းသောသစ္စဝိဘင်း၌လာသော ဇာတိအစရှိသော ဆင်းရဲ အားလုံးသည် ထိုထိုကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် **ပရိယာယ ဒုက္ခ** (ပရိယာယ် ဆင်းရဲ) မည်၏။

၇။ ဒုက္ခဒုက္ခကိုမူ **နိပ္ပရိယာယဒုက္ခ** မုချဆင်းရဲဟုဆိုပါ၏။

## ဇာတိကို ဆင်းရဲဟုခေါ် ဆိုရခြင်းအကြောင်းများ

ဆင်းရဲအပေါင်းတို့တွင် ဤဇာတိသည် ဗာလပဏ္ဍိတသုတ်စသည်တို့၌ ဘုရားရှင်က မီးကျီးတွင်းစသော ဥပမာဖြင့်ပြထားသော ပဋိသန္ဓေနေရခြင်းဆင်းရဲ စသောအပါယ် ဆင်းရဲ တို့ကို၎င်း၊ သုဂတိ၌ဖြစ်သော်လည်း လူ့လောက၌ အမိဝမ်းသို့ သက်ရောက်ခြင်းတို့၌ ဖြစ်ရ ခြင်းကို၎င်း၊ ဆင်းရဲတို့ကို၎င်း၊ **ဆင်းရဲအပေါင်း၏တည်ရာအကြောင်းဖြစ်သောကြောင့် ဆင်းရဲ**ဟုခေါ်ပါ၏။

၅၄၀။ ထို ဆင်းရဲနှစ်မျိုးတို့တွင် ယခုပြမည့်ဆင်းရဲသည် အမိဝမ်းသို့ သက်ရောက်ခြင်း လျှင် အရင်းခံရှိသည့်ဆင်းရဲစသောဆင်းရဲဒုက္ခတို့ဖြစ်ပါ၏။ ဤသတ္တဝါသည် အမိဝမ်း၌ ဖြစ်လတ်သော ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိတ်ကြာ စသည်တို့၌ ဖြစ်ရသည်မဟုတ်-

**စင်စစ်သော်ကား**- အစာသစ်အိမ်၏အောက် အစာဟောင်းအိမ်၊ အူမကြီးအထက်

ဝမ်းရေလွှာနှင့် ကျောက်ဆူးရိုးတို့၏အလယ် အလွန်ကျဉ်းစွာသော ထူထဲသည့် အမိုက်တိုက်ဖြစ်သော အမျိုးမျိုးသော အပုပ်အညှီနံ့တို့ဖြင့် ထုံအပ်သည်ဖြစ်၍ အလွန်ဆိုးသော အနံ့ရှိသည့် လေတို့၏ သွားလာရာဖြစ်သော၊ အလွန်စက်ဆုပ်ဖွယ်ကောင်းသောဝမ်းအရပ်၌ ငါးပုပ်၊ မုန့်သိုး၊ တန်စီးအိုင် စသည်တို့၌ ပိုးလောက်ကဲ့သို့ ဖြစ်ရ၏။

ထိုသတ္တဝါသည် ယင်းအမိဝမ်းသို့ သက်ရောက်ပြီး ဆယ်လတို့ပတ်လုံး အမိ၏ဝမ်းတွင် အပူငွေ့ဖြင့် ဖက်ထုပ်မုန့်ကျက်ကဲ့သို့ ကျက်ရလျက် မုန့်ညက်စိုင်ကဲ့သို့ ပြုတ်ဖျော်ခံရလျက် ကွေးခြင်း ဆန့်ခြင်းစသည်ကင်းလျက် လွန်ကဲစွာသော ဆင်းရဲကို ခံစားရ၏။ (ဤကား ရှေးဦးစွာ အမိဝမ်းသို့ သက်ရောက်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲဖြစ်ပါ၏။)

တစ်ဖန် ထိုသူငယ်သည် မိခင်၏ ရုတ်တရက်ချော်လဲခြင်း၊ (ရုတ်တရက်) သွားခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ ပြန်လှန်ခြင်း၊ စသည်တို့ကို မဆင်မခြင်ပြုသောအခါ သေသောက်ကြူး၏ လက်သို့ရောက်သော သိုးငယ်ကဲ့သို့၎င်း၊ အလမ္ဗာယ်၏လက်သို့ရောက်သောမြွေငယ်ကဲ့သို့၎င်း၊ ရှေးရှုဆွဲငင်ခြင်း၊ ပတ်လည်ဆွဲငင်ခြင်း၊ အောက်သို့ခါချခြင်း၊ ဘေးသို့ခါချခြင်း စသည်နှင့်တူစွာ လွန်ကဲစွာသောဆင်းရဲကိုခံစားရ၏။ ဤမျှမကသေး မိခင်က ရေခဲရေအေးကို သောက်သောကာလ၌ လောကန္တရိက်ခေါ် ရေခဲမြစ်ငရဲ၌ ဖြစ်ရသကဲ့သို့၎င်း၊ မိခင်က ပူသော ဆန်ပြုတ်၊ ထမင်း၊ ငရုတ်သီးစသည်ကိုစားမျိုသောကာလ၌ မီးကျီးမိုးဖြင့် ရွာချသကဲ့သို့၎င်း၊ မိခင်က အငံအချဉ်စသောအစာကို စားမျိုသောကာလ၌ ဓားဖြင့်မွှန်း၍ ဆားငံရည်ဖြင့် ပက်ဖြန်းနှိပ်စက်မှု စသော ကမ္မကာရဏာသို့ ရောက်ရသကဲ့သို့၎င်း၊ စူးရှပြင်းထန်သော ဆင်းရဲကို ခံစားရ၏။ (**ဤကား- ကိုယ်ဝန်ဆောင်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲဖြစ်ပါ၏။)**

ဖွားခါနီးတွင်လည်း ကိုယ်ဝန်ဆောင်မိခင်မှာ ကိုယ်ဝန်ဖောက်ပြန်၍ မီးမဖွားနိုင်သဖြင့် မိတ်ဆွေအပေါင်းအဖော် ချစ်ကျွမ်းဝင်သူသို့သော်မျှ မကြည့်ရက်မမြင်ရက်နိုင်သောဆင်းရဲဖြစ်ခြင်းကြောင့် သားအိမ်ကိုဖြတ်ခြင်း၊ ခွဲခြင်းစသည်တို့ဖြင့်ကုသရသဖြင့် သူငယ်အား ဆင်းရဲအမျိုးမျိုးတို့ကိုခံစားရပြန်၏။ (**ဤကားကိုယ်ဝန်ပျက်ခြင်းကြောင့်ဖြစ်သောခံစားရသည့် ဆင်းရဲဖြစ်ပါ၏။**

ကိုယ်ဝန်မပျက်သော်လည်း ဖွားမြင်ခါနီးတွင် မိခင်၏ ကမ္မဇလေတို့က ဖောက်ထိုးပြန်လှန်၍ အလွန်ကြောက်မက်ဖွယ်ကောင်းသောနရက်ချောက်သို့ ကျစေသကဲ့သို့ မိခင်၏ ယောနိလမ်းကြောင်းသို့ ကျစေအပ်သည်ဖြစ်၍ အလွန်ကျဉ်းမြောင်းသော ယောနိဝဖြင့် ဆွဲငင်အထုတ်ခံရသောသူငယ်အား အကြင်ဆင်းရဲသည် ဖြစ်၏။ ဥပမာအားဖြင့် အလွန်ကျဉ်းသော သံကောက်ပေါက်ဖြင့် ဆွဲငင်အထုတ်ခံရသော ဆင်ကြီးအား ဆင်းရဲဖြစ်သကဲ့သို့၎င်း၊ ကြိတ်ချေတတ်သော (သင်္ဃာတ) တောင်တို့ဖြင့် မှုန့်မှုန့်ကြေအောင် အကြိတ်ခံရသော ငရဲသားအား-ဆင်းရဲဖြစ်သကဲ့သို့၎င်း ခံရပေ၏။ (**ဤဆင်းရဲသည် ပုံမှန်ဖွားမြင်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲဖြစ်ပါ၏။)**

ဖွားမြင်ပြီးစတွင်လည်း သူငယ်၏ကိုယ်သည် အလွန်နူးညံ့သိမ်မွေ့၏၊ အသားနုတက်စ အမာနှင့်တူ၏။ ထိုသူငယ်အား လက်ဖြင့်ကိုင်ခြင်း၊ ရေချိုးပေးခြင်း၊ အညစ်အကြေးရှိရာ၌

ဆေးကြောခြင်း, အဝတ်ဖြင့်သုတ်ခြင်း၊ စသည်တို့ကို ပြုသောအခါ၌- အပ်ဖျား၊ သင်တုန်းသွား တို့ဖြင့် ခွဲခြင်း၊ ထိုးခြင်းနှင့်တူသော ဆင်းရဲမျိုးတို့ကို ခံစားရပြန်၏။ (**ဤဆင်းရဲသည် အမိဝမ်းမှ အပြင်သို့ထွက်ခြင်းလျှင် အရင်းခံရှိသောဆင်းရဲဖြစ်ပါ၏။**

ထိုမှနောက် ဘဝတစ်သက်တာ (ပဝတ္တိကာလ၌) စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ခေါင်း ကိုထုခြင်းစသည်ဖြင့် ကိုယ့်ကိုယ်ကို ကိုယ်တိုင် နှိပ်စက်သောသူအားရင်း၊ **အစေလက** (အဝတ် မဝတ်ခြင်း) အကျင့်စသော ပူပန်စေသောအားထုတ်မှု အလွန်ပူပန်စေသောအားထုတ်မှုကို အားထုတ်သောသူအားရင်း၊ အမျက်ဒေါသ၏အစွမ်းအားဖြင့် မစားဘဲနေသောသူအားရင်း ကြိုးဆွဲချသူအားရင်း၊ ၎င်းဆင်းရဲအမျိုးမျိုးတို့ ဖြစ်ပေါ် တတ်သေး၏။ (**ဤဆင်းရဲသည် မိမိ၏ ပယောဂလျှင် အရင်းခံရှိသော ဆင်းရဲဖြစ်ပါ၏။**) သူတစ်ပါးထံမှ (ဝါ) သူတစ်ပါးကပြုသော သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းစသောဆင်းရဲအမျိုးမျိုးတို့ကိုလည်း ခံစားရတတ်ပါသေး၏။ (**ဤ ဆင်းရဲသည် သူတစ်ပါး၏ပယောဂလျှင် အရင်းခံရှိသောဆင်းရဲဖြစ်ပါ၏။**)

*(**မှတ်ချက်**) ပဋိသန္ဓေစိတ်၏အခြားမဲ့၌ ပထမဘဝင်စိတ်မှစ၍ စုတိတိုင်အောင် တစ်ဘဝ လုံးဝိပါက်ရုပ်နာမ်ခန္ဓာတို့၏မူလရင်းကဲကြောင့် ဖြစ်မြဲပင်မပြတ်ဖြစ်ရာကာလကို **ပဝတ္တိကာလ** ဟုခေါ်သည်။ ဤ၌ကား ဖွားမြင်ပြီးသည်မှ နောက်ကာလကို ပဝတ္တိကာလဟုဆိုသည်။*

*အစေလကကျင့်ဝတ်ဟူသည်-အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေခြင်း၊ တစ်ရက်ခြား နှစ်ရက်ခြားစသည်ဖြင့် စားခြင်း၊ ခုနစ်ရက်ခြားစားခြင်းစသည်ပင် ယင်းကျင့်ဝတ်ကို ဘုရား လက်ထက်က နိဂဏ္ဌပရိဗိုဇ်တို့ကျင့်ကြ၏၊ ယခုခေတ်၌ဂျိန်းဘာသာဝင်တို့ကျင့်ကြ၏။*

*ပရိတာပနာနုရောဂ၏အနက်ဖြစ်သည် အလွန်အကျွံကျင့်သည်ကိုယူအပ်၏။*

ပြဆိုခဲ့သည့်အတိုင်း ဘဝအသစ်ဖြစ်ခြင်း၊ (ဇာတိ)သည် ဆင်းရဲအားလုံး၏တည်ရာ အကြောင်းဝတ္ထု ဧကန်ပင်ဖြစ်ပါ၏။

၅၄၁။ ထို့ကြောင့် အောက်ပါဂါထာအပေါင်းကို ဆိုအပ်၏။

"သတ္တဝါတစ်ဦးသည် ငရဲဘုံ၌မဖြစ်ပါမူ- ငရဲ၌ဖြစ်သော မီးလောင်ခြင်းစသည့် သည်း မခံနိုင်လောက်သောဆင်းရဲကို အဘယ်မှာခံစားရရှိနိုင်အံ့နည်း၊ ငရဲ၌ဖြစ်ခြင်းဟူသည့် တည်ရာမရှိလျှင် ထိုဆင်းရဲကိုမရနိုင်ဟုဆိုလို၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤဒုက္ခ သစ္စာအရာ၌ ဇာတိကို ဒုက္ခဟုဟောတော်မူပေသည်။"

**တိရစ္ဆာန်ဘုံတို့၌** ကြိမ်လုံး၊ နှင်တံ၊ တုတ်တို့ဖြင့် ရိုက်နှက်ခြင်းစသည်ကြောင့်ဖြစ် သော များစွာသောဆင်းရဲမျိုးစုံရှိပါ၏၊ ထိုဆင်းရဲမျိုးတို့သည် ထိုဘုံ၌ဖြစ်ခြင်း ဇာတိနှင့်ကင်း၍ မဖြစ်နိုင်ခြင်းကြောင့်လည်း ဇာတိသည် ဆင်းရဲဒုက္ခမည်ခြင်းဖြစ်ပါ၏။

ထိုမှတစ်ပါး **ပြိတ္တာဘုံတို့၌** ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ လေ၊ နေပူစသည်တို့ကြောင့် ဖြစ်သောအံ့ဩစဖွယ်ဆန်းကြယ်များပြားသောဆင်းရဲသည် ထိုဘုံ၌မဖြစ်သောသူအား မရှိပေ၊ ထို့ကြောင့်လည်း မြတ်စွာဘုရားသည် ဇာတိကို ဒုက္ခဟု ဟောတော်မူပါပေ၏။

ထူထဲသောအမိုက်တိုက်ရှိသော သည်းမခံနိုင်အောင်အေးလှသည့်ရေရှိသော **လောကန္တရိက်ငရဲ၌ရင်း၊ အသူရကာယ်ဘုံတို့၌ရင်း** ဆင်းရဲမျိုးစုံရှိပါ၏၊ ထိုဆင်းရဲမျိုးစုံသည် ထိုဘုံတို့၌မဖြစ်ပါမူ မဖြစ်နိုင်သည်သာ။ ထို့ကြောင့်လည်း ဤဇာတိသည် ဆင်းရဲဒုက္ခမည်ပေ၏။

ထို့ပြင်လည်း ဘင်ပုပ်ငရဲ၌ကဲ့သို့ အမိဝမ်းတိုက်၌ ကြာမြင့်စွာ နေရစဉ်၌၎င်း ထိုအမိဝမ်းတိုက်မှအပြင်သို့ ထွက်ရစဉ်၌၎င်းသတ္တဝါသည်အလွန်ကြမ်းကြုတ်သော ဆင်းရဲသို့ ရောက်ရ၏။ ဤဆင်းရဲသည်လည်း အစဖြစ်မှုဇာတိနှင့်ကင်း၍မရှိသည်သာ။ ဤအကြောင်းကြောင့်လည်း ဤဇာတိသည် ဆင်းရဲဒုက္ခ ဧကန်အမှန်ပင် ဖြစ်ပါ၏။

**နိဂုံးချုပ်ကြပါစို့**- ဤလောကဝယ် တစ်စုံတစ်ခုသောအရပ်၌ တစ်စုံတစ်ခုသော ဆင်းရဲသည်ရှိ၏။ ဤဆင်းရဲသည်လည်း ဖြစ်မှုဇာတိကင်းလျှင် လုံးဝမရှိနိုင်, မဖြစ်နိုင်၊ ထို့ကြောင့်ဘုရားရှင်သည် **ရှေးဦးစွာ** ဤဇာတိကို ဒုက္ခဟုဟောတော်မူခြင်းဖြစ်ပါ၏။

**ပထမအစဇာတိအဆုံးအဖြတ်ပြီး၏။**

☼ ☼ ☼

## ဇရာကိုအကျယ်ပြဆိုချက်

၅၄၂။ ဇရာပိဒုက္ခာဟူသော ဤစကား၌- အိုခြင်းဇရာသည် နှစ်ပါးအပြားရှိ၏။

၁။ တည်ဆဲခဏ- ဌီဟူသော သင်္ခတလက္ခဏာသည်လည်း ဇရာမည်၏။

၂။ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း စသည်ဖြင့် သမုတ်အပ်သော ခန္ဓာအစဉ်သန္တာန်၌ (တစ်ဘဝတည်း၌ အတွင်းဝင်သော ခန္ဓာတို့၏) ရင့်ရော်ဟောင်းနွမ်းသည်၏ အဖြစ်သည်လည်း ဇရာမည်၏။ (ဤအရာ၌- နံပါတ် ၂-ကို ယူရမည်။)

ထိုဇရာသည် -

| | | | |
|---|---|---|---|
| (က) | ခန္ဓပရိပါကလက္ခဏာ | = | ခန္ဓာတို့၏ ရင့်ကျက်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | မရဏူပနယန ရသာ | = | သေခြင်းဆီသို့ ပို့ဆောင်ခြင်းကိစ္စရှိ၏။ |
| (ဂ) | ယောဗ္ဗနဝိနာသ ပစ္စုပဋ္ဌာနာ | = | နုပျိုသောအရွယ်၏ ပျက်ဆီးခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။ |
| (ဃ) | ဇာတိပဒဋ္ဌာနာ | = | ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။ |

သင်္ခါရဒုက္ခဖြစ်သောကြောင့်၎င်း၊ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့်၎င်း၊ ဆင်းရဲဒုက္ခမည်၏။

ထပ်၍ရှင်းပြရလျှင်- အင်္ဂါကြီးငယ်တို့၏ လျော့လျည်းခြင်း၊ မျက်စိစသော ဣန္ဒြေတို့၏ မှုန်ထိုင်းဖောက်ပြန်ခြင်း၊ ပိန်ချိုင့်ရှုံ့တွ အဆင်းမလှခြင်း၊ အရွယ်၏ပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ပျက်စီးခြင်း၊ သတိပညာကင်းကွာခြင်း၊ သူတစ်ပါးတို့က အဖိုးကြီး,အမယ်ကြီး, သက်ကျားအိုကြီးစသည်ဖြင့် ရှုတ်ချ၍ပြောဆိုခြင်းစသည်များသောအကြောင်းရှိသော အကြင်ကိုယ်ဆင်းရဲ စိတ်ဆင်းရဲသည်ဖြစ်၏။ အိုခြင်းဇရာသည် **ထိုဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်ပါ၏**။ ထို့ကြောင့် အောက်ပါဂါထာအပေါင်းကို ဆိုအပ်ပေသည်။

"ခြေလက်စသော ကိုယ်အင်္ဂါတို့ လျော့လျည်းတွဲကျ မလှမပ၊ မျက်စိစသော ဣန္ဒြေတို့

မှုန်ထိုင်းဖောက်ပြန်၊ ငယ်မူငယ်သွေး နုပျိုတဲ့အရွယ်လည်း ပျောက်ပျက်သွား၍မရှိတော့။ ခွန်အားတွေလည်း ဆုတ်ယုတ်ပျက်စီး၊ သတိ၊ သုတ၊ ဝီရိယ၊ ပညာ စသည်တို့၏ ပျောက်ကွယ်ကင်းသွားခြင်းကြောင့် မိမိ၏သားမယားစသည်တို့ကပင်အဘိုးကြီး၊ သက်ကျားအိုကြီး စသည်ဖြင့် မရိုမသေ စောင်းမြောင်း၍ မောင်းမဲမြည်တွန်ခံရခြင်း၊ ထို့ပြင် သူငယ်ပြန်ခြင်း၊ သူငယ်အဖြစ်သို့ ရောက်ခြင်းဖြင့် အိုသောလူ၏ကိုယ်စိတ်၌ ဖြစ်သော ဆင်းရဲအားလုံးသည် အိုခြင်းဇရာကြောင့်သာပင်ဖြစ်ပါသည်။ ထို့ကြောင့် အိုခြင်းဇရာသည် ဆင်းရဲဒုက္ခ မည်၏ ဟုဟောခြင်းဖြစ်ပါ၏။

**ဇရာအဆုံးအဖြတ်ပြီး၏။**

## မရဏကိုအကျယ်ပြဆိုချက်

၅၄၃။ မရဏမ္ပိ ဒုက္ခံဟူသော ဤစကား၌လည်း- သေခြင်း မရဏသည် နှစ်ပါးအပြား ရှိ၏။

၁။ **ပျက်ဆဲခဏ-** ဘင်ဟူသောသင်္ခတလက္ခဏာသည်လည်းမရဏမည်၏။ (ယင်းကို ရည်၍ "ဇရာမရဏကို နှစ်ပါးသော ခန္ဓာတို့ဖြင့် ရေတွက်အပ်၏"ဟု ဟောတော်မူပါသည်။

*(မှတ်ချက်)ရုပ်၏ဇရာမရဏကို ရူပက္ခန္ဓာအဖြစ်၎င်း၊ နာမ်ခန္ဓာလေးပါးတို့၏ဇရာမရဏကို သင်္ခါရက္ခန္ဓာဖြင့်၎င်း ဤသို့နှစ်ပါးသောခန္ဓာတို့ဖြင့် ရေတွက်အပ်သည်ဟုဆိုလို၏။*

၂။ **တစ်ဘဝတည်း၌ အတွင်းဝင်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်စဲခြင်းသည်လည်း** မရဏမည်၏။ ယင်းကိုရည်၍ "သတ္တဝါတို့မှာ အမြဲပင်သေခြင်းဟူသောကြောက်ဖွယ်ဘေးသည်ဖြစ်လျက်ရှိ၏"ဟုဟောတော်မူပါသည်။ *(ဤအရာ၌ နံပါတ်(၂)ကိုယူရပါမည်။)*

ဘဝအသစ်ဖြစ်ခြင်းဇာတိဟူသောအကြောင်းကြောင့်-သေခြင်း၊ သေကြောင်းပြုမှုပယောဂကြောင့်သေခြင်း၊ သူ့အလိုလိုသေခြင်း၊ သက်တမ်းကုန်၍သေခြင်း၊ ကံစွမ်းကုန်၍သေခြင်းဟူသော ဤအမည်အပေါင်းသည်လည်း ထိုဇီဝိတိန္ဒြေ အစဉ်ပြတ်စဲခြင်းဟူသော သေခြင်း၏အမည်များဖြစ်ပါ၏။ ထိုသေခြင်းမရဏသည်-

(က) စုတိလက္ခဏံ = ဘဝဟောင်းမှ စုတေရွေ့လျောခြင်းလက္ခဏာရှိ၏။

(ခ) ဉာတိမိတ္တဝိပ္ပယောဂရသံ = သက်ဆိုင်ရာ သတ္တဝါသင်္ခါရတို့နှင့် ကင်းကွာစေခြင်းကိစ္စရှိ၏။

(ဂ) ဂတိဝိပ္ပဝါသပစ္စုပဋ္ဌာနံ = ဖြစ်ဆဲဂတိမှ ကွေကွင်းသည့်အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။

(ဃ) ဇာတိပဒဋ္ဌာနံ/ဗျာခိ---ဂါ = ဇာတိလျှင် နီးစွာသောအကြောင်းရှိ၏။ /ဗျာခိ---။

ကိုယ်,စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဆင်းရဲဒုက္ခမည်သည်ဟုသိအပ်၏။

*(မှတ်ချက်) သဗ္ဗေ ဘာယန္တိ မစ္စုနော-ဟူသော ဒေသနာတော်နှင့်အညီ ဒေါသမကင်းသေး သောသူတိုင်း၊ သေခြင်းကိုကြောက်ကြ၏။ထိုသို့ကြောက်ဖွယ်ကောင်း၍အလိုမရှိအပ်သော သဘောဖြစ်သောကြောင့်လည်း မရဏ=သေခြင်းသည် ဒုက္ခမည်၏ဟူလည်းဆိုသင့်၏။ ထို့အတူပင် အိုခြင်းကိုလည်းကြောက်ဖွယ်ကောင်းသောကြောင့်ဒုက္ခမည်၏ဟူ၍လည်း ဆိုသင့်၏။*

ထို့ကြောင့် အောက်ပါဂါထာအပေါင်းကို ဟောဆိုခြင်းဖြစ်ပါသည်။

"သေအံ့ဆဲဆဲဖြစ်နေသော မကောင်းမှုရှိသူမှာ- အကုသိုလ်ကံ အကုသိုလ်ကမ္မနိမိတ် အကုသိုလ်၏အကျိုး အပါယ်ဂတိနိမိတ်ကို မပြတ်တွေ့မြင်နေသည်ဖြစ်၍ရင်း၊ သေအံ့ဆဲဆဲဖြစ်နေသော ကောင်းမှုရှိသူမှာ- ချစ်ဖွယ်ဝတ္ထုနှင့်စပ်သော ကွေကွင်းခွဲခွာရခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ရင်း စိတ်ဆင်းရဲခြင်းအမျိုးမျိုးဖြစ်နေပါ၏။

မကောင်းမှုရှိသူ ကောင်းမှုရှိသူဟုမခွဲဘဲ သာမညအားဖြင့် အလုံးစုံသောသူတို့မှာ လည်း ပုံမှန်လည်ပတ်နေသော ဆက်နွယ်လုပ်ဆောင်မှုများကို ဖြတ်တတ်သော လေတို့က အသည်းနှလုံးစသော သေတွင်းအရပ်ကို ထိုးဆွနှိပ်စက်ခြင်းကို ခံရကုန်သည်ဖြစ်၍ အစပ်အဖွဲ့တို့ကို ဖြတ်ခြင်း ဖြတ်စေခြင်း၊ ပြတ်ခြင်းကြောင့် သည်းမခံနိုင်လောက်သော မကုစားနိုင်ကောင်းသောကိုယ်ဆင်းရဲမျိုးစုံတို့သည်လည်းဖြစ်ပေါ်လာ၏၊ ဤသေခြင်းမရဏသည် ထိုစိတ်ဆင်းရဲကိုယ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်ပါ၏။ထို့ကြောင့် သေခြင်း မရဏကို ဒုက္ခဟူ၍သာလျှင်ဟောတော်မူခြင်းဖြစ်ပါသည်။"

**မရဏအဆုံးအဖြတ်ပြီး၏။**

## သောကစသည်ကိုအကျယ်ပြဆိုချက်

၅၄၄။ သောကစသည်တို့တွင် ဉာတိဗျသန ဆွေမျိုးတို့၏ပျက်စီးခြင်း စသည်တို့ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ စိတ်၏ပူပန်ခြင်းသည် (ဝါ) စိတ်ကိုပူပန်စေတတ်သော သဘောသည် သောက(စိုးရိမ်ပူဆွေးခြင်း)မည်၏။ ယင်းသောကသည်ပရမတ်သဘောတရား ကိုယ်အားဖြင့် ဒေါမနဿဝေဒနာပင်ဖြစ်ငြားသော်လည်း-

(က) အန္တောနိဇ္ဈာနလက္ခဏော = အတွင်း၌ တွေးကြံလျက် ပူဆွေးခြင်းလက္ခဏာရှိ၏။
(ခ) စေတသော ပရိဇ္ဈာပနရသော = စိတ်ကို ထက်ဝန်းကျင်မှ ပူလောင်စေခြင်း ကိစ္စရှိ၏။
(ဂ) အနုသောစနပစ္စုပဋ္ဌာနော = ပြန်လည်ဆင်ခြင်၍ အဖန်တလဲလဲ စိုးရိမ်ပူဆွေးသည့် အနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနော = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်ရင်း၊ ဆင်းရဲအစစ်၏တည်ရာ အကြောင်း ဝတ္ထုဖြစ်သောကြောင့်ရင်း ဒုက္ခမည်၏။

*(မှတ်ချက်) ဗျသနတရား(၅)ပါး- ၁။ဉာတိဗျသန- ဆွေမျိုးတို့၏ပျက်ဆီးခြင်း၊ ၂။ဘောဂဗျသန- စည်းစိမ်ဥစ္စာ၏ပျက်ဆီးခြင်း၊ ၃။ရောဂဗျသန- ရောဂါဆိုးစွဲကပ်နှိပ်စက်ခြင်း၊*

*၄။ သီလဗျသန• သီလပျက်စီးခြင်း၊ ၅။ ဒိဋ္ဌိဗျသန• အယူဖောက်ပြန်ပျက်စီးခြင်းတို့ဖြစ်ပါသည်။*

*ထို့ပြင် **ဒုက္ခဓမ္မဖြစ်သော**= သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းအစရှိသောဆင်းရဲကြောင်းအမှုတို့ကိုလည်း ဗျသနတရား၌ သိမ်းယူပါသည်။*

*နောက်၌ပြလတ္တံ့သော ဒေါမနဿ,ဥပါယာသတို့သည် ဒေါမနဿနှင့်တရားကိုယ်အားဖြင့်တူကြသော်လည်း ဤသောကသည် ဒေါမနဿအထူးဖြစ်သောကြောင့် အသီးအခြားလက္ခဏာစသည်ကိုပြဆိုခြင်းဖြစ်ပါသည်။*

***ကုက္ကုစ္စကို ပြရာ၌လည်း အနုသောစနရသရှိသည်ဟု ပြဆိုခဲ့၏။** ဤအရာ၌လည်း **အနုသောစန** ပစ္စုပဋ္ဌာန်ရှိသည်ဟုဆိုပြန်၏။ ထို**အနုသောစနနှစ်ပါး** အဘယ်သို့ ထူးခြားသနည်းဟု စဉ်းစားဖွယ်ရှိသောကြောင့် ဋီကာ၌ပြထားသည်မှာ- ပြုမိသောအကုသိုလ် မပြုမိသောကုသိုလ် လျှင်အာရုံရှိသော နှလုံးမသာသည့်အခြင်းအရာဖြင့်ဖြစ်သော**(အနုသောစနံ) ပြန်လည်ဆင်ခြင်၍စိုးရိမ်ပူပန်ခြင်းသည်(ကုက္ကုစ္စ)ပေတည်း။** ဉာတိဗျသနစသည်လျှင်အာရုံရှိသော စိတ်၏ပူပန်ခြင်းသက်သက်ဖြစ်သော(အနုသောစနံ) ပြန်လည်ဆင်ခြင်၍ စိုးရိမ်ပူဆွေးခြင်းသည် **(သောက)**ပင်တည်း။ ဤသည်ကား- ထိုနှစ်ပါးတို့၏ ထူးခြားချက်ပေတည်း။ (ဋီကာ)*

ထို့ကြောင့် အောက်ပါဂါထာ နှစ်ပုဒ်ကိုဆိုအပ်ပါသည်။

"သောကသည် သတ္တဝါတို့၏နှလုံးကို အဆိပ်လူးမြားကဲ့သို့ ထိုးဆွနှိပ်စက်တတ်၏။ မီးရဲရဲပူလောင်သော စဉ်းသွားမြားကဲ့သို့ လွန်စွာလည်း အဖန်တလဲလဲလောင်တတ်၏။

နာခြင်း၊ အိုခြင်း၊ သေခြင်း၊ အထူးအပြားရှိသော အမျိုးမျိုးသောဆင်းရဲကိုလည်းအလွန်ပင်ဆောင်ပေးတတ် ဖြစ်စေတတ်၏။ ထို့ကြောင့် ယင်းသောကကို ဒုက္ခဟုဆိုအပ်ပါ၏။

**သောကအဆုံးအဖြတ်ပြီး၏။**

## ပရိဒေဝ၌အဆုံးအဖြတ်

၅၄၅။ **ပရိဒေဝ**= ငိုကြွေးခြင်း,မည်တမ်းခြင်းဆိုသည်မှာ-ဉာတိဗျသနစသည်တို့ဖြင့်တွေ့ထိနှိပ်စက်ခံရသောသူမှာ- နှုတ်ဖြင့်ရောက်တတ်ရာရာမြည်တမ်းပြောဆိုခြင်း **စိတ္တဇ ဝိပလ္လာသ-သဒ္ဒ**ဖြစ်ပါသည်။ **ယင်းပရိဝေဒသည်**-

| | | |
|---|---|---|
| (က) လာလပ္ပနလက္ခဏော | = | အထပ်ထပ်မည်တမ်းပြောဆိုခြင်းလက္ခဏာရှိ၏။ |
| (ခ) ဂုဏဒေါသကိတ္တနရသော | = | သေသူစသည်၏ဂုဏ်နှင့်အပြစ်တို့ကို ကြွေးကြော်ပြောကြားခြင်းကိစ္စရှိ၏။ |
| (ဂ) သမ္ဘမပစ္စုပဋ္ဌာနော | = | ချာချာလည်နေသောစကားဟု ဉာဏ်အား ရှေးရှုထင်၏၊ (ဝါ) စိတ်၏ ဝေ-နောက်- မူးလည်ခြင်းကို ရှေးရှုဖြစ်စေတတ်၏။ |
| (ဃ) ဇာတိပဒဋ္ဌာနော | = | ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။ |

သင်္ခါရဒုက္ခဖြစ်သောကြောင့်၎င်း၊ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့်၎င်း ဒုက္ခမည်၏။

ထို့ကြောင့် အောက်ပါဂါထာကို ဆိုခြင်းဖြစ်ပါသည်။

သောကမြှားငြောင့် အနှိပ်စက်ခံရသောကြောင့် ငိုကြွေးသောသူသည် လည်ချောင်း နှုတ်ခမ်း၊ အာစောက်အပြင်အရပ်တို့၏ခြောက်သွေ့ခြင်းကြောင့်ဖြစ်သောသည်းမခံနိုင် ကောင်းသော လွန်ကဲပြင်းထန်သော ဆင်းရဲကို နောက်ထပ်ရပြန်သည်သာတည်း။ ထို့ကြောင့် ဘုရားရှင်သည် ငိုကြွေးမှု- ပရိဒေဝကို ဆင်းရဲဒုက္ခဟုဟောတော်မူပါသည်။

**ပရိဒေဝအဆုံးအဖြတ်ပြီး၏။**

## ဒုက္ခ၌အဆုံးအဖြတ်

၃၄၆။ ကိုယ်ထဲ၌ဖြစ်သောဆင်းရဲ (ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာစေတသိက်)သည် ဒုက္ခမည်၏။ ယင်းဒုက္ခသည်-

(က) ကာယပီဠနလက္ခဏ် = ကိုယ်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏။
(ခ) ဒုပ္ပညာနံ ဒေါမနဿ ကရဏရသံ = ပညာမဲ့သူတို့အား နှလုံးမသာခြင်းကို ပြုခြင်းကိစ္စရှိ၏။
(ဂ) ကာယိကာဗာဓပစ္စုပဋ္ဌာနံ = ကိုယ်ထဲ၌ဖြစ်သော နာကျင်ခံခက် နှိပ်စက်တတ်သောအနာဟု ဉာဏ်အားရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်၎င်း၊ စိတ်ဆင်းရဲကိုဆောင်ပေးတတ်၊ ဖြစ်စေတတ်သောကြောင့်၎င်းဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာကိုဆိုခြင်းဖြစ်ပါသည်။

"ဤကိုယ်ဆင်းရဲသည် (သူ၏တည်ရာကိုယ်ကို (ဝါ) သူ၏တည်ရာပုဂ္ဂိုလ်ကို) နှိပ်စက်တတ်၏၊ထို့ထက်အလွန်(ဝါ)ထို့ပြင်စိတ်ဆင်းရဲကိုလည်းဖြစ်စေတတ်၏။ထို့ကြောင့် အထူးအားဖြင့် ဒုက္ခဟုဟောတော်မူခြင်းဖြစ်ပါ၏။

**ဒုက္ခအဆုံးအဖြတ်ပြီး၏။**

## ဒေါမနဿ၌ အဆုံးအဖြတ်

၃၄၇။ စိတ်ထဲ၌ဖြစ်သောနှလုံးမသာခြင်းဆင်းရဲ (ဒေါသမူဒွေ၌ရှိသောဝေဒနာ စေတသိက်)သည် ဒေါမနဿမည်၏။ ယင်းဒေါမနဿသည်-

(က) စိတ္တပီဠနလက္ခဏ် = စိတ်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏။
(ခ) မနောဝိဃာတရသံ = စိတ်ကိုပင်ပန်းစေခြင်းကိစ္စရှိ၏။
(ဂ) မာနသဗျာဓိပစ္စုပဋ္ဌာနံ = စိတ်ထဲ၌ဖြစ်သောနာကျင်ခံခက်နှိပ်စက်သော အနာဟု ဉာဏ်အားရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်၎င်း၊ ကိုယ်ဆင်းရဲကို ဆောင်တတ်၊ ဖြစ်စေတတ်သောကြောင့်၎င်း၊ ဒုက္ခမည်၏။ မှန်ပါသည်။ စိတ်ဆင်းရဲရောက်နေသောသူတို့သည် ဆံပင်တို့ကိုဖြန့်ကြဲ၍ မြည်တမ်းငိုကြွေးကုန်၏။ ရင်ဘတ်တို့ကို ထုကုန် ကြိတ်ကုန်၏၊ ရှေ့သို့လည်း လူးလိမ့်သွားကုန်၏။ ပြန်၍လည်း လူးလိမ့်လာကုန်၏၊ ဇောက်ထိုးလဲကုန်၏။ (ဝါ) ကျွမ်းထိုးချကုန်၏။ ဓားလက်နက်ဖြင့် သူ့ကိုယ်ကို ထိုးခုတ်ကုန်၏။ အဆိပ်ကိုစားကုန်၏။ ကြိုးဆွဲချကုန်၏၊ မီးပုံထဲသို့ဝင်ကုန်၏။ ဤသို့ ကိုယ်ဆင်းရဲအမျိုးမျိုးတို့ကိုခံစားကုန်၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုခြင်းဖြစ်ပါသည်။

"ဒေါမနဿသည်- စိတ်ကို နှိပ်စက်တတ်၏။ ကိုယ်ကိုနှိပ်စက်ခြင်းကိုလည်း ဆောင်တတ်ဖြစ်စေတတ်၏။ ထို့ကြောင့်ဒေါမနဿကို-ဒေါမနဿကင်းကုန်သောဘုရားရဟန္တာ **အရှင်မြတ်တို့က** ဒုက္ခဟုမိန့်ဆိုတော်မူကြခြင်းဖြစ်ပါ၏။

**ဒေါမနဿအဆုံးအဖြတ်ပြီး၏။**

## ဥပါယာသဒ္ဒအဆုံးအဖြတ်

၅၄၈။ **ဥပါယာသမည်သည်ကား-** ဉာတိဗျသနစသည်တို့ဖြင့်တွေ့ထိနှိပ်စက်ခံရသောသူမှာ- အလွန်အမင်းစိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော (ဒေါသမူဒွေ့ဒ္ဒရှိသောဒေါသ **စေတသိက်)**ပင်ဖြစ်သည်။ (ကေ) အချို့ဆရာတို့က "သင်္ခါရက္ခန္ဓာ၌အတွင်းဝင်သောတရားတစ်ခု"ဟုဆိုကြ၏။ **ယင်းဥပါယာသသည်-**

(က) စိတ္တပရိဒဟနလက္ခဏော = စိတ်ကို ထက်ဝန်းကျင် ပူလောင်ခြင်းလက္ခဏာရှိ၏။
(ခ) နိတ္ထုနနရသော = ညီးတွားခြင်းဟူသော သမ္ပတ္တိရသရှိ၏။ (ဝါ) ညီးတွားစေခြင်းကိစ္စရသရှိ၏။
(ဂ) ဝိသာဒပစ္စုပဋ္ဌာနော = ကိုယ်စိတ်တို့ကိုနစ်ကျစေတတ်သောသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

သင်္ခါရဒုက္ခဖြစ်သောကြောင့်၎င်း၊ စိတ်ကိုပူလောင်တတ်သောကြောင့်၎င်း၊ ကိုယ်ကိုနစ်ကျပင်ပန်းစေတတ်သောကြောင့်၎င်းဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာတို ဟောတော်မူပါ၏။

"ဥပါယာသသည် စိတ်ကို ပူလောင်ခြင်းဖြင့်၎င်း၊ ကိုယ်ကို နစ်ကျစေခြင်း၊ ပင်ပန်းစေခြင်းဖြင့်၎င်း၊ လွန်ကဲသော ကိုယ်စိတ်ဆင်းရဲကို ဖြစ်စေတတ်၏။ ထို့ကြောင့် ယင်းကို ဒုက္ခဟူ၍ ဟောတော်မူခြင်းဖြစ်ပါ၏။

*(မှတ်ချက်) စိတ်ဓာတ်ကျခြင်း၊အားလျော့ခြင်းကို စိတ်၏နစ်ကျခြင်းဟူ၍၎င်း၊ ထိုသို့ စိတ်ဓာတ်ကျသောအခါ ကိုယ်၏အားလျော့ခြင်း၊ နွမ်းနယ်ပင်ပန်းခြင်းကို ကိုယ်၏နစ်ကျခြင်းဟူ၍၎င်း,ယူ၍ထိုသို့သောနစ်ကျခြင်းကို ဥပါယာသက ဖြစ်စေသည့်အနေဖြင့် ဉာဏ်အား ထင်သည်ဟု' ယူရာ၏။*

**ဥပါယာသအဆုံးအဖြတ်ပြီး၏။**

ဆက်၍ရှင်းပြဦးမည်။ ဤသောက,ပရိဒေဝ,ဥပါယာသတို့တွင်- အားနည်းသော မီးဖြင့် (ဆီ၊ နို့ရည် စသည်တို့၏) အိုး၏အတွင်း၌ ကျက်ခြင်းကဲ့သို့ သောကကိုမှတ်အပ်၏။ (ဒေါမနဿဝေဒနာရ၏။)

ပြင်းထန်သောမီးဖြင့်ကျိုချက်အပ်သောဆီ၊နို့ရည်စသည်တို့၏အိုးမှအပြင်သို့ ဝေလျှံ ထွက်ခြင်းကဲ့သို့ပရိဒေဝကိုမှတ်အပ်၏။ (စိတ္တဇဝိပလ္လာသသဒ္ဒရ၏။)

အပြင်သို့ထွက်ပြီးမှကြွင်းကျန်သောဝေလျှံ၍မထွက်လောက်သောဆီ၊နို့ရည် စသည်တို့၏ အိုး၏အတွင်း၌သာလျှင် ချောက်ခမ်း၍ ကုန်သွားသည့်တိုင်အောင် ကျက်ခြင်း ကဲ့သို့ ဥပါယာသကိုမှတ်အပ်၏။ (ဒေါသစေတသိက်ရ၏။) *[ခဏ, ခဏမေး၏။]*

## အပ္ပိယသမ္ပယောဂ၌အဆုံးအဖြတ်

၃၄၉။ အပ္ပိယသမ္ပယောဂ- မချစ်အပ် မုန်းအပ်သည်တို့နှင့် ယှဉ်ခြင်းမည်သည်ကား- မနှစ်သက်မမြတ်နိုးအပ်ကုန်သောသတ္တဝါသင်္ခါရတို့နှင့် ပေါင်းဆုံရခြင်းကိုဆိုပါသည်။

ယင်းအပ္ပိယသမ္ပယောဂသည်-

(က) အနိဋ္ဌသမောဓာနလက္ခဏော= အလိုမရှိအပ်သည်နှင့် ပေါင်းဆုံခြင်းလက္ခဏာရှိ၏။
(ခ) စိတ္တဝိဃာတကရဏရသော = စိတ်၏ပင်ပန်းခြင်းကို ပြုခြင်းကိစ္စရှိ၏။
(ဂ) အနတ္ထဘာဝပစ္စုပဋ္ဌာနော = အကျိုးမဲ့အဖြစ်ဖြင့်ဉာဏ်အားရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

ဆင်းရဲအစစ် ဒုက္ခ၏တည်ရာအကြောင်းဖြစ်သောကြောင့် ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာနှစ်ပုဒ်ကို ဟောတော်မူပါသည်။

"ဤလောက၌ မချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ်အာရုံတို့ကိုမြင်၍ပင်လျှင် (ဝါ) မြင်ကာ မျှပင်လျှင်ရှေးဦးစွာစိတ်ထဲ၌ဆင်းရဲသည်ဖြစ်၏။ထို့ကြောင့်ယင်းပုဂ္ဂိုလ်အာရုံတို့၏ ပယောဂ ကြောင့်ဖြစ်သောဆင်းရဲသည် ကိုယ်ထဲ၌ဖြစ်၏။

ထိုသို့ ဒုက္ခနှစ်ပါးလုံး၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ယင်းမချစ်မနှစ် လိုအပ်သော ပုဂ္ဂိုလ်,အာရုံတို့နှင့်ပေါင်းဆုံခြင်းကို ဘုရားရှင်က ဒုက္ခဟုဟောတော်မူခြင်း ဖြစ်ပါသည်။

အပ္ပိယသမ္ပယောဂအဆုံးအဖြတ်ပြီး၏။

## ပိယဝိပ္ပယောဂ၌အဆုံးအဖြတ်

၃၅၀။ပိယဝိပ္ပယောဂ- ချစ်နှစ်လိုအပ်သည်တို့နှင့်ကွေကွင်းကွဲကွာခြင်းမည်သည်ကား- နှစ်သက်မြတ်နိုးအပ်ချစ်အပ်ကုန်သောသတ္တဝါသင်္ခါရတို့နှင့်ကင်းကွာခြင်းပေတည်း။

ယင်းပိယဝိပ္ပယောဂသည်-

(က) ဣဋ္ဌဝတ္ထုဝိယောဂလက္ခဏော= အလိုရှိအပ်သောအရာတို့နှင့် ကင်းကွာခြင်းလက္ခဏာ
(ခ) သောကုပ္ပါဒနရသော = သောကဖြစ်စေခြင်းကိစ္စရှိ၏။

(ဂ) ဗျသနပစ္စုပဋ္ဌာနော = ပျက်စီးခြင်း ဗျသနတရားဟု ဉာဏ်အားရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

စိုးရိမ်ပူဆွေးမှု- ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာကို ဟောတော်မူပါသည်။

"မလိမ္မာသောသူတို့သည် ဆွေမျိုးဥစ္စာစသည်တို့နှင့်ကွေကွင်းကွဲကွာခြင်းကြောင့် သောကမြား စူးဝင်(အပ်)ကုန်သည်ဖြစ်၍ အထိုးအဆွ ခံရသကဲ့သို့ နာကျင်ကုန်၏။ ထို့ကြောင့် ဤပိယဝိပ္ပယောဂကိုဒုက္ခဟုသိအပ်ပါ၏။

**ပိယဝိပ္ပယောဂအဆုံးဖြတ်ပြီး၏။**

## ဣစ္ဆိတာလာဘ (လိုတာမရခြင်း) ၌အဆုံးအဖြတ်

၅၅၁။ ယမ္ပိစ္ဆံ နလဘတိ-ဟူသော ဤစကား၌ "ငါတို့သည် ဖြစ်ခြင်းသဘောရှိကြသည် မဖြစ်ပါကုန်မူ(ဝါ) ဖြစ်ခြင်းသဘောမရှိကြပါမူ၊ ဩော်-ကောင်းလေစွ" ဟု တောင့်တခြင်းအစရှိကုန်သော တောင့်တ၍မရနိုင်ကောင်းသောဝတ္ထုတို့၌ အလိုလိုပင်လျှင် **ယမ္ပိစ္ဆံ-နလဘတိ တမ္ပိ ဒုက္ခံ**= အကြင်လိုချင်ခြင်းကိုမရ ထိုမရနိုင်တာကို လိုချင်ခြင်းသည်လည်း ဆင်းရဲပင်ဟူ၍ ဟောတော်မူပါသည်။

ထို(အလို=ဣစ္ဆာ)သည်-

(က) အလဗ္ဘနေယျဝတ္ထုဣစ္ဆန လက္ခဏာ = မရနိုင်သောဝတ္ထုကို လိုချင်တောင့်တခြင်း လက္ခဏာရှိ၏။
(ခ) တပ္ပရိယေသနရသာ = ထို မရနိုင်သည်ကိုပင် ရှာခြင်းကိစ္စရှိ၏။
(ဂ) တေသံအပ္ပတ္တိပစ္စုပဋ္ဌာနာ = ထိုမရနိုင်သောဝတ္ထုများကိုမရခြင်းမရောက်ခြင်း သဘောအနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။
(ဃ) ဇာတိပဒဋ္ဌာနံ = ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။

(ဆင်းရဲအစစ်၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဒုက္ခမည်၏။)

*(မှတ်ချက်) ဣစ္ဆိတ=မိမိအလိုရှိအပ်သောတစ်စုံတစ်ခုကို+ အလာဘ= မရခြင်းသည်= ဣစ္ဆိတာလာဘမည်၏။*

*ယမ္ပိစ္ဆံနလဘတိကိုအနက်ပြန်ပုံနှစ်မျိုး။ ဣစ္ဆံ- အလိုကို(ဝါ)အလိုရှိအပ်သည်ကို၊ ယံနလဘတိ- အကြင်မရ၊ ထိုမရခြင်းသည်လည်းဒုက္ခပါတည်း။*

*ယမ္ပိဣစ္ဆံ= အကြင်အလိုကိုလည်း၊ နလဘတိ- မရ(ဝါ)အလိုအတိုင်းမဖြစ်၊ တမ္ပိ- မရနိုင်သောထိုအလိုသည်လည်း(ဝါ)မရနိုင်တာကိုလိုချင်သောထိုအလိုသည်လည်း ဒုက္ခံ= ဆင်းရဲပါတည်း။*

ထို့ကြောင့်အောက်ပါဂါထာနှစ်ပုဒ်ကို ဟောတော်မူပါသည်။

"ဤလောက၌ ထိုထိုမရကောင်းနိုင်သည့်အရာကို လိုချင်တောင့်တသောသတ္တဝါတို့အား- ထိုထိုတောင့်တသည့်အရာကိုမရခြင်းကြောင့် စိတ်ပင်ပမ်းခြင်းဖြင့်ပြီးသော(ဝါ)

စိတ်ပင်ပမ်းခြင်းကြောင့်ဖြစ်သော အကြင်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲသည် ဖြစ်ပေါ်၏။

ထိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ၏အကြောင်းကား- မရနိုင်သော ဝတ္ထုတို့ကို လိုချင်တောင့်တခြင်းပင်တည်း။ ထို့ကြောင့် ဘုရားရှင်သည်၊ ဣစ္ဆိတာလာဘ= လိုချင်တာမရခြင်း၊ မရနိုင်တာကိုလိုချင်ခြင်းကို ဒုက္ခဟု ဟောတော်မူခြင်းဖြစ်ပါသည်။

*(မှတ်ချက်) ရှေ့နှာ- မှတ်ချက်၌ ပြခဲ့သည့်အတိုင်း ဣစ္ဆိတာလာဘသည် သဒ္ဒါအနက်အားဖြင့် လိုချင်တာမရခြင်းပင်ဖြစ်သည်။ သို့သော်ထိုမရခြင်းမှာ- ပရမတ္ထအားဖြင့် တရားကိုယ်မရှိသောကြောင့်ယင်းကို ဒုက္ခသစ္စာဟုမဆိုထိုက်၊ ထို့ကြောင့် ထိုပုဒ်ဖြင့်ဆိုလိုသည်မှာ- မရနိုင်သည်ကို လိုချင်ခြင်းပင်ဖြစ်သည်။ ဤအနက်ကို ဣစ္ဆိတာလာဘဟူသောပုဒ်ဖြင့်- **အလဗ္ဘနေယျ ဝတ္ထုမှိ ဣစ္ဆာ**= မရနိုင်သည်ကိုလိုချင်ခြင်းကိုသာလျှင်ဆိုသည်ဟုဖွင့်ပြသော မူလဋီကာဖြင့်သိအပ်၏။*

**ဣစ္ဆိတာလာဘအဆုံးအဖြတ်ပြီး၏။**

## ပဉ္စုပါဒါနက္ခန္ဓာတို့၌အဆုံးအဖြတ်

၅၅၂။ အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲတို့ ဖြစ်ပါ၏။ ဤစကား၌ကား-

ဤဒုက္ခသစ္စနိဒ္ဒေသ၌ ဘုရားရှင်ဟောထားသောဇာတိအစရှိသောအကြင်ဆင်းရဲသည်လည်း ရှိ၏။ ဤ၌ မဟောအပ်သော ဒုက္ခက္ခန္ဓသုတ်စသည်တို့၌ဟောထားသော အကြင်ဆင်းရဲသည်လည်း ရှိ၏။ ထိုဆင်းရဲအလုံးစုံတို့သည် ဤဥပါဒါနက္ခန္ဓာတို့နှင့် ကင်း၍မရှိပေ။

ထို့ကြောင့် ဒုက္ခ၏အဆုံး နိဗ္ဗာန်ကိုဟောကြားတော်မူသောဘုရားရှင်သည် အကျဉ်းအားဖြင့် ဤဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခဟု ဟောတော်မူခြင်းဖြစ်ပါသည်။

ထိုစကားကို ချဲ့ပြရလျှင်- မီးသည် မီးလောင်စာကို နှိပ်စက်သကဲ့သို့၎င်း၊ မြားစသော လက်နက်တို့သည်- လက်မှန်တိုင်ကိုနှိပ်စက်သကဲ့သို့၎င်း၊ မှက်,ခြင်-စသည်တို့သည် နွားအပေါင်းကိုနှိပ်စက်သကဲ့သို့၎င်း၊ ကောက်ရိတ်သမားတို့သည်-လယ်ခင်းကို ရိတ်ဖြတ်နှိပ်စက်သကဲ့သို့၎င်း၊ ရွာဖျက်ဓားပြတို့သည်- ရွာကို နှိပ်စက်ကုန်သကဲ့သို့၎င်း၊ ဇာတိစသည်တို့သည် ဥပါဒါနက္ခန္ဓာငါးပါးကိုသာလျှင် အထူးထူးသောအပြားတို့ဖြင့် နှိပ်စက်ကုန်လျက် မြက်နွယ်စသည်တို့သည် မြေ၌ပေါက်ကုန်သကဲ့သို့၎င်း၊ အပွင့်အသီးအရွက်တို့သည် သစ်ပင်တို့၌ဖြစ်ကုန်သကဲ့သို့၎င်း၊ ဥပါဒါနက္ခန္ဓာတို့၌သာလျှင်ဖြစ်ကုန်၏။

ထပ်ရှင်းပြဦးမည်- ဥပါဒါနက္ခန္ဓာတို့၏အစဖြစ်သောဆင်းရဲသည် ဇာတိဖြစ်၏။ အလယ်၌ဆင်းရဲသည် ဇရာ၊ အဆုံး၌ဆင်းရဲသည် မရဏဖြစ်၏။ သေခါနီး၌ဖြစ်သည့် ဆင်းရဲတို့က နှိပ်စက်ခြင်းကြောင့် စိတ်ပူလောင်ခြင်း ဆင်းရဲသည် သောကဖြစ်၏။ ထိုသောကကို သီးမခံနိုင်ခြင်းကြောင့် မြည်တမ်းခြင်းဆင်းရဲသည် ပရိဒေဝဖြစ်၏။ ထိုမြည်တမ်းခြင်းကြောင့် (ဝါ) ဓာတ်ချောက်ခြားခြင်းဟုဆိုအပ်သော အနိဋ္ဌအတွေ့အာရုံနှင့်တွေ့ဆုံခြင်းကြောင့် ကိုယ်၏ နာကျင်ခံခက်နှိပ်စက်သောဆင်းရဲသည် ဒုက္ခဖြစ်၏။ ထိုဒုက္ခဖြင့်အနှိပ်စက်ခံရ

သောပုထုဇဉ်တို့အားယင်းဒုက္ခ၌အမျက်ဒေါသဖြစ်ခြင်းကြောင့်စိတ်၏နာကျင်ခံခက် နှိပ်စက်သောဆင်းရဲသည် **ဒေါမနဿ**ဖြစ်၏။ သောကစသည်တို့ တိုးပွားခြင်းကြောင့် ဖြစ်ပေါ်သောပင်ပမ်းခြင်း စိတ်ခေတ်ကျခြင်းရှိကုန်သောသူတို့၏ ညီးတွားကြောင်းဆင်းရဲသည် **ဥပါယာသ** ဖြစ်၏။ စိတ်အလိုပျက်စီးကုန်သောသူတို့၏ အလို၏ပျက်စီးခြင်းဆင်းရဲသည် **ဣစ္ဆိတာလာဘ**ဖြစ်၏။ ဤဆိုခဲ့အတိုင်း အမျိုးမျိုးရှုဆင်ခြင်ကြည့်လျှင် ဥပါဒါနက္ခန္ဓာတို့သည်သာလျှင် ဆင်းရဲဒုက္ခတို့ဖြစ်ကြပါ၏။

သို့ဖြစ်၍ ယခုပြဆိုခဲ့သော ဆင်းရဲအပေါင်းကို တစ်ခုတစ်ခုချင်းပြဆိုနေလျှင် များးစွာသောကပ်ကမ္ဘာတို့ကုန်သော်လည်း ကုန်အောင်ဆိုရန်မစွမ်းနိုင်ပေ၊ ထို့ကြောင့် ထိုဆင်းရဲအလုံးစုံကို **ရေတစ်ပေါက်၌အရသာဖြင့်+သမုဒ္ဒရာရေအားလုံး၏အရသာကို ပြသကဲ့သို့** အလုံးစုံသော ဥပါဒါနက္ခန္ဓာတို့၌ ချုံး၍ပြခြင်းငှာ- **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ**= အကျဉ်းအားဖြင့် ငါးပါးကုန်သာဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲတို့ပင်"ဟု ဘုရားရှင် ချုံး၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

**ဥပါဒါနက္ခန္ဓာအဆုံးအဖြတ်ပြီး၏။**
**ဒုက္ခနိဒ္ဒေသပြီး၏။**

❖ ❖ ❖

## သမုဒယကိုအကျယ်ပြဆိုချက်

၅၅၃။ သမုဒယနိဒ္ဒေသ၌- **ယာယံတဏှာ** (ယာ+အယံ တဏှာ) အကြင်တဏှာသည် တဖန်ဘဝသစ်ကိုပြုလေ့ရှိသောကြောင့် **ပေါနောဘဝိကာ**-မည်၏။

နှစ်သက်တပ်စွဲခြင်းနှင့်တကွဖြစ်သောကြောင့် **နန္ဒီရာဂသဟဂတာ**မည်၏။

နှစ်သက်တပ်စွဲသောနန္ဒီရာဂနှင့်တကွ အရတရားကိုယ်အားဖြင့် တစ်ခုတည်းအဖြစ်သို့ရောက်သည်ဟုဆိုလို၏။

**တတြတတြာဘိနန္ဒိနီ**ဆိုသည်မှာ- အကြင်အကြင်ဘဝယောနိစသည်၌ဖြစ်၏၊ ထိုထိုဖြစ်ရာ ဘဝယောနိစသည်၌ နှစ်သက်ပျော်မွေ့လျက်ရှိ၏။ ဟုဆိုလို၏။

**မေး**- "ထိုတဏှာသည် အဘယ်နည်းဟုမေးရာ၌-

**ဖြေ**- ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော ဤတဏှာတို့သည် ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ၌ ထင်ရှားပါလိမ့်မည်။ ဤသမုဒယကိုအကျယ်ပြရာ၌ သုံးပါးအပြားရှိသောဤတဏှာသည် ဒုက္ခသစ္စာကိုဖြစ်စေတတ်သောအကြောင်းအနက်အားဖြင့် တစ်ခုတည်းအဖြစ်သို့ဆောင်ထည့်၍ (ဒုက္ခသမုဒယော အရိယသစ္စံ) ဒုက္ခသမုဒယဖြစ်သော အရိယသစ္စာဟူ၍ ဟောတော်မူသည်ဟုသိအပ်ပါ၏။

## နိရောဓကို အကျယ်ပြဆိုချက်

၁၅၄။ ဒုက္ခနိရောဓနိဒ္ဒေသ၌ "ယောတဿာယေဝတဏှာယ" ဤသို့အစရှိသော နည်းဖြင့် သမုဒယ၏ချုပ်ခြင်းကိုဟောထားသည်။ ၎င်းကို အဘယ့်ကြောင့်ဟောပါသနည်း ဟုမေးရာ၌ သမုဒယ၏ချုပ်ခြင်းကြောင့် ဒုက္ခ၏ချုပ်ခြင်း၊ ပြီးစီးခြင်းကြောင့် ဟောပါသည်။

မှန်ပါသည်။ သမုဒယ၏ချုပ်ခြင်းကြောင့် ဒုက္ခသည်ချုပ်၏၊ အခြားအကြောင်းကြောင့် ချုပ်သည်မဟုတ်။ ထို့ကြောင့် အောက်ပါဂါထာကိုဟောတော်မူပါသည်။

"အမြစ်သည် ဘေးရန်မရှိဘဲ ခိုင်မြဲအားရှိနေလျှင် သစ်ပင်သည်ခုတ်ဖြတ်ထားပြီးဖြစ်သော်လည်း တစ်ဖန်ပေါက်ရောက်စည်ပင်သည်သာဖြစ်သကဲ့သို့ ဤအတူပင် တဏှာ အနုသယကို မပယ်မနုတ်ရသေးလျှင် ဤဆင်းရဲသည် အဖန်ဖန် ပြန်၍ဖြစ်နေတော့သည်" သာဟု ဟောတော်မူပါသည်။

**ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။**
**ဧဝမ္ပိ တဏှာနုသယေ အနုဟတေ၊ နိဗ္ဗတ္တတီဒုက္ခမိဒံ ပုနပ္ပုနံ။**

မူလေ= အမြစ်သည်၊ အနုပဒ္ဒဝေ= ဖျက်ဆီးခြင်းဘေးရန်မရှိဘဲ၊ ဒဠှေ= ခိုင်မြဲအားရှိနေလတ်သော်၊ ရုက္ခော= သစ်ပင်သည်၊ ဆိန္နောပိ= ခုတ်ဖြတ်အပ်ပြီးဖြစ်သော်လည်း၊ ပုန= တစ်ဖန်၊ ရူဟတိဧဝယထာပိ= အကိုင်းအခက်ပေါက်ရောက်လျက်စည်ပင်သည်သာ ဖြစ်သကဲ့သို့၊ ဧဝမ္ပိ= ဤအတူပင်၊ တဏှာနုသယေ= အကြောင်းညီညွတ်လျှင်ဖြစ်နိုင်သော၊ တဏှာအနုသယကို၊ အနုဟနတေ= မပယ်မနုတ်အပ်သေးသည်ရှိသော်၊ ဣဒံဒုက္ခံ= ဤရုပ်နာမ် ခန္ဓာဆင်းရဲသည်၊ ပုနပ္ပုနံ= အဖန်ဖန်၊ နိဗ္ဗတ္တတိ= ဖြစ်မြဲမသွေဖြစ်နေတော့သတည်း။ *(ဓမ္မပဒ)*

ဤဆိုခဲ့သည့်အတိုင်း သမုဒယချုပ်ခြင်းကြောင့်သာလျှင် ဒုက္ခသည်ချုပ်၏။ ထို့ကြောင့် ဘုရားရှင်သည် ဒုက္ခနိရောဓကိုဟောတော်မူသောအခါ သမုဒယနိရောဓ= သမုဒယ၏ ချုပ်ခြင်းဖြင့်သာလျှင်ဟောတော်မူပါ၏။

မှန်ပါသည်။ (ဘုရားရှင်သည် ခြင်္သေ့နှင့်တူသော ပြုကျင့်ခြင်းရှိ၏။) ဘုရားရှင်တို့ သည်ဆင်းရဲဒုက္ခကိုချုပ်စေကုန်သော်၎င်း၊ ဆင်းရဲ၏ချုပ်ခြင်း ဒုက္ခနိရောဓကို ဟောတော်မူ သောအခါ၌သော်၎င်း၊ အကြောင်း၌ကျင့်ခြင်းကိုသာ- ကျင့်လည်းကျင့်, ဟောလည်းဟော တော်မူကုန်၏။ အကျိုး၌မကျင့်၊ မဟောကုန်။

ကွဲလွဲသည်ကိုပြရလျှင်-(တိတ္ထိတို့မှာမူကား- ခွေးနှင့်တူသောပြုကျင့်ခြင်းရှိကုန်၏)ထိုတိတ္ထိ တို့သည် ဒုက္ခကိုချုပ်စေရာ၌၎င်း၊ ဒုက္ခ၏ချုပ်ခြင်း၊ ဒုက္ခနိရောဓကို ဟောတော်မူသော အခါ၌၎င်း၊ ကိုယ်ပင်ပမ်းအောင်ပြုကျင့်မှုကို ဟောခြင်းစသည်တို့ဖြင့် အကျိုး၌သာကျင့်ကုန်၊ ဟောကုန်၏။ အကြောင်း၌မကျင့် မဟောကုန်။ ဤသို့လျှင် ရှေးဦးစွာ သမုဒယနိရောဓ၏ အစွမ်းအားဖြင့် ဒုက္ခနိရောဓကိုဟောခြင်း၏ ပယောဇဉ် (အကျိုး)ကိုသိအပ်ပါ၏။

## ပါဠိစကားလုံးတို့၏အဓိပ္ပါယ်ကိုဖွင့်ဆိုရှင်းလင်းပြခြင်း

## တဿာယေဝ တဏှာယ အသေသဝိရာဂနိယောဓောပုဒ်၌- ရသင့်သောအဓိပ္ပါယ်နှင့်တရားများ

၅၅၅။ **ထိုတဏှာ၏ပင်လျှင်** ဆိုသည်မှာ- ပေါနောဗ္ဘဝိကာ= တဖန်ဘဝသစ်ကိုဖြစ်စေတတ်၏ ဟုဆိုခြင်းဖြစ်ပါသည်။ ကာမတဏှာ၏အစွမ်းဖြင့် ဝေဖန်ပြထားသောတဏှာ၏ပင်လျှင် ထိုတဏှာ၏ချုပ်ခြင်းနှင့်ပတ်သတ်၍ပြဆိုရာ၌-

## ဝိရာဂ၏အနက်အဓိပ္ပါယ်အရကောက်နှစ်မျိုးဖော်ပြပုံ

(က) မဂ်ကို ဝိရာဂဟုရင်း၊ (ဝိရာဂေါ ဝုစ္စတိ မဂ္ဂေါ)

(ခ) ပဟာန
- အကြွင်းမဲ့ **ဖျက်ခြင်း,ပယ်ခြင်း**ကို ဝိရာဂဟုရင်း၊ (ဝိရာဂေါတိ ပဟာနံ ဝုစ္စတိ)
- အကြွင်းမဲ့ **ချုပ်ခြင်း,ပယ်ခြင်း**ကို နိရောဓဟုရင်း(နိရောဓော ပဟာနံဝုစ္စတိ)

(က) **ဝိရာဂေါ ဝုစ္စတိ မဂ္ဂေါ** (မဂ္ဂေါ= မဂ်ကို၊ ဝိရာဂေါ= ဝိရာဂဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏၊)

**ဝိရာဂါ ဝိမုစ္စတိ** ( ဝိရာဂေါ= သမုဒယ၏ ပြတ်ကြောင်းဖြစ်သော အရိယာမဂ်ကြောင့် ဝိမုစ္စတိ= လွတ်မြောက်၏၊ (ဝါ) ဝိမုတ္တိဟူသောဖိုလ်ဖြစ်၏။)

[ဋီကာ၌လည်း- ဝိရဇ္ဇတိ ပလုဇ္ဇတိ ဆိဇ္ဇတိ သမုဒယော ဧတေနာတိ ဝိရာဂေါ ဝုစ္စတိ မဂ္ဂေါ၊ (ဧတေန= ဤမဂ်ဖြင့်၊ သမုဒယော= သမုဒယကို၊ ဝိရဇ္ဇတိ= ကင်း၏၊ ပလုဇ္ဇတိ= ပျက်၏၊ ဆိဇ္ဇတိ= ပြတ်၏၊ ဣတိ= တသ္မာ= ထို့ကြောင့်၊ ဝိရာဂေါ= ဝိရာဂမည်၏၊ မဂ္ဂေါ= မဂ်ကို၊ ဝုစ္စတိ= ဝိရာဂဟုဆိုအပ်ပါ၏။)]

**ဝိရာဂေနနိရောဓော ဝိရာဂနိရောဓော** (ဝိရာဂေန= မဂ်ဖြင့်၊ နိရောဓော= ချုပ်ခြင်း၊ ဝိရာဂနိရောဓော= မဂ်ဖြင့်ချုပ်ခြင်း)

**အနုသယသမုဂ္ဃါတတော အသေသော ဝိရာဂနိရောဓော အသေသဝိရာဂ နိရောဓော။** (အနုသယသမုဂ္ဃါတတော= အနုသယကိုအကြွင်းမဲ့ဖြတ်ခြင်းကြောင့်၊ အသေသော = အကြွင်းအကျန်မရှိကုန်ခမ်းအောင်စုံလှစွာသော၊ ဝိရာဂနိရောဓော = မဂ်ဖြင့်ချုပ်ခြင်း၊ အသေသဝိရာဂနိရောဓော= အကြွင်းမရှိအောင်မဂ်ဖြင့်ချုပ်ခြင်း။)

[ဤ၌ တဏှာရာဂ၏မဖြစ်ခြင်း၊ချုပ်ခြင်းကိုမုချအားဖြင့်ယူ၍ နိဗ္ဗာန်ကိုဖလူပစာ အားဖြင့်ယူပါလေ။]

(ခ) **ဝိရာဂေါ ပဟာနံ ဝုစ္စတိ** (ပဟာနံ= ပယ်ခြင်းကို၊ ဝိရာဂေါ= ဝိရာဂဟူ၍၊ ဝုစ္စတိ ဆိုအပ်၏။)

[ပဟာနသဒ္ဒါသည် ဝိရာဂသဒ္ဒါ နိရောဓသဒ္ဒါတို့၏ ပရိယာယ်ဖြစ်သောကြောင့် **နိရောဓော ပဟာနံ ဝုစ္စတိ**ဟုလည်းဆိုနိုင်မည်။]

(ခ) ပဟာန
- အနုသယသမုဂ္ဃါတတော အသေသောဝိရောဂေါ--- အကြွင်းမဲ့**ဖြတ်ခြင်း**,ပယ်ခြင်း
- အနုသယသမုဂ္ဃါတတော အသေသော**နိရောဓော**--- အကြွင်းမဲ့**ချုပ်ခြင်း**,ပယ်ခြင်း

[ဝိရဇ္ဇနံ ပလုဇ္ဇနံ သမုစ္ဆိန္ဒနံ ဝိရာဂေါ (ဝိရဇ္ဇနံ= တပ်မက်မှုကင်းခြင်း၊ ပလုဇ္ဇနံ= ပျက်ခြင်း၊ သမုစ္ဆိန္ဒနံ= အကြွင်းမဲ့ဖြတ်ခြင်း၊ ဝိရာဂေါ= အကြွင်းမဲ့ဖြတ်ခြင်း၊ ချုပ်ခြင်းဖြင့် ပယ်ခြင်း (ပဟာန) ကိုရ၏။] ဤကား-ပါဠိပုဒ်တို့၏ အသီးသီးသောအနက်အဓိပ္ပါယ် အရကောက်များဖြစ်ပါ၏။

အချုပ်အားဖြင့်-ဤပုဒ်တို့၏တစ်ခုချင်းအဓိပ္ပါယ်အရကောက်အမျိုးမျိုးရှိသော်လည်း- ဝိရာဂေါ, နိရောဓော, စာဂေါ, ပဋိနိဿဂ္ဂေါ, မုတ္တိ, အနာလယော ၆-ပုဒ်လုံးသည် နိဗ္ဗာန်၏ ပရိယာယ်တူပုဒ်များသာဖြစ်ပါသည်။

ထို့ကြောင့် ပရမတ္ထအားဖြင့် နိဗ္ဗာန်ကိုသာ"ဒုက္ခနိရောဓ အရိယသစ္စာ" ဟု ဆိုခြင်း ဖြစ်ပါသည်။ ဒုက္ခ၏ချုပ်ခြင်းမျှကို ဒုက္ခနိရောဓအရိယာသစ္စာဟုမဆိုပါ။
နိဗ္ဗာန်ကိုသာ- ဒုက္ခနိရောဓ အရိယသစ္စာဟုဆိုခြင်း, ဒုက္ခ၏ချုပ်ခြင်းမျှကို ဒုက္ခနိရောဓ အရိယ သစ္စာဟုမဆိုခြင်းကိုဆက်ရှင်းပြရာ၌-

"နိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်ရောက်၍- တဏှာသည် အရိယာမဂ်ဉာဏ်၏အစွမ်း ဖြင့်ကုန်ခြင်းသို့ရောက်၍ကင်းလည်းကင်း၏၊ (ဝိရဇ္ဇတိစေဝ)။

တဖန် မဖြစ်ခြင်းသို့ရောက်သည်၏အစွမ်းဖြင့် ချုပ်လည်းချုပ်၏ (နိရုဇ္ဈတိစ)၊ ထို့ ကြောင့် နိဗ္ဗာန်ကို ဝိရာဂဟုရင်း၊ နိရောဓဟုရင်းဆိုပါ၏။

"နိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်ရောက်၍ တဏှာကိုစွန့်ခြင်းစသည်တို့လည်း ဖြစ်လာ၏၊ ထို့ကြောင့် စာဂေါ (စွန့်ခြင်း)ဟုရင်း၊ ပဋိနိဿဂ္ဂေါ (ဝေးစွာစွန့်ခြင်း) ဟုရင်း၊ မုတ္တိ(လွတ်ရာ)ဟုရင်းဆိုပါ၏။

ကာမဂုဏ်ဟူသောတွယ်ရာအာလယ, တဏှာဟူသောတွယ်တာတတ်သည့် အာလယတို့တွင် မည်သည့်အာလယတစ်ခုမှာမှနိဗ္ဗာန်မရှိ (နိဗ္ဗာန်၌လည်း မည်သည့် အာလယတစ်ခုမျှမရှိ၊ ထို့ကြောင့် အနာလယော (မတွယ်တာရာ/တွယ်တာမှုကင်းရာဟု ဆိုခြင်းဖြစ်ပါ၏။

၅၅၆။ ထိုသို့ ဝိရာဂစသည်ဖြင့် ဟောထားသော- ဤနိဗ္ဗာန်သည်-

(က) **သန္တိလက္ခဏ** = ရှိသ၍ဝဋ်ဆင်းရဲအပူကို ငြိမ်းအေးစေခြင်းလက္ခဏာ ရှိ၏။

(ခ) **အစ္စုတိရသ** = မရွေ့လျောခြင်း၊မသေမပျက်ခြင်းဟူသောပြည့်စုံ သောဂုဏ်ရှိ၏။ (ဝါ) မသေမပျက်ခြင်းကိစ္စရှိ၏။

**အဿာသကရဏ ရသံဝါ** = တစ်နည်း-သံသရာဆင်းရဲ၌ငြီးငွေ့သူအား- သက်သာခြင်းကိုပြုခြင်းကိစ္စရှိ၏။(ဝါ) သက်သာရာရစေခြင်းကိစ္စရှိ၏။

(ဂ) **အနိမိတ္တပစ္စုပဋ္ဌာနံ** = ပဉ္စက္ခန္ဓာဟူသော ပုံသဏ္ဍာန်အရိပ်နိမိတ်ကင်းသောကြောင့်ကိုယ်အထည်လုံးလုံးလျောင်းလျောင်း မရကောင်းသည်ဖြစ်၍ ရှုသိဉာဏ်အားရှေးရှုထင်၏။

**နိပ္ပပဉ္စပစ္စုပဋ္ဌာနံ ဝါ** = တစ်နည်း- (သံသရာဒုက္ခ မဆုံးနိုင်အောင် ချဲ့ပွားတတ်သော (တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော) သံသရာနယ်ချဲ့ပပဉ္စတရားကင်းစေခြင်း,ကင်းခြင်းကိုဖြစ်စေခြင်း ပစ္စုပဋ္ဌာန်

**နိရောဓကိုပြဆိုချက်ပြီး၏။**

❋ ❋ ❋

## နိဗ္ဗာနကထာ
## နိဗ္ဗာန်ကိုပြဆိုချက်

**၅၅၇။ နိဗ္ဗာန်ရှိ+ မရှိ**

-မရှိအဆိုတင်သူ ➞ (စောဒက) နိဗ္ဗာန်သည်မရှိပါ၊ အဘယ့်ကြောင့်ဆိုသော်- ယုန်ချိုကဲ့သို့ (မရှိ) မရအပ်၊ မရနိုင်၊ မသိနိုင်ကောင်းသောကြောင့်ဖြစ်ပါသည်။

-ရှိအဆိုတင်သူ *(စုဒိတက)* ➞ နိဗ္ဗာန်သည် အမှန်တကယ်ရှိပါ၏။ အဘယ့်ကြောင့်ဆိုသော်- ပြန်လည်ဖြေရှင်းချက် သမ္မာပဋိပတ် အကျင့်လမ်းစဉ်ဖြင့် အမှန်တကယ် ရအပ်, ရနိုင်, သိနိုင်ကောင်းသောကြောင့်ဖြစ်ပါသည်။

နိဗ္ဗာန်နှင့် လျော်လျောက်ပတ်သော (နိဗ္ဗာန်ရောက်စေနိုင်လောက်သည့် ထိုက်တန်ပြည့်စုံသော) အကျင့်လမ်းမှန်ရှိသဖြင့် ထိုအကျင့်ဖြင့် ရအပ်၊ ရနိုင်၊ သိနိုင်သောကြောင့် နိဗ္ဗာန်ရှိကြောင်းကိုသိနိုင်ပါသည်။

**သာဓကအနေဖြင့်**- သူတစ်ပါးတို့၏စိတ်ကို သိနိုင်မြင်နိုင်လောက်သော စေတောပရိယအဘိညာဏ်ဖြင့် သူတစ်ပါးတို့၏လောကုတ္တရာစိတ်ကိုပင် သိနိုင်မြင်နိုင်သကဲ့သို့ မှတ်ရမည်။ ထို့ကြောင့် မိမိမရအပ်၊ မရနိုင်၊ မသိနိုင်၊ (မမြင်နိုင်)သောကြောင့် နိဗ္ဗာန်မရှိဟု မဆိုသင့်ပါ။ အဘယ့်ကြောင့်ဆိုသော်- လောက၌ နိဗ္ဗာန်ကို ဗာလပုထုဇဉ်တို့ မသိအပ်၊ မရအပ်၊ (မမြင်အပ်)သောကြောင့်၊ မရှိဟုမဆိုသင့်ပါ။ (မိမိ၌ သိနိုင်၊ မြင်နိုင်သောဉာဏ်မရှိ၍ မသိမမြင်ခြင်းကိုမရှိဟုဆို၍မရပါ။ ဆက်လက်ရှင်းပြပါဦးမည်။

၅၅၈။ နိဗ္ဗာန်မရှိဟုမဆိုသင့်ပါ။ နိဗ္ဗာန်မရှိဟုဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်း သမ္မာပဋိပတ်အကျင့်၏ (ဘာမျှအကျိုးမပေါ်) မြုံသောအဖြစ်သို့ ရောက်သွားနိုင်သောကြောင့်ဖြစ်ပါသည်။

နိဗ္ဗာန်မရှိဘူးဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်း သမ္မာဒိဋ္ဌိရှေ့သွားရှိသော သီလစသော ခန္ဓာသုံးပါးတို့ဖြင့်ရေတွက်အပ်သောသမ္မာပဋိပတ်အကျင့်သည်မြုံသောအဖြစ်သို့သာ ရောက်ဖို့ရှိပါတော့၏။ အမှန်တကယ်- သမ္မာပဋိပတ်အကျင့်သည် မမြုံပါ။ အဘယ့်ကြောင့်ဆိုသော်- နိဗ္ဗာန်ကိုရောက်စေနိုင်သောအစွမ်းသတ္တိရှိနေကြောင့် နိဗ္ဗာန်မရှိဟုမဆိုသင့်ခြင်းဖြစ်ပါသည်။

- **မရှိအဆိုရှင်စောဒက- ဆရာထပ်တင်ပုံ** — သမ္မာပဋိပတ်ကိုသင်မမြုံဘူးလို့ပြောတာက သမ္မာပဋိပတ်အကျင့်ဖြင့် ကိလေသာတို့ကို ရှေးဦးစွာပယ်လိုက် ဖြတ်လိုက်သဖြင့် ခန္ဓာတို့၏ဘာမှမရှိတော့ခြင်း (အဘာဝ) သို့ရောက်စေတတ်သောကြောင့် မြုံစရာမရှိတော့၍ မမြုံဘူးလို့ပြောတာလား?။
- **ရှိအဆိုတင်သူက- ပြန်လည်ဖြေရှင်းချက်** — -ခန္ဓာတို့၏ ဘာမှမရှိတော့ခြင်း၊ (အဘာဝ) ဖြစ်သောကြောင့် မြုံစရာမရှိ၍ မမြုံခြင်းမဟုတ်ပါ။ အသင်စောဒက တက်သူ၏ စကားထဲ၌ သမ္မာပဋိပတ်ဖြင့် ကိလေသာတို့ကို ပယ်လိုက်ပြီး ဖြစ်သဖြင့်-ဟုဆိုသောစကားသည် ခန္ဓာတို့၏မရှိခြင်း (အဘာဝ)ကို နိဗ္ဗာန်ဟုဆိုရာရောက် နေပါ၏။

ခန္ဓာတို့၏မရှိခြင်း (အဘာဝ)ကိုနိဗ္ဗာန်ဟုဆိုခြင်းငှာလည်းမသင့်ပါ။ အဘယ့်ကြောင့်ဆိုသော်-အတိတ်ကာလ၌- ခန္ဓာတို့ ချုပ်ခဲ့ပြီးဖြစ်၍ မရှိတော့ခြင်း(အဘာဝ)၊ အနာဂတ်ကာလ၌လည်း ခန္ဓာတို့မဖြစ်ပေါ်သေးသဖြင့် ထင်ရှားမရှိသေးခြင်း (အဘာဝ)အဖြစ်တို့၌ နိဗ္ဗာန်သို့ရောက်ခြင်း ပြီးစေခြင်းတို့ မဖြစ်နိုင်သေးသောကြောင့်ဖြစ်ပါသည်။ (မရှိခြင်း= (အဘာဝ)မျှကို နိဗ္ဗာန်ဟုဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်း သမ္မာပဋိပတ်ကိုမကျင့်ဘဲ နိဗ္ဗာန်ရနေသလိုဖြစ်တော့မည်။)

တဖန်- ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့၏မရှိခြင်းကို နိဗ္ဗာန်ဟု သင်စောဒကတက်သူက ဆိုပြန်ရင်လည်း-ထိုစကားသည်မသင့်သောစကားသာဖြစ်ပြန်၏။ အဘယ့်ကြောင့်ဆိုသော်- ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့၏မရှိခြင်း(အဘာဝ)ဟူသောအခြေအနေမျိုး မဖြစ်နိုင်, မရှိနိုင်သောကြောင့်ရင်း၊ မရှိခြင်း၊ (အဘာဝ)ဖြစ်နေလျှင်လည်း ပစ္စုပ္ပန်အဖြစ်သို့ပင် မရောက်နိုင်တော့သောကြောင့်ရင်း၊ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့ကိုမှီ၍ဖြစ်သောမဂ်ခဏ၌ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ ရောက်ခြင်း၏လည်းမရှိခြင်း(အဘာဝ)ဟူသောအပြစ်ဒေါသသို့သာ ရောက်ပါတော့မည်။ ထို့ကြောင့် ပစ္စုပ္ပန်ခန္ဓာတို့၏မရှိခြင်းကိုလည်း နိဗ္ဗာန်ဟုမဆိုသင့်ပါပေ။

**မရှိအဆိုတင်သူ(*စောဒက*)-** ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာကို မှီ၍ဖြစ်သော မဂ်ခဏ၌ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ရောက်၏ဟု အသင်(စုတိဒက)ဆိုပါ၏။ ထိုမဂ်ခဏ၌ ကိလေသာတို့သည် ဖြစ်ဆဲပစ္စုပ္ပန်အနေဖြင့်- ရှိမနေသည့်အတွက် ဘယ်ကိလေသာကိုပယ်ပြီး ဘယ်သို့ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ရောက်သည်ဟု ပြောနိုင်ဆိုနိုင်ပါ

သနည်း။ ပြောလို့မရတော့သည် မဟုတ်ပါလား?၊ ရှင်းပြစမ်းပါ။

**စုတိဒက ပြန်ရှင်းပြချက်-** မဂ်ခဏဥ်ပစ္စုပ္ပန်အနေဖြင့်ကိလေသာမရှိ၍ ပယ်စရာမရှိဆို သောဤစကားကို အသင်စောဒကပုဂ္ဂိုလ်မဆိုသင့်ပါ။ ဤသို့ သင်ဆိုလျှင်- အရိယာမဂ်သည် ဘာမှပယ်စရာမရှိ၊ အချည်းအနှီးအကျိုးမဲ့(**နိရတ္ထက**) အဖြစ်သို့သာရောက်ဖို့ရှိပါတော့သည်။

*[မဂ်ဖြင့်ကိလေသာပယ်သည်ဆိုသည်မှာ- အတိတ်ကိလေသာများကိုလည်း ချုပ်လေပြီးဖြစ်၍ ပယ်၍မရ၊ အနာဂတ်ကိလေသာများလည်းမဖြစ်သေး၍ ပယ်၍မရ၊ ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲ ကိလေသာလည်း ဥပါဒ်၊ ဌီ၊ ဘင်အဖြစ် ဖြစ်ပေါ်နေပြီဖြစ်သောကြောင့် ပယ်ဖို့ မဖြစ်နိုင်တော့ပါ၊ ဘင်အခိုက်မှာ-သူ့အလိုလို ချုပ်သွားတာပါပဲ။* ***အမှန်တကယ် မဂ်ဖြင့်ကိလေသာပယ်သည်မှာ- ကာလသုံးပါးလုံး၌ဖြစ်သောကိလေသာကိုပယ်ခြင်း မဟုတ်ဘဲ- ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ မဂ်ဖြင့်မပယ်ရသေးသဖြင့် နောင်ဖြစ် လာနိုင်စရာရှိသောအနုသယကိလေသာတို့ကိုသာ ပယ်ခြင်းဖြစ်ပါသည်။ မဂ်ပယ်သော ကိလေသာသည်ကာလသုံးပါးမှလွတ်သော ကာလဝိမုတ်ကိလေသာကိုသာ ပယ်ခြင်းဖြစ် ပါသည်။*** *ဥပမာ- အသီးမသီးစေလို၍ သစ်ပင်အား အသီးမသီးစေတတ်သောအဆိပ်ဆူး ဖြင့်ရိုက်၍ အသီးသီးမည့်ဓာတ်ကို ဖျက်ထားလိုက်ခြင်းနှင့်တူပါသည်။*

***ဆက်ရှင်းပြပါဦးမည်***-*အရိယာမဂ်၏ ပယ်ဆဲအခိုက်မှာ- ကိလေသာတွေဟာ ပစ္စုပ္ပန်အဖြစ် ထင်ရှားရှိမနေသလို, အရိယာမဂ်၏ရှေ့အခိုက်မှာလည်း အတိတ်ဖြစ်တဲ့ ကိလေသာတွေဟာ ချုပ်ပြီးဖြစ်နေလို့မရှိတော့ပါဘူး။ (အနာဂတ်ကိလေသာကလည်း မဖြစ်လာသေးတဲ့အတွက် မရှိသေးပါဘူး)၊ ထို့ကြောင့် အရိယာမဂ်အတွက် ပယ်စရာကိလေ သာမရှိတော့တဲ့အတွက် အရိယာမဂ်က ဆောင်ရွက်စရာကိစ္စမရှိ အကျိုးမဲ့အဖြစ်သို့သာ ရောက်စရာရှိပါတော့တယ်။*

[အမှန်မှာ- အရိယာမဂ်သည် ပုထုဇဉ်သေက္ခတို့သန္တာန်၌ မဂ်ဖြင့်မပယ်ရသေးသည့် တွက် အနာဂတ်တွင်ဖြစ်လာနိုင်စရာရှိသော ကာလဝိမုတ်အနုသယကိလေသာကိုသာ ပယ်ခြင်းဖြစ်ပါသည်။ ထို့ပြင်အနာဂတ်ကိလေသာကိုပယ်ခြင်းဟု သံသယဖြစ်စရာရှိပါ သေးသည်၊ အနာဂတ်ကိလေသာကိုပယ်သည်ဟုလည်းမဆိုရပါ။ အနာဂတ်ကိလေသာဟု ပြောလျှင် အနာဂတ်တွင်ဧကန်ဖြစ်ရမည့်ကိလေသာကိုသာပြောရသည်။ ဖြစ်လာနိုင် စရာရှိသော ကိလေသာဟုပြောသဖြင့် အနာဂတ်လည်းမဟုတ်၊ ထို့ကြောင့်မဂ်သည် ကာလဝိမုတ်ကိလေသာကိုသာ ပယ်ခြင်းဖြစ်ပါသည်။]

ထို့ကြောင့် နိဗ္ဗာန်မရှိဟု အဆိုတင်ခဲ့သော သင်စောဒကဆရာ၏-

(က) နိဗ္ဗာန်သည် ယုန်ချိုကဲ့သို့ မရအပ်၊ မသိအပ်သောကြောင့်- မရှိဟုပြောခြင်း။

(ခ) ဘာမှမရှိခြင်း (အဘာဝမတ္တ)ကို နိဗ္ဗာန်ဖြစ်သယောင်ပြောခြင်း။

(ဂ) အရိယာမဂ်ခဏ၌ ဖြစ်ဆဲပစ္စုပ္ပန်အနေဖြင့် ကိလေသာတို့မရှိခြင်းကြောင့် ပယ်စရာမရှိဟု ပြောခြင်းစသော အကြောင်းပြစောဒကတက်ခြင်းအားလုံးတို့သည် မခိုင်လုံသော အသင့်ယုတ္တိမရှိသော အကြောင်းပြချက်များသာ ဖြစ်ပါတော့သည်။

## နိဗ္ဗာန်ကို ခယ(ကုန်ခြင်း)ဟု ဟောရခြင်းအကြောင်း

သံယုတ်ပါဠိတော်- ဇမ္ဗုခါဒကသုတ်၌-

တူတော်မောင် ဇမ္ဗုခါဒကပရိဗိုဇ်က- ဦးရီးတော်အရှင်သာရိပုတ္တရာအားမေးရာတွင်


**ဇမ္ဗုခါဒကမေး**-"အိုအရှင်သာရိပုတ္တရာ-အရှင်တို့၏ဗုဒ္ဓသာသနာ၌- နိဗ္ဗာန်, နိဗ္ဗာန်လို့ အထင်အရှားအများပင် တွင်တွင်ကျယ်ကျယ်ခေါ်ဆိုဟောကြားနေကြပါသည်။ နိဗ္ဗာန်, နိဗ္ဗာန်လို့ အရှင်တို့ ခေါ်ဆိုဟောကြားအပ်သောတရားဆိုတာ- ဘယ်လိုတရားမျိုးဖြစ်ပါသနည်း။

**အရှင်သာရိပုတ္တရာဖြေ**- အရှင်ဇမ္ဗုခါဒကပရိဗိုဇ်, "ရာဂ၏ကုန်ကြောင်းဖြစ်သော၊ ဒေါသ၏ကုန်ကြောင်းဖြစ်သော၊ မောဟ၏ကုန်ကြောင်းဖြစ်သော သဘောတရားကို နိဗ္ဗာန်ဟု ခေါ်ဆိုဟောကြားအပ်ပါ၏။

**ဇမ္ဗုခါဒကမေး**-မဂ်ဖိုလ်တို့၏အာရုံဖြစ်သောနိဗ္ဗာန်ကို ရာဂကုန်ရာ(ရာဂက္ခယ)၊ဒေါသကုန်ရာ (ဒေါသက္ခယ)၊ မောဟကုန်ရာ (မောဟက္ခယ)ဟု အဘယ့်ကြောင့် ခေါ်ဆိုအပ်ပါသနည်းအရှင်။

**အရှင်သာရိပုတ္တရာဖြေ**- နိဗ္ဗာန်ကို အားကြီးသောအကြောင်းတစ်ခု အာရုံပြု၍သာ ရာဂစသောကိလေသာတို့ကို တစ်ဖန်အသစ်မဖြစ်နိုင်အောင်, ကုန်အောင် သမုစ္ဆေဒပဟာန်ဖြင့်ပယ်သတ်နိုင်သည်ဖြစ်၍ ထိုရာဂအစရှိသောကိလေသာတို့၏ တစ်ဖန်အသစ်မဖြစ်ခြင်းဟူသောကုန်ခြင်း(ခယ)သည် နိဗ္ဗာန်ကိုအကြောင်းတစ်ခုအစွဲပြု၍သာဖြစ်ရကား-ရာဂစသည်တို့၏ကုန်ကြောင်းဖြစ်၍ ရာဂက္ခယစသည်မည်၏။ ထို့ကြောင့် နိဗ္ဗာန်ကို (ခယ)ဟုခေါ်ဆိုအပ်ပါသည် ငါ့ရှင်။

မေး။ နိဗ္ဗာန်ကို = ခယ-ဟု ခေါ်ဆိုရခြင်းကို စာရှုသူတို့ စိတ်ထဲ၌ ရှင်းလင်းပြတ်သားစေရန် ထပ်မံရှင်းပြပါဦး အရှင်။




ဖြေ။ ဖော်ပြပါပုံကို ကြည့်ပါ။ အလယ်၌ ရာ၊ ဒေါ၊ မော(ကိလေသာ) ကုန်ခြင်း(ခယ)သည် သမ္မာပဋိပတ်၏ နောက်ဆုံးအကျိုးတရားဖြစ်ပါ၏။ ရာ, ဒေါ, မော (ကိလေသာ) ကုန်ရန် မဂ်ဖိုလ်၏အစွမ်းသတ္တိကဆောင်ရွက်ပေးသော အကြောင်းတရားတစ်ခု ဖြစ်ပါ၏။

ထိုသို့ ရာ, ဒေါ, မောဟ (ကိလေသာ)ကုန်ခြင်း (ခယ)အကျိုး ရရှိအောင်အားထုတ်ရာ၌ မဂ်ဖိုလ် တို့၏အာရုံဖြစ်သော သန္တိလက္ခဏာအငြိမ်းဓာတ်နိဗ္ဗာန်ကို အားကြီးစွာအာရုံပြု၍ ကျင့်ကြံ အားထုတ်ခြင်းဖြင့် ရာ, ဒေါ, မောဟစသော ကိလေသာကုန်ခြင်း (ခယ)ကို ရရှိခြင်းဖြစ်သော ကြောင့် နိဗ္ဗာန်သည်အားကြီးသော ဥပနိဿယအကြောင်းတရား တစ်ခုဖြစ်ပါသည်။

အကျိုးဖြစ်သော ရာ, ဒေါ, မောဟ စသော (ကိလေသာကုန်ခြင်း) ခယ၏ အမည်ကို -အားကြီးသော (ဥပနိဿယ)အကြောင်းဖြစ်သော နိဗ္ဗာန်၌တင်စား၍ (အကျိုး၏အမည်ကို အကြောင်း၌ တင်စားသော **ဖလူပစာအားဖြင့်**)- နိဗ္ဗာန်ကို ခယ-ဟု ခေါ်ခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ပြောရလျှင်---

| အကျိုး- | | အကြောင်း |
|---|---|---|
| (အသက်ရှည်ခြင်း= **အာယုဖြစ်တာ**) | ← | (ထောပတ်၊ သပ္ပိကိုသုံးဆောင်ခြင်းကြောင့်) |
| (သလိပ်များများထခြင်း=**သေမှ**ဖြစ်တာ) | ← | (တင်လဲ သကာခဲ ဂုဠကို သုံးဆောင်ခြင်းကြောင့်) |
| (အဖျားရောဂါ= **ဇရ**ဖြစ်တာ) | ← | (သခွါးပြေပ်သီး= တိပုသကိုစားသောကြောင့်) |

ဤဥပမာတို့၌- သပ္ပိ(ထောပတ်)ကို → အာယု(အသက်ရှည်ဆေး)ဗျဟုပြော လိုက်ခြင်း၊ တင်လဲသကာ=ဂုဠကိုစားမည့်သူကို → သေမှ(သလိပ်ထမယ်နော်)ဟု ပြောလိုက် ခြင်း၊ သခွါးပြေပ်သီး **တိပုသကိုစားတော့မယ့်လူကိုလည်း** → ဇရ= ဖျားမယ်နော်-ဖျားမယ် နော်ဟု-အကျိုးအမည်ကို အကြောင်း၌တင်စား၍ အကြောင်းဖြစ်သော **ထောပတ်, တင်လဲ, သခွါးပြေပ်သီးတို့ကို** → အစဉ်အတိုင်း အကျိုးဖြစ်သော **အသက်,သလိပ်,အဖျားရောဂါ** ဘဲဟုပြောဆိုလိုက်ခြင်းတို့နှင့်တူပါသည်။ ဤမျှဖြင့် နိဗ္ဗာန်၏ ခယမည်ခြင်း၊ နိဗ္ဗာန်ကို ခယပဲဟု ပြောလိုက်ခြင်းတို့အတွက် သိသာထင်ရှားလောက်ပါပြီ။

နိဗ္ဗာန်ကို ခယ-ဟုဆိုရာ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်စွမ်းဖြင့် သမုစ္ဆေဒပဟာန်= နောင် တစ်ဖန် ပြန်မဖြစ်သောပယ်ခြင်းမျိုးဖြင့် အမြစ်ပြတ်ပယ်လိုက်ခြင်း၊ ကုန်သွားခြင်း(ခယ)ကိုသာ နိဗ္ဗာန်ဟုဆိုပါသည်။

နိဗ္ဗာန်ကို ခယ-ဟုသာမညဆိုလျှင်- အရဟတ္တမဂ်ဖိုလ်ဖြင့်ပယ်သတ်ရာ၌ ရာ, ဒေါ, မောဟစသောကိလေသာတို့၏ ကုန်ခြင်းမျှအခိုက်အတန့်ကာလလေးကိုသာဆိုရာရောက် နေပါသည်။ ကုန်ခြင်းမျှအခိုက်အတန့်ကာလလေးကိုသာမယူရပါ။ ဘယ်တော့မှ ကိလေသာ ပြန်မဖြစ်တော့သော ကုန်ခြင်းမျိုးဖြင့်ကုန်ခြင်း၊ အမြဲငြိမ်းအေးသွားသောငြိမ်းနည်းဖြင့် ငြိမ်းခြင်းကြောင့်သာ (မဂ်ဖိုလ်တို့၏အာရုံဖြစ်သော) နိဗ္ဗာန်ကို ခယ- ဟု ဆိုခြင်းဖြစ်ပါသည်။

မေး- နိဗ္ဗာန်ကို ခယမတ္တ= ကိလေသာကုန်ခြင်းမျှ အခိုက်အတန့်ကါလလေးဟုယူသော် အဘယ်သို့သော အပြစ်တင်ဖွယ်များရောက်ရှိလာနိုင်ပါသေးသနည်းအရှင်။

ဖြေ- ကိလေသာကုန်ခြင်းမျှအခိုက်အတန့်ကာလမျှလေး (ခယမတ္တ)ကို နိဗ္ဗာန်ဟုဆိုလျှင် ရောက်လာနိုင်သောအပြစ်များမှာ-

(က) နိဗ္ဗာန်သည် တိုတောင်းလှသောကာလအခိုက်အတန့်လေးမျှသာ ရှိသည်ဟူသော အပြစ်သို့၎င်း၊( ≠အမှန်မှာနိဗ္ဗာန်သည် ကာလရှည်ကြာ အမြဲတည်နေသောတရားသာ ဖြစ်၏။)

(ခ) နိဗ္ဗာန်သည် ခဏသာတည်၍ပျက်သွားသော (ပြုပြင်စီမံမှုကိုခံနေရသော) သင်္ခတ သဘောလက္ခဏာရှိသောအပြစ်သို့၎င်း၊ ( ≠ အမှန်မှာ-နိဗ္ဗာန်သည်ကံစသော အကြောင်း လေးပါးတို့ ပြုပြင်စီမံမှုမခံရသော အသင်္ခတဓာတ်သာဖြစ်သည်။)

(ဂ) နိဗ္ဗာန်သည် အားထုတ်စရာမလိုဘဲ သမ္မာပယောဂ= ကောင်းစွာအားထုတ်မှုကို ငဲ့ကွက် ခြင်းကင်းသဖြင့် မိမိသဘောအားဖြင့် ရအပ်သိအပ်(ရနိုင်၊သိနိုင်)သောအပြစ်သို့၎င်း၊ ဤသုံးမျိုးသောအပြစ်တို့သို့ရောက်နိုင်ပါသည်။

ထိုတွင် (ခ)အတိုင်း သင်္ခတလက္ခဏာရှိခဲ့ပါလျှင်- သင်္ခတပရိယာပန္န= သင်္ခတ၌အကျုံး ဝင်သောတရားဖြစ်သွားတော့မည်။ သင်္ခတတရား၌ အကျုံးဝင်သောတရားဖြစ်လျှင် ရာဂ စသော(၁၁)ပါးသောမီးတို့သည် ပြင်းစွာပြောင်ပြောင်တောက်လောင်ပါတော့မည်။ ထိုသို့ တောက်လောင်သောကြောင့် ဒုက္ခဆင်းရဲသည်လည်းဖြစ်လာပါတော့မည်။ ဤသို့သောအပြစ် တို့သို့ရောက်ပါလိမ့်မည်။

မေး- ရာဂစသောတရားတို့၏ အဆုံးစွန် အပြီးအပြတ်ကုန်သွားခြင်းမှစ၍ ရာဂစသော တရားတို့ ဖြစ်ပေါ်လာခြင်းမရှိတော့ပါ။ ထိုသို့မရှိတော့ခြင်း၊ ကုန်ခြင်း(ခယ)သည်ပင် နိဗ္ဗာန် မည်သောကြောင့် အဋ္ဌကထာဆိုသောအပြစ်များမရောက်နိုင်သည်မဟုတ်ပါလော။

ဖြေ- မရောက်မဟုတ် ရောက်နိုင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော်- ထိုသို့ အဆုံးစွန် အပြီးပြတ်ကုန်ခြင်း၏မရှိသောကြောင့်၎င်း၊ ရှိခဲ့သော်လည်း ကုန်ခြင်းမျှကို နိဗ္ဗာန်ဟုဆိုသော အပြစ်ကို ပယ်လှန်ကျော်လွှန်နိုင်ခြင်းမရှိသောကြောင့်၎င်း၊ အရိယာမဂ်၏ နိဗ္ဗာန်အဖြစ်သို့ ရောက်ခြင်းကြောင့်၎င်း၊ အပြစ်မလွတ်ဟု ဖြေပါသည်။

[အမှာစကား- ကုန်ခြင်းမျှ ခဏတာလေးကို နိဗ္ဗာန်ဟုမဆိုနိုင်ကြောင်းရှင်းပြချက်ကို အခြားသောကျမ်းဂန်တို့၌မတွေ့ရ စာအုပ်ထဲပါလို့သာရေးရသည် ပမာဏပြု၍မမှတ်သင့် အထက်ပါ- (ဂ) အမှတ်ပြအပြစ်နှင့်အဖြေ၌- အပြီးအပြတ်ကုန်ခြင်းမရှိဆိုသောအဖြေသည် မသင့်လျော်ဘဲ စာဒကတင်ပြချက်များက ပို၍သင့်လျော်မှန်ကန်နေပေသည်။ ထိုအချက် များမှာ- စဉ်းစားစရာဖြစ်နေကြောင်း မဟာစည်မြန်မာပြန်မှ အောက်ချေမှတ်ချက် နှစ်ခုကို သုံးသပ်နိုင်ရန် ဖော်ပြပါသည်။ ရှုစားကြပါလေ။]

*(မှတ်ချက်) ရာဂစသည့် ထကြွဖြစ်ပေါ်နေသောသူတို့မှာ- သင့်လျော်သောအာရုံကို မှီဝဲသုံးဆောင်ခြင်းဖြင့် ထိုရာဂစသည် ပြေငြိမ်းသွားခြင်းကိုရည်၍ အပြစ်တင်ကြသည်။ ပရဝါဒီ တို့က ထိုအတိုင်းပင်ဆိုပါမူ အပြစ်တင်သင့်ပေလိမ့်မည်။ သို့သော် ထိုသို့သောရာဂစသည် ငြိမ်းပုံ တို့ကို ပရဝါဒီတို့ကမရည်ရွယ်တန်ရာ။ အရိယာမဂ်၏အစွမ်းကြောင့် ကိလေသာမဖြစ်နိုင်တော့ဘဲ ချုပ်ငြိမ်းခြင်းကိုသာဆိုသည်ဖြစ်ရာ၏။ အဘယ့်ကြောင့်ဆိုသော် အလွန်သိမ်မွေ့ မြင့်မြတ်သော နိဗ္ဗာန်၏အရာဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ဤအပြစ်တင်ချက်များ၌ စဉ်းစားဖွယ်ရှိ၏။*

*အရိယာမဂ်၏အစွမ်းကြောင့် ရာဂစသည်၏ အပြီးအပြတ်ကုန်ခြင်းရှိနေသောကြောင့်၎င်း၊ ထိုကုန်ခြင်းကိုသာဆိုခြင်းဖြစ်ရသောကြောင့်၎င်း၊ ဤအကြောင်းပြစကားဌ လည်း စဉ်းစားဖွယ်ရှိ၏။*

အရိယမဂ်၏အစွမ်းကြောင့် ကိလေသာခန္ဓာတို့၏မဖြစ်ခြင်းကိုပင် ချုပ်ခြင်း- နိရောဓ ဟူ၍၎င်း၊ ကုန်ခြင်း-ခယဟူ၍၎င်းဆိုသည်၊ထိုကုန်ခြင်း ခယသည် မဂ်၏အစွမ်းဖြင့်ပြီးသကဲ့သို့ မဂ်၏အာရုံနိဗ္ဗာန်ကြောင့်လည်းပြီးသည်။ ထို့ကြောင့် နိဗ္ဗာန်သည် **ထိုခယ၏ဥပနိဿယ** မည်၏။ သို့သော် **ဥပနိဿယပစ္စည်း** အစစ်ကားမဟုတ်၊ ထို့ကြောင့် "ပရိယာယ်အားဖြင့် ဥပနိဿယမည်သောကြောင့်ဟု" ဆိုသည်။

ဤသို့ဆိုလိုသည်မှာ- နိဗ္ဗာန်သည် ရာဂစသည်ကုန်ခြင်း၏ ဥပနိဿယအကြောင်း ဖြစ်သောကြောင့် အကျိုးဖြစ်သောခယ၏အမည်ဖြင့် ဖလူပစာနည်းအရတင်စား၍ အကြောင်း နိဗ္ဗာန်ကို ရာဂက္ခယော- စသည်ဖြင့်ဟောတော်မူသည်ဟုဆိုလို၏။ ထို့ကြောင့် **ရာဂစသည်၏ ကုန်ခြင်းမျှကိုနိဗ္ဗာန်ဟုမယူရ။ ထိုကုန်ခြင်း၏အကြောင်းဖြစ်သောမဂ်၏အာရုံ နိဗ္ဗာန် ကိုသာယူရမည်**ဟူ၍လည်းသိစေ၏။ ဤအရာ၌ ဖလူပစာဟူသည်မှာ- **အကျိုး၏အမည်ဖြင့် အကြောင်း**ဟုပြဆိုခြင်းပင်၊ ဥပမာ-ထောပတ်ကို(အာယု) အသက်ဟူ၍၎င်း၊ တင်လဲကို သလိပ်ဟူ၍၎င်း ပြောဆိုသကဲ့သို့ပင်။

**မေး**- နိဗ္ဗာန်ကိုသာ ခယဟုခေါ်ဆိုနိုင်ပါသလား?၊ အရဟတ္တအရိယာမဂ်ဖိုလ်ကိုရော ခယဟု ခေါ်ဆိုနိုင်မခေါ်ဆိုနိုင်ရှင်းပြပေးပါ။

## အရဟတ္တမဂ်၏ခယမည်ပုံ

**ဖြေ**- ခေါ်ဆိုနိုင်ပါသည်-အရဟတ္တအရိယာမဂ်ကိုလည်း ရာဂစသောအပြစ်တို့ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ပယ်ဖျက်၍ ကုန်စေတတ်သောကြောင့် ခယဟုခေါ်ဆိုအပ်ပါ၏။ (ထိုအရိယာမဂ် ဖြစ်ပြီးသည်မှစ၍အထက်၌ ရာဂစသောအပြစ်ဒေါသတို့ ဖြစ်မလာတော့ပါ။

## အရဟတ္တဖိုလ်လည်းခယမည်နိုင်ပုံ

အရဟတ္တမဂ်ဖြင့် ရာဂစသောကိလေသာတို့ကို တစ်ဖန်ပြန်မဖြစ်စေဘဲ သမုစ္ဆေဒ-ပဟာန်အားဖြင့် အကြွင်းမဲ့ပယ်ဖျက်နိုင်ခြင်း၏ **အနီး၌ဖြစ်သောကြောင့်**- ထိုရာဂစသော ကိလေသာကုန်ခြင်း၏ ခယဟူသောအမည်ကို- ထိုရာဂစသည်ကုန်ခြင်းလျှင် အနီးရှိသော အရဟတ္တဖိုလ်၌တင်စား၍ **သမီပူပစာရအားဖြင့်** အရဟတ္တဖိုလ်ကိုလည်း ခယဟုခေါ်ဆိုပါ၏။

*[အရဟတ္တမဂ်ကို ကိလေသာအားလုံးကုန်စေနိုင်စွမ်းရှိလို့ ခယခေါ်နိုင်သလို အရဟတ္တဖိုလ် ကိုလည်း အရဟတ္တမဂ်၏အနီးအနားမှာ- ဖြစ်လို့ ခယဟုခေါ်ဆိုနိုင်ပါ၏။]*

*[**သမီပူပစာဟူသည်** အနီးရှိသောဝတ္ထု၏အမည်ကို ၎င်း၏အနီးအနားဝတ္ထု၌ တင်စား ခေါ်ဝေါ်ခြင်းဖြစ်သည်- **ဂင်္ဂါယံ ဃောသော တိဋ္ဌတိ**၊ **ဂင်္ဂါယံ**= ဂင်္ဂါမြစ်၌၊ **ဃောသော**= ကောက်စပါး သည်၊ **တိဋ္ဌတိ**= တည်၏။ ဂင်္ဂါမြစ်ထဲမှာ- ကောက်စပါးတွေရှိတာမဟုတ်ပါဘူး၊ ဂင်္ဂါမြစ်ဘေး ကမ်းနား၊ အနီးအနားတဝိုက်မှာရှိတာကိုပြောတာပါ။*

*ဌင်းနည်းအရ အရဟတ္တမဂ်က ကိလေသာကိုအပြီးအပြတ်ပယ်နိုင်လို့ ခယခေါ်ရင် အရဟတ္တဖိုလ်ကိုလည်း မဂ်နဲ့ကပ်နေနီးနေလို့ သမီပူပစာနည်းဖြင့် ခယခေါ်နိုင်တာပါ။]*

မေး- နိဗ္ဗာန်၏ခယမည်ပုံအကြောင်းစုံတို့ကို အကျယ်တဝင့် ဟောကြားထားသည်ကိုသိရှိရပါပြီ- နိဗ္ဗာန်ကို သရုပ်အမျိုးမျိုးထုတ်ပြခြင်းအားဖြင့် အဘယ့်ကြောင့်မဟောတော့ပါသနည်း။

ဖြေ။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သောကြောင့် သရုပ်အားဖြင့် မဟောတော့ခြင်းဖြစ်ပါသည်။

နိဗ္ဗာန်သည် အလွန်သိမ်မွေ့သည့်အတွက် (သရုပ်အားဖြင့် အကျယ်ဟောနေသော်လည်း ပုထုဇဉ်တို့ သိနိုင်၊ မြင်နိုင်မည်မဟုတ်သောကြောင့် ဘုရားရှင် ကြောင့်ကြမဲ့နေတော်မူခြင်းဖြစ်ပါသည်။) ထိုသို့ ဘုရားရှင်အား ကြောင့်ကြမဲ့နေသည်၏အဖြစ်ကို ဆောင်တတ်ရောက်စေတတ်သောကြောင့်ရှင်း[၁], အရိယာတို့၏ဉာဏ်မျက်စိဖြင့်သာ မြင်အပ်, သိအပ်သည့်တရားဖြစ်သောကြောင့်ရှင်း, (အရိယာအဖြစ်သို့ရောက်လျှင် အလိုလိုသိနိုင်၊ မြင်နိုင်မည်ဖြစ်တဲ့အတွက်ကြောင့် သရုပ်သကန်အနေဖြင့် အကျယ်တဝင့်)မဟောဆိုတော့ခြင်းဖြစ်ပါသည်။ (လက်သည်းကွင်းစာများကို သဘောပေါက်လွယ်စေရန်ဖြည့်ရေးထားခြင်းဖြစ်ပါ၏၊ မူရင်းပါဋ္ဌိ၌မပါ။)

*(မှတ်ချက်) ၁။ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ခုနစ်ဌာနတို့၌ ခုနစ်ရက်စီ စံနေတော်မူပြီးသောအခါ တရားဟောရန်ဆင်ခြင်တော်မူသည်။ ထိုအခါ တရားတော်၏ နက်နဲသိမ်မွေ့ပုံကိုဆင်ခြင်တော်မူသဖြင့် တရားဟောရန် ကြောင့်ကြမဲ့အဖြစ်သို့ရောက်ခဲ့သည်ဟုဆို၏။ ထိုအဆိုအရ ဖော်ပြခြင်းဖြစ်သည်။*

၅၆၀။ မေး- နိဗ္ဗာန်သည် ပုဂ္ဂိုလ်တိုင်းနှင့်ဆိုင်သောသာဓာရဏတရား ဟုတ်,မဟုတ်ရှင်းပြပါ။

ဖြေ- မဟုတ်ပါ၊ နိဗ္ဗာန်သည် အရိယာမဂ်နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့သာမျက်မှောက်ပြုအပ်သောအားဖြင့် သိအပ်,ရောက်အပ်သောကြောင့် အများနှင့်မဆိုင်သော အသာဓာရဏတရားဖြစ်ပါသည်။

(သာဓာရဏ= အများနှင့်သက်ဆိုင်သော၊ အသာဓာရဏ= အများနှင့်မသက်ဆိုင်)

မေး- နိဗ္ဗာန်သည် ဘယ်အချိန်ကစ၍ဖြစ်ပေါ်တည်ရှိလာသောတရားဖြစ်ပါသနည်း၊ သိရှိပါက ဖော်ပြစမ်းပါ။

ဖြေ- နိဗ္ဗာန်၏အစ (ပဘဝ) မရှိပါ။ နိဗ္ဗာန်ကို မည်သည့်ဘုရားရှင်လက်ထက်က စ၍ဖြစ်ခဲ့သည်ဟု ဖြစ်ရာကာလအပိုင်းအခြား ရှေ့အစွန်း၏မရှိသောကြောင့် အမှန်အစမရှိသော (အပ္ပဘဝ)တရားသာဖြစ်ပါ၏။ (နိဗ္ဗာန်သည် အမြဲရှိနေသောကာလသုံးပါးမှလွတ်သော နိစ္စတရားဖြစ်၏။) [ပဘဝ= အစရှိ, အစထင်ရှား, အပ္ပဘဝ= အစမရှိ, အစမထင်ရှား။

မေး- သုညကပ်ကမ္ဘာ၌ အရိယာမဂ်တရားမရှိ၊ ဘုရားပွင့်ပြီး မဂ်တရားဖြစ်ပေါ်လာမှသာ နိဗ္ဗာန်ကို သိနိုင်၊ မြင်နိုင်၊ မျက်မှောက်ပြုနိုင်တာဖြစ်လို့ မဂ်ဖြစ်လာခြင်းကိုနိဗ္ဗာန်၏အစလို့

မပြောနိုင်ဘူးလား နားလည်အောင်ရှင်းပြပေးပါဦး။

ဖြေ- မဂ်ဖြစ်လာတာကို နိဗ္ဗာန်၏အစလို့ မပြောနိုင်ပါဘူး၊ မဂ်ရဲ့သတ္တိက နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိနိုင်၊ မြင်နိုင်၊ မျက်မှောက်ပြုနိုင်ခြင်းသာဖြစ်သည်၊ မဂ်သတ္တိက နိဗ္ဗာန်ကို ဖြစ်လာအောင်လုပ်ပေးတာမဟုတ်ပါဘူး၊ (အမြဲတည်ရှိနေသောအငြိမ်းဓာတ် နိဗ္ဗာန်သဘောက နဂိုတည်းကရှိပြီးသားပါ၊ နိဗ္ဗာန်သည် ဘယ်အရာကမှဖြစ်ပေးနိုင်တဲ့တရားလည်း မဟုတ်ပါဘူး၊ နိဗ္ဗာန်ကိုဖြစ်စေနိုင်စွမ်းတဲ့တရားရယ်လို့ လောကမှာမရှိပါဘူး၊ မဂ်ဉာဏ်ရရှိတာက **နိဗ္ဗာန်ကို ကြည့်နိုင်၊ သိနိုင်မြင်နိုင်တဲ့မှန်ပြောင်းရရှိတာနဲ့သာတူပါတယ်။ ထို့ကြောင့် အမွန်အစ(ပဘဝ)မရှိ အပ္ပဘဝ**= တရားသာဖြစ်ပါသည်။ စ၍ဖြစ်လာခြင်းမဟုတ်သည့်တရားဖြစ်၍ ပျက်သွားနိုင်သည့်တရားလည်းမဟုတ်ပါပေ။ ဖြစ်ဖြစ်လာသောတရားသာ၊ ပျက်ပျက်သွားခြင်းသဘောရှိပါ၏။ ဖြစ်ဖြစ်လာသောတရားမဟုတ်သည့်အတွက် ပျက်ပျက်သွားခြင်းလည်း မရှိပါပေ။ ထို့ကြောင့် စ,ဖြစ်လာခြင်းရှိသော အိုခြင်း၊ သေခြင်းလည်းမရှိ၊ စ,၍ဖြစ်လာခြင်း အိုခြင်း၊ သေခြင်းမရှိသောကြောင့် နိဗ္ဗာန်သည် အခါမပြတ် အမြဲတည်ရှိနေသောတရားဖြစ်၍ နိစ္စတရားသာဖြစ်ပါ၏။

*[ဤနေရာ၌ နိဗ္ဗာန်၏ အမြဲတည်ရှိသောနိစ္စတရားဖြစ်ကြောင်း ပို၍ထင်ရှားစေရန် နိဗ္ဗာန်ကို နိစ္စဟုဟောသောပရိယာယ်တူ နာမည်အမျိုးမျိုးဖြင့်ခေါ်ဆိုပုံကို လေ့လာကြည့်ပါဦး။]*

မဂ်ဖိုလ်တို့၏အာရုံဖြစ်သောနိဗ္ဗာန်ကို များစွာသောကျမ်းဂန်ပါဠိတို့၌- **ဓုဝ**(အမြဲ)၊ **သဿတ**(အမြဲ)၊ **အပစ္စယ**(အကြောင်းကင်း)၊ **အသင်္ခတ**(ပြုပြင်မှုကင်း)၊ **အနိမိတ္တ** (ပုံသဏ္ဌာန်အရိပ်နိမိတ်ကင်း)။ **အနန္တ**(အဆုံးအပိုင်းအခြားမရှိ)သောတရားဟုဖော်ပြ ထားကြ၏။

**မေး**- နိဗ္ဗာန်သည် အဘယ့်ကြောင့်**အမြဲတည်သော= ဓုဝ**တရားဖြစ်ပါသနည်း။

**ဖြေ**- နိဗ္ဗာန်သည် ဖောက်ပြန်ပျက်စီးခြင်းမရှိသည်ဖြစ်၍ ပကတိမြဲမြံခိုင်ခံ့တည်တံ့သောသဘောဖြစ်သောကြောင့်၎င်း၊ မြဲမြံခိုင်ခံ့စွာ ထာဝရတည်နေခြင်းရှိသည်ဖြစ်၍ ဖောက်ပြန်ပျက်စီးခြင်းမရှိသည်၏အဖြစ်ကြောင့်၎င်း၊ **အမြဲတည်သော= ဓုဝ**တရားဖြစ်ပါသည်။

*[ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဉာတိဗျသန၊ ဘောဂဗျသနစသောအကြောင်းတို့ကြောင့် စိုးရိမ်ပင်ပန်းခြင်းအစရှိကုန်သောဆင်းရဲတို့မှ လွတ်လိုသောသူတော်ကောင်းတို့သည် ထိုဆင်းရဲတို့မှလွတ်ခြင်းအကျိုးငှာ- ရောက်အပ် ရောက်ထိုက်သည်၏အဖြစ် တရံတဆစ်မျှ ဖြစ်ခြင်းပျက်ခြင်းမရှိသည်၏အဖြစ်ဖြင့် မြဲသောသဘောရှိသောကြောင့် ဓုဝ ဟု ဆိုခြင်းဖြစ်ပါသည်။ (သံယုတ်၄၊ အဘိဓမ္မတ္ထ ဝိကာသနီ-၃၃)]*

**မေး**- အဘယ့်ကြောင့် နိဗ္ဗာန်ကို **သဿတ** (အမြဲတည်သော)တရားဟု ခေါ်ပါသနည်း။

**ဖြေ**- နိဗ္ဗာန်သည် တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှ ဖြစ်တတ်သောတရားမဟုတ်၊ ထိုသို့ ဖြစ်တတ်သောတရားမဟုတ်၍ ချုပ်ပြတ်တတ်သောသဘောလည်းမရှိ ပကတိအတိုင်း

ထာဝရအမြဲတည်သောသဘောဖြစ်သောကြောင့် သဿတ(အမြဲတည်သော)တရားဟု ဆိုပါသည်။ ဖြစ်ပြီးချုပ်ပြတ်တတ်သည်ကို မမြဲသောအသဿတဟုခေါ်ပါ၏၊ **နိဗ္ဗာန်သည်ကား-** ဖြစ်ပြီးချုပ်ပြတ်တတ်သည့်သဘောမရှိ အမြဲတည်သောကြောင့် သဿတဟုသာခေါ်နိုင်ပါ၏။ (*ကထာဝတ္ထု၊ ၄*)

**မေး-** အဘယ့်ကြောင့် နိဗ္ဗာန်ကို **အပစ္စယ, အသင်္ခတ, အနိမိတ္တ**ဟု ခေါ်ပါသနည်း။
**ဖြေ-** အလုံးစုံသောသင်္ခါရတရားတို့ကို အကြောင်းနှင့်စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် သပစ္စယဟုရင်း၊ ဟေတု, သဟဇာတအစရှိသော အကြောင်းပစ္စည်းတရားတို့သည် အညီအညွတ်ပေါင်းဆုံ၍ပြုအပ်သည်၏အဖြစ်ကြောင့် သင်္ခတဟုရင်း၊ မပျက်မချုပ်ဘဲ၊ အမြဲရှိမနေသောကြောင့် (ပျက်ချုပ်ခြင်းအမြဲရှိနေသောကြောင့် ပုံသဏ္ဍာန်အရိပ်နိမိတ်အကြောင်းရှိနေသောကြောင့် **နိမိတ္တ**ဟုခေါ်၏။ **နိဗ္ဗာန်သည်ကား**-ဖော်ပြခဲ့ရာ- အကြောင်းများမရှိသောကြောင့် **အပစ္စယ, အသင်္ခတ, အနိမိတ္တ**မျိုးတို့သာဖြစ်ပါ၏။

**မေး-** အဘယ့်ကြောင့် နိဗ္ဗာန်ကို **အနန္တ**ဟုခေါ်ပါသနည်း။
**ဖြေ-** ဥပါဒ်, ဋီ, ဘင်ဟူသော အပိုင်းအခြားသဘောမှကင်းသည်၏အဖြစ်ကြောင့် နိဗ္ဗာန်ကို **အနန္တ**ဟု ခေါ်ပါသည်။ (ဖြစ်ခြင်းအပိုင်းအခြား၊ ပျက်ခြင်းအပိုင်းအခြား၏မရှိခြင်းကြောင့် **အနန္တ**ဟုရင်း၊ အစဉ်ထာဝရအမြဲတည်သောတရားဖြစ်၍ တရံတဆစ်မျှဖြစ်ခြင်း, ချုပ်ခြင်းဟူသောအပိုင်းအခြားမရှိသောကြောင့် **အနန္တ**ဟုရင်း ခေါ်ခြင်းဖြစ်ပါသည်။

**မေး-** အဘယ့်ကြောင့်နိဗ္ဗာန်သည် **နိစ္စ**မည်ပါသနည်း။
**ဖြေ-** စ၍ဖြစ်လာခြင်း၊ ရင့်ရော်အိုမင်းဆွေးမြေ့ခြင်း၊ ချုပ်ပျောက်ကုန်ခမ်း သေပျက်ခြင်းမရှိဘဲ အမြဲမပြတ်တည်သောသဘောဖြစ်၍ နိဗ္ဗာန်သည် **နိစ္စ**တရားမည်ပါ၏။

**မေး-** အဘယ့်ကြောင့် နိဗ္ဗာန်သည် အိုခြင်း၊ သေပျက်ခြင်းမရှိရပါသနည်း။
**ဖြေ-** နိဗ္ဗာန်သည် စ၍ဖြစ်လာခြင်း၊ (ပဘဝ)တရားမျိုးမဟုတ်၊ အပ္ပဘဝ တရားမျိုးဖြစ်၍ အိုမှု၊ သေမှုမရှိပါ။

**မေး-** အဘယ့်ကြောင့် နိဗ္ဗာန်သည် စ၍ဖြစ်လာခြင်း (ပဘဝ)မရှိပါသနည်း။
**ဖြေ-** မည်သည့်ကပ်ကမ္ဘာကာလ, မည်သည့်ဘုရားရှင်လက်ထက်ကမှစ၍ ဖြစ်လာသည်ဟု-ဖြစ်ရာကာလအပိုင်းအခြားမရှိသောကြောင့် စ၍ဖြစ်လာခြင်း(ပဘဝ)မရှိပါ။

**မေး-** နိဗ္ဗာန်၏မြဲသောအဖြစ်သို့ ရောက်ခြင်းကဲ့သို့ (နိဗ္ဗာန်သည်မြဲသကဲ့သို့) လောကရသေ့ဆရာတို့ဆိုသော အဏုမြူ ပကတိ, ကာလ, ပုရိသစသည်တို့၏လည်း မြဲသောအဖြစ်သို့ ရောက်ခြင်းသည် ဖြစ်ကောင်းသည်မဟုတ်ပါလော။ (နိဗ္ဗာန်နှင့်အဏုမြူ ပကတိ၊ ကာလ၊ ပုရိသစသည်တို့နှင့် မြဲပုံခြင်းတူညီကြသည်မဟုတ်ပါလော။ တူ,မတူ ပြည့်ပြည့်စုံစုံရှင်းပြပေးပါ။

ဖြေ- တူညီသည်ဟု မဆိုသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော်- ထိုအဏုမြူစသည်တို့၏ မြဲသည့်အဖြစ်ကိုပြတတ်, ပြီးစေတတ်သော သင့်လျော်သည့်အကြောင်းယုတ္တိမရှိသောကြောင့် ဖြစ် ပါသည်။

**ပြည့်ပြည့်စုံစုံရှင်းပြရပါမူ**- နိဗ္ဗာန်နှင့်အဏုမြူစသည်တို့ကို နှိုင်းယှဉ်ပြိုင်ဆိုပြောဆိုရာ၌ နိဗ္ဗာန်သည် အမြဲထာဝရတည်ရှိသောပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားစင်စစ်ဖြစ်ပါ၏။ အဏုမြူစသည်တို့မှာ ထိုထို ရသေ့ဆရာတို့၏ သူတို့သဘော, သူတို့အမြင်, သူတို့အတွေးဖြင့် မြဲသည်ဟုဆိုထားခြင်းမျှသာဖြစ်ပါသည်။

ထိုရသေ့ဆရာတို့၏ **အဏုမြူမြဲပုံ**- ကဏာဒရသေ့၏ဝါဒမှာ- အဏုမြူ နှစ်ခုသုံးခုဆက်ထားခြင်းသည် ပျက်စီး၏၊ အသေးဆုံး ပရမာအဏုမြူမှာ- မပျက်စီးဘဲ မြဲသည်ဟုဆိုပါသည်။

## ပကတိ၏မြဲပုံ

ကပိလရသေ့၏အဆိုအရ-ပုရိသခေါ် အတ္တနှင့်ပေါင်းစပ်မိသောအခါ **ပကတိမှ** ဖြစ်ပွားလာသော မဟာစသည်တို့မှာ- ပျက်စီးတတ်၏။

**သတ္တ, ရဇ, တမဟူသော ဂုဏ် ၃-ပါးတို့၏ညီမျှဆဲအခိုက်ဖြစ်သော ပကတိကား**- ပျက်စီးခြင်းမရှိပဲ မြဲသည်ဟုဆို၏။

ပုရိသခေါ်အတ္တကိုလည်း မြဲသည်ဟုဆိုကြ၏။ **ကာလဝါဒီပုဂ္ဂိုလ်တို့ကလည်း- ကာလကို** မြဲသည်ဟုဆိုကြ၏။

**မေး**- နိဗ္ဗာန်၏မြဲသည်၏အဖြစ်ကြောင့် ထိုအဏုမြူစသည်တို့လည်း မြဲကုန်၏ဟုဆိုချင်ပါသည်။ ဆိုနိုင်,မဆိုနိုင်ရှင်းပြပါ။

ဖြေ- မဆိုသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော်-အကြောင်းပြဟိတ်လက္ခဏာအဖြစ် မသင့်လျော်မပြည့်စုံသောကြောင့် (ဝါ)နိဗ္ဗာန်၏မြဲသည်၏အဖြစ်ကြောင့်ဟူသော အကြောင်းပြချက်သည် အဏုမြူစသည်တို့၏မြဲခြင်းကိုထောက်ခံပေးနိုင်လောက်သော အကြောင်းပြချက်လက္ခဏာ အဖြစ်သို့မရောက်သောကြောင့်ဖြစ်ပါသည်။ (နိဗ္ဗာန်၏ မြဲသည်၏အဖြစ်ကြောင့်ဟူသောအကြောင်းပြချက်နှင့် အဏုမြူတို့၏မြဲခြင်းဆိုသည်မှာ- ဘယ်လိုမှပတ်သက်ဆက်နွယ်ခြင်းမရှိသောကြောင့်ဖြစ်ပါသည်။)

**မေး**- အဏုမြူစသည်တို့သည် ဥပါဒ်, ဌီ, ဘင်စသည်တို့မရှိ၊ နိဗ္ဗာန်၌လည်း ဥပါဒ်၊ ဌီ၊ ဘင်မရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကဲ့သို့မြဲသောတရားဟုပင်ဆိုခြင်ပါသည်။ ဆိုနိုင်,မဆိုနိုင် ဆုံးဖြတ်ပြပါ။

ဖြေ- မဆိုသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော်-**အဏုမြူစသည်တို့၏ နိဗ္ဗာန်ကဲ့သို့ ပရမတ္ထအားဖြင့် ပြီးစီးထင်ရှားသောသဘောမဟုတ်သည်၏အဖြစ်ကြောင့်ဖြစ်ပါသည်။**

အမှန်မှာ- အဏုမြူ, ပရမာအဏုမြူတို့၌အတွင်းဝင်သော အဋ္ဌကလာပ်ရုပ်တို့ကား ထင်ရှားရှိပါ၏။ သို့သော် ပရဝါဒီတို့ယူဆထားသည့်အတိုင်း တစ်ကြိတည်း၊ တလုံးတခဲတည်းတည်နေသောအဏုမြူ,ပရမာဏုမြူတို့ကား မရှိကြချေ။ ထို့ပြင် ပကတိနှင့်ပုရိသခေါ် အတ္တ

တို့သည်ကား-လုံးဝပင်မရှိကြချေ။ ကာလ၏ထင်ရှားမရှိပုံမှာ- သိသာလှပါ၏။

၅၆၁။ **အချုပ်အားဖြင့်ဆိုရပါမူ-** ဆိုခဲ့ပြီးသောနိဗ္ဗာန်၏မြဲပုံ, အစမရှိပုံအကြောင်းတင်ပြချက်များသည် သင့်လျော်ပြီး ယုတ္တိလည်းရှိသောကြောင့် အသင်္ခတဓာတ်နိဗ္ဗာန်မြတ်သည်သာ နိစ္စ(မြဲသော)တရားဖြစ်ပါ၏။

- ရုပ်၏သဘောကိုလွန်သောကြောင့် ရုပ်သဘောမရှိ(ရုပ်မဟုတ်)၊ နာမ်တရားသာဖြစ်ပါ၏။

- ဘုရားစသည်တို့၏ ကိလေသာကုန်ခြင်း (ပြီးဆုံးခြင်း)နှင့် အခြားရဟန္တာစသည်တို့၏ ကိလေသာကုန်ခြင်း (ပြီးဆုံးခြင်း)တို့သည် ထူးခြားကွဲပြားခြင်းမရှိသောကြောင့် တစ်မျိုးတည်းသာဖြစ်သော (တူညီသော)ပြီးဆုံးမှုတို့သာဖြစ်ပါ၏။

## သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်

အရိယာမဂ်ကိုပွားစေခြင်းဖြင့် နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် ရောက်အပ်၊ သိအပ်၊ မျက်မှောက်ပြုအပ်သောသူ၏ ကိလေသာငြိမ်းခြင်းကိုရင်း, ကိလေသာတို့မှကြွင်းသော အကျိုးဝိပါက်ခန္ဓာ (ဉပါဒိ)ကိုရင်း၊ စွဲ၍သိအပ်,ပညတ်အပ်သောနိဗ္ဗာန်ကို အကျိုးဝိပါက်ခန္ဓာ (ဉပါဒိ)အကြွင်းနှင့်သိအပ်,ပညတ်အပ်သောနိဗ္ဗာန်ဖြစ်၍ သဉပါဒိသေသနိဗ္ဗာန်ဟုခေါ်ပါသည်။

ထို့နောက် သမုဒယကို အကြွင်းမဲ့ပယ်သဖြင့် အနာဂတ်ဖြစ်လတ္တံ့သောကံ၏အကျိုးကို ပယ်ပြီးသောရဟန္တာပုဂ္ဂိုလ်များအတွက် နောက်ဆုံး ပရိနိဗ္ဗာနစုတိစိတ်မှနောက်၌ ပဝတ္တိခန္ဓာအသစ်မဖြစ်တော့ခြင်းကြောင့်ရင်း၊ ပရိနိဗ္ဗာနစုတိတိုင်ဖြစ်ပြီးသောခန္ဓာတို့၏ ကွယ်ပျောက်ခြင်း၊ ချုပ်ခြင်းကြောင့်ရင်း၊ ကိလေသာနှင့် ဉပါဒိမည်သောခန္ဓာတို့၏မရှိခြင်းကိုအစွဲပြု၍ ပညတ်အပ်၊ သိစေအပ်၊ ပြီးစေအပ်သောနိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်မည်၏။

--- အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းတာက သဉပါဒိသေသနိဗ္ဗာန်။

--- အကျိုးခန္ဓာ အကြွင်းပါငြိမ်းတာက အနုပါဒိသေသနိဗ္ဗာန်။

လျှော့လျှည်းလျှည်းမဟုတ်၊ တင်းမာသောဝိရိယဖြင့်ပြီးသော လောကုတ္တရာဉာဏ်ထူးဖြင့်သိအပ်သောကြောင့်ရင်း၊ သဗ္ဗညုဘုရားရှင်ဟောထားအပ်သောတရားဖြစ်သောကြောင့်ရင်း၊ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် အမှန်တကယ်ထင်ရှားရှိသောတရားဖြစ်ပါသည်။

မှန်ပါသည်- အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံဟု ဟောထားပါသည်။ ရဟန်းတို့- အဇာတံ=ဝေဒနာ စသည်ကဲ့သို့ အကြောင်းညီညွတ်၍၊ ဖြစ်သည်မဟုတ်သော၊ အဘူတံ= (အကြောင်းမဲ့အလိုလို)ဖြစ်ပေါ်သည်လည်းမဟုတ်သော၊ အကတံ= အကြောင်းတစ်စုံတစ်ခုက ပြုအပ်သည်လည်းမဟုတ်သော၊ အသင်္ခတံ= အသင်္ခတတရားဟု နိဗ္ဗာန်ကို ဟောတော်မူခြင်းဖြစ်ပါ၏။

**ဒုက္ခနိရောဓနိဒ္ဒေသ အဆုံးအဖြတ်ပြီး၏။**

❋ ❋ ❋

## မဂ်ကိုအကျယ်ပြဆိုချက်

၅၆၂။ ဒုက္ခနိရောဓဂါမိနီပဋိပဒါနိဒ္ဒေသ၌ဟောထားသော ရှစ်ပါးသောတရားတို့ကို ခန္ဓနိဒ္ဒေသ၌ပြပြီးဖြစ်သော်လည်း ဤမဂ္ဂသစ္စာအရာ၌ တစ်ခုတည်းသောခဏ၌ဖြစ်ကုန်သော ထိုမဂ္ဂင်တရားတို့၏အထူးကိုသိစေရန်- ပြဆိုပါဦးမည်။

**အကျဉ်းအားဖြင့်ပြရလျှင်**-သစ္စာလေးပါးကိုသိရန်ကျင့်သော ယောဂီအား- နိဗ္ဗာန်ကိုအာရုံပြုလျက် အဝိဇ္ဇာနုသယကို အကြွင်းမဲ့နုတ်ခွာ ပယ်သတ်တတ်သောပညာမျက်စိသည် **သမ္မာဒိဋ္ဌိမည်၏။ ၎င်းသမ္မာဒိဋ္ဌိသည်**-

| | | | |
|---|---|---|---|
| (က) | သမ္မာ ဒဿနလက္ခဏာ | = | မှန်စွာမြင်ခြင်းလက္ခဏာရှိ၏။ |
| (ခ) | ဓာတုပ္ပကာသနရသာ | = | ဓာတ်သဘောကို ထင်ရှားပြခြင်းကိစ္စရှိ၏။ (ဝါ) သစ္စာလေးပါးကို ထင်ရှားပြခြင်းကိစ္စရှိ၏။ |
| (ဂ) | အဝိဇ္ဇန္ဓကာရဝိဒ္ဓံသနပစ္စုပဋ္ဌာနာ | = | အဝိဇ္ဇာအမှောင်ကို ဖျက်ဆီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။ |
| (ဃ) | ဝိညာဏပဒဋ္ဌာနာ | = | ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။ |

ထိုအဝိဇ္ဇာနုသယကို နုတ်ခွာပယ်သတ်နိုင်သောအခြင်းအရာဖြင့်ဖြစ်သော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်သော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ ပယ်သတ်တတ်သော စိတ်ကို နိဗ္ဗာန်အာရုံသို့ရှေးရှုတင်ပေးတတ်သောသဘောသည် သမ္မာသင်္ကပ္ပပေတည်း။

၎င်းသမ္မာသင်္ကပ္ပသည်-

| | | | |
|---|---|---|---|
| (က) | သမ္မာစိတ္တာဘိနိရောပန လက္ခဏော | = | စိတ်ကို အာရုံသို့မှန်စွာရှေးရှုတင်ပေးခြင်း လက္ခဏာရှိ၏။ |
| (ခ) | အပ္ပနာရသော | = | (နိဗ္ဗာန်အာရုံသို့)ရောက်စေခြင်း၊ သက်ဝင်စေခြင်းကိစ္စရှိ၏။ |
| (ဂ) | မိစ္ဆာသင်္ကပ္ပပဟာနပစ္စုပဋ္ဌာနော | = | မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။ |
| (ဃ) | ဝိညာဏပဒဋ္ဌာနာ | = | ဝိညာဏ်လျှင်နီးစွာသောအကြောင်းရှိ၏။ |

ထိုသို့ သမ္မာဒိဋ္ဌိဖြင့်မြင်သည့်ပြင် သမ္မာသင်္ကပ္ပဖြင့်ကြံစည်သောပုဂ္ဂိုလ်၏ ထိုကြံသည့် ဝိတက်နှင့်ပင်ယှဉ်သော ဝစီဒုစရိုက်ကို အကြွင်းမဲ့ နုတ်ခွာပယ်သတ်တတ်သော မိစ္ဆာဝါစာမှကြဉ်ခြင်းသဘောသည် **သမ္မာဝါစာမည်၏။ ၎င်းသမ္မာဝါစာသည်** -

| | | | |
|---|---|---|---|
| (က) | ပရိဂ္ဂဟလက္ခဏာ | = | (ကြားနာသူနှင့် ယှဉ်ဖက်တရားတို့ကို) သိမ်းဆည်းခြင်းလက္ခဏာရှိ၏။ |
| (ခ) | ဝိရမဏရသာ | = | မိစ္ဆာဝါစာမှ ကြဉ်ခြင်းကိစ္စရှိ၏။ |

(ဂ) မိစ္ဆာဝါစာပဟာနပစ္စုပဋ္ဌာနာ = မိစ္ဆာဝါစာကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိ ဂုဏပဒဋ္ဌာနာ = သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာအစရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

ထိုအခြင်းအရာဖြင့်ကြဉ်သောပုဂ္ဂိုလ်၏ ထိုဝိရတီနှင့်ပင်ယှဉ်သော မိစ္ဆာကမ္မန္တကို အကြွင်းမဲ့နုတ်ခွာပယ်သတ်တတ်သော ပါဏာတိပါတစသည်မှကြဉ်ခြင်းသဘောသည် သမ္မာကမ္မန္တမည်၏။ ၎င်းသမ္မာကမ္မန္တသည်-
(က) သမုဋ္ဌာပနလက္ခဏော = (အပြစ်ကင်းသောအမှုကို) ဖြစ်စေခြင်း လက္ခဏာရှိ၏။
(ခ) ဝိရမဏရသော = မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာကမ္မန္တပဟာနပစ္စုပဋ္ဌာနော = မိစ္ဆာကမ္မန္တကိုပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိ ဂုဏပဒဋ္ဌာနော = သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာအစရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

ထို့ပြင် သမ္မာဝါစာ ကမ္မန္တတို့နှင့်ပြည့်စုံသောထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါစာ ကမ္မန္တတို့၏ အထူးစင်ကြယ်ကြောင်းဖြစ်သော ၎င်းတို့နှင့်ပင်ယှဉ်သော အံ့ဖွယ်ပြုခြင်းစသည်ကို အကြွင်းမဲ့ ဖြတ်တတ်သော မိစ္ဆာဇီဝမှကြဉ်ခြင်းသဘောသည် သမ္မာအာဇီဝမည်၏။ ၎င်းသည်-
(က) ဝေါဒါနလက္ခဏော = ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်းလက္ခဏာ ရှိ၏။
(ခ) ဉာယာဇီဝ ပဝတ္တိရသော = သင့်လျော်သောအသက်မွေးမှုကိုဖြစ်စေခြင်း ကိစ္စရှိ၏။
(ဂ) မိစ္ဆာဇီဝပဟာနပစ္စုပဋ္ဌာနော = မိစ္ဆာဇီဝကိုပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိ ဂုဏပဒဋ္ဌာနော = သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာအစရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

ထိုအခါ၌ သမ္မာဝါစာ, ကမ္မန္တက,အာဇီဝဟုဆိုအပ်သော ထိုသီလမြေ၌ ကြံ့ကြံ့တည်သော ထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါစာစသည့်အားလျော်သော ထိုသမ္မာဝါစာစသည်တို့နှင့်ပင်ယှဉ်သော ပျင်းရိခြင်းကို အကြွင်းမဲ့ဖြတ်တတ်သော အကြင်လုံ့လအားထုတ်မှုသည်ရှိ၏။ ဤအားထုတ်မှုသည် သမ္မာဝါယာမမည်၏။ ၎င်းသမ္မာဝါယာမသည်-
(က) ပဂ္ဂဟလက္ခဏော = ချီးမြှောက်အားပေးခြင်းလက္ခဏာရှိ၏။

(ခ) အနုပ္ပန္နအကုသလာနုပ္ပါဒ နာဒိရသော = မဖြစ်သေးသောအကုသိုလ်တို့ကို မဖြစ်စေခြင်း စသောကိစ္စရှိ၏။
(ဂ) မိစ္ဆာဝါယာမပဟာနပစ္စုပဋ္ဌာနော = မိစ္ဆာဝါယာမကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနော = ဝီရိယဟုဆိုအပ်သော အာရမ္ဘ၏အကြောင်းရှစ်ပါးလျှင် နီးစွာသောအကြောင်းရှိ၏။

ဤဆိုခဲ့သည့်အတိုင်း အားထုတ်သောထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါယာမနှင့်ယှဉ်သော မိစ္ဆာသတိကို ခါထုတ်ပယ်ဖျောက်တတ်သောစိတ်၏ မမေ့မပျောက်ခြင်းသဘောသည် **သမ္မာသတိမည်၏။ ၎င်းသမ္မာသတိသည်-**

(က) ဥပဋ္ဌာနလက္ခဏာ = အာရုံ၌ကပ်၍တည်ခြင်း လက္ခဏာရှိ၏။ (ဝါ) အာရုံ၌ထင်ခြင်းလက္ခဏာရှိ၏။
(ခ) အသမ္မုဿနရသာ = အာရုံကို မမေ့မပျောက်စေခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာသတိပ္ပဟာနပစ္စုပဋ္ဌာနာ = မိစ္ဆာသတိကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) ထိရသညာပဒဋ္ဌာနာ = မြဲမြံသောသညာလျှင် နီးစွာသောအကြောင်းရှိ၏။

ဤသို့ အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သောသတိက ကောင်းစွာစောင့်ရှောက်အပ်သည့် စိတ်ရှိသောသူ၏ ထိုသတိနှင့်ယှဉ်သော မိစ္ဆာသမာဓိကို ဖျက်ဆီးတတ်သော စိတ္တေကဂ္ဂတာခေါ် စိတ်တည်ကြည်ခြင်းသဘောသည် **သမ္မာသမာဓိမည်၏။၎င်းသည်-**

(က) အဝိက္ခေပလက္ခဏော = စိတ်ကို မပျံ့လွင့်စေခြင်းလက္ခဏာရှိ၏။ (ဝါ) သူကိုယ်တိုင် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။
(ခ) သမာဓာနရသော = စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာသမာဓိပ္ပဟာနပစ္စုပဋ္ဌာနော = မိစ္ဆာသမာဓိကိုပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ) သုခပဒဋ္ဌာနော = သုခလျှင်နီးစွာသောအကြောင်းရှိ၏။

ဤသည်ကား- ဒုက္ခ၊ နိရောဓဂါမိနီပဋိပဒါနိဒ္ဒေသ၌သိကြောင်းနည်းဖြစ်၏။ ဤဆိုခဲ့သည့်အတိုင်း ဤသစ္စာတို့၌ ဇာတိစသည်တို့၏အဆုံးအဖြတ်ကိုသိအပ်၏။

၅၆၃။ **ဉာဏ်၏ကိစ္စအားဖြင့်ဆိုရာ၌ သစ္စဉာဏ်၏ကိစ္စအားဖြင့်လည်း** အဆုံးအဖြတ်ကို သိအပ်၏။ သစ္စဉာဏ်သည် **အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်**ဟူ၍နှစ်ပါးအပြားရှိ၏။

ထိုတွင် **အနုဗောဓဉာဏ်ဆိုသည်မှာ-** လောကီဉာဏ်ဖြစ်၏၊ တဆင့်ကြားစသည်တို့၏အစွမ်းအားဖြင့် နိရောဓသစ္စာကိုလည်းသိ၏၊ မဂ္ဂသစ္စာကိုလည်းသိ၏။

ပဋိဝေဓဉာဏ်ဆိုသည်မှာ- လောကုတ္တရာဉာဏ်ပေတည်း။ နိဗ္ဗာန်ကိုအာရုံပြု၍ ပိုင်းခြားသိခြင်း၊ ပယ်ခြင်းအစရှိသော ကိစ္စပြီးသောအားဖြင့် လေးပါးသောသစ္စာတို့ကို ထိုးထွင်း၍သိ၏။ *မဟာဝဂ္ဂသံယုတ် (သံ-၃-၃၈၂ ၌)* ဟောတော်မူသည်မှာ-

"ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကိုမြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခသမုဒယကိုလည်း မြင်၏။ ဒုက္ခနိရောဓကိုလည်းမြင်၏။ ဒုက္ခနိရောဓသို့ဆိုက်ရောက်သောအကျင့် မဂ္ဂသစ္စာကို လည်းမြင်၏။ ဤသို့ စသည့်အလုံးစုံကို ထုတ်ဆောင်၍ဆိုအပ်၏။

**လောကီသစ္စာဉာဏ်လေးပါးရှိ၏၊ ထိုလေးပါးတို့တွင်-**

| ဒုက္ခကိုသိသော ဉာဏ်သည် | သမုဒယကိုသိသော ဉာဏ်သည် | နိရောဓကိုသိသော ဉာဏ်သည် | မဂ္ဂကိုသိသော ဉာဏ်သည် |
|---|---|---|---|
| ပရိယုဋ္ဌာန်ဟုဆိုအပ်သောအလွန်ဖိစီး နှိပ်စက်ခြင်း၏အစွမ်းဖြင့်ဖြစ်သော သက္ကာယဒိဋ္ဌိကို ဆုတ်နစ်စေ၏၊ ရပ်တန့်စေ၏။ | ပရိယုဋ္ဌာန်ဟုဆိုအပ်သော အလွန်ဖိစီးနှိပ်စက်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိကို ဆုတ်နစ် စေ၏၊ ရပ်တန့်စေ၏။ | -သဿတဒိဋ္ဌိကို- | --အကိရိယဒိဋ္ဌိကို-- |
| တနဲ- ဓုဝ၊ သုဘ၊ သုခ၊ အတ္တအဖြစ်တို့မှ ကင်းကုန်သောခန္ဓာတို့၌ ဓုဝ၊ သုဘ၊ သုခ၊ အတ္တ အဖြစ်ဖြင့် အမှတ်မှားခြင်း ဟုဆိုအပ်သော အကျိုး၌ ဖောက်ပြန်မှားယွင်း သောအကျင့်ကို ဆုတ်နစ်စေ၏။ | ပရမိဿရ၊ ပြဟ္မာမင်းစသော ဣဿရ အကြောင်း ပကတိ၊ အဏုတ္တဟူသော ပဓာနအကြောင်း၊ ကာလအကြောင်း၊ သဘာဝအကြောင်း စသည်တို့ဖြင့် လောကသည်ဖြစ်၏ဟု အကြောင်းမဟုတ်သည်၌ အကြောင်းဟု အမှတ်မှား သောအားဖြင့်ဖြစ်သော အကြောင်း၌ဖောက်ပြန် မှားယွင်းသောအကျင့်ကို ဆုတ်နစ်စေ၏။ | အရူပဘုံ၊ ရုပ်ရှိသော လောက၏အထွတ် ဆုံး အသညသတ်ဘုံ စသည်တို့၌ သခ်ါရ ကင်းရာ မောက္ခနိဗ္ဗာန် ဟု စွဲယူမှားသည် ဖြစ်၍ နိရောဓ၌ ဖောက်ပြန်မှားယွင်း သောအကျင့်ကို ဆုတ်နစ်စေ၏။ | ကာမသုခလ္လိက၊ အတ္တ ကိလမထာနုယောဂ အားဖြင့်- စင်ကြယ် ကြောင်း နိဗ္ဗာန်၏ အကြောင်းမဟုတ်ရာ၌ နိဗ္ဗာန်၏အကြောင်းဟု စွဲမှတ်မှားသဖြင့် ဖြစ် သောအကြောင်း၌ဖောက် ပြန်မှားယွင်းသောအကျင့်ကို ဆုတ်နစ်စေ၏။ |
| | | ဤသို့သစ္စာတို့၌ ဉာဏ်၏ကိစ္စအားဖြင့် အဆုံးအဖြတ်ကိုသိကြပါလေ။ | |

*(မှတ်ချက်) ရုပ်နာမ် ဒုက္ခသစ္စာတရားတို့ကို လေ့လာသင်ကြား၍ ကောင်းစွာသဘော ပေါက်နေသောသူမှာ- ထိုရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါဟုထင်မြင်သော သက္ကာယဒိဋ္ဌိ၊ အထင်အရှားအစွဲမမြဲမဖြစ်ပေါ်သည်ကိုပင် ဆုတ်နစ်စေသည်ဟုဆိုသည်။ သို့သော် ထိုမျှဖြင့် သက္ကာယဒိဋ္ဌိ အစွဲအလမ်းကား- လုံးဝမကင်းသေး၊ ရံဖန်ရံခါ၌ ဖြစ်ဦးမည်ပင်၊ ဝိပဿနာဉာဏ် ဖြင့် ဒိဋ္ဌိကင်းကွာပုံကို ဒိဋ္ဌိဝိသုဒ္ဓိအရာ၌ပြလတ္တံ့။*

*အကိရိယဒိဋ္ဌိဟူသည်မှာ ကုသိုလ်ပြုသော်လည်းကုသိုလ်မဖြစ် စသည်ဖြင့်ဖြစ်သော အယူမှားပင်၊ ဝိပဿနာရှု၍ မဂ္ဂသစ္စာခေါ်မဂ်တရားဖြစ်ပေါ်ပုံကို ကြားနာခြင်းစသည်ဖြင့် ယုံကြည်သဘောကျသောသူတို့မှာ ထိုသို့သောမိစ္ဆာဒိဋ္ဌိကင်းကွာသည်ဟုဆိုလို၏။*

***ဣဿရခေါ်ဘုရားသခင်သည်*** *လောကကိုဖြစ်စေ၏၊ ဖန်ဆင်းစီရင်၏၊ နှစ်စေ၏၊ ရုပ်သိမ်းပျောက်ကွယ်စေ၏ဟု ဣဿရဟူသောအကြောင်းကို ယုံကြည်သူတို့ကဆိုကြ၏။ ပဓာနခေါ်မထင်ရှားသောပကတိမှ လောကသည်ထင်ရှားဖြစ်ပေါ်လာ၏။ ပျက်ချိန်တန်သော အခါ- ထိုပကတိ၌ပင် ငုံလျက်ပျောက်ကွယ်သွားသည်ဟု* ***(ပဓာန) ပကတိ****ဟူသောအကြောင်းကို ယုံကြည်သူတို့ကဆိုကြ၏။ (သတ္တ, ရဇ, တမ-ဟူသောဂုဏ်သုံးပါးတို့ ညီမျှလျက် မထင်ရှားသောအခိုက်တန့်ကို* ***ပကတိ****ဟုဆိုကြ၏။ ပုရိသခေါ်အတ္တနှင့်ပေါင်းစပ်မိသောအခါ ယင်း* ***ပကတိမှ မဟာစသည် ဖောက်ပြန်လျက် ဝိကတိ****ဖြစ်လာသည်ဟုဆိုကြ၏။ ယင်းကတိသည် မထင်ရှားသောကြောင့်* ***အဗျတ္တ****လည်းမည်၏။ တိုင်းတာကန့်သတ်တတ်သောကြောင့် မာယာလည်းမည်၏။ မပြဋ္ဌာန်းသောမဟာစသည်တို့ကို ဖြစ်စေတတ်သောကြောင့် ပဓာနလည်းမည်၏ဟု ထိုဝါဒီတို့ကဆိုကြသည်။ ဤထက်အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်မြန်မာပြန်စတုတ္ထတွဲ နှာ-၈ ၌၎င်း၊ မဟာဋီကာနိဿယစတုတ္ထတွဲ နှာ-၂၁၁၌၎င်း၊ ကြည့်ပါ။)*

*"ကာလ-က သတ္တဝါတို့ကို ပြုလုပ်ဖြစ်စေ၏၊ ကာလ-က သတ္တဝါတို့ကို ရုပ်သိမ်းပျောက်ကွယ်စေ၏၊ ကာလ-က အိပ်ပျော်နေသူတို့ကို နိုးစေ၏၊ ကာလကိုကျော်လွန်နိုင်ခဲ၏"ဟု* ***ကာလဝါဒီ****တို့ကဆိုကြ၏၊ "ဆူး၏အဖျား ချွန်ထက်ခြင်းကဲ့သို့၎င်း၊ သီးသီးစသည်တို့၏ လုံးဝန်းခြင်းကဲ့သို့၎င်း၊ သားကောင်၊ ငှက်၊ မြွေ ကင်းတို့၏ဆန်းကြယ်ခြင်းကဲ့သို့၎င်း သူ့အလိုလို သဘောအားဖြင့်ပင်လျှင် လောကသည် ဖြစ်လည်းဖြစ်၏၊ ပျက်လည်းပျက်၏"ဟု* ***သဘာဝဝါဒီ****တို့ကဆိုကြ၏။* ***အာဒိ=စသည်အရဖြင့်*** *"အဏုမြူတို့မှ လောကသည်ဖြစ်၏၊"ဟု (****အဏုဝါဒီ****တို့ကဆိုကြ၏)။ "အလုံးစုံသည် ရှေးကပြုထားသည့်ကံအကြောင်းကြောင့်သာ"ဟု* ***ပုဗ္ဗေကတဟေတုဝါဒီ****တို့ကဆိုကြ၏။ "လောကသည်မြဲ၏၊ မပျက်နိုင်သည့်ကြိုးဖြင့်သီထားသော ကျောက်ပတ္တမြားနှင့်တူ၏။ ဤလောက ၌- တစ်စုံတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်၏ပြုလုပ်ခြင်းမရှိ"ဟု* ***နိယတဝါဒီ****တို့ကဆိုကြ၏။"အလိုအလျောက်ဖြစ်ကုန်၏။ အလိုအလျောက်ပင်ပျက်၏၊ ထို့ကြောင့် သတ္တဝါအပေါင်းသည် အလိုအလျောက်ဖြစ်ခြင်းရှိ၏"ဟု****ယဒိစ္ဆာဝါဒီ****တို့ကဆိုကြ၏။ ၎င်းတို့ကို* ***အဓိစ္စသမုပ္ပတ္တိဝါဒီ****တို့ဟူ၍လည်းခေါ်၏။ ဤသို့အစရှိသော မှုမမှန်သောအကြောင်းဝါဒများကို (****စသည့်အရဖြင့်****)သိမ်းယူသည်ဟုမှတ်အပ်၏။ (ဋီကာ)*

"လောကေ လောကပ္ပဘဝေ၊ လောကတ္ထဂမေ သိဝေ စ တဒုပါယေ။
သမ္မုယှတိ တာဝ နရော၊ န ဝိဇာနာတိ ယာဝ သစ္စာနိ"

နရော= တစ်စုံတစ်ယောက်ပုဂ္ဂိုလ်သတ္တဝါသည်၊ သစ္စာနိ= အမှန်တရားတို့ကို၊ ယာဝ= အကြင်မျှလောက်ကာလပတ်လုံး၊ နဝိဇာနာတိ= မသိသေး၊ တာဝ= ထိုမျှလောက်ကာလပတ်လုံး၊ လောကေ= လောကခေါ်သောဒုက္ခသစ္စာ၌၎င်း၊ လောကပ္ပဘဝေ= လောက၏အကြောင်းဟုဆိုအပ်သောသမုဒယသစ္စာ၌၎င်း၊ လောကတ္ထဂမေ= လောက၏ချုပ်ရာဟုဆိုအပ်

သော၊ သိဝေစ= နိဗ္ဗာန်၌၎င်း၊ တဒုပါယေ= ထိုနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌၎င်း၊ သမ္မုယ္ယတိ= ပြင်းစွာဖောက်ပြား သိမှားတွေဝေလျက်ရှိပါ၏။”

၅၆၄။ အတွင်းဝင်သောတရားတို့၏ ကွဲပြားမှုအားဖြင့်-

| ဒုက္ခ<br>သစ္စာ၌- | သမုဒယ<br>သစ္စာ၌- | နိရောဓ<br>သစ္စာသည်- | မဂ္ဂသစ္စာ၌- |
|---|---|---|---|
| တဏှာနှင့်<br>လောကုတ္တ-<br>ရာတရား<br>တို့ကို<br>ချန်ထား၍<br>ကြွင်းသော<br>တရားအား<br>လုံး<br>အတွင်းဝင် | ၃၆-ပါး<br>သော<br>တဏှာဝိ<br>စရိုက်<br>တို့သည်-<br>-အတွင်းဝင်<br>(အာယတန-<br>၁၂-ပါး×<br>ကာမ+ဘဝ<br>+ဝိဘဝ-၃<br>=၃၆) | အခြားနှင့်<br>ရောနှော<br>ခြင်းမရှိ၊<br>တစ်ပါး<br>တည်းသာ<br>ဖြစ်၏။ | သမ္မာဒိဋ္ဌိကို ပဓာနပြုသဖြင့်- ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသံမွောဇ္ဈင်တို့အတွင်းဝင်ကုန်၏။ |
| | | | သမ္မာသင်္ကပ္ပ---ဖြင့်-နေက္ခမ္မ, အဗျာပါဒ, အဝိဟိံသာ- ဝိတက်တို့- |
| | | | သမ္မာဝါစာ-ဖြင့်- ဝိစီသုစရိုက်-၄။ |
| | | | သမ္မာကမ္မန္တဖြင့်- ကာယသုစရိုက်-၃ သမ္မာအာဇီဝဖြင့်- အပိစ္ဆတာ၊ သန္တုဋ္ဌိတာ။ (တစ်နည်း- သမ္မာဝါစာ, -ကမ္မန္တ, -အာဇီဝ.အားလုံးသည်- အရိယာကန္တသီလဖြစ်, သဒ္ဓါလက်ဖြင့်ခံယူအပ်, ထိုသဒ္ဓိန္ဒြေစသည်တို့ရှိလျှင် သီလမဂ္ဂင် ၃-ပါးလည်းရှိသောကြောင့် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်, ဆန္ဒိဒ္ဓိပါဒ်တို့--- |
| | | | သမ္မာဝါယာမဖြင့်- သမ္မပ္ပဓာန်-၄+ဝီရိယ-ဣန္ဒြေ-ဗိုလ်,ဗောဇ္ဈင်တို့- |
| | | | သမ္မာသတိ-ဖြင့်--- သတိပဋ္ဌာန်.၄+သတိ-ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့- |
| | | | သမ္မာသမာဓိ-ဖြင့် သဝိတက္က, သဝိစာရ, သမာဓိအစရှိကုန်သော- ၃-ပါးသောသမာဓိတို့သည်၎င်း၊ စိတ္တိဒ္ဓိပါဒ်ဆိုင်ရာ- စိတ္တသမာဓိ- သမာဓိန္ဒြေ+သမာဓိဗိုလ်+ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင် ၄-ပါးတို့---အတွင်းဝင်ကုန်၏။ |

## ၅၆၅။ သစ္စာလေးပါးကိုဥပမာအားဖြင့်ပြရာ-

| ဒုက္ခသစ္စာကို | သမုဒယသစ္စာကို | နိရောဓသစ္စာကို | မဂ္ဂသစ္စာကို |
|---|---|---|---|
| ဝန်ထုပ်ကဲ့သို့<br>(ဘာရောဝိယ) | ဝန်ကိုယူခြင်းကဲ့သို့<br>(ဘာရာဒါနမိဝ) | ဝန်ကိုချခြင်းကဲ့သို့<br>(ဘာရနိက္ခေပနမိဝ) | ဝန်ကိုချခြင်း၏အကြောင်းကဲ့သို့<br>(ဘာရနိက္ခေပနုပါယောဝိယ) |
| အနာကဲ့သို့<br>(ရောဂေါဝိယ) | အနာ၏အကြောင်းရင်းကဲ့သို့<br>(ရောဂနိဒါနမိဝ) | ရောဂါငြိမ်းပျောက်ခြင်းကဲ့သို့<br>(ရောဂဝူပသမောဝိယ) | အနာပျောက်ဆေးကောင်းကဲ့သို့<br>(ဘေသဇ္ဇမိဝ) |
| အစာရှားသောအဖြစ်,<br>အခါကဲ့သို့<br>(ဒုဗ္ဘိက္ခမိဝ) | မိုးခေါင်ခြင်း,<br>လွန်စွာရှားခြင်းကဲ့သို့<br>(ဒုဗ္ဗုဋ္ဌိဝိယ) | အစာပေါခြင်းအဖြစ်/<br>အခါကဲ့သို့<br>(သုဘိက္ခမိဝ) | ချိန်ခါမိ/<br>မိုးရွာခြင်းကဲ့သို့<br>(သုဝုဋ္ဌိဝိယ) |
| ရန်ရှိသောသူကဲ့သို့<br>(ဝေရီ) | ရန်ကဲ့သို့<br>(ဝေရီမူလ) | ရန်ကိုအကြွင်းမဲ့သတ်ရာ<br>(ဝေရသမုဂ္ဃါတ) | ရန်ကိုအကြွင်းမဲ့သတ်ခြင်းအကြောင်း<br>(ဝေရသမုဂ္ဃါတုပါယေဟိ) |
| အဆိပ်ပင်ကဲ့သို့<br>(ဝိသရုက္ခ) | အဆိပ်ပင်၏အမြစ်ကဲ့သို့<br>(ရုက္ခမူလ) | အမြစ်ပြတ်ခြင်းကဲ့သို့<br>(မူလဉပစ္ဆေဒ) | အမြစ်ပြတ်ခြင်းအကြောင်း<br>(တဒုပစ္ဆေဒုပါယေဟိ) |
| ဘေးကဲ့သို့<br>(ဘယ) | ဘေး၏အကြောင်းကဲ့သို့<br>(ဘယမူလ) | ဘေးကင်းခြင်း<br>(နိဗ္ဘယ) | ဘေးကင်းရာသို့ရောက်ခြင်းအကြောင်း<br>(တဒဓိဂမုပါယေဟိ) |
| သက္ကာယဒိဋ္ဌိရှိသော<br>ဤဖက်ကမ်းကဲ့သို့<br>(ဩရိမ တီရ) | ကြီးစွာသောရေအယဉ်<br>ကဲ့သို့ (မဟောဃ) | နိဗ္ဗူထိုဖက်ကမ်းကဲ့သို့<br>(ပါရိမ တီရ) | ထိုဖက်ကမ်းရောက်စေသော<br>လှံ့လကဲ့သို့<br>(တံသမ္ပာပက ဝါယာမေဟိ) |

## ၅၆၆။ လေးချက်စု(စတုက္က)-စက်လှည့်

| | |
|---|---|
| တဏှာကြဉ်သော ဥပါဒါနက္ခန္ဓာ-၅-ပါးသည် အခြင်းခပ်သိမ်း။<br>(သမုဒယ+မဂ္ဂ-၂-ပါးသည် မမြဲသောကြောင့်ဒုက္ခမည်သင့်သော်လည်း ဘုရားရှင်ထံ၌ ဒုက္ခကို ပိုင်းခြားသိရန်ကျင့်သုံးအပ်သော ပရိညေယျတရားဖြစ်၍ ဒုက္ခထဲမထည့်ရဟုဆို၏) | ဒုက္ခလည်းမည်+<br>အရိယသစ္စာလည်းမည်<br>ဒုက္ခဋ္ဌေဝ-အရိယသစ္စဥ္စ<br>✔ ✔ |
| မဂ်စိတ္တုပ္ပါဒ်-၂၉+ ဖိုလ်စိတ္တုပ္ပါဒ်-၃၇တို့ကို၊ မမြဲသောတရားသည်-<br>ဆင်းရဲဟုဟောထားခြင်းကြောင့်ငှင်း၊ သင်္ခါရဒုက္ခဖြစ်နေသောကြောင့်ငှင်း၊<br>(၂၉/၃၇ စိတ္တုပ္ပါဒ်တို့လည်း- ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့်ဖြစ်ပျက်နေ။) | ဒုက္ခံ- နအရိယသစ္စံ<br>✔ ✘ |
| နိရောဓသစ္စာသည်- | နဒုက္ခံ- အရိယသစ္စံ<br>✘ ✔ |
| မဂ်စိတ္တုပ္ပါဒ်-၂၉+ ဖိုလ်စိတ္တုပ္ပါဒ်-၃၇တို့သည် ဘုရားရှင်ထံ၌ ဒုက္ခကိုပိုင်းခြားသိရန် ကျင့်သုံးအပ်သောပရိညေယျတရားဖြစ်၏၊ ထိုပရိညေယျတရားအဖြစ်ဖြင့်ကား- | နဒုက္ခံ- နအရိယသစ္စံ<br>✘ ✘ |

သမုဒယသစ္စာ၌-

| | |
|---|---|
| အခြင်းခပ်သိမ်း-တဏှာသည် (ထိုတဏှာကိုပယ်ရန် ဘုရားရှင်ထံ၌ ကျင့်အပ်၏။ ထိုပဟာတဗ္ဗအဖြစ်ဖြင့်မူ- သမုဒယမမည်နိုင်ပါ။) | သမုဒယလည်းမည်- အရိယသစ္စာလည်းမည်<br>✔ ✔ |
| မဂ်စိတ္တုပ္ပါဒ်-၂၉+ ဖိုလ်စိတ္တုပ္ပါဒ်-၃၇တို့သည်၎င်း၊ ဘုရားရှင်ထံ၌ သမုဒယကိုပယ်ရန် ကျင့်အပ်၏။ ထိုပဟာတဗ္ဗအဖြစ်ဖြင့်- | သမုဒယလည်းမမည်- အရိယသစ္စာလည်းမမည်<br>✘ ✘ |

နိရောဓသစ္စာ၌-

| | |
|---|---|
| အခြင်းခပ်သိမ်း အသင်္ခတဓာတ်သည်- | နိရောဓလည်းမည်- အရိယသစ္စာလည်းမည်<br>✔ ✔ |
| သင်္ခါရတို့၏ချုပ်ခြင်းသည်၎င်း၊ နိရောဓသမာပတ်သည်၎င်း၊ | နိရောဓမည်- အရိယသစ္စာမမည်<br>✔ ✘ |
| သမုဒယသည် [ကြွင်းသစ္စာ-၂-ပါး (ဒုက္ခ+မဂ္ဂ)သည်-ဘင်ခဏ ဟူသော နိရောဓရှိခြင်းကြောင့်၊ နိရောဓဖြစ်နိုင်သော်လည်း ဘုရားရှင် ထံ၌ အကျင့်မြတ်ကိုကျင့်သုံးပြီး သစ္ဆိကာတဗ္ဗအဖြစ်ဖြင့်မူ နိရောဓ မမည်ပါ။] | နိရောဓမမည်- အရိယသစ္စာမည်<br>✘ ✔ |

မဂ္ဂသစ္စာ၌-

| | |
|---|---|
| အခြင်းခပ်သိမ်း- နိရောဓဂါမိနီပဋိပဒါသည် [ကြွင်းသစ္စာ-၂-ပါးသည် ဘဝသို့ရောက်စေတတ်သောအကျင့်ဖြစ်၍၊ မဂ္ဂမည် သင့်သော်လည်း မဂ်ကိုပွားစေရန် ဘုရားရှင်ထံ၌ကျင့်အပ်သော ဘာဝေတဗ္ဗအဖြစ်ဖြင့်ကား- မဂ္ဂ မမည်ပါပေ။] | မဂ္ဂလည်းမည်- အရိယသစ္စာလည်းမည်<br>✔ ✔ |
| အရိယမဂ်မှတစ်ပါးကုန်သောမဂ္ဂင်တို့သည်- | မဂ္ဂမည်- အရိယသစ္စာမမည်<br>✔ ✘ |
| နိရောဓသစ္စာသည်- | မဂ္ဂမမည်- အရိယသစ္စာမည်<br>✘ ✔ |

၅၆၇။ သုည=ဆိတ်သုဉ်းခြင်းအားဖြင့်ဆိုရာ၌ သစ္စာအားလုံးတို့သည်ပင်လျှင် ပရမတ္ထ အားဖြင့် ခံစားသူ၊ ပြုသူ၊ ငြိမ်းသူ၊ သွားရောက်သူတို့၏မရှိခြင်းကြောင့် ခံစားသူစသည်တို့မှ ဆိတ်သုဉ်းသောတရားဟု သိအပ်ပါ၏။ အောက်ပါဂါထာကို ကြည့်ပါလေ။

"ဒုက္ခမေဝ ဟိ, န ကောစိ ဒုက္ခိတော၊ ကာရကော န, ကိရိယာဝ ဝိဇ္ဇတိ။
အတ္ထိ နိဗ္ဗုတိ, န နိဗ္ဗုတော ပုမာ မဂ္ဂမတ္ထိ, ဂမကော န ဝိဇ္ဇတိ။

ဒုက္ခမေဝဟိ= ဆင်းရဲသာရှိသည်၊ န ကောစိ ဒုက္ခိတော= ဆင်းရဲသူတစ်စုံတစ်ယောက်မျှမရှိ။ ကာရကော န= ပြုသူမရှိ၊ ကိရိယာဝ ဝိဇ္ဇတိ= ပြုခြင်းမျှသာရှိ၏။ အတ္ထိ နိဗ္ဗုတိ= ငြိမ်းအေးခြင်းရှိသည်။ န နိဗ္ဗုတောပုမာ= ငြိမ်းအေးသူကားမရှိ။ မဂ္ဂ မတ္ထိ= မဂ္ဂေါအတ္ထိ= နိဗ္ဗာန်သွားရန်အကျင့်လမ်းသာရှိသည်။ ဂမကော န ဝိဇ္ဇတိ= သွားသူကားမရှိပေ"ဟူ၍ပင်တည်း။

*"ဆင်းရဲသူ ကင်းပ- ဆင်းရဲမျှရှိသည်။ ◈ ပြုသူကင်းပ- ပြုခြင်းမျှရှိသည်။ ◈ ငြိမ်းသူကင်းပ- ငြိမ်းခြင်းမျှရှိသည်။ ◈ သွားသူကင်းပ- မဂ်လမ်းမျှရှိသည်၊*

တစ်နည်းအားဖြင့်ဆိုသော်-

**ဓုဝသုဘ သုခတ္တသုည်၊ ပုရိမဒွယံ 'မတ္တသုည' မမတပဒံ။**
**ဓုဝသုခ အတ္တဝိရဟိတော၊ မဂ္ဂေါက္ကတိ သုညတာ တေသု။**

ပုရိမဒွယံ= ဒုက္ခနှင့်သမုဒယဟူသော ရှေးသစ္စာနှစ်ပါးသည်၊ ဓုဝသုဘသုခတ္တသုည်= မြဲခြင်း၊ တင့်တယ်ခြင်း၊ ချမ်းသာခြင်း အတ္တအဖြစ်တို့မှ ဆိတ်သုဉ်း၏။ အမတပဒံ= အမြိုက်နိဗ္ဗာန်သည်၊ အတ္တသုည်= အတ္တမှ ဆိတ်သုဉ်း၏။ မဂ္ဂေါ= အရိယမဂ်သည်၊ ဓုဝသုခအတ္တဝိရဟိတော= မြဲခြင်း၊ ချမ်းသာခြင်း၊ အတ္တအဖြစ်မှ ဆိတ်သုဉ်း၏။ ဣတိ= ဤသို့၊ တေသု= ထိုသစ္စာလေးပါးတို့၌၊ သုညတာ= ဆိတ်သုဉ်းသည်၏အဖြစ်ကို၊ (ဝေဒိတဗ္ဗာ= သိအပ်၏။)

| | |
|---|---|
| (နိရောဓမှကြွင်းသော)သစ္စာသုံးပါးသည်- | နိရောဓသစ္စာမှ ဆိတ်သုဉ်းကုန်၏။ |
| နိရောဓသစ္စာသည်လည်း- | အကြွင်းသုံးပါးမှ ဆိတ်သုဉ်းကုန်၏။ |
| အကြောင်းသစ္စာ ၂-ပါး (သမု+မဂ္ဂ)သည်- | အကျိုးမှ ဆိတ်သုဉ်းကုန်၏။<br>(∵ သမုဒယ၌-ဒုက္ခမရှိ၊ မဂ္ဂ၌-နိရောဓမရှိလို့) |
| အကျိုးသစ္စာ ၂-ပါး (ဒုက္ခ+နိရောဓ)သည်- | အကြောင်းမှ ဆိတ်သုဉ်းကုန်၏။ |
| (∵ ဒုက္ခနှင့်သမုဒယ၊ နိရောဓနှင့်မဂ္ဂ ကြောင်း+ကျိုး အတူပေါင်း၍ မဖြစ်နိုင်ကြသောကြောင့်ဖြစ်၏။ ပကတိဝါဒီတို့က အဏုမြူ ၂-ခုတွဲ(ဒွိအဏုက)ကဲ့သို့ ကြောင်း+ကျိုးအတူပေါင်း၍နေ၏ဟုဆို၏။ အမှန်မှာ ထိုသို့ကား-ပေါင်းမနေပါပေ။) | |

*မှတ်ချက် (၁) ပကတိဝါဒီတို့က ပကတိနှင့်ပုရိသတို့တွဲစပ်သောအခါ ပကတိမှအကျိုးသားသမီးသဖွယ်ဖြစ်သော (က)မဟာ+ (ခ)အဟံကာရ+ (ဂ)တမ္မတ္တ ၅-ပါး+(ဃ)ဣန္ဒြေ ၁၁-ပါး+(င)ဘုံ ၅-ပါး စသည်တို့ကိုဖွားမြင်ပေးရန် ပကတိ+ပုရိသတို့သည် အကြောင်းကိုယ်ဝန်ကိုယူထားသကဲ့သို့ တစ်ပေါင်းတည်းဖြစ်ချေ၏ဟုဆို၏။ အမှန်မှာ- ထိုဝါဒကဲ့သို့ ကြောင်းကျိုးသစ္စာတို့သည် တစ်ပေါင်းတည်းမဖြစ်၊ မျိုးဗီဇသဖွယ် ကိုယ်ဝန်ယူခြင်းလည်းမရှိပါ။ သမုဒယ၌ ဒုက္ခဖြစ်ပွားမည့် ကိုယ်ဝန်မရှိ၊ မဂ္ဂ၌လည်း နိရောဓဖြစ်လာမည့်ကိုယ်ဝန်မျိုးမရှိပါပေ။ ။*

တယမိဓ နိရောဓသေ့ည်၊ တယေန တေနာပိ နိဗ္ဗုတိ သုညာ။
သုညော ဖလေန ဟေတု၊ ဖလမ္ပိ တံ ဟေတုနာ သုည်။

"သုံးပါးအပေါင်းက နိရောဓမှ ဆိတ်သည်၊ နိဗ္ဗာန်ကလည်း ထိုသုံးပါးမှ ဆိတ်သည်။ အကြောင်းသစ္စာက အကျိုးမှ ဆိတ်သည်။ အကျိုးကလည်း ထိုအကြောင်းမှ ဆိတ်သည်"ဟူ၍ ဟောတော်မူပါသည်။

၅၆၈။ ဧကဝိဓ=တစ်ပါးနှစ်ပါးစသောအပြားအားဖြင့် -

| | (၁)ပါးသာဖြစ်၏။ | (၂)ပါးဖြစ်၏။ | (၃)ပါးဖြစ်၏။ | (၄)ပါးဖြစ်၏။ | (၅)ပါးဖြစ်၏။ | (၆)ပါးဖြစ်၏။ |
|---|---|---|---|---|---|---|
| ဒုက္ခ သစ္စာသည် | မပြတ်ဖြစ်ခြင်း သဘောအားဖြင့် အလုံးစုံပင် | ရုပ်+နာမ် အားဖြင့် | ကာမ,ရူပ, အရူပ=ဥပပတ္တိ ဘဝအားဖြင့် | အာဟာရ အားဖြင့် | ဥပါဒါနက္ခန္ဓာ အားဖြင့် | |
| သမုဒယ သစ္စာသည် | ဖြစ်စေတတ်သော သဘောအားဖြင့် | ဒိဋ္ဌိနှင့်ယှဉ်/ မယှဉ်အားဖြင့် | ကာမ, ဘဝ, ဝိဘဝတဏှာ အားဖြင့် | မဂ်-၄-ပါး ပယ်သော အားဖြင့် | အဆင်းကို နှစ်သက်ခြင်း အားဖြင့် | တဏှာ ကာယ ၆-ပါးဖြင့် |
| နိရောဓ သစ္စာသည် | အသင်္ခတ ဓာတ်အားဖြင့် | သဉ/အနုပါဒိ သေသအားဖြင့် | ဘဝသုံးပါးငြိမ်း ခြင်းအားဖြင့် | မဂ် ၄-ပါး ရအပ်,သိအပ် | အဆင်း-သက် (၅)ပါးငြိမ်း | တဏှာ,ကာယ ၆-ပါးကုန်ခမ်း |
| မဂ္ဂ သစ္စာသည် | ပွားစေအပ်သည့် ဘာဝေတဗ္ဗ အလိုအားဖြင့် | သမထ/ဝိပဿ နာ,ဒဿနမဂ် +ဘာဝနာမဂ် အားဖြင့် | သီလ, သမာဓိ ပညာက္ခန္ဓာ အားဖြင့် | မဂ်၄-ပါး အစွမ်းဖြင့် | | |
| သစ္စာ ၄-ပါး လုံးသည် | မချွတ်မှန်ခြင်း, ထူးသောဉာဏ်ဖြင့် သိခြင်းအားဖြင့် | ကိ+ကုတ်, သင်္ခတ+ အသင်္ခတ- | ဒဿန-ပယ် ဘာဝနာ-ပယ် ၂-မျိုးလုံးမပယ် | ပရိညေယျ စသည် ၄-ပါး | | |

*(မှတ်ချက်) သမထနှင့်ဝိပဿနာအပြားအားဖြင့်ဟူရာ၌- သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပ တို့သည် ဝိပဿနာပေတည်း။ ကျန်ငါးပါးတို့သည် သမထပေတည်းဟု ဆရာတို့ဆိုကြ၏။* ***မှန်ပါ၏။*** *သီလသည်လည်း သမထအားကျေးဇူးပြုသောကြောင့် ၎င်းကိုလည်း သမထဖြင့် သိမ်းယူသည်။ ဤကား ထိုဆရာတို့၏အလိုပေတည်း။ တစ်နည်းအားဖြင့် သမထယာဉ်ဖြင့် ရသောမဂ်ကို သမထဟု၊ ဝိပဿနာယာဉ်သက်သက်ဖြင့်ရသောမဂ်ကို ဝိပဿနာဟု လာခဲ့ရာ အကြောင်းအလိုအားဖြင့် ထိုအပြားကိုဆိုသည်ဟုမှတ်အပ်၏။*

မဂ္ဂသစ္စာ၌ မဂ်သည်- လောကုတ္တရာနှင့်သာဆိုင်၏၊ လောကီနှင့်မဆိုင်၍ မပြည့်စုံ သေး။-

ယခုအခါ လောကီ+ လောကုတ္တရာအကုန်အကြွင်းမရှိပါဝင်သော သီလက္ခန္ဓ (သီလအစု) မဂ္ဂင်၊ သမာဓိက္ခန္ဓ (သမာဓိအစု) မဂ္ဂင်၊ ပညာက္ခန္ဓ (ပညာအစု) မဂ္ဂင်တို့ဖြင့် သိမ်းယူရေတွက်ပုံကိုပြပါမည်။

(ရွာအသီးသီးကို မြို့အဖြစ်ရေတွက်သိမ်းယူခြင်း, မြို့အသီးသီးကို တိုင်းနိုင်ငံအဖြစ် သိမ်းယူရေတွက်ခြင်းမျိုးဖြင့် သိမ်းယူထည့်သွင်းပြပါမည်။)

မူလပဏ္ဏာသပါဠိ မ-၁/၃၇၅-၌-

ဒကာဝိသာခ- အရိယာမဂ္ဂင် ၈-ပါးဖြင့် သီလက္ခန္ဓစသော ၃-ပါးတို့ကို ရေတွက်သိမ်းယူသည်မဟုတ်၊ သီလက္ခန္ဓစသော ၃-ပါးဖြင့်သာ အရိယာမဂ္ဂင် ၈-ပါးကို ရေတွက်သိမ်းယူအပ်ပါ၏။

ဒကာဝိသာခ-

| | | |
|---|---|---|
| ၁။ | သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကို | **သီလက္ခန္ဓာဖြင့်** ရေတွက်အပ်ကုန်၏။ |
| ၂။ | သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့ကို | **သမာဓိက္ခန္ဓာဖြင့်** ။ ။ |
| ၃။ | သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့ကို | **ပညာက္ခန္ဓာဖြင့်** ။ ။ |

နံပါတ် (၁)သည်- သီလမျိုးချည်းသာဖြစ်၍ တူသောသီလဇာတ်အရ သီလက္ခန္ဓာဖြင့် ရေတွက်ခြင်းဖြစ်ပါသည်။

နံပါတ် (၂)သည်- သမာဓိက္ခန္ဓာဖြင့်ရေတွက်ရာ၌ **သမ္မာသမာဓိတစ်မျိုးကိုသာ** တူသော သမာဓိဇာတ်အရ သမာဓိက္ခန္ဓာ၌ ရေတွက်သင့်ပါ၏။ သို့သော် သမ္မာဝါယာမနှင့် သမ္မာသတိကိုလည်း **သမာဓိအားသင့်လျော်သောကျေးဇူးပြုခြင်းကိစ္စအရ-** သမ္မာ-ဓိက္ခန္ဓာဖြင့် ထည့်သွင်း ရေတွက်ခြင်းဖြစ်ပါသည်။

နံပါတ် (၃)သည်- ပညာက္ခန္ဓာဖြင့်ရေတွက်ရာ၌- **သမ္မာဒိဋ္ဌိတစ်မျိုးကိုသာ** တူသော ပညာဇာတ်အရ ရေတွက်သင့်၏။ သို့သော် သမ္မာသင်္ကပ္ပကိုလည်း **ပညာ၏ကိစ္စနှင့်တူသော ကိစ္စရှိသည်၏အဖြစ်ကြောင့်** ပညာက္ခန္ဓာဖြင့် ထည့်သွင်းရေတွက်ခြင်းဖြစ်ပါသည်။

*(မှတ်ချက်) [သဇာတိတော- ဟူသည်ကား- "ဒုက္ခေဉာဏံ" စသည်တို့၌ တူသောပညာဇာတ်အားဖြင့်၊ ကိရိယတော-ဟူရာ၌ ပညာ(ကိစ္စ)နှင့်တူသောကိစ္စကို ကိရိယာဟုဆိုသည်။ ရှေးသမာဓိအရာ၌မူကား- သမာဓိအားကျေးဇူးပြုသော ၎င်းအား လျော်သောကိစ္စကို (ကိရိယာဟု ဆိုခဲ့သည်။) ဤသည်ကား- ဤကိရိယာနှစ်ပါးတို့၌ အထူးပေတည်း။ (ဋီကာ)]*

ဆက်ရှင်းပြပါဦးမည်-

နံပါတ် (၂) သမာဓိမဂ္ဂင် ၃-ပါးတွင် သမ္မာသမာဓိသည် မိမိအလိုအားဖြင့် (မိမိချည်းသာ) အာရုံတစ်ခုတည်းကို အာရုံပြုသည်၏အဖြစ်ဖြင့် သက်ဝင်ခြင်းငှာ- မစွမ်းနိုင်၊ သမ္မာဝါ

ယာမ (ဝီရိယ)က ပင့်မြှောက်အားပေးခြင်းကိစ္စကိုပြီးစေ၍၊ သမ္မာသတိက မပေါ်(မမျော)စေခြင်း၊ မမေ့လျော့ခြင်းကိစ္စကိုပြီးစေမှသာ ကျေးဇူးပြုမှု ထောက်ပံ့မှုကိုရရှိ၍ စွမ်းနိုင်ပေသည်။ ထို့ကြောင့် သမ္မာဝါယာမနှင့်သမ္မာသတိတို့ကိုလည်း ထည့်သွင်းရေတွက်ခြင်းဖြစ်ပါသည်။

ဤအရာ၌ ဥပမာပြသည်မှာ- နက္ခတ်ပွဲကို ပျော်နွဲကုန်အံ့ဟု ဥယျာဉ်ကိုဝင်ကုန်သော သူငယ်ချင်းသုံးယောက်တို့တွင် ပထမလူသည် ကောင်းစွာပွင့်နေသောစကားပင်ကိုမြင်၍ လက်ကိုမြှောက်လျက် ခူးရန်လည်းမမှီဘဲရှိရာ၏။ ထိုအခါ ထိုသူအား ဒုတိယလူက ကျောကို ကုန်း၍ပေးရာ၏။ ပထမလူသည် ဒုတိယလူ၏ကျောကုန်း၌ ရပ်တည်၍လည်း တုန်နေ၍ မခူးနိုင်ဘဲရှိရာ၏၊ ထိုအခါ ထိုသူအား တတိယလူက ပခုန်းစွန်းကိုကပ်ညွတ်ပေးရာ၏။ ထိုပထမလူသည် ဒုတိယလူ၏ကျောကုန်း၌တည်၍ တတိယလူ၏ပခုန်းစွန်းကိုထောက်လျက် အလိုရှိတိုင်း ပန်းတို့ကိုခူး၍ပန်ဆင်ကာ နက္ခတ်ပွဲကိုပျော်နွဲရာသကဲ့သို့-ဤသမာဓိ၏ ဖြစ်ပုံဥပမာကို မှတ်အပ်ပါ၏။

- သူငယ်ချင်းသုံးယောက်တို့ကဲ့သို့= သမာဓိမဂ္ဂင် (၃)ပါး၊
- ကောင်းစွာပွင့်နေသောစကားပင်ကဲ့သို့= အာရုံ၊
- လက်ကိုမြှောက်၍သော်လည်း ခူးရန်မစွမ်းနိုင်သောပထမလူကဲ့သို့= မိမိအလိုကို အာရုံတစ်ခုတည်းအာရုံပြုသည်၏အဖြစ်ဖြင့် သက်ဝင်ရန်မစွမ်းနိုင်သောသမ္မာသမာဓိ၊
- ကျောကုန်းပေးသော ဒုတိယသူငယ်ချင်းကဲ့သို့ = သမ္မာဝါယာမ၊
- ပခုန်းစွန်းညွတ်ပေးလျက်တည်သော တတိယသူငယ်ချင်းကဲ့သို့= သမ္မာသတိတို့၏ တူညီပုံအသီးသီးကိုသိပါလေ။

ဤဥပမာများနှင့်အတူပင် ဒုတိယဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကို ပြီးစေ၍ တတိယသတိက မပေါ်(မမျော,မထွက်)စေခြင်း၊ မမေ့ခြင်းကိစ္စကိုပြီးစေသဖြင့် ပထမ သမာဓိသည် ကျေးဇူးပြုမှု၊ ထောက်ပံ့မှုကိုရသည်ဖြစ်၍ အာရုံတစ်ခုတည်း၌ အာရုံပြု သည်၏အဖြစ်နှင့် သက်ဝင်ခြင်းငှာစွမ်းနိုင်ပေသည်။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့တွင်လည်း ပညာသည် မိမိအလိုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အာရုံကိုဆုံးဖြတ်ခြင်းငှာ- မစွမ်းနိုင်၊ ဝိတက်ကထုနှက်သလို အမျိုးမျိုးကြံစီကြံစီပေးမှသာ လျှင်စွမ်းနိုင်၏။

ဥပမာအနေဖြင့်- (ရွှေ၊ ငွေ၊ ရာပြတ်)ပွဲမင်းသည် အသပြာငွေကို လက်၌တင်ထား၍ စေ့စေ့စပ်စပ်ကြည့်ရှုလိုသော်လည်း မျက်လုံး မျက်လွှာပြင်ဖြင့်ပင်လျှင် လှည့်ကြည့်ခြင်းငှာ- မစွမ်းနိုင်။ လက်ဆစ်လက်ချောင်းတို့ဖြင့် လှည့်လည်ပေး၍ ထိုမှ ဤမှ ကြည့်ရှုခြင်း ငှာ-စွမ်းနိုင်သကဲ့သို့ ဤအတူပင်လျှင် ပညာသည် မိမိအလိုကို အနိစ္စစသည်၏အစွမ်းဖြင့် အာရုံကိုဆုံးဖြတ်ခြင်းငှာ- မစွမ်းနိုင်။ အာရုံသို့ ရှေ့ရှုတင်ပေးခြင်းလက္ခဏာရှိသော ရှေးဦးစွာ (ထုနှက်)ခေါက်ခြင်း၊ လှည့်ပတ်၍ခေါက်ခြင်းကိစ္စ(ရသ)ရှိသော ဝိတက်က စ၍ခေါက်သကဲ့ သို့၎င်း၊ လှည့်၍ပေးသကဲ့သို့၎င်း ကြံသောအားဖြင့် ယူ၍ယူ၍ပေးအပ်သောအာရုံကိုသာလျှင် ဆုံးဖြတ်ခြင်းငှာ- စွမ်းနိုင်ပေ၏။

*(မှတ်ချက်) ဝိတက်ဖြင့်စ၍ခေါက်ပုံမှာ- "မမြဲ-မမြဲ" ဤသို့စသည်ဖြင့် ပညာ၏ကိစ္စနှင့်တူသောကိစ္စဖြင့် ထက်ဝန်းကျင်မှ ခေါက်သကဲ့သို့ငှင်း-*

## ဝိတက်ဖြင့်လှည့်ပေးပုံ

**အနိစ္စံ ခယဋ္ဌေန**=ကုန်ခြင်းသဘောကြောင့် မမြဲ၊ **ဒုက္ခံ ဘယဋ္ဌေန**=ကြောက်ဖွယ်သဘောကြောင့် ဆင်းရဲ၊ ဤသို့စသည်ဖြင့် လှည့်၍ပေးသကဲ့သို့ငှင်း၊ ယူ၍ ကြံ၍ ပေးအပ်သည်ကိုသာလျှင် ပညာသည်ထိုးထွင်း၍သိ၏၊ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့သည် ပြိုင်တူပင်ဖြစ်ကြသော်လည်း ကျေးဇူးပြုသောပစ္စည်းအဖြစ်ဖြင့် သမ္မာသင်္ကပ္ပက ရှေးကျသကဲ့သို့ ပြထားသည်။ (ဋီကာ)

**တူသောအဖို့ရှိခြင်း, ကွဲပြားသောအဖို့ရှိခြင်းအားဖြင့် ဆိုသည်မှာ-**

၅၆၉။ သစ္စာအားလုံးတို့သည်ပင်- မချွတ်မယွင်း မှန်ကန်ခြင်း, အတ္တမှဆိတ်ခြင်း, ထိုးထွင်းသိရန်ပြုနိုင်ခဲခြင်းအားဖြင့် အချင်းချင်းတူသောအဖို့ရှိကုန်၏။

*(မဟာဝဂ္ဂသံယုတ်ပါဠိတော် သံ-၃၊ ၃၉၅၌)*

["အာနန္ဒာ--- ယခုမေးမည့် ထိုအရာကို အဘယ်သို့ထင်သနည်း-

**ပထမလူတစ်ယောက်သည်- အဝေးမှတည်၍သာလျှင် အလွန်ကျဉ်းသောသံကောက်ပေါက် (သော့ပေါက်)ဖြင့် မြှားကိုမချွတ်မလွဲစေဘဲ အဆင့်ဆင့် တန်းတန်းမတ်မတ် ပစ်ခွင်းနိုင်ရာ၏။]**

ဒုတိယလူတစ်ယောက်သည်လည်း- အစိတ်တစ်ရာ(ဝါ)အစိတ်များစွာစိတ်ထားသောအလွန်နူးညံ့သည့် သားမြီးမျှင်တစ်ခုကို မြှားထိပ်၌ချိ၍-အခြားသားမြီးမျှင်၏အစွန်းတစ်ခုကို တေ့မိအောင်(ထိမှန်အောင်)ပစ်နိုင်ရာ၏။

မေး- ဤအလုပ်နှစ်ခုတို့တွင် အဘယ်အလုပ်သည် သာ၍ ပြုနိုင်ခဲသနည်း? သာ၍ဖြစ်စေနိုင်ခဲသနည်းဟုမေးတော်မူ၏။

ဖြေ- အရှင်ဘုရား ဒုတိယလူသည် အစိတ်တစ်ရာ အစိတ်များစွာကွဲပြားသောသားမြီးမျှင်၏အစွန်းတစ်ခုဖြင့် အခြားအစွန်းတစ်ခုကို ထိမှန်စေရာ၏။ ထိုသူ၏အလုပ်သည်သာ၍လည်း ပြုလုပ်နိုင်ခဲပါသည်ဘုရားဟုလျှောက်၏။

အာနန္ဒာ--- အကြင်သူတို့သည် ဤတဏှာကြဉ်သော တေဘူမကတရားသည် ဒုက္ခဟုဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိကုန်၏ ။ပ။ ဤသမ္မာဒိဋ္ဌိစသောအရိယာမဂ်သည် ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိကုန်၏။ ထိုသစ္စာလေးထွေ ခွဲဝေတိတိအမှန်အတိုင်းသိသောသူတို့သည် ထိုသားမြီးမျှင်ထိပ်ချင်းထိမှန်အောင်ပစ်နိုင်သောဝါဠဝေဓိလေးသမားထက်သာ၍ ထိုးထွင်းသိနိုင်ခဲသည်ကို ထိုးထွင်း၍သိကြပေကုန်၏ဟုဟောတော်မူပါ၏။

*(မှတ်ချက်) ကောဠိယာ-ဟူသည်ကား- မြား၏အစွန်းထိပ်၌တပ်ထားသော သားမြီးဖျားနှင့်၊ ကောဠိ-ဟူသည်ကား- အခြားသားမြီး၏ပင်လျှင် အစွန်းကို၊ (ဋီကာ)၊ ဤအလို မြား၏အဖျား၌သားမြီးအစိတ်ကိုတပ်၍ ထိုဖြင့် အခြားသားမြီးအစိတ်တစ်ခု၏ထိပ်ဖျားကို မှန်အောင်ပစ်သည်ကိုယူရာ၏။ တနည်းအားဖြင့် (များစွာသောသားမြီးမျှင်စည်းကို ခါးလည်၌ဖြတ်ပြီးလျှင် ထိုဖြတ်ရာသားမြီးမျှင်တို့၏ ထိပ်ခြင်းပြန်တည့်အောင်ပြုလုပ်ရန်ခဲယဉ်းသည်ကိုလည်း ယူသင့်သကဲ့သို့ရှိ၏။)*

ဗာဓန, ပဘာဝ, သန္တိ, နိယျာနဟူသော သစ္စာလေးပါးတို့၏ အသီးသီးကွဲပြားသော မိမိ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာတို့ဖြင့် ပိုင်းခြားသောအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။

| **သစ္စာအမည်** | **တူသောအဖို့ရှိကုန်၏။** | **ကွဲပြားသောအဖို့ရှိကုန်၏။** |
|---|---|---|
| ရှေ့သစ္စာ ၂-ပါးသည် | သက်ဝင်နိုင်ခဲခြင်း, နက်နဲခြင်း, လောကီဖြစ်ခြင်း, သာသဝဖြစ်ခြင်း သဘောတို့ကြောင့်- | **အကျိုးနှင့် ≠ အကြောင်း** အကွဲအပြားအားဖြင့်၎င်း၊ ပရိညေယျနှင့် ≠ **ပဟာတဗ္ဗ** ကွဲပြားခြင်းအားဖြင့်၎င်း |
| နောက်သစ္စာ ၂-ပါးသည် | သက်ဝင်နိုင်ခဲခြင်း, နက်နဲခြင်း, လောကုတ္တရာဖြစ်ခြင်း, အနာသဝဖြစ်ခြင်း သဘောတို့ကြောင့်- | **အာရုံနှင့် ≠ အာရုံပြုသည့်တရား** ကွဲပြားခြင်းအားဖြင့်၎င်း, **သစ္ဆိကာတဗ္ဗနှင့် ≠ ဘာဝေတဗ္ဗ** ကွဲပြားခြင်းအားဖြင့်၎င်း |
| ပ/တ သစ္စာတို့သည် | **အကျိုးသစ္စာ**ခြင်းတူသောသွန်ပြအပ်သောစကားဖြင့်- | **သင်္ခတ ≠ အသင်္ခတ**အားဖြင့် |
| ဒု/စ သစ္စာတို့သည် | **အကြောင်းသစ္စာ**ခြင်းတူသောသွန်ပြအပ်သောစကားဖြင့်- | **ကုသိုလ် ≠ အကုသိုလ်**အားဖြင့် |
| ပ/စ သစ္စာတို့သည် | **သင်္ခတ**အားဖြင့်- | **လောကီ ≠ လောကုတ္တရာ**အားဖြင့် |
| ဒု/တ သစ္စာတို့သည် | **နေဝသေက္ခနာသေက္ခပုဂ္ဂိုလ်**(သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာလည်းမဟုတ်, အသေက္ခ=ရဟန္တာတို့၏ဥစ္စာလည်းမဟုတ်သည်)၏ အဖြစ်အားဖြင့်- | **အာရုံပြုတတ်သည့်သာရမ္မဏတရား ≠ အာရုံမပြုတတ်သည့် အနာရမ္မဏ** တရားအားဖြင့် |

*(မှတ်ချက်) ၁။ ဒုက္ခနှင့်သမုဒယတို့သည် ဩဠာရိကဖြစ်၍ တိရစ္ဆာန်သတ္တဝါတို့၏သန္တာန်၌ပင်ထင်ရှားဖြစ်နေကြသောကြောင့် သာမန်အနေအားဖြင့် ထင်ရှားကုန်၏၊ သို့သော် ဆင်းရဲဟူ၍၎င်း၊ ဆင်းရဲဖြစ်ပွားကြောင်းဟူ၍၎င်း ဟုတ်တိုင်းမှန်စွာ သိရန်ကားခဲယဉ်း၏။ ထို့ကြောင့် နက်နဲသည်ဟုဆိုသည်။*

*၂။ နိရောဓနှင့် မဂ္ဂသစ္စာတို့သည်ကား- သူတို့၏သဘာဝအတိုင်းပင် နက်နဲကုန်၏။ ထို့ကြောင့် ယင်းတို့ကို သက်ဝင်နိုင်ခဲ သိနိုင်ခဲသည်ဟုဆို၏။*

*ပြည်နိဿယမှတ်ချက်- နိရောဓ-မဂ္ဂတို့သည် သရုပ်တရားကိုယ်သာ နက်နဲသည်၊ သရုပ်တရားကိုယ်ကိုသိက သဘောလက္ခဏာအားဖြင့် ယာထာဝ(အမှန်အတိုင်း)သက်ဝင်ခြင်း ငှာ- မခဲယဉ်းလှပြီဟုဆို၏။*

*၃။ နိဗ္ဗာန်တို့လည်း မင်ဖြင့်ရအပ်သောကြောင့် ယင်းမင်၏အကျိုးဟု ညွှန်ပြအပ်၏။ ထို့ကြောင့် "အကျိုးဟု ညွှန်ပြအပ်သောအားဖြင့်" ဟု ဆိုသည်။ "ဒုက္ခနိရောဓဉာဏံ အတ္တ ပဋိသမ္ဘိဒါ"ဟူသည်နှင့်အညီဖြစ်ပါ၏။ (ဋီကာ)*

**သစ္စာတို့ကို အကျယ်ပြဆိုချက်ပြီး၏။**

◈◈◈

**ဝိသုဒ္ဓိမဂ်ကျမ်း၌ ၁၆–ခုမြောက် ဣန္ဒြေသစ္စာတို့ကို အကျယ်ပြဆိုချက်ပြီး၏။**

**ဒုတိယဆင့် ပြီးပါပြီ။**

(၁၅ . ၉ .၂၀၀၉)

PM-9:45

⊕ ⊕ ⊕

သာသနာရေးဦးစီးဌာန

# ဝိသုဒ္ဓိမဂ်စာမေးပွဲ (ဒုတိယအဆင့်)

## မေးခွန်းဟောင်းများနှင့်အဖြေအညွှန်းများ

## (၁၉၈၃–ခုနှစ်မှ နောက်ဆုံးနှစ်အထိ ပါဝင်သည်)

### ၁၉၈၃ ခုနှစ်၊ ဝိသုဒ္ဓိမဂ်(ဒုတိယဆင့်)မေးခွန်းများ

၁။ အောက်ပါပုဂ္ဂိုလ်တို့အားသက်သာမှုရစေရန်မည်သည့်အရာမျိုးကိုပွားများစေသင့်ပါသနည်း။

(က) သူတစ်ပါးအား ဖျက်လိုစိတ်ထားရှိသူ။
(ခ) သူတစ်ပါးအား နိုင့်ထက်ကလူ နှိပ်စက်ညှင်းပန်းလေ့ရှိသူ။
(ဂ) သူတစ်ပါးအား ကြီးပွားချမ်းသာသည်ကို မနှစ်သက်နိုင်သူ။
(ဃ) တပ်မက်မှုများသောသူ။ (၃၈/၄၁)

၂။ ဝမ်းမီးညံ့သူ ဝမ်းမီးကောင်းသူဟု ပြောဆိုကြရာ၌ အဘယ်အရာကို ဝမ်းမီးဟု ခေါ်ဆိုပါသနည်း။ ရှင်းလင်းဖြေဆို၍ အသက်ရှူရှိုက်မှု ထွက်သက်ဝင်သက်တို့၏ ဖြစ်ပြောက်ကြောင်းတရားကိုလည်းဖော်ပြပါ။ (၈၀/၈၂)

၃။ လူတိုင်း၌ရှိသော ဦးနှောက်နှင့်သည်းခြေတို့သည် မည်သည့်ဓာတ်များဖြစ်ကြသနည်း ဖြေဆို၍ အနုပါဒိန္န၊ ဥပါဒိန္န (ကံကြောင့်) မဟာဘုတ်နှစ်မျိုးတို့၏ ဖောက်ပြန်မှုကြီးမားပုံကို သက်ဆိုင်ရာကာလနှင့်တကွအသီးသီးရေးပြခဲ့ပါ။ (၈၉-၉၉)

၄။ အောက်၌ဖော်ပြအပ်သော ရောဂါသည်လေးယောက်တို့သည် မည်သည့်ဓာတ်များ ပျက်နေပါသနည်း။ (က) ကိုယ်ပူနေသူ (ခ) ကိုယ်ရောင်ရမ်းနေသူ (ဂ) ခြေလက်အင်္ဂါအပိုင်းပိုင်းပြတ်နေသူ (ဃ) ကိုယ်တောင့်တင်းမာကြောနေသူ။ (၁၀၀)

၅။ မဟာသမ္မတမင်းဟူသည် မည်သည့်မင်းမျိုးကိုဆိုလိုပါသနည်း။ မဟာသမ္မတမင်းဖြစ်ထိုက်သည့်အင်္ဂါလက္ခဏာများကိုဖော်ပြပါ။ (၁၈၀)

၆။ အကုသိုလ်ကံဟူသမျှတို့တွင် အပြစ်အကြီးဆုံးဖြစ်သော်ကံသည် မည်သည့်ကံဖြစ်ပါသနည်း။ အဘယ်ကြောင့်အပြစ်အကြီးဆုံးဖြစ်ရသည်ကိုရှင်းပြပါ။ (၁၉၂)

၇။ သမာဓိသိပ်ကောင်းတဲ့သူပဲဟု ပြောဆိုရာ၌ သမာဓိ၏သဘောတရားကိုဖော်ပြ၍ လက်နှင့်တူသောတရား၏အမည်ကိုဖော်ပြပါ။ (၂၆၁-၂၆၂)

၈။ လူယဉ်ကျေးလောကကို ဖြစ်ပေါ်စေသောလောကစောင့် (လောကပါလ ၂-ပါး)ကို ထူးခြားချက်များနှင့်တကွဖော်ပြပါ။ (၂၆၃/၂၆၄)

၉။ ဒုက္ခာသစ္စာ၌ပါဝင်သော ဒုသဒ္ဒါတို့အရ သိအပ်သော အနက်အဓိပ္ပါယ်အသီးသီးကို ရှင်းလင်းပြပါ။ (၃၂၇)

၁၀။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်းဖြစ်သောမဂ္ဂင်(၈)ပါးတရားတော်မြတ်ကို သီလ၊ သမာဓိ၊ ပညာအားဖြင့်ပိုင်းခြားဝေဖန်ပြပါ။ (၃၇၆)

## သာသနာရေးဦးစီးဌာန
## ၁၉၈၄-ခုနှစ်၊ ဝိသုဒ္ဓိမဂ် (ဒုတိယဆင့်)မေးခွန်းများ။

၁။ ပြဟ္မစိုရ်တရားဖြင့်နေလေ့ရှိသော ရဟန်း၏စိတ်ထားသည် သားလေးယောက်အပေါ်၌ထားရှိသောစိတ်ထားတို့နှင့်တူပုံကိုပေါ်လွင်အောင်ရှင်းပြပါ။ (၄၁)

၂။ ကြောက်မက်ဖွယ်ကောင်းလှပါသော အနုမြူစသည့်လက်နက်ဘေးအန္တရာယ်တို့မှ ကင်းလွတ်ရာဖြစ်သော အစဆုံးဘုံဌာနကိုရေးပြ၍ ယင်းဘုံဌာနသို့ရောက်ရန် ဆင်ခြင်ပွားများအားထုတ်ရမည့် ရှေ့ပြေးကမ္မဋ္ဌာန်းတရားကိုဖော်ပြပါ။ (မေတ္တာ) (၁၇၃)

၃။ နေ့စဉ်စားသုံးနေသော အစာအာဟာရအပေါ်တွင် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်လာအောင် "စားတော့ပြုံးပြုံး ယိုတော့မုန်း"ဟူသောဆိုထုံးနှင့်အညီဆင်ခြင်ပြပါ။ (၇၆)

၄။ အရဟတ္တမဂ်ဉာဏ်တန်ခိုး၏ အာနုဘော်ကြီးမားပုံကို အနာမဲ့သူ ရှင်ဗာကုလကို စံထား၍ ရေးပြခဲ့ပါ။ (၁၁၇/၁၁၈)

၅။ လူသားတစ်ယောက်၏ နှလုံးသွေးအရောင်အဆင်းကိုခွဲခြား၍ စိတ်နေစိတ်ထား အကဲခတ်ဆုံးဖြတ်နိုင်သည့် ဉာဏ်အမြင်နှင့် ဆုံးဖြတ်နည်းကို ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာဒေသနာနည်းအရရှင်းပြပါ။ (၁၆၃)

၆။ ယခုအခါ ကမ္ဘာတစ်ဝှမ်းလုံး မီးဘေး၊ ရေဘေး၊ လေဘေးအန္တရာယ်များ တွေ့ကြုံနေကြရာယင်းအန္တရာယ်များ ဖြစ်ပွားရခြင်း၏ကြောင်းရင်းနှင့်တကွ လက်ရှိကမ္ဘာလူသားတို့၏ အခြေအနေကိုပရမတ္ထသဘာဝဖြင့်စိစစ်ပြပါ။ (၁၈၃)

၇။ မိမိအိမ်သို့ကြွလာသောရဟန်းတော်အား ရှိခိုးပူဇော်ဖူးမျှော်သော ဖော်ပြပါမိသားစုများအားဖြစ်ပေါ်သောစိတ်တို့ကိုဖော်ထုတ်၍ ထင်ရှားအောင်ရေးပြပါ။ (က) (ခ) (ဂ) (ဃ) (၂၃၉)

၈။ လူသားတို့၌ ယုံကြည်ချက်အမျိုးမျိုးရှိကြရာ သဒ္ဓါကြည်လင်ပါရမီရှင်ဖြစ်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၌သာဖြစ်သော ယုံကြည်ချက်(၅)ပါးကိုဖော်ပြ၍ အများနားလည်အောင်ရှင်းပြပါ။ (၂၆၂)

၉။ စက္ခုနှစ်ကွင်းအလင်းရသူတိုင်း စက္ခုဝိညာဏ် (မြင်သိစိတ်)ဖြစ်ကြရာယင်းမြင်သိစိတ်ဖြစ်ရာ၌ အတိုက်ဓာတ်၊ အခံဓာတ်၊ အပွင့်ဓာတ်၊ သဘောပေါ်လွင်အောင် စက္ခု၊ ရူပ၊ စက္ခုဝိညာဏ်စိတ်တို့ကိုရှင်းပြပါ။ (၃၁၁)

၁၀။ ဖန်ဆင်းရှင်၏ ဒဏ်ခတ်ခံရမှုကြောင့် ဆင်းရဲဒုက္ခဖြစ်သည်ဟူသော အဆိုနှင့်ပတ်သက်၍ မှန်-မမှန် သစ္စနိဒ္ဒေသနည်းအရဝေဖန်ရှင်းလင်းဖော်ပြပါ။ (၃၆၉)

## သာသနာရေးဦးစီးဌာန
## ၁၉၈၅-ခုနှစ်၊ ဝိသုဒ္ဓိမဂ် (ဒုတိယဆင့်) မေးခွန်းများ။

၁။ အသုံးတွင်ကျယ်လှသော "သတ္တဝါ" ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပါဠိအလို သက္ကဋအလိုအရအဓိပ္ပါယ်ရှင်းပြပါ။ (၂၂/၂၃)

၂။ အသည်းနှလုံးဟုတွဲသုံးလေ့ရှိကြရာ အသည်းနှလုံးဟူသည်တစ်ခုတည်း ဟုတ်-မဟုတ် တည်ရာအနေအထားကိုထောက်ရှု၍ဝေဖန်စိစစ်ခဲ့ပါ။ (၈၇)

၃။ အောက်ပါတို့သည်မည်သည့်ခေတ်သဘာဝကြောင့်ဖြစ်ပါသနည်း။
(က) မျက်စိမှုန်ခြင်း၊
(ခ) ကိုယ်ပူခြင်း၊
(ဂ) ဆံပင်ဖြူခြင်း
(ဃ) အစာကြေခြင်း။ (၈၀/၈၁)

၄။ ငှက်များ၊ စကြာဝဠာတေးမင်းများ ကောင်းကင်၌ပျံ့သန်းသွားလာနိုင်ခြင်းမှာ တန်ခိုးကြောင့်ချည်းဖြစ်ကြရာ တန်ခိုးခြင်းတူ-မတူရှင်းလင်းဖြေဆို၍၊ ယခုခေတ်လူသားတို့ လေယာဉ်၊ အာကာသယာဉ်တို့ဖြင့်သွားလာနိုင်ကြခြင်း၏အရင်းခံတန်ခိုးကိုလည်းဖြေဆိုပါ။ (၁၂၂/၁၂၃/၁၂၄)

၅။ ယခုစာဖြေသူသည်ဝိသုဒ္ဓိမဂ်စာမေးပွဲကို အလွန်သန့်ရှင်းစင်ကြယ်စွာ ထူးထူးခြားခြားအောင်မြင်ခဲ့သော် တန်ခိုးရှင်ဟုဆိုထိုက်-မဆိုထိုက်စိစစ်ဖြေဆိုပါ။ (၁၂၅)

၆။ ခန္ဓ,မောရစသောပရိတ်တော်တို့၏ တန်ခိုးအာနုဘော်ကြီးမားလှပုံကိုသိသာစေရန် ယင်းတို့၏အာနုဘော်ပျံ့နှံ့ရာ ခေတ်နှင့်တွဲဖက်၍ဖြေဆိုပါ။ (၁၇၃)

၇။ "ဝိညာဉ်ဟူသည် အသက် လိပ်ပြာကောင်အတ္တတည်း"ဟူသောအဆိုမှားယွင်းပုံကို ဝိညာဏက္ခန္ဓာဒေသနာအရဝေဖန်ပြပါ။ (၂၃၇)

၈။ အောက်ပါပညာ(၃)မျိုးတို့၏သဘာဝကိုရေးပြခဲ့ပါ။ (က)စိန္တာမယပညာ (ခ) သုတမယပညာ (ဂ)ဘာဝနာမယပညာ (၂၀၇)

၉။ ဘိုးတော်,မယ်တော်အမျိုးမျိုးနှင့် အစိမ်းသေနတ်မိစ္ဆာတို့ကို ယုံကြည်စွာပူဇော်ပသနေကြသူတို့အား ကုသိုလ် သဒ္ဓါတရားအစစ်ဖြစ်-မဖြစ် စိစစ်ပြ၍၊ သဒ္ဓါစစ်မဖြစ်လျှင် မည်သည့်အကုသိုလ်မျိုး ဖြစ်နေကြကြောင်းဖြေဆိုပါ။ (၂၆၂) (မိစ္ဆာဓိမောက္ခ)

၁၀။ လောက၌ စစ်ဘေးဒုက္ခ၊ ရေဘေး ဒုက္ခ၊ ငတ်မွတ်ခေါင်းပါးခြင်း ဒုက္ခဖြင့်ဒုက္ခပေါင်း ပေါ်များလှပေရာ ယင်းဒုက္ခဟူသမျှတို့၏ အကြောင်းတရားကို ရှာဖွေစိစစ်ဖော်ပြ၍ ယင်း ဒုက္ခတို့မှလွတ်မြောက်အောင်ဆောင်ရွက်ရမည့်နည်းလမ်းကိုလည်းညွှန်ပြပါ။ (၃၄၀-၃၄၁)

### သာသနာရေးဦးစီးဌာန
### ၁၉၈၆-ခုနှစ်၊ ဝိသုဒ္ဓိမဂ်(ဒုတိယဆင့်)မေးခွန်းများ။

၁။ "ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သောမေတ္တာ"ဟုလူတို့ပါးစပ်ဖျား၌ရေပန်းစားလျက်ရှိသည်။ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာသရုပ်ကိုသိသာရုံမျှထုတ်ပြပါ။ (၂၃/၂၄)

၂။ အာဟာရလေးပါးတို့က လူသားတို့အတွက် အကျိုးဆောင်ပုံ၊ ဘေးရောက်စေပုံတို့ကို ဆိုင်ရာအာဟာရနှင့်ဆက်စပ်ပြပါ။ (၆၉/၇၀)

၃။ ထမင်းစားရာ၌ ပါးစပ်တွင်ထမင်းရောက်ချိန်ဝယ် ဆုံလုပ်ငန်း၊ ကျည်ပွေ့လုပ်ငန်း၊ လက်

လုပ်ငန်းတို့ကို တာဝန်ယူလုပ်ကိုင်သောအရာဝတ္ထုတို့ကို ဆိုင်ရာလုပ်ငန်းနှင့်တွဲဖက်ဖြေဆိုပါ။ (၃၃)

၄။ သွေးနှစ်မျိုးတို့ကိုဖော်ပြ၍ ယခုခေတ်၌လူ့ဒါန်းလေ့ရှိသော သွေးသည် မည်သည့်သွေးမျိုး ဖြစ်သည်ကို ရှင်းလင်းပြပြီးလျှင်၊ ထိုသွေးနှင့်နှလုံးတို့၏ ဓာတ်အမျိုးအစားကိုလည်းရေးပြခဲ့ပါ။ (၈၉/၉၀)

၅။ ခြေထောက်ကို အထက်သို့မြှောက်သည့်အခါ အောက်သို့ချသည့်အခါတို့၌ အဘယ်ဓာတ် သဘာဝတို့၏အစွမ်းသတ္တိများပါဝင်ပါသနည်း။ရှင်းလင်းဖြေဆိုပါ။ (၁၀၅)

၆။ ရှေးရှေးဘဝတို့ကို မြင်နိုင်သူ (၆)ဦးတို့ကို မြင်နိုင်ရာကာလနှင့်တွဲစပ်၍ သေသပ်စွာဖြေဆိုပါ။ (၁၆၆)

၇။ အနန္တရိယကံနှင့် အပြစ်ကြီးပုံတူမျှသောကံကိုဖော်ပြ၍ အကုသိုလ်ကံဟူသမျှတို့တွင် အပြစ် အကြီးဆုံးဖြစ်သောကံကိုလည်းရေးပြခဲ့ပါ။ (၁၉၁/၁၉၂)

၈။ ဘဝင်နောင်အာဝဇ္ဇန်း၊ အာဝဇ္ဇန်းနောင် ဝိညာဏ်စသဖြင့် သံသရာစက်ရဟတ် တရစပ် လည်ပတ်ခြင်းသည် တန်ခိုးရှင်စသည်တို့ကြောင့် ဟုတ်-မဟုတ် အကြောင်းပြဖြေဆိုပါ။ (၂၅၁-ဆုံး)

၉။ တိုင်းပြု ပြည်ပြု သာသနာပြုလုပ်ငန်းတို့၌ မုချ ဧကန်ပါဝင်ရမည့် ဗိသုကာကြီးနှင့်တူသော သဘောတရားတစ်စုကို ယင်း၏လက္ခဏာ၊ ကိစ္စနှင့်တကွတွဲဖက်ဖော်ပြပါ။ (၂၆၀-လယ်)

၁၀။ ဒါနသည် နိဗ္ဗာန်ရောက်စေသည်ဟုယုံကြည်လျက် ဝမ်းမြောက်ဝမ်းသာ ကိုယ်ပိုင်ဆန္ဒဖြင့် ရွှေတိဂုံစေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်သူ၏သန္တာန်၌ဖြစ်သောစိတ်ကိုအတိအကျ ညွှန်ပြပါ။ (၂၃၉-စ)

## သာသနာရေးဦးစီးဌာန
## ၁၉၈၇ ခုနှစ်၊ ဝိသုဒ္ဓိမဂ်(ဒုတိယဆင့်)မေးခွန်းများ။

၁။ "ဖြဟ္မာ့ပြည်လားရာတရားပါပဲရှင်"ဟုဆိုအပ်သော မေတ္တာတရားကို စတင်မေတ္တာပို့ရမည့် ပုဂ္ဂိုလ်ကိုမရွေးချယ်ဘဲ ထင်သလို မြင်သလို မေတ္တာပို့နိုင်ပါသလော၊ အကြောင်းပြဖြေဆိုပါ။ (၂/၃)

၂။ အချို့သောပုဂ္ဂိုလ်များ စေတီတော်စသည်ကို တည်ခြင်းငါးပါးဖြင့်ဦးမချဘဲ ပုဆိန်ပေါက် ဦးချ ကြရာ၌ အကြောင်းရင်းကိုညွှန်ပြ၍၊ ယခု စာဖြေပုဂ္ဂိုလ်၏သန္တာန်၌ ရန်သူတို့က မဖျက်ဆီးနိုင် သောတရား ရှိ-မရှိကိုလည်း ဖြေဆိုပါ။ (၉/၁၀)

၃။ စာဖြေပုဂ္ဂိုလ်၏သန္တာန်၌ ပူခြင်း၊ ရင့်ခြင်း၊ ပူလောင်ခြင်း၊ ကြေခြင်းတို့ကိုဖြစ်စေတတ်သော တေဇောဓာတ်တို့ကို အသီးသီးဖော်ပြ၍ ယင်း ဓာတ်တို့၏ အရင်းခံအကြောင်းတရားများ ကိုလည်းဖြေဆိုပြီးလျှင်၊ ကိုယ်ခံစွမ်းအားနည်းပါးစေကြောင်းဖြစ်သော တေဇောဓာတ်ကိုလည်း ညွှန်ပြပါ။ (၈၀/၈၁)

၄။ ဝဖြိုးသောပုဂ္ဂိုလ်၊ ပိန်ကြုံးသောပုဂ္ဂိုလ်တို့၏ အဆီဓါတ်တည်နေပုံကိုညွှန်ပြ၍ ယင်းအဆီဓါတ်ဖြစ်ပုံအခြင်းအရာများကိုလည်းဖော်ပြပါ။ (၉၁)

၅။ နှလုံးသွေး အရောင်အဆင်းနှင့် စိတ်ဖြစ်ပေါ်ပုံတို့၏ ဆက်စပ်လျက်ရှိပုံကို ဝိသုဒ္ဓိမဂ်ကျမ်းလာအရ ခွဲခြားဖော်ပြပါ။ (၁၆၃)

၆။ ယခုစာဖြေသူပုဂ္ဂိုလ်၏ ရုပ်ခန္ဓာကို အခွန့် (အဒ္ဓါ)၏အစွမ်းအားဖြင့် အတိတ်၊ အနာဂါတ်ပစ္စုပ္ပန်ခွဲပြ၍ လူသားတို့၏ ရုပ်အဆင်းကို အယုတ်အမြတ်ဟူ၍ မုချအားဖြင့် ခွဲခြားနည်းကိုလည်းရေးပြခဲ့ပါ။ (၂၈၅-က/၂၈၆ဆုံး)

၇။ ထောပတ်ထမင်း၊ ကြက်သားဟင်း၊ ခွေးတောက်ဟင်းချိုတို့ကို မြိန်ရှက်စွာစားရသည်ဟုအိမ်မက်မြင်မက်သူအား-ဇိဝှါဝိညာဏ်စိတ်ဖြင့်၊မဖြစ် အကြောင်းစိစစ်ပြခဲ့ပါ။

၈။ ဗလရုပ်၊ သမ္ဘဝရုပ်၊ ဇာတိရုပ်၊ ရောဂရုပ်တို့ကိုရှင်းပြပြီးလျှင် ထိုရုပ်တို့သည်ရုပ်(၂၈)ပါး၌ပါဝင်ခြင်း ရှိ-မရှိကိုလည်းဖြေဆိုပါ။ (၂၃၀-၂၃၁)

၉။ လူတောသူတောမတိုးဝံ့အောင် ရှက်ကြောက်တက်သူကို ဟိရီ၊ ဩတ္တပ္ပနှင့်ပြည့်စုံသူဟုဆိုသင့်- မဆိုသင့်အကြောင်းပြဖြေဆို၍ ယင်း (၂)ပါးတို့၏ အထူးကို ဥပမာနှင့်တကွပြပြီးလျှင် ယင်း (၂) ပါးတို့၏ သီးခြားနာမည်တူကိုပါရေးသားခဲ့ပါ။ (၂၆၃-၂၆၄)

၁၀။ ဇာတိဒုက္ခပေါ်လွင်အောင် မိခင်က ရေခဲရေသောက်သောအခါ၊ ထမင်းပူပူစားရာသောအခါ၊ ငရုတ်သီးစပ်စပ်စားရာသောအခါတို့၌ ဝမ်းတွင်းရှိသူငယ်၏ ဆင်းရဲဒုက္ခခံစားရပုံကို ဥပမာအသီးသီးပြ၍ဖြေဆိုပါ။ (၃၃၉-လယ်)

## သာသနာရေးဦးစီးဌာန

၁၃၅၀-ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂-ရက် (၂၅-၁၂-၈၈) တနင်္ဂနွေနေ့

၁။ ယခုစာဖြေပုဂ္ဂိုလ်သည်အဘယ်၏အမွေခံဖြစ်သည်ကိုဖော်ပြ၍ မေတ္တ... ...ာနိသင် (၁၁)ပါးတို့တွင် နောက်ဆုံးလေးပါးတို့ကို အစဉ်ကျကျရေးပြခဲ့ပါ။ (၁၁/...

၂။ ယခုခေတ်၌ စားဝတ်နေရေးပြေလည်မှုမရှိသူတို့ကို မြင်ရသောအခါ၊ သူတော်ကောင်းမှန်သမျှ မေတ္တာ၊ ကရုဏာပွားကြသည်ချည်းဖြစ်လေရာ ယင်းမေတ္တာ၊ ဂရုဏာတို့၏ ပြည့်စုံအောင်မြင်ပုံ၊ ဆုံးရှုံးပျက်စီးပုံတို့ကိုဖြေဆိုခဲ့ပါ။ (၃၇)

၃။ အာဟာရလေးပါးတို့တွင် အဘယ်အာဟာရသည် အဘယ်အကျိုးဆောင်သည်ကို အသီးသီးယှဉ်တွဲပြ၍ "ပဋိသန္ဓေနေခြင် ဘေးဒုက္ခသည် အာဟာရကြောင့်ဖြစ်မည်"ဟုဆိုလျှင် ယင်းအဆိုမှန်၊ မမှန် ရှင်းလင်းဖြေဆိုပါ။ (၆၉/၇၀)

၄။ ဘုန်းကံကြီးမားသူ၊ ဘုန်းကံနည်းပါးသူတို့၏သန္တာန်၌ သည်းခြေစသော အာသယတို့တည်ရှိပုံထူးခြားချက်ကိုဖော်ပြ၍ သုံးဆောင်သောအခါ အခြံအရံအပေါင်းအဖော်တို့နှင့်တကွ သုံးဆောင်ကာ ထွက်စေသောအခါ၌မူ တစ်ယောက်တည်း ပုန်းလျှိုး၍ ထွက်စေအပ်သောအရာဝတ္ထုတို့ကိုရေးပြခဲ့ပါ။ (၇၄/၇၆)

၅။ အဘိညာဉ်ရှင်ချင်းတူပါလျက် တိတ္ထိတို့နှင့်ဗုဒ္ဓသာဝကတို့ ရှေးရှေးခန္ဓာအစဉ်ကို အောက်မေ့ကြရာ၌ ထူးခြားပုံကို အကြောင်းနှင့်တကွတင်ပြခဲ့ပါ။ (၁၆၆/၁၆၇)

၆။ မီး၊ ရေ၊ လေတို့ကြောင့် ကမ္ဘာပျက်လတ်သော် အနန္တစကြဝဠာတို့တွင် အဘယ်မျှပျက်ကြသည်ကိုဖော်ပြ၍ မဟာသမ္မတ၊ ခတ္တိယ၊ ရာဇာဟုခေါ်ရခြင်းအကြောင်းတို့ကိုလည်း အသီးသီးရေးပြခဲ့ပါ။ (၁၇၃/၁၈၀)

၇။ ယခုစာဖြေပုဂ္ဂိုလ်သန္တာန်၌ အစိုးတရရုပ်၊ အစိုးမရရုပ်ဟုနှစ်မျိုးရှိလေရာ ယင်းသရုပ်ကို သိသာရုံမျှဖော်ပြပါ။ (၂၃၂)

၈။ "စေတနာမှန်မှ အလုပ်ကိစ္စဟန်ကျမည်"ဟု အဆိုရှိလေရာ ယင်းစေတနာ၏သဘောတရား၊ အမှတ်အသား၊ လုပ်ငန်းတို့ကို အသီးသီးတင်ပြခဲ့ပါ။ (၂၆၀-လယ်)

၉။ ဥပါဒါနက္ခန္ဓာတို့တွင် တံလျှပ်နှင့်တူသော ခန္ဓာ၊ ငှက်ပျောတုံးနှင့်တူသော ခန္ဓာတို့ကို ရှင်းလင်းချက်နှင့်တကွဖြေဆိုခဲ့ပါ။ (၂၉၆)

၁၀။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ မဂ္ဂင်ရှစ်တန် လမ်းစဉ်မှန်ဖြင့်သာ ဝင်ရောက်နိုင်သည်ဖြစ်လေရာ ယင်း မဂ္ဂင်တို့ကို သီလ၊ သမာဓိ၊ ပညာအတွင်းတို့ ဇာတ်အားဖြင့်ဖြစ်စေ၊ ကိစ္စအားဖြင့်ဖြစ်စေ သင့်လျော်သလိုထည့်သွင်းရေတွက်ပြပါ။ (၃၇၆-လယ်)

## သာသနာရေးဦးစီးဌာန
## ၁၃၅၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်(၂၄-၁၂-၈၉) တနင်္ဂနွေနေ့

၁။ အစကောင်းမှအနှောင်းသေချာသည်နှင့်အညီ ဖြဟ္မစိုရ်တရားပွါးလိုသော် အဘယ်ပုဂ္ဂိုလ်မှစ၍ ပွားများအပ်ပါသနည်း။ ဖြဟ္မစိုရ်လေးပါးနှင့် ဆိုင်ရာပုဂ္ဂိုလ်များကို အသီးသီးတွဲစပ်ဖြေဆိုပါ။ (၄/၂၇/၂၈/၃၀/၃၃)

၂။ နေ့စဉ်မလုပ်မဖြစ်လုပ်အပ်သော ထမင်းစားခြင်းကိစ္စ၌ ထမင်းလုတ်ကို ခံတွင်းသို့ထည့်သွင်းလတ်သော်ဆုံကိစ္စ၊ ကျဉ်ပွေ့ကိစ္စ၊ လက်ကိစ္စကို ပြီးစေသော အရာဝတ္ထုတို့ကို အသီးသီးတင်ပြခဲ့ပါ။ (၇၃)

၃။ စာဖြေပုဂ္ဂိုလ်သည် သုံးဆောင်အပ်သောအစားအစာကို **ပါစက** ဝမ်းမီးကချက်အပ်သည်ဖြစ်လေရာ ယင်း အစားအစာ ကြေညက်လျှင် ရရှိနိုင်သောအကျိုး၊မကြေညက်လျှင် ရရှိနိုင်သောအကျိုးတို့ကိုကျနစွာဖော်ပြခဲ့ပါ။ (၇၅)

၄။ မော်ကြည့်လျှင် ကောင်းကင်မှစပါးမိုးရွာသွန်းဖြိုးစေသူ မေဏ္ဍကသူဌေး၏ဘုန်းတန်ခိုးအမျိုးအစားကို ထုတ်ဖော်ပြီးလျှင် သူဌေးကတော်ကြီး စန္ဒပဒုမသီရိ၏ အံ့ဖွယ်တန်ခိုးကိုလည်း တင်ပြခဲ့ပါ။ (၁၂၃/၁၂၄)

၅။ စာဖြေပုဂ္ဂိုလ် အပါအဝင် လူသားအများစုသည် ဘုန်းတန်ခိုးကြီးမားသူများဖြစ်လေရာ၊ ဘုန်တန်ခိုးကြီးမားကြောင်း (တန်ခိုးဖြစ်ကြောင်း) ၈-ပါးကို စနစ်တကျရေးပြခဲ့ပါ။ (၁၂၈)

၆။ စကြဝဠာတစ်သိန်း အာနုဘော်ပျံ့နှံ့သော သုတ်တော် ပရိတ်တော်များကို ထုတ်ဖော်ပြ၍၊ ကမ္ဘာကြီးသည် အပျက်ကြီးမပျက်သေးသော်လည်း အပျက်ကလေးများကား- တရစပ်ဖြစ်နေလေရာ ယင်း၏ ထိုပျက်ရခြင်းသည် အဘယ်အကုသိုလ်လွန်ကဲ၍ အဘယ်အရာဝတ္ထုမျိုးဖြင့် ပျက်ရတက် ပါသနည်း၊တွဲစပ်ဖြေဆိုပါ။ (၁၇၃/၁၈၃)

၇။ စာဖြေသူအပါအဝင် သူသူငါငါ အဆင်းလှပစွာဖြင့် ဘဝအဆင့်အတန်းမြင့်မြင့် နေလိုသူချည်းဖြစ်ရာ ယင်းအတွက် သိရန်လိုအပ်သော ရုပ်ဆိုးခြင်း၊ ရုပ်လှခြင်း၊ အဆင့်အတန်းနိမ့်ခြင်း၊ အဆင့်အတန်းမြင့်ခြင်းတို့၏လက်သည်အကြောင်းအရာကိုအသီးသီးတင်ပြခဲ့ပါ။ (၁၈၇/၁၈၈)

၈။ ဆုတောင်းခြင်းနှင့်ဆန္ဒပြုခြင်းတူ့မတူသိသာအောင် ဆန္ဒ၏အမှတ်အသားလုပ်ငန်းဥပမာတို့ကိုဖြေဆိုခဲ့ပါ။ (၂၆၈)

၉။ ဝိသုဒ္ဓိမဂ်သင်တန်းဆရာထံမှ ပို့ချချက်ကို နာယူရာ၌ မြင်သိစိတ်၊ ကြားသိစိတ်များဖြစ်ရာဝယ် ယင်းစိတ်တို့၏ စွဲငြိဖြစ်ပေါ်ရာအချက်အလက်များကိုအသီးသီးတင်ပြခဲ့ပါ။ (၃၁၁)

၁၀။ လောကဇာတ်ခုံပေါ်၌ ကပြရသူတိုင်း၊ စိုးရိမ်၊ ငိုကြွေး၊ ပူဆွေးရမှု (သောက၊ ပရိဒေဝ၊ ဥပါယာသ) တို့နှင့်အနည်းအများ တွေ့ကြုံကြရသည်ချည်းပင်ဖြစ်ကြရာ ယင်း(၃)မျိုး၏ ထူးခြားချက်ကို ဥပမာနစွက်၍ အချက်ကျကျဖြေပြခဲ့ပါ။ (၃၄၇-စ)

သာသနာရေးဦးစီးဌာန
၁၃၅၂-ခုနှစ်၊ ပြာသိုလဆန်း ၇ရက် (၂၂-၁၂-၉၀) စနေနေ့

၁။ လူတို့၏သန္တာန်၌ဖြစ်လေ့ရှိသော (က) ရာဂ (ခ) အရတိ (ဂ) ဝိဟိံသာ (ဃ) ဗျာပါဒတရားများကင်းစင်အောင် အဘယ်တရားများကို ပွားများသင့်ပါသနည်း။ အသီးသီး စပ်ဟပ်ဖြေဆိုခဲ့ပါ။ (၃၈)

၂။ အာဟာရကြောင့်ဖြစ်တက်သောဘေးဒုက္ခကို ဆိုင်ရာအာဟာရနှင့် တွဲစပ်ဖြေဆို၍ ယင်းအာဟာရနှင့်ဆိုင်ရာဥပမာများကိုလည်းအသီးသီးတင်ပြခဲ့ပါ။ (၇၀)

၃။ အောက်ပါပုဂ္ဂိုလ်များ မသေနိုင်ခြင်းသည် အဘယ်တန်ခိုး၏အစွမ်းကြောင့် ဖြစ်ပါသနည်း။ ရှင်းလင်းဖြေဆိုခဲ့ပါ။

(က) ငါးအမျိုခံရပါလျက် မသေသောဗာကုလသူငယ် (၁၁၇)
(ခ) သိရိမာက ဆီပူဖြင့်လောင်းအပ်ပါလျက် ဆီပူမလောင်သော မယ်ဥတ္တရာ။ (၁၂၀)

၄။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌ လူတိုင်းအံ့ဩလောက်အောင် ဘုန်းကံကြီးမားကုန်သော (က) ဇောတိက (ခ) ဇဋိလ (ဂ) ဃောသက (ဃ) မေဏ္ဍကသူဌေးကြီးတို့၏ ပုညဝတဏ္ထုဒ္ဒိများကိုအသီးသီးဖော်ပြခဲ့ပါ။ (၁၂၃)

၅။ စစ်ပညာကျွမ်းကျင်ခြင်း၊ ဆေးပညာတက်မြောက်ခြင်းသည် မည်သည့်တန်ခိုးမျိုးဖြစ်သည်ကို ညွှန်ပြ၍ တန်ခိုးနှင့်ပြည့်စုံရန် လိုအပ်သော အချက်အလက်တစ်မျိုးကိုလည်း အစဉ်မပျက်တင်ပြခဲ့ပါ။ (၁၂၅/၁၂၆)

၆။ အောက်ပါပုဂ္ဂိုလ်တို့၏ ပုဗ္ဗေနိဝါသ အောက်မေ့၍ ထူးခြားချက်ကို ဖော်ပြခဲ့ပါ။ (က) တိတ္ထိ (ခ) ပကတိသာဝက (ဂ) မဟာသာဝက (ကာလ၊ ခန္ဓာစဉ် ၂ခုကိုဖြေပါ)။ (၁၆၆/၁၆၇)

၇။ "ကမ္ဘာဦးအခါ ဗြဟ္မာကြီး (၄) ယောက် လူ့ပြည်သို့ ဆင်းသက်လာကြ၍ယင်းတို့မှပေါက်ဖွား ကာလူများဖြစ်ပေါ်ကြသည်"ဟူသော ဆိုရိုးစကား၏ မှားယွင်းပုံကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရှင်းလင်းခဲ့ပါ။ (၁၇၇)

၈။ လူတို့၏စက္ခု သောတပသာဒစသည်တို့ အချင်းချင်းမတူ ထူးခြားကွဲပြားခြင်း၊ ယင်းပသာဒတို့ ဖြစ်နိုင်ခြင်းအကြောင်းများကိုတင်ပြ၍ (၂၁၈/၂၁၉)
(က)နေဝကမ္မဇနာကမ္မဇရုပ်
(ခ)နေဝစိတ္တဇနာစိတ္တဇရုပ်များကိုညွှန်ပြပါ။ (၂၃၃)

၉။ (က) ပေါဝါပနကသင်္ခါရ (ခ) အနိယတသင်္ခါရ တို့ကိုအစဉ်ကျကျထုတ်ပြ၍ အနိယတသင်္ခါရတို့၏ အနိယတအမည်ရခြင်းကြောင်းကိုဖော်ပြပါ။ (၂၅၈)

၁၀။ ရုပ်ဟူသမျှ (က) အတိတ်ရုပ် (ခ) အနာဂတ်ရုပ် (ဂ) ပစ္စုပ္ပန်ရုပ်ဟူ ကွဲပြားလေရာ ယင်းသို့ကွဲပြားရပုံကို ခဏ၏အစွမ်းအားဖြင့် နည်း(၃)နည်းဖြင့် စနစ်တကျခွဲခြားပြခဲ့ပါ။ (၂၈၆)

## သာသနာရေးဦးစီးဌာန

**၁၃၅၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက် (၂၂-၁၂-၉၁) တနင်္ဂနွေနေ့။**

၁။ အမျက်မပြေ၍ မေတ္တာမသက်နိုင်သော ရန်သူအပေါ်၌ ဓာတ်ခွဲ၍ အမျက်ဖြေနည်းကိုပြဆိုပြီးလျှင် မေတ္တာ၏ အနီးကပ်ရန်သူနှင့် အဝေးရန်သူတို့ကိုလည်းဖော်ပြပါ။ (၁၅/၃၈)

၂။ ရူပသညာကို လွန်မြောက်သည် ဟူသောစကား၌ ရူပသညာအမည်ရသော တရားတို့ကိုညွှန်ပြပြီးလျှင် ဝိညာဏဥ္စာယတနစျာန်ရအောင် မည်သို့မည်ပုံ စီးဖြန်းအားထုတ်ရမည်ကိုလည်းဖော်ပြပါ။ (၅၁/၅၅/၅၆)

၃။ အဇ္ဈတ္တိကဝါယောဓာတ်ခေါ် ခန္ဓာကိုယ်တွင်းရှိ လေဓာတ်တို့ကို ဖော်ပြပြီးလျှင် ယကနခေါ် အသည်း၏တည်ရာဌာနကိုလည်းဖော်ပြပါ။ (၈၀/၈၇)

၄။ ကာဆီးလျက်ရှိသော ရေမတောင်ကြီး၏ဟိုဘက်သို့ တစ်ခဏချင်း ဖေါက်ထွင်းသွားလိုသော တန်ခိုးရှင်ပုဂ္ဂိုလ်အနေဖြင့် မည်သို့မည်ပုံ ပြုလုပ်ရမည်ကိုဖော်ပြပါ။ (၁၄၂)

၅။ ရှေးဘဝခန္ဓာဖြစ်သော ပုဗ္ဗေနိဝါသကို အောက်မေ့ဆင်ခြင် သိမြင်နိုင်သော ပုဂ္ဂိုလ်ခြောက်ဦးကို ဖော်ပြပြီးလျှင် ဇာတိခေတ်၏ အတိုင်းအတာပမာဏကိုလည်းဖော်ပြပါ။ (၁၆၆/၁၇၃)

၆။ ယထာကမ္မူပဂဉာဏ်သည် အဘယ်အခါ၌ မိမိကိုယ်တွင်းအဇ္ဈတ္တကို အာရုံပြု၍ အဘယ်အခါ၌ သူတစ်ပါးကိုယ်တွင်းဗဟိဒ္ဓကိုအာရုံပြုသည်ကိုခွဲခြားဖော်ပြပါ။ (၂၀၃)

၇။ ပြုရန်မလွယ်ကူသော အမှုကိစ္စကို မြတ်စွာဘုရား ပြုတော်မူသည် ဟူ၍ အရှင်နာဂသေန မိန့်ဆိုရာ၌ အဘယ်အမှုကိစ္စဖြစ်သည်ကိုဖော်ပြပါ။ (၂၀၆)

၈။ အတ္တပဋိသမ္ဘိဒါနှင့် ဓမ္မပဋိသမ္ဘိဒါတို့သည် မည်သည့်အတ္ထနှင့် ဓမ္မတို့ကို ခွဲခြားသိသည်ကို ပြည့်စုံစွာဖော်ပြဖြေဆိုပါ။ (၂၁၀)

၉။ လောကီခန္ဓာငါးပါးတို့ကို မည်သည့် အကြောင်းကြောင့် မည်သည့် အရာဝတ္ထုကဲ့သို့ရှုမှတ်ရမည်ဆိုသည်ကို ခန္ဓာတစ်ခုစီတစ်ခုစီခွဲခြားဖြေဆိုပါ။ (၂၉၅)

၁၀။ ယုန်ချိုကဲ့သို့ မရနိုင် မသိနိုင်ကောင်းသောကြောင့် နိဗ္ဗာန်သည် တကယ်မရှိသောတရားဖြစ်သည်ဟုတစ်ဦးတစ်ယောက်က ပြောဆိုလာလျှင် မည်ကဲ့သို့ပြန်လည်ချေပ ရှင်းလင်းရမည်ကို အကျဉ်းချုပ်မျှဖြေဆိုပါ။ (၃၅၄)

## သာသနာရေးဦးစီးဌာန
### ၁၃၅၄-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁-ရက် (၂၀-၁၂-၉၂) တနင်္ဂနွေနေ့၊

၁။"ဤငါ့ကိုယ်လေး,ဘေးရန်ဝေး,ငြိမ်းအေးချမ်းသာစေ"ဟူ၍ မိမိကိုယ်ကိုမေတ္တာပို့ခြင်းဖြင့် မည်သည့် အကျိုး ကျေးဇူး ရရှိသည်ကိုဖော်ပြပြီးလျှင်၊ ဥပေက္ခာဗြဟ္မဝိဟာရပွားများမည့်ယောဂီ၏ (က) ရရှိနှင့်ပြီးတရားထူး၊ (ခ) လက်ဦးပထမအရှုခံပုဂ္ဂိုလ်တို့ကိုလည်းဖော်ပြပါ။ (၅/၃၃)

၂။ ကရုဏာသည် အဘယ်နည်းဖြင့် အာကာသာနဉ္စာယတနစျာန်ရရန် အခြေခံ ဥပနိဿယအကြောင်းဖြစ်သည်ကို ဖော်ပြပြီးလျှင်၊ "ကသိုဏ်းကိုခွါသည်" ဟူသောစကားကိုလည်း အဓိပ္ပါယ် ရှင်းလင်းပြပါ။ (၄၄/၄၉)

၃။ သညာပင်ဖြစ်ပါလျက် နေဝသညာ (သညာလည်းမဟုတ်), နာသညာ (သညာမဟုတ်သည်လည်းမဟုတ်)ဟု ဆိုရခြင်း၏ အကြောင်းကို ပြဆိုပြီးလျှင်၊ ထိုသညာသည် အဘယ်ကြောင့် တတိယအရူပစျာန်ကိုအပြစ်မြင်လျက် အာရုံပြုနေရသည်ကိုလည်းဖြေဆိုပါ။ (၆၃/၆၇-၆၈)

၄။ ဓာတ်ကမ္မဋ္ဌာန်း အားထုတ်နည်း အကျဉ်းချုပ်နှင့် ယင်းသို့ အားထုတ်ခြင်းကြောင့် မည်သည့် အမှတ်သညာ ကွယ်ပျောက်သွားသည်ကိုလည်းဖော်ပြပါ။ (၇၉)

၅။ စျာန်ကို ကျေညက်အောင် အင်္ဂါနှင့် အာရုံကို ပြောင်းရွှေ့ဝင်စားပုံ နှစ်မျိုးကို ဖော်ပြပြီးလျှင်၊ ညဥ့်အခါ ဘီလူးသားရဲ သောင်းကျန်းသောမြို့အပြင်၌ ဘူတပါလ သူငယ်လေးသည် အဘယ်တန်ခိုးအစွမ်းဖြင့် ဘေးမသီရန်မခ နေခဲ့ရသည်ကိုလည်းဖော်ပြပါ။ (၁၁၁/၁၁၈)

၆။ မနောမယိဒ္ဓိမည်သော တန်ခိုးဖန်ဆင်းပုံ အစီအစဉ်ကိုဖော်ပြပြီးလျှင်၊ ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ လေးမျိုးကိုလည်းဖော်ပြပါ။ (၁၅၈/၁၉၇)

၇။ အဘယ်ကို သံခိတ္တ (တွန့်ဆုတ်ကျုံ့သော)စိတ်ခေါ်သည်ကိုဖြေဆိုပြီးလျှင် သံဝဋ္ဋကပ်စသောကပ်လေးမျိုးတို့တွင် ယခုအခါ အဘယ်ကပ်အတွင်းရောက်နေသည်ကိုလည်းဖြေဆိုပါ။ (၁၆၅/၁၇၂)

၈။ "အတွင်း (အဇ္ဈတ္တ) ကို ရှုသည်၊ အပြင် (ဗဟိဒ္ဓ) ကို ရှုသည်" ဟူသောစကား၏ဆိုလိုရင်းကို ဖြေဆိုပြပြီးလျှင်၊ အဘယ်ကို ဝိပဿနာပညာ၏ဘုံနှင့်အခြေအမြစ်ဟုခေါ်သည်ကိုလည်း ဖော်ပြပါ။ ၂၀၉-ဃ/၂၁၃-လယ်)

၉။ "ဇာတိပိ ဒုက္ခာ"၌ (က) ပရိယာယ်မဟုတ် မုချဖြစ်သော ဆင်းရဲ၊ (ခ) ဆင်းရဲသည့်ဆင်းရဲ၊ (ဂ) ဖောက်ပြန်ပြောင်းလဲသောဆင်းရဲ၊ (ဃ) ပေါ်လွင်သောဆင်းရဲ၊ (င) ပရိယာယ်ဖြစ်သော ဆင်းရဲတို့ကိုဖော်ပြပါ။ (၃၃၆-၃၃၇)

၁၀။ (က) ဒုက္ခသာမည်၍ အရိယသစ္စာမမည်သောတရား၊ (ခ) အရိယသစ္စာသာမည်၍ ဒုက္ခမမည်သောတရား၊ (ဂ) နှစ်မျိုးစုံမည်သောတရား၊ (ဃ) နှစ်မျိုးစုံမမည်သောတရားတို့ကို ခွဲခြားဖော်ပြပါ။ (၃၇၂)

## သာသနာရေးဦးစီးဌာန
## ၁၃၅၅-ခုနှစ်၊ နတ်တော်လဆန်း ၅ရက် (၁၅-၁၂-၉၃) စနေနေ့ ။

၁။ မေတ္တာကမ္မဋ္ဌာန်းပေါက်နေသော ရဟန်းငယ်သည် သူ၏ဆရာထံမေတ္တာပို့၏၊ သို့သော် မေတ္တာမရောက်၊ အမတ်ကြီး၏ သားတစ်ယောက်ကား မေတ္တာပို့လျက်ပင် တစ်ညဥ့်လုံး နံရံနှင့် စစ်တိုက်နေရ၏၊ ထိုနှစ်ဦးတို့ဘာကြောင့်ယင်းသို့ဖြစ်ရပါသနည်း၊ ဝိသုဒ္ဓိမဂ်အတိုင်းဖြေပါ။ (၃)

၂။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသော ဒုစရိုက်သမားတစ်ယောက်အပေါ်၌ အဘယ်သူဖြင့် ဥပမာနှိုင်းခိုင်း၍ ကရုဏာသက်ရမည်နည်း၊ ထိုဥပမာကို ထင်ရှားအောင်ဖော်ပြ၍၊ ကရုဏာ သက်ပုံကိုရေးပြပါ။ (၂၈)

၃။ (က)အာကိဉ္စညာယတနစျာန်ကို ရလိုသောယောဂီသည် အဘယ်အရာကို အဘယ်သို့ အပြစ်မြင်ပြီး အဘယ်အာရုံကို အဘယ်သို့အထပ်ထပ် ဆင်ခြင်ရှုမှတ်ပွားများရမည်၊ (ခ) ဉတတိယာရပ္ပသမာပတ်ကား ငြိမ်သက်လှပါပေ၏ဟု ချီးမွမ်းနေပါလျက် အဘယ်နည်းဖြင့် ထိုသမာပတ်ကို မလိုမလားကျော်လွှားနိုင်သည်တို့ကိုဖြေဆိုပါ။ (၅၈/၆၂)

၄။ စက်ဆုပ်ဖွယ်ဟူသောအမှတ်သညာ (ပဋိက္ကူလသညာ) ရှုပွားရမည်မဟုတ်သော အာဟာရ တို့ကိုဖေါ်ပြပြီးလျှင်၊ အကျိုး (ဖလ)အားဖြင့် အာဟာရေပဋိက္ကူလသညာပွားများပုံကိုလည်း ဖေါ်ပြပါ။ (၇၀/၇၅)

၅။ ရဟန္တာပုဂ္ဂိုလ်တို့ သမာဓိဘာဝနာ၏ရနိုင်သော အကျိုးအာနိသင်ကို ဖေါ်ပြပြီးလျှင် အဘယ် သည်အရိယာတို့ တန်ခိုးဖြစ်သည်ကိုလည်းဖေါ်ပြပါ။ (၁၀၆/၁၂၁)

၆။ (က) ရေပြင်မှာ ခြေကျင်သွားလိုသော တန်ခိုးရှင်သည် မည်သည့် ကသိဏစျာန်ကိုဝင်စား၍ မည်သို့အဓိဋ္ဌာန်ရသည်၊(ခ)သောမနဿစိတ်၊ဒေါမနဿစိတ်၊ဥပေက္ခာစိတ်များ ဖြစ်ပေါ်လာ ပါက နှလုံးသွေးအခြေအနေ မည်သို့ရှိသည်တို့ကိုဖေါ်ပြပါ။ (၁၄၇/၁၆၃)

၇။ ဗုဒ္ဓခေတ် (ဘုရားနယ်ပယ်) သုံးမျိုးတို့၏ အပိုင်းအခြားတို့ကို ဖော်ပြပြီးလျှင်၊ အဘယ်အရာ သည် အပြစ်ကြီးလေးဆုံးဖြစ်သည်ကိုလည်းဖြေဆိုပြပါ။ (၁၇၃/၁၉၂)

၈။ အရှင်အဿဂုတ္တမထေရ်သည် မည်သို့မည်ပုံ အဓိဋ္ဌာန်တော်မူသည်ကိုအတ္ထုပ္ပတ္တိကြောင်း အရာနှင့်တကွ ပြဆိုပြီးလျှင်၊ မြင်သိစိတ် (စက္ခုဝိညာဏ်)၏လက္ခဏာကိုလည်းဖေါ်ပြပါ။ (၁၉၈/၂၄၂)

၉။ သမာဓိသည် မည်သည့် လုပ်ငန်းကိစ္စပြုလုပ်သည်ကို ဥပမာနှင့်တကွ ပြဆိုပြီးလျှင်၊ ယောဂီပုဂ္ဂိုလ်ဉာဏ်၌ အဓိမောက္ခသည် မည်သို့မည်ပုံ ထင်ပေါ်လာသည်ကိုလည်း ဖြေဆိုပါ။ (၂၆၁/၂၆၉)

၁၀။ (က)အဘယ်တရားကို ဥပါယာသ (ပြင်းထန်စွာပူပန်ခြင်း) ဟုဆိုလိုသည်၊ (ခ) သောက, ပရိဒေဝ, ဥပါယာသတို့၏သဘောကို မည်သို့မှတ်သားရမည်ကိုဖြေဆိုပါ။ (၃၄၆-လယ်/၃၄၇)

## သာသနာရေးဦးစီးဌာန
## ၁၃၅၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက် (၂၄-၁၂-၉၄) စနေနေ့

၁။ မိမိရန်သူအပေါ် မေတ္တာသက်ဝင် ချစ်ခင်ပီတိဖြစ်ပေါ်လာအောင် နှလုံးသွင်းစိတ်ထားနည်းကို အနမတဂ္ဂသုတ်လာအတိုင်း ပြည့်စုံအောင်ဖော်ပြပြီးလျှင် (၅၂၈)သွယ်မေတ္တာပွားနည်းများကိုလည်း ပဋိသမ္ဘိဒါမဂ်လာအတိုင်းဖော်ပြပါ၊ (၁၄/၂၀)

၂။ စားသောက်သုံးဆောင်အပ်သော အစာအာဟာရနှင့်ပတ်သက်၍ အစာမကြေညက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သော ရောဂါတို့ကိုအသီးသီးဖော်ပြ၍ သွေးအမျိုးအစားနှင့်တည်ရာဌာနတို့ကိုလည်းဖော်ပြခဲ့ပါ။ (၇၅-၇၆/၉၀)

၃။ ကိုယ်ခံစွမ်းအား နည်းပါးစေကြောင်းဖြစ်သော တေဇောဓာတ်အမည်ကို ညွှန်ပြပြီးအနုပါဒိန္န, ဥပါဒိန္နမဟာဘုတ်တို့၏ ကြီးမားပုံကိုလည်း ဝိသုဒ္ဓိမဂ်လာအတိုင်းဖော်ပြခဲ့ပါ။ (၈၁/၉၈)

၄။ တန်ခိုးအဘိညာဉ်ရခြင်းအကြောင်းတို့ကို ပြည့်စုံအောင်ဖော်ပြ၍ လူသားတစ်ယောက်၏ နှလုံးသွေးအရောင်အဆင်းကိုကြည့်ရှု၍ စိတ်နေစိတ်ထားအကဲဖြတ်ပုံ ဉာဏ်အမြင်ကိုလည်း ဗုဒ္ဓအဘိဓမ္မာနည်းအရ ညွှန်ကြားပြခဲ့ပါ။ (၁၂၆/၁၆၃)

၅။ ကြောက်မက်ဖွယ်ကောင်းလှစွာသော ကမ္ဘာဖျက်ရုပ်လက်နက်ဘေးတို့မှ ကင်းလွတ်ရာ အစဦးဆုံး ဘုံဌာနတို့ကို အသီးသီးရေးပြီးလျှင် ယခုခေတ် ကမ္ဘာတစ်ဝန်းမီးဘေး, ရေဘေး, လေဘေးစသောအန္တရာယ်များ ကြုံတွေ့နေကြရာ ယင်းအန္တရာယ်များ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၇၃/၁၈၃)

၆။ လူတိုင်းလူတိုင်း ဥစ္စာပေါ, ရုပ်ချောဖြစ်ချင်ကြရာ ယင်းဥစ္စာပေါ, ရုပ်ချောဖြစ်လာရခြင်း၏ အကျိုးဆက်တို့ကို ဖြေဆို၍၊ အကုသိုလ်ကံတို့တွင် အပြစ်အကြီးဆုံးသော အကုသိုလ်ကံကိုလည်း အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ (၁၈၇-၁၈၈/၁၉၂)

၇။ မူလဝိသုဒ္ဓိနှင့် သရီရဝိသုဒ္ဓိတို့ကို အသီးသီး အကြောင်းပြခွဲခြားပြပြီးလျှင် မိမိစိတ်ဆန္ဒအတိုင်း ဝမ်းသာအားရ ယုံကြည်ချက်အပြည့်ဖြင့် ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရာ၌ ငွေတစ်သိန်းလှူဒါန်းသော ဗုဒ္ဓဘာသာဝင်သူတော်စင်၏သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်အစဉ်ကိုလည်း တိကျစွာဖော်ပြပါ။ (၂၁၃/၂၃၉)

၈။ သဒ္ဓါစေတသိက်၏ (က)လက်, (ခ) ဥစ္စာ, (ဂ) မျိုးစေ့နှင့်တူပုံတို့ကိုဖြေဆို၍၊ အနညာတညဿာမိတိန္ဒြေ၏ သဘောကိုလည်း ဣန္ဒြိယနိဒ္ဒေသလာအတိုင်း တိကျစွာဖော်ပြပါ။ (၂၆၂/၃၁၄)

၉။ ဖုံးလွှမ်းသည်ဖြစ်၍ ထင်ရှားမရှိသော ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ ဒုက္ခသဘောကို ဖြေဆိုပြီးလျှင် ဆင်းရဲဒုက္ခ မှန်သမျှတို့၏ အကြောင်းရင်းဖြစ်သောတရားကိုလည်း ဥပမာနှင့်တကွ ထင်ရှားအောင်ဖော်ပြပါ။ (၃၃၆-၄/၃၃၆)

၁၀။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ပန်းတိုင်ဖြစ်သောနိဗ္ဗာန်ကို ယခုခေတ်သိပ္ပံပညာရှင်တို့ မြင်နိုင်စွမ်းရှိ, မရှိ အကြောင်းပြရှင်းလင်း၍၊ မဂ္ဂင်ရှစ်ပါးကိုလည်း သီလ, သမာဓိ, ပညာအားဖြင့် အသီးသီးခွဲခြားပြခဲ့ပါ။ (၃၅၄/၃၇၆)

## သာသနာရေးဦးစီးဌာန
## ၁၃၅၇-ခုနှစ်၊ ပြာသိုလဆန်း ၄ရက် (၂၄-၁၂-၉၅) တနင်္ဂနွေနေ့

၁။ (က)ဗုဒ္ဓမြတ်စွာ၏ လှေဥပမာပြသြဝါဒကို အစဉ်သတိရသောအားဖြင့် ဒေါသပယ်ဖျောက်ပုံနှင့်၊ (ခ)မေတ္တာအကျိုး(၁၁)မျိုးတို့တွင် နောက်ဆုံးတစ်မျိုးကိုသာဖော်ပြပါ။ (၆-၇/၁၅)

၂။ (က) ယခုအခါ ဆင်းရဲမွဲတေ၍ ဒုက္ခရောက်နေသော ချစ်မိတ်ဆွေအပေါ်၌ အဘယ်နည်း အဘယ်ပုံ၊ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရမည်ကို ဖော်ပြပြီး၊ (ခ) ဥပေက္ခာပြဟ္မဝိဟာရသည် မည်သည့် ဈာန်သမာပတ်၏မှီရာ ဥပနိဿယဖြစ်သည်ကိုလည်းဖြေဆိုပါ။ (၃၁/၄၅)

၃။ (က)"ပဋိယသညာနံ အတ္တင်္ဂမာ" ဟူသောပါဠိတော်နှင့်စပ်၍ ပဋိယသညာတို့ ရူပဈာန်၌မရှိပုံနှင့် အာကာသာနဉ္စာယတနဈာန်၌ မရှိပုံချင်းထူးခြားချက်နှင့်၊ (ခ) ထိုအာကာသာနဉ္စာယတနဈာန်ကျမှ "မရှိ" ဟု အထူးတလည်ဟောတော်မူရခြင်း၏ ရည်ရွယ်ချက်တို့ကိုဖြေဆိုပါ။ (၅၂-၅၃)

၄။ "ဝိညာဏဉ္စာယတနကို ပယ်ခွာလွန်မြောက်၍ အာကိဉ္စညာယတနသို့ ဆိုက်ရောက် ဝင်စားနေ၏" ဟူ၍ဟောတော်မူရာဝယ် ဝိညာဏဉ္စာယတနဟူသော စကားတစ်ခွန်း၌ တရားနှစ်မျိုး ပါဝင်နေ၏၊ ထိုနှစ်မျိုးကား အဘယ်ပါနည်း။ (၅၉)

၅။ (က) အာဟာရလေးမျိုးနှင့်ဘေးလေးမျိုးတွဲစပ်ဖော်ပြပြီး၊ (ခ)သလိပ်၏ပမာဏနှင့် တည်ရာကိုဖော်ပြပါ။ (၇၀/၉၀)

၆။ (က) စက်ဆုပ်ဖွယ်အနိဋ္ဌာရုံ၌ "စက်ဆုတ်ဖွယ်မဟုတ်"ဟုအမှတ်သညာရှိအောင် နေတော်မူသော ရဟန္တာအရှင်မြတ်၏ ပြည့်စုံရမည့်တန်ခိုးနှင့် ပြုလုပ်ရမည့်အစီအစဉ်ကို ဖော်ပြပြီး၊(ခ) ယင်းတန်ခိုး၏ ဘုံအဆင့်များကိုလည်းဖော်ပြပါ။ (၁၂၀/ သေက္ခဘုံ၊ အသေက္ခဘုံ)

၇။ (က) မဟာအနုဋ္ဌထေရ်၏ အံ့သြဖွယ်ဖြစ်ရပ်ကိုဖော်ပြပြီး၊ (ခ) ဒိဗ္ဗစက္ခုသည် အဘယ်ကြောင့် အယူစင်ကြယ်ကြောင်း(ဝိသုဒ္ဓိ)ဖြစ်ရသည်ကိုဖြေဆိုပါ။ (၁၅၅/၁၈၆)

၈။ (က) ကံကိုချည်းအာရုံပြုသော ယထာကမ္မူပဂဉာဏ်သည် မိမိကံနှင့်သူတစ်ပါးကံကို သိသောအခါ သိပုံချင်း မည်သို့ထူးခြားသည်ကို ဖော်ပြပြီးလျှင်၊ (ခ) စက္ခုဝိညာဏ်၏ လက္ခဏာနှင့် ရသတို့ကိုလည်းဖော်ပြပါ။ (၂၀၃/၂၄၂)

၉။ (က)ပဿဒ္ဓိစေတသိတ်တို့၏ ဆန့်ကျင်ဘက်တရားများကို ဖော်ပြပြီးလျှင်၊ (ခ) နေရာဌာနကို "အာယတန"ဟုခေါ်ရာ၌ မည်သည့်တရားတို့၏ နေရာဌာနဖြစ်သည်ကိုလည်းဖြေဆိုပါ။ (၂၆၅-ဆုံး/၂၉၈-ဆုံး)

၁၀။ (က) ရောသေဒ္ဒါကို "နှောင်အိမ်, အကျဉ်းထောင်"ဟူ၍ခေါ်ဆိုလျှင် အဘယ်နည်းဖြင့် ဒုက္ခနိရောဓအမည်ရသည်ကိုဖော်ပြပြီးလျှင်၊ (ခ) အဘယ်ကို "ဝိပရိဏာမဒုက္ခ"ခေါ်သည်ကို လည်းဖြေဆိုပါ။ (၃၂၇-လယ်/၃၃၇)

**သာသနာရေးဦးစီးဌာန**

**၁၃၅၈-ခုနှစ်၊ နတ်တော်လဆန်း၁၂ရက် (၂၂-၁၂-၉၆) တနင်္ဂနွေနေ့**

၁။ (က) မေတ္တာကမ္မဋ္ဌာန်းကို ဦးစွာပထမစ၍ အားထုတ်လိုသောယောဂီပုဂ္ဂိုလ်၏ ဆင်ခြင်စဉ်းစားရမည့် ဆိုးပြစ်နှင့်/ကောင်းကျိုးတို့ကို အကြောင်းယုတ္တိနှင့်တကွ ဖော်ပြပြီးလျှင်၊ (ခ) ဥပေက္ခာဗြဟ္မဝိဟာရသည် ဘယ်နည်းဘယ်ပုံ ဉာဏ်အားထင်ပေါ်လာမှု (ပစ္စုပဋ္ဌာန်) ရှိသည်ကို လည်းဖြေဆိုပါ။ (၂/၃၇)

၂။ ရှေ့ပိုင်းဗြဟ္မဝိဟာရသုံးပါးတို့သည် အဘယ်ကြောင့် သောမနဿဝေဒနာနှင့် ယှဉ်ရသည်ကို ဖြေဆိုပြီးလျှင်၊ "အာကာသသည် အဆုံးအပိုင်းအခြားမရှိ" ဟု စီးဖြန်းပွားများရာ၌ အဘယ် အာကာသကို ဆိုလိုသည်ကိုလည်းဖော်ပြပါ။ (၄၂/၄၉)

၃။ မစင်ကျင်ကြီးများ ညစ်ပေနေသောမဏ္ဍပ်အောက်ရောက်နေသော လူတစ်ယောက်သည် မစင်ကို ရွံရှာသဖြင့် မဏ္ဍပ်အထက် တွယ်တက်ဆွဲချိပ်နေ၏၊ တဖန်နောက်လူတစ်ယောက်ကလည်း ထိုလူကိုပင် မှီခိုတွယ်ကပ် ဆွဲချိပ်နေပြန်၏၊ သဘာဝဓမ္မများလည်း ထိုနည်းမခြား အလားတူပင် ဖြစ်နေကြလေရာ ယင်းသို့ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်အတိုင်း နှိုင်းယှဉ်တွဲစပ်ဖော်ပြပါ။ (၆၇)

၄။ (က) သလိပ်ခတ်ခံလွှန်ကဲနေသူ၌ စားထားသောအစာများ မည်သို့မည်ပုံ ရှိနေသည်ကို ဖော်ပြပြီးလျှင်၊ (ခ) ထိုအစာတို့ကို ယိုထွက်မှု (နိဿန္ဒ)အားဖြင့် ဆင်ခြင်ပုံကိုလည်း အကျဉ်းချုပ် ဖော်ပြပါ။ (၇၄/၇၆)

၅။ (က) ဉာဏ်ထက်သောပုဂ္ဂိုလ်အတွက် ကမ္မဋ္ဌာန်းအာရုံပေါ်လွင်ထင်ရှားစေနိုင်သော ဓာတ် လေးပါးရှုပွားနည်းအကျဉ်းချုပ်ကိုဖော်ပြပြီး၊ (ခ) မဟာဘုတ်တို့၏မျက်လှည့်ဆရာနှင့်တူပုံ ကိုလည်းဖော်ပြပါ။ (၇၉/၉၈)

၆။ (က) အဘယ်တရားများကို ဆန္ဒသမာဓိ, ပဓာနသင်္ခါရခေါ်သည်ကို ဖြေဆိုပြီးလျှင်၊ (ခ) မြတ်စွာဘုရားသည် ဗြဟ္မာများမမြင်ရအောင်ကိုယ်တော်ကိုကွယ်ပျောက်စေလျက် ရွတ်ဆို ဟောကြားအပ်သော ပါဠိဂါထာ၏ မြန်မာစကားပြေကိုရေးသားပြပါ။ (၁၂၇/၁၄၁-၁၄၂)

၇။ (က) လဗိမာန်ကို လက်ဖြင့်လှမ်း၍ဆွဲကိုင်သော တန်ခိုးရှင်၏ရှည်ထွက်လာသော လက်ကြီး သည် မည်သည့်ရုပ်အမျိုးအစားဖြစ်သည်ကို ဖော်ပြပြီးလျှင်၊ (ခ) စေတောပရိယ အဘိညာဉ်သည် အဘယ်စိတ်ကို အာရုံပြုသည်ကို ထိုအာရုံနှင့်အတူ ချုပ်ပျောက်သွားသော စိတ်နာမည်နှင့် ယှဉ်တွဲလျက်ဖော်ပြပါ။ (၁၄၈/၁၂၅/၂၀၁)

၈။ ကမ္ဘာပျက်ခါနီး၌ အပါယ်ဘုံသားတို့ အဘယ်နည်းဖြင့် ဗြဟ္မာဘုံသို့ရောက်ကြသည်ကို ဝိသုဒ္ဓိမဂ်အတိုင်း ဖြေဆိုပြီးလျှင်၊ အဘယ်ကြောင့် နိရယ(ငရဲ)ကို အပါယ (အပါယ်) ဟုခေါ်ဆို ရသည်ကိုလည်းဖြေဆိုပါ။ (၁၇၄-၁၇၅/၁၉၂)

၉။ "စိတ္တံ ပညဉ္စ ဘာဝယံ"၌ ဖော်ပြအပ်သောပညာ၏ ဖြစ်ပေါ်လာကြောင်းတရား (ပဒဋ္ဌာန်)ကို

ဖြေဆိုပြီးလျှင်၊ ထိုပညာသည် အဘယ်နည်းဖြင့် လေးမျိုးလေးစားကွဲပြားရသည်ကိုလည်းဖော်ပြပါ။ (၂၄၂-ဆုံး/၂၀၉)

၁၀။ သစ္စာလေးပါးတို့တွင် အဘယ်သစ္စာကို အဘယ်ပဋိသမ္ဘိဒါဉာဏ်ကသိသည်ကိုဖြေဆိုပြီးလျှင်၊ ဥပါဒါနက္ခန္ဓာတို့ကို အကျဉ်းချုပ်ရှုပုံရှုနည်းကိုလည်း ဆိုင်ရာသုတ္တန်များဖြင့်ခွဲခြားဖော်ပြပါ။ (၂၁၀/၂၉၆)

**သာသနာဦးစီးဌာန**

**၁၃၅၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ရက် (၂၈-၁၂-၉၇) တနင်္ဂနွေနေ့**

၁။ "သူ၏မေတ္တာကတော့ အတိုင်းအတာ ဒီဂရီ ကျော်လွန်နေပါပြီ" ဟုပြောစမှတ်ပြုလောက် (သီမာသမ္ဘေဒဖြစ်)သော မေတ္တာဘာဝနာ၏ အရည်းအသွေးကို ဝိသုဒ္ဓိမဂ်လာ ဖြစ်ရပ်သက်သေတစ်ခုဖြင့် ဖော်ပြဖြေဆိုပြီးလျှင်၊ ဗြဟ္မဝိဟာရတရားလေးပါးတို့၏ ဘုံဆိုင်အကျိုးနှင့် သီးခြားအကျိုးတို့ကိုလည်း ခွဲခြားဖော်ပြပါ။ (၁၇/၃၈)

၂။ ရေတွက်မရ များပြားလှသော သတ္တဝါတို့ကို အာရုံပြုစီးဖြန်းရသောကြောင့် မေတ္တာစသည်တို့ကို "အပ္ပမညာ"ဟုခေါ်ဆိုခဲ့သော် သတ္တဝါတစ်ဦးတည်းကိုသာ အာရုံပြုစီးဖြန်းပါက အဘယ်နည်းဖြင့် "အပ္ပမညာ"ဟုခေါ်ဆိုပါမည်နည်း။ (၄၂)

၃။ အဘယ်မည်သော ရူပသညာများကို လွန်မြောက်မှ အာကာသာနဉ္စာယတနစျာန်သို့ ရောက်သည်ကို ဖြေဆိုပြီးလျှင်၊ နေဝသညာနာသညာယတနမည်သော ခန္ဓာများကား ဝိပဿနာရှုရန် ဖြစ်နိုင်ပါသည်, မဖြစ်နိုင်ပါဟု ငြင်းခုံနေပါကဝိသုဒ္ဓိမဂ်ကျမ်းတတ် ခုံလူကြီးတစ်ဦးအနေဖြင့် အဘယ်သို့ ဆုံးဖြတ်ချက်ပေးမည်နည်း? ဖော်ပြပါ။ (၅၁/၆၄)

၄။ ဖဿာဟာရအတွက် နှိုင်းခိုင်းပြောပြ ဩဝါဒပေးစရာ ဥပမာကို ဖော်ပြပြီးလျှင်၊ တေဇောဓာတ်သဘောကို ဉာဏ်ဖြင့်စစ်ကြောလိုက်ပါက ယောဂီဉာဏ်၌ အဘယ်သို့ ထင်ပေါ်လာသည် (အဘယ်ပစ္စုပဋ္ဌာန်ရှိသည်)ကိုလည်း ဖော်ပြပါ။ (၇၀/၉၇)

၅။ ဓာတ်လေးပါးတို့ကို တစ်ခုစီခွဲခြားရန် အဘယ်နည်းဖြင့် ရနိုင်သည်, မရနိုင်သည်ကို ရှင်းလင်းဖော်ပြပြီးလျှင်၊ သူသူငါငါ သတ္တဝါဟူသော အမှတ်သညာကင်းပျောက်ခြင်းကြောင့် ရရှိအပ်သော ပထမအကျိုးတစ်မျိုးကိုမျှဖော်ပြပါ။ (၁၀၁/၁၀၆)

၆။ အဘိညာဉ်၏အခြေခံ စတုတ္ထစျာန်ရရှိသူ၏စိတ်သည် ဘာကြောင့် ယိမ်းယိုင် လှုပ်ရှားမှု မရှိပါသနည်း?၊ ယင်းစျာန်မရှိသူ၏ စိတ်ကား အဘယ်တရားများကြောင့် ယိမ်းယိုင်လှုပ်ရှားပါသနည်း? ဖြေဆိုပါ။ (၁၁၅)

၇။ ဓမ္မဒိန္နထေရ်အရှင်မြတ်သည် တိဿမဟာကျောင်းတိုက် စေတီရင်ပြင်၌နေ၍ တရားဟောတော်မူရာတရားနာပုဂ္ဂိုလ်များသောတာပန်တချို့သကဒါဂါမ်တချို့စသည်ဖြစ်ကြရာ၌ အဘယ်နည်း အဘယ်ပုံ တရားဟောသည်ကို စုံလင်စွာဖြေဆိုပါ။ (၁၃၉)

၈။ ကမ္ဘာဦးကာလဘုရားအလောင်းတော်အား"မဟာသမ္မတ, ခတ္တိယ, ရာဇ"ဟူ၍ ပြည်သူလူထုက ဘွဲ့တံဆိပ်သုံးထပ် ဆက်ကပ်ကြရာ၌ ထိုဘွဲ့တံဆိပ်တို့ မည်သို့သော ဆိုလိုရင်း

အဓိပ္ပာယ်ရှိသည်ကို ဖြေဆိုပြီးလျှင်၊ အနာဂတံသညာဏ်သည် အပ္ပမာဏတရားကို မည်သို့မည်ပုံ အာရုံပြုသည်ကိုလည်း ဖော်ပြပါ။ (၁၈၀/၂၀၃)

၉။ (က)အမျိုးမျိုးအစားစား အပြားအားဖြင့်သိခြင်း (ပဇာနန) အနက်ကြောင့် "ပညာ"ဟု ခေါ်ဆိုရာ၌ ထိုပဇာနနဟူသည် အဘယ်ပါနည်း?၊ (ခ) ဤကားပညာ, ဤကားသညာ, ဤကား ဝိညာဏ်ဟု ခွဲခြားသိရန် အဘယ်အခါမှာ ခက်ခဲပါသနည်း?၊ ဖြေဆိုပါ။ (၂၀၅-ခ/၂၀၆-ပ၉)

၁၀။ ပဋိသမ္ဘိဒါလေးပါးတို့သည် အဘယ်မည်သော ဘုံအဆင့်နှစ်မျိုးတို့၌ ထူးခြားကွဲပြားစွာ သိနိုင်သော အခြေအနေသို့ရောက်သည်ကို ဖြေဆိုပြီးလျှင်၊ အဘယ်သည်အညွှန်းရပ်, အမြွက်စားရပ်ခေါ်သည်ကိုလည်း မုချ, ပရိယာယ်နှစ်သွယ်ဖြင့် ခွဲခြားဖော်ပြပါ။ (၂၁၁-၂၁၂/၂၈၆)

## သာသနာရေးဦးစီးဌာန

### ၁၃၆၀-ပြည့်နှစ်၊ ပြာသိုလဆန်း ၂ရက် (၁၉-၁၂-၉၈) စနေနေ့

၁။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းသည် အဘယ်အခါ၌ သမထနိမိတ်ထင်၍ ဥပစာရမေတ္တာအဆင့်သို့ရောက်သည်ကို ဖော်ပြပြီးလျှင်၊"အတိုင်းအတာပမာဏမရှိသော မေတ္တာ"ဟု ဆိုရာ၌ မည်သို့မည်ပုံအတိုင်းအတာပမာဏမရှိသည်ကိုလည်းဖြေဆိုပါ။ (၁၈/၄၂)

၂။ မသိနားမလည်သူ လူဗာလတစ်ဦး အဆင်းအရောင်ရူပါရုံကို မြင်ရ၍ ဥပေက္ခာပြု လျစ်လျူရှုမှုသည် မည်သည့် ဥပေက္ခာအမျိုးအစားဖြစ်သည်ကို ဖော်ပြပြီးလျှင်၊ "အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်"ဟု အာရုံပြုစီးဖြန်းရာ၌ 'အဆုံးအပိုင်းအခြား'ဟူသည် အဘယ်အရာကိုဆိုလိုသည်ကို ဖော်ပြပါ။ (၃၉/၅၄-၅၅)

၃။ သပိတ်ကို ဆီသုတ်လိမ်းထားသော တပည့်သာမဏေအား ဆရာတော်က ယာဂုထည့်သောက်ရန် သပိတ်ကို တောင်းသောအခါ 'သပိတ်မှာ ဆီတွေရှိနေပါသည်ဘုရား'ဟုသာမဏေက လျှောက် ၏၊ 'သို့ဖြစ်လျှင် ဆီကိုပုဂံထဲ ထည့်ရအောင်'ဟု ဆရာတော်က ပြောသောအခါ၌ကား 'ဆီမရှိပါဘုရား'ဟုလျှောက်ပြန်လေ၏၊ထိုဆရာတပည့်နှစ်ဦးတို့၏ ယင်းသို့သောဖြစ်ရပ်နှင့် အလားတူ သဘာဝဓမ္မ၏ဖြစ်ပုံကို ကြောင်းကျိုးဆီလျော်အောင် ရှင်းပြပါ။ (၆၄)

၄။ မြင်းစီးပါလျက် မြင်းထီးမြင်းမ တွေးဆမရှိ သတိမထင် မသိမြင်သကဲ့သို့ ပထဝီဓာတ်နှင့်ကျန်သောဓာတ်တို့၏ သတိမထင် မသိမြင်ပုံကို ဖော်ပြပြီးလျှင်၊ မည်သည့်ဓာတ် အစုအဝေး (ကောဋ္ဌာသ)သည် ဥတုကြောင့်ဖြစ်သည်ကိုလည်းဖော်ပြပါ။ (၁၀၁/၉၆)

၅။ အလျှင်အမြန် စျာန်ဝင်စားနိုင်သော (ခိပ္ပနိသန္တိ) တန်ခိုးရှင်ပေါင်းထောင်သောင်းထဲမှ တစ်ယောက်နှစ်ယောက်လောက်မျှသာ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သော တာဝန်ဟူသည် အဘယ်ပါနည်း၊ အဘယ်ပုဂ္ဂိုလ်သည် ထိုတာဝန်ကို အဘယ်သို့အဘယ်ပုံ အံ့ဖွယ်တနန်း ထမ်းဆောင် ခဲ့ပါသနည်းဖြေဆိုပါ။ (၁၁၁-၁၁၂)

၆။ မြေလျှိုးလိုသော တန်ခိုးရှင်သည် အဘယ်ကသိဏစျာန်ကို ဝင်စားရသည်, အဘယ်သို့ အဓိဋ္ဌာန်ရသည်ကို ဖြေဆိုပြီးလျှင်၊ စုတေဆဲခဏ, ပဋိသန္ဓေနေဆဲခဏ၌ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မမြင်နိုင် စကောင်းသည် ဖြစ်ပါလျက် "စုတေဆဲ, ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို မြင်ရ၏။"ဟူသော စကားကို အဘယ်သို့အဓိပ္ပါယ်ယူရပါမည်နည်း ဖြေဆိုပါ။ (၁၄၃/၁၈၇)

၇။ ရုပ်ဇီဝိတိန္ဒြေက အတူတကွဖြစ်ဖက်ရုပ်တို့ကို စောင့်ရှောက်ခြင်းသည် "ရေက ကြာကို စောင့်ရှောက်ပုံနှင့်တူ၏" ဆိုရာ၌ အဘယ်သို့တူသည်ကို ဖြေဆိုပြီးလျှင်၊ "အဋ္ဌကလာပ်ရုပ်" ဟု ခေါ်ဝေါ်ရခြင်း၏အကြောင်းကိုဖော်ပြပါ။ (၂၂၇)

၈။ "သသင်္ခါရိကစိတ်"ဟုဆိုရာ၌ အဘယ်ကို 'သင်္ခါရ'ဟု ဆိုလိုသည်ကို ဖော်ပြပြီးလျှင်၊ မနောဓာတ်၏ နီးကပ်သောအကြောင်း(ပဒဋ္ဌာန်)ကိုဖော်ပြပါ။ (၂၃၉/၂၄၃-၂၄၆)

၉။ "ယံ ကိဉ္စိ ရူပံအတီတာနာဂတပစ္စုပ္ပန္နံ"၌ အချိန်ကာလ (အဒ္ဓါ) အနေအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခွဲခြားပြပြီးလျှင် ခန္ဓာငါးပါးတို့၌ ဖြစ်ပုံအစဉ်နှင့် ပယ်ပုံအစဉ်ကိုလည်း ဖော်ပြပါ။ (၂၈၅-က/၂၉၁)

၁၀။ သစ္စာလေးပါးတို့တွင် ပထမသစ္စာ၌ စက်ဆုပ်ဖွယ်အနက်ဟော 'ဒု'သဒ္ဒါနှင့် အချည်းနှီး အနက်ဟော 'ခ'သဒ္ဒါတို့ကို ပေါင်းစပ်၍ "ဒုက္ခအမည် ခေါ်တွင် သည်" ဟု ဖွင့်ဆိုရာ၌ ဘာကြောင့် ယင်းသို့သော အနက်များဟောရသည်ကိုဖော်ပြပါ။ (၃၂၇-ခ)

## သာသနာရေးဦးစီးဌာန

## ၁၃၆၁-ခုနှစ်၊ နတ်တော်လဆန်း၁၂ရက် (၁၉-၁၂-၉၉) တနင်္ဂနွေနေ့

၁။ ကိုယ်နှုတ်ကြမ်းကြုတ် စိတ်ပုပ်ခက်ထန်၍ ဆက်ဆံရန်ခက်ခဲသူအား ဒေါသမထွက် အမျက် မဝင်ရန် အဘယ်သို့ နည်းလမ်းညွှန်ပြထားသည်ကို ဖော်ပြပြီးလျှင်၊ "ပေးကမ်းခြင်းဖြင့် အောင်မြင် စေက"ဟူသော ဆိုရိုးစကားအတိုင်း ပေးကမ်းလိုက်၍ ဒေါသကင်းစင် အောင်မြင်ပုံဝတ္ထုကို ဝိသုဒ္ဓိမဂ်မှထုတ်ပြပါ။ (၉/၁၆)

၂။ "အကြံတူရန်သူ၊ အလုပ်တူမြူစူ"ဟု ဆိုသည့်အတိုင်း ဥပေက္ခာဗြဟ္မဝိဟာရနှင့် လုပ်ငန်း သဘောတူ၍ အနီးကပ်ရန်သူဖြစ်နေရာ၌ အဘယ်တရားသဘောသည် အဘယ်လုပ်ငန်းသဘော တူ၍ ထိုဥပေက္ခာ၏ အနီးကပ်ရန်သူဖြစ်သည်။ အဘယ်တရားသဘောသည် သူဖြူငါမည်း သဘော ကွဲ၍အဝေးရန်သူဖြစ်သည်ကို ဖြေဆိုပါ။ (၃၉)

၃။ မြွေလိုက်ခံရ၍ ကြောက်လန့်တကြား ပြေးလွှားရင်းပင် ထင်းခြောက်မြင်၍ မြွေပင်ထင်မှတ် မရပ်မနားပြေးလွှားသူ၏ ဖြစ်ရပ်နှင့် ဥပမာနှိုင်းခိုင်းရန် အဘယ်အဘယ်သည် (က) မြွေကြောက် သူ၊ (ခ) မြွေ၊ (ဂ) ထင်းခြောက်နှင့်တူသည်ကို ဖြေဆိုပြီးလျှင်၊ ဝတ္ထုနှင့်အာရုံ တွေ့ကြုံ တိုက်ခိုက် မှုကြောင့်ဖြစ်သော အမှတ်သညာ (ပဋိဃသညာ)တို့ကို အကောင်းအဆို အကျိုးဝိပါက် နှစ်မျိုး စီခွဲခြားရေတွက်ဖြေဆိုပါ။ (၄၈/၅၂)

၄။ ဝိညာဏဉ္စာယတနစျာန်ကိုရအောင် အဘယ်အာရုံတရားကို အဘယ်သို့ နှလုံးသွင်း ရှုမှတ်ရ မည်ကို ဖော်ပြပြီး၊ စားသောက်ဖွယ် အစာအာဟာရကြောင့် အဘယ်ဘေးရန်နှင့်တွေ့ကြုံ၍ ထိုအာဟာရကို အဘယ်အရာဖြင့် ဥပမာနှိုင်းခိုင်း ပြောပြရမည်ကိုလည်း ဖြေဆိုပါ။ (၅၅-၅၆/၇၀)

၅။ သသမ္ဘာရသင်္ခေပဘာဝနာခေါ် - အဆောက်အအုံရုပ်များနှင့်တကွ ဓာတ်လေးပါးကို အကျဉ်းချုံး ရှုမှတ်ပွားများပုံကို ဖော်ပြပြီးလျှင်၊စိတ်, ဥတုနှစ်မျိုးကြောင့်ဖြစ်သော ရုပ်အစုအဝေး (ကောဋ္ဌာသ) တို့ကိုလည်း ဖော်ပြပါ။ (၈၄/၉၇)

၆။ ပုဂ္ဂိုလ်တစ်ဦးတည်းက ပုဂ္ဂိုလ်တစ်ရာဖြစ်စေလိုလျှင် အဘယ်လုပ်ငန်းအစီအစဉ်များကို ပြုလုပ်ပြီးမှ ပုဂ္ဂိုလ်တစ်ရာဖြစ်လာသည်ကို ဖြေဆိုပြီးလျှင်၊ ယင်းအစီအစဉ်ပြုလုပ်ရာ၌ အဘယ် စိတ်က အဘယ်ကို အာရုံပြုသည်ကိုလည်း ဖော်ပြပါ။ (၁၃၀)

၇။ သာသနာပ တိတ္ထိယနှင့် ပကတိသာဝကတို့သည် ရှေးရှေးဘဝပေါင်း မဟာကပ်လေးဆယ်, တစ်ရာ, တစ်ထောင်တို့ကို မည်သို့မည်ပုံ အောက်မေ့နိုင်သော စွမ်းရည်သတ္တိ ရှိကြ, မရှိကြပုံကို ဖြေဆိုပြီးလျှင်၊ မြတ်စွာဘုရား၏ အာဏာတော် ပြန့်နှံ့ရာအရပ် (အာဏာခေတ်)ကိုလည်း ဖော်ပြပါ။ (၁၆၇/၁၇၃)

၈။ ဖြစ်ဆဲကပ် (သံဝဋ္ဋကပ်)နှင့် ပျက်ပြီးအတိုင်းတည်ရှိဆဲကပ်(သံဝဋ္ဋဋ္ဌာယီကပ်)တို့၏ ကာလ အပိုင်းအခြားကို ဖော်ပြပြီးလျှင်။ စေတောပရိယဉာဏ်, ယထာကမ္မူပဂဉာဏ်, ပုဗ္ဗေနိဝါသဉာဏ် တို့သည် အတိတ်ကို ပြန်ပြောင်းသိကြရာ၌ သိပုံကွဲပြားခြားနားချက်ကို ဖော်ပြပါ။ (၁၇၂/ ၂၀၂)

၉။ သစ္စာလေးပါးတို့တွင် အဘယ်သစ္စာကို အဘယ်ပဋိသမ္ဘိဒါဉာဏ်က သိသည်ကို ဖော်ပြပြီး လျှင်၊ ပဋိဘာန-ပဋိသမ္ဘိဒါဉာဏ်သည် အဘယ်ကို သိသောဉာဏ်ဖြစ်ပါသနည်း ဖြေဆိုပါ။ (၂၁၀/ ၂၁၁)

၁၀။ ဝိညတ်ရုပ်နှစ်ပါးတို့တွင် အဘယ်ရုပ်သည် (က) အဘယ်ဓာတ်၏အမူအရာထူးဖြစ်သည်၊ (ခ) အဘယ်၏ အကြောင်းပစ္စည်းဖြစ်သည်ကို ခွဲခြားပြပြီးလျှင်၊ "ဥပါယာသ"ဟူသည် အဘယ် အဖြစ်ဆိုးနှင့် တွေ့ကြုံ၍ အဘယ်နည်းအဘယ်ပုံ ခံစားနေရခြင်းကြောင့် ဖြစ်ပေါ်နေသော အဘယ်တရားပါနည်းဖြေဆိုပါ။ (၂၂၄-ဆုံး/၂၂၅-လယ်/၃၄၆-လယ်)

## သာသနာရေးဦးစီးဌာန
## ၁၃၆၂-ခုနှစ်၊ နတ်တော်လကွယ် (၂၄-၁၂-၂၀၀၀)တနင်္ဂနွေနေ့

၁။ မေတ္တာဘာဝနာ ပွါးများလိုသောသူသည် ဆိတ်ငြိမ်သောနေရာ၌ ချမ်းသာစွာထိုင်နေပြီး ရှေးဦးအစပထမဆုံး အဘယ်အဘယ်ကို ဆင်ခြင်စဉ်စားရမည်ကို ဖော်ပြပြီးလျှင်၊ ဓာတ်သဘော ကို ခွဲခြားစိတ်ဖြာခြင်းငှာ မတတ်နိုင်သောသူသည် အစီအစဉ်အရ ဒေါသ, အာဃာတငြိမ်းရန် အဘယ်သို့ ဆက်လက်ပြုရမည်ကိုလည်း ဖော်ပြပါ။ (၂/၁၆)

၂။ ဆင်းရဲမွဲတေကြ၊ ဒုက္ခိတဖြစ်နေကြသော ချစ်မိတ်ဆွေတို့နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ ဆုံစည်းမိပါက ထိုချစ်မိတ်ဆွေတို့အပေါ်၌ အဘယ်သို့ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရမည်ကို ဖြေဆိုပါ။ (၃၁)

၃။ ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် အဘယ်တရားသည် အဘယ်အညစ်အကြေး ရစ်ထွေး သသူ စင်ဖြူစေရန် နည်းမှန်လမ်းကောင်း အကြောင်းတစ်ရပ်ဖြစ်သည်ကို ဖြေဆိုပြီးလျှင်၊ တတိယ အရူပဈာန်၏ မကောင်းဆိုးပြစ်ကိုမြင်နေရသော စတုတ္ထအရူပဈာန်သည် ဘာကြောင့် ထိုတတိယ အရူပဈာန်ကိုပင် အာရုံပြုနေပါသနည်း၊ဥပမာပြ၍ဖြေဆိုပါ။ (၃၈/၆၇-၆၈)

၄။ အစာအာဟာရစားခြင်းအတွက် ထွက်ပေါ်လာသော အကျိုး(ဖလ) အနေအားဖြင့် စက်ဆုပ် ဖွယ်ဖြစ်အောင် ဆင်ခြင်ပုံကိုဖော်ပြပြီး၊ သလိပ်သည် မည်ရွေ့မည်မျှပမာဏရှိသည်, မည် သည့်နေရာ၌တည်ရှိသည်ကိုလည်းဖော်ပြပါ။ (၇၅/၉၀)

၅။ ရာဇဂြိုဟ်မြို့အပြင်ဘက်၌ ညဥ့်သုံးယာမ်ပတ်လုံး ဘီလူးသားရဲ မြောက်မြားစွာ သွားလာ၊ ကျက်စားရာဌာန၌ တစ်ယောက်တည်းရှိနေသော "**ဘူတပါလ**"မည်သောသူငယ်၏ ဘေးရန်ကင်းကွာ ချမ်းသာစွာနေရခြင်းသည် အဘယ်မည်သော တန်ခိုး (ဣဒ္ဓိ)ဖြစ်သည်ကို ဖြေဆိုပြီး၊ ကောင်းကင်ခရီးဖြင့် သွားလိုသောတန်ခိုးရှင်အတွက် အပိုဆောင်ထားရမည့် အဘိညာဉ်ကိုလည်း ဖော်ပြပါ။ (၁၁၈/၁၄၆)

၆။ (က) စုတိကိုသာမြင်၍ ပဋိသန္ဓေကို မမြင်အံ့၊ (ခ) ပဋိသန္ဓေကိုသာမြင်၍ စုတိကိုမမြင်အံ့ အဘယ်သို့ဖြစ်လာနိုင်ပါသနည်း၊ဖြေဆိုပါ။ (၁၈၆)

၇။ "ယထာကမ္မုပဂဉာဏ်"သည် အဘယ်အခါ၌ ကာမအာရုံကို အာရုံပြုသည်ကို ဖြေဆို ပြီးလျှင်၊ ရဟန္တာမဖြစ်မီကပင် ပဋိသမ္ဘိဒါဉာဏ်ရရှိသော အမျိုးသမီးနာမည်ကိုလည်းဖော်ပြပါ။ (၂၀၇/၂၁၁)

၈။ ပဋိသမ္ဘိဒါဉာဏ် ထက်မြက်သန့်ရှင်းအောင် ရှေးဘဝက မည်သည့်ကောင်းမှုကို မည်မျှအတိုင်း အတာအထိ အားထုတ်ခဲ့ရမည်ကို ဖော်ပြပြီးလျှင် "ဗလရုပ်"ကို အဘယ်၌ထည့်သွင်းရမည်ကိုလည်းဖော်ပြပါ။ (၂၁၂/၂၃၁)

၉။ (က) ဝတ္ထုသာမည်၌ ဒွါရမမည်သောရုပ် (ခ) ဒွါရသာမည်၍ ဝတ္ထုမမည်သောရုပ် (ဂ) ဝတ္ထုလည်းမည် ဒွါရလည်းမည်သောရုပ် (ဃ) နှစ်မျိုးစုံမမည်သောရုပ်တို့ကိုဖော်ပြပါ။ (၂၃၆-ဆုံး)

၁၀။ ယာနပသာဒ၏တည်ရာဌာနကိုဖော်ပြပြီးလျှင်"ဇာတိပိဒုက္ခာ"၌ အဘယ်ကို 'ဇာတိ' ခေါ်သည်ကိုမုချ, ပရိယာယ်နည်းနှစ်သွယ်ဖြင့်ခွဲခြားဖော်ပြပါ။ (၂၂၀/၃၃၆-ဆုံး)

**သာသနာရေးဦးစီးဌာန**

**၁၃၆၃-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက် (၂၃-၁၂-၂၀၀၁) တနင်္ဂနွေနေ့**

၁။ ပိုင်းခြားကန့်သတ်၍ မေတ္တာပို့ခြင်းနှင့် ပိုင်းခြားကန့်သတ်မှုမရှိဘဲ မေတ္တာပို့ခြင်းတို့ကို နမူနာတစ်ခုစီ ထုတ်ပြဖြေဆိုပြီးလျှင်၊ မေတ္တာဖြင့်နေသောသူသည် သေသောအခါ အဘယ်သို့သေရသည်, အဘယ်မှာဖြစ်ရသည်တို့ကို ဖြေဆိုပါ။ (၂၀/၂၆)

၂။ အဘယ်သည် ဝိညာဏဥ္စာယတနစျာန်၏မှီရာဥပနိဿယဖြစ်သည်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းလင်းဖော်ပြပြီးလျှင်၊ နတ္ထိဘောပညတ် (မရှိပညတ်)ဟုဆိုရာ၌ အဘယ်အရာမရှိမှုကို ဆိုလိုသည်, ထိုမရှိပညတ်ကို ရှုမြင်ပုံသည် ဥပမာအားဖြင့် အဘယ်ကိုရှုမြင်ပုံနှင့်တူသည်ကို ဖြေဆိုပါ။ (၄၄/၅၈)

၃။ ရှင်ဘုရင်သည် မင်းခမ်းမင်းနားဖြင့် ဆင်စီးပြီး မြို့တွင်း၌လှည့်လည်စဉ် ဆင်စွယ်ပန်း, ဆင်စွယ်ရုပ်ပြုလုပ်နေသော အတက်ပညာရှင်တို့ ခါးဝတ်ပုဆိုးမြဲစွာဝတ်ကာ ခေါင်းပေါင်းပေါင်းပြီး ဆင်စွယ်အမှုန်အမွှားများ အလိမ်းလိမ်းကပ်လျက် အလုပ်လုပ်နေသည်ကို မြင်ရသောအခါ "ဟယ်-တယ်တော်တဲ့ဆရာတို့ပါလား" ဟုချီးမွမ်းသြဘာထောမနာမှုပြုကားပြု၏၊ "ငါလဲပဲ ထိုဆရာတို့လို ဖြစ်ချင်လှပါဘိ"ဟုထိုပညာရှင်တို့ဘဝကို တောင့်တသောစိတ်အကြံကား တရံတဆစ်မျှ ဖြစ်မည်မဟုတ်၊ ဤနည်းနှင်နှင် ဓမ္မသဘာဝဖြစ်စဉ် နိယာမရှိ၏၊ ထိုနိယာမကား အဘယ်နည်း။ (၆၂)

၄။ စားဖွယ်အာဟာရကို ကျေကျက်ပြီးအနေဖြင့် စက်ဆုပ်ဖွယ်သဘော ပေါ်လွင်အောင် ဆင်ခြင်ပုံ ကိုဖော်ပြပြီးလျှင်၊ ဓာတ်ကမ္မဋ္ဌာန်းစီးဖြန်းပုံ အကျဉ်းချုပ်ကို မဟာသတိပဋ္ဌာနသုတ် အတိုင်း ဥပမာနှင့်တကွဖော်ပြပါ။ (၇၅/၇၉)

၅။ "လသိကာ" ခေါ် အစေးသည် အဘယ်ကိစ္စအတွက် အဘယ်နေရာတို့၌ တည်ရှိနေသည်ကို ဖြေဆိုပြီးလျှင်၊ အနုပါဒိန္န (သက်မဲ့) မဟာဘုတ်နှင့် ဥပါဒိန္န (သက်ရှိ) မဟာဘုတ်တို့ အကြီးအကျယ် ဖောက်ပြန်ပုံသည်အဘယ်အခါ၌ ထင်ရှားပါသနည်း ဖော်ပြပါ။ (၉၂/၉၉)

၆။ အဘယ်ကပ္ပ(တန်ခိုး)ကို "ဝိကုဗ္ဗနာကပ္ပ, မနောမယာကပ္ပ" ဟုခေါ်သည်ကိုဖော်ပြပြီး၊ ခါဏုကောဏ္ဍညထေရ်၏ ထူးခြားသောဖြစ်ကြောင်းနှင့် ထိုထေရ်ရှင်မှာ အနာဒဏ်ရာမရခြင်း၏ ကြောင်းကိုလည်းဖော်ပြပါ။ (၁၁၇/၁၁၉)

၇။ မီး, ရေ, လေတို့ကြောင့် ကမ္ဘာပျက်ပုံ အသီးအသီးရှိရာ၌ အဘယ်အဘယ်ဘုံဌာန၏ အောက်ဘုံများ ပျက်သည်ကို တစ်ခုစီခွဲခြားဖြေဆိုပြီးလျှင်၊ ကပ္ပိဝိဓဉာဏ်၏ ကာမ (ပရိတ္တ) တရားကို အာရုံပြုပုံနှင့် အရှင်မဟာကဿပထေရ်၏ ကပ္ပိဝိဓအဘိညာဉ်ကို အသုံးပြုပုံကိုလည်း ဖော်ပြပါ။ (၁၇၅/၁၉၈)

၈။ "မဟာရာဇာ-ဘုန်းတော်ကြီးမား မြတ်စွာဘုရားသည် ခက်ခဲသောအမှုကို ပြုတော်မူ၏" ဟူသော အရှင်နာဂသေန မိန့်ခွန်းစကား၌ အဘယ်ကိုခက်ခဲသောအမှုဟုဆိုလိုပါသနည်း ဖြေဆိုပါ။ (၂၀၆)

၉။ ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်တို့ကို အဘယ်အမှတ်အသားဖြင့် သိရသည်ကို ဥပမာနှင့် တကွ ဖော်ပြပြီးလျှင်၊ အာစယ, ဥပစယ, သန္တတိရုပ်တို့၏ သဘောကိုလည်း ဥပမာပြဖြေဆိုပါ။ (၂၂၅/၂၂၉)

၁၀။ "ဇာတိပိဒုက္ခာ" ၌ အဘယ်ကို ဇာတိခေါ်သည်ကို ပရိယာယ်, မုချနှစ်မျိုးပြဖြေဆိုပြီး၊ "သောက, ပရိဒေဝ, ဥပါယာသ" တို့၏ထူးခြားပုံကိုလည်း ဥပမာပြ၍ဖြေပါ။ (၃၃၆/၃၄၇)

### သာသနာရေးဦးစီးဌာန

### ၁၃၆၄-ခုနှစ်၊နတ်တော်လပြည့်ကျော် (၃)ရက် (၂၂-၁၂-၂၀၀၂) တနင်္ဂနွေနေ့

၁။ လိင်မတူသူကို အဘယ်နည်းအဘယ်ပုံ မေတ္တာမပို့သင့်သည်, ပို့ပါက အဘယ်အပြစ် ဖြစ်တက်သည်ကို ဖော်ပြပြီးလျှင် အပ္ပနာဈာန်အဆင့်ရောက်အောင် မေတ္တာဘာဝနာပွားများသောသူ၌ ချမ်းသာစွာ အိပ်စက်ရခြင်း အကျိုးရရှိပုံကို ဥပမာနှင့်တကွ ဝိသုဒ္ဓိမဂ်အတိုင်းပြည့်စုံစွာ ဖော်ပြပါ။ (၃/၂၅)

၂။ ဗြဟ္မဝိဟာရတရား ပွားများသောသူတို့ ဗြဟ္မာနှင့်အလားတူစွာ နေကြရပုံကို ဖြေဆိုပြီးလျှင် ဝတ္ထုနှင့်အာရုံ တွေ့ဆုံထိခိုက်မှုကြောင့်ဖြစ်သော အမှတ်သညာ (ပဋိဃသညာ) ချုပ်ပျောက်အောင်ပယ်နိုင်ပါကအဘယ်ဈာန်ရသည်ကိုဖြေဆိုပါ။ (၄၀/၅၂)

၃။ ရေတွေရှိနေပါသည်၊ ဖိနပ်ချွတ်ပါ ဘုရားဟုလည်း ဆရာကိုလျှောက်ထား၏၊ ရေရှိလျှင် ရေချိုးမည်၊ ရေသနုပ်ယူခဲ့ဟုဆိုတော့ကား- ရေမရှိပါဘုရားဟု လျှောက်ထားပြန်၏၊ ယင်းသို့ရေရှိမရှိဥပမာနှင့်အလားတူ

သဘာဝဓမ္မ၏ ဖြစ်ဟန်ကို ကြောင်းကျိုးဆီလျော်အောင် ဖြေဆိုပါ။ (၆၅)

၄။ နေဝသညာ နာသညာယတနသမာပတ်ကို ဝိပဿနာရှုပါက ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ် ဖြစ်ရန်မျှပင် မစွမ်းနိုင်ကြသော်လည်း အရှင်သာရိပုတြာထေရ်သည်ကား တချို့တလေ စွမ်း ဆောင်နိုင်၏၊ အဘယ်အတိုင်းအတာအထိ စွမ်းဆောင်နိုင်သည်ကို ဖြေဆိုပြီးလျှင် မိမိ၏ ဒူးကို လက်ထောက်၍ တောင်ကိုတက်ရခြင်းနှင့် အလားတူ သဘာဝဓမ္မ၏ဖြစ်ရပ်ကို ဖော်ပြပါ။(၆၄-၆၅/၆၈)

၅။ ဆောင်တတ်သောကြောင့် အာဟာရဟုဆိုရာ၌ အဘယ်တရားသည် အဘယ်တရားကို ဆောင်သည်ကို ဖော်ပြပြီးလျှင် ဥဒေနမင်းက သာမာဝတီမိဖုရားကို မြားဖြင့်မပစ်နိုင်အောင် အဘယ်တန်ခိုး ဣဒ္ဓိကကာကွယ်ထားသည်ကိုဖော်ပြပါ။ (၆၉/၁၂၀)

၆။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် အဘယ်အခိုက်အတန့်ကာလ၌ မြင်စွမ်းနိုင်မှု မရှိသည်နှင့် ရှိသည်ကို ခွဲခြားဖော်ပြပြီးလျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် အဘယ်အခါ၌ နာမည်ပညတ်ကို အာရုံပြုသည်ကို ဝိသုဒ္ဓိမဂ်လာ နမူနာတခုဖြင့်ဖော်ပြပါ။ (၁၉၅-၁၉၆-လယ်/၂၀၂-၂၁၀)

၇။ ဉာဏ်ပညာဖြစ်ပေါ်လာရန် အနီးကပ်ဆုံးအကြောင်း (ပဒဋ္ဌာန်)ကိုဖော်ပြပြီးလျှင် ဝိပဿနာပညာ၏ အခြေအမြစ် (မူလ)နှင့် ကိုယ်ထည် (သရီရ)တို့ကိုလည်း ဖော်ပြပါ။ (၂၀၆/၂၁၃)

၈။ အဝေးရုပ် (ဒူရေရုပ်), အနီးရုပ်(သန္တိကေရုပ်)ဟုခေါ်ရာ၌ အဘယ်ကြောင့် ဝေးသည်, နီးသည်ကို ဖြေဆိုပြီးလျှင် အဘယ်ကိုရည်ညွှန်း၍ (က) အမျိုးကောင်းသမီးချွေးမနှင့်တူသော တရား (ခ) ပြည့်တန်ဆာမနှင့်တူသောတရားဟုဆိုသည်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းလင်း ဖော်ပြပါ။ (၂၃၂/၂၆၃-၂၆၄)

၉။ စက္ခုပသာဒစသည်တို့သည်လည်း ဓမ္မသဘာဝပင်ဖြစ်၍ ဓမ္မာယတန၌ ထည့်သွင်းသင့် ပါလျက် မထည့်သွင်းမူ၍ အဘယ်ကြောင့် အာယတန(၁၂)ပါး ခွဲခြားဟောတော်မူသည်ကို ဖြေဆိုပါ။ (၂၃၁)

၁၀။ အဘယ်ကို ဖုံးကွယ်သော ဒုက္ခဟုဆိုရသည်, အဘယ်ကြောင့် ယင်းဒုက္ခကို ဖုံးကွယ်သော, မထင်ရှားသော ဒုက္ခဟုဆိုရသည်ကို ဖြေဆိုပြီးလျှင်၊ နိဗ္ဗာန်ဟူသည် ယုံချိုလိပ်မွေးစသည်တို့ကဲ့သို့ တကယ်မရှိသောတရားဟု လူဗာလတို့ဆိုစကားကို ဝိသုဒ္ဓိမဂ်အတိုင်း ဥပမာ, အကြောင်းယုတ္တိ များဖြင့်ပယ်ရှားပြပါ။ (၃၃၈-၄/၃၅၄)

## သာသနာရေးဦးစီးဌာန
## ၁၃၆၅-ခုနှစ်၊နတ်တော်လပြည့်ကျော်(၁၃)ရက်၊ (၂၁-၁၂-၂၀၀၃) တနင်္ဂနွေနေ့

၁။ ကွယ်လွန်ပြီးသောပုဂ္ဂိုလ်တို့၌ အဘယ်ကြောင့် မေတ္တာဘာဝနာ မပွားစေသင့်သည်ကို ဝိသုဒ္ဓိ မဂ်လာဝတ္ထုဇာတ်လမ်းတစ်ခုသက်သေပြကာဖြေဆိုပြီးလျှင် "ငါကျန်းမာစေ, ချမ်းသာစေ" ဟု အနှစ်တစ်ရာတိုင်တိုင် မေတ္တာပို့ခြင်းဖြင့် အကျိုးသက်ရောက်မှု တစုံတခုမျှ မရှိပါဘဲလျက် အဘယ်အကျိုးငှါ မိမိကိုယ်မိမိ မေတ္တာပို့ရပါသနည်း အသင့်ယုတ္တိပြည့်စုံအောင် ဖော်ပြဖြေဆိုပါ။ (၃/၅-လယ်)

၂။ အဘယ်ပုဂ္ဂိုလ်၌ ဦးစွာပမထ မုဒိတာပွားရမည်ကို ဝိသုဒ္ဓိမဂ်ကျမ်းလာ ယုတ္တိဖြင့် ထိမိအောင် ဖြေဆိုပြီးလျှင် အာကာသာနဉ္စာယတနစျာန်၌ အဘယ်ကို 'အာကာသ'ဟု ဆိုလိုသည်ကိုလည်း ဖော်ပြပါ။ (၃၀/၅၅)

၃။ စတုတ္ထအရူပစျာန်ကို ရလိုမှုဖြင့် တတိယအရူပစျာန်ကို ငြိမ်သက်လှပါပေတယ်-ဟုအာရုံပြု စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဘယ်အကြောင်းအရာကိုမြင်၍ ငြိမ်သက်သည်ဟုဆိုလို သည်ကိုဖော်ပြပါ။ (၆၁)အောက်

၄။ ကဗဠီကာရအာဟာရသည် အဘယ်သို့သော ကြောက်ဖွယ်ဘေးဆိုးရှိ၍ အဘယ်သို့သော ဥပမာဖြင့် နှိုင်းခိုင်းဖော်ပြသင့်သည်ကို ဖြေဆိုပြီးလျှင် ဉာဏ်ထက်မြက်သော ယောဂီရဟန်း အတွက် နေ့ကွေးစွာ ထင်ပေါ်လာသော ဓာတ်ကမ္မဋ္ဌာန်းနှလုံး သွင်းနည်းကို အဋ္ဌကထာ ပြသမျှ ဖော်ပြပါ။ ((၇၀/၈၂-လယ်)

၅။ တေဇောလေးမျိုးတို့တွင် အဘယ်တေဇောသည် အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို ဖော်ပြပြီးလျှင် ယကနခေါ် အသည်း (အသဲ)သည် အဘယ်နည်း၊ အဘယ်ပုံတည် ရှိနေသည်ကို လည်းဖော်ပြပါ။ (၈၁-၈၇)

၆။ အဘယ်ကို အရိယာတို့၏ တန်ခိုးဣဒ္ဓိခေါ်သည်ကိုအကျဉ်းချုပ်မျှ ဖော်ပြပြီးလျှင်(၁၁၆) ထိုတန်ခိုးသည် အဘယ်အရိယာတို့မှာ ဖြစ်နိုင်သည်ကိုလည်း ဖော်ပြပါ။ (၁၂၁)

၇။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စုတိ, ပဋိသန္ဓေနှစ်မျိုးလုံးကို မြင်ခြင်းကြောင့် အဘယ်သို့သော အယူမှားကို လွန်မြောက်သည်ကို ဖြေဆိုပြီးလျှင်၊ အဇ္ဈတ္တနှင့်ဗဟိဒ္ဓတရား (ကိုယ်အတွင်းတရားနှင့် ကိုယ်အပြင်ပတရား)တို့ကို နှလုံးသွင်းသောပညာဟုသည် အဘယ်ကို ဆိုလိုသည်ကို ထိုတရား နှစ်မျိုး တစ်ခုစီ ကွဲပြားအောင် ခွဲခြားဖြေဆိုပါ။ (၁၈၆/၂၀၉-ဃ)

၈။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်ပိုင်ရှင်သည် အသံကြားရုံမျှဖြင့် အမှားအမှန်ခွဲခြား၍ မည်သို့မည်ပုံသိသည်ကို ဖြေဆိုပြီးလျှင် မေတ္တာနှင့် ဥပေက္ခာကို အနိယတယောဂီ စေတသိတ် ဟုဆိုပါက လုံးဝမှားယွင်းကြောင်းကို ပေါ်လွင်ထင်ရှားအောင် ရှင်းလင်းပြပါ။ (၂၁၁-လယ်/၂၇၀-ကေစိ)

၉။ ဥဒ္ဒစ္စ၏လက္ခဏာနှင့် ရသတို့ကို ဥပမာနှင့်တကွ တွဲစပ်ဖော်ပြပြီးလျှင်၊ အဘယ်ကို အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်ခေါ်သည်ကို ရှည်သောကာလ အဓွန့် (အဒ္ဓါ)အားဖြင့် ခွဲခြားပြပါ။ (၂၇၇/၂၈၅-က)

၁၀။ အာဘာဓာတ်, သုဘဓာတ်စသော မြောက်မြားလှစွာသော ဓာတ်များလည်းရှိနေပါလျက် အဘယ့်ကြောင့် ဓါတ်(၁၈)ပါးဟု ကန့်သတ်ထားသည်ကိုဖြေဆိုပြီးလျှင်၊ အဘယ်ကို 'နေဂ္ဂမ္မ ဓာတ်'ဟုခေါ်သည်ကို အဋ္ဌကထာပြသမျှ စုံအောင်ဖော်ပြပါ။ (၃၀၇-ဃ/၃၀၈-စ)

## သာသနာရေးဦးစီးဌာန
## ၁၃၆၆-ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်(၁၉-၁၂-၂၀၀၄)တနင်္ဂနွေနေ့

၁။ ကိုယ်, နှုတ်, စိတ် အကျင့်သုံးမျိုးလုံး မငြိမ်းချမ်းသူနှင့် သုံးမျိုးလုံး ငြိမ်းချမ်းသူတို့အပေါ်၌ ဒေါသ အာဃာတ ပယ်ဖျောက်ပုံကိုအသီးသီး ခွဲခြားဖော်ပြပြီးလျှင် မေတ္တာစသော တရားလေးပါးတို့ကို ဘာ့ကြောင့် ဗြဟ္မဝိဟာရခေါ်သည်ကို ဥပမာပြ၍ ဖြေဆိုပါ။ (၉/၄၀)

၂။ မိမိကိုသတ်မည့်ရန်သူနှင့်အတူ တရွာတည်နေရသူ လူတစ်ယောက်သည် ရန်သူနှင့် ဝေးရာ တခြားရွာသို့ ရွှေ့ပြောင်းနေသောအခါ၌လည်း ရန်သူနှင့် ရုပ်သွင်တူသူ လူမြင်မြင်သမျှ ကြောက်နေရသကဲ့သို့ ထိုနည်းတူစွာအဘယ်ပုဂ္ဂိုလ်သည် အဘယ်မည်သော (က) ရန်သူ (ခ) ရန်သူနှင့်တူသူတို့ကို ကြောက်ရွံ့သည့်ပမာ ခွဲခွာရှောင်ရှားနေလိုပါသနည်း ဖြေဆိုပါ။ (၄၇)

၃။ အာကာသာနဉ္စာယတနစျာန်ကို ဖြစ်ပွားစေလိုသောရဟန်းသည် မည်သည့်ကသိုဏ်းမှ တစ်ပါးသောကသိုဏ်းတို့ကို အာရုံပြုသော မည်သည့်စျာန်ကို ကြိုတင်ဖြစ်ပွားစေရမည်ကို ဖော်ပြပြီးလျှင်၊ နေဝသညာ နာသညာယတန-ဟူသောပါဠိ၌ အဘယ်ကြောင့် နေဝသညာပုဒ် တစ်ခုတည်းကို "သညာမရှိ" "သညာမဟုတ်"ဟူ၍ နှစ်မျိုးဖွင့်ဆိုနိုင်ပါသနည်း ဖြေဆိုပါ။ (၄၇/၆၃/လယ်-၂)

၄။ စားဖွယ်အစာကို အာဟာရပဋိကူလဘာဝနာဖြစ်အောင် ယိုထွက်ပုံအားဖြင့် ဆင်ခြင်နည်းများစွာရှိသည့်အနက် ပထမ,ဒုတိယနည်းနှစ်ခုမျှ ထုတ်ပြပြီးလျှင် ဆံပင်၊ အမွေးစသည်တို့ကို နှလုံးသွင်းရှုပွားရာ၌ ကာယဂတာသတိအခန်း ရှုပွားပုံနှင့် စတုဓာတုဝဝတ္ထာန် အခန်း ရှုပွားပုံတို့ ထူးခြားဟန်ကိုဖြေဆိုပါ။ (၇၆/၈၅)

၅။ ကိလောမကခေါ် အမြှေးနှစ်မျိုးတို့၏ တည်နေဟန်ကို ခွဲခြားဖော်ပြပြီးလျှင် ပထဝီဓာတ်ကို ပစ္စယ (ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်း) အားဖြင့် နှလုံးသွင်းပုံကို ဖြေဆိုပါ။ (၈၈/၁၀၂)

၆။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းကိစ္စနှင့် ပဌမစျာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းကိစ္စတို့ ပြီးစီးထမြောက်ပါက တန်ခိုး(ဣဒ္ဓိ)ဆယ်မျိုးတို့တွင် အဘယ်တန်ခိုးဖြစ် သည်ကို ဖော်ပြပြီးလျှင် ထိုတန်ခိုးတို့သည် အဘယ်အရှင်မြတ်တို့၌ ကိုယ်တွေ့ဖြစ်ခဲ့သည်ကို ဝိသုဒ္ဓိမဂ်အတိုင်း ဖော်ပြပါ။ (၁၁၇/၁၁၈-၁၁၉)

၇။ ခြောက်စင်းမြောက်နေ ထွက်ပေါ်လာသောအခါ စကြာဝဠာပေါင်း မည်ရွေ့မည်မျှ, မည်သို့ မည်ပုံ ဖေါက်ပြန်သွားသည်ကို ဖော်ပြပြီးလျှင် မည်သည့်အချိန်မှ မည်သည့်အချိန်အထိ ဝိဝဋ္ဋ-အသင်္ချေယျကပ်ဟု သတ်မှတ်သည်ကိုလည်း ဖော်ပြပါ။ (၁၂၆/၁၇၂)

၈။ အလောဘ၏လက္ခဏာနှင့်ရသ(ကိစ္စ)ကို ဥပမာနှင့်တကွဖော်ပြပြီးလျှင်၊ အဓိမောက္ခ စေတသိက်ကို အဘယ်အရာဝတ္ထုနှင့် နှိုင်းခိုင်းတိုင်းတာရမည်ကို အကြောင်းယုတ္တိနှင့်တကွ ဖော်ပြပါ။ (၂၆၄/၂၆၉/၂၈၄-စ)

၉။ ရုပ်ဥပါဒါနက္ခန္ဓာသည် လူနာရုံနှင့်တူလျှင် ဝေဒနာ, သညာ, သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာတို့သည် အဘယ်အဘယ်နှင့်တူသည်ကို အကြောင်းပြချက် အသီးသီး တွဲစပ်ဖော်ပြပါ။ (၂၉၅)

၁၀။ မနိန္ဒြေသည် အဘယ်လုပ်ငန်းကိစ္စကို လုပ်ဆောင်သည်ကို ဖော်ပြပြီးလျှင် စက်ဆုပ်ဖွယ်လည်းဖြစ်, အချည်းနှီးလည်းဖြစ်သောကြောင့် ဒုက္ခဟုခေါ်ဆိုသမုတ်ရာ၌ အဘယ်ကြောင့် ယင်းသို့သော အဖြစ်နှစ်မျိုး ကြုံရသည်ကိုဖြေဆိုပါ။ (၃၁၉/၃၂၇-၈)

## သာသနာရေးဦးစီးဌာန
## ၁၃၆၇-ခုနှစ်၊ နတ်တော်လပြည့်ကျော်၃-ရက်၊ (၁၈-၁၂-၂၀၀၅) တနင်္ဂနွေနေ့

၁။ အတိတ်ဘဝ ရန်ငြှိုးရှိသူ ရန်သူကိုပင် တစ်ခဏချင်း ရန်ပြေငြိမ်းစေနိုင်သော နည်းလမ်းကောင်းကိုဖော်ပြ၍၊ အဘယ်ပုဂ္ဂိုလ်ကို အဘယ်ပုံ အဘယ်နည်းဖြင့် ဦးစွာပထမ ကရုဏာဘာဝနာ ပွားရမည်ကို အဘိဓမ္မာဝိဘင်းကျမ်းလာ စကားနှင့်လျော်ညီအောင် ဖြေဆိုပါ။(၁၆/၂၇)

၂။ မုဒိတာပြဟ္မဝိဟာရတရား၏ (က) အပျားဆိုင်အကျိုး (ခ) သီးသန့်အကျိုးတို့ကို ဖော်ပြ၍၊ ပြဟ္မဝိဟာရ လေးပါးတို့တွင် ရှေ့တရားသုံးပါး၏ သောမနဿဝေဒနာနှင့်သာ ယှဉ်ရခြင်းအကြောင်း၊ နောက်ဆုံးတရား၏ ပဉ္စမဈာန်တစ်ခုတည်း၌သာ ယှဉ်ရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။ (၃၈/၄၂)

၃။ 'ကသိုဏ်းကိုခွါ၍ ရအပ်သော အာကာသ'ဟုဆိုရာ၌ 'ခွါ'ဟူသော ဝေါဟာရ၏ဆိုလိုရင်း အဓိပ္ပါယ်ကို ကျမ်းလာအတိုင်း နားလည်အောင် ရှင်းပြပြီးလျှင် 'သင်္ခါရအကြွင်းအကျန် ရှိသေးသော သမာပတ်'ကို ဖော်ပြပါ။ (၄၉/၆၂)

၄။ အစာအာဟာရ၌ စက်ဆုပ်သောသညာကို ဖြစ်ပွားစေရာတွင် မည်သည့်အစာအာဟာရကို စက်ဆုပ်သော သညာဖြစ်ပွားစေရမည်နည်း၊ ထိုသညာကို ဖြစ်ပွားစေသဖြင့်ရရှိနိုင်သော အကျိုးအာနိသင်များကိုလည်း ကုန်စင်အောင်ဖော်ထုတ်ပြပါ။ (၆၉/၇၈)

၅။ ခန္ဓာကိုယ်တွင်းရှိ ဝါယောဓာတ်ခြောက်မျိုးတို့ကို ဖော်ပြ၍ ထိုခြောက်ပါးတို့တွင် အဘယ်ဝါယောဓာတ် သည်အဘယ်ကြောင့် ဖြစ်သည်ကို ခွဲခြားပြပြီးလျှင်၊ သည်းခြေနှစ်မျိုးတို့၏တည်ရှိရာဌာနကိုလည်း ဖြေဆိုပါ။ (၈၀/၈၂/၈၉)

၆။ ငှက်သွင်အလား ကောင်းကင်တွင် ဈာန်ခရီးကြွသွားလိုသောရဟန်းသည် မည်သည့်အဘိညာဉ်ကို ရရှိထားသင့်ပါသနည်း၊ ပြည့်စုံလုံလောက်သော အကြောင်းပြများဖြင့်ဖြေဆိုပြီးလျှင်၊ ယခုခေတ်ကမ္ဘာတစ်ဝန်းတွင် မီးဘေး, ရေဘေး, လေဘေးစသော အန္တရာယ်များ ကြုံတွေ့နေကြရာ ယင်းအန္တရာယ်များပေါ်ပေါက်ရခြင်း၏ အကြောင်းရင်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၄၆/၁၈၃)

၇။ "အပွေးမြင်လျှင် အပင်သိ" သကဲ့သို့ သွေးမြင်လျှင်လည်း စိတ်အသွင်သိနိုင်သောနည်းကို ဖြေဆိုပြီးလျှင် ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ်များကို အောက်မေ့နိုင်သော အတိုင်းအတာပမာဏနှင့်တကွ တွဲစပ်ဖော်ပြပါ။ (၁၆၃-အလယ်၂-ပိုဒ်/၁၆၆)

၈။ အတ္တပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါတို့၌ မည်သည့်အတ္ထ, ဓမ္မတို့ကိုခွဲခြားသိသည်ကို ဖြေဆို၍၊ ရုပ်(၂၈)ပါးတွင် ပါဝင်သော ရောဂရုပ်, သမ္ဘဝရုပ်, ဗလရုပ်တို့ကို ဖြေဆိုပါ။ (၂၁၀/၂၃၀-၂၃၁)

၉။ ဒေါသ၏ လက္ခဏာနှင့် ရသကို ဥပမာနှင့်တကွ ဖော်ပြပြီးလျှင်၊ အဘယ်ကိုဟီနရုပ်၊ 'ပဏီတရုပ်'ဟု ခေါ်သည်ကို ပရိယာယ်နည်း၊ မုချနည်းအားဖြင့် ပိုင်းခြားပြပါ။ (၂၇၉-ဆုံး/၂၈၆-ဆုံး)

၁၀။ နာမ်ခန္ဓာလေးပါးတို့ကို အနိစ္စသော လက္ခဏာရေးသုံးပါးဖြင့် အကြောင်းပြလျက် ပိုင်းခြားပြီးလျှင်၊ 'နိဗ္ဗာန်သည် မပျက်မစီးနိုင်သော နိစ္စတရားဖြစ်သည်' ဟူသော အဆို၏ ခိုင်လုံသော အကြောင်းပြချက်ကိုလည်း ရေးသားဖော်ပြခဲ့ပါ။ (၂၉၆/၃၆၃-လယ်)

## သာသနာရေးဦးစီးဌာန
## ၁၃၆၈-ခုနှစ်၊ ပြာသိုလဆန်း ၆-ရက်၊ (၂၄-၁၂-၂၀၀၆) တနင်္ဂနွေနေ့

၁။ မိမိတို့ မေတ္တာပွားများကြရာ၌ ရှေးဦးစွာထား၍ မပွားများသင့်သောပုဂ္ဂိုလ်၊ သီးခြား မပွားများသင့်သောပုဂ္ဂိုလ်၊ လုံးဝမပွားများသင့်သောပုဂ္ဂိုလ်တို့ကို သိသာရုံမျှဖော်ပြ၍၊ ထိုသို့ မေတ္တာပို့သမှုကြောင့် ရရှိနိုင်သော အကျိုးအာနိသင်တို့ကိုလည်း ဖော်ပြပါ။ (၂/၃/၂၄)

၂။ မိမိကို ရန်တုန့်မှုလာသောသူအား ပြန်လည်၍ ရန်တုန့်ပြန်သူ၊ မတုန့်ပြန်သူ၊ ထိုရန်တုန့်လာမှုကိုငြိမ်းအေးအောင် ပြုလုပ်သူတို့၏ ဖြစ်ပေါ်လာသော ထူးခြားချက်တို့ကို အမျှားနမူနာယူလောက်အောင် တင်ပြခဲ့ပါ။ (၇/)

၃။ မိမိတို့ နေ့စဉ်နေ့တိုင်း သုံးဆောင်စားသောက်နေသော အစာအာဟာရတို့၏ ဝင်ပုံ၊ ထွက်ပုံတို့ကို သဘာဝတရား ပေါ်လွင်အောင်ပြဆိုထားသော ဆင်ခြင်ပုံ(၄)မျိုးတို့ကို ရေးသားဖော်ပြခဲ့ပါ။ (၇၆)

၄။ ကောင်းကင်၌ ပျံသန်းသွားလာနေသော ငှက်များမှာ တန်ခိုးရှိနိုင်/မရှိနိုင် ဝိသုဒ္ဓိမဂ်အမြင်အားဖြင့် ရှင်းလင်းတင်ပြ၍၊ အစာအာဟာရတို့ကို သုံးဆောင်ရာ၌ ဖြစ်နိုင်သောဘေး၊ ထိုဘေးတို့မှလွတ်မြောက်အောင် ဆင်ခြင်သုံးဆောင်ရမည့် ဥပမာတို့ကို ထင်ရှားစွာ ဖော်ပြပါ။ (၁၂၂/၇၀)

၅။ ဗြဟ္မဝိဟာရတရား(၄)ပါးတို့၏ အနီးကပ်ရန်သူ၊ ဝေးသောရန်သူဖြစ်သော တရားတို့ကို အသီးအသီး သိသာရုံမျှ တွဲစပ်ဖော်ပြ၍၊ လောကကြီးပျက်စီးရခြင်းအကြောင်းကိုလည်း ဖျက်ဆီးသော အရာဝတ္ထုတို့နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ။ (၃၈/၁၈၃)

၆။ ဓာတ်ကြီးလေးပါးနှင့် မြွေကြီးလေးကောင်တို့ကို အစဉ်ကျကျ တွဲစပ်ဖြေဆို၍၊ ဓာတ်ကြီးလေးပါး၏ မြွေကြီးလေးကောင် ကိုက်ပုံနှင့်တူပုံတို့ကိုလည်း ရှင်းပြခဲ့ပါ။ (၁၀၀)

၇။ (က) နေဥ္စယသူဌေး၊ (ခ) သုမနဒေဝီ၊ (ဂ) မောင်ပုဏ္ဏတို့၏ (ပုညဝတက္ကဒ္ဒိ) ကောင်းမှုကြောင့်ပြီးသည့် တန်ခိုးကြီးမားပုံများကိုဖြေဆို၍၊ ရှေးက ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သူတို့ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၂၄/၁၆၆)

၈။ အရိယာကို စွပ်စွဲသောကံ၏ (က) တားမြစ်ရာဘုံ၊ (ခ) တားမြစ်သည့်တရားကို ဖြေဆို၍၊ အပြစ်အကြီးမားဆုံးဖြစ်သော အကုသိုလ်ကံကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၁/၁၉၂)

၉။ လူတွေနှင့်သစ်ပင်တွေကို အသက်ရှင်စေတတ်သော ပရမတ္ထသဘောတရားကိုဖော်ပြ၍၊

စကြာ-စသော ပသာဒငါးပါး၏ ရှုပစသော အာရုံသို့ညွတ်ကိုင်းရာ၌ ဥပမာဖြင့် ထင်ရှားစွာ ဖြေဆိုခဲ့ပါ။ (၂၁၅/၂၂၀)

၁၀။ သညာသိ၊ ဝိညာဉ်သိ၊ပညာသိ-ဟူသောအသိတရားသုံးမျိုးတို့၏ ထူးခြားပုံတို့ကို ဥပမာနှင့်တကွ ထင်ရှားအောင် ဖော်ပြခဲ့ပါ။ (၂၀၅-၂၀၆)

## သာသနာရေးဦးစီးဌာန
## ၁၃၆၉-ခု၊ နတ်တော်လဆန်း(၆)ရက် (၁၅-၁၂-၂၀၀၇) စနေနေ့

၁။ ဒေါသကိုပယ်နိုင်ဘို့ရန်အတွက် မြတ်စွာဘုရားဆုံးမထားသော လွှဥပမာကိုဖော်ပြ၍၊ အမျက်ထွက်လေ့ရှိသော ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာနိုင်သောတရား(၇)ပါးတို့ကိုလည်း သိသာရုံမျှ ဝိသုဒ္ဓိမဂ်လာအတိုင်းဖော်ပြခဲ့ပါ။ ၇/

၂။ မိမိတို့နေ့စဉ်နှင့်အမျှ ပေးကမ်းလှူဒါန်းနေကြသော အနည်းငယ်မျှသောဒါနကပင် ရရှိနိုင်သောအကျိုးတို့ကို ဖော်ပြ၍၊ (၅၂၈)သွယ်မေတ္တာကိုလည်း သိသာရုံမျှ ရေတွက်ပြခဲ့ပါ။ ၁၆/၂၄

၃။ ရှေးအခါက ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲသွားသော မိမိအပေါင်းအဖော်ကို တွေ့မြင်ရပါက ကရုဏာ+မုဒိတာ နှစ်မျိုးပွားများပုံကို လိုရင်းကိုသာမှတ်သားဖွယ်ရာတင်ပြခဲ့ပါ။ ၂၉/၃၁

၄။ ဓာတ်ကြီးလေးပါးတို့၏ သဘောသဘာဝလက္ခဏာတို့ကို တွဲစပ်ဖော်ပြ၍၊ မိမိတို့နှလုံးသားထဲ၌ဆုံးဖြတ်နိုင်သော စိတ်, စေတနာပါ/မပါ အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။ (၉၆,၉၇/၈၇)

၅။ ပုညဝတက္ကဒ္ဓိတန်ခိုးကြောင့် ဖြစ်ပေါ်လာသော ဘုန်းကံကြီးမားသူ ဆွေမျိုးငါးဦးတို့ကို သူတို့၏ ဘုန်းကံတို့နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ။ (၁၂၃,၁၂၄)

၆။ အဘယ်ကိုတစ်ဘဝ-ဟုခေါ်ဆိုရသည်ကိုဖြေဆို၍၊ ဗုဒ္ဓခေတ်(၃)ပါးတို့ကိုလည်း ပိုင်းခြား၍ဖော်ပြခဲ့ပါ။ (၁၇၂/၁၇၃)

၇။ ဉာဏ်အမြင်စင်ကြယ်ခြင်း၏ အကြောင်း(၅)ပါးတို့ကိုဖော်ပြ၍၊ ကံ, ကံ၏အကျိုးကို ယုံကြည်၍ ဝမ်းမြောက်ဝမ်းသာမိမိကိုယ်တိုင် ပေးလှူသူ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။ (၂၁၂/၂၃၉)

၈။ လောကကြီးကို စောင့်ရှောက်နေသော တရားနှစ်ပါးကို ဖော်ပြ၍၊ ထိုတရားနှစ်ပါးတို့၏ သဘောလက္ခဏာနှင့် ကိစ္စတို့ကိုလည်း တွဲစပ်ဖော်ပြခဲ့ပါ။ (၂၆၃/၂၆၄)

၉။ သောက, ပရိဒေဝ, ဥပါယာသတို့၏ထူးခြားပုံကို ဥပမာနှင့်တကွ ပြည့်စုံစွာဖော်ပြခဲ့ပါ။ (၃၄၇-စ)

၁၀။ မဂ္ဂင်(၈)ပါးတို့ကို သီလ, သမာဓိ, ပညာသုံးပါးတို့ဖြင့် တွဲစပ်ဖော်ပြ၍၊ နိဗ္ဗာန်သည် ခပ်သိမ်းသောပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံမှု ရှိ /မရှိကိုလည်း အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ (၃၇၆/၃၅၄-ဆုံး)

## သာသနာရေးဦးစီးဌာန
## ၁၃၇၀-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၃)ရက် (၁၅-၁၂-၂၀၀၈) တနင်္လာနေ့

၁။ သင်တို့တတွေ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြရာ၌ ရှေးဦးစွာ မေတ္တာမပို့သင့်သောပုဂ္ဂိုလ်/ပို့သင့်သောပုဂ္ဂိုလ်တို့ကို အကြောင်းပြနှင့်တကွ အမျှားနားလည်အောင် ခွဲခြားဖော်ပြခဲ့ပါ။ (၃/၅/၆)

၂။ အနောဓိသမေတ္တာနှင့်ဩဓိသမေတ္တာပွားများရမည့်ပုဂ္ဂိုလ်တို့ကို သိသာရုံမျှ ခွဲခြားကောက်ပြ၍၊ ထိုသို့ မေတ္တာပွားမှုကြောင့် လူ့နတ်တို့ ချစ်ခင်ကြပုံကိုလည်း သိသာရုံမျှရှင်းပြခဲ့ပါ။(၂၀/၂၅)

၃။ ဗြဟ္မဝိဟာရဟုခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြ၍၊ ထိုဗြဟ္မဝိဟာရတရားလေးပါးတို့၏ နီးသောရန်သူ ဝေးသောရန်သူတို့ကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။ (၄၀/၃၈)

၄။ အဟာရေပဋိကူလသညာကို အဖန်တလဲလဲ အားထုတ်သောယောဂီသူတော်စင်၏သန္တာန်၌ ဖြစ်နိုင်သော စိတ်အစဉ်ကို ဥပမာနှင့်တကွ ဖော်ပြ၍၊ ထိုစက်ဆုပ်ရွံရှာဖွယ်သော အာဟာရပဋိကူလသညာကို အားထုတ်မှုကို အကြောင်းပြု၍ ရနိုင်သောအကျိုးအာနိသင် တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၇၈)

၅။ ဦးနှောက်၏တည်ရာဌာနကိုဖော်ပြ၍၊ အမှား/အမှန်ကို ထိုဦးနှောက်ဖြင့် ဆုံးဖြတ်နိုင်မှုရှိ/မရှိကိုလည်း အမျှားနားလည်အောင်ရှင်းပြခဲ့ပါ။ (၈၉)

၆။ ဥပစာရသမာဓိ+အပ္ပနာသမာဓိအရတို့ကို ကောက်ပြ၍၊ အပ္ပနာသမာဓိကို ပွားများရသော အကျိုးအာနိသင်တို့ကိုလည်းဖော်ပြခဲ့ပါ။ (၁၀၆)

၇။ အရှင်ဗာကုလမထေရ်လောင်းလျာ၏ ရေထဲသို့ ကျ၍ ငါးဝမ်းဗိုက်ထဲသို့ ရောက်ပြီး မသေသော ဉာဏဝိပ္ဖါရဣဒ္ဓိတန်ခိုးကြီးမားပုံနှင့် သီရိမာ၏ ဦးခေါင်းထက်သို့ ဆီပူလောင်းချသော်လည်း မည်သို့မျှမဖြစ်သော သမာဓိဝိပ္ဖါရဣဒ္ဓိန်ခိုးကြီးမားပုံတို့ကို ပေါ်လွင်အောင်ရေးသားခဲ့ပါ။ (၁၁၇/၁၂၀)

၈။ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်သောပုဂ္ဂိုလ်တို့၏ မိမိဉာဏ်အလိုက်မြင်ပုံခြင်းမတူ ကွဲပြားခြားနားပုံတို့ကို ဥပမာနှင့်တကွ ပေါ်လွင်အောင် တွဲစပ်ဖော်ပြခဲ့ပါ။ (၁၆၈)

၉။ အပါယ+ဒုဂ္ဂတိ+ဝိနိပါတ+နတ်ပြည်ဟုခေါ်ဆိုရခြင်းအကြောင်းတို့ကို ဖော်ပြခဲ့ပါ။ (၁၉၂/၁၉၃/၁၉၄)

၁၀။ လူတို့၏ အသက်ရှင်နေပုံနှင့် သစ်ပင်တို့၏ အသက်ရှင်နေပုံ ထူးခြားမှုကိုဖော်ပြ၍၊ ဒုက္ခသစ္စာ၏ သဘောလေးချက်တို့ကိုလည်း ဖော်ပြခဲ့ပါ။ (၃၂၂/၈)

- လူတို့၏အသက်ရှင်မှုမှာ ရုပ်နာမ် ဇီဝိတိန္ဒြေတို့နှင့်လည်းကောင်း၊ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းလေးပါးတို့နှင့်လည်းကောင်း စပ်ဆိုင်၏။
- သစ်ပင်တို့၏အသက်ရှင်မှုမှာမူကား ရုပ်နာမ် ဇီဝိတိန္ဒြေနှင့်မစပ်၊ ဥတုနှင့်သာ စပ်ဆိုင်၏။ (၁၀၀) ၉။

## သာသနာရေးဦးစီးဌာန
## ၁၃၇၁-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၂)ရက် (၁၃-၁၂-၂၀၀၉) တနင်္ဂနွေနေ့

၁။ ဘုရားလောင်းရသေ့၏ မိမိ ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖြတ်တောက်ပြုလုပ်နေပါသော်လည်း မေတ္တာပွား၍ သည်းခံပုံကို ခန္တိဝါဒဇာတ်လာအတိုင်း အများနားလည်အောင်တင်ပြ၍၊ မေတ္တာပွားများအားထုတ်ရသဖြင့် နတ်တို့စောင့်ရှောက်ပုံကိုလည်း ဖော်ပြခဲ့ပါ။ (၁၃-၁၄-၂၅)

၂။ ချစ်တတ်သောကြောင့် မေတ္တာဟုဆိုရာ၌ မည်သို့ချစ်မှ မေတ္တာစစ်ဖြစ်နိုင်သည်ကို ရှင်းပြ၍၊ မေတ္တာတရား၏ ဆောင်ရွက်နိုင်သောကိစ္စ နီးစွာသောအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၁-၃၆၊ ခ၊ ဃ)

၃။ "စားတော့ပြုံးပြုံး၊ စွန့်တော့မုန်း၊ အသုံးမကျ အာဟာရ"ဟူသော စကားအရ ပြုံးရွှင်စွာ စားသောက်ကြပုံနှင့် မုန်းတီးစွာစွန့်ရပုံတို့ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။ (၇၆)

၄။ နှလုံးသား၏တည်အရပ်ကိုဖော်ပြ၍၊ ထိုနှလုံးသားဖြစ်ပေါ်လာရခြင်းအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၈၇)

၅။ တန်ခိုး၏ဖြစ်ရာ ဘုံလေးပါးနှင့် ဈာန်တို့ကိုတွဲစပ်ဖော်ပြ၍၊ တန်ခိုး၏ အခြေပါဒတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၁၂၆-၁၂၇)

၆။ မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကိုသာ ခွင့်ပြုတော်မူရခြင်း၏အကြောင်းကိုဖော်ပြ၍၊ ကမ္ဘာကြီးပျက်စီးကြောင်းနှင့် ပျက်ရာဌာနတို့ကိုလည်း တွဲစပ်ဖော်ပြခဲ့ပါ။ (၁၅၀-၁၇၃-၁၈၃)

၇။ လနှင့်နေတို့၏ အတိုင်းအတာပမာဏကို သိသာရုံမျှဖော်ပြ၍၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်းမှုမပါဘဲ ဝမ်းမြောက်စွာ ကုသိုလ်+အကုသိုလ် ပြုလုပ်နေကြသော သူငယ်ချင်းနှစ်ယောက်တို့၏သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်တို့ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။ (၁၇၇-၁၇၈-၂၃၉-၂၄၀)

၈။ ဒုက္ခသစ္စာကိုသာ ရှေးဦးစွာ ဟောတော်မူရခြင်းအကြောင်းကိုဖော်ပြ၍ သစ္စာလေးပါးတို့ကိုလည်း အကြောင်း+အကျိုး တွဲစပ်ဖော်ပြခဲ့ပါ။ (၃၃၄-ဇယား)

၉။ စိုးရိမ်ပူပန်ခြင်းသောကကို ဒုက္ခဟု အဘယ့်ကြောင့် ခေါ်ဆိုရသည်ကိုဖြေဆို၍၊ မိမိချစ်သူနှင့် ကွေကွင်းရာ၌လည်း အဘယ့်ကြောင့် ဆင်းရဲဒုက္ခဟု ဆိုပါသနည်း? ဖြေဆိုခဲ့ပါ။ (၃၄၄-၃၄၈)

၁၀။ နိဗ္ဗာန်၏လက္ခဏာကိုဖော်ပြ၍ လက်ဆုပ်လက်ကိုင် မပြနိုင်၍ နိဗ္ဗာန်ကို မရှိဟုဆိုခဲ့သော် သင်တို့သည် မည်သို့မည်ပုံပြန်လည်၍ ရှင်းပြသင့်သနည်း? ဖြေဆိုခဲ့ပါ။ (၃၅၃-၃၅၄-၃၅၅)

# နိဂမ– ပတ္ထနာ

► ပညာဒါန၊ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ ပညာဘူမိ၊ တုမရှိသည့်၊ ဓိပတိခေါင်ချုပ်၊ မင်းထက်မင်းဟု၊ ဝပ်စင်းပူဇာ၊ များသတ္တာတို့ နှစ်လိုကြည်သာ၊ လေးမြတ်စွာ၊ မကွာနေ့ည ရှိပါစေ။

► လေးမြတ်ကြည်ညို၊ များဗိုလ်လူကို၊ ကြည်ဖြူစိတ်ထား၊ မေတ္တာပွား၍၊ လောက+ဓမ္မာ၊ ပညာတိုးပွား၊ အကျိုးများအောင်၊ ရွက်ဆောင်သိတောင်း၊ သူတော်ကောင်း၊ တောင်းတိုင်းမဆွ ပြည့်ပါစေ။

► သူကောင်းဘဝ၊ ဆက်တိုင်းရ၍၊ ကောင်းလှနတ်မြတ်၊ ကောင်းလတ်ဗိုလ်လူ၊ အတူတွဲယှဉ်၊ အစဉ်ကောင်းကျိုး၊ ဓမ္မမျိုးကို၊ ဆထက်တိုးအောင်၊ ထမ်းရွက်ဆောင်၊ အခေါင်ဓိပတိ ဖြစ်ပါစေ။

► အခေါင်ဓိပတိ၊ ဆက်တိုင်းထိ၍၊ အသိပညာ၊ တေဇာသိဒ္ဓိ၊ မဟိဒ္ဓိကြောင့်၊ မရှိရောဂါ၊ မလာရန်ပေါင်း၊ မကောင်းဟူသမျှ မတွေ့ရဘဲ၊ ဓမ္မညစ်ဆိုး၊ အကုမျိုး၊ ပယ်ချိုးခုတ်ထွင် နိုင်ပါစေ။

► ဓမ္မညစ်ဆိုး၊ ပယ်ခုတ်ချိုး၍၊ ကောင်းကျိုးဟူသမျှ၊ ပျိုးစိုက်ချဖို့၊ ဒါနစချီ၊ ပါရမီဖြစ်ကြောင်း၊ တရားပေါင်းကို၊ လောင်းတော်တို့တမ်း၊ ကျင့်စည်းကမ်းဖြင့်၊ ဖြည့်စွမ်းပြီးခါ၊ သတ္တဝါအထု၊ ဒုက္ခစုမှ၊ လွတ်မှုရအောင်၊ ဖြည့်စွမ်းဆောင်၊ ဆောင်တိုင်းနိဗ္ဗာ တိုင်ပါစေ။

၁။ ဣမိနာ ပညာဒါနေန၊ ပညာဘူမိံ အနာဂတေ။
အတုလာဓိပတိ ဓိရော၊ ဘဝါမိ ဇနနန္ဒိတော။ ။

၂။ အတိပသာဒေ ဇနေ မေ၊ ဝိပ္ပသန္နေန စေတသာ။
မေတ္တံ ဖရိတွာ ဘဝါမိ၊ ပညာဝမိတုမာဝတော။ ။

၃။ သတံ ဇာတိံ လဘိတွာန၊ သုဝိပါကံ သုရူပေတိ။
နရဒေဝေတိ ယောဇေတွာ၊ ဓရာမိ ဝုဍ္ဎိယာ ဓမ္မံ။ ။

၄။ အဘိဏှံ ဓိပတိ တုတွာ၊ ပညာတေဇမတိဒ္ဓိယာ။
သဗ္ဗပါပေ န ပဿာမိ၊ တိတွာ ရောဂဥပဒ္ဒဝေ။ ။

၅။ ပါပေ တန္တွာ ပုညံကာတုံ၊ ပါရမီဇာတကာရဏော။
ပူရေတွာ ပဇာနံ ဒုက္ခာ၊ သမုဒ္ဓရာမိ မုစ္စိတုံ။ ။

၁။ အဟာဋ္ဌ= ဝါယာမသာရ၊ ဘွဲ့မည်သ,သည့်၊ နည်းပြအားထုတ် အကျွန်ုပ်သည်လည်းကောင်း၊ ဒါယကာစ= ဒါနာဓိပတိ၊ မြတ်ခေါင်ထိပ်ဟု၊ မှန်ထွင်ထား၊ ဟောဖော်ကြားသည့်၊ တရားအလှူ ကျမ်းဆုဆုကို၊ ပေးလှူပေ တောင်း၊ အလှူရှင်အပေါင်းတို့သည်လည်းကောင်း၊ ဣမိနာပညာဒါနေန= ယဉ်ကျေးမှု၊ အဘိဓမ္မာ၊ အဖြာဖြာကို၊ လိမ္မာသိရေး၊ သင်ကြားပေးသည့်၊ ဖြူဖွေးစေတနာ၊ မြတ်သဒ္ဓါဖြင့်၊ ပညာလှူပြု ဤကောင်းမှုကြောင့်။ အနာဂတေ= ဖြစ်လတ္တံ့နောင်ခါ၊ သံသရာ၌။ (စရန္တော= မဆုံးဘဝ၊ ကျင်လည်ရသည်ရှိသော်) ပညာဘူမိံ = သိပ္ပ, ဝိဇ္ဇာ၊ ပညာအရာ၌၊ အတုလာဓိပတိ= အတုမရှိသည့်၊ အဓိပတိထွတ်ခေါင်၊ မြတ်ဥသျှောင်ဖြစ်သော၊ ဇနနန္ဒိတော= များလှသောင်းသောင်း၊ လူအပေါင်းတို့၊ နှစ်ထောင်းကြည်သာ၊ လေးစားအပ်စွာသော၊ ဓီရော= ပစ္စုပ်သံသရာ၊ နှစ်ဖြာကောင်းဆိုး၊ ကြောင်းကျိုးမြင်သိ၊ ပညာရှိသည်၊ ဘဝါမိ= ဘဝထိုထို ဖြစ်ရပါလို၏။

၂။ မေ= ပညာဒါန၊ ပေးဝေမျှသည့်၊ နည်းပြသင်ကြား၊ အကျွန်ုပ်အားလည်းကောင်း၊ မေ= ဒါနအရာ၊ လွန်မြတ်စွာသည့်၊ ဓမ္မအလှူ ပေးလှူတတ်ငြား၊ အလှူရှင်တပည့်တော်အားလည်းကောင်း၊ အတိပသာဒေ= လွန်စွာပိုမို၊ လေးမြတ်ကြည်ညိုသော၊ ဇနေ= သိဉာဏ်ကိန်းအောင်း၊ လူအပေါင်း၌၊ ဝိပ္ပသန္နေန= နောက်ကျူ မထင်၊ အထူးကြည်လင်သော၊ စေတသာ= ဥက္ကဋ္ဌ-တိဟိတ်၊ ယှဉ်သောစိတ်ဖြင့်၊ မေတ္တံ= စီးပွားချမ်းသာ၊ အပြာပြာကို၊ မှန်စွာဆောင်တတ်၊ မေတ္တာဓာတ်ကို၊ ဖရိတွာ= ကိုယ်လုံးအနှံ့၊ ပျံ့အောင်ဖြန့်၍၊ ပညာဝဍ္ဍိတုံ= လောက+ဓမ္မာ၊ မြတ်ပညာကို၊ မှန်စွာတိုးပွား၊ အကျိုးများစေခြင်းငှာ၊ အာဝဟော= ရွက်ဆောင်နိုင်တောင်း၊ သူတော်ကောင်းသည်၊ ဘဝါမိ= ဘဝထိုထို၊ ဖြစ်ရပါလို၏။

၃။ သတံ= သူတော်ဥစ္စာ၊ ခုနစ်ဖြာနှင့်၊ ပြည့်စွာဘိတောင်း၊ သူတော်ကောင်းတို့၏၊ ဇာတိံ= မြင့်မြတ်စွာလှ၊ သုဂတိဘဝကို၊ လဘိတွာန= ခြားကာမဆီး၊ ဆက်ရပြီး၍၊ သူရူပေဟိ= ကိုယ်ကျင့်သီလ၊ ပြည့်စုံကြ၍၊ ကောင်းလှလေဘိ၊ သဘောရှိကုန်သော၊ နရဒေဝေဟိ= လူနတ်အပေါင်း၊ သူတော်ကောင်းတို့နှင့်၊ ယောဇေတွာ= သဘောမကွဲ၊ တူယှဉ်တွဲ၍၊ သုဝိပါကံ= လောကီစည်းစိမ်၊ မြတ်ရိပ်ငြိမ်တို့၊ ရှိန်ရှိန်ပွားတိုး၊ မြတ်ကောင်းကျိုးကိုလည်းကောင်း၊ ဓမ္မံ= လူ,နတ်,နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အပြာပြာကို၊ မှန်စွာပေးတတ်၊ တရားမြတ်ကိုလည်းကောင်း၊ ဝုဒ္ဓိယာ= ဆထက်တန်ဘိုး၊ ပွားတိုးစေခြင်းငှာ၊ ရောမိ= နှောက်ယှက် ကင်းစွာ၊ ရွက်ဆောင်ရပါလို၏။

၄။ အဓိပတိ= လူတွင်ဥသျှောင်၊ ထိပ်ခေါင်အထူး၊ အကြီးအမှူးသည်၊ အဘိဏှံ= ခြားကွာကင်းလတ်၊ စဉ်မပြတ်ဘဲ၊ ဟုတွာ= ကေန်စင်စစ်၊ ဘဝတိုင်းဖြစ်၍၊ ပညာတေဇမဟိဒ္ဓိယာ= အသိပညာ၊ စွမ်းတေဇာနှင့်၊ ထက်စွာကျော်ဟိုး၊ ကြီးမားသောတန်ခိုးကြောင့်၊ ရောဂဥပဒ္ဒဝေ= ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါနှင့်၊ တစ်ဖြာကြောက်ဘွယ်၊ ရန်အသွယ်သွယ်တို့ကို၊ ဟိတွာ= မလာမချဉ်း၊ ဝေးစွာကွင်းအောင်၊ ပယ်ရှင်း ပိုင်ပိုင်၊ စွန့်ခွာနိုင်၍၊ သဗ္ဗပါပေ= ရှေးကကြောင်းပန်၊ မကောင်းကံကြောင့်၊ ပြင်းထန်လွန်ဆိုး၊ အလုံးစုံသော မကောင်းကျိုးတို့ကို၊ နပဿာမိ= တစ်ရံခါမျှ မတွေ့မမြင်ရပါလို၏။

၅။ ပါပေ= ဆိုးညစ်ယုတ်မာ၊ များစွာအထု၊ မကောင်းမှုတို့ကို၊ ဟန္တွာ= ပယ်ဖျက်ခုတ်ထွင်၊ သုတ်သင် ရှင်းလင်းပြီး၍၊ ပုညံ= ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်းရန်၊ အဖိုးတန်သည့်၊ ပုညခေါ်ရိုး၊ ကုသိုလ်မျိုး ကို၊ ကာတုံ= လုံ့လကြိုးကုတ်၊ ပြုလုပ်ခြင်းငှာ၊ ပါရမိဇာတကာရဏေ= ပါရမီဖြစ်ကြောင်း တရားကောင်း တို့ကို၊ ပူရေတွာ= လောင်းတော်တို့တမ်း၊ ကျင့်စည်းကမ်းဖြင့်၊ ပြည့်စွမ်းပြီး၍၊ ပဇာနံ= သုံးဆယ့်တစ်ဝ၊ ဘုံဌာန၌၊ ဖြစ်ကြသောင်းသောင်း၊ သတ္တဝါအပေါင်းတို့အား၊ ဒုက္ခာ= သံသရာဆင်းရဲ၊ ဩဃထဲမှ၊ မုစ္စိတုံ= ကေန်ထုတ်ချောက်၊ လွတ်မြောက်စေခြင်းငှာ၊ သမုဒ္ဓရာမိ= သံဥဒ္ဓရာမိ= ကောင်းစွာပိုင်ပိုင်၊ ထုတ်ဆောင်နိုင်ရပါလို၏။

၁၃၇၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂)ရက်၊ (၁၅.၉.၂၀၀၉) အင်္ဂါနေ့၊
ည (၉)နာရီ (၄၅)မိနစ်အချိန်တွင် အလုံးစုံပြီးစီးခြင်းသို့ ရောက်ပါသည်။




သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။

သဂါထာဝဂ္ဂသံယုတ်
သံ- ၁ - ၁၃